http://www.dhammadownload.com

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်
၄၅-ပါအတွင်း ဘုရားရှင်ဟောကြားသည့်
ဝတ္ထုနှင့် ဒေသနာများကို ဖော်ပြထားသော

ပုံတော်စုံ

ဓမ္မပဒ

ဝတ္ထုတော်ကြီး

အနှစ်ချုပ်

ဦးအောင်ညွန့်ဝင်း

ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

အောက်ပါစာအုပ်များကို ဝယ်ယူရရှိနိုင်ပါပြီ

- ခေတ်မီ ပါဠိ မြန်မာ အဘိဓာန်
- ပုံတော်စုံ ဖိနတ္ထပကာသနီကျမ်း
- ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်
- ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး (ပ-ဒု)
- ပုံတော်စုံ မင်္ဂလတ္ထဒီပနီ (ခေါ်) ခုဒ္ဒကပါဌမင်္ဂလာပေါင်းချုပ်
- ပုံတော်စုံ ငါးရာငါးဆယ်ဇာတ်ဝတ္ထု(ပ-ဒု-တ-စ-မ)
- ပုံတော်စုံ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်အနှစ်ချုပ်
- ပုံတော်စုံ ထေရအပဒါန် ဝတ္ထုတော်ကြီး(အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ထေရီအပဒါန် ဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ (ပ-ဒု)
- ပုံတော်စုံ ပေတဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)
- စေတိယပကာသနီကျမ်း(စေတီတည်ထားပုံစနစ်)
- ဒီပနီပေါင်းချုပ် (သေက္ခတောင်ဆရာတော်)
- စွယ်စုံကျော်ထင်ကျမ်း (ကျီးသဲတော်လေးထပ် ဆရာတော်)
- မိလိန္ဒပဉ္ဉဝတ္ထု (ဒါန်တိုင်ဆရာတော်)
- ပဏ္ဏာသဝေဒနီယကျမ်း (သေက္ခတောင်ဆရာတော်)
- အထွေထွေ ဗဟုသုတ မာတိကာကျမ်း
- လောကဓမ္မရေးရာ စကားပုံကျမ်း
- ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ(ပ၊ ဒု၊ တ၊ စ၊ မ)
- သင်္ဂဇာစကားပုံပေါင်းချုပ်
- မြန်မာ့ရိုးရာဓလေ့နတ်သမိုင်း
- ပဌာန်းအဓိပ္ပာယ်ရှင်းလင်းချက်
- သိဒ္ဓိအောင် ဘုရားရှိခိုးအမျိုးမျိုး(စက္ကူအကြမ်း)
- သိဒ္ဓိအောင် လောကီသိပ္ပံညွှန်ပေါင်းကျမ်း
- သိဒ္ဓိအောင် ဝတ်ရွတ်စဉ်

ခင်ချိုထွန်းစာပေ
၈၆၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်၊ ဖုန်း-၅၄၂၀၅၆

ဖြန့်ချိရေး- သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်
အမှတ် (၃၇)၊ ရွှေတိုက်တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်၊ ဖုန်း - ၃၈၃၅၁၊ လိုင်းခွဲ-၁၇၅

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ။။

(ဒါနဟူသမျှ အဝဝတွင်-တရားအလှူ အောင်လံထူ၏။)

မွန်မြတ်လက်ဆောင်



သို့/

.....

.....

.....

ဤကောင်းမှုကံ၊ ဗောဓိဉာဏ်၊
အမှန်ရကြောင်း ဖြစ်စေသော်။

လက်ဆောင်ရှင်

.....

.....

.....

.....

နေ့စွဲ

.....

http://www.dhammadownload.com

http://www.dhammadownload.com

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်
၄၅-ဝါအတွင်း ဘုရားရှင်ဟောကြားသည့်
ဝတ္ထုနှင့် ဒေသနာများကို ဖော်ပြထားသော

ပုံတော်စုံ

၈၄၀၀၀

ဝတ္ထုတော်ကြီး

ဘန္ဒန်ချုပ်

ဦးအောင်ညွန့်ဝင်း

ခင်ချိုထွန်းစာပေ
အမှတ်-၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက်
အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော
ဦးအောင်ညွှန့်(ဓမ္မာစရိယ) ဦးကျော်လင်း (ဓမ္မာစရိယ ပါဠိပါရဂူ) ဦးသန်းဆွေ၊
ဦးဗိုးသန်းလင်း (မြန်မာတိုင်း) တို့အား လည်းကောင်း
ကွန်ပျူတာစာစီပေးသောကိုအောင်မွန်(ဒရင်းစီတီး) နှင့်အတွဲ့အားလည်းကောင်း
ပန်းချီကိုဝိုးစံနှင့် ကိုဝင်းနိုင် (ဂရပ်ဖစ်)ဒီဇိုင်းအားလည်းကောင်း
ခင်းချိုထွန်းစာပေမှ အထူးကျေးဇူးတင်ရှိပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်း
ခင်းချိုထွန်းစာပေတိုက်

ဘာသာရေးစာပေခွင့်ပြုချက်အမှတ်
၆၀၀၁၆၀ ဝဘဘ
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၀၀၂၁၆၀ ၎၁၁

အကြိမ်- ပထမ
အုပ်ရေ- ၁၀၀၀
တန်းဖိုး-
ထုတ်ဝေသည့်လ- ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလ

အဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက် အမှတ်-၅၀/၅၂-အုံသိမိုလမ်း
ကျောက်မြောင်း၊ တာမွေ၊ ဗုဒ္ဓ၊ ဝ၁-၅၄၂၀၅၆

ထုပ်ဝေသူ
ဦးမောင်မောင်မြင့်အေး
လာဘ်ပိုးဆွေစာပေ
အမှတ်-၂၀၅-ပိတောက်-၅-လမ်း အင်းစိန်၊ ရန်ကုန်။

"ထုတ်ဝေသည့် ကတ်တလောက်အညွှန်း" CIP

ဦးအောင်ညွှန့်ဝင်း ၂၉၄ . ၃
ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်/ ဦးအောင်ညွှန့်ဝင်း
ရန်ကုန်- လာဘ်ပိုးဆွေစာပေ - ၂၀၁၁
၎၂- စာ ၁၆၃×၂၄ စင်တီ
၁-ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်

ဖြန့်ချိရေး-ခင်းချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်။
ဗုဒ္ဓ - ၅၄၂၀၅၆

ဖြန့်ချိရေး- ကိုအောင်ဝင်း၊ မအေးမြင့်
သန်းမြင့်မြင့် ပဋ္ဌကတ်စာအုပ်ဆိုင်၊ အမှတ် ၃၇၊
ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရန်ကုန်။
ဗုဒ္ဓ-၁၈၃၅၁၁ (လိုင်းခွဲ) - ၁၇၅

http://www.dhammadownload.com

ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်

နိဒါန်း

နိဒါန်းနှင့် ပတ်သက်၍ ပညာရှင် အသီးသီးတို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်နေကြသည်။ အစ၊ အစပျိုးသည်၊ နိဒါန်းသွယ်သည်ဟူသော စကားများ အရ နိဒါန်းဟူသည်မှာ ကျမ်းတစ်စောင်၊ ပေတစ်ဖွဲ့၏အစဟု အချို့က ယူဆသည်။ အချို့က ကြော်ငြာဟု ယူဆသည်။ အချို့ကမူ အညွှန်းဟု ဆိုကြသည်။

နိဒါန်းဖတ်ရုံဖြင့် သိစေရန်

ကျွန်တော်အနေဖြင့် အညွှန်းဟုဆိုသူတို့၏ အယူအဆကို သဘောအကျဆုံး ဖြစ်သည်။ ဤနိဒါန်းကို အညွှန်းဟု ဆိုသူတို့၏ အယူအဆနှင့်အညီ ရေးပါသည်။ ဘာကိုညွှန်းမည်နည်းဟု မေးချင်ကြပါလိမ့်မည်။ စာအုပ်ပါ အကြောင်းအရာများ၊ ထိုအကြောင်းအရာများကို ရေးသားတင်ပြပုံများနှင့် အခြားဆက်စပ် အဓိပ္ပာယ်များကို နိဒါန်းဖတ်ရုံဖြင့် သိစေရန် ညွှန်းပါမည်။

ထောက်ကူထားခြင်းသာ

ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်ဟူသော အမည်နှင့် လိုက်ဖက်အောင် အတွင်း၌ ပုံတော်စုံများ ထည့်ထားသည်။ ပုံများ ထည့်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝတ္ထုများ၊ ဒေသနာများ၏ အဓိပ္ပာယ်ကို သိလွယ်၊ မှတ်လွယ် စေရန် ဖြစ်သည်။ အရေးအသားနှင့် တင်ပြပုံများ ပိုမို ပီပြင်စေရန် စာလုံးကောင်း တစ်ထောင် ရုပ်ကောင်းတစ်ခုဟူသော ဆိုစကားအတိုင်း ပုံတော်များဖြင့် ထောက်ကူထားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ချဲ့၍၊ ဖြည့်စွက်၍လည်း ရေးထားသည်

ဝတ္ထုများကို ရေးသားဖော်ပြရာ၌ ဝတ္ထုပါ အနှစ်သာရများကို ခြုံငုံမိစေရန် အဓိကထား ရေးပါသည်။ သို့အတွက် အချို့နေရာ၌ အကျဉ်းချုပ်သဘော ဖြစ်နေပါသည်။ သို့ရာတွင် ဝတ္ထု၏ အနှစ်သာရပိုင်းကို မလွတ်စေရန် ကြိုးစားထားပါသည်။ ဝတ္ထုအားလုံးကို ထိုကဲ့သို့ တစ်ပုံစံတည်း ရေးထားသည်တော့ မဟုတ်ပါ။ အချို့နေရာ၌ ချဲ့၍၊ ဖြည့်စွက်၍ ရေးထားပါသည်။

ချဲ့သည်၊ ဖြည့်စွက်သည် ဆိုခြင်း၌ နားလည်မှု မလွဲစေချင်ပါ။ ဦးကာဆရာတို့ ချဲ့သည့် ချဲ့နည်းမဟုတ်ပါ။

ဗုဒ္ဓဂယာဘုရားဖူးခရီး သွားခဲ့သည်

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၁၆ ရက်နေ့အထိ နှစ်ပတ်ကျော်ကြာ အိန္ဒိယနှင့် နီပေါနိုင်ငံသို့ ကျွန်တော် ဗုဒ္ဓဂယာ ဘုရားဖူး သွားခဲ့ပါသည်။ **"ဖွား၊ ပွင့်၊ ဟော၊ စံ၊ ဤလေးတန်၊ မှတ်ရန်သံဝေဇနီယ"** ဟူသော သံဝေဇနီယ လေးဌာနဖြစ်သည့် ဘုရားရှင် ဖွားတော်မူရာ ကပိလဝတ် နေပြည်တော်၊ လုမ္ဗိနီဥယျာဉ်၊ ဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊ တရားဦး ရတနာ ဓမ္မစကြာဟောကြားရာ ဣသိပတန မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံရာ ကုသိနာရုံတို့သို့ လည်းကောင်း၊ **သို၊ ဟော၊ အပြီနေ။ ဆင်းနတ်ပြေလေးထွေ အဝိဇဟိတ** ဟူသော ဘုရားရှင် သစ္စာလေးပါးသိရာဌာန ဗုဒ္ဓဂယာ၊ တရားဦးဟောရာ မိဂဒါဝုန်၊ အမြဲသီတင်းသုံးရာဌာန ဂန္ဓကုဋီကျောင်းတော်ရာနှင့် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောတော်မူပြီး လူ့ပြည်သို့ ပြန်ကြွလာစဉ် ပထမဦးဆုံး ခြေတော်ရာရှိသည့် သင်္ကဿနဂိုရ် အပါအဝင် အဝိဇဟိတလေးဌာနတို့သို့လည်း သွားရောက် ဖူးမြော်လေ့လာခွင့် ရခဲ့ပါသည်။

ဓမ္မပဒဝတ္ထုထော်များ၌ ပါရှိသည့် ဗာရာဏသီ၊ သာဝတ္ထိ၊ ဝေသာလီ၊ ကပိလဝတ်နှင့် ဂိဇ္ဈကူဋ်တောင် စသည့် နေရာဒေသများ၊ သုခ္ခါဒန၊ မယ်တော်မာယာ၊ ကောသလမင်းကြီး၊ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ စသည့် ဓမ္မပဒဝတ္ထုလာ လူ၊ ရှင် ရဟန်းနှင့် မင်းညီမင်းသားတို့အကြောင်း ရေးသား

http://www.dhammadownload.com

ထုတ်ဝေထားသည့် စာအုပ်စာတမ်းအချို့လည်း လေ့လာရန် ဝယ်ယူခဲ့ပါသည်။

အခြားသီမှတ်ဖွယ်ရာအကြောင်းများ

ဤသို့ ဘုရားဖူးခရီးစဉ်၌ ဖူးမြော်ရန် ရောက်ခဲ့ရသော ဒေသများနှင့် အခြားသီမှတ်ဖွယ်ရာ အကြောင်းအချို့ကို ဤပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး အနှစ်ချုပ်ပါ ဆဲက်စပ်ရာဌာန၊ ပုဂ္ဂိုလ်ဆိုင်ရာတို့၌ ဖြည့်စွက်ရေးသား ဖော်ပြထားပါသည်။ ဤသို့ ဖော်ပြခဲ့ခြင်းကို ချဲ့သည်၊ ဖြည့်စွက်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဤအနှစ်ချုပ်၌ ဖော်ပြသော ဒေသနာတော် ပါဠိများကို ဆဋ္ဌသင်္ဂါယနာမူနှင့်အညီ ညှိနှိုင်းထားပြီး ဖြစ်ပါသည်။ ဝတ္ထုကြောင်းပါ အမည် စသည်ကိုမူ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကို မှီငြမ်းပြုရေးပါသည်။ ဒေသနာ၏အဓိပ္ပာယ်ကို ဖော်ပြရာ၌ နိဿယပုံစံ မဟုတ်ပါ။ အဓိပ္ပာယ်ပေါ်လွင်စေသည့် စကားပြေဖြင့်သာ ဖော်ပြထားပါသည်။

ကမ္ဘာကျော်ကျမ်းစာ

ဓမ္မပဒသည် ကမ္ဘာကျော် ကျမ်းစာဖြစ်သည်။ ဥရောပနိုင်ငံများဖြစ်သည့် အင်္ဂလန်၊ ရုရှား၊ ဂျာမနီ၊ ပြင်သစ် စသည့် နိုင်ငံများ။ အိန္ဒိယ၊ တရုတ်၊ ထိုင်း စသည့် အာရှနိုင်ငံများ၌လည်း သူတို့ နိုင်ငံသုံး ဘာသာများဖြင့် ဓမ္မပဒကို ပြန်ဆိုထားကြပြီး ဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ စာပေပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပြုစုဖြန့်ချိထားပြီး ဖြစ်ပါသည်။

သိလွယ်စေသော စကားပြေဖြင့်

ဓမ္မပဒလာ ဒေသနာပါဠိများကို အချို့က အာဂုံဆောင် အရကျက်ထားကြသည်။ ရည်ရွယ်ချက်အမျိုးမျိုး ရှိကြပေမည်။ အချို့က တရားတော်များဖြစ်၍ ရွတ်ဆို ပူဇော်ရန်၊ အချို့က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် နယ်ပယ်တို့၌ စံထားစရာအဖြစ် ကိုးကားအသုံးပြုရန် စသည်တို့

http://www.dhammadownload.com

ဖြစ်ကြပေသည်။ ဤအနှစ်ချုပ်စာအုပ်တွင် ဒေသနာ ပါဠိများကို မူလပါဠိ အတိုင်း ဖော်ပြပြီး ဝတ္ထုကြောင်းနှင့် ဒေသနာ၏အဓိပ္ပာယ်ကို သိလွယ် မြင်လွယ်စေသော ခေတ်စကားပြေများဖြင့် ရေးထားပါသည်။

အညီအမျှ မဟုတ်

ဓမ္မပဒ၌ ဒေသနာ ၄၂၄ ပုဒ်နှင့် ဝတ္ထုပေါင်း ၃၀၀ ကျော် ပါရှိသည်။ ၎င်းတို့ကို ဝဂ္ဂ=ဝဂ်ခေါ် အစုများဖြင့် ကဏ္ဍ ခွဲခြားထားသည်။ ဝဂ်ပေါင်း ၂၆ ဝဂ် ရှိသည်။ ဝဂ်တစ်ခုစီ၌ ပါရှိသော ဝတ္ထုနှင့် ဒေသနာများမှာ အညီအမျှ မဟုတ်ကြပါ။ အချို့ဝဂ်၌ ဝတ္ထုနှင့် ဒေသနာ အနည်းငယ်သာ ပါသည်၊ နောက်ဆုံး ဝဂ်ဖြစ်သည့် ဗြာဟ္မဏဝဂ်သည် ဝတ္ထုရော ဒေသနာပါ အများဆုံး ပါရှိသည့်ဝဂ် ဖြစ်သည်။ ဝတ္ထုပေါင်း ၄၀ ကျော် ပါရှိသကဲ့သို့ ဒေသနာလည်း ၄၀ ကျော် ပါရှိသည်။

ဝဂ်ပေါင်း ၂၆ ဝဂ်၌ ထပ်၍ ထပ်၍ ပါနေသော ဝတ္ထုအမည်များ ရှိသည်။ ဥပမာ အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ၊ ကောသလမင်းကြီး၊ ဝိသာခါ၊ အနာထပိဏ်၊ ရှင်ဒေဝဒတ် အမည်ပါဝတ္ထုများ ဖြစ်သည်။

ဝတ္ထုအမည်တူသော်လည်း အကြောင်းအရာမတူ

ဤကဲ့သို့ ဝတ္ထုအမည် တူနေသော်လည်း ဝတ္ထုပါ အကြောင်းအရာတို့သည် မတူညီကြပါ။ ဒေသနာအရလည်း ကွဲပြားကြပါသည်။ ဤအနှစ်ချုပ် ကျမ်းစာတွင်ပါ ဝတ္ထုအကြောင်းအရာများကို စာအုပ်၏ နောက်ဆုံးအပိုင်း၌ မှတ်သားဖွယ် အကွရာစဉ်ဖြင့် ထုတ်နုတ် ဖော်ပြထားပါသည်။ ဤအကွရာစဉ်ပါ ဝတ္ထုကြောင်းများမှ ပုဂ္ဂိုလ်တစ်ပါးစီ တစ်ဦးစီကို ရွေးချယ်ဖတ်ရှုလျှင် ထိုပုဂ္ဂိုလ်၏အကြောင်းကို စုံစုံလင်လင် သိရှိနိုင်မည် ဖြစ်ပါသည်။

လူမှုရေး၊ နိုင်ငံရေး အစုံပါဝင်

ဓမ္မပဒသည် ပိဋကတ်တော်လာဝတ္ထုနှင့် ဒေသနာအချို့ကို စုပေါင်း ဖော်ပြထားသော ကျမ်းစာဖြစ်၍ တရားစာသက်သက်ဟု အချို့က ထင်မြင်ကြသည်။

http://www.dhammadownload.com

ထိုသို့ မဟုတ်ပါ။ အမှန်အားဖြင့် မင်းမှုရေးရာမှအစ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး စသည်တို့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဓမ္မအမြင်ဖြင့် ဟောကြားထားသော တရားတော်များ ဖြစ်သည်။ ဤပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်ပါ အကြောင်းအရာများ၊ ဒေသနာများကို ဖတ်ရှုရခြင်းအားဖြင့် ဘုရားရှင် ရွေလက်ထက်တော်က ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အရေးကိစ္စများကို မျက်ဝါးထင်ထင် ရှုမြင်နေရဘိသကဲ့သို့ ကြည်ညိုလေးစား အားကျဖွယ်ရာများ၊ ဝမ်းသာ ကြည်နူးရွှင်မြူးဖွယ်ရာများ၊ ကြောက်စရာ၊ ဝမ်းနည်းစရာ၊ ရွံရှာမုန်းတီးဖွယ်ရာများကို မြင်တွေ့ကြရမည့်အပြင် ထိုကိစ္စရပ်များအပေါ် ဘုရားရှင်၏ ဒေသနာတော်ကိုပါ ကြားနာရမည် ဖြစ်ပါသည်။ အတုယူစရာ၊ သံဝေဂပွားဖွယ်ရာများပင် ဖြစ်ပါသည်။

ထို့ပြင် တိုင်းပြည်စီမံ အုပ်ချုပ်သူတို့၏ သဘောသဘာဝကို ကောသလမင်းကြီး၏ ဝတ္ထုများ၌ လည်းကောင်း၊ အဇာတသတ် ပါဝင်သော ဝတ္ထုဇာတ်လမ်းများ၌လည်းကောင်း။ သူတော်စင် မေတ္တာရှင်တို့၏ စိတ်ထားမြင့်မြတ်ပုံ၊ သည်းခံတတ်ပုံတို့ကို အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အဂ်ုလိမာလ စသည့် ပုဂ္ဂိုလ်မြတ်ကြီးများပါသည့် ဝတ္ထုတို့၌ တွေ့မြင်ရမည်ဖြစ်ပြီး သူယုတ်သူမိုက်တို့၏ စရိုက်သဘာဝကို "လူမိုက်တို့၏ နက္ခတ်ပွဲ၊ အရှင်မဟာကဿပ၏ အတူနေ တပည့်၊ ဆဗ္ဗဂ္ဂိရဟန်းများ ပါဝင်သည့် ဝတ္ထုများကို ဖတ်မှတ်ရသဖြင့် ဓမ္မသံဝေဂ ယူနိုင်ကြပြီး ထိုကဲ့သို့ သူယုတ် သူမိုက်တို့နှင့် ကြုံရ ဆုံရသော် ကရဏာပွား စေတနာထား၍ ဥပေက္ခာထားနိုင်ရန် ကြိုးစားကြပါစို့။

သို့ဖြစ်၍ ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး အနှစ်ချုပ်ကို ဗုဒ္ဓဝါဒီများ သာမက အခြားသော ဘာသာဝင်များ အသက်အရွယ်အားဖြင့်လည်း ငယ်–လတ်–ကြီးသူတို့ အပါအဝင် အရွယ်စုံ ဖတ်သင့်သော စာအုပ်စာပေဖြစ်ကြောင်း ဤနိဒါန်းမှနေ၍ ညွှန်းဆိုလိုက်ရပါသည်။

ဦးအောင်ညွှန့်ဝင်း
(၁၁၊ ၁၂၊ ၂၀၁၀)

http://www.dhammadownload.com

ဦးဒေခောင်ညွန့်ဝင်း၏ ထုတ်ဝေပြီး စာအုပ်များ

၁။ အစွမ်းထက်မြက် တန်ခိုးထက်သည့်
အန္တရာယ်ကင်းပရိတ်တော်များ [ဒီဇင်ဘာလ၊ ၂၀၀၁]
၂။ မိလိန္ဒမင်းနှင့် အရှင်နာဂသိန်တို့၏
အမေးအဖြေများ ဖော်ပြထားသော
မိလိန္ဒမင်း [ဖေဖော်ဝါရီလ၊ ၂၀၀၃]
၃။ အယူတော်မဂ်လာဦးနိုး၏
အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ
ပညာပေး လျှောက်ထုံးများ [ဧပြီလ၊ ၂၀၀၇]
၄။ ပုံတော်စုံ နိပါတ်တော်လာ
ဇာတ်တော် ငါးရာ့ငါးဆယ်အနှစ်ချုပ် [မတ်လ၊ ၂၀၀၈]
၅။ ဗုဒ္ဓလောင်းလျာ၏ ရင့်မာတစ်ကျိပ်ဘဝ
ဖြစ်တော်စဉ်များ ဖော်ပြထားသော
ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ အနှစ်ချုပ် [သြဂုတ်လ၊ ၂၀၀၈]
၆။ **ဓမ္မစကြာ**
အဓိပ္ပာယ် ရှင်းလင်းချက်နှင့်
အရှင်ကောဏ္ဍညာ၏ အတ္ထုပ္ပတ္တိ [မတ်လ၊ ၂၀၀၉]
၇။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်
၄၅ ဝါအတွင်း ဟောကြားသည့်
ဝတ္ထုနှင့် ဒေသနာများကို ဖော်ပြထားသော
ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ် [ဇန်နဝါရီလ၊ ၂၀၁၁]

http://www.dhammadownload.com

မာတိကာ

ခ - ဃဇဏဝဂ်

အကြောင်းအရာ	စာမျက်နှာ
- နိဒါန်း	(က)
- မာတိကာ	(ဆ)
၁။ စက္ခုပါလမထေရ်ဝတ္ထု	၁
ဝဋ်ကြွေးကြောင့် မျက်စိကွယ်ခဲ့ရသူ	
၂။ မဠကုက္ကာလီ သတို့သားဝတ္ထု	၈
စိတ်ထားကောင်းမှုကြောင့် နတ်ပြည်ရောက်ရသူ	
၃။ တိဿမထေရ်ဝတ္ထု	၁၂
ဆိုဆုံးမရခက်သူ	
၄။ ကာဠီဘီလူးမဝတ္ထု	၁၇
သုံးဘဝတိုင်အောင် အပြန်အလှန် ရန်ပြုနေရသူ	
၅။ ကောသမ္ဗီပြည်သား ရဟန်းများဝတ္ထု	၂၀
သာသနာ့သမိုင်းတွင်သည့် သံဃပဒိုပကွဲ	
၆။ စူဠကာလ၊ မဟာကာလဝတ္ထု	၂၃
အားနည်းသော သစ်ပင်နှင့်တူသူနှင့် ကျောက်တောင်နှင့်တူသူ	
၇။ ဒေဝဒတ်ဝတ္ထု	၂၇
သင်္ကန်းနှင့် ထိုက်တန်သူနှင့် မထိုက်တန်သူ	
၈။ အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု	၃၀
အကာကိုပစ်၍ အနှစ်ကိုသာယူသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၉။ **အရှင်နန္ဒမထေရ်ဝတ္ထု** ရာဂရှင်ဘဝမှ ရာဂကင်းသူဘဝရောက်ရသူ	၃၇
၁၀။ **စုန္ဒ ဝက်သတ်သမားဝတ္ထု** တူသောအကုသိုလ်ကံအကျိုး ခံစားရသူ	၄၄
၁၁။ **မဟာဓမ္မိက ဥပါသကာဝတ္ထု** တူသော ကုသိုလ်ကံအကျိုး ခံစားရသူ	၄၆
၁၂။ **ရှင်ဒေဝဒတ်ဝတ္ထု (ဒုတိယ)** ဒေဝဒတ်၏ အမိုက်ဇာတ်တစ်ခန်းရပ်	၄၉
၁၃။ **သုမနဒေဝီသူဌေးသမီးဝတ္ထု** ဖအေထက် ဓမ္မရာထူးကြီးသူ သမီး	၅၆
၁၄။ **အဆွေခင်ပွန်း ရဟန်းနှစ်ပါးဝတ္ထု** ပရိယတ်နှင့် ပဋိပတ်ဝန်ဆောင်ရဟန်းများ	၅၉

၂ – စာပွမာဒဝင်

၁။ **သာမာဝတီမိဖုရားဝတ္ထု** အကုသိုလ်အကျိုး ခံစားရသူ	၆၃
၂။ **ကုမ္ဘဃောသက သူဌေးသားဝတ္ထု** ရိုးရိုးကျင့်၊ မြင့်မြင့်ကြီကာ နေထိုင်သူ	၇၈
၃။ **စူဠပန္ထကမထေရ်ဝတ္ထု** မန္တန်ကြောင့် စည်းစိမ်ရာထူးရခဲ့သူ	၈၂
၄။ **ဗာလနက္ခတ်ပွဲသဘင်ဝတ္ထု** လူမိုက်တို့ ကြမ်းကြ၊ ရမ်းကြသောပွဲ	၈၈
၅။ **မဟာကဿပထေရ်ဝတ္ထု** သာသနာ့ဦးဆောင်ပုဂ္ဂိုလ် ဖြစ်သော်လည်း	၈၉
၆။ **အဆွေခင်ပွန်း ရဟန်းနှစ်ပါးဝတ္ထု** ဘုရားရှင်၏ ကဲ့ရဲ့ခံရသူနှင့် ချီးမွမ်းခံရသူ	၉၁
၇။ **မဃလုလင်ဝတ္ထု** သိကြားမင်းကို တကယ်တွေ့နိုင်၊ မြင်နိုင်သလော။	၉၃
၈။ **အညတရ ရဟန်းတစ်ပါးဝတ္ထု** တောမီးကြောင့် ရဟန္တာဖြစ်သူ	၉၉

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၉။ **နိဂမဝါသီ တိဿမထေရ်ဝတ္ထု**	၁၀၀
အလိုက္ကစ္စာနည်း၍ ဘုရားရှင် ချီးမွမ်းခံရသူ	
၃-စိတ္တဝဂ်	
၁။ **မေဃိယမထေရ်ဝတ္ထု**	၁၀၃
ရေမှထုတ်ဆောင်ကာ ကန်ပေါ်တင်ထားသည့် ငါးနှင့် စိတ်ကို နှိုင်းယှဉ်ပြပုံ	
၂။ **မာတိကရွာနေ ရဟန်းတစ်ပါး၀တ္ထု**	၁၀၅
ကိုးဆယ့်ကိုးကမ္ဘာတိုင် လင်ကို သတ်ခဲ့သူ	
၃။ **အနုပုဗ္ဗသုဒ္ဓေးသား၀တ္ထု**	၁၀၉
အေးချမ်းမှု ချမ်းသာအစစ်ရသွားသူ	
၄။ **သံဃရက္ခိတမထေရ်၏တူ ဝတ္ထု**	၁၁၁
ရဟန္တာ၏ ဦးခေါင်းကို ရိုက်သူ	
၅။ **စိတ္တဟတ္ထမထေရ်ဝတ္ထု**	၁၁၃
ငါနိုင်ပြီအော်မိ၍ စစ်ဆေးခံရသူ	
၆။ **မေတ္တာပွားသူ ရဟန်းငါးရာ၀တ္ထု**	၁၁၆
ခြောက်လှန့်သော နတ်တို့ကို အောင်နိုင်သူများ	
၇။ **ပုတိဂတ္တတိဿမထေရ်ဝတ္ထု**	၁၁၈
မကောင်းမှုကြောင့်ခံရပြီး ကောင်းမှုကြောင့် ခံရသူ	
၈။ **နန္ဒနွားကျောင်းသား၀တ္ထု**	၁၂၀
ရန်သူထက် အကုသိုလ်က ဘဝများစွာသတ်နိုင်သည်	
၉။ **သောရေယျ သူဌေးသား၀တ္ထု**	၁၂၂
ယောကျ်ားဘဝမှ မိန်းမဘဝဖြစ်ရသူ	
၄-ပုပ္ဖဝဂ်	
၁။ **အသန္တ ရဒရီးသည် ရဟန်းငါးရာ၀တ္ထု**	၁၂၅
ပန်းကောင်းရွေးချယ်သလို တရားကောင်းရွေးနိုင်သူများ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **တံလှပ်ကမ္မဋ္ဌာန်းရှသော မထေရ်ဝတ္ထု**	၁၂၇
တံလှပ်နှင့် ရေမြုပ်ပမာ ဤခန္ဓာ	
၃။ **ဝိဇုဇျာဘဝတ္ထု**	၁၂၈
နိုင်သူအပေါ် ထပ်ဆင့်အောင်နိုင်သူ	
၄။ **ပတိပူဇိကာ သတ္တိသမီးဝတ္ထု**	၁၃၇
တောင်းသောဆုနှင့် ပြည့်ဝသူ	
၅။ **မစ္ဆရိယ ကောသိယသူဌေးဝတ္ထု**	၁၃၉
နှမြောတွန့်တိုသူအဖြစ်မှ ရက်ရောစွာ လှူဒါန်းသူဖြစ်ရပုံ	
၆။ **ပါဝေယျက တက္ကတွန်းဝတ္ထု**	၁၄၂
သာဓုခေါ်သံကြား၍ စိတ်ဆင်းရဲသူ	
၇။ **ဆတ္တပါဏိဥပါသကာဝတ္ထု**	၁၄၄
မင်းထဲက် ဘုရားရှင်ကို ပိုမိုအလေးထားသူ	
၈။ **ဝိသာခါကျောင်းအမကြီးဝတ္ထု**	၁၄၆
သားသမီး၊ မြေး၊ မြစ် ၈၄၀၀ ရှိသူ	
၉။ **အာနန္ဒာမထေရ် အမေးပုစ္ဆာဝတ္ထု**	၁၅၇
မွေးကြို့သော ရနံ့အားလုံးတွင် သီလရနံ့သာ အသာလွန်ဆုံး	
၁၀။ **အရှင်မဟာကဿပအား သီကြားမင်းဆွမ်းလှူသောဝတ္ထု**	၁၅၈
သီလရှိသူ၏ ရနံ့သည် နတ်ပြည်၊ ဗြဟ္မာပြည်အထိ မွေးကြို့	
၁၁။ **ကေဓိကမထေရ်ဝတ္ထု**	၁၆၀
မာရ်နတ် ရာမတွေ့သော ဝိညာဉ်	
၁၂။ **ဂရုဟဒိန္နသူကြွယ်ဝတ္ထု**	၁၆၁
တပည်သာဝကတို့တွင် ဗုဒ္ဓ၏တပည်က သာလွန်ပုံ	

၅-မာလဝဂ်

၁။ **သူ့မယားလိုချင်၍ လင်ကို ရာထူးပေးသူဝတ္ထု**	၁၆၅
ရာဂနှင့်တူသော အပူမီးမရှိ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **ကျောင်းမီးရှို့သူ တပည့်မိုက်ဝတ္ထု**	၁၆၉
တပည့်ဆိုတိုင်း ဆရာကို ကောင်းကျိုးမပြု	
၃။ **အာနန္ဒာသူဌေးကြီးဝတ္ထု**	၁၇၁
သူဌေးဘဝမှ ကွယ်လွန်ကာ သူတောင်းစား ဖြစ်သွားသူ	
၄။ **သူဓိုးနှစ်ယောက်ဝတ္ထု**	၁၇၃
လူမိုက်နှင့် ပညာရှိဟူသည်	
၅။ **အရှင်ဥဒါယီမထေရ်ဝတ္ထု**	၁၇၅
ဟင်းမွှေသောယောက်မနှင့် တူသူ	
၆။ **ပါဝေယျကတိုင်းသား ရဟန်းများဝတ္ထု**	၁၇၆
လျှာနှင့်တူသော လူသား	
၇။ **သုပ္ပဗုဒ္ဓ လူနှဝတ္ထု**	၁၇၇
ပစ္စေကဗုဒ္ဓါကို တံတွေးဖြင့် ထွေးခဲ့မိ၍ နှုရသူ	
၈။ **ငွေထုပ်ကောက်ယူမိ၍ ပူပန်ရသူဝတ္ထု**	၁၇၉
ပူပန်နေရသောအလုပ်သည် မကောင်းသောအလုပ်	
၉။ **ပန်းတော်ဆက် ကိုသုမနဝတ္ထု**	၁၈၁
ဝမ်းသာရသည့်အလုပ်သည် ကောင်းသောအလုပ်	
၁၀။ **ဥပ္ပလဝဏ်ထေရီဝတ္ထု**	၁၈၃
ကာမဂုဏ်၏အတွေ့ကို သာယာခြင်းမရှိသူ	
၁၁။ **ဓမ္မကမထေရ်ဝတ္ထု**	၁၈၄
ရဟန္တာကို ပြစ်မှားမိ၍ ဆိုးကျိုးခံစားရသူ	
၁၂။ **မြေပြိတ္တာဝတ္ထု**	၁၈၇
ပစ္စေကဗုဒ္ဓါကို စော်ကား၍ မြေပြိတ္တာဖြစ်ရသူ	
၁၃။ **သင်္ခိကုဋပြိတ္တာဝတ္ထု**	၁၈၉
တတ်သိပညာအသုံးမှား၍ ပြိတ္တာဖြစ်ရသူ	
၁၄။ **စိတ္တသူကြွယ်နှင့် ဦးသုဓမ္မဝတ္ထု**	၁၉၁
ထောင်လွှားတတ်သော မာနရှိလျှင် တရားမရ	
၁၅။ **တောကျောင်းနေ ကိုရင်တိဿဝတ္ထု**	၁၉၃
လာဘ်လာဘချမ်းသာထက် နိဗ္ဗာန်ချမ်းသာကို အရယူသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ

၆ - ပဏ္ဍိတဝဂ်

၁။ **ရာဓမထေရ်ဝတ္ထု** ၁၉၈
ပြောဆိုဆုံးမမှု နာခံသဖြင့် တရားရသွားသူ

၂။ **အဿဖိနှင့် ပုနဗ္ဗသုက ရဟန်းများဝတ္ထု** ၂၀၀
အကြိမ်ကြိမ် ဆုံးမသော်လည်း သူယုတ်မာတို့ မလိုက်နာ

၃။ **ဆန္နမထေရ်ဝတ္ထု** ၂၀၁
နောက်မှမွေး၍ မောင်ဦးမမှည့်စေလိုသူ

၄။ **မဟာကပ္ပိနမထေရ်ဝတ္ထု** ၂၀၃
မင်းစည်းစိမ်ဓနဥစ္စာ ရဟန်းပြုသူ

၅။ **ပဏ္ဍိတ သာမဏေဝတ္ထု** ၂၀၇
မဟာဒုဂ်ဘဝမှ ကိုရင်ပဏ္ဍိတဘဝ ရောက်လာသူ

၆။ **အရှင်လကုဏ္ဍကဘဒ္ဒိယထေရ်ဝတ္ထု** ၂၁၂
လှောင်ပြောင်မှုကြောင့် တုန်လှုပ်ခြင်းမရှိသူ

၇။ **ကာဏမာတာဝတ္ထု** ၂၁၃
လောကီ၊ လောကုတ္တရာ စည်းစိမ်နှစ်မျိုးရသူ

၈။ **တည်ငြိမ်ကွန်ရှေ့ရသော ရဟန်းငါးရာဝတ္ထု** ၂၁၅
ဆင်းရဲမှု၊ ချမ်းသာမှုကြောင့် မတုန်လှုပ်သူများ

၉။ **ခဇ္ဇိကမထေရ်ဝတ္ထု** ၂၁၇
တရားရှိ၍ သားရော ဓနိုးပါ တရားရစေသူ

၁၀။ **တရားနာသူအမျိုးမျိုးဝတ္ထု** ၂၁၉
ကောင်းစွာ တရားနာသူသာ နိဗ္ဗာန်ရောက်နိုင်မည်

၁၁။ **အာဂန္တုရဟန်းငါးရာဝတ္ထု** ၂၂၀
ဘုရားရှင်ထံ တရားနာရောက်လာကြသူများ

၇ - အရဟန္တဝဂ်

၁။ **ဇီဝကပဉ္ဉာဝတ္ထု** ၂၂၂
ဘုရားရှင်၏ဓမ္မဒေသနာ ကုသပေးသူ ဇီဝက၏အမေး

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **အရှင်မဟာကဿပထေရ်ဝတ္ထု**	၂၂၆
နေရာဌာနနှင့် လူသူတို့အပေါ် ခွဲလမ်းခြင်းမရှိသူ	
၃။ **အရှင်မေလဠသီသမထေရ်ဝတ္ထု**	၂၂၇
ဆွမ်းမခံရစေရန် ဆွမ်းအခြောက်လှန်းပြီး ဘဉ်းပေးသူ	
၄။ **အရှင်အနုရုဒ္ဓါမထေရ်ဝတ္ထု**	၂၂၉
မိမိဂုဏ်ကို ဖော်မပြောလိုသူ	
၅။ **အရှင်မဟာကစ္စာယနမထေရ်ဝတ္ထု**	၂၃၀
လူရော နတ်ပါ လေးစားကြည်ညိုခြင်းခံရသူ	
၆။ **အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု**	၂၃၂
ဇထဝိမြေကြီးကဲ့သို့ သည်းခံခြင်းရှိသူ	
၇။ **တိဿမထေရ်၏ တပည့်လိမ္မာဝတ္ထု**	၂၃၃
ဆရာအာပတ်မသင့်အောင် နေထိုင်သူ တပည့်	
၈။ **အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု (ဒုတိယ)**	၂၃၅
စစ်မှန်သော ယောကျ်ားမြတ်ဖြစ်သူ	
၉။ **ရှားတောနေ ရေဝတသာမထေဝတ္ထု**	၂၃၇
ခုနစ်နှစ်သားအရွယ်၌ ရဟန္တာဖြစ်သူ	
၁၀။ **ပြည့်တန်ဆာ အမျိုးသမီးတစ်ဦးဝတ္ထု**	၂၄၀
တရားဘာဝနာပွားများနေသူကို မြူဆွယ်သူ	

၈ - သဗ္ဗာသဝဂ်

၁။ **တမ္ဗဒါဋ္ဌိက လူသတ်ယောကျ်ားဝတ္ထု**	၂၄၂
မိတ်ဆွေကောင်း၏ စကားကြောင့် နတ်ပြည်ရောက်သွားသူ	
၂။ **ဗာဟိယ ဒါရုစီရိယထေရ်ဝတ္ထု**	၂၄၅
အနည်းငယ်သောတရား ကြားနာရရုံဖြင့် တရားရသူ	
၃။ **ကုဋ္ဌလကေသီထေရီဝတ္ထု**	၂၄၈
တရားစကားအနည်းငယ် နာကြားရရုံဖြင့် ကိလေသာကို အောင်နိုင်သူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၄။ အကျိုးမဲ့စေသည့်အကြောင်းကိုမေးသူ ပုဏ္ဏားဝတ္ထု	၂၁၂
အကျိုးမဲ့စေသောအကြောင်းကို သိလိုခြင်းမေးသူ ပုဏ္ဏား	
၅။ အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားဝတ္ထု	၂၁၃
သီလမရှိသူထက် သီလရှိသူကို ပူဇော်ပါ	
၆။ အရှင်သာရိပုတ္တရာ၏ တူပုဏ္ဏားဝတ္ထု	၂၁၄
မီးကို လုပ်ကျွေးခြင်းထက် အရိယာကို ပူဇော်ပါ	
၇။ အရှင်သာရိပုတ္တရာ၏ မိတ်ဆွေပုဏ္ဏားဝတ္ထု	၂၁၅
ယဇ်ပူဇော်ခြင်းထက် အရိယာကို ပူဇော်ခြင်းက မြတ်သည်	
၈။ အာယုဝမုန သတ္တိသားဝတ္ထု	၂၁၆
ဘုရားရှင်အား ရှိခိုးပူဇော်၍ အသက်ရှည်သူ	
၉။ သံကိစ္စနှင့် အဓိမုတ္တသာမဏေတို့၏ဘဝ	၂၁၈
မြင့်မြတ်သော အကျင့်သီလနှင့် ပြည့်စုံသူများ	
၁၀။ ဓါဏုကောဏ္ဍညမထေရ်ဝတ္ထု	၂၆၃
သစ်ငုတ်တိုဟု ထင်ရလောက်အောင် တည်ကြည်သော မထေရ်	
၁၁။ သပ္ပဒါသမထေရ်ဝတ္ထု	၂၆၄
ကျွန်ဖြစ်ခဲ့သူ မြွေနှင့် ပြန်တွေ့သော ရဟန်း	
၁၂။ ပဒုမာစာရိထေရီဝတ္ထု	၂၆၆
သဘာဝဒဏ်၊ လောကဓံနှင့် ကံကြမ္မာ၏	
ဒဏ်ရာဒဏ်ချက်တို့မှ လွတ်မြောက်သူ	
၁၃။ ကီသာဂေါတမီထေရီဝတ္ထု	၂၆၉
သားသေအတွက် အသက်ရှင်နိုင်မည့် ဆေးရှာရင်း ရဟန္တာဖြစ်သွားသူ	
၁၄။ ဗဟုပုတ္တိကာထေရီဝတ္ထု	၂၇၂
သားသမီး ၁၄ ယောက်၏မိခင် ရဟန္တာဖြစ်ခြင်း	

၉ - ဗါဓဝဂ်

၁။ စူဠေကသာဋကပုဏ္ဏားဝတ္ထု	၂၇၄
ကောင်းမှုပြုရာ၌ တံ့ခဲနေလျှင် ကောင်းကျိုးဆုံးရှုံးတတ်သည်	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **သေယျသကမထေရ်ဝတ္ထု**	၂၇၇
မပြုသင့်သော မကောင်းမှု ထပ်ကာ ထပ်ကာ မပြုနှင့်	
၃။ **လာဇာနတ်သမီးဝတ္ထု**	၂၇၈
ပြုသင့်သော ကောင်းမှု ထပ်ကာ ထပ်ကာပြုပါ	
၄။ **အနာထပိဏ်သူဌေးကြီးဝတ္ထု**	၂၈၀
ကောင်းမှုပြုသူဖြစ်၍ ကောင်းကျိုးပြန်ရသူ	
၅။ **ပရိက္ခရာပစ္စည်း မသိမ်းဆည်းသူ ရဟန်းဝတ္ထု**	၂၈၃
မကောင်းမှုကို အနည်းငယ်ဟု သဘောထားသူ	
၆။ **ဗိဠာလပဒက သူဌေးဝတ္ထု**	၂၈၄
ကောင်းမှုပြုရာ၌ နှည်းသည်ဟု သဘောမထားရာ	
၇။ **မဟာဓနကုန်သည်ဝတ္ထု**	၂၈၆
အန္တရာယ်ရှိသောလမ်းကို မသွားဘဲ ရှောင်ကြဉ်သူ	
၈။ **ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု**	၂၈၈
ဘုရားရှင်ကို လေးနှင့်ပစ်လိုသူ မုဆိုးသားအဖ	
၉။ **ကောက ဆွေးမုဆိုးဝတ္ထု**	၂၉၁
မပြစ်မှားသင့်သူကို ပြစ်မှားမိ၍ သေဆုံးရသူ	
၁၀။ **ပတ္တမြှားရိုးသူဟု စွပ်စွဲခံရသော ရဟန်းဝတ္ထု**	၂၉၃
စွပ်စွဲခံရသော်လည်း ကိုယ့်သိက္ခာကိုယ်ထိန်းနိုင်သူ	
၁၁။ **အကုသိုလ်ကံ လိုက်ပါခံနေရသူသုံးဦးဝတ္ထု**	၂၉၆
ကျီး၊ သင်္ဘောဦးစီး၏ ဓနိုးနှင့် နွားကျောင်းသား	
၁၂။ **သုပ္ပဗုဒ္ဓ သာကီဝင်မင်းကြီးဝတ္ထု**	၂၉၉
မကောင်းမှုကြောင့် မကောင်းကျိုးခံရပြီး အဝီစိရောက်သွားသူ	

၁၀ - ဒဏ္ဍဝဂ်

၁။ **ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု**	၃၀၂
ရဟန်းအချင်းချင်းရိုက်နှက်၍ ခေါ်ယူဆုံးမခံရသော ရဟန်းများ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု (ဒုတိယ)**	၃၀၄
ရိုက်ရန်လက်ဝါးပြ၍ ဆုံးမခံရသော ရဟန်းများ	
၃။ **လူငယ်တစ်ရာတို့ဝတ္ထု**	၃၀၅
မြွေကိုက်မည်စိုး၍ မြွေကိုရိုက်နေသူ လူငယ်တစ်စု	
၄။ **ကောဏ္ဍဓာနမထေရ်ဝတ္ထု**	၃၀၆
သွားလေရာသို့ မိန်းမအမြဲလိုက်ပါခံနေရသော ရဟန်း	
၅။ **ဥပုသ်သည် အမျိုးသမီးများဝတ္ထု**	၃၁၀
ကိုယ့်ဆုတောင်းနှင့်ကိုယ် ဥပုသ်စောင့်နေသူများ	
၆။ **စပါးကြီးမြွေပြိတ္တာဝတ္ထု**	၃၁၁
ဂန္ဓကုဋီကျောင်းတော် မီးရှို့ခဲ့၍ ဒုက္ခခံနေရသူ	
၇။ **အရှင်မောဂ္ဂလာန်မထေရ်ဝတ္ထု**	၃၁၄
မပြစ်မှားသင့်သူ ပြစ်မှားမိသော အကုသိုလ်အကျိုး	
၈။ **ဗဟုဘဏ္ဍိက (ဥစ္စာများသူ) ရဟန်းဝတ္ထု**	၃၁၈
သူဌေးဘဝကလာသူဖြစ်၍ ဇိမ်ကျကျနေထိုင်သူ	
၉။ **သန္တတိအမတ်ကြီးဝတ္ထု**	၃၂၀
သတ္တဝါတို့အပေါ် ညှဉ်းဆဲမှု မရှိသူ	
၁၀။ **ပိလောတိကတိဿမထေရ်ဝတ္ထု**	၃၂၃
နှင်တံကြောက်သော မြင်းကောင်းနှင့်တူသူ	
၁၁။ **သုခသာမဏေဝတ္ထု**	၃၂၆
မြောင်းတူး၊ မြားဖြောင့်၊ သစ်ရွေသူ နမူနာယူပြီး တရားကျင့်သူ	

၁၁ – ဇရာဝဂ်

၁။ **ဝိသာခါ၏ အဖော်အမျိုးသမီးများဝတ္ထု**	၃၃၁
ဘုရားရှင် ရှေ့တော်၌ အရက်မူးနေသူ အမျိုးသမီးများ	
၂။ **သီရိမာဝတ္ထု**	၃၃၃
အသက်ရှင်စဉ် တန်ဖိုးကြီးသော်လည်း သေသော် ယူမည့်သူမရှိသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၃။ **ဥတ္တရာထေရီဝတ္ထု**	၃၃၆
အသက်ရှည်သော်လည်း တစ်နေ့ သေရမည်သာ	
၄။ **အထင်ကြီးသူ ရဟန်းများဝတ္ထု**	၃၃၇
လောကီစွာန်ရသည်ကို ရဟန္တာဖြစ်ပြီဟု ထင်နေသူများ	
၅။ **ဧနပဒကလျာဏီထေရီဝတ္ထု**	၃၃၈
ဖန်ဆင်းထားသော ပျိုကညာကြောင့် တရားရသွားသူ	
၆။ **မလ္လိကာမိဖုရားဝတ္ထု**	၃၄၁
မဲကောင်းမှုစွဲလမ်းကာ သေလွန်ပြီး ငရဲကျသူ	
၇။ **လာဋ္ဌဒါယီမထေရ်ဝတ္ထု**	၃၄၅
မင်္ဂလာတရားဟောရမည့်နေရာ၌ အမင်္ဂလာတရားဟောကြားသူ	
၈။ **အရှင်အာနန္ဒာမေးသော ဥဒါန်းဂါထာဝတ္ထု**	၃၄၆
စိတ်ဖြင့်သာ ကျူးရင့်သောဥဒါန်း	
၉။ **မဟာဓနသူဋ္ဌေးသားဝတ္ထု**	၃၄၇
သူဋ္ဌေးသားဘဝမှ သူတောင်းစားဘဝရောက်သွားသူ	

၁၂-အဋ္ဌဝဂ်

၁။ **ဗောဓိမင်းသားဝတ္ထု**	၃၅၀
ကိုယ့်ကိုယ်ကိုယ် ချစ်မြတ်နိုးသော်လည်း မစောင့်ရှောက်ခဲ့သူ	
၂။ **ဥပနန္ဒမထေရ်ဝတ္ထု**	၃၅၃
ငါဟောသလိုသာလုပ် ငါလုပ်သလို မလုပ်နဲ့ဟု ဟောပြောသူ	
၃။ **ပဓာနိကတိဿမထေရ်ဝတ္ထု**	၃၅၅
ကိုယ်က အိပ်နေပြီး သူတစ်ပါးကို ဆုံးမသူ	
၄။ **အရှင်ကုမာရကဿပ၏ မယ်တော်ဝတ္ထု**	၃၅၇
မိမိကိုယ်မိမိ အားကိုးပြုကာ တရားအားထုတ်သူ	
၅။ **မဟာကာလဥပါသကာဝတ္ထု**	၃၆၀
သူ့မယားလိုချင်၍ လင်ကိုသတ်ခဲ့သော အကုသိုလ်ခံရသူ	

https://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၆။ အရှင်ဒေဝဒတ်ဝတ္ထု	၃၈၃
ငရဲသို့ ကေန်မုချရောက်စေမည့် အကုသိုလ်ပြုသူ	
၇။ သံဃာသင်းခွဲရန် အားထုတ်သူ ဒေဝဒတ်ဝတ္ထု	၃၆၄
မိမိအတွက် အကျိုးမရှိသောအမှုကို လွယ်လွယ်ပြုတတ်သူ	
၈။ ကာလမထေရ်ဝတ္ထု	၃၆၅
မိမိ၏ ယုတ်မာသော အသိအမြင်က မိမိအား ပြန်သတ်ခြင်းခံရမည့်သူ	
၉။ စူဠကာလ ဥပါသကာဝတ္ထု	၃၆၆
မကောင်းမှုမပြုခဲ့၍ ရိုက်နှက်ခြင်းမှ လွတ်မြောက်သူ	
၁၀။ အတ္တဒတ္ထ မထေရ်ဝတ္ထု	၃၆၇
ကိုယ့်အကျိုးစီးပွား ကိုယ်အားထုတ်၍ ရဟန္တာဖြစ်သူ	

၁၃ - သောဏဝဂ်

၁။ မထင်ရှားသော ရဟန်းငယ်ဝတ္ထု	၃၆၉
ဝိသာခါ၏ မြေးမကလေးရယ်၍ လိုက်ရယ်မိသောရဟန်း	
၂။ သုဒ္ဓါဒနမင်းကြီးဝတ္ထု	၃၇၁
သုဒ္ဓါဒနမင်းကြီး သကဒါဂါမ်ဖြစ်၍	
မိထွေးတော်ကြီး သောတာပန်ဖြစ်သည်	
၃။ ဝိပဿကရဟန်းတို့ဝတ္ထု	၃၇၅
ရေမြုပ်ပမာ ကိုယ်ခန္ဓာကို ဝိပဿနာရှုပွားသူများ	
၄။ အဘယမင်းသားဝတ္ထု	၃၇၇
ကွယ်လွန်သူ ကချေသည်မကို စွဲလမ်းပြီး ပူဆွေးနေသူ	
၅။ သမ္မဇ္ဇနမထေရ်ဝတ္ထု	၃၈၂
လောကကို မဂ်ဉာဏ်အရောင်ဖြင့် ထွန်းလင်းကောက်ပစေသူ	
၆။ အင်္ဂုလိမာလမထေရ်ဝတ္ထု	၃၈၄
လူသတ်ပြီး လက်ညှိုးဖြတ်သူဘဝမှ ရဟန္တာဖြစ်သွားသူ	
၇။ ရက်ကန်းသည်သမီးဝတ္ထု	၃၈၉
မရဏာနုဿတိကမ္မဋ္ဌာန်းဖြင့် သုသီမာနတ်ပြည်သို့ ရောက်သွားသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၈။ **သုံးကျိပ်သောရဟန်းတို့ဝတ္ထု**	၃၉၃
ခြေကျင်လာပြီး ကောင်းကင်ခရီးဖြင့် ပြန်သွားကြသူများ	
၉။ **စိဉ္ဆမာဏဝိကာ (စိဉ္ဆမာဏ) ဝတ္ထု**	၃၉၆
မဟုတ်မတရားစွပ်စွဲ၍ မြေမျိုခံရသူ	
၁၀။ **အသဒိသဒါနဝတ္ထု**	၃၉၉
ဂေါတမဘုရားရှင် လက်ထက်၌ သူမတူအောင် လှူသောအလှူ	
၁၁။ **အနာထပိဏ်၏သား ကာလသတို့သားဝတ္ထု**	၄၀၄
အသပြာမက်သူဘဝမှ တရားကို တန်ဖိုးထားသူဘဝ ရောက်သွားသူ	
၁၄ - ဗုဒ္ဓဝဂ်	
၁။ **မာဂဏ္ဍိပုဏ္ဏားကြီးနှင့် မာရ်နတ်မင်း သမီးများဝတ္ထု**	၄၀၈
သမက်လောင်းရှာရင်း တရားတွေ့သွားသူ	
၂။ **နတ်ပြည်မှ ဆင်းသက်တော်မူသောဝတ္ထု**	၄၁၂
ဘုရားရှင်တို့ အလေးအမြတ်ပြုရာအဝိဇဟိတ္ထာနတစ်ခု	
၃။ **ဇရကပတ္တ နဂါးမင်းဝတ္ထု**	၄၂၀
ဒေသနာ နာကြားရသော်လည်း တိရစ္ဆာန်ဖြစ်၍ သောတာပန်မဖြစ်	
၄။ **အရှင်အာနန္ဒာ၏ ဥပုသ်ပြဿနာဝတ္ထု**	၄၂၃
ဥပုသ်ပြုရာ၌ ဘုရားရှင်တို့ ဩဝါဒများတူညီကြသည်	
၅။ **သာသနာတော်၌ မမွေ့လျော်သောရဟန်းဝတ္ထု**	၄၂၄
အသပြာတစ်ရာကို အရင်းအနှီးပြုကာ လူထွက်လိုသောရဟန်း	
၆။ **အင်္ဂဒတ္တပုဏ္ဏားဝတ္ထု**	၄၂၆
ကိုးကွယ်ရာအစစ်အမှန် တွေ့သိသွား၍ တရားရသွားသူ	
၇။ **အရှင်အာနန္ဒာမထေရ်၏ အမေးဝတ္ထု**	၄၃၀
ယောကျ်ားအာဇာနည်ဟူသည် နေရာတိုင်း၌ မဖြစ်ပေါ်	
၈။ **များစွာသော ရဟန်းများဝတ္ထု**	၄၃၀
ချမ်းသာသုခအကြောင်း အမျိုးမျိုး ပြောနေကြသူများ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၉။ **ကဿပဘုရားရှင်၏ စေတီဝတ္ထု**	၄၃၁
စေတီတည်ထိုက်သူလေးမျိုးနှင့် ပူဇော်ရကျိုးများ	
၁၅ - သဋ္ဌဝဂ်	
၁။ **ဆွေတော်မျိုးတော်တို့၏ ငြိမ်းချမ်းရေးဝတ္ထု**	၄၃၄
ရေထက် လှူ့အသက်ကို တန်ဖိုးထားရန် ဟောတော်မူခြင်း	
၂။ **မာရ်နတ်ဝတ္ထု**	၄၃၇
ဘုရားရှင်ကို ဆွမ်းမလောင်းနိုင်အောင် ပူးကပ်နှောင့်ယှက်သူ	
၃။ **ကောသလမင်း စစ်ရှုံးသောဝတ္ထု**	၄၃၈
ဖြိုင်ဆိုင်ရာ၌ နိုင်သူသည် ရန်များ၍ ရှုံးသူသည် စိတ်ဆင်းရဲရသည်	
၄။ **ဧင်ပွန်း၏ စွဲလမ်းစွာ ချစ်ခြင်းဓံရသူဝတ္ထု**	၄၃၉
ရာဂအပူမီးလောင်နေရာမှ တရားနာရ၍ ငြိမ်းအေးသွားကြသူများ	
၅။ **နွားပျောက်သော ဥပါသကာဝတ္ထု**	၄၄၀
ဆာလောင်မှု ပြေပျောက်မှ တရားနာ၍ တရားရသွားသူ	
၆။ **ပသေနဒီကောသလမင်းဝတ္ထု**	၄၄၂
အစားလျှော့စား၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာ ဖြစ်လာသူ	
၇။ **တိဿမထေရ်ဝတ္ထု**	၄၄၄
ရာဂအပူနှင့် မကောင်းမှုဟူသော အပူကင်းသူ	
၈။ **ဘုရားရှင်အား သိကြားမင်း ပြုစုသောဝတ္ထု**	၄၄၅
မကျန်းမမာဖြစ်နေသော ဘုရားရှင်အား သိကြားမင်း ပြုစုပုံ	
၁၆ - ဗိဃဝဂ်	
၁။ **သား၊ အမိ၊ အဖ သုံးယောက် ရဟန်းပြုသောဝတ္ထု**	၄၄၈
လုပ်သင့်သည့်အလုပ် မပြုလုပ်၍ ကောင်းကျိုးဆုံးရှုံးရသူများ	
၂။ **သားသေ၍ ပူဆွေးသူတစ်ဦးဝတ္ထု**	၄၅၀
သေခြင်းသည် သက်ရှိတိုင်းနှင့် ဆိုင်သည်ဟု သိသွားသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၃။ **ဝိသာခါဝတ္ထု**	၄၅၁
သား၊ သမီး၊ မြေး၊ မြစ် များစွာရှိသော်လည်း မြေးမကလေးတစ်ဦး ကွယ်လွန်၍ စိုးရိမ်နေရသူ ဝိသာခါကျောင်းအမကြီး	
၄။ **လိစ္ဆဝီမင်းသားတို့ဝတ္ထု**	၄၅၃
ပျော်ပါးမှုကြောင့် ဘေးဖြစ်ကာ သေကြေကြရသူများ	
၅။ **မိန်းမတို့၏ အပွေ့အချီမခံနိုင်သူဝတ္ထု**	၄၅၄
မပေါင်းရသေးသူ မိန်းကလေးသေ၍ ပူဆွေးသူ	
၆။ **သောကဖြစ်သူ ပုဏ္ဏားဝတ္ထု**	၄၅၆
ဒေသနာတော်ကြောင့် သောကကင်းကွာပြီး တရားရသွားသူ	
၇။ **မုန့်လှူသော လူငယ်ငါးရာဝတ္ထု**	၄၅၈
ချစ်ခင်မြတ်နိုးသူကို ရွေး၍ မုန့်လှူသော လူငယ်များ	
၈။ **အနာဂါမ်မထေရ်ဝတ္ထု**	၄၅၉
အနာဂါမ်ထက်မြင့်သော အရိယာအဆင့်တက်လှမ်းလိုသူ	
၉။ **နန္ဒိယသူကြွယ်ဝတ္ထု**	၄၆၀
ကောင်းကျိုးတို့က နတ်ပြည်မှ ကြိုဆိုခံရသူ	

၁၇ – ကောဇဝဂ်

၁။ **ရောဟိနီမင်းသမီးဝတ္ထု**	၄၆၃
ကျောင်းလှူပြီး သန့်ရှင်းရေးဆောင်ရွက်၍ နူနာပျောက်သွားသူ	
၂။ **သစ်ပင်ခုတ်သော ရဟန်းဝတ္ထု**	၄၆၆
နတ်သားငယ်၏ လက်မောင်း ပုဆိန်ဖြင့်ခုတ်မိ၍ တိုင်ကြားခံရသူ	
၃။ **ဥတ္တရာဥပါသိကာမဝတ္ထု**	၄၆၇
အမျက်ထွက်သူကို မေတ္တာဖြင့် အောင်နိုင်သူ	
၄။ **အရှင်မောဂ္ဂလာန်မေးသောဝတ္ထုများ**	၄၇၁
နတ်ပြည်သို့ရောက်ရသည့် အကြောင်းသုံးမျိုး	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၅။ ဘုရားရှင်၏ မိဘဟောင်းများဝတ္ထု	၄၇၂
အနာဂါမ်ဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားသူ မိဘဟောင်းများ	
၆။ ပုဏ္ဏာအမည်ရှိ ကျွန်မဝတ္ထု	၄၇၄
အလုပ်များသော်လည်း တရားနာရ၍ သောတာပန်ဖြစ်သွားသူ	
၇။ ကဲ့ရဲ့လေ့ရှိသူ အတုလဥပါသကာဝတ္ထု	၄၇၅
လောက၌ ကဲ့ရဲ့ခံရခြင်းမှ လွတ်သူမရှိ	
၈။ ဆဗ္ဗဂ္ဂိရဟန်းများဝတ္ထု	၄၇၇
ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ရှောက်ရန် ဆုံးမခံရသူများ	

၁၈ – မလေဝင်

၁။ နွားသတ်သမား၏သားဝတ္ထု	၄၇၉
သံသရာခရီးအတွက် ရိက္ခာကုသိုလ်ပြု၍ အနာဂါမ်ဖြစ်သူ	
၂။ ကောင်းမှုရှင်ပုဏ္ဏားဝတ္ထု	၄၈၂
ကောင်းမှုအမျိုးမျိုးပြုပြီး တရားနာ၍ သောတာပန်ဖြစ်သွားသူ	
၃။ သန်းဖြစ်သွားသူ တိဿမထေရ်ဝတ္ထု	၄၈၃
သက်နံး၌ တပ်မက်စွဲလမ်းနေ၍ သန်းဖြစ်ရသူ	
၄။ အရှင်လာဠုဒါယီမထေရ်ဝတ္ထု	၄၈၅
တရားမဟောတတ်ဘဲ မထေရ်ကြီးများကို ပြိုင်ဆိုင်လိုသူ	
၅။ ရှက်နေသူ အမျိုးသားဝတ္ထု	၄၈၆
ဇနီးသည် စာရိတ္တမကောင်း၍ လူမြင်ကွင်းသို့ မသွားသူ	
၆။ ဆေးကုသူ စူဠသာရိမထေရ်ဝတ္ထု	၄၈၈
ရဲတင်းစွာ အစာရှာသော ကျီးကန်းနှင့်တူသူ	
၇။ သီလဝင်းပါးစီစောင့်သူ ဒါယကာ ငါးယောက်တို့ဝတ္ထု	၄၈၉
သီလငါးပါးစလုံးပင် စောင့်နိုင်ခဲသည်ဟု သိသွားကြသူများ	
၈။ ကဲ့ရဲ့လေ့ရှိသူ ရဟန်းငယ် အရှင်တိဿဝတ္ထု	၄၉၀
ကိုယ့်အမျိုးကို ဂုဏ်တင်၍ အခြားသူတို့ကို ကဲ့ရဲ့သူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၉။ ဥပါသကာ ငါးယောက်ဝတ္ထု	၄၉၂
မြေ၊ တီ၊ မျောက် နကွတ်ဆရာနှင့် ဗေဒင်ဆရာဘဝမှ လာသူများ	
၁၀။ မေဏ္ဍက သူဌေးကြီးဝတ္ထု	၄၉၃
လောကီနှင့် လောကုတ္တရာအရေးအတွက် မိသားစုကို ဦးဆောင်ခဲ့သူ	
၁၁။ ဥဇ္ဇာနသညီမထေရ်ဝတ္ထု	၄၉၆
အပြစ်မရှိ အပြစ်ရှာလျက် သူတစ်ပါးကို ကဲ့ရဲ့သူ	
၁၂။ သုဘဒ္ဒပရိဗိုဇ်ဝတ္ထု	၄၉၇
သက်တော်ထင်ရှား ဘုရားရှင်၏ နောက်ဆုံးတပည့်ရဟန်း	

၁၉ – ဗွေဌဝဂ်

၁။ တရားဆုံးဖြတ်သူ အမတ်ကြီးတို့ဝတ္ထု	၄၉၉
တရားရှိသူ တရားသူကြီးနှင့် တရားမရှိသူ မတရားသူကြီးများ	
၂။ စကားများများပြောသူ ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု	၅၀၀
စကားများများပြောပြီး အနှောင့်အယှက်ပေးသူများ	
၃။ ဧကူဒါနရဟန္တာမထေရ်ဝတ္ထု	၅၀၁
ရွတ်ဆိုသော တရားကြားရ၍ နတ်တို့ သာဓုခေါ်ခံရသူ	
၄။ လကုဏ္ဍကဘဒ္ဒိယထေရ်ဝတ္ထု	၅၀၂
အရပ်ပုပုကွကွရှိ၍ ကိုရင်ကလေးဟု အထင်ခံရသူ	
၅။ ငြူစူသူ ရဟန်းများဝတ္ထု	၅၀၃
အခြားပုဂ္ဂိုလ်တို့အား ဝေယျာဝစ္စဆောင်ရွက်ပေးမှုကို ငြူစူသူများ	
၆။ အရှင်ဟတ္ထကဝတ္ထု	၅၀၄
ဦးပြည်းခေါင်းတုံးထားရုံမျှဖြင့် ရဟန်းမဟုတ်ဟု ဆုံးမခံရသူ	
၇။ ဆွမ်းခံစားသူ ပုဏ္ဏားဝတ္ထု	၅၀၅
ဆွမ်းခံစားရုံဖြင့် ရဟန်းမဟုတ်ဟု ဆုံးမခံရသူ ပုဏ္ဏား	
၈။ တိတ်တိတ်ဆိတ်ဆိတ်နေသူ တိတ္ထိတို့ဝတ္ထု	၅၀၆
တိတ်တိတ်ဆိတ်ဆိတ်နေသူတိုင်း မြတ်သောအကျင့်ကျင့်သူ မဟုတ်	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၉။ **တံငါသည်တစ်ဦးဝတ္ထု**	၁၀၈
သတ္တဝါကို ညှဉ်းပန်းနေသူ အရိယာမဟုတ်ဟု ဆုံးမခံရသူ	
၁၀။ **သီလ စသည်နှင့် ပြည့်စုံသူ ရဟန်းများဝတ္ထု**	၁၀၈
သံသရာဝဋ်မှ လွတ်အောင်ကျင့်ရန် ဆုံးမခံရသူများ	
၂ - ဗဇ္ဇဝဂ်	
၁။ **လမ်းခရီးအကြောင်းပြောသူ ရဟန်းတို့ဝတ္ထု**	၁၁၀
လမ်းခရီးအကြောင်းပြော၍ ဆုံးမခံရသော ရဟန်းများ	
၂။ **အနိစ္စလက္ခဏာပွားများသူ ရဟန်းများဝတ္ထု**	၁၁၂
အနိစ္စလက္ခဏာပွားများ၍ ရဟန္တာဖြစ်သူများ	
၃။ **ဒုက္ခလက္ခဏာပွားများသူ ရဟန်းများဝတ္ထု**	၁၁၃
ဒုက္ခလက္ခဏာပွားများ၍ ရဟန္တာဖြစ်သူများ	
၄။ **အနတ္တလက္ခဏာပွားများသူ ရဟန်းများဝတ္ထု**	၁၁၃
အနတ္တလက္ခဏာပွားများ၍ ရဟန္တာဖြစ်သူများ	
၅။ **ပေါင်ရိုးကျိုးသူ တိဿထေရ်ဝတ္ထု**	၁၁၄
လုပ်ရမည့်အလုပ်ကို လုပ်သင့်သည့်အချိန်၌ မလုပ်သူ	
၆။ **ဝက်ပြိတ္တာဝတ္ထု**	၁၁၆
ညီညွတ်သောရဟန်းများကို ကုန်းတိုက်ခဲ့၍ ပြိတ္တာဖြစ်ရသူ	
၇။ **တိပိဋကဓရ ပေါဠိလမထေရ် ဝတ္ထု**	၁၁၉
သိသော်လည်း မကျင့်၍ တရားမရရာမှ ကျင့်၍ တရားရသွားသူ	
၈။ **မထေရ်အိုကြီးငါးပါးဝတ္ထု**	၁၂၂
ကျိုးကန်းဘဝမှလာသူ ရဟန်းအိုကြီးငါးပါး	
၉။ **အသုဘကမ္မဋ္ဌာန်းဖြင့် တရားမရသူဝတ္ထု**	၁၂၄
မိမိနှင့် လိုက်ဖက်သော တရားပွားများ၍ တရားရသွားသူ	
၁၀။ **မဟာဓနကုန်သည်ဝတ္ထု**	၁၂၁
သေရမည်ကို မသိ၍ ဆေး၊ မိုး၊ ဆောင်းနေမည်ဟု ကြံစည်သူ	
၁၁။ **သားသေကို မုန့်ညင်းစေ့ဖြင့် ကုလိုသူဝတ္ထု**	၁၂၇
လူမသေဖူးသောအိမ်မှ မုန့်ညင်းစေ့ရှာမရသဖြင့် ဘုရားရှင်ထံပြန်လာသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၁၂။ **သောကကြောင့် ရူးသွားသူ ပဋာစာရီဝတ္ထု**	၅၂၈
သောကကြောင့် ရူးရာမှ တရားသိကာ သောတာပန်ဖြစ်သူ	

၂၁ - ပကိဏ္ဏကဝဂ်

၁။ **ဘီလူးဘေးနှင့် ဓေသာလီပြည်ဝတ္ထု**	၅၃၀
ရတနသုတ်ပရိတ်တော်ကြောင့် ဘီလူးဘေးမှ ဝေးသွားသော ဝေသာလီပြည်	
၂။ **ကြက်ဥစားသူဝတ္ထု**	၅၃၅
အပြန်အလှန် ရန်ငြိုးဖွဲ့ရာမှ တရားသိ၍ ရန်ငြိုးမဖွဲ့တော့သူ	
၃။ **ဖိနပ်အမျိုးမျိုးစီးသူ ဘဒ္ဒိယရဟန်းများဝတ္ထု**	၅၃၆
ပြုလုပ်ရမည့်အလုပ် မပြုလုပ်ဘဲ မလုပ်သင့်သောအလုပ် လုပ်နေသူများ	
၄။ **အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု**	၅၃၇
မိဘကိုသတ်ပြီး ဆင်းရဲခြင်းမရှိသူ ရဟန္တာ	
၅။ **ထင်းလှည်းသမား၏သားဝတ္ထု**	၅၃၈
နမောဗုဒ္ဓဿ ရွတ်ဆို၍ ဘီလူးအစားမခံရသူ	
၆။ **တောစောင့်နတ်၏ သတိပေးခံရသူ ရဟန်းဝတ္ထု**	၅၄၁
ခက်ခဲခြင်းတရား နာကြား၍ သောတာပန်ဖြစ်သူ	
၇။ **စိတ္တသူကြွယ်ဝတ္ထု**	၅၄၃
ဘုရားရှင်နှစ်ဆူ လက်ထက်၌ ပြုခဲ့သော ကောင်းမှုအကျိုး ခံစားရသူ	
၈။ **စူဠသုဘဒ္ဒါဝတ္ထု**	၅၄၄
ယူဇနာ ၁၅၀ ဝေးသောအရပ်မှ အဓိဋ္ဌာန်ဖြင့် ဘုရားရှင်ကို ပင့်သူ	
၉။ **တစ်ပါးတည်းနေသူ ဧကဝိဟာရီထေရ်ဝတ္ထု**	၅၄၆
တစ်ပါးတည်း နေထိုင်ကျင့်ကြံ၍ ဘုရားရှင် ချီးကျူးခံရသူ	

၂၂ - နိဇရဝဂ်

၁။ **သုန္ဒရီပရိဗိုဇ်မဝတ္ထု**	၅၄၈
တိတ္ထိတို့ပေးသည်တာဝန် ထမ်းဆောင်၍ တိတ္ထိတို့က သတ်ပစ်သူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂။ **ရဟန်းပြိတ္တာများဝတ္ထု**	၁၁၀
ရဟန်းဘဝ၌ ကောင်းစွာ မကျင့်ခဲ့၍ မကောင်းကျိုးခံရသူများ	
၃။ **ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများဝတ္ထု**	၁၁၁
ဝါကြွားပြောဆို၍ ဆုံးမခံရသူ ရဟန်းများ	
၄။ **သူတစ်ပါးသားမယား ဖျက်ဆီးသူ ခေမက ဝတ္ထု**	၁၁၂
သူတစ်ပါးသားမယား ဖျက်ဆီး၍ ဘုရားရှင်၏ ဆုံးမခံရသူ	
၅။ **ဆုံးမရခက်သူ ရဟန်းဝတ္ထု**	၁၁၃
ဘုရားရှင် ဆုံးမမှုခံယူ၍ ကျင့်သဖြင့် တရားရသွားသူ	
၆။ **အိမ်ဖော်ကို နား နာခေါင်းဖြတ်သူဝတ္ထု**	၁၁၄
နောင်အခါ ပူပန်ရ၍ မကောင်းမှုမပြုရန် ဆုံးမခံရသူ	
၇။ **အာဂန္တုရဟန်းတို့ဝတ္ထု**	၁၁၅
မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရန် ဆုံးမခံရသူများ	
၈။ **နိဂဏ္ဌတက္ကတွန်းတို့ဝတ္ထု**	၁၁၆
ဘုရားရှင်၏ ဒေသနာကြားနာရ၍ ရဟန်းပြုသူ တက္ကတွန်းများ	
၉။ **တိတ္ထိတို့၏ တပည့်များဝတ္ထု**	၁၁၇
အမှားကို အမှား၊ အမှန်ကို အမှန်ဟုသိ၍ သမ္မာဒိဋ္ဌိဖြစ်ကြသူများ	
၂၃ - နာဂဝဂ်	
၁။ **ဘုရားရှင်အကြောင်းဝတ္ထု**	၁၆၀
စော်ကားသည့်စကား သည်းခံနိုင်သူသည် လူတို့တွင် အမြတ်ဆုံး	
၂။ **ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု**	၁၆၂
ဆင်ဆုံးမနည်းပေး၍ ဘုရားရှင်၏ ရှုတ်ချမှုခံရသူ	
၃။ **အဖေကိုမပြုစုသူ သားများဝတ္ထု**	၁၆၂
မိဘအမွေကိုယူပြီး ဖခင်ကို ပြုစုခြင်းမရှိသူများ	
၄။ **အစားကြီးသူ ကောသလမင်းကြီးဝတ္ထု**	၁၆၅
အစားကြီး၍ ဘုရားရှင် ရှေ့တော်၌ပင် ငိုက်နေသူ ကောသလမင်းကြီး	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၅။ **သာနုသာမဏေဝတ္ထု**	၅၆၆
မိခင်ဟောင်းဘိလူးမ ဝင်ပူးပြီး လူမထွက်ရန် တားခံရသူ	
၆။ **နွံနှစ်နေသော ပါဆေယျက ဆင်ဝတ္ထု**	၅၆၈
စစ်စိတ်စစ်မာန်ဖြင့် နွံမှ ရုန်းထွက်သူ	
၇။ **ရဟန်းများစွာတို့ဝတ္ထု**	၅၆၉
အဖော်ကောင်းမရှိလျှင် တစ်ဦးတည်း နေထိုင်ကျင့်သုံးရန်	
၈။ **မာရ်နတ်ဝတ္ထု**	၅၇၀
ဘုရားရှင်လက်ထက်တွင် နှောင့်ယှက်ခဲ့သကဲ့သို့	
ယခုလည်း နှောင့်ယှက်နိုင်သေးသူ	

၂၄ - တဏ္ဍာဝဂ်

၁။ **ကပိလ ငါးဝတ္ထု**	၅၇၃
ကဿပဘုရားရှင် လက်ထက်က ရဟန်း	
ယခုဘဝ၌ ကပိလ ငါးဖြစ်နေရသူ	
၂။ **ဝက်မငယ်ဝတ္ထု**	၅၇၆
ကြက်မ၊ ဝက်မ စသည့် ဘဝစုံဖြစ်ခဲ့ပြီးသူ	
၃။ **ရဟန်းလူထွက်ဝတ္ထု**	၅၇၈
မ,အာရုံကြောင့် လူထွက်ပြီး တရားပြန်ကျင့်၍ ရဟန္တာဖြစ်သွားသူ	
၄။ **အခိုင်မြဲဆုံး နှောင်အိမ်ဝတ္ထု**	၅၇၉
တဏှာတည်းဟူသော နှောင်အိမ်သည် အခိုင်မာဆုံး နှောင်ဖွဲ့မှုဖြစ်သည်	
၅။ **ဧမာမိဖုရားဝတ္ထု**	၅၈၁
လှ၍ အလှမာန်တက်နေရာမှ တရားသိကာ ရဟန္တာဖြစ်သွားသူ	
၆။ **ဥဂ္ဂသေနသူဌေးသားဝတ္ထု**	၅၈၂
ကချေသည်ဘဝမှ ရဟန္တာဖြစ်သွားသူ ဇနီးမောင်နှံ	
၇။ **လေးသမားဘဝမှလာသူ ရဟန်းငယ်ဝတ္ထု**	၅၈၄
အိမ်ထောင်ဦးစီးလိုနေပါသည်ဟူသော စကားကြောင့် ပိန်ချုံးနေသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၈။ ဆင်ယောင်ဆောင်လာသော မာရ်နတ်ဝတ္ထု	၅၈
ဆင်ယောင်ဆောင်၍ နှိပ်စက်သော်လည်း ရဟန္တာသည် မကြောက်	
၉။ ဥပကတက္ကတွန်းဝတ္ထု	၅၇
တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွတော်မူစဉ် လမ်း၌ တွေ့ရသူ	
၁၀။ သိကြားမင်းမေးသော ပြဿနာလေးရပ်ဝတ္ထု	၅၈
၁၁။ သားသမီးမရှိ၍ ဥစ္စာပစ္စည်း အသိမ်းခံရသူဝတ္ထု	၅၉
စားနိုင်၊ ဝတ်နိုင်၊ အဆင့်မြင့်မြင့်နေနိုင်ပါလျက် မနေခဲ့ရသူ	
၁၂။ အကုံရနတ်သားဝတ္ထု	၅၀
အလှူဒါနပြုလျှင် ရွေးချယ်၍ပြုရန် ဆုံးမခံရသူ	

၂၅ - ဘိက္ခုဝဂ်

၁။ ဒွါရတစ်ပါးစီ စောင့်စည်းသော ရဟန်းငါးပါးဝတ္ထု	၅၃
ဒွါရခြောက်ပါးစလုံး စောင့်စည်းရန် ဆုံးမခံရသူ ရဟန်းများ	
၂။ ဟသ်ဟသတ်သော ရဟန်းဝတ္ထု	၅၅
ကိုယ်၊ နှုတ်၊ စိတ် သုံးပါး စောင့်စည်းသူသာ ရဟန်းဟု ခေါ်သည်	
၃။ နှုတ်မစောင့်သူ ကောကာလိကရဟန်းဝတ္ထု	၅၆
နှုတ်ကိုစောင့်စည်းခြင်းမရှိသူ ဒေဝဒတ်နောက်လိုက်ရဟန်း	
၄။ ဘုရားရှင်အလိုကျ ကျင့်သူမထေရ်ဝတ္ထု	၅၇
ဘုရားရှင် သာဓုခေါ်လျက် ချီးကျူးခြင်းခံရသူ	
၅။ အယူဝါဒမတူသော ရဟန်းနှင့်ပေါင်းသူဝတ္ထု	၅၈
အယူမတူသူနှင့် ပေါင်းဖော်နေသော ရဟန်းတစ်ပါး	
၆။ အဦးငါးပါးလှူသူ ပုဏ္ဏားဝတ္ထု	၅၉
ဘုရားရှင်၏ ဒေသနာကြားနာ၍ အနာဂါမ်ဖြစ်သူ ဓနိမောင်နှံ	
၇။ ခိုးသူဘဝမှ ရဟန်းပြုလာသူများဝတ္ထု	၆၀
မသိသေး၍ ခိုးဆိုးခဲ့သော်လည်း သိ၍ ကျင့်သဖြင့် တရားရသူများ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၈။ **မုလေးပန်းပင်ပမာ ရဟန်းငါးရာဝတ္ထု**	၆၀၅
မုလေးပန်းပင်ကို နမူနာယူပြီး ကျင့်ကြံကြသူ ရဟန်းများ	
၉။ **ငြိမ်သက်စွာ နေထိုင်သူ သန္တကာယမထေရ်ဝတ္ထု**	၆၀၆
ကာယ၊ ဝစီ၊ မနော ဒုစရိုက်ကင်း၍ ငြိမ်သက်စွာ သီတင်းသုံးသူ	
၁၀။ **နဂ်လမထေရ်ဝတ္ထု**	၆၀၇
ပုဆိုးနွမ်းနှင့် ထွန်တုံးပိုင်ရှင်ဘဝမှ တရားကျင့်၍ ရဟန္တာဖြစ်သူ	
၁၁။ **ဝက္ကလိမထေရ်ဝတ္ထု**	၆၀၉
သဒ္ဓါလွန်ကဲသောအရာ၌ တေဒဂ်ဘွဲ့ဖြင့် ချီးမြှင့်ခံရသူ	
၁၂။ **သုမနသာမဏေဝတ္ထု**	၆၁၀
ရဟန်းဖြစ်ချိန်၌ အသက် ၁၉ နှစ် မပြည့်သေးသော ရဟန်းတစ်ပါး	
၂၆ - ဗြာဟ္မဏဝဂ်	
၁။ **ဆွမ်းခံမကြွ၍ စိတ်မကောင်းဖြစ်သူ ပုဏ္ဏားဝတ္ထု**	၆၁၄
ကြည်ညိုး၍ ရဟန္တာဟုခေါ်လျှင် ရဟန်းတို့မှာ အပြစ်မရှိ	
၂။ **ရဟန်းသုံးကျိပ်တို့ဝတ္ထု**	၆၁၅
ဘုရားရှင်ကို ဖူးမြင်ရန်လာကြသော ရဟန်းသုံးကျိပ်	
၃။ **မာရ်နတ်မေးသောဝတ္ထု**	၆၁၆
ယောကျ်ားတစ်ယောက်အသွင် ဖန်ဆင်းလာသော မာရ်နတ်ယုတ်	
၄။ **ဗြာဟ္မဏပြဿနာမေးသူ ပုဏ္ဏားဝတ္ထု**	၆၁၇
မျိုးရိုးအားဖြင့် ပုဏ္ဏားဖြစ်၍ ဗြာဟ္မဏဟု အခေါ်ခံချင်သူပုဏ္ဏား	
၅။ **အရှင်အာနန္ဒာလျှောက်ထားသော တင့်တယ်သည့် ရောင်တော်ဝတ္ထု**	၆၁၈
ဘုရားရှင်သည်သာ နေ့ရောညဉ့်ပါ အရောင်အဝါဖြင့် တင့်တယ်သည်	
၆။ **ပဗ္ဗဇိတအခေါ်ခံချင်သူ ပုဏ္ဏားဝတ္ထု**	၆၁၉
ရဟန်းဝတ်ထားသူတိုင်း ပဗ္ဗဇိတဟုမခေါ်နိုင်	
၇။ **အရိုက်ခံရသော အရှင်သာရိပုတ္တရာဝတ္ထု**	၆၂၀
သည်းခံသည်ဟု ကြားသိ၍ အရှင်သာရိပုတ္တရာကို ရိုက်သူ ပုဏ္ဏား	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၈။ **မဟာပဇာပတိဂေါတမီဝတ္ထု**	၆၂၁
ဥပဇ္ဈာယ်ဆရာမရှိဘဲ မိမိဘာသာ သင်္ကန်းဝတ်လာသည်ဟု စွပ်စွဲခံရသူ	
၉။ **ဆရာရှိရာအရပ်ကို ဦးခေါင်းပြုကာ ကျိန်းစက်သော အရှင်သာရီပုတ္တရာဝတ္ထု**	၆၂၂
ကျေးဇူးရှိသူ ကျေးဇူးဆပ်သောအားဖြင့် ရှိခိုးသူ	
၁၀။ **ဆံကျစ်ထုံးသော ပုဏ္ဏားဝတ္ထု**	၆၂၃
အမိ၊ အဖ မျိုးရိုးအားဖြင့် ပုဏ္ဏားဖြစ်ရုံနှင့် ဗြာဟ္မဏမခေါ်	
၁၁။ **လင်းဆွဲလိုနေသူ ပုဏ္ဏားဝတ္ထု**	၆၂၄
အတိတ်ဘဝကကဲ့သို့ လိမ်ညာစားသောက်တတ်သူပုဏ္ဏား	
၁၂။ **ကိသာဂေါတမီထေရီဝတ္ထု**	၆၂၅
ပံသုကူခုတင်ဆောင် ဧတဒဂ်ဂုဏ်ထူးရှင် ထေရီ	
၁၃။ **ဗြာဟ္မဏအမည်ခံလိုသူ ပုဏ္ဏားဝတ္ထု**	၆၂၆
ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေခဲ့ရုံဖြင့် ဗြာဟ္မဏဟုမခေါ်နိုင်	
၁၄။ **ဥဂ္ဂသေနသူဌေးသားဝတ္ထု**	၆၂၇
သံယောဇဉ်ဖြတ်ပြီးဖြစ်၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ	
၁၅။ **နွားပြိုင်သော ပုဏ္ဏားနှစ်ယောက်ဝတ္ထု**	၆၂၈
ဒေါသနှောင်ကြိုးနှင့် တဏှာလွန်ကြိုးပြတ်အောင်သာ ကြိုးစားပါ	
၁၆။ **ဆဲရေးတတ်သော ဘာရဒ္ဒါဇပုဏ္ဏားဝတ္ထု**	၆၂၉
ဘုရားရှင်၏ တရားကြားနာရ၍ ရဟန္တာဖြစ်သွားသူ	
၁၇။ **မိခင်၏အပြစ်တင်ခံရသော သာရီပုတ္တရာမထေရ်ဝတ္ထု**	၆၃၀
မိခင်ပုဏ္ဏေးမကြီးက အပြစ်တင်သော်လည်း သည်းခံနိုင်သူ	
၁၈။ **ဥပ္ပလဝဏ်ထေရီဝတ္ထု**	၆၃၁
ကြာဖက်ပေါ် ရေမတင်သလို ရဟန္တာသည် ကာမဂုဏ်၌ ကပ်ငြိမှုမရှိ	
၁၉။ **ပျောက်နေသော ကျွန်ကိုရှာသူ ပုဏ္ဏားဝတ္ထု**	၆၃၂
ပျောက်နေသော ကျွန်ကိုရှာရာ ရဟန်းဝတ်နှင့်တွေ့၍ ဝင်ဆွဲသူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၂၀။ **ဧမာထေရီဝတ္ထု**	၆၃၃
နက်နဲသောပညာနှင့် ပြည့်စုံလျက် အရဟာတ္တဖိုလ်သို့ ရောက်နေသူ	
၂၁။ **တောင်ဂုမ်းနေ တိဿမထေရ်ဝတ္ထု**	၆၃၄
"ဆေးဆရာကြီး လိုဏ်ဂူထဲ မဝင်နဲ့" ဟု တားဆီးခံရသူ	
၂၂။ **မယားခိုးစွပ်စွဲခံရသော ရဟန်းဝတ္ထု**	၆၃၆
လင်နှင့်စိတ်ဆိုး၍ အိမ်မှထွက်လာသူ အမျိုးသမီးနှင့် အစွပ်အစွဲခံရသူ	
၂၃။ **ရဟန္တာသာမဏေလေးပါးဝတ္ထု**	၆၃၇
ရဟန်းတော်ကြီးလေးပါး ပင့်ခိုင်းသောအိမ်သို့ ကြွသွားသူ သာမဏေများ	
၂၄။ **မဟာပန္ထကမထေရ်ဝတ္ထု**	၆၃၉
တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ မာန်ထောင်ခြင်းမရှိသူ	
၂၅။ **ဗိလိန္ဒဝစ္ဆမထေရ်ဝတ္ထု**	၆၄၁
သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိ၍ ဒေါသမကင်းဟု အထင်ခံရသူ	
၂၆။ **ပုဆိုးသူခိုးစွပ်စွဲခံရသူ ရဟန်းဝတ္ထု**	၆၄၁
ဦးပြည်းခေါင်းတုံး ပုဆိုးခိုးသည်ဟု စွပ်စွဲခံရသော ရဟန်း	
၂၇။ **သင်္ကန်းပို့ရန်မှာသော သာရိပုတ္တရာမထေရ်ဝတ္ထု**	၆၄၃
ရဟန္တာတို့သည် လိုချင်မှု၊ မက်မောမှု ကိုလေသာမရှိ	
၂၈။ **အရှင်မောဂ္ဂလာန်မထေရ်ဝတ္ထု**	၆၄၄
သူတော်ကောင်းတို့မှာ ကပ်ငြိမှု၊ တွယ်တာမှုမရှိ တရားမှန်သိသည်	
၂၉။ **ရွာတောနေ ရေဝတသာမဏေဝတ္ထု**	၆၄၄
ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်ပါးကို ပယ်ပြီးသူ	
၃၀။ **ချက်မှ အရောင်ထွက်သူ စန္ဒာဘမထေရ်ဝတ္ထု**	၆၄၅
ကဿပဘုရားရှင်၏ စေတီ၌ စန္ဒာကူးနိုင်လျှူခဲ့၍	
ချက်မှ အရောင်ထွက်သူ	
၃၁။ **အရှင်သီဝလိမထေရ်ဝတ္ထု**	၆၄၇
အဓိဝမ်း၌ ခုနစ်နှစ်နှင့် ခုနစ်ရက်ကြာနေခဲ့ရသောမထေရ်	
၃၂။ **ဖြားယောင်းခံရသူ သုန္ဒရသမုဒ္ဒထေရ်ဝတ္ထု**	၆၄၉
တဏှာ၊ ကာမတို့ဖြင့် ဖြားယောင်းခံရ၍ အသိဝင်ကာ ရဟန္တာဖြစ်သူ	

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
၃၃။ **ဇဋိလသူဌေးဝတ္ထု**	၆၅၂
အတိတ်ကောင်းမှုကံကြောင့် စံရပြီး မကောင်းမှုကံကြောင့် ရေမျောခံရသူ	
၃၄။ **ဇောတိကသူဌေးဝတ္ထု**	၆၅၅
စည်းစိမ်အားလုံးနှင့် ဇနီးကိုစွန့်ကာ တရားကျင့်၍ ရဟန္တာဖြစ်သူ	
၃၅။ **ကချေသည်မ၏ သားရဟန်းဝတ္ထု**	၆၆၀
ဖျော်ဖြေမှုအားလုံးကို လွန်မြောက်လျက် ရဟန္တာဖြစ်နေသူ	
၃၆။ **ဒုတိယ ကချေသည်မ၏သားရဟန်းဝတ္ထု**	၆၆၁
မွေ့လျော်မှု၊ မမွေ့လျော်မှု အားလုံးကိုပယ်ကာ ရဟန္တာဖြစ်နေသူ	
၃၇။ **သေသူ၏ လားရာဂတိကိုဟောသူ ဝင်္ဂီသပုဏ္ဏားဝတ္ထု**	၆၆၂
ရဟန္တာ၏ လားရာဂတိ မဟောနိုင်၍ ဘုရားရှင်ထံ တပည့်ခံသွားသူ	
၃၈။ **ခက်ခဲသော အမေးကိုဖြေသူ မွေဒိန္နာထေရီဝတ္ထု**	၆၆၄
ယောက်ျားဖြစ်သူ အနာဂါမ်၏ ရှိခိုးခြင်းကိုခံရသူ ရဟန္တာထေရီ	
၃၉။ **အဂိုလိမာလမထေရ်ဝတ္ထု**	၆၆၆
တဏှာကင်းပြီး၍ ကိလေသာမရှိတော့သူ	
၄၀။ **ရေနွေးနှင့် တင်လဲလှူသူ ပုဏ္ဏားဝတ္ထု**	၆၆၈
အလှူနှင့် ပတ်သက်၍ မြတ်သောအလှူအကြောင်း ဘုရားရှင်ကို မေးသူ	
– **မှတ်သားဖွယ်အကွရာစဉ်**	၆၇၀

မာတိကာ ပြီး၏။

http://www.dhammadownload.com

ပုံတော်စံ

ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ယမကဝဂ်

ယမက = အစုံ၊ အတွဲ၊ ဝဂ္ဂ = ဝဂ်၊ အစု။
ကောင်းစေလိုသောစိတ်နှင့် မကောင်းစေလိုသော စိတ်ဖြင့်
ပြုလုပ်၊ ကြံစည်၊ ပြောဆိုမှု စသည့် အကောင်းအဆိုး
တွဲဖက်ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ စက္ခုပါလမထေရ်ဝတ္ထု

[ဝဋ်ကြွေးကြောင့် မျက်စိကွယ်ခဲ့ရသူ]

စက္ခုပါလမထေရ်လောင်းလျာသည် သာဝတ္ထိမြို့တော်နေ မဟာသုဝဏ္ဏ သူဌေးကြီး၏ သားနှစ်ဦးအနက် သားအကြီးဖြစ်သည်။ တစ်နေ့သ၌ သူဌေးကြီးသည် ရေချိုးရန် မြစ်ဆိပ်သို့ ဆင်းလာစဉ် ကြီးမားသော တောစိုးသစ်ပင်ကြီး တစ်ပင်ကို မြင်ပေ့ါရသည်။ ထိုတောစိုးသစ်ပင်ကြီးကို မြင်တွေ့ရသော် သူ့စိတ်တွင် တန်ခိုးကြီးသည့် ရုက္ခစိုးနတ်မင်း ရှိတန်ရာ၏ဟု တွေးကြံမိသည်။

ထို့ကြောင့် သူဌေးကြီး သုဝဏ္ဏသည် သစ်ပင်ကြီးဝန်းကျင်ကို ရှင်းလင်းသုတ်သင်ပြီး နတ်မင်းကြီးအား ပူဇော်သက္ကာရများဖြင့် ပူဇော်ပသသည်။

http://www.dhammadownload.com

ထို့နောက် သူက "အို.... ရုက္ခစိုးအရှင်နတ်မင်းကြီး၊ အကျွန်ုပ်မှာ သားသမီး မရှိပါ။ သားသမီးရအောင် မ,စချီးမြှင့်ပါလျှင် အရှင်နတ်မင်းကြီးအား ကြီးကျယ်စွာ ထပ်မံ၍ ပူဇော်ပသပါမည်" ဟု ရှိခိုးဦးတင် ပန်ကြားကာ ဆုတောင်းခဲ့သည်။

မကြာမီ သူဌေးကတော်ကြီးတွင် သားဦးလေး သန္ဓေတည်ကာ မွေးဖွားလာသည်။ မဟာပါလဟု အမည်ပေးသည်။ နောက်မွေးဖွားလာသည့် သားငယ်ကိုမူ စူဠပါလဟု အမည်ပေးသည်။ ဖခင်သူဌေးကြီးသည် မိမိ ဆုတောင်းကြောင့် ရုက္ခစိုးနတ်မင်းက မ,စစောင့်ရှောက်သဖြင့် သားများကို ရခဲ့သည်ဟု ယုံကြည် ယူဆလျက် သားများ၏အမည်ကို **'ပါလ'** (စောင့်ရှောက် မ,စခံရသူ) ဟု နာမည်ပေးခဲ့ခြင်း ဖြစ်သည်။ **'ပါလ'** ညီနောင်တို့ အရွယ်ရောက်သော် အသီးသီး အိမ်ထောင်ပြုကြသည်။ မိဘများ ကွယ်လွန်သောအခါ ရရှိသော မိဘအမွေပစ္စည်းတို့ဖြင့် သူဌေးများ ဖြစ်လာကြသည်။ ထိုအချိန်က ဘုရားရှင်သည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျက် ရှိသည်။ သာဝတ္ထိမြို့သူမြို့သား တို့သည် ဘုရားရှင်ထံ တရားနာရန် တစ်နေ့လျှင် နှစ်ကြိမ် (မနက်တစ်ကြိမ်၊ ညနေပိုင်း၌တစ်ကြိမ်) သွားကြသည်။ ထိုသူများကို မြင်တွေ့ရသောအခါ မဟာပါလ သူဌေးသည်လည်း ဘုရားရှင်ထံမှ တရားနာယူရန် ဇေတဝန်ကျောင်းတော်သို့ လိုက်ပါသွားခဲ့သည်။

မဟာပါလ၏ အဓွေးအကြံ

ဘုရားရှင်ထံမှ တရားတော်ကို နာကြားပြီးသောအခါ မဟာပါလသူဌေးသည် ဤသို့ တွေးကြံမိသည်။ "ငါသေလျှင် ငါ၏စည်းစိမ်ဥစ္စာ၊ ငါ့အိမ်ယာ၊ ငါ၏ သားသမီးနှင့် သားမယားအပါအဝင် မိတ်ဆွေသင်္ဂဟတို့သည် ငါ့ကို သုသာန်အထိသာ လိုက်ပို့ကြပေမည်။ သုသာန်၌ ငါ၏ခန္ဓာကိုယ်သည် ကျန်နေခဲ့ပေမည်။ လူ့ဘောင်၌နေခြင်းဖြင့် ငါ့မှာ အကျိုးမရှိနိုင်၊ ဘုရားရှင်ထံသွားရောက်၍ ရဟန်းပြုမည်" ဟု တွေးကြံကာ ရဟန်းပြုပေးပါရန် ဘုရားရှင်အား ခွင့်ပန်လျှောက်ထားသည်။

မဟာပါလသည် ညီဖြစ်သူအား သူပိုင်ပစ္စည်းအားလုံးကို အပြီးအပိုင်

http://www.dhammadownload.com

လွွဲပြောင်း ပေးအပ်သည်။ ညီဖြစ်သူက နောင်တော်ကြီးအား ရဟန်းမပြုဘဲ လူဝတ်ကြောင် ဘဝဖြင့်သာ ကောင်းမှုကုသိုလ်များပြုပါဟု ပန်ကြား တားမြစ်သည်။

ရဟန်းပြုပြီ

မဟာပါလသည် ညီငယ်က ငိုကြွေးလျက် တောင်းပန်တားမြစ်သည်ကို လက်မခံ။ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာပြီး ရဟန်းပြုသည်။ ရဟန်းပြုပြီး ဥပဇ္ဈာယ်ဆရာထံ၌ နေထိုင်လျက် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုလုပ်ကိုင်ပေးသည်။ ထို့နောက် ဝါကျွတ်သော် ဘုရားရှင်ထံ သွား၍ သူသည် အသက်ကြီးမှ ရဟန်းပြုခဲ့ရသူဖြစ်သည်။ ပရိယတ်စာပေ သင်ယူကာ ဂန္ဆဓုရကို ထမ်းဆောင်နိုင်မည် မဟုတ်ပါ။ ဝိပဿနာဓုရကိုသာ အားထုတ်လိုသဖြင့် တစ်ခုသော ကမ္မဋ္ဌာန်းတရားကို ပေးတော်မူရန် ဘုရားရှင်အား လျှောက်ထားသည်။

ဘုရားရှင်က အရဟတ္တဖိုလ်အထိ ရရှိနိုင်သော ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဟောပြ ညွှန်ကြားပေးတော်မူလိုက်သည်။

ရဟန်းဖြစ်ပြီးနောက် မဟာပါလမထေရ်သည် မိမိနှင့် သပ္ပါယဖြစ်သော ရဟန်းခြောက်ကျိပ်တို့နှင့်အတူ ယူဇနာတစ်ရာ့နှစ်ဆယ်အရပ်ရှိ တောရွာကြီးတစ်ရွာသို့ ရောက်သွားသည်။ မဟာပါလမထေရ် အမှူးရှိသည့် ရဟန်းတော်များကို ဖူးတွေ့ကြရသော် ရွာသူရွာသားတို့က ကျောင်းဆောက်ပေးကာ ကိုးကွယ်ထားကြသည်။

မျက်စိဝေဒနာ ခံစားရပြီ

မဟာပါလမထေရ်သည် ထိုရွာအနီး တရားကျောင်း၌ နေထိုင်ကာ ဗုဒ္ဓဉ္ဇန်ပြသည့်နည်းလမ်းအတိုင်း ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်သည်။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဟူသော ကျရိယာပုတ်လေးပါးတို့တွင် အိပ်ခြင်း ကျရိယာပုတ်ကို ပယ်သည်။ ဝါခေါင်လပြည့်နေ့သို့ ရောက်သော် မျက်စိဝေဒနာ အပြင်းအထန် ဖြစ်ပေါ်လာသည်။ သို့သော် တစ်ညလုံး မအိပ်ဘဲ အားထုတ်သည်။ သီတင်းသုံးဖော်တို့သည် ဆွမ်းခံချိန်ရောက်ပြီဖြစ်သဖြင့် စက္ခုပါလမထေရ်

http://www.dhammadownload.com

ထံ သွားရောက် အကြောင်းကြားကြသည်။ ထိုအခါ မျက်စိနှစ်ဖက်စလုံးမှ မျက်ရည်များ အဆက်မပြတ် ယိုစီးကျနေသည်ကို ရဟန်းများ မြင်တွေ့သွားကြသည်။ ပြင်းထန်လွန်းသော မျက်စိဝေဒနာကို အရှင်မြတ် ခံစားနေရရှာပြီဟုလည်း သိတင်းသုံးဖော်တို့ သိသွားကြသည်။

သိတင်းသုံးဖော်များက ထိုရွာရှိ မျက်စိရောဂါကုဆရာအား အကျိုးအကြောင်း ပြောပြသည်။ ဆရာက အစွမ်းထက်လှသော မျက်စိရောဂါဖျောက်ဆေးကို အသုံးပြုပုံပြုနည်းနှင့်တကွ လှူဒါန်းသည်။

စက္ခုပါလမထေရ် ဆွမ်းခံကြွလာသောအခါ ဆေးဆရာက အကျိုးအကြောင်း မေးသည်။ ဆေးဆရာ လှူဒါန်းလိုက်သောဆေးမှာ အိပ်လျက်နှာခေါင်းမှ သွန်းလောင်းရသည့် ချက်ဆေးအဆီ ဖြစ်သည်။ မထေရ်ကား အိပ်ခြင်း ဣရိယာပုတ်ကို ပယ်ထားပြီး ဖြစ်သဖြင့် အိပ်ပြီး ဆေးကိုမထည့်။ သို့ကြောင့် မျက်စိရောဂါသည် သက်သာပျောက်ကင်းခြင်း မရှိပေ။

ဆေးဆရာသည် ဆေးကောင်းပေးလှူထားပါလျက် မထေရ်၏ မျက်စိရောဂါ သက်သာခြင်းမရှိသည်ကို မြင်ရသဖြင့် မထေရ် နေထိုင်ရာကျောင်းသို့ လိုက်ပြီး ကြည့်ရှုသည်။ အိပ်ရာနေရာကို မတွေ့၊ အိပ်လျက် ဆေးထည့်ရန် လျှောက်ထားသည်။ မထေရ်က ဘာမျှ အကျိုးအကြောင်း ပြန်ကြားပြောဆိုခြင်း မပြု။ နောက်နေ့ နောက်နေ့များတွင်လည်း မျက်စိရောဂါ ခံစားနေရလျက်သာ မထေရ် ဆွမ်းခံကြွတော်မူလာသည်။ ဆေးဆရာသည် "အရှင်ဘုရား၊ အရှင်ဘုရားသည် ဆေးကို နည်းမှန်လမ်းမှန်အတိုင်း အသုံးမပြု။ သို့အတွက် ရောဂါမပျောက်။ တပည့်တော်၏ဆေးဖြင့် ကုသသည်" ဟု အခြားသူများအား မပြောရန် လျှောက်ထားသည်။

အမြင်ချင်းမတူညီ

ဆေးဆရာနှင့် မထေရ်တို့ သဘောထားချင်း မတူညီကြပေ။ ဆေးဆရာသည် လက်ရှိဘဝ၌ ခံစားနေရသော မျက်စိဝေဒနာကို ပျောက်စေရန် ဆေးပေးသည်။ မထေရ်မြတ်ကား တစ်ဘဝပြီးတစ်ဘဝ ကျင်လည်နေရသော ဘဝဒုက္ခကြီး တစ်ခုလုံးမှ လွတ်မြောက်စေရန် ဝိပဿနာကို အဓိကထား အားထုတ်သည်။ ယခု တစ်ဘဝ၌ ခံစားနေရသော မျက်စိဝေဒနာ ပျောက်ချင်ပျောက်၊

http://www.dhammadownload.com

မပျောက်ချင်နေ ဘဝဒုက္ခပေါင်းများစွာမှ လွတ်မြောက်စေရန်သာ မထေရ်မြတ်က အလေးအနက် ထားသည်။

နံနက် ဆွမ်းခံချိန်ရောက်သော် သီတင်းသုံးဖော်ရဟန်းတို့က ဆွမ်းခံကြွရန် အကြောင်းကြားလာကြသည်။ စက္ခုပါလမထေရ်ကား ဆွမ်းခံမလိုက်နိုင်တော့ပေ။ ဆွမ်းခံရဟန်းများထံမှ မထေရ်မြတ်၏အကြောင်းစုံကို သိကြရသောအခါ ရွာသူရွာသားများက မထေရ်မြတ်အတွက် ဆွမ်းနှင့်ဟင်းများ အမြဲလှူဒါန်းကြသည်။ ထိုအခါမှစ၍ မထေရ်မြတ်သည်လည်း စက္ခုပါလမထေရ်ဟု ဘွဲ့အမည်တွင်တော့သည်။

စက္ခုပါလမထေရ်၏ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံကြသဖြင့် သီတင်းသုံးဖော် ရဟန်းတို့သည်လည်း မကြာမီရက်များအတွင်း၌ပင် ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်သွားကြသည်။

သီတင်းဝါလကျွတ်သော် မထေရ်၏ သီတင်းသုံးဖော် ခြောက်ကျိပ်တို့သည် ဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ ကြွသွားကြသည်။ စက္ခုပါလမထေရ်ကား မျက်စိနှစ်ကွင်း အလင်းမရ၍ ထိုရဟန်းတော်တို့နှင့် အတူ ဇေတဝန်ကျောင်းတော်သို့ မလိုက်နိုင်။ တစ်စုံတစ်ယောက်သောသူလာခေါ်မှသာ ထိုသူနှင့် အတူလာခဲ့မည့်အကြောင်း သီတင်းသုံးဖော်တို့အား မှာကြားလိုက်သည်။

ညီဖြစ်သူ စူဠပါလသည် ခြောက်ကျိပ်သော မထေရ်တို့အထံမှ နောင်တော်ကြီး၏ သတင်းစုံကို ကြားသိရသောအခါ တူဖြစ်သူ ပါလိတလုလင်ကို ရှင်သာမဏေ ပြုပေးလျက် စက္ခုပါလမထေရ်အား ပင့်ဆောင်ရန် စေလွှတ်လိုက်သည်။ စက္ခုပါလမထေရ်သည် ပါလိတသာမဏေအား တောင်ဝှေးစွန်းကို ကိုင်စေလျက် သာဝတ္ထိသို့ လိုက်ပါလာခဲ့သည်။

မ,အသံကြားသော်

တူဝရီးနှစ်ပါးတို့သည် ရှေးအခါက စက္ခုပါလမထေရ် သီတင်းသုံးနေထိုင်ခဲ့ဖူးသော ကဋ္ဌနဂရရွာသို့ ရောက်လာကြသည်။ ထိုရွာမှအထွက်၌

http://www.dhammadownload.com

အသံသာသာဖြင့် တေးသီချင်းဆိုနေသော ထင်းခွေမိန်းမ၏ သီချင်းသံကို ပါလိတသာမဏော ကြား၍ ထိုအသံ၌ နှစ်သက်သဖြင့် စက္ခုပါလမထေရ်အား ခေတ္တစောင့်နေရန် လျှောက်ထားပြီး တေးသီချင်း သီဆိုနေသူ မိန်းမအထံသွားသည်။ ထိုမိန်းမသည် သာမဏေကို မြင်လျှင်ပင် ရည်ငံမိပြီး ပေါင်းဖော်ခဲ့ကြသည်။ အသံတကာ့ အသံတို့တွင် ယောကျ်ားတို့အား အဆွဲဆောင်နိုင်ဆုံးသောအသံသည် မိန်းမတို့၏အသံဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူထားသည် မဟုတ်ပါလော။

ပါလိတသာမဏေသည် ထင်းခွေသည်မိန်းမထံမှ ပြန်လာပြီး ဦးရီးတော် စက္ခုပါလထေရ်၏ တောင်ဝှေးကို ကိုင်ကာ ခရီးဆက်ရန် ကြိုးစားသည်။ သို့သော် ဦးရီးတော်က တောင်ဝှေးကို ကိုင်ခွင့်မပြုတော့ပေ။ ရဟန္တာဖြစ်တော်မူသဖြင့် ပါလိတ၏ အခြေအနေအစုံကို သိတော်မူပြီး ဖြစ်သည်။

ထိုအခါ ပါလိတက "တပည့်တော် သာမဏေဝတ်၍ လာခဲ့သော်လည်း သာသနာတော်ကို ယုံကြည်၍ ဝတ်ခဲ့ခြင်း မဟုတ်ပါ။ လမ်းခရီး၌ အန္တရာယ်ကင်းစေရန်သာ သင်္ကန်းဝတ်ခဲ့ခြင်း ဖြစ်ပါသည်။ တပည့်တော် ယခု လူဖြစ်သွားပါပြီ။ အရှင်ဘုရား ခရီးဆက်ရန် ခွင့်ပြုတော်မူပါ" ဟု လျှောက်ထားသေးသည်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ ယုတ်မာသူကား ယုတ်မာသူ

"ငါ့ရှင် လူဖြစ်စေ၊ သာမဏေဖြစ်စေ ယုတ်မာသူကား ယုတ်မာသူပင်" ဖြစ်တော့သည်။

မထေရ်၏စကားကြောင့် တူဖြစ်သူ ပါလိတသည် မထေရ်အား ထိုနေရာ၌ပင် ထားခဲ့လျက် အခြားသို့ ထွက်ခွာသွားတော့သည်။

ပန်းမာလာ စသော အမွှေးအကြိုင်တို့၏ ရနံ့သည် လေသင့်ရာသို့သာ ပျံ့နှံ့ကြိုင်လှိုင်နိုင်ကြသည်။ သီလရှိသောသူ၏ သီလရနံ့ကား အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့သည်ဟု ဘုရားရှင် ဟောတော်မူထားသည်။ စက္ခုပါလမထေရ်၏ သီလရနံ့ကြောင့် တာဝတိံသာမှ သိကြားမင်းသည် မထေရ်တို့တူဝရီး၏ အဖြစ်အပျက် အကြောင်းစုံကို သိသွားသည်။ သို့ဖြင့် သိကြားမင်း

http://www.dhammadownload.com

သည် ခရီးသည်ယောင်ဆောင်လျက် မထေရ်အား ညီဖြစ်သူ စူဠပါလ ဆောက်လုပ်ထားသော သစ်ရွက်မိုးကျောင်းကလေးသို့ အရောက်ပို့ဆောင်ပေးလိုက်သည်။ စူဠပါလသည် မထေရ်အားပြုစုရန် လူငယ်နှစ်ယောက်ကို ရှင်သာမဏေဝတ်စေလျက် မထေရ်ထံ ပို့ထားသည်။

စက္ခုပါလမထေရ်သည် ထိုကျောင်းကလေး၌ သီတင်းသုံးနေထိုင်လျက် စင်္ကြံကြွသည်။ မထေရ် စင်္ကြံကြွသောနေရာ၌ မထေရ်နင်းမိ၍ ပိုးဖလံတို့ သေနေကြသည်။ ထိုပိုးဖလံတို့ကို မထေရ်သတ်သည်ဟု အခြားသော ရဟန်းတော်တို့က စွပ်စွဲပြောဆိုကြသော စကားသည် ဘုရားရှင်ထံ ရောက်သွားသည်။ ဘုရားရှင်က "ရဟန္တာတို့မည်သည် မည်သည့်သတ္တဝါကိုမှ သေစေလိုသော စိတ်ထားဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း စသည်ကို မပြု၊ သတ်လည်းမသတ်" ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ ရဟန်းတို့က "အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်နိုင်သူ ပုဂ္ဂိုလ် ဖြစ်ပါလျက် အဘယ်ကြောင့် မျက်စိကွယ်ခဲ့ရပါသနည်း" ဟု မေးမြန်းလျှောက်ထားကြသဖြင့် ဘုရားရှင်က စက္ခုပါလမထေရ်၏ ရှေးကံဝိပါက်အကြောင်းကို ပြန်လည် ဟောပြတော်မူသည်။

အတိတ်ကပြုခဲ့သော မကောင်းမှု

ဤမထေရ်သည် အတိတ်ဘဝတစ်ခု၌ ဆေးဆရာဖြစ်ခဲ့ဖူးသည်။ မျက်စိဝေဒနာရှင် အမျိုးသမီးတစ်ဦးအား ရောဂါပျောက်အောင် ဆေးကုပေးသည်။ ဝေဒနာရှင်က ရောဂါပျောက်ပါလျက် မိမိပေးခဲ့သောကတိကို မလိုက်နာလိုသဖြင့် မျက်စိဝေဒနာ ပိုဆိုးလာသည်ဟု လိမ်လည်ပြောဆိုသည်။ ထိုအခါ ဆေးဆရာဖြစ်သူ ဤမထေရ်လောင်းလျာက မျက်စိကန်းစေသော ဆေးကို ဖော်စပ်ကာ ဝေဒနာရှင်အား ပေးခဲ့သည်။ ဝေဒနာရှင်သည် ထိုဆေးကြောင့် မျက်စိနှစ်ကွင်း လုံးဝ ကွယ်ခဲ့ရသည်။

ဤသို့ ဘုရားရှင်က စက္ခုပါလမထေရ်၏ အတိတ်ဘဝက ပြုခဲ့သော အကုသိုလ် ဝဋ်ကြွေးအကြောင်း ဟောပြတော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ ဒုက္ခ မန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

ဒေသနာ၏အဓိပ္ပာယ်

၁။ ဓမ္မတို့၏ ဦးဆောင်အကြီးအမှူးကား စိတ်ဖြစ်၏။ စိတ်သည် ဝေဒနာ, သညာ, သင်္ခါရဟူသော နာမ်ခန္ဓာသုံးပါးတို့ကို ဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် မကောင်းသော စိတ်ထားဖြင့် ကြွေစည်၊ ပြောဆို၊ ပြုမူလျှင် လှည်းဘီးသည် လှည်းကိုဆွဲသော နွားဖြူ၏ ခြေရာနောက်သို့ အစဉ်လိုက်နေသကဲ့သို့ ထိုမကောင်းသောစိတ်ဖြင့် မကောင်းမှု ပြုသူ၏နောက်သို့ ထိုသူပြုခဲ့သော မကောင်းမှုသည် အစဉ်လိုက်ပါနေလေ၏။

စက္ခုပါလမထေရ်ဝတ္ထု ပြီး၏။

၂။ မဋ္ဌကုဏ္ဍလီ သတ္ထိသားဝတ္ထု

[စိတ်ထားကောင်းမှုကြောင့် နတ်ပြည်ရောက်ရသူ]

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက အမည်ရှိ ပုဏ္ဏားနှင့်ဇနီးတို့ ရှိခဲ့ကြသည်။ သူတို့တွင် မဋ္ဌကုဏ္ဍလီအမည်ရှိ တစ်ဦးတည်းသော သားလေးရှိသည်။ တစ်ဦးတည်းသော သားလေးဖြစ်၍ အမိအဖ နှစ်ဦးစလုံးက အလွန်ချစ်မြတ်နိုးသည်။

သူငွေးကြီး အဒိန္နပုဗ္ဗကသည် အမှည်နှင့်လိုက်အောင် မည်သူ့ကိုမှ လှူဒါန်းပေးကမ်းဖူးသည်ဟူ၍ မရှိ။ ရှေးကမလှူဒါန်း မပေးကမ်းခဲ့ဖူးသကဲ့သို့ ယခုလည်း လှူဒါန်းပေးကမ်းခြင်းမပြု။ နောင်တွင်လည်း လှူဒါန်းပေးကမ်းရန် စိတ်ကူးမရှိချေ။ ထို့ကြောင့် သူ့ကို လူအများက "အဒိန္နပုဗ္ဗက" ဟု ခေါ်နေကြခြင်း ဖြစ်သည်။

http://www.dhammadownload.com

ပစ္စည်းချမ်းသာသော်လည်း စေတနာမဲ့သူများ

သားလေး အရွယ်ရောက်လာသောအခါ ဖျော်ဖော်သော ရောဂါဝေဒနာ အပြင်းအထန် ဖြစ်လာသည်။ သမားကျော် သမားတော်တို့ဖြင့် မိခင်က ကုသပေးလိုသည်။ သို့သော် ဖခင်က ဆေးဖိုးဝါးခ ကုန်ကျမည်ကို စိုးရိမ်သည်။ သူ့နည်းနှင့်သူ ဆေးမြီးတိုဖြင့်သာ ကုသပေးသည်။ သို့ဖြင့် တဖြည်းဖြည်း ရောဂါရင့်လာသည်။ ထိုအခါမှ အပင့်အခေါ်ခံရသူ သမားကျော်တို့ကလည်း ရောဂါကျွမ်းနေပြီဖြစ်သဖြင့် ကုသပေးလိုခြင်း မရှိကြတော့။ ပုဏ္ဏားကြီးသည် သားလေး ဆုံးပါးတော့မည်ကို သိသဖြင့် သားကို အိမ်ခန်းအတွင်းမှ အိမ်ဦး အပြင်ဘက်သို့ ထုတ်ထားလိုက်သည်။ သူ၏ရည်ရွယ်ချက်မှာ သတင်းလာမေးသူတို့ သူ့အိမ်ရှိ ပစ္စည်းတို့ကို မမြင်စေရန်။ တစ်နည်းအားဖြင့် သူတို့၏ ရုပ်ပစ္စည်း ဌေးကြွယ်မှုကို အခြားသူတို့ မမြင်မသိနိုင်စေရန် ဖြစ်သည်။

သို့သော် ဝေဒနာခံစားနေရသော သား၏အဖြစ်ကိုကြည့်ကာ အခြားသူများက အဒိန္နပုဗ္ဗကတို့ ဇနီးမောင်နှံ၏ စိတ်စေတနာခေါင်းပါးမှုကို သိမြင်နေကြသည်။ ဘုရားရှင်သည် နံနက်လင်းသော် ကျွတ်ထိုက်သော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူရာ မဋ္ဌကုဏ္ဍလီသူဌေးသားကို မြင်တော်မူသည်။ သို့ဖြင့် ဘုရားရှင်သည် သာဝတ္ထိမြို့တွင်းသို့ အစဉ်အတိုင်း ဆွမ်းခံကြွတော်မူရာ အဒိန္နပုဗ္ဗကတို့၏ အိမ်ရှေ့သို့ ရောက်တော်မူလာသည်။ ရောင်ခြည်တော်အစုံတို့ဖြင့် ရဟန်းသံဃာတော်တို့နှင့်အတူ ဆွမ်းခံကြွလာတော်မူသော ဘုရားရှင်ကို အိမ်ဦးအပြင်၌ လဲလျောင်းနေရရှာသော မဋ္ဌကုဏ္ဍလီသူဌေးသားက မြင်တွေ့သွားသည်။

စိတ်ဖြင့် ဘုရားကြည်ညိုခြင်း၏အကျိုး

ထိုအခါ မဋ္ဌကုဏ္ဍလီသည် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်သော်လည်း စိတ်ဖြင့် ဘုရားရှင်ကို အထူးအလေးအနက်ထား ဖူးမြော်ကြည်ညိုလိုက်သည်။ ဤသို့ ဖူးမြော်ကြည်ညိုရင်းက ကွယ်လွန်သွားသော မဋ္ဌကုဏ္ဍလီသည် ဒါနကိုလည်း မပြုဖူး၊ သီလကိုလည်း မဆောက်တည်ဖူး၊ မည်သည့် ဘာဝနာကိုမျှလည်း မပွားများဖူးသေးသော သူဌေးသား မဋ္ဌကုဏ္ဍလီသည် ဘုရားရှင်

http://www.dhammadownload.com

အား ကြည်ညိုလိုက်သည့် ဗုဒ္ဓါနုဿတိကုသိုလ်ကြောင့် မကြာမီ ကွယ်လွန်ကာ တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေသည်။ သေခါနီးကာလ၌ ပြုလုပ်မိသော ကောင်းမှုကံ၏ အကျိုးခံစားရခြင်း ဖြစ်သည်။

သားလေးကွယ်လွန်သွားသော် မိဘနှစ်ပါးတို့သည် အပြင်းအထန် ပူဆွေးသောက ဖြစ်ကြရသည်။ ဆေးဝါးကောင်း၊ သမားကောင်းတို့ဖြင့် ကုသမပေးလိုက်မိလေခြင်းဟုလည်း နောင်တကြီးစွာ ရကြသည်။ ထို့ကြောင့် ဖခင်ပုဏ္ဏားကြီးသည် သားလေးမြို့ပ်နှံရာသုသာန်သို့ နေ့တိုင်းသွားလျက် ငိုကြွေးသည်။

ဖခင်ကို ပညာပေးရန် နတ်သား၏အစီအစဉ်

နတ်သားဖြစ်နေသော သားလေးက နေ့စဉ် ပူဆွေးသောကရောက်နေသည့် ဖခင်၏ အဓိပ္ပာယ်မဲ့ငိုကြွေးနေသည့် အလုပ်များကို မြင်သည်။ ထိုအခါ သားနတ်သားသည် ဖခင်အား အသိပညာပေးရာလည်းရောက်၍ မိဘကျေးဇူးဆပ်ရာလည်းရောက်သောအလုပ်ကို လုပ်ရန် ကြံစည်စိတ်ကူးလျက် မဋ္ဌကုဏ္ဍလီအသွင်ကိုယူလျက် ဖခင်ကြီး ပူဆွေးငိုကြွေးနေရာအနီး၌ သူသည်လည်း ပူဆွေးတမ်းတ ငိုကြွေးပြသည်။ အဒိန္နပုဗ္ဗကပုဏ္ဏားကြီးသည် သူ့လို ပူဆွေးနေသူ၊ သားနှင့်လည်းတူသူကို မြင်ရသောအခါ အကျိုးအကြောင်း လာမေးသည်။

လနှင့်နေကို ရထားဘီးလုပ်လိုသူ

ထိုအခါ တစ်ချိန်က မဋ္ဌကုဏ္ဍလီဖြစ်ခဲ့ဖူးသော နတ်သားက လနှင့်နေတို့ကို ရထားဘီးပြုလုပ်လျက် သူ့ရထား၌ သုံးလိုသောကြောင့် တမ်းတငိုကြွေးနေရသည်ဟု ပြောပြလိုက်သည်။ ထိုအခါ ပုဏ္ဏားကြီးက မဖြစ်နိုင်သည်ကို တမ်းတ၍ ငိုကြွေးခြင်းမပြုရန် ပြန်ပြောပြသည်။ နတ်သားက သေသွားပြီးဖြစ်၍ ပြန်မလာနိုင်တော့သော သားကို တမ်းတကာ ငိုကြွေးနေသူနှင့် မြင်လည်း မြင်နေရ၍ တကယ်လည်းရှိသော လနှင့်နေကို တမ်းတကာ ငိုကြွေးနေသူ နှစ်ဦးတွင် အဘယ်သူက ပို၍ မိုက်မဲသနည်း။ အဘယ်သူ၏ဆန္ဒသည် ပြည့်ဝနိုင်၍ အဘယ်သူ၏ဆန္ဒသည် မပြည့်ဝနိုင်သနည်းဟု ပြန်လည် မေးခွန်းထုတ်လိုက်သည်။

http://www.dhammadownload.com

ပုဏ္ဏားကြီး သဘောပေါက်သွားသည်။ သူသည်သာ ပို၍မိုက်မဲသူဖြစ်သည်။ သူ့ဆန္ဒကသာ မဖြစ်နိုင်သောဆန္ဒ ဖြစ်သည်ဟု သိရှိသွားသည်။ အကျိုးအကြောင်းပြောပြသူ နတ်သားအားလည်း သူ၏ ပူပင်မှုသောကကို ငြိမ်းအောင် ငြိမ်းပေးသူအဖြစ် အသိအမှတ်ပြုကြောင်း ရှင်းပြသည်။

ထိုအခါ နတ်သားသည် လူ့ဘဝတုန်းက မဋ္ဌကုဏ္ဍလီ သူဌေးသားဖြစ်ခဲ့ပုံ အလုံးစုံကို ပုဏ္ဏားကြီးအား အသေးစိတ် ပြန်လည် ရှင်းပြလိုက်သည်။ ထိုမျှသာမက ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်အမှုများကို ပြုလုပ်စောင့်ထိန်းပွားများရန်၊ ပြုလုပ်စောင့်ထိန်းပွားများခြင်း၏ အကျိုးကြီးမားပုံနှင့် အနိမ့်ဆုံးအားဖြင့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းနေထိုင်ရန် ဟောပြောလိုက်သည်။ သူ၏ စိတ်ထားကောင်းကလေးဖြင့် ဘုရားရှင်ကို ကြည်ညိုရာမှ ရရှိလိုက်သော လက်ငင်းအကျိုးတရားကိုလည်း သက်သေအဖြစ် ထုတ်ပြပြောဆိုသည်။

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကိုခေါ်ကာ ဘုရားကျောင်းတော်သို့ သွားသည်။ ယနေ့အဖို့ တပည့်တော်၏အိမ်တွင် ရဟန်းသံဃာများနှင့်အတူ ကြွရောက်၍ ဆွမ်းအလှူခံပါဟု ပင့်လျှောက်သည်။ ဆွမ်းကိစ္စ ပြီးစီးသောအခါ နတ်သားပြောသမျှကို ဘုရားရှင်အား ပြန်လည် လျှောက်ထားမေးမြန်းသည်။ ဘုရားရှင်ကလည်း နတ်သားနှင့် ပုဏ္ဏားကြီးတို့ တွေ့ဆုံ ပြောကြားပုံတို့ကို ပြန်လည် မိန့်ကြားကာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အမှုသည် အကျိုးကြီးမားသည်မှာ မှန်ကန်ကြောင်း ဟောတော်မူသည်။ ပုဏ္ဏားကြီး သဘောကျနှစ်ခြိုက်သွားသည်။ ထိုနေ့မှစ၍ ကောင်းမှုကုသိုလ် အစုစုကို ဘဝတစ်လျှောက်လုံး ပြုလုပ်မည်ဖြစ်ကြောင်းလည်း ဝန်ခံကတိပြုလျက် ကောင်းမှုကုသိုလ်များ ပြုလုပ်သည်။

မွန်မြတ်သောကျေးဇူးဆပ်ခြင်း

ကျေးဇူးကြီးလှသော မိဘများအား ကျေးဇူးဆပ်ရာ၌ ရတနာသုံးပါးကို ကြည်ညိုစေကာ အသိအမြင်မှန် သမ္မာဒိဋ္ဌိ ဖြစ်စေခြင်းဖြင့် ကျေးဇူးဆပ်ခြင်းသည် အမွန်မြတ်ဆုံး ကျေးဇူးဆပ်ခြင်း မဟုတ်ပါလော။

http://www.dhammadownload.com

ဘုရားရှင်သည် မဋ္ဌကုဏ္ဍလိနတ်သားအား အကြောင်းပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဤတရားဒေသနာတော် အဆုံး၌ မဋ္ဌကုဏ္ဍလိနတ်သားနှင့် ဘဝဟောင်းမှ ဖခင်ဖြစ်သူ ပုဏ္ဏားကြီးတို့သောတာပန် ဖြစ်ကြသည်။ များစွာသော ဝေနေယျသတ္တဝါတို့သည်လည်း တရားသိကာ ကျွတ်တမ်းဝင်ကြရသည်။

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

ဒေသနာ၏အဓိပ္ပာယ်

၂။ ဓမ္မတို့၏ ဦးဆောင်အကြီးအမှူးကား စိတ်ဖြစ်၏။ စိတ်သည် ဝေဒနာ, သညာ, သင်္ခါရဟူသော နာမ်ခန္ဓာသုံးပါးတို့ကို ဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကြည်လင် ကောင်းမြတ်သောစိတ်ဖြင့် ကြံစည်၊ ပြောဆို၊ ပြုမူလျှင် ခရီးသွားသူ၏နောက်သို့ အရိပ်သည် အစဉ်လိုက်ပါနေသကဲ့သို့ စိတ်ကောင်းဖြင့် ပြုလုပ်သူ၏နောက်သို့ ထိုသူ ပြုလုပ်သော ကောင်းမှုသည် အစဉ်လိုက်ပါနေလေ၏။

မဋ္ဌကုဏ္ဍလီ သတို့သားဝတ္ထု ပြီး၏။

၃။ တိဿမထေရ်ဝတ္ထု

[ဆိုဆုံးမရခက်သူ]

တိဿမထေရ်သည် ဘုရားရှင်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ ဖြစ်သည်။ မထေရ်၏ မယ်တော်သည် အမိတာဒေဝီဖြစ်၏။ အမိတာဒေဝီသည် ဘုရားရှင်၏ ခမည်းတော် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ နှမတော်ဖြစ်သည်။ မျိုးရိုးအားဖြင့်

http://www.dhammadownload.com

မြင့်မြတ်သူ ဖြစ်သည်။ သို့သော် သူသည် အသက်ကြီးမှ ရဟန်းပြုလာခဲ့သူ ဖြစ်သည်။

ယခုဘဝ တိဿရဟန်း၏ဖြစ်စဉ်

ဤမထေရ် နေထိုင်သီတင်းသုံးရာဌာနသည် အာဂန္တုဧည့်သည် ရဟန်းသံဃာတော်များ ကြွရောက်စုဝေးရာ ကျောင်းတော်၏ ဗဟိုရှိ အဆောင်ကြီး ဖြစ်သည်။ ကောင်းမွန်သော ဆွမ်းဘောဇဉ် စသည်ကို ဘုဉ်းပေးသုံးဆောင်ရသဖြင့် မထေရ်သည် ဝဖြိုးသည်။ ဝါတော်များစွာရသော 'ထေရ်' ကြီးနှင့် တူသည်။ နယ်မှ ကြွလာကြကုန်သော ဧည့်သည် ရဟန်းသံဃာတော်တို့က ဝါတော်ကြီးရင့်သည့် ရဟန်းကြီး အထင်ဖြင့် အရိုအသေပေးကြသည်။ ထိုသို့ အရိုအသေပေးသည်ကို သူသည် မလုပ်မယှက် ခံယူသည်။ သို့သော် သူ့အနေဖြင့်မူ အခြားသော သက်ကြီးဝါကြီး ရဟန်းသံဃာများကို ရိုသေခြင်း၊ လေးစားခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းမရှိ။

တစ်နေ့တွင် ရဟန်းငယ်တစ်ပါးက တိဿမထေရ်အား ရဟန်းဝါ မည်မျှ ရပြီနည်းဟု မေးသည်။ တစ်ဝါမျှ မရသေး။ ကြီးမှ ရဟန်းပြုသူဟု ပြန်လည် ဖြေကြားခဲ့သည်။ ထိုအခါ ရဟန်းငယ်က "အရှင်ဘုရားသည် ကိုယ့်အကြောင်း ကိုယ့်ပမာဏကို မသိသူဖြစ်သည်။ ရဟန်းဝါ တစ်ဝါမျှပင် မရသေးပါဘဲလျက် မထေရ်ကြီးတစ်ပါးကဲ့သို့ ပြုမူနေထိုင်နေသည်။ ဝိနည်းသိက္ခာပုဒ်တော်ကိုလည်း မလေးစား၊ ကိုယ့်ထက် ရဟန်းဝါကြီးသူ ရဟန်းသံဃာတော်များအား လေးစားခြင်း၊ ရိုသေခြင်းလည်း မရှိသူ" ဟု ပြစ်တင်ပြောကြားသည်။

ရဟန်းငယ်၏ ပြောစကားကြောင့် တိဿမထေရ် စိတ်ဆိုးသွားသည်။ သူကဲ့သို့သော ဘုရားရှင်နှင့် ညီအစ်ကိုတော်သူ၊ သာကီဝင်မင်းမျိုးမှလာသူကို အမျိုးအမည် မထင်ရှားသူ ရဟန်းငယ်က ဤသို့ ကဲ့ရဲ့ပြစ်တင်ရကောင်းလား ဟု စိတ်နလုံးနာကြည်းစွာ တွေးခေါ်မိသည်။ ထို့နောက် ငါ့အကြောင်း သိစေမည်ဟု ကြိမ်းမောင်းလျက် ဘုရားရှင်ထံသို့ တိုင်ကြားလျှောက်ထားရန် ထွက်သွားသည်။ ရဟန်းငယ်တို့သည်လည်း တိဿမထေရ်နှင့်အတူ ထက်ကြပ်မကွာ လိုက်ပါသွားကြသည်။

http://www.dhammadownload.com

ဇာတိမာန်နှင့် ဉာတိမာန်

ဘုရားရှင်၏ ရှေ့တော်သို့ တိသရဟန်းကြီးနှင့်အတူ အခြားသံဃာတို့ ပါ ရောက်သွားကြသည်ရှိသော် ဘုရားရှင်က တိသရဟန်းကြီးအား အကျိုး အကြောင်း မေးသည်။ တိသရဟန်းကြီးက "တပည့်တော်ကဲ့သို့ မင်းမျိုးမှ ရဟန်းပြုလာသူ၊ ဘုရားရှင်နှင့်ပင် ဆွေမျိုးတော်စပ်သူကို အခြားရဟန်းများက မလေးမစား ကဲ့ရဲ့ပြစ်တင်ကြသည်။ ဝိနည်းနားမလည်သူ၊ ထေရ်ကြီးဝါကြီး တို့အား ဝတ်ကြီးဝတ်ငယ်မပြုသူ စသည်ဖြင့် တပည့်တော်အား ပြစ်တင်ကဲ့ရဲ့ ပြောဆိုကြသည်။ တပည့်တော်သည် ဘုရားရှင်နှင့် အမျိုးတော်စပ်သူ ဖြစ်သဖြင့် ဘုရားရှင်ကဲ့သို့ပင် မြင့်မြတ်သည်။ ထို့ကြောင့် တပည့်တော်ကိုလည်း အရှိ အသေပေးပြီး ဝတ်ကြီးဝတ်ငယ်ပြုသင့်သည်" စသည်ဖြင့် လျှောက်ထားသည်။

သူ့လျှောက်ထားချက်များတွင် သာကီဝင်ဟူသော အမျိုးဇာတိမာန်၊ ဘုရားရှင်နှင့် ဆွေမျိုးတော်စပ်သည် စသော ဉာတိမာန်အသံများသာ လွှမ်းမိုးနေသည်။

အခြားရဟန်းတော်တို့၏ လျှောက်ထားချက်တို့မှာ ဘုရားရှင်၏ ဒေသနာတော်၊ ဝိနည်းတော်တို့နှင့် ညီညွတ်သည်။ 'ဂုဏဝုဒ္ဓိ' ဆိုရာ၌ သာကီဝင်စသော မင်းမျိုး၊ ပုဏ္ဏားမျိုးတို့၏ ဂုဏ်နှင့် မပတ်သက်။ 'ဝယဝုဒ္ဓိ' ဆိုရာ၌လည်း မွေးဖွားလာသည့်အချိန်ကို အဓိကမထား။ သာသနာတော်အတွင်းသို့ ဝင်ရိုန်မှစ၍ သာသနာဝင် ဝါတော်ရရှိမှုကိုသာ ဦးတည်လျှောက်ထားကြသည်။

ဘုရားရှင်က "တိသရဟန်းကြီး မှားသည်။ အခြားရဟန်းတို့အား တောင်းပန်ရမည်" ဟု သုံးကြိမ်တိုင် မိန့်တော်မူသည်။ တိသရဟန်းကြီးက သုံးကြိမ်စလုံးပင် မတောင်းပန်နိုင်ဟု ပြန်လည် လျှောက်ထားသည်။

ထိုအခါ ရဟန်းတော်တို့က "မြတ်စွာဘုရား၊ ဤတိသရဟန်းကြီးသည် ခေါင်းမာသူ၊ ဆိုဆုံးမရခက်သူ 'ဒုဗ္ဘစ' ရဟန်းဖြစ်သည်" ဟု လျှောက်ထားကြသည်။ ဘုရားရှင်က တိသရဟန်းသည် ယခုမှ ဆိုဆုံးမရခက်သူ 'ဒုဗ္ဘစ' ဖြစ်သည်မဟုတ်။ အတိတ်ဘဝ တစ်ချိန်တုန်းကလည်း ဤသို့ ဆိုနိုင်ခက်သူ ဖြစ်ဖူးသည်ဟု မိန့်တော်မူကာ တိသရဟန်း၏ အတိတ်ဘဝအကြောင်း **နာရဒ** ဇာတ်တော်ကို ပြန်လည် ဟောပြတော်မူသည်။

http://www.dhammadownload.com

တိဿမထေရ်၏ အတိတ်ဘဝ

အစမထင်သော သံသရာတစ်လျှောက်၏ ဘဝတစ်ခုတွင် တိဿရဟန်းကြီးသည် ဒေဝီလအမည်ရှိ ရသေ့ဖြစ်ခဲ့ဖူးသည်။ ဘုရားလောင်းလျာကား နာရဒရသေ့၊ ညီတော်အာနန္ဒာကား မင်းအဖြစ် ဆုတွေ့ခဲ့ကြသည်။ ရသေ့နှစ်ပါးတို့ တစ်နေ့တွင် ဗာရာဏသီပြည်အနီး အိုးထိန်းသည်ဇရပ်၌ အတူတကွ တည်းခိုကြသည်။ ဒေဝီလရသေ့က ဇရပ်၏ တစ်နေရာ၌ တည်းခိုအိပ်စက်သည်။ နာရဒရသေ့က ဒေဝီလရသေ့၏ နောက်နား၌ အိပ်စက်ရန် နေရာယူသည်။ ဒေဝီလရသေ့ အိပ်သောအခါ မိမိ အိပ်ရာ၌မအိပ်ဘဲ တံခါးအလယ်၌ ဖိလာကန့်လန့်ပြု၍ အိပ်သည်။

ညဉ့်အခါ နာရဒရသေ့ အပြင်သို့ထွက်စဉ် တံခါးအလယ်၌ ကန့်လန့်ဖြတ် အိပ်နေသော ဒေဝီလရသေ့၏ ဆံကျစ်ဦးစွန်းကို နင်းမိသည်။ ဒေဝီလရသေ့က ရသေ့စဉ်းလဲ ငါ၏ဆံကျစ်ဦးစွန်းကို နင်း၏ဟု ဆိုမြည်သည်။ နာရဒရသေ့က တောင်းပန်၍ အပြင်သို့ ထွက်သည်။ ဒေဝီလ ရသေ့သည် ဤရသေ့ စဉ်းလဲပြန်ဝင်လာသည်ရှိသော် ငါ့အား နင်းမိပေဦးမည်ဟု ကြံစည်၍ ခြေရင်းခေါင်းရင်းကို ပြောင်းပြန်ပြု၍ အိပ်သည်။ နာရဒရသေ့ဇရပ်သို့ ပြန်ဝင်သောအခါ ဆရာဒေဝီလရသေ့၏ ခြေရင်းမှ ဝင်မည်ဟုကြံ၍ ဝင်သည်။ ထိုအခါ ဒေဝီလရသေ့၏ လည်ပင်းကို နင်းမိပြန်တော့သည်။

နာရဒရသေ့က တမင်သက်သက်နင်းခြင်းမဟုတ်ဟု အကြောင်းအကျိုးပြပြောဆိုတောင်းပန်သည်။ သို့သော် ဒေဝီလရသေ့က မကျေနပ်။ နံနက် မိုးလင်း၍ နေထွက်လာသောအခါ သင့်ဦးခေါင်း ခုနစ်စိတ်ကွဲပါစေဟု ကျိန်စာတိုက်သည်။ နာရဒရသေ့ကလည်း အပြစ်ရှိသူ၏ ဦးခေါင်းသာ ကွဲပါစေဟု ပြန်လည် ကျိန်ဆိုပြီး သူ့တန်ခိုးအစွမ်းဖြင့် နေထွက်ချိန်၌ နေမထွက်နိုင်အောင် ပြုလုပ်ထားသည်။

နေထွက်ချိန်၌ နေမထွက်၍ ပြည်သူများက မင်းထံ အကျိုးအကြောင်းလျှောက်ထား ပြောကြားကြသည်။ မင်းကြီးက စုံစမ်းသော် ရသေ့နှစ်ပါးတို့၏ ပဋိပက္ခကြောင့်ဖြစ်ကြောင်း သိသွားသည်။ ရသေ့တို့ထံ သွားရောက်၍

http://www.dhammadownload.com

အကြောင်းစုံကို မေးမြန်းသောအခါ ဒေဝီလရသေ့ မှားကြောင်း သိသဖြင့် တောင်းပန်ရန် ပြောသည်။ ဒေဝီလရသေ့က လက်မခံ။ အတန်တန်ပြောဆို၍ မရသောအခါ မင်းအာဏာဖြင့် ဒေဝီလရသေ့၏ လက်၊ ခြေ၊ လည်ကုပ်တို့ကို ချုပ်ကိုင်စေပြီး နာရဒရသေ့၏ခြေရင်း၌ ဦးညွှတ်ကန်တော့စေသည်။

ဒေဝီလရသေ့က ကန်တော့ခြင်းမှာ စိတ်မပါသော ကန်တော့ခြင်း ဖြစ်သည်ကို နာရဒရသေ့က သိသည်။ ကျိန်စာကြောင့် ဦးခေါင်းခုနစ်စိတ်ကွဲခြင်းမှ မပျက်ပြယ်နိုင်။ ထို့ကြောင့် ဒေဝီလရသေ့အား ရေကန်အတွင်း ပခုံးနစ်သည် အထိထားပြီး ခေါင်းပေါ်၌ မြေစိုင်ခဲတင်ထားရန်၊ နေထွက်လာသောအခါ ဒေဝီလရသေ့၏ ဦးခေါင်းပေါ်မှ မြေစိုင်ခဲသာ ကွဲစေရန် အစီအစဉ်ပြုလုပ်ထားစေသည်။ နာရဒရသေ့၏ တန်ခိုးကို ရှုပ်သိမ်းပြီး နေမင်းကို ထွက်စေသောအခါ ဒေဝီလရသေ့၏ ဦးခေါင်းပေါ်ရှိ မြေစိုင်ခဲသည်သာ ခုနစ်စိတ် ကွဲသွားသည်။ ဒေဝီလရသေ့လည်း ရေငုပ်ကာ ထိုနေရာမှ လွတ်အောင် ထွက်ပြေးလေတော့သည်။

ဤဇာတ်ကြောင်းကို ဟောတော်မူပြီးနောက် ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ တိဿရဟန်းသည် ပြောဆိုဆုံးမရ လွယ်ကူသော ရဟန်းဖြစ်သွားသည်။

၃။ အကောဋ္ဌိ မံ အဝမိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယ္ဟန္တိ၊ ဝေရံ တေသံ န သမ္မတိ။
၄။ အကောဋ္ဌိ မံ အဝမိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယ္ဟန္တိ၊ ဝေရံ တေသံ ဥပသမ္မတိ။

ဒေသနာ၏အဓိပ္ပာယ်

၃။ အကြင်သူသည် ငါ့ကို ဆဲရေး၏၊ ညှဉ်းဆဲ၏၊ အနိုင်အထက်ပြုဖူး၏။ ငါ့ဥစ္စာကို ခိုးယူဖူး၏ဟု ထိုသူအပေါ် ရန်ငြိုးထား၏။ ထိုသို့ ရန်ငြိုးထားသူအား ရန်မီးသည် မငြိမ်းနိုင်။

http://www.dhammadownload.com

၄။ အကြင်သူသည် ငါ့ကို ဆဲရေး၏၊ ညှဉ်းဆဲ၏၊ အနိုင်အထက်ပြုဖူး၏။ ငါ့ဥစ္စာကို ခိုးယူဖူး၏ဟု ထိုသူအပေါ် ရန်ငြိုးမထား။ ထိုသို့ ရန်ငြိုးမထားမှသာ ရန်မီးသည် ငြိမ်းနိုင်၏။

တိဿမထေရ်ဝတ္ထု ပြီး၏။

၄။ ကာဠီဘိလူးမဝတ္ထု

[သုံးဘဝတိုင်အောင် အပြန်အလှန်ရန်ပြုနေရသူ]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ထိုပြည်၌ သားတစ်ယောက်သာ ထွန်းကားသော သူကြွယ် ဇနီးမောင်နှံနှစ်ယောက် ရှိခဲ့ဖူးသည်။ ဖခင်ကွယ်လွန်သွားသောအခါ သားသည် ဖခင်၏ လက်ငုတ်လက်ရင်း အလုပ်များကို လုပ်ကိုင်ရင်း မိခင်ကို ပြုစုလုပ်ကျွေးနေခဲ့သည်။ တစ်နေ့တွင် သားကိုယ်တိုင် နှစ်သက်မြတ်နိုးသူ အမျိုးသမီး တစ်ယောက်နှင့် မိခင်က ထိမ်းမြားပေးလိုက်သည်။ သားယူထားသူ အမျိုးသမီးသည် သားသမီး မထွန်းကား။ အမြဲမ ဖြစ်နေသည်။ သို့ဖြင့် သားသည် ဒုတိယအိမ်ထောင် ပြုရပြန်သည်။ ဒုတိယဇနီးသည်မှာ ပထမဇနီးသည်က ရှာဖွေပေးစားထားသော အမျိုးသမီး ဖြစ်သည်။

ဆုတောင်းခဲ့ပြီ

ဒုတိယဇနီးသည် ကိုယ်ဝန်ရှိလာသော် ပထမဇနီး (မယားကြီး) က သူ့ထက် သာသွားမည်ကို မနာလိုဖြစ်၍ အစာတွင် ကိုယ်ဝန်ဖျက်ဆေး ထည့်၍ တိုက်ကျွေးသည်။ နှစ်ကြိမ်တိုင် ကိုယ်ဝန်ပျက်ကျသည်။ တတိယအကြိမ် ကိုယ်ဝန်ကိုမူ ကိုယ်ဝန်ရင့်မှ မယားကြီး သိသည်။ ဆေးပေးကာ တိုက်သေးသည်။ ကိုယ်ဝန်ရင့်နေသောကြောင့် မယားငယ်မှာ ဝေဒနာ အပြင်းအထန်

http://www.dhammadownload.com

ခံစားရသည်။ အကြေမ်ကြေမ် ငါကိုယ်ဝန်ကို ဖျက်ခဲ့သောကြောင့် နောင်ဖြစ်လေရာ ဘဝ၌ သင်၏ သားငယ်တို့ကို စားနိုင်ကာ လက်စားချေရပါလိမ့်ဟု သေခါနီး ကာလတွင် ဆုတောင်းလျက် မယားငယ် ကွယ်လွန်သွားတော့သည်။

အိမ်ထောင်သည် အမျိုးသမီးတိုင်းသည် သားသမီးမွေးဖွားမှ တန်ဖိုးရှိသည်။ သို့မှသာ မျိုးဆက်ကို ထိန်းသိမ်းနိုင်သည်ဟု ထိုအချိန်က မဇ္ဈိမဒေသ၌ ထုံးတမ်းစဉ်လာ အယူအဆ ရှိသည်။

အပြန်ပြန်အလှန်လှန် ဝဋ်လည်ကြပြီ

မယားငယ် ကွယ်လွန်ပြီးနောက် ထိုအိမ်၌ပင် ကြောင်မ ဖြစ်လာသည်။ မယားကြီးသည်လည်း လင်ဖြစ်သူက သူ့အမျိုးအနွယ်ကို တုံးအောင်ပြုလုပ်သူ ဟုဆိုကာ ပြင်းစွာ ရိုက်ပုတ်သဖြင့် ကွယ်လွန်ရသည်။ ကွယ်လွန်ပြီးနောက် ထိုအိမ်၌ပင် ကြက်မ ဖြစ်ရသည်။ ကြက်မ ဥသမျှ ကြက်ဥကို ကြောင်မက စားသည်။ ထိုအခါ ကြက်မက ရန်ငြိုးဖွဲ့ကာ ထိုကြောင်မကို သူ့သားသမီး နှင့်တကွ စားနိုင်ရပါလိမ့်ဟု ဆုတောင်းပြီး ကွယ်လွန်သော် ကြက်မသည် တောတစ်ခု၌ သစ်ကြုတ်မ ဖြစ်လာသည်။ ကြောင်မက သမင်မ ဖြစ်လာသည်။ သမင်မွေးရင်း သစ်ကြုတ်မက စားရင်းဖြင့် ထိုဘဝ၌လည်း ရန်ငြိုးမပြေကြ။ ထိုဘဝမှ အသီးသီး ကွယ်လွန်ကြသော် သမင်မသည် ဘီလူးမ ဘဝသို့ ရောက်သွားသည်။ သစ်ကြုတ်မသည် သာဝတ္ထိပြည်သူ အမျိုးသမီးတစ်ဦး ဖြစ်လာရသည်။

အမျိုးသမီး မီးဖွားသောအခါ ကလေးကို ပထမအကြိမ်ရော၊ ဒုတိယ အကြိမ်ပါ ဘီလူးမက စားသွားသည်။ တတိယအကြိမ် ကိုယ်ဝန်ရင့်လာသော အခါ မိဘအိမ်သို့ ပြန်ပြီး မိဘအိမ်၌ သားငယ်ကို အန္တရာယ်ကင်းစွာ မွေးဖွားခဲ့သည်။

ဘီလူးမသည် တာဝန်ဖြင့် ဝေဿဝဏ် နတ်မင်းကြီးထံ သွားနေရ၍ မီးဖွားပြီးပြီးချင်း ကလေးကိုစားဖို့ မကြိုးစားနိုင်။ နောက်မှ သိသဖြင့် ကလေးကို စားရန် လိုက်လာခဲ့သည်။ သို့သော် အခါနောင်းသွားပြီ။ ကလေးသည် ထိုအချိန်၌ 'နာမကရဏ' ခေါ် နာမည်ပေးမင်္ဂလာ ပြုတော့မည့်အရှေ့ယ်

http://www.dhammadownload.com

ရောက်နေပြီ။ အမည်မပေးမီ ရေချိုးရန် မိသားစုသုံးယောက် ဇေတဝန်ကျောင်း အလယ်ကိုဖြတ်လျက် ရေကန်သို့ သွားကြသည်။

ကလေးမိခင်က ပထမ ရေချိုးသည်။ ကလေးဖခင် ရေချိုးနေ၍ မိခင်သည် ရေမှတက်ကာ သားကို နို့တိုက်သည်။ ထိုစဉ် အဝေးမှ လူယောင်ဆောင်ကာ ဘီလူးမ ပြေးလာသည်။ ကလေးမိခင်က ဘီလူးမ လိုက်လာနေပြီဟု အော်ဟစ်လျက် ဇေတဝန်ကျောင်းတော်အတွင်းသို့ ပြေးဝင်သွားသည်။ ပရိသတ်အလယ်၌ တရားဟောနေသော ဘုရားရှင်၏ ခြေဖမိုးပေါ်သို့ သားငယ်ကို သိပ်ကာ ကလေးမိခင်က ဤသို့ လျှောက်ထားသည်။

"အရှင်မြတ်ဘုရား၊ တပည့်တော်၏ သားငယ်ကို လှူဒါန်းပါ၏။ ဤသားငယ်အား အသက်ရှည်ရန် ကယ်မတော်မူပါဘုရား"

နောက်မှ ပြေးလိုက်လာသော ဘီလူးမကို တံခါးစောင့် သုမန နတ်မင်းက ကျောင်းတော်တွင်းသို့ မဝင်နိုင်ရန် တားထားသည်။ ဘုရားရှင်က အရှင်အာနန္ဒာအား ဘီလူးမကို ခေါ်စေသည်။ ဘီလူးမ ဘုရားရှင် ရှေ့သို့ရောက်သော် ကလေးမိခင်က ကြောက်ကြောက်လန့်လန့်ဖြစ်လျက် "ကလေးကိုစားမည့် ဘီလူးမပါဘုရား" ဟု ထပ်မံ လျှောက်ထားပြန်သည်။

ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်

ထိုအခါ ဘုရားရှင်က သင်တို့နှစ်ဦးသည် ငါဘုရားရှင်၏ ရှေ့တော်သို့ ရောက်မလာလျှင် ကမ္ဘာရန် ဖြစ်နေကြမည်။ မြွေနှင့် မြွေပါကဲ့သို့ လည်းကောင်း၊ ဝံနှင့် ကြွေပင်စောင့်နတ်ကဲ့သို့ လည်းကောင်း၊ ကျီးနှင့် ခင်ပုတ်ကဲ့သို့ လည်းကောင်း သံသရာတစ်လျှောက်လုံး တစ်ဦးနှင့်တစ်ဦး တည့်ကြတော့မည် မဟုတ်။ ရန်ကို ရန်ချင်းမတုံ့လျှင်းနှင့် စသည်ဖြင့် မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောကြားမူသည်။ ဒေသနာ၏အဆုံး၌ ဘီလူးမသည် သောတာပန်တည်လေ၏။

၅။ နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၅။ ရန်ကို ရန်ချင်းမတုံ့လျှင်းရာ၊ ရန်ကိုရန်ချင်း တုံ့လျှင်းလျှင် ရန်သည် မငြိမ်း၊ ရန်တုံ့မူခြင်း မပြုမှသာ ရန်သည် အေးငြိမ်းသည်။ ဤသည်မှာ သူတော်ကောင်းတို့၏ အစဉ်အလာ ဓမ္မတာသဘောတည်း။

ဘုရားရှင်၏ အဓိန့်တော်ဖြင့် အမျိုးသမီးသည် ဘီလူးမအား ရွာအပြင် ဘက် တစ်နေရာသို့ ပို့ဆောင်ကာ နေရာပေးထားသည်။ ယာဂုထမင်း စသည့် စားဖွယ်တို့ကို ပို့ဆောင်ပေးသည်။ ဘီလူးမကလည်း အပြန်အလှန် ကျေးဇူး ပြုသည့်အနေဖြင့် ရာသီဥတုအခြေအနေတို့ကို ပြောကြားပေးသည်။ ဘီလူးမ ပြောသည့်အတိုင်း ရာသီဥတုအခြေအနေကိုလိုက်ကာ စိုက်ပျိုးသဖြင့် ကောက်ပဲ သီးနှံများ ဖြစ်ထွန်းသည်။ ဘီလူးမ၏ ကျေးဇူးပြုတတ်ပုံအကြောင်းကို တစ် ဆင့် ကြားပြီး အခြားသူတို့ကလည်း ဘီလူးမအား စားစရာများ ကျွေးမွေး ပေးကမ်းကြသည်။

ကာဠီဘီလူးမဝတ္ထု ပြီး၏။

၅။ ကောသမ္ဗီပြည်သား ရဟန်းများဝတ္ထု

[သာသနာ့သမိုင်းတွင်သည့် သံဃပဒီပကွ]

ယောသကသူဌေး ဆောက်လုပ်လျှဒါန်းသည့် ကောသမ္ဗီပြည် ယောသိ တာရုံကျောင်း၌ ရဟန်းပေါင်းတစ်ထောင်တို့ သီတင်းသုံးနေထိုင်နေကြသည်။ ရဟန်းငါးရာကို ဝိနည်းခိုရ် ရဟန်းက ဦးဆောင်သည်။ အခြား ရဟန်းငါးရာ ကိုမူ ဓမ္မကထိက ရဟန်းက ဦးဆောင်သည်။ ဤဦးအစပိုင်းကာလတွင် အားလုံး ညီညွတ်စွာပင် သီတင်းသုံး နေထိုင်ကြသည်။

http://www.dhammadownload.com

ညီညွတ်မှု ပျက်ပြားရခြင်း၏ အစ

တစ်နေ့တွင် ဓမ္မကထိကရဟန်းသည် ကုဋီအိမ်သို့ဝင်၍ ကိုယ်လက် သုတ်သင်သည်။ သန့်သက်ရေအကျန်ရှိသောခွက်ကို မှောက်၍ မထားမိဘဲ လှန်၍ ထားခဲ့မိသည်။ ဝိနည်းဓိရ် ရဟန်းက တွေ့သဖြင့် ဓမ္မကထိကရဟန်း အား ခွက်ထဲ၌ သန့်သက်ရေအကျန် ထားခဲ့မိသလောဟု မေးသည်။ ဓမ္မကထိက ရဟန်းက အမှတ်တမဲ့ပင် ထားခဲ့မိသည်ဟု ဝန်ခံသည်။ ထိုသို့ထားလျှင် အာပတ်သင့်တတ်သည်ကို မသိဘူးလားဟု ထပ်မေးသည်။ အာပတ်သင့်လျှင် အာပတ်ဖြေကာ ကုစားပါမည်ဟု ဓမ္မကထိကရဟန်းက ပြောသည်။ ဝိနည်းဓိရ် ရဟန်းက လွန်ကျူးလိုသော စေတနာမပါလျှင် အာပတ်မသင့်ဟု ရှင်းပြသည်။ သို့ဖြင့် ဓမ္မကထိကရဟန်းသည် အာပတ်မသင့်ဟု ယူဆကာ အာပတ်ဖြေခြင်း မပြုဘဲ နေခဲ့သည်။

ဗြဟ္မာပြည်သို့တိုင် ကွဲကြ၊ ပြိုကြပြီ

ထို့နောက် ဝိနည်းဓိရ်ရဟန်းက ဓမ္မကထိကရဟန်းသည် အာပတ်သင့် သည်၊ မသင့်သည်ကိုမျှ မသိဟု တပည့်များအား ပြောပြသည်။ ဓမ္မကထိက ရဟန်းနှင့် တပည့်များကလည်း ဝိနည်းဓိရ်ရဟန်းသည် ခုတစ်မျိုး၊ တော်ကြာ တစ်မျိုး ပြောသည်ဟု ပြန်ပြောကြသည်။ နှစ်ဖက်ရဟန်းများ ကွဲကြရာမှ တစ်ဆင့် ဘိက္ခုနီများ၊ ဒါယကာ ဒါယိကာမများ၊ ကိုယ်စောင့်နတ်၊ တော တောင်စောင့်နတ်များ၊ နတ်ပြည်အဆင့်ဆင့်မှသည် ဗြဟ္မာ့ပြည်အထိတိုင်အောင် နှစ်ဖက်အကွဲအပြဲသည် ကျယ်ပြန့်သွားသည်။ သာသနာ့သမိုင်းတွင် ထင်ရှား သည့် ပဋိပက္ခလည်း ဖြစ်ခဲ့ရတော့သည်။

ဝိနည်းဓိရ်ရဟန်းက ဓမ္မကထိကရဟန်းအား ဥက္ခေပနီယ ကံပြုကာ ကျောင်းမှ နှင်ထုတ်သည်။ ဓမ္မကထိကရဟန်းကလည်း ဝိနည်းတော်နှင့် မညီ သော အဓမ္မကံဖြစ်သည်ဟု တန်ပြန်လျက် ကျောင်းတိုက်မှ မထွက်ခွာ။ ထို အကြောင်းများကို ဘုရားရှင် ကြားသိတော်မူသဖြင့် ကိုယ်စားလှယ် စေလွှတ်၍

http://www.dhammadownload.com

လည်းကောင်း၊ ကိုယ်တော်တိုင် ကြွတော်မူလျက် လည်းကောင်း ဆုံးမတော်မူသည်။ မသင့်မြတ်မှုကြောင့် နှံစုပ်ငှက်မက ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့နှင့် ပေါင်းပြီး ဆင်ပြောင်ကြီးကို အသေသတ်နိုင်ခဲ့သည့် လဋ္ဌကိကဇာတ်ငှက်နှင့် ရန်ကိုရန်ချင်း မတုံ့လျှင်းခဲ့သော ဒီဃီတိကောသလဇာတ်တော်တို့ကို ဟော တော်မူသည်။

[ထိုဇာတ်တော်ပါ ဇာတ်လမ်းများ ဤစာရေးသူရေးသည့် ငါးရှဉ်းဆယ် အနှစ်ချုပ် စာမျက်နှာ ၄၇၁၊ ၄၆၆ နှင့် ၅၀၈ တို့တွင် ဖတ်ရှုနိုင်ပါသည်]

ဘုရားရှင် ပါလိလေယျကတောသို့ ကြွပြီ

နှစ်ဖက် ပဋိပက္ခဖြစ်ကြသော ရဟန်းတော်တို့သည် ဘုရားရှင်ကိုယ်တိုင် ဆုံးမသော်လည်း ညီညွတ်မှု မရှိကြသဖြင့် ဘုရားရှင်သည် ရဟန်းတို့ကို စွန့်ခွာလျက် ပါလိလေယျက တောသို့ ကြွတော်မူသည်။ ထိုတောခွဲပင် တစ်ဝါ ကပ်တော်မူခဲ့သည်။ ပါလိလေယျ ဆင်မင်းသည် ဘုရားရှင်အား တစ်ဝါတွင်း လုံး ပြုစုခဲ့သည်။

ကောသမ္ဗီပြည်သူပြည်သားတို့သည် ဘုရားရှင်ဆုံးမသည်ကိုပင် မနာခံ သော ရဟန်းများအား အရိုအသေမပြုကြရုံမှုမက ဆွမ်း၊ ဘောက်နှံး စသည် တို့ကိုလည်း မလှူကြတော့ပေ။ ဝိသာခါ၊ အနာထပိဏ်တို့၏ ဆန္ဒအရ အရှင် အာနန္ဒာသည် ပါလိလေယျက တောအုပ်သို့ကြွလျက် ဘုရားရှင်ကို ပြန်လည် ပင့်ဆောင်သည်။ ပါလိလေယျက ဆင်မင်းသည် ဘုရားရှင်နှင့် ကွဲကွာရသဖြင့် ရင်ကွဲနာကျကာ သေဆုံးပြီး နတ်ပြည်၌ နတ်သားဖြစ်သွားသည်။

ဘုရားရှင် ဇေတဝန်ကျောင်းတော် ပြန်ရောက်သော် မသင့်မမြတ်ဖြစ် ခဲ့ကြသော ရဟန်းတို့သည် ဘုရားရှင်ထံ ဝန်ချတောင်းပန်ကာ ညီညွတ်မှုလည်း ရသွားကြတော့သည်။

ကောသမ္ဗီပြည်နေ မညီညွတ်သော ရဟန်းများကို အကြောင်းပြုကာ ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၆။ ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

အေသနာ၏အဓိပ္ပာယ်

၆။ ရန်လိုသူတို့သည် တစ်ချိန်၌ ငါတို့ သေကြရဦးမည်ဟု နားမလည်ကြကုန်။ (ထိုသို့ မသိသောကြောင့် ခိုက်ရန်ဖြစ်ကြကုန်၏) ပညာရှိတို့ကား ထိုသဘောကို သိကြကုန်သဖြင့် ခိုက်ရန်မပြုဘဲ ရန်ငြိမ်းအောင် ပြုကြကုန်၏။

ကောသမ္မီပြည်သား ရဟန်းများဝတ္ထု ပြီး၏။

၆။ စူဠကာလ၊ မဟာကာလဝတ္ထု

[အားနည်းသောသစ်ပင်နှင့်တူသူနှင့် ကျောက်တောင်နှင့်တူသူ]

စူဠကာလ၊ မဇ္ဈိမကာလနှင့် မဟာကာလဟူသော ညီနောင်သုံးယောက်တို့သည် သေတဏ္ဍိုလ်၌နေကာ ကွယ်လွန်သွားသော မိဘတို့၏ လက်ငုတ်လက်ရင်းအလုပ်များကို လုပ်ကိုင်ကြသည်။ စူဠကာလနှင့် မဟာကာလတို့သည် လှည်းများဖြင့် ကုန်ရောင်းကုန်ဝယ်လုပ်ရင်း တစ်နေ့တွင် ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်လာကြသည်။ ဇေတဝန်ကျောင်းတော်သို့ တရားနာသွားသူတို့ကို မြင်သောအခါ မဟာကာလသည် ကုန်လှည်းများကို စူဠကာလထံ အပ်နှံကာ တရားနာလိုက်သွားသည်။

ယုံကြည်မှု မတူညီကြ

ဘုရားရှင်ထံမှ တရားကို နာကြားရသောအခါ မဟာကာလသည် တရားတော်၌ ယုံကြည်သက်ဝင်လျက် ဘုရားရှင်ထံ၌ ရဟန်းပြုသွားသည်။ ညီဖြစ်သူက အစ်ကိုအား ရဟန်းမပြုရန် တားမြစ်သော်လည်း မရသဖြင့် နောင်သောအခါ သူပါလိုက်ပြီး ရဟန်းပြုလိုက်သည်။ အစ်ကိုသည် တရားတော်

http://www.dhammadownload.com

ကို ယုံကြည်၍ ရဟန်းပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ညီဖြစ်သူကား ထိုသို့ ယုံကြည်သောကြောင့် ရဟန်းပြုခြင်းမဟုတ်။ အစ်ကိုဖြစ်သူအား သာသနာ့ ဘောင်မှ ပြန်ဆွဲထုတ်ရန် ရည်ရွယ်ပြီး ရဟန်းပြုခဲ့ခြင်း ဖြစ်သည်။

မဟာကာလမထေရ်သည် ညဉ့်ဦးယံလွန်၍ အခြားသူတို့ အိပ်ချိန်တွင် သုသာန်သို့သွားလျက် သုသာန်ဓုတင်ကို ဆောက်တည်ပြီး တရားဘာဝနာ ပွားများသည်။ အခြားရဟန်းများ မနိုးသေးမီ ကျောင်းသို့ ပြန်လာသည်။

အသိပေးသင့်သူ အသိပေးထားပါ

- သုသာန်သို့ ညစဉ်လာနေသော ရဟန်းကို မြင်သောအခါ သုသာန်စောင့် အမျိုးသမီး ကာလီက မဟာကာလမထေရ်အား ဤသို့ လျှောက်ထားသည်။

"အရှင်ဘုရား၊ သုသာန်ဓုတင်ဆောင်ရဟန်းသည် သုသာန်စောင့်၊ ရွာ အကြီးအကဲနှင့် ကျောင်းထိုင်မထေရ်တို့အား မိမိ သုသာန်ဓုတင်ဆောင်ကြောင်း အသိပေးထားသင့်ပါသည်။ ခိုးဆိုးလုယက် တိုက်ခိုက်သူတို့သည် ရွာသူရွာသား နှင့် မင်းမှုထမ်းများက နောက်မှ လိုက်လံဖမ်းဆီးလျှင် သုသာန်သို့ဝင်လာပြီး ပစ္စည်းတို့ကို ပစ်ထားခဲ့တတ်ကြသည်။ ထိုအခါ သုသာန်ဓုတင်ဆောင် ရဟန်း ကို ခိုးဆိုးလုယက် တိုက်ခိုက်သူ ထင်မှတ်ကာ လူကောင်းတို့က အန္တရာယ်ပြု တတ်ကြသည်။ သက်ဆိုင်သူတို့အား ကြိုတင်အသိပေးထားပါက တပည့်တော် တို့က အရှင်ဘုရားအား အန္တရာယ်အမျိုးမျိုးမှ ကာကွယ်ပေးနိုင်ပါသည်"

မဟာကာလမထေရ်က လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပေးသည်။ ထို့နောက် သုသာန်စောင့်က "သုသာန်ဓုတင်ဆောင်ရဟန်းတို့ ပြုကျင့်အပ် သော ငါး၊ အမဲ စသည်ကို မစားရန်၊ မြတ်သောစိတ်ထားရှိရန်၊ လုံလဝီရိယ နှင့် ပြည့်စုံရန် လျှောက်ထားသည်။ အကယ်၍ အရှင်ဘုရားသည် ရဟန်းကိစ္စ ပြီးဆုံး၍ ပျံလွန်တော်မူပါလျှင် အထက်တန်းလွှာတို့ သင်္ကြိုဟ်သည့်အတိုင်း တပည့်တော်မက သင်္ကြိုဟ်မည်။ ရဟန်းကိစ္စ မပြီးသေးဘဲ ပျံလွန်တော်မူလျှင် သာမန်လူတို့အား သင်္ကြိုဟ်သည့်အတိုင်း သင်္ကြိုဟ်မည်" စသဖြင့် ပြည့်ပြည့်စုံစုံ အသိပေး လျှောက်ထားသည်။

http://www.dhammadownload.com

ရဟန္တာဖြစ်ပြီ

တစ်နေ့တွင် ရုတ်တရက် လောလောလတ်လတ် သေဆုံးသူ အမျိုးသမီး အလောင်းတစ်လောင်း ရောက်လာသည်။ သုသာန်စောင့်သည် မဟာကာလ ထေရ်၏ မှာကြားထားချက်အရ အသုဘကမ္မဋ္ဌာန်းဘာဝနာ ပွားများနိုင်ရန် မထေရ်ကို အကြောင်းကြားသည်။ မထေရ်သည် အမျိုးသမီးအလောင်းကို မီးမလောင်မီ ၃၂ ကောဋ္ဌာသစုံအောင်ကြည့်ကာ အသုဘဘာဝနာ ပွားများသည်။ တစ်ဖန် မီးလောင်ပြီးအလောင်းကိုလည်း မီးမလောင်မီ အခြေအနေတို့နှင့် နှိုင်းယှဉ်ကာ ဖြစ်ပျက်ကမ္မဋ္ဌာန်း ပွားများသည်။ မကြာမီပင် မထေရ်သည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသည်။

လူဝတ်လဲပေးလိုက်ကြပြီ

မဟာကာလမထေရ် ရဟန္တာဖြစ်ပြီးသည့်နောက်တွင် ဘုရားရှင်သည် စူဠကာလ၊ မဟာကာလတို့ရှိရာ သေတဗျမြို့ ယင်းတိုက်တော်သို့ ကြွရောက်သီတင်းသုံးနေတော်မူသည်။ မြတ်စွာဘုရား ယင်းတိုက်တော်၌ ကြွရောက်သည်ကို ကြားသဖြင့် စူဠကာလ၏ မယားနှစ်ယောက်တို့သည် တမန်စေလွှတ်ပြီး ဘုရားရှင်နှင့် ရဟန်းတော်များအား ဆွမ်းဘုဉ်းပေးရန် ပင့်ဆောင်ကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ ဒါနပြုရေးအတွက်မဟုတ်။ စူဠကာလကို နည်းမျိုးစုံဖြင့် ဖြားယောင်းကာ လူထွက်လာစေရန် ဖြစ်သည်။ အထွေထွေကိစ္စများကြိုတင်ဆောင်ရွက်နိုင်ရန်အတွက် စူဠကာလမထေရ်ကို ရဟန်းတို့က ကြိုတင်စေလွှတ်ကြသည်။ ရောက်လာသော စူဠကာလမထေရ်ကို သူ၏ မယားဟောင်း နှစ်ယောက်နှင့် အပေါင်းပါတို့က သင်္ကန်းချွတ်ကာ လူဝတ်လဲပေးလိုက်ကြသည်။

စူဠကာလမထေရ်၏ အကြောင်းစုံကို ကြားသိကြရသောအခါ မဟာကာလမထေရ်၏ ဇနီးဟောင်းရှစ်ယောက်တို့ကလည်း ထပ်တူပြုလုပ်ရန် အကြံဖြင့် ဘုရားရှင်နှင့် ရဟန်းတော်တို့ကို ဆွမ်းစားပင့်ကြပြန်သည်။ ဘုရားရှင်သည် ကြိုတင်၍ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ထားရန် မဟာကာလထေရ်ကို မစေလွှတ်ဘဲ အခြားသော ရဟန်းတစ်ပါးကို စေလွှတ်သည်။

http://www.dhammadownload.com

ဈာန်ယာဉ်စီးကာ ပြန်ကြွပြီ

ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသောအခါ ဆွမ်းအနုမောဒနာ တရားဟော ရန် မဟာကာလမထေရ်ကို ချန်ထားခဲ့သည်။ မဟာကာလ၏ ဇနီးတို့က သူတို့၏အကြံအောင်ပြီဟု သဘောထားလျက် စူဠကာလကို ပြုလုပ်သည့်နည်း အတိုင်း မဟာကာလမထေရ်ကို ဝိုင်းဝန်းလုပ်ဆောင်ကြသေးသည်။

သို့သော် မဟာကာလမထေရ်ကား ရဟန္တာဖြစ်သည်။ အခြေအနေစုံကို သိ၍ တန်ခိုးဖြင့် အိမ်ကိုဖောက်လျက် ကောင်းကင်ခရီး ဈာန်ယာဉ်စီးကာ ပြန်ကြွသွားသည်။

လမ်းခရီး၌ ရဟန်းတို့က မဟာကာလမထေရ်နှင့် ပတ်သက်၍ စိုးရိမ် ကြောင်း ပြောကြသည်။ ဘုရားရှင်က သိတော်မူသဖြင့် စူဠကာလသည် ကမ်းနား၌ပေါက်သော အားနည်းသည့်သစ်ပင်နှင့် တူသည်။ မဟာကာလ ကား အလွန်အင်မတန် ခိုင်ခံ့သော ကျောက်တောင်နှင့်တူသည်ဟု နှိုင်းပြတော် မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ရ။ သုဘာနုပသိ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ အမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။
၈။ အသုဘာနုပသိ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေနပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

ဒေသနာ၏အဓိပ္ပာယ်

၇။ ရဟန်းတို့၊ မခိုင်မာသောသစ်ပင်ကို လေပြင်းမုန်တိုင်းသည် နှိမ်နင်း ဖျက်ဆီးနိုင်သကဲ့သို့ တင့်တယ်၏ဟု အဖန်ဖန်ရှုနေသော စက္ခုစသော ဣန္ဒြေ တို့ကို မစောင့်ထိန်းသော၊ အစားအစာ၌ အတိုင်းအရှည်ကို မသိ၊ ပျင်းရိလျက် ဝီရိယ အားနည်းသူကို ကိလေသမာရ်သည် စင်စစ်ဇကန် နှိပ်စက်ညှဉ်းဆဲ ဖျက်ဆီးနိုင်သည်။

http://www.dhammadownload.com

၈။ ကျောက်တောင်ကို လေပြင်းမုန်တိုင်းသည် မတိုက်ခတ် မလှဲဖြိုနိုင်သကဲ့သို့ တင့်တယ်၏ဟု အဖန်ဖန် ရှုကြည့်မနေသော၊ ဣန္ဒြေကို စောင့်ထိန်းသော၊ အစားအစာ၌ အတိုင်းအရှည်ကိုသိပြီး သဒ္ဓါတရားလည်းရှိကာ လုံ့လဝီရိယရှိသူကို ကိလေသမာရ်သည် ဧကန်မုချ မဆွဲဆောင် မနှိပ်စက်၊ မညှဉ်းဆဲ မဖျက်ဆီးနိုင်ပေ။

စူဠကာလ၊ မဟာကာလဝတ္ထု ပြီး၏။

၇။ ဒေဝဒတ်ဝတ္ထု

[သက်နှင့်ထိုက်တန်သူနှင့် မထိုက်တန်သူ]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်နှင့်အတူ လက်ယာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်တို့ သီတင်းသုံးတော်မူနေကြသည်။ အရှင်ဒေဝဒတ်ကား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေသည်။ အခါတစ်ပါး၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်ပြည်သို့ မိမိတို့၏ နောက်ပါရဟန်းသံဃာ ငါးရာစီနှင့်အတူ ကြွရောက်တော်မူကြသည်။

အဂ္ဂသာဝကမထေရ်ကြီးတို့ ကြွရောက်တော်မူလာသဖြင့် ရာဇဂြိုဟ်သူ ရာဇဂြိုဟ်သားတို့က လှူဖွယ်အမျိုးမျိုးဖြင့် လှူဒါန်းကြသည်။ ထိုအခါ ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်က ဒါယကာတို့အား ဤသို့ တရားအနုမောဒနာပြု ဟောတော်မူသည်။

အလှူဒါနအမျိုးမျိုးနှင့် အကျိုးတရားအမျိုးမျိုး

၁။ အကြင်သူသည် ကိုယ်တိုင်ပေးလှူ၏၊ သူတစ်ပါးကို မတိုက်တွန်း၊ ထိုသူသည် ဖြစ်လေရာဘဝတိုင်း၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ အခြံအရံနှင့် မပြည့်စုံ။

http://www.dhammadownload.com

၂။ အကြင်သူသည် ကိုယ်တိုင်ကမူ မလျှု၊ သူတစ်ပါးကို လျှုရန် တိုက်တွန်း၏။ ထိုသူသည် ဖြစ်လေရာဘဝတိုင်း၌ စည်းစိမ်ဥစ္စာနှင့် မပြည့်စုံ၊ အခြံအရံနှင့်သာ ပြည့်စုံ၏။

၃။ အကြင်သူသည် ကိုယ်တိုင်လည်း လျှု၏။ သူတစ်ပါးကိုလည်း လျှုရန် တိုက်တွန်း၏။ ထိုသူသည် စည်းစိမ်ဥစ္စာနှင့်ရော အခြံအရံနှင့်ပါ ပြည့်စုံရ၏။

၄။ အကြင်သူသည် ကိုယ်တိုင်လည်းမလျှု၊ သူတစ်ပါးကိုလည်း လျှုရန် မတိုက်တွန်း၊ ထိုသူသည် ဘဝအဆက်ဆက်၌ စည်းစိမ်ဥစ္စာလည်း မရ၊ အခြံအရံလည်း မရှိ။

ထိုတရားတော်ကို နာကြားရသဖြင့် ဒါယကာတစ်ဦးက အရှင်မြတ်ကြီး ဘုရား၊ နောက်ပါသံဃာတော်များနှင့်အတူ နက်ဖြန်ခါ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဟု လျှောက်ထားသည်။ ထိုဒါယကာသည် မြို့သူမြို့သားတို့ကို လျှုရန်တိုက်တွန်းသဖြင့် အခြားသူတို့ကလည်း လျှုဒါန်းရန် ပြင်ဆင်ကြသည်။ အားလုံး စုပေါင်းကာ တစ်နေရာတည်း၌ အလှူပြုလုပ်ကြရန် သဘောတူ ထားလိုက်ကြသည်။

အခြားအလှူရှင် သူကြွယ်တစ်ဦးသည် လျှုဒါန်းရန် နှိုးဆော်သော ဒါယကာအား အဖိုးတစ်သိန်းတန် သင်္ကန်းလျှာတစ်ထည်ကို ပေး၍ "အလှူဒါန ပြုကြရာ၌ လိုအပ်တာရှိလျှင် ရောင်းချပြီး လျှုပါ၊ မလိုအပ်လျှင် မရောင်းချတော့ဘဲ လျှုဒါန်းသင့်သူ မည်သည့်ရဟန်းအားမဆို လျှုဒါန်းပါ"ဟု ပြောဆိုလျက် ပေးလျှုသွားသည်။

အလှူဒါန ပြုလုပ်ကြသောအခါ အားလုံး ပြည့်စုံလုံလောက်သဖြင့် ထိုသင်္ကန်းလျှာကို မရောင်းချလိုက်ရပေ။ ထို့ကြောင့် ထိုသင်္ကန်းလျှာအထည်ကို တစ်ပါးပါးအား လျှုရန် စီစဉ်ကြသည်။ အချို့က အရှင်ဒေဝဒတ်ကို လျှုလိုကြ၏။ သူတို့၏ အကြောင်းပြချက်မှာ အရှင်သာရိပုတ္တရာသည် တစ်ခါတစ်ရံမှသာ ကြွလာတတ်သည်။ အရှင်ဒေဝဒတ်သည် ရာဇဂြိုဟ်သူ၊ ရာဇဂြိုဟ်သားတို့နှင့် အမြဲတမ်း အတူနေသည်။ သာရေး၊ နာရေးတို့၌လည်း အတူရှိသည်ဟု

http://www.dhammadownload.com

ပြောကြသည်။ ဝိနည်းတော်နှင့်အညီ နေထိုင်မှု မရှိသည်ကို အချို့က မသိကြ၊ သို့ဖြင့် ထိုသင်္ကန်းလျာကို အရှင်ဒေဝဒတ်အား လှူဒါန်းလိုက်ကြသည်။

သင်္ကန်းနှင့် မထိုက်တန်သူ

ရှင်ဒေဝဒတ်သည် ရရှိလာသော သင်္ကန်းလျာကို ချုပ်ဆိုးဝတ်ရုံကာ လှည့်လည်သွားလာသည်။ ထိုသို့ ရှင်ဒေဝဒတ် အဖိုးတန်သင်္ကန်းကြီးဖြင့် ဝတ်ရုံသွားလာနေသည်ကို မြင်သဖြင့် အလှူရှင်အချို့က သူနှင့်မထိုက်တန်ဟု ကဲ့ရဲ့ဝေဖန်ကြသည်။ အရှင်သဲာရိပုတ္တရာတို့ကဲ့သို့ ကြည်ညိုဖွယ်ရာ ရှိသူနှင့်သာ ထိုက်တန်သည်ဟု ပြောဆိုဝေဖန်ကြသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်မှရောက်လာသော ရဟန်းတစ်ပါး၏ ဒေဝဒတ် အကြောင်း လျှောက်ထားချက်ကို ကြားသိတော်မူသဖြင့် ရှင်ဒေဝဒတ်၏ အတိတ်ဘဝအကြောင်း ဒုကနိပါတ် အမှတ် (၂၂) ကာသာဝဇာတ်ကို ဟောပြတော်မူသည်။

အတိတ်ဘဝတစ်ခုခွ် ဒေဝဒတ်သည် ဆင်ကိုသတ်၍ ရရှိသော ဆင်စွယ်၊ အရိုး၊ အသား စသည့် ပစ္စည်းပေါင်းစုံကို ရောင်းချကာ အသက်မွေးရသူ ဆင်သတ်သမား ဖြစ်ခဲ့သည်။ သူသတ်သောကြောင့် ဆင်များသည် သူနှင့်ဝေးရာ အခြားစားကျက်တစ်ခုသို့ ပြောင်းရွှေ့သွားကြသည်။ ဆင်များရှိရာသို့ လိုက်လံကြည့်သောအခါ ဆင်တို့သည် ပစ္စေကဗုဒ္ဓါတို့အား အသွားတွင် လည်းကောင်း၊ အပြန်တွင် လည်းကောင်း ရှိခိုးဦးတင်ပြီးမှ လှည့်လည်သွားလာနေကြသည်ကို မြင်ရသည်။ ပစ္စေကဗုဒ္ဓါတို့ ဝတ်ရုံထားသော သင်္ကန်းကြောင့် ထိုသို့ ပြုလုပ်နေသည်ကို သိသဖြင့် ဒေဝဒတ်သည် ပစ္စေကဗုဒ္ဓါတို့၏ သင်္ကန်းကို ခိုးယူဝတ်ရုံသည်။ ရှိခိုးရန်လာသော ဆင်တို့ကို တစ်ကောင်ချင်း သတ်သည်။ ဘုရားအလောင်းဆင်မင်း၏ အကြံအစည်ကြောင့် ဒေဝဒတ်မှာ ဆင်သတ်သမားဖြစ်ကြောင်း ဆင်များ သိသွားကြသည်။ ဆင်သတ်သမားကို သတ်ရန် စီစဉ်ကြသောအခါ "သင်္ကန်းသည် သူတော်သူမြတ်တို့၏ ဝတ်ရုံဖြစ်သည်။ သင်္ကန်းဝတ်ထားသူကို သတ်လျှင် သူတော်သူမြတ်တို့ကို ထိခိုက်မည်" ဟု ဆင်ခြင်လျက် ဆင်သတ်သမားအား "သင်သည် သင်နှင့် မထိုက်တန်သော အဝတ်သင်္ကန်းကို မဝတ်နှင့်" ဟု ပြောဆိုဆုံးမသည်။

http://www.dhammadownload.com

ဒေဝဒတ်သည် အတိတ်ဘဝတစ်ခုခ်၌လည်း ဤသို့ပင် ကိုယ်နှင့်မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံဖူးသည်ဟု ဘုရားရှင်က မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။

၉။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝ'မရဟတိ။
၁၀။ ယော စ ဝန္တကသာဝ'ဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝ'မရဟတိ။

ဒေသနာ၏အဓိပ္ပာယ်

၉။ ရာဂစသော ကိလေသာ ဖန်ရည်ရှိနေသည့်အပြင် စက္ခုစသော ဣန္ဒြေတို့ကိုလည်း ချုပ်တည်း ထိန်းသိမ်းခြင်းမရှိ။ ဖြောင့်လည်း မဖြောင့်မှန်၊ မှန်ကန်စွာလည်း မပြောတတ်သော ထိုသူမျိုးသည် သင်္ကန်းနှင့် မထိုက်တန်။

၁၀။ ရာဂ စသော ကိလေသာ ဖန်ရည်ကို ထွေးအန် စွန့်ပယ်လျက် သီလ၌ ကောင်းစွာတည်၍ စက္ခုစသော ဣန္ဒြေတို့ကိုလည်း ချုပ်တည်း ထိန်းသိမ်းနိုင်သည်။ ဖြောင့်လည်း ဖြောင့်မှန်၊ မှန်ကန်စွာလည်း ပြောတတ်သော ထိုသူမျိုးသည်သာ သင်္ကန်းနှင့် ထိုက်တန်သည်။

ဒေဝဒတ်ဝတ္ထု ပြီး၏။

၈။ အရှင်သာရိပုတ္တရာမထေရ် ဝတ္ထု

[အကာကိုပစ်၍ အနှစ်ကိုသာယူသူ]

မဂဓတိုင်း ရာဇဂြိုဟ်ပြည်အနီး၌ နာလကအမည်ရှိ ရွာကြီးတစ်ရွာရှိသည်။ ထိုရွာ၌ ဝင်္ကန့်နှင့် ရူပသာရီဟု ခေါ်ဆိုသော ပုဏ္ဏားဇနီးမောင်နှံတို့နေကြသည်။ သူတို့သည် ဥစ္စာစည်းစိမ် ကြွယ်ဝသူများဖြစ်ကြ၏။ သူတို့တွင် သားလေးယောက်နှင့် သမီးသုံးယောက်ရှိသည်။ သားလေးယောက်မှာ အရှင်

http://www.dhammadownload.com

သာရိပုတ္တရာလောင်းလျာ ဥပတိဿ၊ စုန္ဒ၊ ဥပသေနနှင့် ရေဝတတို့ ဖြစ်ကြသည်။ သမီးသုံးယောက်မှာ စာလာ၊ ဥပစာလာနှင့် သီသူပစာလာတို့ ဖြစ်ကြသည်။

ရည်ရွယ်ချက်တူ ဆုတောင်းခဲ့သူများ

ဥပတိဿမိသားစုနှင့် အလွန်ခင်မင်ရင်းနှီးသော မိသားစုမှာ ကောလိတ ရွာရှိ ကောလိတ မိသားစု ဖြစ်သည်။ ကောလိတသည် အရှင်မောဂ္ဂလာန်လောင်းလျာဖြစ်၏။ မိသားစုချင်း ခင်မင်ရင်းနှီးသဖြင့် လက်ယာတော်ရဲ့ အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿနှင့် လက်ဝဲတော်ရဲ့ အရှင်မောဂ္ဂလာန်လောင်းလျာ ကောလိတတို့သည်လည်း ခင်မင်ရင်းနှီးကြသူများ၊ အတွေးအမြင်နှင့် ယုံကြည်ချက် တူသူများလည်း ဖြစ်ကြသည်။ ထို့ပြင် အနောမဒဿီဘုရားရှင် လက်ထက်တော်က အဂ္ဂသာဝကအစုံဖြစ်စေရန် အတူတကွ ဆုတောင်းခဲ့ကြသူများလည်း ဖြစ်ကြသည်။

တရားအမြင်ဖြင့် ပွဲသဘင်ကြည့်သူ

သူတို့နှစ်ယောက်သည် ရာဇဂြိုဟ်မြို့တော်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော တောင်ထိပ်ပွဲသဘင်ကို သွားရောက်ကြည့်ရှုကြသည်။ တောင်ထိပ်ပွဲသဘင်မှာ အလွန်ကျော်ကြား လူသိများသော ပွဲသဘင်ဖြစ်သည်။ ထိုပွဲသဘင်သို့ အကျော်အမော်တို့ လာရောက်ဆင်နွှဲကြသည်။ လူတန်းစားအစုံတို့ ကြည့်ရှုကြသည်။ ခန္ဓာကိုယ်ရှိ ပစ္စည်းပစ္စယအစုံကို ထိုပွဲသဘင်၌ မြင်တွေ့နိုင်သည်။ ခြေဆုံးခေါင်းဆုံး တစ်မျိုးပြီးတစ်မျိုး ဖော်ချွတ်ပြသော ပွဲသဘင်ဟုလည်း အများက သိထားကြသည်။

ပွဲသဘင်ကြည့်သူတို့တွင် အချို့က ပျော်စရာရွှင်စရာ၊ အချို့က တပ်မက်စရာ၊ အချို့က သံဝေဂယူစရာ အမြင်ဖြင့် ကြည့်ကြသည်။ ဥပတိဿနှင့် ကောလိတတို့သည် ထိုပွဲသဘင်ကို ကြည့်ရှုရာမှ ဓမ္မအတွေးအမြင်များ ရရှိသွားကြသည်။ ယခု ကြည့်နေသူ၊ ပျော်နေသူ၊ ဖျော်ဖြေနေသူတို့သည် နောက်မကြာခင် နှစ်တစ်ရာခန့်လောက် ရောက်လျှင် ဤလောကအတွင်း၌ တစ်ဦး

http://www.dhammadownload.com

တစ်ယောက်မျှ ရှိကြတော့မည်မဟုတ်။ မရဏာသဘောဖြင့် သူတို့အားလုံးသည် ကွယ်ပျောက်သွားကြရာပေလိမ့်မည်။ ထိုဘေးမှ လွတ်မြောက်နိုင်သော၊ ဝင့်ဆင်းရဲမှ လွတ်မြောက်နိုင်သော 'ဓမ္မ' ကို ရှာဖွေသင့်သည်ဟု သူတို့နှစ်ယောက် တွေးကြံမိကြသည်။

ထိုအတွေးအမြင်အရ သူတို့နှစ်ယောက်သည် ဝင့်ဆင်းရဲမှ လွန်မြောက်၍ မအို၊ မနာ၊ မသေရာသို့ရောက်နိုင်သည့် တရားကိုရှာရန် ကျော်ကြားသော သိဒ္ဓည်းပရိဗိုဇ် ဆရာကြီးထံ သွားရောက်တပည့်ခံကြသည်။ သူတို့ နှစ်ရက်၊ သုံးရက်မျှ သင်ယူလေ့လာလိုက်သောအခါ အလုံးစုံကို တတ်မြောက်သွားကြသည်။ ထိုဆရာကြီးထံ၌ သူတို့လိုချင်နေသော ဓမ္မကိုကား ရှာမတွေ့။ သို့ဖြင့် သူတို့သည် ဇမ္ဗုဒီပါကျွန်းအနှံ့ လိုက်လံရှာဖွေခဲ့ကြသည်။ မတွေ့သောအခါ ရာဇဂြိုဟ်သို့ ပြန်လှည့်လာခဲ့ကြသည်။

ထို့နောက် ဥပတိဿနှင့် ကောလိတတို့သည် "ဆရာကောင်းတွေ့လျှင် တစ်ဦးကိုတစ်ဦး ပြန်ကြားအသိပေးကြစတမ်း" ဟု ကတိပြုကြပြီး အသီးသီး ခွဲခွာခဲ့ကြသည်။

အရှင်အဿဇိနှင့် တွေ့ပြီ

ပဉ္စဝဂ္ဂီငါးဦးတို့အပါအဝင် ခြောက်ကျိပ်ကျော်ကျော်ရှိသော ရဟန်းတို့ကို ဘုရားရှင်သည် ဒေသစာရီ လှည့်လည်ကာ သာသနာပြုရန် စေလွှတ်တော်မူခဲ့သည်။ ပဉ္စဝဂ္ဂီငါးဦးအနက် တစ်ပါးဖြစ်သော အရှင်အဿဇိမထေရ်သည် သာသနာပြုခရီး လှည့်လည်ရာမှ ရာဇဂြိုဟ်သို့ ပြန်လည်ရောက်ရှိလာသည်။

နံနက်စောစောတွင် အရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွသည်။ ကြည်ညိုဖွယ်ကောင်းလှသော ဣန္ဒြေတို့ဖြင့် ဆွမ်းခံကြွနေသော အရှင်အဿဇိကို မြင်သော် ဥပတိဿပရိဗိုဇ် အလွန်စိတ်ဝင်စားသွားသည်။ သူ လိုချင်သော ဓမ္မ ဤပုဂ္ဂိုလ်၌ရှိရမည်ဟု ယူဆကာ အရှင်အဿဇိနောက်မှ လိုက်သွားသည်။ ဆွမ်းခံအပြီး တစ်နေရာသို့ရောက်သော် အရှင်အဿဇိမထေရ် ဆွမ်းဘုဉ်းပေးသည်။

http://www.dhammadownload.com

ဥပတိဿသည် အရှင်အဿဇိမထေရ် ဆွမ်းဘုဉ်းပေးပြီးသည်အထိ စောင့်ကြည့် ကြည်ညိုနေခဲ့ပြီး "အရှင်ဘုရား၊ အရှင်ဘုရား၏ ဣန္ဒြေတို့သည် သိမ်မွေ့လှပါ၏။ အရှင်ဘုရား၏ ဆရာကား အဘယ်သူပါနည်း"

"ငါ့ရှင်၊ ငါသည် ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုခဲ့၏" ဟု ရဟန်းက ဖြေကြားသည်။ ထိုအခါ ဥပတိဿက "ဘုရားရှင်သည် မည်သို့သော တရားများကို ဟောကြားပါသနည်း။ အကျွန်ုပ်အား သိခွင့်ပေးတော်မူပါ" ဟု ထပ်မံ လျှောက်ထားသည်။

"ငါ့ရှင်၊ ငါသည် သာသနာတော်၌ ရဟန်းပြုခဲ့သည်မှာ မကြာသေး။ ဘုရားရှင် ဟောကြားသည်တို့ကို အပြည့်အစုံ အကျယ်မဟောကြားနိုင်သေးပါ" ဟု ဖြေကြားသည်။

"အရှင်ဘုရား သိသမျှကိုသာ ဟောကြားတော်မူပါ" ဟု ဥပတိဿက လျှောက်ထားပြန်သည်။

ထိုအခါ အရှင်အဿဇိမထေရ်က "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာကို ဟောတော်မူ၏။

အရှင်အဿဇိ ဟောကြားသောဂါထာနှင့်အဓိပ္ပာယ်

ယေဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော အာဟ၊
တေသဉ္စ ယော နိရောဓော
ဧဝံဝါဒီ မဟာသမဏော။

အရှင်အဿဇိက ဤဂါထာကို ဟောကြားလိုက်သည်။ ဥပတိဿသည် ဂါထာ၏ ပထမနှစ်ပါဒဆုံးလျှင်ပင် သောတာပန် ဖြစ်သွားလေတော့သည်။

"ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့် ဖြစ်ကြကုန်၏။ ထိုအကြောင်းကို ငါတို့ဆရာဘုရားရှင်သည် ဟောကြား၏။ ဖြစ်ဖြစ်သမျှတို့၏ ချုပ်ငြိမ်းရာနှင့် ထိုချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်ကိုလည်း ငါတို့ဆရာ ဘုရားရှင်သည် ဟောတော်မူ၏"

9A

http://www.dhammadownload.com

ဥပတိဿသည် တရားကို သိသောအခါ တရားရှင်ကို သိလိုပြန်သည်။ ဝေဠုဝန်ကျောင်းတော်၌ "တရားရှင် သီတင်းသုံးနေသည်" ဟု သိသောအခါ နောက်မှ လိုက်လာပါမည်ဟု ကတိပြုလိုက်ပြီး။ ကောလိတထံ သွားသည်။ ကောလိတသည် မိတ်ဆွေဖြစ်သူ ဥပတိဿလာနေသည်ကို မြင်သည်နှင့် ဘာကြောင့်လာသည်ဟု သဘောပေါက်ပြီး ဖြစ်နေသည်။ ဥပတိဿ၏ အသွင်အပြင်နှင့် အမူအရာတို့ကို အကဲဖြတ်ကာ သိလိုက်ခြင်းဖြစ်သည်။

ဥပတိဿသည် ကောလိတအား အရှင်အဿဇိနှင့် တွေ့ကြုံခဲ့ပုံကို ရှင်းပြသည်။ အရှင်အဿဇိ ဟောပြသောတရားကိုလည်း ပြန်ဟောပြသည်။ ပါရမီရင့်ကျက်နေသော ပါရမီရှင်ကောလိတသည်လည်း ထိုတရားကို ကြားနာရသည်နှင့်ပင် သောတာပန် ဖြစ်သွားတော့သည်။

ကောလိတသည် တရားသိသောအခါ တရားရှင်ဖြစ်သူ ဘုရားရှင်ရှိရာသို့ ချက်ချင်း လိုက်သွားရန် ပြောသေးသည်။ သို့သော် ဥပတိဿကမူ မိမိတို့၏ ဆရာဖြစ်ခဲ့ဖူးသော သိဉ္စည်းဆရာကြီးအား အသိပေးခေါ်ယူရန် ပြောသဖြင့် နှစ်ဦးသဘောတူ သိဉ္စည်းဆရာကြီးထံ သွားသည်။ ပရိဗိုဇ်ဆရာကြီးက တပည့်တို့ အမြိုက်တရားသို့ ရောက်ကြောင်းတရားကို တွေ့ပြီလောဟု မေးသည်။ အမတ တရားကို တွေ့ပါပြီ။ ဘုရားရှင် ပွင့်တော်မူနေပြီ။ ဘုရားရှင်ဟောပြသဖြင့် တရားတော်သည် ထင်ရှားဖြစ်ပေါ်လာပြီး တပည့်သား သံဃာပါ လောကသားတို့အတွက် ပေါ်ထွန်းနေပြီဟု အကြောင်းစုံ ပြောပြသည်။ ထို့ကြောင့် မိမိတို့နှင့်အတူ ဘုရားရှင်ထံ အတူသွားရန်လည်း တိုက်တွန်းသည်။

အနှစ်ကိုပစ်ကာ အကာကိုသာယူသူ

ထိုအခါ သိဉ္စည်းဆရာကြီးက–

"အသင်တို့သာ သွားကြပါ။ ငါသည် ဆရာကြီးဖြစ်၏။ အိုးစရည်းကြီးဖြစ်၏။ အခြားသူထံ တပည့်မခံလို။ ဘုရားရှင်ထံသွားလျှင် ဆရာကြီး ဘဝမှ တပည့်ကလေးဘဝ ရောက်သွားပြီး ရေလောင်းအိုးကလေး ဖြစ်သွားပေလိမ့်မည်"

http://www.dhammadownload.com

"ဆရာကြီး၊ ပညာရှိတို့သည် ပညာရှိချင်း ဆက်ဆံကြပါသည်။ ဆရာကြီးသည် ပညာရှိကြီး မဟုတ်ပါလား"

"အေး၊ လောကဌ် ပညာရှိ ပညာရှိချင်း ဆက်ဆံသည်။ သင်တို့သာ ပညာရှိထံ သွားကြပါ။ လောကဌ် ပညာမဲ့သူသည် အများစုဖြစ်သည်။ ငါ့ထံ ပညာမဲ့သူတို့ လာကြလိမ့်မည်"

ထိုသို့ဆရာကြီးနှင့် အပြန်အလှန် ဆွေးနွေးကြပြီးနောက် ဥပတိဿနှင့် ကောလိတတို့သည် ဆရာကြီးထံမှ ထွက်ခွာလာခဲ့ကြသည်။ ဆရာကြီး၏ တပည့်ငါးရာအနက် တပည့်နှစ်ရာငါးဆယ်တို့သည် ဥပတိဿတို့နှင့်အတူ လိုက်ပါလာကြသည်။ ထိုအခြေအနေကို မြင်ရသဖြင့် စိတ်မကောင်းဖြစ်ကာ သိဉ္ဆည်းဆရာကြီးသည် နှလုံးသွေးဆူပွက်ကာ သွေးအန်လေတော့သည်။

ဥပတိဿနှင့် ကောလိတတို့ ရောက်လာချိန်၌ ပရိသတ်အား ဘုရားရှင်သည် တရားဟောနေသည်။ ဥပတိဿတို့သည် ဘုရားရှင်ထံ ရှင်ရဟန်းပြုပေးပါရန် ပန်ကြားကြသည်။ ဥပတိဿ၊ ကောလိတနှင့် ပါလာသူအားလုံးကို ဘုရားရှင်က 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူလိုက်သည်။ ရဟန်းဖြစ်သောအခါ မယ်တော်များ၏ အမည်နှင့် ဆက်နွယ်ကာ ဥပတိဿသည် အရှင်သာရိပုတ္တရာ၊ ကောလိတသည် အရှင်မဟာမောဂ္ဂလာန် အဖြစ် သာသနာ့သမိုင်း တစ်လျှောက်လုံး ထင်ရှားသွားကြသည်။

အဂ္ဂသာဝကအစုံဖြစ်ပြီ

အရှင်မောဂ္ဂလာန်သည် ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်အကြာတွင် လည်းကောင်း၊ အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်ပြီး ၁၅ ရက်အကြာ၌ လည်းကောင်း ရဟန္တာဖြစ်တော်မူကြသည်။ ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သံဃာ့အစည်းအဝေးတွင် ဤမထေရ်နှစ်ပါးအား အဂ္ဂသာဝကအဖြစ် အရာ၌ ထားတော်မူသည်။

ဤမထေရ်နှစ်ပါးအား အဂ္ဂသာဝကအရာပေးသောအခါ အချို့ရဟန်းတို့က မသင့်သောစကားကို ဆိုကြသည်။ ဤအရှင်နှစ်ပါးအရင် သာသနာတွင်းသို့ ရောက်နေသော ပဉ္စဝဂ္ဂီတို့အား ပေးသင့်သည်။ ယသအမှူးရှိသော ငါးဆယ့်ငါးပါးသော ရဟန်းတို့အား ပေးသင့်သည်။ ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ်၊

http://www.dhammadownload.com

ဥရုဝေလကဿပ စသော ရသေ့ညီနောင်တို့ကို ပေးသင့်သည် စသည်ဖြင့် ပေဖန်ပြောဆိုကြသည်။ ထိုအသံကို ဘုရားရှင် ကြားသိတော်မူသည်။ ထိုအခါ အဂ္ဂသာဝကနှစ်ပါးတို့သည် လွန်ခဲ့သော တစ်သန်းခြေနှင့် ကမ္ဘာတစ်သိန်းအထက် အနောမဒဿီဘုရားရှင် လက်ထက်၌ အဂ္ဂသာဝကဆုကိုတောင်းလျက် ပါရမီ ဖြည့်ခဲ့ကြပုံတို့ကို ပြန်လည် ဟောပြတော်မူသည်။

ထို့နောက် အဂ္ဂသာဝကနှစ်ပါးတို့က တောင်ထိပ်ပွဲသဘင်မှအစ သိဋ္ဌည်းဆရာကြီးနှင့် တွေ့ပုံအလယ်၊ အရှင်အဿဇိထံမှ အနှစ်သာရရှိသော အမတတရား ကြားနာရပုံတို့ကို အစုံအလင် လျှောက်ထားသည်။ သိဋ္ဌည်းဆရာကြီးကို လိုက်ပါလာရန် ခေါ်ခဲ့သော်လည်း သိဋ္ဌည်းဆရာကြီးက မလိုက်ပါဘဲ နေခဲ့သည့်အကြောင်းတို့ကိုလည်း အပြည့်အစုံ လျှောက်ထားကြသည်။

ထိုအခါ မြတ်စွာဘုရားက ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၁။ အသာရေ သာရမတိနော၊ သာရေ စာ သာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။
၁၂။ သာရဉ္ဆ သာရတော ဥတ္ဝာ၊ အသာရဉ္ဆ အသာရတော။
တေ သာရ မဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

ဒေသနာ၏အဓိပ္ပာယ်

၁၁။ မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူရှိသူတို့သည် အနှစ်သာရမရှိသော မိစ္ဆာအယူ၌ အနှစ်သာရရှိသည်ဟု ယူဆကြကုန်၏။ အနှစ်သာရရှိသော သမ္မာအယူ၌မူ အနှစ်သာရမရှိဟု ယူဆကြကုန်၏။ ထိုသူတို့သည် အနှစ်သာရကို မရနိုင်ကြကုန်။

၁၂။ မှန်ကန်သော သမ္မာဒိဋ္ဌိ အယူရှိသူတို့သည် အနှစ်သာရရှိသော တရားကို အနှစ်သာရရှိမှန်း သိကြ၏။ အနှစ်သာရမရှိသောတရားကိုလည်း အနှစ်သာရမရှိဟု သိကြကုန်၏။ ထိုသူတို့သည်သာ အနှစ်သာရရှိသော တရားကို ရရှိနိုင်ကြလေကုန်၏။

အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၉။ အရှင်နန္ဒမထေရ်ဝတ္ထု

[ရာဂရှင်ဘဝမှ ရာဂကင်းသူဘဝရောက်ရသူ]

အရှင်နန္ဒမထေရ်သည် ဘုရားရှင်နှင့် ညီအစ်ကိုတော်သူ ဖြစ်သည်။ နန္ဒမထေရ်၏ ဖခမည်းတော်မှာ သုဒ္ဓေါဒနမင်းကြီးပင် ဖြစ်သည်။ ဘုရားရှင်၏ မယ်တော်သည် မဟာမာယာဒေဝီဖြစ်ပြီး အရှင်နန္ဒ၏ မယ်တော်မှာ မဟာမာယာဒေဝီ၏ ညီမတော် မဟာပဇာပတိဂေါတမီ ဖြစ်သည်။ သာကီဝင်မင်းမျိုးတို့တွင် ငယ်သူက ကြီးသူ၏ စကားကို အထွန့်တက်သော ဓလေ့ထုံးစံ မရှိ။ ကြီးသူ၏ စကားကို ငယ်သူတို့က လိုက်နာသည်သာ ဖြစ်သည်။

ကာဠုဒါယီပင့်သောအခါ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေကြောင်း ဘုရင်သုဒ္ဓေါဒန ကြားသိသောအခါ တစ်ကျိပ်သော အမတ်တို့ကို အခြံအရံတစ်ထောင်စီဖြင့် တစ်ယောက်ပြီးတစ်ယောက် အပင့်ခိုင်းသည်။ ခိုင်းစေသမျှ အမတ်တို့သည် ဘုရားရှင်ထံ ရောက်သွားသောအခါ ရဟန်းပြုသွားခဲ့ကြသည်။ သုဒ္ဓေါဒနဘုရင်ကြီးထံ အကြောင်းတစ်စုံတရာကိုမျှ ပြန်ကြားခြင်း မပြုကြပေ။ ထို့ကြောင့် ဘုရားရှင်နှင့် တစ်ချိန်တည်း မွေးဖွားခဲ့သည့် ဖွားဘက်တော် ကာဠုဒါယီအမတ်ကို အပင့်ခိုင်းမှ ဘုရားရှင်သည် နောက်လိုက်နောက်ပါ သံဃာတော်တို့နှင့်အတူ ကပိလဝတ်သို့ ကြွလာတော်မူသည်။

ဝေဿန္တရာဇာတ်တော်ဟောပြီ

ဘုရားရှင် ကပိလဝတ်ပြည်သို့ ရောက်သောအခါ ဆွေတော်မျိုးတော်တို့ စုဝေးနေချိန်၌ ပေါက္ခရဝဿမိုးရွာသွန်းလာသည်။ ပေါက္ခရဝဿမိုးသည် စွတ်စိုစေလိုသူကိုသာ စွတ်စိုစေသောမိုး ဖြစ်သည်။ ထိုမိုးရွာသည်ကို အကြောင်းပြုကာ ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူသည်။ နောက်နေ့နံနက် ဆွမ်းခံဝင်တော်မူစဉ် "ဥတ္တိဋ္ဌေနပွမဒ္ဒေယျ" ဂါထာတော်ဖြင့် ဓမည်းတော်မင်းကြီးအား သောတာပန် ဖြစ်စေတော်မူသည်။ "ဓမ္မဋ္ဌရေ" စသော ဂါထာဖြင့် မိထွေးတော်

http://www.dhammadownload.com

မဟာပဇာပတိဂေါတမီကို သောတာပတ္တိဖိုလ်၌ တည်စေပြီး တစ်ပြိုင်တည်း မှာပင် ခမည်းတော်မင်းကြီးအားလည်း သကဒါဂါမ်အဖြစ်သို့ ပို့ဆောင်တော် မူသည်။

ထိုမှတစ်ဖန် နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးနောက် ယသော်ဓရာထံသို့ ကြွတော်မူသည်။ ယသော်ဓရာ၏ ဂုဏ်ကျေးဇူးကိုပြသော ကိန္နရာ ဖိုမဘဝက ယသော်ဓရာ ပါရမီဖြည့်ခဲ့ပုံ စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူသည်။

နန္ဒမင်းသားကို ရဟန်းပြုပေးပြီ

ထိုမှ နှစ်ရက်မြောက်သောနေ့တွင် နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ တို့၏ လက်ထပ်မင်္ဂလာပွဲသို့ ကြွတော်မူကာ မင်္ဂလာတရားတော်ကို ဟော ကြားသည်။ မင်္ဂလာတရား ဟောကြားအပြီး ဘုရားရှင်သည် နန္ဒမင်းသားအား သပိတ်တော်ကို ကိုင်စေလျက် ကျောင်းတော်သို့ ပြန်ကြွလာသည်။ နန္ဒမင်းသား သည် နောက်တော်ပါးမှ သပိတ်တော်ကို ကိုင်ပြီး လိုက်လာခဲ့ရာ တစ်နေရာ အရောက်တွင် ဘုရားရှင်သည် သပိတ်တော်ကို ပြန်ယူလိမ့်မည်ဟု တွေးတော ကာ လိုက်လာခဲ့သည်။ သို့သော် ကျောင်းတော်သို့ ရောက်သည်အထိ ဘုရားရှင် က သပိတ်တော်ကို ပြန်မယူသည့်အပြင် 'နန္ဒ၊ သင် ရဟန်းပြုနိုင်မည်လား' ဟု မေးတော်မူသည်။ နန္ဒမင်းသားသည် စိတ်ထဲကမပါသော်လည်း နောင်တော်၏စကားကို လေးစားသောအားဖြင့် 'ရဟန်းပြုနိုင်ပါသည်' ဟု ပြန်ကြားလျှောက်ထားလိုက်သဖြင့် နန္ဒမင်းသားအား ရဟန်းပြုပေးလိုက်သည်။

ရာဟုလာ အမွေတောင်းပြီ

နောက်ရက်များ မကြာမီတွင် ရာဟုလာ မယ်တော်သည် သားတော် ရာဟုလာအား သွန်သင်၍ ဖခင်ဖြစ်သူထံမှ အမွေတောင်းခိုင်းသည်။ 'ဤ ရဟန်းသည် သား၏ ကျေးဇူးရှင် ဖခမည်းတော်ဖြစ်သည်။ ခမည်းတော်၌ ရွှေအိုးကြီးတို့သည် ရှိ၏။ သားတော်သည် အဘိသိက်ခံပြီးသော် စကြာမင်း ဖြစ်ရပေတော့မည်။ ခမည်းတော်ပိုင် ဥစ္စာပစ္စည်းများကို သားတော်အား အမွေ ပေးတော်မူပါ' ဟု တောင်းဆိုစေ၍ ရာဟုလာသည် ဘုရားရှင်၏နောက်မှ အစဉ်တစိုက် လိုက်ပါသွားသည်။

http://www.dhammadownload.com

ကျောင်းတော်အထိ အတူလိုက်ပါလာကာ အမွေတောင်းသော သားတော် ရာဟုလာအတွက် ဘုရားရှင်က 'သာရိပုတ္တရာ၊ ဤသားတော်သည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော၊ ရန်သူမျိုးငါးပါးတို့နှင့်လည်း ဆက်နွယ်နေသော လောကီဥစ္စာအမွေကို တောင်းနေသည်။ ဗောဓိမဏ္ဍိုင်၌ ငါ ဘုရားရအပ်သော လောကုတ္တရာအမွေကိုသာပေးအံ့' ဟု မိန့်တော်မူပြီး သားတော် ရာဟုလာအား ရှင်ပြုပေးစေတော်မူလိုက်သည်။

မိဘဘိုးဘွားတို့၏ မေတ္တာ

အဘိုးဖြစ်သူ သုဒ္ဓေါဒနမင်းကြီးသည် မြေးတော် ရာဟုလာကို ဘုရားရှင်က ရှင်ပြုပေးလိုက်ပြီဆိုသည့် သတင်းစကားကို ကြားသော် စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်၍ သည်းခံခြင်းငှာ မစွမ်းနိုင်တော့ဘဲ ဘုရားရှင်ထံ ရောက်လာကာ ဤသို့ လျှောက်ထားသည်။

"သားတော်ဘုရား၊ သားတော် နန္ဒမင်းသားကို လည်းကောင်း၊ မြေးတော် ရာဟုလာကို လည်းကောင်း ရဟန်းပြုပေးလိုက်သဖြင့် ဘိုးဘွားမိဘတို့ များစွာ ပူဆွေးသောက ဖြစ်ရပါသည်။ တပည့်တော်တို့ကဲ့သို့ အခြားသူများလည်း ပူဆွေးသောက မဖြစ်ကြစေရန် အမိအဖတို့ ခွင့်မပြုသော သားသမီးကို ရှင်ရဟန်းပြုမပေးစေလိုပါ ဘုရား" ဟု လျှောက်ထားသည်။

သားမြေးတို့အပေါ်ထားရှိသော ဘိုးဘွားမိဘတို့၏ ချစ်ခြင်းမေတ္တာသည် ခန္ဓာကိုယ်ရှိ အရေထူ၊ အရေပါးကို ဖောက်ထွင်းပြီး ရိုးတွင်းခြင်ဆီအထိ ရောက်သည် မဟုတ်ပါလော။ မင်းကြီး၏ လျှောက်ထား တောင်းပန်မှုကို ဘုရားရှင်က လက်ခံတော်မူသည်။

နောက်တစ်နေ့တွင် နန်းတော်၌ နံနက်ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားရှင်အား သုဒ္ဓေါဒနမင်းကြီးက ဤသို့ လျှောက်ထားပြန်သည်။

"သားတော်ဘုရား၊ သားတော်ဘုရား တောထွက်ကာ ဒုက္ကရစရိယကျင့်နေစဉ် နတ်သားတစ်ပါးက သားတော် သိဒ္ဓတ္ထကွယ်လွန်ပြီဟု လာရောက်ပြောဆိုပါသည်။ ငါ၏ သားတော်သည် ဘုရားအဖြစ်သို့ မရောက်မချင်း မကွယ်လွန်နိုင်" ဟု ပြန်ပြောလိုက်ကြောင်း လျှောက်ထားသည်။

http://www.dhammadownload.com

ထိုအခါ မြတ်စွာဘုရားက မဟာဓမ္မပါလဇာတ်ကို ဟောတော်မူသည်။ ၎င်းဇာတ်၌ ဗုဒ္ဓလောင်းလျာသည် ဓမ္မပါလ သတို့သားဖြစ်နေခဲ့သည်။ သူတို့နေသော ရွာသည် တရားစောင့်သူ၊ သီလရှိသူတို့ နေသောရွာ ဖြစ်သည်။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေသူမရှိ၊ သက်တမ်းစေ့ နေကြရသည်။ ဘုရားလောင်းသည် တက္ကသိုလ်ပြည်သို့သွားကာ ပညာသင်နေစဉ် ဘုရားလောင်း ဓမ္မပါလသေပြီဟုပြောကာ တက္ကသိုလ်ဆရာကြီးက ဆိတ်အရိုးများကို ယူပြီးလာပြသည်။ ဖခင်ဖြစ်သူက မယုံကြည်။ သီလရှိသူတို့၏ ရွာ၊ သီလရှိသူတို့ အမျိုး ဖြစ်သည့်အတွက် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေသူမရှိဟု ရှင်းပြသည်။

ထိုအခါ ဆရာကြီးက သူ လာရခြင်းမှာ သီလရှိသူတို့သည် အသက်ရှည်သည်ဟု ဓမ္မပါလကပြော၍ စုံစမ်းရန်လာခြင်း ဖြစ်သည်။ သားဓမ္မပါလ ကျန်းကျန်းမာမာ ရှိနေပါသည်။ အသက်ရှည်၍ ကျန်းမာစေရန် စောင့်ရှောက်ရသည့် တရားများကို ငါတို့အားလည်း ပေးပါဟု ပြန်လည်ပြောပြ တောင်းခံလျက် ဆရာကြီးသည် တက္ကသိုလ်ပြည်သို့ ပြန်သွားသည်။

ဤဇာတ်တော်ကို ဟောကြားသောအခါ မင်းကြီး သုဒ္ဓါဒနသည် အနာဂါမ် ဖြစ်တော်မူသည်။

ထို့နောက် ဘုရားရှင်သည် အနာထပိဏ်သူဌေး၏ ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကြွတော်မူကာ အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ရဟန်းတော်အရှင်နန္ဒလည်း ဘုရားရှင်နှင့်အတူ ပါလာသည်။ အရှင်နန္ဒမထေရ်သည် သာသနာတော်၌ ရဟန်းပြုနေရသည်မှာ ပျော်မွေ့မှုမရှိ။ လူထွက်တော့မည်ဟု အခြားရဟန်းများကို ပြောပြသည်။

နန္ဒမထေရ်သည် လက်ထပ်ပွဲတွင် ကျန်ရစ်ခဲ့သည့် ဇနပဒကလျာဏီကိုသာ တမ်းတစွဲလမ်းနေခဲ့သည်။ ဇနပဒကလျာဏီမှတစ်ပါး အခြားဘာကိုမှ သူ မမြင်၊ နန္ဒမထေရ်၏ စိတ်သန္တာန်၌ ရာဂလွှမ်းမိုးနေသည်။ ရာဂကိုလည်း နိစ္စအမြဲရှိသောတရားဟု ထင်မြင်နေသည်။

http://www.dhammadownload.com

မျောက်မနှင့် နတ်သမီးကိုပြုလျက်

ထိုအခြေအနေကို ဘုရားရှင် သိတော်မူသည်။ ထို့ကြောင့် ညီတော်နန္ဒမထေရ်ကို ဟိမဝန္တာတောသို့ ဆောင်ယူတော်မူကာ သစ်ငုတ်တိုတစ်ခုၦ ထိုင်နေသော နားရွက်၊ နှာခေါင်းနှင့် အမြီးပြတ်ကာ ပါးစောင်၌ ဘုကြီးထွက်နေသော မျောက်မကို ပြတော်မူသည်။ ထို့နောက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး နတ်သမီးချောတို့ကို ပြသည်။

နန္ဒမထေရ်၏ အတွင်းစိတ်သန္တာန် ပြောင်းလဲလာသည်။ သူ စွဲလမ်းနှစ်သက်နေသော ဇနပဒကလျာဏီသည် မျောက်မကို ပြသောအခါ နတ်သမီးတမျှ လှပလွန်းသူဟု ထင်သည်။ အလှပဂေးနတ်သမီးချောတို့ကို မြင်ရသောအခါ သူ့ဇနပဒကလျာဏီသည် မျောက်အိုမ ဖြစ်သွားပြန်သည်။

ဘုရားရှင်က ဇနပဒကလျာဏီ၊ မျောက်မနှင့် နတ်သမီးတို့အပေါ် နန္ဒမထေရ်၏ ခံစားချက်ကိုမေးသည်။ သူက စိတ်ထဲရှိသည့်အတိုင်း ဘုရားရှင်ကို အဖြေပြန်ပေးလိုက်သည်။ ဘုရားရှင်က "နန္ဒ၊ နတ်သမီးများကိုရဖို့ ငါဘုရား တာဝန်ယူသည်" ဟု မိန့်တော်မူသောအခါ နန္ဒမထေရ်က 'သာသနာတော်၌ ပျော်ပျော်ပါးပါး ဆက်လက်နေပါမည်' ဟု ကတိပြုလိုက်သည်။

ဤအကြောင်းစုံကို အခြားသောရဟန်းများ ကြားသိသွားကြသည်။ ထိုရဟန်းများအနက် အချို့သည် ပုထုဇဉ်၊ အချို့ကား ရဟန္တာ ဖြစ်ကြသည်။ ပုထုဇဉ်ရဟန်းများက သို့ဖြင့် "အရှင်နန္ဒသည် နတ်သမီးများကိုရရန် ရဟန်းဝတ်နေသည်။ ရဟန်းဝတ်ခြင်းဟူသော အရင်းအနှီး အဖိုးအခဖြင့် နတ်သမီးများကို ဝယ်ယူလိုသူ" စသည်ဖြင့် ကဲ့ရဲ့ကြသည်။ အရှင်နန္ဒသည် ရဟန်းတို့၏ ထိုကဲ့သို့ ခေါ်ဝေါ်ပြောဆိုကြသောစကားကို ကြားရသော် ရှက်လာသည်။ မိမိ၏ အတွေး၊ အမြင်၊ အသိကိုလည်း စက်ဆုပ်ရွံရှာလာသည်။

နန္ဒထေရ် ရဟန္တာဖြစ်ပြီ

ကြားသိလာရသော သတင်းစကားများကြောင့် အရှင်နန္ဒသည် ရှက်ရွံ့ကြောက်လန့်လာပြီး မိမိကိုယ်မိမိလည်း စက်ဆုပ်ရွံမုန်းလာသည်။ ထို့ကြောင့် ဆိတ်ငြိမ်မှုရှိသော နေရာတစ်နေရာသို့သွားကာ တရားအားထုတ်လေရာ ထိုညဉ့်မှာပင် ရဟန္တာဖြစ်တော်မူသည်။

http://www.dhammadownload.com

ထိုအကြောင်းကို ပုထုဇဉ်ရဟန်းတို့က မသိကြသဖြင့် "ငါ့ရှင်နန္ဒ၊ သင်သည် ယခုတိုင် သာသနာတော်၌ ငြီးငွေ့နေဆဲလော" ဟု မေးသည့်အခါ အရှင်နန္ဒက "ငါ့ရှင်တို့၊ ငါသည် လူဝတ်ကြောင်ဘဝကို ယခုအခါ မတွယ်တာတော့ပါ" ဟု ပြောလေသည်။ ထိုစကားကို ကြားသော် ရဟန်းတို့က အရှင်နန္ဒသည် ရှေးအခါက သာသနာ၌ မပျော်၊ လူထွက်လိုသည်ဟု အမြဲပြော၏။ ယခုမူ အရဟတ္တဖိုလ် ရောက်သကဲ့သို့သော စကားကို ပြော၏ဟုဆိုကာ မြတ်စွာဘုရားထံ လျှောက်ထားကြလေသည်။

မြတ်စွာဘုရားက "ချစ်သားတို့၊ ရှေးအခါက နန္ဒ၏ ခန္ဓာကိုယ် အတ္တဟောသည် အမိုးမကောင်းသော အိမ်နှင့်တူ၏။ ယခုမူကား အမိုးရှိသောအိမ်နှင့် တူပေပြီ" ဟု မိန့်တော်မူကာ အတိတ်ကို ဟောတော်မူ၏။

အရှင်နန္ဒမထေရ်သည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရ ဘုရားရှင်အထံတော်မှ ဣန္ဒြေကို စောင့်စည်းနိုင်သူတို့တွင် အမြတ်ဆုံးဟူသော ဧတဒဂ်ကိုရမည်ဟု ဗျာဒိတ်တော်ခံယူပြီး ဖြစ်သည်။

ဘုရားရှင်သည် သတ္တဝါတို့ သန္တာန်၌ရှိနေသော အတွင်းစိတ်ကို သိတော်မူသည်။ သတ္တဝါတို့၏ အတွင်းစိတ်အားလျော်စွာ ဝေနေယျတို့ကို ချေချွတ်တော်မူနိုင်သော ဉာဏ်တော်လည်းရှိသဖြင့် နန္ဒထေရ်အား ဤသို့ ရဟန္တာအထိဖြစ်စေရန် လှည့်ပြောင်းပေးတော်မူနိုင်ခြင်း ဖြစ်သည်။

မြည်းဖိုဘဝ မြည်းမနှင့်တွေ့စဉ်က

အတိတ်ဘဝတစ်ခုတွင် အရှင်နန္ဒထေရ်သည် မြည်းဖို ဖြစ်နေခဲ့ဖူးသည်။ သခင်နှင့်အတူ ကုန်အရောင်းအဝယ်သွားစဉ် မြည်းမတစ်ကောင်နှင့် တွေ့သည်။ မြည်းမက အရှင်နန္ဒထေရ်လောင်းလျာမြည်းဖိုကို ခရီးဝေးကုန်ပစ္စည်းတွေ သယ်လာရပါလျက် သခင်က အပြုအစုနည်းသည်ဟု ပြောသည်။ မြည်းမစကားကြောင့် နေရင်းတိုင်းပြည်သို့ပြန်ရန် သခင်က ခေါ်သောအခါ မလိုက်နိုင်ဟု မြည်းဖိုက ငြင်းသည်။ ချောမောလှပသည့် မြည်းမတစ်ကောင် ရှာပေးမည်ဟု သခင်က ပြောတော့မှ ပြန်လိုက်လာသည်။ အိမ်ပြန်ရောက်သော် မြည်းမ ရှာပေးရန် ထပ်ပြောသည်။

သူ့သခင်က ရှာပေးမည်။ မြည်းမ ရလာသောအခါ အစားအစာကို သင်

http://www.dhammadownload.com

တစ်ကောင်အတွက်သာ ပေးမည်။ သားသမီးတွေ မွေးလာလျှင်လည်း အစား အစာကိုတော့ သင် တစ်ကောင်တည်းအတွက်သာ ဆက်ပေးနိုင်မည်။ မယား နှင့် သားသမီးများအတွက်မူ သင့်တစ်ကောင်စာအတွက် ပေးထားသော အစာ ကိုသာ ဝေစားရမည်ဟု ပြောသည်။ ထိုအခါ သူက မြည်းမကို မလိုချင်တော့ ကြောင်း သခင်ကို ပြန်ပြောဖူးသည်။

ဘုရားရှင်သည် ညီတော် အရှင်နန္ဒထေရ်ကို အကြောင်းပြုကာ ဤ ဒေသနာတော်ကို ဟောတော်မူသည်။

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။

၁၄။ ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ နာ သမတိဝိဇ္ဈတိ၊
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ နာ သမတိဝိဇ္ဈတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၃။ ကောင်းစွာ မိုးမထားသော အိမ်အတွင်းသို့ မိုးရေပေါက်သည် ထိုးဖောက် ဝင်ရောက်နိုင်သကဲ့သို့ ဝိပဿနာ ရှုပွားမှုမရှိသော သူ၏စိတ်ကို ရာဂသည် ဝင်ရောက်ထိုးဖောက်နိုင်သည်။

၁၄။ ကောင်းစွာ မိုးထားအပ်သောအိမ်ကို မိုးရေပေါက်တို့ မဝင်ရောက် မထိုးဖောက်နိုင်သကဲ့သို့ ဝိပဿနာ ရှုပွားထားသော သူ၏စိတ်ကို ရာဂသည် မဝင်ရောက် မထိုးဖောက်နိုင်။

အရှင်နန္ဒမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၀။ စုန္ဒ ဝက်သတ်သမားဝတ္ထု

[တူသော အကုသိုလ်ကံ အကျိုးခံစားရသူ]

စုန္ဒသည် ဝက်ကိုသတ်၍ အသက်မွေးသူ ဖြစ်သည်။ ရာဇဂြိုဟ်မြို့ကြီးသား ဖြစ်သော်လည်း သူ့အိမ်အနီးတွင်ရှိသော ဘုရားရှင် သီတင်းသုံးနေတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ တစ်ခေါက်တလေမျှ ရောက်ဖူး သွားဖူးသူ မဟုတ်။ ဝေဠုဝန်ကျောင်းတော်နေ ရဟန်းသံဃာများကမူ သူ့အိမ်အနီးမှ ဖြတ်သန်းလျက် နေ့စဉ် သွားလာနေသည်ကိုမူ သူ မြင်၏။ ရဟန်းသံဃာတို့၏ အသံကိုလည်း သူ ကြားသည်။ သို့သော် ရတနာသုံးပါးနှင့် ဆက်စပ်သော လုပ်ငန်းမှန်သမျှသည် သူနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်သည်။

နေရာအနှံ့မှ ဝက်ကိုဝယ်သည်

စုန္ဒသည် သူ၏လုပ်ငန်းအတွက် ဝက်ကြိုးငယ်တို့ကို နေရာဒေသအနှံ့ အပြားမှ ဝယ်သည်။ ဝယ်ယူရသမျှဝက်တို့ကို သူ့အိမ်နောက်ဘေးရှိ ဝက်ခြံထဲ၌ စုဆောင်းမွေးမြူထားသည်။ ကောင်းကောင်းလည်း ကျွေးထားသည်။ တန်ရာတန်ဖိုးပေး၍လည်း ဝယ်သည်။ အခြားနည်းလမ်းဖြင့်လည်း ဝယ်သည်။ သတ်သင့်သော ဝက်တို့ကို နေ့စဉ်သတ်ကာ ရောင်းဝယ် စားသောက်ခြင်းဖြင့် မိသားစုဘဝကို ထူထောင်နေထိုင်သည်။

သူ၏ ဝက်သတ်နည်းမှာ သူများနှင့်မတူ ရက်စက်လွန်းသည်။ ဝက်များကို တိုင်၌ ချည်နှောင်ပြီး တင်းပုတ်နှင့် ထုသည်။ အသားများ ရောင်ကိုင်း ဖူးထလာသောအခါမှ ဝက်တို့၏အာခေါင်ကို တုတ်နှင့်ထောက်လျက် ပါးစပ်ဟနေအောင် လုပ်သည်။ ဟနေသော ပါးစပ်အတွင်းသို့ ရေနွေး ပူပူကျက်ကျက်ကို လောင်းထည့်သည်။ အကြိမ်ကြိမ် ရေနွေးလောင်းထည့်သော် ဝက်တို့၏ အူအတွင်းမှ အညစ်အကြေးဟောင်းတို့သည် ထွက်လာသည်။ ရေနွေးအရောင်ကြည်လာမှ လောင်းထည့်မှုကို ရပ်သည်။ ထို့နောက် အမွေးများကို မီးမြှိုက်ပြီး ဓားထက်ထက်ဖြင့် လည်ပင်းမှ ပိုင်းချ သတ်ဖြတ်လိုက်သည်။

http://www.dhammadownload.com

အနှစ်ငါးဆယ်ကျော်မျှ ဤသို့ နေ့စဉ် သတ်ဖြတ်ရောင်းဝယ်လျက် အသက်မွေးနေခဲ့ရာ တစ်နေ့တွင် သူ၏ကိုယ်ပေါ်၌ အနာများပေါက်လာသည်။ နေရာအနှံ့ပေါက်လာသော အနာများကြောင့် သူ အော်ဟစ်နေရသည်။ တစ်နေ့ ထက်တစ်နေ့ ပိုပိုဆိုးလာသော အနာများကြောင့် သတိလစ်သည့်အခါ လစ်သည်။ သူ့ကို အပြင်မထွက်နိုင်ရန် မိသားစုတို့က အိမ်ကို ပိတ်ထားသည်။ အိမ်အတွင်း ဝက်ကဲ့သို့ အော်ဟစ်ကာ ဟိမ့သည်မှ ပြေးနေရသည်။ ဤသည်မှာ သူ လုပ်ခဲ့သော အကုသိုလ်ကံ၏ တူသောအကျိုးကို ခံစားရခြင်းပင် ဖြစ်သည်။

ကံတရား၏ ဓမ္မတာ

ကောင်းမှုကုသိုလ်ကံသည် ကောင်းသောအကျိုးကိုပေးသည်။ အကုသိုလ်ကံသည် မကောင်းသောအကျိုးကို ပေးသည်။ ဤသည်မှာ ကံတရား၏ မျက်နှာကြိုးငယ် မလိုက်တတ်သော နိယာမ၊ ကံတရား၏ ဓမ္မတာဖြစ်သည်။

ဤသို့ အိမ်အတွင်း၌ အော်ဟစ်ပြေးလွှားကာ နေ့စဉ် ခံစားနေရရာမှ တစ်ပတ်ခန့်ကြာသော် စုန္ဒ ကွယ်လွန်သွားတော့သည်။ သူ့အိမ်အနီးမှ ကြွသွားကြရသော ရဟန်းတော်တို့က တစ်ပတ်ခန့် အော်ဟစ်ဆူညံစွာ ခံစားနေရသော စုန္ဒ၏ အသံတို့ကို ကြားရသောအခါ ဘုရားရှင်အား အကျိုးအကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က သူ ပြုခဲ့သော အကုသိုလ်ကံ၏ အကျိုးတူကို ခံစားရခြင်း ဖြစ်သည်ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၅။ ကုဓ သောစတိ၊ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၅။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ပူပန်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ပူပန်ရ၏။ ပစ္စုပ္ပန် တမလွန်နှစ်ဘဝလုံး၌ စိုးရိမ်ပူပန်ရ၏။ ထိုမကောင်းမှုကို ပြုထားသူသည် သူ၏ မကောင်းသော အကုသိုလ် ကံကြမ္မာကို မြင်၍ စိုးရိမ်ပူပန်ရခြင်း ဖြစ်၏။ စိုးရိမ်ပူပန်ရသည်နှင့်အမျှလည်း ပင်ပန်းရသည်။

စုန္ဒဝက်သတ်သမားဝတ္ထု ပြီး၏။

၁၁။ မဟာဓမ္မိက ဥပါသကာဝတ္ထု

[တူသောကုသိုလ်ကံအကျိုး ခံစားရသူ]

သာဝတ္ထိပြည်၌ တရားရှိသူ၊ တရားစောင့်သူတို့အဖွဲ့ဖြစ်သော 'ဓမ္မိက ဥပါသကာ' အမည်ရှိ အဖွဲ့တစ်ဖွဲ့ ရှိခဲ့သည်။ ထိုအဖွဲ့၏ ဥက္ကဋ္ဌမှာ မဟာဓမ္မိက ဥပါသကာဖြစ်သည်။ သူ့တွင် သားခုနစ်ယောက်နှင့် သမီးခုနစ်ယောက် ရှိသည်။ သူနှင့် သူ့ဇနီးပါဆိုလျှင် သူတို့မိသားစုမှာ ၁၆ ယောက် ရှိသည်။ မိသားစုအားလုံးတို့သည် ကုသိုလ်ကောင်းမှုကို အမြဲမပြတ် ပြုသူများဖြစ်သည်။

ဓမ္မိကဥပါသကာအဖွဲ့သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးလျက် ရှိသော ဘုရားအမှူးရှိသော သံဃာတော်များအတွက် အောက်ပါအတိုင်း အမြဲတမ်း အကျိုးပြု ဆောင်ရွက်ပေးသည်။

အပြန်အလှန် ကြောင်းကျိုးပြုကြပုံ

စာရေးတံယာဂုကပ်လှူခြင်း၊ စာရေးတံဆွမ်းကပ်လှူခြင်း၊ လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၌ ဆွမ်းကပ်လှူခြင်း၊ ပင့်ဖိတ်၍လှူသော ဆွမ်းကပ်လှူခြင်း၊ ဥပုသ်နေ့၌ လှူသော ဆွမ်းကပ်လှူခြင်း၊ စည့်သည် အာဂန္တုရဟန်းတို့အား



သံဃာတော်တို့ သတိပဋ္ဌာနသုတ် ရွတ်ဖတ်နေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားများရောက်ရှိလာပုံ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဆွမ်းကပ်လှူခြင်း၊ ကျောင်းနေသံဃာတို့အား ဆွမ်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းတို့ ဖြစ်သည်။

ဤလုပ်ငန်းများဖြင့် ဒါယကာတို့က ပစ္စည်းထောက်ပံ့လှူဒါန်းသည်။ အပြန်အလှန်အားဖြင့် ဇေတဝန်ကျောင်းတော်နေ သံဃာတော်တို့က ဒါယကာတို့အား တရားဓမ္မများ ချီးမြှင့်ခြင်းဖြင့် ကြောင်းကျိုးပြုကြသည်။

မဟာသတိပဋ္ဌာန်ဒေသနာတော် ရွတ်ဆိုပေး

တစ်ဒုန့်တွင် မဟာခမ္မိက ဥပါသကာကြီး မကျန်းမမာ ဖြစ်လာသည်။ ဥပါသကာကြီးအတွက် တရားဓမ္မများ ရွတ်ဖတ် သရဇ္ဈာယ်ရန် ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ရဟန်းတော်များကို စေလွှတ်ပေးသည်။ ရောက်လာသော ရဟန်းတော်များက ဥပါသကာကြီး၏ ဆန္ဒနှင့်အညီ "မဟာသတိပဋ္ဌာန်" ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။

နတ်ရထားတို့ ရောက်လာကြပြီ

သံဃာတော်တို့ မဟာသတိပဋ္ဌာန်သုတ်တရားကို ရွတ်ဖတ်သရဇ္ဈာယ်ပေးနေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းတို့သည် ဥပါသကာကြီး၏ အိမ်အထက် ကောင်းကင်သို့ ရောက်လာကြသည်။ နတ်သားတို့က သူ့နတ်ပြည်မှ ရထားပေါ်ကို တက်ပါ။ ငါ့နတ်ပြည်မှ ရထားပေါ်ကို တက်ပါဟုလည်း ခေါ်ယူကြသည်။ သံဃာတော်တို့၏ ရွတ်ဖတ်သရဇ္ဈာယ်နေမှုကို အနှောင့်အယှက်မဖြစ်စေရန် ဥပါသကာကြီးက 'ခေတ္တခဏ နေကြပါဦး' ဟု အသံထွက်လျက် နတ်ရထားတို့ကို တားမြစ်သည်။ သံဃာတော်တို့က ၎င်းတို့၏ ရွတ်ဖတ်သရဇ္ဈာယ်မှုကို တားသည်ဟု ထင်မှတ်ကာ ရွတ်ဖတ်မှုကို ရပ်ဆိုင်းပြီး ကျောင်းတော်သို့ ပြန်ကြွသွားကြသည်။

ဥပါသကာကြီး သတိပြန်လည် ရရှိသောအခါ သံဃာတော်များကို မမြင်သဖြင့် အကျိုးအကြောင်း မေးသည်။ သားသမီးတို့က ဖခင်၏ "ခေတ္တခဏ နေကြပါဦး" ဟူသော စကားကြောင့် သံဃာတော်များကျောင်းသို့ ပြန်ကြွသွားကြပြီဟု ရှင်းပြကြသည်။ ဥပါသကာကြီးက 'ခေတ္တခဏ နေကြပါဦး' ဟု အသံထွက်ကာ ပြောမိရခြင်း၏ အကြောင်းကို ပြန်ပြောပြသည်။

http://www.dhammadownload.com

သားသမီးတို့က ဖခင်ပြောသော ရထားတို့သည် ယခု အဘယ်မှာ ရှိသနည်းဟုမေးသော် ကောင်းကင်၌ ရှိနေသည်ဟု ပြောပြသည်။ ဘုရားအလောင်းတော်၊ မယ်တော်နှင့် ခမည်းတော်တို့စံရာ တုသိတာနတ်ပြည်သို့သာလိုက်သွားသင့်ကြောင်း သားသမီးတို့က အကြံပေးကြသည်။ ဥပါသကာကြီးသည် သူ့အတွက် ရည်မှန်းပြုလုပ်ထားသော ပန်းကုံးကို "တုသိတာနတ်ပြည်မှ ရထားဦးတွင် ချိတ်စေသတည်း" ဟု အဓိဋ္ဌာန်ပြုရာ ပန်းကုံးသည် တုသိတာနတ်ရထား၏ ရထားဦး၌ သွား၍ ချိတ်စွပ်နေလေသည်။

ဥပါသကာကြီးက "ငါသည် ဘုသိတာနတ်ပြည်သို့ လိုက်ပါအံ့။ သင်တို့လည်း တုသိတာနတ်ပြည်သို့ ရောက်လိုလျှင် ငါကဲ့သို့ ကောင်းမှုကုသိုလ်ကို ပြုကြ" ဟု မှာကြားပြီး ကွယ်လွန်ကာ တုသိတာနတ်ပြည်၌ အခြံအရံတို့နှင့်တကွ နတ်သားဖြစ်လေသည်။

သားသမီးတို့သည် ဖခင်၏စကားကို လိုက်နာကာ တစ်သက်လုံး ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

ဤအကြောင်းများကို ဘုရားရှင် သိရှိတော်မူသဖြင့် ကောင်းမှုပြုသူတို့သည် ယခုဘဝရော၊ နောင်ဘဝ၌ပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပုံကို ဤဒေသနာဖြင့် ဘုရားရှင်က ဟောကြားတော်မူသည်။

၁၆။ ကျေဓ မောဒတိ၊ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
ဒိသွာ မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

ဒေသနာ၏အဓိပ္ပာယ်

၁၆။ ကောင်းမှုပြုသူသည် ဤဘဝ၌ရော နောင်ဘဝ၌ပါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ ဤသို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြခြင်းမှာ မိမိပြုခဲ့သော ကုသိုလ်၏ စင်ကြယ်ခြင်းကို သိမြင်ရ၍ ဝမ်းမြောက်ရခြင်း ဖြစ်သည်။

မဟာဓမ္မိက ဥပါသကာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၂။ ရှင်ဒေဝဒတ်ဝတ္ထု (ဒုတိယ)

[ဒေဝဒတ်၏ အဓိက်ဇာတ်တစ်ခန်းရပ်]

အနုပိယသရက်ဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် ဘုရားရှင်ထံ ရဟန်းပြုလာခဲ့သည်။ သူနှင့်အတူ ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဆတ္တာသည် (ထိုမင်းသားတို့အား ဆံပင်မုတ်ဆိတ်ရိတ်ပေးရသူ) ဥပါလိတို့ ပါဝင်ကြသည်။

ဒေဝဒတ်သည် ရဟန်းဖြစ်စက သိမ်မွေ့သူဖြစ်သည်။ ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံသည်။ သူ၏ အတိတ်ကံသည် ဈာန်သမာပတ်နှင့် အဘိညာဉ်ကို ရစေနိုင်စွမ်းသော အတိတ်ကံ ဖြစ်သည်။ ထို့ကြောင့် သူသည် အစကောင်းခြင်းနှင့်ကား ပြည့်စုံပါ၏။

သို့ရာတွင် သာသနာ့သမိုင်း၌ ဒေဝဒတ်လောက် သံဃဂရုဖွယ်ကောင်းသူ မရှိပေ။ ရင်နာဖွယ်ကောင်းသကဲ့သို့ သနားစရာလည်းကောင်းသူဟု ဆိုနိုင်ပေလိမ့်မည်။ ရခဲလှသော လူ့ဘဝ၊ ရဟန်းဘဝကိုကား ရခဲ့ပါ၏။ သို့ရာတွင် အစကောင်းခဲ့သလောက် အလယ်မကောင်းသူ၊ အဆုံးမကောင်းသူ ဖြစ်သည်။

ကောသမ္မီမြို့၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် မြို့သူမြို့သားအဖေါင်းတို့က ဘုရားရှင်နှင့်တကွ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓ၊ အရှင်အာနန္ဒာ စသည့် တပည့်သား သံဃာတော်များအား လှူဖွယ်ပစ္စည်းမျိုးစုံကို လှူဒါန်းကြသည်။

ရှင်ဒေဝဒတ်ကား လာဘ်လာဘ ရှားပါးနေသည်။ သူသည်လည်း အရှင်ဘဒ္ဒိယ၊ အရှင်အနုရုဒ္ဓါတို့ကဲ့သို့ သကျသာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသူ ဖြစ်ပါလျက် ဘုရားရှင်နှင့် အခြားသံဃာတော်တို့လောက် လာဘ်လာဘ မပေါများပေ။ လာရောက်လှူသူမှာ ရှိတော့ရှိပါသည်။ သို့သော် ရှားရှားပါးပါးပင်။

http://www.dhammadownload.com

အကြံထုတ်ပြီ

သို့ဖြင့် ရှင်ဒေဝဒတ်သည် တစ်မျိုးတစ်မည် ဖန်တီးရန် အကြံထုတ်တော့သည်။ သူ့အကြံမှာ သူ့အကျိုးအတွက်သာ ဖြစ်သည်။ သာသနာအတွက် မဟုတ်။ ဒါယကာ၊ ဒါယိကာမတို့ အကျိုးအတွက်လည်း မဟုတ်။ ဒါယကာ၊ ဒါယိကာမတို့ကလည်း ဝါဝါမြင်တိုင်း ရဟန်းဟု မသတ်မှတ်တော့ပေ။ ရတနာစစ် ရတနာမှန်ဖြစ်သော ဘုရား၊ တရား၊ သံဃာတို့ မပေါ်ပေါက်မီက ဘုရားအမည်ခံ ဂိဏီးဆရာကြီးတို့ကို မသိ၍ ယုံကြည်ကိုးကွယ်ကာ အလျှုဒါနပြုခဲ့မိကြသည်။ ယခုအခါတွင်တော့ လှူသင့်သူနှင့် ပို၍ လှူသင့်သူကို ရွေးချယ်တတ်လာကြပြီ ဖြစ်သည်။

ထို့ကြောင့် ဒေဝဒတ်သည် ကောသမ္မီမှ ရာဇဂြိုဟ်မြို့တော်သို့ ပြောင်းရွှေ့သွားသည်။ ရာဇဂြိုဟ်၌ ဘုရင်ဗိမ္ဗိသာရနှင့် သူ၏သားတော် အဇာတသတ်တို့ ရှိကြသည်။ ဘုရင်ဗိမ္ဗိသာရသည် ဘုရားရှင်၏ ဒါယကာ သောတာပန်အရိယာဖြစ်သည်။ ထို့ကြောင့် ရှင်ဒေဝဒတ်၏ 'အသုံးချခံ' ဘဝသို့ ရောက်လာနိုင်သူ မဟုတ်။ အဇာတသတ်သည်ကား ငယ်ရွယ်သူ ဖြစ်သည်။ အသိအမြင်လည်း နုငယ်သေးသည်။ သို့ဖြစ်၍ ဒေဝဒတ်သည် လူငယ်ယောင် ဖန်ဆင်းသည်။ သူ၏ လက်ခြေလေးဘက်တို့၌ မြွေကြီးလေးကောင်၊ လည်ပင်း၌ တစ်ကောင်၊ ခေါင်းပေါင်း ပြုလုပ်ထားသည်က တစ်ကောင်၊ အခြားတစ်ကောင်ကိုမူ ပခုံးပေါ်တင်ထားသည်။ ဤသို့ အထိတ်တလန့် တအံ့တသြဖြစ်စေနိုင်သည့် ရုပ်သွင်ကို ဖန်ဆင်းကာ ကောင်းကင်မှသွားပြီး အသိအမြင် အတွေးငယ်သေးသူ အဇာတသတ် မင်းသားလေး၏ ရင်ခွင်အတွင်း ဖြုန်းခနဲ ဆင်းပြလိုက်သည်။

ရှင်ဒေဝဒတ်နှင့်အတူ ရဟန်းပြုလာသူများမှာ လောကုတ္တရာ တရားအသီးသီးကို ရရှိခံစားနေကြပြီ။ အချို့က ဝိဇ္ဇာသုံးပါး။ အချို့က ဒိဗ္ဗစက္ခု အဘိညာဉ်၊ အချို့က ရဟန္တာဖြစ်ကုန်ကြလေပြီ။ ရှင်ဒေဝဒတ်မှာမူ လောကီ အဘိညာဉ်သာ ရသေးသည်။ ထိုလောကီ အဘိညာဉ်ဖြင့် သူ့ကိုယ်သူ အခြားရုပ်သွင်တစ်မျိုးတစ်မည်ဖြစ်အောင် ဖန်ဆင်းသည်။ ဒေဝဒတ်လုပ်ပြလိုက်သော

http://www.dhammadownload.com

အကြံအဖန်တစ်ကွက်သည် သူ့အတွက် အမှန်အကန် ဖြစ်သွားသည်။ ရင်ခွင်ထဲ ရောက်လာသော ဒေဝဒတ်၏ ဖန်ဆင်းရုပ်ကြောင့် အဇာတသတ်မင်းသား လန့်သွားသည်။

ထိုအခါ ဒေဝဒတ်သည် ဖန်ဆင်းရုပ်သွင်ကို ဖျောက်လျက် သူ၏ မူလရုပ်သွင်ကို ပြလိုက်သည်။ အဇာတသတ် မင်းသားကလေးသည် ဒေဝဒတ်ကို အထင်ကြီးသွားသည်။ အလွန်လည်း ကြည်ညိုသွားသည်။ တတ်လည်း တတ်နိုင်၊ စွမ်းလည်း စွမ်းနိုင်သည့် အရှင်ဒေဝဒတ်ပါတကားဟု အလေးပိုလျက် အကြည်ညိုတိုးသွားတော့သည်။ အဇာတသတ်က ဒေဝဒတ်ထံ နေ့စဉ်နေ့တိုင်း သွားရောက် ချဉ်းကပ်သည်။ ဆွမ်းအုပ် ငါးရာငါးရာကိုလည်း ပို့လှူသည်။ **"သက္ကာရော ကာပုရိသံ ဟန္တိ"** ဟု ဘုရားရှင် ဟောထားသည်။ ပူဇော်သက္ကာရသည် ယုတ်ညံ့သူကို ဖျက်ဆီးတတ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဒေဝဒတ်၏ လာဘ်လာဘ အကြံအစည်သည် တိုးပွားလာသည့်အတွက် သူသည် စိတ်ကြီးဝင်လာတော့သည်။ ယခုသော် ငါသည် ငါ၏နောက်လိုက် တပည့်အများကို ကျွေးနိုင်မွေးနိုင်လာပြီ။ ထို့ကြောင့် ငါသည်လည်း သံဃာ့ပရိသတ်ကို ဦးဆောင်နိုင်သူ ဖြစ်လာပြီ။ ဤသို့ စိတ်ကြီးဝင် ဘဝင်မြင့်လာသည်နှင့် တစ်ပြိုင်နက် သူ့တွင် ရှိနေသော လောကီစွာန် အဘိညာဉ်သည် ကွယ်ပျောက်သွားသည်။ သို့ဖြစ်သော်လည်း သူသည် သူ့အကြံအစည်ကို မလျှော့။ ဘုရားရှင်ရှိရာ ဝေဠုဝန်ကျောင်းတော်သို့ အရောက်သွားကာ ဤသို့လျှောက်ထားလိုက်တော့သည်။

အရှင်ဘုရား၊ အရှင်ဘုရားသည် သက်တော်ရွယ်တော်ကြီးရင့်ကာ အိုမင်းမစွမ်းသောအရွယ် ဖြစ်လာပြီ။ ဖလသမာပတ်ချမ်းသာကို ခံစားလျက် အေးအေးနေတော်မူပါ။ သံဃာကို တပည့်တော်ထံအပ်ပါ။ တပည့်တော် သံဃာကို ဦးဆောင်ပါတော့မည်။

ဒေဝဒတ် ဤသို့လျှောက်ထားသည်မှာ သူ့တွင် ရည်ရွယ်ချက်ကြီးကြီးရှိသည်။ သူ့ရည်ရွယ်ချက်မှာ သူ 'ဘုရားလုပ်ရန်' ဖြစ်သည်။ ထိုအခါ ဘုရားရှင်က 'ခေဠာသက=သူတစ်ပါး ထွေးပစ်ထားသော တံတွေးပေါက်ကို ကောက်စားလိုသူ' ဟု မိန့်တော်မူလိုက်ပြီး သူ့လျှောက်ထားချက်ကိုလည်း ပယ်လိုက်သည်။

http://www.dhammadownload.com

ရန်ငြိုးဖွဲ့ပြီ

ဒေဝဒတ်သည် သူ့အကြံကို ဘုရားရှင်က လက်မခံ ပယ်ချလိုက်သော် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့တော့သည်။ ပရိသတ်အကြားမှ ရှက်ရွံ့ရွံ့ဖြင့် ဝုန်းဒိုင်းကြိုက ထွက်ခွာသွားခဲ့သည်။

ဒေဝဒတ်၏အပြုအမူနှင့် အကြံအစည်ကို သိမြင်တော်မူသော ဘုရားရှင်သည် ဒေဝဒတ်အား 'ပကာသနိယက်' ပြုလိုက်သည်။ ပကာသနိယက်ဟူသည် သာသနာတော်မှ ဖယ်ကြဉ်ထားလိုက်ခြင်း ဖြစ်သည်။

ဘုရားရှင်က ဒေဝဒတ်အား ပကာသနိယက် ပြုလိုက်သည့်အတွက် ဒေဝဒတ်၏ အပြုအမူအားလုံးသည် သာသနာတော်နှင့် လည်းကောင်း၊ ရဟန်းသံဃာတို့နှင့် လည်းကောင်း မသက်ဆိုင်တော့ပေ။ ဒေဝဒတ်အတွက် နယ်ပယ်ကျဉ်းသွားသည်ထက် ကျဉ်းသွားတော့သည်။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာဟု ဆိုအပ်သော အရပ်မျက်နှာများရှိသော်လည်း သူ့အတွက်မူ 'အဇာတသတ်' မျက်နှာတစ်ခုသာ ကျန်တော့သည်။ ထိုအရပ်မျက်နှာ၌သာ သူ လှုပ်ရှားရတော့သည်။

အဇာတသတ် မင်းဖြစ်နေပြီ

မကောင်းမှုပြုသူအတွက် မကောင်းသော အကြံအစည်၊ အပြုအမူသည် အချိန်အတိုင်းအတာ တစ်ခုအထိ အောင်မြင်နေတတ်သည်။ ယခုလည်း အဇာတသတ် မင်းသားငယ်အား ဖခင်ကို လုပ်ကြံပြီး မင်းလုပ်ရန် သူ အကြံပေးခဲ့သည်။ သူပေးခဲ့သည့် ထိုအကြံအစည်သည် အောင်မြင်သွားသည်။ ယခုတော့ အဇာတသတ်မင်းသား ဘုရင်ဖြစ်သွားပေပြီ။ ဘုရားရှင်ကို လုပ်ကြံပြီး သူကိုယ်တိုင် ဘုရားလုပ်မည်။ သူ့အကြံကိုကား အကောင်အထည် မဖော်နိုင်သေး။ သို့ဖြင့် သူသည် အဇာတသတ်မင်း၏ အာဏာကို အသုံးပြုကာ ဘုရားရှင်အား လုပ်ကြံရန် လေးသမားများကို အဆင့်ဆင့်ထား၍ လုပ်ကြံစေသည်။ သို့သော် စေလွှတ်သမျှ လေးသမားတို့သည် ဘုရားရှင်ထံ ရောက်သော် တရားသိကာ သောတာပန် ဖြစ်သွားကြသည်။

http://www.dhammadownload.com

သူ့အကြံအစည် ပျက်ပြား၍ မအောင်မြင်သော် သူကိုယ်တိုင် ဂိဇ္ဈကူဋ်တောင်ထိပ်ပေါ်တက်ကာ ကျောက်မောင်းဆင်ပြီး ဘုရားရှင်ရှိရာသို့ လှိမ့်ချသည်။ ခြေမ,တော်၌ သွေးစိမ်းတည်စေရုံမျှသာ အကြောင်းထင်သည်။ ထိုနည်းဖြင့် မအောင်မြင်ပြန်သော် နာဠာဂီရိမင်းစီးဆင်ကို အရက်ကိုးမောင်းတိုက်ပြီး ဘုရားရှင်အား တိုက်ပြန်သည်။ သို့သော် လူသားဖြစ်သော ဒေဝဒတ်လောက် အသိဉာဏ်မရှိသည့် တိရစ္ဆာန်ဖြစ်သည့် ဆင်ကြီးသည် ဘုရားရှင်၏ မေတ္တာရိပ်အောက်သို့ ဒူးထောက်ကာ ဝင်ရောက်သွားလေသည်။

ဘုရားရှင်ကို ဆင်ဖြင့် တိုက်သတ်၍ လုပ်ကြံသောအလုပ်သည် ဒေဝဒတ်၏ အကြံအစည်ဟု ပြည်သူတို့ သိသွားကြသည်။ ထိုမှတစ်ဆင့် အဇာတသတ်မင်းသားက ဗိမ္ဗိသာရမင်းကြီးအား သတ်စေသောအကြံ၊ လေးသမားများကို လွှတ်၍ ဘုရားရှင်ကို လုပ်ကြံသောအလုပ်တို့သည် ဒေဝဒတ်၏ လက်ချက်ဖြစ်ကြောင်း သိကြသောအခါ ဤမျှ မိုက်ရိုင်းယုတ်ညံ့သော ဒေဝဒတ်လိုလူ 'ဗာလ' ကို ကိုးကွယ် ဆရာတင်နေသူ အဇာတသတ်ကိုလည်း ပြည်သူတို့က မကျေနပ်။ ထို့ကြောင့် 'ဒေဝဒတ်နှင့် အဇာတသတ်' ဟု တွဲကာ ဗာလရောင်းရင်းများအဖြစ် ပြောဆိုရှုတ်ချကြတော့သည်။ သို့ဖြင့် အဇာတသတ်သည် ဒေဝဒတ်ထံ ဝင်ထွက်သွားလာခြင်း၊ လျှုဒါန်းခြင်း စသည်ကို မပြုတော့။ အခြားသူများကိုလည်း မပြုလုပ်စေရတော့ပေ။

ဒေဝဒတ်သည် အကြံသစ်၊ ဉာဏ်သစ်များကို ထုတ်လိုက်ပြန်ပြီ။ အကြမ်းနည်းဖြင့် သူ့အကြံ အောင်ပွဲမခံ၍ အနုနည်းဖြင့် အောင်ပွဲခံရန် ဘုရားရှင်ထံ ထပ်မံချဉ်းကပ်သည်။ သူက ရဟန်းများ လိုက်နာကျင့်သုံးရန် အချက်ငါးချက်ကို ဘုရားရှင်ထံ တင်ပြ တောင်းဆိုပြန်သည်။ သူ့တောင်းဆို တင်ပြချက်မှာ ရဟန်းတို့သည် တစ်သက်လုံး တောကျောင်း၌သာ နေကြပါစေ။ ပင့်ဖိတ်၍ ကျွေးသောဆွမ်းကိုပယ်၍ တစ်သက်လုံး ဆွမ်းခံ၍သာ စားကြပါစေ။ တစ်သက်လုံး ပံသုကူ သင်္ကန်းကိုသာ ဝတ်ရုံကြပါစေ။ တစ်သက်လုံး သစ်ပင်ရင်း၌သာ သီတင်းသုံးကြပါစေ။ တစ်သက်လုံး သက်သတ်လွတ်သာ ဘဉ်းပေးသုံးဆောင်ကြပါစေ။ ဤအချက်များကို မလိုက်နာလျှင် အပြစ်ဒဏ်ထိကာ အာပတ်သင့်ကြပါစေ။

http://www.dhammadownload.com

ဒေဝဒတ် ဂယာသီသသို့

သူတောင်းဆိုသော ဤအချက်ငါးချက်စလုံးကို ဘုရားရှင်က ခွင့်မပြု။ သူ့ရည်ရွယ်ချက်ကို သဗ္ဗညုတ ရွေးဉာဏ်တော်ရှင် ဘုရားရှင်သိသည်။ ဒေဝဒတ်၏ ရည်ရွယ်ချက်မှာ ဘုရားရှင်အား အသိအလိမ္မာနည်းသူတို့က အပြစ်မြင်လာစေရန်။ ထိုအသိဉာဏ်နည်းသူတို့ကို သူ့ဘက်ပါလာစေရန် ဖြစ်သည်။ သူက သူ့အကျင့်လမ်းစဉ်သည် သံသရာမှ လွတ်မြောက်စေနိုင်သည့် အမြင့်မြတ်ဆုံးသော အကျင့်လမ်းစဉ် ဖြစ်သည်ဟု ဝါဒဖြန့်လျက် ရဟန်းအချို့ကို သူ စည်းရုံးသည်။ ရဟန်းငယ်အချို့ ဒေဝဒတ်နောက် ပါသွားသည်။ ထိုသံဃာဖြင့်ပင် ဒေဝဒတ်က တသီးတခြား ဥပုသ်ကံပြုပြီး သံဃာ့ကို သင်းခွဲတော့သည်။ ထို့နောက် ထိုရဟန်းငယ်တို့ကို ခေါ်ဆောင်ကာ ဒေဝဒတ်သည် ဂယာသီသသို့ ကြွသည်။ ဂယာသီသအရပ်တွင် ဗာလ၏ အပေါင်းအဖော် အဇာတသတ် တစ်ချိန်က ဆောက်လုပ် လှူဒါန်းထားသော 'သူ့ကျောင်း' ရှိနေသေးသည်။

ထိုအခါ ဘုရားရှင်က သံဃာကို သင်းခွဲသည့်၊ သံဃာညီညွတ်မှုကို ပျက်ပြားစေမည့် 'သံဃဘေဒကံ' မပြုလုပ်ရန် ဒေဝဒတ်အား တားမြစ်တော်မူသည်။ ဒေဝဒတ် နောက်ပါသွားသော သံဃာတို့ကိုလည်း အဂ္ဂသာဝကနှစ်ပါးကို စေလွှတ်ကာ တရားအမြိုက်ဆေး တိုက်ကျွေး၍ ပြန်ခေါ်စေတော်မူသည်။ ရဟန်းငယ်တို့သည်လည်း အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့နှင့် အတူ ဘုရားရှင်ရှိရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။

ဒေဝဒတ် သွေးအန်ပြီး မြေမျိုခံရ

ရဟန်းငယ်တို့ အရှင်သာရိပုတ္တရာတို့နောက်ပါသွားသော် ဒေဝဒတ်၏ ဗာလအဖွဲ့ဝင် ကောကာလိကသည် အိပ်ပျော်နေသော ဒေဝဒတ်၏ ရင်ဝကို ဖနောင့်ဖြင့် ပေါက်နှိုးပြီး အသိပေးသည်။ ထိုဒဏ်ချက်ကြောင့် ဒေဝဒတ် သွေးပွက်ပွက်အန်သည်။

ဒေဝဒတ်သည် ကိုးလတိုင်အောင် ဂယာသီသကျောင်းတိုက်၌နေရင်း ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။ သို့ခံစားနေရသဖြင့် သံဝေဂစိတ်

http://www.dhammadownload.com

များ ဖြစ်လာသည်။ ဝေဒနာပြင်းထန်လာလေ နောင်တရလေ၊ နောင်တရလေ ဘုရားရှင်ကို ဖူးမြော်လိုသောဆန္ဒ ပြင်းထန်လာလေ ဖြစ်လာသည်။ သို့ဖြစ်၍ သူ့အား ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပို့ပေးရန် လက်ကျန် သူ့တပည့်များကို ပြောသည်။ သူ့တပည့်များက လိုက်မပို့ဝံ့ကြ။ ထိုအခါ ဒေဝဒတ်က "ငါ့ရှင်တို့၊ ငါ ဘယ်လောက် ဆိုးခဲ့ တေခဲ့ပေမယ့် ငါ့အပေါ် ရန်ငြိုးဆို၍ တစ်ဆဲခြည်မျှမထားသော မြတ်စွာဘုရားကို ငါ ဖူးမြော်ကန်တော့ ချင်သည်။ ငါ့ရှင်တို့၊ ငါ့ကို မဖျက်ဆီး မတားမြစ်ကြပါကုန်လင့်။ ဘုရားရှင် ထံသို့ ပို့ပေးကြပါ" ဟု အတန်တန် အထပ်ထပ် တောင်းပန်သဖြင့် တပည့် များက ဒေဝဒတ်အား ညောင်စောင်းထက်တင်ကာ ထမ်း၍ ဇေတဝန်ကျောင်း တော်သို့ ထွက်ခွာလာကြသည်။ ဇေတဝန်ကျောင်းတော်အနီး ရောက်သို့ ရောက်သော် ညောင်စောင်းကို ချထားလျက် တပည့်တို့ ရေချိုးကြသည်။ ဒေဝဒတ်သည် သူ၏ ခြေနှစ်ဖက်ကို မြေပေါ်သို့ချ၍ ထိုင်သည်။ သူ့ခြေတို့ မြေကြီးထဲ ကျွံဝင်သွားသည်။ အလန့်တကြား အော်ဟစ်လျက် နေရာမှထလိုက် သည်။ သို့သော် မရတော့၊ သူ့ခန္ဓာကိုယ်ကြီးပါ မြေကြီးထဲ ကျွံဝင်နေပြီး သူ့ မေးစေ့အထိ ရောက်နေပြီ။

ထိုအခါမှ သူက "နတ်တကာတို့ထက် မြတ်တော်မူသော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော၊ သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော၊ များစွာသော ကုသိုလ်တော်တို့ကြောင့် ဘုန်းလက္ခဏာတို့နှင့် ပြည့်စုံတော်မူသော လောက၏ အမြတ်ဆုံးဖြစ်သော ဘုရားရှင်ကို ဤအရိုးတို့ဖြင့် လည်းကောင်း၊ ကျန်ရှိနေသော အသက်ဖြင့် လည်းကောင်း ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ပါ၏" ဟူ၍ ဘုရားရှင် ရှိရာသို့ လှမ်းမျှော်ကန်တော့ရင်း အဝီစိငရဲသို့ ကျရောက်သွားတော့သည်။

ဒေဝဒတ် မြေမျိုခံသွားရပြီဟု ကြားသိကြသောအခါ ပြည်သူတို့ ဝမ်း မြောက် ဝမ်းသာ ဖြစ်ကြသည်။ ပွဲလမ်းသဘင်များ ကျင်းပကြသည်။ ဤ အကြောင်းကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က "ပြည်သူတို့ မုန်းနေသော ဗာရာဏသီဘုရင် ပိင်္ဂလ ကွယ်လွန် စဉ်ကလည်း တိုင်းသူပြည်သားတို့ ဤသို့ ပွဲသဘင် ကျင်းပခဲ့ကြဖူးသည်" ဟု

http://www.dhammadownload.com

မိန့်တော်မူလျက် ဒုကနိပါတ်၊ ဥပါဟနဝဂ်မှ မဟာပိဂံလဇာတ်တော်ကို ဟော တော်မူသည်။ ထို့နောက် ဒေဝဒတ်ကို အဓိကြောင်းပြုစာ ဘုရားရှင်က ဤ ဒေသနာတော်ကို ဆက်လက် ဟောကြားတော်မူသည်။

၁၇။ ကုဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ၊ ဘိယျော တပ္ပတိ ဒုဂ္ဂတိ ဂတော။

ဒေသနာ၏အဓိပ္ပာယ်

၁၇။ မကောင်းမှုပြုသူသည် ဤဘဝရော၊ နောက်ဘဝ၌ပါ ပူပန်ရသည်။ ငါသည် မကောင်းမှုပြုမိပြီဟု သိသည်နှင့်တစ်ပြိုင်နက် ပူပန်ရပြန်သည်။ ထိုသူသည် အပါယ်ဘုံသို့ ရောက်သောအခါမှ ထိုထက်ပို၍ ပူပန်ရ၏။

ရှင်ဒေဝဒတ်ဝတ္ထု (ဒုတိယ) ပြီး၏။

၁၃။ သုမနဒေဝီသူဌေးသမီးဝတ္ထု

[ဖအေထက် ကြီးမြတ်သူသမီး]

သုမနဒေဝီသည် အနာထပိဏ်သူဌေးကြီး၏သမီးငယ် ဖြစ်သည်။ သူ၏ အစ်မအလတ်မှာ စူဠသုဘဒ္ဒါဖြစ်ပြီး အစ်မကြီးမှာ မဟာသုဘဒ္ဒါဖြစ်သည်။ အစ်မနှစ်ယောက်တို့သည် သောတာပန်များ ဖြစ်ကြပြီး ညီမငယ်ဖြစ်သူ သုမနဒေဝီမှာ သကဒါဂါမ်ဖြစ်သည်။ ဖခင်သူဌေးကြီး အနာထပိဏ်သည်လည်း ထိုအချိန်က သောတာပန်သာ ဖြစ်သည်။ ထို့ကြောင့် ဓမ္မအမြင်၊ ဓမ္မရာထူး ဖြင့် ကြည့်လျှင် သုမနဒေဝီသည် ဖအေထက် အရာကြီးသူသမီး ဖြစ်သည်။

ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဒါန

အနာထပိဏ်သူဌေးကြီး၏ အိမ်သည် ရဟန်းသံဃာတော်တို့ အမြဲမပြတ် သွားလာ ဝင်ထွက်သောအိမ် ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ရဟန်းသံဃာ

http://www.dhammadownload.com

တော်တို့အတွက် ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ်လှူဒါန်းနေသော အိမ်ဖြစ်သောကြောင့်ပင်။ အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီးတို့သည် အလှူဒါနပြုရာ၌ ဝင့်ဆင်းရဲမှ လွတ်မြောက်ကြောင်း 'ဝိဝဋ္ဋနိဿိတ' ဒါနဖြစ်အောင် ပေးလှူတတ်ကြသည်။ ထို့ကြောင့် အခြားအလှူရှင်များက ဒါနပြုလိုလျှင် အနာထပိဏ်နှင့် ဝိသာခါကျောင်းအမကြီးတို့ကို ဖိတ်ခေါ်ကြသည်။ ဒါနဆိုင်ရာ အစီအမံတို့ကိုလည်း ဦးစီးဦးကိုင် ပြုစေကြသည်။ ထိုသို့ အခြားအလှူရှင်တို့၏ အလှူလုပ်ငန်းများ၌ အမြဲတစေ လိုက်လံကြီးကြပ် ကူညီပေးနေရမှုကြောင့် သူတို့ အိမ်အလှူလုပ်ငန်းများတွင် သမီးများကိုသာ ဦးဆောင်စေရန် စီမံထားကြရသည်။

အနာထပိဏ်သူဌေးကြီးသည် သမီးအကြီး မဟာသုဘဒ္ဒါကို အလှူဒါနပြုရာ၌ ဦးဆောင်စီမံစေရန် ပထမတာဝန်ပေးထားသည်။ သမီးကြီး အိမ်ထောင်ကျ၍ ခင်ပွန်းသည်နောက် လိုက်သွားရသောအခါ သမီးလတ် စူဠသုဘဒ္ဒါကို တာဝန်ပေးသည်။ စူဠသုဘဒ္ဒါလည်း သူ့ခင်ပွန်းရှိရာသို့ လိုက်သွားရသောအခါ သမီး အငယ် သုမနဒေဝီကို တာဝန်ပေးထားရသည်။

သုမနဒေဝီသည် အိမ်၏ အလှူဒါနလုပ်ငန်းများကို နေ့စဉ် ကြီးကြပ်ဆောင်ရွက်နေစဉ် တစ်နေ့၌ မမာမကျန်းဖြစ်လာသည်။ ထို့ကြောင့် ဖခင်ကြီးနှင့် တွေ့လိုကြောင်းပြောသဖြင့် အခြားအလှူအိမ်များသို့ ရောက်နေသော ဖခင်ကြီးကို သွားခေါ်လာကြရသည်။ ဖခင်ကြီး အိမ်သို့ပြန်ရောက်သောအခါ ဖခင်ကြီးနှင့် သမီးငယ်တို့ အပြန်အလှန် ဤသို့ စကားပြောကြသည်။

သမီးနှင့်ဖခင် အပြန်အလှန်စကားပြောကြပုံ

"သမီး ဘယ်လိုခံစားနေရသလဲ"

"ဘာကိုမေးတာလဲ မောင်လေး"

"သမီး ယောင်ယမ်းပြောနေတာလား"

"ယောင်ယမ်းပြောနေတာ့ မဟုတ်ပါဘူး မောင်လေး"

"သမီး ကြောက်နေတာလား..."

"မကြောက်ပါဘူး မောင်လေး"

12A

http://www.dhammadownload.com

ထိုသို့ ပြောဆိုနေရင်း သမီးငယ် ကွယ်လွန်သွားသည်။ ဖခင် အနာထပိဏ် သူဌေးကြီးသည် သမီးငယ်၏ ရုပ်အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ငိုကြွေးလျက် ဘုရားရှင်ထံ သွားသည်။ ဘုရားရှင်က သူဌေးကြီးအား မရဏသဘောကို ဟောကြားသည်။ ထိုအခါ သူဌေးကြီးက 'သတ္ထာဝါတိုင်း သေရမည်ကို သိပါသည်။ သို့သော် သမီးငယ်သည် နေ့စဉ် ကောင်းမှုကုသိုလ် ပြုနေသူဖြစ်ပါလျက် ကယောင်ကတမ်း ပြောဆိုပြီး ကွယ်လွန်သွားရှာသည့် အတွက် သောကဖြစ်ရသည်' ဟု လျှောက်ထားသည်။ အဘယ်သို့ ကယောင်ကတမ်း ပြောဆိုသနည်းဟု မေးသောအခါ 'ဖခင်ကို မောင်လေးဟု ကယောင်ကတမ်း' ပြောဆိုသွားပုံကို ပြန်လည်လျှောက်ထားသည်။

ထိုအခါ "ဘုရားရှင်က သမီးငယ်သည် ယောင်ယမ်းလျက် ကယောင်ကတမ်း ပြောဆိုခြင်းမဟုတ်။ ဒါယကာ ဖခင်ကြီးက သောတာပန်အဆင့်သာ ရှိသေးသည်။ သမီးငယ်က သကဒါဂါမ်အဖြစ် ရောက်နေပြီ။ ထို့ကြောင့် ဓမ္မအမြင်၊ ဓမ္မရာထူးနှင့် အရိယာအမြင်အရ ဒါယကာကြီးက ငယ်သူဖြစ်၍ မောင်လေးဟု ခေါ်ခြင်းဖြစ်သည်။ ယခုအခါ သမီးငယ်သည် တုသိတာနတ်ပြည်၌ ရောက်နေပြီ" ဟု ရှင်းပြတော်မူလိုက်သည်။

ပူဆွေးမှုမှ ဝမ်းမြောက်မှုသို့

ဘုရားရှင်၏ ရှင်းလင်းဟောပြမှုကို ကြားရသောအခါမှ သူဌေးကြီး အနာထပိဏ် သည် 'သမီးအတွက် သောကဖြစ်နေရာမှ သမီးအတွက် မုဒိတာ' ဖြစ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။

ဘုရားရှင်က ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

၁၈။ ကုဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂတိ ဂတော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၈။ ကောင်းမှုပြုသူသည် ဤဘဝရော၊ နောက်ဘဝ၌ပါ ရွှင်လန်းဝမ်းမြောက်ရသည်။ "ငါသည် ကောင်းမှုကို ပြုထားခဲ့ပြီးပြီ" ဟု ရွှင်လန်းဝမ်းမြောက်ရသည်။ တမလွန်၌ သုဂတိဘဝကို ရသောအခါ၌မူ ပို၍ပင် ရွှင်လန်း ဝမ်းမြောက်ရသည်။

သုမနဒေဝီသူဌေးသမီးဝတ္ထု ပြီး၏။

၁၄။ အဆွေခင်ပွန်း ရဟန်းနှစ်ပါးဝတ္ထု

[ပရိယတ်နှင့် ပဋိပတ်ဝန်ဆောင်ရဟန်းများ]

သာဝတ္ထိပြည်သား သူငယ်ချင်းနှစ်ယောက်တို့သည် ဇေတဝန်ကျောင်းတော်သို့ လာရောက်ပြီး တရားနာကြားကြရာမှ ဘုရားရှင်ထံ၌ ရဟန်းပြုခဲ့ကြသည်။ ရဟန်းငါးဝါရသည်အထိ အတူနေပြီး ဥပဇ္ဈာယ်ဆရာ၏ အဆုံးအမကို ခံယူကြသည်။ ထို့နောက် ဘုရားရှင်ထံသွားပြီး ရဟန်းတို့ ကျင့်သုံးရမည့် တရားများကို မေးလျှောက်သည်။ ဘုရားရှင်က စာပေကျမ်းဂန်ကို သင်အံပို့ချခြင်း ဂန္ထဓုရနှင့် ကျမ်းဂန်လာအတိုင်း ကျင့်ရသည့် ဝိပဿနာဓုရတို့ အကြောင်း အကျယ်တဝင့် ဟောပြတော်မူလိုက်သည်။

မတူသောကျင့်စဉ်

ရဟန်းတစ်ပါးသည် တောသို့ဝင်၍ ဝိပဿနာဓုရကို ဆောင်၏။ မမေ့မလျော့သော ဇွဲလုံ့လဖြင့် ကျင့်ကြံအားထုတ်သောကြောင့် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ အခြားသော ရဟန်းတစ်ပါးကမူ ဂန္ထဓုရကို ဆောင်လျက် ပိဋကတ်သုံးပုံကို သင်ယူကာ ရဟန်းငါးရာတို့အား အမြဲမပြတ် စာပေတို့ကို ပို့ချသည်။ စာပေကျမ်းဂန် အပို့အချ၊ အရွတ်အဆို ကောင်းသူအဖြစ် ကျော်ကြားသည်။

http://www.dhammadownload.com

မှာကြားပုံ

ရဟန်းများစွာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူကာ ဝိပဿနာဓုရဆောင် ရဟန္တာမထေရ်ရှိရာသို့ သွား၍ အဆုံးအမကို ခံယူကာ ကျင့်ကြံအားထုတ်ကြသဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။ ရဟန္တာ ဖြစ်တော်မူကြပြီးသော် ဘုရားရှင်ထံ သွားလိုသဖြင့် ဆရာဖြစ်သူ ဝိပဿနာဓုရဆောင် ရဟန္တာမထေရ်ကို ပန်ကြားကြသည်။ "ငါ့ရှင်တို့ သွားကြပါ။ ဘုရားရှင်ထံ ရောက်သောအခါ ဘုရားရှင်ကို ရှိခိုးပြီး အဂ္ဂသာဝကနှစ်ပါး၊ ရှစ်ကျိပ်သော မဟာသာဝကများနှင့် ငါ၏ မိတ်ဆွေ ဂန္ဓဓုရဆောင်ရဟန်းတော်ကိုလည်း ငါ့ကိုယ်စား ရှိခိုးကန်တော့ခဲ့ကြပါ" ဟု မှာကြားလိုက်သည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဝိပဿနာဓုရဆောင်ဆရာ မှာကြားသည့်အတိုင်း တပည့်များက လိုက်နာပြုကျင့်ကြသည်။ ဂန္ဓဓုရဆောင် ရဟန်းထံ သွားရောက် လျှောက်ထားသောအခါ ဂန္ဓဓုရဆောင် မထေရ်က သင်တို့ဆရာ မည်သူနည်းဟု မေးသည်။ အရှင်ဘုရား၏ မိတ်ဆွေ ဝိပဿနာဓုရဆောင် ရဟန်းဖြစ်ပါသည်ဟု ပြန်လည် လျှောက်ထားကြသည်။ နောက်ထပ် ရောက်လာကြသော ဝိပဿနာဓုရဆောင် ရဟန်း၏ တပည့်များကလည်း ဤသို့ မကြာခဏ လာရောက် လျှောက်ထားကြသည်။ ဂန္ဓဓုရဆောင် ရဟန်းက "ဝိပဿနာဓုရဆောင်ရဟန်းသည် စာပေကျမ်းဂန်ကို တစ်ဂါထာမျှ နားမလည်၊ ရဟန်းဖြစ်ချိန်မှ စပြီး တောသို့ဝင်နေသူ ဖြစ်သည်။ သူ ရောက်လာမှ ပရိယတ်နှင့် ပတ်သက်သော ပြဿနာကို မေးမည်" ဟု ကြံစည်ထားသည်။

ဘုရားရှင်က သာဓုခေါ်ပြီ

ဝိပဿနာဓုရဆောင်ရဟန်းသည် ဘုရားရှင်ထံ အဖူးအမြော်လာရင်း ဂန္ဓဓုရဆောင်ရဟန်းထံသို့လည်း ဝင်လာခဲ့သည်။ ဂန္ဓဓုရဆောင် ရဟန်းသည် ဝိပဿနာ ဓုရဆောင်ရဟန်းအား အမေးပုစ္ဆာကို မေးမည်ဟု ကြံသည်။ ထို ခဏ၌ မြတ်ဘုရားရှင်လည်း ရဟန်းနှစ်ပါးထံ ကြွလာတော်မူသည်။ ဘုရားရှင်က ဂန္ဓဓုရဆောင် ရဟန်းအား စွာန်သမာပတ်နှင့် ရုပ်နာမ်တို့အကြောင်း မေး

http://www.dhammadownload.com

သည်။ မထေရ်ကလည်း ပြန်လည် ဖြေကြားနိုင်သည်။ မဂ်၊ ဖိုလ်အကြောင်းကို မေးသောအခါ ဂန္ဓဓုရဆောင်ရဟန်းက မဖြေနိုင်။ ဝိပဿနာဓုရဆောင်ရဟန်း ကသာ ကောင်းစွာ ဖြေဆိုနိုင်သောကြောင့် ဘုရားရှင်က 'သာဓု' ခေါ်တော်မူသည်။ ဂန္ဓဓုရဆောင်ရဟန်း၏ တပည့်များက စာပေကျမ်းဂန်တတ်သော ငါတို့ဆရာအတွက်မူ ဘုရားရှင်က သာဓုမခေါ်ဟု ကဲ့ရဲ့ပြောဆိုကြသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၉။ ဗဟုမ္ပိ စေ သံဟိတံ ဘာသမာနော၊
နာ တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
နာ ဘာဂဝါ သာမညဿ ဟောတိ။

၂၀။ အပ္ပမ္ပိ စေ သံဟိတံ ဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော၊
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၉။ အကျိုးစီးပွားများလှသော ပိဋကတ်တော်ကို အကြိမ်ကြိမ် သင်ကြားပို့ချနေသော်လည်း ပိဋကတ်တော်လာ အကျင့်မြတ်ကို မကျင့်သုံးဘဲ မေ့လျော့နေကြားအံ့။ ထိုသို့သော ရဟန်းမျိုးသည် နွားကျောင်းသားသဲ့သည် နွားကျောင်းပြီးသော် နွားအရေအတွက်အတိုင်း နွားရှင်ထံ အပ်နှံရသကဲ့သို့ ပဋိပတ်အကျင့်ကို မကျင့်သော စာချုပ်ရှိလ်သည် အကျင့်မြတ် ကျင့်ကြံလိုသူတို့အား ပိဋကတ်၏ အရသာကို ပေးအပ်ရသည်။ နွားနို့၏အရသာကို နွားကျောင်းသား မခံစားရဘဲ ပိုင်ရှင်သာ ခံစားရသကဲ့သို့ စာချုပ်ရှိလ်သည် မဂ်၊ ဖိုလ်ကို မျက်မှောက်မပြုရဘဲ

http://www.dhammadownload.com

ပိဋကတ်တော်လာ အကျင့်မြတ်ကို ကျင့်သုံးသူသည်သာ မင်၊ ဖိုလ်ကို မျက်မှောက် ပြုရသည်။

၂၀။ အကျိုးစီးပွားများလှသော ပိဋကတ်တော်ကို အနည်းငယ်မျှ သင်ကြား ပို့ချရသော်လည်း ပိဋကတ်တော်လာ အကျင့်မြတ်ကို သတိသမ္ပဇဉ်ဖြင့် ကျင့်သုံးငြားအံ့။ ထိုပုဂ္ဂိုလ်သည်သာ ပစ္စုပ္ပန်မှာရော တမလွန်၌ပါ လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်၍ ဥပါဒါနက္ခန္ဓာတို့မှ လွတ်မြောက်ကာ မင်ဖိုလ်ကို မျက်မှောက်ပြုရ၏။

အဆွေဝင်ပွန်း ရဟန်းနှစ်ပါးဝတ္ထု ပြီး၏။

ယမကဝဂ် ပြီး၏။



ဂန္ဓဝရကိုဆောင်ရဟန်း စာပေကျမ်းဂန်များကိုပို့ချပေးနေစဉ်။

http://www.dhammadownload.com

အပ္ပမာဒဝဂ်

အပ္ပမာဒ = မမေ့မလျော့မှု၊ ဝဂ္ဂ = ဝဂ်၊ အစု။
မမေ့မလျော့နေ၍ ကောင်းကျိုးရပြီး မေ့မေ့လျော့လျော့နေ၍
မကောင်းကျိုး ခံစားရသော တရားများ ဟောကြားထားသောဝဂ္ဂဖြစ်၍ ဒေသနာအစု။



၁။ သာမာဝတီမိဖုရား ဝတ္ထု

[အကုသိုလ်အကျိုး ခံစားရသူ]

သာမာဝတီသည် ကောသမ္ဗီဘုရင် ဥတေန၏ မိဖုရားကြီးသုံးဦးအနက် မိဖုရားကြီးတစ်ဦး ဖြစ်သည်။ ကောသမ္ဗီသူဌေးကြီး ဃောသက၏ မွေးစားသမီးလည်း ဖြစ်သည်။ မိဘအရင်းမှာ ဘဒ္ဒဝတီသူဌေးကြီးဖြစ်သည်။ ကောသမ္ဗီဘုရင် ဥတေနတွင် အခြားမိဖုရားကြီးတို့လည်း ရှိသေးသည်။ တစ်ဦးမှာ မာဂဏ္ဍီဖြစ်သည်။ ကုရုတိုင်းမှ ဗြာဟ္မဏမျိုးရိုး ဖြစ်သည်။ အခြားတစ်ဦးမှာ ဝါသုလဒတ္တာ ဖြစ်သည်။ ဥဒ္ဒေနိပြည်မှ စဏ္ဍပဒ္ဒောတမင်း၏ သမီးဖြစ်သည်။

၄က်ဆင်သုတ်ခံရသူ မိဖုရား

မိဖုရားကြီး သုံးဦးတို့၏ အရှင်သခင် ဥတေနမင်းသည် ပူရဏ်ပူမင်း၏ သားတော်ဖြစ်သည်။ ပူရဏ်ပူ၏ နန်းမြို့တော်သည် ကောသမ္ဗီ ဖြစ်သည်။ ဥတေနမင်းသားအား ကိုယ်ဝန်လွယ်ထားသော မယ်တော်သည် ဘုရင်ကြီးနှင့် အတူ နန်းရင်ပြင်၌ ကမ္ဘလာအနီကို ခြိုလျက် နေပူဆာလှံနေသည်။ မင်းတံဆိပ်

http://www.dhammadownload.com

ပါသော ဘုရင်ကြီး၏ လက်စွပ်တော်ကိုလည်း သူ့လက်၌ ဝတ်ကြည့်နေသည်။ ထိုစဉ်တွင် ငှက်ဆင်ကြီးတစ်ကောင်သည် ကောင်းကင်မှ ဆင်းသက်လာပြီး မိဖုရားကြီးကို အသားတစ်အမှတ်ဖြင့် ဟိမဝန္တာရှိ ညောင်ပင်ကြီးတစ်ပင်ပေါ်သို့ သုတ်ချီသွားတော့သည်။ ငှက်ဆင်ကြီးသည် ထိုညောင်ပင်အပေါ်၌ သူ သုတ်ချီလာသော သတ္တဝါတို့ကို ထိုးဆိတ် သတ်ဖြတ်၍ စားနေကျနေရာ ဖြစ်သည့် ညောင်ပင်ခွအကြား၌ မိဖုရားကြီးကို ခေတ္တချထားစဉ် မိဖုရားကြီးက အော်ဟစ်၍ လက်ခုပ်လက်ဝါးတီးကာ ငှက်ဆင်ကြီးကို ခြိမ်းခြောက် မောင်းထုတ်လိုက်တော့သည်။ ထိုညောင်ပင်ခွအကြား၌ပင် ဥတေနမင်းသားကို ဖွားမြင်သည်။

ညောင်ပင်ကြီးအနီး၌ အလွှကပွရသေ့ နေသည်။ ငှက်ကြီးစားထားသော အသားအကြွင်းအကျန်နှင့် အသီးအရွက် စသည်ကို ချက်ပြုတ်စားသောက် နေကျ ဖြစ်သည်။ ထိုနေ့ကလည်း အာဟာရရှာရန် ထွက်လာစဉ် ညောင်ပင်ပေါ်၌ မွေးကင်းစဖြစ်သော ဥတေနမင်းသားတို့ သားအမိကို တွေ့မြင်သွားသည်။ သားအမိတို့ကို အောက်သို့ ဆင်းစေရန်ပြောရာ မိဖုရားကြီးက မင်း မိဖုရားဖြစ်၍ သူ၏ မျိုးရိုးပျက်မည်ကို စိုးရိမ်သည်ဟု ပြောသည်။ ရသေ့က သူသည်လည်း မင်းဘဝမှ ရသေ့ပြုလာသူဖြစ်ကြောင်း၊ သူ၏ ဘဝအကြောင်းကို ပြန်ပြောပြသည်။ ထိုအခါ မိဖုရားကြီးက "ကျွန်ုပ်ကို လက်ဖြင့်မထိပါစေနှင့်" ဟု ပြောသဖြင့် သားငယ် ဥတေနကိုရော မိဖုရားကိုပါ ညောင်ပင်အောက်သို့ ရောက်အောင် စီစဉ်ဆောင်ရွက်လျက် ကျောင်း၌ ခေါ်ယူပြုစုထားခဲ့သည်။ ရသေ့ကျောင်း၌နေစဉ် မိဖုရားကြီးက "ငါတို့သားအမိကို စွန့်ခွာပြီး ရသေ့ကြီး အခြားတစ်နေရာသို့ သွားလျှင် တို့သားအမိ ဒုက္ခရောက်ရလိမ့်မည်" ဟု တွေးမိရာမှ ရသေ့၏သီလကိုပျက်စေကာ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြသည်။

ဟတ္ထိကန္တ မန္တန်ဟူသည်

အလွှကပွရသေ့သည် အလွှကပွတိုင်းပြည်၏ ဘုရင်ဖြစ်ခဲ့ပြီး သူ့မိတ်ဆွေ ဝေဠဒီပသည် ဝေဠဒီပတိုင်းပြည်၏ ဘုရင်ဖြစ်ခဲ့သည်။ မိတ်ဆွေ ဝေဠဒီပ

http://www.dhammadownload.com

မင်းသည် ကွယ်လွန်ကာ တန်ခိုးကြီးနတ် ဖြစ်သွားသည်။ ထိုနတ်သည် ဆင်အန္တရာယ်များကြားတွင် နေထိုင်ရသော မိတ်ဆွေဟောင်း အလွန်ကပွရသော်ထံ လာပြီး ဟတ္ထိကန္တစောင်းကို လည်းကောင်း၊ မန္တန်ကို လည်းကောင်း သင်ပေးခဲ့သည်။ ဟတ္ထိကန္တမန္တန်သည် ဆင်တို့ကို လိုသလို စီစဉ်ခိုင်းစေနိုင်သောမန္တန် ဖြစ်သည်။

တစ်နေ့သ၌ အလွန်ကပွရသော်သည် ကောင်းကင်ရှိ နက္ခတ်အသွားအလာကိုကြည့်ရာ ကောသမ္မီပြည်မှ ပူရန္တပွမင်း နတ်ရွာစံပြီကို သိသဖြင့် မိဖုရားကြီးကို ပြောပြလိုက်သည်။ မိဖုရားကြီးက ငိုကြွေးရင်း သူ့သားငယ်သည် ကောသမ္မီပြည် နန်းတော်၌သာ ရှိနေလျှင် ထီးဖြူစိုးအုပ် မင်းလုပ်ရပေမည်။ ယခုတော့ တောထဲမှာရောက်နေ၍ ဖခမည်းတော်၏ အမွေဖြစ်သော မင်းအဖြစ်ကို ဆုံးရှုံးရပြီ” ဟု ပြောဆိုသည်။ အလွန်ကပွရသော်သည် ဥတေနမင်းသားလေးအား ဟတ္ထိကန္တမန္တန်နှင့် စောင်းအတတ်ကို သင်ပေးသည်။ မိဖုရားကြီးက ပါလာသော ကမ္မလာနီနှင့် မင်းတံဆိပ်ပါရှိသော လက်စွပ်တို့ကိုပေးပြီး နန်းတော်ရှိ စစ်သူကြီး၊ မှူးမတ် စသည်တို့၏ အမည်များကို ပြောပြလျက် ထီးမွေနန်းမွေ ဆက်ခံနိုင်ရန် နတ်ရွာစံ ဖခင်ဘုရင်ကြီးအုပ်ချုပ်ရာ ကောသမ္မီနန်းတော်သို့ စေလွှတ်လိုက်ကြသည်။

ဥတေန မင်းသားလေးသည် ဟတ္ထိကန္တမန္တန်နှင့် စောင်းအတတ်တို့ကို အသုံးပြုကာ ပစ္စန္တရဇ်အရပ်မှ စစ်အင်အားကို စုရုံးသည်။ ရလာသော စစ်အင်အားဖြင့် ဆင်တပ်ကို ဖွဲ့စည်းလျက် နန်းတော်ကို သွားရောက်ဝန်းရံကာ စစ်တိုက်မည်လော။ မင်းအဖြစ်ကို ပေးမည်လော။ ငါသည် ပူရန္တပွမင်းနှင့် ငှက်ဆင်ကြီး ချီသွားသော မိဖုရားတို့၏ သားတည်းဟုပြောလျက် ရာဇသံပေးလိုက်သည်။ စစ်သူကြီးနှင့် အမတ်တို့၏ အမည်များကိုလည်း ပြောပြလိုက်သည်။ မြို့သူမြို့သားများနှင့် နန်းတွင်းသားတို့ကို သူ ယူဆောင်လာသော ကမ္မလာနီနှင့် တံဆိပ်ပါ လက်စွပ်တို့ကိုလည်း ပြလိုက်သည်။ ထိုအခါ မြို့သူမြို့သားများနှင့် နန်းတော်အသိုင်းအဝိုင်းက သူ့အား ဘိသိက်သွန်းကာ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

13A

http://www.dhammadownload.com

ကူးစက်ရောဂါကြောင့် ပြေးလာရသူ

သာမာဝတီနှင့် မိဘတို့နေထိုင်သော ဘဒ္ဒဝတီမြို့တွင် ကူးစက်ရောဂါ ကပ်ဆိုးကျရောက်သဖြင့် မိသားစုအားလုံး ကောသမ္မီမြို့တော်သို့ ထွက်ပြေးခဲ့ကြသည်။ ကောသမ္မီတွင် သူတို့နှင့် ခင်မင်သော ဃောသကသူဌေးသည် ရှိ၏။ သာမာဝတီတို့ မိသားစုသည် ဇရပ်တစ်ခုခွဲ ခေတ္တတည်းခိုနေထိုင်ကြသည်။ သာမာဝတီသည် ထိုဇရပ်မှ ဃောသကသူဌေး နေ့စဉ် လှူဒါန်းသော အလှူမဏ္ဍပ်ရှိရာသို့ သွားပြီး စားစရာများ တောင်းယူကာ မိဘများကို ကျွေးမွေးသည်။ ပထမနေ့ယူလာသော အစားအစာများကို စားပြီးသည့်နောက် ဖခင်ကြီးသည် ကွယ်လွန်သွားရှာသည်။ ဒုတိယနေ့တွင် သာမာဝတီက သူ့အမေနှင့် သူ့အတွက် နှစ်ယောက်စာ သွားတောင်းသည်။ ရလာသမျှသော အစာကို သာမာဝတီက မိခင်ကြီးအား တောင်းပန်၍ ကျွေးမွေးသည်။ မိခင်ကြီးသည် သမီးကျွေးသမျှကို စားပြီးနောက် ကွယ်လွန်သွားပြန်သည်။ ထို့ကြောင့် တတိယနေ့တွင် သူတစ်ယောက်တည်းအတွက်သာ သွားတောင်းသည်။

သာမာဝတီ မိဖုရားကြီးဖြစ်ပြီ

ထိုအခါ အလှူမဏ္ဍပ်ကြီးမှူးသူ မိတ္တသူကြွယ်က သုံးယောက်စာ၊ နှစ်ယောက်စာမှ တစ်ယောက်စာ ဖြစ်ရသည့်အကြောင်းကို မေးသည်။ သာမာဝတီက သူတို့မိသားစု၏ အဖြစ်မှန်ကို ပြောပြသည်။ အကြောင်းစုံကို ကြားရသဖြင့် မိတ္တသူကြွယ်သည် သာမာဝတီအား သမီးအဖြစ် မွေးစားထားလိုက်သည်။ ထိုအကြောင်းကို ဃောသကသူဌေးကြီး သိရှိကာ မိတ္တသူကြွယ်ထံမှတစ်ဆင့် သာမာဝတီကို ခေါ်ယူပြီး သမီးအဖြစ် မွေးစားထားခဲ့သည်။

နက္ခတ်ပွဲသဘင်ရှိသော နေ့တစ်နေ့တွင် သာမာဝတီသည် နန်းတော်မင်းရင်ပြင်ကို ဖြတ်လျက် မြစ်ဆိပ်သို့ ရေချိုးသွားရာ ဥတေနမင်းက မြင်တွေ့သွားသည်။ ဥတေနမင်းက ဃောသကသူဌေးထံ သမီးသာမာဝတီကို သူ့ထံပေးဆက်ရန် မင်းစေတမန်တို့ကို စေလွှတ်သည်။ ဃောသက သူဌေးက မပို့သောအခါ ဃောသကသူဌေးအိမ်ကို မင်းမိန့်တံဆိပ် ခတ်စေပြီး မိဘတို့ကို

http://www.dhammadownload.com

အိမ်မှ နှင်ထုတ်စေသည်။ မြစ်ဆိပ်မှ ရေချိုးပြီးပြန်လာသော သာမာဝတီသည် အိမ်၌ ဖြစ်ပျက်နေသော အခြေအနေကို သိသွားသည်။ ထို့ကြောင့် "လက်ရှိ အခြေအရံနှင့်တကွ ပို့ဆက်ခွင့်ရပါက ပို့ဆက်ပါမည်" ဟု ဖခင်အား ဘုရင်ထံ ပြန်ကြားစေသည်။ ဘုရင်က လက်ခံသည်။ သို့ဖြင့် ဥတေနမင်းသည် သာမာဝတီအား အခြေအရံနှင့်အတူ ခေါ်ဆောင်ပြီး အဘိသိက်သွန်းလျက် အဂ္ဂမဟေသီမိဖုရားကြီးအရာ၌ ထားလေသည်။

ဥတေနမင်းကို ဖမ်းမိပြီ

ဥဇ္ဇေနီမြို့တော်မှ စဏ္ဍပဇ္ဇောတမင်းသည် မိမိထက် စည်းစိမ်ချမ်းသာအားကြီးသူ ဥတေနမင်းကို မနာလို ဝန်တိုစိတ်ရှိသူ ဖြစ်သည်။ သို့ဖြစ်၍ ဥတေနမင်းကို ဖမ်းဆီးကာ တိုင်းပြည်ကို သိမ်းပိုက်ရန် ကြံစည်သည်။ ဥတေနမင်း၌ ဆင်တို့ကိုနိုင်သော ဟတ္ထိကန္တမန္တန် ရှိသောကြောင့် သက်မဲ့ဆင်ရုပ်ကို ပြုလုပ်စေသည်။ ထိုဆင်ရုပ်အတွင်း၌ စစ်သည်ဗိုလ်ပါ အင်အား အလုံအလောက် ထည့်သွင်းထားသည်။ သက်ရှိဆင်ဟု ထင်မှတ်စေရန် ဆင်ရုပ်အနီးတွင် ဆင်ချေးများကို ချထားသည်။ ထို့နောက် ဥတေနမင်း၏ ပိုင်နက်ရေကန်အနီး၌ သွားရောက် ချထားသည်။ မကြာမီ တစ်ကိုယ်လုံး ဖွေးဖွေးဖြူသော ဆင်ဖြူတစ်ကောင် မိမိ ပိုင်နက်အတွင်း ရောက်နေသည်ဟု ဥတေနမင်း သိသောအခါ ဟတ္ထိကန္တမန္တန် အားကိုးဖြင့် ဆင်စီးပြီး လိုက်ခဲ့သည်။ ဥတေနမင်းသည် မန္တန်ကိုရွတ်၍ စောင်းကို တီးခတ်သော်လည်း ဆင်ရုပ်သည် ဝေးရာသို့ အလျင်အမြန် ထွက်ပြေးသွားသည်။ ထို့ကြောင့် မြင်းကိုစီးကာ လိုက်သည်။ မိမိ ပိုင်နက်နယ်မှ ဝေးရာသို့ ကျော်ဝင်သွားသောကြောင့် စဏ္ဍပဇ္ဇောတမင်း၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

စဏ္ဍပဇ္ဇောတမင်းက ဟတ္ထိကန္တမန္တန်ကို သင်ပေးလျှင် လွတ်မည်ဟု ပြောသည်။ "မိမိအား ရှိခိုး၍ သင်ယူလျှင် သင်ပေးမည်" ဟု ဥတေနမင်းက ပြန်ပြောလိုက်သည်။ ထိုအခါ စဏ္ဍပဇ္ဇောတမင်းသည် ဂါထာကို သင်ယူမည့် သမီးတော် ဝါသုလဒတ္တာကို ခါးကုန်းမ အဖြစ်လည်းကောင်း၊ ဂါထာကို သင်ပေးသည့် ဥတေနမင်းကို ခရသင်းဖြူစွဲနေသူ လူနူအဖြစ် လည်းကောင်း

http://www.dhammadownload.com

နှစ်ဦးစလုံးကို လိမ်ညာ၍ အသိပေးကာ ကန့်လန့်ကာခြား၍ ဂါထာကို သင်စေသည်။ အကြိမ်ကြိမ် သင်ပေးသော်လည်း ဝါသုလဒတ္တာက ဂါထာကို ပီပီသသ မရွတ်ဆိုနိုင်သောကြောင့် ဥတေနမင်းက စိတ်ဆိုးပြီး "ဟယ်... ခါးကုန်းမ၊ သင် ထုံလှချေတကား" ဟု ကြိမ်းမောင်းလိုက်သည်။ ခါးကုန်းမ အမည်ခံကာ သင်ယူနေရသော မင်းသမီးကလည်း "ဟယ်... ခရုသင်းဖြူ စွဲနေသူ နူနာသည်၊ ငါကဲ့သို့သော မင်းသမီးကို ခါးကုန်းမ" ဟု ပြောရသလော ဟု ဒေါသဖြင့် ပြန်ပြောလိုက်ပြီး ကန့်လန့်ကာကို ဆွဲဖယ်လိုက်သည်။ ထိုအခါ ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့သည် မိမိတို့၏အဖြစ်မှန်ကို သိကြရသောအခါ မန္တန်ကို သင်ဟန်ဆောင်ကာ နေ့စဉ် ချစ်ကျီစယ်၍သာ နေကြလေတော့သည်။

ဥတေနမင်းက "ချစ်နမ၊ လင်ယောကျ်ားတို့ ပေးနိုင်သော စည်းစိမ်မျိုးကို မိဘတို့က မပေးနိုင်။ အကယ်၍ ငါ့အား လွတ်မြောက်စေပြီး ငါ၏အသက်ကို ကယ်ဆယ်နိုင်လျှင် ငါသည် ချစ်နမကို အခြေအရံများစွာပေးပြီး မိဖုရားကြီး အရာ၌ ထားမည်" ဟု ပြောသည်။ ဝါသုလဒတ္တာက လက်ခံ သဘောတူပြီး ဥတေနမင်း လွတ်မြောက်စေနိုင်မည့် အစီအစဉ်တစ်ခုကို စီစဉ်လိုက်သည်။

ဝါသုလဒတ္တာ မိဖုရားဖြစ်ပြီ

မင်းသမီးဝါသုလဒတ္တာ၏ အစီအစဉ်မှာ "ဟတ္ထိကန္တမန္တန်ရဖို့အထောက်အကူ ဖြစ်စေမည့် ဆေးမြစ်သွားတူးစရာ ရှိသည်။ နက္ခတ်ယှဉ်ခိုက် ထွက်တူးရမည်ဖြစ်၍ အချိန်မရွေးထွက်နိုင်သော တံခါးပေါက်နှင့် ဆင်တစ်စီး ပေးထားပါရန်" ဖခင်ကြီးထံ လျှောက်ထားသည်။ ဖခင်ကြီးက လိုက်လျောသည်။ စဏ္ဍပဇ္ဇောတမင်းကြီး ဥယျာဉ်ကစားရန် ထွက်သွားသောနေ့တွင် ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့သည် ဆင်ပေါ်၌ ရွှေငွေထည်ထားသောအိတ်များ တင်ဆောင်လျက် ထွက်ပြေးခဲ့ကြသည်။ စဏ္ဍပဇ္ဇောတမင်း သိသွားသောအခါ သူတို့နောက်သို့ စစ်သည်တို့ကို လိုက်စေသည်။ ထိုအခါ ဥတေနမင်းသည် ပါလာသော ငွေအိတ်၊ ရွှေအိတ်များမှ ငွေနှင့်ရွှေများကို ကြဲချပေးသည်။ ဥတေနမင်းသည် ပြင်ပ၌ သူ့အားစောင့်နေသော စစ်သည်ဗိုလ်ပါအပေါင်းနှင့် ပြန်

http://www.dhammadownload.com

လည် ဆုံမိသဖြင့် နန်းတော်သို့ အရောက်ပြန်ခဲ့သည်။ ဝါသုလဒတ္တာကိုလည်း အဘိသိက်သွန်း၍ မိဖုရားကြီးအရာ၌ ထားလိုက်သည်။

မာဂဏ္ဍီမိဖုရားကြီး

ဥတေနမင်း၏ အခြားမိဖုရားကြီးတစ်ဦးမှာ မာဂဏ္ဍီဖြစ်သည်။ မျိုးရိုးကို အစွဲပြုလျက် မာဂဏ္ဍီဟု ခေါ်ခြင်းဖြစ်သည်။ သူသည် အလွန်ချောမောလှပသူ ဖြစ်သည်။ ရုပ်ရည်ရူပကာယ ချောမောလှပသလောက် မာနခက်ထန်လွန်းသူ၊ အာဃာတပြင်းထန်လွန်းသူ၊ အကြံပက်စက်လွန်းသူဟု ဆိုနိုင်သည်။ မာဂဏ္ဍီကို လိုချင်ကြသူ ထင်ရှားသည့် အမျိုးကောင်းသားတို့က တောင်းဆိုလာသော် ပုဏ္ဏားကြီးက "သင်တို့နှင့် မတန်" ဟု ပြောလွှတ်လေ့ရှိကြသည်။

တစ်နေ့သ၌ ဘုရားရှင်သည် မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ဇနီးတို့ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ပုဏ္ဏားကြီးတို့ မီးပူဇော်ရာဌာနသို့ တစ်ပါးတည်း ကြွလာတော်မူခဲ့သည်။ ပုဏ္ဏားကြီးသည် ဘုရားရှင်၏ တင့်တယ်သပွာယ်သော ရူပကာယတော်ကို မြင်ရသောအခါ "ဤယောကျ်ားကောင်းသည်သာ ငါ့သမီးနှင့် အထိုက်တန်ဆုံး ဖြစ်သည်။ ဤယောကျ်ားကောင်းအား ငါ့သမီး မာဂဏ္ဍီကို ပေးအံ့" ဟု စဉ်းစားသည်။

ထို့နောက် ဘုရားရှင်ထံသွားကာ "အကျွန်ုပ်တွင် အလွန်ချောမောလှပသော သမီးတစ်ယောက် ရှိပါသည်။ အခြားသူတို့နှင့် လုံးဝ မထိုက်တန်၊ အသင်နှင့်သာ ထိုက်တန်သဖြင့် အသင့်အား သမီးကို ပေးအပ်ပါမည်။ အခြားတစ်နေရာသို့ မသွားဘဲ ဤနေရာ၌ စောင့်နေပါ" ဟု ပြောကြားပြီး ရွာတွင်းသို့ ပြန်ကာ ဇနီးနှင့် သမီးတို့ကိုခေါ်၍ ပြန်လာခဲ့သည်။

ခြေရာတို့၏ အဓိပ္ပာယ်

ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့် တွေ့သောနေရာတွင် ခြေတော်ရာ ချထားခဲ့ပြီး အခြားတစ်နေရာ၌ သီတင်းသုံးနေတော်မူသည်။ ပုဏ္ဏားကြီးတို့ ပြန်ရောက်လာသောအခါ ဘုရားရှင်ကို မတွေ့ဘဲ ခြေတော်ရာကိုသာ တွေ့သည်။ ထိုအခါ ဇနီးပုဏ္ဏေးမကြီးက "ဤခြေရာရှင်သည် ကာမဂုဏ် ခံစား

http://www.dhammadownload.com

သူ၏ ခြေရာမဟုတ်" ဟု သူတို့ တတ်သိထားသော လက္ခဏာပညာအရ ကောက်ချက်ချ ပြောပြသည်။ "ရာဂရှိသူ၏ ခြေရာသည် အလယ်ခွက်သည်၊ ဒေါသရှိသူ၏ ခြေရာသည် အလျှင်အမြန်နင်းသူဖြစ်၍ ဖနောင့်တွင်းနက်သည်၊ မောဟကြီးသူ၏ ခြေရာသည် အပျင်းဖက်သူဖြစ်၍ တရွတ်တိုက်ဆွဲငင်သော ခြေရာ ဖြစ်သည်။ ဤခြေရာကား အရှေ့၊ အလယ်၊ အနောက် ပမာဏတူညီစွာ ကျပြီး တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ ပါရှိသဖြင့် ရာဂ၊ ဒေါသ၊ မောဟကို စွန့်ပယ်လျက် ဘဝမှ လွတ်မြောက်သူ၏ ခြေရာ" ဟု ရှင်းပြသည်။

ပုဏ္ဏားကြီးမိသားစုသည် ဘုရားရှင်ကို ထိုဤအနှံ့ ကြည့်လတ်သော် ဘုရားရှင်ကို တွေ့ပြီး သမီးကို အလုပ်အကျွေးအဖြစ် ပေးအပ်ရာ ဘုရားရှင်က "တဏှာ၊ အရတီ၊ ရာဂါမည်သော မာရ်နတ်၏ သမီးသုံးယောက်တို့က ကာမဂုဏ်နှင့် စပ်သော မာယာအမျိုးမျိုးဖြင့် ပလီပလာမြှုဆွယ်ကြသော်လည်း ငါ အလိုမရှိခဲ့" ဟု ဟောတော်မူလျက် "ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသော သင်တို့၏သမီး မာဂဏ္ဍီ" ကို ငါ အဘယ်မှာ လက်ခံနိုင်မည်နည်း။ ခြေဖြင့်ပင် မထိလိုပါဟု မိန့်ဆိုပြတော်မူသည်။ ထို့နောက် ဘုရားရှင်က ကာမဂုဏ်တို့၏ အပြစ်ကို ဟောတော်မူရာ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံသည် အနာဂါမ်တည်သွားကြသည်။ ထို့နောက် သမီးမာဂဏ္ဍီကို ဘထွေးတော်သူ စူဠမာဂဏ္ဍီထံအပ်ကာ ရဟန်းပြုသွားကြတော့သည်။

မာဂဏ္ဍီ မိဖုရားဖြစ်ပြီ

သမီး မာဂဏ္ဍီ၏ဘထွေး စူဠမာဂဏ္ဍီသည် မာဂဏ္ဍီကို ကောင်းမွန်စွာ ဝတ်စားဆင်ယင်စေလျက် ကောသမ္ဗီအရပ်ရှိ ဥတေနမင်းထံ သွားရောက် ပို့ဆက်သည်။ ဥတေနမင်းက မာဂဏ္ဍီကို မြင်သည်နှင့် အလွန်စုံမက် မြတ်နိုးသဖြင့် အဘိသိက်သွန်းကာ မိဖုရားအရာ၌ ထားလေသည်။

ကောသမ္ဗီပြည်၌ ဃောသက၊ ကုက္ကုဋနှင့် ပါဝါရိကဟူသော သူဌေးကြီးသုံးယောက် ရှိသည်။ သူတို့ ကိုးကွယ်သော ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကြွလာကြစဉ် တောအုပ်အတွင်းရှိ ညောင်ပင်စောင့်နတ်မင်းထံမှ "ဘုရားပွင့်နေပြီ၊ ယခု သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တပည့်သား သံဃာတော်တို့နှင့်အတူ သီတင်းသုံးနေသည်" ဟု ကြားသိသွားကြသည်။

http://www.dhammadownload.com

အလုပ်သမားဘဝမှ နတ်ဖြစ်သွားသူ

ထိုညောင်ပင်စောင့်နတ်သည် လွန်ခဲ့သောဘဝက ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ်သူဌေးကြီးအိမ်မှ အလုပ်သမား ဖြစ်သည်။ နေ့တစ်ဝက် တာမျှ ဥပုသ်စောင့်ရင်း ကွယ်လွန်ခဲ့ရသဖြင့် ဤညောင်ပင်၌ နတ်လာဖြစ် နေရသည်။ ရသေ့တို့သည် ဘုရားရှင်ရှိရာသို့ သွားကြရာမှ တရားတော်ကို နာကြားရသဖြင့် အရဟတ္တဖိုလ်သို့ရောက်ပြီး ဇဟိဘိက္ခုအဖြစ် ရသွားကြသည်။ သူဌေးကြီးသုံးဦးတို့လည်း ဘုရားရှင်ထံသို့ လိုက်သွားကြသည်။ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရသော် သောတာပန် ဖြစ်သွားကြသည်။

သူဌေးကြီး သုံးယောက်သည် ကောသမ္ဗီမြို့တော်သို့ ပြန်လာကာ ယောသကသူဌေးက ယောသိတာရုံကျောင်း၊ ကုက္ကုဋ္ဌသူဌေးက ကုက္ကုဋ္ဌာရုံ ကျောင်းနှင့် ပါဝါရိက သူဌေးက ပါဝါရိကာရုံကျောင်းတော်တို့ကို ဆောက်လုပ် ပြီး သာဝတ္ထိမှ ဘုရားရှင်ကို ပင့်ဆောင်ကိုးကွယ်ကြသည်။

သုမနပန်းသည်

သူဌေးကြီးများထဲ နေ့စဉ် ပန်းပေးသွင်းရသူ သုမနပန်းသည်သည် ဘုရား အမှူးရှိသော သံဃာတော်တို့အား တစ်နေ့တာ ဆွမ်းကပ်လှူခွင့် ရရှိသည်။ သာမာဝတီ မိဖုရားအား နေ့စဉ် ပန်းဝယ်ပေးရသူ ခုဇ္ဇုတ္တရာသည် သုမနပန်း သည် ဆွမ်းကပ်လှူရာ၌ ဝေယျာဝစ္စ ကူညီဆောင်ရွက်ပေးစဉ် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သောတာပန် ဖြစ်သွားသည်။ သောတာပန် ဖြစ်သွားပြီးနောက် ခုဇ္ဇုတ္တရာသည် နေ့စဉ် လေးအသပြာဖိုး ပန်းဝယ်ပေးရာမှ ထိုနေ့က ရှစ်အသပြာဖိုး ပန်းဝယ်ပေးသည်။ ဥတေနမင်းကြီးက သာမာဝတီ မိဖုရားအား နေ့စဉ် ပန်းဖိုး ရှစ်အသပြာပေးသည်။ ခုဇ္ဇုတ္တရာက ထိုရှစ်အသပြာ ဖိုး အကုန်မဝယ်ဘဲ လေးအသပြာဖိုးသာ နေ့စဉ် ဝယ်ပေးသည်။ သောတာပန် ဖြစ်သောအခါ ရှစ်အသပြာဖိုး အပြည့်ဝယ်ပေးလိုက်သည်။ ပန်းအများအပြား ရရှိလာခြင်းကို သာမာဝတီ မိဖုရားက မေးသောအခါ ခုဇ္ဇုတ္တရာက အဖြစ် မှန်ကိုပြောပြီး ဘုရားရှင်ထံတော်မှ မြတ်တရားတော်ကို နာကြားလာခဲ့ရပုံ

http://www.dhammadownload.com

ကို ပြောပြသည်။ ထိုအခါ သာမာဝတီ မိဖုရားကြီးက မြတ်စွာဘုရားထံမှ ခုဒ္ဒုတ္တရာ နာယူခဲ့ရသည့် တရားတော်ကို ပြန်လည် ဟောပြပေးပါရန် တောင်းပန်သဖြင့် ဟောပြရာမှ မိဖုရားကြီးနှင့်တကွ ငါးရာသော မောင်းမ မိသီတို့လည်း သောတာပန် တည်သွားကြတော့သည်။*

သံဃာကို ကြည်ညိုပုံ

သာမာဝတီ မိဖုရားနှင့် မောင်းမမိသီတို့သည် ဘုရားရှင်ထံ ကိုယ်တိုင် သွားရောက်၍ တရားနာလိုကြသော်လည်း နန်းတွင်း အခြေအနေကြောင့် မသွားဝံ့ကြချေ။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွလာမှသာ အဆောင် နံရံ၌ဖောက်ထားသော နံရံပေါက်များမှ ဖူးမြော်ကြရသည်။

မာဂဏ္ဍိမိဖုရားသည် သူ့မိဘများက သူ့ကို ဘုရားရှင်ထံ ပို့ဆက်စဉ်က ဘုရားရှင်က သူ့အား ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်နေသူဖြစ်၍ ခြေဖျားဖြင့်ပင် မတို့လိုဟု မိန့်ဆိုခဲ့သည်ကို သူ လုံးဝ မကျေနပ်။ ထို့ကြောင့် သူသည် ဘုရားရှင်အပေါ် ရန်စရန်ငြိုး အစပျိုးထားခဲ့သည်။ ယခု သာမာဝတီ မိဖုရားက ဘုရားရှင်အပေါ် ကြည်ညိုလေးစားနေသည်ကို သူ မနာလို။ ထို့ကြောင့် သူက သာမာဝတီသည် ဘုရားရှင်အပေါ် စိတ်ညှိုတ်နေသည်။ လော်မာနေသည်ဟု စွပ်စွဲပြီး ဥတေနမင်းအား လျှောက်ထားသည်။ သာမာဝတီ မိဖုရားကြီး၏ အဆောင်နံရံမှ အပေါက်များကို သက်သေအဖြစ် ဘုရင်ဥတေနအား ထုတ်ပြသည်။ ဥတေနမင်းက အပေါက်များကို ပိတ်စေပြီး မြင့်သော နေရာ၌ လေသာပြတင်းများကို ပြုလုပ်စေသည်။ ဥတေနမင်းက သူပြောသည်ကို မယုံသဖြင့် မာဂဏ္ဍိသည် နောက်တစ်မျိုး ကြံပြန်သည်။

ငွေပေးပြီး ဘုရားရှင်ကို အပြစ်တင်စေသူ

သူ့အကြံမှာ ကောသမ္မိမြို့တွင်း၌ ဆွမ်းခံကြွနေသော ဘုရားရှင်ကို လူကြမ်း၊ လူဆိုး၊ လူရမ်းကားများ စုဆောင်းကာ ငွေပေးပြီး ဆဲရေးတိုင်းထွာမှု

---

* ခုဒ္ဒုတ္တရာ ဟောပြသော ဒေသနာသည် ပီဋကတော်၌ "ဣတိဝုတ္တက ပါဠိတော်" အဖြစ် ထင်ရှားသည်။ သုတ်ပေါင်း ၁၁၂ သုတ် ရှိသည်။

http://www.dhammadownload.com

ပြုစေရန် ဖြစ်သည်။ သို့သော် အမြင့်သို့ လှမ်းထွေးလိုက်သော တံတွေးသည် အနိမ့်တွင်ရှိ ထွေးသူထံ ပြန်ရောက်တတ်သော လောကသဘာဝ ဓမ္မ သည် ရှိ၏။ မာဂဏ္ဍီသည် နိမ့်သူ၊ ဘုရားရှင်သည် မြင့်မြတ်သူ ဖြစ်သည်။ ရွှေငွေရသဖြင့် ဆွမ်းခံရာနောက်သို့ တကောက်ကောက် လိုက်ပါလျက် ဆဲရေး သူတို့၏ အဆဲအဆိုခံရသောအခါ အရှင်အာနန္ဒာက ဘုရားရှင်အား ဤသို့ လျှောက်ထားသည်။ အရှင်ဘုရား၊ ရွှေငွေမျက်နှာကြောင့် မိုက်ရိုင်းသူအချို့ လိုက်လံဆဲဆိုနေကြပါသည်။ အခြားမြို့ရွာသို့ ရွှေ့ပြောင်းပြီး ဆွမ်းခံကြသင့် ပါသည် ဘုရား။ ထိုအခါ ဘုရားရှင်က "အာနန္ဒာ၊ အခြားအရပ်မှာလည်း ဤ အမိုက်အရိုင်းတွေလို ဆဲရေးပြန်သော် ဘယ်အရပ်သို့ သွားမည်နည်း။ သည်းခံ ပါ။ သည်းခံခြင်းလောက်ကောင်းသော ရန်သူကို အောင်နိုင်သည့် လက်နက် မရှိ" ဟု မိန့်တော်မူသည်။ ရက်များမကြာမီပင် ဆဲရေး သူတို့ ရပ်စဲသွားကြ သည်။ ကလဲ့စားချေလိုသည့် သူ့အစီအမံ မအောင်မြင်သော်လည်း မာဂဏ္ဍီ မိဖုရားသည် ကလဲ့စားချေမှုအလုပ်ကိုကား မရပ်သေးပေ။

ကြက်အရှင်ပို့ကာ တစ်နည်းကြံပြန်ပြီ

အကြံကစ်ခုပျက်သော် အခြားတစ်နည်း ကြံပြန်သည်။ ဥတေနမင်း သေအရက် သောက်ရာနေရာ၌ မာဂဏ္ဍီသည် ရှိနေ၏။ ဘထွေးတော် စူဠ မာဂဏ္ဍိက ဘုရင်အား ကြက်အရှင် ရှစ်ကောင်ကို ဆက်သည်။ ထိုကြက်အရှင် များကို သာမာဝတီ မိဖုရားကြီးထံ ပို့စေပြီး ဘုရင့်ပွဲတော်အတွက် စီစဉ်ပါ စေဟု မာဂဏ္ဍိက အကြံပြုသည်။ ဘုရင်ကလည်း သဘောတူလိုက်သည်။ သောတာပန်ဖြစ်သော သာမာဝတီ မိဖုရားကြီးက ကြက်အရှင်များဖြစ်၍ ပွဲတော်မချက်လိုဟုဆိုကာ ပြန်ပို့လိုက်သည်။ ထိုအခါ မာဂဏ္ဍိက ဘုရင်အား ရဟန်းဂေါတမအတွက် ချက်ပြုတ်၍ပို့စေဟု မိန့်တော်မူပါဟု ပြောကြားသဖြင့် ထိုအတိုင်းသာ အမိန့်ပေးလိုက်သည်။ မာဂဏ္ဍိက လမ်းတွင် ကြက်အသေ နှင့် အရှင်ကို လဲလှယ်ပေးလိုက်သဖြင့် သာမာဝတီတို့က ချက်ပြီးပြန်ပို့သည်။ ထိုအခါ မာဂဏ္ဍိက "ကြည့်ပါ အရှင်မင်းကြီး၊ မင်းကြီးထက် ရဟန်းဂေါတမ

http://www.dhammadownload.com

ဘက် ညွှတ်နေသည်ကို တွေ့ပြီမဟုတ်လား" ဟု အချက်ကျကျ လျှောက်ထား ပြန်သည်။

သို့သော် မင်းကြီးက အရေးမယူ၊ ရုပ်ရည်ရူပကာယ ချောမောသလောက် စိတ်ဓာတ်အားဖြင့် ကောက်ကျစ်လွန်းသူ မာဂဏ္ဍီသည် သူ၏ ပြင်းထန်လွန်း သော အာဃာတစိတ်အတိုင်း သူ့အလုပ်ကို ဆက်၍ လုပ်ပြန်သည်။

ဥတေနမင်းကြီးသည် မိဖုရားသုံးဦးတို့ထံ တစ်ယောက်ပြီးတစ်ယောက် လှည့်လည် စံစားသည်။ မာဂဏ္ဍီအဆောင်မှ သာမာဝတီအဆောင်သို့ ကူးသော အခါ မာဂဏ္ဍီသည် အစွယ်ချိုးထားသော မြွေဟောက်တစ်ကောင်ကို စောင်း ပေါက်ထဲသို့ ထည့်ပိတ်ထားလိုက်သည်။ သူကိုယ်တိုင်လည်း မင်းကြီးနှင့် အတူ လိုက်လာခဲ့သည်။ သာမာဝတီအဆောင်ရောက်၍ သလွန်ပေါ်၌ မင်းကြီး လဲလျောင်းနေစဉ် မာဂဏ္ဍီသည် စောင်းဝင်္ဒ ပိတ်ထားသော ပန်းကုံးကို ဖွင့် ပေးလိုက်သည်။ ပိတ်လှောင်ထားရာမှ လွတ်လာသော မြွေဟောက်သည် ဒေါသ ကြီးစွာဖြင့် ပါးပျဉ်းထောင်၍ ထွက်လာသည်။ မာဂဏ္ဍီမိဖုရားသည် မာယာ ဖြင့် ထိတ်လန့်တုန်လှုပ်သော အသံကိုပြုလျက် ကျယ်လောင်စွာ အော်ဟစ် လိုက်သည်။ မင်းကြီးလည်း သာမာဝတီ မိဖုရားအပေါ် အထင်လွဲ၍ ဒေါသဖြစ် သွားတော့သည်။

ထို့ကြောင့် သာမာဝတီမိဖုရားနှင့် မောင်းမငါးရာကို တန်းစီစေလျက် ဗိုလ်ခြေတစ်ထောင်တင်မှ ရအပ်သော လေးတွင် အဆိပ်လူးမြှားတပ်လျက် ကိုယ်တော်တိုင် သတ်မည်ဟု အမိန့်ချလိုက်သည်။

သာမာဝတီမိဖုရားသည် မင်းကြီးအား လည်းကောင်း၊ မာဂဏ္ဍီအား လည်းကောင်း အခြားတစ်စုံတစ်ဦးအပေါ်မှ အမျက်မထွက်ဘဲ အားလုံးတို့ အပေါ် လေးလေးနက်နက် မေတ္တာပွားရန် သူ့အခြံအရံတို့ကို ဆုံးမသည်။

ပစ်သောမြှား မင်းကြီးထံပြန်လာ

ဥတေနမင်းကြီးသည် သူ ချမှတ်ထားသော အမိန့်အတိုင်း သာမာဝတီ မိဖုရားကို ရှေ့ဆုံးမှထားလျက် တန်းစီစေပြီး အဆိပ်လူးမြှားဖြင့် ပစ်သည်။ ကျောက်တောင် ကျောက်တုံးကိုပင် ထွင်းဖောက်နိုင်သောမြှားသည် သာမာဝတီ

http://www.dhammadownload.com

တို့ထံ မသွားဘဲ သူ့ထံပြန်လာပြီး သူ့ကိုပင် ဖောက်ထွင်းတော့မလို ဖြစ်သွားသည်။

ထိုအခါ မင်းကြီး၏စိတ်တွင် အသိတစ်မျိုး ဝင်သွားတော့သည်။ သက်မဲ့ဖြစ်သော မြားသည် သာမာဝတီတို့၏ သစ္စာနှင့် မေတ္တာတန်ဖိုးကို သိသည်။ လူတို့ထိပ်ထား မင်းတစ်ပါးဖြစ်သော ငါသည် သစ္စာနှင့် မေတ္တာတန်ဖိုးကို မသိပါတကား။ မင်းကြီးသည် လေးကိုချကာ သာမာဝတီ၏ခြေရင်း၌ ထိုင်လျက် ငါ့ကို ကယ်ပါ။ ငါ၏ အားထားကိုးကွယ်ရာဖြစ်ပါစေဟု ပြောကြားတောင်းပန်သည်။ သာမာဝတီမိဖုရားက "မင်းကြီး၊ ကျွန်မအား ကိုးကွယ်အားထားရာဟူ၍ မဆည်းကပ်ပါနှင့်။ အကျွန်ုပ်သည် ဘုရားရှင်ကို ကိုးကွယ်ပါသည်။ အရှင်မင်းကြီးလည်း ဘုရားရှင်ကို ကိုးကွယ်ပါ။ ရတနာသုံးပါးကိုသာ အားထားဆည်းကပ် ကိုးကွယ်ပါ" ဟု တိုက်တွန်းသည်။

ထိုအခါ ဥဒေနမင်းကြီးသည် သရဏဂုံ ဆောက်တည်ပြီး ဘုရားရှင်နှင့် သံဃာတော်များကို ခုနစ်ရက်တိုင်တိုင် ဆွမ်းကပ်သည်။ တရားတော်ကိုလည်း နာကြားသည်။ သာမာဝတီမိဖုရားကြီး လိုချင်သောဆုကို ပေးသည်။ မိဖုရားကြီး လိုချင်သောဆုမှာ ဘုရားရှင်နှင့် သံဃာတော်တို့အား နန်းတော်သို့ အမြဲကြွလာစေရန် ဖြစ်သည်။ အရှင်အာနန္ဒာသည် ဘုရားရှင်နှင့် သံဃာတော်များကိုယ်စား ကြွလာပြီး တရားဟောသည်။ နန်းတွင်းသူတို့က အရှင်အာနန္ဒာ၏ တရားကို ကြည်ညိုသဖြင့် အသပြာငါးရာတန် အပေါ်ရုံအဝတ် ပုဆိုးများကို လှူသည်။ မောင်းမ အားလုံး အပေါ်ရုံအဝတ်ပုဆိုးများ ဝတ်ဆင်သည်ကို မမြင်၍ မင်းကြီးကမေးသော် အရှင်အာနန္ဒာအား လှူလိုက်ကြောင်း လျှောက်ထားသည်။

မင်းကြီးသည် အရှင်အာနန္ဒာအား အကျိုးအကြောင်း မေးလျှောက်သော် အရှင်အာနန္ဒာက ဟုတ်မှန်ကြောင်း မိန့်တော်မူသည်။ "ဤမျှ များပြားသော အဝတ်ပုဆိုးတို့ကို အလှူခံပြီး မည်သို့ အသုံးပြုပါသနည်း" ဟု မေးလျှောက်ပြန်သည်။ အရှင်အာနန္ဒာက မိမိအတွက် လိုသလောက်သာ ချန်ပြီး အခြားလိုအပ်သော ရဟန်းများအား လှူဒါန်းပုံနှင့် သင်္ကန်းကို ဟောင်းနွမ်း စုတ်ပြဲ

http://www.dhammadownload.com

သည်အထိ အဆင့်ဆင့် အသုံးပြုပုံကို မိန့်ကြားသည်။ ဥတေန မင်းကြီးသည် ကြည်ညိုလှသဖြင့် နောက်ထပ် အဝတ်ပုဆိုးငါးရာကို လှူဒါန်းသည်။

သာမာဝတီတို့ ကွယ်လွန်ကြပြီ

မာဂဏ္ဍိမိဖုရားသည် အဆင့်ဆင့်သော လုပ်ဆောင်ချက်များ မအောင်မြင်သောအခါ သာမာဝတီတို့၏ နန်းဆောင်ကို မီးရှို့ရန် သူ၏ဦးရီးတော် စူဠမာဂဏ္ဍိကို စေခိုင်းသည်။ သာမာဝတီတို့အား လုံး မီးလောင်ကျွမ်း၍ ကွယ်လွန်သွားကြသည်။

သာမာဝတီနှင့် အခြံအရံ ငါးရာတို့သည် အတိတ်ဘဝတစ်ခုက မြက်ချုံအတွင်း၌ ဈာန်သမာပတ် ဝင်စားနေသော ပစ္စေကဗုဒ္ဓါတစ်ပါးကို မီးတိုက်ရှို့ခဲ့ဖူးသည်။ ပစ္စေကဗုဒ္ဓါရှိမှန်း မသိ၍ မီးတိုက်ခဲ့သော်လည်း မိမိတို့၏ အရှင်သခင် ကိုးကွယ်နေသော ပစ္စေကဗုဒ္ဓါဖြစ်မှန်းသိသော် အပြစ်မရစေရန် ထင်းမီးဖြင့် ဆက်၍ မီးရှို့ခဲ့ဖူးသည်။

သာမာဝတီတို့သည် ထိုအကုသိုလ်ကံကြောင့် ငရဲ၌ ကျခံခဲ့ရပြီး ဘဝများစွာ မီးလောင်ခံရပြီး ကွယ်လွန်ခဲ့ရသည်။

သာယာဝတီ မိဖုရား၏ အိမ်နန်းပြာသာဒ် မီးလောင်သည်ဟု ကြားသော် ဥတေနမင်းကြီးသည် တောကစားထွက်ရာမှ အလျင်အမြန် ပြန်လာသည်။ ထိုသို့ဖြစ်ရခြင်းကို မောင်းမဲ ခြိမ်းခြောက်မေးသော် မည်သူမျှ ဝန်ခံမည် မဟုတ်သဖြင့် ဥပါယ်တံမျဉ်ဖြင့် မင်းကြီးသည် စုံညီပရိသတ်အလယ်၌ "အမတ်တို့၊ သာမာဝတီသည် ငါ၏ အကျိုးမဲ့ကို ပြုသူဖြစ်သည်။ ယခု သူမရှိတော့၍ ငါစိတ်ချမ်းသာရာ ရပေတော့မည်။ ငါ့အပေါ် လေးစားမြတ်နိုးသူတစ်ဦးဦးက ဤသို့ မီးတိုက်လိုက်ခြင်း ဖြစ်ပေမည်" ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မာဂဏ္ဍိမိဖုရားက မိမိသည် ဦးရီးတော်ကို မီးတိုက်ခိုင်းခြင်းဖြစ်ကြောင်း အသိပေး လျှောက်ထားသည်။ မင်းကြီးက ဆုလာဘ်ပေးမည် ဆွေမျိုးအပေါင်းကို နှုန်းရင်ပြင်၌ စုရုံးကြဟု မိန့်သည်။ ဆုလာဘ်ယူကြသူများကို ဖမ်းဆီးကာ မြေ၌တွင်းတူးစေပြီး ထိုတွင်းထဲ၌ထည့်ကာ အပေါ်မှ ကောက်ရိုးဖုံး၍ မီးရှို့ သေဒဏ်ပေးလိုက်သည်။

http://www.dhammadownload.com

အောင်နိုင်မှုလော ကျရှုံးမှုလော

မာဂဏ္ဍီမိဖုရား၏ အောင်နိုင်မှုကား နိဂုံးချုပ်သော် ကျရှုံးမှု ဖြစ်သွား ရတော့သည်။ မင်းကြီးက မာဂဏ္ဍီ၏ အသားများကို မားဖြင့်လှီးပြီး ကြော် စေသည်။ ကြော်ပြီး အသားများကို မာဂဏ္ဍီကို စားစေသည်။ သို့ဖြင့် မာဂဏ္ဍီ သည် စိတ်ရောကိုယ်ပါ ဝေဒနာပြင်းစွာ ခံစားရပြီး ကွယ်လွန်သွားရသည်။

ဘုရားကြည်ညိုသူ

ဝါသုလဒတ္တာမိဖုရားသည် ဘုရားရှင်ကို အလွန်ကြည်ညိုသူ ဖြစ်သည်။ ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့၏ သားတော် ဗောဓိမင်းသားသည် သရဏဂုံ မြဲသူ ဖြစ်သည်။ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့၌ ဘုရားရှင် ရှစ်ဝါမြောက် ဝါ ကပ်စဉ် ဗောဓိရာဇကုမာရသုတ်တော်ကို ဟောကြားသည်။ ထိုတရားတော်ကို နာကြားရသဖြင့် ဗောဓိမင်းသား သောတာပန် ဖြစ်သွားရသည်။

တစ်နေ့သောအခါ ရဟန်းတို့သည် တရားသဘင်၌ "သာမာဝတီနှင့် အခြံအရံတို့သည် သူတို့နေရာ နန်းဆောင်ကို မီးရှို့သဖြင့် သေကြရသည်။ မာဂဏ္ဍီ၏ ဆွေမျိုးတို့သည် နန်းရင်ပြင်၌ တွင်းတူးလျက် မြေမြှုပ်ကာ သေ ဒဏ်ပေးခဲ့ကြရသည်။ မာဂဏ္ဍီကမူ ကိုယ့်အသား ကိုယ်ပြန်ကြော်စားလျက် စိတ်ရောကိုယ်ပါ ဆင်းရဲကြီးစွာ ခံစားရပြီး ကွယ်လွန်ရသည်။ ဤသူတို့တွင် အဘယ်သူသည် အသက်ရှင်၍ အဘယ်သူတို့သည် အသက်သေသည် မည်ကုန်သနည်း" ဟု ပြောဆိုနေကြသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

၂၂။ ဧဝံ ဝိသေသတော ဉတ္ဝာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

၂၃။ တေ ဈာယိနော သာ တတိကာ၊ နိစ္စံ ဒဠှပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၁။ မမေ့မလျော့ခြင်း၏ အကြောင်းဖြစ်သော သတိရှိမှုသည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းတည်း။ မေ့လျော့ခြင်းသည် ဇာတိမကင်း သေရခြင်း၏ အကြောင်းတည်း။ မမေ့မလျော့ သူတို့သည် ဝဋ်မှ ထွက်မြောက် နိုင်ကြသဖြင့် သေသည်မမည်ကုန်၊ မေ့လျော့သူတို့သာ ဝဋ်မှ ထွက်မြောက်နိုင်မှု မရှိကြသဖြင့် သေသည်မည်ကုန်၏။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားချက်ကို သိ၍ သတိတရားရှိကာ ရွှင်လန်း ဝမ်းမြောက်ကြပြီး အရိယာတို့ ကျက်စားရာ လောကုတ္တရာ တရားတို့၌ မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် ကိလေသာကို (သမထဝိပဿနာစျာန်ဖြင့်) လောင်ကျွမ်းစေပြီးလျှင် အမြဲမပြတ် မတွန့်မဆုတ် လုံ့လထုတ်လျက် ယောဂ လေးပါးတို့ကုန်ရာ မြတ်သောနိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

သာမာဝတီမိဖုရားဝတ္ထု ပြီး၏။

၂။ ကုမ္ဘဃောသက သူဌေးသားဝတ္ထု

[ရိုးရိုးကျင့်၊ မြင့်မြင့်ကြီးကာ နေထိုင်သူ]

ကုမ္ဘဃောသကသည် ကုဋေလေးဆယ် ချမ်းသာသော ရာဇဂြိုဟ်သူဌေး ၏ တစ်ဦးတည်းသော သား ဖြစ်သည်။ တစ်နေ့ သူတို့အိမ်၌ 'ယင်' နာရောဂါ ကျရောက်သည်။ ယင်နာရောဂါသည် အလွန်ကူးစက်မြန်သည်။ ဖြစ်လျှင် သေကြရသည်။ အိမ်ရှိ ယင်ကောင်ပင်မကျန် အားလုံး သေစေတတ်သော ကြောင့် ယင်နာဟု ခေါ်ကြသည်။ ကုမ္ဘဃောသက၏ မိဘများတွင် ထိုရောဂါ ဖြစ်လာသောအခါ သားကို ရောဂါမကူးစက်စေရန် အိမ်မှ ထွက်ပြေးပြီး အခြား တစ်နေရာသို့ သွားရောက် နေထိုင်ခိုင်းသည်။ ရောဂါကင်းရှင်းမှ ပြန်လာပါ ဟုလည်း မိဘများက မှာကြားသည်။ ကုဋေလေးဆယ်သော ဥစ္စာပစ္စည်းများ မြှုပ်ထားသည့်နေရာကိုလည်း ပြသပေးခဲ့သည်။

http://www.dhammadownload.com

မိဘစကားနားထောင်သူ

ကုမ္ဘဃောသကသည် အခြားတစ်နေရာ၌ တစ်ဆယ့်နှစ်နှစ်မျှ နေထိုင်ပြီး အိမ်သို့ ပြန်လာသည်။ သူ့ကို မည်သူကမျှ မမှတ်မိ။ သူကလည်း မည်သူ့ကိုမျှ မသိ။ မိဘတို့ ပြသထားခဲ့သော ကုဋေလေးဆယ် မြှုပ်နှံထားရာကို သွားကြည့်သည်။ အနေအထားမပျက်။ အားလုံးပင် အပြည့်အစုံရှိနေသည်ကို သူ တွေ့ရသည်။

လောကီစည်းစိမ်သည် ရုန်သူတို့နှင့်ဆက်စပ်

ဘုရား၊ တရား၊ သံဃာဟူသော လောကုတ္တရာ ရတနာသည် ရုန်သူမျိုး ငါးပါးနှင့် ဆက်နွယ်ခြင်းမရှိ၊ ရွှေ၊ ငွေ စသော လောကီစည်းစိမ်ရတနာသည် ရေဘေးကြောင့်၊ မီးဘေးကြောင့်၊ မင်းဘေးကြောင့်၊ ခိုးသူဘေးကြောင့်၊ မလိုသူဘေးကြောင့် ပျက်စီးဆုံးရှုံးနိုင်သည်။ ရာဇတောဝါ၊ စောရတောဝါ ဟူသော ၂၅ ပါးသော ဘေးတို့တွင် ရာဇတော ဝါ–မင်းကြောင့်လည်း ပျက်စီးဆုံးရှုံးနိုင်သည်။ စောရတောဝါ–ခိုးသူတို့ကလည်း ခိုးယူသွားနိုင်သည်။ ထို့ပြင် ဤအရပ်ဒေသ၌ ငါ့အား မှတ်မိသိရှိသူ တစ်စုံတစ်ယောက်မျှ မရှိကြ။ ငါ ကလည်း ယခု မြင်တွေ့နေရသူ မည်သူ့ကိုမျှမသိ။ လက်ရှိ ငါ၏အခြေအနေဖြင့် ဥစ္စာပစ္စည်းများကို ဖော်ယူသုံးစွဲလျှင် ငါ့အား ခိုးသူဟု အမှန်ပင် စွပ်စွဲကြပေတော့မည်။ ထို့ကြောင့် မိဘအမွေ ကုဋေလေးဆယ်ကျော်ကို ချက်ချင်း ဖော်ထုတ်သုံးစွဲရန် မသင့်ဟု ကုမ္ဘဃောသက စဉ်းစားသည်။

နိဗ္ဗာန်ဆော်အလုပ်

"အမွေခံထိုက်စေ" ဟူသော သားသမီးကောင်းတို့၏ ကျင့်ဝတ်နှင့် အညီ သူ နေထိုင်သည်။ မိဘအမွေကို မသုံးမဖြုန်း၊ ကိုယ့်လုပ်အားဖြင့် ကိုယ်ရှာဖွေ လုပ်ကိုင်စားသောက်မည်ဟု ဆုံးဖြတ်ကာ မြို့ရွာထဲ၌ "နိဗ္ဗာန်ဆော်" အလုပ်ကို လုပ်သည်။ လယ်သမားများ စောစောထ၍ လုပ်ငန်းခွင်ဝင်ရန်၊ ကျွဲနွားများကို စားကျက်သို့ စောစောပို့ရန်၊ အမျိုးသမီးများ ယာဂု၊ ဆွမ်း၊ ထမင်းချက်၍ ကောင်းမှုကုသိုလ် ပြုလုပ်နိုင်ရန်အတွက် နှိုးဆော်ရသော အလုပ်သည် သူ့အလုပ်ဖြစ်သည်။

http://www.dhammadownload.com

နန်းတွင်းသူအဘွားကြီးက စုံစမ်းပြီ

နိဗ္ဗာန်ဆော်အလုပ်ဖြင့် နေ့စဉ်ဆော်သြနေသော သူ့အသံကို ဗိမ္မိသာရမင်းကြီး ကြားသော် "ဤအသံရှင်သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတစ်ဦး၏ အသံဖြစ်သည်" ဟု မိန့်သည်။ ဗိမ္မိသာရမင်းကြီးသည် အသံမျိုးစုံကို အကဲဖြတ်ရာ၌ ကျွမ်းကျင်သည်။ ထိုအခါ မင်းကြီး၏ အနီး၌ ခစားနေသော နန်းတွင်းသူအလုပ်အကျွေး အဘွားကြီးတစ်ဦးက "မင်းကြီးသည် အကြောင်းမဲ့ပြောမည် မဟုတ်။ ထို့ကြောင့် ငါ စုံစမ်းမည်" ဟု ကြံကာ မင်းချင်းတစ်ဦးကို စေလွှတ်၍ စုံစမ်းစေသည်။ အံ့ထိုးကျန် အခစားတစ်ဦးသာဖြစ်ကြောင်း စုံစမ်းပြီး ပြန်လည် လျှောက်ထားသည်။ နောက်ရက်များ၌လည်း ထိုသူ၏အသံကို မင်းကြီး ကြားလျှင် ရှေးနည်းအတိုင်းပင် မိန့်ပြန်သည်။ ထိုအခါ နန်းတွင်းသူကြီးက "ဤသူသည် အထီးကျန်သမား ဆင်းရဲသားဆိုသည်ကို မယုံကြည်ဘဲ ပစ္စည်းဥစ္စာကြွယ်ဝသူဟုသာ မိန့်ဆိုသည်မှာ အကြောင်းရှိတန်ရာ၏ဟု တွေးပြီး သမီးတော်ကိုပါ ခေါ်သွားပြီး စုံစမ်းမည်ဟု မင်းကြီးအား လျှောက်ထားသည်။ အသပြာတစ်ထောင်ကိုလည်း ပေးသနားရန် မင်းကြီးအား လျှောက်ထားသည်။ နန်းတွင်းသူကြီးသည် သမီးကို လက်ဆွဲကာ ကုမ္ဘယောသက နေထိုင်ရာအရပ်သို့ သွားသည်။

အဘွားကြီး သားအမိသည် ရှေးဦးစွာတွေ့သော အိမ်တစ်အိမ်သို့ ဝင်၍ တည်းခိုခွင့်တောင်းရာ လက်မခံချေ။ ကုမ္ဘယောသကအိမ်သို့ သွားပါဟု ညွှန်းသည်။ ယောသကသည် အဘွားကြီးသားအမိကို ကြည့်ပြီး ငယ်ရွယ်သူ မိန်းကလေးပါလာ၍ လက်မခံနိုင်ဟု ငြင်းသည်။ အကြိမ်ကြိမ် တောင်းပန်ငိုယိုပြောသဖြင့် ယောသကက ညအိပ်တည်းခိုခွင့် ပြုလိုက်သည်။ ယောသက၏ ယဉ်ကျေးသိမ်မွေ့၍ နူးညံ့ပျော့ပျောင်းသော အမူအရာကို တွေ့သဖြင့် အဘွားကြီးက နောက်ထပ် ရက်အနည်းငယ် ထပ်မံနေထိုင်ခွင့်ပြုရန် ပြောဆိုတောင်းပန်ပြီး ဆက်လက် နေထိုင်သည်။

တစ်နေ့တွင် ကုမ္ဘယောသက၏ အိပ်ရာခုတင်မှ ကြိုးများကို လှီးဖြတ်ထားလိုက်သည်။ ကုမ္ဘယောသကက မေးသောအခါ အရပ်ထဲမှ ကလေးများ

http://www.dhammadownload.com

လာရောက် ဆော့ကစားသဖြင့် ဤသို့ ဖြစ်ရပါသည်။ တားမြစ်ဟန့်တားသော်လည်း မရပါဟုပြောသည်။ ကုမ္ဘဃောသက အိပ်စရာနေရာ မရှိတော့သဖြင့် အဘွားကြီးက သမီးအား ကုမ္ဘဃောသကအတွက် အိပ်ရာနေရာပေးရန် ပြောသည်။ သမီးက သူ့အိပ်ရာနေရာ တစ်ဝက်ခွဲပေးပြီး လာအိပ်ပါဟု ပြောသည်။ ငယ်ရွယ်သူ ပုထုဇဉ်များ ဖြစ်ကြ၍ အိပ်ရာတစ်ခုထက်တွင် အတူအိပ်သဖြင့် မှောက်မှားမိကြတော့သည်။ နံနက်လင်းသော် သမီးက အဘွားကြီးအား မိမိတို့၏အဖြစ်ကို ပြောပြသဖြင့် အဘွားကြီးက သမီးကို ဃောသကနှင့် လက်ထပ်ပေးလိုက်သည်။

ဘုရင့်ထံ အကြောင်းစုံအသိပေးထားပြီ

အဘွားကြီးသည် အကြောင်းစုံကို အထောက်တော်တို့မှတစ်ဆင့် မင်းကြီးထံ အသိပေးသည်။ ထိုပြင် ဃောသကတို့အရပ်တွင် အိမ်တိုင်း အိမ်တိုင်း ပျော်ပွဲရွှင်ပွဲ ကျင်းပစေရန်နှင့် မကျင်းပနိုင်လျှင် မင်းဒဏ်သင့်စေမည်ဟု အမိန့်တော် ထုတ်ပေးရန် အကြံပေးသည်။ မင်းကြီးက ထိုအဘွားကြီးဆိုသည့်အတိုင်း အမိန့်တော်ထုတ်ဆင့်ပေးသည်။ ထိုအခါ ယောကွမကြီးက ပွဲလမ်းသဘင်အတွက် ငွေရှာပေးရန်၊ ဒုစရိုက်နည်းဖြင့် မရှာရန်၊ ပွဲလမ်းသဘင် မကျင်းပနိုင်လျှင် မင်းဒဏ်ခံရမည့်အကြောင်း ပြောပြသည်။ သို့ဖြင့် ဃောသကသည် မိဘအမွေထဲမှအချို့ကို အဘွားကြီးအား ထုတ်ပေးလိုက်သည်။ အဘွားကြီးက ထိုငွေများကို မင်းကြီးထံ အထောက်တော်မှတစ်ဆင့် ပို့ပေးသည်။ ရွေးနည်းအတူ ဒုတိယအကြိမ် မင်းမိန့် ထပ်မံရောက်လာပြန်သည်။ ဃောသကသည် အမွေထဲမှ ငွေအချို့ပေးလိုက်သည်။ အဘွားကြီးက အားလုံးကို မင်းကြီးထံ တစ်ဆင့်ပေးပို့ရင်း ဃောသကကို ခေါ်ယူစစ်မေးရန် သတင်းပေးလိုက်သည်။

မင်းကြီး၏အမိန့်အရ မင်းချင်းတို့က ဃောသကအား လာခေါ်သော အခါ ငြင်းဆန်နေ၍ ချုပ်နှောင်ဖမ်းဆီးပြီး မင်းကြီးထံ ပို့ဆောင်ကြသည်။ မင်းကြီးက စစ်မေးသောအခါ ဃောသကသည် သူ့ဘဝအဖြစ်စုံကို အမှန်အတိုင်း လျှောက်ထားပြီး သူ့အမွေအားလုံးကိုလည်း မင်းကြီးထံ အပ်နှံသည်။

http://www.dhammadownload.com

ဗိမ္ဗိသာရမင်းကြီးသည် ဃောသကဏ္ဍ၏ အမွေပစ္စည်းများကို သယ်ယူစေကာ နန်းရင်ပြင်၌ စုပုံပြသထားပြီး ပြည်သူပြည်သားတို့ကို စုဝေးစေသည်။ ထိုပြည်သူပြည်သားတို့၏ ရှေ့မှောက်တွင်ပင် ဃောသကအား ရာဇကြိုဟ်ပြည်၏ သူဌေးရာထူးပေးသည်။ သမီးတော်နှင့်လည်း ဗိမ္ဗိသာရမင်းကြီးက ထိမ်းမြားပေးသည်။

တစ်နေ့တွင် ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဘုရားရှင်ထံ ဃောသကကို ခေါ်သွားကာ ဃောသကဏ္ဍ၏ အကြောင်းများကို ဘုရားရှင်ထံ လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၄။ ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၄။ လုံ့လလည်းရှိ၊ သတိလည်းရှိ၍ ဒုစရိုက် ကင်းသဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် စင်ကြယ်သောသူ၊ ပညာဖြင့်စူးစမ်း၊ ဆင်ခြင်တတ်ပြီး ကိုယ်၊ နှုတ်၊ နှလုံးကို စောင့်စည်းသောသူ၊ တရားနှင့်အညီ အသက်မွေးပြီး မမေ့မလျော့ခြင်းနှင့် ပြည့်စုံသူအား ကျော်စောခြင်းသည် အစဉ်တိုးပွား၏။

ကုမ္ဘဃောသကဝတ္ထု ပြီး၏။

၃။ စူဠပန္ထကမထေရ်ဝတ္ထု

[မန္တန်ကြောင့် စည်းစိမ်ရာထူးရခဲ့သူ]

စူဠပန္ထကမထေရ် (စူဠပန်) သည် ရာဇကြိုဟ်သူဌေးကြီး ဓနသေဋ္ဌိ၏ မြေးနှစ်ဦးအနက် တစ်ဦးဖြစ်သည်။ မိခင်မှာ သူဌေးကြီး ဓနသေဋ္ဌိ၏ တစ်ဦးတည်းသောသမီး ဖြစ်သည်။ သူမက သားနှစ်ဦး မွေးဖွားသည်။ သားအကြီး

http://www.dhammadownload.com

မှာ မဟာပန် (မဟာပန္ထက) ဖြစ်ပြီး သားအငယ်မှာ ဤစူဠပန္ထက စူဠပန် ဖြစ်သည်။ လမ်းခရီး၌ မွေးသောကြောင့် "ပန္ထက" ဟု အမည်မှည့်သည်။

သားနှစ်ဦးဖွားမြင်ပြီ

စူဠပန်၏မိခင်သည် အိမ်၌ ခိုင်းစေထားသူနှင့် ငြိစွန်းပြီး ခင်ပွန်းနှင့် အတူ အိမ်မှ ထွက်ပြေးခဲ့သည်။ သူဌေးသမီးသည် တစ်ရပ်တစ်ကျေး၌နေရင်း သားအကြီး မဟာပန်ကို ကိုယ်ဝန်ဆောင်လာရသည်။ ကိုယ်ဝန်ရင့်လာသော အခါ မိဘများထံ ပြန်ပြီး မီးဖွားလိုကြောင်း ခင်ပွန်းကို ပြောပြသည်။ ခင်ပွန်း ဖြစ်သူက ယောကျ်ားမများရှိရာသို့ မလိုက်ရဲသဖြင့် နေ့ရွေ့ ညရွေ့ ရွေ့နေသည်။ သို့ဖြင့် တစ်နေ့တွင် ခင်ပွန်းသည်မရှိခိုက် အိမ်နီးနားချင်းတို့အား အကျိုး အကြောင်းပြောပြကာ မိဘရှိရာသို့ ထွက်လာခဲ့သည်။ မိဘအိမ်သို့ မရောက်မီ လမ်းခရီး၌ပင် သားအကြီးကို ဖွားမြင်သည်။ ခင်ပွန်းရောက်လာသောအခါ မီးဖွားပြီးပြီဖြစ်သဖြင့် မိဘအိမ်သို့ ဆက်မသွားတော့ဘဲ သူတို့နေထိုင်ရာအရပ်သို့ ပြန်ခဲ့ကြသည်။ သားအငယ် စူဠပန်ကိုလည်း ထိုနည်းတူပင် လမ်းခရီး၌ ဖွားမြင်ခဲ့သည်။

စူဠပန်တို့ ညီအစ်ကိုအရွယ်ရောက်သော် မိဘ၊ ဘိုးဘွားတို့အကြောင်းကို မေးကြသည်။ ထိုအခါ မိခင်က ရာဇဂြိုဟ်ရှိ ဓနသေဋ္ဌိသူဌေးကြီး ဇနီးမောင်နှံသည် သားတို့၏ အဘိုးအဘွားဖြစ်ကြောင်း ပြောပြသည်။ သားဖြစ်သူတို့က အတန်တန်ပူဆာသဖြင့် ရာဇဂြိုဟ်ရှိ မိဘများထံ ကလေးများကို သွားပို့ရင်း မြို့ပြင်ဇရပ်တစ်ခု၌ ခဏတည်းခို နေထိုင်ကြသည်။ သမီးဖြစ်သူသည် သားငယ်နှစ်ယောက်နှင့်အတူ ရောက်နေကြောင်း မိဘများ သိသွားသည်။ ထိုအခါ မိခင်ကြီး ဇရပ်သို့ လိုက်လာပြီး သမီးအား ရွေ့ ငွေ့ ပစ္စည်း၊ ဥစ္စာတို့ကိုပေး၍ ပြန်လွှတ်လိုက်သည်။ မြေးနှစ်ယောက်ကိုမူ အိမ်သို့ ခေါ်ယူသွားတော့သည်။

မဟာပန်ရဟန္တာဖြစ်ပြီ

အဘိုးဖြစ်သူ သူဌေးကြီးသည် ဘုရားရှင်ထံသွားတိုင်း မြေးအကြီး မဟာပန်ကို ခေါ်သွားသည်။ မဟာပန်သည် တရားနာရဖန် များလာသောအခါ ရှင်သာမဏေ

http://www.dhammadownload.com

ဝတ်လိုက်ကြောင်း အဘိုးကို ပန်ကြားပြီး ဿမဏော ဝတ်ခဲ့သည်။ အသက်ပြည့်သော် ရဟန်းပြုပြီး တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သွားသည်။ မဟာပန်မထေရ်သည် ဘုရားရှင်ကျောင်းတော်၌ ဆွမ်းကိစ္စ စီစဉ်ရသူ "ဆွမ်းညွှန်" ရဟန်း ဖြစ်လာသည်။

အကုသိုလ်ကံကြောင့်

မဟာပန်သည် မိမိကဲ့သို့ပင် ညီတော် စူဠပန်ကို စျာန်ချမ်းသာ၊ ဖိုလ်ချမ်းသာကို ခံစားစေချင်သဖြင့် အဘိုးထံ စူဠပန္ထကကို ရှင်သာမဏေပြုခွင့်ပေးရန် ခွင့်တောင်းသဖြင့် ရှင်သာမဏေပြုခွင့် ရသွားသည်။ သို့သော် ဉာဏ်ထိုင်းလွန်း၍ ဂါထာတစ်ပုဒ်ကို လေးလ သင်ယူသော်လည်း မရနိုင်ဖြစ်နေသည်။ ထို ဂါထာမှာ ဘုရားရှင်အပေါ် လေးလေးနက်နက် ကြည်ညိုတတ်စေရန် သင်ပေးသော ဘုရားရှင်၏ ကျက်သရေတော်ဘွဲ့ **"ပဒုံယထာ"** စသော ဂါထာဖြစ်သည်။ စူဠပန် ထိုသို့ဖြစ်ရခြင်းမှာ ကဿပဘုရားရှင် လက်ထက်၌ ရဟန်းတစ်ပါး စာကျက်၍မရသည်ကို ပြက်ရယ်ပြုခဲ့သော အကုသိုလ်ကံကြောင့် ဖြစ်သည်။

နောင်တော်က ကျောင်းမှနှင်ထုတ်ပြီ

ထိုအခါ မဟာပန်က ညီဖြစ်သူအား လူထွက်ခိုင်းကာ ကျောင်းမှ နှင်ထုတ်သည်။ ဂါထာတစ်ပုဒ်ကို လေးလမျှ သင်ယူသော်လည်းမရလျှင် ရဟန်းကိစ္စကိုလည်း အဘယ်မှာ ရအပ်တော့မည်နည်း တွေး၍ သာသနာတော်မှ နှင်ထုတ်ခြင်း ဖြစ်သည်။ နောင်တော်က ဤသို့ တွေးမြင်မိ၍ နှင်ထုတ်သော်လည်း စူဠပန်ကား သာသနာတော်၌ ပျော်နေသည်။ သို့သော် နောင်တော်ကို မလွန်ဆန်ရဲ။

တစ်နေ့သ၌ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆရာဇီဝကက ဆွမ်းစားပင့်သည်။ အစ်ကိုဖြစ်သူ မဟာပန်က ရဟန်း ၅၀၀ ရှိသည့်အနက် စူဠပန်ကို ချန်ထားပြီး သံဃာတော် ၄၉၉ ပါးဟု စာရင်းပေးသည်။ စူဠပန်သည် လူထွက်ရန် မနက်စောစော ကျောင်းတော်မှ ထွက်လာသည်။ မြတ်စွာ

http://www.dhammadownload.com

ဘုရားသည် စူဠပန်၏အကြောင်းကို ကြိုတင်သိတော်မူသဖြင့် စူဠပန် သွားမည့် လမ်းခရီး တံခါးမုခ်ဦး၌ စင်္ကြံကြွတော်မူနေသည်။ စူဠပန်သည် တံခါးမုခ်ဦး၌ စင်္ကြံကြွတော်မူနေသော ဘုရားရှင်ကို မြင်တော်မူသွားသဖြင့် သွားရောက် ဦးချကန်တော့သည်။ ဘုရားရှင်က မေး၍ စူဠပန်ထေရ်က အဖြစ်စုံ လျှောက်ထားရင်း လူထွက်တော့မည့်အကြောင်း လျှောက်ထားသည်။ ဘုရားရှင်သည် စူဠပန်ထေရ်ကို ကျောင်းတော်သို့ခေါ်သွားပြီး "စာမတတ်ရုံဖြင့် ငါဘုရား သာသနာမှာ မနေထိုက်သူဟူ၍ ရှိတုံးအံ့လော" ဟု မိန့်တော်မူကာ ရဇောဟရဏံ၊ ရဇောဟရဏံ=(မြူကပ်ငြိခြင်း) ဟု ရွတ်ဆိုလျက် ဝိပဿနာရှုရန် ပိတ်ဖြူစတစ်စကို ပေးတော်မူသည်။ ထို့နောက် ဘုရားရှင်သည် ဆွမ်းစား ပင့်ထားသော ဇီဝကအိမ်သို့ ကြွတော်မူသည်။

စူဠပန်လည်း ရဟန္တာဖြစ်ပြီ

စူဠပန်ထေရ်သည် ပိတ်စကို ပွတ်ခြေလျက် ဘုရားရှင် မိန့်တော်မူသည့် အတိုင်း ဝိပဿနာ ပွားသည်။ ဖြူစင်သော ပိတ်စသည် တစ်စတစ်စ ညစ်နွမ်းလာသည်။ မမြဲသော အနိစ္စသဘောကို မြင်လာသည်။ ထိုအခါ ဘုရားရှင်က ရောင်ခြည်တော်လွှတ်ပြီး ခန္ဓာကိုယ်ပြင်ပရှိ ဗဟိဒ္ဓသခ်ါရမှ ခန္ဓာကိုယ် အတွင်းရှိ အဇ္ဈတ္တ သခ်ါရကိုရှုရန် တိုက်တွန်းသည်။ ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ရှုမှတ်ရာမှ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။ ပဋိသမ္ဘိဒါလေးပါးရသဖြင့် ပိဋကကို သင်ယူမနေရဘဲ အလိုအလျောက် ရွတ်ဖတ်ဟောပြောနိုင်သည်။

ဆရာဇီဝကသည် ဆွမ်းဘုဉ်းပေးရန် ဘုရားရှင်ထံ လက်ဆေးရေ ကပ်သည်။ ဘုရားရှင်က ကျောင်းမှာ ရဟန်းတစ်ပါး ကျန်ရှိနေသေးသည်ဟု မိန့်တော်မူ၍ အမှုထမ်းတစ်ယောက် စေလွှတ်ကာ စူဠပန်ထေရ်ကို ပင့်စေသည်။ အရှင်စူဠပန်ထေရ်က ရဟန်းများစွာ ဖန်ဆင်းထားသဖြင့် ဘယ်ရဟန်းကို ပင့်ရမှန်းမသိ၍ ပြန်လာခဲ့ရသည်။ ဘုရားရှင်က 'ငါ စူဠပန်' ဟု ပထမ ပြောသောရဟန်းကို ပင့်ခဲ့ဟု မှာကြားသည့်အတိုင်း ပင့်သောအခါမှ အရှင်စူဠပန်

http://www.dhammadownload.com

ကို ပင့်၍ရလာသည်။ ဖန်ဆင်းထားသော အခြားရဟန်းများလည်း ပျောက်ကွယ်သွားကြသည်။ ဆွမ်းကိစ္စပြီးသောအခါ ဘုရားရှင်သည် အရှင်စူဠပန်မထေရ်ကို ဆွမ်းအနုမောဒနာ တရားဟောကြားရန် ထားခဲ့ပြီး ကျောင်းတော်သို့ ပြန်ကြွသည်။ အရှင်စူဠပန်သည် ဆွမ်းအနုမောဒနာ တရားကို ရဲရင့်ပြတ်သားစွာ ဟောတော်မူသည်။

အရှင်စူဠပန်၏ အတိတ်ဘဝဖြစ်စဉ်

အရှင်စူဠပန်ထေရ်သည် လွန်ခဲ့သော ဘဝတစ်ခု၌ မထင်ရှားသော လုလင်တစ်ဦး ဖြစ်ခဲ့ရပြီး တက္ကသိုလ်သို့ ပညာသွားသင်သည်။ မိမိတိုင်းပြည်သို့ အပြန်တွင် ပညာတစ်စုံတစ်ရာမျှမတတ်၍ ဆရာကြီးက လုလင်အသက်မွေးနိုင်ရန် ဂါထာတစ်ခု သင်ပေးလိုက်သည်။ ဂါထာမှာ 'ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ' ဟူ၍ ဖြစ်သည်။ ဤဂါထာကို အမြဲရွတ်ဖတ်ပေးပါ။ သင့်အတွက် ရာထူးစည်းစိမ် စသည်တို့ ရလိမ့်မည်ဟုလည်း မှာကြားလိုက်သည်။ ဂါထာကို ရွတ်အံ့လျက် လုလင်သည် အိမ်သို့ ပြန်လာခဲ့သည်။

တစ်နေ့တွင် ဗာရာဏသီမင်းသည် သူ့အပေါ် ပြည်သူတို့ သဘောထားသိလိုသဖြင့် ညဘက်၌ ရုပ်ဖျက်ပြီး လှည့်လည်စနည်းနာသည်။ တစ်နေရာသို့ရောက်သော် အိမ်တွင်းဝင်ရန် သူခိုးတို့ ဥမင်လိုဏ်ဖောက်နေသည်ကို မင်းကြီး မြင်တွေ့ရသဖြင့် ရုပ်စောင့်ကြည့်နေသည်။ မင်းကြီး ကြည့်နေစဉ်ပင် အိမ်တွင်းမှ ဂါထာရွတ်သံကြား၍ အိမ်ရှင်သိပြီ၊ တို့အတွက် အန္တရာယ်ဟု ပြောကာ ခိုးသူတို့ ထွက်ပြေးကြသည်။ မင်းကြီးသည် အိမ်ကို မှတ်သားလာခဲ့ပြီး နံနက်လင်းသော် အိမ်ရှင်ကို ခေါ်စေသည်။ အိမ်ရှင်မှာ တက္ကသိုလ်ပြန်လုလင် ဖြစ်နေသည်။ မင်းကြီးက လုလင်ရွတ်ဆိုသော ညက ဂါထာကို သင်ပေးရန်ပြော၍ မင်းကြီးအား ဂါထာ၏ အကျိုးအာနိသင်ကို တက္ကသိုလ်ဆရာကြီး မှာသည့်အတိုင်း ပြောဆိုသင်ပေးလိုက်ရာ မင်းကြီးက ဆရာစားအဖြစ် အသပြာတစ်ထောင် ချီးမြှင့်သည်။

http://www.dhammadownload.com

မင်းကြီးကိုလုပ်ကြံဖို့ စစ်သူကြီးကြံပြီ

တစ်နေ့တွင် မင်းကြီး၏ စစ်သူကြီးသည် မင်းကြီးအား မုတ်ဆိတ်ကျင်စွယ် ရိတ်ပေးသူ ဆတ္တာသည်ကိုခေါ်ကာ အသပြာပေးလျက် မင်းကြီးကို ဇက်ဖြတ်လုပ်ကြံပေးရန် စေခိုင်းသည်။ ဆတ္တာသည်က စစ်သူကြီးအကြံပေးသည့်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်စဉ် တက္ကသိုလ်ပြန်လုလင်ထံမှ သင်ယူခဲ့သော မန္တန်ကို မင်းကြီးက ရွတ်ဆိုသည်။ ဆတ္တာသည်က သူ့အကြံမင်းကြီးသိပြီဟု ယူဆကာ မင်းကြီးအား ရှိခိုးလျက် အသက်ချမ်းသာပေးရန် ပန်ကြားသည်။ စစ်သူကြီး ခိုင်းစေပုံအားလုံးကို မင်းကြီးအား အသိပေးသည်။

ထို့နောက် မင်းကြီးက စစ်သူကြီးကို နိုင်ငံမှ နှင်ထုတ်ပြီး မန္တန်သင်ပေးသူ တက္ကသိုလ်ပြန်လုလင်ကို စစ်သူကြီးရာထူး ပေးလိုက်သည်။ ထိုစဉ် အခါက လုလင်သည် ယခု စူဠပန်ဖြစ်ပြီး ထိုစဉ်က တက္ကသိုလ်ဆရာကြီးသည် ငါ ဘုရားဖြစ်သည်ဟု အတိတ်ကိုဆောင်ကာ ဘုရားရှင်က ဟောတော်မူသည်။

ဘုရားရှင်သည် ရဟန်းတို့အား စူဠပန်လောင်းလျာကို အတိတ်ဘဝတစ်ခု၌ လောကီစည်းစိမ်ဥစ္စာ ရတနာရာထူးရအောင် ဆောင်ရွက်ပေးခဲ့ဖူးသလို ယခုလည်း စူဠပန်အား လောကုတ္တရာစည်းစိမ်အဖြစ် ပဋိသမ္ဘိဒါနှင့် တကွ ရဟန္တာဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပြီဟု ဆက်လက်ဟောတော်မူလျက် ဤဒေသနာတော်ကို မိန့်ကြားတော်မူသည်။

၂၅။ ဥဋ္ဌာနေနပ္ပမာဒေန၊ သံယမေန ဒမေန စ၊
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ သြဃော နာဘိကီရတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၅။ ပညာရှိသည် ထကြွလုံ့လရှိခြင်း၊ မမေ့မလျော့ခြင်း၊ သီလကို စောင့်ထိန်းခြင်း၊ ဣန္ဒြေကို ထိန်းသိမ်းခြင်းအားဖြင့် သံသရာဝဲသြဃ၌ ကိလေသာရေအလျဉ် မလွှမ်းမိုးနိုင်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တည်းဟူသော အားထား မှီခိုရာကျွန်းကို ပြုထားရာ၏။

စူဠပန္ထကမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ ဗာလနက္ခတ်ပွဲသဘင်ဝတ္ထု

[လူမိုက်တို့ကြမ်းကြ၊ ရမ်းကြသောပွဲ]

ဘုရားရှင် ပွင့်တော်မူစဉ်ကာလ မဇ္ဈိမဒေသ၌ ကျင်းပလေ့ရှိသည့် ခုနစ်ရက်ကြာ ပွဲသဘင်ဖြစ်သည်။ နက္ခတ္တဗေဒပညာအရ ကောင်းကင်၌ ဗာလနက္ခတ်=လူမိုက်နက္ခတ်နှင့်ယှဉ်သော ကာလရှိသည်။ ထိုအချိန်၌ ဤပွဲသဘင်ကို ကျင်းပကြသည်။

ကံသုံးပါးဖြင့် လုပ်ချင်သလိုလုပ်နိုင်

ဤပွဲသဘင်ကာလ ခုနစ်ရက်အတွင်း ကြမ်းကြသည်။ ရမ်းကြသည်။ ကာယကံအရရော ဝစီကံနှင့် မနောကံအရပါ ကြမ်းကြ၊ ရမ်းကြခြင်း ဖြစ်သည်။ မနောကံအရ ကြံချင်ရာကြံ၊ စိတ်ကူးချင်ရာ စိတ်ကူးပြီး ဝစီကံအရ ပြောချင်ရာ ပြောနိုင်သည်။ လူကြီးလူငယ်မရွေး ရဟန်းသံဃာပါမကျန် ပြောချင်သလို ပြောကြသောအချိန် ဖြစ်သည်။

ဘုရားရှင်သည် ထိုအချိန်က သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေသည်။ သာသနာတော် ပြန့်ပွားထွန်းကားချိန်ဖြစ်၍ သာဝတ္ထိပြည်၌ အရိယာပုဂ္ဂိုလ် ငါးကုဋေခန့် ရှိသည်။ ဤအရိယာပုဂ္ဂိုလ်တို့က နက္ခတ်ပွဲသဘင် ရက်များအတွင်း ဘုရားရှင်နှင့် သံဃာတော်အပေါင်းတို့ကို သာဝတ္ထိမြို့အတွင်းသို့ ဆွမ်းခံကြွရောက်ရန်မလိုအောင် ကျောင်းတော်သို့ ဆွမ်းဘောဇဉ်များ အလုံအလောက် ပို့ဆောင်လှူဒါန်းထားကြသည်။

ဗာလနက္ခတ်ပွဲသဘင်ရက်များ ကုန်ဆုံးသောအခါ ဘုရားရှင်နှင့် သံဃာတော်များ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူကြသည်။ ထိုအခါ နက္ခတ်ပွဲသဘင်ရက်များအတွင်းက လူတို့သည် မျက်စိရော၊ နားသာမက စိတ်ပါ ဆင်းရဲကြရပုံတို့ကို ဘုရားရှင်အား လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၆။ ပမာဒမနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ၊
အပ္ပမာဒဉ္စ မေဓာဝိ၊ ဓနံ သေဋ္ဌံ ဝ ရက္ခတိ။

http://www.dhammadownload.com

၂၆။ မာ ပမာဒမနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ၊
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပောတိ ဝိပုလံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၂၆။ ပညာမရှိသူ လူမိုက်တို့သည် (ကုသိုလ်ကောင်းမှုဌ်) မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိ သူတော်ကောင်းတို့သည် (ကုသိုလ်ကောင်းမှုဌ်) မမေ့မလျော့သော သတိတရားကို အမြတ်ဆုံး ရတနာကဲ့သို့ စောင့်ရှောက်ကြကုန်၏။

၂၇။ ထို့ကြောင့် သင်တို့သည် ကုသိုလ်ကောင်းမှုဌ် မမေ့လျော့ကြကုန်လင့်။ ကာမဂုဏ်တို့နှင့် မွေ့လျော် အရောမဝင်ကြကုန်လင့်။ ကုသိုလ်ကောင်းမှုဌ် မမေ့လျော့သော သတိနှင့် ပြည့်စုံသော၊ သမထဝိပဿနာဖြင့် ကိလေသာကို လောင်မြိုက်စေသော သူသည် မြတ်သောနိဗ္ဗာန် ချမ်းသာကို ရစေရောက်စေ၏။

ဗာလနက္ခတ်ပွဲသဘင်ဝတ္ထု ပြီး၏။

၅။ အရှင်မဟာကဿပထေရ်ဝတ္ထု

[သာသနာ့ဥစ္စာဆောင်ပုဂ္ဂိုလ်ဖြစ်သော်လည်း]

ဘုရားရှင်၏ သာသနာတော်ဌ် လက်ဝဲတော်ရံနှင့် လက်ယာတော်ရံဟူသော အဂ္ဂသာဝကနှစ်ပါး၊ အသီတိ မဟာသာဝကဟူသော သာဝကကြီးအပါးရှစ်ဆယ်နှင့် ပကတိသာဝကပေါင်းများစွာ ရှိသည်။ ထိုသာဝကတို့တွင် အရှင်မဟာကဿပသည် မဟာသာဝကကြီး ရှစ်ဆယ်တို့တွင် ပါဝင်သော တပည့်လက်ရုံးကြီး ဖြစ်သည်။

အရှင်မဟာကဿပသည် မျိုးရိုးအားဖြင့် ဗြာဟ္မဏမျိုးရိုးဖြစ်ပြီး ဖွားမြင်တော်မူရာဒေသမှာ မဂဓတိုင်း မဟာတိတ္ထရွာ ဖြစ်သည်။ ဖခင်၏အမည်မှာ

http://www.dhammadownload.com

ကပိလဖြစ်ပြီး လူ့ဘဝ၌နေစဉ် ဇနီးသည်မှာ ဘဒ္ဒကာပိလာနီ ဖြစ်သည်။ ဇနီးဟု ဆိုရသော်လည်း မိဘများ၏ ထိမ်းမြားပေးမှုကြောင့်သာ ဇနီးအဖြစ် ဘဒ္ဒကာပိလာနီနှင့်အတူနေခြင်း ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာ၌ မောင်နှမအရင်းသဖွယ်သာ ဆက်ဆံသည်။

ဗြာဟ္မဏတို့ ယဉ်ကျေးမှုအရ ဇနီးမောင်နှံအဖြစ် ဆက်ဆံသည်ဖြစ်စေ၊ မဆက်ဆံသည်ဖြစ်စေ အဖိုနှင့် အမသည် အစုံလိုက်ရှိရသည်။ လူများကို မဆိုထားနှင့် ဘုရားများသည်ပင် ဗြဟ္မာဏယဉ်ကျေးမှု၌ အစုံလိုက်ရှိသည်။

ဗြာဟ္မဏဘုရားများဖြစ်သည့် ဗြာဟ္မ၏ဇနီးသည် 'သူရဿတီ'၊ ဗိဿနိုး၏ဇနီးမှာ 'လက္ခ္မီ' နှင့် သိဝ၏ဇနီးမှာ 'ပရ်ဝတီ' ဖြစ်သည်။

တစ်နေ့သ၌ အရှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွသည်။ ဆွမ်းစားပြီးသော် ပိပ္ပလိလိုဏ်ဂူတွင် သီတင်းသုံးလျက် အာပေါကသိဏ်းကို ပွားများသည်။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မေ့လျော့သော သတ္တဝါနှင့် မမေ့မလျော့သော သတ္တဝါ၊ သေဆဲနှင့် ပဋိသန္ဓေနေဆဲ သတ္တဝါတို့ကို ကြည့်တော်မူသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူရင်း အရှင်မဟာကဿပကို ဗုဒ္ဓဉာဏ်ဖြင့် ကြည့်တော်မူရာ အရှင်မဟာကဿပ၏ အခြေအနေကို မြင်သိတော်မူသည်။

သို့ဖြင့် ဘုရားရှင်က "ကဿပ၊ မေ့လျော့သော သတ္တဝါနှင့် မမေ့လျော့သော သတ္တဝါ၊ သေဆဲနှင့် ပဋိသန္ဓေနေဆဲ သတ္တဝါတို့ကို ပိုင်းခြား၍ သိအောင် အားထုတ်ခြင်းသည် သင်၏အရာမဟုတ်။ ဘုရားရှင်တို့၏ အရာသာ ဖြစ်သည်" ဟု မိန့်တော်မူပြီး ရောင်ခြည်တော်ဖြင့် အရှင်မဟာကဿပ၏ ရှေ့မှောက်၌ ရှိသကဲ့သို့ ဖြစ်စေကာ ဤဒေသနာကို ဟောတော်မူသည်။

၂၈။ ပမာဒံ အပ္ပမာဒေန၊ ယဒါ နုဒတိ ပဏ္ဍိတော။
ပညာပါသာဒမာရုယှ၊ အသောကော သောကိနိံ ပဇံ၊
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၈။ ပညာရှိသည် မမေ့မလျော့ခြင်းဖြင့် မေ့လျော့မှုကို ပယ်ဖျောက်၏။ စိုးရိမ်မှုကင်းပြီးသော ရဟန္တာသည် ပညာဟူသော ပြာသာဒ်သို့ တက်ကာ သောကဝေနေသော သတ္တဝါတို့ကို ကြည့်၏။ တောင်ထိပ်၌ရှိသူက တောင်အောက်က လူကို မြင်ရသကဲ့သို့ ရဟန္တာပညာရှိသည် ပုထုဇဉ်သူမိုက်တို့ကို ကြည့်ရှုသည်။

မဟာကဿပထေရ်ဝတ္ထု ပြီး၏။

၆။ အဆွေခင်ပွန်း ရဟန်းနှစ်ပါးဝတ္ထု

[ဘုရားရှင်၏ ကဲ့ရဲ့ခံရသူနှင့် ချီးမွမ်းခံရသူ]

အဆွေခင်ပွန်း ရဟန်းနှစ်ပါးတို့သည် ဝါဆိုဦးကာလ၌ ဘုရားရှင်ထံသွားကာ တရားတောင်းသည်။ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား ရရှိကြသော် အရပ်ဒေသတစ်ခုရှိ တောရကျောင်းသို့ တရားအားထုတ်ရန် သွားရောက်နေထိုင်ကြသည်။ ပထမရဟန်းတစ်ပါးသည် သာမဏေတို့နှင့် အတူနေကာ ထင်းများကို စုဆောင်းလျက် မီးဖိုသည်။ ပထမယံ၌ သာမဏေငယ်တို့နှင့် စကားပြောလျက် မီးလှုံနေ၏။ မဇ္ဈိမယံသို့ရောက်သော် အခန်းတွင်းသို့ ဝင်အိပ်သည်။ ထိုကဲ့သို့နေခြင်းသည် မမေ့မလျော့နေခြင်းဟု ထိုရဟန်းက ထင်နေသည်။ ဒုတိယရဟန်းသည် ပထမယံ၌ စင်္ကြံလျှောက်ပြီး ကမ္မဋ္ဌာန်းတရားပွားများအားထုတ်သည်။ မဇ္ဈိမယံသို့ရောက်သော် အပန်းဖြေရန် အခန်းတွင်းသို့ ခေတ္တဝင်ပြီး ကျိန်းစက်နားသည်။ မိုးသောက်ယံ၌ ဆက်လက် အားထုတ်ပွားများသည်။ မမေ့မလျော့နေခြင်းကြောင့် ဒုတိယရဟန်းသည် မကြာမီပင် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသည်။

http://www.dhammadownload.com

ရဟန်းကိစ္စပြီးပြီလား

ဝါကျွတ်သောအခါ ရဟန်းနှစ်ပါးတို့သည် ဘုရားရှင်ကို ဖူးမြော်ရန် ဘုရားရှင်ကျောင်းတော်သို့ သွားကြသည်။ ဘုရားရှင်က "ချစ်သားတို့၊ မမေ့မလျော့သောအားဖြင့် ရဟန်းတရားကို အားထုတ်ကြကုန်၏လော။ ရဟန်းကိစ္စပြီးကြကုန်ပြီလော" ဟု မေးတော်မူသည်။

ပထမရဟန်းက သူနေထိုင်ခဲ့ပုံကို လျှောက်ထားပြီး မမေ့မလျော့နေသူဖြစ်သည်ဟု သူ့ကိုယ်သူ လျှောက်ထားသည်။ သို့သော် သူသည် ရဟန်းကိစ္စမပြီး၊ တရားမရ။ ဒုတိယရဟန်းက သူ၏ ကျင့်ကြံနေထိုင်ခဲ့ပုံကို ဘုရားရှင်ထံ လျှောက်ထားသည်။

ဘုရားရှင်သည် ပထမရဟန်းကို ကဲ့ရဲ့တော်မူပြီး ဒုတိယရဟန်းကို ချီးမွမ်းတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၉။ အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတ္ဝာ ယာတိ သုမေဓသော။

ဒေသနာ၏အဓိပ္ပာယ်

၂၉။ မမေ့မလျော့သော တရားနှင့် ပြည့်စုံသူသည် နိုးကြားသူနှင့်တူ၏။ မေ့လျော့နေသူကား အိပ်ပျော်နေသူနှင့် တူသည်။ အားခွန်ဗလနှင့် ပြည့်စုံသောမြင်းသည် အားခွန်ဗလနှင့် မပြည့်စုံသောမြင်းကို (ချန်၍) စွန့်ပစ်၍ သွားသကဲ့သို့ မမေ့မလျော့ခြင်းနှင့် ပြည့်စုံသူသည် သူမိုက်ကို သံသရာဝဋ်ဆင်းရဲ၌ (ချန်၍) စွန့်ပစ်၍ သွားလေ၏။

အဆွေခင်ပွန်းရဟန်းနှစ်ပါးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ မဃလုလင်ဝတ္ထု

[သိကြားမင်းကို တကယ်တွေ့နိုင်၊ မြင်နိုင်သလော]

သိကြားမင်း တကယ်ရှိ–မရှိ။ ရှိလျှင် မြင်နိုင်၊ မမြင်နိုင် ရင်တွင်း၌ မတင်မကျပြဿနာဖြစ်နေသူ လိစ္ဆဝီမင်းသား မဟာလိသည် ဘုရားရှင်ထံ ရောက်လာသည်။ သူ့ရင်တွင်း၌ဖြစ်နေသော သိကြားမင်းပြဿနာကို ဘုရားရှင်အား လျှောက်ထားမေးမြန်းသည်။ ဘုရားရှင်သည် သိကြားမင်းနှင့် အမေးအဖြေ ပြုလုပ်သော 'သက္ကပဉ္ဉသုတ်' ကို ဟောကြားသည်ဟု ကြားသိသော ကြောင့် ဘုရားရှင်ထံ အမြန်လာမေးခြင်း ဖြစ်သည်။ ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ အမွှသဏ္ဌာရ္ဂ၏ မြောက်ဘက် ဝေဒိယကတောင်ယံရှိ ဂုန္ဒသာလာ လိုဏ်၌ ဘုရားရှင်သည် သိကြားမင်းနှင့် အမေးအဖြေ ပြုလုပ်သော သက္ကပဉ္ဉသုတ်ကို ဟော်တော်မူသည်။

မဟာလိက မေးပုံ

ဘုရားရှင်သည် ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာလိရောက်လာသည်။ ရောက်ရောက်ချင်းပင် မဟာလိက "အရှင်ဘုရား၊ သိကြားမင်းကို မြင်ရပါသလော" ဟု မေးလျှောက်၏။ ဘုရားရှင်က မြင်ရသည်ဟု ဖြေကြားသည်။ "မြင်ရသည်ဆိုလျှင် အရှင်ဘုရား မြင်သော သိကြားမင်းသည် အတုဖြစ်ပေမည်" ဟု လျှောက်ထားလေသည်။

မဟာလိသည် ပညာတတ်တစ်ယောက် ဖြစ်သည်။ ဒီသာပါမောက္ခ ဆရာကြီးထံ ပညာသင်ယူစဉ်က စစ်သူကြီး ဗန္ဓုလနှင့် ပသေနဒိကောသလ မင်းတို့သည် သူ၏ အပေါင်းအဖော် ရောင်းရင်းများ ဖြစ်ကြသည်။ ဝေဒကျမ်း အရ သိကြားမင်းသည် အလွန်တန်ခိုးကြီးသည်။ ယခု ဘုရားရှင်နှင့် အပြန်အလှန် မေးကြ၊ ဖြေကြသည်ဟုဆိုသဖြင့် မဟာလိ ခေါင်းရှုပ်သွားသည်။

ဘုရားရှင် ဖြေကြားပုံ

ဘုရားရှင်က "မဟာလိ၊ ငါဘုရားသည် သိကြားမင်းကိုရော သိကြားမင်းဖြစ်ကြောင်း ကျင့်စဉ်ကိုပါ သိသည်" ဟု ဖြေကြားလိုက်သည်။ ဆက်လက်

http://www.dhammadownload.com

၍ ဘုရားရှင်က "မဟာလိ၊ သိကြားမင်း မဖြစ်မီ လူ့ဘဝတုန်းက သူသည် 'မဃ' အမည်ရှိ လုလင်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့ကို 'မဃဝ' ဟု လည်းကောင်း၊ ရှေးဦးစွာ အလှူပေးတတ်သောကြောင့် 'ပုရိန္ဒဒ'၊ ရိုသေလေးမြတ်စွာ အလှူပေးတတ်သောကြောင့် 'သက္က'၊ တည်းခိုစရာဇရပ်ကို လှူတတ်သောကြောင့် 'ဝါသဝ'၊ မျက်လုံးတစ်ထောင်ရှိသူကဲ့သို့ အမြင်ကျယ်သောကြောင့် 'သဟဿနေတ္တ'၊ အသုရာ နတ်မင်းကြီး၏သမီး သုဇာတာ၏ သမီးဖြစ်သောကြောင့် 'သုဇမ္ပတိ'၊ တာဝတိံသာနတ်တို့ကို အစိုးရသောကြောင့် 'ဒေဝါနမိန္ဒ' ဟုလည်း ခေါ်ဆိုကြသည်။ လူဖြစ်စဉ်အခါက ခုနစ်ပါးသော ကျင့်ဝတ်တို့ကို ကျင့်သုံးခဲ့ဖူးသူလည်း ဖြစ်သည်။ ထိုကျင့်ဝတ်ခုနစ်ပါးတို့မှာ...

သိကြားမင်းဖြစ်ကြောင်း ကျင့်ဝတ်

၁။ မိဘနှစ်ပါးအား အသက်ထက်ဆုံး ပြုစုလုပ်ကျွေးခြင်း။
၂။ ကြီးသူတို့ကို ရိုသေလေးစားခြင်း။
၃။ နူးညံ့သိမ်မွေ့ချိုသာသော စကားကို ပြောဆိုခြင်း။
၄။ နှစ်ဖက်တို့အကြားတွင် ကုန်းတိုက်သောစကားကို မဆိုခြင်း။
၅။ အသက်ထက်ဆုံး မစ္ဆရိယဟူသော ဝန်တိုမှုကင်းအောင် နေထိုင်ပြောဆို ကျင့်ကြံခြင်း။
၆။ ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်၍ သစ္စာနှင့်ယှဉ်သော စကားကို ပြောဆိုခြင်း။
၇။ မှန်ကန်ဖြောင့်မတ်သော စကားကို ပြောဆို၍ အမျက်ဒေါသကို နှိပ်ကွပ်နိုင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ဖြစ်သည် မဟာလိ။

ဤသို့ မိန့်တော်မူသောအခါ လိစ္ဆဝီမင်းသား မဟာလိသည် သိကြားမင်း မဖြစ်မီက မာဃလုလင်၏ ဘဝအကြောင်းကို ဟောကြားပါရန် တောင်းပန်သဖြင့် မြတ်စွာဘုရားက ဤသို့ ဟောကြားသည်။

ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး ထီးနန်းစိုးစံစဉ်က မာဃလုလင်သည် မစလရွာ၌ အမျိုးမြတ်သူ၏ သားလာဖြစ်၍ **"မာဃ"** ဟု အမည်တွင်သည်။ သူသည် သူ၏ အပေါင်းအဖော် သုံးကျိပ်သုံးယောက်တို့နှင့်အတူ ငါးပါးသီလ

http://www.dhammadownload.com

ဆောက်တည်၍ လမ်းတံတားများ ပြုပြင်ဖောက်လုပ်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ခြင်း စသည့် ကုသိုလ်ပြုလုပ်ငန်းများကို ဆောင်ရွက်သည်။ အခြားသူများကိုလည်း သူတို့ကဲ့သို့ ဥပုသ်သီလ ဆောက်တည်၍ အများအကျိုးကို ဆောင်ရွက်ရန် ဟောပြောဆုံးမသည်။

သူတို့အဖွဲ့ ဤကဲ့သို့ ညီညီညွတ်ညွတ်ဖြင့် ကုသိုလ်ပြုလုပ်ငန်းများ လုပ်ကိုင်သည်ကို မနှစ်မြို့ မနာလိုသူတစ်ဦး ရှိသည်။ ထိုသူမှာ မစလရွာ၏ သူကြီးပင်။ ဒုစရိုက်မှု နည်းပါးလာသဖြင့် ဝင်ငွေလျော့နည်းလာသော သူကြီးသည် မာဃလုလင်တို့အဖွဲ့အား **"လူဆိုးသူခိုး"** များဟု စွပ်စွဲကာ မင်းကြီးထံ ရွေနားတော်ကြား လျှောက်ထားသည်။ ဖမ်းဆီးခွင့်ကိုလည်း တောင်းခံသည်။ မင်းကြီးကလည်း အကယ်ပင် လူဆိုးသူခိုးများထင်ကာ ဖမ်းဆီးရန် အမိန့်ပေးသည်။ ထိုအခါ သူကြီးသည် မာဃလုလင်တို့အဖွဲ့အား ဖမ်းဆီး၍ မင်းကြီးထံ ပို့သည်။ မင်းကြီးကလည်း ကြားနာစစ်ဆေးခြင်းမပြုဘဲ အကျဉ်းနည်းဖြင့် သေဒဏ်စီရင်လိုက်သည်။

မင်းမှုထမ်းတို့သည် မာဃလုလင်တို့အဖွဲ့အား မင်းရင်ပြင်၌ လဲလျောင်းစေပြီး ဆင်ဖြင့်နင်းသတ်ရန် စီစဉ်သည်။ နင်းသတ်ရန် လွှတ်လိုက်သော ဆင်သည် မာဃလုလင်တို့၏ သီလတန်ခိုး၊ မေတ္တာတန်ခိုးကြောင့် အနီးသို့ပင် မကပ်ဘဲ ဝေးရာမှ ရှောင်သွားသည်။ ထိုအခါ မာဃလုလင်တို့တွင် အဆောင်လက်ဖွဲ့ ဂါထာမန္တရားများ ရှိ၊ မရှိ မင်းကြီးက မေးသည်။ မာဃလုလင်က သူတို့တွင် အဆောင်လက်ဖွဲ့ မရှိပါ။ ငါးပါးသီလ စောင့်ထိန်းခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းနှင့် အလှူဒါနပြုလုပ်ခြင်းတို့သည်သာ သူတို့၏ ဂါထာမန္တရားဖြစ်ကြောင်း လျှောက်ထားသည်။

မင်းကြီးလည်း မာဃလုလင်တို့အဖွဲ့တွင် အပြစ်ကင်းစင်ကြောင်း သိလျှင် မတရားစွပ်စွဲသော သူကြီးအား သူပိုင်ပစ္စည်း ဥစ္စာကျေးကျွန်များနှင့် သူ့ကိုလည်း မာဃလုလင်တို့၏ ကျွန်အဖြစ် အသုံးပြုရန် ဆုအဖြစ် ပေးသနားသည်။ ဆင်ကိုလည်း မာဃလုလင်တို့၏ ကုသိုလ်ပြုလုပ်ငန်းတွင် အသုံးပြုရန် ပေးလိုက်သည်။

http://www.dhammadownload.com

ထိုနေ့မှစ၍ မာဃလုလင်တို့အဖွဲ့သည် လမ်းလေးခွဆုံရာ အရပ်၌ ခရီးသွားများ တည်းခိုနားနေရန် ဧရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်သည်။ မာဃလုလင်၏ အိမ်သူလေးဦးအနက် **"သုဓမ္မာ"** က ဧရပ်၏ ထုပိကာကို ပါဝင်လျှဒါန်းသည်။ **"သုစိတ္တာ"** က ဧရပ်အနီး၌ ဥယျာဉ်ကြီးတစ်ခုကို တည်ဆောက်၍ ကုသိုလ်ပါဝင်သည်။ **"သုနန္ဒာ"** က ရေကန်တစ်ခုကို တူးဖော်၍ ကုသိုလ်ပြုသည်။ **"သုဇိတာ"** ကမူ ကိုယ့်ယောကျ်ားများ အလှူသည် ကိုယ့်အလှူသာ ဖြစ်သည်ဟုဆိုကာ မည်သည့် ကုသိုလ်ကောင်းမှုကိုမှ မပြုဘဲ နေသည်။

ထိုဘဝမှလွန်သော် မာဃလုလင်သည် တာဝတိံသာ၌ သိကြားနတ်မင်းလာဖြစ်ရသည်။ သူ့အဖော်သုံးကျိပ် သုံးယောက်တို့သည်လည်း တာဝတိံသာ၌ပင် နတ်သားများ လာဖြစ်ကြသည်။ သိကြားမင်းသည် တာဝတိံသာ၌ သေအရက် သောက်စားယစ်မူးနေသော အသုရာတို့နှင့်အတူ နေရခြင်းကို မနှစ်မြို့ပေ။ ထို့ကြောင့် တစ်နေ့တွင် အသုရာတို့အား နတ်အဖျော်ယမကာတို့ဖြင့် မူးအောင်တိုက်သည်။ အသုရာတို့ မူးယစ်နေစဉ် သမုဒ္ဒရာအတွင်းသို့ ပစ်ချလိုက်ကြသည်။ သို့သော် အသုရာတို့၏ ကုသိုလ်ကံကြောင့် မြင့်မိုရ်တောင်ခြေရင်း သခွတ်ပင်ရှိရာအရပ်သို့ ကျရောက်သွားသည်။ သခွတ်ပင်မှ အပွင့်များ ပွင့်သောအခါ အသုရာတို့သည် ၎င်းတို့၏ မူလနေရာ တာဝတိံသာမဟုတ်ကြောင်း သိသွားပြီး ဒေါသပုန်ထကာ သိကြားမင်းရှိရာ တာဝတိံသာသို့ စစ်ချီတက်သည်။ စစ်ပြိုင်ထိုးကြရာ ထိုစစ်ပွဲတွင် အသုရာတို့ ရှုံးနိမ့်သွားသဖြင့် သခွတ်ပင်ရှိရာ အရပ်သို့ ပြန်လာကြသည်။ ယခုအခါ ထိုနေရာကို အသုရာပြည်ဟု ခေါ်ဆိုကြသည်။ အသုရာတို့ စစ်ရှုံးပြီးနောက် တာဝတိံသာ၏ အကျယ်အဝန်းသည် ယူဇနာတစ်သောင်းတိုင် ကျယ်ဝန်းသည်။

သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာတို့ ကွယ်လွန်ကြသောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မိဖုရားများ ဖြစ်ကြသည်။ သုဇာတာ တစ်ယောက်မှာ ယခုတိုင် ပေါ်မလာသေး။ ထိုအခါ သိကြားမင်း စိတ်ပူပန်ပြီး ဆင်ခြင်ကြည့်ရှုရာ ဗျိုင်းမကလေး ဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် သိကြားမင်း

http://www.dhammadownload.com

သည် ဗျိုင်းမကလေး သုဇာတာရှိရာသို့လာပြီး အကုသိုလ်အမှုကို မပြုလုပ်ဘဲ သီလဆောက်တည်နေထိုင်ရန် ဆုံးမသည်။ ထိုအခါ ဗျိုင်းမကလေး သုဇာတာသည် အသက်ထက်ဆုံးတိုင် သီလကို ဆောက်တည်သည်။ ထိုဘဝမှ သေလွန်သော် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏သမီး လာဖြစ်သည်။ ထိုဘဝ၌လည်း သီလကို အမြဲမပြတ် ဆောက်တည်သည်။ ထိုမှတစ်ဖန် သေလွန်ပြန်သော် အသုရာနတ်မင်းကြီး ဝေတစိတ္တ၏ သမီးတော် လာဖြစ်သည်။ သီလတန်ခိုးကြောင့် ရုပ်ရည်ရူပကာ ကိုယ်ဟန်အနေအထား အများတကာထက် ပိုချော ပိုလှသည်။

သုဇာတာ ကြင်ဖော်ရွေးသည့်အခါ ခမည်းတော် ချီးမြှင့်ထားသော ပန်းကုံးဖြင့် အဘိုးအိုအယောင်ဆောင်ထားသော သိကြားမင်းကို စွပ်ပေးလိုက်သည်။ ထိုအခါ သိကြားမင်းသည် အားရဝမ်းသာစွာဖြင့် သုဇာတာ၏လက်ကို ဆွဲလျက် "ငါကား တာဝတိံသာကို အစိုးရသော သိကြားမင်းဖြစ်သည်" ဟု ဟစ်ကြွေးကြော်ကာ ဝေဇယန္တာနတ်ရထားဖြင့် တာဝတိံသာသို့ မောင်းပြေးသည်။ အသုရာတို့သည် "သိကြားမင်းသည် လူအိုယောင်ဆောင်၍ ငါတို့ကို လှည့်စားသည် အမီလိုက်ကြ" ဟု ကြွေးကြော်ကာ လိုက်သည်။

မာတလိသည် ဝေဇယန္တာနတ်ရထားကို တောင်သမုဒ္ဒရာ ရေပြင်ပေါ် ဖြတ်၍ မောင်းပြေးသည်။ လက်ပံတောသို့ ရောက်သော် လက်ပံပင်များနှင့် တိုက်မိ၍ လက်ပံကိုင်းများ အပိုင်းပိုင်း ပြတ်သွားသည်။ ထိုအခါ လက်ပံပင်ပေါ်၌ ဂဠုန်အသိုက်ထဲမှ ဂဠုန်ငှက်ငယ်များ လန့်ဖျပ်၍ အော်ဟစ် ငိုယိုကြသည်။ ထိုအသံများကို ကြားရသဖြင့် သိကြားမင်းသည် မာတလိအား အဖြစ်မှန်ကို မေးသည်။ မာတလိက ဂဠုန်ငှက်ငယ်များ အသက်ဘေးကို ကြောက်၍ ငိုယိုအော်ဟစ်ကြကြောင်း သိကြားမင်းအား ပြောပြသည်။ ထိုအခါ သိကြားမင်းက ငါသည် ဂဠုန်ငှက်ငယ်များ၏ အသက်ဘေးမှ လွတ်မြောက်စေရန် ယခုပင်လျှင် ငါ၏အသက်ကို အသုရာတို့အားပေးမည်ဟု ဆုံးဖြတ်ကာ ရထားကို နောက်သို့ ပြန်လှည့်စေသည်။

အသုရာတို့က သိကြားမင်းသည် အခြားသော စကြဝဠာတစ်ခုခုမှ

17A

http://www.dhammadownload.com

သိကြားနတ်မင်းများ စစ်ကူရောက်လာသည့်အတွက် ငါတို့ထံ ပြန်လာသည်ဟု အတွေးမှားပြီး သခွတ်ပွင့်ပွင့်ရာ အသုရာပြည်သို့ ပြန်ပြေးသွားသည်။ ထိုအခါ တာဝတိံသာနတ်ပြည်၌ ပြာသာဒ်ကြီးတစ်ခု ပေါ်ပေါက်လာသည်။ ရန်သူကို အောင်မြင်သည့်အချိန်၌ ပေါ်ပေါက်လာသဖြင့် **ဝေဇယန္တာ** ဟု အမည်ပေးကြသည်။

သိကြားမင်းသည် တာဝတိံသာနတ်ပြည်ကို အသုရာတို့ အလွယ်တကူ ကျူးကျော်မဝင်ရောက်စေရန်အတွက် မြင့်မိုရ်တောင်၏ ပထမအာလိန်တွင် နဂါး၊ ဒုတိယအာလိန်တွင် ဂဠုန်၊ တတိယအာလိန်တွင် ကုမ္ဘဏ်၊ စတုတ္ထအာလိန်တွင် ဘီလူး၊ ပဉ္စမအာလိန်တွင် စတုမဟာရာဇ နတ်မင်းကြီးလေးပါးတို့ကို အစောင့်အဖြစ် ထားလိုက်သည်။ ထိုအခါမှစ၍ တာဝတိံသာနတ်ပြည်ကို အသုရာတို့ မကျူးကျော်နိုင်တော့ပေ။

မဟာလိမ့်သား၊ မာဃမည်သော သတို့သားသည် ဤသို့ဖြင့် ကုသိုလ်ကောင်းမှုကို မမေ့မလျော့သည့်အတွက် စတုမဟာရာဇနှင့်တကွ တာဝတိံသာဟူသော နတ်ပြည်နှစ်ရပ်ကို အုပ်စိုးရသော သိကြားမင်းအဖြစ်ကို ရရှိခဲ့သည်ဟု ဟောကြားမိန့်ဆိုသည်။

မဟာလိဘုရားရှင်ကို ယုံကြည်ပြီ

ဘုရားရှင်က ဤသို့ ဟောတော်မူသောအခါ မဟာလိသည် ဘုရားရှင်အား "အတုလ=အတူမရှိသူ၊ အနှိုင်းမဲ့သူ" အဖြစ် ယုံကြည်သွားတော့သည်။ သောတာပတ္တိဖိုလ်သို့လည်း ရောက်ရှိလေတော့သည်။

ဆက်လက်၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

ဒေသနာ၏အဓိပ္ပာယ်

၃၀။ သိကြားမင်းသည် မာဃလုလင်ဖြစ်ခဲ့စဉ်က ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကြောင့် စတုမဟာရာဇ တာဝတိံသာနတ်တို့၏ အကြီးအမှူး

http://www.dhammadownload.com

အဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှုဌ မမေ့မလျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကုန်၏။ မေ့လျော့ခြင်းကိုမူ ကဲ့ရဲ့ကြကုန်၏။

မဃလုလင်ဝတ္ထု ပြီး၏။

၈။ အညတရ ရဟန်းတစ်ပါးဝတ္ထု

[တောမီးကြောင့် ရဟန္တာဖြစ်သူ]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော မြတ်စွာဘုရားထံမှ အညတရ ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းကို တောင်းယူကာ တောရကျောင်းတစ်ကျောင်းသို့ သွားပြီး တရားအားထုတ်သည်။ ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်သော်လည်း တရားမရ။ သို့ဖြင့် ရဟန်းသည် ဘုရားရှင်အား အကျိုးအကြောင်းလျှောက်ထားပြီး လိုအပ်လျှင် တရားထပ်တောင်းဖို့ ဘုရားရှင်ထံ ပြန်လာခဲ့သည်။

တောမီးကို မြင်သော်

လမ်းခရီး၌ တောမီး အကြီးအကျယ်လောင်နေသည်ကို သူ တွေ့မြင်သွားသည်။ တောမီးသည် လောင်စာများကို တစ်နေရာပြီးတစ်နေရာ အရှိန်ပြင်းစွာဖြင့် လောင်ကျွမ်းနေသည်။ ထိုရဟန်းသည် တောင်ကုန်းထက်သို့ တက်ကာ ထိုင်လျက် တောမီးကို ကြည့်နေသည်။ တောမီးသည် ကြီးကြီးငယ်ငယ် လောင်စာဟူသမျှကို လောင်ကျွမ်းသည်။ အလားတူပင် အရိယာမဂ်သည်လည်း သံယောဇဉ်ဟူသမျှကို လောင်ကျွမ်းသည်။ ဤသို့ အာရုံယူလျက် ရင့်ကျက်သော အသိဝင်နေသည်ကို ကျောင်းတော်မှ ဘုရားရှင်က သိတော်မူသဖြင့် ရောင်ခြည်တော်ဖြင့် ကိုယ်တော်တိုင် ကြွလာသကဲ့သို့ ထင်ရှားပြတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူရာ အညတရ ရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

http://www.dhammadownload.com

၃၁။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂိဝ ဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၁။ တောမီးသည် ကြီးငယ်မဟူ လောင်စာဟူသမျှကို လောင်ကျွမ်းဘိသကဲ့သို့ မမေ့မလျော့ခြင်း၌ မွေ့လျော်လျက် မေ့လျော့ခြင်းကို ဘေးဟူလေ့ရှိသော ရဟန်းသည် ကြီးကြီးငယ်ငယ် သံယောဇဉ်တရား အားလုံးကို မဂ်ဖြင့် လောင်ကျွမ်းစေကာ နိဗ္ဗာန်သို့ ရောက်ရလေ၏။

အညတရ ရဟန်းတစ်ပါးဝတ္ထု ပြီး၏။

၉။ နိဂမဝါသီ တိဿမထေရ်ဝတ္ထု

[အလိုက္ကစ္စာနည်း၍ ဘုရားရှင် ချီးမွမ်းခံရသူ]

သာဝတ္ထိမြို့တော်နှင့် မနီးမဝေးရွာနိဂုံး* တစ်ခုတွင် မွေးဖွားသော တိဿလုလင်သည် ဘုရားရှင်၏ သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြုသည်။ ရဟန်းအဖြစ်ကို ရရှိပြီးသောအခါ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို တောင်းယူကာ သူ့ကို မွေးဖွားရာ ရွာနိဂုံး၌ပင် သီတင်းသုံးနေထိုင်သည်။ အလိုနည်း၏။ ရောင့်ရဲလွယ်သည်။ ဆိတ်ငြိမ်ရာ၌ နေထိုင်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သည်။

အလိုနည်းသောရဟန်း

အနာထပိဏ်၊ ဝိသာခါ စသော ဘုရားကျောင်း ဒါယကာ၊ ကျောင်းအမကြီးတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူဒါနများ ပြု

---

* ပိဋကစာပေ၌ လူနေအေသများကို အရည=တော၊ ဂါမ=ရွာ၊ နိဂမ= နိဂုံးနှင့် နဂရ=မြို့ စသည် ခွဲခြားထားသည်။ တောနေရဟန်းကို အရညဝါသီ၊ ရွာနေရဟန်းကို ဂါမဝါသီ၊ နိဂုံးနေရဟန်းကို နိဂမဝါသီ စသည်ဖြင့် ဆော်ဆော်သည်။

http://www.dhammadownload.com

လုပ်ကြသောအခါ၌ လည်းကောင်း။ ဘုရားရှင်တစ်ဆူတစ်ဆူတို့၏ လက်ထက်တော်၌ တစ်ကြိမ် တစ်ကြိမ်သာ ပေါ်ပေါက်သော အသဒိသအလှူကြီးကို ကောသလမင်းကြီးက ပေးလှူသောအခါ၌ လည်းကောင်း နိဂမဝါသီ ရဟန်းတော်သည် မကြွရောက်ပေ။ သူ မွေးဖွားကြီးပြင်းခဲ့သည့် အရပ်ဒေသမှ လှူဒါန်းသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ဖြင့်သာ ရောင့်ရဲတင်းတိမ်သည်။ အလိုက္ကစ္ဆာနည်းသော ရဟန်းဖြစ်သည်။

ထိုရဟန်းကို အခြားရဟန်းတို့က ဒေသစွဲကြီးသူ၊ အဆွေအမျိုးများနှင့် ရောနှောဆက်ဆံနေသူ စသည်ဖြင့် ပြောဆို ပြစ်တင်ကြသည်။ တိဿမထေရ်၏ ရည်ရွယ်ချက်မှာ အခြားသော အလှူကြီးများသို့သွားပြီး ကုန်လွန်မည့်အချိန်ကို ဤနိုဂုံး၌နေကာ တရားအားထုတ်ခြင်းဖြင့် ကုန်စေရန်သာ ဖြစ်သည်။ ဤဒေကြောင်းစုံကို ဘုရားရှင်သိသော် အများ၏ရှေ့သို့ တိဿမထေရ်ကို ခေါ်လျက် မေးတော်မူသည်။ ထိုအခါ မထေရ်က သူ့သဘောထားနှင့် ရည်ရွယ်ချက်၊ အခြားပုဂ္ဂိုလ်တို့၏ ထင်မြင်ယူဆမှုတို့ကို အစုံအလင် ဖြေကြားလျှောက်ထားသည်။ ဘုရားရှင်က သာဓုခေါ်တော်မူပြီး မိမိကိုယ်တိုင်လည်း ဤမထေရ်ကဲ့သို့ပင် မိမိ အမှီပြုနေထိုင်ရာ ဒေသအပေါ် ကျေးဇူးဆပ်ခဲ့ဖူးကြောင်း မိန့်တော်မူလျက် မဟာသုဝဏ္ဏတ်ကို ဟောတော်မူသည်။

ကျေးမင်းဘဝတုန်းက

မဟာသုဝဏ္ဏတ်တော်၌ ဗုဒ္ဓလောင်းလျာ ကျေးမင်းသည် ဟိမဝန္တာတောဂင်္ဂါမြစ်ကမ်းရှိ ရေသဖန်းပင်၌နေကာ ရေသဖန်းပင်၏အရွက်၊ အပွင့်၊ အသီးအခေါက် စသည်ကို စားသုံးသည်။ ထိုအပင်ကြီး၏ အသီးအရွက် စသည်တို့ခြောက်သွေ့သွားသော်လည်း အခေါက်တို့ကို အမှုန့်ကြိတ် စားသုံးနေသည်။ အပင်ကြီး စိမ်းစိုစဉ်က အခြားကျေးသားများ နေကြသော်လည်း ခြောက်သွေ့သောအခါ စိမ်းစိုသော အပင်ရှိရာသို့ ပြောင်းသွားကြသည်။ ဗုဒ္ဓလောင်းလျာ ကျေးမင်းကား အခြားဒေသသို့ မပြောင်း၊ သက်မဲ့သစ်ပင်၏ တစ်ချိန်က ကျေးဇူးကိုသိကာ ထိုအပင်ငုတ်၌ပင် နေသည်။ ဘုရားရှင်က ဤအတိတ်ဝတ္ထုကြောင်းကို ဟောတော်မူပြီး ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူ

http://www.dhammadownload.com

သည်။ ဒေသနာတော် အဆုံးဌ် နိဂမဝါသီတိသမထေရ် အဘိညာဉ်ခြောက်ပါး နှင့် ပြည့်စုံသော ရဟန္တာဖြစ်တော်မူသည်။

၃၂။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿီ ဝါ။
အဘဗ္ဗေ ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

ဒေသနာ၏အဓိပ္ပာယ်

၃၂။ မမေ့မလျော့မှုဌ် မွေ့လျော်၍ မေ့လျော့မှုကို ဘေးဟုမြင်လေ့ရှိသော ရဟန်းသည် သမထဝိပဿနာတို့မှ မဆုတ်ယုတ် (မဂ်ဖိုလ်မှ ဘဆုတ်ယုတ်ခြင်းမှာ မထိုက်တန်ပေ။) နိဗ္ဗာန်၏အနီးဌ်သာ ရှိစေ၏။

နိဂမဝါသီ တိသမ္မထေရ်ဝတ္ထု ပြီး၏။

အပ္ပမာဒဝဂ် ပြီးပြီ။



ဂဂ်ါမြစ်ကမ်းရှိ ရေသဖန်းပင် ခြောက်သွေ့သွားသဖြင့် အခြားသောကျေးငှက်များ စိမ်းစိုသည့်အပင်ရှိရာသို့ ပြောင်းရွှေ့သွားကြစဉ်။

http://www.dhammadownload.com

စိတ္တဝဂ်

စိတ္တ = စိတ်၊ ဝဂ္ဂ = ဝဂ်၊ အစု။
စိတ်နိုင်မာ၍ ကောင်းကျိုးပြီး စိတ်မနိုင်မာသဖြင့်
ဆိုးကျိုးခံစားရသောတရားများ ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ မေဃိယမထေရ်ဝတ္ထု

[ရေမှထုတ်ဆောင်ကာ ကုန်းပေါ်တင်ထားသည့် ငါးနှင့်စိတ်ကို နှိုင်းပြပုံ]

ဘုရားရှင်၏ အနီးကပ် အလုပ်အကျွေးရဟန်းတစ်ပါးဖြစ်သော မေဃိယမထေရ်သည် ဘုရားရှင်နှင့်အတူ သားကောင်တို့အား ဘေးမဲ့ပေးရာ ပါစိနဝံသတောအုပ်အနီးရှိ ဇန္တုရွာသို့ ဆွမ်းခံကြွတော်မူသည်။ ထိုရွာတွင် ဆွမ်းခံ၍ ဆွမ်းစားပြီးသောအခါ မေဃိယမထေရ်က ဘုရားရှင်အား ဤသို့ လျှောက်ထားသည်။ အရှင်ဘုရား၊ တပည့်တော်သည် ကိမိကာဠမြစ်ကမ်းပါးရှိ သရက်ဥယျာဉ်သို့ သွားရောက်ကာ တရားအားထုတ်လိုပါသည်။ အရှင်ဘုရား၏ သပိတ်၊ သင်္ကန်းတို့ကို ပြန်ယူတော်မူပါဘုရားဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "မေဃိယ၊ ငါဘုရားကို ပြုစုလုပ်ကျွေးမည့် အခြားရဟန်းတစ်ပါး ရောက်လာသည်အထိ ဆိုင်းငံ့နေဦးလော့" ဟု သုံးကြိမ်တိုင်အောင် မိန့်ကြားသည်။

http://www.dhammadownload.com

ဘုရားရှင်စကား နားမထောင်

သို့သော် မေဃိယမထေရ်သည် ဘုရားရှင်၏ စကားကို နားမထောင် ဘဲ သူ သွားလိုသည့် သရက်ဥယျာဉ်သို့ သွားရောက်လျက် တရားအားထုတ် သည်။ သရက်ဥယျာဉ်တွင် တရားအားထုတ်သောအခါ သူ၏ စိတ်အာရုံ၌ ကာမဂုဏ်နှင့် စပ်ယှဉ်သော တဏှာအကြောင်းရင်းရှိသည့် ကာမဝိတက်၊ သတ္တဝါတို့ကို ညှဉ်းပန်းခြင်းနှင့် စပ်ဆိုင်သော ဝိဟိံသာဝိတက်တို့သည်သာ ဆင့်ကာ ဆင့်ကာ ဖြစ်ပျက်လာကြသည်။ တရားအာရုံများကား အလျှင်းပင် ဖြစ်ပေါ်မလာကြ။ ထိုသို့ဖြစ်ရသည်မှာ မေဃိယမထေရ် ဤသရက်ဥယျာဉ်ရှိရာ အရပ်၌ ပြည့်ရှင်မင်းဘဝဖြင့် ဘဝငါးရာတိုင်အောင် စံနေခဲ့ဖူးသည်။ ထို့ကြောင့် ပြည့်ရှင်မင်း ဘဝက အာရုံတို့ ထင်လာကြခြင်း ဖြစ်သည်။ ထိုအကြောင်းစုံကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားသည်။

ဘုရားရှင်က မေဃိယ၊ ငါဘုရား တားသည့်ကြားက သင်သွားခဲ့သည်။ စိတ်အလိုကို မလိုက်နှင့်ဟု ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော် မူသည်။ ဒေသနာအဆုံး၌ မေဃိယ မထေရ်သည် သောတာပန်အရိယာအဖြစ် ၌ တည်လေ၏။

၃၃။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။
၃၄။ ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတ ဥဇ္ဈတော။
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယ္ယံ ပဟာတဝေ။

ဒေသနာ၏အဓိပ္ပာယ်

၃၃။ လေးသမားသည် မိမိ၏မြားကို ဖြောင့်အောင်ပြုသကဲ့သို့ ပညာရှိ သည် တုန်လှုပ်တတ်သော လော်လည်သော၊ စောင့်ထိန်း၊ တားမြစ်ရန်ခက် သော မိမိ၏ စိတ်ကို ဖြောင့်အောင်ပြုရာ၏။

၃၄။ ရေထဲမှ ထုတ်ဆောင်ကာ ကုန်းပေါ်၌ ပစ်ချထားသောငါးသည် တဖျတ်ဖျတ် တုန်လှုပ်သကဲ့သို့ ကိလေသာကိုယ်တွင်းရန်ကို ပယ်နိုင်ရန် ကာမ

http://www.dhammadownload.com

နယ်မှ ထုတ်ဆောင်ထားသောအခါ စိတ်သည် တဖျတ်ဖျတ် တုန်လှုပ်လေသည်။

မေယိယမထေရ်ဝတ္ထု ပြီး၏။

၂။ မာတိကဋ္ဌာနေ ရဟန်းတစ်ပါးဝတ္ထု

[ကိုးဆယ့်ကိုးကမ္ဘာတိုင် လင်းကိုသတ်ခဲ့သူ]

ရဟန်းခြောက်ကျိပ်တို့သည် ဘုရားရှင်ထံမှ တရားတောင်းကာ မာတိကဋ္ဌာသို့ သွားရောက် တရားအားထုတ်ကြသည်။ ဋ္ဌာသူကြီး၏ မိခင်သည် ဋ္ဌာသူ၊ ဋ္ဌာသားတို့၏ မိခင်သဖွယ်ဖြစ်၍ မာတိကမာတာဟု အမည်တွင်နေသည်။ ထိုဒါယိကာမကြီးသည် ရဟန်းခြောက်ကျိပ်တို့အတွက် ကျောင်းဆောက်လုပ်လှူဒါန်းထားသည်။ တစ်နေ့တွင် ဒါယိကာမကြီးသည် လှူဖွယ်အမျိုးမျိုးဖြင့် ကျောင်းသို့ရောက်လာသော် ရဟန်းသံဃာတို့ကို မတွေ့ရသဖြင့် အကျိုးအကြောင်း မေးသည်။ ရဟန်းတို့သည် ဆွမ်းစားချိန်မှတစ်ပါး ကျန်အချိန်များတွင် မတွေ့မဆုံကြဘဲ တရားဘာဝနာ ပွားများကြရန် သဘောတူထားကြသည်။ အကြောင်းထူးရှိမှသာ ကျောက်စည်ထိုး အချက်ပေး၍ စုရုံးကြရန် စီစဉ်ထားကြသည်။ မာတိကမာတာတို့ ရောက်လာသဖြင့် ကျောက်စည်ထိုးရာ ရဟန်းတို့ စုရုံးရောက်ရှိလာကြသည်။

ကတိကဝတ်ပြုထားပုံ ရှင်းပြ

ရဟန်းတို့က ဒါယိကာမကြီးအား မိမိတို့အချင်းချင်း ကတိကဝတ်ပြုထားပုံကို ရှင်းပြကြသည်။ ရဟန်းတို့ တရားဘာဝနာ ပွားများအားထုတ်ပုံကို ဒါယိကာမကြီး မေးသဖြင့် ခန္ဓာကိုယ်ရှိ ၃၂ ပါးသော ဆံပင်၊ မွေးညင်း၊ အရေအသား၊ အရိုး စသည်တို့၏ ဖြစ်ပျက်မှုကို ဘာဝနာ စီးဖြန်းကြောင်း ရှင်းပြကြသည်။ ထိုအခါ ဒါယိကာမကြီးက မိမိပါ အားထုတ်၍ရသော ကမ္မဋ္ဌာန်း

http://www.dhammadownload.com

တရားဖြစ်လျှင် အားထုတ်လိုကြောင်း လျှောက်ထား၍ ရဟန်းတို့က အသေးစိတ် ရှင်းလင်းပြောပြလိုက်ကြသည်။

ဒါယိကာမကြီး အနာဂါမ်ဖြစ်ပြီ

ရဟန်းတို့ ဟောပြသည့်နည်းအတိုင်း ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရာ မကြာမီပင် ဒါယိကာမကြီးသည် ပဋိသန္ဓိဒါလေးပါးနှင့်တကွ လောကီအဘိညာဉ်ကိုရလျက် အနာဂါမ် ဖြစ်သွားသည်။

ဒါယိကာမကြီးသည် ရဟန်းတို့၏အခြေအနေကို အဘိညာဉ်တန်ခိုးဖြင့် ရှုဆင်ခြင်လေသော် အာဟာရသပ္ပာယမဖြစ်မှုကို သိမြင်ရသဖြင့် အာဟာရပြည့်စုံမှုရှိရန် စီစဉ်ပေးသည်။ ပြည့်စုံသော အာဟာရကိုရရှိ၍ ရဟန်းတရားကို ဝီရိယစိုက်ထုတ် ပွားများကြသောအခါ ရဟန်းတို့သည် ပဋိသန္ဓိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြသည်။ ဝါကျွတ်ပြီဖြစ်သဖြင့် ရဟန်းတို့ သည် ဘုရားရှင်ထံ အဖူးအမြော် သွားကြသည်။ ထိုအခါ မာတိကာမာတာဒါယိကာမကြီး၏ ကျေးဇူးကြီးပုံကို ဘုရားရှင်အား လျှောက်ထားကြသည်။

အညတရ ရဟန်း

ဤအကြောင်းများကို အမျိုးအမည် မထင်ရှားသော ရဟန်းတစ်ပါးကကြားသိရသဖြင့် ဘုရားရှင်ထံမှ တရားတောင်းကာ ထိုရွာကျောင်းသို့ သွားရောက် တရားအားထုတ်သည်။ ကျောင်းဒါယိကာမကြီးသည် သူတစ်ပါး၏စိတ်အကြံကိုသိသည်ဟု အသစ်ရောက်လာသော ရဟန်းက သိထားသဖြင့် သူ့နေရာ ရှင်းလင်းသုတ်သင်ပေးမည့်သူတစ်ယောက် ရောက်လာလျှင် ကောင်းလေစွဟု စိတ်အကြံ ဖြစ်လေသည်။ ဒါယိကာမကြီးက ထိုအကြံကို သိသဖြင့် နေရာရှင်းလင်းပေးမည့်သူ တစ်ယောက်ကို ပို့ဆောင်ပေးသည်။ ထိုရဟန်း၏စိတ်အကြံဖြစ်သော ဖျော်ရည်၊ ဆွမ်း၊ ခဲဖွယ် စသည်ကိုလည်း ကျောင်းအမကြီးက ဆက်လက် ပို့ဆောင်လှူဒါန်းသည်။ ထို့နောက် ကျောင်းအမကြီးနှင့် တွေ့လိုကြောင်း စိတ်အကြံဖြစ်သည်ကို သိရ၍ ဒါယိကာမကြီးကိုယ်တိုင် ကျောင်းသို့ ရောက်လာသည်။

http://www.dhammadownload.com

အညတရ ရဟန်းက ဒါယိကာမကြီးသည် သူတစ်ပါး၏ စိတ်အကြံကို သိနိုင်ကြောင်း အခိုင်အမာ သိရသဖြင့် ပုထုဇဉ်ဖြစ်သော သူ၏ စိတ်အကြံအားလုံးကို သိသွားသော် ခက်ရချည့်ဟု တွေးကာ ဘုရားရှင်ရှိရာသို့ ပြန်ကြွသွားသည်။ ဘုရားရှင်အား သူ ပြန်လာရသည့်အကြောင်းကိုလည်း လျှောက်ထားသည်။ ဘုရားရှင်က ထိုကျောင်းသို့ပင် ပြန်သွား၍ သင်၏စိတ်ကိုသာ စောင့်ရှောက်လော့၊ ထွေထွေရာရာကို မကြံစည်လင့်။ စိတ်ကို နှိမ်နင်းနိုင်ခဲ့၏ဟု မိန့်တော်မူလိုက်သည်။ အညတရ ရဟန်းသည် ထိုရွာကျောင်းသို့ ပြန်သွားသည်။

ဒါယိကာမကြီးက ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်ကြည့်သော် ထွေထွေရာရာကြံစည်မှုမရှိဘဲ တရားကိုသာ အားထုတ်နေသော ထိုရဟန်းကို မြင်သိသဖြင့် အာဟာရ စသည်တို့ ပြည့်စုံစေရန် စီစဉ်ပေးသည်။ အညတရ ရဟန်းသည် တရားဘာဝနာ ပွားများမှုကို ကြိုးစားပြုလုပ်လေရာ မကြာမီပင် အရဟတ္တဖိုလ်ရောက်ရှိပြီး ရဟန္တာ ဖြစ်တော်မူသည်။

အတိတ်ဘဝများ

ကျေးဇူးကြီးလှသော မာတိကမာတာနှင့် အညတရ ရဟန်းတို့သည် အတိတ်ဘဝများက မည်သို့ဖြစ်ခဲ့လေသနည်းဟု ရဟန်းက ဆင်ခြင်သော် ဤဒါယိကာမကြီးသည် လွန်ခဲ့သော ကိုးဆယ့်ကိုးဘဝတိုင်တိုင် သူ၏မယားဖြစ်ခဲ့ပြီး ကိုးဆယ့်ကိုးဘဝတိုင်တိုင် အခြားယောကျ်ားအပေါ်၌ တပ်မက်မှုကြောင့် သူ့ကို သတ်ခဲ့ဖူးကြောင်း သိမြင်လေသည်။

မာတိကမာတာ ဒါယိကာမကြီးက အညတရ ရဟန်း ရဟန်းကိစ္စပြီးမပြီး စဉ်းစားဆင်ခြင်ကြည့်သော် အညတရ ရဟန်းသည် ရဟန္တာဖြစ်တော်မူပြီး ကိုးဆယ့်ကိုးကမ္ဘာကအဖြစ်ကို မြင်သိသဖြင့် အံ့ဖွယ်ရှိလှ၏။ ဝန်လေးလှသည့်အမှုကို ဒါယိကာမကြီးသည် ပြုခဲ့ဖူးပါတကားဟု ခံစားနေရသည်။ ထိုအဖြစ်ကို ဒါယိကာမကြီးက တွေ့မြင်သွားပြန်သည်။ သို့ဖြင့် မာတိကမာတာသည် ကိုးဆယ့်ကိုးဘဝအလွန်အထိ အဘိညာဉ်ဖြင့် ဆင်ခြင်ကြည့်ရာ ကိုးဆယ့်ကိုးဘဝအလွန် တစ်ရာပြည့်ဘဝ၌ ဒါယိကာမကြီးက ခင်ပွန်းဖြစ်ခဲ့ဖူး

http://www.dhammadownload.com

သူ ဤရဟန်းအား အသက်ပေးကာ ကယ်ဆယ်ခဲ့သည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် အညတရ ရဟန်းကို ကိုးဆယ့်ကိုးဘဝ အလွန်အထိ ကြည့်ရှုဆင်ခြင်ရန် လျှောက်ထားသည်။

ဒါယိကာမကြီး၏ လျှောက်ထားမှုကို ဒီဗ္ဗသောတအဘိညာဉ်ဖြင့် ကြားသိရ၍ ကြည့်ရှုဆင်ခြင်သော် ဒါယိကာမကြီး သိမြင်သည့်အတိုင်း ရဟန်းကလည်း သိမြင်သွားခဲ့သည်။ ကျေးဇူးကြီးလှသော ဒါယိကာမကြီးပေတကား ဟု စဉ်းစားဆင်ခြင်ပြီး ရဟန်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဤကျောင်း၌ပင် ပရိနိဗ္ဗာန်စံတော်မူသည်အထိ သီတင်းသုံးနေတော်မူသွားသည်။

ဘုရားရှင်သည် ဤရဟန်းကို အကြောင်းပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၅။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒေသနာ၏အဓိပ္ပာယ်

၃၅။ နှိမ်နင်းရန် ခက်ပြီး လျင်မြန်စွာဖြစ်ချုပ်လျက် အလိုရှိရာ အာရုံ၌သာ ကျက်စားတတ်သောစိတ်ကို ယဉ်ကျေးအောင် ဆုံးမထားခြင်းသည် ကောင်း၏။ ယဉ်ကျေးအောင် ဆုံးမထားပြီးသော စိတ်သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရသည်အထိ စွမ်းဆောင်နိုင်သည်။

မာတိကရွာနေ ရဟန်းတစ်ပါးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ အနုပုဗ္ဗသုဇ္ဇေးသားဝတ္ထု

[အေးချမ်းမှု ချမ်းသာအစစ်ရသွားသူ]

သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ သုဇ္ဇေးသားတစ်ဦး ရှိသည်။ သို့ရာတွင် စိတ်ချမ်းသာမှု မရ၍ စစ်မှန်သော ငြိမ်းအေးမှု ချမ်းသာကို သုဇ္ဇေးသားသည် လိုချင်နေသည်။ ရုပ်ဝတ္ထုပစ္စည်းပြည့်စုံမှု ဗဟိဒ္ဓကို ကြည့်၍ သုဇ္ဇေးသားဟု လောကက သတ်မှတ်သော်လည်း သုဇ္ဇေးသားကိုယ်တိုင်ကမူ သူ၏ အတွင်းစိတ် အဖျတ္တကိုကြည့်ကာ သူ့ကိုယ်သူ သုဇ္ဇေးသားဟု မခံစားရ။ ဓမ္မအမြင်အရ ရုပ်ဝတ္ထုပစ္စည်းပေါင်းစုံရှိခြင်းသည် ရန်သူပေါင်းစုံ ခြံရံနေသည်နှင့် တူသည်မဟုတ်ပါလော။

ကောင်းမှုအစဉ်လိုက်ပြုသူ

ဇေတဝန်ကျောင်းတော်နေ ရဟန်းတစ်ပါးသည် သုဇ္ဇေးသားအိမ်သို့ ဆွမ်းခံကြွသည်။ ထိုရဟန်းအား ဘဝဒုက္ခပေါင်းစုံမှ လွတ်မြောက်နိုင်မည့် ကျင့်စဉ်ကိုမေးရာ 'စာရေးတံဆွမ်းလှူ' ဟု ဆိုသဖြင့် သုဇ္ဇေးသားသည် စာရေးတံ ဆွမ်းလှူသည်။ ထို့နောက် ဝါဆိုသင်္ကန်းလှူဟုဆိုသဖြင့် သင်္ကန်းလှူ၏။ တစ်ဖန် သရဏဂုဏ် ဆောက်တည်ပါ။ ငါးပါး၊ ရှစ်ပါး စသည့် သီလဆောက်တည်ပါဟု ဆိုသဖြင့် အကြိမ်ပေးသည့်အတိုင်း လိုက်နာ လုပ်ဆောင်သည်။ နောက်ဆုံး၌ သာသနာတော်တွင်း ဝင်ရန်ပြော၍ ရဟန်းပြုသည်။ ဤသို့ ကောင်းမှု တစ်ခုပြီးတစ်ခု အစဉ်လိုက် ပြုသူဖြစ်၍ သူ့ကို အနုပုဗ္ဗသုဇ္ဇေးသားဟု ခေါ်ကြသည်။

ရဟန်းဘဝဟူသည် ဆူးကြားသီးသည့် ဘူးသီးနှယ်

သုဇ္ဇေးသား သာသနာတွင်းဝင်ရာ၌ ဥပဇ္ဈာယ်ဆရာသည် ဝိနည်းဓိရ ဖြစ်သည်။ ဝိနည်းဓိရ်ဆရာသည် ဝိနည်းသိက္ခာပုဒ်နှင့်အညီ နေတတ်ရန် သင်ကြားပေးသည်။ နိဿရည်းဆရာသည် အဘိဓမ္မာဆောင်ရဟန်း ဖြစ်၍ အကုသိုလ်အကြောင်းများကို သင်ကြားပေးသည်။ မတူသော ဆရာနှစ်ပါး၏

http://www.dhammadownload.com

သင်ကြားမှုကို ခံရသောအခါ "ရဟန်းဘဝဟူသည် ဆူးကြားသီးသည့် ဘူးသီးနှယ် အနေကျပ်လှပါကလား" ဟု ခံစားလာရပြန်သဖြင့် ရဟန်းဘဝ၌ မနေချင်တော့။ စိတ်ဆင်းရဲလာသည်။ စိတ်ထောင်းသဖြင့် ကိုယ်ကြေဖြစ်ကာ သူ့ခန္ဓာကိုယ်သည် ပိန်လှီလာသည်။ မစားနိုင်၊ မသောက်နိုင်၍ ရောဂါရလာသည်။

ထိုသူဌေးသားရဟန်း၏အကြောင်းကို အခြားရဟန်းတော်များက ဘုရားရှင်ထံ အသိပေး လျှောက်ထားကြသဖြင့် ဘုရားရှင်က သူ့ကို ခေါ်မေးသည်။ ဟုတ်မှန်ကြောင်း သူဌေးသားရဟန်းက ပြန်လည် လျှောက်ထားသည်။

စိတ်ကိုသာ ထိန်းသိမ်းပါ

ဘုရားရှင်က သူဌေးသားရဟန်းအား စိတ်တစ်ခုတည်းကိုသာ နှိုင်အောင်ထိန်းရန်၊ စိတ်ကို နှိုင်အောင်ထိန်းနိုင်လျှင် သင် လိုချင်သည့် ဘဝဒုက္ခမှ လွတ်မြောက်ရာ အစစ်အမှန်ဖြစ်သော သန္တိသုခချမ်းသာကို ရမည်ဖြစ်ကြောင်း မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာကို ကြားရသဖြင့် သူဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဒေသနာ၏အဓိပ္ပာယ်

၃၆။ မြင်လည်း မြင်နိုင်ခဲ၊ အလွန်လည်း သိမ်မွေ့ပြီး၊ သွားလိုရာ အာရုံသို့လည်း သွားချင်သလို သွားလာတတ်သောစိတ်ကို ပညာရှိသည် စောင့်ရှောက် ထိန်းသိမ်းရာ၏။ စောင့်ရှောက်ထိန်းသိမ်းထားပြီးသော စိတ်သည် သန္တိသုခ နိဗ္ဗာန်ချမ်းသာကို ရအောင်ဆောင်ရွက်ပေးနိုင်သည်။

အနုပုဗ္ဗသူဌေးသားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ သံဃရက္ခိတမထေရ်၏တူ ဝတ္ထု

[ရဟန္တာ၏ ဦးခေါင်းကိုရိုက်သူ]

သာဝတ္ထိပြည်သားအမျိုးသားတစ်ယောက်သည် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သာသနာတော်၌ ရဟန်းပြုသည်။ ဘွဲ့အမည်မှာ သံဃရက္ခိတဖြစ်သည်။ နှစ်ရက်သုံးရက်ကြာသော် သံဃရက္ခိတ မထေရ်သည် ရဟန္တာဖြစ်တော်မူသည်။ မထေရ်တွင် နှမတစ်ယောက်ရှိသည်။ နှမသည် အိမ်ထောင်ကျ၍ သားတစ်ယောက်ရသောအခါ သားကို ဦးရီးထံ၌ ရှင်ရဟန်းပြုပေးသည်။ ဘွဲ့တော်မှာ ဘာဂိနေယျသံဃရက္ခိတ = တူတော်သံဃရက္ခိတ ဖြစ်သည်။ ရွာငယ်တစ်ရွာရှိ ကျောင်းတစ်ကျောင်းသို့ သွားရောက် သီတင်းသုံးလျက် ဝါကပ် ဝါဆိုပြီး တရားဘာဝနာ ပွားများနေသည်။

ဝါကျွတ်သောအခါ သင်္ကန်းချုပ်ရန် ခုနစ်တောင်နှင့် ရှစ်တောင်စီရှိ အဝတ်စနှစ်စ ရသည်။ တစ်ထည်ကို ဦးရီးတော်လည်းဖြစ်၊ ဥပဇ္ဈာယ်ဆရာလည်းဟုတ်၊ ရဟန္တာ ဖြစ်တော်မူနေပြီဖြစ်သော သံဃရက္ခိတ မထေရ်အား လှူရန်ယူလာခဲ့သည်။ လှူသောအခါ ဦးရီးတော်က လက်မခံ၊ နှစ်ကြိမ်သုံးကြိမ် လျှောက်ထားပြီး လှူသော်လည်း ငြင်းပယ်နေသည်။ သို့ဖြင့် လူထွက်ပြီး လူ့ဘဝ မှာပင် ကောင်းမှုမျိုးစုံပြုလျက် နေမည်ဟု ဆုံးဖြတ်လိုက်သည်။

စိတ်ကူးဖြင့် အိမ်ထောင်ပြုပုံ

လူ့ဘဝတွင် စားဝတ်နေရေးအတွက် ပုဆိုးကိုရောင်း၍ ဆိတ်မွေးမည်။ ဆိတ်သည် သားဖွားလွယ်၍ စီးပွားဖြစ်သည်။ စီးပွားဖြစ်လာလျှင် အိမ်ထောင်ပြုမည်။ သားယောကျ်ားမွေးလာလျှင် ဦးရီးတော်ကို ကန်တော့ရန် လှည်းယဉ်ကူလေးဖြင့် မိသားစုသွားမည်။ ဇနီးသည် ပွေ့ချီထားသော သားငယ်ကို မိမိက လှည်းမောင်းရင်း တောင်းမည်။ ဇနီးသည်က မပေးဘဲ ချီထားရာမှ ကလေးပြုတ်ကျသည်။ လှည်းကြိတ်မိသဖြင့် သားလေးဆုံးသွားသည်။ စိတ်ဆိုးပြီး ဇနီးသည်ကို ရိုက်လိုက်သည်။ ဦးရီးတော်၏ ဦးခေါင်းကို ရိုက်မိသွားသည်။ ထိုအခါ ဦးရီးတော်က "မင်းမိန်းမကို နွားနှင်တဲ့ရိုက်တာ သူ့ကိုမထိဘဲ

http://www.dhammadownload.com

ငါ့ဦးခေါင်းကို ထိသွားပြီ" ဟု ပြောမှ သူ စိတ်ကူးယဉ်နေမိပုံ သူ့ကိုယ်သူ သိသွားသည်။

ထိုသို့ စိတ်ကူးယဉ်နေချိန်၌ သူသည် ဦးရီးတော်ကို ယပ်ခတ်ပေးနေချိန်ဖြစ်သဖြင့် ခတ်ပေးနေသော ယပ်ဖြင့် ယောင်မှားကာ ဦးရီးတော်ကို ရိုက်မိခြင်း ဖြစ်သည်။

တူတော်ရဟန်းငယ်သည် သူ့စိတ်အကြံကို ရဟန္တာဦးရီးတော် သိသွားသဖြင့် ကြောက်လန့်ပြီး ထွက်ပြေးရာ အခြားရဟန်းသာမဏေတို့က ဖမ်းဆီးပြီး ဘုရားရှင်ထံ ပို့ကြသည်။ ဘုရားရှင်က မေးသောအခါ သင်္ကန်းစ လှူရန်လာရာမှ ယပ်ဖြင့် ဦးရီးတော်၏ ဦးခေါင်းကို ဖနိုးသည်အဖြစ် ယောင်မှား၍ ရိုက်မိပုံ အဖြစ်စုံကို ဘုရားရှင်အား ပြန်လည် လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူရာ ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ တူတော် သံဃရက္ခိတမထေရ်သည် သောတာပန်ဖြစ်သွားလေသည်။

၃၇။ ဒုရုပ်မံ ကေစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဒေသနာ၏အဓိပ္ပာယ်

၃၇။ စိတ်သည် ဝေးသောအရပ်သို့လည်း သွားတတ်သော၊ တစ်ခုတည်းသာ ကျက်စားတတ်သော၊ စိတ်တစ်ခုဖြစ်ပြီးမှ နောက်ထပ်စိတ်တစ်ခု ဖြစ်သော၊ အကောင်အထည် ဒြပ်ဝတ္ထု ပုံသဏ္ဌာန်မရှိသော စိတ်သည် ဟဒယဝတ္ထုတည်း ဟူသော လိုဏ်ဂူကိုမှီ၍ နေသည်။ ထိုသို့သဘောရှိသည့် စိတ်ကိုနှိုင်အောင် ထိန်းသိမ်းထားနိုင်သူတို့သာ မာရ်နတ်မင်း၏ အနှောင်အဖွဲ့တည်းဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ရကုန်သည်။

သံဃရက္ခိတမထေရ်၏တူ ဝတ္ထုပြီး၏။

---

http://www.dhammadownload.com

၅။ စိတ္တဟတ္ထ မထေရ်ဝတ္ထု

[ငါနိုင်ပြီအော်မိ၍ စစ်ဆေးခံရသူ]

သာဝတ္ထိပြည်သားတစ်ယောက်သည် နွားတစ်ကောင် ပျောက်သွား၍ ပြန်တွေ့သောအခါ နွားအုပ်အတွင်း ပြန်၍ မောင်းသွင်းထားလိုက်သည်။ အချိန်မှာ မွန်းတည့်ချိန် ရောက်နေသဖြင့် ထမင်းဆာလှသောကြောင့် စားရလို စားရငြား မျှော်လင့်လျက် အနီးရှိ ရဟန်းကျောင်းအတွင်းသို့ ဝင်လာခဲ့သည်။ ရဟန်းတော်များက ထမင်းကျန် ဟင်းကျန်များ ကျွေးသည်။ ရဟန်းတို့၏ ထမင်းကျန် ဟင်းကျန်သည် သူ့အဖို့ အလွန်ကောင်းသော ထမင်းဟင်းများ ဖြစ်နေသည်။ "ငါသည် မိုးလင်းမှ မိုးချုပ်အထိ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ရှာဖွေသော်လည်း ဤကဲ့သို့သော စားကောင်းသောက်ဖွယ်များကို မစားနိုင်" ဟု တွေးကာ ရဟန်းများထံ၌ ရဟန်းပြုသွားခဲ့သည်။

သူသည် ကျောင်း၌ ဝေယျာဝစ္စမျိုးစုံကို လုပ်ပေးသည်။ ရက်ကြာလာသောအခါ ရဟန်းဘဝ၌ သူ မပျော်တော့၊ လူ့ဘဝ၌ ခံစားရသော စည်းစိမ်အချို့သည် ရဟန်းဘဝ၌ မရှိ။ ထို့ကြောင့် သူ လူထွက်လာခဲ့သည်။ လူ့ဘဝ၌ ပင်ပန်းပြန်သောအခါ ရဟန်းပြန်ဝတ်သည်။ ဤသို့ ဝတ်လိုက်၊ ထွက်လိုက်ဖြင့် ခြောက်ကြိမ်ရှိသွားသည်။ သူ့စိတ်အလိုကို လိုက်ကာ ပြုလုပ်နေသူဖြစ်၍ သူ့ကို 'စိတ္တဟတ္ထမထေရ်' ဟု ခေါ်ကြသည်။

သောတာပန်ဖြစ်ပြီ

ယခုလည်း လူ့ဘဝ၌ ပင်ပန်းလွန်းလှသဖြင့် ခုနစ်ကြိမ်မြောက် ရဟန်းပြုရန် ယာထဲ အလုပ်လုပ်နေရာမှ အိမ်၌ သိမ်းထားခဲ့သော သင်္ကန်းယူဖို့ အိမ်တွင်းသို့ ဝင်လာခဲ့သည်။ အိမ်ထဲ၌ အအိပ်ပုံဆိုးဆိုးဖြင့် အိပ်ပျော်နေသည့် ဇနီးသည်ကို မြင်ရသောအခါ တရားအမြင် ရသွားသည်။ ရဟန်းဝတ်ရန် ကျောင်းသို့ပြန်သွားရင်း ဇနီးသည် အိပ်နေပုံမှအစ ခန္ဓာကိုယ်တို့၏ မတင့်တယ်ပုံ၊ မမြဲ၍ အနိစ္စဖြစ်ပုံ၊ ဆင်းရဲ၍ ဒုက္ခရောက်ပုံ၊ ကိုယ်ဖြစ်ချင်သလို လိုက်မဖြစ်သောကြောင့် အနတ္တဖြစ်ပုံတို့ကို လက္ခဏာရေး သုံးပါးတင်လျက် တရား

http://www.dhammadownload.com

ဘာဝနာ ရှုမှတ်သွားရာ ကျောင်းသို့ မရောက်မီပင် သောဟာပန် ဖြစ်သွားတော့သည်။

ကျောင်းသို့ ရောက်သောအခါ ရဟန်းဝတ်ပြန်သည်။ ရဟန်းများက ခြောက်ကြိမ်တိုင် ဝတ်လိုက်ထွက်လိုက်လုပ်နေပြီး ဒီတစ်ခါ ပြန်မထွက်တော့ ဘူးလား စသည်ဖြင့် မေးမြန်းကြသည်။

ရဟန္တာဖြစ်ပြီ

သင်္ကန်းများယူလျက် အိမ်မှ ထွက်သွားသည်ကို ဘေးအိမ်၌နေသူ ယောကျ်ားမကြီးက မြင်သဖြင့် သမီးတို့ အိမ်တွင်းသို့ ဝင်ကြည့်သည်။ အဝတ်များ ကျွတ်လျက် ပိုးလိုးပက်လက် အိပ်ပျော်နေသော ကိုယ်ဝန်သည်သမီးကို မြင်၍ သမီးကိုနှိုးကာ စိတ္တဟဋ္ဌကျောင်းသို့ သွားပြန်ပြီဟု ပြောပြသည်။ ဇနီးသည်က နှစ်ရက်သုံးရက် အလွန်ဆုံးပါ။ မကြာမီ ပြန်လာမှာဟု ပြန်ပြောသည်။ သို့သော် စိတ္တဟဋ္ဌ ပြန်မလာတော့။ ကျောင်း၌ သင်္ကန်းဝတ်ပြီးချိန်မှ စ၍ ဝိပဿနာပွားများ အားထုတ်ရာ နှစ်ရက်သုံးရက်ကြာသောအခါ ရဟန္တာဖြစ်တော်မူသည်။

ရဟန်းများ၏ အမေးကို "တပည့်တော် သားမယားနှင့် ဆက်ဆံလိုသောအခါ ရဟန်းဘဝမှ ထွက်ခဲ့ဖူးပါသည်။ ယခုအခါ ထိုသို့သောဆန္ဒကင်းပြတ်သွားပါပြီ" ဟု စိတ္တဟဋ္ဌမထေရ်က ဖြေကြားသည်။ စိတ္တဟဋ္ဌမထေရ်၏ ဖြေကြားချက်သည် ရဟန္တာတို့၏ ဖြေကြားမှုမျိုး ဖြစ်နေ၍ ဘုရားရှင်အား ရဟန်းများက လျှောက်ထားကြသည်။ ဘုရားရှင်က စိတ္တဟဋ္ဌမထေရ်၏ ဖြေကြားမှု မှန်ကန်သည်။ ယခု ထိုစိတ်ဆန္ဒမျိုး ကင်းပြတ်သွားပြီ၊ ရဟန္တာဖြစ်ပြီဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၈။ အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝသာဒဿ၊ ပညာ န ပရိပူရတိ။
၃၉။ အနဝဿုတစိတ္တဿ၊ အနန္ဒာဟတစေတသော။
ပုညပါပပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

http://www.dhammadownload.com

အသနာ၏အဓိပ္ပာယ်

၃၈။ တည်တံ့သောစိတ်လည်း မရှိ၊ သူတော်ကောင်း တရားကိုလည်း မသိ၊ ခိုင်မာသော သဒ္ဓါတရားလည်း မရှိသောသူအား ပညာသည် မပြည့်စုံ။

၃၉။ ရာဂ၊ ဒေါသမရှိသော၊ ကုသိုလ်၊ အကုသိုလ်ကို ပယ်ပြီးသော၊ သဒ္ဓါ စသည့် ဣန္ဒြေငါးပါး အမြဲတမ်း နိုးကြားနေသော ရဟန္တာပုဂ္ဂိုလ်အား ကိလေသာဘေးသည် မရှိတော့ပြီ။

ရဟန်းများက စိတ္တဟတ္ထမထေရ်သည် ရဟန္တာဖြစ်လောက်သည့် ပါရမီရှိနေသူဖြစ်ပါလျက် ရဟန်းဘဝသို့ ဝင်လိုက်၊ ထွက်လိုက်ဖြင့် သံယောဇဉ် ကိလေသာ ကြီးနေရပုံအကြောင်း ပြောကြသော် ဘုရားရှင်က ကုဒါလပဏ္ဍိတဇာတ်တော်ကို ဟောတော်မူသည်။

ကုဒါလပဏ္ဍိတဇာတ်တော်

ကုဒါလပဏ္ဍိတဇာတ်တော်၌ ဘုရားလောင်းသည် ယာခင်းကို ပေါက်တူးဖြင့် ပေါက်ကာ ပြုပြင်လျက် ပြောင်းစိုက်ပျိုးသူ ဖြစ်နေခဲ့ဖူးသည်။ တစ်နေ့တွင် ကုဒါလပဏ္ဍိတသည် သူ၏ ယာခင်း၊ ပေါက်တူးနှင့် ပြောင်းမျိုးစေ့တို့ကို ထားခဲ့ကာ ဟိမဝန္တာ၌ ရသေ့ပြုသည်။ ရသေ့ဝတ်လိုက်၊ သူ့ပစ္စည်းတို့ကို သတိရ သံယောဇဉ်ဖြစ်ပြီး လူပြန်ထွက်လိုက်ဖြင့် ခြောက်ကြိမ်ခြောက်ခါ ရသေ့ဝတ်လိုက်၊ ထွက်လိုက် ဖြစ်နေခဲ့သည်။ တစ်နေ့တွင် သံယောဇဉ် ကြီးလှသော ပေါက်တူးနှင့် ပြောင်းမျိုးစေ့ကို ဂင်္ဂါမြစ်တွင်းသို့ နေရာမမှတ်မိအောင် ပစ်ချလိုက်သည်။ ငါ နိုင်ပြီ၊ ငါ အောင်ပြီဟုလည်း ဂင်္ဂါမြစ်ကမ်းပါးပေါ် တက်၍ အော်လိုက်သည်။

အောင်နိုင်သူအစစ်

ပစ္စန္တရစ် နိမ်နင်းမှုကို အောင်မြင်၍ ဂင်္ဂါမြစ်ကမ်း၌ ယာယီစံနေသော ဗာရာဏသီမင်းက ကုဒါလပဏ္ဍိတ ရသေ့၏ အော်သံကိုကြား၍ မေးမြန်းရာ ရသေ့က မင်းကြီး၏ အောင်နိုင်မှုသည် အပရန်ကို အောင်နိုင်ခြင်း ဖြစ်သည်။ အပရန်ကို အောင်နိုင်မှုသည် မြဲသည့်အောင်နိုင်မှု မဟုတ်၊ အချိန်မရွေး

http://www.dhammadownload.com

အရှုံး နှင့် ပြန်ကြေရနိုင်သည်။ ကျွန်ုပ်ကား သံယောဇဉ်ဖြစ်ရလ့သော ပြောင်းမျိုးစေ့ နှင့် ပေါက်တူးကို ရေထဲပစ်ချကာ သံယောဇဉ်ဖြတ်လျက် ရသေ့ဝတ်နိုင်ပြီ။ ဤသို့ အကုသိုလ် သံယောဇဉ် အောင်နိုင်ခြင်းသည် အတွင်းရန်ကို အောင် နိုင်ခြင်းဖြစ်၍ ကျွန်ုပ်သည်သာ အောင်နိုင်သူအစစ် ဖြစ်သောကြောင့် နိုင်ပြီ၊ အောင်ပြီဟု အော်ခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။

စိတ္တဟတ္ထမထေရ်ဝတ္ထု ပြီး၏။

၆။ မေတ္တာပွားသူ ရဟန်းငါးရာဝတ္ထု

[ခြောက်လှန့်သော နတ်တို့ကို အောင်နိုင်သူများ]

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်နေ ရဟန်းငါးရာတို့သည် ဘုရား ရှင်ထံမှ ကမ္မဋ္ဌာန်းယူကာ တောရွာကြီးတစ်ရွာသို့ သွားပြီး တရားအားထုတ် ကြသည်။ ထိုရွာ၌ ရဟန်းသံဃာမရှိ။ ရဟန်းသံဃာမရှိသဖြင့် ရွာသူရွာသား တို့ ဒါနမပြုနိုင်၊ သီလမဆောက်တည်နိုင်၊ ဘာဝနာ မပွားများနိုင်။ ထို့ကြောင့် ရဟန်းတော်များကို သူတို့၏ အရပ်ဒေသအနီးရှိ တောအုပ်တွင် သီတင်းသုံးရန် လျှောက်ထားကြသည်။

လောကဌ် ဘုရားပွင့်တော်မူနေသည်မှာ ကြာပြီ၊ သံဃာတော်များ မရှိ ၍ သူတို့ ရွာသူရွာသားကို တရားမနာကြရ။ တရားမနာကြရ၍ လောကဌ် ဘုရားရှင်ပွင့်တော်မူနေသော်လည်း သူတို့အတွက် မည်သည့်ကောင်းကျိုးမှ မခံစားရဘဲ ဖြစ်နေသည်။

နတ်တို့က ခြောက်လှန့်ကြပြီ

ရဟန်းတို့သည် ရွာအနီးရှိ တောအုပ်၌ သွားရောက် သီတင်းသုံးကြပြီး သစ်ရိပ်ဝါးရိပ်အောက်၌ တရားဘာဝနာ ပွားများကြသည်။ ထိုအခါ သစ်ပင် ဝါးပင်ပေါ်ရှိ နတ်များသည် သစ်ရိပ်ဝါးရိပ်အောက်၌ ရဟန်းများရှိသောကြောင့် အပင်ပေါ်၌ မနေနိုင်ကြ။ ရဟန်းများကို ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ခြောက်

. http://www.dhammadownload.com

လှန်ကြသည်။ အသံအမျိုးမျိုးလည်း ပေးကြသည်။ ရဟန်းတို့သည် ချေဆတ်ခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါတို့ကြောင့် တရားဘာဝနာ မပွားနိုင်ကြသဖြင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ပြီး ဘုရားရှင်ကို အကျိုးအကြောင်း လျှောက်ထားကြသည်။

မေတ္တာဖြင့်အောင်ကြပြီ

ဘုရားရှင်က ထိုဒေသသည်သာ ရဟန်းတို့အတွက် တရားအားထုတ်ရန် အသင့်တော်ဆုံးဒေသဟု သိသဖြင့် ရဟန်းတို့အား ထိုဒေသသို့ ပြန်ကြ။ နတ်တို့ မခြောက်မလှန့်နိုင်သည့် လက်နက်ကောင်း ပေးလိုက်မည်ဟု မိန့်တော်မူကာ မေတ္တာသုတ်ပရိတ်တော်ကို ဟောတော်မူလိုက်သည်။ ရဟန်းတို့သည် မေတ္တာသုတ်ပရိတ်တော် နေ့စဉ်ရွတ်ပွားကာ နတ်များကို မေတ္တာပို့ကြသည်။

မေတ္တာကြောင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာ

ထိုအခါ နတ်တို့သည် ရဟန်းတော်တို့ကို ခရီးဦးကြိုဆိုကြသည်။ လိုအပ်သလို စောင့်ရှောက် ကူညီကြသည်။ စိတ်ချမ်းသာသွားပြီဖြစ်၍ နတ်တို့ရော၊ ရဟန်းတို့ပါ ကိုယ်လည်းကျန်းမာကြပြီး တရားဘာဝနာလည်း ကောင်းစွာ ကျင့်ကြံအားထုတ်နိုင်ကြပြီ။

ဘုရားရှင်သည် ရဟန်းတို့၏ အခြေအနေကို သိတော်မူသဖြင့် ဇေတဝန်ကျောင်းတော်မှ ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀။ ကုမ္မူပမံ ကာယမိမံ ဝိဒိတ္ဝာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတ္ဝာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

ဒေသနာ၏အဓိပ္ပာယ်

၄၀။ ဤခန္ဓာကိုယ်သည် ခိုင်မာခြင်းမရှိ၊ မြေအိုးနှင့် ပမာတူပုံကိုသိပြီး၊ ဝိပဿနာစိတ်ကို နန်းမြို့ပမာ အခိုင်အမာထား၍ ပညာလက်နက်ဖြင့် ကိလေ

http://www.dhammadownload.com

သာ ရန်သူကို တိုက်ဖျက်ရာ၏။ တိုက်ဖျက်၍ အောင်မြင်လာသော ဝိပဿနာ ဉာဏ်ကိုလည်း ကပ်ငြိတွယ်တာခြင်းမရှိဘဲ စောင့်ရှောက်ရာ၏။

ဤဒေသနာတော်ကို ကြားနာရသောအခါ ရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာမြတ်များ ဖြစ်သွားကြရသည်။

မေတ္တာပွားသူ ရဟန်းငါးရာဝတ္ထု ပြီး၏။

၇။ ပုတိဂတ္တ တိဿမထေရ်ဝတ္ထု

[မကောင်းမှုကြောင့်ခံရပြီး ကောင်းမှုကြောင့်စံရသူ]

သာဝတ္ထိပြည်သားတစ်ယောက်သည် သာသနာတော်ကို ယုံကြည်သောကြောင့် ရဟန်းပြုသည်။ သူ့ကို တိဿမထေရ်ဟု ရဟန်းများက ခေါ်ကြသည်။ တစ်နေ့တွင် သူ၏ကိုယ်၌ အဖုငယ်တစ်ခု ပေါ်ပေါက်လာရာ အဖုငယ်သည် ပဲစေ့ခန့်မှ ကလောစေ့ခန့်၊ နောက် သျှိသျှားသီးခန့်အထိ ဖြစ်လာပြီး ပေါက်ကွဲသွားသဖြင့် သူ့ကိုယ်ခန္ဓာသည် သွေးပြည်တို့ဖြင့် ပြည့်ကာ ပုပ်လေတော့သည်။

တစ်ကိုယ်လုံးပုပ်ရာမှ အရိုးများပါ ကျိုးသဖြင့် မထေရ်သည် မလှုပ်ရှားနိုင်ဖြစ်ကာ အိပ်ရာပေါ်၌ လဲနေတော့သည်။

ဘုရားရှင်သည် ဗုဒ္ဓဉာဏ်တော်ဖြင့် လောကကိုကြည့်သော် ကျွတ်တမ်းဝင်မည့် ဤမထေရ်ကို တွေ့မြင်တော်မူသည်။ သို့ဖြင့် မထေရ်ရှိရာသို့ ကြွလာတော်မူပြီး ရေနွေးဖြင့် ရေချိုးပေးခြင်း၊ သွေးပြည်တို့ကို သုတ်သင်သန့်ရှင်းပေးခြင်း စသည့် သူနာပြုစုမှုများကို ကိုယ်တော်တိုင် ပြုသည်။ ရဟန်းများကိုလည်း ပြုစုစေသည်။ ဘုရားရှင်ကိုယ်တော်တိုင်နှင့် ရဟန်းတို့ ပြုစုမှုကြောင့် မထေရ်၏စိတ်တို့ ကြည်လင်လာရာမှ နှစ်သက်ခြင်းပီတိ၊ ထိုမှ စိတ်၏ငြိမ်းအေးခြင်း ပဿဒ္ဓိတို့ဖြစ်လာလျက် မထေရ်သည် စိတ်ချမ်းသာမှုသုခကို ခံစား

http://www.dhammadownload.com

ရသည်။ သုခ ခံစားလာရသဖြင့် စိတ်တည်ငြိမ်လျက် သမာဓိရလာ၍ ဝိပဿနာ ပွားများသည်။

ဘုရားရှင်သည် မထေရ်၏ ခေါင်းရင်းဌ ရပ်တော်မူလျက် ဤဒေသနာ တော်ကို ဟောတော်မူသည်။

၄၁။ အစိရံဝတ ယံကာယော၊ ပထဝိ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁။ ချစ်သား၊ ဤခန္ဓာကိုယ်သည် ဝိညာဉ်ကင်းမဲ့၍ စွန့်ပစ်ရပြီဆို လျှင် မည်သို့မျှ အသုံးမကျသော ဖွဲထင်းကဲ့သို့ ဖြစ်သွားမည်။ မကြာမီကာလ အတွင်း ဤခန္ဓာကိုယ်သည် မြေအပြင်၌ လဲလျောင်းရပေတော့မည်။

ဒေသနာတော်အဆုံး၌ ပုတိဂတ္တတိဿမထေရ်သည် ရဟန္တာဖြစ်တော် မူလျက် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ ဘုရားရှင်သည် မထေရ်ကို သဂြိုဟ်စေ ပြီး ကြွင်းသော ဓာတ်တော်တို့ဖြင့် စေတီတည်စေတော်မူသည်။

အတိတ်မှ အကုသိုလ်နှင့်ကုသိုလ်

မထေရ်သည် ဘဝတစ်ခု၌ ငှက်မုဆိုးဖြစ်ခဲ့ပြီး ငှက်များကို သတ်ဖြတ် ရောင်းချသည်။ ရောင်းမကုန်သော ငှက်အရှင်တို့ကို ခြေထောက်၊ အတောင် စသည်တို့ ချိုးဖဲ့ ဖြတ်တောက်ထားသည်။ တစ်နေ့သ၌ရဟန္တာတစ်ပါး ဆွမ်းခံ ကြွလာသဖြင့် ချက်ထားသော ဆွမ်းဟင်းတို့ကို လောင်းလှူပြီး နိဗ္ဗာန်ရရန် ဆုတောင်းခဲ့သည်။ ငှက်တို့အပေါ်ပြုခဲ့သော အကုသိုလ်ဝဋ်ကို ယခုဘဝခံရပြီး ရဟန္တာအား လှူခဲ့သောကောင်းမှုကြောင့် ဘဝခန္ဓာချုပ်ငြိမ်းကာ ပရိနိဗ္ဗာန်ဝင်စံ ရသည့်အကျိုးကို ခံစားရသည်။

ပုတိဂတ္တတိဿမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၈။ နန္ဒနွားကျောင်းသားဝတ္ထု

[ရန်သူထက် အကုသိုလ်က ဘဝများစွာသတ်နိုင်သည်]

နန္ဒသည် အနာထပိဏ်သူဌေး၏ နွားကျောင်းသားဖြစ်သည်။ အဖိုးအခ ဖြင့် နွားကျောင်းသူဖြစ်၍ နန္ဒသည် ချမ်းသာသည်။ သို့သော် သူဌေးအမည်မခံ၊ အနာထပိဏ် သူဌေးနှင့်လည်း ရင်းနှီးသည်။ သူတို့နှစ်ယောက်သည် အလုပ်ရှင် နှင့် အလုပ်သမားဖြစ်သော်လည်း အပြန်အလှန် လေးစားကြသည်။ လေးစား ကြခြင်းမှာလည်း အလုပ်ရှင်၊ သူဌေးဟူသော ဂုဏ်နှင့် အလုပ်သမားဟူသော လောက၏ ခွဲခြားမှုကို ပဓာနမထားဘဲ ကိုယ်ကျင့်သိက္ခာကို ပဓာနထား သောကြောင့် ဖြစ်သည်။

ကျွတ်ချိန်ရောက်မှ

အနာထပိဏ်သူဌေးနှင့် ရင်းနှီးရာမှ ဘုရားသခင်ထံသို့လည်း မကြာခဏ သွားကာ တရားနာသည်။ မိမိနေထိုင်ရာ ကောသလဇနပုဒ်အိမ်သို့ ကြွပါရန် ဘုရားရှင်ကို ပင့်သော်လည်း နန္ဒ၏ပါရမီနုံသေး၍ ဘုရားရှင်မကြွ၊ ဘုရားရှင် သည် ဝေနေယျသတ္တဝါတို့၏ ပါရမီအနုအရင့်ကို ကြည့်တော်မူကာ ကျွတ် ချိန်ရောက်မှသာ ကြွတော်မူသည်။

တစ်နေ့တွင် ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ ဒေသစာရီ ကြွတော်မူရင်း နန္ဒနေထိုင်ရာအနီးရှိ သစ်ပင်များအောက်တွင် သီတင်းသုံးနေသည်။ နန္ဒသည် ဘုရားရှင်နှင့် သံဃာတော်များကို ပင့်ဖိတ်ကာ ခုနစ်ရက်တိုင်တိုင် ပဋ္ဌဂေါရဝသခေါ် နွားနို့အရသာငါးမျိုးပါသော ဆွမ်းကပ် သည်။ ခုနစ်ရက်မြောက်သောနေ့၌ ဆွမ်းလှူရသော ဒါနနှင့် ဆောက်တည် ရသော သီလ၊ ပွားများရသော ဘာဝနာတို့၏ အကျိုးကြီးပုံကို ဘုရားရှင်က ဟောကြားသောအခါ ပါရမီရင့်နေပြီဖြစ်သော နန္ဒသည် သောတာပန် ဖြစ်လေ သည်။

http://www.dhammadownload.com

နန္ဒကွယ်လွန်သွားရှာပြီ

ထိုနောက် ဘုရားရှင်နှင့် သံဃာတော်များ ပြန်ကြွသောအခါ ဘုရားရှင်၏ သပိတ်ကိုယူကာ နန္ဒလိုက်ပို့ပေးသည်။ ဘုရားရှင်က ပြန်ရန်မိန့်တော်မူ၍ ပြန်လာစဉ် လမ်းခရီးတစ်နေရာအရောက်၌ မုဆိုးကစ်ယောက် ပစ်လိုက်သော မြားထိမှန်ကာ နန္ဒ ကွယ်လွန်သွားခဲ့သည်။

နောက်မှ ကြွလာသော သံဃာတော်များက နန္ဒအလောင်းကို မြင်၍ "အရှင်ဘုရား၊ နန္ဒသည် ဘုရားရှင်တို့ ကြွလာခြင်းကြောင့် အလှူကြီးကိုပေးပြီး လိုက်ပို့ရာမှ ကွယ်လွန်ရသည်။ အကယ်၍ ဘုရားရှင်တို့ ကြွမလာပါလျှင် ယခုကဲ့သို့ ကွယ်လွန်ရလိမ့်မည် မဟုတ်" ဟု လျှောက်ထားကြသည်။

အကုသိုလ်ကြောင့်

ထိုအခါ ဘုရားရှင်က "ချစ်သားတို့၊ နန္ဒသည် ငါ ဘုရားကြွလာသည်ဖြစ်စေ၊ ကြွမလာသည်ဖြစ်စေ၊ အရပ်တစ်ပါးသို့ သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ သေခြင်းမှ မလွတ်။ သတ်ခြင်း၊ ဖြတ်ခြင်း၊ ညှဉ်းဆဲခြင်းကို အခြားသူက ပြုလုပ်သည်မဟုတ်၊ မိမိ ပြုလုပ်ခဲ့၍ မိမိသန္တာန်၌ ကိန်းနေသော အကုသိုလ်ကံကသာ ပြုလုပ်သည်" ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၂။ ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

ဒေသနာ၏အဓိပ္ပာယ်

၄၂။ လူဆိုး၊ သူခိုး၊ ရန်သူ စသည်တို့က မိမိကို အကျိုးမဲ့ပျက်စီးသေကြေအောင်ပြုနိုင်သည်မှာ ဤတစ်ဘဝသာ။ မိမိ ပြုခဲ့မိမှားသော အကုသိုလ်ကံကမူ မိမိကို ဘဝများစွာ ပျက်စီးသေကြေအောင် ပြုလုပ်နိုင်သည်။

နန္ဒနွားကျောင်းသားဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၉။ သောရေယျ သူဌေးသားဝတ္ထု

[ယောက်ျားဘဝမှ မိန်းမဘဝဖြစ်ရသူ]

သောရေယျသူဌေးသားသည် သောရေယျမြို့မှ အလွန်ကြွယ်ဝ ချမ်းသာသော သူဌေးဇနီးမောင်နှံ၏ တစ်ဦးတည်းသောသား ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ သူကဲ့သို့ပင် သူ့ဇနီးသည်လည်း အလွန်လှပသူ ဖြစ်သည်။ သားနှစ်ယောက် ရှိသည်။ တစ်နေ့တွင် သောရေယျသူဌေးသားသည် ယာဉ်ငယ်ကိုစီးလျက် သူငယ်ချင်းတစ်ယောက်နှင့်အတူ ရေဆိပ်သို့ ရေချိုးရန်လာခဲ့ရာ လမ်းတွင် အရှင်မဟာကစ္စည်းထေရ်နှင့် တွေ့သည်။

ယောက်ျားဘဝမှ မိန်းမဘဝသို့

အလွန်သပ္ပာယ်တော်မူသော အရှင်မဟာကစ္စည်းထေရ်နှင့် တွေ့သဖြင့် "ဤမထေရ်သည် ငါ့မယားဖြစ်မူ ကောင်းလေစွ။ ငါ့မယားသည်လည်း ဤမထေရ်ကဲ့သို့ လှပမူကောင်းလေစွ" ဟု သောရေယျသူဌေးသားက ကြံစည်တောင့်တလိုက်မိသည်။ ထိုသို့ ကြံစည် တောင့်တလိုက်မိသည်နှင့် တစ်ပြိုင်နက်သူသည် မိန်းမဘဝသို့ ချက်ချင်း ပြောင်းလဲသွားသည်။

ရှာမတွေ့၍ မိဘကဆွမ်းသွတ်လိုက်ပြီ

သူဌေးသား ဦးသောရေယျဘဝမှ သူဌေးသမီး ဒေါ်သောရေယျ ဖြစ်သွားသော် အလွန်ရှက်သဖြင့် ယာဉ်ပေါ်မှ ဆင်းပြေးခဲ့ပြီး ခြေဦးတည့်ရာသို့ သွားခဲ့သည်။ ဆွေမျိုးမိဘများက သူ့ကို ရှာမတွေ့တော့၍ ဖြစ်လေရာဘဝ၌ ကောင်းကျိုး ခံစားရပါစေဟူသော စိတ်ထားဖြင့် ဆွမ်းသွတ်လိုက်ကြတော့သည်။

မိခင်ဘဝသို့ ရောက်ရပြန်

ဒေါ်သောရေယျသည် တက္ကသိုလ်ပြည်သို့ ရောက်ပြီး တက္ကသိုလ်ပြည်မှ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ သားနှစ်ယောက် ရပြန်သည်။ သူဌေးသား ဦးသောရေယျဘဝက ရခဲ့သော သားနှစ်ယောက်၊ ယခု သူဌေးသမီး

http://www.dhammadownload.com

ဒေါသောရေယျ ဘဝတွင် ရခဲ့သော သားနှစ်ယောက်ပါဆိုလျှင် သူသည် သားလေးယောက်တို့၏ "ဖခင်နှင့် မိခင်" ဖြစ်သွားရသည်။

တစ်နေ့တွင် ဦးသောရေယျဘဝ၌ အတူယာဉ်ငယ်စီးခဲ့သူ သူငယ်ချင်းသည် တက္ကသိုလ်ပြည်သို့ ရောက်လာသည်။ ဒေါသောရေယျက အိမ်ပေါ်မှ နေပြီး သူငယ်ချင်းဟောင်းကိုခေါ်ကာ ပြုစုဧည့်ခံရင်း သူ့ဘဝ၏ ဦးသောရေယျ ဘဝနှင့် ယခု ဒေါသောရေယျဖြစ်နေရပုံ၊ အရှင်မဟာကစ္စည်းထေရ်ကို ပြစ်မှားမိပုံတို့ကို အစုံအလင် ဇာတ်ကြောင်းပြန်ပြောပြသည်။

ဦးသောရေယျဘဝသို့ ပြန်ရောက်

ထိုအခါ သူငယ်ချင်း၏ အကြံပြုချက်အတိုင်း အရှင်မဟာကစ္စည်းထေရ်ကို အိမ်သို့ပင့်ပြီး လှူဖွယ်ဝတ္ထုများ လှူသည်။ ပြစ်မှားခဲ့ပုံ အဖြစ်စုံကိုလည်း လျှောက်ထားသည်။ သည်းခံ ခွင့်လွှတ်တော်မူပါရန်လည်း တောင်းပန်သည်။ မထေရ်က "ငါ သည်းခံ ခွင့်လွှတ်ပါ၏" ဟု မိန့်တော်မူသည်နှင့် ဒေါသောရေယျသည် ဦးသောရေယျ ဘဝသို့ ပြန်ရောက်သွားတော့သည်။

ရဟန္တာဖြစ်ပြီ

ဦးသောရေယျဘဝ ပြန်ရောက်သည်နှင့် အရှင်မဟာကစ္စည်းထံတွင် ရဟန်းပြုလျက် မထေရ်၏ အဆုံးမအတိုင်း တရားဘာဝနာ ပွားများအားထုတ်ရာ ရဟန်းတော် အရှင်သောရေယျသည် ရဟန္တာအရှင်သောရေယျ ဖြစ်တော်မူသည်။

ရဟန္တာဖြစ်တော်မမူမီ သောရေယျရဟန်းကို "ဦးသောရေယျဘဝက ရခဲ့သော သားနှစ်ယောက်နှင့် ဒေါသောရေယျဘဝ၌ ရခဲ့သော သားနှစ်ယောက်တို့တွင် အဘယ်သားတို့ကို ပိုချစ်သနည်း" ဟု မေးကြသောအခါ ဝမ်းနှင့်လွယ်၍မွေးခဲ့ရသော် ဒေါသောရေယျ၏သားများကို ပို၍ချစ်ကြောင်း မိန့်တော်မူလေ့ရှိသည်။ ရဟန္တာဖြစ်ပြီးနောက် မေးကြသောအခါ "ဘယ်သားတို့အပေါ်မှ ချစ်ခြင်းသံယောဇဉ် မရှိပြီ" ဟု ဖြေကြား၍ ရဟန်းတို့က ဘုရားရှင်ထံ အကျိုးအကြောင်း လျှောက်ထားကြသည်။ ဘုရားရှင်က "သောရေယျထေရ်

http://www.dhammadownload.com

သည် ပဋိသမ္ဘိဒါလေးပါး ရရှိကာ အရဟတ္တဖိုလ်ရောက် ရဟန္တာဖြစ်ပြီဟု မိန့်တော်မူသည်။

ရဟန္တာပုဂ္ဂိုလ်၌ "ငါ, ငါ့ဥစ္စာ, ငါ့သားငါ့သမီး" ဟူသော အတ္တ အစွဲ အလမ်း မရှိတော့သဖြင့် အဘယ်မည်သော သားတို့ကို ပိုချစ်သည်ဟု ဖြေတော်မူရန် အကြောင်းမရှိတော့ချေ။

ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

၄၃။ နတံ မာတာ ပိတာ ကယိရာ၊ အညေဝါပိ စ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

ဒေသနာ၏အဓိပ္ပာယ်

၄၃။ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာရခြင်း၏အကြောင်းကို အမိ အဖနှင့် ဆွေမျိုးတို့က မပေးနိုင်၊ မိမိ၏ ကောင်းမွန်သော စိတ်ကသာ မိဘ ဆွေမျိုးတို့က ပေးသော ချမ်းသာထက် ပို၍ စစ်မှန်သော ချမ်းသာကို ပေးနိုင်သည်။

သောရေယျသူဌေးသားဝတ္ထု ပြီး၏။*

စိတ္တဝဂ် ပြီးပြီ။

---

* ကမ္မဝိသယောအစိန္တေယျော = ကံအကြောင်း ဘုရားရှင်သာ ပြည့်ပြည့်စုံစုံ သိနိုင်သည်ဟု ဟောထားသည်။ ဤဝတ္ထုကြောင်းမှာ ရဟန္တာကို စိတ်ဖြင့် ပြစ်မှားခဲ့၍ ရရှိသော အကျိုးပြဝတ္ထု ဖြစ်သည်။ ကံ၏ ဆန်းကျယ်ပုံကို မြင်နိုင်သည်။

http://www.dhammadownload.com

ပုပ္ဖဝဂ်

ပုပ္ဖ = ပန်း၊ ဝဂ္ဂ = ဝဂ်၊ အစု။
ပန်းကို ဥပမာထားပြီး ပန်းကဲ့သို့ အဆင်း၊ အနံ့ရှိမှ
တန်ဖိုးရှိသလို တရားရှိရန် ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ဒေဿန္တရခရီးသည် ရဟန်းငါးရာဝတ္ထု

[ပန်းကောင်းရွေးချယ်သလို တရားကောင်းရွေးနိုင်သူများ]

ဘုရားရှင်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင် အမျိုးမျိုးသော ပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည်။ ထိုသို့ ဖြည့်ကျင့်ခဲ့ခြင်း၌ ဗုဒ္ဓေါ ဗောဓေယျ = ကိုယ်တော်တိုင် သစ္စာလေးပါးတရားကိုသိလျှင် ဝေနေယျသတ္တဝါအပေါင်းအား လည်း သိစေမည်ဟူသော ရည်သန်ချက်တော် ထားရှိခဲ့သည်။ ထိုရည်သန်ချက်တော်အရ ဘုရားရှင် သိတော်မူပြီးသော တရားတော်တို့ကို ကျောင်းတော်ကြီးများ၌ သီတင်းသုံး၍ လည်းကောင်း၊ ကျွတ်ထိုက်သော လူနတ်ဗြဟ္မာတို့ရှိရာသို့ နောက်ပါတပည့်ရဟန်းတို့နှင့် ခရီးဒေသစာရီလှည့်လည်တော်မူ၍လည်းကောင်း တရားတော်များကို ဟောကြားသည်။

အတွေ့အကြုံ ဆွေးနွေးကြပုံ

တစ်နေ့သ၌ ဘုရားရှင်နှင့် လိုက်ပါသွားကြသော ရဟန်းတော်ငါးရာတို့သည် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်လာကြသောအခါ ခရီး တစ်

http://www.dhammadownload.com

လျှောက်၌ ဇတ္တ.ခဲ့၊ သိခဲ့ရသောမြေပြင်၊ မြေစိုင်မြေခဲ အမျိုးမျိုးတို့၏ အရောင်အဆင်းများကို ပြန်လည် ဆွေးနွေးနေကြသည်။ ဘုရားရှင်သည် ရဟန်းတော်တို့ထံ ကြွလာလျက် ရဟန်းတို့ ပြောဆိုနေသောအကြောင်းကို မေးသဖြင့် ခရီးစဉ်၌ ကြုံတွေ့.ခဲ့ရသည့် မြေကြီးနှင့်စပ်သည်တို့ကို ဆွေးနွေးနေခြင်းဖြစ်ကြောင်း ပြန်လည် လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "ချစ်သားတို့၊ ဆွေးနွေးနေကြသော အကြောင်းအရာတို့သည် ခန္ဓာကိုယ်ပြင်ပရှိ ဒေသန္တရအကြောင်းများ ဖြစ်ကြသည်။ သင်တို့ ခန္ဓာကိုယ်တွင်းရှိ အကြောင်းအရာများကို ဆွေးနွေးလျက် ဝိပဿနာ ပွားများသင့်သည်" ဟု မိန့်တော်မူပြီး ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

၄၄။ ကော ကမ္ဗံ ပထဝီ ဝိစေဿတိ၊
ယမလောကဉ္စ ကမ္ဗံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖ မိဝ ပစေဿတိ။
၄၅။ သေခေါ ပထဝီ ဝိစေဿတိ၊
ယမလောကဉ္စ ကမ္ဗံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ဝိစေဿတိ။

ဒေသနာ၏အဓိပ္ပာယ်

၄၄။ အဘယ်သူသည် ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို မိမိဉာဏ်ဖြင့် ဝေဖန်စိစစ်နိုင်မည်နည်း။ အပါယ်လေးဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့်တကွသော ဤလူ.ဘုံကို အဘယ်သူသည် ဝေဖန်စိစစ်နိုင်မည်နည်း။ ကျွမ်းကျင်သော ပန်းသည်သည် ကောင်း၊ မကောင်းသော ပန်းတို့ကို ရွေးချယ်သိကုံးနိုင်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုကို အဘယ်သူသည် မိမိဉာဏ်ပညာဖြင့် ဝေဖန်စိစစ်နိုင်မည်နည်း။

http://www.dhammadownload.com

၄၅။ သေကွပုဂ္ဂိုလ်သည် ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို မိမိ ဉာဏ်ပညာဖြင့် ဝေဖန်စိစစ်နိုင်လတ္တံ့၊ အပါယ်ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့်တကွ သော ဤလူ့ဘုံကို ကျွမ်းကျင် နားလည်သော ပန်းသည်သည် ကောင်း၊ မကောင်းသောပန်းတို့ကို ရွေးချယ်သိကုံးနိုင်သကဲ့သို့ ကောင်းစွာ ဟောကြား အပ်သော တရားအစုကို သေကွပုဂ္ဂိုလ်သည် ဝေဖန်စိစစ်နိုင်လတ္တံ့။

အသန္တရဓရီးသည် ရဟန်းငါးရာဝတ္ထု ပြီး၏။

၂။ တံလှပ်ကမ္မဋ္ဌာန်းရှုသောမထေရ်ဝတ္ထု

[တံလှပ်နှင့် ရေမြှုပ်ပမာ ဤခန္ဓာ]

အမျိုးအမည်အားဖြင့် မထင်ရှားသူ သာဝတ္ထိပြည်သားတစ်ယောက်သည် ရဟန်းဝတ်ကာ ဘုရားရှင်ထံမှ တရားတော်ပြီးနောက် တောရကျောင်းတစ် ကျောင်းသို့သွားကာ တရားအားထုတ်သည်။ တရားမရသဖြင့် တရားတစ်ပုဒ် ထပ်တောင်းရန် ဘုရားရှင်ထံ လာစဉ်လမ်း၌ တံလှပ်ပြက်သည်ကို မြင်တွေ့ သည်။ တံလှပ်၏သဘောသည် အဝေးမှကြည့်သော် ရေကဲ့သို့ ထင်မြင်ရသည်။ အနီးသို့ရောက်သော် မည်သည့်အရာမျှ မတွေ့ရဘဲ ပျက်သွားတတ်သည်။

ရေမြှုပ်ပမာ ဤခန္ဓာ

ထို့နောက် မထေရ်သည် ဆက်၍လာခဲ့ရာ ခရီးပန်းသဖြင့် အစီရဝတီ မြစ်ကမ်း၌ ထိုင်ရင်း မြစ်ရေကို ကြည့်နေမိသည်။ မြစ်၌ ရေမြှုပ်အစိုင်အခဲ တို့ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်ကို မြင်ရပြန်သည်။

ထိုအခါ မထေရ်သည် တံလှပ်သဘောကိုလည်းကောင်း၊ ရေမြှုပ်အစိုင် အခဲသဘောကို လည်းကောင်း အာရုံတင်၍ သူ၏ခန္ဓာကိုယ်အဖြစ်အပျက်ကို ဝိပဿနာရှုသည်။ ဘုရားရှင်သည် မထေရ်၏ ဉာဏ်အမြင် ရင့်သန်လာပြီ

http://www.dhammadownload.com

ကိုသိ၍ "ချစ်သား၊ ခန္ဓာကိုယ်သည် တံလှပ်ကဲ့သို့လည်းကောင်း၊ ရေမြှုပ်ကဲ့သို့ လည်းကောင်းဖြစ်ပြီးလျှင် ပျက်တတ်သည်" ဟု မိန့်တော်မူပြီးလျှင် ဤဒေသနာတော်ကို ဆက်၍ ဟောကြားတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

၄၆။ ဖေဏူပမံ ကာယမိမံ ဝိဒိတ္ဝာ၊ မရီစိဓမ္မံ အဘိသမ္ဗုဓာနော။
ဆေတ္ဝာန မာရဿ ပပုပ္ဖကာနိ၊ အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

ဒေသနာ၏အဓိပ္ပာယ်

၄၆။ ဤခန္ဓာကိုယ်သည် ရေမြှုပ်ပမာ ကာလမရွှေ့ ပျက်စီးတတ်သည်ဟု လည်းကောင်း၊ တံလှပ်မျိုး အကျိုးမဖြစ် အနှစ်မရှိဟု လည်းကောင်း ကောင်းစွာ သိသောသူသည် မာရ်နတ်မင်း၏ ပန်းခိုင်နှင့်တူသော သံသရာဒုက္ခကို အရဟတ္တမဂ်ဖြင့် ဖြတ်၍ သေမင်းမမြင်မတွေ့ရာ နိဗ္ဗာန်သို့ ရောက်နိုင်ရာ၏။

တံလှပ်ကမ္မဋ္ဌာန်းရှုသော မထေရ်ဝတ္ထုပြီး၏။

၃။ ဝိဇုဇျောတ ဝတ္ထု

[နိုင်သူအပေါ် ထပ်ဆင့်အောင်နိုင်သူ]

လူသားတစ်ယောက် လူဟုဖြစ်လာသည်နှင့် ထိုလူသား ထမ်းဆောင်ရမည့် တာဝန်သည် တစ်ခါတည်း ပါလာပြီးဖြစ်သည်။ စားဝတ်နေရေးအတွက် လုပ်ဆောင်ရမည့် တာဝန်ဖြစ်သည်။ စားဝတ်နေရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ လူသည် ပညာသင်ရသည်။ ရှေးခေတ်က အမြင့်ဆုံးပညာသင်ကြားပေးရာဌာနနှင့် ပညာသင်ကြားပေးသူမှာ တက္ကသိုလ်ပြည်နှင့် ဒိသာပါမောက္ခဆရာကြီးတို့ ဖြစ်သည်။

http://www.dhammadownload.com

ကူညီကြစတမ်း

ကောသလတိုင်းနှင့် ကာသိတိုင်းတို့ကို အုပ်စိုးသူ မဟာကောသလမင်းကြီး၏သား ပသေနဒီကောလမင်းသား၊ ဝေသာလီပြည် လိစ္ဆဝီမင်း၏သားတော် မဟာလိနှင့် ကုသိနာရုံပြည် မလ္လတိုင်းမှ မလ္လာမင်း၏သားတော် ဗန္ဓုလတို့သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးအထံ၌ အတူတကွ ပညာသင်ဖက် ရောင်းရင်းများ ဖြစ်ကြသည်။ နောင်အခါ အကူအညီလိုအပ်ပါက ကူညီစတမ်း ဟုလည်း ကျောင်းသားဘဝတွင် ကတိကဝတ်များ ထားခဲ့ကြသည်။

ပညာသင်ပြန်လာသောအခါ ကောသလမင်းသားသည် သင်ခဲ့သော ပညာများကို ပရိသတ်ဗိုလ်ထုအား ပြသသည်။ ကျေနပ်သဖြင့် ခမည်းတော် မဟာကောသလမင်းကြီးက ထီးနန်းအရိုက်အရာကို လွှဲအပ်သည်။ လိစ္ဆဝီမင်းသား မဟာလိသည် သင်ယူလာသော ပညာများကို ပြရာ၌ လိုအပ်သည် ထက် ဝီရိယစိုက်ထုတ်သဖြင့် မျက်စိများ ဒဏ်ရာရကာ မျက်မမြင်ဖြစ်သွားရသည်။ မဟာလိ၏ပညာကို လေးစားဂုဏ်ပြုသောအားဖြင့် မဟာလိအား ရိက္ခာနှင့် နေအိမ်ပေးထားပြီး လိစ္ဆဝီမင်းသားတို့အား ပညာသင်ကြားပေးစေသည်။

ကျိုကျိုအသံမြည်သော်

ဗန္ဓုလမင်းသားသည် ပညာသင်ယူစဉ်က ဓားခုတ်အတတ်နှင့် လေးမြားအတတ်တို့၌ သူတစ်ပါးတို့ မယှဉ်သာအောင် တတ်မြောက်ကျွမ်းကျင်ခဲ့သည်။ သူ၏ ပညာပြပွဲ၌ ဝါးတစ်စည်းလျှင် ဝါးလုံးခြောက်ဆယ်ပါသော ဝါးအစည်းကို သန်လျက်ဖြင့် ခုတ်ဖြတ်စေရန် ပြင်ဆင်ထားသည်။ ဝါးတစ်လုံးစီ၏အတွင်း၌ သံချောင်းတစ်ချောင်းစီ မလ္လမင်းသားတို့က ထည့်ထားသည်။ သန်လျက်ဖြင့် ခုတ်ဖြတ်သောအခါ အားလုံး ပြတ်တောပြတ်ပါ၏။ နောက်ဆုံး ဝါးအစည်း ပြတ်သောအခါ 'ကျိ... ကျိ' ဟု သံချောင်းသံမြည်ပြီး ပြတ်သွားသည်။

ထိုသို့ အသံမြည်ခြင်းမှာ ဝါးအတွင်း သံချောင်းများ ထည့်ထားသောကြောင့်ဟု ဗန္ဓုလမင်းသားသိသွား၍ မလ္လမင်းသားများအပေါ် အကြီးအကျယ် စိတ်ဆိုးသွားသည်။

21A

http://www.dhammadownload.com

မင်းစည်းစိမ်ဟူသည် တစ်ဘဝစံ

ဗန္ဓုလမင်းသားသည် ညီနောင် မလ္လမင်းသားအားလုံးကို သတ်ပြီး မင်းလုပ်ရန် ကြံစည်သည်။ မင်းစည်းစိမ်ဟူသည် တစ်ဘဝစံသာ ဖြစ်သည်။ ဘဝများစွာခံရမည့် သံသရာသက်တမ်းနှင့်စာလျှင် ဘာမျှမကြာ။ သို့ဖြစ်၍ ညီနောင်မင်းသားများအား မသတ်ရန် မိဘများက ဆုံးမကြသည်။

ဆွေမျိုးအရိပ်သည် ပူပြင်းလှ

ဗန္ဓုလသည် သူ့တိုင်းပြည်နှင့် သူ့လူမျိုးအတွက် ပညာသင်ယူခဲ့သော်လည်း ညီနောင်တို့သည် သူ့အပေါ် မကောင်း၊ ဆွေမျိုးအရိပ်သည် အခြားအရိပ်တို့ထက် သာလွန်အေးမြသည်ဟု အဆိုရှိသော်လည်း ဗန္ဓုလအတွက်မူ ခြွင်းချက်များ ဖြစ်လေရော့သလော။ ဆွေမျိုးအရိပ်သည် သူ့အတွက် ပူပြင်းလှသည်။

သို့ဖြင့် သူသည် ကျောင်းတော်သားဘဝက အပြန်အလှန် ကူညီရန် ကတိထားခဲ့သော ပသေနဒီ ကောသလမင်းသားစိုးစံရာ သာဝတ္ထိသို့ မိဘများနှင့်တကွ မယားဖြစ်သူ မလ္လိကာကိုပါ ခေါ်ယူ၍ ထွက်လာခဲ့သည်။ ပသေနဒီကောသလမင်းက သူ့ကို စစ်သူကြီးအရာပေးကာ မြှောက်စားသည်။ ဗန္ဓုလ၏ မိဘများနှင့်တကွ ဗန္ဓုလ၏တူတော်သူ ဒီဃကာရာယနကိုပါ ခေါ်ယူစောင့်ရှောက်ထားခြင်းဖြင့်လည်း အပိုဆောင်းလျက် ကူညီထားပါ၏။ သို့သော်... သို့သော်...

မလ္လိကာသည် အမြီုမလော

မလ္လိကာသည် သားသမီး မမွေးဖွားသဖြင့် အမြဲမကဲ့သို့ ဖြစ်နေ၍ သူ့မိဘများထံ ပြန်ပို့ခံရသည်။ မိဘများထံ မပြန်မီ ဘုရားရှင်ကို သွားရောက်ဖူးမြော်ရင်း မလ္လိကာက မိဘထံ ပြန်ရမည့်အကြောင်းကို ဘုရားရှင်အား လျှောက်ထားသည်။ "သားသမီးမရ၍ ပြန်ပို့ခံရသည်ဆိုလျှင် မိဘအိမ်သို့ မပြန်ဘဲ ဗန္ဓုလထံသို့သာ ပြန်ပါ" ဟု ဘုရားရှင်က မိန့်ကြားလာသဖြင့် ခင်ပွန်းသည်ထံ ပြန်လာခဲ့သည်။

http://www.dhammadownload.com

အန္တရာယ်ရှိသော မလ္လိကာ၏ အလိုဆန္ဒ

မကြာမီ မလ္လိကာ၌ ကိုယ်ဝန်ရှိလာသည်။ ဝေသာလီပြည် လိစ္ဆဝီမင်းသားတို့ အဘိသိက်သွန်းရာ မင်္ဂလာရေကန်သို့ဆင်းပြီး ရေလည်းချိုးချင်သည်။ သောက်လည်းသောက်ချင်သည်ဟု အန္တရာယ်ကြီးသော အာသာဆန္ဒ ချင်ခြင်းလည်း ဖြစ်သည်။ ဇနီး၏ အာသာဆန္ဒကို ဖြည့်ဆည်းပေးရန် မလ္လိကာအား ရထားဖြင့်တင်လျက် ဗန္ဓုလ ထွက်လာခဲ့သည်။

သူ သွားရမည်မှာ ကျောင်းနေဖက်ရောင်းရင်းကြီး လိစ္ဆဝီမင်းသား မဟာလိ အဝိုင်စားရထားသောတံခါးမှ ဝေသာလီမြို့တွင်းသို့ ဝင်ရသည်။ ဝင်လာသောအခါ ရထားသည် မဟာလိ၏ တံခါးခုံနှင့် တိုက်မိ၍ အသံထွက်သွားသည်။ ဗန္ဓုလ၏ ရထားသံဟု မဟာလိက သိလိုက်သည်။ ရောင်းရင်း မဟာလိသည် မျက်မမြင် ဒုက္ခိတဖြစ်နေပြီ။

လူမှာကတိဟု ဆိုစကားရှိသည်။ ပုထုဇဉ် လူသားတို့အချင်းချင်းထားသော ကတိသည် ဘယ်အတိုင်းအတာအထိ တည်လေမည်နည်း။

သံကွန်ချာမိုးထားသော ရေကန်

မင်္ဂလာရေကန်သို့ ရောက်သော် အစောင့်များကို နှင်ထုတ်ပြီး မလ္လိကာရော သူပါ ရေးချိုးသည်။ သောက်လည်း သောက်သည်။ မင်းသားတို့ ဘိသိက်ခံရာ မင်္ဂလာရေကန်သည် အစောင့်အကြပ်ရှိသော ရေကန်။ ငှက်များပင် မဝင်နိုင်အောင် သံကွန်ချာ မိုးထားသောရေကန် ဖြစ်သည်။

ဗန္ဓုလသည် လာလမ်းအတိုင်း ပြန်လာခဲ့သည်။ လိစ္ဆဝီမင်းသားတို့ သိသွား၍ ဗန္ဓုလနှင့် မလ္လိကာကိုဖမ်းအံ့ဟု ရထားငါးရာတို့ဖြင့် လိုက်ရန်ပြင်သည်။ ဆရာဖြစ်သူ မဟာလိထံ ဝင်ရောက်အသိပေးကြသောအခါ မဟာလိက မလိုက်ရန် တားသည်။ မနာခံကြ။ မဟာလိက "ဗန္ဓုလ၏ ရထားဘီးပုံတောင်းတိုင်နှစ်သည်ကို မြင်ရလျှင် ဆက်မလိုက်နဲ့၊ ဆက်လိုက်ပါက မိုးကြိုးသံကဲ့သို့ အသံကြားရလျှင် ပြန်ခဲ့ကြ၊ မကျေနပ်၍ ထပ်လိုက်မိလျှင် သင်တို့၏ ရထားဦး၌ အပေါက်ကို မြင်သော် ပြန်ခဲ့ကြ" ဟု မှာကြားသည်။

http://www.dhammadownload.com

မြားမှန်၍ သေကြရပြီ

ဗန္ဓုလ လေးကိုတင်သောအခါ ရထားဘီးသည်ချက်မှ ရထားပုံတောင်းတိုင် မြေ၌ နစ်မြုပ်သွားသည်။ လေးညှိုကို ခတ်သောအခါ မိုးကြိုးသံကဲ့သို့ အသံထွက်လာသည်။ သို့တိုင်အောင် လိစ္ဆဝီမင်းသားတို့က ပြန်လှည့်မလာကြ။ ရထားအားလုံး တစ်စီးတည်းကဲ့သို့ တန်းနေလျှင် အသိပေးဟု မှာထား၍ မလွှိကာက အသိပေးသဖြင့် ဗန္ဓုလက မြားဖြင့်ပစ်လိုက်ရာ ရထားအားလုံး၏ ဦး၌ အပေါက်များ ပေါက်သွားကြသည်။ မင်းသားအားလုံးနှင့် ရထားအားလုံးကို ဖောက်သွားခြင်းဖြစ်၍ လိစ္ဆဝီတို့အားလုံး သေကုန်ကြသည်။ ဗန္ဓုလတို့ သာဝတ္ထိသို့ ပြန်လာခဲ့ကြသည်။

မလွှိကာသည် အမြွာပူးသားများ မွေးသည်။ တစ်ကြိမ်တွင် နှစ်ယောက်၊ တစ်ဆယ့်ခြောက်ကြိမ်ဖွားသဖြင့် သုံးဆယ့်နှစ်ယောက်ဖြစ်ကာ နန်းတွင်း၌ ဗန္ဓုလသည် အရေအတွက်အရရော အရည်အချင်းအရပါ အင်အားကြီးလာတော့သည်။

နိုင်သူအပေါ် နိုင်သူပေါ်လာပြီ

တရားနိုင်သင့်ပါလျက် တရားရုံး၌ ရှုံးနိမ့်ခဲ့သူများက မကျေနပ်သဖြင့် ဗန္ဓုလစစ်သူကြီးကို တိုင်ကြားရာ ဗန္ဓုလက ပြန်လည် စစ်ဆေးပြီး တရားရှုံးသူများအား အနိုင်ပေးလိုက်သည်။ ကောသလမင်းကြီးက ဗန္ဓုလအား တရားသူကြီးတာဝန်ပါ ပေးလိုက်သည်။ တရားသူကြီးပြုတ်များရော သူတို့ အသိုင်းအဝိုင်းကပါ ဗန္ဓုလအပေါ် မကျေနပ်သဖြင့် အာဏာသိမ်းဖို့ စီစဉ်နေသည်ဟု ကောသလမင်းကြီးထံ ကုန်းတိုက်ကြသည်။ ကောသလမင်းကြီးက ထိုစကားကို ယုံကြည်သဖြင့် ပစ္စန္တရစ်ကို ဆူပူအောင်လုပ်စေပြီး ဗန္ဓုလနှင့် သားသုံးဆယ့်နှစ်ယောက်တို့ကို နှိမ်နင်းစေရန် စေလွှတ်သည်။ တစ်ဖက်လှည့်ဖြင့် သူလျှိုများ စေလွှတ်ကာ ဗန္ဓုလနှင့် သားများကို အသတ်ခိုင်းသည်။ ဗန္ဓုလနှင့် သားတို့အားလုံး အသတ်ခံကြရသည်။ ကောသလမင်းကြီးသည် ဗန္ဓုလ၏တူ ဒီဃကာရာယန ကို စစ်သူကြီး ခန့်လိုက်သည်။

http://www.dhammadownload.com

ဗန္ဓုလ၏ဘဝသည် နိမ့်တုံမြင့်တုံပါတကား။ ဤသို့ဖြစ်စေရန် သူပင် ဖန်တီးခဲ့လေသလော၊ သို့မဟုတ် သူ၏ အတိတ်ကံကြောင့်ပေလော၊ သို့မဟုတ် ဘယ်သူမပြု မိမိ၏အမှုကြောင့်ပေလော။

မပြုတတ်လျှင် ခိုက်တတ်သည်

ဗန္ဓုလနှင့်သားများ အသတ်ခံရသောနေ့သည် မလ္လိကာက အရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် အပါအဝင် သံဃာတော်ငါးရာကို အိမ်သို့ပင့်လျက် ဆွမ်းကပ်သောနေ့ ဖြစ်နေသည်။ အမင်္ဂလာနှင့် မင်္ဂလာတို့သည် တိုက်ပဲ တိုက်ဆိုင်နိုင်လွန်းသည်ဟု ဆိုရမလိုပင်။ သံဃာတော်တို့အား ကပ်လှူရန် ယူလာသော ထောပတ်အိုးသည် သံဃာတော်တို့ ရှေ့၌ပင် လွတ်ကျ၍ ကွဲသွားသည်။ အတိတ်ပေလော။ စာတစ်စောင်လည်း ထိုအချိန်၌ ရောက်လာသည်။ ဗန္ဓုလနှင့် သားများအားလုံး သေဆုံးသွားကြပြီဟု အကြောင်းကြားသောစာ ဖြစ်သည်။ မလ္လိကာ ပြုလုပ်ခဲ့သော ကောင်းကံ၊ ဆိုးကံတို့သည် ဤသို့ပင် တိုက်တိုက်ဆိုင်ဆိုင် ရှိခဲ့ဖူး၍ပေလော။

မလ္လိကာသည် မင်းကြီး၏ ခွင့်ပြုချက်အရ ချွေးမသုံးဆယ့်နှစ်ယောက်ကို မိဘများထံ ပြန်ပို့သည်။ သူကိုယ်တိုင်လည်း မိဘတို့ရှိရာ ကုသိနာရုံသို့ ပြန်ကာ အသက်ထက်ဆုံး နေသွားတော့သည်။

ကောသလမင်းကြီးသည် အနာထပိဏ်၊ ဝိသာခါနှင့် သုပ္ပဝါသာတို့၏ နေအိမ်သို့ ရဟန်းသံဃာ အမြောက်အမြား နေ့စဉ် ဆွမ်းစားကြွလာသည်ကို မြင်သဖြင့် သူလည်း ထိုကဲ့သို့ လှူဒါန်းလိုသည်။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များကိုပင့်ကာ ခုနစ်ရက်ပတ်လုံး မင်းကြီးက ဆွမ်းကျွေးရန် စီစဉ်သည်။ အရှင်အာနန္ဒာသည် ရဟန်းတော်များနှင့်အတူ ဆွမ်းစားကြွသည်။ ပထမရက်များ၌ မင်းကြီးကိုယ်တိုင် ဆွမ်းဆက်ကပ်လှူဒါန်းသည်။ နောက်ရက်များ၌ အခြားကိစ္စများကြောင့် မင်းကြီးကိုယ်တိုင် မလာ၊ အရှင်အာနန္ဒာနှင့် သံဃာတော်တို့ ကြွလာသော်လည်း တာဝန်ရှိသူတို့က မစေခိုင်းသဖြင့် ဆွမ်းကပ်မည့်သူမရှိ ဖြစ်နေသည်။ ဤတွင် သံဃာတော်တို့ ကြွမလာကြတော့ဘဲ အရှင်အာနန္ဒာတစ်ပါးတည်းသာ ကြွလာသဖြင့် အမတ်များက အရှင်အာနန္ဒာကိုသာ ဆွမ်းကပ်လှူကြသည်။

http://www.dhammadownload.com

ဆွမ်းချိန်လွန်သောအခါ ဆွမ်းကပ်လှူသည့်နေရာသို့ မင်းကြီး သွားကြည့်ရာ ချက်ထားသော ဆွမ်းနှင့် ဆွမ်းဟင်းများ မူလအတိုင်း ရှိသဖြင့် မင်းကြီးက အကျိုးအကြောင်းမေးသည်။ သံဃာတော်များ ကြွမလာကြောင်း အသိပေးကြသဖြင့် သက်သက်မဲ့ ဘဏ္ဍာတော်များ ကုန်ရသည်ဟု စိတ်ဆိုးကာ ဘုရားရှင်ထံ သွားရောက်လျှောက်ထားသည်။ ဘုရားရှင်က "ရဟန်းတော်များ မလာကြခြင်း၏ အကြောင်းကိုးပါး" ကို ရှင်းပြမိန့်တော်မူသည်။

ဘုရားရှင်၏ မိန့်တော်မူချက်ကို ကြားရသောအခါ မင်းကြီးသည် သာကီဝင် မင်းသမီးတစ်ဦးဦးကို မိဖုရားမြှောက်ထားမှသာလျှင် ဘုရားရှင်၏ ဆွေမျိုးမင်းကြီးဟူ၍ ရဟန်းတော်တို့နှင့် အကျွမ်းတဝင်ရှိမည်ဟု တွေးဆကာ ကပိလဝတ်ပြည် သာကီဝင်များထံသို့ မင်းသမီးတစ်ပါးကို ဆက်သရန် သံတမန်လွှတ် အကြောင်းကြားသည်။

ကျွန်မသမီးဆက်သ

သာကီဝင်မင်းတို့က မိမိတို့၏သမီးကို အမျိုးချင်းမတူသော ကောသလမင်းကြီးအား မပေးလို။ ထို့ကြောင့် အဖသာကီဝင် မင်းသားကြီး ဘုရားရှင်၏ နောင်တော် မဟာနာမ်နှင့် အမိ နာဂမုဏ္ဍာ ကျွန်မမှ မွေးဖွားသူ ဝါသဘခတ္တိယာကို သာကီဝင်မင်းသမီးအဖြစ် မုသားသုံးကာ ဆက်သလိုက်ကြသည်။ ကောသလမင်းကြီးက ဝါသဘခတ္တိယာကို မိဖုရားကြီးအရာ၌ ထားပေးသည်။ မကြာမီ သားတော် ဝိဋဋဘကို ဖွားမြင်သည်။ ဝိဋဋဘ အရွယ်ရောက်သော် မိခင်၏ ဆွေမျိုးတို့ထံ သွားချင်သည်ဆို၍ သာကီဝင်တို့ရှိရာ ကပိလဝတ်သို့ စေလွှတ်လိုက်သည်။ ဝိဋဋဘကို မင်းကွန်း၌ ဧည့်ခံသော်လည်း သူ့ထက်ကြီးသူ သာကီဝင်တို့သာလာ၍ လာသမျှ သာကီဝင်တို့ကို ဝိဋဋဘ ရှိခိုးခဲ့ရသည်။ ငယ်သူတို့ကိုမူ ကျွန်မသားကို ရှိမခိုးမိစေရန် မင်းကွန်းသို့မလာဖို့ တားမြစ်ထားကြသည်။

ကမ္ပည်းထိုးထားပြီ

သာကီဝင်တို့သည် ကျင့်ဝတ်သိက္ခာထက် ဇာတိမာန်ကို တန်ဖိုးထားကြသူများဖြစ်၍ ကျွန်မသားကို အရှိအသေမပေးကြ။ ဝိဋဋဘ ပြန်သွားသော်

http://www.dhammadownload.com

သူထိုင်ခဲ့ရာနေရာကို နွားနို့ဖြင့် ဆေးပစ်သည်။ လက်နက်ကျန်နေခဲ့၍ ပြန်ယူသူက ထိုအကြောင်း ကြားသိခဲ့ရာမှ ကောသလမင်းကြီး သိသွားသောကြောင့် ဝိဋဋျုဘကို မင်းသားအဆောင်အယောင် အားလုံးသိမ်းပြီး ကျွန်ယောက်ျားနေရာ ပို့သည်။ ဝါသဘခတ္တိယာကိုလည်း မိဖုရားကြီးအဖြစ်မှ ကျွန်မအရာသို့ ပို့လိုက်သည်။ ဝိဋဋျုဘက "ငါ မင်းဖြစ်သော် ငါ ထိုင်သည့် နေရာကို သာကီဝင်တို့ လည်ချောင်းသွေးဖြင့်ဆေးမည်" ဟု တေးပြီး သူ့နှလုံးသား၌ ကမ္ပည်းထိုးထားလိုက်သည်။

နန်းတော်သို့ ဘုရားရှင် ကြွလာသော် ကောသလမင်းကြီးက ဝါသဘခတ္တိယာတို့ သားအမိ၏ အဖြစ်စုံကို ဘုရားရှင်အား လျှောက်ထားသည်။ ဘုရားရှင်က အဖသာလျှင် ပဓာနဖြစ်သည်ဟု မိန့်တော်မူသဖြင့် ဝါသဘခတ္တိယာတို့ သားအမိကို မူလရာထူးများကို ပြန်ပေးသည်။

ဗန္ဓုလတို့ သားအဖကို သတ်မိသဖြင့် စိတ်မကောင်းဖြစ်နေမှု သက်သာစေရန် ဘုရားရှင်ကို ဖူးမြော်ဖို့ မင်းကြီး သွားသည်။ မင်းမြောက်တန်ဆာ ငါးပါးကို စစ်သူကြီး ဒီဃကာရာယနထံ အပ်ထားခဲ့သည်။ ဒီဃကာရာယနသည် မင်းမြောက်တန်ဆာ ငါးပါးဖြင့် ဝိဋဋျုဘကို မင်းမြောက်ပြီး ထီးဖြူဆောင်းမိုးလျက် နန်းတော်သို့ ပြန်ကြသည်။

ဦးရီးတော် ဗန္ဓုလနှင့်သားများ အသတ်ခံခဲ့ရ၍ မင်းကြီးအပေါ် အကွက်နှင့် အချက်ရှာနေသူ ဒီဃကာရာယနသည်အကွက်ရော အချက်ပါရစဉ် အပိုင်လုပ်လိုက်ခြင်း ဖြစ်သည်။

တူသောအကျိုးပေးပြီ

ဗန္ဓုလအပေါ် အနိုင်ယူခဲ့သူ ကောသလမင်းအတွက် သူ့ကို အနိုင်ယူသူ ပေါ်လာပြီ။ မကောင်းမှုသည် မကောင်းသောအကျိုးကို ပေးသည်ဟု ဘုရားရှင် ဟောထားခဲ့သည်။

မင်းကြီးကံကုန်ကာ ကွယ်လွန်ပြီ

ဘုရားရှင်ကို ဖူးမြော်ပြီး ပြန်လာသော မင်းကြီးသည် သူ့အတွက် ထားခဲ့သော မြင်းတစ်စီး၊ သန်လျက်တစ်ချောင်းနှင့် မောင်းမတစ်ယောက်သာ မြင်

http://www.dhammadownload.com

တွေ့ရတော့သည်။ ၎င်းအင်အားသုံးမျိုးကိုယူကာ သားတော်နှင့် စစ်ပြိုင်လျှင် အကူအညီရဖို့ တူတော် အဇာတသတ်မင်းရှိရာ ရာဇဂြိုဟ်သို့ လာခဲ့သည်။ အချိန်နှောင်းနေပြီဖြစ်၍ မြို့တံခါးများ ပိတ်ထားသဖြင့် မြို့ပြင်ပ ခိုကိုးရာမဲ့သူတို့တည်းခိုရာဇရပ်၌ အိပ်ရသည်။ ခရီးကလည်းပန်း သက်တော်ကလည်း ရှစ်ဆယ်မို့ အိုမင်းမစွမ်းပြီ ဖြစ်သဖြင့် မင်းကြီးသည် ထိုဇရပ်ပေါ်၌ပင် ကံတော်ကုန်ကာ ကွယ်လွန်သွားရှာတော့သည်။ နံနက်လင်းသော် မောင်းမငယ်၏ ငိုကြွေးမြည်တမ်းသံကြောင့် အဇာတသတ်မင်းသည် အကြောင်းစုံသိသွားပြီး ဦးရီးတော်၏အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်သည်။ ဝိဒူဋ္ဌဘသည် ဖခင်၏ အရိုက်အရာအတိုင်း ကာသိနှင့် ကောသလတိုင်းတို့၏ ဘုရင်ဧကရာဇ်ဖြစ်ခဲ့ရလေပြီ။

ခံစားချက် အကောင်အထည်ဖော်ဖို့ စစ်ချီပြီ

ဘုရင်ဧကရာဇ် ဝိဒူဋ္ဌဘသည် သူ့နှလုံးသား၌ ကမ္ဘည်းထိုးထားသော ခံစားချက်ကို အကောင်အထည်ဖော်ရန် သာကီဝင်မင်းတို့ရှိရာ ကပိလဝတ်သို့ စစ်ချီခဲ့ပြီ။ ဘုရားရှင်သည် ကပိလဝတ်နယ်မြေရှိ အရိပ်ကျိုးတိုးကျဲတဲ့ သစ်ပင်အောက်၌ သီတင်းသုံးတော်မူနေသည်ကို တွေ့ရ၍ ပြန်ခဲ့သည်။ အရိပ်ကောင်းသော အပင်ကြီးတို့ရှိရာ သူ့နယ်မြေ သာဝတ္ထိဘက်၌ သီတင်းသုံးရန် လျှောက်ထားသောအခါ "အရိပ်တကာ့ အရိပ်တို့တွင် ဆွေမျိုးတို့၏ အရိပ်သည် အေးလှ၏" ဟု ဘုရားရှင်က မိန့်သောကြောင့် သုံးကြိမ်တိုင် တပ်ခေါက်ပြန်ခဲ့သည်။ လေးကြိမ်မြောက် တပ်ချီထွက်လာသောအခါ ဘုရားရှင်ကို မတွေ့ရတော့သဖြင့် ကပိလဝတ်သို့ အရောက်သွားကာ ဘိုးတော်မဟာနာမ်မင်းကြီးမှအပ သာကီဝင်အားလုံးကို သတ်ခဲ့သည်။

နှိုင်သူတကာတို့၏ဘုရင် သေမင်း

သာကီဝင်များကို သတ်ပြီး သာဝတ္ထိနန်းတော်သို့ အပြန်ခရီး၌ အစိရဝတီမြစ်၏ သဲသောင်ပေါ်၌ သစ်ခက်တဲနန်းထိုးကာ တစ်ည၀စ်နေစဉ် အထက်မြစ်ညာ၌ မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် အစိရဝတီမြစ်ရေသည် ဝိဒူဋ္ဌဘကို နောက်လိုက်နောက်ပါများနှင့်တကွ သမုဒ္ဒရာအတွင်းသို့ သယ်ဆောင်သွားတော့

http://www.dhammadownload.com

သည်။ နိုင်သူအားလုံးကို နောက်ဆုံး နိုင်သူသည် သေမင်းပင် ဖြစ်လေရော့သလား။

ဝိဋဋျာဘတို့အဖြစ်ဆိုးအကြောင်း ပြောနေကြသူ ရဟန်းတို့အထံ ဘုရားရှင် ကြွလာပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၈။ ပုပ္ဖာနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ၊
သုတ္တံ ဂါမံ မဟောဃော၀၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၄၈။ ပန်းမျိုးစုံလင် ပန်းဥယျာဉ်သို့ ဝင်၍ ကောင်းနိုးရာရာ ပန်းများကို ရွေးချယ်- ဆွတ်ခူးနေသူကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ်ချမ်းသာကို ကပ်ငြိတွယ်တာစိတ်ရှိသော မေ့လျော့နေသူအပေါင်းကို ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို မျှောယူသွားသကဲ့သို့ သေမင်းသည် ခေါ်ဆောင်သွားလေ၏။

ဝိဋဋျာဘဝတ္ထု ပြီး၏။

၄။ ပတိပူဇိကာ သတို့သမီးဝတ္ထု

[တောင်းသောဆုနှင့် ပြည့်ဝသူ]

နတ်သမီးတစ်ထောင် အခြံအရံဖြင့် တာဝတိံသာနတ်သား မာလာဘာရီသည် ပန်းဥယျာဉ်သို့ ထွက်လာ၏။ နတ်သမီး ငါးရာတို့သည် ပန်းပင်ပေါ်သို့တက်၍ ပန်းခူးကြကုန်၏။ ငါးရာသော နတ်သမီးတို့က ထိုပန်းတို့ဖြင့် မာလာဘာရီ နတ်သားကို ပန်ဆင်ပေးကြကုန်၏။ ထိုသို့ ပြုလုပ်နေကြစဉ် နတ်သမီးတစ်ယောက်သည် သစ်ပင်ပေါ်၌ပင် ပန်းခူးရင်း ကွယ်လွန်ကာ သာဝတ္ထိမြို့ဇော်ဂ်၌ အမျိုးသမီး ဖြစ်လာသည်။ သတို့သမီးငယ်သည် ဘဝဟောင်းကို ပြန်သိနိုင်သော ဇာတိဿရဉာဏ်ရှိသူဖြစ်၍ ဘဝဟောင်းကို ပြန်ကြည့်သော် မာလာဘာရီနတ်သား၏ ဇနီးဖြစ်ခဲ့ကြောင်း သိသွားသည်။

http://www.dhammadownload.com

လင်ဟောင်းကို လေးစားသူ

အရွယ်ရောက်သော် သာဝတ္ထိပြည်သား နှင့် အိမ်ထောင်ကျပြီး သားလေး ယောက် ရရှိသည်။ ဘာသာတရား လေးစားသူဖြစ်၍ ကောင်းမှုအမျိုးမျိုး ပြုလုပ်သည်။ သံဃာတော်များအတွက် လိုအပ်သမျှ ဝေယျာဝစ္စ ပြုလုပ်ပေး သဖြင့် သံဃာတော်များနှင့် ခင်မင်ရင်းနှီးသည်။ ကုသိုလ်ကောင်းမှုပြုတိုင်း စာဝတီသာမှ မာလာဘာရီနတ်သား၏ ဇနီးပြန်ဖြစ်ရန် ဆုတောင်းသည်။ လင်ကို လေးစားပြီး ကောင်းမှုပြုသောကြောင့် သူမကို "ပတိပူဇိကာ" ဟု ခေါ်ကြသည်။ သို့သော် သူ လေးစားသောလင်မှာ ယခုလက်ရှိ လင်မဟုတ်၊ ယခင်ဘဝက ခင်ပွန်းဖြစ်သူ မာလာဘာရီနတ်သား ဖြစ်နေသည်။

လူ့ပြည်မှာတစ်သက်၊ တာဝတိံသာ၌တစ်ရက်

တစ်နေ့သ၌ ပတိပူဇိကာသည် ရောဂါတစ်ခုကြောင့် ထိုညနေပိုင်း၌ သေဆုံးသွားသည်။ သူ့ဆုတောင်းအတိုင်း မာလာဘာရီနတ်သားထံ ပြန်ရောက် သွားသည်။ သူ ပြန်ရောက်ချိန်တွင် မာလာဘာရီနတ်သားနှင့် နတ်သမီးတို့ သည် ပန်းဥယျာဉ်၌ ပျော်မြူးနေကြတုန်းပင် ရှိသေးသည်။ လူ့ပြည်၌ အနှစ် တစ်ရာသည် တာဝတိံသာနတ်ပြည်၌ တစ်ရက် ဖြစ်သည်။ ခဏပျောက်သွား သော ပတိပူဇိကာကို ပြန်မြင်ရသောအခါ "စောစောက နင် ဘယ်သွားနေ သလဲ" ဟု နတ်သားက မေးသဖြင့် လူ့ပြည်၌ လူ့သက်တမ်းပြည့် အမျိုးသမီး ဘဝ ဖြစ်နေခဲ့ပုံနှင့် ကောင်းမှုများပြုလျက် ဆုတောင်းခဲ့၍ တာဝတိံသာသို့ ယခု ပြန်ရောက်ရပုံတို့ကို ပြောပြသည်။

ရဟန်းတို့က ဘုရားရှင်ကို ပတိပူဇိကာ ကွယ်လွန်သွား၍ မည်သည့်ဘုံ၌ ဖြစ်နေပါသနည်းဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ပတိပူဇိကာ သည် တာဝတိံသာရှိ ခင်ပွန်းဟောင်းထံ၌ ဇနီးပြန်ဖြစ်နေပြီ" ဟု မိန့်တော်မူ ကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၈။ ပုပ္ဖာနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမာနသံ နရံ။
အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၄၈။ ပန်းဥယျာဉ်၌ ကောင်းနိုးရာရာ ပန်းများကို ရွေးချယ်ဆွတ်ခူးသူကဲ့သို့ ကာမဂုဏ် ချမ်းသာအမျိုးမျိုးကို ရွေးချယ်ခံစားလျက်၊ မရသေးသော ကာမဂုဏ်ကို တောင့်တပြီး၊ ရပြီးသည်ကို တွယ်တာ ကပ်ငြိလွန်းသူတို့သည် သူတို့၏ အလိုဆန္ဒ မပြည့်ဝမီပင် သေမင်းခေါ်ရာနောက်သို့ လိုက်ပါသွားရလေသည်။

ပတိပူဇိကာသတို့သမီးဝတ္ထု ပြီး၏။

၅။ မဏ္ဍရိယ ကောသိယသူဌေး ဝတ္ထု

[နှမြောတွန့်တိုသူအဖြစ်မှ ရက်ရောစွာလှူဒါန်းသူဖြစ်ရပုံ]

ဥစ္စာရတနာ ကုဋေရှစ်ဆယ် ပိုင်ဆိုင်သော်လည်း မည်သူ့ကိုမျှ ပေးကမ်းလှူဒါန်းခြင်းမရှိ၊ မိသားစုကိုပင် မပေးလိုဘဲ နှမြောဝန်တိုလွန်းသောကြောင့် "မဏ္ဍရိယကောသိယ" အမည်ရှိ သူဌေးသည် ရာဇဂြိုဟ်အနီး သက္ကာရနိဂုံး၌ နေလေသည်။ ဘုရားရှင်သည် မဂ်ဖိုလ်ရထိုက်သူတို့ကို ကြည့်သော် မဏ္ဍရိယသူဌေး တရားရမည်ကို မြင်တော်မူသဖြင့် သူဌေးကို ဇေတဝန်ကျောင်းတော်အရောက် ခေါ်ဆောင်ရန် အရှင်မဟာမောဂ္ဂလာန်ကို တာဝန်ပေးတော်မူသည်။

သူဌေးကတော်ကိုပင် မပေးလို၊ မကျွေးလိုသူ

မဏ္ဍရိယသူဌေးသည် ဘုရင်မင်းမြတ်ကို ခစားပြီး ပြန်အလာ လမ်းတွင် မုန့်အိုးကပ်စားနေသူများကို မြင်သော် စားလိုသောဆန္ဒ အပြင်းအထန် ဖြစ်လာသည်။ လိုချင်တပ်မက်မှု တဏှာ၏သဘောသည် ရလို၊ စားလိုသောဆန္ဒ မပြည့်ဝမချင်း ပြေပျောက်သွားသောသဘော မရှိချေ။ ထိုဆန္ဒကို မည်သူ့မျှ အသိမပေးဘဲ ကျိတ်မှိတ်နေသော်လည်း အာသာဆန္ဒ မပြည့်ဝသဖြင့် စိတ်ဆင်းရဲရာမှ တစ်နေ့ထက်တစ်နေ့ ခန္ဓာကိုယ် ကြုံလှီ အားနည်းလာသည်။

http://www.dhammadownload.com

သူဌေးကတော်က အမျိုးမျိုးမေးသောအခါမှ အဖြစ်မှန်ကို ပြောပြသဖြင့် အိမ်၏ ဘုံခုနစ်ဆင့်သို့တက်ပြီး မုန့်လုပ်စားရန် စီစဉ်ကြသည်။ သူတစ်ပါးတို့ မသိစေရန်၊ မပေးရစေရန် မြင့်မော့ဆိုသည့်နေရာကို တက်ပြီး မုန့်လုပ်ရန် စီစဉ်ခြင်း ဖြစ်သည်။ မုန့်လုပ်သောအခါ သူဌေးကြီးတစ်ဦးတည်း စားရန်သာ လုပ်မည် အခြားသူဆို၍ သူဌေးကတော်အတွက်ပင်မပါ။

အရှင်မဟာမောဂ္ဂလာန် ဆွမ်းရပ်လာပြီ

ဘုံအမြင့်သို့တက်ကာ မုန့်လုပ်ချိန်တွင် အရှင်မဟာမောဂ္ဂလာန်မထေရ်က ကောင်းကင်ပြင်၌ ဆွမ်းအလှူခံရန် ရပ်တော်မူလာသည်။ ကောင်းကင်၌ ရပ်တော်မူနေသော အရှင်မဟာမောဂ္ဂလာန်ကိုမြင်သော် သူဌေးကြီးက ရပ်ရံမက လမ်းလျှောက်ပြလည်း မလှူဟုပြော၍ မထေရ်ကြီးက လမ်းလျှောက်ပြသည်။ တင်ပလ္လင်ခွေပြလည်း မလှူ၊ ပြတင်းပေါက်၌ လာရပ်လည်း မလှူ၊ အခိုး အငွေ့လွှတ်လည်း မလှူဟုပြောသော် အရှင်မဟာမောဂ္ဂလာန်မထေရ်က အခိုး များလွှတ်ရာ သူတို့ဘုံခုနစ်ဆင့် အခိုးအငွေ့တို့ဖြင့် ဖုံးလွှမ်းသွား၍ သူဌေးကြီး တို့ မျက်စိများ ကျိန်းစပ်ကုန်ကြသည်။ ထိုအခါ သူဌေးကြီးက ဤရဟန်းသည် မုန့်အပေါ် စွဲစွဲလမ်းလမ်း ဖြစ်နေသည်။ မုန့်မရဘဲ ပြန်မှာမဟုတ်။ ဒါကြောင့် "မုန့်သေးသေးတစ်ခု ကြော်ပေးလိုက်" ဟု ပြော၍ လှူရန် မုန့်သေးသေး လုပ်သည်။ မုန့်သည် သေးသေးလုပ်ကာမှ အကြီးကြီး ဖြစ်လာသည်။ ကြီးသွား၍ ပြင်ပြီး ထပ်လုပ်လေ ပိုကြီးလေ ဖြစ်နေသဖြင့် မုန့်တစ်ခုကိုလှူရန် ယူသော အခါ မုန့်အားလုံး ကပ်နေလျက် အကုန်လုံး ပါလာသည်။ သူဌေးစားဖို့ပင် မကျန် ဖြစ်သွားသည်။

မုန့်အားလုံးလှူပြီ

ထိုအခါ သူဌေးကြီးသည် မုန့်၏ ထူးထူးခြားခြား ဖြစ်နေပုံကြောင့် မုန့်အားလုံး မထေရ်ထံ ကပ်လှူလိုက်တော့သည်။ အရှင်မဟာမောဂ္ဂလာန်က မုန့်အားလုံးကို ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ယူသွားပြီး ဘုရားရှင် နှင့်တကွ သံဃာတော်များကို လှူဒါန်းမည်ပြော၍ သူဌေးကြီးနှင့် ဧနီးတို့သည် မုန့်များကိုယူကာ မထေရ်နှင့်အတူ ကျောင်းတော်သို့ လိုက်သွားကြသည်။

http://www.dhammadownload.com

မုန့်များကို ရဟန်းတော်တို့အား အကြိမ်ကြိမ် လှူသော်လည်း မကုန်နိုင်သောကြောင့် ကျန်သောမုန့်ကို ဘုရားရှင်က ဇေတဝန်ကျောင်းမုခ်ဝ အနီးရှိ "ကပလ္လကပူဝပဗ္ဘာရ" မုန့်စွန့်ပစ်ရာ ချိုင့်ဝှမ်းသို့ သွားရောက် စွန့်ပစ်ရန် မိန့်တော်မူသဖြင့် စွန့်ပစ်လိုက်ကြသည်။

သောတာပန်ဖြစ်ကြပြီ

ဘုရားရှင်သည် သူဌေးကြီးတို့အား ဒါနပြုပုံနှင့် ဒါန၏ အကျိုးကို ဟောကြားရာ သူဌေးဇနီးမောင်နှံ၏ စိတ်သန္တာန်၌ နမြောတွန့်တိုမှုများ ကင်းလာသည်။ သီလအကြောင်း ဟောတော်မူသော် သီလဆောက်တည်လိုစိတ်များ ဖြစ်ပေါ်လာပြီး ကာမဂုဏ်တို့၏အပြစ်ကို ဟောသော် ကာမဂုဏ်၌ ငြီးငွေ့စိတ်များ ဖြစ်လာကြသည်။ သစ္စာတရားကို ဟောတော်မူသော် သစ္စာဉာဏ်များ ဖြစ်ပေါ်လာလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်များရကာ သူဌေးဇနီးမောင်နှံတို့ သောတာပန်အရိယာများ ဖြစ်သွားကြသည်။ အရိယာဖြစ်သွားကြသော် ကုဋေရှစ်ဆယ်သော ဥစ္စာပစ္စည်းများကို သာသနာတော်အတွက် ဖျက်ရောစွာ လှူဒါန်းကြသည်။

ဘုရားရှင်သည် ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

၄၉။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

ဒေသနာ၏အဓိပ္ပာယ်

၄၉။ ပျားပိတုန်းသည် ပန်းပွင့်နှင့် ပန်းပွင့်၏ အဆင်းအနံ့ကို မပျက်စီးစေဘဲ ဝတ်ရည်ကိုသာ စုပ်ယူ ပျံသန်းသွားသကဲ့သို့ ရဟန်းသည်လည်း ဒါယကာတို့၏ ပန်းတည်းဟူသော သဒ္ဓါတရားနှင့် ပစ္စည်းတည်းဟူသော အဆင်းအနံ့တို့ကို မပျက်စီးစေဘဲ ပစ္စည်းလေးပါးတည်းဟူသော အရသာကို ခံယူလျက် ကျင့်သုံးရာ၏။

မဏ္ဍရိယ ကောသိယသူဌေး ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ပါဝေယျက တက္ကတွန်းဝတ္ထု

[သာဓုခေါ်သံကြား၍ စိတ်ဆင်းရဲသူ]

ဘုရားရှင်လက်ထက် သာဝတ္ထိမြို့တော်တွင် တက္ကတွန်း ကိုးကွယ်သူ သူကြွယ်မတစ်ဦးသည် အိမ်နီးချင်းတို့ထံမှ ဘုရားရှင်နှင့် ဘုရားရှင်၏ တရားတော်အကြောင်းကို ကြားသိရသဖြင့် တရားနာရန် ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ သွားဖို့ စီစဉ်သည်။ သို့သော် သားကဲ့သို့ ကျွေးမွေးပြုစုထားသော ပါဝေယျက တက္ကတွန်းက အကြိမ်ကြိမ်တားမြစ်သည်။ ထို့ကြောင့် ဘုရားရှင်အား အိမ်သို့ပင့်ပြီးဆွမ်းကပ်ရန် သားငယ်ကို စေလွှတ်လိုက်သည်။

ဘာသာရေးကျောင်းစုံရှိသည့် သာဝတ္ထိ

ထိုအချိန်က သာဝတ္ထိပြည်တွင် ဘုရားရှင်၏ကျောင်းတော် ဇေတဝန် ရှိသကဲ့သို့ ပရိဗိုဇ်တို့၏ကျောင်းတိုက်များနှင့် အာဇီဝကတို့၏ ကျောင်းတိုက်များလည်း ရှိသည်။ ကောသလမင်းသည် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံးနှင့် သင့်လျော်သလို ဆက်ဆံနေသူဖြစ်သောကြောင့် သာဝတ္ထိတွင် ဘာသာရေးဆိုင်ရာ ကျောင်းပေါင်းစုံရှိနေခြင်း ဖြစ်သည်။

နေရပ်လိပ်စာမပေးဘဲ ပင့်ခဲ့

ဘုရားရှင်ကိုပင့်ရန် စေလွှတ်ခံရသူ သားသည် ပါဝေယျက တက္ကတွန်းကျောင်းသို့ အရင်သွားကာ ပါဝေယျက တက္ကတွန်းအား သူ့အမေ စေခိုင်းသည့်ကိစ္စကို ပြောပြသည်။ တက္ကတွန်းက "ရဟန်းဂေါတမကို သွားမပင့်နှင့်၊ ချက်ထားသမျှကို တို့နှစ်ယောက် ကောင်းကောင်းစားကြမည်" ဟု ပြောကာ တားသေးသည်။ အမေခိုင်းသောကိစ္စဖြစ်၍ မပင့်လျှင် မဖြစ်ဟု ပြောသောအခါ "အေး... သွားပင့်၊ လာရမည့်လမ်းနှင့် အိမ်ရှိရာနေရာတို့ကို ပြောမပြဘဲ ပင့်ခဲ့" ဟု တက္ကတွန်းက မှာသဖြင့် သူ ပြောသည့်အတိုင်း ဘုရားရှင်ကို လိပ်စာမပေးဘဲ ပင့်ထားခဲ့သည်။

ဘုရားရှင်သည် နံနက်စောစောပင် သူကြွယ်မအိမ်သို့ ကြွလာသည်။

http://www.dhammadownload.com

ပါဝေယျက တက္ကတွန်းသည်လည်း စောစောပင် ထိုအိမ်သို့ ရောက်နေကာ နောက်ဘက်ရှိ တိုက်ခန်းတွင်းသို့ ဝင်နေသည်။

တက္ကတွန်းနှင့် သူကြွယ်မ၏သားတို့သည် လိပ်စာမပေးလျှင် ဘုရားရှင် ကြွမလာနိုင်ဟု ထင်နေကြသည်။ ဘုရားရှင်သည် သူကြွယ်မ၏အိမ်ရှိရာ အရပ်ကို သာမက နတ်ပြည်သို့ သွားရာလမ်း၊ ဗြဟ္မာ့ပြည်သို့ သွားရာလမ်း နှင့် အပါယ်ဘုံသို့ ရောက်စေနိုင်သည့်လမ်းတို့ကို သိတော်မူသော သဗ္ဗညု ဘုရားရှင် ဖြစ်သည်ကို သူတို့နှစ်ယောက်မသိကြ။ ဆွမ်းဘဉ်းပေးပြီး၍ ဆွမ်း လှူရခြင်းအကျိုး စသော တရားတော်တို့ကို ဘုရားရှင်က ဟောတော်မူသော် သူကြွယ်မက "သာဓု သာဓု သာဓု" ဟု သုံးကြိမ်ခေါ်လျက် ကြားကြားသမျှ သတ္တဝါတို့အား အမျှပေးဝေသည်။

သာဓုခေါ်သံကြား၍ စိတ်ဆင်းရဲသူ

"သာဓု" ဟူသော ပါဠိစကား၏ အဓိပ္ပာယ်မှာ အလွန်ကျေနပ် အားရ သဖြင့် "အလွန်ကောင်းလှပါသည်" ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော် သူကြွယ်မ၏ သာဓုခေါ်သံကြားသောအခါ ပါဝေယျက တက္ကတွန်းသည် များစွာ စိတ်ဆင်းရဲသွားသည်။ တုန်လည်း တုန်လှုပ်လျက် အလွန်အလွန် လည်း စိတ်ဆိုးသွားတော့သည်။

အကြောင်းမှာ သူ့ဒါယိကာမသည် ဘုရားရှင်တရားတော်ကို အားရ ပါ၏၊ ကျေနပ်ပါ၏၊ နှစ်သက်ဝမ်းမြောက်လှပါ၏၊ **"ကောင်းလှပါ၏"** ဟု အဓိပ္ပာယ်ရှိသော သာဓုဟု သုံးကြိမ်ခေါ်သံကို ကြားရသဖြင့် ဘုရားရှင်ကို ကြည်ညိုသွားပြီဟု ခံစားရသောကြောင့် ဖြစ်သည်။

ပါဝေယျက တက္ကတွန်းသည် သူကြွယ်မနှင့် ဘုရားရှင်တို့ကို ဆဲဆိုကြိမ်း မောင်း ရေရွတ်ကာ ဆွမ်းပင်မစားတော့ဘဲ သူ ရောက်နေရာအခန်းမှ ထပြန် သွားတော့သည်။ တက္ကတွန်း၏ အပြောအဆို အပြုအမူကြောင့် သူကြွယ်မ သည် များစွာ စိတ်ဆင်းရဲနေရသည်။ သို့သော် ဘုရားရှင်က ဤဒေသနာ တော်ကို ဟောတော်မူသောအခါ ဒေသနာတော်အဆုံး၌ သူကြွယ်မသည် တရား ရကာ သောတာပန်ဖြစ်သွားသည်။

http://www.dhammadownload.com

၅၀။ နှ ပရေသံ ဝိလောမာနိ၊ နှ ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။

ဒေသနာ၏အဓိပ္ပာယ်

၅၀။ သူတစ်ပါးတို့ပြောသော ကြမ်းတမ်းဝန်တို မလိုလားသော စကား တို့ကို နှလုံးမသွင်းအပ်။ သူတစ်ပါးတို့ ကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကို မကြည့်ရှု မဆင်ခြင်ရာ။ မိမိ၏ သမထဝိပဿနာ ဘာဝနာ ကောင်းမှုပြု၊ မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။

ပါဝေယျက တက္ကတွန်းဝတ္ထု ပြီး၏။

၎။ ဆတ္တပါဏိ ဥပါသကာ ဝတ္ထု

[မင်းထက်ဘုရားရှင်ကို ပိုမိုအလေးထားသူ]

သာဝတ္ထိပြည်သား ပိဋကတ်သုံးပုံဆောင် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သူ ဆတ္တ ပါဏိ ဥပါသကာသည် ဘုရားရှင်ထံ၌ တရားနာကြားနေသည်။ ထိုအချိန်၌ ကောသလမင်းသည် ဘုရားဖူးရန် ရောက်လာလေရာ ဆတ္တပါဏိဥပါသကာက ဘုရင်လာသည်ကို မြင်သော်လည်း နေရာမှ ထမပေးဘဲ နေမြဲနေနေသဖြင့် မင်းကြီး အမျက်ထွက်သည်။ ဘုရားရှင်က မင်းကြီး အမျက်ထွက်သည်ကို သိ ၍ "ဒကာတော်မင်းကြီး၊ ဆတ္တပါဏိ ဥပါသကာသည် အနာဂါမ်လည်းဖြစ်၊ ပိဋကသုံးပုံကိုလည်း ဆောင်သူဖြစ်သည်ဟု ဆတ္တပါဏိ၏ဂုဏ်ပုဒ်ကို ထုတ်ဖော် ချီးကျူးလေသည်။ မင်းကြီးသည် ဘုရားရှင် မိန့်ခွန်း၏ ဆိုလိုချက်ကို ရိပ်မိ သိရှိသွားပြီး ဆတ္တပါဏိအပေါ် မကျေနပ်မှု ပြေပျောက်သွားသည်။ မင်းတို့ အမျက် မားစောင်းထက် ပိုထက်သည်ဟု အဆိုရှိသည် မဟုတ်ပါလော။ ဒေါသ အမျက်ထွက်နေသူသည် ကျိုးကြောင်းဆင်ခြင်နိုင်မှု မရှိဟုလည်း ဆို စကားရှိသည်။

http://www.dhammadownload.com

မင်းတကာ့မင်းမို့ အလေးထား

အနာဂါမ်ဖြစ်နေသူ ဆတ္တပါဏိကား မင်းကြီးအပေါ် တမင်သက်သက် မလေးမစားပြုကာ ထိုင်နေခြင်းမဟုတ်၊ မင်းတကာ့မင်းတို့ထက် မင်းဖြစ်တော်မူသော ဘုရားရှင်ထံ၌ နေတော်မူစဉ် ပဒေသရာဇ် မင်းတစ်ပါးပါးကို မြင်ရုံမျှဖြင့် ထခဲ့သည်ရှိသော် ဘုရားရှင်ကို မရိုသေ မလေးစားရာ ရောက်သဖြင့် နေရာမှ ထမပေးခြင်းဖြစ်သည်။

တစ်နေ့သ၌ ကောသလမင်းသည် ဆတ္တပါဏိကို ခေါ်စေလျက် မိဖုရားများအား ပိဋကတ်တော် သင်ကြားပေးပါဟု မိန့်ကြားသည်။ ဆတ္တပါဏိ ဥပါသကာက "မင်း၏ နန်းတော်၌ မိဖုရားများအား လူပုဂ္ဂိုလ်တစ်ယောက်က ပိဋကတ်တော် သင်ပေးခြင်းထက် ရဟန်းတော်တစ်ပါးပါးက သင်ပေးလျှင် ပိုမို သင့်လျော်ပါသည်" ဟု လျှောက်ထားသဖြင့် ဘုရင်က မြတ်စွာဘုရားရှင်ထံ ရဟန်းတော် တစ်ပါးကို ပေးသနားပါရန် လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က မိဖုရားများအား ပိဋကတ်တော် သင်ပေးရန် အရှင်အာနန္ဒာကို တာဝန်ပေးတော်မူသည်။

ဘုရားရှင်က မိဖုရားကြီးတို့အား ပိဋကတ်တော် သင်ကြားပေးနေမှုနှင့် စပ်လျဉ်း၍ မေးတော်မူသောအခါ အရှင်အာနန္ဒာက "မိဖုရားကြီး မလွိကာသည် အလေးအနက်ထား၍ ရိုရိုသေသေ သင်ယူပါသည်။ ဆွေတော်မျိုးတော် ဖြစ်သော မိဖုရားကြီး ဝါသဘခတ္တိယာကား ကောင်းစွာ သင်ယူခြင်းမရှိပါဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၁။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတော။
၅၂။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ သဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ ကုဗ္ဗတော။

ဒေသနာ၏အဓိပ္ပာယ်

၅၁။ လှပ၍ အဆင်းသာရှိပြီး အနံ့မရှိသော ပန်းသည် တန်ဖိုးမရှိသကဲ့သို့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အထိ အကျိုးရှိသော ကောင်းစွာ ဟောကြားအပ်သည့်

http://www.dhammadownload.com

ဘုရားရှင်၏ ဒေသနာတော်သည် မလိုက်နာ၊ မသင်ယူ မကျင့်သုံးသူအတွက် အကျိုးမရှိ။

၅၂။ အဆင်းရော၊ အနုံပါ ပြည့်စုံသည့် ပန်းသည် တန်ဖိုးကြီးသကဲ့သို့ မင်၊ ဖိုလ်၊ နိဗ္ဗာန်အထိ အကျိုးရှိသော ကောင်းစွာ ဟောကြားအပ်သည့် ဘုရားရှင်၏ ဒေသနာတော်သည် လိုက်နာကျင့်သုံးသူအတွက် အကျိုးများစွာကို ဆောင်ရွက်ပေးနိုင်၏။

ဆတ္တပါဏိဥပါသကာဝတ္ထု ပြီး၏။

၈။ ဝိသာခါကျောင်းအမကြီးဝတ္ထု

[သားသမီး၊ မြေး၊ မြစ် ၈၄၀ ရှိသူ]

ဝိသာခါသည် အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ ဓနဥယသူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့၏ သမီးရတနာဖြစ်သည်။ တစ်နေ့တွင် ဘုရားရှင်သည် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ နောက်ပါရဟန်းသံဃာတော်များ ခြံရံလျက် ကြွလာတော်မူသည်။ ဝိသာခါ၏အဘိုး မေဏ္ဍကသူဌေးကြီးသည် ခုနစ်နှစ်အရွယ်သာရှိသေးသော မြေးမလေး ဝိသာခါကို ဘုရားရှင်အား ကြိုဆိုရာ၌ ဦးဆောင်ရန် တာဝန်ပေးလိုက်သည်။ ဝိသာခါသည် အဆွေအရံ အမျိုးသမီးငယ်ငါးရာနှင့်အတူ ရထားစီးလျက် ဘုရားရှင်ထံ ရောက်လာသည်။ ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ဝိသာခါနှင့် အမျိုးသမီးငယ် ငါးရာတို့ သောတာပန်ဖြစ်သွားကြသည်။

အဘိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးသည်လည်း သူ၏ စရိုက်နှင့်ညီသော တရားတော်ကို နာကြားရသဖြင့် သောတာပန်ဖြစ်ပြီး ဘုရားရှင်နှင့် သံဃာတော်တို့အား ၁၅ ရက်တိုင်တိုင် ဆွမ်းခဖွယ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။

http://www.dhammadownload.com

သာကေတမြို့ တည်ပြီးနေထိုင်

အင်္ဂတိုင်းနှင့် မာဂဓတိုင်းကို ဗိမ္ဗိသာရမင်းက အုပ်စိုးပြီး ကောသလ တိုင်းကို ပသေနဒီကောသလမင်းက အုပ်စိုးသည်။ သူတို့နှစ်ယောက်သည် သမီးယောက်ဖ တော်စပ်ကြသည်။ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံ၌ သူဌေးကြီး ငါးဦးရှိပြီး ပသေနဒီကောသလမင်း၏ နိုင်ငံ၌ သူဌေးတစ်ဦးမျှ မရှိပေ။ ထို့ကြောင့် ကောသလမင်းကြီးက ဗိမ္ဗိသာရမင်းထံ သူဌေးတစ်ဦးပေးရန် တောင်းသည်။ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေး၏သား ဓနဥ္ဇယသူဌေးကို ပေးလိုက်သည်။ တစ်ညအိပ်ခရီးလာခဲ့ပြီးနောက် သာဝတ္ထိနှင့် ခုနစ်ယူဇနာအကွာတွင် ကောသလမင်းကြီး၏ ခွင့်ပြုချက်ဖြင့် ဓနဥ္ဇယသူဌေးသည် သာကေတမြို့ကိုတည်ကာ နေထိုင်သည်။

ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူရှာဖို့

သာဝတ္ထိမြို့နေ မိဂါရသူဌေးသည် သားဖြစ်သူ ပုဏ္ဏဝဍ္ဎနအတွက် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် ဇနီးလောင်းရှာဖွေရန် ပုဏ္ဏားရှစ်ယောက်တို့အား ရွှေပန်းကုံးနှင့် စရိတ်များပေးလျက် စေလွှတ်လိုက်သည်။ ပုဏ္ဏားတို့သည် သာကေတမြို့သို့ ရောက်လာပြီး မြို့ပြင်မြစ်ဆိပ်ရှိ ဇရပ်တစ်ခု၌ တည်းခိုကြသည်။ ဝိသာခါနှင့် အခြံအရံတို့သည် နက္ခတ်ပွဲ နွဲပျော်ဖို့ ရေချိုးရန် မြစ်ဆိပ်သို့ လာခဲ့ရာ ဇရပ်အနီးရောက်သောအခါ မိုးသည်းထန်စွာ ရွာသဖြင့် အခြံအရံ အမျိုးသမီးတို့ ဇရပ်အတွင်းသို့ ပြေးဝင်သွားကြသည်။

အချိန်မီ ထမင်းစားရဖို့မလွယ်

ဝိသာခါကမူ ဖြည်းဖြည်းမှန်မှန်ပင် ဇရပ်ဆီသို့ လျှောက်လာခဲ့သဖြင့် မိုးရေစိုကုန်သည်။ ပုဏ္ဏားတို့သည် မိမိတို့ တွေ့မြင်နေရသော သတို့သမီး၏ ကောင်းခြင်းငါးဖြာအနက် ဆံပင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်းနှင့် အရွယ်၏ကောင်းခြင်းတို့ကို တွေ့မြင်ရသော်လည်း အရိုး၏ ကောင်းခြင်းကို မတွေ့ရသဖြင့် ဝိသာခါကြားလောက်အောင် "ဤသူငယ်မသည် အခြားမိန်းကလေးများကဲ့သို့ လျင်မြန်သွက်လက်မှု မရှိ၊ သူနှင့်

http://www.dhammadownload.com

အိမ်ထောင်ကျသော ယောကျ်ားသည် အချိန်မီ ပုန်းရည်ဟင်းနှင့်ပင် ထမင်းစား ရဖို့ မလွယ်" ဟု ပြောဆိုကြသည်။

ပုဏ္ဏားတို့သည် ဝိသာခါစကား ပြန်ပြောလျှင် သူတို့ သိချင်သောအရိုး ၏ ကောင်းခြင်းဖြစ်သည့် သွားများ၏ အခြေအနေကို မြင်သိရုံမက စိတ်တို မှု၊ စိတ်ရှည်မှုတို့ကို ကြည့်ကာ ဝိသာခါ၏ စိတ်နေသဘောထားကိုပါ သိရန် 'စ' လိုက်ခြင်း ဖြစ်သည်။

ပြေးမသွားသင့်သူ လေးဦး

ထိုအခါ ဝိသာခါက "ဖခင်တို့၊ သာမန် အရေးအကြောင်းမျှလောက် ကြဲရရုံဖြင့် အလျင်အမြန် ပြေးမသွားသင့်သူ လေးဦးရှိပါသည်။ (၁) မင်းမြောက် တန်ဆာငါးပါး ဆင်မြန်းထားသော မင်း။ (၂) ကကြိုးတန်ဆာဆင်ထားသော မင်္ဂလာဆင်တော်။ (၃) ရဟန်းသံဃာတော်များနှင့် (၄) အမျိုးသမီးတို့သည် ပြေးမသွားသင့်သူများ ဖြစ်ကြပါသည်။ အမျိုးသမီးတို့သည် ရောင်းကုန်များနှင့် တူပါသည်။ ပြေးသွား၍ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုဖြစ်ရလျှင် အမျိုးသမီး များအတွက် တန်ဖိုးကျနိုင်ပါသည်။ "အမျိုးသမီးတို့ကျန်ခဲ့ ရွှေပေးလို့မရ" ဟူ သော စကားအတိုင်း အမျိုးသမီးများသည် ကျန်ခဲ့ရှင်များ ဖြစ်သင့်ပါသည်" ဟု ရှင်းပြပြောဆိုသည်။

ပုဏ္ဏားတို့ ပြန်ကြပြီ

ပုဏ္ဏားတို့သည် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူအဖြစ် ဆုံးဖြတ်လျက် ရွှေပန်းကုံးကို ဝိသာခါအား ပေးအပ်လိုက်ကြသည်။ ဝိသာခါသည် ဖခင်ထံသို့ ရထားငါးရာ လွှတ်ပေးရန် မှာကြားလိုက်ပြီး ပုဏ္ဏားတို့နှင့်အတူ အိမ်သို့ပြန်လာ သည်။ ဓနဥယသူဌေးကြီးကလည်း သတို့သား၏ အမည်နှင့် အမျိုးအနွယ်ကို မေးပြီး သမီးဝိသာခါ၏ ဆုံးဖြတ်ချက်အတိုင်း လက်ခံလျက် ထိမ်းမြားပေးရန် သဘောတူလိုက်သည်။

ပုဏ္ဏားတို့ထံမှ အကြောင်းစုံ သိရပြီဖြစ်သဖြင့် သတို့သားပုဏ္ဏဝမုနန၏ ဖခင် မိဂါရသူဌေးကြီးသည် ကောသလမင်းကြီးအား အသိပေးလျှောက်ထား

http://www.dhammadownload.com

သည်။ မင်းကြီးကိုယ်တိုင် စစ်သည်ဗိုလ်ပါနှင့်အတူ သတို့သမီးတော်ရာသို့ လိုက်လာသည်။

ဝိသာခါသည် လိုက်ပါလာမည့် မင်းကြီးနှင့် စစ်သည်များအတွက်ရော ဂုဏ်သရေရှိ လူကြီးလူကောင်းတို့အတွက်ပါ အဘက်ဘက်မှ လိုလေသေးမရှိ အောင် စီစဉ်ဧည့်ခံသည်။

မဟာလတာတန်ဆာ

ဓနဥယသူဌေးသည် သမီးဝိသာခါအတွက် မဟာလတာတန်ဆာပြုလုပ်ရန် ပန်းထိမ်သည် ငါးရာတို့အား တာဝန်ပေးသည်။ မဟာလတာတန်ဆာတွင် ရွှေစင်နိုက္ခတစ်ထောင်၊ စိန်လေးကွမ်းစား၊ ပုလဲ ၁၁ ကွမ်းစား၊ သန္ဓာ ၂၂ ကွမ်းစား၊ ပတ္တမြား ၃၃ ကွမ်းစားတို့ ပါရှိသည်။ ထိပ်တည့်တည့်အလယ်၌ ဥဒေါင်းရုပ်ပါရှိပြီး ဝတ်ဆင်လိုက်လျှင် ဦးခေါင်းမှ ခြေဖမိုးအထိ ဖုံးသည်။ လေးလကြာအောင် ပြုလုပ်မှပြီးသည်။ ဘုရားရှင်လက်ထက်တော်က မဟာလတာတန်ဆာ ဝတ်ဆင်ရသူ သုံးယောက်ရှိသည်။ ဝိသာခါသတို့သမီး၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာနှင့် ဗာရာဏသီ သူဌေးသမီးတို့ ဖြစ်ကြသည်။

ရှေးကောင်းမှုကံကြောင့် မဟာလတာရရှိ

ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်၌ ကိကီမင်းကြီး၏ အငယ်ဆုံး သမီးတော်ဖြစ်နေပြီး ဘုရားရှင်နှင့်တကွ သံဃာနှစ်သောင်းတို့အား သင်္ကန်း၊ အပ်၊ အပ်ချည်နှင့် ဆိုးရည် စသည်တို့ကို လှူခဲ့သော ကောင်းမှုကြောင့် မဟာလတာတန်ဆာ ဝတ်ဆင်ရသည့် အကျိုးခံစားရခြင်း ဖြစ်သည်။

မိဂါရသူဌေးကြီးတို့သည် ချွေးမလောင်း ဝိသာခါနေသည့် သာကေတမြို့သို့ ရောက်နေသည်မှာ ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ဆိုလျှင် လေးလပြည့်ပြီ ဖြစ်သည်။ မဟာလတာတန်ဆာသည်လည်း ထိုနေ့မှာပင် လုံးဝဥဿုံပြီးစီးသွားသည်။ နောက်နေ့တွင် ဝိသာခါသည် ခင်ပွန်းနှင့်အတူ ယောကမ္မအိမ်သို့ လိုက်ရတော့မည်ဖြစ်သဖြင့် ဖခင်ဓနဥယသူဌေးကြီးက သမီး ဝိသာခါအား ဤသို့ ဆုံးမစကား မှာကြားသည်။

http://www.dhammadownload.com

ဖခင်၏ မှာကြားချက် ၁၀-ချက်

"သမီး၊ ယောကျ်မအိမ်၌နေသူ ချွေးမသည် (၁) အိမ်တွင်းမီးကို အပြင် မထုတ်ရ။ (၂) အပြင်မီးကိုလည်း အိမ်တွင်းသို့ မသွင်းရ။ (၃) ပြန်ပေးသူ ကိုသာ ပေးရ၏။ (၄) ပြန်မပေးသူအား မပေးရ။ (၅) ပေးသောသူကို ဖြစ်စေ၊ မပေးသောသူကိုဖြစ်စေ ပေးရ၏။ (၆) ချမ်းသာစွာ ထိုင်နေရ၏။ (၇) ချမ်းသာစွာ စားရ၏။ (၈) ချမ်းသာစွာ အိပ်ရ၏။ (၉) မီးကို ရိုသေ စွာ လုပ်ကျွေးရ၏။ (၁၀) အိမ်ဦးနတ်ကို ရိုသေရ၏"

ဤဆုံးမချက်များကို အဓိပ္ပာယ်နှင့်တကွ ရှင်းလင်းမှာကြားပြီး ကောသလ မင်းကြီးနှင့် ဧည့်သည်တို့စုံရာရှေ့တွင် "သမီးဝိသာခါ၌ အပြစ်ရှိလျှင် ဆုံးမ ရန်" ဟု ဆိုကာ သူဌေးကြီး ရုစ်ဦးထံလည်း ထပ်မံ၍ အပ်နှံလိုက်သည်။ သမီး ဝိသာခါအတွက် အခြားလိုအပ်မည့် အထောက်အပံ့မျိုးစုံကို ဖခင်ဓနဥယ သူဌေးကြီးက ပေးအပ်ကာ သမီးဝိသာခါကို ခင်ပွန်းရှိရာ သာဝတ္ထိမြို့သို့ ထည့် ပေးလိုက်သည်။

သာဝတ္ထိမြို့သူကြီးသားများက မင်္ဂလာလက်ဖွဲ့အဖြစ် ပေးပို့သော်ပစ္စည်း များကို သာဝတ္ထိမြို့သူမြို့သားများထံ ဝိသာခါက လက်ဆောင်အဖြစ် ပြန်လည် ပေးအပ်သည်။

မင်္ဂလာဆွမ်းကျွေး

သတို့သား ပုဏ္ဏဝဒ္ဓနနှင့် သတို့သမီး ဝိသာခါတို့အတွက် သတို့သား၏ မိဘတို့သည် သူတို့ကိုးကွယ်သော တိတ္ထိဂါးရာတို့ကိုပင့်ကာ မင်္ဂလာဆွမ်း ကျွေးသည်။ ဝိသာခါအား "ရဟန္တာများကို ဖူးမြော်ရန်လာပါ" ဟု ခေါ် သဖြင့် 'ရဟန္တာ' ဟူသော အသံကြား၍ အားရဝမ်းသာစွာဖြင့် ဖူးမြော်ရန် လိုက်လာခဲ့သည်။ အဝတ်မဆီး ကိုယ်လုံးတီးနေသော တိတ္ထိများကို မြင်သော် "စက်ဆုပ်ဖွယ်ရာတွေပါကလားဟု" ဆိုကာ မျက်နှာလွှဲလျက် ဝိသာခါ ပြန် လာခဲ့သည်။

ကိုးကွယ်မှု မှားခြင်းသည် မှားခြင်းတကာတို့တွင် အကြီးမားဆုံးအမှား ဖြစ်၍ ဝိသာခါသည် စိတ်မကောင်းခြင်းကြီးစွာ ခံစားလိုက်ရသည်။



ကန်တော့ပါ၏ ဘုရားတပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ စားနေသူဖြစ်ပါသည်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ဝိသာခါ၏ အပြောနှင့် အပြုအမူကြောင့် သူဌေးကြီးတို့ မိသားစုရော တိတ္ထိတို့ကပါ စိတ်ဆိုးသဖြင့် "ဝိသာခါကို အိမ်မှ နှင်ထုတ်ကြ" ဟု တိုက်တွန်းကြသည်။ သို့ရာတွင် "ဆွေကြီးမျိုးကြီးအသိုင်းအဝိုင်း" မှ လာသူဖြစ်၍ ဝိသာခါကို ချက်ချင်း နှင်မထုတ်ဝံ့သေးဘဲ အပြစ်ကိုသာ "တေး" ထားလိုက်ကြသည်။

ဝိသာခါကို နှင်ထုတ်ကြ

တစ်နေ့တွင် မဂဓရာဇသူဌေးကြီးသည် နို့ဃနာကို ရွှေခွက်၌ထည့်၍ စားနေစဉ် ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာသည်။ သူဌေးကြီးက မမြင်ချင်ယောင်ဆောင်နေကာ စားမြဲသာ ဆက်စားနေသည်။ ထိုအခါ ဝိသာခါက "ကန်တော့ပါ၏၊ ဘုရား၊ တပည့်တော်၏ ယောကျ်မသည် အဟောင်းကိုသာ စားနေသူ ဖြစ်ပါသည်" ဟု လျှောက်ထားသည်။ အဟောင်းဆိုသည်မှာ "မစင်" ကို ဆိုလိုခြင်းဖြစ်သည်ဟု ခံစားသွားပြီး သူဌေးကြီး စိတ်ဆိုးသွားကာ "ဝိသာခါကို အိမ်မှ နှင်ထုတ်ကြ" ဟု ကျွန်အမှုလုပ်တို့အား သူဌေးကြီးက အမိန့်ပေးသည်။ ဝိသာခါက "အပြစ်ရှိလျှင် အဆုံးအဖြတ်ပေးဖို့ သူဌေးကြီး ရှစ်ဦးထဲ အပ်ထားပြီးဖြစ်၍ သူဌေးကြီးတို့၏ အဆုံးအဖြတ် ခံယူမည်" ဟု ပြောသဖြင့် သူဌေးများကို အိမ်သို့ပင့်လျက် အပြစ်ကိုတိုင်ကြားသည်။ ဝိသာခါက "အဟောင်းဟူသည်မှာ အတိတ်ဘဝကပြုခဲ့သော ကောင်းမှု၏ အကျိုးကို ခံစားနေသူ ဖြစ်သည်။ ဆွမ်းခံကြွလာသောရဟန်းကို မြင်သော်လည်း ဆွမ်းလောင်းခြင်းဖြင့် ကုသိုလ်အသစ် မပြုပါ" ဟု ပြောလိုရင်းဖြစ်သည်ဟု ရှင်းပြလိုက်ရာ အပြစ်မှ လွတ်သွားတော့သည်။

တစ်ဖန် ဝိသာခါသည် ညတစ်ည၏ သန်းခေါင်ယံအချိန်ကြီးတွင် အိမ်ပြင်သို့ ထွက်သည်ဟု တိုင်ကြားပြန်သည်။ ဝိသာခါက "အိမ်ပြင်သို့ထွက်ခြင်းမှာ အိမ်ရှိ အာဇာနည်မြင်းကို ကိုယ်ဝန်လွယ်ထားသော မြင်းမကြီး ကလေးမွေးဖွားနေသဖြင့် အခြံအရံများနှင့်အတူ သွားပြီး ပြုစုခြင်း ဖြစ်ပါသည်" ဟု ရှင်းပြသောအခါ အားလုံး ကျေနပ်သွားကြပြန်သည်။

http://www.dhammadownload.com

လျှို့ဝှက်ချက် ရှင်းပြပါ

"ဝိသာခါသည် ဤအိမ်သို့ လိုက်ခါနီးအချိန်က သူ့ဖခင်က လျှို့ဝှက်မှာကြားလိုက်သော အဆုံးအမ ၁၀ ချက်ရှိသည်။ ထိုအချက်များကို ရှင်းပြပါ" ဟု စွဲချက်ထပ်တင်ပြန်သည်။ ထိုအခါ ဝိသာခါက ဤသို့ တစ်ချက်ချင်း ရှင်းပြလိုက်သည်။

အတွင်းမီး အပြင်မထုတ်ရ–ဆိုသည်မှာ ချွေးမတစ်ယောက်အနေဖြင့် မိမိတို့၏ အိမ်တွင်းရေးကို အခြားသူများအား ဇဝေဇဝါမပြရဟု မှာကြားခြင်း ဖြစ်ပါသည်။

အပြင်မီး အတွင်းမသွင်းရ–ဆိုသည်မှာ မိမိတို့ အိမ်သူအိမ်သားများ၏ အပြစ်အနာအဆာကို အခြားအိမ်သူ အိမ်သားများက ပြောဆိုကြလျှင် ထိုစကားများကို မိမိတို့ အိမ်သူအိမ်သားများအား ပြန်မပြောပြရဟု မှာကြားခြင်း ဖြစ်ပါသည်။

ပြန်ပေးသူကိုသာပေးရ၏–ဆိုသည်မှာ မိမိတို့၏ ပစ္စည်းများကို ငှားရမ်းပြီး အမှေမခံဘဲ ပြန်ပေးသူအားသာ ပစ္စည်းများ ငှားရမ်းရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

ပြန်မပေးသူကို မပေးရ–ဆိုသည်မှာ မိမိတို့၏ ပစ္စည်းပစ္စယများကို ငှားရမ်းပြီး ပြန်မပေးတတ်သူအား ပစ္စည်းပစ္စယမငှားရန် မှာကြားခြင်း ဖြစ်ပါသည်။

ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ပေးရမည်–ဆိုသည်မှာ ဆင်းရဲသောဆွေမျိုးနှင့် မိတ်ဆွေများအား ပြန်ရကောင်းစေဟူ၍ သဘောမထားဘဲ မိမိစွမ်းနိုင်သလောက် ထောက်ပံ့ရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

ချမ်းသာစွာ နေထိုင်ရမည်–ဆိုသည်မှာ လူကြီးမိဘများနှင့်နေထိုင်ရာတွင် မနီးလွန်း၊ မဝေးလွန်း၊ လေညာ၊ လေအောက် စသည့် အပြစ်ခြောက်ပါးကင်းသည့်နေရာ၌ နေထိုင်ရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

ချမ်းသာစွာ အိပ်ရမည်–ဆိုသည်မှာ ယောကျ်ား၊ မိဘများနှင့် ခင်ပွန်းသည်တို့ မအိပ်မီ သင့်လျော်သော ဝတ္တရားကို ပြုပေး၍ သူတို့အိပ်ပြီးမှ အိပ်ရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

မီးကို ရိုသေစွာလုပ်ကျွေးရမည်–ဆိုသည်မှာ မိမိ၏ ယောကျ်ားမနှင့် ခင်ပွန်းတို့အား မီးပုံကြီးကဲ့သို့ ကြောက်ရွံ့ ရိုသေစွာဖြင့် ပြုစုလုပ်ကျွေးရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

အိမ်ဦးနတ်ကို ရှိခိုးရမည်–ဆိုသည်မှာမိမိ၏ ခင်ပွန်းကို အိမ်ဦးနတ်ကဲ့သို့ ရိုသေလေးစားစွာ ဆက်ဆံရမည်ဟု မှာကြားခြင်း ဖြစ်ပါသည်။

ဤအိမ်၌ ဆက်နေပါ

ဤသို့ ရှင်းပြပြီးနောက် ဝိသာခါသည် အိမ်မှ ထွက်သွားရန်ပြင်ဆင်သည်။ မိဂါရသူဌေးကြီးသည် ဝိသာခါကိုရော၊ သူ့ဖခင်ဓနဉ္ဇယသူဌေးကြီးကိုပါ အထူးလေးစား ကြည်ညိုသွားသည်။ ဝိသာခါကိုလည်း ဤအိမ်၌ ဆက်နေထိုင်ရန် တောင်းပန်သည်။ ထိုအခါ ဝိသာခါက သူသည် ဂေါတမဘုရားရှင်ကို ကြည်ညိုသူဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်များအား ပြုစုလုပ်ကျွေးခွင့် ရမှသာလျှင် ဤအိမ်၌ ဆက်နေပါမည်ပြော၍ အားလုံးက လက်ခံ သဘောတူလိုက်ကြသည်။

နောက်ရက်များ၌ ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ကာ ဆွမ်းကပ်လှူသည်။ မိဂါရသူဌေးမှာ သူ့ဆရာ တိတ္ထိများက ဂေါတမ ဘုရားရှင်အား ဆွမ်းမကပ်ရ။ တရားမနာရဟု တားမြစ်ထားသဖြင့် တင်းတိမ်ကာရံလျက် တရားနာရသည်။ သို့သော် ပါရမီရှိသူဖြစ်သဖြင့် တရားတော်ကို ဘုရားရှင်ထံမှ နာကြားပြီးသည်နှင့် သောတာပန် ဖြစ်သွားတော့သည်။

မိဂါရသူဌေးကြီးသည် ကာရံထားသော တင်းတိမ်ကို မြှောက်ဖွင့်၍ "အရှင်မ ဝိသာခါသည် ကျွန်ုပ်၏ မိခင်ဖြစ်ပါသည်" ဟု ကြေညာလိုက်သည်။ ထိုအချိန်မှစ၍ ဝိသာခါကို **မိဂါရမာတာ** မိဂါရ၏မိခင်ဟုလည်း ခေါ်ဆိုကြသည်။ ဝိသာခါ၏ ကျေးဇူးကြီးလှသည်ကို ပူဇော်သောအားဖြင့် ထိုခေတ်တန်ဖိုးအရ သိန်းကျော်တန် ရွှေအတိပြီးသော "ဃနမဋ္ဌက" အဆင်တန်ဆာ ပြုလုပ်ပေးကာ ဝိသာခါကို ပူဇော်သည်။

http://www.dhammadownload.com

မိဂါရသူဌေး၏ မိခင်ဖြစ်သွားပြီ

ထို့နောက် သူဌေးကြီးက "မိမိ၏ ချွေးမဝိသာခါကြောင့် သူသည် ကိုးကွယ်မှုမှားရာမှ ကိုးကွယ်မှုအမှန်ရလာပြီ။ အပါယ်ဘေးဒုက္ခမှ လွတ်မြောက်ရပြီ" ဟု ဘုရားရှင်အား လျှောက်ထားသည်။

နောက်နေ့တွင် ဘုရားရှင်နှင့် သံဃာတို့အား ဆွမ်းကပ်ပြန်သဖြင့် ဘုရားရှင်၏ တရားကိုနာယူရသောအခါ သူဌေးကတော်ကြီးသည် သောတာပန်ဖြစ်သွားရပြန်သည်။

ဝိသာခါသည် ပုဏ္ဏဝဍ္ဎနနှင့် အိမ်ထောင်ကျရာမှ သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ဖွားမြင်သည်။ ထိုသားသမီးတို့က တစ်ယောက်တစ်ယောက်လျှင် သားတစ်ကျိပ်၊ သမီးတစ်ကျိပ် ဖွားမြင်ပြန်သည်။ မြေးတို့ကလည်း တစ်ယောက်လျှင် သားတစ်ကျိပ်၊ သမီးတစ်ကျိပ်စီ ဖွားပြန်သဖြင့် ရှေးဆရာတို့က "နှစ်ကျိပ် သားသမီး၊ မြေးကြီးလေးရာ၊ မြစ်မှာ ရှစ်ထောင်" ဟု ဝိသာခါ၏ အကြောင်း ရေးဖွဲ့ထားခဲ့ကြသည်။

တစ်နေ့တွင် ဝိသာခါသည် မဟာလတာတန်ဆာကို ဆင်မြန်းပြီး မင်္ဂလာပွဲတစ်ခုသို့ သွားရာမှ ဇေတဝန်ကျောင်းတော်သို့ ဆက်၍ လာခဲ့သည်။ ဘုရားရှင်ရှေ့တော်၌ မဝတ်ဆင်လိုသဖြင့် ကျွန်မတစ်ဦးထံ မဟာလတာကို အပ်နှံထားကာ ဘုရားရှင်ထံ၌ တရားနာယူသည်။ အပြန်တွင် ဝတ်ဆင်ရန် သတိရ၍ တောင်းသောအခါ ကျွန်မက မေ့ကျန်ခဲ့ကြောင်းပြောပြီး ကျောင်းဝင်းသို့ ပြန်ဝင်လာသည်။ အရှင်အာနန္ဒာက တွေ့သဖြင့် စောင်းတန်းဘေး၌ ကောက်ယူချိတ်ထားသည်။

ပုဗ္ဗာရုံကျောင်းဆောက်လှူပြီ

ဝိသာခါသည် မဟာလတာတန်ဆာကို အရှင်အာနန္ဒာက ကောက်ယူချိတ်ဆွဲထားခဲ့သဖြင့် ထိုအဆင်တန်ဆာကို အရှင်မြတ်အား လှူဒါန်းပြီးဖြစ်၍ ပြန်မယူတော့ပေ။ သို့သော် အရှင်မြတ်များအနေဖြင့်လည်း ဤအဆင်တန်ဆာကို ထိန်းသိမ်းရန် ခက်ခဲနေမည် ဖြစ်သည်ဟု စဉ်းစားပြီး ထိုနောက် မဟာလတာတန်ဆာကို ပြန်ယူ၍ လှည့်လည်ရောင်းသည်။ ဝယ်မည့်သူ မရှိ၍

http://www.dhammadownload.com

မိမိဘာသာ ငွေကိုးကုဋေဖြင့် ပြန်ဝယ်သည်။ ထို ကိုးကုဋေဖြင့် ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ရန် မြေနေရာ ဝယ်သည်။ ကျောင်းဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲအတွက် ကိုးကုဋေ အကုန်အကျခံ ဆောက်လုပ်ပြီး ပုဗ္ဗာရုံ ကျောင်းကို သာသနာတော်သို့ လှူဒါန်းသည်။ ထို့ကြောင့် ဝိသာခါသည် အလှူဒါနပြုကြသူ ဥပါသိကာမတို့တွင် အထွတ်မြတ်ဆုံးဟူသော ဧတဒဂ် ဘွဲ့ထူးကို ရရှိခဲ့သည်။

ကျောင်းလှူဒါန်းပွဲပြီးသော ညနေချမ်းတွင် ဝိသာခါသည် သားသမီး မြေးမြစ်အပေါင်း ခြံရံလျက် ကျောင်းတော်ကြီးကို လှည့်လည်ကာ ဤသို့ ဥဒါန်းကျူးလေသည်။

ဝိသာခါ ဥဒါန်းကျူးပုံ

(က) ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ခ) ကဒါဟံ မဏ္ဍပိဋ္ဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ဂ) ကဒါဟံ သလာကဘတ္တံ၊ သုစိ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(ဃ) ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမကပ္ပာသိကာနိ စ။
စိဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

(င) ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ၊ ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှ ပူရိတော။

ဥဒါန်း၏ မြန်မာပြန်အဓိပ္ပာယ်

(က) ငါသည် ကျောင်းတိုက်ကြီး ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

(ခ) ငါသည် ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံးနှင့် ပရိဘောဂများကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

http://www.dhammadownload.com

(ဂ) ငါသည် စင်ကြယ်သော သားပြွမ်းစာရေးတံဆွမ်းကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တ ချက်သည် ပြည့်ဝပေပြီတကား။

(ဃ) ငါသည် ကာသိတိုင်း ခေါမတိုင်းဖြစ် သင်္ကန်းကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တ ချက်သည် ပြည့်ဝပေပြီတကား။

(င) ငါသည် ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲတည်းဟူသော ဆေး အလှူကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်။ ယခု ငါ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား။

ကျောင်းအမကြီး ဝိသာခါ ဝမ်းသာလွန်းသဖြင့် ဤဥဒါန်းများကျူးလျက် သားသမီး မြေးမြစ်တို့နှင့်အတူ ပုဗ္ဗာရုံကျောင်းတော်ကြီးကို လှည့်လည်သည်။ မြင်ရသူ ရဟန်းများက ဝိသာခါ သည်းခြေပျက်ပြီဟု ထင်မြင်ပြီး ဘုရားရှင်ကို လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က သည်းခြေပျက်၍ မဟုတ်၊ ဘဝပေါင်းများစွာက တောင်းဆုပြုခဲ့သောဆုများ တောင့်တချက် ပြည့်ပြီဖြစ်၍ ဝမ်းသာဥဒါန်းကျူးခြင်းသာ ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ဒေသနာ၏အဓိပ္ပာယ်

၅၃။ (လိမ္မာသော သူသည်) အထူးထူးသော ပန်းအပေါင်းမှ ပန်းကောင်းများ ရွေးချယ်ကာ ပန်းကုံးများကို ပြုရာသကဲ့သို့ (လိမ္မာသော သူသည်) ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော များစွာသော ကုသိုလ်ကောင်းမှု တည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ဝိသာခါကျောင်းအမကြီးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ အာနန္ဒာမထေရ် အမေးပုစ္ဆာဝတ္ထု

[မွေးကြိုင်သော ရန်အားလုံးတွင် သီလရန်သာ အသာလွန်ဆုံး]

အရှင်အာနန္ဒာမထေရ်သည် တစ်ခုသော ညချမ်းအချိန်၌ ဘုရားရှင်ထံသွားကာ "အရှင်ဘုရား၊ အမြစ်၊ အနှစ်နှင့် အပွင့်ဟူသော နံ့သာသုံးမျိုးတို့သည် လေအောက်အရပ်၌သာ ရနံ့သင်း၍ လေညာသို့ကား သင်းထုံရနံ့ မပျံ့နှံ့ကြပါ။ အဘယ်နံ့သာသည် အရပ်မျက်နှာအားလုံးသို့ ရနံ့မွှေးကြိုင်စေလျက် ပျံ့လှိုင်စေပါသနည်း။ သို့မဟုတ် အရပ်မျက်နှာအားလုံးသို့ မွှေးကြိုင်ပျံ့လှိုင်စေနိုင်သည့် ရနံ့သည် ရှိပါသလော" ဟု မေးမြန်းလျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၄။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
နစန္ဒနံ တဂရမလ္လိကာ ဝါ။
သတ္တ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။
၅၅။ စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

ဒေသနာ၏အဓိပ္ပာယ်

၅၄။ ပန်းတို့၏ ရနံ့သည် လေညာသို့ မရောက်နိုင်။ စန္ဒကူး၊ တောင်ဧလပ်၊ စပယ် ကြက်ရုံး စသော ပန်းတို့၏ အမြစ်၊ အနှစ်နှင့် အပွင့်ဟူသော ရနံ့သည်လည်း လေညာအရပ်သို့ မပျံ့စေနိုင်။ သူတော်ကောင်းတို့၏ သီလတည်းဟူသော ရနံ့နှင့် ဂုဏ်သတင်းသည်သာ အရပ်မျက်နှာ အားလုံးသို့ ပျံ့နှံ့မွှေးကြိုင်စေနိုင်သည်။

၅၅။ စန္ဒကူး၊ တောင်ဧလပ်၊ စပယ်ကြက်ရုံးနှင့် ကြာညိုပန်း စသော ပန်းတို့၏ ရနံ့ အားလုံးထက် သီလတည်းဟူသော ဂုဏ်သတင်းရနံ့သည်သာ အတူမရှိ ထူးကဲမွန်မြတ်ပေ၏။

အာနန္ဒာမထေရ် အမေးပုစ္ဆာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၀။ ရှင်မဟာကဿပအား သိကြားမင်း ဆွမ်းလှူသောဝတ္ထု

[သီလရှိသူ၏ ရန်သည် နတ်ပြည်၊ မြဟွာပြည်အထိ မွေးကြိုင်]

အရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်ပြည် ပိပ္ပလိဂုဟ် ခုနစ်ရက် တိုင်တိုင် နိရောဓသမာပတ် ဝင်စားတော်မူပြီးနောက် မြို့တွင်းသို့ ဆွမ်းခံကြွ တော်မူသည်။ နိရောဓသမာပတ်မှ ထတော်မူပြီးသော ဘုရားရဟန္တာတို့အား လှူဒါန်းလျှင် မျက်မှောက်ဒိဋ္ဌ ကောင်းကျိုးခံစားရသည်ကို နတ်တို့ သိရှိကြ သည်။ ထို့ကြောင့် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးငါးရာတို့သည် နတ်သုဓာများဖြင့် မထေရ်ကြီးကို ဆွမ်းလောင်းလှူရန် ကြိုးစားကြသည်။ မထေရ်ကြီး ယခု ဆွမ်းခံကြွလာခြင်းမှာ သူဆင်းရဲများကို ချီးမြှောက်ရန် ဖြစ် သည်။ နတ်စည်းစိမ် ခံစားနေရသူ နတ်သမီးများသည် ဆင်းရဲသူများ မဟုတ် ၍ မထေရ်ကြီးက မလှူရန် တားမြစ်လိုက်သဖြင့် နတ်သမီးတို့ နှုတ်ပြည်သို့ ပြန်သွားကြသည်။

အဘိုးအို၊ အဘွားအိုယောင် ဆောင်လျက်

နတ်သမီးများထံမှ အကြောင်းစုံ သိထားပြီးဖြစ်သော သိကြားမင်းသည် သူ့ကိုယ်သူ အဘိုးအိုသဏ္ဌာန် ဖန်ဆင်းသည်။ သုဇာတာကိုလည်း အဘွားအို သဏ္ဌာန် ဖန်ဆင်းစေသည်။ ထို့နောက် ရာဇဂြိုဟ်ပြည်၏ မြို့ပြင်၌ ရက်ကန်း သည်တို့နေသောအရပ်ကို ဖန်ဆင်းသည်။ သိကြားမင်းကိုယ်တိုင်လည်း ရက်ကန်း ချည်များ ဖြန့်နေသည့် သူအိုယောင်ဆောင်ထားပြီး သုဇာတာက ရက်ဖောက် များ လုံးနေသည်။ မထေရ်ကြီးသည် သားထောက်သမီးခံ မရှိ၍ အိုမင်းမစွမ်း အရွယ်ရောက်ခါမှ မိမိတို့ အသက်ရှင်ရေးအတွက် ကိုယ်တိုင် ရုန်းကန်နေရရှာ သော အဘိုးအဘွား ဇနီးမောင်နှံကို မြင်ရသော် သူတို့၏အိမ်ရှေ့၌ ဆွမ်းခံရပ် တော်မူသည်။

သူအိုလင်မယားသည် မထေရ်ကြီးထံမှ သပိတ်ကိုယူကာ နတ်သုဓာများ

http://www.dhammadownload.com

လောင်းလှူလိုက်သည်။ နတ်သုဓာအနှံ့သည် ကြွိုင်ကြွိုင်လှိုင်လှိုင် ကြွေးပေါ်လာ၍ သိကြားမင်းဖြစ်သည်ဟု မထေရ် သိတော်မူသည်။

ဆင်းရဲသားတို့၏ ကုသိုလ်ကိုမလုနဲ့

အရှင်မဟာကဿပက "သိကြားမင်း၊ အဘယ်ကြောင့် ဆင်းရဲသား အယောင်ဆောင်ကာ ဆွမ်းလှူရသနည်း။ ဤသို့ လှူခြင်းသည် ဆင်းရဲသားတို့၏ ကုသိုလ်ကို လုယူရာရောက်သည်။ ထိုကဲ့သို့ ကုသိုလ်ကို မလုနှင့်" ဟု မိန့်တော်မူသည်။ ထိုအခါ သိကြားမင်းက "တပည့်တော်သည် သာသနာပကာလ၌ ကောင်းမှုပြုခဲ့၍ သိကြားမင်းအဖြစ် ရရှိသည်။ သာသနာတွင်းကာလ၌ ကုသိုလ် ပြုခဲ့ကြသော နတ်သားအချို့သည် တပည့်တော်ထက် ဗိမာန်၊ စည်းစိမ်၊ အဆောင်အယောင် စသည်တို့၌ သာလွန်ကြပါသည်။ သို့အတွက် တပည့်တော်လည်း ဆင်းရဲသားပင် ဖြစ်ပါသည်" ဟု လျှောက်ထားကာ နတ်ပြည်သို့ ပြန်တက်သွားသည်။

"အရှင်မဟာ ကဿပမထေရ်ကြီးအား လှူဒါန်းခွင့်ရခြင်းမှာ ထူးခြားသော အခွင့်အရေးရခြင်း ဖြစ်သည်" ဟု သုံးကြိမ်သုံးခါ အော်သွားသော သိကြားမင်း၏ ဥဒါန်းကျူးသံကို ဘုရားရှင် ကြားတော်မူသဖြင့် ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၆။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယာယံ တဂရစန္ဒနံ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

ဒေသနာ၏အဓိပ္ပာယ်

၅၆။ တောင်ဇလပ်၊ စန္ဒကူးပန်းတို့၏ရနံ့သည် သာမန်မျှသာ ဖြစ်သည်။ သီလရှိသူတို့၏ (သီလ) ရနံ့သည်ကား ထူးကဲမွန်မြတ်သဖြင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့တိုင် ရနံ့ကြိုင်လှိုင် ပျံ့နှံ့သည်။

ရှင်မဟာကဿပအား သိကြားမင်း
ဆွမ်းလှူသောဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၁။ ဂေါဓိကမထေရ်ဝတ္ထု

[မာရ်နတ်ရှာမတွေ့သော ဝိညာဉ်]

ဂေါဓိကမထေရ်သည် သာသနာတော်၌ သက်ဝင်ယုံကြည်သောကြောင့် ရဟန်းပြုလျက် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်နံရံရှိ ကာဠသိလာကျောက်ဖြာ၌ သီတင်းသုံးကာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သည်။ မကြာမီ လောကီစျာန်သမာပတ် ရရှိသော်လည်း နာတာရှည် ရောဂါတစ်မျိုးကို ခံစားနေရသဖြင့် ထိုရောဂါကြောင့် စျာန်မှလျှောကျသည်။ တစ်ဖန် ပြန်၍အားထုတ်သည်။ ရှေးနည်းတူ စျာန်မှ လျှောကျသွားပြန်သည်။ ထိုသို့ စျာန်ပြန်ရလိုက်၊ လျှောကျလိုက်ဖြင့် ခြောက်ကြိမ်တိုင် ဖြစ်နေသည်။

စျာန်မှ လျှောကျသူသည် ဂတိမမြဲနိုင်။ ထို့ကြောင့် ယခု ခုနစ်ကြိမ်မြောက် စျာန်ရပြီးသော် ကိုယ့်ကိုယ်ကိုယ် သတ်သေတော့မည်ဟု မထေရ်က အကြံဖြစ်သည်။ ထိုအကြံဖြစ်သည်ကို မာရ်နတ်က သိသွားပြီး ကိုယ်တိုင်တားလျှင် မရနိုင်ဟု သိသောကြောင့် တားမြစ်ပေးဖို့ လျှောက်ထားရန် ဘုရားရှင်ထံ သွားသည်။

ပရိနိဗ္ဗာန်စံပြီ

ဂေါဓိကမထေရ်၏အကြောင်းကို ဘုရားရှင်အား မာရ်နတ်က လျှောက်ထားစဉ်ပင် မထေရ်သည် ဓားလက်နက်ဖြင့် မိမိကိုယ်ကို စီရင်လိုက်သည်။ ဖြစ်ပေါ်လာသော ဝေဒနာကို ရှုမှတ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ပရိနိဗ္ဗာန်စံတော်မူသည်။

မာရ်နတ်သည် ပရိနိဗ္ဗာန်စံသွားသော မထေရ်၏ ဝိညာဉ်ကို အရပ်ဆယ်မျက်နှာသို့ လိုက်လံရှာဖွေသော်လည်း မတွေ့သဖြင့် "မထေရ်သည် မည်သည့်အရပ်၌ ဖြစ်လေသနည်း" ဟု ဘုရားရှင်ထံ လျှောက်ထားမေးမြန်းသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၅၇။ တေသံ သမ္မန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ။

http://www.dhammadownload.com

တိတ္ထိဆရာကြီးများသည် "ဘုရား ဂေါတမ၏ တပည့်က ဆွမ်းစား ပင့်ခိုင်း၍ လာပင့်သည်" ဟု သိရသောအခါ အတိုင်းထက်အလွန် ဝမ်းသာသွားကြသည်။ "ဒကာအသစ်" တိုးတော့မည်ဟု တွက်ကိန်းချကာ ဝမ်းသာကြခြင်း ဖြစ်သည်။

ပြင်ဆင်ပြီးပြလိုက်ပြီ

သီရိဂုတ္တသည် သူ့အိမ်နှစ်ဆောင်အကြား၌ တွင်းကြီးတူးကာ မစင်များ ထည့်ထားလျက် တိတ္ထိဂါးရာတို့ ကြွလာလျှင် ထိုင်ရန် တွင်းအပေါ်၌ သားသားနားနား ပြင်ဆင်ထားသည်။ အပေါ်မှ အခင်းများ ရုပ်သိမ်းလိုက်သည်နှင့် မစင်တွင်းထဲ ဇောက်ထိုးကျသွားနိုင်အောင်လည်း စနစ်တကျ စီစဉ်ထားသည်။ ချက်ပြုတ်သည့်အိုးများဟု ထင်မြင်စေရန် အတွင်း၌ ဘာမျှမရှိသော အိုးများကို ဟင်း၊ ထမင်းနှင့် တင်လဲထောပတ် စသည် သုတ်ထားလိုက်သည်။ နံနက် မိုးလင်း၍ အကြိုအထောက်အနေဖြင့် ဂရဟဒိန္နလာသောအခါ ပြင်ဆင်ထားသည်များကို ပြလိုက်သည်။

တိတ္ထိဂါးရာတို့သည် မညီမညာ စီတန်းလျက် ကြည်ညိုဖွယ်မရှိသော ပုံဟန်တို့ဖြင့် ကြွလာကြသည်။ သီရိဂုတ္တသည် လေးစားသော အမူအရာဖြင့် အိမ်ဝမှ ထွက်ကြိုဆိုရင်း စိတ်ထဲမှ ဤသို့ လျှောက်ထားသည်။

"အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းအရာအားလုံး သိသည်မှန်ပါလျှင် အိမ်တွင်းသို့ မဝင်ကြပါနှင့်။ ကျွေးမွေးစရာ ဘာမျှမရှိ။ အိမ်တွင်းဝင်လျှင် မစင်တွင်းထဲ ဇောက်ထိုးကျပါလိမ့်မည်"

စိတ်ဖြင့် လျှောက်ထားချက်ကိုမသိကြ၍

စိတ်ဖြင့် လျှောက်ထားချက်ကို မသိသဖြင့် တိတ္ထိဂါးရာတို့သည် ဆက်လက် ကြွသွားလျက် ထိုင်ရန်ပြင်ဆင်နေကြစဉ် သီရိဂုတ္တ၏တပည့်များက အခင်းများကို ရုပ်သိမ်းလိုက်ရာ တိတ္ထိများ မစင်တွင်းထဲသို့ ကျကုန်ကြတော့သည်။

တိတ္ထိတို့ မစင်တွင်းမှ တက်လာသောအခါ "မသိတာမရှိ" ဆိုသူများ

http://www.dhammadownload.com

ဖြစ်ကြပါလျက် စိတ်ဖြင့် ကြိုတင်လျှောက်ထားသည်ကို အဘယ်ကြောင့် မသိကြသနည်း စသည့် ပြောင်လှောင်သရော်ခြင်း ခံကြရသေးသည်။ ဤအဖြစ် အပျက်အတွက် အပြစ်ဒဏ်ခတ်ပါရန် ကောသလမင်းကြီးထံ ဂရဟဒိန္နက တိုင်ကြားသည်။ မင်းကြီးက မေးသောအခါ သီရိဂုတ္တက စော်ကားခြင်းမဟုတ်။ တကယ် သိ၊ မသိ စမ်းသပ်ခြင်းသာဖြစ်ကြောင်း လျှောက်လဲသဖြင့် သီရိဂုတ္တအနိုင်ရလိုက်သည်။

မိအေးနှစ်ခါနာသလို

ဆရာတိတ္ထိတို့သည်လည်း အရှက်ရ၊ သူကိုယ်တိုင်လည်း တရားရှုံးဖြင့် မိအေးနှစ်ခါနာသလို ဖြစ်နေသူ ဂရဟဒိန္နသည် လက်စားချေလို၍ သီရိဂုတ္တ အား ဆွမ်းကျွေးရန် အကြောင်းပြုလျက် ဘုရားရှင်နှင့် သံဃာတော်များကို အပင့်ခိုင်းသည်။ ဘုရားရှင်တို့ ကြွလာလျှင် သီတင်းသုံးဖို့ သီရိဂုတ္တထက် ကောင်းမွန်သော အပြင်အဆင်များ ပြင်ဆင်ထားသည်။ အပြင်အဆင်များ အောက်၌ ရှားသားမီးကျီးများအပြည့် ထည့်ထားသောတွင်းကို တူးလျက် ဘုရားရှင်နှင့် သံဃာတို့ ကျစေရန် စီစဉ်ထားသည်။

သောတာပန်ဖြစ်မည်ကို မြင်တော်မူ၍

သီရိဂုတ္တလာပင့်ကတည်းက ထိုအခြေအနေအားလုံးကို သဗ္ဗညုတဉာဏ် တော်ရှင် မြတ်စွာဘုရား သိမြင်တော်မူပြီး ဖြစ်သည်။ သို့ရာတွင် ဂရဟဒိန္န နှင့် သီရိဂုတ္တတို့ နှစ်ယောက်လုံး သောတာပန် အရိယာဖြစ်မည်ကို မြင် တော်မူ၍ ဘုရားရှင် ကြွတော်မူလာသည်။

ဂရဟဒိန္နသည် အိမ်မှထွက်၍ ရိုသေစွာဖြင့် ရှိခိုးပြီးလျှင် "အရှင်ဘုရား တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို သိ၏။ သတ္တဝါတို့၏ စိတ်ကိုလည်း သိ၏ဟု ဆိုကြပါသည်။ ထိုသို့ဖြစ်မူ အိမ်ထဲသို့ မဝင်ကြပါနှင့်" ဟု စိတ်ထဲ မှ လျှောက်ထားပြီး ဘုရားရှင်အား ရှေ့မှကြွစေကာ သူက နောက်မှလိုက် သွားပြီး မီးကျီးတွင်းသို့ရောက်သောအခါ နောက်ဆုတ်နေလိုက်သည်။ မီးကျီး တွင်းအပေါ် ဘုရားရှင် ခြေတော်ရောက်သည်နှင့် တွင်းထဲမှ ပဒုမ္မာကြာပွင့် ကြီးများ ပေါ်လာသည်။ ဘုရားရှင်နှင့် ရဟန်းတော်များသည် ထိုကြာပွင့်များ

http://www.dhammadownload.com

အပေါ်မှ ကြွသွားကြသည်။ အိုးလွတ်များအတွင်း၌လည်း ဆွမ်းနှင့် ဆွမ်းဟင်းတို့သည် ပြည့်နေသည်။ ယင်းဆွမ်းနှင့် ဆွမ်းဟင်းများဖြင့်ပင် ဘုရားရှင်နှင့် သံဃာတော်များကို ဂရဟဒိန္နက ကပ်လှူဆွမ်းကျွေးသည်။

ဆွမ်းစားပြီးသောအခါ ဘုရားရှင်က ဆွမ်းအနုမောဒနာတရားတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဂရဟဒိန္နနှင့် သီရိဂုတ္တတို့ သောတာပန် အရိယာ ဖြစ်သွားကြသည်။

၅၈။ ယထာ သက်္ကရဉ္ဇာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။
၅၉။ ဧဝံ သက်္ကရဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

ဒေသနာ၏အဓိပ္ပာယ်

၅၈။ လမ်းမကြီးအနီး စွန့်ပစ်ထားသည့် အမှိုက်ပုံတွင် ရနံ့မွှေးကြိုင်နှစ်လိုဖွယ်ကောင်းသော ကြာပန်းသည် အံ့သြဖွယ်ရာ ပေါက်ရောက်သကဲ့သို့။

၅၉။ အမှိုက်ပုံနှင့်တူ၍ အကန်းသဖွယ်ဖြစ်သူတို့၏ အလယ်၌ မွေးဖွားလာရသော ဘုရားရှင်၏ တပည့်သာဝကသည် ပညာမျက်စိမရှိသဖြင့် အကန်းသဖွယ် ဖြစ်ကုန်သော ပုထုဇဉ်တို့ကို သီလ၊ သမာဓိ၊ ပညာတို့ဖြင့် သာလွန်တင့်တယ်လျက် လွှမ်းမိုးသည်။

ဂရဟဒိန္နသူကြွယ်ဝတ္ထု ပြီး၏။

ပုပ္ပဝဂ် ပြီးပြီ။

http://www.dhammadownload.com

ဗာလဝဂ်

ဗာလ = မသိမမြင် မိုက်မဲသူ၊ ဝဂ္ဂ = ဝဂ်၊ အစု။
မသိမမြင် မိုက်မဲသူနှင့် ပေါင်း၍ အကျိုးယုတ်ပြီး ပစ္စုပ္ပန်၊
သံသရာ အကျိုးနှစ်မျိုး ဆုံးရှုံးရပုံ ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ သူမ့ယားလိုချင်၍ လင်ကိုရာထူးပေးသူ

[ရာဂနှင့်တူသော အပူမီးမရှိ]

သာဝတ္ထိပြည့်ရှင် ဘုရင်ပသေနဒီကောသလမင်းသည် မင်းပွဲသဘင် နေ့တစ်နေ့၌ မြို့တွင်းသို့ လှည့်လည်စဉ် ဘုံခုနစ်ဆင့် ပြာသာဒ်ပေါ်မှ ကြည့်ရှုနေသူ မိန်းမချောတစ်ဦးကို မြင်၍ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လောက်အောင် ပင် တပ်မက်မှုဝေဒနာ ခံစားရပြီး နန်းတော်သို့ ပြန်လာခဲ့သည်။ သို့ဖြင့် ထို မိန်းမချော၌ လင်ရှိမရှိ စုံစမ်းစေရာ လင်ရှိသူဟု သိရသဖြင့် အမှုထမ်းတစ်ဦး စေလွှတ်လျက် သူ့လင်ကို ခေါ်စေပြီး နန်းတော်၌ ရာထူးပေးထားသည်။ မင်းကြီးက ရာထူးပေးထားခြင်းမှာ မင်းကောင်းမင်းမြတ်ဖြစ်၍ ပြည်သားတစ်ဦးကို ကြည့်ရှုစောင်မသည့် စေတနာဖြင့် ပေးထားခြင်းမဟုတ်။ သူ့မယားကို တပ်မက်လွန်းသော 'ဝေဒနာ' ကြောင့် သူ့လင်ကိုသတ်ရန် အဓမ္မ စေတနာထားကာ ရာထူးဖြင့် မျှားထားခြင်း ဖြစ်သည်။

http://www.dhammadownload.com

တာဝန်ကျသည်ကို မကြိုက်သောမင်း

မိန်းမချောဏ၏ ခင်ပွန်းသည်လည်း မိမိအား အပြစ်ရှာ၍ သတ်မည်ကို သိသဖြင့် ပေးအပ်သော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်။ သို့ရာတွင် တာဝန်ကျေပွန်သည်ကို မင်းကြီးကမကြိုက်။ တာဝန်မကျေခြင်းကိုသာ မင်းကြီးက အလိုရှိသည်။ သို့မှသာ အပြစ်ရှာကာ လင်ကိုသတ်လျက် မယားကို ယူနိုင်မည် မဟုတ်ပါလော။

ကုသိုလ်ပြု အမျှဝေ

နောက်တစ်ပတ်တွင် မင်းကြီးက "မြစ်တစ်ခုအတွင်းမှ ကုမုဒြာကြာနှင့် အရာဏဝတီမြေညက်ကိုယူကာ ငါ ရေချိုးရန်အမီ ပြန်လာခဲ့။ အချိန်မီ မရောက်လျှင် သတ်မည်" ဟု အမိန့်ပေးကာ တစ်ယူဇနာဝေးသော မြစ်တစ်ခု ဆီသို့ စေလွှတ်သည်။

မိန်းမချောဏ၏ ခင်ပွန်းသည် အိမ်သို့ပြန်လာပြီး မကျက်တကျက်ထမင်းကို ခြင်းဥ၌ထည့်လျက် မင်းကြီးစေခိုင်းရာ တစ်ယူဇနာခရီးကို အပြေးလာခဲ့သည်။ မြစ်သို့ရောက်လာသော် ထမင်းဦးကို ဖယ်ထားပြီး ထမင်းစားနေစဉ် ခရီးသွားယောကျ်ားတစ်ဦးရောက်လာ၍ ခရီးသည်အား ဖယ်ထားသော ထမင်းဦးကို ကျွေးမွေးသည်။ ထို့နောက် စားနေသော ထမင်းထဲမှ တစ်ဆုပ်လောက်ကို မြစ်တွင်းပစ်ချကာ "ဤမြစ်ဆိုင်ရာ နတ်မြတ်နတ်ကောင်းနှင့် သတ္တဝါအပေါင်းအား ခရီးသည်ကို ကျွေးရသည့်ကုသိုလ်အဖို့နှင့် မြစ်အတွင်း အစာချပေးရသည့်ကုသိုလ်ကို အမျှဝေပါသည်" ဟု ပြောကာ အမျှဝေသည်။ ကုမုဒြာကြာနှင့် အရာဏဝတီမြေညက်ရဖို့ ကူညီရန်လည်း ပြန်ကြားသည်။

အမျှရ၍ ကူညီပြီ

မြစ်ကို အုပ်စိုးနေသော နဂါးမင်းသည် အမျှရသဖြင့် ထိုယောကျ်ား လိုချင်သည်တို့ကို နဂါးပြည်မှ ယူပေးသည်။ မင်းခယောကျ်ားသည် ကုမုဒြာကြာနှင့် မြေညက်ကိုယူကာ မင်းကြီး ရေချိုးချိန်အမီ ပြန်လာခဲ့သော်လည်း မြို့တံခါးကို အခါတိုင်းနေ့ထက် စောပိတ်ပြီး သော့ကို မင်းကြီး သိမ်းထားသဖြင့်

http://www.dhammadownload.com

မြို့တွင်းမဝင်နိုင် ဖြစ်သွားသည်။ သို့ဖြင့် သူသည် ကုမ္ပဏီကြောနှင့် မြေညက်ကို တံခါးပေါတင်ထားခဲ့ပြီး ဇေတဝန်ကျောင်းတော်သို့ သွားအိပ်သည်။

မင်းကြီး မအိပ်နိုင်

ကောသလမင်းကြီးသည် အချိန်မီ ရောက်မလာသော မင်းခစားကို မနက်မိုးလင်းလျှင် သတ်လျက် သူ့မယားအား သိမ်းပိုက်ရန် စိတ်ကူးရင်း အိပ်ရာဝင်ခဲ့သည်။ တစ်ရေးနှိုးချိန်တွင် ဒု၊ သ၊ န၊ သော ဟူသော အသံများ ကြားရ၍ တစ်ညလုံး မအိပ်နိုင် ဖြစ်သွားရသည်။ မိုးလင်းသော် နန်းတော်၏ အားကိုးရာ ပုဏ္ဏားတို့ကို ပြောပြပြီး ကောင်းကျိုးဆိုးကျိုးကို မေးသည်။ ဒု၊ သ၊ န၊ သော ကိန်းဆင်လျက် အဆိုးအကောင်းကို ရှာဖွေသော်လည်း ဘာမှ မတွေ့ရ။ သို့သော် ပုဏ္ဏားတို့သည် "အရှင်မင်းကြီးအဖို့ အသက်အန္တရာယ် ကြီးလှပါသည်" ဟု လိမ်ညာ လျှောက်ထားကြသည်။ အန္တရာယ်မရှိဟု လျှောက်ထားလျှင် မင်းကြီးသည် ဘာမျှလုပ်လိမ့်မည်မဟုတ်။ ဘာမျှမလုပ်လျှင် ပုဏ္ဏားတို့အတွက် ဘာမျှ အကျိုးမရှိနိုင်သောကြောင့် "အသက်အန္တရာယ် ကြီးလှပါသည်" ဟု လိမ်ညာလျှောက်ထားကြခြင်း ဖြစ်သည်။

ယဇ်ပူဇော်ပါ

မင်းကြီးက "ထိုအန္တရာယ် တားမြစ်နိုင်သည့် နည်းလမ်းရှိသလော" ဟု မေးလျှင် ပုဏ္ဏားတို့က "သဗ္ဗသတ္တ ယဇ်ပူဇော်ရပါမည်" ဟု လျှောက်ထားပြီး ဆင်၊ မြင်း၊ နွား၊ ဝက်၊ ကြက်၊ သတ္တိသား၊ သတ္တိသမီး စသည် တစ်ရာစီကို အဖမ်းခိုင်းသည်။ အဖမ်းခံရသူတို့၏ မိဘဆွေမျိုးများ ပူဆွေးသောကဖြစ်၍ စုရုံးအော်ဟစ်သံကို မလွှိကာမိဖုရားကြီး ကြားရသောအခါ ကောသလမင်းကြီး ထံ အကျိုးအကြောင်းကို မေးသည်။

ဘုရားရှင် ရှင်းပြပုံ

မိဖုရားကြီး၏ အကြံပြုချက်အတိုင်း ဘုရားရှင်ထံ သွားရောက်လျှောက်ထားရာ ဘုရားရှင်က ဤသို့ ရှင်းပြတော်မူသည်။ "မင်းကြီး ဒု၊ သ၊ န၊

http://www.dhammadownload.com

သော အသံများကြောင့် မည်သူ့တွင်မျှ အန္တရာယ်မရှိ။ ကဿပဘုရားရှင် လက်ထက်တုန်းက သူဌေးသားလေးယောက်တို့သည် သူတစ်ပါး သားသမီး ဖျက်ဆီးခဲ့သဖြင့် ငရဲ၌ ကျခံနေရသည်။ ငရဲအိုး၌ ကျခံနေရင်း ငရဲအိုးအပေါ် သို့ ရောက်လာစဉ် 'ဒု' အက္ခရာ အစပါသော ဂါထာကိုရွတ်ဆိုကာ သူ့ဘဝ အကြောင်း ပြောဆိုရန် သူဌေးသားတစ်ဦးက ကြိုးစားသည်။ ဂါထာအစအဆုံး မရွတ်ဆိုနိုင်မီ 'ဒု' ဟု စရွတ်သည်နှင့် ငရဲအိုးအတွင်း ပြန်မြုပ်သွားခဲ့သည်။ အခြားသုံးယောက်တွင် တစ်ယောက်က 'သ' ဟူ၍ လည်းကောင်း၊ တစ်ယောက်က 'နံ' ဟူ၍ လည်းကောင်း၊ နောက်ဆုံးတစ်ယောက်က 'သော' ဟူ၍ လည်းကောင်း ရွတ်ဆိုစမှာပင် ငရဲအိုးအတွင်း ပြန်ကျသွားကြရသည်။ သူတို့ လေးယောက်အော်သည့် ဂါထာ၏အစ လေးလုံးသာ ဖြစ်သည်" ဟု ဘုရားရှင် မြွက်ဟဟောပြောသည်ကို နာကြားရသဖြင့် ကောသလမင်းကြီး အထိတ်တလန့် ဖြစ်ကာ တုန်လှုပ်သွားသည်။ သံဝေဂလည်း ကြီးစွာဖြစ်သွားသည်။

ဖမ်းထားသူများ လွတ်ပြီ

ဘုရားရှင်ထံမှ ပြန်လာသောအခါ သူတစ်ပါး သားမယား ဖျက်ဆီးခြင်း၏ ဆိုးကျိုးကို သိပြီဖြစ်၍ "သူ့လင်ကိုသတ်ပြီး သူ့မယား သိမ်းပိုက်ရန် အကြံနှင့် ယဇ်ပူဇော်မည့် အစီအစဉ်တို့ကို ဖျက်သိမ်းသည်။ ဖမ်းထားသူ အားလုံးကိုလည်း လွှတ်လိုက်သည်။

ဤအကြောင်းများကို ကြားသိသော ရဟန်းတော်များက မလွိကာမိဖုရားကြီး၏ကျေးဇူးကြောင့် ကောသလမင်းကြီး တရားရလျက်ပြုလုပ်မည့် မကောင်းသော အစီအစဉ်များ ဖျက်သိမ်းကြောင်း ပြောနေကြစဉ် ဘုရားရှင် ကြွလာလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ မိန်းမချောဖ၏ခင်ပွန်း သောတာပန်ဖြစ်သွားသည်။

၆၀။ ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၆၀။ အိပ်မပျော်ဘဲ နိုးကြားနေသူအတွက် ညဉ့်တာသည် ရှည်လျား၏။ ခရီးပန်းနေသူအတွက် တစ်ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသူ လူမိုက်များအတွက် သံသရာသည် ရှည်လျား၏။

သူ့မယားလိုချင်၍ လင်ကိုရာထူးပေးသူဝတ္ထု ပြီး၏။

၂။ ကျောင်းမီးရှို့သူ တပည့်မိုက်ဝတ္ထု

[တပည့်ဆိုတိုင်း ဆရာကို ကောင်းကျိုးမပြု]

အခါတစ်ပါး၌ အရှင်မဟာကဿပမထေရ်သည် ပိပ္ပလိလိုဏ်ဂူတွင် သီတင်းသုံးနေတော်မူ၏။ မထေရ်ကြီးအား ပြုစုသူ အတူနေရဟန်းငယ်နှစ်ပါးရှိသည်။ တစ်ပါးသည် အမှန်တကယ် ပြုစုသူဖြစ်ပြီး တစ်ပါးကမူ ဟန်ဆောင်ပြုစုသူ ဖြစ်သည်။ ဝတ်ကြီးဝတ်ငယ်ပြုစုသူ ရဟန်းငယ်က ဆရာသမားအတွက် ပြင်ဆင်ထားသမျှကို ဟန်ဆောင်တတ်သူရဟန်းက သူ ပြုလုပ်ထားသည်အနေဖြင့် အရှင်မဟာကဿပ မထေရ်ကြီးအား အသိပေး လျှောက်ထားလေ့ရှိသည်။

အယောင်ဆောင်မှုပေါ်ပြီ

ဟန်ဆောင်တတ်သူရဟန်းငယ် အိပ်ပျော်နေစဉ် ဝတ်ကြီးဝတ်ငယ်ပြုစုသော ရဟန်းငယ်သည် မထေရ်ကြီး ရေချိုးခန်း၌ ရေနွေးအနည်းငယ်သာထည့်ထားပြီး ကျန်ရေနွေးကို ရေချိုးခန်း၏ နောက်ဘက်၌ သိမ်းထားခဲ့သည်။ အင်္ဂေ့တထောင်းထောင်း ထနေသည့် ချိုးရေကိုကြည့်ကာ ဟန်ဆောင်တတ်သူရဟန်းငယ်က ရေချိုးအိမ်၌ ရေနွေးအသင့်ပြင်ထားပြီးဖြစ်ကြောင်း အရှင်မဟာကဿပကို အသိပေး လျှောက်ထားသည်။ ရေချိုးရန် ရေကို ခပ်လိုက်သော

http://www.dhammadownload.com

အခါ ရေအနည်းငယ်သာရှိသဖြင့် မထေရ်ကြီးက ရေမရှိကြောင်း မိန့်တော်မူသည်။ ဟန်ဆောင်တတ်သူ ရဟန်းငယ် ရေချိုးဆိပ်သို့ ရေသွားခပ်နေစဉ် ဝတ်ကြီးဝတ်ငယ်ပြုသူ ရဟန်းငယ်က ရေချိုးခန်းနောက်ဘက်ရှိ သူ သိမ်းထားသော ရေနွေးကိုယူကာ မထေရ်ကြီးထံ ပို့ပေး၍ အရှင်မဟာကဿပသည် ထိုရေနွေးဖြင့် ရေချိုးတော်မူသည်။ ဟန်ဆောင်တတ်သည့် တပည့်၏ လိမ်လည် ဟန်ဆောင်မှုကို မထေရ်ကြီး သိသွားသည်။

ညနေပိုင်းတွင် မထေရ်ကြီးက "ရဟန်းဟူသည် လိမ်ညာခြင်း၊ ဟန်ဆောင်ခြင်း မရှိရ" ဟု ဆုံးမသည်။ ဟန်ဆောင်တတ်သော ရဟန်းငယ်သည် စိတ်ဆိုးကာ နောက်နေ့တွင် အရှင်မဟာကဿပနှင့်အတူ ဆွမ်းခံမကြွဘဲ ကျောင်းတွင် ချန်နေရစ်ခဲ့သည်။ တစ်နေ့တွင် အရှင်မဟာကဿပသည် ဝတ်ကြီးဝတ်ငယ် ပြုစုသော ရဟန်းငယ်နှင့်အတူ အရပ်တစ်ပါးသို့ ကြွသွားသည်။ ထိုအခါ ဟန်ဆောင်တတ်သော ရဟန်းငယ်သည် အရှင်မဟာကဿပ၏ ဒါယကာများ အိမ်သို့ဝင်ကာ မထေရ်ကြီး မကျန်းမာကြောင်း ပြောလျက် ရယူလာသော ဆွမ်း၊ ဆွမ်းဟင်း စသည်ကို သူတစ်ပါးတည်း စားသုံးပစ်သည်။

ကျောင်းမီးရှို့ပြီး ထွက်ပြေးပြီ

အရှင်မဟာကဿပသည် မိမိအတွက်ဟုဆိုကာ လိမ်ညာ၍ စားကောင်းသောက်ဖွယ်များ တောင်းရမ်းစားသောက်သည်ကို သိ၍ ခေါ်ယူဆုံးမပြန်သည်။ ဤသည်ကို ဟန်ဆောင်တတ်သော ရဟန်းငယ်က မကျေနပ်။ ထို့ကြောင့် နောက်နေ့ မထေရ်ကြီး ဆွမ်းခံကြွသွားသောအခါ ကျောင်းရှိ အိုးခွက်ပန်းကန်တို့ကို ရိက်ခွဲဖျက်ဆီးကာ ကျောင်းကိုပါ မီးရှို့ပြီး ထွက်ပြေးသွားတော့သည်။

ဤအကြောင်းများကို ကြားသိသောအခါ ဘုရားရှင်က ရဟန်းတို့အား ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၁။ စရဥ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ကေစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၆၁။ သူတော်ကောင်းတရားကျင့်ရန် မိတ်ဆွေကောင်းရှာသူသည် မိမိထက် သီလ၊ သမာဓိ၊ ပညာသာလွန်သူနှင့် တန်းတူရည်တူ ရှိသူကို မရနိုင်လျှင် တစ်ယောက်တည်းသာ ကျင့်ကြံနေထိုင်ရာသည်။ သူမိုက်နှင့်မူ မပေါင်းဖော်ရာ။

ကျောင်းမီးရှို့သူ တဖည့်မိုက်ဝတ္ထု ပြီး၏။

၃။ အာနန္ဒာသူဌေးကြီးဝတ္ထု

[သူဌေးဘဝမှ ကွယ်လွန်ကာ သူတောင်းစားဖြစ်သွားသူ]

သာဝတ္ထိပြည်သား အာနန္ဒာအမည်ရှိ သူဌေးသည် သူဌေးဘဝမှ ကွယ်လွန်သော် သာဝတ္ထိမြို့တံခါးအနီး ဒွန်းစဏ္ဍားရွာရှိ ဒွန်းစဏ္ဍားမတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေလာသည်။ သူဌေးဘဝတွင် ကုဋေလေးဆယ်ကျော် ကြွယ်ဝချမ်းသာသော်လည်း လှူရန်မစဉ်းစား။ ပစ္စည်းဥစ္စာနှင့် သားသမီးရှိဖို့သာ ပဓာနဟု သဘောထားခဲ့သည်။ စည်းစိမ်ဥစ္စာသည် မသုံးတတ်သူအတွက် တစ်ဘဝသာ အကျိုးပြုတတ်သည်။ သုံးတတ်သူအတွက် ဘဝများစွာ အကျိုးပြုတတ်သည်ကို အာနန္ဒာသူဌေး သိမသွားရှာပေ။ သူဌေးကြီးက ဥစ္စာပစ္စည်းနှင့် ပတ်သက်လျှင် သူ၏သား မူလသီရိကို ဤသို့ ဆုံးမလေ့ရှိသည်။ (၁) ရှိသော ဥစ္စာပစ္စည်း သူတစ်ပါးအား ပေးကမ်းခြင်းမပြုနှင့်၊ (၂) အသစ်အသစ်သော ဥစ္စာရရန်သာ ကြိုးစားအားထုတ်ပါ၊ (၃) အကျိုးမဲ့ ကုန်ခန်းအောင် မသုံးမဖြုန်းနှင့်ဟူ၍ ဖြစ်သည်။

အပြစ်ရှိသူကို ရှာသော်

ထိုကလေးကို ပဋိသန္ဓေတည်သည့်နေ့မှစ၍ ဒွန်းစဏ္ဍားတို့သည် တောင်းရမ်းရာ၌ ယခင်ကကဲ့သို့ မရတော့ပေ။ ထမင်းကျန်၊ ဟင်းကျန်ကိုသော်မျှ

http://www.dhammadownload.com

ခါတိုင်းကဲ့သို့ တောင်းရမ်း၍ မရတော့။ ထို့ကြောင့် သူတို့ရွာရှိ လူများကို ထက်ဝက်စီခွဲ၍ သူယုတ်ကိုရှာသည်။ ထိုသူငယ်ကို ကိုယ်ဝန်လွယ်သည့်ဘက် ၌ ပါဝင်သူများသာ အင်တင်တင် အပြတ်ပြတ် ဖြစ်ကြရသည်။ နောက်ဆုံး ထိုသူငယ်ကို ကိုယ်ဝန်လွယ်ထားရသူသာ သူယုတ်ဖြစ်ကြောင်း တွေ့ကြရသည်။ ဒွန်းစဏ္ဍားမသည် အရပ်ဆိုး အကျည်းတန်လှသော သားကလေးကို မွေးဖွားလာသော်လည်း ရင်မှဖြစ်သော သားဖြစ်၍ လွန်စွာ ချစ်မြတ်နိုး၏။ သို့ဖြင့် သားအမိနှစ်ယောက် အတူလက်တွဲ၍ တောင်းရမ်းကြသည်။ ဝဝလင်လင် မစားကြရ။ နောက်ဆုံး သားကလေးအား ခွက်တစ်ခုပေး၍ သီးခြားနေထိုင်စေသည်။ ထိုအခါမှ ဒွန်းစဏ္ဍားမအဖို့ ဝမ်းဝအောင် တောင်းရမ်း၍ ရတော့သည်။

ဘဝဟောင်းက အိမ်ရှေ့ရောက်သော်

အာနန္ဒာသူဌေးကြီးဘဝမှ ဒွန်းစဏ္ဍားဘဝ ရောက်လာခဲ့သူ ကလေးငယ်သည် လှည့်လည် တောင်းရမ်းရင်း သူဌေးဘဝက သူနေခဲ့သောအိမ်ရှေ့သို့ ရောက်သွားသည်။ အိမ်တွင်းဝင်လာသူ အရပ်ဆိုး အကျည်းတန် သူဇောင်းစားကို မြင်သော် မူလသီရိ၏ သားဇယ်က အော်ဟစ်ငိုယိုသည်။ သို့ဖြင့် အိမ်ရှိ အလုပ်သမားတို့က သူတောင်းစားလေးကို ရိုက်နှက် နှင်ထုတ်လိုက်ကြသည်။

ဘုရားရှင် မိန့်တော်မူ၍

ထိုအချိန်တွင် နောက်ပါသံဃာတော်တို့နှင့်အတူ ဆွမ်းခံကြွလာသော ဘုရားရှင် ရောက်တော်မူလာပြီး "သူတောင်းစားလေးသည် ယခင်ဘဝက ဤအိမ်၏ပိုင်ရှင် သူဌေးကြီးအာနန္ဒာ ဖြစ်သည်။ မယုံလျှင် သူတောင်းစားလေးကို သူဌေးဘဝက မြှုပ်ထားခဲ့သော ရွှေအိုးတို့ရှိရာကို မေးကြည့်" ဟု မိန့်တော်မူ၍ သူတောင်းစားလေးကို မေးကြသည်။

သူတောင်းစားလေးက အာနန္ဒာသူဌေးဘဝက မြှုပ်ထားခဲ့သော ရွှေအိုးတို့ရှိရာကို ပြောသဖြင့် တူးဖော်ကြရာ ရွှေအိုးကြီးများ တွေ့ရှိသွားကြသည်။

http://www.dhammadownload.com

သူဌေးသား မူလသီရိသည် ဘုရားရှင်ကို ယုံကြည်ကာ ဥပါသကာအဖြစ် ခံယူသည်။ သာသနာတော်အတွက် များစွာသော အလှူဒါနများကို ပြုလုပ်သည်။

မူလသီရိနှင့်တကွ ရောက်လာသော ပရိသတ်အား ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၂။ ပုတ္တာ မ'တ္ထိ ဓနံ မ'တ္ထိ၊ ဣတိဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။

ဒေသနာ၏အဓိပ္ပာယ်

၆၂။ ငါ၌ သားသမီးတို့သည် ရှိကုန်၏။ ဥစ္စာပစ္စည်းတို့သည်လည်း ရှိကုန်၏ဟု လူမိုက်သည် စွဲလမ်းတပ်မက်မှုဖြင့် ဆင်းရဲပင်ပန်းနေရ၏။ အမှန်အားဖြင့် "ငါ" ဟူသော "အတ္တ" သည်ပင် မရှိပါဘဲလျက် ဤလောက၌ အဘယ်မှာလျှင် ငါ၏သားသမီးနှင့် ငါ၏ဥစ္စာပစ္စည်းသည် ရှိအံ့နည်း။

အာနန္ဒာသူဌေးကြီးဝတ္ထု ပြီး၏။

၄။ သူခိုးနှစ်ယောက်ဝတ္ထု

[လူမိုက်နှင့် ပညာရှိဟူသည်]

သာဝတ္ထိပြည်သား သူခိုးနှစ်ယောက်သည် တရားနာသွားသူတို့နှင့်အတူ ရောနှောကာ ဇေတဝန်ကျောင်းတော်သို့ လိုက်သွားကြသည်။ ဘုရားရှင်ထံ ရောက်သောအခါ သူခိုးတစ်ယောက်သည် တရားနာရသဖြင့် အသိအမြင် ပြောင်းပြီး တရားသိကာ သောတာပန် ဖြစ်သွားသည်။ အခြားတစ်ယောက်ကမူ တရားနာနေသူ တစ်ဦးထံမှ အသပြာထုပ်ကို ခိုးယူရန် အကြံထုတ်နေပြီး အလစ်တွင် ပုဆိုးစွန်း၌ ထုပ်ထားသော အသပြာငါးပဲကို ခိုးယူခဲ့ကာ မယားထံ

http://www.dhammadownload.com

အပ်သည်။ ထိုဌေးဖြင့် စားသောက်ဖွယ် ဝယ်ယူပြီး အလှူပယ် ချက်ပြုတ် စားသောက်ကြသည်။ မိမိ၏ မိတ်ဆွေသူငယ်ချင်းကိုလည်း ပြက်ရယ်ပြု၍ "အသင်ကား ပညာရှိဖြစ်၍ ထမင်းဟင်းချက်ရန် ဘာမျှမရခဲ့။ အကျွန်ုပ်ကမူ ပညာမဲ့ဖြစ်၍ စားစရာ၊ သောက်စရာများ ရလာသည်" ဟု ပြောကြားသည်။

ပညာရှိနှင့် ပညာမဲ့

ပစ္စည်းဥစ္စာရအောင် ခိုးနိုင်သဖြင့် သူ့ကိုယ်သူ ပညာရှိဟုထင်နေပြီး ပစ္စည်းမရခဲ့သူကို ပညာမဲ့အဖြစ် မှတ်ယူပြောဆိုနေခြင်း ဖြစ်သည်။

ထိုအကြောင်းအရာများကို ခိုးသူဘဝမှ သောတာပန် ဖြစ်သွားသူ ဒါယကာက ဘုရားရှင်ထံ လျှောက်ထားသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၃။ ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ "ဗာလော"တိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၆၃။ မိုက်မဲသူဖြစ်သော်လည်း မိမိမိုက်သည့်အဖြစ်ကို သိ၏။ ထိုသိမှုကြောင့်ပင်လျှင် ထိုသူသည် ပညာရှိမည်၏။ မိုက်မဲသူဖြစ်ပါလျက် ကိုယ့်ကိုယ် ကိုယ် ပညာရှိဟု ထင်နေသူသည် မိမိအကြောင်းကို မိမိကိုယ်တိုင် မသိသောကြောင့် လူမိုက်မည်၏။

သူခိုးနှစ်ယောက်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၅။ အရှင်ဥဒါယိမထေရ်ဝတ္ထု

[ဟင်းမွှေယောက်မနှင့် တူသူ]

အရှင်ဥဒါယိမထေရ်သည် တရားဟောမထေရ်ကြီးများ မရှိသောအခါ တရားပလ္လင်ထက်သို့ တက်၍ နေတတ်သည်။ တစ်နေ့သော် အရှင်ဥဒါယိ တရားပလ္လင်ထက်သို့ တက်၍ ထိုင်နေစဉ် နယ်မှလာသော အာဂန္တုသံဃာတော်များ ရောက်လာကြပြီး တရားပလ္လင်ထက်မှ ဥဒါယိကို ခန္ဓာအာယတန စသော တရားအကြောင်းကို မေးမြန်းကြသည်။ ဘာမျှမဖြေနိုင်သောအခါ ဘုရားရှင် အနီး၌ နေသော်လည်း တရားကို မသိသူပါတကားဟု ဥဒါယိကို ကဲ့ရဲ့ပြောဆို ကြပြီး ဘုရားရှင်ထံ လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၄။ ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီသူပရသံ ယထာ။

ဒေသနာ၏အဓိပ္ပာယ်

၆၄။ ယောက်မသည် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး စသော ဟင်း၏ အရသာကို မသိသကဲ့သို့ ပညာမဲ့သူ လူမိုက်သည်လည်း အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိနှင့်အတူ နေရသော်လည်း သူတော်ကောင်းတရားကို မသိနိုင်ပေ။

အရှင်ဥဒါယိမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၆။ ပါဝေယျကတိုင်းသား ရဟန်းများဝတ္ထု

[လျှာနှင့်တူသော လူသား]

ပါဝါမြို့သား မင်းသားသုံးကျိပ်တို့သည် မိမိတို့ ဇနီးများနှင့်အတူ တောအုပ်အတွင်း၌ ပျော်ပါးရန် ထွက်လာခဲ့ကြရာ ညီအငယ်ဆုံးမှာ ဇနီးမရှိ၍ ပြည့်တန်ဆာမတစ်ဦးကို ခေါ်ခဲ့သည်။ ပျော်ပါးမြူးထူးပြီး၍ အိပ်မောကျနေကြစဉ် ပြည့်တန်ဆာမသည် မင်းသားတို့၏ အဝတ်တန်ဆာတို့ကိုယူလျက် ထွက်ပြေးသွားသည်။ မင်းသားတို့သည် ပြည့်တန်ဆာမနောက်သို့ လိုက်ကြရင်း ဘုရားရှင်နှင့်တွေ့ကာ တရားနာကြရသဖြင့် ဇဟိဘိက္ခုရဟန်းအဖြစ်ကို ရလျက် သောတာပန် စသည်ဖြစ်သွားကြသည်။

ဓမ္မတင်များဆောက်တည်လျက် နေထိုင်ရာမှ ထိုရဟန်းတို့သည် ဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းသို့ လာခဲ့ကြသည်။ ဘုရားရှင်က အနမတဂ္ဂသုတ္တန်ကို ဟောကြားသဖြင့် အားလုံး ရဟန္တာဖြစ်တော်မူကြသည်။

တရားသဘင်၌ ထိုရဟန်းတို့အကြောင်း ပြောကြားနေကြစဉ် ဘုရားရှင်ကြွလာတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၅။ မုဟုတ္တမပိ စေ ဝိညူ။ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှာ သူပရသံ ယထာ။

ဒေသနာ၏အဓိပ္ပာယ်

၆၅။ လျှာသည် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး ဟူသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အသိအလိမ္မာဉာဏ်ရှိသူသည် တစ်ခဏတာမျှ ပညာရှိကို ဆည်းကပ်ရစေကာမူ သူတော်ကောင်းတရားကို လျင်မြန်စွာ သိနိုင်၏။

ပါဝေယျကတိုင်းသားရဟန်းများဝတ္ထု ပြီး၏။

http://www.dhammadownload.com

၅။ သုပ္ပဗုဒ္ဓ လူနူဝတ္ထု

[ပစ္စေကဗုဒ္ဓါကို တံတွေးဖြင့် ထွေးခဲ့မိ၍ နူရသူ]

သာဝတ္ထိပြည်၌ သုပ္ပဗုဒ္ဓအမည်ရှိ တောင်းစားနေရသူ အနူတစ်ယောက် သည် လူစုလူဝေးတစ်ခုကို မြင်၍ တောင်းရန် ထိုလူအုပ်ရှိရာသို့ လာခဲ့သည်။ လူအုပ်ကြီးမှာ ဘုရားရှင်၏ တရားတော်ကို နာယူနေကြသူများဖြစ်သည်။ သူလည်း လူအုပ်အကြား ဝင်ထိုင်ကာ တရားနာသည်။ ဘုရားရှင်သည် သုပ္ပ ဗုဒ္ဓကို မြင်တော်မူသဖြင့် သူ့အား ရည်ရွယ်ကာ တရားဟောလေရာ သုပ္ပဗုဒ္ဓ သည် တရားရပြီး သောတာပတ္တိဖိုလ်၌ တည်လေတော့သည်။ သူ တရားကို သိမြင်ပြီဖြစ်ကြောင်း လျှောက်ထားရန် ကျောင်းတော်သို့ ပြန်ကြွနေသော ဘုရားရှင်၏နောက်တော်သို့ လိုက်လာသည်။

သိကြားမင်း အကဲစမ်းပုံ

ဘုရားရှင်ထံ သွားနေသော သုပ္ပဗုဒ္ဓကို အကဲစမ်းလိုသဖြင့် သိကြားမင်း သည် "အချင်း သုပ္ပဗုဒ္ဓ၊ သင်သည် နူလည်းနူနေပြီး တောင်းရမ်းပြီးတော့ လည်း စားနေရသည်။ ဘုရားရှင်ကို ဘုရားမဟုတ်၊ တရားတော်သည်လည်း တရားမဟုတ်၊ သံဃာသည်လည်း သံဃာစစ်မဟုတ်၍ အလိုမရှိဟု ပြောပါ။ သင့်ဘဝ တစ်သက်စာ လုံလောက်အောင် သင့်အား ငါ ပစ္စည်းဥစ္စာပေးမည်" ဟု ပြောဆိုခိုင်းလေသည်။

ငါ ဆင်းရဲသူမဟုတ်

သောတာပန်တည်ပြီးဖြစ်သူ သုပ္ပဗုဒ္ဓသည် ယခုလာ၍ ပြောခိုင်းနေသူမှာ သိကြားမင်းဟု သိသဖြင့် "သိကြားမင်း၊ ငါသည် သင်ပြောသကဲ့သို့ ဆင်းရဲသူ မဟုတ်။ ငါ့မှာ ရတနာသုံးပါးကို ယုံကြည်သည့် သဒ္ဓါ။ စာရိတ္တ၊ ဝါရိတ္တ ဟူသော သီလ။ မကောင်းမှုပြုရန် ရှက်တတ်သည့် ဟီရိ၊ လန့်တတ်သည့် ဩတ္တပ္ပ၊ အကြားအမြင်များခြင်း သုတ။ ပေးကမ်းစွန့်ကြဲတတ်သည့် စာဂနှင့်

http://www.dhammadownload.com

အမှန်ကို သိတတ်သော ပညာဟုဆိုသည့် သူတော်ကောင်းဥစ္စာ ခုနစ်ပါး အပြည့်အဝ ရှိသည်။ ငါသည် ဆင်းရဲသူမဟုတ်၊ ထိုတရားတော်ကိုလည်း ငါ ရရှိထားသည်ကို သင် မသိလေသလော" ဟု ပြန်မေးလိုက်သည်။

သုပ္ပဗုဒ္ဓ သေရှာပြီ

သိကြားမင်းသည် သုပ္ပဗုဒ္ဓပြောစကားများကို ဘုရားရှင်ထံ အလျင်ရောက်အောင်သွားကာ လျှောက်ထားသည်။ ဘုရားရှင်က "ဒကာတော်ကဲ့သို့သော သိကြားမင်း အရာအထောင်တို့က အပြောခိုင်းသော်လည်း ပြောကြားလိမ့်မည်မဟုတ်။ သုပ္ပဗုဒ္ဓသည် ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်သူဖြစ်နေပြီ" ဟု မိန့်တော်မူလိုက်သည်။ သုပ္ပဗုဒ္ဓလည်း မိမိ၏ ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားပြီး ပြန်လာစဉ် သားဖောကြောင့် ဒေါသဖြစ်နေသော နွားမက ဝှေ့လိုက်သဖြင့် သုပ္ပဗုဒ္ဓ သေဆုံးသွားရရှာသည်။

အတိတ်မှ မကောင်းမှုကံ

သုပ္ပဗုဒ္ဓသည် လွန်ခဲ့သော ဘဝတစ်ခုဌ် အခြားသူငယ်ချင်းတို့နှင့်အတူ ပြည့်တန်ဆာမကို ခေါ်ယူပျော်ပါးပြီး ငွေမပေးဘဲ သတ်ရန် တိုင်ပင်ကြသည်။ ပြည့်တန်ဆာမက သိသွားပြီး ငါ အသတ်ခံရလျှင် သူတို့လေးယောက်ကို ပြန်သတ်နိုင်သည့် ဘီလူးမဖြစ်ရပါလို၏ဟု ဆုတောင်းသောကြောင့် ယခုဘဝ ဌ် ဘီလူးမ၏ အသတ်ခံရခြင်း ဖြစ်သည်။ နှနှာရောဂါသည်ဖြစ်ရခြင်းမှာ တဂ္ဂိရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါကို တဲတွေးဖြင့် ထွေးခဲ့သော မကောင်းမှုကံကြောင့် ဖြစ်ရသည်။

ဤအကြောင်းများကို ဘုရားရှင်က ပြန်လည် မိန့်ကြားပြီးနောက် ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

၆၆။ စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၆၆။ စပ်ရှားခံခက် ဆင်းရဲခြင်းသက်သက်မျှသော အကျိုးကို ပေးတတ်သည့် မကောင်းမှု အကုသိုလ်ကံကို ပြုနေကြသူ လူမိုက်တို့သည် ကိုယ့်ကိုယ် ကိုယ် ရန်သူပြုလျက် သံသရာ၌ လှည့်လည်နေကြသူများ ဖြစ်ကြကုန်သည်။

သုပ္ပဗုဒ္ဓလူနဝတ္ထု ပြီး၏။

၈။ ငွေထုပ်ကောက်ယူမိ၍ ပူပန်ရသူဝတ္ထု

[ပူပန်နေရသောအလုပ်သည် မကောင်းသောအလုပ်]

ခိုးသူတို့သည် သာဝတ္ထိမြို့တွင်းသို့ ရေပြွန်ပေါက်တစ်ခုမှ ဝင်ကြပြီး ပစ္စည်းများ ခိုးယူခဲ့ကာ မြို့အနီးရှိ လယ်ကွက်ထဲတွင် ဝေစုခွဲကြသည်။ သူခိုးတစ်ယောက်သည် အသားပြာထောင်ထုပ်တစ်ထုပ် ခါးတောင်းကျိုက်ထဲ ဝှက်ထားရာမှ ပစ္စည်းဝေသောနေရာတွင် ကျကျန်ခဲ့သည်။

ငွေထုပ်ဝှက်ထားခဲ့သူ

လယ်သမားသည် လယ်ထွန်ရန် နံနက်စောစော လယ်ထဲသို့ လာခဲ့သည်။ ဘုရားရှင်သည် လယ်သမား တရားရနိုင်မည်ကို မြင်တော်မူသဖြင့် လယ်ထဲသို့ အရှင်အာနန္ဒာနှင့်အတူ ကြွတော်မူလာပြီး ကဲ့ဝှက်ထားသူ သူခိုးကျန်ခဲ့သော ငွေထုပ်ကိုမြင်သော် "အာနန္ဒာ ဒီမှာကြည့်လော့၊ အဆိပ်ပြင်းထန်သောမြွေ" ဟု မိန့်တော်မူလျက် အရှင်အာနန္ဒာကို ပြတော်မူသည်။ အရှင်အာနန္ဒာက "မြင်ပါသည် ဘုရား" ဟု ပြန်လည် လျှောက်ထားပြီးနောက် ပြန်လည် ကြွသွားတော်မူကြသည်။ လယ်သမားသည် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့စကားကို ကြားသော် မြွေကို သုတ်သင်ရန်လာခဲ့ရာ ငွေထုပ်ကို တွေ့၍ ယူလာပြီး တစ်နေရာတွင် သဲဖုန်တို့ဖြင့် ဖုံးကာဝှက်ထားခဲ့သည်။

http://www.dhammadownload.com

လယ်သမားကို သတ်စေ

မြို့တွင်းမှ ပစ္စည်းပျောက်သူတို့သည် ခြေရာခံလိုက်လာကြရာ လယ်ထဲတွင် ပစ္စည်းဝေသောနေရာနှင့် ပစ္စည်းဝှက်ထားသည်ကို တွေ့သွားကြသည်။ ပစ္စည်းဝှက်သူ လယ်သမား၏ ခြေရာနှင့် လယ်သမားကိုတွေ့၍ ရိုက်နှက်ထိုးကြိတ်ပြီး မင်းကြီးထံ တိုင်ကြားရာ မင်းကြီးက သတ်စေအမိန့်ချလိုက်သည်။

လယ်သမား သောတာပန်ဖြစ်ပြီ

သတ်ရန်ခေါ်လာစဉ် လယ်သမားက "ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ အပြန်အလှန်ပြောသော စကားတို့ကို ရွတ်ဆိုလျက်" လိုက်လာသဖြင့် အာဏာပါးကွက်သားတို့က အကျိုးအကြောင်း မေးသည်။ "မင်းကြီးနှင့် တွေ့ရလျှင်ဖြေကြားမည်" ဟု ပြော၍ လယ်သမားကို မင်းကြီးထံ ပို့ပေးကြသည်။ မင်းကြီးထံ ရောက်သော် လယ်သမားက ဘုရားရှင်တို့ ကြွလာကြပုံမှအစ အဖြစ်စုံကို ရှင်းပြသည်။ မင်းကြီးက ဘုရားရှင်ကို သက်သေထူပြောကြားသဖြင့် ဘုရားရှင်ထံ လယ်သမားကို ခေါ်သွားပြီး အဖြစ်စုံကို လျှောက်ထားသည်။ ဘုရားရှင်က လယ်သမားပြောသည့်အတိုင်း ဟုတ်မှန်ကြောင်းကို ရှင်းလင်းမိန့်ကြားပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ လယ်သမားသည် သောတာပန်ဖြစ်သွားလေသည်။

၆၇။ နတံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

ဒေသနာ၏အဓိပ္ပာယ်

၆၇။ အကြင်ကံကို ပြုလုပ်ပြီးနောက် နောင်တ တစ်ဖန် ပူပန်ရ၏။ မျက်ရည်စက်လက် ငိုကြွေးရ၏။ ထိုကံမျိုးကို မပြုလုပ်ရာ။

ငွေထုပ်ကောက်ယူမိ၍ ပူပန်ရသူဝတ္ထုပြီး၏။

---

http://www.dhammadownload.com

၉။ ပန်းတော်ဆက် ကိုသုမနဝတ္ထု

[ဝမ်းသာရသည့်အလုပ်သည် ကောင်းသောအလုပ်]

ကိုသုမနသည် ဗိမ္မိသာရမင်းကြီး၏ ပန်းတော်ဆက် ဖြစ်သည်။ ဘုရင်ကြီးအား ဆက်သရန်ပန်းများ ဝယ်လာစဉ် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလာသော ဘုရားရှင်ကို ဖူးတွေ့ရသဖြင့် ဝယ်လာသောပန်းများကို ဘုရားရှင်အား လှူဒါန်းလိုက်သည်။ သူ လှူဒါန်းလိုက်သော ပန်းများသည် ဘုရားရှင် ဝန်းကျင်၌ အဆိုင်းအဆိုင်းဖြစ်လျက် ပန်းကွန်ရက်ပမာ ဆန်းကြယ်စွာ ဖြစ်တည်နေကြသည်။ ပန်းကွန်ရက်နှင့် ရောင်ခြည်တော်များကြောင့် အလွန်တရာ သပ္ပာယ်တော်မူသော ဘုရားရှင်ကို ဖူးတွေ့ရသူ ရာဇဂြိုဟ် ပြည်သူပြည်သားတို့သည် ဆွမ်းခံကြွရာ လမ်းတစ်လျှောက် လှူဖွယ်များ ကိုင်ဆောင်လျက် ဝိုင်းအုံလိုက်နေကြသည်။

သတ်လိုက သတ်၊ နှင်လိုက နှင်

အလွတ်ဖြစ်နေသော ပန်းခြင်းကို ကိုင်လျက် ကိုသုမန အိမ်ပြန်လာသည်။ ဇနီးက စိုးရိမ်တကြီးဖြင့် အကျိုးအကြောင်းကို မေးသည်။ "တစ်ဘဝသာ ကောင်းကျိုးပေးသည့် မင်းထက် တစ်သံသရာလုံး ကောင်းကျိုးရရန် ပန်းများကို ဘုရားရှင်ထံ လှူခဲ့ပြီ။ ထိုသို့ ဘုရားရှင်ကို ပန်းလှူလိုက်သဖြင့် ဘုရင်ကြီးသည် ငါ့အား သတ်လိုက သတ်၊ တိုင်းပြည်မှ နှင်လိုက နှင်" ဟု ကိုသုမနက ပျာပျာသလဲဖြစ်လျက် စိုးရိမ်နေသူ ဇနီးကို ပြောပြလိုက်သည်။ ဇနီးသည်က မင်းပြစ်မင်းဒဏ်ခံရမည်ကို ကြောက်သောကြောင့် "ကိုသုမနနှင့် သူသည် လင်မယား ကွာရှင်းခဲ့ပြီ။ ကိုသုမနလုပ်သမျှ သူနှင့် ဘာမှမဆိုင်တော့" ဟု မင်းကြီးအား ကြိုတင်သွားရောက်ပြီး လျှောက်ထားသည်။

ဘုရားရှင်သည် မြို့တော်အနှံ့ ဆွမ်းခံတော်မူပြီး နန်းတော်သို့ ကြွလာကာ နန်းရင်ပြင်၌ သီတင်းသုံးနေသည်။ ဗိမ္မိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဘောဇဉ်တို့ဖြင့် ကပ်လှူ ပူဇော်ကြသည်။

http://www.dhammadownload.com

ဘုရားရှင် ပြန်ကြွသွားသော် မင်းကြီးသည် ပန်းတော်ဆက် ကိုသုမနကို ခေါ်လျက် အကျိုးအကြောင်းမေးရာ ကိုသုမနက အကြောင်းစုံ ရှင်းလင်း လျှောက်ထားသည်။

ဆုလာဘ်ချီးမြှင့်ပြီ

မင်းကြီးသည် "အသင်ကား ယောကျ်ားမြတ်ဖြစ်၏။ ပြုသင့်ပြုထိုက် သော အလုပ်ကို ပြုလုပ်ပေ၏" ဟု မိန့်တော်မူလျက် သဗ္ဗဒကအမည်ရှိ "ဆင်၊ မြင်း၊ သမီးကညာ၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ မွန်မြတ်သောတန်ဆာ၊ အသပြာနှင့် အခွန်ထွက်ကောင်းသည့်ရွာ" ဟူသော ရှစ်မျိုးစီပါသော ဆုလာဘ် တော်ကို ပေးအပ်ချီးမြှင့်လိုက်သည်။

ကျောင်းတော်သို့ရောက်သော် အရှင်အာနန္ဒာက မေးလျှောက်သဖြင့် "အာနန္ဒာ၊ ပန်းတော်ဆက် သုမနသည် အသက်ကိုပင် မငဲ့ကွက်ဘဲ လှူခဲ့ သော ကုသိုလ်ကြောင့် ဘဝများစွာ သုဂတိဘုံတို့၌သာ ကျင်လည်ရပြီး သုမန အမည်ရှိ ပစ္စေကဗုဒ္ဓဖြစ်လတ္တံ့" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၈။ တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတ္ဝာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

ဒေသနာ၏အဓိပ္ပာယ်

၆၈။ အကြင်ကံကို ပြုလုပ်ပြီးနောက် နောင်တ တစ်ဖန် မပူပန်ရ။ ဝမ်းမြောက်ဝမ်းသာ ခံစားရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

ပန်းတော်ဆက် ကိုသုမနဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၀။ ဥပ္ပလဝဏ္ဏထေရီဝတ္ထု

[ကာမဂုဏ်၏အတွေ့ကို သာယာခြင်းမရှိသူ]

ရာဇဂြိုဟ်မြို့တော်သူ သူဌေးသမီးဗာစ်ဦးသည် ဘဝများစွာက ပြုခဲ့သော ကောင်းမှုနှင့် ဆုတောင်းကြောင့် ကြာညိုပန်း၏ အတွင်းသားကဲ့သို့ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာရှိသောကြောင့် "ဥပ္ပလဝဏ္ဏာ" ဟု အမည်တွင်နေသည်။ သူမသည် ပဒုမုတ္တရ၊ ဝိပဿီနှင့် ကဿပဘုရားရှင်တို့ လက်ထက်၌ ပါရမီများ ဖြည့်ကျင့်ကာ ကောင်းမှုများ ပြုလုပ်ခဲ့သဖြင့် ဇမ္ဗူဒီပ်ကျွန်းအနှံ့ ကျော်ကြား လူသိများခဲ့သည်။ ထိုသို့ ကျော်ကြားမှုကြောင့် သူနှင့် လက်ထပ်လိုသူ လူတန်းစားအစုံတို့က ကမ်းလှမ်းကြသည်။ သို့သော် ဥပ္ပလဝဏ်သည် လူဝတ်ကြောင်ဘဝတွင်မနေလိုချ် ရဟန်းပြုခဲ့သည်။

ရဟန်းဖြစ်ပြီး မကြာမီ အရှင်မ ဥပ္ပလဝဏ်သည် ဥပုသ်ပြုရာ သိမ်အတွင်း၌ ဆီမီးညှိထွန်းခြင်း၊ တံမြက်လှည်းရခြင်း စသော ဝေယျာဝစ္စများ ပြုလုပ်ရန် အလှည့်ကျသည်။ အခြားသီတင်းသုံးဖော် ဘိက္ခုနီတို့ ရောက်မလာမီ မိမိ ထွန်းထားသော ဆီမီးလျှံကို စူးစူးစိုက်စိုက် ရှုမှတ်လျက် တေဇောကသိုဏ်းပွားများရာ လောကီစျာန်များ ရရှိသည်။ ထိုရရှိသော လောကီစျာန်ကို အခြေပြုကာ ဆီမီးတောက်၏ ကုန်ခန်းပျက်စီးခြင်းသဘောကို ဝိပဿနာရှုသဖြင့် ထိုနေရာမှာပင် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးတို့ရရှိပြီး ရဟန္တာဖြစ်တော်မူသည်။

ရဟန္တာ အရှင်မ ဥပ္ပလဝဏ်ထေရီသည် ဇေတဝန်ကျောင်းတော်အနီး အနွဝန်တောရှိ ကျောင်းကလေးတစ်ဆောင်၌ သီတင်းသုံးရင်း ဆွမ်းခံစားတော်မူသည်။ တစ်နေ့ဆွမ်းခံရာမှအပြန် ကျောင်းတွင်းသို့ ဝင်ရောက်စဉ် ညောင်စောင်းအောက်၌ ပုန်းနေသူ ဦးရီးတော်၏သား နန္ဒလုလင်၏ ဗလက္ကာရပြု ဖျက်ဆီးခြင်း ခံရသည်။ နန္ဒလုလင်သည်လည်း ရဟန္တာထေရီအား ပြစ်မှားသော အကုသိုလ်ကံကြောင့် မြေမျိုခံရသည်။

နန္ဒလုလင်၏ ပြစ်မှားခြင်းခံရသည်ကို ဥပ္ပလဝဏ်ထေရီက အခြားဘိက္ခုနီတို့အား ပြောပြရာ အချို့က ဥပ္ပလဝဏ်ထေရီသည် သာသနာတော်၌

http://www.dhammadownload.com

ဆက်လက် နေခွင့်မရှိသည့် အပြစ်ကျူးလွန်ပြီဟု ပြောကြသည်။ ဘုရားရှင် သိတော်မူ၍ "ရဟန္တာသည် ကိလေသာကာမ၏ အတွေ့ကို သာယာခြင်းမရှိ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၆၉။ မဒုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၆၉။ အကြင်မျှလောက် ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး။ ထိုမျှလောက် ကာလပတ်လုံး လူမိုက်သည် မကောင်းမှုကို ပျားသကာကဲ့သို့ ထင်မှတ်၏။ အကြင်အခါ၌ မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲခြင်းသို့ ရောက်ရ၏။

ဥပ္ပလဝဏ္ဏထေရီဝတ္ထု ပြီး၏။

၁၁။ ဇမ္ဗုကမဏ္ဍိကထေရီဝတ္ထု

[ရဟန္တာကိုပြစ်မှားမိ၍ ဆိုးကျိုးခံစားရသူ]

ရာဇဂြိုဟ်မြို့တွင် ချမ်းသာကြွယ်ဝသော မိဘများမှ မွေးဖွားလာသည့် ဇမ္ဗုကသည် အိပ်သောအခါ အိပ်ရာနေရာကောင်း၌ မအိပ်၊ မြေကြီးပေါ်တွင်သာ အိပ်သည်။ စားသောအခါ ထမင်းဟင်း စသည်ကို မစား၊ မိမိ၏ မစင်ကိုသာ စားသည်။ အရွယ်ရောက်လာသော်လည်း အဝတ်ပုဆိုးကို မဝတ်။ ကိုယ်လုံးတီးသာ နေသည်။ သို့ဖြင့် မိဘများက အဝတ်မဝတ်သည့် အာဇီဝကများထံ အပ်လိုက်သည်။ အာဇီဝကများက ထန်းစေ့မှုတ်ခြမ်းဖြင့် ဆံပင်တို့ကို နုတ်ကာ ဇမ္ဗုကကို အာဇီဝက ရဟန်းအဖြစ် ပြုပေးကြသည်။ မိဘများက အာဇီဝကများကို ဆွမ်းစားပင့်သော် ဇမ္ဗုကသည် လိုက်ပါမလာဘဲ ကျောင်း၌ မစင်ကိုသာ စားနေခဲ့သည်။ ထိုအကြောင်းကို အခြားအာဇီဝကများက သိသဖြင့် ဇမ္ဗုကကို သူတို့၏ကျောင်းမှ နှင်ထုတ်လိုက်ကြသည်။

http://www.dhammadownload.com

ခြေနှစ်ဖက်နှင်းလျှင် မြေကြီးမခံနိုင်၍

အာဇီဝကကျောင်းမှ နှင်ထုတ်လိုက်သဖြင့် ဇမ္ဗုကသည် လူအများ မစင်စွန့်ရာ အနီးတွင်ရှိသော ကျောက်ဖျာပေါ်သို့ ရောက်လာသည်။ ညဉ့်အခါ မစင်များကိုစားပြီး နေ့အခါ လူအများ မစင်စွန့်ရန်လာသောအခါ ကျောက်ဖျာအစွန်းကို ကိုင်လျက် ပါးစပ်ဟထားပြီး ခြေတစ်ဖက်မြှောက်ကာ ရပ်နေသည်။ "ငါသည် လေကိုသာ စားသည်၊ ဘယ်အခါမှ မအိပ်၊ မထိုင်။ ငါ၏ ခြေနှစ်ဖက်စလုံးဖြင့် မြေကိုနင်းထားလျှင် မြေကြီးမခံနိုင်၍ တုန်လှုပ်၏။ ထို့ကြောင့် ခြေတစ်ဖက်ကို မြှောက်ထားသည်" ဟု တွေ့မြင်၍ မေးမြန်းလာသူတို့ကို ရှင်းပြသည်။

ကြီးမားသောအကျိုး ဖြစ်လိမ့်မည်

ဇမ္ဗုက၏ ထူးခြားသော နေထိုင် စားသောက်ပုံအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိကြသော် နယ်ပယ်အစုံမှ လူအများက လှူဖွယ်အဖုံဖုံတို့ဖြင့် လာရောက်ပူဇော်ကြ၊ လှူဒါန်းကြသည်။ လှူသူတို့ ကျေနပ်စေရန် လှူသောပစ္စည်းထဲမှ စားဖွယ်ကို သမန်းမြက်ဖျားဖြင့် တို့ပြီးစားကာ "အသင်တို့အတွက် ကြီးမားသောအကျိုး ဖြစ်ထွန်းလိမ့်မည်" ဟု ပြောသည်။

ဘုရားရှင်သည် ဉာဏ်တော်ကွန်ရက်ဖြင့် ချေချွတ်ထိုက်သူတို့ကို ကြည့်သော် ဇမ္ဗုက ကျွတ်တမ်းဝင်မည်ကို သိတော်မူ၍ သူ့ထံ ကြွလာတော်မူသည်။ ဘုရားရှင် ကြွလာမည်ကို နတ်တို့ သိသဖြင့် မိုးသည်းထန်စွာရွာသွန်းစေသည်။ ထိုအခါ ဇမ္ဗုက၏ နေရာတစ်ဝိုက်တွင် သန့်ရှင်းသွားသည်။ ဘုရားရှင်က ဇမ္ဗုကထံမှ တစ်ညတာ နေထိုင်ခွင့်ပြုရန် တောင်းသည်။ ဇမ္ဗုက နေရာမပေးချေ။ ဘုရားရှင်သည် ဇမ္ဗုကနှင့် မနီးမဝေး တောင်စောင်းတွင် သီတင်းသုံးသည်။ ညဉ့်အခါ ဘုရားရှင်ရှိရာသို့ နတ်မင်းကြီးများနှင့် သိကြား၊ ဗြဟ္မာများ ကိုယ်ရောင် စာဝင်းဝင်းဖြင့် လာကြသည်ကိုမြင်သည်။ ဇမ္ဗုကသည် ဘုရားရှင်ထံသွားကာ ညကလာသည့် ပုဂ္ဂိုလ်များအကြောင်းကို မေးမြန်းသည်။ ဘုရားရှင်က နတ်ဗြဟ္မာများလာကြောင်း မိန့်တော်မူသောအခါ "ငါ သည် နှစ်များစွာ

http://www.dhammadownload.com

ခြိုးခြံလျက် ကျင့်ကြံနေသော်လည်း ငါထံသို့ မည်သည့် နတ်ဗြဟ္မာမှ မလာဖူးဘူး" ဟု ပြန်လည် လျှောက်ထားခဲ့သည်။

ထိုအခါ ဘုရားရှင်က "သင်သည် မသိနားမလည်သူများကိုသာ လှည့်စား၍ရမည်။ ငါ့အား လှည့်စား၍ မရ။ သင်သည် နှစ်များစွာ မစင်ကို စားနေရသည်မှာ ကဿပဘုရားရှင်လက်ထက်က သင် ပြုခဲ့သော မကောင်းမှု၏ အကျိုးကိုခံနေရခြင်း ဖြစ်သည်။ ကဿပဘုရားရှင်လက်ထက်က သင့်ကျောင်းသို့ ရောက်လာသော ရဟန္တာတစ်ပါးကို 'ဒါယကာလှူသည့် အိပ်ရာ၌ အိပ်ခြင်းထက် မြေကြီး၌သာ အိပ်သင့်သည်။ ဒါယကာလှူသည့်ဆွမ်းကို စားခြင်းထက် မစင်ကိုသာ စားသင့်သည်။ ဆတ္တာသည်ဖြင့် ဆံပင်ရိတ်ခြင်းထက် ထန်းစေ့မှုတ်ခြမ်းဖြင့် နုတ်သင့်သည်။ ဒါယကာလှူသော သင်္ကန်းဝတ်ခြင်းထက် ကိုယ်လုံးတီးနေဖို့သင့်သည်' ဟု ပြောဆိုပြစ်မှားခဲ့၍ ယခုကဲ့သို့ ခံနေရသည်" ဟု ဇမ္ဗုကာ၏ အတိတ်မကောင်းမှုကံကို ဟောတော်မူသည်။

ဇမ္ဗုကာသည် သူ၏ အတိတ်မကောင်းမှုကံ အကြောင်းကို ကြားရသော အခါ လွန်စွာ ထိတ်လန့်ကြောက်ရွံ့သွားသည်။ ထိုအခြေအနေကို သိတော်မူသဖြင့် ဘုရားရှင်သည် ဇမ္ဗုကာအား ရေသနုပ်တစ်ထည်ပေးသည်။ ထိုရေသနုပ်ကို ဝတ်ပြီး ဆက်လက်၍ တရားနာလေရာ တရားတော်အဆုံး၌ ဇမ္ဗုကာသည် ဗဒို့သမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။

ထိုနေ့မှာပင် အင်္ဂါတိုင်းနှင့် မာဂဓတိုင်း နှစ်တိုင်းမှ ဇမ္ဗုကာကို ယုံကြည်ကြသော သူတို့သည် ဇမ္ဗုကကို ပူဇော်ရန် လှူဖွယ်ဝတ္ထုတို့ဖြင့် လာကြသည်။ မြတ်စွာဘုရားနှင့် ဇမ္ဗုကတို့ အတူရှိနေသည်ကို တွေ့ရသဖြင့် သို့လော... သို့လော ဖြစ်ရသည်။ ဇမ္ဗုကာသည် စွာန်ဝင်စားရာမှ ထ၍ မြတ်စွာဘုရားကို ဦးသုံးကြိမ်ချ ရှိခိုးသည်။

ဘုရားရှင်သည် ရောက်လာသော ပရိသတ်အား ဇမ္ဗုကာ၏ အတိတ်နှင့် ပစ္စုပ္ပန်အကြောင်းတို့ကို ရှင်းလင်းမိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၇၀။ မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
နော သော သဒ္ဓါတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ။

အသနာ၏အဓိပ္ပာယ်

၇၀။ တရားသဘောကို နားမလည်သော လူမိုက်သည် ခြိုးခြံသော အကျင့်ကို ကျင့်မည်ဟု လတိုင်းလတိုင်း သမန်းမြက်ဖျားဖြင့် တို့ကာ အနှစ်တစ်ရာတိုင်အောင် အစာကိုစား၏။ ဤသို့ ကျင့်သော်လည်း ထိုသူမိုက်၏ အကျင့်သည် သူတော်ကောင်းတရားသိပြီးသူတို့၏ အကျင့်တစ်ဆယ့်ခြောက်စိတ် စိတ်၌ တစ်စိတ်လောက်မျှ အဖိုးမထိုက်ပေ။

ဇမ္ဗုကမဏ္ဍိကဝတ္ထု ပြီး၏။

၁၂။ မြွေပြိတ္တာ ဝတ္ထု

[ပစ္စေကဗုဒ္ဓါကို စော်ကား၍ မြွေပြိတ္တာဖြစ်ရသူ]

အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးနှင့် အရှင်လကုဏ္ဌကမထေရ်တို့သည် ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံရန်အလို့ငှာ ဂိဇ္ဈကူဋ်တောင်မှ ဆင်းလာစဉ် တစ်နေရာ၌ မြွေပြိတ္တာတစ်ကောင်ကို မြင်၍ အရှင်မဟာမောဂ္ဂလာန်မထေရ်က ပြုံးတော်မူသည်။ ထိုအခါ အရှင်လကုဏ္ဌကမထေရ်က ပြုံးတော်မူခြင်း၏ အကြောင်းကို မေးသည်။ အရှင်မဟာမောဂ္ဂလာန်က ဘုရားရှင်ရှေ့တော်ရောက်မှ ဖြေမည်ဟု ပြန်လည်မိန့်တော်မူသည်။

လူ့ဦးခေါင်းနှင့် မြွေပြိတ္တာ

မြွေပြိတ္တာကြီး၏ ဦးခေါင်းမှာ လူ့ဦးခေါင်းနှင့်တူပြီး ကျန်အပိုင်းမှာ မြွေနှင့်တူသည်။ ဦးခေါင်းမှ လောင်နေသောမီးသည် အမြီးဖျားအထိ၊ အမြီးဖျားမှ

http://www.dhammadownload.com

လောင်သောမီးသည် ဦးခေါင်းအထိ ရောက်သည်။ အလယ်မှလောင်သော မီးလျှံသည် ဦးခေါင်းနှင့် အမြီးသို့တိုင် ရောက်သည်။

ဘုရားရှင် ရှေ့တော်သို့ ရောက်သောအခါ အရှင်လက္ခဏာမထေရ်၏ အမေးကို ထူးဆန်းသော မြွေပြိတ္တာကို မြင်သဖြင့် ပြုံးတော်မူခြင်း ဖြစ်သည်ဟု အရှင်မဟာမောဂ္ဂလာန်က ရှင်းပြသည်။ ထိုမြွေပြိတ္တာ၏ အကုသိုလ်ကံအကြောင်းကို ဘုရားရှင်ထံ ထပ်ဆင့်မေးမြန်း လျှောက်ထားသောအခါ ဘုရားရှင်က မြွေပြိတ္တာ၏ အတိတ်ကံအကြောင်း ရှင်းလင်းမိန့်တော်မူသည်။

လယ်သမားဘဝက ပြုခဲ့သောမကောင်းမှု

မြွေပြိတ္တာသည် ရှေးလွန်လေပြီးသော အတိတ်ကာလ၌ လယ်သမားတစ်ဦး ဖြစ်သည်။ သူ့လယ်အနီး ကျောင်းတစ်ဆောင်၌ ပစ္စေကဗုဒ္ဓါတစ်ပါး သီတင်းသုံးနေခဲ့သည်။ ဒါယကာ၊ ဒါယိကာမတို့ ပစ္စေကဗုဒ္ဓါထံ သွားကြသည်တွင် ထိုလယ်သမား၏ လယ်ကိုဖြတ်၍ သွားကြရသည်။ ပစ္စေကဗုဒ္ဓါရှိနေ၍ သူ့လယ် ပျက်စီးရသည်ဟုဆိုကာ ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွခိုက် ကျောင်းရှိ ပစ္စည်းများကို ဖျက်ဆီးလျက် ကျောင်းကိုပါ လယ်သမားက မီးရှို့လိုက်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းခံအပြန် တွင် ကျောင်းမရှိသဖြင့် အခြားတစ်နေရာသို့ ကြွတော်မူသည်။ အလှူရှင်တို့ ပစ္စေကဗုဒ္ဓါထံ လာကြသောအခါ လယ်သမားက ကျောင်းကို မီးရှို့ပစ်လိုက်ပြီဖြစ်၍ ပစ္စေကဗုဒ္ဓါ မရှိတော့ကြောင်း ပြောပြသည်။ အလှူရှင် ဒါယကာတို့ မကျေနပ်သဖြင့် ဝိုင်းဝန်းရိုက်နှက်ကြ၍ လယ်သမားသေဆုံးကာ ငရဲသို့ ကျရောက်ရသည်။ ငရဲ၌ နှစ်များစွာ ခံရပြီးနောက် ဤသို့ မြွေပြိတ္တာဘဝ ရောက်နေရသည်ဟု ဘုရားရှင်က မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

ရဘ။ နု ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုဒီရံဝ မုစ္စတိ။
ဒုဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နော၀ ပါဝကော။

ဒေသနာ၏အဓိပ္ပာယ်

၇၁။ ညှစ်ပြီးစ နို့ရည်သည် အချဉ်မပေါက်သေးသကဲ့သို့ ပြုပြီးခါစ ဖြစ်သော မကောင်းမှု အကုသိုလ်ကံသည် ရုတ်တရက် အကျိုးမပေးသေး။

http://www.dhammadownload.com

အကျိုးပေးသောအခါတွင်မူ ပြာဖုံးထားသော မီးကျီးခဲကဲ့သို့ ထိုသူမိုက်ကို ပြင်းစွာ လောင်ကျွမ်းစေလျက် အစဉ်လိုက်နေလေတော့၏။

မြွေပြိတ္တာဝတ္ထု ပြီး၏။

၁၃။ သဋ္ဌိကူဇပြိတ္တာဝတ္ထု

[တတ်သိပညာအသုံးမှား၍ ပြိတ္တာဖြစ်ရသူ]

အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့် အရှင်လကုဏ္ဍကမထေရ်တို့သည် ဆွမ်းခံရန် ရာဇဂြိုဟ်မြို့တော်သို့ ကြွလာတော်မူကြစဉ် လမ်းတစ်နေရာ၌ သဋ္ဌိကူဇ ပြိတ္တာကို တွေ့မြင်၍ အရှင်မဟာမောဂ္ဂလာန်မထေရ် ပြုံးတော်မူသည်။ အရှင်လကုဏ္ဍကမထေရ်က ပြုံးတော်မူခြင်း၏အကြောင်းကို မေးသဖြင့် ဘုရားရှင် ရှေ့တော်ရောက်မှ ဖြေမည်ဟု အရှင်မဟာမောဂ္ဂလာန် ပြန်လည် မိန့်ကြားတော်မူသည်။

ပြိတ္တာ၏ အခြေအနေ

သဋ္ဌိကူဇပြိတ္တာ၏ ကိုယ်ပမာဏသည် သုံးဂါဝုတ်ရှိပြီး သူ့ကို အလျှံရဲရဲတောက်သော သံတူခြောက်သောင်းတို့က ဦးခေါင်းကို ရိုက်ခွဲနေကြသည်။ ဘုရားရှင်ရှေ့တော်မှောက် ရောက်သောအခါ အရှင်လကုဏ္ဍက၏ အမေးကို အရှင်မဟာမောဂ္ဂလာန်က ထိုပြိတ္တာကို မြင်၍ ပြုံးခြင်းဖြစ်သည်ဟု ပြောကြားသည်။ ဘုရားရှင်က ငါ ဘုရားဖြစ်တော်မူစကပင် ထိုပြိတ္တာကိုမြင်ကြောင်း မိန့်တော်မူပြီး ပြိတ္တာ၏ အတိတ်အကုသိုလ်ကံအကြောင်းကို ဟောတော်မူသည်။

အတတ်ပညာ အလွဲသုံးခဲ့သူ

ရှေးအခါက ကျောက်စရစ်ခဲဖြင့် ပစ်ပြီး လူပုံ၊ တိရစ္ဆာန်အမျိုးမျိုးပုံတို့ကို ပြုလုပ်နိုင်စွမ်းရှိသည့် ဗာရာဏသီပြည်သား ငဆွဲ့ဆိုသူ ရှိခဲ့ဖူးသည်။

http://www.dhammadownload.com

ထိုငဆွဲ့ထံမှ ကျောက်စရစ်ခဲဖြင့် ပစ်ခတ်သည့်ပညာကို သင်ယူပြီး ပြန်လာသူ တစ်ယောက်ရှိ၏။ သူသည် သူ့အရပ်ဒေသသို့ ပြန်ရောက်သောအခါ တတ်ကျွမ်းလာသော ပညာကို စမ်းသည့်အနေဖြင့် မြို့တွင်းသို့ ဆွမ်းခံကြွသော သုနေတ္တအမည်ရှိ ပစ္စေကဗုဒ္ဓါကို ကျောက်စရစ်ခဲဖြင့် ပစ်သည်။ သူ ပစ်သော ကျောက်စရစ်ခဲသည် ပစ္စေကဗုဒ္ဓါ၏ နားတစ်ဖက်မှဝင်ကာ အခြား နားတစ်ဖက်သို့ ဖောက်ထွက်သွားသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ပြင်းထန်သော ဝေဒနာခံစားရပြီးနောက် ကျောင်းသို့ ပြန်ရောက်သော် ပရိနိဗ္ဗာန် စံတော်မူသွားသည်။

ငဆွဲ့၏တပည့် ကျောက်စရစ်ခဲပစ်အတတ် ကျွမ်းကျင်သူ ယောကျ်ားသည် ထိုဘဝမှ ကွယ်လွန်သော် ငရဲ၌ နှစ်များစွာခံခဲ့ရသည်။ အကုသိုလ်အကြွင်းကျန်ရှိနေသောကြောင့် သဋ္ဌိကူဋပြိတ္တာ ဖြစ်နေရသည်ဟု မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၎၂။ ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ၊
ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။

ဒေသနာ၏အဓိပ္ပာယ်

၇၂။ လူမိုက်၏ အတတ်ပညာ ဥစ္စာစီးပွားနှင့် ရာထူးကြီးမားမှုသည် ထိုလူမိုက်၏အကျိုးကို ပျက်စီးရန်အတွက်သာ ဖြစ်သည်။ ပကတိ ဖြူစင်သန့်ရှင်းသော ကုသိုလ်ကိုလည်း ဖျက်ဆီးတတ်သည်။ ပညာတည်းဟူသော ဦးထိပ်ကိုလည်း ဖြိုခွဲ ဖျက်ဆီးတတ်၏။

သဋ္ဌိကူဋပြိတ္တာဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၄။ စိတ္တသူကြွယ်နှင့် ဦးသုဓမ္မဝတ္ထု

[ထောင်လွှားတတ်သော မာနရှိလျှင် တရားမရ]

မစ္ဆိကာသဏ္ဍမြို့သည် မဂဓတိုင်းမှ မြို့တစ်မြို့ဖြစ်ပြီး စိတ္တသူကြွယ်သည် ထိုမြို့သား ဖြစ်သည်။ မိဘများ ကွယ်လွန်သော် သူသည် မိဘအမွေတို့ဖြင့် သူဌေးဖြစ်လာခဲ့သည်။ ပဉ္စဝဂ္ဂိငါးဦးတို့တွင် တစ်ပါးအပါအဝင်ဖြစ်သည့် အရှင် မဟာနာမ်ထေရ်သည် မစ္ဆိကာသဏ္ဍသို့ ကြွလာကာ တရားဟောသဖြင့် စိတ္တ သူကြွယ် သောတာပန် ဖြစ်သည်။ မိမိပိုင် အမွှာဥကဉျာဥ် (ငွေးပင်တော) ၌ ကျောင်းဆောက်လုပ် လှူဒါန်းသဖြင့် ကျောင်းဒါယကာလည်း ဖြစ်သည်။ သူ့ကျောင်း၏ ကျောင်းထိုင်မှာ အရှင်သုဓမ္မ ဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီး စိတ်ဆိုးပြီ

တစ်နေ့တွင် အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးတို့ မစ္ဆိကာသဏ္ဍမြို့သို့ ကြွလာကြရာ စိတ္တသူကြွယ်က ယူဇနာဝက်ခရီးအထိ သွားရောက်ကြိုဆို ပင့် ဆောင်သည်။ ကျောင်းသို့ရောက်သော် အရှင်သာရိပုတ္တရာမထေရ်၏ တရားကို နာကြားရပြန်သဖြင့် သူသည် အနာဂါမ်ဖြစ်သွားလေသည်။ သူကြွယ်သည် အရှင်မြတ်ကြီး နှစ်ပါးတို့အား နောက်နေ့မနက်တွင် အိမ်၌ ဆွမ်းစားကြွရန် ပင့်လျှောက်သည်။ ထို့နောက် ကျောင်းနေရဟန်း အရှင်သုဓမ္မကိုလည်း အိမ်သို့ ဆွမ်းစားပင့်သည်။ အဂ္ဂသာဝက မထေရ်ကြီးများအား အရင်ပင့်ပြီး သူ့ကို နောက်မှပင့်သဖြင့် ကျောင်းထိုင် အရှင်သုဓမ္မက စိတ်ဆိုးကာ ပင့်ဖိတ်သည်ကို လက်မခံ။

နောက်တစ်နေ့တွင် သူကြွယ်၏အိမ်၌ မထေရ်ကြီးများအတွက် ချက် ပြုတ် ပြင်ဆင်နေရာသို့ အရှင်သုဓမ္မလာကြည့်ပြီး "ဒါယကာ ပြင်ဆင်ထား သည်မှာ စုံလင်လှပါ၏။ သို့ရာတွင် နှမ်းပျစ်မုန့်လိုနေသည်" ဟု ပြောဆို သည်။ စိတ္တသူကြွယ်၏ မျိုးရိုးထဲတွင် နှမ်းပျစ်မုန့်ရောင်းသူတစ်ယောက်ရှိဖူး၍ စိတ္တသူကြွယ်အား မျိုးရိုးရှုထောင့်မှ နှိမ်သည့်သဘောဖြင့် ပြောခြင်းဖြစ်သည်။

http://www.dhammadownload.com

အာကလိအောက်နှင့် အောက်ကလိအာ

ထိုအခါ စိတ္တသူကြွယ်က ဦးသုဓမ္မအား ဤသို့ ပြန်လည်လျှောက်ထားသည်။

အရှင်ဘုရား၏ စကားသည် လူ့စကားလည်းမမည်၊ ရဟန်းစကားလည်း မဟုတ်သဖြင့် **"အောက်ကလိအာနှင့် အာကလိအောက်"** ဟု တွန်သောကြက်ကလေးကဲ့သို့ ဖြစ်နေသည်။ ရှေးအခါက ကြက်မတစ်ကောင်နှင့် ကျီးကန်းအထီးတစ်ကောင်တို့ ညား၍ မွေးလာသောကလေးသည် ဖခင်ဘက် မျိုးရိုးလိုက်ပြီး အော်သည့်အခါ "အာကလိအောက်" ဟု တွန်မြည်ပါသည်။ မိခင်မျိုးရိုးဘက်သို့လိုက်ပြီး အော်သည့်အခါ "အောက်ကလိအာ" ဟု တွန်သတဲ့ ဘုရား" ဟု လျှောက်လိုက်သည်။

ရဟန္တာဖြစ်ပြီ

ထိုအကြောင်းကို ဦးသုဓမ္မက ဘုရားရှင်ထံ သွားရောက် လျှောက်ထားသောအခါ ဘုရားရှင်က "သုဓမ္မ၊ သင်သည် သဒ္ဓါတရားရှိသော ဒါယကာအား အမျိုးဇာတ်ကိုဖော်၍ ဆဲရေးဘိသည်။ စိတ္တသူကြွယ်ကို တောင်းပန်" ဟု မိန့်တော်မူသည်။ မထေရ်သည် မာနထောင်လွှားမိသော မိမိအမှားကိုသိရှိပြီး တောင်းပန်သော်လည်း စိတ္တသူကြွယ်က လက်မခံ၍ ဇေတဝန်ကျောင်းတော်သို့ နောက်တစ်ခေါက် ပြန်လာရသည်။ ဘုရားရှင်က ရဟန်းမည်သည် ငါ၏ နေရာ၊ ငါ၏ ကျောင်း၊ ငါ၏ အရပ်၊ ငါ၏ ဒါယကာ စသည်ဖြင့် မာန်ထောင်လွှားခြင်း၊ ငြူစူစောင်းမြောင်းခြင်း မပြုရဟု ဆုံးမတော်မူပြီး သူကြွယ်အား ထပ်မံတောင်းပန်ခိုင်းသည်။ နောက်တစ်ခေါက်ပြန်၍ တောင်းပန်သောအခါ စိတ္တသူကြွယ်က ကျေနပ်လက်ခံသည်။ စိတ္တသူကြွယ် ကျေနပ်ပြီဖြစ်၍ အရှင်သုဓမ္မသည် စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်လေရာ တစ်ရက်နှစ်ရက်အတွင်းမှာပင် တရားသိကာ ရဟန္တာဖြစ်တော်မူသည်။

ဤအကြောင်းများနှင့် စပ်လျဉ်း၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၇၃။ အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဿ ဘိက္ခုသု။
အာဝါသေသု စ ကွာသရိယံ၊ ပူဇာ ပရကုလေသု စ။
၇၄။ မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစ္စိ။
ကွတိ ဗာလဿ သင်္ကပ္ပေါ၊ ကွစ္ဆာ မာနော စ ဝဍ္ဎတိ။

အသနာ၏အဓိပ္ပာယ်

၇၃။ မလိမ္မာသောရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင် ထင်ရှား မရှိသောဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းခြင်း၊ မိမိအား ခြံရံလျက် ရှေ့ဆောင်နေရာ ထားခြင်း၊ ကျောင်းအိပ်ရာ နေရာတို့၌ အစိုးရစေခြင်း၊ ဆွေမျိုးမဟုတ်သူ ဒါယကာ၊ ဒါယိကာမတို့၏ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းတို့ကို အလိုရှိ၏။

၇၄။ ငါ့ကြောင့်သာလျှင် အမှုခပ်သိမ်းပြီး၏ဟု ရဟန်းရှင်လူတို့ မှတ်ယူကြစေကုန်လျက်၊ တစ်စုံတစ်ခုသော အရေးကိစ္စကြုံလျှင် ငါ့အလိုသို့ လိုက်ကြစေကုန်ဟု ရဟန်းမိုက်အား အကြံအစည် အလိုရမ္မက်နှင့် မာန်မာနတို့သည် တိုးပွားကုန်၏။

စိတ္တသူကြွယ်နှင့် ဦးသုဓမ္မဝတ္ထု ပြီး၏။

၁၅။ တောကျောင်းနေ ကိုရင်တိဿဝတ္ထု

[လာဘ်လာဘချမ်းသာထဲက် နိဗ္ဗာန်ချမ်းသာကိုသာ အရယူသူ]

တိဿသာမဏောငယ်သည် ရှေးဘဝဟောင်းက အရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ကန္တပုဏ္ဏားကြီး၏ အဆွေခင်ပွန်း မဟာသေန ပုဏ္ဏားကြီး ဖြစ်ခဲ့သည်။ ထိုပုဏ္ဏားကြီးသည် ဆင်းရဲသောအဖြစ်ကို ရောက်နေသဖြင့် အရှင်မဟာ သာရိပုတ္တရာက သနားသဖြင့် ချီးမြှောက်လို၍ ရာဇဂြိုဟ်မြို့တော်၌

http://www.dhammadownload.com

သူ့အိမ်တံခါးရှေ့တွင် ကြွရောက် ဆွမ်းရပ်သည်။ ဆွမ်းလောင်းစရာ ဘာမျှ မရှိသဖြင့် ပုဏ္ဏားကြီး ပုန်းနေရသည်။ နောက်ရက်များ၌လည်း မထေရ်ကြီး သည် ဆွမ်းရပ်လာပြန်သည်။ လျှစရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာမျှ မရှိသဖြင့် ပုန်းအောင်းနေရပြန်သည်။ တစ်ခါသော် ပုဏ္ဏားတို့၏ ပူဇော်ပွဲတစ်ခုမှ ပုဆိုး ကြမ်း တစ်ထည်နှင့် ဃနာနို့ကို ရရှိလာသည်။ ထိုဇာမှာပင် အရှင်မြတ်ကြီး သည် ဈာန်သမာပတ်မှ ထတော်မူ၍ ပုဏ္ဏားကြီးထံ လာရောက်ဆွမ်းရပ်သည်။

ပုဏ္ဏားကြီးသည် အားရဝမ်းသာစွာဖြင့် အရှင်မြတ်ကြီးအား အိမ်တွင်း သို့ပင့်ပြီး နို့ဃနာဆွမ်းကို လောင်းလှူသည်။ အရှင်မြတ်ကြီး၏ သပိတ်တော် ထဲသို့ နို့ဃနာထက်ဝက်မျှ လောင်းမိသောအခါ အရှင်မြတ်ကြီးက သပိတ်ကို ပိတ်ဖုံးလိုက်သည်။ ပုဏ္ဏားကြီးက "အရှင်ဘုရား၊ ဤနို့ဃနာသည် တစ် ယောက်စာမျှသာ ရှိပါသည်။ တပည့်တော်အား နောင်တမလွန်ဘဝအတွက် ပါ ချီးမြှောက်ပါ ဘုရား" ဟု ဆိုကာ နို့ဃနာအားလုံး သပိတ်တော်ထဲသို့ လောင်းထည့်လိုက်သည်။ အရှင်မြတ်ကြီးလည်း ထိုနေရာတွင်ပင် ဘုဉ်းပေး သုံးဆောင်သည်။ ပုဆိုးကြမ်းကိုလည်း လှူဒါန်းလိုက်ပြီး "အရှင်ဘုရား၊ တပည့်တော်သည်လည်း အရှင်ဘုရားတို့ သိမြင်ရသောတရားကို သိမြင်ရပါ လို၏" ဟု ဆုတောင်းသည်။

ထိုပုဏ္ဏားကြီးသည် အရှင်မြတ်ကြီးအား ချစ်ခင်ကြည်ညိုသော စိတ် ဖြင့်သာလျှင် ကွယ်လွန်သော် သာဝတ္ထိမြို့ရှိ အရှင်သာရိပုတ္တရာအား ကိုးကွယ် ကြည်ညိုသောအိမ်ရှိ အလုပ်အကျွေးမ တစ်ဦး၌ ပဋိသန္ဓေ တည်နေလေ သည်။ ပဋိသန္ဓေကို လွယ်ထားရသည့် အမျိုးသမီးသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့် သံဃာတော်တို့ကို ပင့်ဖိတ်၍ နို့ဃနာဆွမ်း ကျွေးလို သော ချင်ခြင်းသည် ဖြစ်၏။ အမျိုးသမီးငယ်၏ အိမ်သူအိမ်သားတို့သည် လည်း သူမ၏ အလိုဆန္ဒအတိုင်း အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနှင့်တကွ ငါးရာသော ရဟန်းတို့ကို ရေမရောသည့် နို့ဃနာဆွမ်းဖြင့် ပင့်ဖိတ်လှူဒါန်း သည်။ ထိုသို့ဖြင့် သားဖွားမင်္ဂလာ၊ အမည်ပေးမင်္ဂလာပြုသော နေ့များ၌လည်း အရှင်သာရိပုတ္တရာမထေရ်နှင့် သံဃာတော်တို့အား လှူဒါန်းသည်။ အမည်

http://www.dhammadownload.com

ပေးသောအခါတွင် "တိဿ" ဟုံ အရှင်သာရိပုတ္တရာ၏ ငယ်နာမည်ကို ပေးခဲ့ကြသည်။ ထိုနေ့က တစ်သိန်းတန် ကမ္ဗလာထည်ကို အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအား သူငယ်၏လက်ဖြင့် လှူဒါန်းခဲ့သည်။

တိဿကို ရှင်ပြုပေးပြီ

တိဿသတို့သား ခုနစ်နှစ်အရွယ်ရောက်သောအခါ အရှင်သာရိပုတ္တရာထံ၌ ရှင်ပြုပေးကြသည်။ ရှင်ဖြစ်လာပြီးနောက် တိဿသာမဏေသည် အခြားရဟန်းတော်များနှင့်အတူ သာဝတ္ထိမြို့တော်တွင်း ဆွမ်းခံကြွရာ အလှူရှင်များက ဆွမ်းဘောဇဉ်အမျိုးမျိုး၊ လှူဖွယ်အမျိုးမျိုးတို့ဖြင့် မြို့တွင်းမှာသာမက ကျောင်းတိုက်အနီးသို့ပါလာရောက် လောင်းလှူကြသည်။ ဤသို့ ဖြစ်ရခြင်းမှာ ပြုခဲ့သောဒါနတို့၏ ကောင်းကျိုးများ ဖြစ်သည်။

ဆောင်းဥတုကာလတစ်နေ့တွင် ချမ်းအေးလွန်း၍ မီးလှုံနေကြသော သံဃာတော်များအတွက် သာဝတ္ထိမြို့တွင်းသို့ သံဃာတော်များနှင့်အတူ ကြွရောက်ကာ အနွေးထည် ကမ္ဗလာများ အလှူခံသည်။ တစ်နေ့တည်းဖြင့်ပင် သံဃာတော်တို့အတွက် ကမ္ဗလာ တစ်ထောင်ရသည်။ ဤသို့ တစ်ရက်တည်းဖြင့် ကမ္ဗလာတစ်ထောင်ရခြင်းမှာ အမည်မှည့်သောနေ့က အရှင်သာရိပုတ္တရာ မထေရ်ကြီးအား ကမ္ဗလာလှူခဲ့သော ကောင်းမှုကြောင့် ဖြစ်သည်။

တောကျောင်းနေ တိဿ

တိဿသာမဏေသည် ဇေတဝန်ကျောင်းတော်၌နေစဉ် ဆွမျိုးများ၊ လှူလိုသူများ အလာများသဖြင့် တရားအားထုတ်ခွင့် မရနိုင်အောင် ဖြစ်နေသည်။ လာဘ်လာဘရရှိသော ချမ်းသာထက် နိဗ္ဗာန်ချမ်းသာကိုသာ အလိုရှိသဖြင့် ဘုရားရှင်အထံမှ ကမ္မဋ္ဌာန်းတောင်းကာ မြို့တော်နှင့် ဝေးကွာသော တောကျောင်းသို့ကြွလျက် တောရဆောက်တည်နေထိုင်သည်။ ထိုအချိန်မှစ၍ "ဝနဝါသီ တိဿ" တောကျောင်းနေ တိဿဟု ဘွဲ့အမည်တွင်လာတော့သည်။

http://www.dhammadownload.com

ရဟန္တာတိသ

တိသသာမဏေသည် ထိုတောကျောင်း၌ ဝါတွင်းသုံးလ သီတင်းသုံး နေထိုင်သည်။ တတိယလတွင် ရဟန္တာဖြစ်တော်မူသည်။ ဝါကျုံတ်၍ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အစရှိသော သံဃာတော်များ တိသသာမဏေထံ ကြွလာကြသဖြင့် တိသသာမဏေကို သားကဲ့သို့ ခင်မင်ကြည်ညိုသော အဘိုးတစ်ဦးက အရှင်မြတ်များအား တောရကျောင်းအထိ ကြိုဆိုပို့ဆောင်ပေးသည်။ ထိုနေ့ညတွင် တိသသာမဏေတရား ဟောတော်မူရာ အခါတိုင်း တရားဟောသောအခါ "ချမ်းသာကြပါစေ၊ ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပါစေ" ဟုသာ ဟောလေ့ရှိသည်။ ထိုညတွင်မူ နိကာယ်ငါးရပ် ပိဋကသုံးပုံတို့မှ တရားအဖုံဖုံကို ထုတ်ဆောင်ဟောတော်မူသည်။

တိသသာမဏေက ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ တရားဟောသည်ကို နာကြားရသော် အချို့ ဒါယကာတို့က "ဤကဲ့သို့ တစ်ခါမျှ တရားဟောခြင်းမပြုခဲ့ဖူးဘူး" ဟု မကျေမနပ်ဖြစ်ကြသည်။ အချို့ကမူ "ငါတို့သည် ကျွမ်းကျွမ်းကျင်ကျင် ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ တရားဟောတတ်သော သာမဏေကိုရသည်မှာ အရတော်ပေစွ" ဟု ဝမ်းသာအားရဖြစ်ကြရာမှ ပရိသတ်နှစ်ပိုင်းကွဲသွားရသည်။

အရတော်ကြပေစွ

ပရိသတ်နှစ်ပိုင်းကွဲသွားသည်ကို သိတော်မူသဖြင့် ဘုရားရှင် ကြွလာတော်မူပြီး "ဒါယကာတို့၊ သင်တို့သည် အရတော်ကြပေစွ။ ဤတိသ သာမဏေကို အမှီပြုလျက် ငါဘုရားကိုလည်း ဖူးတွေ့ခွင့်ရကြသည်။ အရှင်သာရိပုတ္တရာစသော အဂ္ဂသာဝကာ၊ မဟာသာဝက မထေရ်ကြီးတို့ကိုလည်း ဖူးတွေ့ခွင့်ရကြသည်" ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

ရဂ္ဂ။ အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓသ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၇၅။ လာဘ်ရကြောင်းအကျင့်နှင့် နိဗ္ဗာန်ရကြောင်းအကျင့်သည် အလွန်ဝေးကွာခြားနားပေ၏။ ဤသို့ ခြားနားကြောင်းကိုသိ၍ ဘုရားတပည့်သားရဟန်းသည် လာဘ်ပူဇော်သကာကို မတောင့်တရာ။ တစ်ကိုယ်တည်းနေခြင်းတည်းဟူသော ကာယ ဝိဝေက၊ သမာပတ်၍စ်ပါးတည်းဟူသော စိတ္တ ဝိဝေကနှင့် နိဗ္ဗာန်တည်းဟူသော ဥပဓိ ဝိဝေကတို့ကို အစဉ်ပွားစေရာ၏။

တောကျောင်းနေ ကိုရင်တိဿဝတ္ထု ပြီး၏။

ဗာလဝဂ် ပြီး၏။



တောကျောင်းနေ ကိုရင်တိဿ။

http://www.dhammadownload.com

ပဏ္ဍိတဝဂ်

ပဏ္ဍိတ = ပညာရှိ၊ ဝဂ္ဂ = ဝဂ်၊ အစု။
သီ၊ မြင်တတ်သူ ပညာရှိနှင့် ပေါင်း၍ ပစ္စုပ္ပန်သံသရာ
အကျိုးနှစ်မျိုး ရရှိပုံတို့ကို ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ရာဓမထေရ်ဝတ္ထု

[ပြောဆိုဆုံးမမှု နာခံသဖြင့် တရားရသွားသူ]

ရာဓအမည်ရှိ သာဝတ္ထိမြို့သား ပုဏ္ဏားအိုကြီးတစ်ယောက်သည် ဆင်းရဲလွန်းသဖြင့် ဇေတဝန်ကျောင်းတော်နေ ရဟန်းသံဃာတော်တို့ကို အမှီပြုကာ နေထိုင်နေရသည်။ ကျောင်းတွင်း၌ ပေါင်းပင် မြက်ပင်များကို ရှင်းလင်းခြင်း၊ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေ ခပ်ပေးခြင်း စသော ဝတ်ကြီးဝတ်ငယ်များ ပြုလုပ်ပေးသဖြင့် ရဟန်းတော်များက သူ့အား စားသောက်ဖွယ်ရာများ စွန့်ကြဲပေးကမ်းကြသည်။ ထိုသို့ စားနေရသော်လည်း သူ မပျော်ရွှင်။ တစ်နေ့တခြား ကြုံလှိုပိန်ချုံးလာသည်။ ထိုသို့ ဖြစ်လာရခြင်းမှာ သူကိုယ်တိုင်က ရဟန်းပြုလိုလှသော်လည်း သူ့ကို ရဟန်းပြုပေးမည့်သူ မရှိ၍ စိတ်ဆင်းရဲနေရခြင်းကြောင့် ဖြစ်သည်။

ပြုဖူးသော ကျေးဇူးဆပ်သူ

တစ်နေ့တွင် ဘုရားရှင်က ရဟန်းတော်များအား "ရာဓပုဏ္ဏားကြီး၏ ကျေးဇူးခံ ကျေးဇူးစားရှိဖူးသူ ရှိ၊ မရှိ" မေးတော်မူသည်။ ထိုအခါ အရှင်

http://www.dhammadownload.com

သာရိပုတ္တရာ မထေရ်ကြီးက "ရှိခဲ့ဖူးပါသည်။ ဤပုဏ္ဏားကြီးသည် တပည့်တော်အား ဆွမ်းတစ်ယောက်မစာကို လှူဖူးပါသည်ဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ကတညုတ ကတဝေဒီ မင်္ဂလာတစ်ပါး" အဖြစ် ချီးမြှောက်သောအားဖြင့် ပုဏ္ဏားကြီးအား ရဟန်းပြုပေးရန် အရှင်သာရိပုတ္တရာကို တာဝန်ပေးလိုက်သည်။

ရဟန္တာ အရှင်ရာဓ မထေရ်

အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ရာဓပုဏ္ဏားကြီးအား ရဟန်းပြုပေးလျက် ဆွမ်း စသည်တို့ လုံလုံလောက်လောက် ရရှိစေရန် မိမိနှင့်အတူ ဆွမ်းခံကြွစေသည်။ ရဟန်းတို့၏ ဝိနည်းတရားတော်နှင့်အညီ နေထိုင်တတ်စေရန် ဆုံးမသည်။ တရားဘာဝနာ ပွားများနည်းတို့ကိုလည်း အလေးအနက်ထား သင်ကြားပေးသည်။ မထေရ်ကြီး ဟောကြားပြသ သင်ကြားမှုကို အလေးထား လိုက်နာပြုကျင့်သဖြင့် အရှင်ရာဓမထေရ်သည် ရဟန်းဖြစ်ပြီး မကြာမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။

အရှင်သာရိပုတ္တရာမထေရ်ကြီး၏ ကျေးဇူးတရား ထောက်ထားတတ်ပုံ၊ တပည့်အပေါ် စေတနာကြီးမားစွာထားပြီး ဆုံးမသွန်သင်ကာ တရားပြတတ်ပုံနှင့် ရာဓပုဏ္ဏားကြီးဘဝမှ ရဟန်းပြုလာသူ ရာဓမထေရ်၏ ဆိုဆုံးမစကားကို လွယ်ကူစွာ လိုက်နာကျင့်သုံးသဖြင့် တရားရပုံအကြောင်းများ စုဝေးပြောကြားနေကြစဉ် ဘုရားရှင် ကြွလာတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

ဂါ၆။ နိမိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ၊
တာဒိသံ ဘဇမာနဿ၊ သေယ္ယော ဟောတိ န ပါပိယော။

– ဒေသနာ၏အဓိပ္ပာယ်

၇၆။ အပြစ်ကိုပြလျက် နှိမ့်ချဆုံးမတတ်သူ ဉာဏ်တည်းဟူသော သံလျက်ရှိသော ပညာရှိကို တွေ့မြင်လျှင် မြှုပ်နှံထားသော စည်းစိမ်ဥစ္စာကို ပြောကြား

http://www.dhammadownload.com

လာသူကဲ့သို့ တန်ဖိုးထား ဆည်းကပ်ခစားပါ။ ထိုသို့ ဆည်းကပ်ခစားသူသည် ယုတ်မာသူ မဖြစ်။ မြင့်မြတ်သူ့တော ဖြစ်ရသည်။

ရာဇ မထေရ်ဝတ္ထု ပြီး၏။

၂။ အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းများဝတ္ထု

[အကြိမ်ကြိမ်ဆုံးမသော်လည်း သူယုတ်မာတို့မလိုက်နာ]

အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့သည် အဂ္ဂသာဝကကြီးများထံတွင် ရဟန်းပြုခဲ့ကြသော်လည်း ဆိုဆုံးမမှုတို့ကို မလိုက်နာကြဘဲ ကိဉ္စာဂိရိဇနပုဒ်သို့ သွားရောက်နေထိုင်ကြသည်။ သူတို့နှင့်အတူ ရဟန်းငါးရာ ပါသွားသည်။ သူတို့သည် သာသနာတော်နှင့် မအပ်စပ်သည့် ပန်းပင်စိုက်ခြင်း၊ ပန်းပေးခြင်း၊ လာဘ်လာဘရဖို့ ဝိနည်းတော်နှင့်မညီသည့် လုပ်ရပ်အမျိုးမျိုး ပြုလုပ်ခြင်း စသော အလုပ်များလုပ်ကာ နေထိုင်အသက် မွေးကြသည်။ အထူးသဖြင့် ရဟန်းကောင်းများကို ဒါယကာတို့ မကြည်ညိုမလျှဒါန်းစေရန် နည်းမျိုးစုံဖြင့် ပြုလုပ်သူများ ဖြစ်ကြသည်။

* ဆဗ္ဗဂ္ဂိအဖွဲ့ဝင် အဿဇိနှင့် ပုနဗ္ဗသုကရဟန်းတို့အကြောင်းကို ဘုရားရှင် သိတော်မူသဖြင့် သူတို့နေထိုင်ရာ ကိဉ္စာဂိရိဇနပုဒ်သို့ တပည့်အခြံအရံများနှင့် အတူ အဂ္ဂသာဝက မထေရ်ကြီးနှစ်ပါးအား စေလွှတ်ပြီး ပဗ္ဘာဇနိယကံပြုကာ နှင်ထုတ်စေသည်။ ထိုအကြောင်းများနှင့် ဆက်စပ်လျက် ဘုရားရှင်က ဤ

---

* သာသနာ့သမိုင်းတွင် ပဌဝဂ္ဂိယာသော ရဟန်းငါးပါးအစု အရှင်အညာသိ ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ၊ အရှင်အဿဇိတို့ရှိသကဲ့သို့ ဆဗ္ဗဂ္ဂိ=(ဆဝဂ္ဂိ) ရဟန်းခြောက်ပါးအစုလည်း ရှိသည်။ ၎င်းတို့မှာ အဿဇိရဟန်း၊ ပုနဗ္ဗသုကရဟန်း၊ ထိုရဟန်းနှစ်ပါးသည် တပည့်များနှင့်အတူ ကိဉ္စာဂိရိဇနပုဒ်၌နေသည်။ မေတ္တိယရဟန်းနှင့် ဘုမဇကရဟန်းနှစ်ပါးသည် ရာဇဂြိုဟ်၌ နေသည်။ ပဏ္ဍုကရဟန်းနှင့် လောဟိတက ရဟန်းနှစ်ပါးသည် သာဝတ္ထိပြည်၌ နေကြသည်။

http://www.dhammadownload.com

ဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသောအခါ အချို့ရဟန်းတို့က ဩဝါဒကို လိုက်နာကြပြီး အချို့က လူထွက်သွားကြသည်။

ရဂ္ဂ။ သြဝဒေယျာ နုသာသေယျ။ အသဒ္ဓာစ နိ ဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ။
အသတံ ဟောတိ အပ္ပိယော။

ဒေသနာ၏အဓိပ္ပာယ်

၇၇။ အပြစ်တစ်စုံတစ်ရာ-မပြုလုပ်မိ ကြိုတင်ဆုံးမရာ၏။ ပြုလုပ်ပြီး နောက်၌လည်း ထပ်၍ ဆုံးမရာ၏။ မကောင်းမှုမှ တားမြစ်ရာ၏။ ထိုသို့ ဆုံးမသူကို သူတော်သူမြတ်တို့ ချစ်ခင်မြတ်နိုးကြ၏။ သူယုတ်မာ မသူတော်တို့ကမူ မချစ်ခင် မမြတ်နိုးကြကုန်။

အဿဖိနှင့် ပုနဗ္ဗသုကရဟန်းများဝတ္ထု ပြီး၏။

၃။ ဆန္နမထေရ်ဝတ္ထု

[နောက်မှမွေး၍ မောင်ဦးမမှည့်စေလိုသူ]

ဤဆန္နမထေရ်သည် သိဒ္ဓတ္ထမင်းသား တောထွက်စဉ်က လိုက်ပါလာသော မြင်းမြီးဆွဲမောင်ဆန် ဖြစ်သည်။ မင်းသား တောထွက်စဉ်က လိုက်ပါလာသူဖြစ်၍ သူသာ လက်ရင်းတပည့်ဖြစ်ရမည်။ အခြားကိုယ်တော်များမှာ ဘုရားရှင်ထံ သူ့နောက်မှ ရောက်လာကြသူများ ဖြစ်ကြသည်။ သူ့ထက် ရှေ့တန်းမရောက်သင့်ဟု သူ ထင်မြင်သည်။ အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန် အစရှိသော အဂ္ဂသာဝက၊ မဟာသာဝက မထေရ်တို့ကို "နောက်မှမွေးပြီး မောင်ဦးဟု အမည်မှည့်ခံချင်သူများ ဖြစ်သည်" ဟု သူက ပြောဆိုနေသည်။

http://www.dhammadownload.com

ဆုံးမဆဲ ခဏသာ

ဆန္ဒမထေရ်ကို ဘုရားရှင်က ထိုမထေရ်ကြီးများအပေါ် မကျေမနပ် မဖြစ်စေရန် အကျိုးအကြောင်းပြလျက် ဆုံးမသည်။ ဆုံးမဆဲ ခဏသာ လိုက်နာပြီး အချိန်ကြာသွားသော် သူ၏ 'ဒုံရင်း' စိတ်ထားအတိုင်းပင် မထေရ်ကြီးများအပေါ် သဘောထားကာ ပြုမူပြောဆိုနေထိုင်သည်။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူသည်။ "ချစ်သား ရဟန်းတို့၊ ငါဘုရား သက်တော်ထင်ရှားရှိနေစဉ် ဆန္ဒအား သင်တို့ ဆုံးမခြင်းငှာ စွမ်းနိုင်ကြလိမ့်မည် မဟုတ်။ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် အချိန်၌သာ သင်တို့သည် သူ့အား ဆုံးမနိုင်စွမ်းရှိပေလိမ့်မည်"

ထိုနောက် ဘုရားရှင်က အရှင်ဆန္ဒမထေရ်ကို အကြောင်းပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ရစ။ နာ ဘဇေ ပါပကေ မိတ္တေ၊ နာ ဘဇေ ပုရိသာဓမေ၊
ဘဇေထ မိတ္တေ ကလ္လာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

ဒေသနာ၏အဓိပ္ပာယ်

၇၈။ မိတ်ယုတ်၊ မိတ်ကြမ်းတို့ကို ဆည်းကပ်ပေါင်းဖော်ခြင်း မပြုရာ၊ မိတ်ကောင်းနှင့် မြင့်မြတ်သောစိတ်ရှိသူတို့ကိုသာ ဆည်းကပ်ပေါင်းဖော်ပါ။

ဗြဟ္မဒဏ်ပေးကြ

ဘုရားရှင်သည် ဆန္ဒမထေရ် ကျွတ်တမ်းဝင်မည့်အချိန် မရောက်သေးသည်ကို သိတော်မူသဖြင့် ဆန္ဒမထေရ်အား အတင်းအကြပ် အာဏာဖြင့် ဆုံးမတော်မမူဘဲ 'ဗြဟ္မဒဏ်' ထားရန်သာ မိန့်တော်မူခဲ့သည်။ ဗြဟ္မဒဏ်ထားခြင်းဟူသည် ဆန္ဒမထေရ်နှင့် လုံးဝ ပြောဆိုဆက်ဆံခြင်းမပြုဘဲ နေကြရန် အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်။

ဗြဟ္မဒဏ်ပေးရန် ဘုရားရှင် မိန့်တော်မူစဉ်က အရှင်ဆန္ဒမထေရ်သည် ဘုရားရှင်အနီး၌ မရှိသဖြင့် မသိလိုက်ရပေ။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူ

http://www.dhammadownload.com

ပြီးနောက် အရှင်အာနန္ဒာက ရှင်းပြတော်မူမှ သိသွားခဲ့သည်။ သူ့အပေါ် ဘုရားရှင်က ဗြဟ္မဒဏ်ပေးခဲ့ကြောင်း သိသွားသောအခါ အရှင်ဆန္နမထေရ်သည် အကြီးအကျယ် စိတ်ဆင်းရဲမှုဖြစ်ကာ ယူကျုံးမရ ငိုကြွေးလျက် သုံးကြိမ်တိုင်အောင် မူးမေ့လဲသွားရှာသည်။ ရဟန်းတော်များအားလည်း ပြုခဲ့မိသော အပြစ်များမှ ခွင့်လွှတ်သည်းခံတော်မူကြရန် အလေးအနက်ထား ပန်ကြားတောင်းပန်သည်။

ရဟန္တာအရှင်ဆန္န

ထို့နောက် ရဟန်းတော်များက သည်းခံခွင့်လွှတ်ကြပြီး သူနှင့်အတူ ကံကြီးကံငယ်ပြုကြမှ အရှင်ဆန္နမထေရ် စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်လာသည်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာသဖြင့် တရားကို အားထုတ်ရာ မကြာမီပင် မထေရ်သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူလေသည်။

ဆန္နမထေရ်ဝတ္ထု ပြီး၏။

၄။ မဟာကပ္ပိနမထေရ်ဝတ္ထု

[မင်းစည်းစိမ်စွန့်လျက် ရဟန်းပြုသူ]

မဖြို့မဒေသ ကုက္ကုဠဝတီပြည်၌ရှင် ဘုရင် ကပ္ပိနမင်းကြီးနှင့် အနောဇာမိဖုရားကြီး၊ မင်းကြီး၏ အမတ်တစ်ထောင်နှင့် အမတ်ကတော် တစ်ထောင် တို့သည် ရှေးရှေးဘဝပေါင်းများစွာကပင် ကုသိုလ်ကောင်းမှုကို အတူပြုခဲ့ကြသူများ ဖြစ်ကြသည်။ လွန်ခဲ့သော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရမြတ်စွာဘုရားထံတော်၌ လည်းကောင်း၊ ကဿပဘုရားရှင်ထံတော်၌ လည်းကောင်း သူတို့အားလုံးသည် ကုသိုလ်ကောင်းမှု အတူပြုခဲ့ကြ၍ ဗျာဒိတ်တော်ခံယူကြပြီး ပါရမီထူး ရှိကြသူများ ဖြစ်ကြသည်။

http://www.dhammadownload.com

ယခု ဂေါတမ မြတ်စွာဘုရားရှင်လက်ထက်တော်တွင် တာဝတိံသာနတ်ပြည်မှ စုတေခဲ့ကြပြီး မဟာကပ္ပိန မထေရ်လောင်းလျာက မဏ္ဍိမဒေသကုက္ကုဋ္ဌဝတီမြို့၌ မွေးဖွားခဲ့ပြီး အနောဇာသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ မွေးဖွားခဲ့သည်။

ဘုရားပွင့်နေပြီ

တစ်နေ့တွင် မင်းကြီးသည် သုပတ္တအမည်ရှိ စီးတော်မြင်းကိုစီးကာ အမတ်များခြံရံလျက် ဥယျာဉ်သို့ ထွက်လာစဉ် သာဝတ္ထိမြို့တော်မှလာကြသူလည်းကုန်သည်တို့နှင့် တွေ့ဆုံမိလေသည်။ ထိုကုန်သည်တို့ထံမှ "ဘုရားရှင်ပွင့်ထွန်းတော်မူနေပြီ၊ ဘုရားရှင်နှင့်အတူ တရားရတနာနှင့် သံဃာရတနာတို့သည်လည်း ဖြစ်ထွန်းတော်မူနေပြီ" ဟူသော သတင်းများ ကြားသိရသည်နှင့် မင်းကြီးသည် နှစ်သက်ကြည်နူးကာ ဝမ်းသာလုံးဆို၍ မူးမေ့သွားသည်အထိ ခံစားတော်မူရရှာသည်။

မင်းစည်းစိမ် စွန့်ပြီ

ထို့နောက် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ဘုရားရှင်ရှိရာသို့ ရည်မှန်းလျက် မြင်းစီးကာ ထွက်လာခဲ့ကြသည်။ ကပ္ပိနမင်းကြီးသည် ရွှေပေလွှာတစ်ခုကို ရေးသား၍ လှည်းကုန်သည်တို့မှတစ်ဆင့် မိဖုရားကြီးထံ ပေးပို့လိုက်သည်။ ထိုရွှေပေလွှာတွင် "အနောဇာမိဖုရားကြီးက လှည်းကုန်သည်တို့အား ဆုတောင်းငွေ သုံးသိန်းကို ချီးမြှင့်လိုက်ပါ။ မိမိ အစိုးရသော မင်းစည်းစိမ်ကိုလည်း မိဖုရားကြီးအား လွှဲအပ်ပါသည်။ ချမ်းသာစွာ ခံစားရစ်ပါ။ မိမိနှင့်တကွ အမတ်တစ်ထောင်တို့သည် ဘုရားရှင်ထံ သွားရောက်၍ ရဟန်းပြုတော့မည်" ဟု ရေးသားပါရှိသည်။

ဘုရားရှင်က ကြိုနေပြီ

ဘုရားရှင်သည် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ လာနေပြီဟု ရွှေဥာဏ်တော်ကွန်ရက်ဖြင့် သိမြင်တော်မူသဖြင့် စန္ဒဘာဂါမြစ်ကမ်းရှိ ညောင်ပင်ကြီးအောက်သို့ ကြွရောက် သီတင်းသုံးတော်မူလျက် ကြိုဆိုနေသည်။

http://www.dhammadownload.com

ဂုဏ်တော်တို့ တန်ခိုး

မဟာကပ္ပိနမင်းနှင့် အမတ်တို့သည် ဘုရားရှင်ရှိရာသို့ အသွားတွင် ပထမ အပရစ္ဆာမြစ်၊ ဒုတိယ နီလဓါဟိနာမြစ်နှင့် တတိယ စန္ဒဘာဂါမြစ်တို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုမြစ်သုံးတန်ကို ဖြတ်ရာ၌ ပထမမြစ်ကို ဖြတ်သွားရသောအခါ "အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ" စသော ဘုရားဂုဏ်တော် ကိုးပါးကို အကြိမ်ကြိမ်အထပ်ထပ် ပွားများလျက် လည်းကောင်း၊ ဒုတိယမြစ်ကို ကူးဖြတ်သောအခါ "သွက္ခာတော ဘဂဝတာ ဓမ္မော" စသော တရားဂုဏ်တော် ခြောက်ပါးကို အထပ်ထပ်အခါခါ ပွားများလျက် လည်းကောင်း၊ တတိယမြစ်ကို ကူးဖြတ်သောအခါ "သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" စသော သံဃာ့ဂုဏ်တော်ကိုးပါးကို ပွားများလျက် လည်းကောင်း ကူးဖြတ်လာခဲ့ကြသည်။

တရားစောင့်သူကို တရားကစောင့်

သူတို့ ကူးဖြတ်ရသော မြစ်သုံးတန်မှာ နက်လည်းနက်ရှိုင်းပြီး ကျယ်လည်း ကျယ်ပြန့်သော မြစ်များဖြစ်ကြသည်။ သို့သော် မင်းကြီးနှင့် အမတ်တို့ ကူးဖြတ်သွားသောအခါ မြစ်တို့သည် ကုန်းပြင်ကဲ့သို့ ဖြစ်နေကြသည်။ ဘုရား၊ တရားနှင့် သံဃာ့ဂုဏ်တော်တို့ကို ယုံယုံကြည်ကြည်ဖြင့် အလေးအနက်ထား ပွားများလျှင် ထိုပွားများသူတို့အား "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဟု ဟောတော်မူသည်နှင့်အညီ တရားစောင့်သူကို တရားတော်သည် စောင့်ရှောက်သည်မှာ ယုံမှားဖွယ်မရှိပါပေ။

မင်းကြီးနှင့် အမတ်တို့ မြစ်သုံးစင်းအနက် နောက်ဆုံး စန္ဒဘာဂါမြစ်ကို ကူးပြီးသော် မြစ်ကမ်းနံဘေးရှိ ညောင်ပင်ကြီးဆီမှ ဗုဒ္ဓ၏ ရောင်ခြည်တော်များကို သူတို့ ဖူးမြင်ရသည်။ သို့ဖြင့် သူတို့အားလုံး ဘုရားရှင်ထံ လာခဲ့ကြသည်။ ဘုရားရှင်ထံမှ တရားတော်ကို နာကြားရသောအခါ သူတို့အားလုံး သောတာပန် ဖြစ်သွားကြသည်။ ဘုရားရှင်က "ဧဟိ ဘိက္ခဝေါ" ဟု ခေါ်တော်မူသောအခါ ဘဝများစွာက ပြုခဲ့သောကောင်းမှုနှင့် ပါရမီရှိသူတို့ဖြစ်သောကြောင့် ပရိက္ခရာ အစုံအလင်ဖြင့် ရဟန်းများ ဖြစ်သွားတော်မူကြသည်။

http://www.dhammadownload.com

အနောဇာမိဖုရားကြီးသည် မင်းကြီးက သူ့အား လွဲအပ်လိုက်သော ထီးနန်းစည်းစိမ်ကို မမက်မောပေ။ စွန့်ထွေးပြီးသော တံတွေးပေါက်သို့ လွတ်လွတ်ကျတ်ကျတ် စွန့်လွတ်လိုက်၏။ ထို့နောက် ငါသည်လည်း ဘုရားရှင်ထံတွင် ရဟန်းပြုမည်ဟု ဆုံးဖြတ်၍ အမတ်တစ်ထောင်တို့၏ ဇနီးတို့နှင့်အတူ ဘုရားရှင်ထံ လာခဲ့ကြသည်။ ဘုရားရှင်ထံရောက်သော် တရားတော်ကို ကြားနာရသောကြောင့် တရားသိကာ သောတာပန် ဖြစ်သွားကြသည်။ မဟာကပ္ပိန မထေရ်နှင့်အတူ ဧဟိဘိက္ခု ဖြစ်တော်မူကြသော ရဟန်းတော်တို့ အားလုံးသည်လည်း အနောဇာမိဖုရားတို့အား ဘုရားရှင်က ဟောကြားသောတရားတော်ကို နာကြားရသဖြင့် အားလုံးပင် ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်သွားကြသည်။

အားလုံး ရဟန္တာဖြစ်ကြပြီ

အနောဇာမိဖုရားတို့အုပ်စုသည် ဘုရားရှင်ထံ ရောက်ရောက်ချင်း မဟာကပ္ပိနတို့နှင့် မတွေ့ရချေ။ မဟာကပ္ပိနတို့အားလုံး ရဟန္တာဖြစ်ပြီးမှ အနောဇာတို့နှင့် တွေ့နိုင်ရန် ဘုရားရှင်က စီစဉ်တော်မူထားသည်။ ရဟန္တာဖြစ်ပြီးမှ တွေ့စေလိုသောကြောင့် ဖြစ်သည်။ အနောဇာမိဖုရားကြီးတို့အုပ်စုသည် ရဟန်းတော်များအဖြစ် မိမိတို့ ခင်ပွန်းများကို တွေ့ရသောအခါ သူတို့လည်း ရဟန်းပြုခွင့်ရရန် ဘုရားရှင်ထံ လျှောက်ထားပန်ကြားကြသည်။ ဘုရားရှင်က သာဝတ္ထိရှိ ဘိက္ခုနီတို့ထံသွားပြီး ရဟန်းပြုရန် မိန့်ကြားသဖြင့် အနောဇာတို့ တစ်အုပ်စုလုံး သာဝတ္ထိသို့သွားပြီး ဘိက္ခုနီဝတ်လိုက်ကြသည်။ ဘိက္ခုနီဖြစ်ပြီး မကြာမီပင် အားလုံး ရဟန္တာဖြစ်တော်မူကြသည်။

မဟာကပ္ပိနမထေရ်သည် ရဟန္တာဖြစ်တော်မူပြီး နောက်နေ့ ညဉ့်သန့်ရာအရပ် နေ့သန့်ရာအရပ်တို့၌နေရင်း "အဟော သုခံ၊ အဟော သုခံ" ဟု ရွတ်ဆို ဥဒါန်းကျူးသည်။ ထိုအသံကို ကြားကြရသော ရဟန်းများက မဟာကပ္ပိန မထေရ်သည် မင်းဘဝက ခံစားခဲ့ရသော မင်းစည်းစိမ်နှင့် ကာမဂုဏ်ချမ်းသာကို ပြန်လည် တမ်းတကာ ရွတ်ဆိုနေသည်ဟု ပြောကြားကြသည်ကို ဘုရားရှင် ကြားသိတော်မူသွားသည်။

http://www.dhammadownload.com

ထိုအခါ ဘုရားရှင်က အရှင်ကပ္ပိနထေရ်ကိုခေါ်၍ ဥဒါန်းကျူးရခြင်း အကြောင်းကို မေးတော်မူသည်။ အရှင်ကပ္ပိနထေရ်က "ကာမဂုဏ်ချမ်းသာကို ရည်မှန်း၍ ဥဒါန်းကျူးရင့်ခြင်း မဟုတ်ကြောင်း ရှင်တော်မြတ်ဘုရား သိပါသည်ဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ငါ့သားတော် ကပ္ပိနမထေရ်သည် စိုးရိမ်ပူပန်ရခြင်း အမျိုးမျိုးတို့မှ ကင်းလွတ်လျက် တရား၏ အရသာဖြင့် စံစားနေထိုင်ရခြင်းသည် ချမ်းသာပေစွဟု အမြိုက်နိဗ္ဗာန်တရား တော်ကို ရည်မှန်းအာရုံပြုလျက် ဥဒါန်းကျူးနေခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၇၉။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

ဒေသနာ၏အဓိပ္ပာယ်

၇၉။ လောကုတ္တရာ တရားတည်းဟူသော အမြိုက်ရေအေးကို သောက်ရသူသည် အထူးသဖြင့် သန့်ရှင်းကြည်လင်သောစိတ် ရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏။ ပညာရှိသည် ဘုရား စသော အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော ဗောဓိပက္ခိယတရား၌ အမြဲမွေ့လျော်၏။

မဟာကပ္ပိနမထေရ်ဝတ္ထု ပြီး၏။

၅။ ပဏ္ဍိတသာမဏေဝတ္ထု

[မဟာဒုက်ဘဝမှ ကိုရင်ပဏ္ဍိတဘဝ ရောက်လာသူ]

ပဏ္ဍိတသာမဏေလောင်းလျာသည် ကဿပဘုရားရှင်လက်ထက်တော် အခါက ဗာရာဏသီပြည်တွင် အလွန်ဆင်းရဲသော အမျိုးသားတစ်ယောက် ဖြစ်ခဲ့သည်။ ဆင်းရဲလွန်းသဖြင့် အလုပ်အမျိုးမျိုး လုပ်ကိုင်ကာ စားဝတ်နေ

http://www.dhammadownload.com

ရေးကို ဖြေရှင်းခဲ့ရသည်။ တစ်ခါတစ်ရံ အလုပ်ခိုင်းမည့်သူ မရှိသဖြင့် စားစရာ ပြတ်လပ်လာလျှင် ကဿပဘုရားရှင်၏ ကျောင်းတော်သို့သွားပြီး ရဟန်းသံဃာတို့ စွန့်ကြဲပေးကမ်းစာဖြင့် ဝမ်းကို ဖြည့်ခဲ့ရသည်။ ဆင်းရဲငတ်ပြတ်လွန်းသူဖြစ်၍လည်း သူ့ကို "မဟာဒုက်" ဟု ခေါ်ကြသည်။

တစ်နေ့တွင် နိဗ္ဗာန်ဆော်တစ်ယောက်သည် ဘုရားရှင်နှင့်တကွ သံဃာတော်များအတွက် ဆွမ်းဆက်ကပ် လှူဒါန်းကြရန်။ ထိုသို့ လှူဒါန်းရာ၌ မိမိတို့ တတ်နိုင်သည့် ရဟန်းအရေအတွက်ကို သူ့ထံတွင် စာရင်းပေးရန် လိုက်လံ နှိုးဆော်သည်။ နိဗ္ဗာန်ဆော်က တိုက်တွန်းသဖြင့် မဟာဒုက်လည်း ရဟန်းတစ်ပါးကို ဆွမ်းဆက်ကပ်ရန် စာရင်းပေးသည်။ ရဟန်းတစ်ပါးတည်း ဆိုသဖြင့် နိဗ္ဗာန်ဆော်က စာရင်းမတင်ဘဲ ထားလိုက်သည်။ မဟာဒုက်လည်း အိမ်သို့ပြန်၍ ဇနီးသည်အား နောက်တစ်နေ့တွင် ရဟန်းတစ်ပါးကို ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောသည်။ ထို့နောက် သူတို့လင်မယားသည် သူဌေးကြီးတစ်ဦး၏ အိမ်တွင် အခစားဝင်လုပ်သည်။ မဟာဒုက်သည် ထင်းများကို အားကြိုးမာန်တက် ခွဲသည်။ မဟာဒုက်၏ မယားကလည်း မောင်းထောင်းဆန်ဖွပ် အလုပ်များကို ပျော်တပြုံးပြုံးဖြင့် မမောနိုင်၊ မပန်းနိုင် လုပ်သည်။ သူဌေးကြီး လင်မယားလည်း မဟာဒုက်တို့ ဇနီးမောင်နှံကို သနားသဖြင့် ကောင်းမွန်သော သလေးဆန်၊ ထောပတ်၊ နို့ဓမ်းတို့ကို ပေးသည်။ ဟင်းအတွက် မြစ်ကမ်းပါးရှိ တံငါသည်တစ်ဦးက သူ့မိသားစုအတွက် သဲပြင်တွင် မြှုပ်ထားသော ငါးကြင်းတို့ကို ပေးလိုက်သည်။ ထိုပစ္စည်းတို့ဖြင့် ဆွမ်းအတွက် စီစဉ်ကြလေသည်။

နောက်နေ့မနက်တွင် မဟာဒုက်သည် နိဗ္ဗာန်ဆော်ထံသွား၍ ရဟန်းတစ်ပါးကို တောင်းသည်။ ထိုသူက စာရင်းတင်ရန် မေ့သွားကြောင်း။ ယခု သံဃာတော်များ ကုန်သွားပြီဖြစ်ကြောင်း ပြောပြသည်။ ထိုသူကပင် သင်သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်တော်သို့သွား၍ ဘုရားရှင်အား လျှောက်ထားချေဟု ပြောလိုက်သည်။ မဟာဒုက်လည်း ဘုရားရှင်ထံ အပြေးအလွှား လာခဲ့သည်။ သူ ရောက်ရှိသည့်အခါ ဂန္ဓကုဋီတိုက်တော်ရှေ့

http://www.dhammadownload.com

၌ မင်းဧကရာဇ်နှင့် အိမ်ရှေ့မင်းသား၊ စစ်သူကြီးတို့က ဘုရားရှင်အား ပင့်ဖိတ်ရန် စောင့်ဆိုင်းနေကြသည်။ သူသည် ဘာကိုမျှ အကြောက်အရွံ့မရှိတော့ဘဲ ထိုသူတို့ကို ကျော်ဖြတ်ကာ ဂန္ဓကုဋီတိုက် တံခါးခုံကို ဦးတိုက်ပြီး ရပ်လိုက်သည်။ ဘုရားရှင် ထွက်ကြွလာသော်အခါ မဟာဒုက်ထံ သပိတ်တော်ကို ပေးလိုက်သည်။ ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း စသူတို့က မဟာဒုက်ထံမှ ဘုရားရှင်၏ သပိတ်တော်ကို ရွှေငွေရတနာ အမြောက်အမြားပေးကာ တောင်းယူကြသည်။ မဟာဒုက်က မပေးချေ။ သို့ဖြင့် ဘုရားရှင်ကို အိမ်သို့ ပင့်သွားပြီး ဆွမ်းဆက်ကပ်သည်။ ဘုရားရှင်လည်း မဟာဒုက်၏ ဆွမ်းကို ဘဉ်းပေးတော်မူပြီး အနုမောဒနာတရား ဟောကြားကာ ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။ မဟာဒုက်၏ မွန်မြတ်သန့်စင်သော ဒါနကြောင့် ကောင်းကင်မှ ရွှေမိုး၊ ငွေမိုး ရွာချသည်။ ပြည့်ရှင်မင်းက မဟာဒုက်အား သူဌေးကြီးအရာကို ပေးလိုက်သည်။

ပဏ္ဍိတသာမဏေလောင်းလျာ

မဟာဒုက်သည် ကဿပဘုရားရှင်အား ဆွမ်းကပ်လှူခဲ့သဖြင့် ဆင်းရဲငတ်ပြတ်နေရသူ မဟာဒုက်ဘဝမှ သူဌေးကြီး ဖြစ်လာခဲ့ရသည်။ သူဌေးဘဝတွင် ကောင်းမှုကုသိုလ်အမျိုးမျိုး ဆက်လက် ပြုလုပ်ခဲ့သောကြောင့် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်သို့ ရောက်ရသည်။ တာဝတိံသာနတ်သားဘဝမှ ကွယ်လွန်သော် သာဝတ္ထိမြို့နေ အမျိုးသမီးတစ်ဦး၏ဝမ်း၌ ပဋိသန္ဓေနေကာ မွေးဖွားလာပြီး ပဏ္ဍိတသာမဏေလောင်းလျာ မောင်ပဏ္ဍိတ ဖြစ်လာခဲ့သည်။

မောင်ပဏ္ဍိတ၏ မိဘများသည် အရှင်သာရိပုတ္တရာ မထေရ်ကြီးအား ကိုးကွယ်သူများဖြစ်သည်။ မောင်ပဏ္ဍိတ ခုနစ်နှစ်သား အရွယ်ရောက်သောအခါ မထေရ်ကြီးထံ၌ ရှင်သာမဏေပြုပေးကြသည်။ သာမဏေ ပဏ္ဍိတအား အရှင်သာရိပုတ္တရာ မထေရ်ကြီးက ဆွမ်းခံကြွတိုင်း အတူခေါ်သွားသည်။ တစ်နေ့ ဆွမ်းခံကြွနေကြစဉ် ရေမြောင်းတစ်ခုကိုတွေ့၍ ကိုရင်ပဏ္ဍိတက သူ့ဆရာ မထေရ်ကြီးအား "ရေမြောင်းဖြင့် ဘာလုပ်ကြပါသနည်း ဘုရား" ဟု

http://www.dhammadownload.com

မေးသည်။ "ရေမြောင်းဖြင့် ရေသွယ်ကာ လိုရာသို့ပို့ပြီး စိုက်ပျိုးကြရသည်" ဟု ဖြေကြားသည်။ နောက်ဆရာတပည့်နှစ်ပါးတို့ ရှေ့ဆက်ကြွလာကြသည်။

ကျောင်းသို့ပြန်ပြီး တရားအားထုတ်ရာ

အနည်းငယ် ဆက်လျှောက်မိသောအခါ မြားတံကို မီးကင်ပြီး ဖြောင့်နေသူ လေးသမားနှင့် ရထားဘီးပြုလုပ်ရန် သစ်ရွေးနေသူများကို တွေ့သောအခါ ဘာကြောင့် ထိုသို့ ပြုလုပ်ကြသနည်းဟု ပဏ္ဍိတ သာမဏေကမထေရ်ကြီးအား မေးပြန်သည်။ မထေရ်ကြီးက လိုအပ်သလို အသုံးပြုရန်ဖြစ်ကြောင်းနှင့် ထိုပစ္စည်းများသည် သက်ရှိပစ္စည်းများ မဟုတ်ကြသော်လည်း လိုအပ်သလို ပြုပြင်၍ရကြောင်း ရှင်းပြတော်မူသည်။ ထိုအခါ ကိုရင်ပဏ္ဍိတက အသက်မရှိသော ရေ၊ မြားတံ၊ သစ်သား စသည်တို့ ပြုပြင်လျက် လိုသလိုသုံးနိုင်ပါက မိမိစိတ်ကိုလည်း ပြုပြင်လျက် တရားဘာဝနာ အားထုတ်မည်ဆိုလျှင် ရနိုင်သည်ဟု တွေးမိသောကြောင့် ကျောင်းသို့ပြန်ပြီး တရားအား ဆုတ်ခွင့်ပြုရန် မထေရ်ကြီးထံ ပန်ကြားသည်။ မထေရ်ကြီး၏ ခွင့်ပြုချက်ဖြင့် ကျောင်းသို့ပြန်ပြီး တရားဘာဝနာပွားများရာ ဆွမ်းစားချိန် မရောက်မီပင် အောက်မင်္ဂဖိုလ်တရားသုံးပါးကို ရရှိတော်မူသည်။

ဆွမ်းခံကြွနေသော အရှင်သာရိပုတ္တရာ မထေရ်သည် ပဏ္ဍိတသာမဏေ ဆွမ်းစားချိန်မီစေရန် ကျောင်းသို့ အမြန်ကြွလာသည်။ ဘုရားရှင်သည် ပဏ္ဍိတသာမဏေ၏ ရဟန္တာဖြစ်နိုင်သော အခြေအနေကို သိတော်မူသဖြင့် အရှင်သာရိပုတ္တရာ၏ ကျောင်းတံခါးဝသို့ ကြွရောက်တော်မူလျှင်ပြီး သာရိပုတ္တရာအား ပုစ္ဆာလေးရပ်ကို မေးတော်မူသည်။

ရဟန္တာဖြစ်ပြီ

"သာရိပုတ္တရာ၊ ဘာကို ရလာသနည်း"

"မှန်လှပါ။ အာဟာရကို ရလာပါသည်ဘုရား"

"သာရိပုတ္တရာ ရလာသော အာဟာရသည် ဘာကိုဆောင်သနည်း"

http://www.dhammadownload.com

"အရှင်ဘုရား အာဟာရသည် ဝေဒနာကို ဆောင်ပါသည်"
"ဝေဒနာသည် ဘာကိုဆောင်ပါသနည်း"
"ဝေဒနာသည် ရုပ်ကိုဆောင်ပါသည်"
"ရုပ်သည် ဘာကိုဆောင်ပါသနည်း"
"ရုပ်သည် ဖဿကို ဆောင်ပါသည်"

ပဏ္ဍိတသာမဏေသည် ဘုရားရှင်နှင့် မထေရ်ကြီးတို့ အပြန်အလှန် မေးဖြေကြသည်ကို ကြားရသဖြင့် ဝိပဿနာသို့တင်လျက် အားထုတ်ရာ အဖြေဆုံးသည်နှင့် ရဟန္တာဖြစ်တော်မူသည်။ ရဟန္တာဖြစ်ပြီးနောက် ဆွမ်းဘုဉ်းပေးပြီး သပိတ်ကိုဆေးနေစဉ် တစ်ခဏချင်း ညနေပိုင်းသို့ ရောက်သွားသည်။

သပိတ်ဆေးနေသော ပဏ္ဍိတသာမဏေကို အခြားရဟန်းတော်များက မြင်၍ အချိန်လွန်မှ ဆွမ်းစားသည်ဟု ယူဆကြလျက် ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြသည်။ ဘုရားရှင်က "လနှင့် နေတို့ကို လနတ်သား၊ နေနတ်သားတို့က ထိန်းသိမ်း စောင့်ရှောက်ထားရာမှ လွတ်လိုက်၍ ယင်းသို့ဖြစ်ရခြင်း ဖြစ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၈၀။ ဥဒကံဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

ဒေသနာ၏အဓိပ္ပာယ်

၈၀။ ရေအလိုရှိသူတို့သည် ရေကို မြောင်းဖြင့်သွယ်ကာ အလိုရှိရာသို့ သယ်ဆောင် အသုံးပြုကြသည်။ မြားတံဖြောင့်လိုသူ လေးသမားတို့သည် မီးဖြင့်ကင်ကာ မြားတံကို ဖြောင့်ပြီး အသုံးပြုကြသည်။ သစ်ရွေသမားတို့သည် အလိုရှိသလို သစ်ကိုပြုပြင်ကာ အသုံးပြုကြသည်။ ပညာရှိသည် မိမိစိတ်ကို ပြုပြင်လျက် မင်္ဂိုလ်ရောက်အောင် ဆုံးမသည်။

ပဏ္ဍိတသာမဏေဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်ဝတ္ထု

[လှောင်ပြောင်မှုကြောင့် တုန်လှုပ်ခြင်းမရှိသူ]

အရှင် လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် ရဟန္တာတစ်ပါး ဖြစ်သည်။ ရဟန္တာသည် နောက်ထပ်ဘဝတို့၌ ပဋိသန္ဓေမနေရတော့ပေ။ ဘဝသံသရာတို့၏ အဆုံးသို့ရောက်ပြီးသူ ဖြစ်သည်။ ပုထုဇဉ်တို့သည် အကြိမ်ကြိမ်အထပ်ထပ် ပဋိသန္ဓေ နေကြရဦးမည်။ ရှည်ကြာလှသည့် သံသရာခရီးကိုလည်း ဆက်၍ လျှောက်ကြရဦးမည် ဖြစ်သည်။ တစ်နည်းအားဖြင့် ဘဝသံသရာ၏ အဆုံးကို မမြင်နိုင်သေးသူ ဖြစ်သည်။ ရဟန္တာသည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာနှစ်မျိုးလုံး ရှိသူဖြစ်သကဲ့သို့ ပုထုဇဉ်သည်လည်း ထိုခန္ဓာနှစ်မျိုးလုံးရှိသူပင် ဖြစ်သည်။ သို့ရာတွင် ပုထုဇဉ်၏ စိတ်သည် မရင့်ကျက်သေး။ လှောင်စရာတွေ့လျှင် လှောင်တတ် ပြောင်တတ်သည်။ ရဟန္တာကား ထိုသို့မဟုတ်။

ပုထုဇဉ်ရဟန်းသာမဏေများ

အရှင် လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် ခန္ဓာကိုယ်အားဖြင့် ပုကွသည်။ အခြားသူတို့၏အမြင်၌ ရယ်စရာ၊ သရော်စရာ လှောင်ချင်ပြောင်ချင်စရာ ဖြစ်နေသည်။ ပုထုဇဉ်ရဟန်း သာမဏေတို့က ဦးခေါင်းပုတ်ကာ၊ နားရွက်နာခေါင်းဆွဲကာ လှောင်ပြောင်သောစကား ပြောကြားကြသော်လည်း ထိုသူတို့အပေါ်၌ အမျက်မထွက်။

အသိအမြင်ရင့်ကျက်သူ

ဓမ္မအသိအမြင်အားဖြင့် ရင့်ကျက်ကာ ဘဝ၏အထွတ်အထိပ်သို့ ရောက်နေသူ ဖြစ်သည်နှင့်အညီ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ပုထုဇဉ် ရဟန်းသာမဏေတို့၏ အပြုအမူ အပြောအဆိုအားလုံးကို သည်းခံတော်မူနိုင်သည်။

ပုထုဇဉ်ရဟန်း၊ သာမဏေတို့က ထိုအကြောင်း ပြောကြားသောစကားကို ဘုရားရှင် ကြားသိတော်မူသဖြင့် ဘုရားရှင်က အရှင် လကုဏ္ဍက ဘဒ္ဒိယမထေရ်အား ကျောက်တောင်နှင့် ခိုင်းနှိုင်းကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၈၁။ သေလော ယထာ ကေယနော၊ ဝါတေန နာ သမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊ နာသမိဉ္ဇန္တိ ပဏ္ဍိတာ။

ဒေသနာ၏အဓိပ္ပာယ်

၈၁။ တစ်ခဲနက် ကျစ်လျစ်သိပ်သည်းသော ကျောက်တောင်သည် အရပ်ရှစ်မျက်နှာမှလာသော လေတို့ တိုက်ခတ်သော်လည်း မတုန်မလှုပ်သကဲ့သို့ ရင့်ကျက်သော ပညာရှိတို့သည် မည်သို့သော ကဲ့ရဲ့မှု၊ ချီးမွမ်းမှု စသော လောကဓံတရားတို့ကြောင့်မှ မတုန်လှုပ်ကြတော့ပေ။

အရှင် လကုဏ္ဍက ဘဒ္ဒိယထေရ်ဝတ္ထု ပြီး၏။

၇။ ကာဏမာတာဝတ္ထု

[လောကီ၊ လောကုတ္တရာစည်းစိမ် နှစ်မျိုးရသူ]

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်ပေါ်ခဲ့သော ဝတ္ထုတစ်ခုဖြစ်သည်။ ကာဏာအမည်ရှိ အမျိုးသမီးသည် အိမ်ထောင်သည် ဖြစ်သည်။ သူ့မိခင်ထံ မကြာမကြာပြန်လာပြီး နေလေ့ရှိသည်။ တစ်နေ့တွင် သမီး အိမ်အပြန်တွင် ယူသွားရန် ကာဏာ၏မိခင်သည် မုန့်များကြော်သည်။ မုန့်ကြော်ရာသို့ ဆွမ်းခံရဟန်းတစ်ပါး ကြွလာသဖြင့် ကာဏမာတာသည် မုန့်များကို သပိတ်အပြည့် လှူလိုက်သည်။ နောက်နေ့များ၌ မုန့်ဆက်ကြော်သည်။ မုန့်ကြော်နေစဉ် ရဟန်းများ ကြွလာသဖြင့် လှူလိုက်ပြန်သည်။

သမီးယူသွားဖို့ မုန့်ကြော်သူ

ကာဏာ၏ လင်ယောကျ်ားက ကာဏာကို အိမ်သို့ပြန်လာရန် နေ့စဉ်ခေါ်သည်။ အိမ်အပြန်ယူသွားဖို့ မုန့်ကြော်နေသူ မိခင်၏မုန့်များသည်လည်း ဆွမ်းခံရဟန်းများကို နေ့စဉ်လောင်းလှူနေရသဖြင့် ကုန်နေသည်။ သမီးအပြန်

http://www.dhammadownload.com

ယူသွားဖို့ မုန့်မရှိ။ ကာဏာ၏ ယောကျ်ားက ကာဏာ ပြန်မလာလျှင် နောက်အိမ်ထောင်ပြုတော့မည်ဟု အကြောင်းကြားသော်လည်း ကာဏာခမျာ လင့်ထံ ပြန်မလာနိုင်သေး။ ထို့ကြောင့် ကာဏာ၏ယောကျ်ား နောက်အိမ်ထောင်ပြုလိုက်သည်။ သူ့ယောကျ်ား နောက်မိန်းမယူသွားခြင်းမှာ ကြော်ထားသော မုန့်ကို ရဟန်းတို့အား လှူနေရသောကြောင့်ဟု ယူဆလျက် ကာဏာသည် မြင်မြင်သမျှ ရဟန်းတို့ကို ကျိန်ဆဲသည်။ သူ့ကျိန်ဆဲမှုကြောင့် ရဟန်းများသည် သူရှိရာသို့ လုံးဝ ကြွမလာကြတော့။ မြတ်စွာဘုရားသည် ထိုအကြောင်းများကို သိတော်မူသဖြင့် ကာဏာတို့အိမ်သို့ ကြွလာသော် ကာဏာသည် ဘုရားရှင်နှင့် အတွေ့မခံဘဲ ပုန်းနေသည်။

မျက်နှာပူ၍ ပုန်းနေသူ

ဘုရားရှင်က ကာဏာကို မမြင်၍ မေးသော် "သူ့ယောကျ်ား နောက်မိန်းမ ယူသွားခြင်းမှာ ရဟန်းများကြောင့်ဟုဆိုပြီး ရဟန်းမြင်တိုင်း ကျိန်ဆဲထားသဖြင့် ရှင်တော်မြတ်ဘုရားကို မျက်နှာပူ၍ ပုန်းနေပါသည်" ဟု သူ့မိခင်က လျှောက်ထားသည်။ ထိုအခါ ကာဏာတို့ သားအမိအား ဘုရားရှင်က "ဒါယိကာမကြီး၊ ငါဘုရား၏ တပည့်သားတို့သည် လှူသည်ကို ခံယူကုန်သလော။ မလှူသည်ကို ခံယူကုန်သလော" ဟု မေးသည်။ ထိုအခါ ကာဏာတို့ သားအမိက "ပေးလှူသည်ကိုသာ ယူကြပါသည် ဘုရား" ဟု လျှောက်ထားသည်။ သို့ဖြစ်လျှင် တပည့်တို့တွင် အပြစ် ရှိ၊ မရှိ မေးတော်မူသော် "သင်္ခါတရားရှိ၍ လှူခြင်းသာဖြစ်သည်။ ရဟန်းတော်များ၌ အပြစ်မရှိပါ" ဟု မိခင်က လျှောက်ထားသည်။ ဘုရားရှင်သည် ဒါန၊ သီလ စသော တရားတို့၏ အကျိုးကြီးပုံကို ကာဏာတို့အား ဟောကြားတော်မူသည်။ ကာဏာသည် တရားတော်ကို နာကြားရသဖြင့် သောတာပန် ဖြစ်သွားသည်။

စည်းစိမ်နှစ်မျိုး ခံစားရပြီ

ဘုရားရှင်သည် ကျောင်းတော်သို့ အပြန်တွင် ကောသလမင်းကြီး၏ နန်းတော်ကိုဖြတ်၍ ကြွတော်မူစဉ် မင်းကြီးက အကျိုးအကြောင်း လျှောက်ထား

http://www.dhammadownload.com

သည်။ ထိုအခါ ဘုရားရှင်က ကာဏာတို့သားအမိအကြောင်း ရှင်းပြတော်မူပြီး ကာဏာကိုလည်း သူတော်စင်သူတော်မြတ်တို့ ရရှိခံစားအပ်သည့် လောကုတ္တရာ စည်းစိမ်ဖြင့် ချီးမြှင့်ခဲ့ပြီဟု မိန့်တော်သည်။ "တပည့်တော်သည် ကာဏာကို လောကီ စည်းစိမ်ရှင်ဖြစ်အောင် ဆောင်ရွက်ပေးပါမည်" ဟု လျှောက်ထားသည်။ ကောသလမင်းကြီးသည် ကာဏာကို ခေါ်စေကာ သမီးကြီးအရာ၌ ထားပြီး ချီးမြှောက်လိုက်သည်။

ကာဏာသည် မင်းကြီးက သမီးကြီးအရာ၌ထားပြီး ချီးမြှောက်ထားစဉ် အမတ်ကြီးတစ်ဦးက စည်းစိမ်ဥစ္စာအားလုံး အပ်နှံလျက် လုပ်ကျွေးပြုစုမည်ဟု သံတော်ဦးတင်ကာ ခေါ်ယူသွားသည်။ ထို့နောက် ကာဏာသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုမျိုးစုံ ပြုလုပ်လျက် နေထိုင်ရပုံအကြောင်းနှင့်စပ်ပြီး ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၈၂။ ယထာပိ ရဟဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတ္ဝာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။

ဒေသနာ၏အဓိပ္ပာယ်

၈၂။ နက်ရှိုင်းလှစွာသော သမုဒ္ဒရာသည် နောက်ကျခြင်းမရှိ ကြည်လင်သကဲ့သို့ ပညာရှိတို့သည် ဘုရားရှင် ဟောကြားအပ်သော တရားတို့ကို နာကြားရသည်ရှိသော် စိတ်ညစ်ညူးခြင်းမှ ကင်းစင်၊ ဂ အထူးကြည်လင်ကြကုန်၏။

ကာဏမာတာဝတ္ထု ပြီး၏။

၈။ တည်ငြိမ်ကျန်ခဲ့ရသော ရဟန်းငါးရာဝတ္ထု

[ဆင်းရဲမှု၊ ချမ်းသာမှုကြောင့် မတုန်လှုပ်သူများ]

ဘုရားရှင်သည် ဝေဇ္ဇာပုဏ္ဏားကြီး၏ ပင့်ဆောင်မှုကြောင့် ရဟန်းငါးရာနှင့်အတူ ဝေဇ္ဇာမြို့၌ ဝါကပ်ဆိုတော်မူသည်။ ပုဏ္ဏားကြီးသည် ဘုရားရှင်

http://www.dhammadownload.com

အား ပင့်ဆောင်ခဲ့သော်လည်း ဘုရားနှင့် သံဃာတော်များ ကြွရောက်လာသော အခါ တစ်စုံတစ်ရာကိုမျှ လှူဒါန်းခြင်းမပြုပေ။ မာရ်နတ်၏ နှောင့်ယှက် တားဆီးထားခြင်းခံရသဖြင့် ဘုရားရှင်ကို မေ့နေ၍ ပုဏ္ဏားကြီး မလှူနိုင် ခြင်း ဖြစ်သည်။ ဝေရဉ္ဇာမြို့သည်လည်း မိုးခေါင်လျက် ကောက်ပဲသီးနှံတို့ ပျက်စီးသဖြင့် ပြည်သူပြည်သားများ စားဝတ်နေရေး ခက်ခဲနေကြသည်။ ဆွမ်းခံ ကြွကြသော်လည်း ရဟန်းတို့အတွက် ဆွမ်းဘောဇဉ် အာဟာရ လုံလောက် စွာမရပေ။ ရဟန်းတို့ ဆွမ်းအခက်အခဲကြုံကြရသည်။ ထိုစဉ် ဥတ္တရာပထတိုင်း မှ မြင်းကုန်သည်တို့ မြင်းစာကျွေးရန် ယူဆောင်လာသော မုယောဆန်ကို ကျောက်ပြင်ထက်၌ ကြိတ်၍ ရေနှင့်ဖျော်ကာ သောက်ကြရသည်။

စားကြွင်းစားတို့ အစာဝသော်

သို့သော် ရဟန်းတို့သည် အစာအာဟာရ၌ တပ်မက်မှုတဏှာကို တရား ဓမ္မဖြင့် သည်းခံဖြေဖျောက်လျက် သီတင်းသုံးနေခဲ့ကြပြီး သီတင်းကျွတ်သော် ဇေတဝန်ကျောင်းတော်သို့ ပြန်ခဲ့ကြသည်။ ဝေရဉ္ဇာပုဏ္ဏားကြီးသည်လည်း မာရ်နတ်၏ နှောင့်ယှက်မှုမှ လွတ်မြောက်ပြီဖြစ်၍ ဘုရားရှင်နှင့် သံဃာတော် များအား လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လှူဒါန်းလိုက်သည်။ သာဝတ္ထိပြည်သူ ပြည်သားတို့ကလည်း လှူဖွယ်အစုံတို့ဖြင့် လှူဒါန်းကြလျက် ဘုရားရှင်နှင့် သံဃာတော်များအား ပြုစုလုပ်ကျွေးကြသည်။ ထိုအခါ စားကြွင်းစားငါးရာတို့ သည်လည်း ရဟန်းတို့၏ ဆွမ်းဘောဇဉ်ကို အမှီပြုကာ ကျောင်း၌ နေထိုင် စားသောက်ကြသည်။ ထိုသို့ စားသောက်ပြီးကြသော် ကျောင်းပေါ်၌ပင် တုံးလုံး ပက်လက် မမြင်ရက်စရာ အိပ်ကြ၊ မြူးထူး ပျော်ပါးဆူညံစွာ ကစားကြသည်။

ရဟန်းတို့က တရားဓမ္မနှင့်အညီ

ရဟန်းတော်များကမူ ဆွမ်းဘောဇဉ် ရှားပါးစဉ် ဝေရဉ္ဇာမြို့၌ သီတင်း သုံးတော်မူနေကြတုန်းကကဲ့သို့ပင် ဆွမ်းဘောဇဉ် ပေါများလာသော သာဝတ္ထိ မြို့တွင်လည်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးဖြင့် တရားဓမ္မနှင့်အညီ သီတင်းသုံးတော်မူနေကြသည်။

http://www.dhammadownload.com

တရားသဘင်၌ "အစာရေစာ ပေါများမှုကြောင့် စားကြွင်းစားတို့ ပျော်ရွှင်မြူးထူးနေကြသည်။ ရဟန်းတို့ကမူ ဆွမ်းဘောဇဉ် ရှားပါးမှုနှင့် ပေါများပြည့်စုံမှုအပေါ် တစ်စုံတစ်ရာ ထူးခြားသော ခံစားမှုမရှိဘဲ တရားဓမ္မနှင့် အညီသာ နေထိုင်နေကြသည်" ဟု ရဟန်းတော်တို့က လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်းက ဤဒေသနာတော်ကို ဟောတော်မူသည်။

၈၃။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊
နာ ကာမကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထ ဝါ ဒုခေန၊
နာ ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

ဒေသနာ၏အဓိပ္ပာယ်

၈၃။ ပညာရှိတို့သည် ခန္ဓာငါးပါး သခ်ၤါရတရားတို့၌ တပ်မက်မောမှု ဆန္ဒရာဂကို စွန့်ပယ်ကြကုန်၏။ ဝတ္ထုအာရုံ ကာမဂုဏ်တို့ မပြည့်စုံမှုနှင့် စပ်လျဉ်း၍လည်း မပြောဆိုကြကုန်။ ချမ်းသာဆင်းရဲနှင့် တွေ့ကြရသော်လည်း ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မရှိကြကုန်။

တည်ငြိမ်ကွန်ဖြေရသော ရဟန်းငါးရာဝတ္ထုပြီး၏။

၉။ ဓမ္မိကမထေရ်ဝတ္ထု

[တရားရှိ၍ သားရောဇနီးပါ တရားရစေသူ]

တရားနှင့်အညီ နေထိုင်ကာ စားဝတ်နေရေးပြုလုပ်လျက် သားသမီး သားမယားတို့ကို ပြုစုလုပ်ကျွေးသဖြင့် ဓမ္မိကဟု အမည်တွင်နေသူ သာဝတ္ထိမြို့သား တစ်ယောက်သည် ရဟန်းဝတ်ရန် မယားထံ ခွင့်ပန်သည်။ ကိုယ်ဝန်ဆောင် မယားက ကလေးဖွားမြင်ပြီးသည်အထိ စောင့်ပါဆိုသဖြင့် စောင့်နေသည်။ သားကလေး မွေးဖွားပြီးသော် လူလားမြောက်ချိန်အထိ စောင့်ပါဦးဟု

http://www.dhammadownload.com

ပြောပြန်သဖြင့် မယားထံ ခွင့်မတောင်းတော့ဘဲ ရဟန်းဝတ်ခဲ့သည်။ ရဟန်းဘဝဖြင့် တရားဘာဝနာ ပွားများအားထုတ်ရာ ရက်မကြာမီပင် ရဟန်းကိစ္စပြီးကာ ရဟန္တာဖြစ်တော်မူသည်။

သားနှင့်ဇနီးပါ ရဟန္တာဖြစ်ကြပြီ

ထို့နောက် သာဝတ္ထိသို့ပြန်ကာ သားကို တရားဟောသဖြင့် သားသည်လည်း တရားသိလျက် ရဟန္တာဖြစ်သွားလေသည်။ မယားသည် သားရောလင်ပါ ရဟန်းပြုလျက် တရားရသွားကြသည်ကို သိတော် "ငါသည် သားနှင့်လင်အတွက် လူ့ဘောင်၌နေခြင်း ဖြစ်သည်။ သားနှင့်လင် မရှိတော့ဘဲ လူ့ဘဝ၌ နေခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း" ဟု တွေးကြံလျက် သူပါ ရဟန်းအဖြစ် ခံယူသည်။ ရဟန်းဖြစ်ပြီး တရားဘာဝနာ ပွားများအားထုတ်သဖြင့် မကြာမီပင် ရဟန္တာဖြစ်တော်မူသည်။

ရဟန်းတို့သည် "တရားရှိသူနောက်လိုက်ပြီး တရားကျင့်ကြံကြသဖြင့် သားရော၊ မယားပါ ရဟန္တာဖြစ်ကြရသည်" ဟု ဓမ္မိကမထေရ်အကြောင်း ပြောနေကြစဉ် ဘုရားရှင် ကြွလာကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၈၄။ န အတ္တဟေတု န ပရဿ ဟေတု၊
န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ။
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော၊
သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။

ဒေသနာ၏အဓိပ္ပာယ်

၈၄။ ပညာရှိသည် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ မကောင်းမှုကို မပြု။ မတရားသောနည်းဖြင့် သားသမီး၊ ပစ္စည်းဥစ္စာနှင့် တိုင်းပြည်စည်းစိမ်ကို အလိုမရှိရာ။ တရားမဟုတ်သောနည်းဖြင့် မိမိစည်းစိမ်ဥစ္စာ ပြည့်စုံမှုကို မတောင့်တရာ။ သီလနှင့် ပြည့်စုံ၍ ပညာရှိသူ တရားရှိသူသာ ဖြစ်စေရာ၏။

ဓမ္မိကမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၀။ တရားနာသူအမျိုးမျိုး ဝတ္ထု

[ကောင်းစွာ တရားနာသူသာ နိဗ္ဗာန်ရောက်နိုင်မည်]

သာဝတ္ထိမြို့တော်ရှိ လမ်းတစ်လမ်းတွင် နေကြသူများသည် အသင်းအဖွဲ့များ ဖွဲ့စည်းလျက် အလှူဒါနကိုပြုကာ တရားပွဲပြုလုပ်ကြသည်။ အချို့က ညလုံးပေါက် တရားနာကြသည်။ အချို့က အိမ်သူသက်ထား ဇနီးမယားကို သတိရသဖြင့် ညဝက်တရားနာကာ အိမ်ပြန်သွားကြသည်။ အချို့က တရားနာသူအချင်း မာန်စောင် ဒေါသထွက်၍ ပြန်ကြသည်။ ကျန်သော တရားနာနေသူတို့တွင်လည်း အချို့က ငိုက်မျဉ်းနေကြသည်။ စိတ်ဝင်တစားဖြင့် တရားနာသူ အနည်းငယ်သာ ရှိသည်။ ထိုအကြောင်းများကို ရဟန်းများ ပြောဆိုနေကြသဖြင့် ဘုရားရှင် ကြွလာပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၈၅။ အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော၊
အထာယံ ဣတရာ ပဇာ၊ တီရမေဝါနုဓာဝတိ။
၈၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော၊
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယ္ယံ သုဒုတ္တရံ။

ဒေသနာ၏အဓိပ္ပာယ်

၈၅။ လူတို့တွင် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးမြောက်သူတို့ နည်းပါးကုန်၏။ နိဗ္ဗာန်မရောက်ဘဲ သက္ကာယဒိဋ္ဌိတည်းဟူသော ဤဘက်ကမ်း၌သာ အစဉ်သဖြင့် ပြေးလွှားနေကြရကုန်၏။

၈၆။ ကောင်းစွာ ဟောကြားအပ်သော တရားတော်ကို ကြားနာကြရ၍ တရားနှင့်အညီ ကျင့်ကြံနေသူတို့သည်ကား အလွန်ကူးခပ်ရခက်သော သေမင်း၏နေရာ သံသရာတည်းဟူသော သမုဒ္ဒရာကိုကူးခပ်ပြီး နိဗ္ဗာန်တည်းဟူသော တစ်ဘက်ကမ်းသို့ ရောက်ကြကုန်လတ္တံ့။

တရားနာသူအမျိုးမျိုးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၁။ အာဂန္တုရဟန်းငါးရာဝတ္ထု

[ဘုရားရှင်ထံ တရားနာရောက်လာကြသူများ]

ကောသလတိုင်းဌ သီတင်းသုံး နေထိုင်ကြသော ရဟန်းငါးရာတို့သည် ဝါကျွတ်ပြီဖြစ်သဖြင့် ဘုရားရှင်ကို ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ လာရောက်ကြပြီး ဘုရားရှင်ကို ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ နေကြသည်။ ဘုရားရှင်သည် ထိုရဟန်းတို့အား ဤဒေသနာတော်ကို ဟော တော်မူသည်။

၈၇။ ကဏ္ဌံ ဓမ္မံ ဓိပွဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။
၈၈။ တတြာဘိရတိမိစ္ဆေယျ၊ ဟိတွာ ကာမေအကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။
၈၉။ ယေသံ သမ္ဗောဓိယင်္ကေသု၊ သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါနပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊ တေ လောကေ ပရိနိဗ္ဗုတာ။

ဒေသနာ၏အဓိပ္ပာယ်

၈၇။ ပညာရှိသူသည် မည်းညစ်သော ဒုစရိုက်ကို ပယ်စွန့်၍ ဖြူစင်သော သုစရိုက်ကို ပွားများရာ၏။ တဏှာ၏တည်ရာဖြစ်သော ကာမဂုဏ် အာရုံကို ပယ်စွန့်၍ တဏှာကင်းရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် စဖြူစင် သော ကုသိုလ်တရားကို ပွားများရာ၏။

၈၈။ ပညာရှိသည် ကာမဂုဏ်တို့ကို စွန့်၍ ရာဂ စသော စိုးရိမ်ခြင်း မရှိဘဲ နိဗ္ဗာန်တည်းဟူသော ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်ညစ်ညူးစေတတ်သော အနှောင့်အယှက် နိဝရဏတရားတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

၈၉။ အကြင်ပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာ ပွားများကြကုန်၏။ စွဲလမ်းခြင်း

http://www.dhammadownload.com

ဥပါဒါန်တို့ကို စွန့်လွှတ်၍ နိဗ္ဗာန်၌ မွေ့လျော်ကြကုန်၏။ အရဟာတ္တမဂ်ဉာဏ်ရောင် တောက်လျက် ဘုန်းတန်ခိုးရှိကုန်သော ကိလေသာ အာသဝေါ ကုန်ခန်းပြီးကုန်သည့် ထိုရဟန္တာ အရှင်မြတ်တို့သည် လောက၌ နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းမှုအစစ်ကို ရကြကုန်၏။

အာဂန္တုရဟန်းငါးရာဝတ္ထု ပြီး၏။

ပဏ္ဍိတဝဂ်ပြီး၏။



http://www.dhammadownload.com

အရဟန္တ ဝဂ်

အရဟန္တ = ရဟန္တာ၊ ဝဂ္ဂ = ဝဂ်၊ အစု။

တဏှာ၊ မာန စသည့် အကုသိုလ်တရားများ
ပယ်ရှားထားနိုင်၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိသူ
ရဟန္တာတို့ကဲ့သို့ နေထိုင်ကျင့်ကြံရန် ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ဇီဝကပဉ္စာဝတ္ထု

[ဘုရားရှင်၏ ဝေဒနာကုသပေးသူ ဇီဝက၏အမေး]

ဇီဝကသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကာလက သမား အကျော်အမော်ကြီးတစ်ဦးဖြစ်သည်။ သူသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံမှ ပညာသင်ယူသည်။ အခြားသူတို့က အဖိုးအခပေး၍ သင်ယူကြသော်လည်း ဇီဝကကမူ အခကြေးငွေ မပေးနိုင်သဖြင့် ဆရာကြီး၏အလုပ်များကို နေ့တစ်ဝက်လုပ်ပေးပြီး ကျန်နေ့တစ်ဝက်တွင် ပညာသင်ရသည်။

ပညာစုံပြီ ပြန်တော့

တစ်နေ့ ဇီဝကကိုခေါ်ပြီး ဆရာကြီးက "တက္ကသိုလ်ပြည်အနီး တစ်ဝိုက်ရှိ ဒေသများသို့ လေးရက်ကြာ လှည့်လည်ပြီး ဆေးဖက်မဝင်သော အသီးအရွက်အပင်တို့ကို ရှာခဲ့"ဟု ခိုင်းစေသည်။ လေးရက်ကြာရှာသော်လည်း ဆေးဖက်မဝင်သော အသီးအရွက် အပင်တို့ကို မတွေ့ခဲ့သဖြင့် "တစ်ပင်မှ မတွေ့ခဲ့ပါ"ဟု ဆရာကြီးထံ ပြန်ကြားပြောဆိုသည်။ ထိုအခါ ဆရာကြီးက

http://www.dhammadownload.com

"ဇီဝက၊ သင် ပညာပြည့်စုံပြီ၊ နေရပ်သို့ ပြန်တော့"ဟု ပြောဆိုလျက် စရိတ် အနည်းငယ်သာပေးပြီး ပြန်ခွင့်ပြုလိုက်သည်။

နာဘာရှည်ဝေဒနာရှင်

အပြန်ခရီး သာကေတမြို့သို့ ရောက်လာသည်တွင် သမားအို၊ သမား ကျောင်တို့ ကုသ၍မပျောက်သော "နာဘာရှည် ဦးခေါင်းခဲ ဝေဒနာရှင် သူဌေးကတော် တစ်ဦးအကြောင်း" သူ ကြားရသည်။

သူဌေးကတော်ကြီးထံ ဆေးကုသပေးဖို့သွားရာ သူ့ကိုမြင်သော် ငယ်ရွယ်၍ အတွေ့အကြုံနည်းသူ ဆရာလေးနှင့် ဆေးမကုနိုင်ဟု သူဌေးကတော်ကြီးက ပြောသည်။ "သမားဆိုအိုမှ" ဟု စကားပုံရှိသည် မဟုတ်ပါလော။ ထိုအခါ ဇီဝကက ရောဂါပျောက်မှ ဆေးဖိုးပေးပါဟုပြောပြီး ကုသပေးလိုက်ရာ သူဌေး ကတော်ကြီး၏ ရောဂါပျောက် သွားသည်။ သူဌေးကတော်ကြီးက ဆေးဖိုး အဖြစ် အသပြာလေးထောင်၊ ချွေးမက အသာပြာလေးထောင်၊ သားက လေးထောင်ပေးပြီး သူဌေးကြီးက အသပြာလေးထောင်အပြင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမနှင့်တကွ အပြန်ခရီးအတွက် ရထားပါ ဆေးဖိုးအဖြစ် ချီးမြှင့်လိုက် သည်။

မွေးရပ်ဌာနီ ရာဇဂြိုဟ်ပြည်သို့ ရောက်သော် ခမည်းတော် အဘယ မင်းသားကြီးအား ပါလာသောပစ္စည်းအားလုံး အပ်နှံကာ အကြောင်းစုံကို အသိ ပေးသည်။ ခမည်းတော်ကြီးက "ဤပစ္စည်းများဖြင့် အိမ်တော်ဝင်းအတွင်း၌ နေပါ"ဟု ခွင့်ပေးလိုက်သည်။

ဗိမ္ဗိသာရမင်းကြီး၏ ရောဂါကုပေးပြီ

ဗိမ္ဗိသာရမင်းကြီး၌ ဒူလာရောဂါစွဲကပ်နေသဖြင့် ဝတ်လဲတော်တို့တွင် သွေးများပေကျံနေသည်ကို မြင်သော် မိဖုရားနှင့် မောင်းမမိသံတို့က ပြုံးတုံးတုံး ပြီတီတီ လုပ်ပြကြသည်။ သားတော်အဘယမင်းသားက ဇီဝကကို ခေါ်ပြီး ဘုရင်ကြီးအား ဆေးကုသစေရာ ရောဂါလုံးဝ ပျောက်သွားသည်။ မင်းကြီးက ဂတ်စားတန်ဆာ ဆင်ထားသော မိန်းမပျိုငါးရာပေးသည်။ ဇီဝကက လက်မခံ

http://www.dhammadownload.com

ဘဲ "ကုပေးဖူးသည့် ကျေးဇူးကိုသာ သိမှတ်ထားတော်မူပါ" ဟု လျှောက်ထားသည်။ ဘုရင်ကြီးက "အချင်းဇီဝက၊ ငါ့အား လည်းကောင်း၊ နန်းတွင်းသူနန်းတွင်းသားအပေါင်းအား လည်းကောင်း၊ ဘုရားရှင်နှင့် သံဃာတော်များအား လည်းကောင်း ဆေးကုသမှုဖြင့် လုပ်ကျွေးပြုစုပါ" ဟု မိန့်တော်မူသည်။ ထို့နောက် 'အိမ်နှင့် သရက်ဥယျာဉ်၊ အခွန်တစ်သိန်းထွက်သော ရွာငါးရာတို့ကို ဇီဝကအား ပေးအပ်သည်။

ငါးရက်နှင့် သေနိုင်သောဝေဒနာရှင်

ခုနစ်နှစ်ကျော် ခေါင်းခဲဝေဒနာ ခံစားနေရသူ ရာဇဂြိုဟ်သူဌေးတစ်ဦးကို ထိပ်တန်းသမားတော်များက ငါးရက်နှင့် သေနိုင်သည်။ အလွန်ဆုံးခုနစ်ရက်သာ ခံတော့မည်ဟု ပြောဆိုလျက် ဆေးကုပေးရန် ငြင်းဆိုနေကြသည်။ ဆရာဇီဝကကို ခေါ်ပြီး ကုစေရာ ဦးခေါင်းခွံကိုခွဲပြီး ဦးနှောက်ထဲမှ ပိုးနှစ်ကောင် ဇီဝကက ထုတ်ပြသည်။ ပိုးအငယ်တစ်ကောင်က ဦးနှောက်ကို ခုနစ်ရက်ဖြင့် စားနိုင်သည်။ အကြီးတစ်ကောင်က ငါးရက်နှင့်စားလျှင် ဝေဒနာရှင်သေစေနိုင်သည်ဟု ရှင်းပြသည်။ ထို့နောက် ဆေးများလိမ်းကျံပြီး ဦးခေါင်းခွံကို ပြန်ချုပ်ပေးသဖြင့် ရောဂါပျောက်သွားသည်။ ပိုးနှစ်ကောင် ဝင်နေသည်ကို သိသဖြင့် သမားကျော်များက ငါးရက်၊ ခုနစ်ရက်ဖြင့် သေမည်ဟု ပြောကြခြင်း ဖြစ်သည်။

ဘုရားရှင်ကို ဆေးကုပေးပြီ

ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်ပေါ်၌ ကျောက်မောင်းဆင်လျက် ကျောက်တုံးလိုမ့်ချကာ ဘုရားရှင်ကို လုပ်ကြံသည်။ ကျောက်တုံးသည် ဘုရားရှင်ထံ တိုက်ရိုက်မရောက်ဘဲ တစ်ဆင့်ခံထားသော ကျောက်တုံးမှ ကွဲအက်လွင့်စဉ်လာသော ကျောက်လွှာထိ၍ ဘုရားရှင်၏ခြေမ,တော်၌ သွေးစိမ်းတည်သည်။ ဘုရားရှင်အား ရဟန်းများက ဇီဝက၏ သရက်ဥယျာဉ်သို့ ပင့်ဆောင်ကာ ဆေးကုသမှုကို ခံယူကြသည်။

ဆရာဇီဝကသည် အလွန်အစွမ်းထက်သောဆေးဖြင့် ဘုရားရှင်၏

http://www.dhammadownload.com

ခြေတော်ကို စည်းပေးခဲ့ပြီး မြို့တွင်းမှ လူနာတစ်ဦးအား ကုသပေးရန် ထွက်လာခဲ့သည်။ သူပြန်လာမှ ဆေးဖြေပါဟု လျှောက်ထားခဲ့သည်။ မြို့တံခါးပိတ်သွား၍ အချိန်မီ ပြန်မလာနိုင်သဖြင့် ဘုရားရှင်သည် အလွန်ပူလောင်သော ဝေဒနာခံစားနေရမည်ဟု တွေးကာ စိတ်မကောင်း ဖြစ်နေသည်။

ဘုရားရှင်သည် ဆရာဇီဝက ပြန်မလာနိုင်မှုနှင့် စိတ်မကောင်းဖြစ်နေမှုကို သိတော်မူသဖြင့် အရှင်အာနန္ဒာအား ဆေးစည်းကို ဖြေစေသည်။ အနာသည်လုံးဝ သစ်ပင်မှ သစ်ခေါက် ကွာကျသွားသကဲ့သို့ လုံးဝပျောက်ကင်းသွားသည်။ နံနက်အရုဏ်တက်သော် ဆရာဇီဝက ရောက်လာပြီး "အရှင်ဘုရား၊ အရှင်ဘုရားသည် အလွန်ပူလောင်သော ဝေဒနာ ခံစားတော်မူရပါသလား" ဟု မေးမြန်းလျှောက်ထားသည်။

* ထိုအခါ ဘုရားရှင်က "ဇီဝက၊ ဗောဓိမဏ္ဍိုင်မှာ တုန်းကပင် ငါဘုရားသည် ပူပန်မှုအားလုံး ငြိမ်းခဲ့ပြီ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၀။ ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

ဒေသနာ၏အဓိပ္ပာယ်

၉၀။ သံသရာခရီးရှည်ကို သွားပြီးဖြစ်၍ စိုးရိမ်ခြင်းလည်း ကင်းပြီးဖြစ်သော အလုံးစုံသော ခန္ဓာစသည့် ဝဋ်ဒုက္ခအပေါင်းတို့မှ လွတ်မြောက်၍ အထုံးအဖွဲ့အားလုံးတို့ကို ပယ်စွန့်ပြီးသော ရဟန္တာပုဂ္ဂိုလ်၌ စိုးရိမ်ပူပန်ခြင်း မရှိတော့ပေ။

ဇိဝကပဉ္ဟာဝတ္ထုပြီး၏။

---

* မဂ်ဖိုလ်ကို မျက်မှောက်ပြုပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့၌ အချမ်းအပူ စသည့် ဥတုရာသီနှင့် မကင်းသေးသဖြင့် ကိုယ်အပူကို ရည်မှန်း၍ ဇိဝကက မေးလျှောက်သည်။ ဘုရားရှင်က တရားသောအရ စိတ်အပူကို ရည်ညွှန်း၍ ပူပန်မှုအားလုံး ငြိမ်းခဲ့ပြီဟု ဖြေသည်။

http://www.dhammadownload.com

၂။ အရှင်မဟာကဿပမထေရ်ဝတ္ထု

[နေရာဌာနနှင့် လူသူတို့အပေါ် စွဲလမ်းခြင်းမရှိသူ]

သီတင်းဝါလကျွတ်လျှင် ဒေသစာရီကြွချီမည်ဟု ဘုရားရှင် မိန့်တော်မူထား၍ ဘုရားရှင်နှင့်အတူ လိုက်ပါရန် ရဟန်းတို့ ပြင်ဆင်ကြသည်။ အရှင်မဟာကဿပ မထေရ်ကြီးသည်လည်း ဘုရားရှင်နှင့်အတူ လိုက်ပါလာခဲ့သည်။ မာပမာဒ ကန္ဒရချောက်သို့ရောက်သော် ဘုရားရှင်က ကျောင်း၌ ရဟန်းတစ်ပါးမျှ မရှိလျှင် မသင့်တော်၊ သာရေးနာရေးရှိတတ်သည်ဟု မိန့်ကြားသဖြင့် အရှင်မဟာကဿပ မထေရ်ကြီးသည် နောက်ပါတပည့်များနှင့်အတူ ကျောင်းတော်သို့ ပြန်ကြွသွားသည်။

ရဟန်းတို့ ပြောစကားများ

မထေရ်ကြီးနှင့် တပည့်များ ပြန်ကြွသွားသော် ရဟန်းတော်များက "ရာဇဂြိုဟ်မြို့သူမြို့သားအများစုတို့သည် ဤမထေရ်ကြီးနှင့် တစ်ကြောင်းမဟုတ် တစ်ကြောင်း ပတ်သက်နေသူများ ဖြစ်ကြသည်။ ဆွေမျိုးသော် လည်းကောင်း၊ ရင်းနှီးသူအဖြစ်သော်လည်းကောင်း ပတ်သက်ဆက်စပ်နေ၍ မထေရ်ကြီးသည် ထိုသူများကို ငဲ့ကွက်လျက် ပြန်သွားခြင်းဖြစ်သည်"ဟု ကဲ့ရဲ့ခြင်း သဘောပါသည့် စကားများ ပြောဆိုကြသည်။

ရဟန်းတို့ပြောသလိုမဟုတ်

ရဟန်းများ ပြောဆိုသော စကားများကို ဘုရားရှင်ကြားတော်မူသော အခါ ဘုရားရှင်က "ရဟန်းတို့၊ ငါ့သားတော်ကြီးသည် ဒါယကာတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ပစ္စည်းလေးပါး စသည်တို့နှင့် ပတ်သက်၍ လည်းကောင်း ငြိကပ်တွယ်တာခြင်း မရှိသူ ဖြစ်ရပါလို၏ဟု ဆုတောင်းလျက် ပါရမီတော်များ ဖြည့်ခဲ့သည်မှာ ပဒုမုတ္တရဘုရားရှင် လက်ထက်၊ ကောဏာဂုံနှင့် ဝိပဿီ ဘုရားရှင် လက်ထက်တို့ကတည်းက ဖြစ်သည်"ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၉၁။ ဥယျုဉ္ဇန္တိ သတိမန္တော၊ န နိကေတေ ရမန္တိ တေ။
ဟံသာဝ ပလ္လလံ ဟိတ္ဝာ၊ ဩကမောကံ ဇဟန္တိ တေ။

ဒေသနာ၏အဓိပ္ပာယ်

၉၁။ သတိရှိသူတို့သည် သမထ၊ ဝိပဿနာကမ္မဋ္ဌာန်း စသည်၌လွန်စွာ လုံ့လပြုကုန်၏။ ပစ္စည်းဥစ္စာ၊ နေရာဌာန စသည့် ကာမဂုဏ်တို့၌ စွဲလမ်းငြိကပ် ဝဲကွက်တွယ်တာခြင်း မရှိကြကုန်။ ဟင်္သာငှက်တို့သည် မိမိတို့ ကျက်စားရာ ရွှံ့ညွန်အိုင်ကို မငဲ့ကွက်ဘဲ စွန့်ခွာသွားနိုင်ကြသကဲ့သို့ သတိရှိသူတို့သည် ဝဲကွက်တွယ်တာစရာ တဏှာဟူသမျှကို စွန့်ပယ်သွားကြကုန်၏။

အရှင်မဟာကဿပထေရ်ဝတ္ထု ပြီး၏။

၃။ အရှင်ဗေလဋ္ဌသီသ မထေရ်ဝတ္ထု

[ဆွမ်းမခံရစေရန် ဆွမ်းအခြောက်လှန်းပြီး ဘဉ်းပေးသူ]

အရှင်ဗေလဋ္ဌသီသမထေရ်သည် ရဟန္တာတစ်ပါး ဖြစ်သည်။ တရားတော်၌သာ အမြဲအာရုံပြုနေပြီး အခြားသော အကြောင်းကိစ္စတို့ကြောင့် အချိန်မကုန်လွန်စေလိုသူလည်း ဖြစ်သည်။ နေ့စဉ် ဆွမ်းခံရခြင်းသည်ပင် အချိန်အလဟသ ဖြစ်ရသည်ဟု စဉ်းစားတော်မူသည်။ သို့အတွက် အာဟာရဟူသော အကြောင်းကြောင့် နေ့စဉ်ဆွမ်းခံရခြင်းမှ သက်သာစေရန် ဆွမ်းအချို့ကို သိမ်းသိမ်းဆည်းကာ အခြောက်လှန်းသည်။ ထိုအခြောက်လှန်းထားသည်တို့ကို ရေစိမ်ပြီး သုံးဆောင်လျက် ဆွမ်းခံချိန်ကို တရားနှလုံးသွင်းချိန်အဖြစ် အသုံးပြုတော်မူသည်။

ထိုကဲ့သို့ ဆွမ်းအချို့ကို အခြောက်လှန်းထားပြီး နောက်နေ့များတွင် ဘဉ်းပေးသုံးဆောင်သောကြောင့် ရဟန်းတို့က ကဲ့ရဲ့စကားပြောဆိုသည်ကို ကြားသဖြင့် ဘုရားရှင်က "သိမ်းထားပြီး မသုံးဆောင်ရ"ဟု သိက္ခာပုဒ်တော်

http://www.dhammadownload.com

ပညတ်သည်။ အရှင်ဗေလဋ္ဌသီသဆေရ်ကမူ သိက္ခာပုဒ်ပညတ်ခြင်း မပြုမီ သုံးဆောင်ခြင်းဖြစ်၍ အာပတ်မသင့်ပေ။

ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၂။ ယေသံ သန္ဓိစယော နတ္ထိ၊ ယေ ပရိညာတ ဘောဇနာ။
သုညတော အနိမိတ္တောစ၊ ဝိမောက္ခော ယေသံ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ဂတိ တေသံ ဒုရန္နယာ။

ဒေသနာ၏အဓိပ္ပာယ်

၉၂။ ရဟန္တာပုဂ္ဂိုလ်တို့သည် ဥစ္စာပစ္စည်းကို သိမှီးသိမ်းဆည်းခြင်း မရှိကုန်။ ခဲဖွယ်ဘောဇဉ်ကို *ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သုံးဆောင်ကုန်၏။ ရာဂ စသည်တို့မှ ကင်းလွတ်၍ ရာဂစသည့်အကြောင်း နိမိတ်ကင်းသော နိဗ္ဗာန်အာရုံ၌ ကျက်စားကုန်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ရဟန္တာပုဂ္ဂိုလ်တို့၏ လားရာဂတိလမ်းကြောင်းကို မသိ၊ မမြင်နိုင်။

အရှင်ဗေလဋ္ဌသီသမထေရ်ဝတ္ထု ပြီး၏။

---

* ပရိညာသုံးပါး

(၁) ယာဝဂုကို ယာဝဂုအဖြစ်သိခြင်းသည် ဉာတပရိညာမည်၏။

(၂) အာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်သညာဖြင့် သိခြင်းသည် တီရဏ ပရိညာမည်၏။

(၃) သုံးဆောင်အပ်သော အာဟာရ၌ လောဘတဏှာကို ပယ်တတ်ခြင်းသည် မဟာနုပရိညာမည်၏။

http://www.dhammadownload.com

၄။ အရှင်အနုရုဒ္ဓါ မထေရ်ဝတ္ထု

[မိမိဂုဏ်ကို ဖော်မပြောလိုသူ]

အရှင်အနုရုဒ္ဓါမထေရ်သည် ဝတ်ရုံနေသော သင်္ကန်းများ ဟောင်းနွမ်းဆွေးရိနေသဖြင့် ဆွမ်းခံကြွရင်း အမှိုက်ပုံစသည်၌ ပုံသကူအဝတ်ပုဆိုး စသည်တို့ကို စူးစမ်းကြည့်ရှုတော်မူသည်။ ထိုအကြောင်းကို လွန်ခဲ့သော သုံးဘဝက ဇနီးဖြစ်ခဲ့ဖူးသူ ဇာလိနီနတ်သမီးက သိရှိသဖြင့် တာဝတိံသာမှ ဆင်းလာလျက် အမှိုက်ပုံတွင် နတ်ပုဆိုးသုံးထည်ကို မြင်သာရုံ အစဖော်ပြီး ပစ်ထားသည်။ ကိုယ်တိုင်လှူလျှင် အလှူခံမည်မထင်သောကြောင့် ထိုသို့ထားခြင်းဖြစ်သည်။ မထေရ်သည် အစပေါ်နေသောအဝတ်တို့ကို တွေ့သဖြင့် ပုံသကူအဖြစ် ကျောင်းသို့ ယူလာခဲ့သည်။

ရဟန်းတို့ ကဲ့ရဲ့သံ

ကျောင်းသို့ရောက်သော် ဘုရားရှင်နှင့်တကွ အသီတိမဟာသာဝကကြီးများပါ ကြွရောက်လာကြလျက် သင်္ကန်းချုပ်ကြသည်။ သိကြားမင်းသည် ကျောင်းမြေကို ညီညီညာညာ သန့်သန့်ရှင်းရှင်းဖြစ်အောင် စီစဉ်ပြုလုပ်ထားသည်။ ဇာလိနီနတ်သမီးက အရှင်အနုရုဒ္ဓါကျောင်း၌ ဘုရားရှင်နှင့်တကွ အသီတိမဟာသာဝကကြီးများပါ ရောက်နေ၍ ဆွမ်းဘောဇဉ်များ လှူဒါန်းကြဖို့ မြို့တွင်းသို့ လှည့်လည် လှုံ့ဆော်ထားသည်။ ဆွမ်းဘောဇဉ်များ အလှူပယ်ဖြစ်နေသည်ကိုကြည့်ကာ ရဟန်းအချို့က "အရှင်အနုရုဒ္ဓါသည် ငယ်စဉ်ကပင် မရှိဟူသော စကားမျှမကြားဖူးအောင် ပြည့်စုံခဲ့သည်။ ယခုလည်း ပြုစုလုပ်ကျွေးသူများသည့် အဖြစ်ကို ပြလိုဟန်ရှိသည်"ဟု ကဲ့ရဲ့ခြင်းသဘောပါသည့်စကားများ ပြောကြားကြသည်။

ကိုယ့်ဂုဏ်ကို ဖော်လိုသူမဟုတ်

ရဟန်းတို့ပြောသောစကားကို ကြားသော် ဘုရားရှင်က "ရဟန်းတို့၊ အနုရုဒ္ဓါသည် သင်တို့ပြောသည့် အဓိပ္ပာယ်ဖြင့် ပြုလုပ်ပြနေခြင်းမဟုတ်။

http://www.dhammadownload.com

ရဟန္တာတို့သည် ဂုဏ်ဖော်လိုသည့် သဘောမရှိ" စသည်ဖြင့် မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၃။ ယဿာသဝါ ပရိက္ခီဏာ၊ အာဟာရေ စ အနိဿိတော။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယဿ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ။

ဒေသနာ၏အဓိပ္ပာယ်

၉၃။ အာသဝေါကုန်ပြီးသော ရဟန္တာတို့သည် အစာအာဟာရ၌ တပ်မက်မှုဖြင့် စွဲလမ်းငြိတွယ်၍ မှီဝဲခြင်း မရှိကုန်၊ ရာဂစသည်တို့မှ ကင်းလွတ်၍ ရာဂ စသည့် အကြောင်းနိမိတ်ကင်းသော နိဗ္ဗာန်အာရုံ၌သာ ကျက်စားကုန်၏။ ကောင်းကင်၌ ငှက်တို့၏ ခြေရာကို မသိမမြင်နိုင်သကဲ့သို့ ရဟန္တာတို့၏ လားရာလမ်းကြောင်းကို မသိ၊ မမြင်နိုင်။

အရှင်အနုရုဒ္ဓါမထေရ်ဝတ္ထု ပြီး၏။

၅။ အရှင်မဟာကစ္စာယနမထေရ်ဝတ္ထု

[လူရောနတ်ပါ လေးစားကြည်ညိုခြင်း ခံရသူ]

အရှင်မဟာကစ္စာယန (အရှင်မဟာကစ္စည်း)မထေရ်သည် တည်ငြိမ်သော ဣန္ဒြေနှင့် ပြည့်စုံတော်မူပြီး ကြည်ညိုဖွယ်ကောင်းလှသည့် ရူပကာယတော်ရှိသဖြင့် လူရောနတ်တို့ပါ လေးစားကြည်ညိုကြသည်။ ဘုရားရှင်သည် သာဝတ္ထိမြို့တော် ဝိသာခါ၏ကျောင်း၌ မဟာသာဝကထေရ်ကြီးတို့နှင့်အတူ သီတင်းသုံးတော်မူစဉ် သိကြားမင်းသည် လှူဖွယ်ဝတ္ထုတို့ဖြင့် လာရောက်ပူဇော်လှူဒါန်းသည်။ အရှင်မဟာကစ္စည်းထေရ်သည် အဝန္တီတိုင်း၌ သီတင်းသုံးသော်လည်း ဘုရားရှင်ထံ တရားနာယူရန် ကြွလာလေ့ရှိသဖြင့် မဟာသာဝကကြီးများက အရှင်မဟာကစ္စည်းထေရ်အတွက် ဝါစဉ်အားဖြင့် နေရာသီးခြားချန်ထားတော်မူကြသည်။

http://www.dhammadownload.com

သိကြားမင်းတမ်းတပုံ

သိကြားမင်းသည် ဘုရားရှင်နှင့် သံဃာတော်များကို ဖူးမြော်ရင်း အရှင်မဟာကစ္စည်းထေရ်ကို မတွေ့ရသဖြင့် မထေရ်ကြွလာလျှင် ကောင်းမည်ဟု စိတ်ထဲမှ တမ်းတသည်။ ထိုခဏခြင်္သပင် မထေရ်ကြွလာ၍ သိကြားမင်းက သူ၏ တမ်းတနေပုံကို လျှောက်ထားပြီး ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်သည်။ ထိုအခါ မထေရ်၏ ဂုဏ်ကျေးဇူးကို မသိကြသူ ရဟန်းတို့က "သိကြားမင်းသည် မျက်နှာလိုက်ပြီး အရှင်မဟာကစ္စည်းထေရ်ကိုသာ ပူဇော်သည်။ အခြားထေရ်ကြီးတို့ကို ပူဇော်ခြင်းမပြု" ဟု ကဲ့ရဲ့ပြောဆိုကြသည်။

ရဟန်းတို့၏ ပြောစကားကို ကြားသိတော်မူသောအခါ ဘုရားရှင်က "ရဟန်းတို့၊ ငါ၏သားတော်ကစ္စည်းထေရ်ကဲ့သို့ ဣန္ဒြေကို စောင့်စည်းသော ရဟန်းတို့အား လူနတ်တို့ မြတ်နိုးပူဇော်ကြသည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၄။ ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊
အဿာ ယထာ သာရထိနာ သုဒန္တာ။
ပဟီနမာနဿ အနာသဝဿ၊
ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

ဒေသနာ၏အဓိပ္ပာယ်

၉၄။ ရထားထိန်းက ကောင်းစွာ ဆုံးမလေ့ကျင့်ထားသော မြင်းကဲ့သို့ အကြင်ပုဂ္ဂိုလ်၏ မျက်စိ စသော ဣန္ဒြေတို့သည် ငြိမ်သက်တည်ကြည်ကြကုန်၏။ မာနတရားကိုလည်း ပယ်ပြီး၍ အာသဝေါတရားတို့မှလည်း ကင်းပြီးဖြစ်သည့် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းစသည့် လောကဓံတရားတို့ကြောင့် မတုန်လှုပ်သူ ရဟန္တာပုဂ္ဂိုလ်အား လူ၊ နတ်တို့သည် လေးစားကြည်ညိုမြတ်နိုးကြကုန်၏။

အရှင်မဟာကစ္စာယနမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ အရှင်သာရိပုတ္တရာ မထေရ်ဝတ္ထု

[ပထဝီမြေကြီးကဲ့သို့ သည်းခံခြင်းရှိသူ]

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံ ပန်ကြားပြီး နောက်ပါတပည့်များနှင့် အတူ ဒေသစာရီကြွတော်မူသည်။ မထေရ်ကြီးအား လိုက်ပါပို့ဆောင်သော ရဟန်းသာမဏေတို့ကို အရှင်သာရိပုတ္တရာက အမျိုး၊ အမည်နာမ စသည်ကို ဖော်လျက် နှုတ်ဆက် ဩဝါဒပေးတော်မူသည်။ ရဟန်းတစ်ပါးက သူ့ကို နှုတ်မဆက်သဖြင့် ရန်ငြိုးထားသည်။ မထေရ်ကြီး၏ ဒုကုဋ္ဌသင်္ကန်း အစွန်းဖြင့် ထိမိပြန်သောအခါ ပို၍ မခံမရပ်နိုင်ဖြစ်လျက် တောင်းပန်ခြင်းမပြုဘဲ ခရီးထွက်သွားသည်ဟု ဘုရားရှင်အား တိုင်ကြားလျှောက်ထားသည်။

ဥပမာတို့ဖြင့် လျှောက်ထားပုံ

ဘုရားရှင်က အရှင်သာရိပုတ္တရာအား ပြန်ခေါ်စေပြီး အကျိုးအကြောင်း မေးတော်မူသည်။ ထိုအခါ မထေရ်ကြီးက ဘုရားရှင်အား "အရှင်ဘုရား၊ တပည့်တော်သည် ဘဝများစွာကတည်းက မိမိကို အကြောင်းပြုလျက် သူတစ်ပါးစိတ်မဆင်းရဲစေရန် ကျင့်နိုင်ရပါလို၏"ဟု ဆုတောင်းကာ ပါရမီဖြည့်ခဲ့ပါသည်။ ပါရမီဖြည့်ခဲ့သည့်အတိုင်းလည်း ကျင့်ကြံနေထိုင်နေပါသည်။ ပထဝီမြေကြီးသည် မိမိအပေါ် မည်သူက မည်သည့်ပစ္စည်းကို တင်ထားသည်ဖြစ်စေ၊ ညစ်ပတ်သည်၊ ပေရေသည်၊ လေးသည်၊ ပေါ့သည်ဟု မပြောမဆိုဘဲ သည်းခံနိုင်သကဲ့သို့၊ ခြေသုတ်ပုဆိုး၊ ဒွန်းစက္ကားနှင့် ဦးချိုကျိုးသော နွားတို့သည် သူတစ်ပါးတို့ ညှဉ်းပန်းနှိပ်စက်သော်လည်း စိတ်ဆိုးခြင်းမရှိသကဲ့သို့ ကျင့်ကြံနေထိုင်ပါသည် စသည်ဖြင့် နှိမ့်ချသည်းခံပုံ ဥပမာကိုးမျိုးတို့ဖြင့် ပြန်လည်လျှောက်ထားသည်။

ရန်ငြိုးထားသူ ရဟန်း ရှိခိုးတောင်းပန်ပြီ

ထိုသို့ မထေရ်ကြီးက လျှောက်ထားသော် ပုထုဇဉ်ရဟန်းများက မျက်ရည် မဆည်နိုင် ဖြစ်ကြရသည်၊ ရဟန္တာပုဂ္ဂိုလ်တို့ကမူ တရားသဝေဂ

http://www.dhammadownload.com

များ ဖြစ်တော်မူကြသည်။ ရန်ငြိုးထားကာ ဘုရားရှင်အား တိုင်တည်ခဲ့သော ရဟန်းသည်လည်း တစ်ကိုယ်လုံး ပူလောင်မှုများ ခံစားလာရသဖြင့် အရှင် သာရိပုတ္တရာအား အကြိမ်ကြိမ် ဦးနှိမ်ချလျက် ရှိခိုးတောင်းပန်သည်။ ရဟန်း တို့က အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများ ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၅။ ပထဝိသမော နော ဝိရုဇ္ဈတိ၊ ကုန္ဒဒီလုပမော တာဒိ သုဗ္ဗတော၊
ရဟဒေါဝ အပေတကဒ္ဒမော၊ သံသာရာ န ဘဝန္တိ တာဒိနော။

ဒေသနာ၏အဓိပ္ပာယ်

၉၅။ ရဟန္တာပုဂ္ဂိုလ်မြတ်သည် မြေကြီးနှင့်တူစွာ သည်းခံခြင်းသဘော ရှိ၏။ မယိမ်းမယိုင် တံခါးတိုင်ကဲ့သို့ တည်ကြည်ခိုင်ခံ့၏။ လောကဓံတရား တို့ကြောင့် ဖောက်ပြန်ပြောင်းလဲခြင်းမရှိ။ ရွံညှဉ်းကင်းသဖြင့် ကြည်လင်သော ရေကန်ကဲ့သို့ ရာဂစသည့် အကုသိုလ်ညစ်နွမ်းကင်းသဖြင့် အလွန်ကြည်လင်သော စိတ် ရှိ၏။ ထိုသို့ သဘောရှိသော ရဟန္တာသည် သံသရာ၌ ကျင်လည်၍ မနေ့ပေ။

အရှင်သာရိပုတ္တရာ မထေရ်ဝတ္ထု ပြီး၏။

၇။ တိဿမထေရ်၏ တပည့်လိမ္မာဝတ္ထု

[ဆရာအာပတ်မသင့်အောင် နေထိုင်သူတပည့်]

ကောသမ္မီပြည်သားတစ်ဦးသည် ရဟန်းပြုကာ ကောသမ္မီပြည်၌ နေသဖြင့် ကောသမ္မီဝါသီတိဿမထေရ်ဟု ကျော်ကြားသည်။ သီတင်းကျွတ်သော် ထိုမထေရ်အား အလုပ်အကျွေးပြုသူ ဒါယကာက သင်္ကန်းသုံးထည်၊ ထောပတ်နှင့် တင်လဲတို့ကိုလျှုရာ အတူနေတပည့်သာမဏေမရှိ၍ အလှူမခံလို

http://www.dhammadownload.com

ဟု ငြင်းပယ်သည်။ ဒါယကာသည် သူ့သားကို မထေရ်ထံ အပ်နှံလျက် ရှင်သာမဏေပြုပေးပါဟု လျှောက်ထားသည်။ မထေရ်သည် ဒါယကာ၏ သားအား ရှင်ပြုပေးရန် ခေါင်းရိတ်ဆံချပေးရင်း တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပေးသည်။ ဆံချ၍ ပြီးသည်နှင့် သာမဏေသည် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာအာပတ်မသင့်စေရန်

ဆရာတပည့်နှစ်ဦးတို့ ဘုရားဖူးရန် ခရီးထွက်လာရင်း လမ်းရှိ ကျောင်းတစ်ကျောင်းတွင် ညအိပ်နားခိုကြသည်။ သာမဏေသည် ဆရာ့အတွက် အိပ်ရာ နေရာ ပြင်ဆင်ပေးစဉ် အချိန်ကုန်သွားသည်။ ထိုအခါ ဆရာက သူနှင့်အတူ အခန်းအတွင်း၌ပင် အိပ်ရန် ခွင့်ပြုလိုက်သည်။ သို့ဖြင့် တစ်မိုးတစ်ရံတည်း၌ ဆရာနှင့်အတူ အိပ်ခဲ့သည်မှာ နှစ်ညရှိပြီဖြစ်၍ ထိုညတွင် ဆရာအာပတ်မသင့်စေရန် တပည့်သာမဏေသည် မအိပ်ဘဲ တစ်ညလုံး ထိုင်နေခဲ့သည်။ ဝိနည်းတော်အရ ရဟန်းသည် သုံးညအထိ လူ၊ သာမဏေတို့နှင့်အတူ တစ်မိုးတစ်ရံတည်း၌ အရဏ်တက်သည်အထိ မအိပ်ရ၊ အိပ်လျှင် ရဟန်းမှာ အာပတ်သင့်သည်။

ဆရာက တောင်းပန်ပြီ

နံနက်မိုးလင်းသော် တပည့်အိပ်နေသည် ထင်သဖြင့် ဆရာက ဖြာကို ယပ်နှင့် ရိုက်၍နှိုးသည်။ ထိုင်နေသောတပည့်၏ မျက်စိကို ယပ်နှင့်ရိုက်မိသောကြောင့် သာမဏေ၏ မျက်စိတစ်ဖက် ပျက်သွားသည်။ ပျက်သွားသော မျက်စိကို လက်တစ်ဖက်ဖြင့် အုပ်လျက် ဆရာ့အတွက် သုံးရေ၊ သောက်ရေ ခပ်ခြင်း၊ တံမြက်လှည်းခြင်း စသော ဝတ္တရားများကို တပည့်က ပြုလုပ်သည်။ မျက်နှာသစ်နေသော ဆရာကို တံပူကပ်လှူသောအခါ လက်တစ်ဖက်တည်း ကပ်လှူသဖြင့် ဆရာက ဆူပူပြောဆိုသည်။ ဤတွင်မှ တပည့်က ဆရာ့အား အဖြစ်မှန် အသိပေးလျှောက်ထားသည်။ ဆရာသည် နောင်တကြီးစွာရလျက် အကြောင်းစုံမသိ၍ ပြောဆိုမိသည်။ ခွင့်လွှတ်သည်းခံပါဟု တောင်းပန်သည်။

http://www.dhammadownload.com

သို့သော် ဆရာဖြစ်သူ တိဿမထေရ်သည် စိတ်မအေးနိုင်ဘဲ ဘုရားရှင် ထံရောက်သော် ဖြစ်ပျက်ပုံအကြောင်းစုံနှင့် သာမဏေ၏ သဘောထားမြင့်မြတ်ပုံ တို့ကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟော တော်မူသည်။

၉၆။ သန္တံ တသ မနံ ဟောတိ၊ သန္တာ ဝါစာ စ ကမ္မ စ။
သမ္မဒညာ ဝိမုတ္တသ၊ ဥပသန္တသ တာဒိနော။

ဒေသနာ၏အဓိပ္ပာယ်

၉၆။ သစ္စာလေးပါးတရားကို ကောင်းစွာသိပြီး၍ ကိလေသာမှ လွတ် ကင်းလျက် ရာဂစသည် အပူငြိမ်းနေသော ရဟန္တာ၏စိတ်သည် တည်ငြိမ်၏။ အပြောအဆို ဝစီကံနှင့် အပြုအမူ ကာယကံသည်လည်း အေးဆေးတည်ငြိမ် သည်။

တိဿမထေရ်၏ တပည့်လိမ္မာဝတ္ထု ပြီး၏။

၈၊ အရှင်သာရိပုတ္တရာ မထေရ်ဝတ္ထု (ဒုတိယ)

[စစ်မှန်သော ယောက်ျားမြတ်ဖြစ်သူ]

ဘုရားရှင်ထံသို့ ရောက်လာကြသော တောကျောင်းနေရဟန်းတို့၏ အရဟတ္တ ဖိုလ်ချမ်းသာ ခံစားရမည့်အရေးကို မြင်တော်မူသဖြင့် ဘုရားရှင်က အရှင်သာရိပုတ္တရာအား ဤသို့မေးတော်မူ၏။ "သာရိပုတ္တရာ၊ သဒ္ဓါနှေစသော ဣန္ဒြေငါးပါးတို့ကို ပွားများသော်၊ အကြိမ်ကြိမ် အလေ့အလာပြုသော် အမြိုက် နိဗ္ဗာန်သို့သက်ဝင်၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟူသော စကားကို ယုံကြည်၏ လော" ဟု မေးတော်မူ၏။ ကျန်ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေနှင့် ပညိန္ဒြေ တို့ကိုလည်း ဆက်လက် မေးတော်မူ၏။

http://www.dhammadownload.com

တစ်ဆင့်စကား မယုံကြည်

ထိုအခါ အရှင်သာရိပုတ္တရာက "အရှင်ဘုရား၊ သဒ္ဓိန္ဒြေ စသည်ကို ပွားများသော်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏"ဟူသော စကားကို တပည့်တော်သည် အရှင်ဘုရားအား ယုံကြည်၍ ဆည်းကပ်ခြင်း မဟုတ်ပါ။ ထိုအကြောင်းကို ပညာဉာဏ်ဖြင့် ဧကန်မသိသူ၊ မရှုမြင်နိုင်သေးသူ၊ မျက်မှောက်မပြုနိုင်သေးသူ၊ ထိုးထွင်း၍ မသိသေးသူတို့သာ သူတစ်ပါးတို့၏ စကားကို ယုံကြည်၍ ဆည်းကပ်ကြပါကုန်၏"ဟု ပြန်လည်ဖြေကြားသည်။

ထိုစကားကို အခြားသော ရဟန်းတို့ကကြားသော် "အရှင်သာရိပုတ္တရာသည် ဘုရားရှင်ကို ယနေ့တိုင် မယုံကြည်သေး၊ မိစ္ဆာအယူကိုလည်း မစွန့်လွှတ်သေး"ဟု ပြောကြားသောစကားကို ကြားသော် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၇။ အသဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမ ပေါရိသော။

ဒေသနာ၏အဓိပ္ပာယ်

၉၇။ မင်္ဂဖိုလ်အားလုံးကို ရထားသူသည် သူတစ်ပါးတို့၏ ပြောစကားကို သာ ယုံကြည်၍မနေဘဲ အကြောင်းတရားတို့ မပြုအပ်သော နိဗ္ဗာန်ကို ကိုယ်တိုင်လည်း သိ၊ သံသရာဝင့်တည်းဟူသော အနှောင်အဖွဲ့အိမ်၏ အစပ်ကိုဖြတ်၍ ကုသိုလ်၊ အကုသိုလ်မျိုးစေ့ အကျိုးပေးခွင့်ကိုလည်း သတ်အပ်ပြီး၍ အလိုဆန္ဒဟူသမျှကိုလည်း ပယ်ပြီးသော ပုဂ္ဂိုလ်သည် လူတွင်အထွတ် ယောကျ်ားမြတ်အစစ်ဖြစ်၏။

အရှင်သာရိပုတ္တရာ မထေရ်ဝတ္ထု (ဒုတိယ) ပြီး၏။



ရေဝတသတို့သားသည် အဘွားအိုကိုကြည့်လျက် ငါနှင့်ငါဖနီးသည်လည်း အိုမင်းယိုယွင်းမှုကို ခံကြရဦးမည်ဟု သံဝေဂဖြစ်နေပုံ ၂၃၇

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

၉။ ရှားတောနေ ရေဝတ သာမဏေဝတ္ထု

[ခုနစ်နှစ်သား အရှယ်၌ ရဟန္တာဖြစ်သူ]

ရှားတောနေ ရေဝတ သာမဏေသည် ရှင်သာရိပုတ္တရာမထေရ်ကြီး၏ ညီအငယ်ဆုံးဖြစ်သည်။ သူ့အထက်တွင် စုန္ဒ၊ ဥပသေနဟူသော အစ်ကိုနှစ်ယောက်နှင့် စာလာ၊ ဥပစာလာနှင့် သီသုပစာလာဟူသော အစ်မသုံးယောက် ရှိရာ အားလုံးပင် အစ်ကိုအကြီးဆုံး အရှင်သာရိပုတ္တရာကဲ့သို့ ရဟန်းပြုသွားကြပြီဖြစ်သည်။

မင်္ဂလာအခမ်းအနား

အငယ်ဆုံးသား ရေဝတသည် အသက် ခုနစ်နှစ်သာ ရှိသေးသည်။ သူ့ကို အစ်ကို အစ်မများကဲ့သို့ ရဟန်းမပြုနိုင်စေရန်နှင့် မိဘစည်းစိမ်ဥစ္စာတို့ကို ထိန်းသိမ်းလျက် သူတို့မျိုးဆက် ပြန့်ပွားစေရန် ရည်ရွယ်လျက် အိမ်ထောင်ချပေးဖို့ မိခင်ပုဏ္ဏေးမကြီးက စီစဉ်သည်။ သူတို့ကဲ့သို့ ချမ်းသာပြီး အမျိုးအနွယ်တူ မိန်းကလေးကို ရှာဖွေထားကာ မိန်းကလေး မိဘတို့အိမ်သို့ သွား၍ မင်္ဂလာအခမ်းအနားပြုလုပ်ပေးကြသည်။

အဘွားအိုကဲ့သို့

အခမ်းအနားပြီး၍ သက်ကြီးဝါကြီးသူများကို ကန်တော့သည်။ ဆွေမျိုးများက "သင်တို့ ဧနီးမောင်နှံသည် ဤအဘွားကဲ့သို့ အသက်ရာကျော်ရှည်ပြီး အိုအောင်မင်းအောင် ပေါင်းကြရပါစေ" ဟု ဆုတောင်းပေးလျက် သတို့သမီး၏ အဘွားကို ပြကြသည်။ အဘွားသည် အသက် ၁၂၀ ရှိပြီဖြစ်သည်။ အရိုးပြိုင်းပြိုင်း အရေတွဲတွဲ၊ သွားကျိုး ဆံဖြူလျက် တုန်တုန်ချည်ချည်ဖြင့် စမ်းတဝါးဝါး သွားနေရသည်။ ရေဝတသတို့သားသည် အဘွားအိုကိုကြည့်လျက် ငါနှင့် ငါ့ဧနီးသည်လည်း သည်အဘွားကဲ့သို့ပင် ဧရာဒုက္ခ အိုမင်း ယိုယွင်းမှုကို ခံကြရဦးမည်ဟု သံဝေဂ အတွေးအမြင် ဖြစ်ပေါ်လာသည်။ သို့ဖြင့် သတို့သမီးနှင့်အတူ ယာဉ်ကိုစီးကာ သွားနေစဉ်ပင် လမ်းခုလတ်ရောက်သောအခါ "ကိုယ်

http://www.dhammadownload.com

လက်သုတ်သင်ရန်" ဟု အကြောင်းပြလျက် ယာဉ်ပေါ်မှဆင်းကာ ချဲ့ကြို ချဲ့ကြားသို့ဝင်ဟန်ပြုသည်။ ပထမတစ်ကြိမ်နှစ်ကြိမ်၌ ခရီးဖော်များက ယာဉ်ကို ရပ်ကာ စောင့်နေကြသေးသည်။ အကြိမ်များလာသောအခါ စိတ်မရှည်ကြတော့ပေ။ ထိုအခါ ရေတဝ သတို့သားက "ကျွန်တော် နောက်ကလိုက်ခဲ့မည်၊ သွားနှင့်ကြပါ" ဟု ပြောဆိုသည်။

အရှင်သာရိပုတ္တရာ၏ညီ

ရေဝတ သတို့သားသည် "အခြေအနေပေးပြီ"ဟု တွက်ဆလျက် တော ကျောင်းတစ်ခုဆီသို့ ထွက်ပြေးလာကာ ရှင်သာမဏေပြုပေးရန် ကျောင်းနေ ရဟန်းတို့ကို ပန်ကြားသည်။ မင်းသား အဝတ်အစားများ ဝတ်ထားသူ ဖြစ်၍ ရဟန်းတို့ကမေးသော် "အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးပါ" ဟု ပြောပြသည်။

ရဟန္တာရေဝတ သာမဏေ

အရှင်သာရိပုတ္တရာက တောနေရဟန်းများအား "သူ့ညီရောက်လာလျှင် ရှင်သာမဏေပြုပေးရန်" မှာထားသဖြင့် ရှင်သာမဏေ ပြုပေးလိုက်ကြသည်။ ရေဝတသာမဏေသည် ဆွေမျိုးတို့ လိုက်မရှာနိုင်ရန်အတွက် ထိုအရပ်မှ ယူဇနာသုံးဆယ်ဝေးသော ရှားတောသို့ ကြွသွားကာ ရဟန်းတို့ သင်ပေးသောနည်းဖြင့် တရားဘာဝနာပွားများ အားထုတ်ရာ ဝါတွင်းသုံးလ အတွင်းမှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

ဝါကျွတ်သောအခါ ဘုရားရှင်သည် အရှင်သာရိပုတ္တရာ၊ အရှင် အာနန္ဒာနှင့် အရှင်သီဝလိစသော နောက်ပါရဟန်း သံဃာငါးရာတို့နှင့်အတူ သာမဏေ ရေဝတရှိရာ ရှားတောသို့ ကြွတော်မူလာသည်။ ခရီးဝေးကွာပြီး တောလမ်းဖြစ်သော်လည်း လာဘ်လာဘအရာ ဇာတဒဂ်ရတော်မူသည့် အရှင်သီဝလိထေရ်ပါလာသဖြင့် နတ်တို့က ဆွမ်းဘောဇဉ်နှင့် နေထိုင်တည်းခိုစရာ ကျောင်းတို့ကို လမ်းတစ်လျှောက်၌ ဖန်ဆင်း ဆောက်လုပ် လှူဒါန်းကြသည်။ ရေဝတ သာမဏေကလည်း ဘုရားရှင်နှင့် နောက်ပါ သံဃာတော်တို့ သီတင်းသုံးရန်

http://www.dhammadownload.com

လိုအပ်သည်တို့ကို ပြည့်ပြည့်စုံစုံ ဖန်ဆင်းထားတော်မူသည်။ ဘုရားရှင်နှင့် သံဃာတော်တို့ ထိုအရပ်၌ တစ်လတာ သီတင်းသုံးတော်မူကြသည်။

ရေဘူးနှင့် ဖိနပ်မေ့ကျန်သူ ရဟန်းကြီးများ

တစ်လကျော်ကြာ၍ ဘုရားရှင်ပြန်ကြွတော်မူသောအခါ ဘုရားရှင်နှင့် အတူပါလာသော အသက်ကြီးမှ ရဟန်းပြုသူ ရဟန်းကြီးနှစ်ပါးသည် ရေဘူးနှင့် ဖိနပ်များ မေ့ကျန်နေခဲ့၍ ရှားတောကျောင်း ဥပစာလွန်မှ ပြန်ယူကြရသည်။ ထိုရဟန်းကြီး နှစ်ပါးသည် ရှားတောကျောင်းနေရာကို မမှတ်မိဘဲ ဖြစ်နေသည်။ ပစ္စည်းလိုက်ရှာရင်း ရှားငုတ်စူးခြင်းလည်း ခံကြရသေးသည်။ ဘုရားရှင်နှင့် သံဃာတော်တို့ ပြန်ကြွသွားသောအခါ အရှင်ရေဝတထေရ်သည် ဖန်ဆင်းထားမှု အားလုံးကို ရုပ်သိမ်းထားသဖြင့် ရှားတောကျောင်း ဝန်းကျင်သည် မူလအတိုင်း တောတောင်ကန္တာရကြီး ဖြစ်နေသည်။

ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်၍ ဝိသာခါ ဒါယိကာမကြီးက မေးသောအခါ သက်ကြီးရဟန်းနှစ်ပါးက ရှားတောကျောင်းသည် ဆူးချုံချိုင့်ဝှမ်းတို့ဖြင့် မွေ့လျော်ဖွယ် မရှိသောနေရာဟု ဖြေကြားသည်။ အခြားသံဃာတို့က နတ်ဘုံနတ်နန်းတမျှ သာယာကြောင်း ပြောဆိုကြသည်။ ထိုအကြောင်းကို ဝိသာခါ ဒါယိကာမကြီးက ဘုရားရှင်အား မေးလျှောက်သောအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၉၈။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္ဒေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိရာမဏေယျကံ။

ဒေသနာ၏အဓိပ္ပာယ်

၉၈။ ရွာမှာဖြစ်စေ၊ တောမှာဖြစ်စေ ချိုင့်ဝှမ်းအရပ်မှာ ဖြစ်စေ၊ ကုန်းမြင့်အရပ်မှာဖြစ်စေ၊ ရဟန္တာတို့ နေထိုင်ကြကုန်၏။ ရဟန္တာတို့ နေထိုင်ရာ အရပ်ဒေသသည် မွေ့လျော်ဖွယ်ကောင်းသောအရပ် ဖြစ်သည်။

ရှားတောနေ ရေဝတသာမဏေဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၀။ ပြည့်တန်ဆာ အမျိုးသမီးတစ်ဦး ဝတ္ထု

[တရားဘာဝနာ ပွားများနေသူကို မြူဆွယ်သူ]

ပိဏ္ဍပါတ်ခုတင် ကျင့်ဆောင်နေသူ ရဟန်းတစ်ပါးသည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်းပြီး ဥယျာဉ်ဟောင်းကြီးတစ်ခု အတွင်းသို့ ဝင်ရောက်လျက် တရားဘာဝနာ ပွားများအားထုတ်နေသည်။ ထိုအချိန်၌ ပြည့်တန်ဆာ အမျိုးသမီးတစ်ဦးသည် ချိန်းဆိုထားသော ယောကျ်ားကို ဥယျာဉ်ဝ၌ လာစောင့်နေသည်။ အချိန်ရောက်သော်လည်း ထိုယောကျ်ား ရောက်မလာသဖြင့် ဥယျာဉ်တွင်းသို့ ဝင်လာခဲ့ရာ တရားဘာဝနာ ပွားများနေသူ ရဟန်းတော်ကို မြင်တွေ့သွားသည်။

မ,တို့ မာယာဖြင့် သွေးဆောင်ခြင်း

သူမသည် တရားရှုမှတ်နေသူ ရဟန်းအနီးသို့လာပြီး မ,တို့မာယာဖြင့် အမျိုးမျိုးမြူဆွယ် သွေးဆောင်ဖြားယောင်းသည်။ ရဟန်းသည် မူရာမာယာ အစုံဖြင့် သွေးဆောင်နေသူ အမျိုးသမီးကို မြင်သော် ကိလေသာတဏှာ ကာမစိတ် ဝင်မလာဘဲ ထိတ်လန့်သံဝေဂစိတ်များသာ အပြင်းအထန် ဖြစ်ပေါ်လာသည်။

ရဟန္တာဖြစ်တော်မူပြီ

ဘုရားရှင်သည် ရဟန်း၏အခြေအနေကို သိတော်မူသဖြင့် ဂန္ဓကုဋီတိုက်တော်မှ ရဟန်းရှိရာသို့ ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူသည်။

၉၉။ ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော၊
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမဂဝေသိနော။

ဒေသနာ၏အဓိပ္ပာယ်

၉၉။ တောတောင်တို့ သာယာသော်လည်း ကာမဂုဏ်ရာဂမီးသူတို့သည် မွေ့လျော်ခြင်း မရှိကြကုန်။ ရာဂကင်းပြီးသော ပုဂ္ဂိုလ်တို့သာလျှင် ထို တော

http://www.dhammadownload.com

တောင်တို့၌ မွေ့လျော်ကြကုန်၏။ ထိုရာဂ ကင်းပြီးသော ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို မရှာမှီးကြကုန်။

ပြည့်တန်ဆာ အမျိုးသမီးတစ်ဦး ဝတ္ထုပြီး၏။

အရဟန္တဝဂ် ပြီးပြီ။



ဥယျာဉ်အတွင်း၌ တရားဘာဝနာပွားများနေသော ရဟန်းအား ပြည့်တန်ဆာမတစ်ဦးက မြူဆွယ်နေပုံ။

http://www.dhammadownload.com

သဟဿဝဂ်

သဟဿ = တစ်ထောင်၊ ဝဂ္ဂ = ဝဂ်၊ အစု။
ထောင်ချီ များပြားသော တရားများ နာကြားရသော်လည်း
အကျိုးမရှိဘဲ တစ်ခွန်းတည်းဖြင့် အကျိုးရှိလျှင် နာကြားရန်
ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ တမ္ဗဒါဋ္ဌိက လူသတ်ယောကျ်ားဝတ္ထု

[မိတ်ဆွေကောင်း၏ စကားကြောင့် နတ်ပြည်ရောက်သွားသူ]

ကြေးနီရောင်ထနေသော မုတ်ဆိတ်ကျင်စွယ် ရှိသည့် တမ္ဗဒါဋ္ဌိက အမည်ရှိသော ယောကျ်ားတစ်ယောက်သည် သူ့ဒေသ၌ ခိုးဆိုးလုယက် ဖျက်ဆီးနေသည့်ဂိုဏ်းသို့ ဝင်ရောက်လိုသဖြင့် ခေါင်းဆောင်ထံ လာရောက် ဆက်သွယ်သည်။ ခေါင်းဆောင်က သူ့ကိုကြည့်ကာ "အမိန့်ကို ကိုက်ဖြတ်ပြီး အဖ၏ လည်ချောင်းသွေးကိုပါ သောက်လောက်အောင် အလွန်ကြမ်းကြုတ်သူ"ဟု အကဲဖြတ်လျက် ဝင်ခွင့်မပေးပေ။ သို့သော် တမ္ဗဒါဋ္ဌိကသည် ခေါင်းဆောင်၏ လူရင်းတပည့်ထံ ချဉ်းကပ်ကာ ကြိုးစားသဖြင့် ဂိုဏ်းဝင်ခွင့် ရသွားသည်။ သူအပါအဝင် သူတို့ဂိုဏ်းသား ငါးရာရှိသွားသည်။

တမ္ဗဒါဋ္ဌိက လူသတ်သမားဖြစ်ပြီ

တစ်ခါသော် မြို့သူမြို့သားတို့က အမှုထမ်းများနှင့်ပူးပေါင်းကာ ခိုးသားများကို ဝိုင်းဝန်းဖမ်းဆီးကြသဖြင့် တမ္ဗဒါဋ္ဌိကအပါအဝင် ဂိုဏ်းဝင်အားလုံး မိသွားသည်။ တရားရုံးက ခိုးသားအားလုံးကို ပုဆိန်ဖြင့်ခုတ်ကာ ခေါင်းဖြတ်

http://www.dhammadownload.com

သတ်စေဟု အမိန့်ချလိုက်သည်။ ဂိုဏ်းသား ၄၉၉ ဦးစလုံးကို ပုဆိန်ဖြင့် ခုတ်ကာ ဇက်ဖြတ်သတ်လျှင် ဆုငွေပေးမည်။ သင့်အသက်ကိုလည်း ချမ်းသာပေးမည်ဟုပြောလျက် ဂိုဏ်းခေါင်းဆောင်ကို တာဝန်ပေးသည်။ ကိုယ့်ဂိုဏ်းသားများဖြစ်၍ မသတ်လိုဟု ဂိုဏ်းခေါင်းဆောင်အပါအဝင် ဂိုဏ်းသား အားလုံးတို့က ငြင်းဆိုကြသည်။ နောက်ဆုံး တမ္ဗဒါဋ္ဌိကသည် ထိုတာဝန်ကို ယူမည်ဟု ကတိပေးလိုက်သည်။

တာဝန်မှ နားရပြီ

တမ္ဗဒါဋ္ဌိက ထမ်းဆောင်ရသည့် တာဝန်မှာ သူ့ဂိုဏ်းဝင် ၄၉၉ ဦးကို သတ်ပေးရရုံမျှမက အခြားတံခါးပေါက်တို့မှ ဖမ်းမိလာသော ခိုးဆိုးသူလူပေါင်း ၂၀၀၀ ကျော်ကိုလည်း သတ်ပေးရသည်။ ထိုအချိန်မှစ၍ သူသည် နေ့စဉ် ဖမ်းမိလာသမျှသော ခိုးသူ တစ်ဦးစ၊ နှစ်ဦးစကို သတ်ဖြတ်ပေးနေရသည်။ သို့ဖြင့် သူသည် ထိုတာဝန်ကို ငါးဆယ့်ငါးနှစ်တိုင်အောင် ထမ်းဆောင်ခဲ့ရသည်။ အသက်ကြီးလာသဖြင့် တမ္ဗဒါဋ္ဌိက၏ ပုဆိန်ချက်မှာ တစ်ချက်တည်းဖြင့် မပြတ်ဘဲ အကြိမ်ကြိမ် ခုတ်ဖြတ်နေရသောကြောင့် သူ့ကို တာဝန်မှ အနားပေးလိုက်ကြသည်။

အရှင်သာရိပုတ္တရာကို ဆွမ်းလှူ

လူသတ်တာဝန်မှ နားရပြီဖြစ်၍ မြစ်ဆိပ်သို့သွားကာ ရေချိုးလျှက် ခန္ဓာကိုယ်သန့်ရှင်းအောင် ပြုလုပ်သည်။ အဝတ်အစား အသစ်များဝတ်ဆင်သည်။ သွေးနံ့မွန်နေသော ကိုယ်ခန္ဓာမှ မွှေးကြိုင်နေသော ခန္ဓာကိုယ်ဖြစ်အောင် သူ့ကိုယ်သူ လိမ်းခြယ်ပြင်ဆင်သည်။ ထောပတ်အသစ်ဖြင့် စီမံထားသော နို့ဃနာထမင်းကို စားရန် ပြင်ဆင်နေစဉ် အရှင်သာရိပုတ္တရာမထေရ်ကြီးသည် သမာပတ်မှ ထတော်မူပြီး ဆွမ်းအလှူခံရန် သူ့အိမ်ရှေ့သို့ ကြွလာသည်။

တမ္ဗဒါဋ္ဌိက လူသတ်သမားကြီးသည် အရှင်သာရိပုတ္တရာ မထေရ်ကြီးကို အိမ်အတွင်းသို့ပင့်ကာ ဆွမ်းဘောဇဉ်လှူသည်။ မထေရ်မြတ်ကြီး ဆွမ်းဘုဉ်း

http://www.dhammadownload.com

ပေးနေစဉ် သူလည်းစားလိုလှသည့် အာသာဆန္ဒဖြစ်နေသည်။ ဤအကြောင်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သိသဖြင့် နို့ဃနာကို စားခွင့်ပြုတော်မူလိုက်သည်။ ဆွမ်းစားပြီးသော် အရှင်သာရိပုတ္တရာက ဆွမ်းအနုမောဒနာ တရားဟောကြားသည်။

တရားတော်၌ စိတ်မဝင်စား

တမ္ဗဒါဋ္ဌိကသည် အရှင်မြတ်ကြီး ဟောကြားသော တရားတော်၌ နှလုံးမသွင်းနိုင်ဘဲ ငါးဆယ့်ငါးနှစ်ကြာ ကာလအတွင်း မိမိ တာဝန်ထမ်းစဉ်က ပြုလုပ်ခဲ့ရသော·မကောင်းမှုများကို ပြန်လည် မြင်ယောင်၊ ကြားယောင်နေသည်။ မထေရ်မြတ်ကြီးသည် ထိုအကြောင်းကို သိသဖြင့် တရားတော်၌ စိတ်ဝင်စားလာစေရန်နှင့် စိတ်ကြည်လင် သန့်ရှင်းလျက် ချမ်းသာစေရန် ရည်ရွယ်ပြီး ဤသို့မေးတော်မူသည်။

"ဒါယကာ တမ္ဗဒါဋ္ဌိက၊ သင်သည် ခိုးသူများကို သတ်ခြင်းအမှု၌ ကိုယ့်ဆန္ဒနှင့် ကိုယ်သတ်ခဲ့သလော၊ အမိန့်အရ စေခိုင်း၍ သတ်ခဲ့ရသလော"

စေခိုင်း၍ သတ်ရပါသည်

တမ္ဗဒါဋ္ဌိကက "စေခိုင်း၍ သတ်ခဲ့ရပါသည်"ဟု ဖြေကြားသော် "သို့ဖြစ်လျှင် အကုသိုလ် ဖြစ်နိုင်ပါမည်လော"ဟု မေးတော်မူသည်။ ဤတွင် တမ္ဗဒါဋ္ဌိကသည် "မိမိ၌ အကုသိုလ်မဖြစ်နိုင်" ဟု မှတ်ထင်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ဝမ်းမြောက်စွာ တရားနာရသဖြင့်လည်း သောတာပတ္တိ မဂ်ဉာဏ်ရှေ့၌ဖြစ်သော "အနုလောမခန္တိဉာဏ်" ဖြစ်ပေါ်ကာ စိတ်ချမ်းသာမှု ခံစားသွားရသည်။

ကွယ်လွန်ကာ နတ်ပြည်ရောက်ပြီ

ထို့နောက် မထေရ်မြတ်ကြီးကို လိုက်ပို့ပြီး ပြန်အလာတွင် ဘီလူးမကန္ဒားမယောင်ဆောင်ကာ ဝှေ့သဖြင့် တမ္ဗဒါဋ္ဌိက ကွယ်လွန်သွားသည်။ ရဟန်းများက စည်းဝေးသဘင်၌ "တမ္ဗဒါဋ္ဌိကသည် မည်သည့်ဘုံတွင် လားရောက်နိုင်

http://www.dhammadownload.com

သည်ကို ဆွေးနွေးပြောဆိုနေကြစဉ် ဘုရားရှင် ကြွရောက်လာသည်။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့၊ တမ္ဗဒါဋ္ဌိကသည် ရက်စက်သည့် သူသတ် တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ သို့ရာတွင် သာရိပုတ္တရာကဲ့သို့သော မိတ်ဆွေ ကောင်းကို ရသဖြင့် ယခုအခါ တုသိတာ နတ်ဘုံသို့ လားရောက်ရပြီ" ဟု မိန့် တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၀၀။ သဟာဿမပိ စေ ဝါစာ၊ အနုတ္တပဒသံဟိတာ။
ကေ အတ္ထပဒံ သေယျော၊ ယံ သုတ္ဝာ ဥပသမ္မတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၀၀။ အကျိုးမရှိသော စကားအခွန်းပေါင်း တစ်ထောင် ကြားနေရပါ သော်လည်း မမြတ်ချေ။ ကိလေသာ အပူငြိမ်းစေကာ အကျိုးရှိသောစကား တစ်ခွန်းတည်းပင် ကြားနာရလျှင် မြင့်မြတ်လှပါ၏။

တမ္ဗဒါဋ္ဌိက လူသတ်ယောကျ်ား ဝတ္ထုပြီး၏။

၂။ ဗာဟိယ ဒါရုစီရိယ မထေရဝတ္ထု

[အနည်းငယ်သော တရားကြားနာရရုံဖြင့် တရားရသူ]

ဗာဟိယ ဒါရုစီရိယ မထေရ်လောင်းလျာသည် နတ်ပြည်မှ စုတေကာ ဗာဟိယတိုင်း၌ လူဖြစ်လာခဲ့သည်။ လူ့ဘဝတွင် လူတန်းစေ့နေနိုင်ရန် လေ့၊ သဘော်တို့ဖြင့် ကူးသန်းရောင်းဝယ်ရင်း ပင်လယ်တွင်း၌ သဘော်ပျက်၍ ရရာပျဉ်ချပ်တို့ကို ကြိုးဖြင့်သီကာ အဝတ်အဖြစ် ဝတ်လာခဲ့ရသည်။ နတ်ကွန်း တစ်ခုမှရရှိသော ခွက်ငယ်ကိုကိုင်ကာ အစားအစာ တောင်းရမ်း စားသောက် လျက် လာခဲ့ရာ သုပ္ပါရက ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည်။

http://www.dhammadownload.com

သူ့ကိုယ်သူ ရဟန္တာ ထင်နေသူ

သူ၏ထူးခြားသော အဝတ်အဆင်ကို မြင်ရသူတို့က အလွန်တရာ ခြိုးခြံစွာကျင့်သူ ရဟန္တာဟု ထင်မှတ်ပြီး ကောင်းမွန်သည့် ယာဂုစသည်တို့ကို လှူဒါန်းသည်။ အဝတ်အထည်ကို ပေးလှူကြသော်လည်း လာဘ်လာဘ နည်းသွားမည်စိုး၍ လက်မခံ။ ဤသို့ဖြင့် ပေးလှူသူ၊ အထင်ကြီးသူတို့ များလာသဖြင့် သူ့ကိုယ်သူလည်း ရဟန္တာကြီးဟု အထင်ရောက်နေခဲ့သည်။

ဗြဟ္မာကြီးက သတိပေး

သူ့ကိုယ်သူ ရဟန္တာဟု အထင်ကြီးလျက် အဓိမာနဝင်နေပုံကို ကဿပ ဘုရားရှင် လက်ထက်က အတူတကွ ရဟန်းပြု တရားအားထုတ်ခဲ့ဖူးသော ပုရာဏသဟာယက ဗြဟ္မာကြီးက သိရှိသဖြင့် သူ့ကို သတိပေးသည်။

"အချင်း ဗာဟိယ၊ အသင်သည် ရဟန္တာမဟုတ်၊ ရဟန္တာတို့၏ အသိ၊ အကျင့်တရားလည်း သင့်မှာမရှိသေး။ သင်ရောက်ရာနေရာမှ မြောက်ဘက် အရပ် သာဝတ္ထိမြို့တော်၌ ဘုရားရှင် သီတင်းသုံးနေသည်။ တရား အလုံးစုံကို ကိုယ်တိုင်သိတော်မူသော ဘုရားရှင်သည် ရဟန္တာလည်း ဟုတ်သည်။ ရဟန္တာ ဖြစ်ကြောင်း တရားတော်ကိုလည်း ဟောတော်မူနေသည်"

ကဿပဘုရားရှင်၏ သာသနာတော် ရွှေ့လျောဆုတ်နစ်နေသည့်အချိန်က ရဟန်းသာမဏေတို့၏ ဖောက်ဖောက်ပြန်ပြန် ကျင့်သုံးနေထိုင်ကြသည်ကို တွေ့မြင်ရသဖြင့် ရဟန်းခုနစ်ပါးတို့သည် ထိတ်လန့်စိုးရိမ်ခြင်းဖြစ်၍ တောသို့ဝင်ကာ တစ်ခုသော တောင်ထွတ်သို့ ထန်းလျက်ကားဖြင့်တက်ကာ လျက်ကားကို တွန်းချပစ်ပြီး အသက်ကို တွယ်တာငဲ့ကွက်ခြင်းမရှိဘဲ တရား အားထုတ်ကြလေသည်။ အကြီးဆုံးဖြစ်သော ရဟန်းသည် တစ်ညဉ့်မျှအလွန်တွင် ရဟန္တာဖြစ်သွားသည်။ ဒုတိယအကြီးဆုံး ရဟန်းသည် နှစ်ရက်မြောက်နေ့၌ အနာဂါမိဖိုလ်ကို ရသည်။ ဤသို့ဖြင့် ရဟန္တာပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်စံဝင်သွားသည်။ အနာဂါမ် ရဟန်းသည်လည်း ကွယ်လွန်သော် ဗြဟ္မာပြည်သို့ လားရောက်ရသည်။ ကျန်ငါးဦးမှာ တရားထူးမရဘဲ အာဟာရပြတ်ကာ ခြောက်ကပ်ပိန်လှိ သေဆုံးပြီးနောက် နတ်ပြည်သို့ လားရောက်ကြရသည်။

http://www.dhammadownload.com

ထိုနတ်သား ငါးယောက်တို့သည် ယခု ဂေါတမမြတ်စွာဘုရားရှင် လက်ထက်၌ လူအဖြစ်ကိုရရှိပြီး ပက္ကုသာတိမင်း၊ ကုမာရကဿပ၊ မလ္လမင်းသား၁ဒဗ္ဗ၊ ဗာဟိယဒါရုစီရိယနှင့် သုပ္ပိယပရိဗိုဇ်တို့ အသီးသီးဖြစ်လာကြသည်။

ဘုရားရှိရာ လိုက်လာပြီ

မိတ်ဆွေဟောင်း ဗြဟ္မာကြီး၏ ညွှန်ကြားရာသို့ ဗာဟိယ (ဗာဟိယဒါရုစီရိယ) ခရီးပြင်းနှင်၍ လာခဲ့ရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ရောက်လာခဲ့သည်။ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့ကိုသာ တွေ့ရသည်။ ဘုရားရှင်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွနေသည်ဟု ရဟန်းတို့ထံမှ သိရသဖြင့် ဆွမ်းခံကြွနေသော ဘုရားရှင်နောက်သို့ လိုက်လာခဲ့သည်။ တွေ့လျှင်တွေ့ချင်း တရားဟောရန် လျှောက်ထားသော် ဆွမ်းခံကြွနေတုန်းဟု အကြောင်းပြလျက် ဘုရားရှင်က နှစ်ကြိမ်တိုင် ငြင်းပယ်သည်။ ဗာဟိယ ခရီးအပန်းပြေစေရန်နှင့် တရားနာချင်နေလွန်းသော ဆန္ဒစောမှုကို သက်သာစေရန် ငြင်းတော်မူခြင်းဖြစ်သည်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံဟု နှလုံးသွင်းပါ

တတိယအကြိမ် လျှောက်ထားသောအခါ တရားတော်ကို နှလုံးသွင်းနိုင်၊ သိနိုင်ပြီဟု သိမြင်တော်မူသဖြင့် ဘုရားရှင်က "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ = မြင်လျှင် မြင်ကာ မတ္တဟု နေထိုင်ကျင့်သုံးပါ။ ကြားလျှင်လည်း ကြားကာ မတ္တ၊ ထိလျှင်လည်းထိကာ မတ္တဟု နေထိုင်ကျင့်သုံးပါ" ဟု လမ်းခရီး၌ ရပ်တော်မူရင်း တရားတော်ကို အကျဉ်းချုံးကာ ဟောတော်မူသည်။ ကဿပဘုရားရှင် လက်ထက်တော်မှစ၍ ပါရမီဖြည့်ခဲ့သော တရားအထုံရှိနေသဖြင့် တရားနာနေစဉ်၌ပင် ဗာဟိယသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူသည်။ အတိတ်ဘဝများစွာက သပိတ်သင်္ကန်း စသော ပရိက္ခရာကို လှူခဲ့ဖူးခြင်းမရှိ၍ ဧဟိဘိက္ခု အဖြစ် မရရှာပေ။ သို့ဖြင့်သူသည် သပိတ်သင်္ကန်းပရိက္ခရာရှာရန် လှည့်လည်စဉ် နွားယောင်ဆောင်ထားသော ဘီလူးတစ်ယောက်က ဝေ့သဖြင့် ထိုနေရာ၌ပင် ဗာဟိယ ပရိနိဗ္ဗာန်စံသွားတော့သည်။

http://www.dhammadownload.com

ဘုရားရှင်သည် ဆွမ်းကိစ္စပြီး၍ မြို့တွင်းမှ ထွက်လာရာ အမှိုက်ပုံ၌ ဗာဟိယအလောင်းကို တွေ့သဖြင့် ရဟန်းတို့အား ကောက်ယူသင်္ကြံဟ်စေကာ စေတီတည်ထားစေသည်။ ကျောင်းတော်သို့ရောက်သော် ရဟန်းများက အနည်းငယ်မျှသော တရားစကားကို ကြားနာရရုံမျှဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိသွားသော အရှင်ဗာဟိယအကြောင်းကို ပြောဆိုနေကြသည်။ ဘုရားရှင် ကြွရောက်လာသောအခါ ထိုဒကာနှင့် ဆက်စပ်၍ "ငါဘုရားလမ်း၌ ရပ်၍ ဟောကြားအပ်သော တရားသည် နည်းသည်များသည်" ဟု အဓိကထား၍ နှလုံးမသွင်းကြနှင့်၊ အကျိုးရှိစေသော တရားစကားသည် တစ်ခွန်းတည်းဖြစ်သော်လည်း မွန်မြတ်လှပေ၏"ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၀၁။ သဟဿမပိ စေ ဂါထာ၊ အနတ္ထ ပဒသံဟိတာ၊
ဧကံ ဂါထာပဒံ သေယ္ယော၊ ယံ သုတ္ဝာ ဥပသမ္မတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၀၁။ အကျိုးမရှိသော စကားများဖြင့် ဂါထာတစ်ထောင် ဖွဲ့သီထားသော်လည်း မမွန်မြတ်ပေ။ ကိလေသာကို ငြိမ်းကြောင်းဖြစ်သည့် ဂါထာတစ်ပုဒ်တည်းကိုပင် ကြားနာရပါလျှင် အကျိုးရှိကာ မြင့်မြတ်လှပေ၏။

ဗာဟိယဒါရုစီရိယထေရ်ဝတ္ထု ပြီး၏။

၃။ ကုဏ္ဍလ ကေသီ ထေရီဝတ္ထု

[တရားစကားအနည်းငယ် နာကြားရရုံဖြင့် ကိလေသာကို အောင်နိုင်သူ]

ကုဏ္ဍလကေသီထေရီလောင်းလျာသည် ရာဇဂြိုဟ်မြို့မှ သူဋ္ဌေးသမီးတစ်ဦး ဖြစ်သည်။ ရုပ်ရည်ချောမောလှပသည်။ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်

http://www.dhammadownload.com

ထက်၌သာ စံစားနေရသည်။ တစ်နေ့တွင် သူမသည် ခိုးသားတစ်ယောက်ကို ကြိုးဖြင့်တုပ်ကာ သူသတ်ကုန်းသို့ ခေါ်လာသည်ကို အိမ်ပေါ်မှ မြင်သွားသည်။ ထိုသူကို မြင်တွေ့မိသည့်အချိန်မှစ၍ စွဲလမ်းလျက် မအိပ်နိုင်၊ မစားနိုင်ဖြစ်နေသည်။ မိဘများက ဖျောင်းဖျကြသော်လည်း ထိုသူကိုမှ မရလျှင် အသေခံတော့မည်ဟုသာ ပြောဆိုနေသည်။ သို့ဖြစ်၍ မိဘတို့က အာဏာပါးကွက်သားတို့ထံမှ ခိုးသူကို အသပြာတစ်ထောင် လာဘ်ထိုးလျက် ခေါ်ယူပြီး သမီးနှင့် ပေးစားလိုက်ကြသည်။

ခိုးသူနှင့် သူဌေးသမီး

ခိုးသူသည် သာမန်ခိုးသူမဟုတ်၊ ဒေသတစ်ခုလုံး ချောက်ချားအောင် ပြုလုပ် ဆိုးသွမ်းသဖြင့် ဘုရင်က သတ်စေဟု အမိန့်ချထားခံရသူဖြစ်သည်။ ထေရီလောင်းလျာနှင့် အိမ်ထောင်ဖက်ပြုကာ ချမ်းချမ်းသာသာ နေရသော်လည်း ခိုးသူသည် ရောင့်ရဲကျေနပ်မှု မရှိပေ။

သူဌေးသမီးကို သတ်ကာ ဝတ်စားတန်ဆာတို့ကို ယူပြီး ထွက်ပြေးရန် အမြဲကြံစည်နေသူဖြစ်သည်။ တစ်နေ့တွင် ခိုးသူက သူသတ်ကုန်းတောင် (စောရပပါတတောင်) စောင့် နတ်မင်းအား ပူဇော်ရန် အကြောင်းပြကာ သူဌေးသမီးကို လက်ဝတ်ရတနာမျိုးစုံ ဝတ်ဆင်ပြီး လိုက်ခဲ့ရန်ခေါ်သည်။ တောင်ခြေသို့ရောက်သော် ပါလာသော ဆွမျိုးများကို ပြန်လွှတ်၍ ခိုးသူကြီးနှင့် သူဌေးသမီးတို့ နှစ်ဦးတည်းသာ တောင်ပေါ်သို့တက်သည်။

ခိုးသူ သေပြီ

သူသတ်ကုန်းတောင်ပေါ်သို့ ရောက်သော် သင့်ကို သတ်ပြီး လက်ဝတ်ရတနာကိုယူရန် ခေါ်လာခြင်းဖြစ်သည်ဟု ခိုးသူက ရှင်းပြသည်။ ထိုအခါ သူဌေးသမီးက "ပစ္စည်းများကို ယူလိုလျှင်ယူပါ။ ယခု တစ်ယောက်နှင့် တစ်ယောက် မြင်တွေ့နေရခြင်းမှာ နောက်ဆုံးဖြစ်၍ မသတ်မီ ကန်တော့ပါရစေ" ဟု ပြောလျက် ခိုးသူကြီးကို ဖက်လဲတကင်းပြုပြီး တောင်ပေါ်မှ အောက်သို့ တွန်းချလိုက်သည်။

http://www.dhammadownload.com

တောစောင့်နတ်က သြဘာပေးပုံ

သူဌေးသမီး၏ ဖြတ်ထိုးဉာဏ်ကို အသုံးပြုတတ်ပုံနှင့် ခိုးသူကြီး၏ ကျေးဇူးရှင်အပေါ် စေတနာဆိုးထား၍ မကောင်းသော စေတနာ၏ အကျိုးခံစားသွားရပုံတို့ကိုမြင်သော် တောင်စောင့်နတ်မင်းက "နေရာတိုင်း၌ ယောကျ်ားများသာ ပညာရှိသည်မဟုတ်၊ အမျိုးသမီးတို့သည်လည်း ပညာရှိကြသည်သာ" ဟု ချီးမွမ်းလျက် တောတောင်အနှံ့ကြားရအောင် သြဘာပေးတော့သည်။

ကျွန်းလုံး ကျော်ကြားသူ ဖြစ်လာ

သူဌေးသမီးသည် ခိုးသူကြီးအား တောင်ပေါ်မှ တွန်းချပြီးနောက် နေရင်းဒေသသို့ မပြန်တော့ဘဲ လှည့်လည်သွားလာရင်း ပရိဗိုဇ်မတို့ကျောင်းသို့ ရောက်သွားကာ ပရိဗိုဇ် ရဟန်းပြုသည်။ ပရိဗိုဇ်တို့၏ ပညာစုံကိုလည်း သင်ယူသည်။ ပရိဗိုဇ်တို့၏ပညာ ဝါဒတစ်ထောင်တတ်သိသောအခါ တွေ့သမျှ ပုဂ္ဂိုလ်တို့နှင့် ပညာပြိုင်ရန် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် လှည့်လည်သည်။ သူ့အမည်သည်ထိုအခါမှစ၍ "ဇမ္ဗူပရိဇ္ဇာဓိက = ဇမ္ဗူဒီပကျွန်းလုံး ကျော်ကြားသူ" ဟု အမည်တွင်လာတော့သည်။

သပြေခက်ဖြင့် စိန်ခေါ်သူ

ပရိဗိုဇ်မသည် တစ်ရွာဝင် တစ်ရွာထွက် တစ်မြို့မှတစ်မြို့သို့ လှည့်လည်ရင်း ရောက်လေရာမြို့ရွာ အဝင်နေရာတွင် သပြေခက်ကို သဲပုံပေါ်တွင် စိုက်ထောင်ထားပြီး "ငါ့နှင့် ဝါဒချင်းယှဉ်ပြိုင်လိုသူရှိပါက ဤသပြေခက်ကို နင်းချေဖျက်ဆီးကြကုန်" ဟု ကြွေးကြော်သည်။ ဤနည်းဖြင့် သူသည် မြို့အနှံ့၊ ရွာအနှံ့ လှည့်လည်လာရာ သူနှင့် ပြိုင်ဝံ့သူ မရှိအောင်ပင် ဖြစ်တော့သည်။ သာဝတ္ထိမြို့သို့ ရောက်လာသောအခါတွင်လည်း ပရိဗိုဇ်မသည် သူပြုနေကျအတိုင်း မြို့တံခါးအဝင် သဲပုံပေါ်တွင် သပြေခက်ကို စိုက်ထူ၍ ကြွေးကြော်ပြန်သည်။ အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် သပြေခက်ကို တွေ့မြင်သော် အနီးရှိ ကလေးများအား နင်းခြေ ဖျက်ဆီးခိုင်းလိုက်သည်။

http://www.dhammadownload.com

မဖြေနိုင်၍ တပည့်ခံပြီ

ပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာနှင့် ဝါဒပြိုင်ရန် သူ၏ အသိုင်းအဝိုင်း ပရိသတ်နှင့်အတူ ရောက်လာခဲ့သည်။ သူ သင်ယူခဲ့သော ဝါဒတစ်ထောင်တို့ဖြင့် မထေရ်ကြီးအား မေးရာ မထေရ်ကြီးက ပရိဗိုဇ်မ ကျေနပ်သည်အထိ ဖြေဆိုတော်မူသည်။ "ဧကံ နာမ ကိံ" ဟု "ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့် တရားတစ်မျိုးဟူသည် အဘယ်နည်း" ဟု ပြန်မေးသော် "မဖြေဆိုနိုင်ပါ။ "တပည့်တော်မကို သင်ပေးပါ"ဟု ပရိဗိုဇ်မက ငြှန်လည် လျှောက်ထားသည်။ ထို့နောက် မထေရ်ကြီးအထံ၌ တပည့်ခံကာ ဘိက္ခုနီသာသနာသို့ ဝင်သည်။ ပရိဗိုဇ်တို့ထံ ရဟန်းပြုစဉ်က ထန်းစေ့မှုတ်ဖြင့်ညှပ်၍ ဆံပင်တို့ နုတ်ထားခြင်း ခံရသဖြင့် ပြန်ပေါက်လာသော ဆံပင်တို့သည် အခွေလိုက် ပြန်ပေါက်လာသည်။ ထိုအချိန်မှစ၍ ကုဏ္ဍလကေသီ ဧထေရီဟု အမည်တွင်လာတော့သည်။ ရဟန်းပြုပြီး မကြာမီပင် ရဟန္တာဖြစ်တော်မူသည်။

တရားသဘင်၌ ရဟန်းတို့က "ကုဏ္ဍလကေသီသည် တရားစကားများစွာ နာကြားရခြင်း မရှိဘဲ ရဟန္တာဖြစ်ရသည်။ ခိုးသူ လင်ဆိုးကိုလည်း အောင်နိုင်ခဲ့သည်" ဟု ပြောဆို ဆွေးနွေးနေကြစဉ် ဘုရားရှင် ကြွလာပြီး ထိုစကားနှင့် ဆက်စပ်၍ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၀၂။ ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသံဟိတံ။
ဧကံ ဓမ္မပဒံ သေယ္ယော၊ ယံ သုတ္ဝာ ဥပသမ္မတိ။
၁၀၃။ ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျ မတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

ဒေသနာ၏အဓိပ္ပာယ်

၁၀၂။ အကျိုးမရှိသော စကားလုံးများဖြင့် ဖွဲ့သီထားသည့် ဂါထာတစ်ရာကို ရွတ်ဆိုစေကာမူ လုံးဝမမြတ်ချေ။ ကြားနာရ၍ ရာဂ စသော ကိလေသာကို ငြိမ်းစေသည့် တရားတစ်ပုဒ်ကို ရွတ်ဆိုပါစေ၊ ထိုသို့ ရွတ်ဆိုခြင်းသည် မြင့်မြတ်လှပါပေ၏။

http://www.dhammadownload.com

၁၀၃။ အကြင်သူသည် စစ်မြေပြင်၌ ရန်သူပေါင်း တစ်သန်းကို အောင်နိုင်ရာ၏။ အကြင်သူရဲကောင်း တစ်စ်ယောက်သည်ကား မိမိကိုယ်တွင်းရှိ ကိလေသာတို့ကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်၏။ ထိုသူနှစ်ဦးတွင် မိမိကိုယ်တွင်းရှိ ကိလေသာတို့ကို အောင်နိုင်သူသည်သာ ပို၍ မြတ်ပေ၏။

ကုဏ္ဍလကေသီထေရီ ဝတ္ထု ပြီး၏။

၄၊ အကျိုးမဲ့စေသည့် အကြောင်းကိုမေးသူ ပုဏ္ဏားဝတ္ထု

[အကျိုးမဲ့စေသော အကြောင်းကိုသိလိုခြင်း မေးသူပုဏ္ဏား]

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံသို့ ပုဏ္ဏားကြီးတစ်ယောက် ရောက်လာပြီး "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အကျိုးရှိစေသော အကြောင်းတို့ကိုသာ သိပါသလော။ အကျိုးမဲ့ကို ဖြစ်စေသည့် အကြောင်းတို့ကိုလည်း သိပါသလော"ဟု မေးမြန်းသည်။ ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ ငါဘုရားသည် အကျိုးရှိစေသည့် အကြောင်းကိုရော အကျိုးမဲ့ကို ဖြစ်စေသည့် အကြောင်းတို့ကိုပါသိ၏" ဟု ဖြေတော်မူသည်။

ထိုအခါ ပုဏ္ဏားကြီးက သူ့အား "အကျိုးမဲ့ကို ဖြစ်စေနိုင်သည့် အကြောင်းတို့ကို ဟောတော်မူပါ" ဟု လျှောက်ထားသဖြင့် ဘုရားရှင်က ဤသို့ ဟောတော်မူသည်။ ပုဏ္ဏားကြီး "အကြောင်းမရှိဘဲ နေမြင့်အောင်အိပ်ခြင်း"၊ "ပျင်းရိခြင်း"၊ "ခက်ထန်ခြင်း"၊ "နေ့စဉ်ရက်ဆက် ကာလကြာအောင် အရက်သေစာသောက်စားခြင်း"၊ "တစ်ယောက်တည်း ခရီးရှည်သွားခြင်း"၊ "သူ့သားမယားကို ပြစ်မှားခြင်း" ဤအကြောင်းတို့သည် အကျိုးမဲ့ကိုဖြစ်စေသော အကြောင်းတို့ပင် ဖြစ်သည်။

ဆက်၍ ဘုရားရှင်က မေးသဖြင့် "ပုဏ္ဏားကြီး၊ မည်သည့်အလုပ်ဖြင့် အသက်မွေးမှုပြုသနည်း"၊ "လောင်းကစားမှုဖြင့် အသက်မွေးပါသည်"၊ "ရှုံးသလား၊ နိုင်သလား"၊ "ရှုံးသည့်အခါရှုံး၍ နိုင်သည့်အခါ နိုင်ပါသည်" ဟု ဖြေသည်။

http://www.dhammadownload.com

ထိုအခါ ဘုရားရှင်က "လောင်းကစားရာ၌ အနိုင်ရခြင်းသည် မြတ်သောနိုင်ခြင်းမဟုတ်၊ ကိုယ်တွင်းရှိ ကိလေသာကို အောင်နိုင်ခြင်းသည်သာ မြတ်သောနိုင်ခြင်း ဖြစ်၏ပေ၏" ဟု သိစေတော်မူလိုသဖြင့် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၀၄။ အတ္တာ ဟဝေ ဇိတံ သေယ္ယော၊ ယာ စာယံ ကုတရာ ပဇာ။
အတ္တာဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။

၁၀၅။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟဗြဟ္မုနော။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

ဒေသနာ၏အဓိပ္ပာယ်

၁၀၄။ ကိုယ်တွင်းရှိ ကိလေသာတို့ကို သတ်ခြင်းအားဖြင့် မိမိကိုယ်ကို အောင်နိုင်ခြင်းသည် မြတ်၏။ လောင်းကစားခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း၊ စစ်တိုက်ခြင်း စသည်ဖြင့် သူတစ်ပါးအပေါ် အောင်နိုင်ခြင်းသည် မမြတ်ပေ။

၁၀၅။ ကိလေသာ ကင်းအောင် မိမိကိုယ်ကို ဆုံးမ၍၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်ရှောက်သူ၏ အောင်နိုင်ခြင်းကို နတ်၊ ဂန္ဓဗ္ဗနတ်၊ မာရ်နတ်၊ ဗြဟ္မာစသည်တို့သည် မဖျက်ဆီးနိုင်။

အကျိုးမဲ့စေသည့် အကြောင်းကိုမေးသူ ပုဏ္ဏားဝတ္ထု ပြီး၏။

၅၊ အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားဝတ္ထု

[သီလမရှိသူထက် သီလရှိသူကို ပူဇော်ပါ]

ဗြဟ္မာပြည်သို့ ရောက်စေရန် နိဂဏ္ဌတို့အား လစဉ်လတိုင်း တစ်ထောင်သော အသပြာကို စွန့်လွှတ်လှူဒါန်းသူ ဦးရီးဖြစ်သော ပုဏ္ဏားကို အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံသို့ ခေါ်ဆောင်လာသည်။ ထိုအခါ ဘုရားရှင်က

http://www.dhammadownload.com

"ပုဏ္ဏားကြီး၊ သာရိပုတ္တရာ လျှောက်ထားသည့်အတိုင်း ဟုတ်မှန်သလော" ဟု မေးတော်မူလျှင် "အို... ရှင်ကြီးဂေါတမ၊ ဟုတ်မှန်လှပေ၏"၊ ထိုအခါ ဘုရားရှင်က "သင်သည် ဤကဲ့သို့ အနှစ်တစ်ရာပတ်လုံး ပေးလှူသော အလှူထက် တစ်ခဏမျှ ကြည်ညိုသောစိတ်ဖြင့် ငါ၏ တပည့်ရဟန်း သံဃာအား ဖူးမြင်ရခြင်း၊ တစ်ဇွန်းတစ်ယောက်မ မျှသော ဆွမ်းကို လှူဒါန်းရခြင်းသည် လွန်စွာ အကျိုးကြီးလှပေသည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားကြီးသည် သောတာပန် ဖြစ်သွားသည်။

၁၀၆။ မာသေ မာသေ သဟဿေန၊ ယော ယဇေထ သတံ သမံ။
ကေဠေ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယ္ယော၊ ယဉ္စေ ဝဿသတံ ဟုတံ။

ဒေသနာ၏အဓိပ္ပာယ်

၁၀၆။ လစဉ်လတိုင်း အသပြာတစ်ထောင် တစ်ထောင် အကုန်ခံလျက် သီလမရှိသူတို့အား အနှစ်တစ်ရာ ပတ်လုံး လှူခြင်းနှင့် သီလ သမာဓိရှိသူ အရိယာတစ်ယောက်အား တန်ဖိုးအနည်းမျှသာရှိသော လှူဖွယ်ကို တစ်ကြိမ် တစ်ခါမျှ လှူခြင်းဟူသော အလှူနှစ်မျိုးတို့တွင် အရိယာပုဂ္ဂိုလ်အား အနည်းငယ်မျှ တစ်ကြိမ်တစ်ခါ လှူဒါန်းရခြင်းသည် သာလွန်၍ မွန်မြတ်ပေ၏။

အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားဝတ္ထု ပြီး၏။

၆။ အရှင်သာရိပုတ္တရာ၏တူ ပုဏ္ဏားဝတ္ထု

[မီးကို လုပ်ကျွေးခြင်းထက် အရိယာကို ပူဇော်ပါ]

ဗြဟ္မာ့ပြည်သို့ရောက်ရှိရန် ရည်ရွယ်၍ လစဉ်လတိုင်း သားကောင် တစ်ကောင်ကျကို သတ်ပြီး မီးကိုပူဇော်နေသည့် တူဖြစ်သူ ပုဏ္ဏားတစ်ယောက်ကို

http://www.dhammadownload.com

အရှင် သာရိပုတ္တရာ မထေရ်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံသို့ခေါ်သွားပြီး တူဖြစ်သူပုဏ္ဏား ပြုလုပ်နေသော ကုသိုလ်အကြောင်းကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန်ဖြစ်သွားလေ၏။

၁၀၆။ ယော စ ဝဿသတံ ဇန္တု၊ အဂ္ဂိ ပရိစရေ ဝနေ။
ကေဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယ္ယော၊ ယဉ္စေ ဝဿသတံ ဟုတံ။

ဒေသနာ၏အဓိပ္ပာယ်

၁၀၇။ အနှစ်တစ်ရာကြာအောင် တောင်၌ မီးကို ပူဇော်လုပ်ကျွေးနေခြင်းထက် ဝိပဿနာဘာဝနာများထားသော အရိယာကို တစ်ကြိမ်တစ်ခါမျှ ဆွမ်းတစ်ဇွန်း၊ အဝတ်ပိုင်းတစ်ထည် ပူဇော်ခြင်းသည် မွန်မြတ်ပေ၏။

အရှင်သာရိပုတ္တရာ၏တူ ပုဏ္ဏားဝတ္ထု ပြီး၏။

၇။ အရှင်သာရိပုတ္တရာ၏ မိတ်ဆွေ ပုဏ္ဏားဝတ္ထု

[ယဇ်ပူဇော်ခြင်းထက် အရိယာကို ပူဇော်ခြင်းက မြတ်သည်]

အရှင်သာရိပုတ္တရာ မထေရ်သည် လူ့ဘဝတုန်းက ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေ ပုဏ္ဏားတစ်ဦးထံသွားရောက်ပြီး "ကုသိုလ်ကောင်းမှု တစ်မျိုးမျိုး မပြုလုပ်ဘူးလား၊ အဘယ်ကုသိုလ်ကို အဘယ်ရည်ရွယ်ချက်ဖြင့် ပြုလုပ်နေသနည်း" ဟု မေးသည်။ ထိုအခါ မိတ်ဆွေက "ဗြဟ္မာ့ပြည်သို့ ရောက်လို၍ ပစ္စည်းဥစ္စာ အများအပြားကို စွန့်ကြဲလျက် ကြီးစွာသော ယဇ်ပူဇော်မှု ပြုပါသည်။ ဤသို့ပြုခြင်းမှာ ကျွန်ုပ် ဆရာဆရာများ၏ သြဝါဒနှင့်အညီ ဖြစ်ပါသည်" ဟု ဖြေကြားသည်။

http://www.dhammadownload.com

ဘုရားရှင်ကို လျှောက်ထားရာ

အရှင်သာရိပုတ္တရာသည် မိတ်ဆွေပုဏ္ဏားကို ဘုရားရှင်ထံခေါ်သွားပြီး ပုဏ္ဏားပြုလုပ်နေသည့် ကောင်းမှုအကြောင်း လျှောက်ထားရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူလိုက်သည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏား ကြီးသည် သောတာပန် ဖြစ်သွားသည်။

၁၀၈။ ယံကိဉ္စိ ယိဋ္ဌံ ဟုတံဝ လောကေ၊
သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။
သမ္မဒ္ဓိ တံ နု စတုဘာဂမေတိ၊
အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

ဒေသနာ၏အဓိပ္ပာယ်

၁၀၈။ လောကဌ် ကုသိုလ်ရဖို့အတွက် ယဇ်ကြီးယဇ်ငယ်ပူဇော်ခြင်း ဟူသော ကောင်းမှုကို တစ်နှစ်ပတ်လုံး ပြုလုပ်နေခြင်းသည် အရိယာပုဂ္ဂိုလ်ကို ပူဇော်ရသော ကုသိုလ်ကောင်းမှု၏ လေးပုံတစ်ပုံမျှကိုပင် မမှီချေ။ အရိယာ ပုဂ္ဂိုလ်တို့အား ရှိခိုးပူဇော်ရသော ကုသိုလ်ကောင်းမှုသည်သာလျှင် မြတ်၏။

အရှင်သာရိပုတ္တရာ၏ မိတ်ဆွေ ပုဏ္ဏားဝတ္ထု ပြီး၏။

၈။ အာယုဝမုန သတ္တိသား ဝတ္ထု

[ဘုရားရှင်အား ရှိခိုးပူဇော်၍ အသက်ရှည်သူ]

သာသနာပ ကာလ၌ ရသေ့ပြုကြသူ ဒီဃလဋ်ဠိကမြို့သား ပုဏ္ဏားနှစ် ယောက်တို့သည် လေးဆယ့်ရှစ်နှစ်ကြာ "တပ စရဏအမည်ရှိ" ကိလေသာ ခေါင်းပါးအောင်ကျင့်သော ရသေ့တို့၏အကျင့်ကို ကျင့်နေကြ၏။ တစ်ယောက် သည် သူ့မျိုးဆက်ပြတ်မသွားစေရန် လူထွက်သွားသည်။ ရသေ့ဘဝက ကျင့်ခဲ့

http://www.dhammadownload.com

သောအကျင့်ကိုရောင်းရာ နွားအကောင်တစ်ရာ၊ အသပြာတစ်ရာနှင့် မယား တစ်ယောက် ရသည်။ မယားက သားယောကျ်ားကလေး တစ်ယောက်ကို ဖွားမြင်သည်။

ရသေ့ဝတ်ကျန်နေခဲ့သော ပုဏ္ဏားရသေ့သည် ရသေ့လူထွက်ရှိရာ ဒီဃ လယိကမြို့သို့ ရောက်လာသဖြင့် မိသားစုသုံးယောက်တို့ သွားရောက် ကန်တော့ကြသည်။ မိဘနှစ်ဦးတို့ ကန်တော့သော် ရသေ့က "အသက်ရှည် ကြပါစေ" ဟု ဆုပေးပြီး သားငယ်လေးက ကန်တော့သည့်အခါ ဆုမပေးဘဲ ငြိမ်နေသဖြင့် ထိုအကြောင်းကို ပုဏ္ဏားလင်မယားက မေးသည်။ "သင်တို့သား တွင် အသက်အန္တရာယ် ရှိနေသည်။ အလွန်ဆုံး ခုနစ်ရက်ခန့်သာ အသက်ရှည် နိုင်မည်။ ရဟန်းဂေါတမထံသွားပြီး အသက်ရှည်အောင် ပြုလုပ်နိုင်သည့် နည်းလမ်းကို မေးပါ" ဟု ရသေ့က ပြောသည်။

ပုဏ္ဏားလင်မယားသည် ဘုရားရှင်ထံသွားလျှင် ဇာတ်ပျက်မည်ဟု သိသော်လည်း သားအသက်ရှည်ရေးဟူသော ကြီးမားလှသော မေတ္တာကြောင့် သားအမိသုံးယောက်သွားကာ အကျိုးအကြောင်း မေးလျှောက်ကြသည်။ ဘုရား ရှင်က ပရိတ်တော်ဖြင့် အကာအကွယ် အရံအတားပြုလျှင် အသက်အန္တရာယ်မှ လွတ်ကင်းကာ အသက်ရှည်မည်ဟု မိန့်တော်မူ၍ ဘုရားရှင် မိန့်ကြားသည့် အတိုင်း အိမ်၌ မဏ္ဍပ်ထိုးသည်။ သားငယ်ကို ဝန်းရံပြီး ဘုရားရှင်စေလွှတ် သော ရဟန်းတော်တို့ကို ခုနစ်ရက်ကြာ ပရိတ်တော်ရွတ်စေသည်။

ခုနစ်ရက်ပြည့်မည့်နေ့ ညနေပိုင်းတွင် ဘုရားရှင် ကိုယ်တော်တိုင် ကြွလာ သည်။ ဘုရားရှင်ကြွလာသဖြင့် အနန္တစကြဝဠာရှိ နတ်မင်းကြီးများနှင့် နတ်မြတ်နတ်ကောင်းများ ရောက်လာကြလျက် ဘုရားရှင်ကို ပူဇော်ကြသည်။ ဝေဿဝဏ်နတ်မင်းအား ၁၂ နှစ်တိုင်တိုင် လုပ်ကျွေးပြုစုခဲ့သူ အဝရုဒ္ဓက အမည်ရှိ ဘီလူးသည် နတ်မင်းကြီး၏ အမိန့်အရ ထိုနေ့တွင် ပုဏ္ဏားတို့၏သား ကို စားရန် ရောက်လာသည်။ နတ်မင်းကြီးများနှင့် နတ်မြတ်နတ်ကောင်း များစွာတို့ ရှိနေသဖြင့် ဘီလူးသည် ထိုနေ့၌ စားခွင့်မရဘဲ ရက်ကျော်လွန် သွားတော့သည်။

ရှစ်ရက်မြောက်နေ့ အရုဏ်တက်လျှင် မိဘတို့က သားငယ်ကိုခေါ် ပြီး ဘုရားရှင်အား ရှိခိုးကန်တော့စေသည်။ ဘုရားရှင်က "ဒီဃာယုကော

37A

http://www.dhammadownload.com

ဟောဟိ – အသက်ရှည်ပါစေ" ဟု ဆုပေးသဖြင့် မိဘတို့က မည်မျှ အသက်ရှည်မည်နည်းဟုမေးသော် အသက် ၁၂၀ ရှည်မည်ဟု ဘုရားရှင်က မိန့်တော်မူသည်။ ထိုအချိန်မှစ၍ သားငယ်၏အမည်သည်လည်း အာယုဝမုနဟု တွင်သွားတော့သည်။

အာယုဝမုနသည် အရွယ်ရောက်လာသော် အခြံအရံသီတင်းသည် ငါးရာတို့နှင့်အတူ လှည့်လည်သွားလာရင်း ဘုရားရှင်ကျောင်းတော်သို့ ရောက်လာသည်။ တရားသဘင်၌ စည်းဝေးနေကြသော ရဟန်းများက အာယုဝမုန အသက်ရှင်နေရသောအကြောင်းကို ပြောဆိုဆွေးနွေးနေစဉ် ဘုရားရှင် ကြွရောက်လာပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အာယုဝမုနနှင့် အခြံအရံငါးရာတို့သည် သောတာပန် ဖြစ်ကြရသည်။

၁၀၉။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဒေသနာ၏အဓိပ္ပာယ်

၁၀၉။ မိမိထက် အသက်၊ ဂုဏ်သိက္ခာ၊ ဝါကြီးသူတို့အား အမြဲမပြတ် ရိုသေလေးမြတ် ရှိခိုးပူဇော်လေ့ရှိသူအတွက် အသက်ရှည်ခြင်း၊ ရုပ်အဆင်းကြည်လင်လှပခြင်း၊ ချမ်းသာခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံခြင်းဟူသော အကျိုးတရား လေးပါးတို့သည် တိုးပွားကြရကုန်သည်။

အာယုဝမုန သတို့သားဝတ္ထု ပြီး၏။

၉။ သံကိစ္စနှင့် အဓိမုတ္တ သာမဏေတို့ ဝတ္ထု

[မြင့်မြတ်သော အကျင့်သီလနှင့် ပြည့်စုံသူများ]

သံကိစ္စသာမဏေနှင့် အဓိမုတ္တသာမဏေတို့သည် တူဝရီးတော်စပ်ကြသည်။ အဓိမုတ္တသာမဏေ၏ မယ်တော်သည် သံကိစ္စသာမဏေ၏ နှမဖြစ်

http://www.dhammadownload.com

သည်။ သံကိစ္စသာမဏေလောင်းလျာ ဝမ်းတွင်း၌ ရှိနေစဉ် မိခင်ကွယ်လွန်သဖြင့် သုသာန်၌မီးသင်္ဂြိုဟ်ကြရာ သားအိမ်မှတစ်ပါး တစ်ကိုယ်လုံး မီးလောင်ပြာကျသွားသည်။ သင်္ဂြိုဟ်သူတို့သည် ပြာမကျသေးသော သားအိမ်ကို တံစူးဝါးဖြင့်ထိုးကာ မီးပုံ၌ တင်ထားခဲ့ပြီး အိမ်ပြန်သွားခဲ့ကြသည်။

မီးကျီးခဲထက်၌ အိပ်နေသူကလေးငယ်

နောက်နေ့မနက် မီးငြိမ်းရန် လာကြည့်သောအခါ မီးကျီးခဲထက်တွင် အိပ်စက်နေသော ကလေးငယ်ကို တွေ့ရသည်။ ကလေးငယ်၏ မျက်စိတစ်ဖက်သည် တံစူးဝါးထိုးမိထားသဖြင့် ပျက်စီးနေသည်။ ထို့ကြောင့် သူ့ကို မျက်စိတစ်ဖက် ပျက်ခဲ့သောကြောင့် 'သံကိစ္စ' ဟု အမည်ပေးကြသည်၊ ထူးဆန်းသူဖြစ်၍ နိမိတ်ဖတ် ပညာရှင်တို့ကို ပြသရာ လူ့ဘောင်၌ နေလျှင် ဆွေခုနစ်ဆက်တိုင်အောင် ဆင်းရဲတွင်းနက်မည်။ ရဟန်းဘောင်သို့ကူးလျှင် အခြံအရံငါးရာတို့ဖြင့် ပြည့်စုံမည်ဟု ဟောကြားကြသည်။

ခုနစ်နှစ်သား ရဟန္တာ

သံကိစ္စ သာမဏေလောင်းလျာ မီးမလောင်ဘဲ ထူးထူးခြားခြား အသက်ရှင်နေရခြင်းမှာ ရဟန္တာဖြစ်ပြီးမှ ပရိနိဗ္ဗာန်ပြုရမည့် ပစ္ဆိမဘဝိက နောက်ဆုံးဘဝဖြစ်ရသည့် လူသားဖြစ်၍ မီးလောင်ကာ မကွယ်လွန်ရခြင်း ဖြစ်သည်။ ခုနစ်နှစ်သား အရွယ်တွင် အရှင်သာရိပုတ္တရာမထေရ်ထံ၌ ရှင်သာမဏေပြုသည်။ မထေရ်ကြီးက သံကိစ္စအား "တစ ပဋိက" ကမ္မဋ္ဌာန်းကို သင်ကြားပေးသည်။ သံကိစ္စသည် ထိုကမ္မဋ္ဌာန်းကို ပွားများလျက် ဆဲချခံရာ ဆဲချပြီးသည်နှင့် ရဟန္တာဖြစ်သွားသည်။

ထိုးစည်သံဖြင့် စုဝေးကြရန်

သာဝတ္ထိမြို့သား ရဟန်းသုံးကျိပ်သည် တောရဆောက်တည်နေထိုင်ရန် ဘုရားရှင်ထံ ခွင့်တောင်းသည်။ ဘုရားရှင်က အရှင်သာရိပုတ္တရာထံ သွားရောက်တွေ့ဆုံပြီးမှ သွားကြရန် အမိန့်ရှိလိုက်သည်။ အရှင်သာရိပုတ္တရာသည်

http://www.dhammadownload.com

ဘုရားရှင်၏ ရည်ရွယ်ချက်ကို သိသဖြင့် သံကိစ္စသာမဏေကို ရဟန်းတို့နှင့် အတူ တောရကျောင်းသို့ ထည့်ပေးတော်မူသည်။ ရဟန်းသုံးကျိပ်တို့သည် အကြောင်းရှိက ထိုးစည်သံကြားလျှင် စုလာကြရန် ကတိထားပြီး တောရကျောင်း၌ တရားအားထုတ်နေကြသည်။

တစ်နေ့တွင် ဆင်းရဲသားတစ်ယောက်သည် ရဟန်းတို့ထံ ရောက်လာ၍ ရဟန်းတို့က ဆွမ်းကျန်ဟင်းအကျန်တို့ဖြင့် ကျွေးမွေးထားသည်။ နှစ်လခန့် ကြာသောအခါ စားကြွင်းစား ဆင်းရဲသားသည် သူ့ကို ပြုစုကျွေးမွေးနေသူ သမီးကို သတိရ သဖြင့် ရဟန်းတို့ကို ပန်ကြားခြင်း မပြုဘဲ ထွက်သွားသည်။ လူကိုသတ်ပြီး နတ်ပူဇော်ရန် ပြင်ဆင်နေကြသော ခိုးသားတို့နေရာ တောအုပ်အတွင်းသို့ ရောက်သွား၍ ခိုးသားတို့က သူ့ကို ဖမ်းကြတော့သည်။ ထို့နောက် မီးပုံကြီးပြုပြီး တံစူးဝါးများကို ချွန်ကြသည်။ ဆင်းရဲသားက အကျိုးအကြောင်း မေးကြည့်သည်။

သာမဏေကိုခေါ်သွားကြပြီ

ခိုးသားတို့က "သင့်ကိုသတ်ပြီး ဗလိနတ်စာကျွေးမည်" ဟု ရှင်းပြသော အခါ ဆင်းရဲသားက "ကျွန်ုပ်သည် ရဟန်းတို့၏ စားကြွင်းကို စားကာ ဆင်းရဲစွာ အသက်ရှင်နေရသူဖြစ်သဖြင့် ယုတ်ညံ့လှပါသည်။ တောကျောင်းရှိ ရဟန်းသုံးကျိပ်ကျော်တို့ကား မြင့်မြတ်သောအမျိုးမှ ရဟန်းပြုလာကြသူများ ဖြစ်ပါသည်။ သူတို့ကိုသတ်ကာ ဗလိနတ်စာ ကျွေးသင့်ပါသည်" ဟု စားကြွင်းစား ဆင်းရဲသားက ပြောပြသည်။ ခိုးသားတို့သည် ဆင်းရဲသားကို လမ်းပြအဖြစ် ခေါ်လျက် ရဟန်းတို့ရှိရာကျောင်းသို့ လာခဲ့ကြသည်။ ခိုးသားများက ဗလိနတ်စာကျွေးရန် ရဟန်းတစ်ပါးကို တောင်းသည်။ ရဟန်းတို့သည် သူ့ထက်ငါ ဦးအောင် တစ်ပါးပြီးတစ်ပါး ဆန္ဒပေးကြသည်။ ဤတွင် သံကိစ္စသာမဏေက ဤအရေးကိစ္စကို မြင်တော်မူ၍ အရှင်သာရိပုတ္တရာက တပည့်တော်ကို ထည့်လိုက်ခြင်းဖြစ်သည်ဟု လျှောက်ထားပြီး ခိုးသားတို့နှင့် လိုက်သွားတော့သည်။

http://www.dhammadownload.com

သေရမည်ကို မကြောက်ကြ

သံကိစ္စသာမဏေသည် ခိုးမှူးကြီးက သူ့ကိုသတ်ရန် သူ့ထံ လာနေစဉ်ပင် စျာန်သမာပတ်ကို ဝင်စားနေလိုက်သည်။ ခိုးမှူးကြီး သူ့ကို ခုတ်လိုက်သောအခါ ဓားသည် ခွေလိပ်သွားသည်။ ခိုးမှူးကြီးသည် ထူးခြားသော အခြေအနေကြောင့် ဓားကိုချကာ ရှိခိုးဦးတင်လျက် သာမဏေကို အကြောင်းအကျိုးမေးသည်။ သံကိစ္စ သာမဏေက "ရဟန္တာတို့သည် ကြောက်ရွံ့ခြင်းတရားမှ လွန်မြောက်ပြီး ဖြစ်သည်။ ရဟန္တာတို့အတွက် ခန္ဓာကိုယ်ရှိနေရခြင်းသည် ဝန်ထုပ်ကြီးတစ်ခု သယ်ပိုးထားရသည်နှင့် တူသည်။ ခန္ဓာကိုယ် ပျက်စီးသွားခြင်းသည် ဝန်ထုပ်ကြီးကျသွားခြင်းဖြစ်၍ သေရမည်ကို ကြောက်ရွံ့ခြင်း မရှိကြ" ဟု မိန့်တော်မူသည်။

သာမဏေ၏တရားကို ကြားနာရသဖြင့် ခိုးသားအားလုံးတို့သည် ရှင်ရဟန်းပြုပေးပါရန် ပန်ကြားကြသည်။ သာမဏေသည် ခိုးသားတို့အား သူတို့၏ဓားများဖြင့်ပင် ခေါင်းရိတ်စေပြီး ဆယ်ပါးသီလ ခံယူဆောက်တည်စေလျက် အရှင်သာရိပုတ္တရာထံ ခေါ်သွားသည်။ အရှင်သာရိပုတ္တရာက ဘုရားရှင်အား ဖူးမြော်ရန် စေလွှတ်ရာ ဘုရားရှင်၏ တရားဒေသနာကို ကြားနာရသော အခါ သာမဏေခေါ်လာသော ခိုးသားတို့သည် တရားရကာ ရဟန္တာဖြစ်သွားကြသည်။

အဓိမုတ္တသာမဏေ ရဟန်းခံရန်

အဓိမုတ္တသာမဏေသည် ဦးရီးတော် သံကိစ္စ မထေရ်ထံ၌ ကိုရင်ဝတ် နေခဲ့ရာ ရဟန်းခံဖို့ အသက် ၂၀ ပြည့် မပြည့် မေးရန် မိဘတို့ရှိရာသို့ ပြန်လာသည်။

လမ်းခရီး၌ ယဇ်ပူဇော်ရန် စီစဉ်နေသည့် ခိုးသားတို့နှင့်တွေ့၍ အဖမ်းခံရသည်။ သာမဏေက ခိုးသားတို့အား တရားဟောရာ ကြည်ညိုသောကြောင့် "ဤတောအုပ်တွင် ခိုးသားတို့ရှိသည်ဟု မည်သူ့မျှ အသိမပေးပါ" ဟူသော ကတိဖြင့် သာမဏေကို ပြန်လွှတ်လိုက်ကြသည်။

http://www.dhammadownload.com

မိဘများကို ခိုးသားတို့ဖမ်းပြီ

အပြန်ခရီးတွင် အတူလိုက်ပါလာသော မိဘများကို ခိုးသားတို့က ဖမ်းဆီးပြီး ရိုက်နှက်ကြသည်။ မိဘများက "သာမဏော၊ သင်သည် ခိုးသားတို့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း တိုင်ပင်ထားသလော"ဟု မေးကာ ငိုကြွေးကြသည်။ မိဘတို့ငိုကြွေးရင်း ပြောဆိုသော စကားကို ခိုးသားတို့ကြားသော် "ဤသာမဏောသည် မိဘတို့၏ အသက်ဘေးထက် မိမိပေးခဲ့သော ကတိကို ထိန်းသိမ်းသူပါတကား" ဟု အထူးကြည်ညိုကြလျက် သာသနာတော်၌ ရဟန်းပြုပေးရန် ပန်ကြားကြသည်။ သာမဏောက ခိုးသားတို့ကိုခေါ်ပြီး ဦးရီးတော် အရှင်သာရိပုတ္တရာတို့အထံသွားရာ ဘုရားရှင်ထံသွားရန် စေလွှတ်သဖြင့် ခိုးသားများကို ခေါ်ကာ ဘုရားရှင်ထံသို့ သွားကြသည်။

ဘုရားရှင်ထံရောက်သောအခါ "ချစ်သားတို့၊ ခိုးဆိုးလုယက် သတ်ဖြတ်ယဇ်ပူဇော်ကာ သီလမရှိသူအဖြစ်ဖြင့် အသက်တစ်ရာ၊ တစ်ထောင် ရှည်နေရခြင်းထက် သီလ၌တည်ကာ တစ်နေ့တစ်ရက်ပင်ဖြစ်စေ အသက်ရှင်ရခြင်းသည် ပိုမို၍ မြတ်ပေ၏"ဟု ရှင်းလင်းပြတော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ခိုးသားတို့သည် ရဟန္တာဖြစ်သွားကြသည်။

၁၁၀။ ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ သီလဝန္တဿ ဈာယိနော။

ဒေသနာ၏အဓိပ္ပာယ်

၁၁၀။ သီလမရှိ သမာဓိ မတည်ကြည်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် သီလ၊ သမာဓိနှင့် ပြည့်စုံကာ သမထဝိပဿနာကို ရှုမှတ်ပွားများနေသောသူ၏ တစ်ရက်မျှ အသက်ရှင်နေရခြင်းသည် မြတ်ပေ၏။

သံကိစ္စနှင့် အဓိမုတ္တသာမဏေတို့ ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၀။ ခါဏုကောဏ္ဍညမထေရဝတ္ထု

[သစ်ငုတ်တိုဟု ထင်ရလောက်အောင် တည်ကြည်သော မထေရ်]

အရှင်ခါဏုကောဏ္ဍညမထေရ်သည် ရဟန်းပြုပြီးနောက် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံမှ တရားတောင်းကာ တောရဆောက်တည်လျက် ဘာဝနာပွားများရာမှ ရဟန္တာဖြစ်တော်မူသည်။ ဘုရားရှင်ကို ဖူးမြော်ရန် ပြန်လာရင်း ခရီးပန်းသဖြင့် လမ်းဘေးရှိ ကျောက်ဖျာပေါ်၌ ထိုင်ကာ နားနေရင်း စျာန်ဝင်စားတော်မူနေသည်။ ညဉ့်မိုးချုပ်စအချိန် ရွာတစ်ရွာကို လုယက်ဖျက်ဆီးပြီး ပြန်လာကြသော ခိုးသားငါးရာတို့သည် ပစ္စည်းများကိုယ်စီ သယ်ပိုးလျက် ထိုကျောက်ဖျာသို့ ရောက်လာကြသည်။ စျာန်ဝင်စားနေသော မထေရ်ကို သစ်ငုတ်တို ထင်မှတ်၍ ပါလာသာ ဥစ္စာဘဏ္ဍာများ မထေရ်၏အပေါ်သို့ တင်သူကတင်၊ ဦးခေါင်း၌ ချိတ်သူကချိတ်ပြီး အချို့က မထေရ်၏ ဘေးဘက်၌မှီ၍ စုပုံထားကာ ညအိပ်နားနေကြသည်။

သူတို့သည် ကျောက်ဖျာပေါ်ရှိ မထေရ်ကို ဝိုင်းရံကာ တစ်ညတာ အိပ်နားပြီးနောက် အရုဏ်တက်ချိန်တွင် ကိုယ့်ပစ္စည်းကိုယ် ပြန်ယူကြသော် မထေရ်ကိုမြင်သဖြင့် ဘီလူးဟု ထင်မှတ်ကာ ထွက်ပြေးကြသည်။ မထေရ်က "ဒါယကာတို့ မကြောက်ကြနှင့်၊ ငါ ရဟန်းတည်း" ဟု မိန့်တော်မူသည်။ ထို အခါမှစ၍ မထေရ်၏ဘွဲ့သည် သစ်ငုတ်တိုဟု ထင်ရသူ "ခါဏုကောဏ္ဍည" ဟု တွင်သွားသည်။ ခိုးသားတို့သည် ၎င်းတို့အထင်မှား၍ ပြုမှားမိကြသည်ကို ခွင့်လွှတ်ရန် လျှောက်ထားတောင်းပန်လျက် မထေရ်ထံ၌ ရဟန်းပြုကြသည်။ အရှင်ခါဏုကောဏ္ဍညမထေရ်သည် ရဟန်းများကို ခေါ်ဆောင်ကာ ဘုရားရှင်ထံမှ ဩဝါဒခံယူကြသောအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၁၁။ ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ပညဝန္တဿ ဈာယိနော။

http://www.dhammadownload.com

အသနာ၏အဓိပ္ပာယ်

၁၁၁။ ပညာမရှိ သမာဓိ မတည်ကြည်ဘဲ အနှစ်တစ်ရာ အသက်ရှင်နေရခြင်းထက် ပညာနှင့်ပြည့်စုံကာ သမထဝိပဿနာကို ရှုမှတ်ပွားများနေသောသူ၏ တစ်ရက်မျှ အသက်ရှင်နေရခြင်းသည် မြတ်ပေ၏။

ဓါဏုကောဏ္ဍည မထေရ်ဝတ္ထု ပြီး၏။

၁၁။ သပ္ပဒါသမထေရ်ဝတ္ထု

[ကျွန်ဖြစ်ခဲ့သူ မြွေနှင့် ပြန်တွေ့သောရဟန်း]

သာဝတ္ထိပြည်သား တစ်ယောက်သည် သာသနာတော်တွင်း၌ ရဟန်းပြုနေခဲ့သော်လည်း ပျော်ပိုက်မှုမရှိ၍ လူထွက်ရန်ကြံသည်။ သို့ရာတွင် လူ့ဘဝ၌ နေရခြင်းထက် ရဟန်းဘဝဖြင့် သေရခြင်းက ကောင်းသည်ဟု တွေးမိကာ သေရမည့်နည်းလမ်း အမျိုးမျိုးကို ရှာကြံနေသည်။ တစ်နေ့သ၌ ဆွမ်းစားပြီး ကျောင်းသို့ ပြန်လာကြသည့် ရဟန်းများသည် မီးတင်းကုပ်၌ မြွေဆိုးတွေ့၍ ဖမ်းယူပြီး အိုးဖြင့် အလုံပိတ်လျက် သယ်ယူလာသည်။ သေကြောင်းကြံစည်နေသူ ရဟန်းက သူ သွားလွတ်မည်ဟုပြောကာ ယူထားသည်။ တစ်နေရာအရောက်တွင် အိုးကိုဖွင့်ကာ အိုးထဲသို့ လက်ထည့်သည်။ မြွေက သူ့ကို မကိုက်၊ ပါးစပ်ဖြဲပြီး မြွေ၏ပါးစပ်ထဲသို့ လက်ထိုးထည့်သော်လည်း မကိုက်။ နည်းမျိုးစုံဖြင့် မြွေကိုက်ခံရရန် ပြုလုပ်သော်လည်း မြွေက မကိုက်။

ဓားဖြင့်လှီးကာ သေရန်ကြံပြန်

ထိုကဲ့သို့ မြွေကိုက်ခံ၍ သေရန်ကြိုးစားရာ မအောင်မြင်ပြန်သဖြင့် ဆတ္တာသည် ထားခဲ့သော သင်တုန်းဓားတစ်ချောင်းကိုတွေ့၍ ကောက်ယူပြီး ထိုဓားဖြင့် မိမိလည်ပင်းကို လှီးရန် ကြိုးစားစဉ် မိမိ၏ သီလအကြောင်းကို

http://www.dhammadownload.com

သတိရလာ၍ ဆင်ခြင်ကြည့်သည်။ ရဟန်းဖြစ်လာချိန်မှ ယနေ့အထိ ဖြူစင်သန့်ရှင်းလှသော မိမိ၏ သီလကို အောက်မေ့တသ သတိရပြီး ခန္ဓာကိုယ်အနှံ့ ပီတိလွှမ်းခြုံသွားသည်။ ထိုပီတိကိုခွာလျက် ဝိပဿနာပွားများရာ ထိုနေရာ၌ပင် ရဟန္တာ ဖြစ်တော်မူသည်။

ဘုရားရှင်ဟောပြပုံ

ရဟန်းများက "ဤမထေရ်သည် မြွေကိုက်ခံ၍ သေရန်ကြိုးစားပါလျက် မြွေကမကိုက်၍ မသေရ။ မားဖြင့် လည်ပင်းကိုလှီးဖြတ်၍ သေရန်ကြိုးစားသော်လည်း မသေရဘဲ ဉာဏ်တည်းဟူသော သင်တုန်းဖြင့် ကိလေသာကို အပြီးတိုင် ဖြတ်တောက်ကာ ရဟန္တာဖြစ်တော်မူသည်" ဟု ပြောဆိုနေကြသည်။ ထိုအခါ ဘုရားရှင်က ရဟန်းတို့အား "ရဟန်းတို့၊ မြွေကမကိုက်ခြင်းမှာ ထိုမြွေသည် လွန်ခဲ့သော ဘဝတစ်ခုက ရဟန်း၏ ကျွန်ဖြစ်ခဲ့ဖူးသောကြောင့် မကိုက်ခြင်းဖြစ်သည်။ ချစ်သားတို့၊ ဤရဟန်းသည် ကဿပဘုရားရှင် လက်ထက်၌ အနှစ်နှစ်သောင်းကြာ ရဟန်းတရားအားထုတ်ခဲ့ဖူးသည်။ ထိုပါရမီ၏ အရှိန်ကြောင့် မိမိ၏သီလကို ပြန်လည် ဆင်ခြင်အောက်မေ့နေစဉ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားခြင်း ဖြစ်သည်" ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၁၂။ ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ဝီရိယ မာရဘတော ဒဠှံ။

ဒေသနာ၏အဓိပ္ပာယ်

၁၁၂။ အကြင်သူသည် ပျင်းရိသူဖြစ်ပြီး လုံ့လ၊ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် ဝီရိယရှိရှိဖြင့် မြဲမြံစွာ ကြိုးစားအားထုတ်သူ၏ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် မြတ်ပေ၏။

အရှင်သပ္ပဒါသမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၂။ ပဌာစာရီထေရီဝတ္ထု

[သဘာဝ ဒဏ်၊ လောကဓံနှင့် ကံကြမ္မာ၏
ဒဏ်ရာဒဏ်ချက်တို့မှ လွတ်မြောက်သူ]

ပဌာစာရီထေရီ လောင်းလျာသည် ပဒုမုတ္တရနှင့် ကဿပဘုရားရှင်တို့လက်ထက်တော်မှစ၍ ပါရမီဖြည့်ဆည်းခဲ့သူ ဖြစ်သည်။ ဤဂေါတမဘုရားရှင် လက်ထက်တွင်မူ သာဝတ္ထိ နေပြည်တော်နေ ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏ သမီးဖြစ်လာခဲ့သည်။ မိဘများက အမျိုးတူ၊ ဇာတ်တူ သတို့သားတစ်ဦးနှင့် ပေးစားရန် စီစဉ်နေစဉ် အိမ်မှ ကျွန်အမှုလုပ် လုလင်ပျို တစ်ဦးနှင့် ချစ်ကြိုက်ကာ ထွက်ပြေးသွားပြီး တောရွာတစ်ရွာ၌ ပေါင်းသင်းနေထိုင်ခဲ့သည်။ သားဦး ကိုယ်ဝန်ရလာ၍ မွေးဖွားခါနီးတွင် မိဘအိမ်သို့ပြန်ကာ မွေးဖွားရန် ခင်ပွန်းသည်နှင့် တိုင်ပင်သည်။ ခင်ပွန်းက ညှဉ်းပန်းနှိပ်စက်ခံရမည်ကို စိုးရွံ့၍ လိုက်မပို့ရဲချေ။ ထို့ကြောင့် အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်နေသည်။ တစ်နေ့ ခင်ပွန်းအလုပ်သွားနေခိုက် အိမ်မှ တိတ်တဆိတ် ထွက်လာခဲ့သည်။

မိဘထံ ပြန်လာရင်း မီးဖွား

ခင်ပွန်းဖြစ်သူသည် အိမ်နားနီးချင်းတို့ထံမှ အကြောင်းစုံ သိရသဖြင့် ဇနီးသည်၏နောက်သို့ လိုက်လာခဲ့သည်။ လမ်းခုလတ်တောထဲ၌ပင် ပဌာစာရီသည် သားဦးလေး ဖွားခဲ့သည်။ ဒုတိယကလေး ကိုယ်ဝန်ရင့်လာချိန်တွင်လည်း ဤသို့ပင် တိတ်တဆိတ် ထွက်လာပြီး တောတွင်းမှာပင် မီးဖွားခဲ့ရပြန်သည်။ ဒုတိယကလေး ဖွားမြင်သည့်ညတွင် မိုးကြိုးလေထန်နေ၍ ခိုနားစရာပြုလုပ်ရန် ခင်ပွန်းသည်က ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေစဉ် တောင်ပို့တစ်ခုမှ မြွေဆိုးကိုက်ခံရသဖြင့် သေဆုံးသွားခဲ့သည်။ နံနက်မိုးလင်းသော် ခင်ပွန်းသည်ကို လိုက်ရှာရာ မြွေကိုက်ခံရ၍ ကွယ်လွန်နေသော အလောင်းကိုသာ တွေ့ရသဖြင့် သားအမိသုံးယောက် မိဘရှိရာသို့ ထွက်လာခဲ့သည်။

သားလည်းသေ လင်လည်းဆုံးရပြီ

သူတို့သားအမိသည် အစိရဝတီမြစ်သို့ ရောက်လာသောအခါ ညကရွာထားသောမိုးကြောင့် မြစ်ထဲတွင် ရေတသွင်သွင် စီးနေသည်။ ကလေး

http://www.dhammadownload.com

နှစ်ယောက်ကို ချီပိုးကာ တစ်ကြိမ်တည်း မကူးဖြတ်ရဲ၍ သားကြီးကို မြစ်ကမ်း၌ ထားခဲ့ပြီး သားအငယ်ကို တစ်ဖက်ကမ်းသို့ အရင်ပို့သည်။ မွေးဖွားပြီးခါစ သားငယ်ကို ကမ်းတစ်ဖက်၌ သိပ်ထားခဲ့ပြီး သားကြီးကို ခေါ်ဆောင်ရန် မြစ်ကို ကူးပြီး ပြန်လာသည်။ ထိုစဉ် ကောင်းကင်မှ သိန်းစွန်ရဲတစ်ကောင်သည် သားငယ်ကို သားတစ်ထင်မှတ်၍ ထိုးသုတ်သွားသည်။ မြစ်လယ်သို့ရောက်နေသော မိခင်က သိန်းစွန်ရဲကြီး လန့်ဖျပ်သွားစေရန် လက်ကိုမြှောက်၍ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ခြောက်လှန့်သည်။ သားကြီးသည် မိခင်က မိမိအား လက်ခုပ်တီးကာ ခေါ်ဆောင်နေသည် ထင်မှတ်၍ မြစ်ထဲသို့ ဆင်းလာရာ ရေစီးတွင် မျောပါသွားတော့သည်။ ပဋာစာရီအဖို့ လင်လည်း ဆုံးခဲ့ရပြီ။ ယခု ဤနေရာတွင် သားကြီးရော သားငယ်ပါ အသက်ဆုံးကြရပြန်သဖြင့် ယူကျုံးမရဖြစ်ကာ ပြင်းထန်စွာ ငိုကြွေးလေတော့သည်။

အရူးမ ပဋာစာရီ

ဤသို့ဖြင့် ခရီးဆက်လာခဲ့ရာ လမ်းတစ်လျှောက် တွေ့သမျှ လူအပေါင်းအား လင်ယောကျ်ားနှင့် သားများ သေဆုံးခဲ့ရပုံကို တတွတ်တွတ်ပြောဆို ငိုကြွေးနေတော့သည်။ သာဝတ္ထိမြို့အနီးသို့ရောက်သော် မြို့မှထွက်လာသည့် ခရီးသွား ယောကျ်ားတစ်ယောက်အား မိမိ၏ မိဘများအကြောင်းကို မေးမြန်းစုံစမ်းကြည့်သည်။ ခရီးသွားယောကျ်ားက "အစ်မကြီး၏ မိဘနှစ်ပါးနှင့် မောင်တို့သည် ညက မိုးကြီးလေကြီးကျရောက်သဖြင့် တိုက်ပြိုကျကာ အားလုံး ကွယ်လွန်ကုန်ကြပြီ။ ဟိုး... အဝေးမှာ မြင်နေရသည့် မီးခိုးလုံးကြီးသည် သူတို့သုံးဦးအား မီးသင်္ဂြိုဟ်ရာမှ ထွက်ပေါ်လာသည့် မီးခိုးများပင် ဖြစ်သည်" ဟု ပြောပြသည်။ ခရီးသွားယောကျ်ား၏ စကားဆုံးသည်ဆိုလျှင်ပင် ပဋာစာရီသည် သတိလွတ်ကာ ရူးသွပ်သွားရှာလေတော့သည်။

ငိုရလွန်းသဖြင့် အသံမထွက်တော့

ကုဋေလေးဆယ် ကြွယ်ဝသည့် သူဌေးသမီး ပဋာစ်ာရီ၊ ယခုတော့ လောကအလယ်တွင် မှီခိုအားထားစရာ မရှိတော့သည့် တစ်ကောင်ကြွက်

http://www.dhammadownload.com

ဘဝ။ သူ့ဘဝ၊ သူ့အဖြစ်ကိုတွေးပြီး ကံကြမ္မာကို ဟားတိုက်ရယ်ချလိုက်မိသည်။ အတန်ကြာသော် မိမိတစ်ယောက်တည်း လောကကို ရင်ဆိုင်ရမည့် အရေးကို တွေး၍ ငိုမိပြန်သည်။ ဤသို့ ငိုရလွန်း၊ ရယ်ရလွန်းသဖြင့်လည်း အသံပင် မထွက်တော့ချေ။ သောကမီးလောင်နေသဖြင့် အဝတ်အစားတောင် ကိုယ်တွင်ကပ်ရမှန်း မသိတော့ဘဲ အရပ်တကာ လှည့်ကာ ခုန်လိုက်၊ ပေါက်လိုက်၊ ရယ်လိုက်၊ ငိုလိုက် ဖြစ်နေတော့သည်။ ထို့ကြောင့် သူ့ကို ကလေးများက နောက်မှလိုက်ကာ "အရူးမ... အရူးမ" ဟု ဟစ်အော်ပြောင်လှောင်၍ ခဲများဖြင့်ပင် ပစ်ပေါက်ကြသည်။

ဘုရားရှင်ထံရောက်ပြီ

ထိုကဲ့သို့ ငိုကြွေးမြည်တမ်း ယောင်ရမ်းလျက် လှည့်လည်သွားလာနေရာမှ ဘုရားရှင် တရားဟောတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာသည်။ ပရိသတ်များက ပဋာစာရီကို ရိုက်ပုတ်နှင်ထုတ်မည်ပြုကြရာ ဘုရားရှင်က တားမြစ်တော်မူကာ "ချစ်သမီး ပဋာစာရီ သတိထားလော့" ဟု မိန့်တော်မူသည့် ခဏမှာပင် သတိဝင်လျက် ကျုံ့ကျုံ့ထိုင်လိုက်သည်။ တရားနာသူတစ်ဦးက ပစ်ပေးလိုက်သော အပေါ်ရုံပုဆိုးကို ဝတ်ရုံပြီးလျှင် "အရှင်မြတ် ဘုရား၊ တပည့်တော်မ၏ ထောက်တည်ရာဖြစ်တော်မူပါဘုရား" ဟု လျှောက်ထားလိုက်သည်။ ဘုရားရှင်က "ချစ်သမီး ဘဝများစွာ သံသရာ၌ သားသေ၊ လင်ဆုံး၊ မိဘညီအစ်ကို မောင်နှမများ ဆုံးပါးခဲ့ရသဖြင့် သင် ငိုခဲ့ရသော မျက်ရည်သည် သမုဒ္ဒရာလေးစင်းထက်မက များလှပေပြီ၊ သတိထားလော့" ဟု မိန့်တော်မူကာ တရားတော်ကို ဆက်လက် ဟောကြားရင်း "သေမင်းနှင့် ရင်ဆိုင်တွေ့နေရသူအား စောင့်ရှောက်ကယ်တင်နိုင်သော သားသမီး၊ မိဘ၊ အဆွေအမျိုးတို့သည် မရှိကြကုန်။ ထိုအကြောင်းကို သိသဖြင့် ပညာရှိသည် သီလကို စောင့်ရှောက်လျက် နိဗ္ဗာန်သို့ သွားရာလမ်းကို သုတ်သင်ရှင်းလင်းရာ၏" ဟု ဟောတော်မူရာ ဒေသနာအဆုံး၌ ပဋာစာရီသည် တရားရလျက် သောတာပန် ဖြစ်သွားလေသည်။

http://www.dhammadownload.com

ဘိက္ခုနီပဋာစာရီ

သောတာပန်ပဋာစာရီသည် ဘိက္ခုနီတို့အထဲ၌ ရဟန်းပြုသည်။ ထိုအခါ မှစ၍ ပဋာစာရီထေရီဟု တွင်သွားတော့သည်။ ခြေဆေးရေကို အာရုံယူလျက် လူ့ဘဝကို ပထမ၊ မဇ္ဈိမနှင့် ပစ္ဆိမဟု အရွယ်သုံးပါးပိုင်းခြားကာ တရားဆင်ခြင်သည်။ ထိုအခါ ဘုရားရှင်သည် ထေရီထံသို့ ရောင်ခြည်တော်များလွှတ်လျက် တရားဟောတော်မူသဖြင့် ထေရီသည် ရဟန္တာဖြစ်တော်မူသည်။ ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကိုဆက်၍ ဟောတော်မူသည်။

၁၁၃။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။

ဒေသနာ၏အဓိပ္ပာယ်

၁၁၃။ အကြင်သူသည်ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမဆင်ခြင်မသိမြင်ရဘဲ အနှစ်တစ်ရာ သက်ရှင်နေရခြင်းထက် ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်မှုကို ကောင်းစွာဆင်ခြင် သိမြင်သူ၏ တစ်နေ့တစ်ရက်မျှ အသက်ရှင်ရခြင်းသည် သာ၍ မွန်မြတ်ပေ၏။

ပဋာစာရီထေရီ ဝတ္ထုပြီး၏။

၁၃။ ကိသာဂေါတမီထေရီဝတ္ထု

[သားသေအတွက် အသက်ရှင်နိုင်မည့် ဆေးရှာရင်း ရဟန္တာဖြစ်သွားသူ]

ကိသာဂေါတမီထေရီလောင်းလျာသည် သာဝတ္ထိမြို့မှ စီးပွားပျက်သူဌေးတစ်ဦး၏ သမီးဖြစ်သည်။ ဂေါတမအမျိုးအနွယ်ဖြစ်ပြီး ကိုယ်ခန္ဓာ ပိန်ပိန်သွယ်သွယ်ရှိသူဖြစ်၍ "ကိသာဂေါတမီ" ဟု ခေါ်ကြခြင်း ဖြစ်သည်။ တစ်နေ့

http://www.dhammadownload.com

တွင် သူသည် ဈေးသို့သွားလေရာ အိမ်ရှေ့တွင် ရွှေ၊ ငွေတို့ကို ဈေးခင်းရောင်းချနေသူတစ်ဦးကို တွေ့၍ သူက "အို... ဖခင်၊ အခြားသောသူတို့က အဝတ်အထည်၊ ဆန်၊ ဆီ စသည်ကို ရောင်းသည်။ ဖခင်က အဘယ်ကြောင့် ရွှေ၊ ငွေ စသည်တို့ကို ဈေးခင်းရောင်းချနေသနည်း" ဟု မေးကြည့်သည်။

ရွှေ၊ ငွေတို့ မီးသွေးဖြစ်သွား၍

ဈေးရောင်းနေသူမှာ ကုဋေးလေးဆယ် ကြွယ်ဝချမ်းသာသော သူဌေးတစ်ဦးဖြစ်သည်။ သူ၏ ကုသိုလ်ကံ အရှိန်အဟုန် ကုန်ဆုံးသွားသည့်အတွက် သူပိုင် ကုဋေလေးဆယ်သော ရွှေငွေများ မီးသွေးဖြစ်ကုန်၍ "ဘုန်းကံရှိသူနှင့် တွေ့လျှင် ရွှေငွေပြန်ဖြစ်မည်" ဟု မိတ်ဆွေ၏ အကြံပေးချက်အရ မီးသွေးများကို ဈေးခင်းရောင်းနေခြင်း ဖြစ်သည်။ ကိသာဂေါတမီက "ရွှေ၊ ငွေ" ဟု ပြောသောအခါ ဈေးရောင်းချနေသူသည် ဘုန်းကံထူးခြားသူနှင့် တွေ့ရပြီဟု တွေးကာ ဝမ်းသာသွားသည်။ မိမိ ဈေးခင်းရောင်းချနေသည့် "ရွှေ၊ ငွေ" တစ်ဖြစ်လဲ မီးသွေးတို့သည် ဘုန်းကံထူးခြားသူ မဟုတ်လျှင် မီးသွေးများပင် ဖြစ်နေပြီး ဘုန်းကံထူးခြားသူမြင်လျှင် ရွှေ၊ ငွေများ ပြန်ဖြစ်နေကြသည်။

ကိသာဂေါတမီကို ဈေးရောင်းချနေသူ အဘိုးအိုက အမည်၊ အမိအဖ စသည်တို့ကိုမေးပြီး အိမ်သို့ ခေါ်သွားကာ သားဖြစ်သူနှင့် ပေးစားသည်။ ကုဋေလေးဆယ်မျှသော ပစ္စည်းများကိုလည်း ကိသာဂေါတမီအား ပေးအပ်လိုက်သည်။

သားသေဆုံး၍ ဆေးရှာ

နောက်အချိန်အတန်ကြာသောအခါ ကိသာဂေါတမီသည် သားလေးတစ်ယောက် မွေးဖွားလာသည်။ ထိုသားလေးသည် အရွယ်မရောက်မီပင် ရုတ်တရက် သေဆုံးသွားခဲ့သည်။ ကိသာဂေါတမီသည် သားသေကို ပွေ့ပိုက်ထားလျက် အသက်ပြန်ရှင်အောင် ကုပေးနိုင်မည့် ဆရာနှင့် ဆေးကို လိုက်ရှာသည်။ ပညာရှင် အဘိုးအိုတစ်ဦးက ဘုရားရှင်ထံသွားရန် ညွှန်းလိုက်သဖြင့် သားသေကိုပွေ့ကာ ဘုရားရှင်ထံ ရောက်လာခဲ့သည်။ ဘုရားရှင်က "လူမသေဖူးသောအိမ်မှ မုန်ညင်းစေ့တစ်ဆုပ် ရှာခဲ့ရန်" မိန့်တော်မူသဖြင့်

http://www.dhammadownload.com

နေရာဒေသအနှံ့ လိုက်ရှာသည်။ လူမသေဖူးသောအိမ် မတွေ့၍ သူလိုချင်သော မုန်ညင်းစေ့လည်း မရခဲ့ပေ။

ထိုအခါတွင် "သေခြင်းတရားသည် ငါ့သားနှင့်သာ သက်ဆိုင်သည် မဟုတ်။ သက်ရှိအားလုံး တစ်နေ့ သေကိုသေရမည်။ ငါလည်း တစ်နေ့ သေရမည်" ဟု သိစေရန် ဘုရားရှင်က မုန်ညင်းစေ့ရှာခိုင်းသည်ဟု သဘော ပေါက်သွားသည်။ ဤသို့ အသိဝင်လာ၍ သားသေကို စွန့်ခဲ့ပြီး ဘုရားရှင်ထံ ပြန်လာသည်။ ဘုရားရှင်က သေခြင်းတရား "မရဏာဓမ္မ" ကို လေးလေးနက်နက် ဟောပြသည်။ တရားတော်ကို နာကြားပြီးသည်နှင့် ကိသာဂေါတမီသည် သောတာပန် ဖြစ်သွားတော့သည်။

ရဟန္တာဖြစ်ပြီ

သောတာပန် ကိသာဂေါတမီသည် ဘိက္ခုနီတို့အထံ၌ ရဟန်းပြုသည်။ ရဟန်းပြုပြီး တစ်နေ့တွင် ဥပုသ်ပြုရာသိမ်၌ ဆီးမီးထွန်းရခြင်း စသော တာဝန်ကျ၍ ဆီမီးထွန်းသည်။ ထွန်းထားသော ဆီမီး၏ ဖြစ်-ပျက်ကို အာရုံယူကာ ဘာဝနာပွားများစဉ် ဘုရားရှင်က ဂန္ဓကုဋီတိုက်တော်မှ ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ကိသာဂေါတမီထေရီသည် ရဟန္တာဖြစ်တော်မူသည်။

၁၁၄။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ဒေသနာ၏အဓိပ္ပာယ်

၁၁၄။ သေခြင်းကင်းရာ နိဗ္ဗာန်ကို မသိမမြင်ဘဲ အနှစ်တစ်ရာ ကာလပတ်လုံး အသက်ရှင်နေရခြင်းထက် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုမြင်သိသူ၏ တစ်နေ့တစ်ရက်မျှ အသက်ရှင်ရခြင်းသည် မွန်မြတ်ပေ၏။

ကိသာဂေါတမီထေရီဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၄။ ဗဟုပုတ္တိကာထေရီဝတ္ထု

[သားသမီး ၁၄ ယောက်၏မိခင် ရဟန္တာဖြစ်ခြင်း]

သားခုနစ်ယောက်၊ သမီး ခုနစ်ယောက် မွေးဖွားသဖြင့် ဗဟုပုတ္တိကာ (သားသမီးများသူ) အမည်ရှိသော သာဝတ္ထိပြည်သူတစ်ဦးသည် ခင်ပွန်း ကွယ်လွန်သွားသဖြင့် ရှိသမျှပစ္စည်း အားလုံးကို သားသမီးတို့အား အညီအမျှ အမွေခွဲဝေပေးလိုက်သည်။ ထိုသို့ ခွဲဝေပေးပြီး မကြာမီ အမေအိုကြီးသည် သားအကြီးအိမ်၌ လိုက်နေသည်။ ချွေးမဖြစ်သူက "အမွေပစ္စည်းများ ခွဲဝေပေးစဉ်က ငါ့သားအကြီးမို့ အမွေနှစ်စုကို ခွဲဝေပေးထားသကဲ့သို့" အိမ်၌ လာပြီး စားသောက်နေသည်ဟု မကြားတကြား ပြောသည်။ ဒုတိယသားအိမ်၌ ရွှေ့ပြောင်းနေထိုင်သည့်အခါ ချွေးမကလည်း ထိုသို့ပြောပြန်သဖြင့် တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့နေထိုင်သည်။ အငယ်ဆုံးသမီးအိမ်၌ နေသောအခါ၌ လည်း သားသမီးအကြီးတို့အိမ်၌ နေစဉ်ကလိုပင် ပြောဆိုခြင်း ခံရပြန်သည်။

ရဟန္တာဖြစ်သွားပြီ

ဗဟုပုတ္တိကာ အဘွားအိုကြီးသည် မိဘပေးသော အမွေအနှစ်ဖြင့် တင့်တောင့် တင့်တယ်နေနိုင်သော သားသမီးများရှိသော်လည်း မည်သူမျှ ကြည်ကြည်ဖြူဖြူ မပြုစု မလုပ်ကျွေးချင်ကြသဖြင့် ဘိက္ခုနီတို့ကျောင်းသို့သွားကာ ရဟန်းဝတ်သည်။ အသက်ကြီးမှ ဘိက္ခုနီဘဝ ရောက်ရသူဖြစ်၍ ထေရ်ဝါကြီးသူတို့၏ သင်ပြမှုကို အလေးအနက်ထားလိုက်နာသည်။ ဤတွင် ဘုရားရှင်က ဂန္ဓကုဋီတိုက်တော်မှနေပြီး ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဗဟုပုတ္တိကာသည် ရဟန္တာ ဗဟုပုတ္တိကာထေရီ ဖြစ်တော်မူသည်။

၁၁၅။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ကောဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဓမ္မမုတ္တမံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၁၅။ မြင့်မြတ်၍ အထက်တန်းကျသော မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို မသိမမြင်ဘဲ အနှစ်တစ်ရာ ကာလပတ်လုံး အသက်ရှင်နေရခြင်းထက် လောကုတ္တရာတရား ကိုးပါးကို သိမြင်ပြီး တစ်ရက်ပင် အသက်ရှင်သူသည် ပိုမိုမြင့်မြတ်ပေ၏။

ဗဟုပုတ္တိကာထေရိဝတ္ထု ပြီး၏။

သဟဿဝဂ်ပြီး၏။



သားသမီး တစ်ဆယ့်လေးယောက်တို့ ဇမ်ဗိုခင် ဗဟုပုတ္တိကာထေရိမကြီး။

http://www.dhammadownload.com

ပါပဝဂ်

ပါပ = မကောင်းမှု၊ ဝဂ္ဂ = ဝဂ် = အစု။

မကောင်းမှုကို နည်းသည်ဟု သဘောမထားရန်၊ နည်းသည်ဖြစ်စေ၊

များသည်ဖြစ်စေ မကောင်းမှုသည် မကောင်းကျိုးပေးသည်ဟု

ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ စူဠေကသာဌက ပုဏ္ဏားဝတ္ထု

[ကောင်းမှုပြုရာ၌ တုံ့နှေးနေလျှင် ကောင်းကျိုးဆုံးရှုံးတတ်သည်]

သာဝတ္ထိပြည်သား ပုဏ္ဏားလင်မယား နှစ်ယောက်တို့သည် ဆင်းရဲလွန်းသဖြင့် လင်မယားနှစ်ယောက်အတွက် အပေါ်ရုံအဝတ်တစ်ထည်သာရှိသည်။ ထို့ကြောင့် သူတို့နှစ်ဦးစလုံး အပြင်သို့ တစ်ပြိုင်တည်း မထွက်နိုင်ပေ။ တစ်ယောက်က အပြင်သို့ထွက်လျှင် တစ်ယောက်က အိမ်မှာသာ နေရသည်။ တစ်နေ့သော် ဇေတဝန်ကျောင်းတော်၌ တရားပွဲကြီး ကျင်းပရာ နေ့ဘက်တွင် ပုဏ္ဏေးမက တရားပွဲသွားပြီး ညဘက်၌ ခင်ပွန်းသည်က တရားနာရသည်။

နိုင်ပြီ၊ အောင်နိုင်ပြီဟု အော်သူ

တစ်ညတွင် ပုဏ္ဏားကြီးသည် ဘုရားရှင်၏ တရားတော်ကို နှစ်သက်ခြင်း ပီတိ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ကာ သဒ္ဓါပေါက်လာသဖြင့် နှစ်ယောက်စလုံးအတွက် တစ်ထည်တည်းသာရှိသော အပေါ်ရုံအဝတ်ကို လှူရန် ပြင်ဆင်သည်။ ထိုသို့ ပြင်ဆင်နေစဉ်ပင် ဝန်တိုသောစိတ် ဖြစ်ပေါ်လာသဖြင့် မလှူ

http://www.dhammadownload.com

ဖြစ်ပြန်။ ဤသို့ လျှုချင်စိတ် ပေါ်လာလိုက်၊ ဝန်တိုစိတ်က တားမြစ်လိုက်ဖြင့် ညဉ့်သုံးယံရှိသည့်အနက် ပထမနှင့် မဇ္ဈိမယံတို့ ကုန်လွန်သွားတော့သည်။ သန်းခေါင်ကျော်ကာလ ပစ္ဆိမယံ၏ အစပိုင်းတွင် စိတ်ဒွိဟဖြစ်နေခဲ့သေးသော်လည်း လျှုချင်သည့် သဒ္ဓါစိတ်က အနိုင်ရသွားသဖြင့် ပစ္ဆိမယံ မကုန်မီလေးတွင်ပင် တစ်ထည်တည်းသာရှိသော အပေါ်ရုံအဝတ်ကို ဘုရားရှင်အား လှူဒါန်းလိုက်သည်။ သေးရှိ ပရိသတ်ကိုပင် သတိမထားလိုက်မိတော့ဘဲ "အောင်နိုင်ပြီ၊ အောင်နိုင်ပြီ" ဟု ကျယ်လောင်စွာ သုံးကြိမ်အော်ဟစ်လိုက်သည်။

အော်သံကြား၍ ကောသလမင်းကြီး ထိတ်လန့်ပြီ

ပုဏ္ဏားနှင့်အတူ တရားနာနေသော ကောသလမင်းကြီးက အော်သံကို ကြားရသဖြင့် "ဘာကို အောင်နိုင်သနည်း" ဟု မင်းချင်းတို့အား စုံစမ်းခိုင်းသည်။ လျှုချင်သည့် သဒ္ဓါစိတ်ကို အနိုင်ရအောင် ညဉ့်သုံးယံပတ်လုံး ကြိုးစားခဲ့ရပုံနှင့် နှစ်ယောက်အတွက် တစ်ထည်တည်းသာရှိသော အပေါ်ရုံကို အောင်မြင်စွာ လှူနိုင်ခဲ့၍ ဝမ်းသာလွန်းသဖြင့် အော်လိုက်မိကြောင်း ပုဏ္ဏား၏ အဖြေကို ကြားရသော် မင်းကြီးက "ပြုနိုင်ခဲသောအမှုကို ပြုပေစွ" ဟု ဆိုကာ ပုဏ္ဏားအား ပုဆိုးတစ်စုံပေးသည်။ ပုဏ္ဏားက ထိုပုဆိုးအစုံကို ဘုရားရှင်ထံ လှူသည်။ တစ်ဆင့်တစ်ဆင့်တိုးကာ နှစ်စုံမှလေးစုံ စသည်ဖြင့် မင်းကြီးပေးသမျှ ဘုရားရှင်ထံလှူပြီး ၃၂ စုံပေးသောအခါ နှစ်စုံကိုသာ မိမိတို့အဟွက်ယူပြီး ကျန်အားလုံးကို ဘုရားရှင်အား လှူလိုက်သည်။

ဆုရှိုးမြွင့်လိုက်ပြီ

ထို့နောက် တန်ဖိုးကြီးသော ကမ္မလာနှစ်ထည်ကို မင်းကြီးက ပေးပြန်သည်။ တစ်ထည်ကို ဘုရားရှင်၏ ဂန္ဓကုဋီတိုက်သို့ လှူခဲ့ပြီး ကျန်တစ်ထည်ကို မူ သူ့အိမ်သို့ ဆွမ်းခံကြွသည့် ရဟန်းထိုင်သော နေရာ၏အပေါ်၌ အမိုးပြုလုပ်ထားလိုက်သည်။ ကောသလမင်းကြီးသည် ညနေချမ်းအချိန် ဘုရားရှင်ထံရောက်သောအခါ ပုဏ္ဏားကြီးအား ဆုချထားသော ကမ္မလာဖြင့် မျက်နှာကြက်

http://www.dhammadownload.com

ပြုလုပ်ထားသည်ကို မြင်၍ အကျိုးအကြောင်း လျှောက်ထားကြည့်ရာ ပုဏ္ဏား လှူထားခြင်း ဖြစ်သည်ဟု ဘုရားရှင်က မိန့်တော်မူလိုက်သည်။ ထိုအခါ မင်းကြီးက ပုဏ္ဏားကြီးအား ဆင်၊ မြင်းလေးကောင်စီ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား လေးယောက်စီနှင့် အသပြာလေးထောင်၊ ရွာလေးရွာ စသည့် သဗ္ဗစတုက္ကဆုကို ချီးမြှင့်လိုက်သည်။

ဘုရားရှင် ဟောကြားမြတ်တရား

ထိုပုဏ္ဏား၏ ဆင်းရဲသားဘဝမှ ချမ်းသာသွားပုံအကြောင်းကို ရဟန်းများ ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာပြီး ထိုစကားနှင့် ဆက်စပ်၍ "ဧကသာ ဋကပုဏ္ဏားသည် ပထမယဉ်၌လှူခဲ့လျှင် သဗ္ဗသောဋ္ဌသ ဘဖ ခု အစုရှိသောဆု ကို ရရှိမည်။ မဇ္ဈိမယဉ်၌ လှူခဲ့လျှင်လည်း သဗ္ဗဋ္ဌက ဈ ခုအစု ရှိသောဆုကို ရရှိမည်။ ယခုမူ နောက်ဆုံးအချိန်မှသာ လှူနိုင်၍ အနည်းဆုံးဖြစ်သော သဗ္ဗ စတုက္ကဆုကိုသာ ရခြင်းဖြစ်သည်။ စိတ်သည် မကောင်းသည့်ဘက်၌သာ ပျော် မွေ့တတ်၍ စိတ်ကောင်းပေါ်လျှင်ပေါ်တုန်း ကုသိုလ်ကောင်းမှု ပြုရမည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ဘဖ။ အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ၊
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။

ဒေသနာ၏အဓိပ္ပာယ်

ဘဖ။ စိတ်၏သဘောသည် မကောင်းမှု၌ မွေ့လျော်တတ်သည်။ ကုသိုလ်ကောင်းမှုပြုရာ၌ တွန့်ဆုတ် နှောင့်နှေးနေလျှင် ကောင်းကျိုးအချို့ မရဘဲ ဖြစ်တတ်၍ ကုသိုလ်ကောင်းမှုကို ဆောလျင်စွာ ပြုလုပ်ရာ၏။

စူဠဋကသာဋကပုဏ္ဏားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ သေယျသကမထေရ်ဝတ္ထု

[မပြုသင့်သောမကောင်းမှု ထပ်ကာထပ်ကာမပြုနှင့်]

သေယျသကမထေရ်သည် အရှင်လာဠုဒါယီ၏ အတူနေတပည့်ဖြစ်ပြီး ကာမဂုဏ်စိတ် ဖြစ်ပေါ်ပြီးတိုင်း ဆရာကို အသိပေးသည်။ ကာမဂုဏ်စိတ် ပပျောက်စေရန် မိမိလက်ဖြင့် လုံ့လပြု၍ သုက်လွတ်စေခြင်း အမှုပြုရာမှ ဘုရားရှင် သိတော်မူ၍ ပထမ သံဃာဒိသိသ်သိက္ခာပုဒ် ပညတ်တော်မူသည်။ ပထမသံဃာဒိသိသ် သိက္ခာပုဒ်တော်အရ အိပ်မက်မက်၍ သုက်လွတ်ခြင်းမှ တစ်ပါး အခြားနည်းကြောင့် သုက်လွတ်လျှင် ထိုရဟန်းမှာ သံဃာဒိသိသ် အာပတ်သင့်သည်။

ထို့နောက် ရဟန်းတို့အား ဆုံးမလျက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၁၆။ ပါပဆ္ဆေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ။
န တမ္ဟိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

ဒေသနာ၏အဓိပ္ပာယ်

၁၁၇။ မကောင်းမှု ပြုမိသူတစ်ယောက်သည် ထိုမကောင်းမှုကို ထပ်ကာ ထပ်ကာ မပြုလုပ်ရာ၊ မိမိဆန္ဒကိုလည်း ထိုမကောင်းမှု၌ မရှိစေရာ။ မကောင်းမှုကို ပွားများစေခြင်းသည် ဆင်းရဲဒုက္ခကို ဖြစ်စေခြင်း၏ အကြောင်းတည်း။

သေယျသကမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ လာဇာနတ်သမီးဝတ္ထု

[ပြုသင့်သောကောင်းမှု ထပ်ကာထပ်ကာပြုပါ]

လာဇာနတ်သမီးသည် တာဝတိံသာနတ်ပြည်၌ နတ်သမီးအခြံအရံများ၊ ဘုံဗိမာန်များဖြင့် နတ်စည်းစိမ် ခံစားနေရသူ ဖြစ်သည်။ သူ ထိုသို့ ခံစားနေရခြင်းမှာ အရှင်မဟာကဿပမထေရ်ကြီးအား ပေါက်ပေါက် လှူဒါန်းခဲ့သောကုသိုလ်ကြောင့်ဟု သိသဖြင့် မထေရ်ကြီး သီတင်းသုံးရာ ကျောင်းဝင်းသို့လာပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။ မထေရ်ကြီးအတွက် သောက်ရေသုံးရေများ ခပ်ထည့်ထားပေးသည်။ ဤသို့ ဆောင်ရွက်ထားခြင်းမှာ တပည့်များ၊ သာမဏေများက ဆောင်ရွက်ထားခြင်း ဖြစ်သည်ဟု မထေရ်ကြီးက မှတ်ထင်နေသည်။

အတိတ်က ကောင်းမှု

လာဇာနတ်သမီးသည် လူဖြစ်စဉ်က အလွန်ဆင်းရဲလှသဖြင့် သူတစ်ပါး၏ သလေးစပါးခင်းကို အဖိုးအခယူကာ စောင့်ရှောက်ပေးရသည်။ တစ်နေ့တွင် အမျိုးသမီးကလေးသည် စပါးခင်းစောင့်ရင်း စားသောက်ရန် ပေါက်ပေါက်လှော်၍ ယူလာသည်။ ထိုအချိန်၌ အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ပိပ္ပလိ လိုဏ်ဂူ၌ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားနေရာမှ ထကာ စပါးခင်းစောင့် အမျိုးသမီးကလေးရှိရာသို့ ကြွလာသည်။ အမျိုးသမီးကလေးသည် မထေရ်မြတ်ကြီးကို မြင်သော် အလွန်ကြည်ညိုသဖြင့် ပေါက်ပေါက်များကို သပိတ်ထဲသို့ လောင်းလှူလိုက်သည်။ ထိုနောက် လိုရာဆုကိုလည်း တောင်းယူလိုက်သည်။ မထေရ်ကြီးကလည်း တောင်းဆုပြည့်ပါစေဟု ဆုတောင်းကာ ပြန်ကြွသွားသည်။ မကြာမီပင် ထိုအမျိုးသမီးကလေးသည် စပါးခင်းထဲမှ အဆိပ်ပြင်းသော ဓမ္မြွကိုက်ခံရသဖြင့် သေဆုံးသွားကာ တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်ရလေသည်။

http://www.dhammadownload.com

နောက်ထပ်မလာနှင့်

မထေရ်ကြီး၏ ဝေယျာဝစ္စများ ဆောင်ရွက်၍ သုံးရက်မြောက်သောနေ့တွင် မထေရ်ကြီးက နတ်သမီးကို တွေ့မြင်သွားသဖြင့် ထိုလုပ်ငန်းများ မဆောင်ရွက်ရန်နှင့် နောက်ထပ်မလာရန် မိန့်ကြားသည်။ နတ်သမီးက သူ၏ကုသိုလ်ကံအကြောင်း ပြန်လည် လျှောက်ထားပြီး ရအပ်သော စည်းစိမ် တည်မြဲစေရန် ဝတ်ကြီးဝတ်ငယ် လာပြုပါသည်ဟု လျှောက်ထားသည်။ သို့သော် မထေရ်ကြီးက လက်မခံဘဲ နှင်နေသဖြင့် ကောင်းကင်သို့ ပြန်တက်သွားပြီး ငိုကြွေးနေသည်။

ဘုရားရှင် ကြားတော်မူသောအခါ

ဘုရားရှင်သည် နတ်သမီး၏ ငိုကြွေးသံကိုကြား၍ ဂန္ဓကုဋီတိုက်မှ ရောင်ခြည်တော်များ လွှတ်လျက် "နတ်သမီး၊ စောင့်စည်း တားမြစ်ခြင်းမှာ ငါ့တပည့်သား မဟာကဿပ၏ တာဝန်ဖြစ်သည်။ ကုသိုလ်ပြုခြင်းကား ကောင်းမှု လိုလားသူတို့၏ တာဝန်တည်း" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် နတ်သမီးသည် သောတာပန် ဖြစ်သွားလေသည်။

၁၁၈။ ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခော ပုညဿ ဥစ္စယော။

ဒေသနာ၏အဓိပ္ပာယ်

၁၁၈။ အကြင်သူသည် ကောင်းမှုကို ပြုပြီးလျှင် ထိုကောင်းမှုကို ထပ်ကာ ထပ်ကာ ပြုရာ၏။ မိမိ၏ အလိုဆန္ဒကိုလည်း ထိုကောင်းမှုဌာနနှစ်မြှုပ်ထားရာ၏။ ကောင်းမှု တိုးပွားလာခြင်းသည် ချမ်းသာသုခကို ဖြစ်စေသည့်အကြောင်းပင်တည်း။

လာဇာနတ်သမီးဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၄။ အနာထပိဏ်သူဌေးကြီးဝတ္ထု

[ကောင်းမှုပြုသူဖြစ်၍ ကောင်းကျိုးပြန်ရသူ]

အနာထပိဏ်သူဌေးကြီး၏ ငယ်မည်မှာ သုဒတ္တဖြစ်သည်။ သူဌေးဘဝ၌ အားထားရာ၊ ခိုကိုးရာမဲ့သူတို့အား အစားအစာ စသည် ကျွေးမွေးပေးလှူတတ်သဖြင့် (အနာထ = အားထားရာ၊ ခိုးကိုးရာမဲ့သူတို့အား၊ ပိဏ္ဍိက = ထမင်း စသည် ပေးလှူတတ်သူ) အနာထပိဏ်သူဌေးဟု ခေါ်ဝေါ်ကြသည်။

ဇေတဝန်ကျောင်းတော်လှူခဲ့သူ

အနာထပိဏ်သူဌေးသည် သာသနာတော်၌ အလွန်ကြည်ညိုသူ၊ အလှူဒါနပြုရာ၌ ဗောဒဂ်ဘွဲ့ထူးရသူလည်း ဖြစ်သည်။ ဇေတမင်းသားထံမှ ဇေတဝန်ကျောင်းတော်ရာကို ဝယ်ယူပြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

စီးပွားပျက်ခဲ့ရပုံ

အဆုံး အစမထင်သော သံသရာခရီးကို လျှောက်ခဲ့ရပြီး ဘဝမျိုးစုံ၌ ကျင်လည်ခဲ့သဖြင့် အနာထပိဏ်သူဌေးသည် ကောင်းမှုများလည်း ပြုခဲ့ဖူးမည်။ မကောင်းမှု တစ်စုံတစ်ရာကိုလည်း ပြုခဲ့မိလျှင် ပြုခဲ့မိပေမည်။ ကောင်းကံကြောင့် စံရပြီး မကောင်းကံ အကျိုးပေး အလှည့်ကြုံသောအခါ နိမ့်ကျသည့် ဘဝတွင် နေရသည်လည်း ရှိပေသည်။ ကံသာလျှင်အမိ၊ ကံသာလျှင်အဖဖြစ်သော ကံလူသား အနာထပိဏ်သူဌေးသည် ဘုရားရှင်ထံ တစ်နေ့ သုံးကြိမ် သွားလျက် အလှူဒါန အမျိုးမျိုးပြုနေသော်လည်း ကံဟောင်း၊ ကြမ္မာဟောင်းက အကျိုးပေးခွင့်ကြုံတော့ ဥစ္စာစီးပွား ပျက်စီးသွားရသည်။ သူ့ထံမှ ငွေချေးယူထားသူတို့က ချေးငွေ ၁၈ ကုဋေကို ပြန်မပေးကြသကဲ့သို့ မိဘဘိုးဘွား အမွေ ၁၈ ကုဋေတို့သည်လည်း မြှုပ်ထားရာ မြစ်ကမ်းပြိုသောကြောင့် သမုဒ္ဒရာသို့ မျောပါသွားကြသည်။

http://www.dhammadownload.com

ဝေလာမဇာတ်တော်ကို ဟောပြီ

ထိုအခါ ဘုရားရှင်က "ဒါယကာကြီး၊ ယခင်ကလို တန်ဖိုးကြီးပစ္စည်းများဖြင့် အများအပြား မလှူရသဖြင့် စိတ်မကြည်မလင် မဖြစ်ပါနှင့်။ လှူရာ၌ စိတ်ထားမွန်မြတ်ခြင်းသာ အဓိကပါ။ သင် ဒါယကာကြီးထံ အလှူခံကြသော ပုဂ္ဂိုလ်တို့တွင် အရိယာ သံဃာတော်များ ပါဝင်ကြသည်။ ငါဘုရား ဝေလာမ ပုဏ္ဏားဖြစ်စဉ်က ထမင်းရည်ချောင်းစီး လှူခဲ့ပါသည်။ အလှူခံပုဂ္ဂိုလ်များတွင် သရဏဂုံတည်သူပင် မပါရှိခဲ့ပါ" ဟု ဝေလာမဇာတ်တော်ကို ဟောတော်မူခဲ့သည်။

အနာထပိဏ်သူဌေးကြီး၏ အိမ်တံခါးစောင့်နတ်သည် ဘုရားရှင်နှင့် သံဃာတော်များအိမ်သို့ ကြွလာတိုင်း တံခါးအထက်မှ ဆင်းဆင်းပေးရသည်ကို မကျေနပ်။ ထို့ကြောင့် သူဌေးကြီး ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်ခြင်း မပြုရန် တစ်စုံတစ်ရာသောစကားကို ပြောဆိုလိုသော်လည်း အစိုးတရ ဖြစ်သည့် စည်းစိမ်ရှင် ဖြစ်နေသဖြင့် လည်းကောင်း၊ မိမိပြောစကားကို အလွယ်တကူ လက်ခံမည် မဟုတ်ဟု ယူဆ၍ မပြောဖြစ်ခဲ့ပေ။ ယခုအခါ၌ကား သူဌေးသည် စည်းစိမ်ပျက်၍ ဆင်းရဲနေပေပြီ။ မိမိ ပြောဆိုသော စကားကို ဇကန်မုချ လက်ခံမည်ဟု ယူဆ၍ သူဌေးကြီးရှိရာ တိုက်ခန်းသို့ဝင်၍ ကိုယ်ထင်ပြကာ "သူဌေးကြီး၊ သင်သည် ရဟန်းဂေါတမ၏ သာသနာ၌ စည်းစိမ်ဥစ္စာ ကုန်ခန်းအောင် ပရမ်းပတာလုပ်ပြသည်။ ယခုလည်း သင် လုပ်နေဆဲဖြစ်သည်။ သူဌေးကြီး၊ အလှူအတန်းများဖြင့် စည်းစိမ်ဥစ္စာ ကုန်ခန်းအောင် မပြုလုပ်ပါနှင့် ရပ်ပါတော့။ စီးပွားဖြစ်အောင် ပြန်လုပ်ပါ" ဟု လာပြောသည်။ သူဌေးကြီးက တံခါးစောင့်နတ်၏စကားကို လက်မခံဘဲ အိမ်မှနှင်လွှတ်လိုက်သည်။ အခြားဌ၌ နေစရာမရှိသဖြင့် မိမိ၏နေရာ ပြန်ရရေးအတွက် ကူညီပါရန် မြို့စောင့်နတ်မင်းထံ သွားပြောသည်။ မြို့စောင့်နတ်မင်းက မကူညီသော အခါ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးထံ သွားသည်။ နတ်မင်းကြီးများက လက်မခံ။ သိကြားမင်းအထိ လိုက်လံ အကူအညီတောင်းသည်။ သိကြားမင်းက တခြားအကူအညီတော့ မပေးနိုင်။ အကြံတစ်ခုတော့ ပေးမည်ဟု ပြောကာ နတ်သားဆောင်ရွက်ပေးရမည့် တာဝန်များကို ညွှန်ပြလိုက်သည်။ ချေးငွေ ၁၈ ကုဋေကို ချေးထားသူတို့ထံမှ ပြန်ရအောင်ပြုလုပ်ပေးပါ။ သမုဒ္ဒရာတွင်

http://www.dhammadownload.com

မျောသွားသော ပစ္စည်းများနှင့် ပိုင်ရှင်မရှိသော ပစ္စည်းများကို စုဆောင်းလျက် သူဌေးဘဝ ပြန်လည် ရောက်ရှိသွားအောင် ဆောင်ရွက်ပေးပါဟု ညွှန်ပြလိုက်သည်။ တံခါးစောင့်နတ်သည် သိကြားမင်းညွှန်ပြသည့်အတိုင်း ပြုလုပ်ပြီးသော အခါ သူဌေးကြီးကို သူ ပြုလုပ်ပြောဆိုမိသော အမှားအတွက် ဝန်ချတောင်းပန်သည်။

ဘုရားရှင်ထံ လျှောက်ထားလေသောအခါ

အနာထပိဏ်သူဌေးကြီးသည် တံခါးစောင့်နတ်နှင့်အတူ ဘုရားရှင်ထံသွားရောက်ဖူးမြော်ပြီး အဖြစ်စုံကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ တံခါးစောင့်နတ်သည် သောတာပန် ဖြစ်သွားတော့သည်။

၁၁၉။ ပါပေါဝိ ပဿတိ ဘဒ္ဒံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

၁၂၀။ ဘဒ္ဒေါဝိ ပဿတိ ပါပံ၊ ယာဝ ဘဒ္ဒံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ဘဒ္ဒံ၊ အထ ဘဒ္ဒေါ ဘဒ္ဒါနိ ပဿတိ။

ဒေသနာ၏ အဓိပ္ပာယ်

၁၁၉။ မကောင်းမှု ပြုထားသူပင် ဖြစ်သော်လည်း မကောင်းမှုက မကောင်းကျိုး မပေးသေးသမျှ ကောင်းသည့်အာရုံကို တွေ့မြင်နေတတ်သေးသည်။ မကောင်းမှုက အကျိုးပေးသောအခါ မကောင်းမှုပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့သည်။

၁၂၀။ ကောင်းမှု ပြုထားသူပင် ဖြစ်သော်လည်း ကောင်းမှုက အကျိုးမပေးသေးသမျှ မကောင်းသော အာရုံကို တွေ့မြင်နေတတ်သေးသည်။ ကောင်းမှုက အကျိုးပေးသောအခါ၌ကား ကောင်းမှုပြုသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့သည်။

အနာထပိဏ်သူဌေးကြီးဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၅။ ပရိက္ခရာပစ္စည်း မသိမ်းဆည်းသူ ရဟန်းဝတ္ထု

[မကောင်းမှုကို အနည်းငယ်ဟု သဘောထားသူ]

ရဟန်းတစ်ပါးသည် ရဟန်းတို့၏ အသုံးအဆောင်ဖြစ်သော ညောင်စောင်း၊ အင်းပျဉ် စသည့် ပစ္စည်းတို့ကို အသုံးပြုပြီး ပြန်လည် သိမ်းဆည်းခြင်းမပြုဘဲ နေပူ၊ မိုးရွာထဲ၌ ပစ်ထားလေ့ရှိသည်။ အခြားရဟန်းတို့က ထိုသို့ မပြုရန် တားသောအခါ "ငါ့ရှင်တို့၊ ငါပြုလုပ်သော အမှုသည် ပျက်စီးစေဟူသော မကောင်းစေတနာဖြင့် ပြုခြင်းမဟုတ်၍ မကောင်းမှု အနည်းငယ်သာ ဖြစ်သည်" ဟု ပြန်ပြောသည်။ နောက်ရက်များတွင်လည်း ထိုသို့ပင် ပြုလုပ်ပြန်သဖြင့် ဘုရားရှင်က ထိုရဟန်းအား ဆုံးမတော်မူပြီး ပထမ သေနာသနသိက္ခာပုဒ် ပညတ်တော်မူသည်။ ဤသိက္ခာပုဒ်တော်အရ ရဟန်းတို့သည် အသုံးအဆောင် ညောင်စောင်း စသည်တို့ကို သုံးပြီး ပြန်မသိမ်းဘဲ ပစ်ထားလျှင် ထိုရဟန်းသည် ပါစိတ်အာပတ်သင့်သည်။

ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၂၁။ မာဝမညေထ ပါပဿ၊ န မန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

ဒေသနာ၏အဓိပ္ပာယ်

၁၂၁။ ငါ ပြုလုပ်သော မကောင်းမှုသည် အနည်းငယ်မျှသာဖြစ်၍ အကျိုးသက်ရောက်မှုမရှိဟု မထင်မှတ်ရာ။ မိုးရေပေါက်တို့ ကျဖန်များသော အခါ လွင်တီးခေါင်၌ထားသော ရေအိုးကြီးပင် ပြည့်သွားနိုင်သကဲ့သို့ လူမိုက်သည် အနည်းငယ်မျှသော မကောင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်သော် မကောင်းမှုဖြင့်သာ ပြည့်နေတော့၏။ ပြုလုပ်သော မကောင်းမှုသည် ပြုဖန်များသော် ကြီးမားသော မကောင်းမှုကြီး ဖြစ်လာတတ်သည်။

ပရိက္ခရာပစ္စည်း မသိမ်းဆည်းသူ ရဟန်းဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ဗိဇ္ဇာလပဒက သူဋ္ဌေးဝတ္ထု

[ကောင်းမှုပြုရာ၌ နည်းသည်ဟု သဘောမထားရာ]

အခါတစ်ပါး၌ သာဝတ္ထိမြို့သူမြို့သား အပေါင်း စုပေါင်း၍ လှူဒါန်းသော အလှူတစ်ခုတွင် ဘုရားရှင်က အနုမောဒနာတရားကို ဤသို့ ဟောကြားသည်။ "ဤသာသနာ၌ အချို့သောသူတို့သည် မိမိသာလျှင် အလှူကို လှူ၏။ သူတစ်ပါးကို မဟိုက်တွန်း မနှိုးဆော်။ ထိုသူမျိုးသည် စီးပွားဥစ္စာ သာရပြီး အခြေအရံမရ။ သူတစ်ပါးကိုသာ လှူရန်တိုက်တွန်းပြီး ကိုယ်တိုင် မလှူလျှင် အခြေအရံကိုသာရသည် စီးပွားဥစ္စာမရ။ ကိုယ်တိုင်လည်းလှူ၊ သူတစ်ပါးကိုလည်း တိုက်တွန်းလျှင် စီးပွားဥစ္စာရော အခြေအရံပါ ပြည့်စုံစေ၏။ ကိုယ်တိုင်လည်းမလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်းလျှင် စီးပွားဥစ္စာရော အခြေအရံပါ မရနိုင်"။ အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရား၏ တရားစကားကို နာကြားရသဖြင့် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန် နှိုးဆော်၍ ဆန်၊ ဆီ၊ ဆား အစရှိသော ပစ္စည်းများကို လိုက်လံ အလှူခံသည်။ ထိုအခါ သူဌေးတစ်ဦးသည် "ဤပုဂ္ဂိုလ်သည် မိမိဘာသာမိမိ တတ်နိုင်သလောက်မလှူဘဲ သူတစ်ပါးထံ လိုက်လံနှိုးဆော် အလှူခံနေသည်" ဟု တွေးတောကာ နိဗ္ဗာန်ဆော်အား အမျက်ထွက်နေသည်။

နိဗ္ဗာန်ဆော်လုပ်သူ အမျိုးသား သူ့ထံသို့ ရောက်သောအခါ ဆန်ကို လက်သုံးချောင်းဖြင့်ကော်၍ ပါလာသမျှကို လှူလိုက်သည်။ ပဲနောက်၊ ပဲလွန်း အစရှိသည်တို့ကိုလည်း နည်းနည်းစီသာ လှူသည်။ ထောပတ်တင်လဲ အစရှိသည်တို့ကိုလည်း အစက်ကလေးများချပြီး လှူလိုက်သည်။ ဆန်ကို လက်သုံးချောင်းဖြင့် ကော်သည့်အခါ ဆန်ထဲ၌ ကြောင်ခြေရာကဲ့သို့ လက်ချောင်းအရာ ထင်ကျန်ခဲ့သဖြင့် သူ့ကို (ဗိဇ္ဇာလ=ကြောင်၊ ပဒက=ခြေရာ) "ဗိဇ္ဇာလပဒက" ဟု အများက ခေါ်ကြသည်။

နိဗ္ဗာန်ဆော်သည် ပြည်သူတို့ လှူဒါန်းသည့်ပစ္စည်းများကို အမျိုးအစား

http://www.dhammadownload.com

တူရာတူရာ စုပေါင်းပြီး ထည့်ထားသော်လည်း ဗိဇ္ဇာလပဒက သူဋ္ဌေးလျှူသည့် ပစ္စည်းများကို သီးခြားထားလိုက်သည်။ ဤအခြင်းအရာကို ဗိဇ္ဇာလပဒက သတိပြုမိသဖြင့် အလုပ်သမားငယ်တစ်ယောက်အား နိဗ္ဗာန်ဆော်၏ ပြုမူပုံကို စုံစမ်းရန် လွှတ်လိုက်သည်။ နိဗ္ဗာန်ဆော်သည် ဆွမ်း စသည်တို့ကို ချက်ပြုတ်သောအခါ ဗိဇ္ဇာလ သူဋ္ဌေးလျှူသော ဆန်ကို ဆွမ်းအိုးထဲသို့ လည်းကောင်း၊ ဟင်းချက်ရာ၌ ပဲတို့ကို လည်းကောင်း၊ အချို့ပွဲ အချဉ်ပွဲ စသည်တို့၌ ထောပတ်တင်လဲ့ အစရှိသည်တို့ကို ထည့်သွင်းလျက် အလှူဒါနမြောက်အောင် စီစဉ်သည်။

စုပေါင်းအလှူပါဘုရား

ထိုအကြောင်းကို အလုပ်သမားငယ်က သူဋ္ဌေးအား ပြန်ပြောပြသည်။ သို့သော်လည်း ဗိဇ္ဇာလသူဋ္ဌေးသည် နိဗ္ဗာန်ဆော် အပေါ်၌ အမျက်မပြေနိုင်သေး။ "ဤသူသည် ငါ့အား ပရိသတ်အလယ်၌ ရှုတ်ချစကားဆိုပေလိမ့်ဦးမည်။ ထိုသို့ဆိုသည်နှင့် တစ်ပြိုင်နက် ငါသည် သူ့အား သတ်မည်" ဟု ကြံကာ ဓားကိုဝှက်၍ အလှူမဏ္ဍပ်ရှိရာသို့ လာခဲ့သည်။ နိဗ္ဗာန်ဆော်သည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေးပြီးနောက် "အရှင်ဘုရား၊ တပည့်တော်သည် ပြည်သူအများကို နှိုးဆော်၍ ဤအလှူကို လှူပါသည် ဘုရား၊ ပြည်သူအများတို့ကလည်း စွမ်းအားရှိသလောက် ထည့်ဝင်လှူဒါန်းကြပါသည် ဘုရား။ နည်းများမဟူ လှူဒါန်းကြသူအပေါင်းအား အကျိုးထူးအကျိုးမြတ်သည် ဖြစ်ပါစေဘုရား" ဟု လျှောက်ထားသည်။

သူဋ္ဌေး တောင်းပန်ပြီ

ထိုအခါ ဗိဇ္ဇာလသူဋ္ဌေးသည် မိမိ၏အပြစ်ကို သိမြင်ကာ နိဗ္ဗာန်ဆော်အား ဝန်ချတောင်းပန်သည်။ ထိုအဖြစ်အပျက်နှင့် ဆက်စပ်၍ ဘုရားရှင်သည် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဗိဇ္ဇာလပဒက သူဋ္ဌေးသည် သောတာပန် ဖြစ်သွားလေသည်။

http://www.dhammadownload.com

၁၂၂။ မာဝ မညေထ ပုညဿ၊ နမန္ဒံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓိရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

ဒေသနာ၏အဓိပ္ပာယ်

၁၂၂။ အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုသည် (ငါ့အား) အကျိုးသက်ရောက်မှု ရှိလိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ တစ်စက်ချင်းကျသော မိုးရေပေါက်သည် ကျဖန်များလတ်သော် အိုး၌ ရေပြည့်လာသကဲ့သို့ ပညာရှိ သူတော်ကောင်းသည် အနည်းငယ်စီဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်စုံစေ၏။

ဗိဠာလပဒကသူဌေးဝတ္ထု ပြီး၏။

၇။ မဟာဓနကုန်သည်ဝတ္ထု

[အန္တရာယ်ရှိသောလမ်းကို မသွားဘဲ ရှောင်ကြဉ်သူ]

သာဝတ္ထိပြည်မှ မဟာဓန အမည်ရှိသောကုန်သည်သည် လှည်းများဖြင့် ကုန်အရောင်းအဝယ်သွားတိုင်း ဇေတဝန်ကျောင်းတော်မှ ရဟန်းအချို့ကို ပင့်ဆောင်၍ သွားလေ့ရှိသည်။ ယခုတစ်ခေါက် ခရီးထွက်ခါနီးတွင် ဇေတဝန်ကျောင်းတော်ရှိ ရဟန်းများအား ခရီးထွက်တော့မည်။ လိုက်ပါလိုသူ ရဟန်းများ လိုက်ပါကြရန်နှင့် လမ်းခရီး၌လည်း ဆွမ်းဘောဇဉ်များ အလုံအလောက် ပြုလုပ်စီမံကာ လှူဒါန်းမည့်အကြောင်း လျှောက်ထား၍ ရဟန်းများနှင့်အတူ ခရီးထွက်လာခဲ့သည်။

လုယက်ရန် ခိုးသားတို့ စောင့်ဆိုင်းနေ

မဟာဓနကုန်သည်၏ အိမ်ကို လုယက်တိုက်ခိုက်ရန် စီစဉ်သော်လည်း မအောင်မြင်ခဲ့သည့် ခိုးသားငါးရာတို့သည် ကုန်သည်သွားမည့်လမ်းရှိ တော

http://www.dhammadownload.com

အုပ်မှ စောင့်ပြီး လုယက်တိုက်ခိုက်ရန် စီစဉ်ကြပြန်သည်။ ကုန်သည်ကြီးသည် တောအုပ်အဝင်ဝရှိရွာတွင် နှစ်ရက်သုံးရက် ရပ်နားလျက် လှည်းများကို ပြင်ဆင်သည်။ ကုန်သည်ကြီးအလာကို တောအုပ်မှ စောင့်နေသော်လည်း ရောက်မလာသဖြင့် ခိုးမှူးကြီးသည် ခိုးသားတစ်ယောက်ကို ရွာတွင်းသို့ဝင်ပြီး စုံစမ်းစေသည်။ ထိုသို့ စုံစမ်းကြောင်း ရွာသားများက ကုန်သည်ကို အသိပေးကြသဖြင့် မဟာဓနသည် သာဝတ္ထိမြို့တော်သို့ပြန်ရန် စီစဉ်သည်။ ထိုကဲ့သို့ လှည့်ပြန်ရန် စီစဉ်နေသည်ကို ခိုးဆားတို့ သိသွားပြန်၍ အပြန်လမ်းမှ စောင့်ကြပြန်သည်။ အပြန်လမ်းတွင် ခိုးသားတို့ စောင့်နေကြပြန်သည်ဟု သတင်းရသဖြင့် မဟာဓနကုန်သည် ပြန်မသွားဖြစ်တော့ပေ။

ရွာဌ် ဆက်နေရပါဦးမည်ဘုရား

ထိုအခြေအနေအကြောင်းအရာကို မဟာဓနကုန်သည်က ရဟန်းသံဃာတော်များအား အသိပေးလျက် "ခိုးသားတို့အန္တရာယ်ရှိနေ၍ ဤရွာဌ် အချိန်အတန်ကြာ ဆက်နေရဦးမည့်အကြောင်းနှင့် ရဟန်းတော်တို့အနေဖြင့် ကျောင်းတော်သို့ ပြန်ကြလိုလျှင် ပြန်ကြနိုင်ကြောင်း။ ပြန်မကြကြလျှင်လည်း လိုအပ်သော ဆွမ်းဘောဇဉ်များ လှူဒါန်းမည်ဖြစ်ကြောင်း" လျှောက်ထားအသိပေးသည်။ ရဟန်းတော်တို့သည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြလာကြသည်။

အကြောင်းစုံ ဘုရားရှင်ထံလျှောက်ထား

ပြန်ကြလာကြသော ရဟန်းတော်များက မဟာဓနကုန်သည်ကြီး၏ ဖြစ်ပျက်ပုံ အပြည့်အစုံကို ဘုရားရှင်အား လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းတော်တို့ တရားသိမြင်ကာ ရဟန္တာဖြစ်တော်မူကြသည်။

၁၂၃။ ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၂၃။ ပစ္စည်းဥစ္စာ များစွာရှိသော ကုန်သည်သည် အဖော်အနည်း ငယ်မျှဖြင့် အန္တရာယ်ရှိသော ခရီးလမ်းကိုမသွားဘဲ ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊ အသက်ရှည်လိုသူသည် လတ်တလော သေစေတတ်သည့် အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ လည်းကောင်း ပညာရှိသည် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏။

မဟာဓနကုန်သည်ဝတ္ထု ပြီး၏။

၈။ ကုက္ကုဋ္ဌမိတ္တ မုဆိုးဝတ္ထု

[ဘုရားရှင်ကို လေးနှင့်ပစ်လိုသူ မုဆိုးသားအဖ]

ကုက္ကုဋ္ဌမိတ္တ မုဆိုးသည် နတ်ပြည်မှ စုတေကာ လူဖြစ်လာလျက် မုဆိုးအလုပ်ဖြင့် အသက်မွေးနေသူ ဖြစ်သည်။ မုဆိုးတို့ သဘာဝအတိုင်း သူသည် ကျော့ကွင်းထောင်လျက် သားသမင်တို့ကို ဖမ်းဆီးသတ်ဖြတ်ပြီး ရောင်းချသည်။ တစ်နေ့တွင် သူသည် ဖမ်းဆီးရမိသော သားကောင်တို့ကို ရောင်းချရန် လှည်းဖြင့်တင်ကာ မြို့တွင်းသို့ လာခဲ့သည်။ ထိုစဉ် သူဌေးသမီးသည် မုဆိုးကို မြင်သောအခါ အတိတ်က ထားခဲ့ဖူးသော ချစ်မေတ္တာအရှိန်ကြောင့် ချစ်ကြိုက်စိတ်များ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် မုဆိုးပြန်မည့်အချိန်နှင့် ပြန်မည့်လမ်းကို စုံစမ်းစေပြီးလျှင် အသုံးအဆောင်ပစ္စည်းများကို ထုပ်ပိုးယူဆောင်ကာ ဆင်းရဲသူအသွင်ဖြင့် လမ်းမှစောင့်နေသည်။

သမီးကို မေ့ထားလိုက်ကြပြီ

သားသမင်တို့ကို ရောင်းချပြီး ပြန်လာသော မုဆိုးကိုမြင်သော် သူဌေးသမီးသည် အထုပ်ကိုပိုက်ကာ မုဆိုး၏ လှည်းနောက်မှ လိုက်လာခဲ့သည်။

http://www.dhammadownload.com

မုဆိုးက လိုက်မလာရန် တားသည်။ မတ္တာရှိ၍ မိမိသဘောဖြင့် လိုက်လာသူ ဖြစ်သည်၊ လာဘ်ကောင်းဝင်လာသည်ဟု သဘောထား၍ မတားမြစ်ပါနှင့်။ မိမိထံသို့ အလိုအလျောက် ဝင်လာသော ကျက်သရေမင်္ဂလာကို တားမြစ်ခြင်း သည် မသင့်လျော်ပါဟု အမျိုးသမီးက ပြောသဖြင့် လှည်းပေါ်တင်ခေါ်လာပြီး ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်ကြသည်။ အမျိုးသမီး၏ မိဘများသည် သမီးအကြောင်းကို မည်သို့မျှ စုံစမ်း၍မရသောကြောင့် ရက်လည်ဆွမ်းသွတ်ကာ ကုသိုလ်ပြုပြီး "သေသောသူ ကြာလျှင်မေ့" ဆိုသည့်အတိုင်း သမီးကို မေ့ထားလိုက်ကြတော့သည်။

သား၊ ချွေးမတို့နှင့်အတူနေသူ

သူဌေးသမီးသည် မုဆိုးနှင့် ပေါင်းသင်းရာမှ သားခုနစ်ယောက် ဖွားမြင်သည်။ သားတို့ကို အိမ်ထောင်ချပေးပြီး ချွေးမခုနစ်ယောက်နှင့်ပါ အတူနေထိုင်သည်။ သူဌေးသမီးသည် မုဆိုးနှင့် အိမ်ထောင်မကျမီကပင် သောတာပန်ဖြစ်ပြီးသူ ဖြစ်သည်။ တစ်နေ့တွင် မုဆိုးကြီး အချိန်တန်သော်လည်း အိမ်ပြန်မလာသေးသဖြင့် သားခုနစ်ယောက်ကို ဖခင် လိုက်ရှာရန် တောတွင်းသို့ စေလွှတ်သည်။ ဘုရားရှင် ရှေ့တော်၌ လေးကိုတင်လျက် ပါးစပ်မှ အမြဲပ် တစီစီထွက်နေသည့် ဖခင်ကို သားတို့ တွေ့မြင်သွားကြပြီး ဘုရားရှင်ကို သူတို့ဖခင်၏ ရန်သူထင်မှတ်၍ လေးတင်ကြသည်။ သူတို့လည်း ဖခင်နည်းတူ မလှုပ်နိုင် မယှက်နိုင်ဘဲ ဖြစ်နေသည်။

သားကောင်လွှတ်သူ တွေ့ပြီ

ဖခင်မုဆိုးသည် သူ ထောင်ထားခဲ့သော ကျော့ကွင်းများကို စစ်ဆေးသော် သားကောင်တစ်ကောင်မျှ မတွေ့ရ၍ တစ်ယောက်ယောက် လာလွှတ်သွားပြီဟု အတွေးဝင်ကာ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာသည်။ ဘုရားရှင် ချထားခဲ့သော ခြေတော်ရာကို တွေ့သဖြင့် "သားကောင်လွှတ်သူကို တွေ့ပြီ" ဟု ယူဆလျက် လိုက်ရှာရာ ချုံအောက်၌ သီတင်းသုံးနေသော ဘုရားရှင်ကို တွေ့၍ လေးဖြင့်ပစ်ရန် လေးတင်စဉ် အမြဲပ်တစီစီထွက်ကာ ဒုက္ခရောက်သွားရခြင်း ဖြစ်သည်။

http://www.dhammadownload.com

လင်နှင့်သားတို့ ပြန်မလာ၍ မိခင်နှင့် ချွေးမ ခုနစ်ယောက်တို့ တောအတွင်းသို့ လိုက်လာကြပြန်သည်။ တောအတွင်း၌ ဘုရားရှင်ကို မြားဖြင့်ပစ်ရန် ချိန်ရွယ်နေသူ ထိုရှစ်ဦးတို့ကို တွေ့သွားသည်။

ဖခင်ကို မပစ်ပါနှင့်

ထိုအခါ သူငယ်သမီးက "ငါ့ဖခင်ကို မပစ်ကြပါနှင့်၊ ငါ့ဖခင်ကို မပစ်ကြပါနှင့်" ဟု အော်သောအသံကို ကြားကြရသော် ဖခင်မုဆိုးက "သြော်... ငါ လေးပစ်ဖို့ ချိန်ရွယ်ထားခြင်း ခံရသူသည် ငါ၏ယောကျ်မပေတကား။ သားများက ငါတို့သည် အဘိုးကို လေးနှင့်ပစ်ဖို့ ချိန်ထားမိပေပြီတကား" ဟု ဘုရားရှင်အမှေါ် အသိများ ဝင်သွားကြသည်။

သောတာပန် ဖြစ်ကြပြီ

စိတ်နှလုံး နူးညံ့လာပြီဖြစ်သည့် သားအဖတို့အား ဘုရားရှင်က လေးများ ချထားရန် မိန့်တော်မူလိုက်ရာ သားအဖအားလုံး လေးများချထားပြီး ဘုရားရှင်ကို ကန်တော့ကြသည်။ ထိုနောက် သူတို့အားလုံးသည် ဘုရားရှင်ဟောကြားသော တရားတော်ကို နာကြားရသဖြင့် တရားသိမြင်ကာ သောတာပန် ဖြစ်သွားကြတော့သည်။

တစ်ကျိပ်ခြောက်ယောက်သော သူတို့အားလုံးသည် ကဿပဘုရားရှင်၏ ဓာတုစေတီတော်၌ စေတီကျွန်အဖြစ် ကုသိုလ်ကောင်းမှု အတူပြုခဲ့ကြသူများ ဖြစ်သည်။

"လင်မုဆိုး၏ သားသတ်လုပ်ငန်း၌ အကူအညီပေးခဲ့သူ သောတာပန်မယားသည် သူ့အသက်ကို သတ်ခြင်းပင် မဟုတ်ပါလော" ဟု တရားသဘင်၌ ရဟန်းတို့ ပြောဆိုကြသည်ကို ကြားတော်မူသဖြင့် ဘုရားရှင်က "ရဟန်းတို့၊ မယားဝတ္တရားအတိုင်း ပြုလုပ်အကူအညီပေးခဲ့ခြင်းသာ ဖြစ်သည်။ သတ္တဝါတို့ကို သတ်စေလို၊ သေစေလိုသော စေတနာမပါ၍ မယားဖြစ့်သူ၌ အပြစ်မရှိ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁၂၄။ ပါဏိမှိ စေ ဝဏ္ဏော နာသ၊ ဟရေယျ ပါဏိနာ ဝံသံ။
နာဗ္ဘဏ္ဍံ ဝိသ'မန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

ဒေသနာ၏အဓိပ္ပာယ်

၁၂၄။ လက်မှာ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်သော်လည်း ထိုလက်ကို အဆိပ်မတက်နိုင်သကဲ့သို့ အကုသိုလ်စေတနာမပါဘဲ ပြုသောသူ၌ မကောင်းမှုအပြစ်သည် မရှိ။

ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု ပြီး၏။

၉။ ကောက ခွေးမုဆိုး ဝတ္ထု

[မပြစ်မှားသင့်သူကို ပြစ်မှားမိ၍ သေဆုံးရသူ]

အတိတ်ဘဝက ဆေးဆရာဖြစ်ခဲ့ပြီး မြွေကိုက်ခံရ၍ ကွယ်လွန်ကာ ယခုဘဝ၌ မုဆိုးဖြစ်နေသူ ကောက ခွေးမုဆိုးသည် သူ့ခွေးများနှင့်အတူ တောလိုက်သွားရန် အိမ်မှ ထွက်လာခဲ့သည်။ ထိုစဉ် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးနှင့် လမ်း၌ဆုံမိသဖြင့် "ငါသည် ယနေ့ ခရီးလမ်း၌ သူယုတ်ကို မြင်သဖြင့် သားကောင်တစ်ကောင်မျှ ရတော့မည်မဟုတ်" ဟု အတွေးဝင်မိပြီး စိတ်မပါတပါဖြင့်ပင် တောလိုက်ကာ သားကောင် ရှာဖွေသေးသည်။ တစ်ကောင်မျှမရဘဲ ပြန်လာရာလမ်းတွင် ဆွမ်းခံရာမှ ပြန်လာသော ရဟန်းနှင့် ဆုံမိပြန်သည်။

ထိုအခါ ကောကမုဆိုးသည် "ဤရဟန်းကို မနက်စောစောမြင်ခဲ့ရ၍ အတိတ်နိမိတ်မကောင်းဖြစ်ကာ သားကောင်မရဘဲ ပြန်လာရသည်။ ယခုလည်း ဤရဟန်းနှင့် ဆုံရပြန်ပြီ" ဟု စဉ်းစားလျက် သူ့ခွေးများဖြင့် ရဟန်းကို တိုက်သည်။ ရဟန်းတော်သည် သစ်ပင်တစ်ပင်ပေါ်သို့ တက်ပြီး ခွေးများ၏ ရန်ကို ရှောင်သည်။ သစ်ပင်ရင်း၌ ခွေးများကို ဝိုင်းနေစေပြီး မုဆိုးက ပါလာ

http://www.dhammadownload.com

သောမြားဦးချွန်ဖြင့် ရဟန်း၏ ခြေထောက်တို့ကို ထိုးသည်။ ရဟန်းတော်က တောင်းပန်သော်လည်း နားမထောင်ဘဲ ထပ်ကာထပ်ကာ ထိုးသည်။ နာကျင်လွန်းသဖြင့် သတိကိုပင် မဆောင်နိုင်တော့ဘဲ ရုံထားသောသင်္ကန်းများ လျှောကျလာကာ မုဆိုးကို ခြိမိသလို ဖြစ်သွားသည်။ ခွေးများသည် သင်္ကန်းဖြင့် ရစ်ပတ်မိနေသော သူတို့သခင် မုဆိုးကို သစ်ပင်ပေါ်မှကျလာသူ ရဟန်းဟု ထင်မှတ်လျက် ဝိုင်းကိုက်ကြရာ မုဆိုးသည် သစ်ပင်ရင်း၌ပင် သေသွားတော့သည်။ ခွေးတို့သည် သခင်ကို မှား၍ကိုက်မိပြီဟု သိသဖြင့် ထွက်ပြေးသွားကြသည်။

ယခင်အတိတ်ဘဝကလည်း ယုတ်မာသူဖြစ်ခဲ့

ရဟန်းတော်သည် ဘုရားရှင်ထံသွားပြီး မိမိသင်္ကန်းကြောင့် မုဆိုးသေရသည်ဖြစ်၍ မိမိ၏ သီလစင်ကြယ်မှု ရှိ၊ မရှိကို မေးမြန်းလျှောက်ထားရင်း အဖြစ်စုံကို ဘုရားရှင်ထံ လျှောက်ကြားသည်။ ထိုအခါ ဘုရားရှင်က "ချစ်သား၊ သင်၏ သီလသည် စင်ကြယ်ပေ၏။ မုဆိုးသေရခြင်းမှာ မပြစ်မှားထိုက်သူကို ပြစ်မှား၍ ဖြစ်သည်"ဟု မိန့်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းသည် သောတာပန်ဖြစ်လေသည်။

မုဆိုးသည် ယခင်အတိတ်ဘဝက ဆေးဆရာဖြစ်ခဲ့သည်။ သူသည် အရပ်တကာ လှည့်လည်ပြီး လူနာကို ရှာဖွေကုသပေးသည်။ တစ်နေ့ ရွာတစ်ရွာသို့ ရောက်လာရာ လူနာမရသဖြင့် စိတ်ညစ်နေသည်။ ဝမ်းကလည်း ဟာလာသဖြင့် ရွာတံခါး၌ ဆော့ကစားနေသော ကလေးတို့ကို မြွေကိုက်စေပြီး ဆေးကုမည်ဟု အကြံဖြစ်လာသည်။ ထို့ကြောင့် ရွာတွင်းဝင်လာစဉ်က သူမြင်ခဲ့သည့် ရွာအဝင် အပင်တစ်ပင်၏ သစ်ခေါင်း၌ ခေါင်းဖော်လျက် အိပ်နေသောမြွေကို ဇရက် (ဆက်ရက်) ငှက်ဟုပြောပြီး ကလေးတစ်ဦးကို အဖမ်းခိုင်းသည်။ ကလေးက တက်ဖမ်းရာ မြွေဟုသိသဖြင့် လွတ်ပစ်လိုက်သည်။ ကလေး လွတ်ပစ်လိုက်သော မြွေသည် ဆေးဆရာအပေါ်ကျလာကာ ကိုက်သဖြင့် ဆေးဆရာ သေသွားခဲ့ရသည်။



ကောကမုဆိုးသည် မနက်စောစောရဟန်းတစ်ပါးနှင့်တွေ့၍ နိမိတ်မကောင်းဟု စဉ်းစားနေဟန်

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

၁၂၅။ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

ဒေသနာ၏အဓိပ္ပာယ်

၁၂၅။ အကြင်သူမိုက်သည် မပြစ်မှားထိုက်သည့် ကိလေသာ စင်ကြယ်ပြီးသူအား ပြစ်မှား၏။ လေညာသို့ ပစ်လွှတ်လိုက်သည့် မြူမှုန်သည် ထိုပစ်လွှတ်သူအပေါ်သို့ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုသူမိုက်အပေါ်သို့သာ ရှေးရှုပြန်ကျလာသည်။

ကောက ခွေးမုဆိုးဝတ္ထု ပြီး၏။

၁၀။ ပတ္တမြားခိုးသူဟု စွပ်စွဲခံရသောရဟန်း ဝတ္ထု

[စွပ်စွဲခံရသော်လည်း ကိုယ့်သိက္ခာကိုယ်ထိန်းနိုင်သူ]

ပတ္တမြားခိုးသူဟု စွပ်စွဲခံရသော ရဟန်း၏ ဘွဲ့တော်မှာ တိဿဖြစ်သည်။ ဓမ္မပဒ အဋ္ဌကထာ၌ "မဏိကာရ ကုလူပက တိဿ" ဟု ဖော်ပြသည်။ ဤရဟန်းသည် ကျောက်သွေးသမား မိသားစုအိမ်သို့ကြွကာ ဆွမ်းခံ၊ ဆွမ်းစားနေသည်မှာ ၁၂ နှစ်ရှိပြီ ဖြစ်သည်။ ကျောက်သွေးသမား မိသားစုက ဤရဟန်းကို မိဘသဖွယ် လေးစားကြည်ညိုု တန်ဖိုးထားခံရသော ရဟန်းလည်း ဖြစ်သည်။

ဘုရင့်ပတ္တမြားပျောက်၍

တစ်နေ့ ကျောက်သွေးသမားမိသားစုအိမ်သို့ ရဟန်းတော် ဆွမ်းခံကြွရောက်လာစဉ် ကောသလမင်းကြီး၏ အမှုထမ်းတစ်ယောက်သည် မင်းကြီး၏ ပတ္တမြားကို သွေးပြီး အပေါက်ဖောက်ပေးရန် စေခိုင်းသည်။ ထိုအချိန်က

http://www.dhammadownload.com

ကျောက်သွေးသမားသည် အသားငါးများ ခုတ်စဉ်းနေစဉ်ဖြစ်၍ သွေးပေနေသောလက်ဖြင့် ကိုင်ကာ ဘုရင့်ပတ္တမြားကို အနီးရှိ ကလပ်ပေါ်သို့ တင်ထားလိုက်ပြီး လက်ဆေးရန် ထွက်သွားသည်။ သူ့အိမ်၌ မွေးထားသော ကြိုးကြောင်သည် သွေးပေနေသည့် ပတ္တမြားကို သားတစ် ထင်မှတ်၍ ကောက်ယူမျိုချလိုက်သည်။ ကျောက်သွေးသမား ပြန်လာသောအခါ ဘုရင့်ပတ္တမြားမတွေ့၍ သားသမီး၊ သားမယားတို့ကို မေးသည်။ အားလုံးက သူတို့ မယူဟု ဖြေကြားကြသည်။

ရဟန်းက သူ မယူဟုသာဖြေ

ဤတွင် ကျောက်သွေးသမားသည် ရဟန်းမှတစ်ပါး အခြားသူမရှိ၍ ရဟန်းကို ပတ္တမြားခိုးသူအဖြစ် စွပ်စွဲပြီး မေးမြန်းသည်။ ရဟန်းက သူမယူဟုသာ ဖြေကြားသည်။ သူ့ရှေ့မှာပင် ပတ္တမြားကို ကြိုးကြောင်က် မျိုချသွားသည်ကို မြင်သော်လည်း ထိုအကြောင်းကို ပြောမပြ။ ရဟန်းပြောပြ၍ ငှက်သေရလျှင် ပယောဂပါနေမည်စိုး၍ ရဟန်းက မပြောခြင်းဖြစ်သည်။

ကြိုးကြောင်က် သေရှာပြီ

ကျောက်သွေးသမားက ရဟန်းအား ကြိုးဖြင့်တုပ်ကာ ရိက်နှက်၊ ညှဉ်းပန်း စစ်မေးသဖြင့် ရဟန်းတော်၏ ဦးခေါင်း၊ နားရွက် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းများမှ သွေးများ ယိုစီးထွက်ကျလာကြသည်။ ကြိုးကြောင်က်သည် ရဟန်းထံမှ ကျလာသောသွေးများကို သောက်မျိုရန် အနီးသို့လာစဉ် ကျောက်သွေးသမားက ခြေဖြင့်ကန်ကျောက်လိုက်၍ လဲကျသေဆုံးသွားတော့သည်။ ရဟန်းတော်က ကြိုးကြောင်က် သေ၊ မသေ မေး၍ "အသင်လည်း ဒီငှက်လိုပင် သေရမည်။ ကြိုးကြောတော့ သေပြီ" ဟု ကျောက်သွေးသမားက မာကျောခက်ထန်သော ဟန်အမူအရာ အသံနေအသံထားဖြင့် ပြန်ပြောသည်။

ကျောက်သွေးသမားက တောင်းပန်

ထိုအခါမှ ရဟန်းတော်က "ပတ္တမြားကို ကြိုးကြောင်က် မျိုသွားသည်ကို သူ မြင်လိုက်သည်" ဟုပြောသဖြင့် ကြိုးကြောင်က်ကို ခွဲစိတ်ကြည့်သည်။

http://www.dhammadownload.com

ကြိုးကြောင့်က်၏ စလုတ်ထဲမှ ပတ္တမြားပြန်ရသဖြင့် ကျောက်သွေးသမားက ရဟန်းတော်အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးပြီး သည်းခံခွင့်လွှတ်ပါရန် ထိတ်လန့်သော စိတ်ဖြင့် အထပ်ထပ်အခါခါ လျှောက်ထားတောင်းပန်သည်။ အခါတိုင်းကဲ့သို့ပင် အိမ်သို့ ဆွမ်းခံကြွမြဲကြွပါဟုလည်း ပင့်ဖိတ်သည်။

ပရိနိဗ္ဗာန် စံတော်မူပြီ

ရဟန်းတော်က "ဒါယကာ၊ သင်၏ အိမ်တွင်းသို့ဝင်မိ၍ စွပ်စွဲခြင်းလည်းခံရ၊ ရိုက်နှက်ခြင်းလည်းခံရပြီး သွေးဖြာဖြာယိုစီးကျခဲ့ရပြီ။ နောင်အခါမည်သည့်အိမ်ကိုမျှ မဝင်တော့ပါ။ ခြေထောက်များက ခန္ဓာကိုယ်ကို သယ်ဆောင်နိုင်သေးသမျှ အို့မ်တံခါးဦးရပ်လျက်သာလျှင် ဆွမ်းခံ၍သာ နေထိုင်တော့မည်။ ဒါယကာ ယခု ဖြစ်ပျက်ခဲ့သမျှသည် သင့်ကြောင့်မဟုတ်။ သံသရာမှပါလာသော ဝဋ်ဆင်းရဲပင် ဖြစ်သည်" ဟု တရားစကား မိန့်ကြားတော်မူလေသည်။ အရှင်တိဿသည် ထိုနှိပ်စက်ခံရသော ဝေဒနာဒဏ်ကြောင့် ပရိနိဗ္ဗာန်စံတော်မူသွားသည်။

ရဟန်းများက ထိုသူတို့၏ လားရာဂတိကို မေးလျှောက်သဖြင့် "မပြစ်မှားသင့်သူကို ပြစ်မှားမိသည့် ကျောက်သွေးသမား သေလွန်သော် ငရဲသို့ လားရောက်ရပြီး၊ ဇနီးကား စိတ်ကောင်းရှိသူဖြစ်၍ သုဂတိသို့ လားရသည်။ ကြိုးကြောင့်က်သည် ကျောက်သွေးသမား၏ ဇနီးထံ၌ ပဋိသန္ဓေနေရပြီ" စသည်ဖြင့် မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၂၆။ ဂဗ္ဘ'မေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

ဒေသနာ၏အဓိပ္ပာယ်

၁၂၆။ အချို့သူတို့သည် ဤလို့ဘုံ၌ အမိဝမ်းတွင် ပဋိသန္ဓေနေကြကုန်၏။ မကောင်းမှု ပြုသူတို့သည် ငရဲသို့ ကျရောက်ရပြီး၊ ကောင်းမှုပြုသူကို

http://www.dhammadownload.com

သည် နတ်ရွာသုဂတိသို့ လားရကုန်၏။ ကိလေသာ ကုန်ခန်းပြီးသည့် ရဟန္တာ ပုဂ္ဂိုလ်တို့ကား ပရိနိဗ္ဗာန် စံကုန်၏။

ပတ္တမြားသူခိုး စွပ်စွဲခံရသောရဟန်းဝတ္ထု ပြီး၏။

၁၁။ အကုသိုလ်က် လိုက်ပါခံနေရသူသုံးဦး ဝတ္ထု

[ကျီး၊ သင်္ဘောဦးစီး၏ဇနီးနှင့် နွားကျောင်းသား]

ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ကို ဖူးမြော်၍ တရားတော်နာယူရန် ရဟန်းတော်အချို့သည် ခြေကျင်အားဖြင့် လည်းကောင်း၊ အချို့သည် လှေသင်္ဘောတို့ဖြင့် လည်းကောင်း ကြွလာလေ ရှိကြသည်။ ထိုရဟန်းတို့အနက် အချို့သည် ရွာတစ်ရွာသို့ ဝင်ရောက်ပြီး ဆွမ်းခံကြသဖြင့် ရွာသူရွာသားတို့က ဆွမ်းဘောဇဉ်များ ချက်ပြုတ်ကပ်လှူကြ သည်။ ထိုစဉ် ဟင်းချက်နေသောအိမ်တစ်အိမ်မှ မီးလောင်နေသော ကရွတ်ခွေ တစ်ခုသည် ကောင်းကင်သို့ လွင့်ပါသွားရာမှ ပျံနေသည့် ကျီးတစ်ကောင်၏ လည်ပင်းကို စွပ်မိ၍ ကျီး သေသွားရရှာသည်။

ကံဆိုးသူ မဲနှိုက်ရှာဖွေ

လှေသင်္ဘောဖြင့် ကြွလာသော ရဟန်းတို့သည်လည်း သမုဒ္ဒရာအလယ်၌ သင်္ဘောသည် ကျောက်ချထားသကဲ့သို့ ရပ်သွားသည်။ သင်္ဘောသားတို့က လှေသင်္ဘောပေါ်ပါ ခရီးသည်တို့ အနက် ကံဆိုးသူကို မဲနှိုက်ရှာဖွေကြသည်။ အကြိမ်ကြိမ် မဲနှိုက်သော်လည်း လှေသင်္ဘောဦးစီး၏ ဇနီး၌သာ "ကံဆိုးသူ" မဲကျသည်။ ဤတွင် သင်္ဘောဦးစီး၏ဆန္ဒအရ သူ့ဇနီးကို လည်ပင်း၌ သဲအိုး တစ်ခု ချည်နှောင်ကာ ရေထဲသို့ပစ်ချခဲ့ကြသည်။ ထိုအခါမှ လှေသင်္ဘော သည်လည်း ဆက်လက် ထွက်ခွာနိုင်တော့သည်။

http://www.dhammadownload.com

လိုဏ်ဂူထဲ ပိတ်မိနေသူ

အခြားရဟန်း ခုနစ်ပါးသည် လမ်းခရီးရှိ ကျောင်းတစ်ကျောင်း၌ ည အိပ်တည်းခိုရင်း နေရာမရှိတော့သဖြင့် လိုဏ်ဂူထဲသို့ဝင်၍ အိပ်ကြသည်။ ထိုအခါ အလိုလို လိမ့်ကျလာသော ကျောက်တုံးကြီးတစ်တုံးက ရဟန်းတို့ အိပ်နေသည့် လိုဏ်ဂူအပေါက်ဝကို လာ၍ပိတ်နေသည်။ ဝိုင်းဝန်း၍ ဖယ်ရှားကြသော်လည်း မည်သို့မျှ မရပေ။ ဤသို့ဖြင့် ဂူအတွင်းရှိ ရဟန်းတို့မှာ ခုနစ်ရက်တိုင် အစာရေစာပြတ်လပ်ခဲ့ပြီးနောက် ကျောက်တုံးပိတ်နေသော လိုဏ်ဂူဝသည် သူ့အလိုလို ပွင့်သွားခဲ့သည်။

ဘုရားရှင်ထံသို့ ရောက်သော် လမ်းခရီး၌ တွေ့ကြုံခဲ့ရသည့် ထူးဆန်းသည့် အဖြစ်အပျက်များကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ကြားသည်။ ထိုအခါ ဘုရားရှင်က အဖြစ်အပျက် အသီးသီးတို့၏ အတိတ်အကုသိုလ်ကံ အကြောင်းကို ပြန်လည် ထုတ်ဖော်ပြတော်မူသည်။

ကျီး၏ အတိတ်ကံ

ကောင်းကင်၌ ပျံသန်းနေရင်း လည်ပင်းမီးကွင်းစွပ်မိ၍ သေရသော ကျီးသည် ဘဝတစ်ခု၌ လယ်သမား ဖြစ်ခဲ့ဖူးသည်။ သူ့နွားတစ်ကောင်သည် ရိုက်နှက်၍ မောင်းသော်လည်း ဝန်ကိုဆွဲကာ ကြာကြာမသွားဘဲ လဲအိပ်နေတတ်သည်။ လယ်သမားသည် စိတ်ဆိုးကာ နွား၏လည်ပင်း၌ ကောက်ရိုးခွေစွပ်ကာ မီးရှို့သတ်ခဲ့ဖူးသော အကုသိုလ်၏ အကျိုးခံစားရခြင်း ဖြစ်သည်။

လှေဦးစီးဇနီး၏ အတိတ်ကံ

သဲအိုးကို ချည်နှောင်လျက် ရေထဲပစ်ချခံရသော လှေသည်ဦးစီး၏ ဇနီးသည် ဘဝတစ်ခု၌ သူကြွယ်တစ်ဦး၏ ဇနီးဖြစ်ခဲ့ဖူးသည်။ သူသွားလေရာသို့ သူ့အိမ်မှ ခွေးတစ်ကောင် (ယခင်ဘဝက သူ့လင်) ဖြစ်သူက အမြဲလိုက်နေသဖြင့် တွေ့မြင်သူတို့က သူ့ကို ပြက်ရယ်ပြုကာ ပြောင်လှောင်ကြသည်။ အမျိုးသမီးသည် ရှက်လွန်းလှသဖြင့် ခွေး၏လည်ပင်းတွင် သဲအိုးဆွဲကာ

http://www.dhammadownload.com

မြစ်ထဲသို့ ပစ်ချခဲ့သည်။ ထိုအကုသိုလ်က အရိပ်ပမာ သူ့နောက်၌ ပါနေခြင်း ဖြစ်သည်။

နွားကျောင်းသား ဘဝတုန်းက

လိုဏ်ဂူထဲ၌ ခုနစ်ရက်တိုင်တိုင် ပိတ်မိနေသော ရဟန်းခုနစ်ပါးသည် ဘဝတစ်ခု၌ နွားကျောင်းသား ခုနစ်ယောက်တို့ ဖြစ်ခဲ့ကြဖူးသည်။ နွားကျောင်းရင်း ဖွတ်တစ်ကောင်ကိုတွေ့၍ ဝိုင်းလိုက်ကြရာ ဖွတ်သည် တောင်ပို့ထဲ ဝင်ပြေးသွားသည်။ ဖွတ်ပြန်မထွက်နိုင်အောင် တောင်ပို့အပေါက်များကို ပိတ်ထားခဲ့ကြရာ ခုနစ်ရက်ကြာမှ သတိရသဖြင့် အပေါက်များကို ဖွင့်ပေးလိုက်ကြသည်။ ဖွတ်ကြီးသည် ခုနစ်ရက် အစာမစားရ၍ ကြိုးလှီချည့်နဲ့စွာဖြင့် တောင်ပို့ပေါက်မှ ထွက်လာသောအခါ သနား၍ မသတ်ဘဲ နွားကျောင်းသားတို့ အိမ်ပြန်ခဲ့ကြသည်။ ထိုအကုသိုလ်ကံကြောင့် လိုဏ်ဂူဝ အပိတ်ခံခဲ့ရသည်။

ဘုရားရှင်သည် အဖြစ်ထူးတို့၏ အတိတ်အကုသိုလ်ကံအကြောင်း မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၂၇။ နာ အန္တလိက္ခေ နာ သမုဒ္ဒမဇ္ဈေ၊
နာ ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
နာ ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

ဒေသနာ၏အဓိပ္ပာယ်

၁၂၇။ မကောင်းမှုပြုသောသူသည် ကောင်းကင်၌နေနေ၊ သမုဒ္ဒရာထဲ၌နေနေ၊ တောင်ခေါင်းလိုဏ်ဂူထဲ၌ပင်နေနေ မကောင်းမှု အကုသိုလ်ကံမှ မလွတ်မြောက်နိုင်ချေ။ မကောင်းမှုအကုသိုလ်မှ လွတ်မြောက်အောင် ပုန်းရှောင်နိုင်သောနေရာ အရပ်သည် မရှိချေ။

အကုသိုလ်ကံ လိုက်ပါခံနေရသူသုံးဦးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၂။ သုပ္ပဗုဒ္ဓ သာကီဝင်မင်းကြီး ဝတ္ထု

[မကောင်းမှုကြောင့် မကောင်းကျိုးခံရပြီး အဝီစိရောက်သွားသူ]

တစ်ချိန်တုန်းက မဇ္ဈိမဒေသ၌ လူတန်းစားလေးမျိုး ရှိခဲ့ဖူးသည်။ ခတ္တိယ–မင်းမျိုး၊ ဗြာဟ္မဏ–ပုဏ္ဏားမျိုး၊ ဝေဿ–ကုန်သည်မျိုးနှင့် သုဒ္ဒ–ထိုသုံးမျိုးမှ ကြွင်းသူတို့ဟူ၍ ဖြစ်သည်။ ခတ္တိယသည် ထိပ်ဆုံး၌ရှိသော လူတန်းစား ဖြစ်သည်။ ဤသုပ္ပဗုဒ္ဓသည် မင်းမျိုးဖြစ်သည့် သာကီဝင်မျိုး ဖြစ်သည်။ ဒေဝဒဟတိုင်းပြည်ကို အုပ်ချုပ်သည့်မင်းကြီး ဖြစ်သည်။ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား၏ ကြင်ရာတော် ဘဒ္ဒကစ္စနာခေါ် ယသော်ဓရာသည် သုပ္ပဗုဒ္ဓ၏ သမီးဖြစ်ပြီး ဒေဝဒတ်သည် သုပ္ပဗုဒ္ဓ၏သား ယသော်ဓရာ၏ မောင်တော် ဖြစ်သည်။

ဘုရားရှင်အပေါ် ရန်ငြိုးထားသည့်အကြောင်းနှစ်ခု

ပိဋကတော်တို့၌ ဖော်ပြချက်အရ ဘုရားရှင်အပေါ် အကြောင်းနှစ်ခုတို့ကြောင့် သုပ္ပဗုဒ္ဓက အာဃာတထားသည်။ ပထမအကြောင်းမှာ သမီးဖြစ်သူ ယသော်ဓရာကို စွန့်ပစ်ထားခဲ့ပြီး တောထွက်သွားခြင်းနှင့် ဒုတိယအကြောင်းမှာ သားဖြစ်သူ ဒေဝဒတ်ကို ရဟန်းဝတ်ပေးပြီးမှ ရန်သူအရာ၌ထားခြင်းကြောင့် ဖြစ်သည်။

မြေမျိုခံရမည်

တစ်နေ့သ၌ ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ ဆွမ်းစားပင့်ရာသို့ ကြွလာရာ သုပ္ပဗုဒ္ဓသည် ဘုရားရှင် ကြွလာမည့်လမ်းကို တားဆီးပိတ်ပင်ကာ အရက်သေစာ သောက်စားနေသည်။ ဘုရားရှင်သည် လမ်းပိတ်ထား၍ ပြန်ကြွသွားရသည်။ သုပ္ပဗုဒ္ဓက ဘုရားရှင် မည်သို့ မိန့်ကြားသည်ကို သိရန် သူလျှိုတစ်ယောက်ကို စေလွှတ်ထားသည်။ လမ်းတွင် ဘုရားရှင် ပြုံးတော်မူသဖြင့် အရှင်အာနန္ဒာက မေးလျှောက်သော် "အာနန္ဒာ၊ သုပ္ပဗုဒ္ဓသည် ငါ

http://www.dhammadownload.com

ဘုရားနှင့် သံဃာတော်များအား လမ်းပိတ်ဆို့ခြင်းဖြင့် ကြီးလေးသော မကောင်းမှုကို ပြုနေသည်။ ခုနစ်ရက်မြောက်သောနေ့တွင် သူ့နေရာ ပြာသာဒ်အောက် စောင်းတန်းခြေရင်းတွင် သုပ္ပဗုဒ္ဓ မြေမျိုခံရမည်" ဟု မိန့်တော်မူသည်။ သူလျှို သည် ဘုရားရှင် မိန့်ကြားသော စကားကို သုပ္ပဗုဒ္ဓအား ပြန်၍ သတင်းပို့သည်။

မြေမျိုမခံရဖို့ ဘုံအမြင့်ပေါ်တက်နေပြီ

ဘုရားရှင်၏စကား လွဲမှားစေရန်အတွက် သုပ္ပဗုဒ္ဓသည် သူအလိုရှိသော ပစ္စည်းပစ္စယများကို ယူဆောင်လျက် ဘုံခုနစ်ဆင့် အမြင့်ထက်၌ တက်နေသည်။ ဘုံအဆင့်ဆင့်သို့တက်သည့် လှေကားများကိုလည်း ဖြုတ်ခိုင်းထားသည်။ မှော်လျှောပြီး ပြာသာဒ်အောက်သို့ ဆင်းမိလျှင် တားမြစ်နိုင်ရန် စိတ်ချရပြီး အားကောင်းမောင်းသန်သူများကို တံခါး၌ အစောင့်ခိုင်းထားသည်။ ဘုရားရှင် ဟောကြားချက်မှားလျှင် သိက္ခာကျအောင် ရှုတ်ချကဲ့ရဲ့ပြီး လူထုအကြားသို့ ဝါဒဖြန့်ရန်လည်း သုပ္ပဗုဒ္ဓက ပြင်ဆင်ထားသည်။ ခုနစ်ရက်မြောက်သော နေ့တွင် အခြားသူတို့ ကိုင်တွယ်ထိန်းသိမ်း၍မရသော သုပ္ပဗုဒ္ဓ၏မြင်းသည် မြင်းစောင်းအတွင်း၌ ခုန်ပေါက် သောင်းကျန်းလျက် ကျယ်လောင်စွာ အသံပေးပြီး ဟီသည်။ မြင်းဟီသံကြား၍ တံခါးရှိရာသို့ သုပ္ပဗုဒ္ဓလာခဲ့ရာ တံခါးများ အလိုလိုပွင့်နေသည်။ ဖယ်ထားသော စောင်းတန်းလှေကားသည် မူလနေရာသို့ ပြန်ရောက်နေသည်။ အစောင့်ထားသော လူသန်ကြီးတို့သည် သုပ္ပဗုဒ္ဓကို မတားတော့ဘဲ သူ့မြင်းကိုထိန်းရန် ပြာသာဒ်အောက် စောင်းတန်းခြေရင်းသို့ ပို့ပေးလိုက်ကြသည်။

သုပ္ပဗုဒ္ဓ စောင်းတန်းခြေရင်းသို့ ရောက်သည်နှင့် မဟာပထဝီမြေကြီးသည် မည်သူ၏ မျက်နှာကိုမျှ ထောက်ရှုခြင်းမပြုတော့ဘဲ သုပ္ပဗုဒ္ဓကို ဆွဲခေါ်လျက် အဝီစိသို့ အရောက်ပို့ပေးလိုက်တော့သည်။

ကပိလဝတ်မြို့တော် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူနေရင်း ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁၂၈။ နအန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ နပဗ္ဗတာနံ ဝိဝရံ ပဝိသ။
နဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊ ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

ဒေသနာ၏အဓိပ္ပာယ်

၁၂၈။ မကောင်းမှုပြုသူသည် ကောင်းကင်၌ နေသူပင်ဖြစ်စေ၊ သမုဒ္ဒရာ အလယ်၌ နေသူပင်ဖြစ်စေ၊ တောင်ခေါင်းလိုဏ်ဂူထဲ၌ နေသူပင်ဖြစ်စေ သေမင်းလက်မှ မလွတ်နိုင်ရာ။ သေမင်း မညှဉ်းဆဲနိုင်၊ မနှိပ်စက်နိုင်သော နေရာ အရပ်ဒေသဟူသည် မရှိနိုင်။

သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု ပြီး၏။

ပါပဝဂ် ပြီးပြီ။



မြေမျိုမခံရအောင် ဘုံခုနှစ်ဆင့်ထက်သို့ တက်ရောက်နေထိုင်မည့် သုပ္ပဗုဒ္ဓ။

---

* ဤဝတ္ထုကြောင်းကို အကြောင်းပြုပြီး "သမက်ကို စော်ကားလျှင် ယောက္ခမ မြေမျိုခံရတတ်သည်" ဟု ပြောစမှတ်ပြုထားကြသည်။

http://www.dhammadownload.com

ဒဏ္ဍဝဂ်

ဒဏ္ဍ = ဒဏ်အပြစ်၊ ဝဂ္ဂ = ဝဂ်၊ အစု။

ဒဏ်ကို၊ အပြစ်ကို သတ္တဝါတို့ ကြောက်တတ်၍ ကိုယ်ချင်းစာတရားထား၍၊ မပြစ်မှားသင့်သူကို မပြစ်မှားရန် ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု

[ရဟန်းအချင်းချင်း ရိုက်နှက်၍ ခေါ်ယူဆုံးမခံရသောရဟန်းများ]

သက်တော်ထင်ရှား ဘုရားရှင်လက်ထက်တွင် ရဟန်းငါးပါးအစု ပဉ္စဝဂ္ဂိ၊ ရဟန်းခြောက်ပါး ဦးဆောင်သည့် ဆဗ္ဗဂ္ဂိ အစုနှင့် ၁၇ ပါးအစု သတ္တ ရသဝဂ္ဂိ စသည်ဖြင့် ရဟန်းအစုများ ရှိကြသည်။ ပဉ္စဝဂ္ဂိ ငါးပါးအစုသည် သာသနာ့သမိုင်းတွင် ပထမဦးဆုံး တရားသိမြင်ကြလျက် ရဟန္တာ ဖြစ်သွားကြသည့် အရှင်မြတ်များ ဖြစ်ကြသည်။

ဆဗ္ဗဂ္ဂိ ရဟန်းခြောက်ပါး အစုတို့တွင် **ပဏ္ဍုက**နှင့် **လောဟိတ** ရဟန်းကြီးနှစ်ပါးသည် တပည့်ပရိသတ်နှင့်တကွ သာဝတ္ထိ၌ နေကြသည်။ ဘုရားရှင် ဒေသစာရီ လှည့်လည်ရာတွင် ပါဝင်လေ့ ရှိသည်။ သီလ ရှိကြကုန်သည်။ သို့သော် မပညတ်ရသေးသော သိက္ခာပုဒ်တို့ကို ဖြစ်ပေါ်စေသည့် အလေ့အထ ရှိသည်။ ပညတ်ပြီးသော သိက္ခာပုဒ်ကိုကား လွန်ကျူးလေ့ မရှိကြကုန်။ **မေတ္တိယ**နှင့် **ဘူမဇက** ရဟန်းကြီးတို့သည် ရာဇဂြိုဟ်ပြည်၌ နေကြ၏။ **အဿဇိ**နှင့် **ပုနဗ္ဗသုက** ရဟန်းကြီးနှစ်ပါးသည် ကိဋာဂိရိ ဇနပုဒ်၌ နေကြသည်။ ထိုရဟန်းကြီး ခြောက်ပါးအစုကို ဆဗ္ဗဂ္ဂိရဟန်းများဟု ခေါ်ကြသည်။

http://www.dhammadownload.com

သတ္တရသဝဂ္ဂီ ရဟန်းအစုတို့ကား ငယ်ရွယ်ကြသူများ ဖြစ်ကြသည်။ ဥပါလိ သူငယ်အပါအဝင် တစ်ဆယ့်ခုနစ်ယောက်သော သတို့သားလေးများကို ရဟန်းပြုပေးခဲ့ရာမှ သူတို့ကို သတ္တရသဝဂ္ဂီ ရဟန်းများဟု ခေါ်ကြသည်။ ကလေးသူငယ်များ ဖြစ်ကြသဖြင့် ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်ကြ။ နံနက်စောစောထ၍ စားစရာ ပေးကြပါဟု တစာစာ ငိုယိုကြသည်။ အိပ်ရာ နေရာ၌လည်း အလေးအပေါ် သွားကြသည်။ ထိုအကြောင်းကြောင့်ပင် အသက်နှစ်ဆယ်မပြည့်ဘဲ ရဟန်းအဖြစ်ကို ပြုမပေးရဟု ဘုရားရှင်က သိက္ခာပုဒ် ပညတ်ခဲ့ရသည်။ ထို တစ်ဆယ့်ခုနစ်ပါးကိုကား ရဟန်းအဖြစ်မှ ပယ်ဖျက်တော်မမူပေ။

ယခု ဤဝတ္ထုသည် ဆဗ္ဗဂ္ဂီရဟန်းကြီး ခြောက်ပါးအစုနှင့် သတ္တရသဝဂ္ဂီ ရဟန်းငယ်များအစုတို့ မသင့်မတင့် ဖြစ်ကြရာမှ ပေါ်ပေါက်လာရသောဝတ္ထု ဖြစ်သည်။

ခေါ်ယူဆုံးမတော်မူပြီ

အခါတစ်ပါး သတ္တရသဝဂ္ဂီရဟန်း ၁၇ ပါးအစုတို့သည် ကျောင်းအိပ်ရာနေရာတို့ကို ရှင်းလင်းပြီး နေထိုင်ရန် စီစဉ်ထားကြရာ ဆဗ္ဗဂ္ဂီရဟန်းတို့ ရောက်လာကြပြီး "ငါတို့က ထေရ်ကြီးဝါကြီး" ဟု ပြောဆိုလျက် နေရာဝင်ယူ နေထိုင်ကြသည်။ ၁၇–ပါးအစုက အကျိုးအကြောင်း ပြောကြား ကန့်ကွက်ကြသော် ဆဗ္ဗဂ္ဂီရဟန်းတို့က ရိုက်နှက်ညှဉ်းပန်းကြသည်။ အရိုက်ခံရသော ရဟန်းငယ်များ ထိတ်လန့် အော်ဟစ်ငိုယိုကြသည်ကို ဘုရားရှင် ကြားသော် အားလုံးကို ခေါ်ယူဆုံးမတော်မူသည်။ နောင် ထိုကဲ့သို့ ရဟန်းများကို မရိုက်နှက်ရန် "ပါစိတ်ပဟာရသိက္ခာပုဒ်" တော်ကိုလည်း ပညတ်တော်မူသည်။ ဤသိက္ခာပုဒ် အရ စိတ်ဆိုးပြီး ရဟန်းတော်များကို ရိုက်လျှင် ထိုရဟန်းသည် အာပတ်ခုနစ်မျိုးအနက် တစ်မျိုးဖြစ်သော "ပါစိတ်အာပတ်" သင့်သည်။ ထို့နောက် ဘုရားရှင်သည် ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

http://www.dhammadownload.com

၁၂၉။ သဗ္ဗေ တသန္တိ ဒဏ္ဍသ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။
အတ္တာနံ ဥပမံ ကတ္ဝာ၊ န ဟနေယျ န ဃာတယေ။

ဒေသနာ၏အဓိပ္ပာယ်

၁၂၉။ သတ္တဝါ အားလုံးဟုဆိုရာတွင် ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘ အာဇာနည်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့ မပါဝင်။ ရဟန္တာပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိကို ပယ်သတ်ပြီးဖြစ်၍ သေရမည်ကို မကြောက်ရွံ့။ ဆင်မြင်းနှင့် နွားလားဥသဘတို့မှာ သက္ကာယဒိဋ္ဌိ အားကြီးလွန်းသောကြောင့် မိမိအား ဆန့်ကျင်ရန်ပြု အန်တုသူကို မမြင်ရသောကြောင့် သေရမည်ကို မကြောက်ကြ။ သတ္တဝါအားလုံးတို့သည် (ဘေး) ဒဏ်မှ ထိတ်လန့်ကြကုန်၏။ သေရခြင်းကိုလည်း ကြောက်ရွံ့ကုန်၏။ မိမိနှင့် ဥပမာပြုနှိုင်းစာလျက် သတ္တဝါတို့ကို မညှဉ်းဆဲ၊ မသတ်ဖြတ်ရာ။

ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု ပြီး၏။

၂။ ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု (ဒုတိယ)

[ရိုက်ရန်လက်ဝါးပြ၍ ဆုံးမခံရသောရဟန်းများ]

ဆဗ္ဗဂ္ဂီရဟန်းကြီး ခြောက်ပါးအစုတို့က သတ္တရသဝဂ္ဂီ ၁၇-ပါးအစု ရဟန်းငယ်တို့ထံမှ ကျောင်းအိပ်ရာနေရာတို့ကို "ငါတို့သည် သင်တို့ထက် သိက္ခာဝါ ကြီးကြကုန်၏" ဟု ဆိုလျက် နေရာဝင်ယူကြရာမှ စိတ်ဆိုးမာန်ဆိုးဖြင့် သတ္တရသဝဂ္ဂီ ရဟန်းငယ် ၁၇-ပါးအစုကို ရိုက်ရန် လက်ဝါးမိုးလျက် ပြောဆိုကြသည်။ အပြောခံရသူ ရဟန်းငယ်တို့က ကြောက်ရွံ့ ထိတ်လန့်၍ အော်ဟစ်ကြရာမှ ဘုရားရှင် ကြားသိတော်မူပြီး ရဟန်းတို့ကို ခေါ်ယူဆုံးမသည်။ နောင်ကြဉ်စေရန်လည်း 'တလ သတ္တိက သိက္ခာပုဒ်' တော် ပညတ်

http://www.dhammadownload.com

သည်။ ထိုသိက္ခာပုဒ်အရ ရဟန်းအချင်းချင်း စိတ်ဆိုး၍ ရိုက်ရန် လက်ဝါးမိုး ပြလျှင် ထိုရဟန်းသည် ပါစိတ်အာပတ်သင့်သည်ဟု ပညတ်တော်မူပြီး ဘုရားရှင်သည် ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

၁၃၀။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတ္ဝာ၊ န ဟနေယ္ယ န ဃာတယေ။

ဒေသနာ၏အဓိပ္ပာယ်

၁၃၀။ သတ္တဝါ အားလုံးတို့သည် (ဘေး) ဒဏ်မှ ထိတ်လန့်ကြကုန်၏။ မိမိအသက်ကိုလည်း ချစ်မြတ်နိုးကြကုန်၏။ မိမိနှင့် ဥပမာပြု နှိုင်းစာလျက် သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်ရာ။

ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု (ဒုတိယ) ပြီး၏။

၃။ လူငယ်တစ်စုတို့ဝတ္ထု

[မြွေကိုက်မည်စိုး၍ မြွေကိုရိုက်နေသူ လူငယ်တစ်စု]

ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်အတူ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူသည်။ လမ်းတစ်နေရာ၌ လူငယ်တစ်စုတို့သည် မြွေတစ်ကောင်ကို တုတ်၊ လှံ စသည်တို့ဖြင့် ရိုက်နှက် ပုတ်ခတ်နေကြသည်။ ဘုရားရှင်က မေးသောအခါ "ကိုက်မှာကြောက်၍ ရိုက်နှက်ကြပါသည်" ဟု ဖြေကြားကြသည်။ ထိုအခါ ဘုရားရှင်က မိမိ၏ ချမ်းသာခြင်းကို အလိုရှိ၍ ဤမြွေကို ပုတ်ခတ်သဖြင့် ထိုသူသည် နောင်ဖြစ်ရာဌာန ဘုံဘဝ၌ ချမ်းသာခြင်းကို မရရှိနိုင်။ မိမိ၏ ချမ်းသာခြင်းအတွက် သူတစ်ပါးကို မညှဉ်းဆဲ မပုတ်ခတ်ရာ" ဟု ဆုံးမလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ လူငယ်တစ်စုတို့ သောတာပန် ဖြစ်ကြကုန်၏။

http://www.dhammadownload.com

၁၃၁။ သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ'မေသာနော၊ ပေစ္စသော န လဘတေ သုခံ။
၁၃၂။ သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန န ဟိ သတိ။
အတ္တနော သုခ မေသာနော၊ ပေစ္စသော လဘတေ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၁၃၁။ ချမ်းသာသုခကို အလိုရှိ၍ ရှာဖွေနေသောသူသည် မိမိကဲ့သို့ ချမ်းသာသုခကို အလိုရှိကုန်သော သတ္တဝါတို့အား တုတ်၊ လုံ့ စသည်တို့ဖြင့် မညှဉ်းဆဲရာ။ ထို့သို့ ညှဉ်းဆဲသောသူသည် နောင်တမလွန် ဘဝ၌ ချမ်းသာသုခကို မရရှိနိုင်။

၁၃၂။ ချမ်းသာသုခကို အလိုရှိ၍ ရှာဖွေနေသောသူသည် မိမိကဲ့သို့ ချမ်းသာသုခကို အလိုရှိကုန်သော သတ္တဝါတို့အား တုတ်၊ လုံ့ စသည်တို့ဖြင့် မညှဉ်းဆဲ။ ထိုမညှဉ်းဆဲသူသည် နောင်တမလွန်ဘဝ၌ ချမ်းသာသုခကို ရနိုင်၏။

လူငယ်တစ်စုတို့ဝတ္ထု ပြီး၏။

၄။ ကောဏ္ဍမာနမဏေရ်ဝတ္ထု

[သွားလေရာသို့ မိန်းမအမြဲ လိုက်ပါခံနေရသောရဟန်း]

သာဝတ္ထိပြည်သား ဓာနအမည်ရှိသူ တစ်ဦးသည် သာသနာတော်၌ သက်ဝင်ယုံကြည်သဖြင့် ရှင်ရဟန်းပြုလာခဲ့သည်။ ရဟန်းဖြစ်သောနေ့မှစ၍ သူ့နောက်သို့ မိန်းမပုံသဏ္ဌာန်တစ်ခု အမြဲလိုက်ပါနေသည်။ ရွာတွင်းသို့ ဆွမ်းခံကြွသောအခါ ဆွမ်းလောင်းသူတို့က ဆွမ်းနှစ်ဖွန်းကို လောင်းလှူပြီး နှုတ်မှ "တစ်ဖွန်းသည် အရှင်ဘုရားအတွက်၊ ကျန်နောက်တစ်ဖွန်းကမူ အရှင်ဘုရား၏ နောက်ပါမိန်းမအတွက်" ဟု ပြောကာ လောင်းလှူကြသည်။ နောက်မှ

http://www.dhammadownload.com

အမြဲလိုက်ပါနေသော ထိုမိန်းမကို အခြားသူတို့က မြင်ကြသော်လည်း ရဟန်းကိုယ်တိုင်ကမူ လုံးဝ မမြင်ရပေ။

မထေရ်၏ အတိတ်ကံ

ဤမထေရ်သည် ကဿပဘုရားရှင် လက်ထက်တော်က တာဝတိံသာနတ်ပြည်မှ နတ်သားတစ်ဦးဖြစ်သည်။ အလွန်ခင်မင်ရင်းနှီးကြသော ရဟန်းနှစ်ပါး ဥပုသ်ပြုရန် ဥပုသ်သိမ်သို့ လာကြစဉ် လမ်းခရီး၌ တစ်ပါးသည် ကိုယ်လက်သုတ်သင်ရန် ချုံတစ်ခုအတွင်းသို့ ဝင်သည်။ ကျန်ရဟန်းတစ်ပါးက ခပ်လှမ်းလှမ်းမှ စောင့်နေသည်။ ကိုယ်လက်သုတ်သင်ပြီး ချုံထဲမှထွက်လာသော ရဟန်းနောက်၌ မိန်းမတစ်ယောက် ပါလာသည်။ ထိုမိန်းမသည် ကပိုကရိုဖြစ်နေသော ထဘီအင်္ကျီကို ပြင်ဝတ်ရင်း လိုက်ပါလာသည်ကို စောင့်နေသောရဟန်းက မြင်၍ "သင်နှင့်အတူ ရှေ့ဆက်၍ ခရီးမသွားနိုင်။ ဥပုသ်လည်း အတူမပြုနိုင်။ သင်သည် ရဟန်းမဟုတ်တော့" ဟု ပြောသည်။

ထိုအခါ နတ်သားက နောက်မှလိုက်နေသူမှာ မိန်းမအစစ်မဟုတ်။ အရှင်ရဟန်းနှစ်ပါးတို့ ခင်မင်မှုကို စူးစမ်းကြည့်လို၍ မိန်းမပုံသဏ္ဌာန် ဖန်ဆင်းလျက် လိုက်ပါခဲ့ခြင်း ဖြစ်ပါသည်ဟု ဖြေရှင်းလျှောက်ထားသည်။ ထို့နောက် ရဟန်းနှစ်ပါးတို့ ညီညွတ်သွားခဲ့ကြသည်။ ဤသို့ပြုခဲ့သော မကောင်းမှုကံကြောင့် နတ်သား စုတေသော် ငရဲ၌ ကြာမြင့်စွာကျခဲ့ရပြီး ယခုဘဝ၌ သာဝတ္ထိပြည်သား ဖြစ်လာရခြင်း ဖြစ်သည်။

နောက်မှ မိန်းမလိုက်ပါနေသည်ကို မြင်တွေ့နေရသဖြင့် ရဟန်းများက ထိုရဟန်းကို လူညှန့်တုံးနေသော ရဟန်း (ကောဏ္ဍ = လူညှန့်တုံးနေသော၊ ဓာန = ဓာနရဟန်း) ဟု ပြောဆိုရာမှ ဤရဟန်း၏ ဘွဲ့တော်သည် **ကောဏ္ဍဓာန**ဟု ဖြစ်လာရသည်။ အခြားရဟန်းတို့ကလည်း ထိုအကြောင်းများကို ကျောင်းဒါယကာ၊ ဒါယိကာမကြီးများ ဖြစ်ကြသည့် အနာထပိဏ်၊ ဝိသာခါစသူတို့ကို အသိပေးသည်။ ထိုအခါ အနာထပိဏ် ဝိသာခါတို့က ဘုရားရှင်သာ သိနိုင်ပေသည်ဟု သဘောထားကာ တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ခြင်း မပြုကြပေ။ ထို့ကြောင့် နောက်ဆုံးတွင် ရဟန်းတို့သည် ကောသလမင်းကြီးအား အသိပေးကြပြန်သည်။

http://www.dhammadownload.com

ကောသလမင်းကြီးက စုံစမ်းပြီ

ကောသလမဲင်းကြီးသည် အရှင်ကောဏ္ဍာဓာနကျောင်းသို့ ညဉ့်အခါတွင် နောက်ပါတို့ကို ခေါ်လျက် ကိုယ်တိုင် သွားရောက်စုံစမ်းသည်။ မင်းကြီး ရောက်လာသောအခါ မထေရ်သည် သက်ိန်းချုပ်နေပြီး မထေရ်နှင့် မလှမ်း မကမ်းအရပ်၌ မိန်းမတစ်ယောက် ရပ်နေသည်ကို မင်းကြီး မြင်တွေ့ရသည်။ ကျောင်းအတွင်း မထေရ်ဝင်သွားသောအခါ လိုက်ကြည့်သော် ထိုမိန်းမကို မတွေ့ရ။ ကျဉ်းမြောင်းလှသော ကျောင်းခန်းကလေးဖြစ်၍ ပုန်းအောင်းစရာ နေရာကိုလည်း မင်းကြီး မမြင်ခဲ့ပေ။

သို့ဖြင့် မင်းကြီးသည် မိန်းမအစစ်အမှန် မဟုတ်နိုင်။ ပြုခဲ့ဖူးသော အကုသိုလ်ကံ၏အကျိုးဝိပါက် ဝဋ်လိုက်ခံရခြင်းပင် ဖြစ်မည်ဟု ဆုံးဖြတ်လျက် "အရှင်ဘုရား ဤသို့ အကုသိုလ် အနှောင့်အယှက်ခံနေရသူအတွက် ဆွမ်း ဘောဇဉ်ရဖို့ ခက်ခဲနိုင်ပါသည်။ တပည့်တော် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်းပါမည်" ဟု လျှောက်ထားကာ ထိုရဟန်းအား လျှောက်ထားခဲ့သည့် အတိုင်း လှူသည်။

ရဟန္တာဖြစ်ပြီ

ကောသလမင်းကြီးသည် ရဟန်းတို့အား ကောဏ္ဍာဓာနမထေရ်၏ အကြောင်းကို စုံစမ်းပြီး လိုအပ်သလို ဆောင်ရွက်ပေးမည်ဟု ကတိပေးခဲ့သည်။ ယခုအခါ ကောဏ္ဍာဓာန မထေရ်ကို တစ်စုံတစ်ရာ အရေးယူခြင်း မပြုလုပ်ဘဲ အားပေးအားမြှောက်ပင်ပြုကာ ပစ္စည်းလေးပါးပင် လှူနေပြီ။ ထို့ကြောင့် မင်းကြီး သည်လည်း မထေရ်ကဲ့သို့ပင် လူညွှန့်တုံးသူဖြစ်သွားပြီ စသည်ဖြင့် မင်းကြီး ကိုရော မထေရ်ကိုပါ အပြစ်တင်ကြသည်။

ထိုအခါ ကောဏ္ဍာဓာနမထေရ်က ထိုရဟန်းများအား ကြမ်းတမ်းသော စကားများဖြင့် ပြန်ပြော၍ ဘုရားရှင်က ခေါ်တော်မူကာ "ချစ်သား၊ သင်သည် ရှေးကပြုခဲ့မိသော မကောင်းမှုကံကြောင့် ဤအဖြစ်သို့ ရောက်ရ၏။ ထို့ကြောင့် ထိုသို့ ယုတ်မာသော အပြောအဆို အယူအကျင့်ကို မပြုနှင့်" ဟု ဆုံးမသည်။

http://www.dhammadownload.com

ဆုံးမသည့်အတိုင်း လိုက်နာကျင့်ကြံသဖြင့် အရှင်ကောဏ္ဍာဓာနသည် တရား သိကာ ရဟန္တာ ဖြစ်တော်မူသည်။ ရဟန္တာဖြစ်တော်မူပြီးနောက် ကောင်းကင်သို့ တက်ကြွသွားတော်မူကာ စာရေးတံအလှူကို ခံယူလေသည်။

ထိုအကြောင်းများနှင့် ဆက်စပ်ကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၃၃။ မာဝေါစ ဖရုသံ ကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယ္ယု တံ၊
ဒုက္ခာဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယ္ယု တံ။

၁၃၄။ သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ၊
ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၃၃။ တစ်စုံတစ်ဦးကိုမျှ ကြမ်းတမ်းသောစကားကို မပြောဆိုရာ။ ပြောလျှင် သင့်ကိုလည်း ကြမ်းတမ်းစွာ ပြန်ပြောကြပေလိမ့်မည်။ ချုပ်ချယ်လွန်းသော စကားသည် ဆင်းရဲဒုက္ခကို ဖြစ်စေခြင်း၏ အကြောင်းတည်း။ သူတစ်ပါးကို ဒဏ်ပြုလျှင် အတုံ့အလှည့်အနေဖြင့် မိမိလည်း တန်ပြန်ခံရ၏။

၁၃၄။ အနားစုတ်ပြတ် ကွဲအက်သော ကြေးဖလား (ခေါင်းလောင်း) သည် အသံမထွက် ငြိမ်သက်နေသကဲ့သို့ မိမိကိုယ်ကို ငြိမ်သက် တည်ကြည် အောင် စောင့်ရှောက်သူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏။ ထိုသူ၌ ချုပ်ချယ်သောသဘောသည် မရှိပေ။

ကောဏ္ဍာဓာနမထေရ်ဝတ္ထု ပြီး၏။

---

* ဤကောဏ္ဍာဓာနဝတ္ထု၌ ကုဏ္ဍာဓာနဟု အရှိုက စာလုံးပေါင်းကြသည်။ တာဝတိံသာမှ နတ်သားကိုလည်း ရုက္ခဒေးဟု ကွဲပြားသော အရေးအသားအရှိုး ရှိသည်။

http://www.dhammadownload.com

၅။ ဥပုသ်သည် အမျိုးသမီးများဝတ္တု

[ကိုယ့်ဆုတောင်းနှင့်ကိုယ် ဥပုသ်စောင့်နေသူများ]

ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါသည် ကျောင်း၌ ဥပုသ်သီတင်း စောင့်သုံးနေသူ အမျိုးသမီးငါးရာတို့အား အုပ်စုလေးစုခွဲလျက် ဥပုသ်စောင့်ခြင်း၏ ရည်ရွယ်ချက်ကို မေးကြည့်သည်။ အသက်အကြီးဆုံး အုပ်စုဝင် အမျိုးသမီးတို့က "နတ်စည်းစိမ်ကို ခံစားလိုသည့်ဆန္ဒဖြင့် ဥပုသ်သီတင်း စောင့်သုံးကြပါသည်" ဟု ဖြေကြားကြသည်။ ဒုတိယအုပ်စုတွင် အရွယ်အလတ် အမျိုးသမီးတို့က "လင်တူမယား ရန်သူမများနှင့် အတူတကွ စုပေါင်းနေထိုင်ရခြင်းမှ ကင်းလွတ်စိမ့်သောငှာ ဥပုသ်သီတင်း ကျင့်သုံးကြပါသည်" ဟု ဖြေကြားကြသည်။ တတိယအုပ်စုဝင် အိမ်ထောင်ကျခါစ မိန်းမငယ်တို့က "သားဦးယောကျ်ားကလေးကို မွေးဖွားစိမ့်သောငှာ ဥပုသ်သီလ ကျင့်သုံးကြပါသည်" ဟု လည်းကောင်း၊ အပျိုအုပ်စုဝင် အမျိုးသမီးငယ်တို့က အရွယ်မလွန်မီ လင်အိမ်သို့ လိုက်နိုင်ရန် ဥပုသ်သီတင်း စောင့်ကြပါသည်" ဟု လည်းကောင်း မိမိတို့၏ ရည်ရွယ်ချက် အသီးသီးကို ပြောပြကြသည်။

ဘုရားရှင်ထံ ခေါ်သွားသော်

ကျောင်းအမကြီး ဝိသာခါသည် ဥပုသ်သည် အမျိုးသမီး အားလုံးကို ခေါ်ဆောင်လျက် ဘုရားရှင်ထံ သွားပြီး အုပ်စုလေးစု၏ အဖြေအသီးသီးကို လျှောက်ကြားသည်။ ထိုအခါ ဘုရားရှင်က လူ့ဘဝသို့ ပဋိသန္ဓေနေရခြင်းဖြင့် စတင်ရောက်လာပြီး အိုရ၊ နာရ၊ သေရခြင်း ဆင်းရဲဆီသို့ နေ့စဉ် တရွေ့ရွေ့ သွားနေရပါလျက် ထိုဝဋ်ဒုက္ခတို့မှ ကင်းရာနိဗ္ဗာန်သို့ရောက်ဖို့ ဆုတောင်းရမည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ အမျိုးသမီးများစွာတို့ သောတာပန် ဖြစ်သွားကြသည်။

ဘုရား။ ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

http://www.dhammadownload.com

အသနာ၏အဓိပ္ပာယ်

၁၃၅။ နွားကျောင်းသားသည် နင်တဲဖြင့် နွားတို့ကို စားကျက်ဆီသို့ မောင်းနှင်နေဘိသကဲ့သို့ အိုခြင်း၊ သေခြင်းတရားသည် သတ္တဝါတို့၏ အသက်ကို သေမင်းနိုင်ငံသို့ ပို့နေသည်။

ဥပုသ်သည် အမျိုးသမီးများဝတ္ထု ပြီး၏။

၆။ စပါးကြီးမြွေပြိတ္တာဝတ္ထု

• [ဂန္ဓကုဋီကျောင်းတော် မီးရှို့ခဲ့၍ ဒုက္ခခံနေရသူ]

အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်လက္ခဏမထေရ်တို့ ဂိဇ္ဈကူဋ်တောင်မှ ဆင်းလာပြီး ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွစဉ် ဒီဗ္ဗစက္ခု အဘိညာဉ်ဖြင့် စပါးကြီးမြွေပြိတ္တာကို တွေ့မြင်ကြသည်။ မြွေပြိတ္တာကြီးသည် ခြေထောက်မှ ဦးခေါင်းသို့၊ ဦးခေါင်းမှခြေထောက်သို့ အလှည့်ပြောင်ပြောင် တောက်လောင်နေသော မီးတောက်အကြား၌ အသက်ရှင်ကာ ဒုက္ခခံနေရရှာသည်။ ထိုအဖြစ်ကို မြင်တွေ့ရသော အခါ အရှင်မဟာမောဂ္ဂလာန်က ပြုံးတော်မူသည်။ အရှင်လက္ခဏက ထိုကဲ့သို့ ပြုံးတော်မူရခြင်းအကြောင်းကို လျှောက်ထားမေးမြန်းရာ ဖြေကြားခြင်းမပြုဘဲ ဘုရားရှင်ရှေ့တော်သို့ ရောက်သောအခါမှသာ ရှင်မောဂ္ဂလာန်က ဖြေကြားသည်။ ထိုအခါ ဘုရားရှင်ကလည်း ဤမြွေပြိတ္တာကို ဘုရားဖြစ်တော်မူစကပင် တွေ့မြင်ခဲ့သည်ဟု မိန့်တော်မူလျက် မြွေပြိတ္တာ၏ အတိတ်ကို ဟောကြားပြတော်မူသည်။

မြွေပြိတ္တာ၏ အတိတ်ဘဝ

ကဿပဘုရားရှင်လက်ထက်တော်တွင် ဤစပါးကြီး မြွေပြိတ္တာသည် ခိုးဆိုးလုယက် ဖျက်ဆီးသူ လူရမ်းကားတစ်ယောက် ဖြစ်ခဲ့သည်။ ညဉ့်ဘက်

http://www.dhammadownload.com

တွင် ခိုးဆိုးပြီး နေ့ဘက်၌ မြို့တံခါးဝရှိ ဇရပ်ပေါ်၌ တက်အိပ်နေသည်။ သူ့ကို သုမင်္ဂလသူဌေးကြီးက မြင်တွေ့သွားသည်။ ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ခေါင်းမြီးခြုံလျက် ခြေထောက်တွင် ရွံများပေကာ အိပ်နေသဖြင့် သူဌေးကြီးက "ဤသူသည် ညဉ့်ဘက်၌ လှည့်လည် ခိုးဆိုးပြီး နေ့ဘက် ဇရပ်ပေါ် တက် အိပ်နေသူ ဖြစ်မည်" ဟု မှတ်ချက်ချ ပြောသည်။ ထိုပြောသံကို အိပ်နေရင်း ကြားသဖြင့် သူဌေးကြီးအပေါ် ရန်ငြိုးထားသည်။

ထိုရန်ငြိုးကြောင့် သူဌေးကြီးပိုင် လယ်များကို ခုနစ်ကြိမ်တိုင် ဖျက်ဆီးသည်။ နွားခြံမှ နွားများ၏ ခြေထောက်တို့ကိုလည်း ခုနစ်ကြိမ်ခုတ်ဖြတ်သည်။ သူဌေးအိမ်ကို မီးရှို့သည်။ သူဌေးကြီး လှူဒါန်းထားသော ဂန္ဓကုဋီကျောင်းတော်ကိုလည်း ကဿပဘုရားရှင် ဆွမ်းခံထွက်ကြွစဉ် ဝင်၍ မီးရှို့ဖျက်ဆီးသည်။ နောက်ဆုံး အခြေအနေပေးလျှင် သူဌေးကိုသတ်ရန် ဓားကို ဆောင်ထားသည်။

သူဌေးကြီး အမျှဝေပုံ

သုမင်္ဂလ သူဌေးကြီးသည် မီးလောင်သွားသော ဂန္ဓကုဋီကျောင်းတော်ကို ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ပြန်လည် ဆောက်လုပ်ပြီး ကျောင်းလှူဒါန်း ပူဇော်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ထိုကျောင်း ပူဇော်ပွဲပြီး၍ အမျှဝေသောအခါ "သူ့အကျိုးစီးပွားများကို ဖျက်ဆီး၍ ကျောင်းတော်ကိုပါ မီးရှို့ခဲ့သူ ထိုပုဂ္ဂိုလ်ကြောင့် ယခုတစ်ဖန် ဤကျောင်းတော်ကို လှူရသည်။ ဤအလှူ၌ ရရှိသော ကုသိုလ်ကို ထိုပုဂ္ဂိုလ်အား ဦးစွာ အမျှပေးဝေပါ၏ ဘုရား" ဟု အမျှပေးဝေသည်။

အဲမျှဝေသံကြား၍ နောင်တရ

သူဌေး၏ အမျှဝေသံကို ကြားသော် ခိုးသားသည် နောင်တကြီးစွာရလျက် သူဌေး ခြေရင်း၌ဝပ်စင်း တောင်းပန်ကာ သူ လုပ်ခဲ့သည့် အဖျက်လုပ်ငန်းများအား ကြောင်း ပြန်ပြောပြသည်။

http://www.dhammadownload.com

သူဌေးကြီးက အဘယ့်ကြောင့် ဤမကောင်းမှုများ ပြုသနည်းဟုမေးရာ ဧရပ်ပေါ်၌ အိပ်နေစဉ် သူဌေးကြီးပြောသော မှတ်ချက်စကားကြောင့် ရန်ငြိုးထားပြီး ပြုလုပ်ခဲ့ပါသည်ဟု ဖြေကြားသည်။ ထိုအခါ သူဌေးကြီးက သင့်အပြစ်ကို ငါ သည်းခံခွင့်လွှတ်ပါသည်။ ငါပြောခဲ့သော စကားကိုလည်း သည်းခံပါဟု ပြန်ပြောသည်။

ကျွန်ပြုပြီး အိမ်မှာထားပါ

သူဌေးကြီးက အမျှပေးဝေကာ သူ့ကို ခွင့်လွှတ်သည်ဟု ပြောသော် ဖျက်ဆီးမှုအမျိုး ပြုလုပ်ခဲ့သူက "သူနှင့် သူ့မယားရော မိသားစုအားလုံးကိုပါ ကျွန်ပြုလျက် အိမ်မှာထားပါ" ဟု တိုက်တွန်းသေးသည်။ သို့သော် သူဌေးကြီးက လက်မခံပေ။ ထို့နောက် သူ ကွယ်လွန်သွားသောအခါ အဝီစိငရဲ၌ ကမ္ဘာများစွာ ခံခဲ့ရသည်။ ယခုဘဝ၌လည်း စပါးကြီးမြွေပြိတ္တာကြီး ဖြစ်လျက် ဂိဇ္ဈကူဋ်တောင်၌ မီးလောင်ခံနေရသော ဒုက္ခကို ခံနေရခြင်း ဖြစ်သည်။ ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

၁၃၆။ အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ၊
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎောဝ တပ္ပတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၃၆။ လူမိုက် လူရမ်းကားသည် မကောင်းမှုမျိုးစုံကို ပြုလုပ်စဉ်က ထိုမကောင်းကျိုးကို ခံရမည်ဟု မသိ။ သူပြုခဲ့သော မကောင်းမှုကံကြောင့် မကောင်းကျိုးကို ခံရသောအခါ မီးလောင်ခံနေရသူကဲ့သို့ ဆင်းရဲစွာ ပူလောင်ရ၏။

စပါးကြီးမြွေပြိတ္တာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ အရှင်မောဂ္ဂလာန်မထေရ်ဝတ္ထု

[မပြစ်မှားသင့်သူ ပြစ်မှားမိသော အကုသိုလ်အကျိုး]

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလကတည်းက အဂ္ဂသာဝက လက်ဝဲတော်ရဲဆုကိုပန်ကာ ပါရမီ တော်များ ဖြည့်ကျင့်ခဲ့သည်။ ဤဘုရားရှင် လက်ထက်ရောက်သော် ဆုပန်ခဲ့ သည့်အတိုင်း ဘုရားရှင်၏ လက်ဝဲတော်ရဲ အဂ္ဂသာဝက ရဟန္တာကြီး ဖြစ် တော်မူလာသည်။

လုပ်ကြံသတ်ဖြတ်ကြမည်

တိတ္ထိတို့သည် ဤမထေရ်ကြီးကြောင့် ရဟန်းကြီး ဂေါတမသည် လာဘ် လာဘ ပေါများနေရသည်။ လူနတ်ဗြဟ္မာ သုံးလောကသားတို့ ရဟန်းကြီး ဂေါတမကို ကြည်ညိုး၍ လှူဒါန်းနေကြခြင်းမှာ ဤမထေရ်ကြီးကြောင့် ဖြစ် သည်။ ဤမထေရ်ကြီးသည် အထက် နတ်ပြည်၊ ဗြဟ္မာ့ပြည်နှင့် အောက် အပါယ်လေးဘုံတို့သို့ ကြွချီလျက် ထိုပုဂ္ဂိုလ်တို့၏ အကြောင်းအရာ အဖြစ် အပျက်ကို မေးမြန်းကာ ပြန်လည် ဟောပြောနိုင်သူ ဖြစ်သည်။ ထို့ကြောင့် ဤမထေရ်ကို လုပ်ကြံလိုက်လျှင် ရဟန်းကြီး ဂေါတမထံ ရောက်နေသော သုံးလောကသားများနှင့် လာဘ်လာဘတို့သည် ဘို့ထံသို့ ရောက်လာရမည် ဟု စည်းဝေးဆုံးဖြတ်ကာ မထေရ်ကြီးကို လုပ်ကြံဖို့ နည်းမျိုးစုံဖြင့် ကြံစည် နေခဲ့ကြသည်။

ပျံလွန်တော်မူပြီဟု ယူဆကာ ပစ်ထားခဲ့ပြီ

ထို့နောက် တိတ္ထိတို့သည် ခိုးသားများအား ငွေပေးကာ ရှင်မဟာ မောဂ္ဂလာန်မထေရ် သီတင်းသုံးနေသော ကလသိဂိလိတောင်ရှိ ကာလသိလာ မည်သော ကျောက်လိုဏ်ဂူသို့ စေလွှတ်သည်။ မထေရ်ကြီးသည် သူ့ကို လုပ် ကြံရန် ခိုးသားတို့ လာဝိုင်းနေပြီကိုသိ၍ တန်ခိုးတော်ဖြင့် နှစ်ကြိမ်တိုင် လွတ် မြောက်အောင် ထွက်တော်မူခဲ့သည်။ သုံးကြိမ်မြောက် လာဝိုင်းသောအခါ၌မူ မထေရ်သည် အတိတ်က မိမိပြုခဲ့သော အကုသိုလ်ကံဟောင်း၏ ဆွဲငင်သည့်

http://www.dhammadownload.com

အဖြစ်ကို သိသောအခါ လိုဏ်ဂူအပြင်သို့ ထွက်ကြွတော်မမူတော့ပေ။ ခိုးသားတို့သည် မထေရ်မြတ်ကြီး၏ တစ်ကိုယ်လုံးရှိ အရိုးများ ကျိုးကြေမွအောင် ရိုက်နှက်ပြီး ပျံလွန်တော်မူပြီဟု ယူဆကာ ပစ်ထားခဲ့ကြသည်။

နောက်ဆုံး တွေ့မြင်ရခြင်းဖြစ်၍ တရားဟောခဲ့ပါ

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် ကြေမွနေသော ခန္ဓာကိုယ်ကို တန်ခိုးတော်ဖြင့် ပြန်လည် စုစည်းကာ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံ ကြွသွားတော်မူပြီး "အရှင်ဘုရား၊ တပည့်တော် မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုပါတော့မည် ဘုရား" ဟု လျှောက်ထားသည်။ ဘုရားရှင်က "ချစ်သား၊ သင်ကဲ့သို့သော သာဝကကို နောက်ဆုံး တွေ့မြင်ရခြင်းဖြစ်သည်။ ငါ့အား တရားဟောကြားလျက် တန်ခိုးပြာဋိဟာ၌ပြခဲ့ပါ" ဟု မိန့်တော်မူသဖြင့် အမျိုးမျိုးသော တန်ခိုးပြာဋိဟာများ ပြသည်။ ထို့နောက် တရားတော်များ ဟောကြားပြီးလျှင် ဣသိဂိလိတောင်ရှိ ကာလသိလာကျောက်လိုဏ်ဂူသို့ ပြန်ကြွတော်မူကာ ပရိနိဗ္ဗာန်စံတော်မူသည်။

ခိုးသားတို့ကို ဖမ်းမိ

အဇာတသတ်မင်းသည် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးကို ခိုးသားတို့ ရိုက်နှက်သဖြင့် ပရိနိဗ္ဗာန်စံပြီဟူသော သတင်းကို ကြားသည်နှင့် တရားခံ ခိုးသားတို့ကို ဖမ်းမိစေရန် သူလျှိုများကို စေလွှတ်၍ စုံစမ်းစေသည်။ ရိုက်နှက်မှုတွင် ပါဝင်သော ခိုးသားအချို့တို့သည် သေတင်းကုပ်၌ အရက်မူး၍ ရန်ဖြစ်ရာမှ သဲလွန်စရကာ အားလုံးကို ဖမ်းမိသည်။

ဖမ်းမိသူများတွင် စေခိုင်းသူ တိတ္ထိများ၊ အကြံပေးသူ၊ သဖော်ဆိုးဖက် ရိုက်နှက်သူများနှင့် ငွေပေးသူများ ပါဝင်သည်။ သူတို့အား နန်းရင်ပြင်၌ ချက်အထိ နက်သောတွင်းများ တူးစေကာ မတ်တတ်မြှုပ်လျက် အပေါ်မှ ကောက်ရိုးပုံပြီး မီးလောင်တိုက်သွင်းစေသည်။ မီးလောင်ထားသော ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုလည်း ဝဲသထွန်သွားများဖြင့် အပိုင်းပိုင်းပြတ်အောင် တိုက်ပစ်စေသည်။

http://www.dhammadownload.com

ရဟန်းတော်တို့သည် တရားသဘင်၌ စုဝေးကာ အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် မလျောက်ပတ် မလျော်ကန်သောနည်းဖြင့် ပရိနိဗ္ဗာန်စံရပုံ အကြောင်းကို ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာတော်မူကာ မထေရ်ကြီး၏ အတိတ်အကုသိုလ်ကံအကြောင်းကို ဟောတော်မူသည်။

မထေရ်ကြီး၏ အတိတ်ဘဝ

ဤမထေရ် လောင်းလျာသည် လွန်ခဲ့သော အတိတ်ဘဝ တစ်ခုခု၌ ဗာရာဏသီပြည်သား ဖြစ်ခဲ့သည်။ မျက်မမြင်မိဘများကို လုပ်ကျွေးနေသူ ဖြစ်သည်။ အိမ်ထောင်ကျသောအခါ ဇနီးကိုခေါ်ကာ မိဘတို့အိမ်၌ပင် အတူနေထိုင်ကြသည်။ ဇနီးသည်က အိမ်ထောင်ကျကာစ ရက်များတွင် မျက်မမြင် မိအိုဖအိုတို့ကို ပြုစုလုပ်ကျွေးပါသေးသည်။ ရက်အတန်ကြာသော် ထိုကဲ့သို့ ပြုစုလုပ်ကျွေးရသည်ကို ငြီးငွေ့စ ပြုလာသည်။ ဆူဆူပူပူ ဆောင့်ဆောင့်အောင့်အောင့် လုပ်လာသည်။ စေတနာပါဖို့ဝေးစွ၊ လှည့်ရုံမျှပင် မကြည့်ချင်တော့ပေ။ ထိုအခါ မယားလုပ်သူက "မောင့်မိဘများနှင့်အတူ မနေချင်တော့ဘူး၊ လုပ်ပေးသမျှကိုလည်း မခံကြဘူး။ ပြီးတော့ သိပ်ပြီး ညစ်ပတ်ကြတာပဲ။ တစ်အိမ်လုံးသူတို့ ဖွထားတာတွေ ရှင်းရတာနဲ့ သေတော့မယ်" ဟု မိဘတို့ မကောင်းကြောင်းကို အကြိမ်ကြိမ်အခါခါ ပြောဆိုသည်။ ပြောဖန်များသော် ဇနီးစကားကို ယုံကာ ဆွေမျိုးများထံသွားရန်ဟု အကြောင်းပြလျက် မိဘနှစ်ပါးကို လှည်းဖြင့်တင်ပြီး တောတွင်းတစ်နေရာသို့ ခေါ်ခဲ့သည်။ တောတွင်း ရောက်သော် နွားကြိုးကို ဖခင်၏လက်ထဲသို့ ထည့်ပေးကာ လှည်းအောက်သို့ ဆင်းသွားသည်။ ခေတ္တအကြာတွင် ခိုးသားများကဲ့သို့ အယောင်ဆောင်လျက် မိမိ အသံကို ပြောင်းကာ မိဘများကို ခြိမ်းခြောက်သည်။ ထို့နောက် မိဘများအား ရိုက်နှက်သတ်ဖြတ်ကာ တောတွင်း၌ပင် ပစ်ထားခဲ့သည်။ ဤအကုသိုလ်ကံကြောင့် နှစ်သန်းပေါင်းများစွာ ငရဲ၌ ခံခဲ့ရသည်။ ငရဲမှလွတ်သော် ဝိပါက်ကြမ္မာ မကုန်သေးသဖြင့် ဘဝပေါင်းတစ်ရာမျှ ရိုက်နှက်သတ်ဖြတ်ခံခဲ့ရသည်။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၅၇။ သီလနှင့် ပြည့်စုံ၍ မမေ့မလျော့ နေလေ့ရှိသည့်အပြင် တရားမှန်ကို ကောင်းစွာသိပြီး ကိလေသာမှ လွတ်မြောက်သူတို့၏ သွားရာခရီးကို မာရ်နတ် ရှာမတွေ့နိုင်၊ မသိနိုင်။

ကေဓိကမထေရ်ဝတ္ထု ပြီး၏။

၁၂။ ဂရဟဒိန္နသုကြွယ်ဝတ္ထု

[တပည့်သာဝကတို့တွင် ဗုဒ္ဓ၏တပည့်ကသာလွန်ပုံ]

သာဝတ္ထိမြို့သားများဖြစ်သော ဂရဟဒိန္နနှင့် သီရိဂုတ္တာသုကြွယ်တို့သည် ခင်မင်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်သော်လည်း ကိုးကွယ်မှုဌာန မတူ ယောက်နှင့်တစ်ယောက် မတူကြ။ ဂရဟဒိန္နက တိတ္ထိတို့ကို ကိုးကွယ်ပြီး သီရိဂုတ္တာက ဘုရားရှင်ကို ကိုးကွယ်သည်။ သို့ရာတွင် သူတို့နှစ်ယောက်စလုံးပင် သောတာပန်ဖြစ်နိုင်သည့် ဥပနိဿယရှိသူများ ဖြစ်ကြသည်။

တစ်နေ့တွင် ဂရဟဒိန္နက "သူ၏ဆရာ တိတ္ထိကြီးများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့်ဆိုင်သော အကြောင်းအရာအားလုံးကို သိသည်။ မသိသောအရာမရှိ" ဟု ပြောပြသည်။

သီရိဂုတ္တာသည် တိတ္ထိတို့၏ ကျင့်စဉ်နှင့် ဝါဒကို သိသင့်သလောက် သိသည်။ တိတ္ထိတို့သည် လေးနက်သော အသိဉာဏ်ဝိဇ္ဇာနှင့် မှန်ကန်သော အကျင့်စရဏရှိသူများ မဟုတ်။ သို့ဖြင့် လက်တွေ့စမ်းသပ်ရန် ဂရဟဒိန္နကို ဤသို့ ပြောလိုက်သည်။

ဆွမ်းစားပင့်ပေးပါ

"သူငယ်ချင်း၊ မင့်ဆရာကြီးများကို မနက်ဖြန် ငါ့အိမ်သို့ ဆွမ်းစားကြွဖို့ ပင့်ဖိတ်ပေးပါ"

http://www.dhammadownload.com

မပြစ်မှားသင့်သူ ပြစ်မှားလျှင်

ခိုးသားတို့ မီးလောင်တိုက်သွင်းကာ သတ်ဖြတ်ခံရခြင်းမှာလည်း မပြစ်မှားသင့်သူကို ပြစ်မှား၍ ပြစ်ဒဏ်များခံရခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်များကို ဟောတော်မူသည်။

၁၃၇။ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။
၁၃၈။ ဝေဒနံ ဖရုသံ ဇာနिं၊ သရီရဿ ဝ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။
၁၃၉။ ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ၊
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုနံ။
၁၄၀။ အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော၊
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၃၇။ အပြစ်မရှိသူ၊ မပြစ်မှားထိုက်သူ (ရဟန္တာပုဂ္ဂိုလ်) တို့ကို တုတ်၊ လုံ စသည်ဖြင့် ပြစ်မှားသူသည် ဒုက္ခရောက်ကြောင်း ဒဏ် ၁၀ ပါးတို့တွင် တစ်ပါးပါးသို့ အမြန်ကျရောက်ခံစားရတတ်သည်။

၁၃၈/၁၃၉/၁၄၀။ ဒဏ် ၁၀ ပါးဟူသည်မှာ (၁) ပြင်းထန်သော ရောဂါခံစားရခြင်း၊ (၂) ဥစ္စာပျက်စီးဆုံးပါးရခြင်း၊ (၃) လက်ခြေ စသည် အဖြတ်ခံရခြင်း၊ (၄) နူနာ စသည့် အနာကြီးရောဂါများ ခံစားရခြင်း၊ (၅) ရူးသွပ်ရခြင်း၊ (၆) မင်းဘေးသင့်ခြင်း၊ (၇) အစွပ်စွဲခံရခြင်း၊ (၈) မှီခိုအားထားရာ ဆွေမျိုးစသည်တို့ ပျက်စီးမှုနှင့်ကြုံရခြင်း၊ (၉) စည်းစိမ်ဥစ္စာ အခြေအနေ ပြောင်းလဲပျက်စီးခြင်း၊ (၁၀) ပကတိ မီး၊ တောမီး စသည်တို့ မိမိအိမ် စသည်ကို လောင်ခြင်းတို့ ခံစားရသည်။ ထိုသို့ ပြစ်မှားသော ပညာမဲ့ ဒုပ္ပညသည် သေပြီးနောက် ငရဲသို့ ကျရောက်ရသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ ဗဟုဘဏ္ဍိက (ဥစ္စာများသူ) ရဟန်းဝတ္ထု

[သူဌေးဘဝကလာသူဖြစ်၍ ဓိမ်ကျကျနေထိုင်သူ]

ဇေတဝန်ကျောင်းတော်၏ အစွန်ပိုင်းရှိ ကျောင်းတစ်ဆောင်၌ သီတင်းသုံးနေသော ရဟန်းတစ်ပါးသည် အခြားရဟန်းများကဲ့သို့ ဆွမ်းခံမစားဘဲ လူ့ဘဝ သူဌေးဖြစ်စဉ်က ခိုင်းစေခဲ့သူများကိုခေါ်ကာ ချက်ပြုတ်စေပြီး စားသောက်သည်။ သင်္ကန်းများကိုလည်း နေ့ဝတ်၊ ညဝတ် ခွဲခြားဝတ်ဆင်သည်။ ထိုရဟန်းသည် လူ့ဘဝက သူဌေးတစ်ဦးဖြစ်ပြီး မယားသေဆုံးပြီးနောက် သာသနာတွင်းသို့ ဝင်လာသူဖြစ်သည်။ သူ ရဟန်းမပြုမီကပင် နေရန်ကျောင်းတစ်ဆောင်၊ စားကုန်သောက်ကုန် စသည်တို့ သိုလှောင်ရန် ဘဏ္ဍာတိုက်တစ်ခုနှင့် ချက်ပြုတ်နိုင်ရန် မီးတင်းကုပ်တစ်ခုတို့ကို ကြိုတင်ဆောက်လုပ်စေခဲ့သည်။ သူ့ကို အခြားရဟန်းများက ပစ္စည်းဥစ္စာ အများအပြားရှိသူဖြစ်၍ ဗဟုဘဏ္ဍိက ရဟန်းဟု ခေါ်ကြသည်။

နောင်ဒီအတိုင်းနေပါတော့မည်

တစ်နေ့သ၌ ကျောင်းစဉ်လှည့်၍ ဒေသစာရီ ကြွလာသော ရဟန်းတို့သည် ဗဟုဘဏ္ဍိကရဟန်း နေလှန်းထားသော သင်္ကန်း၊ အိပ်ရာခင်း စသည့် ပစ္စည်းအမြောက်အများကို ထွေ့ရသောကြောင့် ဗဟုဘဏ္ဍိက ရဟန်းကို ဘုရားရှင်ထံ ခေါ်သွားပြီး အကျိုးအကြောင်း လျှောက်ထားကြသည်။ ဘုရားရှင်က မေးသောအခါ "မှန်ပါသည်" ဟု ဝန်ခံသည်။ ထိုအခါ ဘုရားရှင်က "ချစ်သား၊ ငါဘုရားသည် 'သန္တုဋ္ဌိ' 'သလ္လေခ' ရောင့်ရဲလွယ်ပြီး ခြိုးခြံစွာ ကျင့်သုံးနေထိုင်ရန် ဆုံးမထားပါလျက် အဘယ့်ကြောင့် ပစ္စည်းဥစ္စာ စုဆောင်းလျက် နေထိုင်ရသနည်း" ဟု မိန့်တော်မူသည်။ ထိုအခါ ရဟန်းသည် ပရိသတ်အလယ်၌ မတ်တတ်ရပ်လျက် အပေါ်ရုံသင်္ကန်းကို ချွတ်ပုံကာ သင်းပိုင်ကိုသာ ဝတ်ထားပြီး "နောင် ဒီအတိုင်းသာ နေပါတော့မည် ဘုရား" ဟု ပြန်လည် လျှောက်ထားသည်။

http://www.dhammadownload.com

ဘီလူးဘဝ၌ ဒေဝဓမ္မတရားကို ရှာဖွေခဲ့ပါလျက်

"ချစ်သား၊ သင်သည် ရေစောင့်ဘီလူးဖြစ်စဉ်က "ဟိရိသြတ္တပ္ပ" အရှက်အကြောက်နှင့် ပြည့်စုံစွာ နေထိုင်သည့် ဒေဝဓမ္မတရားနှစ်ပါးကို ၁၂ နှစ်တိုင် ရှာဖွေကျင့်သုံး နေထိုင်ခဲ့ဖူးပါလျက် ယခု ငါဘုရား သာသနာတော်၌ ရဟန်းဖြစ်သောအခါမှ အဘယ့်ကြောင့် "ဟိရိသြတ္တပ္ပ" ကို စွန့်ပယ်လျက် ပရိသတ်အလယ်၌ ဤသို့ နေပြရပါသနည်း" ဟု ဘုရားရှင်က မိန့်တော်မူသည်။ ဘုရားရှင် မိန့်တော်မူသောစကားကို ကြားသော် ရဟန်းသည် အပေါ်ရုံ ဧကသီသက်နှင်းကို ပြန်လည်ဝတ်ရုံပြီး ဘုရားရှင်ကို ရှိခိုးသည်။

ဗဟုဘဏ္ဍိက ရဟန်း၏ အတိတ်ဘဝ

ဗဟုဘဏ္ဍိကရဟန်းသည် ဘဝတစ်ခု၌ ရေစောင့်ဘီလူး ဖြစ်ခဲ့ပြီး သူစောင့်သည့် ရေကန်သို့ ရောက်လာသူတို့အား "ဒေဝဓမ္မတရား" နှစ်ပါးကို သိ, မသိ မေးသည်။ မှန်ကန်စွာ မဖြေတတ်သူတို့အား စားပိုင်ခွင့်ရထားသည်။ ထိုအချိန်က ဘုရားလောင်းသည် ဗာရာဏသီ မင်းကြီး၏ သားအကြီးဆုံး မဟိံသမင်းသား ဖြစ်နေခဲ့သည်။ စန္ဒနှင့် သူရိယဟူသော ညီနှစ်ယောက်နှင့် အတူ တောဌ်နေ၏။ တစ်နေ့ ညီငယ်နှစ်ယောက် ရေကန်သို့ ရေခပ်ရန်သွားစဉ် ရေကန်စောင့်ဘီလူး မေးသော ဒေဝဓမ္မတရားအကြောင်း မှန်ကန်စွာ မဖြေဆိုနိုင်၍ ညီနှစ်ယောက်ကို ဘီလူးက ဖမ်းထားသည်။ အစ်ကိုကြီးဖြစ်သူ မဟိံသ ရောက်လာသောအခါ ဘီလူးမေးသော ဒေဝဓမ္မတရားကို မှန်ကန်စွာ ဖြေနိုင်၍ ဘီလူးသည် ဖမ်းဆီးထားသော ညီတော်နှစ်ဦးကို ပြန်လွှတ်သည့် အပြင် တောတွင်း၌ ထိုရက္ခိုသ်ဘီလူး အစောင့်အရှောက်ဖြင့် နေထိုင်သည်။ ဖခင် ဗာရာဏသီမင်းကြီး ကွယ်လွန်သော် မင်းသားသည် မြို့တော်သို့ပြန်ကာ မင်းအဖြစ် စိုးစံရသည်။

ဘုရားရှင်သည် ဗဟုဘဏ္ဍိကရဟန်း၏ အတိတ်ဘဝအကြောင်းကို မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁၄၁။ နာ နဂ္ဂစရိယာ နာ ဇရာ နာ ပက်ာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လံ ဥက္ကာဠိကပွဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

အသနာ၏အဓိပ္ပာယ်

၁၄၁။ အဝတ်မဝတ်ဘဲ ကျင့်ခြင်း၊ ဆံကျစ်ထုံးခြင်း၊ ရွှံညွန်အလိမ်းလိမ်း ကပ်လျက်ကျင့်ခြင်း၊ အစာဖြတ်၍ အငတ်ခံလျက် ကျင့်ခြင်း၊ မြေ၌အိပ်၍ ကျင့်ခြင်း၊ မြူမှုန် အလိမ်းလိမ်းတင်စေလျက် ကျင့်ခြင်း၊ ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်း စသည်တို့သည် ယုံမှာသံသယမှ မလွတ်ကင်းနိုင်သေးသော သတ္တဝါ အပေါင်းကို (ကိလေသာ အညစ်အကြေးမှ) မစင်ကြယ်နိုင်ကုန်။

ဗဟုဘဏ္ဍိက (ဥစ္စာများသူ) ရဟန်းဝတ္ထု ပြီး၏။

၉။ သန္တုတိအမတ်ကြီးဝတ္ထု

[သတ္တဝါတို့အပေါ် ညှဉ်းဆဲမှုမရှိသူ]

ပသေနဒီကောသလမင်းကြီး၏ တန်ခိုးဩဇာ အာဏာပျံ့နှံ့ရာဒေသ အတွင်းရှိ ပစ္စန္တရဇ်ကျေးရွာတစ်ရွာ၌ သောင်းကျန်းပုန်ကန်မှု ဖြစ်ပေါ်လာသဖြင့် သန္တုတိအမတ်ကြီးသည် စစ်သည်ဗိုလ်ပါတို့ဖြင့် သွားရောက်နှိမ်နင်းသည်။ အောင်မြင်စွာ တိုက်ခိုက် နှိမ်နင်းနိုင်သဖြင့် အမတ်ကြီးအား ခုနစ်ရက် မင်းစည်းစိမ် ခံစားခွင့်ပေးသည်။ အဆိုအက ကောင်းမွန်သော ကချေသည်မ တစ်ဦးကိုလည်း ပေးအပ်ထားသည်။ ခုနစ်ရက်ပြည့်သောနေ့တွင် မင်္ဂလာဆင်တော်စီးလျက် ရေချိုးဆိပ်သို့ ထွက်လာရာ ဆွမ်းခံကြွလာသော ဘုရားရှင်နှင့် မြို့အဝင်တွင် ဆုံစည်းမိသည်။ ယစ်ရွေရည် ထွေထွေဖြင့် အမတ်ကြီးက ဘုရားရှင်ကို ဆင်ထက်မှပင် ဦးခေါင်းညွတ်၍ ရှိခိုးလိုက်သည်။

http://www.dhammadownload.com

ယနေ့ ပရိနိဗ္ဗာန်စံလိမ့်မည်

သန္တ တိအမတ်ကြီး ဆင်ထက်မှ ရှိခိုးလိုက်သည်ကို တွေ့မြင်ရသော မြတ်စွာဘုရားက ပြုံးတော်မူလိုက်သည်။ ထိုအခါ အရှင်အာနန္ဒာက ဘုရားရှင် အား လျှောက်ထားသည်ရှိသော် ဘုရားရှင်က "သန္တ တိအမတ်ကြီးသည် ယနေ့ပင်လျှင် ငါဘုရားထံ ရောက်လာပြီး တရားနာကြားရသဖြင့် ရဟန္တာ ဖြစ်ကာ ကောင်းကင်ထက်၌ ပရိနိဗ္ဗာန်ဝင်စံလိမ့်မည်" ဟု အရှင်အာနန္ဒာအား မိန့်တော်မူသည်။

ကချေသည် ကွယ်လွန်သွားရာ

သန္တ တိအမတ်ကြီးသည် ရေရှိုးဆိပ်၌ ရေကစားပြီး ပြန်လာကာ ဥယျာဉ် တွင်းရှိ သေသောက်ပွဲ ကျင်းပရာ "ပျော်စရာ" နေရာတွင်ထိုင်ပြီး ကချေသည်မ ၏ ကပြဖျော်ဖြေ သီဆိုမှုတို့ကို ကြည့်ရှုခံစားသည်။ ကချေသည်မသည် သီဆိုကပြ ဖြေဖျော်နေရာမှ ရုတ်တရက် လေသင်တုန်းဖြတ်၍ လဲကျကွယ်လွန် သွားတော့သည်။ ဆူဖြိုးနေသော သူမ၏ ကိုယ်ခန္ဓာကို သွယ်လျလျ ဖြစ်စေရန် လေးငါးရက်ခန့် ကြုံပြီး အစာလျှော့စားထားသည်။ အစာနည်းသဖြင့် လေထ လာလျှက် နှလုံးကိုခွဖြတ်သွားပြီး ခဏတွင်းနှင့် မျက်စိတို့ ဟင်းလင်းပွင့်လျက် ကွယ်လွန်သွားခြင်း ဖြစ်သည်။

ယစ်ရွေရည်ကြောင့် ထွေနေသော အမတ်ကြီးသည် ကချေသည်မ၏ အဖြစ်ကိုကြည့်လျက် နှလုံးရိုမတတ် ခံစားရကာ ခုနှစ်ရက်တိုင် ဒေသနာစကား လာခဲ့သော ယစ်ရွေရည်၏အစွမ်းကိုသာမက လူဦးပြောက်ပြယ်ကုန်တော့သည်။ လျှပ်တစ်ပြက်အတွင်း ဖြစ်ပေါ်လာသော အဖြစ်အပျက်ကြောင့် ငြင်းထန်သိသို့ စိုးရိမ်ပူဆွေးမှု ဖြစ်ပေါ်လာသည်။ ထိုစိုးရိမ်ပူဆွေးမှုကို ဖြေပျောက်အောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်မှာ ဘုရားရှင်မှတစ်ပါး အခြားမရှိဟု စဉ်းစားရန် အမတ်ကြီးသည် ချက်ချင်းပင် ဘုရားရှင်ထံ သွားလေသည်။

ရဟန္တာအမတ်ကြီး

ဘုရားရှင်သည် အမတ်ကြီးအား "အမတ်ကြီး၊ ယခုလောလောလတ် လွတ်လွတ်ကြီးခံစားနေရသော စိုးရိမ်သောကကို ဖြေဖျောက်လော့။ အလားတူ

http://www.dhammadownload.com

အတိတ်အကြောင်း စွဲလမ်း၍ ရှိနေခဲ့သော စိုးရိမ်ပူဆွေးရမှုနှင့် အနာဂတ်၌ ဖြစ်ပေါ်ဦးမည့် စိုးရိမ်ပူဆွေးမှုများကိုလည်း ဖြေဖျောက်လော့။ သို့မှသာ သင်သည် အေးငြိမ်းစွာ နေရမည်" ဟု ဟောတော်မူသည်။ အမတ်ကြီးသည် ဘုရားရှင် ဟောသော တရားတော်အဆုံး၌ စိုးရိမ်ပူဆွေးမှု ပြေပျောက်ကာ ရဟန္တာဖြစ်သွားလေသည်။

ထို့နောက် ရဟန္တာအမတ်ကြီးသည် မိမိ၏ သက်တမ်းကို ကြည့်ရှုရာ ကုန်ဆုံးတော့မည်ကို မြင်သဖြင့် ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း ဘုရားရှင်အား လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "သန္တ တိ၊ သင်ပြုခဲ့သော ကုသိုလ်ကောင်းမှုများကို ငါ့အား ပြန်လည် ဟောကြားခဲ့လော့" ဟု အမိန့်ရှိသဖြင့် လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာ အထက်က ဝိပဿီဘုရားရှင် လက်ထက်၌ ပြုခဲ့သော ကုသိုလ်ကောင်းမှုကို ပြန်လည် ဟောကြားလျှောက်ထားသည်။

ပြုခဲ့သော အတိတ်ကကောင်းမှု

သန္တ တိအမတ်လောင်းလျာသည် ဝိပဿီဘုရားရှင်လက်ထက်၌ ဗန္ဓုမတီမြို့တော်သားဖြစ်ခဲ့သည်။ တစ်ပါးသူတို့အား ဒါန၊ သီလ၊ ဘာဝနာ အလုပ်များ လုပ်ဆောင်ရန် နှိုးဆော်ရသည့် နိဗ္ဗာန်ဆော်အလုပ် လုပ်ခဲ့သည်။ ကိုယ်တိုင်လည်း ကျင့်ကြံပွားများကာ ကောင်းမှုများ ပြုသည်။ သူတစ်ပါးတို့အားလည်း နှိုးဆော်တိုက်တွန်းသည်။ ခြေကျင်လျှောက်ကာ လိုက်လံ နှိုးဆော်နေရာမှ ဘုရားရှင်၏ ခမည်းတော် ဗန္ဓုမတီမင်းကြီး ချီးမြှင့်သော မြင်း၊ ဆင်၊ ရထား တို့ကို စီးလျက် နေပြည်တော်အနှံ့ နှိုးဆော် တိုက်တွန်းခဲ့သည်မှာ ထိုကာလ သက်တမ်းအတိုင်း အနှစ်ရှစ်သောင်း ကြာခဲ့သည်။ ပြုလုပ်ခဲ့သော ကောင်းမှုများကို လျှောက်ထားပြီးနောက် ရဟန္တာအမတ်ကြီးသည် ကောင်းကင်မှာပဓိတေဇောကသိဏ်းကို ဝင်စားသည်။ အမတ်ကြီး၏ ခန္ဓာကိုယ်မှ မီးတောက်မီးလျှံများ ထွက်လာပြီး ခန္ဓာကိုယ်ကို လောင်ကျွမ်းကာ ကောင်းကင်၌ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

"သန္တ တိအမတ်ကြီးသည် ဘုရားရှင် ဟောသောတရားတစ်ပုဒ် ဆုံးသည်နှင့် ရဟန္တာဖြစ်တော်မူပြီး ကောင်းကင်၌ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူရာ

http://www.dhammadownload.com

ထိုပုဂ္ဂိုလ်သည် ဗြာဟ္မဏလော၊ သမဏလော။ သို့မဟုတ် ဘိက္ခုပေလောဟု ရဟန်းများ ပြောကြားနေကြသဖြင့် ဘုရားရှင် ကြွတော်မူလာကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၄၂။ အလက်တော စေပိ သမံစရေယျ၊
သန္တေါ ဒန္တေါ နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

ဒေသနာ၏အဓိပ္ပာယ်

၁၄၂။ အကြင်သူသည် ကိလေသာငြိမ်းပြီး ဖြစ်၏။ မျက်စိစသော ဣန္ဒြေတို့ကိုလည်း ဆုံးမပြီး ဖြစ်၏။ မဂ်လေးပါးဖြင့် ခိုင်မြဲသော သဘောလည်းရှိ၏။ မြတ်သောအကျင့်ကိုလည်း ကျင့်လေ့ရှိပြီး သတ္တဝါအားလုံးအပေါ်၌ ညှဉ်းဆဲခြင်းကို ပယ်ပြီးဖြစ်၏။ သူသည် ဝတ်စားတန်ဆာ ဆင်ယင်ထားသော်လည်း မကောင်းမှုကို ပယ်စွန့်ပြီးဖြစ်သောကြောင့် ဗြာဟ္မဏလည်း မည်၏။ ကိလေသာငြိမ်းပြီးဖြစ်သောကြောင့် သမဏလည်း မည်၏။ ကိလေသာကို ဖျက်ဆီးပြီးသူ ဖြစ်သောကြောင့် ဘိက္ခုလည်း မည်၏။

သန္တတိအမတ်ကြီးဝတ္ထု ပြီး၏။

၁၀။ ပိလောတိက တိဿမထေရ်ဝတ္ထု

[နှင်တံကြောက်သော မြင်းကောင်းနှင့်တူသူ]

တိဿအမည်ရှိ လူငယ်တစ်ယောက်သည် ဆင်းရဲလွန်းသဖြင့် ဟောင်းနွမ်း ဆွေးရိနေသော ပုဆိုးပိုင်းကိုဝတ်ကာ ခွက်လက်စွဲလျက် တောင်းရမ်းစားသောက်နေရသည်။ အရှင်အာနန္ဒာသည် ဆင်းရဲလှသော သူငယ်တိဿကို

http://www.dhammadownload.com

သနားသဖြင့် ကျောင်းသို့ခေါ်လာပြီး ရေမိုးချိုးကာ ရှင်ရဟန်းပြုပေးပြီး ကမ္မဋ္ဌာန်းတရားကိုပါ သင်ပေးတော်မူသည်။ ရဟန်းဘဝတွင် ကောင်းမွန်သော အစားအစာကို စားရပြီး သပ်သပ်ရပ်ရပ် ဝတ်ဆင်နေထိုင်ရသဖြင့် တစ်သွေးတစ်မွေးဖြစ်လာသော် ရဟန်းဘဝ၌ မဖျော်မဖြေ ဖြစ်လာသည်။ သို့ဖြင့် လူထွက်ရန် ကြံစည်လျက် လူ့ဘဝက ဝတ်ဆင်ခဲ့သော သိမ်ပန်၌ ချိတ်ဆွဲထားသည့် ပုဆိုးနှမ်းကလေးနှင့် ခွက်ရိုက်ခဲ့သည်။

ဘဝဟောင်းကို ပြန်ချင်လို့လား

ဟောင်းနွမ်း ဆွေးရိလှသော ပုဆိုးဝိုင်းနှင့် ခွက်စုတ်ကလေးကို မြင်သော် "အရှက်မရှိသူ၊ စုတ်ပြတ် မွဲတေလှသော ဘဝဟောင်းကို ပြန်သွားချင်လို့လား" ဟု မိမိကိုယ်ကို ဆုံးမလျက် ပြန်လှည့်လာခဲ့သည်။ သို့သော် သူ့စိတ် မငြိမ်သဖြင့် နှစ်ကြိမ်သုံးကြိမ်တိုင် သွားလိုက်။ ကိုယ့်ကိုယ်ကို ဆုံးမကာ ပြန်လာလိုက်ဖြစ်နေသည်။ အခြားရဟန်းများက "ငါ့ရှင်၊ အဘယ်သို့ သွားသနည်း" ဟု မေးသော် "ဆရာ့ထံ သွားပါသည်" ဟု ပုဆိုးနွမ်းကလေးကို ဆရာအဖြစ် တင်စားကာ ဖြေကြားသည်။

ထို့နောက် တိသမထေရ်သည် ပုဆိုးနွမ်းနှင့် ဘဝဟောင်းအပေါ် စွဲလမ်းနေမှုကို အကြောင်းပြုကာ မိမိကိုယ်ကို ဆုံးမလျက် တရားအားထုတ်လေရာ နှစ်ရက်သုံးရက်အတွင်း၌ပင် တရားသိမြင်လျက် ရဟန္တာ ဖြစ်တော်မူသည်။ ထိုအခါမှစ၍ အရှင်တိသမှာ ပုဆိုးနွမ်းကို ဆရာတင်၍ ရဟန္တာဖြစ်သောကြောင့် အရှင်ပိလောတိကတိသဟု ဘွဲ့အမည်တွင်သွားတော့သည်။

ရဟန္တာဖြစ်တော်မူပြီးနောက် အခြားရဟန်းများစွာ "ငါ့ရှင်၊ ဆရာသမားထံ အဘယ့်ကြောင့် မသွားတော့သနည်း" ဟု မေးသော် "ငါ့ရှင်တို့၊ ယခုအခါ ငါသည် ဆရာသမားနှင့် အဆက်အဆံ မရှိတော့သဖြင့် ဆရာ့ထံသွားဖို့ မလိုတော့" ဟု ဖြေကြားသည်။ ထိုသို့ဖြေကြားခြင်းမှာ ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေသဖြင့် အခြားရဟန်းများက ဘုရားရှင်ထံ အကျိုးအကြောင်းလျှောက်ထားကြသည်။ ဘုရားရှင်က "ချစ်သားတို့၊ ငါ့သားတော်သည် ဆရာ

http://www.dhammadownload.com

သမားနှင့် ရောနှောဆက်ဆံခြင်း မရှိတော့။ စာရဲခြံသိကာ ရဟန္တာ ဖြစ်နေပြီ” ဟု မိန့်တော်မူလျက် ဤဂါထာတရားတို့ ဟောကြားတော်မူသည်။

၁၄၃။ ဟိရိနိသေဓော ပုရိသော၊ ကောစိ လောကသ္မိ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေတိ၊ အသော ဘဒ္ဒေါ ကသာမိဝ။

၁၄၄။ အာသော ဘဒ္ဒေါ ဇဝေါ ဘဒ္ဒေါ ကသာ နိဝိဋ္ဌော၊
အာတာပီ နော သံဝေဂိနော၊ ဘဒ္ဒေါ သဗ္ဗတ္ထ ဂါမိနိ။
သဒ္ဓါယ သီလေန စ ဝီရိယေန စ၊
သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ၊
သမ္ပန္နဝိဇ္ဇာစရဏာ ဘတိဿတာ၊
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

အသနာ၏အဓိပ္ပာယ်

၁၄၃။ မြင်းကောင်းသည် ကြိမ်လုံးဖြင့် အရိုက်မခံရအောင် ရှောင်ကြဉ်သကဲ့သို့ အကြင်ယောကျ်ားသည် မိမိ၏ ပျင်းရိဉီကမျဉ်း တွေဝေခြင်းကို ရှောင်ကြဉ်၍ အပြစ်ရှိသည်အဖြစ်ကို သိ၏။ မကောင်းသော အတွေးအမြင်ကို ရှိက်ကြောက်ခြင်းဖြင့် တားမြစ်တတ်၏။ ထိုကဲ့သို့သော ယောကျ်ားသည် ဤလူ့လောကဌာန၌ တစ်ယောက်တည်းသာ ရှိသည်။

၁၄၄။ ကြိမ်လုံး အတိုခံရသော မြင်းကောင်းကဲ့သို့ လွှဲလ ထက်သန်ကြလော့။ သံသရာ ဝဋ်ဆင်းရဲကို ငြီးငွေ့ထိတ်လန့်ကြလော့။ သဒ္ဓါယုံကြည်ခြင်း၊ သီလရှိခြင်း၊ လွှဲလဝီရိယရှိခြင်း၊ သမာဓိတည်ကြည်ခြင်း၊ တရားသဘော မှန်ကိုသိ၍ ဆုံးဖြတ် ခြင်း၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါး နှင့် ပြည့်စုံခြင်း၊ သတိရှိခြင်းအားဖြင့် အဆုံးရှိသည်လျှားလှသော ဤသံသရာ ဝဋ်ဆင်းရဲကို မြဟပ်စွန့်ကြဉ်ကုန်လော့။

ဗိဇ္ဇောတိုက ဇာတိသမထေရဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၁။ သုခသာမဏေဝတ္ထု

[မြောင်းတူး မြားဖြောင့် သစ်ရွေသူတို့
နမူနာဖြင့် တရားကျင့်သူ]

လွန်လေပြီးသော ဘဝတစ်ခုဌ သုခသာမဏေလောင်းလျာသည် တော သား တစ်ယောက် ဖြစ်ခဲ့သည်။ ထင်း စသော ပစ္စည်းများကို တင်ဆောင် လျက် မြို့သို့လာခဲ့သည်။ သူ မြို့သို့ရောက်နေစဉ် ဂန္ဓသူဌေး၏ ကြီးကျယ် ခမ်းနားလှသော ထမင်းစားပွဲနှင့် ကြုံရသည်။ သူဌေး၏ ထမင်းစားပွဲကား မြို့သူမြို့သားတို့ လာရောက်ကြည့်ရှုရလောက်အောင် ကြီးကျယ် ခမ်းနားလှ သည်။ တန်ဖိုးအားဖြင့်လည်း သိန်းပေါင်းများစွာ အကုန်အကျခံလျက် ပြုလုပ် သောစားပွဲ ဖြစ်သည်။

ကုန်အောင်သုံးဖြုန်းသွားမည်

ဂန္ဓသူဌေးသည် မိဘဘိုးဘွားတို့ထံမှ အမွေပစ္စည်းများစွာ ရရှိထားသူ ဖြစ်သည်။ "ငါ့မိဘ ဘိုးဘွားတို့သည် သူတို့ ကွယ်လွန်သောအခါ ဘာပစ္စည်း ကိုမှ ယူမသွားနိုင်ကြ။ ငါကား ရသောအမွေအားလုံးကို ယူသွားမည်" ဟု ပြော လေ့ရှိသည်။ သူပြောသည့် အဓိပ္ပာယ်မှာ "အမွေပစ္စည်းအားလုံး ကုန်အောင် စားသောက် သုံးဖြုန်းသွားမည်" ဟူသည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ ထို့ကြောင့် ရေချိုးရာနေရာ၊ ရေချိုးရာ နေရာဌဿုံးသည့် အသုံးအဆောင်ပစ္စည်း၊ ထမင်း စားခန်း၊ စားသည့်နေရာဌ သုံးသည့်ပစ္စည်း အားလုံးကို ထိုခေတ်တန်ဖိုးအရ သိန်းတန်ချည်းသာ သုံးလေ့ရှိသည်။ စားသောက်ဖွယ်များကိုလည်း တန်ဖိုး များစွာ အကုန်ခံပြီး သုံးဆောင်စားသောက်သည်။

သုံးနှစ်ကျွန်ခံသူ

သုခသာမဏေလောင်းလျာ တောသားသည် ဂန္ဓသူဌေး၏ ထမင်းစားပွဲ မှ ထွက်လာသောရနံ့ကို ရှူရှိုက်ရသောအခါ မစားရမနေနိုင်အောင် ဖြစ်လာ သည်။ သူနှင့်အတူ ထမင်းစားပွဲသို့လာကြည့်သော မိတ်ဆွေက ဖျောင်းဖျသော်

http://www.dhammadownload.com

လည်း မရပေ။ ဤထမင်းကို မစားရလျှင် သေရပါလိမ့်မည်ဟု ဆို၏။ သို့ဖြင့် မိတ်ဆွေဖြစ်သူက ဂန္ဓသူဌေးထံ ထမင်းတစ်လုတ် ပေးစားရန် တောင်းသည်။ ဂန္ဓသူဌေးက "သူစားနေသည့်ထမင်းကို အလကား မပေးနိုင်၊ စားလိုလျှင် သုံးနှစ်ကျွန်ခံရမည်" ဟု ပြောသည်။ တောသားကလည်း သဘောတူလိုက်သည်။ တောသားသည် သုံးနှစ်ကျွန်ခံမှ ထမင်းတစ်နပ်ကို စားရမည့်သူ ဖြစ်သောကြောင့် သူ့အမည်သည် "ဘတ္တဘတိက" ဟု တွင်သွားတော့သည်။

သူ့စားပွဲကို လာကြည့်ကြပြီ

ဘတ္တဘတိက၏ တာဝန်ကျေပွန်မှုကြောင့် ဂန္ဓသူဌေးသည် သူသုံးသည့် အဆောင်အယောင်အားလုံးနှင့် စားသောက်ဖွယ် အားလုံးကို ဘတ္တဘတိက အား ပေးသည်။ ထို့ပြင် မယားဖြစ်သူ စိန္တာမဏိမှတစ်ပါး အလုပ်အကျွေး အားလုံးတို့အားလည်း ဘတ္တဘတိကကို လုပ်ကျွေးရန် တာဝန်ပေးသည်။ မြို့သူ မြို့သားတို့သည်လည်း ဂန္ဓသူဌေး စားသောက်စဉ်ကကဲ့သို့ ဘတ္တဘတိက၏ စားသောက်ပွဲကို ကြိတ်ကြိတ်တိုးမျှ လာကြည့်ကြသည်။

ဆွမ်းခံကြွလာ ပစ္စေကဗုဒ္ဓါ

ဘတ္တဘတိကသည် ထမင်းစားရန်အတွက် လက်ဆေးနေစဉ်မှာပင် နိရောဓသမာပတ်မှ ထတော်မူလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ဆူသည် ဘတ္တဘတိကရှေ့သို့ ဆွမ်းခံ ကြွရောက်တော်မူလာသည်။ ဘတ္တဘတိကသည် အရှင်မြတ်ကို ဖူးမြင်ရလျှင်ပင် စိတ်၌ "ငါသည် ရှေးယခင်ဘဝများက ဒါန ကောင်းမှု မပြုခဲ့မိသဖြင့် ထမင်းတစ်နပ်အတွက် သုံးနှစ် ကျွန်ခံခဲ့ရသည်။ ယခု ငါ့အတွက် ပြင်ဆင်ထားသော ထမင်းနှင့် စားဖွယ်များကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပေးလှူတော့အံ့" ဟု ဆုံးဖြတ်၍ အရှင်မြတ်၏ သပိတ်တော် အတွင်းသို့ အားလုံး လောင်းလှူလိုက်သည်။ နှုတ်မှလည်း "အရှင်မြတ်တို့ သိမြင်သော တရားအားလုံးကို ဘုရားတပည့်တော်လည်း သိမြင်ရပါလို၏" ဟု ဆုတောင်းသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း "ဘတ္တဘတိက

http://www.dhammadownload.com

အလိုရှိအပ်သော၊ ဇောင်တအပ်သော ဆုများ ပြည့်စုံပါစေသတည်း" ဟု မိန့်မြွက်တော်မူကာ ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူသည်။

ပြည်သူတို့၏ သာဓုခေါ်သံ

ထိုသို့ အရှင်မြတ် ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူသည်ကို အရှင်မြတ်၏ အဓိဌာန် တန်ခိုးတော်ကြောင့် ပြည်သူပြည်သား လူအများတို့သည် ဖူးမြင်ကြရသည်။ ထိုပြင် ဘတ္တဘတိက လောင်းလှူလိုက်သော ဆွမ်းကို အရှင်မြတ်က အခြားပစ္စေကဗုဒ္ဓါ ဝါးရာတို့အား လှူ၍ ခဲ့ဝေဘုဉ်းပေးနေကြသည်ကို လည်း ဖူးမြင်ကြရသည်။ ထိုအခါ ပြည်သူတို့သည် နှစ်ထောင်းအာရဝမ်းသာကြပြီး သာဓုခေါ်သံသည် ဘဝဂ်သို့တိုင် ရောက်သွားရလေတော့သည်။

အမျှဝေ၍ သူဌေးရာထူးပေး

ပြည်သူတို့၏ သာဓုခေါ်သံကို ကြားရသော ဂန္ဓသူဌေးကြီးသည် အကြောင်းစုံကိုသိပြီးနောက် သူ့အားလည်း "ကုသိုလ်အမျှဝေပါ" ဟုပြောပြီး သူပိုင်စည်းစိမ် ထက်ဝက်ခွဲပေးသည်။ ပြည့်ရှင်မင်းကြီးကလည်း အကြောင်းစုံသိသွားသဖြင့် သူ့ကိုပါ ကုသိုလ်အမျှဝေပေးပါဟု ပြောပြီး ဘတ္တဘတိကအား သူဌေးရာထူး ပေးလိုက်သည်။ သူဌေးကြီး ဘတ္တဘတိကသည် ထိုဘဝ၌ ကောင်းမှုများ ပြုလုပ်ကာ ဗျော်မွေ့နေရာမှ ကွယ်လွန်သော် နတ်ပြည်သို့ ရောက်ရသည်။

သူခသတို့သားဖြစ်လာ

နတ်ပြည်မှ စုတေသောအခါ ဂေါတမရှင်တော်မြတ်ဘုရား လက်ထက်၌ သာဝတ္တိပြည်ရှိ အရှင်သာရိပုတ္တရာ၏ ဒါယကာအိမ်တွင် လူဖြစ်လာခဲ့သည်။ ပင်သန္ဓေနေလာချိန်မှ မွေးဖွားလာချိန်အထိ ထို့ဆိုမ်၌ ချမ်းသာသုခများ ခံစားရသောကြောင့် သူ့အမည်ကို "သုခကုမာရ" သုခသတို့သားဟု အမည်ပေးကြသည်။ ခုနှစ်နှစ်အရွယ်သို့ရောက်သော် အရှင်သာရိပုတ္တရာအထံ၌ ရှင်သာမဏေပြုယည်။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွရာသို့ သာမဏေကို ခေါ်သွားသည်။ ဆွမ်းခံကြွနေကြစဉ် မြောင်းတူးနေသူ၊ မြားဖြောင့်နေသူနှင့် သစ်ရွေနေသူတို့တွေ့၍ သာမဏေက အကျိုးအကြောင်းမေးသဖြင့် မထေရ်ကြီးက ဖြေကြားသည်။ မထေရ်မြတ်၏ ဖြေကြားမှုကို တရားသဘောဖြင့် ရှုမြင်သုံးသပ်လျက် ဆွမ်းခံရာသို့ ဆက်မလိုက်တော့ဘဲ အရှင်သာရိပုတ္တရာ၏ ကျောင်းခန်းသို့ ပြန်ကြွသည်။ ကျောင်းခန်းသို့ရောက်သော် မိမိ၏ ခန္ဓာကိုယ်ကို လက္ခဏာတင်၍ ဝိပဿနာပွားများရာ သုံးပါးသောဖိုလ်သို့ ရောက်လေတော့သည်။

ရဟန္တာသုခသာမဏေ

ဘုရားရှင်သည် သုခသာမဏေတရားရမည့် အခြေအနေကို သိတော်မူသဖြင့် သာမဏေရှိရာ ကျောင်းတံခါးမုခ်၌ ရပ်နေတော်မူသည်။ အရှင်သာရိပုတ္တရာသည် သာမဏေအတွက် ဆွမ်းများယူလာစဉ် တံခါးမုခ်ဝ၌ ရပ်တော်မူနေသော ဘုရားရှင်က အရှင်သာရိပုတ္တရာကို ပြဿနာလေးရပ် မေးသည်။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာမထေရ်တို့ မေးဖြေသော ပြဿနာလေးရပ်ကို ကြားနာရသဖြင့် သုခသာမဏေသည် ဆက်လက်၍ ဝိပဿနာပွားများရာ ခုနစ်နှစ်အရွယ်၌ပင် ရဟန္တာဖြစ်တော်မူသည်။

အရှင်သာရိပုတ္တရာ ယူလာသောဆွမ်းစားပြီး၍ သပိတ်ဆေးနေချိန်သည် ညနေပိုင်းအချိန်ဖြစ်၍ အခြားသော ရဟန်းတော်တို့က ကွဲရဲ့စကားဆိုကာ ဘုရားရှင်ကို လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က နေလနတ်သားတို့က သုခသာမဏော ဆွမ်းစားပြီးသည်အထိ နေမင်းကို အချိန်မလွန်စေရန် ဆွဲထားပုံတို့ကို မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၄၅။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

ဒေသနာ၏အဓိပ္ပာယ်

၁၄၅။ ရေကို အလိုရှိသူတို့သည် မြောင်းသွယ်လျက် လိုရာသို့ သွယ်ယူကြသည်။ လေးသမားတို့သည် မြားကို ဖြောင့်အောင် ပြုလုပ်ကြသည်။

http://www.dhammadownload.com

သစ်ရွေသမားတို့သည် မိမိ လိုသလိုသုံးနိုင်အောင် သစ်ကို ပြုပြင်ကြသည်။ ပြောစကား ဆိုစကားကို နားထောင်လွယ်၍ အကျင့်ကောင်း ရှိသူတို့သည် မိမိကိုယ်ကို မင်္ဂိုလ်ရအောင် ဆုံးမကြကုန်၏။

သုခသာမဏေဝတ္ထု ပြီး၏။

ဒဏ္ဍဝဂ် ပြီးပြီ။



အရှင်သာရိပုတ္တရာနှင့် သုခသာမဏေတို့ ဆွမ်းခံကြွစဉ် ပြောင်းတူးနေသူ မြားဖြောင့် နေသူနှင့် သစ်ရွေ နေသူတို့ကိုတွေ့ရစဉ်။

http://www.dhammadownload.com

ဇရာဝဂ်

ဇရာ = အိုမင်းရင့်ရော် ဆွေးမြည့်မှု၊ ဝဂ္ဂ = ဝဂ်၊ အစု။
အရာဝတ္ထု၊ သက်ရှိ-သက်မဲ့တို့ အားလုံး အိုမင်းရင့်ရော် ဆွေးမြည့်ကြသည်။
ဃူတော်ကောင်းတရားကား ဆွေးမြည့်မှုမရှိ စသည်ဖြင့်
ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ဝိသာခါ၏အဖော် အမျိုးသမီးများဝတ္ထု

[ဘုရားရှင်ရှေ့တော်၌ အရက်မူးနေသူ အမျိုးသမီးများ]

သာဝတ္ထိမြို့သားငါးရာတို့သည် သူတို့၏ မယားငါးရာတို့ကို ကျောင်းအမကြီး ဝိသာခါထံ အပ်နှံထားလျက် ဘုရားသွားကျောင်းတက်အတူတူ နေထိုင်စေကြသည်။ ရည်ရွယ်ချက်မှာ သူတော်ကောင်းနားနီး သူတော်ကောင်း ဖြစ်စေလိုရှိ ဖြစ်သည်။ တစ်နေ့တွင် ခုနစ်ရက်တိုင် ကျင်းပသော သေသောက်ပွဲကျင်းပရန် လှုံ့ဆော်သံကြားရ၍ ထိုမိန်းမတို့သည် ခင်ပွန်းများအတွက်' သေရည်အရက်များ စီစဉ်ပေးကြရသည်။ ခုနစ်ရက်ကြာ ကျင်းပပြီးစီးသဖြင့် ခင်ပွန်းများသည် မိမိတို့ အလုပ်ခွင်သို့ ပြန်ဝင်ကာ အလုပ်များ ပြန်လုပ်နေကြသည်။ ဇနီးများသည် ကြွင်းကျန်နေသော အရက်များကို သောက်လိုရ၍ ကျောင်းအမကြီး ဝိသာခါကို အဖော်ညှိကာ ဥယျာဉ်သို့ သွားကြသည်။

ဝက်ယူလာသောအရက်များကို သောက်ကြပုံ

ဥယျာဉ်သို့ရောက်သော် ဝက်၍ယူဆောင်လာသော သေအရက်များကို သောက်ကြသဖြင့် အရက်မူးပြီး စိတ်ကူးတည့်ရာ သွားလာဟစ်ကြွေး၊ ဘီဆို

http://www.dhammadownload.com

ကခုန် အမျိုးမျိုးအဖုံဖုံ နေထိုင်ပြုလုပ်ကြသည်။ သို့ဖြင့် အိမ်သို့ ပြန်ရောက် သောအခါ လင်သားများ မသိစေရန် မကျန်းမာချင်ယောင် ဆောင်နေကြသည်။ သို့သော် လင်သားများက သိသွားသဖြင့် ရိုက်နှက်ထုထောင်း ဆူပူပြောဆို ကြသည်။

နတ်က ပူးကပ်နှောင့်ယှက်ပြီ

နောက်တစ်ကြိမ် သူရာပွဲသဘင်နေ့ ရောက်သောအခါ ကျောင်းအမကြီး ဝိသာခါကို ဥယျာဉ်သို့လိုက် ပို့ပေးရန် ခေါ်ကြပြန်သေးသည်။ ကျောင်းအမကြီး က လိုက်ပို့မပေးနိုင်ကြောင်း ငြင်းဆိုလိုက်သည်။ ထိုအခါ သူတို့က ဘုရားရှင် ကျောင်းတော်သွားမည်ဟု ပြောဆိုပြီး ပန်းခြင်းများထဲ၌ သေအရက်များ ဝှက်၍ ယူလာပြီး ကျောင်းတော်၌ သောက်ကြပြန်သည်။ ဘုရားရှင်၏ ရှေ့တော်၌ပင် ကျွန်ုပ်ကိုမဆောင်နိုင်ဘဲ အရက်မူးကာ ကကြ၊ ခုန်ကြရန် ပြင်ဆင်ကြသည်။ ထိုစဉ် မာရ်နတ်၏ အပေါင်းအသင်း နတ်က ထိုမိန်းမတို့ထံ ဝင်ရောက် ပူးကပ်နှောင့်ယှက်သောကြောင့် အချို့သော မိန်းမတို့သည် လက်ခုပ်လက်ဝါး တီးကာ အော်ဟစ် ရယ်မောကြကုန်လျက် အချို့တို့သည် ကခုန်ရန် အားထုတ် ကြသည်။ ဘုရားရှင်သည် နတ်က နှောင့်ယှက်သည်ကို သိတော်မူ၍ အမျိုးသမီး ထုတို့ သတိရ ကြောက်လန့်စေရန် မျက်ခုံးမွေးတော်မှ ညိုသော ရောင်ခြည် တော်များ လွှတ်တော်မူသည်။ ရောင်ခြည်များကြောင့် အမှောင်ထုကြီး ဖြစ်သွား သော် အမျိုးသမီးတို့ ကြောက်လန့်ကြလျက် အမူးပြေကုန်ကြသည်။ ထို့နောက် ဘုရားရှင်က ဥဏ္ဏာလုံ မွေးရှင်တော်မှ ဖြူသောရောင်ခြည်တော်များ လွှတ် တော်မူသဖြင့် အမျိုးသမီးထုတို့ ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားကြသည်။

ဘုရားရှင်သည် အမျိုးသမီးထုတို့အား "အရက်သေစာ သောက်စား၍ ပျက်စီးကြရပုံအကြောင်းကို တိ သနိပါတ်မှ ကုမ္ဘဇာတ်တော်ကို ဟောတော်မူပြီး ဤဒေသနာတော်ကို ဆက်၍ မိန့်တော်မူသည်။ ဒေသနာတော်အဆုံး၌ ထို အမျိုးသမီး ငါးရာတို့သည် သောတာပန် ဖြစ်ကြသည်။

၁၄၆။ ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန သြနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၄၆။ မိမိကိုယ်၌ အစဉ်အမြဲ ကိလေသာအပူမီး တငြိုးငြိုး တပြောင်ပြောင် တောက်လောင်နေပါလျက် အဘယ်ကြောင့် ရယ်မြူးပျော်ရွှင်နေကြပါသနည်း။ အဝိဇ္ဇာအမိုက်အမှောင်ကြီး ဖုံးလွှမ်းကျရောက်နေပါလျက် သင်တို့သည် အဘယ့်ကြောင့် ပညာဟူသော ဆီမီးအလင်းရောင်ကို မရှာဖွေကြသနည်း။

ဝိသာခါ၏ အဖော်အမျိုးသမီးများဝတ္ထု ပြီး၏။

၂။ သီရိမာဝတ္ထု

[အသက်ရှင်စဉ် တန်ဖိုးကြီးသော်လည်း သေသော်ယူမည်သူ မရှိသူ]

သီရိမာသည် ရာဇဂြိုဟ်ပြည်သူဖြစ်သည်။ မိခင်မှာ သာလဝတီအမည် ရှိသည့် ပြည့်တန်ဆာမတစ်ဦး ဖြစ်သည်။ သမားတော် ဇီဝကသည် သီရိမာ၏ အစ်ကို ဖြစ်သည်။ မိခင် သာလဝတီ ကွယ်လွန်သောအခါ သီရိမာသည် မိခင်၏အလုပ်ကို ဆက်ခံခဲ့သဖြင့် ပြည့်တန်ဆာမ ဖြစ်လာခဲ့ရသည်။

သောတာပန် သီရိမာ

သီရိမာသည် ဝါတွင်းကာလတစ်ခုခု၌ သောတာပန်ဖြစ်သူ ဥတ္တရာဥပါသိကာမအိမ်၌ အငှားမယားအဖြစ် နေထိုင်သည်။ ဥတ္တရာဥပါသိကာမကို ထောပတ်ရည်ပူနှင့် ပက်မိ၍ ကန်တော့ရန် ဥတ္တရာ၏အိမ် ဆွမ်းကျွေးပွဲသို့ လာခဲ့သည်။ ဆွမ်းကျွေးပွဲအပြီး ဘုရားရှင် ဟောကြားသော "အက္ကောဓေန ဇိနေ ကောဓံ = အမျက်ထွက်သူကို မေတ္တာဖြင့် အောင်စေရမည်" ဟူသော တရားတော်ကို နာကြား၍ သောတာပန်ဖြစ်သွားသည်။

http://www.dhammadownload.com

သီရိမာ၏ အလှကို ပြောပြရာ

နောက်နေ့များတွင် သီရိမာသည် သူ့အိမ်သို့ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ကာ အလှူဒါနပြုလုပ်သည်။ နေ့စဉ် ရဟန်းရှစ်ပါးအတွက် ၁၆ အသပြာဖိုး အကုန်အကျခံ၍ ဆွမ်းချက် လှူဒါန်းသည်။ သူ့အိမ်သို့ ဆွမ်းအလှူခံကြွလာကြသော ရဟန်းတို့မှာ စာရေးတံမဲကျရာ ရဟန်းများသာ ဖြစ်သည်။ သီရိမာအိမ်သို့ ဆွမ်းအလှူခံကြွခဲ့သော ရဟန်းတစ်ပါးသည် တောကျောင်း တစ်ကျောင်းသို့ရောက်စဉ် သီရိမာလှူသော ဆွမ်း၏အရသာရှိပုံ၊ သီရိမာ၏ လှပတင့်တယ်ပုံတို့ကို ပြောပြသည်။

သီရိမာ မကျန်းမမာဖြစ်နေပြီ

တောကျောင်းနေ ရဟန်းကြီးတစ်ပါးသည် မြို့မှလာသော ရဟန်းထံမှ "သီရိမာ၏ အချောအလှအကြောင်း ကြားရသော် စွဲလမ်းစိတ်ဖြင့် သီရိမာ အိမ်သို့ ဆွမ်းခံကြွနိုင်ရန် ဇောတဝန်ကျောင်းတော်သို့ အရောက်သွားသည်။ ရဟန်းကြီး ရောက်လာသော် ဝါစဉ်အရ နောက်နေ့၌ သီရိမာအိမ်သို့ ဆွမ်းခံကြွခွင့် ရသွားသည်။ ထိုရဟန်းကြီး ဆွမ်းခံကြွလာသောနေ့တွင် သီရိမာသည် အပြင်းအထန် မကျန်းမမာ ဖြစ်နေသည်။ ကိုယ်တိုင် ဆွမ်းမလောင်းနိုင်၊ အခိုင်းအစေများအား ဆွမ်းလောင်းစေကာ ကန်တော့ချိန်ရောက်မှ ပွေ့ချီသယ်ယူလာပြီး ဆွမ်းခံရဟန်းများကို ရှိခိုးကန်တော့သည်။

သီရိမာ ကွယ်လွန်ရှာပြီ

မကျန်းမမာဖြစ်နေ၍ အလှမပြင်နိုင်သော သီရိမာကို ကြည့်လျက် "မကျန်းမမာသည့်တိုင် ဤမိန်းမ ဤမျှ လှပတင့်တယ်နေလျှင် ကျန်းမာ၍ အဆင်တန်ဆာများ ဆင်မြန်းထားပါလျှင်... အို" ဟု တွေးတောကာ ရဟန်းကြီး သန္တာန်ရှိ ငုပ်လျှိုးနေသော ကိလေသာသည် လှုပ်ရှား ထကြွလာတော့သည်။ ရဟန်းကြီးသည် ကျောင်းသို့ရောက်သော် ဆွမ်းကိုပင် မစားနိုင်တော့။ သင်္ကန်း

http://www.dhammadownload.com

ကို ခေါင်းမြီးခြုံကာ အတွေးပေါင်းစုံ တွေးနေတော့သည်။ သီရိမာကား ရဟန်းတော်များ ပြန်ကြွသွားချိန်မှစကာ ဓေဒနာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။ ရဟန်းတော်များကျောင်းသို့ ပြန်ရောက်ချိန်လောက်မှာပင် အိမ်၌ ကွယ်လွန်သွားတော့သည်။ ကွယ်လွန်ပြီးနောက် ယာမာနတ်ပြည်၌ သုယာမနတ်မင်း၏ နတ်မိဖုရား ဖြစ်လာသည်။

အသုဘရှုမလာသူ ဒဏ်တပ်မည်

ဗိမ္ဗိသာရမင်းကြီးသည် သီရိမာ ကွယ်လွန်ပြီဟု သိလျှင်သိချင်း ဘုရားရှင်ထံ သတင်းပို့လျှောက်ထားသည်။ ဘုရားရှင်က "သကြိုဟ်ခြင်း မပြုသေးဘဲ စောင့်ထိန်းထားရန်" မိန့်တော်မူ၍ သုသာန်သို့ ပို့ထားသည်။ လေးရက်မျှကြာသောအခါ သီရိမာ၏ ရုပ်ကလာပ်သည် ဖူးရောင်ရာမှ ပုပ်ပွလာသည်။ ဒွါရကိုးပေါက်မှ ပိုးလောက်များလည်း တဖွားဖွား ကျလာကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် မြို့တော်အတွင်း စည်လည်စေကာ "ကလေးမှတစ်ပါး အားလုံး သီရိမာ၏ ရုပ်ကလာပ်ကို အသုဘရှုဖို့ သုသာန်သို့ လာရမည်။ မလာသူ ဒဏ်တပ်မည်" ဟု အမိန့်ထုတ်သည်။ ဘုရားရှင်သည်လည်း နောက်ပါ သံဃာတော်များနှင့်အတူ သုသာန်သို့ ကြွလာသည်။ နောက်ပါ သံဃာတော်များထဲတွင် သီရိမာကို စွဲလမ်းသူ ရဟန်းကြီးလည်း ပါလာသည်။

အလကား ယူလိုသူပင် မရှိတော့

ဘုရားရှင်၏ အမိန့်တော်အရ ဗိမ္ဗိသာရမင်းကြီးက "သီရိမာကို အလိုရှိသူသည် မကွယ်လွန်မီက တန်ဖိုးအတိုင်း တစ်နေ့လျှင် အသပြာတစ်ထောင်ဖြင့် ယူကြ" ဟု အသိပေးစေသည်။ ယူမည့်သူမရှိသောအခါ ဈေးကိုချပြီး အသပြာငါးရာ၊ ထို့မှ နှစ်ရာငါးဆယ်၊ နောက်ဆုံး အဖိုးအခမပေးဘဲ အလကား ယူကြဟု ကြေညာသော်လည်း ယူမည့်သူမရှိပေ။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ သီရိမာကို စွဲလမ်းနေခဲ့သူ ရဟန်းကြီး သောတာပန် ဖြစ်သွားသည်။

http://www.dhammadownload.com

၁၄၇။ ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၄၇။ အဝတ်တန်ဆာ ပန်းနံ့သာတို့ဖြင့် အဆန်းတကြယ် ဝတ်စား ပြင်ဆင်၍ အရုပ်နှင့်တူသော၊ အနာရောဂါမျိုးစုံတို့ ဖြစ်ပွားရာဖြစ်သော အရိုး ၃၀၀ တို့ဖြင့် တည်ဆောက်ထားသော၊ နာကျင်တတ်သော၊ အမျိုးမျိုးကြံဆ အပ်သော၊ ကိုးပေါက်ဒွါရ အနာဝရိသည့် ခန္ဓာကိုယ်ကို ကြည့်ကြလော့။ ဤခန္ဓာကိုယ်သည် အစဉ်အမြဲတည်ရှိခြင်း မရှိပေတကား။

သီရိမာဝတ္ထု ပြီး၏။

၃။ ဥတ္တရာထေရီဝတ္ထု

[အသက်ရှည်သော်လည်း တစ်နေ့ သေရမည်သာ]

ဥတ္တရာထေရီသည် အသက် ၁၂၀ ရှိပြီ ဖြစ်သည်။ ဆွမ်းခံကြွစဉ် ရရှိ လာသော ဆွမ်းကို လမ်း၌ တွေ့ရသည့် ရဟန်းအား ပန်ကြား၍ ဆွမ်းကို အကုန်ပေးလှူလိုက်သည်။ သို့ဖြင့် ထိုနေ့အတွက် ထေရီသည် ဆွမ်းမစားရ တော့။ နောက်နေ့များတွင်လည်း ထိုရဟန်းအား ထိုသို့ပင် လှူ၍ ဆွမ်းမစားရ။ လေးရက်မြောက်သောနေ့တွင် လမ်းတစ်နေရာ၌ ဘုရားရှင်နှင့် ဆုံနေ၍ လမ်း ဖယ်ပေးရန် နောက်သို့ ဆုတ်လာခဲ့သည်။ ထိုအခါ တွဲလျားကျနေသော ကိုယ့် သင်္ကန်းအစွန်းကို ကိုယ်ပြန်နင်းမိသည်။ သုံးရက်တိုင် ဆွမ်းအာဟာရ ပြတ်နေ သဖြင့် အားနည်းသောကြောင့် မထိန်းနိုင်ဘဲ ဦးစောက်ပြောင်းပြန် ပက်လက်လန် ကာ လဲကျသွားသည်။

ဘုရားရှင်သည် ဥတ္တရာထေရီထံသို့ ကြွသွားကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁၄၈။ ပရိဖိဏ္ဍုမိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

ဒေသနာ၏အဓိပ္ပာယ်

၁၄၈။ ဤရုပ်ခန္ဓာကိုယ်သည် ဆွေးမြည့်ဟောင်းမြင်း အိုမင်းတတ်၏။ အနာရောဂါတို့၏ ဖြစ်တည်ရာလည်းဖြစ်၏။ အပုပ်ရည် အမြဲယိုစီး၍ ပျက်စီးတတ်သည့်သဘော ရှိသည်။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိပေ၏။

ဥတ္တရာထေရီဝတ္ထု ပြီး၏။

၄။ အထင်ကြီးသူရဟန်းများဝတ္ထု

[လောကီစွာန်ရသည်ကို ရဟန္တာဖြစ်ပြီဟု ထင်နေသူများ]

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းကာ တောသို့သွား၍ တရားအားထုတ်ကြသည်။ လောကီစွာန်များ ရရှိ၍ စွာန်ဝင်စားနေသောအခါ သူတို့ကိုယ်၌ ကိလေသာများ ယာယီငြိမ်းနေကြသည်ကို ရဟန္တာဖြစ်ပြီဟု အထင်ရောက်နေကြသည်။ ဤအကြောင်းကို ဘုရားရှင်ထံသို့ ဝင်ရောက် လျှောက်ထားရန် လာကြသည်။ ကျောင်းမုခ်ဝအရောက်၌ "သုသာန်သို့ သွားကြ၊ သုသာန်က ပြန်လာမှ ငါ ဘုရားကို ဖူးမြင်ကြ" ဟု ဘုရားရှင် မိန့်တော်မူထားကြောင်း အရှင်အာနန္ဒာက မိန့်တော်မူသည်။

သုသာန်သို့ရောက်သော်

ရဟန်းငါးရာတို့သည် ဘုရားရှင်၏ ဆန္ဒတော်အတိုင်း သုသာန်သို့သွားကြရာ ပုပ်ပွကာ အရိုးကျနေသောအလောင်းကိုတွေ့သော် စိတ်မချမ်းသာမှု

http://www.dhammadownload.com

ဒေါမနဿ ဖြစ်ကြရသည်။ လောလောလတ်လတ် ကွယ်လွန်ခဲ့သည့် ချောမော လှပသော အမျိုးသမီးအလောင်းကိုတွေ့သော် တပ်မက်မှုရာဂ ဖြစ်သည်။ ထိုအခါကျမှ မိမိတို့၏ သန္တာန်၌ ကိလေသာ မကင်းသေးကြောင်း သိကြပြီး ထိတ်လန့် စိုးရိမ်သည်။

ထိုစဉ်မှာပင် ဘုရားရှင်သည် ရောင်ခြည်တော်များ လွှတ်ကာ တရား ဟောတော်မူသကဲ့သို့ ဤဒေသနာတော်ကို မိန့်တော်မူသည်။ ဒေသနာတော် အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်တော်မူကြသည်။

၁၄၉။ ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌိနိ၊ တာနိ ဒိသွာန ကာ ရတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၄၉။ ခိုအဆင်းကဲ့သို့ ဖြူမွဲသော အဆင်းရှိသည့် အရိုးတို့သည် တန်ဆောင်မုန်းလ၌ စွန့်ပစ်ထား၍ ဖရိုဖရဲ ပြန့်ကြဲနေသော ဘူးသီးခြောက်တို့နှင့် တူကုန်၏။ ထိုအရိုးတို့ကို ကြည့်မြင်ရခြင်းဖြင့် သင်တို့တွင် အဘယ်သို့သော စွဲမက်နှစ်သက်ဖွယ်သည် ဖြစ်ရှိလာလိမ့်မည်နည်း။

အထင်ကြီးသူ ရဟန်းများဝတ္ထု ပြီး၏။

၅။ ဇနပဒကလျာဏီထေရီဝတ္ထု *

[ဖန်ဆင်းထားသော ပျိုကညာကြောင့် တရားရသွားသူ]

ဇနပဒကလျာဏီသည် ဘုရင်သုဒ္ဓေါဒနနှင့် ဂေါတမီ မယ်တော်ကြီး တို့၏ သမီးဖြစ်သည်။ ဘုရားရှင်နှင့် အဖတူ အမိကွဲမောင်နှမတော်သူ ဖြစ်သည်။ နန္ဒမင်းသားနှင့် လက်ထပ်ပွဲမှာ ဘုရားရှင်က နန္ဒမင်းသားကို ခေါ်သွားပြီး ရဟန်းပြုပေးခဲ့သည်။ တူဖြစ်သူ ရာဟုလာသည်လည်း လောကုတ္တရာ အမွေ

* အရှေ့ကျမ်းစာတို့၌ ရူပနန္ဒာထေရီဟု ဆော်ပြကြသည်။

http://www.dhammadownload.com

ရရှိကာ ဘုရားရှင်၏ သာသနာတွင်းသို့ ဝင်သွားခဲ့ပြီ။ ခမည်းတော် သုဒ္ဓါဒန မင်းကြီးမှာလည်း ထီးဖြူအောက်၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံယူသွားခဲ့ပြီး မိမိ၏ နောက်ဆုံး အားကိုးအားထားရာ ဖြစ်သည့် မယ်တော်ကြီး မဟာပဇာပတိဂေါတမီသည်လည်း အမျိုးသမီးရဟန်းတို့၏ဦးဆောင် မိခင်ကြီး ဂေါတမီထေရီ ဖြစ်နေပေပြီ။

အလှကိုသာ မြတ်နိုးတန်ဖိုးထားသူ

ဤထေရီလောင်းလျာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်ကတည်းကပင် ပါရမီဖြည့်လာခဲ့သူ ဖြစ်သည့် ဇနပဒ ကလျာဏီသည် နန်းဆောင်ထဲ၌ အထီးကျန်ဘဝဖြင့် နေထိုင်ရသည်ကို ငြီးငွေ့လာရာမှ ဆွေမျိုးတို့နည်းတူ သူတော်သူမြတ်တို့လမ်းသို့ လိုက်ရန် ဘိက္ခုနီတို့ ကျောင်းသို့သွားကာ ဘိက္ခုနီပြုတော့သည်။ သူ သာသနာ့ဘောင်သို့ ဝင်လာသည်မှာ သာသနာတော်ကို ကြည်ညိုလေးမြတ်သော သဒ္ဓါတရား ကြောင့် ရဟန်းပြုလာခြင်း မဟုတ်။ ဆွေတော်မျိုးတော်များနှင့် နီးနီးကပ်ကပ် ချစ်ချစ်ခင်ခင် နေလိုသောကြောင့်သာ ဖြစ်သည်။ ရုပ်လှသူဖြစ်၍ ဘိက္ခုနီ ဖြစ်သည့်တိုင် အလှမာန်တက်နေဆဲ ဖြစ်သည်။ ထို့ကြောင့် ဘွဲ့အမည်မှာလည်း အလှကိုမက်နေသူ ရူပနန္ဒာဟုပင် တွင်နေသေးသည်။

ဘုရားရှင်ထံ သွားသော်လည်း

ရူပနန္ဒာသည် ဘိက္ခုနီတို့ထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော် ချီးမွမ်း ပြောဆိုနေသံကို မကြာခဏ ကြားနေရသည်။ သူ့စိတ်ထဲတွင်တော့ ငါ့မောင်တော် ကြီး ဘုရားကို အလွန်အကြူး အထူးချီးကျူးနေကြတာပဲ။ မောင်တော်ကြီး ဘုရားကတော့ဖြင့် ရုပ်သည် အမြဲမရှိ၊ ဆင်းရဲ၏။ ကိုယ်မဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည်လည်း အမြဲမရှိ၊ ဆင်းရဲ၏ဟု အပြစ်တင် ရှုတ်ချဟောနေသည်။ ငါ သွား၍ ငါ့ကိုမြင်လျှင် ငါ့ရုပ်ကိုလည်း အပြစ်ပြော တော့မည်" ဟု တွေးတောရင်း ဘုရားရှင်၏ မျက်မှောက်တော်သို့ မသွား ရောက်ဘဲ နေသည်။ သို့သော် ဘုရားရှင်ထံမှ ပြန်လာကြသည့် ပရိသတ်

http://www.dhammadownload.com

များထံမှ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်ကို နေ့ညဉ့်မပြတ် ပြောသံ ကြားနေရသည့်အတွက် အရှင်မသည် ဘုရားရှင်ထံသို့ တစ်ခေါက်လောက် သွားလိုသည့်ဆန္ဒ စိတ်တွင် ဖြစ်ပေါ်လာသည်။ ထိုကြောင့် အရှင်မသည် ရဟန်းမိန်းမတို့အား ယနေ့ပင် မြတ်စွာဘုရားထံ သွားရောက်၍ တရားနာလို သည်ဟု ပြောကြားသည်။ ဘိက္ခုနီတို့သည် ညနေချမ်းအခါတွင် ရူပနန္ဒာထေရီ ကိုခေါ်လျက် ဘုရားရှင်ထံသို့ တရားနာသွားကြသည်။ ဘုရားရှင်ထံ ရောက် သောအခါ အရှင်မသည် သူ့အား ဘုရားရှင် မမြင်နိုင်လောက်သည့် အစွန် အဖျားဌ ပုန်းလျှိုးကွယ်လျှိုး နေရာယူထားသည်။

နန္ဒိတ ပျိုကညာကို မြင်သော်

အရှင်မသည် ကျက်သရေရှိလှသော မြတ်စွာဘုရား၏ မျက်နှာတော်ကို ဖူးမြော်၍မဝ ဖြစ်နေရာမှ ရှင်တော်မြတ်ဘုရားအား ယပ်လေခတ်၍ ပူဇော်နေသည့် အမျိုးသမီးကလေး (နိန္ဒိတ ပျိုကညာ) ကို မြင်သော် အံ့အားသင့် သွားသည်။ မိမိထက် အဆင်းရူပကာယ ပိုမို လှပပြီး ဆယ့်ခြောက်နှစ်အရွယ် ပျိုနုငယ်ကလေး ဖြစ်သည်။ ပန်းနုရောင် အဝတ်ကို ဆင်မြန်းထားသည်။ လက်ဝတ်ရတနာ အဆင်တန်ဆာများကလည်း ပြိုးပြိုးပြက်ပြက်။ ထိုသူ ကလေးကို မြင်တော့ အရှင်မသည် "ရွှေဟင်္သာမင်းရှေ့၌ ရောက်ရှိနေသော ကျီးနှင့်တူ၏" ဟု မိမိကိုယ်ကို အောက်မေ့မိလေသည်။ မိမိထက် သာလွန်သူ ဖြစ်၍ ချီးကျူးဖွယ်ဟု မြင်သော်လည်း ကိုယ့်ထက်သာ မနာလိုဟူသော လူ့ သဘာဝအရ မနာလိုမှုလည်း ရောယောင်ပါလာသည်။

ထေရီ ကြည့်မြင်နေစဉ်မှာပင် ထိုလှကညာလေးသည် ပျိုရာမှ အို၊ အိုရာ မှ နာလာပြီး ဆံဖြူသွားကျိုး ဖြစ်လာသည်။ ခန္ဓာကိုယ်အနှံ့မှ အဖုအပိမ့် အရိ အရွဲများ ထွက်ပေါ်လာသည်။ မတ်တတ်ရပ်ခြင်း၊ ထိုင်ခြင်းပင် မပြုနိုင်တော့။ ထိုအခြေအနေကို မြင်ရသော် ထေရီသည် မိမိ၏ ခန္ဓာကိုလည်း စက်ဆုပ် ဖွယ်အဖြစ် မြင်သိလာသည်။ ခန္ဓာကိုယ်၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခနှင့် အနတ္တသဘောတို့ကို သိမြင်လာပြီး ဝိပဿနာပွားများသည်။

http://www.dhammadownload.com

သောတာပန်ဖြစ်တော်မူပြီ

နိမ္မိတပျိုကညာသည် ဖန်ဆင်းထားသူဖြစ်၍ ဇနပဒကလျာဏီ တစ်ဦးတည်းသာ မြင်နိုင်သည်။ ဇနပဒကလျာဏီ တရားသိလာစေရန် ရည်ရွယ်လျက် ဘုရားရှင်က ဖန်ဆင်းပြထားခြင်း ဖြစ်သည်။ ထေရီ၏ စိတ်အစဉ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ ဖြစ်ပေါ်လာသော် ဘုရားရှင်က ဝိဇယသုတ္တန် ဟောကြားသဖြင့် ထေရီသည် သောတာပန် ဖြစ်သွားတော့သည်။

ထို့နောက် ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောကြားရာ ဒေသနာတော်အဆုံး၌ ဇနပဒကလျာဏီထေရီသည် တရားသိကာ ရဟန္တာ ဖြစ်တော်မူသည်။

၁၅၀။ အဋ္ဌိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။

ဒေသနာ၏အဓိပ္ပာယ်

၁၅၀။ တဏှာတည်းဟူသော လက်သမားသည် အရိုးတို့ကို စိုက်ထူလျက် အသွေး၊ အသား၊ အကြောတို့ဖြင့် မွမ်းမံကာ ခန္ဓာကိုယ်တည်းဟူသော မြို့ကို တည်ဆောက်ထားသည်။ ထိုမြို့၌ အိုခြင်း၊ သေခြင်း၊ ထောင်လွှားမာနထားခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းတို့သည်သာ ရှိကြပေ၏။

ဇနပဒကလျာဏီထေရီဝတ္ထု ပြီး၏။

၆။ မလ္လိကာမိဖုရားဝတ္ထု

[မကောင်းမှုစွဲလမ်းကာ သေလွန်ပြီးငရဲကျသူ]

မလ္လိကာသည် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီး၏ အချစ်မြတ်နိုးဆုံး မိဖုရားကြီး ဖြစ်သည်။ ဤမိဖုရားကြီးနှင့်အတူ မင်းကြီးသည်

http://www.dhammadownload.com

သူတစ်ပါးတို့ မလျှုနိုင်သော အသဒိသအလှူကြီး ပေးလှူခဲ့သည်။ ဇေတဝန်ကျောင်းတော်၌လည်း သလလာဂါရကျောင်းဆောက်လုပ် လှူဒါန်းခဲ့သည်။ တစ်နေ့တွင် မိဖုရားကြီးသည် ရေချိုးအိမ်အတွင်းသို့ဝင်ပြီး မျက်နှာသစ်သည်။ ထို့နောက် သလုံးမြင်းခေါင်းကို ဆေးကြောရန် ကုန်း၍နေစဉ် သူမွေးထားသော ခွေးက မိဖုရားကြီးကို နောက်မှနေပြီး မေထုန်အမှုကိုပြုရန် အားထုတ်သည်။ မိဖုရားကြီးကလည်း အတွေ့ကို သာယာလျက် ငြိမ်နေလိုက်သည်။

မကောင်းမှုပြုပါလျက် မပြုဟုလိမ်ညာသူ

ကောသလမင်းကြီးသည် ပြာသာဒ်ထက် လေသာပြတင်းပေါက်မှ လှမ်းကြည့်သော် မိဖုရားကြီးနှင့် ခွေးတို့၏ အခြေအနေကို မြင်သွားသည်။ ရေချိုးအိမ်မှ ထွက်လာသော မိဖုရားကြီးကို မင်းကြီးက "သူယုတ်မ၊ အဘယ်ကြောင့် ခွေးနှင့် ဖောက်ပြန်နေရသနည်း" ဟု မာန်မဲ ကြိမ်းမောင်းသည်။ မိဖုရားကြီးက မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။ ထို့နောက် "ရေချိုးအိမ်သို့ကိုယ်တိုင် ဝင်ကြည့်ပါ။ ထူးဆန်းသော ရေချိုးအိမ်ဖြစ်၍ တစ်ယောက်တည်း ဝင်သော်လည်း နှစ်ယောက်ဖြစ်နေတတ်သည်" ဟု လတ်တလော ဉာဏ်ထုတ်လျက် လိမ်ညာပြောဆိုသည်။ မင်းကြီးကိုယ်တိုင် ရေချိုးခန်းသို့ဝင်သောအခါ ဆိတ်မနှင့် သံဝါသပြုနေသည်ကို မြင်ရသည်ဟု မိဖုရားက လိမ်ညာစွပ်စွဲသည်။

ကောသလမင်းကြီးသည် အသိဉာဏ်ပညာ နည်းသူဖြစ်၍ မိဖုရားကြီးနှစ်ကြိမ်တိုင် လိမ်ညာသည်ကို ဟုတ်မှန်သလိုလို ထင်နေခဲ့သည်။

မကောင်းမှု၏ မကောင်းကျိုးခံရပြီ

မလ္လိကာမိဖုရားကြီးသည် မိမိ ပြုမိခဲ့သော မကောင်းမှုနှင့် မိမိအပေါ် ချစ်မြတ်နိုးပြီး ကောင်းမှုအတူပြုဖက် ဖြစ်သည့် မင်းကြီးအား လိမ်ညာမိခဲ့မှုတို့အတွက် နေ့စဉ်လိုပင် စိတ်မကောင်း ဖြစ်နေခဲ့သည်။ "ငါ ပြုခဲ့သော မကောင်းမှုကို ဘုရားရှင်သည် သိတော်မူလိမ့်မည်။ ထို့ပြင် အဂ္ဂသာဝက အရှင်မြတ်ကြီး နှစ်ပါးနှင့် ရှစ်ကျိပ်သော မဟာသာဝကတို့သည်လည်း သိတော် မူကြပေလိမ့်မည်" ဟု နောင်တ တစ်ဖန် ပူပန်သောစိတ် ဖြစ်ပေါ်လျက်ရှိသည်။ နောက်

http://www.dhammadownload.com

မကြာမီ ကွယ်လွန်သွားသောအခါ ပြုခဲ့သော ကောင်းမှုများထက် မကောင်းမှုကိုသာ စွဲလမ်းသတိရနေမှုကြောင့် အဝီစိငရဲသို့ ကျရောက်သွားလေတော့သည်။

အမြင်မကြည်လင်မှု မဖြစ်စေရန်

ကောသလမင်းကြီးသည် မိဖုရားကြီး၏ လားရာဘဝကို မေးလျှောက်ရန် ဘုရားရှင်ထံ အကြိမ်ကြိမ်သွားသည်။ သွားတိုင်း သွားတိုင်းပင် မေးလျှောက်ရန် သတိမရ ဖြစ်နေခဲ့သည်။ ကောင်းမှုကုသိုလ်များစွာ ပြုလုပ်ထားပါလျက် အဝီစိဋ္ဌ ငရဲခံနေရသည်ဟု သိသွားလျှင် မင်းကြီး၏စိတ်၌ ကုသိုလ်ကောင်းမှု အပေါ် အမြင်မကြည်မလင် ဖြစ်လာနိုင်သည်။ ကွယ်လွန်ခါနီး ခံစားနေရသည်တို့ကြောင့် ငရဲရောက်ရသည်ကို မင်းကြီးအား အသိမပေးချင်။ ထို့ကြောင့် မင်းကြီးလာတိုင်း မိဖုရားကြီး ရောက်ရာဘဝ မမေးနိုင်ရန် ဘုရားရှင်က တန်ခိုးတော်ဖြင့် တားမြစ်ထားခြင်း ဖြစ်သည်။

ရထားတို့ ဥပမာဖြင့်ဟောကြား

မလွိကာမိဖုရားကြီးသည် ကွယ်လွန်ပြီးနောက် ရှစ်ရက်မြောက်သော နေ့တွင် ငရဲမှ လွတ်မြောက်ကာ တုသိတာနတ်ပြည်သို့ ရောက်သွားသည်။ ဘုရားရှင်သည် ဆွမ်းခံကြွတော်မူရင်း မင်းကြီး၏ နန်းတော်သို့ ရောက်လာသည်။ နန်းတော်ထက်သို့ ကြွရောက်ရန် မင်းကြီးက ဘုရားရှင်အား ပင့်ဆောင်သည်။ သို့သော် ဘုရားရှင်က ရထားတင်းကုပ်သို့သာ ကြွတော်မူ၏။ မင်းကြီးက မိဖုရားကြီးနှင့် ပတ်သက်၍ ပူဆွေးသောက ဖြစ်နေရပုံနှင့် မိဖုရားကြီး ရောက်ရာဌာန ဘုံဘဝကို မေးလျှောက်သည်။ ဘုရားရှင်က တုသိတာနတ်ပြည်၌ နတ်ဖြစ်နေပြီဟု မိန့်ကြားသည်။ ထိုအခါ ကောသလမင်းကြီးက "အရှင်မြတ် ဘုရား၊ မလွိကာလို မိဖုရားမျိုးမှ တုသိတာနတ်ပြည်သို့ မရောက်လျှင် အဘယ်သူ ရောက်ပါမည်နည်း ဘုရား။ မလွိကာ မိဖုရားကြီးသည် ဘုရားရှင်အတွက် လျှုဒါန်းရန်ကိုသာ ရည်စူး၍ မပြတ်စီစဉ်နေသူ ဖြစ်ပါသည် ဘုရား။ မိဖုရားကြီး ကွယ်လွန်သည့်နေ့မှစ၍ တပည့်တော်သည် ဤအိမ်းမစွမ်း ဖြစ်နေသည့်

http://www.dhammadownload.com

ခန္ဓာကိုယ်ကြီးကိုပင် မသယ်ချင်တော့ပါ ဘုရား" ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ရထားတင်းကုပ်ရှိ အဟောင်းနွမ်းဆုံး ရထားကိုကြည့်လျက် မည်သူ့ရထားနည်းဟု မေးတော်မူသည်။ မင်းကြီးက ဘိုးတော်လက်ထက်က ရထားဟု ဖြေသည်။ ဒုတိယ ယိုယွင်းပျက်စီးနေသည့် ရထားကို မေးသော် ဖခင်လက်ထက်က ရထားပါဟု ဖြေကြားသည်။ ထို့နောက် တောက်ပသစ်လွင်နေသည့် ရထားကိုမေးသော် သူ့ရထားပါဟု မင်းကြီးက ဖြေသည်။

ထိုအခါ ဘုရားရှင်က "မင်းကြီး၊ သင့်ဘိုးတော်၏ ရထားသည် သင့်ခမည်းတော် လက်ထက်အထိ အသုံးမပြုနိုင်ဘဲ ဟောင်းနွမ်း ပျက်စီးခဲ့ရ၏။ သင့်ဖခမည်းတော်၏ ရထားသည်လည်း သင်မင်းကြီး လက်ထက်မတိုင်မီမှာပင် ပျက်စီးခဲ့ရချေပြီ။ ဤသို့ ဟောင်းနွမ်း ပျက်စီးခြင်းသဘောရှိသည့် သစ်သားတုံးသည် ဆွေးမြည့်ပျက်စီးရလေပြီ။ လူသတ္တဝါတို့၏ ခန္ဓာကိုယ် ဆိုလျှင်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း" ဟု မိန့်ကြားပြီး ဆွေးမြည့်ဟောင်းနွမ်း အိုမင်းမှု မရှိသောအရာမှာ သူတော်ကောင်းတို့တရားသာ ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၅၁။ ဇိဏ္ဏိ ဧဝ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ။

ဒေသနာ၏အဓိပ္ပာယ်

၁၅၁။ အဆန်းတကြယ် ပြုလုပ်ထားသော မင်းစီးရထားတို့သည် ဆွေးမြည့်ဟောင်းနွမ်းကုန်၏။ ထို့အတူ လူ၏ခန္ဓာကိုယ်သည်လည်း ဟောင်းနွမ်းအိုမင်းရ၏။ သူတော်ကောင်းတို့၏ တရားကား ဟောင်းနွမ်းအိုမင်းမှု မရှိဟူ၍ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့အချင်းချင်း သူတော်ကောင်းတရားကို နှိုးနှောတိုင်ပင် ဆွေးနွေးကြသည်။

မလ္လိကာဓိဗုရားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ လာဠုဒါယိမထေရ်ဝတ္ထု

[မင်္ဂလာတရားဟောရမည့်နေရာ၌ အမင်္ဂလာတရား ဟောကြားသူ]

လောကတွင် လုပ်သင့်သောနေရာ၌ လုပ်သင့်သော အလုပ်ကို မလုပ်သူ၊ ပြောသင့်သောစကား ပြောရမည့်နေရာတွင် မပြောသင့်သောစကားကို ပြောသူများ ရှိကြသည်။ ဤလာဠုဒါယိမထေရ်သည် ထိုသူတို့တွင် တစ်ပါး အပါအဝင် ဖြစ်ပေလိမ့်မည်။ ဤမထေရ်သည် မင်္ဂလာအခမ်းအနားသို့ ရောက်လျှင် ပေတဝတ္ထု စသည့် ပြိတ္တာများအကြောင်း အမင်္ဂလာတရားကို ဟောသည်။ မင်္ဂလာ မရှိသော အခမ်းအနား နာမှုကိစ္စ စသည်တို့တွင် မင်္ဂလာတရားကို ဟောသည်။

အတိတ်ဘဝကလည်း ပြောင်းပြန်ပြောသူ

ဤသို့ မထေရ်သည် အလွဲလွဲအချော်ချော် ပြောတတ် ဟောတတ်သည့် အကြောင်းကို အခြားသော ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားသော အခါ ဘုရားရှင်က မထေရ်၏အတိတ်ဘဝအကြောင်း ဒုကနိပါတ်၊ ဇိရဏာထမ္ဘဝဂ်မှ သောမဒတ္တဇာတ်ကို ဟောတော်မူသည်။ ဤလာဠုဒါယိမထေရ်သည် ဘဝတစ်ခုခု၌ အဂ္ဂိဒတ္တအမည်ရှိ လယ်သမား ဖြစ်နေသည်။ ထွန်နေသော နွားတစ်ကောင် သေသွား၍ ဘုရင့်ထံ နွားတစ်ကောင်ပေးရန် တောင်းရမည့်အစား ရှိနေသော သူ့နွားတစ်ကောင်ကို ဘုရင်မင်းမြတ် ယူတော်မူပါဟု မပြောသင့်သည့်စကား ပြောခဲ့ဖူးသည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၅၂။ အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဓေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၅၂။ အကြားအမြင်နည်းသူ ယောက်ျားသည် နွားလားကဲ့သို့ အသားသာ တိုးပွားသည်၊ အသိပညာ အကြားအမြင်ကား လုံးဝ မတိုးပွားပေ။

လာဠုဒါယိမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ အရှင်အာနန္ဒာမေးသော ဥဒါန်းဂါထာဝတ္ထု

[စိတ်ဖြင့်သာ ကျူးရင့်သောဥဒါန်း]

ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်နတ်သားကို အောင်မြင်တော်မူသည်။ ထိုနေ့ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်တို့ ရတော်မူကာ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားဖြစ်တော်မူပြီးနောက် ဥဒါန်း ကျူးရင့်တော်မူခဲ့သည်။ ဗောဓိပင်ရင်း၌ စံနေတော်မူစဉ် ကျူးရင့်ခဲ့သော ဥဒါန်းတော်ကို နောင်သောအခါ အရှင်အာနန္ဒာက မေးလျှောက်သဖြင့် ဘုရားရှင်က တစ်ဖန်ပြန်၍ ဟောတော်မူသည်။

ကျူးရင့်သော ဥဒါန်းနှစ်မျိုးရှိ

ဘုရားရှင် ကျူးရင့်တော်မူသော ဥဒါန်းသည် စိတ်တော်ဖြင့် ကျူးရင့်ခဲ့သော မနသာဥဒါန်းနှင့် နှုတ်တော်ချွေမြွက် အသံထွက်၍ ကျူးရင့်သော ဝစသာ ဥဒါန်းဟု နှစ်မျိုးရှိသည်။ ဤဥဒါန်းတော်မှာ စိတ်တော်ဖြင့်သာ ကျူးရင့်သော မနသာဥဒါန်း ဖြစ်သည်။

၁၅၃။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
၁၅၄။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဒေသနာ၏အဓိပ္ပာယ်

၁၅၃။ ခန္ဓာအိမ်ကို ဆောက်လုပ်သည့် လက်သမားကို ငါ ရှာခဲ့သည်။ သို့သော် မြင်နိုင်သော ဉာဏ်မရရှိသေး၍ မရေမတွက်နိုင်သော ဘဝများစွာ

http://www.dhammadownload.com

သံသရာ၌ ငါ ကျင်လည်ခဲ့ရပြီးပြီ။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှပါပေတကား။

၁၅၄။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သည့် ဟယ်...တဏှာ လက်သမား၊ သင့်ကို ပညာမျက်စိဖြင့် ယခု ငါ မြင်တွေ့ပြီ။ ဤခန္ဓာအိမ်ကို တစ်ဖန် ပြန်၍ သင် မဆောက်လုပ်နိုင်တော့။ သင်၏ ကိလေသာတည်းဟူသော အခြင်၊ ရနယ်အားလုံးတို့ကို ငါ ချိုးဖျက်ပစ်လိုက်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်ခေါင်ထွတ်ကိုလည်း ဖျက်ပစ်လိုက်ပြီ။ ငါ၏စိတ်သည် ပြုပြင်မှုကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရပြီ။

အရှင်အာနန္ဒာမေးသော ဥဒါန်းဂါထာဝတ္ထု ပြီး၏။

၉။ မဟာဓနသူဌေးသားဝတ္ထု

[သူဌေးသားဘဝမှ သူတောင်းစားဘဝရောက်သွားသူ]

မဟာဓနသူဌေးသားသည် ဗာရာဏသီမြို့မှ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီး၏သား ဖြစ်သည်။ သူ့ကို မိဘများက အသက်မွေးမှုပညာကို သင်ကြားမပေးဘဲ အတီးအမှုတ် အကအခုန်ပညာတို့ကိုသာ သင်ကြားစေခဲ့သည်။ အရွယ်ရောက်သောအခါ သူကဲ့သို့ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသမီးနှင့် အိမ်ထောင်ကျသည်။ နှစ်ဖက်မိဘတို့ ကွယ်လွန်သော် သူတို့ဇနီးမောင်နှံသည် ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝသော သူဌေးလင်မယားဖြစ်လာကြသည်။ အသက်မွေးမှု ပညာမသင်ဘဲ ရှိပစ္စည်းကို ထိုင်သုံးသော်လည်း မကုန်နိုင်ဟု သူ့မိဘများက ထင်မှတ်ခဲ့ကြသည်။

အကောင်းဆုံး သောက်ဖွယ်ဖြစ်

မဟာဓနသူဌေးသားသည် တစ်နေ့သုံးကြိမ် မင်းခစားသွားရာမှ ပြန်လာစဉ် စားသောက်ဖွယ်တို့ဖြင့် သောက်စားနေကြသော အမှူးသမားတို့က သူဌေးကလေး

http://www.dhammadownload.com

ကို မြှောက်ပင့်ပေးပြီး မိုခိုစားသောက်လိုကြသဖြင့် "သူဌေးသား အသက်ရာကျော်ရှည်ပါစေ၊ အရှင်သူဌေးသားကို အမှီပြုကာ အကျွန်ုပ်တို့သည်လည်း စားသောက်ပျော်ရွှင်နိုင်သူတို့ ဖြစ်ကြပါစေ" ဟု အော်ဟစ် နူတ်ဆက်ကြသည်။ အမူးသမားတို့ သောက်နေသော အရည်အကြောင်းကို နောက်မှလိုက်လာသော အလုပ်အကျွေးငယ်ကို မေးသော် "ဤလူ့ပြည် လူလောကၦ် သောက်ဖွယ် အကောင်းဆုံးသော အဖျော်ယမကာ ဖြစ်ပါသည်" ဟု ဖြေကြားကြသဖြင့် မဟာဓနသူဌေးသားက အနည်းငယ် မြည်းစမ်းကြည့်သည်။

နောက်ရက်များတွင် သူဌေးသားသည် အမူးသမားများနှင့်အတူ သေအရက်ကို ဝိုင်းဖွဲ့၍ သောက်သည်။ စားသောက်ဖွယ်မျိုးစုံ အကင်တစ်မျိုး၊ အကြော်တစ်မျိုးတို့အတွက် အကုန်အကျ များစွာခံသည်။ ထို့ပြင် တီးသူမှုတ်သူ ကခုန်သူများနှင့် ပျော်ရွှင်စွာ မြူးထူးပျော်ပါးခြင်းဖြင့် ငွေကို ရေလို သုံးဖြုန်းပစ်သည်။ သို့ဖြင့် အချိန်ကြာလာသော် ရရှိထားသော မိဘအမွေအနှစ်များ ကုန်သွားတော့သည်။

ခွက်လက်စွဲကာ တောင်းစားရပြီ

နောက်ဆုံး မဟာဓနသူဌေးသားတို့ဇနီးမောင်နှံသည် အိမ်ကိုပါ ရောင်းသုံးလိုက်ရသဖြင့် နေစရာမရှိ၊ စားစရာမရှိဖြစ်ကာ ခွက်လက်စွဲပြီး တောင်းစားနေကြရသည်။ တစ်နေ့တွင် သူတို့ ဇနီးမောင်နှံသည် ရဟန်းတော်တို့ထံမှ ဆွမ်းကျန် ဟင်းကျန်များ လာရောက် တောင်းယူသည်။ ဘုရားရှင်က သူတို့ဇနီးမောင်နှံကို မြင်၍ ပြုံးတော်မူသဖြင့် အရှင်အာနန္ဒာက မေးတော်မူသည်။

ရေမရှိသောအိုင်မှ ကြိုးကြာငှက်လို

ထိုအခါ ဘုရားရှင်က "ဤသူဌေးသားသည် ပထမအရွယ်၌ စီးပွားဥစ္စာရှာခဲ့လျှင် ဤမြို့၌ ပထမတန်းစားသူဌေးကြီး ဖြစ်နိုင်သည်။ ရဟန်းပြုခဲ့လျှင် ရဟန္တာဖြစ်နိုင်သည်။ သူ၏မယားသည် အနာဂါမ် ဖြစ်နိုင်သည်။ မဇ္ဈိမအရွယ်၌ စီးပွားဥစ္စာ ရှာခဲ့လျှင် ဒုတိယတန်းစား သူဌေးဖြစ်လျက်

http://www.dhammadownload.com

အနာဂါမ် ဖြစ်နိုင်သည်။ မယားသည် သကဒါဂါမ်ဖြစ်နိုင်သည်။ ပစ္ဆိမအရွယ် ၌မူ ခင်ပွန်းသည် သကဒါဂါမ်ဖြစ်နိုင်ပြီး မယားသည် သောတာပန်ဖြစ်နိုင် သည်။ ဤသို့ အရွယ်ရှိခိုက် လုံ့လမစိုက်ခဲ့သဖြင့် ခွက်လက်စွဲကာ တောင်းစား နေရသည်။ လူ့စည်းစိမ်မှ ဆုံးရှုံးရသကဲ့သို့ ရဟန်းအဖြစ်ဟူသော မဂ်ဖိုလ် မှလည်း ဆုံးရှုံးရကာ **ရေမရှိသောအိုင်၌ ကြိုးကြာငှက်ကဲ့သို့ မှိုင်နေရပေ၏**" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၅၅။ အစရိတ္တာ ပြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ စျာယန္တိ၊ ခီဏာမစ္ဆေဝ ပလ္လလေ။
၁၅၆။ အစရိတ္တာ ပြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

ဒေသနာတို့၏အဓိပ္ပာယ်

၁၅၅။ လူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကိုလည်း မကျင့်၊ ဥစ္စာ စီးပွားကိုလည်း ရအောင် မရှာ၊ သူတို့သည် အရွယ်လွန်သော် ရေခန်းကာ ငါး မရှိသော ရေအိုင်၌ အတောင်ကျိုးသော ကြိုးကြာငှက်ကဲ့သို့ မှိုင်တွေ၍သာ နေကြရကုန်၏။

၁၅၆။ သူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကိုလည်း မကျင့်၊ ဥစ္စာ စီးပွားကိုလည်း ရအောင်မရှာ၊ သူတို့သည် အရွယ်လွန်သော် လေးမှ ပစ်လွှတ်ပြီးနောက် အရှိန်ကုန်သော မြားကဲ့သို့ အားမရှိတော့သဖြင့် ရှေး ဖြစ်ဟောင်းတို့ကို အောက်မေ့ကာ ညည်းတွားရှိသာ နေရလေတော့၏။

မဟာဓနသူဌေးသားဝတ္ထု ပြီး၏။

ဇရောဝဂ် ပြီး၏။

http://www.dhammadownload.com

အတ္တဝဂ်

အတ္တ = မိမိကိုယ်၊ ဝဂ္ဂ = ဝဂ်၊ အစု။
မိမိကိုယ်ကို ကောင်းအောင် ပထမ ထား ကျင့်ပါ။ သူတစ်ပါးအပြစ်ကို
မရှုပါနှင့် စသည်ဖြင့် ဟောကြားထားသောဝတ္ထုနှင့် ဒေသနာအစု။



၁။ ဗောဓိမင်းသားဝတ္ထု

[ကိုယ့်ကိုယ်ကို ချစ်မြတ်နိုးသော်လည်း မစောင့်ရှောက်ခဲ့သူ]

ဗောဓိမင်းသားသည် မိမိကိုယ်ကို စောင့်ရှောက်နိုင်ရန်အတွက် လောကတွင် ထူးပေ၊ ဆန်းပေဆိုသော ကောကနုဒအမည်ရှိ ပြာသာဒ်တစ်ဆောင်ကို ပညာကျော် လက်သမားများအား ဆောက်လုပ်စေသည်။ ဆောက်ထားသည့် ပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်တော့မည်ဟန်ဖြစ်၍ သူ အလွန်သဘောကျသည်။

ပညာရှင်ကို တန်ဖိုးထားသူရောင်းရင်း

လက်သမား ပညာကျော်များသည် သူ့စိတ်ကူး၊ သူ့အကြိုက်၊ သူ့အလိုက်ကို တိတိကျကျ အကောင်အထည် ဖော်ပေးနိုင်သူများ ဖြစ်သည်။ ဤကဲ့သို့သော ပြာသာဒ်ကို အခြား မည်သည့်နေရာတွင်မှ မဆောက်ခဲ့ဖူးကြပေ။ ထိုကြောင့် ဗောဓိမင်းသားက လက်သမား ပညာကျော်များ အခြားနေရာ၌ ဆောက်မပေးနိုင်စေရန် ယခု ဆောက်လုပ်နေသော ပြာသာဒ်ပြီးသွားလျှင်

http://www.dhammadownload.com

လက်သမားများကို အစဖျောက် သတ်ပစ်မည်။ သို့မဟုတ် လက်ခြေများ ဖြတ်ပစ်မည်။ မျက်လုံးများ ဖောက်ပစ်မည်ဟု စဉ်းစားလျက် ရှိသည်။ ဗောဓိမင်းသားက ထိုကဲ့သို့သော သူ့အတွေးအကြံကို ရောင်းရင်းဖြစ်သူ သဋ္ဌိဝပုတ္တလုလင်အား ထုတ်ပြောထားသည်။ သဋ္ဌိဝပုတ္တလုလင်က ဤမျှ ကျွမ်းကျင်သူ ပညာရှင်များ လောကမှ ပျောက်ကွယ်မသွားစေလိုသည့်အတွက် ဗောဓိမင်းသား၏ အကြံအစည်ကို လက်သမားကျော်များအား ဖွင့်ချပြောပြလိုက်သည်။

ဂဠုန်ပျံဖြင့် ထွက်ပြေးကြပြီ

လက်သမားများသည် ပြာသာဒ်ကြီး ဆောက်လုပ်ပြီးစီးနေသော်လည်း မင်းသားအား အနုစိပ်ခြယ်သဖို့ လိုသေးသည်။ ထို့ကြောင့် အနှစ်မပါ ပေါ့ပါးသော သစ်များဖြင့် ဂဠုန်ရုပ်ကို လျှို့ဝှက်ဆောက်လုပ်သည်။ အလုပ်ခွင်သို့ လက်သမားမိသားစုမှတစ်ပါး မည်သူမျှ မလာပါစေနှင့်ဟု ပြောထားကြသည်။ ဂဠုန်ပျံရုပ် ဆောက်လုပ်ပြီးသောအခါ တန်ဖိုးရှိပစ္စည်းများနှင့် မိသားစုများကို တင်ဆောင်ကာ ဟိမဝန္တာသို့ ထွက်ပြေးခဲ့ကြလေသည်။

ဗောဓိမင်းသားသည် ပြာသာဒ်ဖွင့်ပွဲ ပြုလုပ်ရန် နံ့သာလေးမျိုး အမွှေးအကြိုင်တို့ဖြင့် ပြာသာဒ်ကို ပက်ဖျန်းစေသည်။ ဘုရားရှင် ကြွလာလျှင် နင်း၍ လျှောက်သွားစေရန် အဖိုးတန် အခင်းများကိုလည်း ခင်းထားသည်။ အခင်းများပေါ်မှ ဘုရားရှင် ကြွသွားလျှင် သူ့၌ သားဖြစ်စေ၊ သမီးဖြစ်စေရမည်ဟုလည်း ယုံကြည်ထားသည်။ ထို့ကြောင့် ဘုရားရှင်အား အခင်းများပေါ်မှ ကြွပါရန် လျှောက်ထားသည်။

ဘုရားရှင်သည် အခင်းများပေါ်မကြွဘဲ ရပ်တန့်နေသည်။ အရှင်အာနန္ဒာအား အခင်းများကို ရပ်သိမ်းစေလိုသည့် အမူအရာပြသဖြင့် အရှင်အာနန္ဒာက "မင်းသား၊ အခင်းများကို ရပ်သိမ်းလော့။ ဘုရားရှင်သည် အခင်းများပေါ်နင်း၍ ကြွတော်မူမည် မဟုတ်" ဟု ပြောလိုက်သည်။ မင်းသားသည် အခင်းများပေါ်မှ ဘုရားရှင် မကြွရသည့်အကြောင်းကို မေးမြန်းသည်။ ထိုအခါ ဘုရားရှင်က "မင်းသား၊ သင်သည် အဘယ်ကို ကြံစည်၍ အဝတ်ပုဆိုးတို့ကို

http://www.dhammadownload.com

ခင်းထားရသနည်း" ဟု မေးတော်မူရာ ဗောဓိမင်းသားက "တပည့်တော်တွင် သားသမီး မရှိသေးပါ။ အကယ်၍ သားသမီး ရမည်ဆိုလျှင် ဘုရားရှင်သည် ငါ၏ ပုဆိုးအဝတ်အခင်းပေါ်မှ နင်းကြွပါစေဟု ကြိုစည်စိတ်ကူး၍ ခင်းပါသည် ဘုရား" ဟု လျှောက်သည်။ ဘုရားရှင်က "မင်းသား၊ ထိုအကြောင်းကြောင့်ပင် ငါဘုရားသည် သင်ခင်းအပ်သော ပုဆိုးအခင်းကို မနင်းခြင်းဖြစ်သည်" ဟု မိန့်ကြားကာ မင်းသားဇနီးမောင်နှံအတွက် သားသမီး မရစေနိုင်သည့် အတိတ်ကံအကြောင်းကို ဆောင်ပြတော်မူသည်။

အတိတ်မှ အကုသိုလ်ကံ

ဤမင်းသား ဇနီးမောင်နှံသည် လွန်ခဲ့သော ဘဝတစ်ခုဌ် ပင်လယ်သမုဒ္ဒရာတွင်း ခရီးသွားရင်း လှေသင်္ဘောပျက်သည်။ အခြားသူတို့ ကွယ်လွန်သွားကြသော်လည်း သူတို့ ဇနီးမောင်နှံသည် ကံအားလျော်စွာ ကျွန်းငယ်တစ်ခုပေါ်သို့ ရောက်သွားကြသည်။ ကျွန်းငယ်ပေါ်၌ ငှက်ဥနှင့် ငှက်များသာရှိသည်။ ပထမ ငှက်ဥများစားသည်။ ကြာလာသော် ငှက်ဥများ ကုန်သဖြင့် ငှက်ကလေးများကို စားသည်။ သို့ဖြင့် သူတို့သည် အရွယ်သုံးပါး ကုန်လွန်သွားသည့်တိုင် ငှက်နှင့် ငှက်ဥများကိုသာ စားနေကြရသည်။ အရွယ်သုံးပါး တစ်ပါးပါးတွင် မယားဖြစ်စေ၊ လင်ဖြစ်စေ ကုသိုလ်ပြုမှု မိမိကိုယ် ချစ်မြတ်နိုးရာလည်းရောက်၍ စောင့်ရှောက်ရာလည်း ရောက်သည်။ သားသော် လည်းကောင်း၊ သမီးသော်လည်းကောင်း ရနိုင်ပေ၏။ ထူးပေ့ ဆန်းပေ့ဆိုသည့် နေရာ၌ နေနိုင်ရုံဖြင့် မိမိကိုယ်မိမိ စောင့်ရှောက်ရာ မမည်ပေ။ ဘုရားရှင်သည် ဗောဓိမင်းသားဇနီးမောင်နှံ၏ အတိတ်အကုသိုလ်ကြောင့် သားသမီး မရနိုင်ပုံကို မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဗောဓိမင်းသား သောတာပန် ဖြစ်သွားလေသည်။

၁၅၇။ အတ္တာနဉ္ဉေ ဝိယ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၅၇။ မိမိကိုယ်ကို ချစ်မြတ်နိုးလျှင် (အကုသိုလ် မဖြစ်စေဘဲ ကုသိုလ် ပွားများအောင်) ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် အနည်းဆုံးအားဖြင့် တစ်ပါးပါးသောအရွယ်၌ မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် ပညာရှိသည် စောင့်ရှောက်ရာ၏။

ဗောဓိမင်းသားဝတ္ထု ပြီး၏။

၂။ ဥပနန္ဒမထေရ်ဝတ္ထု

[ငါဟောသလိုသာလုပ်၊ ငါလုပ်သလို
မလုပ်နှင့်ဟု ဟောတြောသူ]

ဥပနန္ဒမထေရ်သည် အဟော်အပြောကောင်းသဖြင့် ရဟန်းရှင်လူတို့က ကြည်ညိုကြသည်။ တရားဟောရာ၌ အလိုနည်းခြင်းနှင့် စပ်သောတရားကိုသာ ဟောပြောသည်။ သူဟောသဖြင့် အခြားသော ရဟန်းများက သူ့အား လျှုဖွယ်ပစ္စည်း မျိုးစုံတို့ဖြင့်လည်း လှူဒါန်းပူဇော်ပြီး ဓူတင်အကျင့်များကို ကျင့်ကြ၏။ သူကိုယ်တိုင်ကမူ အကျင့်တစ်စုံတစ်ရာကိုမျှ ကျင့်သုံးမဟုတ်။ ပရိက္ခရာ အသုံးအဆောင် ပစ္စည်းကိုသာ စုဆောင်းသည်။

ပစ္စည်းရအောင် စုဆောင်းပုံ

ဥပနန္ဒမထေရ်သည် အလှူဝတ္ထု ပစ္စည်းများစွာရစေရန် တောရွာ ဇနပုဒ် ကျောင်းများသို့ သွားပြီး ကျောင်းတစ်ကျောင်း၌ ဖိနပ်ကို ထားခဲ့သည်။ အခြား ကျောင်းတစ်ကျောင်း၌ တောင်ခဲ့၊ နောက်တစ်ကျောင်း၌ ရေဘူးကိုထားပြီး ကျန်ကျောင်းတစ်ကျောင်းတွင် ကိုယ်တိုင် ဝါကပ် သီတင်းသုံးသည်။ ဤသို့ မိမိ၏ပစ္စည်းများ ခွဲထားခြင်းမှာ ထိုကျောင်းများ၌ ကိုယ်တိုင်နေသည့်သဘော ဖြစ်ပြီး ထိုကျောင်းမှ ဝေစုအဖြစ် အလှူဝတ္ထုပစ္စည်းများ ရခွင့်ရှိစေရန်ဖြစ်သည်။

http://www.dhammadownload.com

တစ်နေ့တွင် ရဟန်းငယ်နှစ်ပါးတို့သည် အဝတ်နှစ်ထည်နှင့် ဝါန်ဖိုးကြီးသော ကမ္ဗလာတစ်ထည်ကို ရလာရာ အဝေမတည့် ဖြစ်နေသည်။ ထို့ကြောင့် သူတို့အား ခွဲဝေပေးရန် ဥပနန္ဒကို လျှောက်ထားကြသည်။ ဥပနန္ဒသည် အဝတ်နှစ်ထည်ကို ရဟန်းတို့အား တစ်ထည်စီ ခွဲဝေပေးပြီး ကိုယ်တိုင်ကမူ ခွဲဝေပေးခအဖြစ် တန်ဖိုးကြီး ကမ္ဗလာကို ယူသည်။ ရဟန်းငယ်နှစ်ပါး နှလုံးမသာမယာဖြစ်ကာ ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ဤသို့ ပြုလုပ်သည်မှာ ယခုဘဝမှ မဟုတ်ဟု မိန့်တော်မူကာ အတိတ်ဘဝ ဥပနန္ဒ၏ ဖျံနှစ်ကောင်အား ငါး ဝေပေးခဲ့ပုံကို ထုတ်ဖော်ဟောတော်မူသည်။

ငါး၏ အလယ်သားယူသူ မြေခွေး

အတိတ်ဘဝတစ်ခု၌ ဥပနန္ဒထေရ်သည် မြေခွေးဖြစ်နေခဲ့ဖူးသည်။ ရေတိမ်ရာ၌ ကျက်စားသူ အနုတီရစာရီဖျံနှင့် ရေနက်ရာ၌ ကျက်စားသူ ဂမ္ဘီရစာရီဖျံတို့သည် ငါးကြင်းကြီးတစ်ကောင်ကို ရလာကြရာ "ငါ့အတွက် ခေါင်းပိုင်း၊ သင့်အတွက် အမြီးပိုင်း" ဟု ငြင်းခုံကြရာမှ မြေခွေးတစ်ကောင်ကို တွေ့သဖြင့် ခွဲဝေပေးရန် ပန်ကြားကြသည်။ ထိုအခါ မြေခွေးက ရေတိမ်ရာ၌ ကျက်စားသူ ဖျံက ငါးအမြီးပိုင်းကိုယူစေ၊ ရေနက်ရာ၌ ကျက်စားသူ ဖျံက ငါးခေါင်းပိုင်းကို ယူစေဟုပြောပြီး အလယ်သားကို တရားဆုံးဖြတ်ပေးရသည့် ငါ့အတွက်ဆိုကာ ယူသွားဖူးသည်။ ဤသည်မှာ ယခု ရဟန်းနှစ်ပါးနှင့် ဥပနန္ဒထေရ်တို့၏ အတိတ်ဘဝတစ်ခုမှ အဖြစ်အပျက်တစ်ခု ဖြစ်သည်။

ဘုရားရှင်သည် အတိတ်ကို ဆောင်ပြတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူရာ ရဟန်းနှစ်ပါးတို့ သောတာပန် ဖြစ်တော်မူကြသည်။

၁၅၈။ အတ္ထာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ဒေသနာ၏အဓိပ္ပာယ်

၁၅၈။ ရှေးဦးစွာ မိမိကိုယ်တိုင်သာလျှင် ကောင်းအောင်ကျင့်ရာ၏။ မိမိကောင်းအောင် ကျင့်ပြီးမှ သူတစ်ပါးတို့ကို ဆုံးမရာ၏။ ထိုသို့ကျင့်သူ ပညာ

http://www.dhammadownload.com

ရှိသည် သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းဘေးမှ လွတ်ကင်းပြီး စိတ်ညစ်နွမ်း ပင်ပန်းမှု မဖြစ်ပေရာ။

ဥပနန္ဒမထေရ်ဝတ္ထု ပြီး၏။

၃။ ပဓာနိကတိဿမထေရ်ဝတ္ထု

[ကိုယ်က အိပ်နေပြီး သူတစ်ပါးကို ဆုံးမသူ]

ပဓာနိက တိဿမထေရ်သည် တပည့်များကို ဆုံးမ၍ နမူနာကောင်းပြလျက် ရှေ့မှ ဦးဆောင်ကျင့်သုံးပြနိုင်သူ မဟုတ်။ မိမိကိုယ်တိုင်က အိပ်နေပြီး တပည့်များကို ကြိုးစားအားထုတ် ကျင့်ကြံကြရန် ပြောဆိုဆုံးမတတ်သူ ဖြစ်သည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရား တောင်းယူပြီး နောက်ပါ ရဟန်းငါးရာနှင့်အတူ တောကျောင်းသို့သွား၍ ဝါဆိုသီတင်းသုံးနေခဲ့သည်။

ကိုယ်က အိပ်နေပြီး သူတစ်ပါးကို ကြိုးစားရန်ဆုံးမ

နောက်ပါ ရဟန်းတို့သည် အရှင်တိဿမထေရ်၏ ဆုံးမသွန်သင်မှုကို လိုက်နာလျက် ညဉ့်ဦးယံပတ်လုံး တရားအားထုတ်သည်။ မဇ္ဈိမယံ၌ အိပ်စက်အနားယူရန် ကျောင်းတွင်းသို့ ဝင်လာကြသည်။ ဤတွင် ကျောင်းတွင်း၌ အိပ်ပျော်နေရာမှ နိုးထလာသူ အရှင်တိဿက နားနေအိပ်စက်မည့် ရဟန်းတို့ကို နှင်ထုတ်လျက် ဆက်လက်၍ တရားဘာဝနာ အားထုတ်ရန် ဆုံးမပြောဆိုသည်။ ပစ္ဆိမယံတို့၌လည်း အနားယူရန် ဝင်လာသည့် ရဟန်းတို့ကို နှင်ထုတ်ကာ ဆက်လက် အားထုတ်ကြရန် ဆုံးမပြန်သည်။ ရဟန်းတို့က မိမိတို့၏ ဆရာသည် လုံ့လဝီရိယ အလွန်ထက်သန်လှသည်ဟု ဆင်ခြင်မိပြီး စူးစမ်းလေ့လာကြသော် ဆရာ့သမားသည် ညဉ့်သုံးယံပတ်လုံး အိပ်စက်နေသည်ကို သာ တွေ့ကြရသည်။

http://www.dhammadownload.com

ထိုအခါ နောက်ပါ ရဟန်းငါးရာတို့သည် အိပ်စက်နားနေချိန် မရ၍ ပင်ပန်းသောကြောင့် တရားကို ကောင်းစွာ မကျင့်ကြဲ မပွားများနိုင်ကြ။ တရားထူး တရားမြတ်လည်း မရနိုင်ကြ။ ဝါကျွတ်၍ ဘုရားရှင်ထံရောက်သော် မိမိတို့၏ ကမ္မဋ္ဌာန်းဆရာ ပဓာနိကတိဿ မထေရ်အကြောင်းကို ဘုရားရှင် အား လျှောက်ကြားကြသည်။ ထိုအခါ ဘုရားရှင်က ဤမထေရ်၏ အတိတ် ဘဝအကြောင်းကို ဟောပြတော်မူသည်။

အတိတ်ဘဝက အဖြစ်အပျက်

လွန်ခဲ့သော ဘဝတစ်ခုဌ ဒိသာပါမောက္ခဆရာကြီးသည် ကြက်တွန်သံ ကို စံချိန် သတ်မှတ်လျက် တပည့်များအား ပညာသင်ပေးသည်။ တပည့် များကလည်း ထိုကြက်တွန်သံအရ ညဉ့်ဦးယံအချိန်၊ သန်းခေါင်ယံအချိန်၊ လင်းအားကြီးအချိန် စသည်ဖြင့် ခွဲခြားပြီး ပညာများ သင်ယူကြသည်။ ထိုကဲ့သို့ အချိန်မှန် တွန်သောကြက် သေသွားပြီးနောက် ထပ်မံ မွေးထားသော ကြက် သည် တွန်ချင်သည့်အခါ ထထတွန်တတ်သည်။ အချိန်မမှန်။ ပညာသင်ကြား နေသူတို့အား အကျိုးမပြုသဖြင့် ထိုကြက်ကို သတ်ပစ်လိုက်ကြသည်။ အသတ် ခံရသော ကြက်မှာ ပဓာနိကတိဿမထေရ် ဖြစ်လာခဲ့သည်။

ဘုရားရှင်သည် မထေရ်၏ အတိတ်ဘဝကို ဆောင်ပြတော်မူပြီး ဤ ဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အတူနေရဟန်း ငါးရာတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

၁၅၉။ အတ္တာနဉ္ဉေ တထာ ကယိရာ၊ ယထာ'ညံ' မနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

ဒေသနာ၏အဓိပ္ပာယ်

၁၅၉။ သူတစ်ပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်တိုင်လည်း လိုက်နာ ကျင့်သုံးရာ၏။ သူတစ်ပါးအား ဟောကြားသည့် တရားအတိုင်း မိမိကိုယ်တိုင်

http://www.dhammadownload.com

လည်း ကျင့်ရာ၏။ ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ဆုံးမပြီးမှ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ဆုံးမရန်ကား အလွန်ခဲယဉ်းသည်။

ပဓာနိက တိဿမထေရ်ဝတ္ထု ပြီး၏။

၄။ အရှင်ကုမာရကဿပ၏ မယ်တော်ဝတ္ထု

[မိမိကိုယ်မိမိ အားကိုးပြုကာ တရားအားထုတ်သူ]

အရှင်ကုမာရကဿပ၏ မယ်တော်သည် ဘိက္ခုနီ ဘဝဖြင့် သားဖြစ်သူ အရှင်ကုမာရကဿပ အလောင်းအလျာကို ဖွားမြင်ခဲ့သည်။ သူမသည် ရာဇဂြိုဟ် မြို့တော်မှ သူဌေးသမီးတစ်ဦး ဖြစ်သည်။ မိဘများနှင့် အတူနေစဉ်က မိဘများထံ ရဟန်းပြုခွင့်ပေးရန် တောင်းခံသော်လည်း မရခဲ့ချေ။ မိဘတို့က အိမ်ထောင် ချပေးခဲ့သည်။ အိမ်ထောင်ကျပြီးနောက် ခင်ပွန်းသည်က ခွင့်ပြု၍ ဒေဝဒတ်၏ တပည့်ဘိက္ခုနီတို့အထံ၌ အမျိုးသမီး ရဟန်းဘဝသို့ ဝင်ရောက်ခဲ့သည်။ ဘိက္ခုနီ မဖြစ်မီက ပါလာခဲ့သော သန္ဓေသည် ဘိက္ခုနီဘဝရောက်ပြီး အတန်ကြာသော အခါ ပေါ်လွင်ထင်ရှားလာခဲ့သည်။

ယောကျ်ားတို့နှင့် မေထုန်မှုပြုလျှင်

သူသည် အရှင်ဒေဝဒတ်၏ အသင်းအပင်းဖြစ်သော ဘိက္ခုနီတို့ထံ၌ ရဟန်းပြုခဲ့သဖြင့် သီတင်းသုံးဖော် ဘိက္ခုနီတို့က ဆရာ အရှင်ဒေဝဒတ်ထံ ဘိက္ခုနီတစ်ပါး ကိုယ်ဝန်ဆောင်လျက်ရှိသည်ဟု အသိပေးကြသည်။ အရှင်ဒေဝဒတ် က "အကြောင်းခြင်းရာကို မစုံစမ်း မစစ်ဆေးဘဲ ငါ၏ သြဝါဒကို ခံယူ လိုက်နာကြသော ဘိက္ခုနီများ နာမည်ပျက်လိမ့်မည်။ ထိုကိုယ်ဝန်ဆောင် သူ ဘိက္ခုနီအား လူဝတ်လဲပေးလိုက်ကြ" ဟု အမိန့်ချသည်။ ဘုရားရှင် ပညတ် ထားသော ဘိက္ခုနီဝိနည်းတွင် သာသနာတော်၌ ဘိက္ခုနီအဖြစ် ဆက်၍ နေခွင့်မရသော ပါရာဇိကသိက္ခာပုဒ် ရှစ်ပါးရှိသည်။ ပထမသိက္ခာပုဒ်တော်အရ

http://www.dhammadownload.com

ဘိက္ခုနီသည် ယောကျ်ားတို့နှင့် မေထုန်မှုပြုလျှင် ပါရာဇိက ကျသည်။ အရှင်ကုမာရကဿပ၏ မယ်တော် ဘိက္ခုနီဘဝဖြင့် သားဖွားခြင်းမှာ ဘိက္ခုနီဘဝ၌ မေထုန်မှု ပြုခဲ့၍ သန္ဓေရကာ မီးဖွားခြင်းဖြစ်သည်ဟု ယူဆကြပြီး အတင်းအဓမ္မ လူဝတ်လဲပေးရန် ကြိုးစားကြခြင်းဖြစ်သည်။

ဘုရားရှင်ထံပို့ရန် တောင်းဆို

အရှင်ကုမာရကဿပ၏ မယ်တော်က ဘိက္ခုနီဘဝဖြင့် ပါရာဇိက အမှုကို ကျူးလွန်ခဲ့ခြင်းမရှိဟု ရှင်းပြသည်။ သို့သော် ရှင်ဒေဝဒတ် အသိုင်းအဝိုင်းက လက်မခံ။ ကိုယ်ဝန်ဆောင် ဘိက္ခုနီမကလေး၏ သက်နှံးကို အတင်းဆွဲချွတ်ရန် ကြိုးစားကြသည်။ ထိုအခါ ကိုယ်ဝန်ဆောင်သူ ဘိက္ခုနီမကလေးက "အရှင်မတို့ဘုရား၊ ဘုရားရှင်၏ သာသနာကို တပည့်တော်မ ယုံကြည်၍ ရဟန်းပြုခဲ့ခြင်း ဖြစ်ပါသည် ဘုရား။ တပည့်တော်မ၏ ယုံကြည်မှုကို မဖျက်ဆီးပါနှင့် ဘုရား။ တပည့်တော်မ သာသနာတော်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းမှာ အရှင်ဒေဝဒတ်ကို ရည်စူး၍ ဝင်လာခဲ့ခြင်း မဟုတ်ပါ။ ဘုရားရှင်ကိုသာ ရည်စူး၍ ရဟန်းပြုလာခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော်မအား ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပို့ဆောင်ပေးကြပါ ဘုရား" ဟု တောင်းပန်သည်။ ထိုအခါ ရဟန်းမိန်းမတို့သည် ကိုယ်ဝန်ဆောင်ရဟန်းမငယ်ကို ဘုရားရှင် ကျောင်းတော်သို့ ပို့ဆောင်ပေးလိုက်ကြသည်။

ဘုရားရှင်က ဘိက္ခုနီမလေး၏ ကိုယ်ဝန်သည် လူ့ဘဝက ရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း သိသည်။ သို့သော် လူအများ၏ ယုံမှားသင်္ကာကို ဖြေဖျောက်စိမ့်သောငှာ ဝိနည်းအရာ၌ အကျွမ်းကျင်ဆုံးဖြစ်သော် ဝိနည်းဆောင် ဇေတဒဂ်ဂုဏ်ထူးရှင် ဥပါလိမထေရ်၊ သာဝတ္ထိမှ ကျောင်းဒါယကာကြီး အနာထပိဏ်၊ ကျောင်းအမကြီး ဝိသာခါနှင့် ကောသလမင်းကြီးတို့ ပါဝင်သောအဖွဲ့ကို စစ်ဆေးခိုင်းသည်။ အားလုံးက **"ဘိက္ခုနီဘဝ မရောက်မီ အိမ်ထောင်ရှင်ဘဝက ပါလာသော သန္ဓေ"** ဟု ဆုံးဖြတ်ခဲ့ကြ၍ ကိုယ်ဝန်ဆောင် ဘိက္ခုနီသည် သာသနာဝင် ဘဝဖြင့် ဆက်၍ နေခွင့်ပေးခဲ့သည်။

ဘိက္ခုနီကလေးသည် ဘိက္ခုနီတို့၏ ကျောင်းတိုက်အတွင်းမှာပင်



ကိုယ်ဝန်ဆောင်ရဟန်းမငယ်ကို အရှင်ဥပါလိမထေရ်၊ အနာထပိဏ်၊ ကောသလမင်း၊ ကျောင်းအမကြီး ဝိသာခါတို့က စစ်ဆေးနေပုံ ၃၅၈

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

သားငယ်ကလေးကို ဖွားမြင်သည်။ ကောသလမင်းကြီးက ကလေးကို ခေါ်ယူ ပြုစုကာ မင်းသားလေး တစ်ပါးကဲ့သို့ ချီးမြှောက်ထား၍ ကုမာရကဿပဟု အမည်တွင်သည်။ အရွယ်ရောက်သောအခါ မိမိ၏ မယ်တော်သည် ဘိက္ခုနီ တစ်ပါးဖြစ်ကြောင်း သိရှိရသဖြင့် သံသရာမှ ထိတ်လန့်ကြောက်ရွံ့ကာ ဘုရားရှင် ထံ၌ သာမဏေပြုသည်။ အသက်နှစ်ဆယ်သို့ ရောက်သော် ရဟန်းပြုပြီး ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းကာ တောသို့ဝင်၍ တရားအားထုတ်သည်။ တရားမရနိုင်၍ ဘုရားရှင်ထံ ပြန်လာသည်။ အန္ဓဝန်တောအုပ်အတွင်းသို့ရောက် သော် ကဿပဘုရားရှင်လက်ထက်က တရားကျင့်ဖက် မိတ်ဟောင်းဖြစ်သော ဗြဟ္မာကြီးက ပြဿနာလာမေးသည်။ ပြဿနာမေးခြင်းမှာ အရှင်ကုမာရ ကဿပ တရားရစေရန်အတွက် အထောက်အကူဖြစ်ပါစေ ဟူသော ရည်ရွယ် ချက်ဖြင့် မေးခြင်းဖြစ်သည်။

အရှင်ကုမာရကဿပရဟန္တာဖြစ်ပြီ

အရှင်ကုမာရကဿပသည် ဗြဟ္မာကြီးမေးသော ပြဿနာများကို မဖြေ နိုင်၍ ဘုရားရှင်ထံ လျှောက်ထားမေးမြန်းသည်။ ဘုရားရှင်၏ ရှင်းလင်း ဖြေကြားချက်ကို နာကြားရသောအခါ တရားသိမြင်ကာ ရဟန္တာဖြစ်တော်မူ သည်။

မယ်တော်ကြီး တရားရစေလို၍

မယ်တော်ဘိက္ခုနီကြီးသည် သားဖြစ်သူ အရှင်ကုမာရ ကဿပ တော သို့ ဝင်ပြီဟု ကြားသည့်နေ့မှစ၍ သားနှင့် ဝေးကွာခဲ့ရသော ၁၂-နှစ်တို့ပတ်လုံး သားသံယောဇဉ်ကြောင့် မျက်ရည်စက်လက်ဖြင့် နေခဲ့ရသည်။ တစ်နေ့တွင် ဆွမ်းခံရာလမ်း၌ အရှင်ကုမာရကဿပကို မြင်လိုက်ရ၍ နောက်မှ အပြေး လိုက်ရင်း ချော်လဲကျသွားခဲ့သည်။ လဲကျရာမှ လူးလဲထပြီး လိုက်ပြန်သည်။ မထေရ်ကို မီသောအခါ သင်္ကန်းစွန်းကိုဆွဲ၍ သူမ ခံစားနေခဲ့ရပုံကို လျှောက် ထားသည်။ ထိုအခါ အရှင်ကုမာရ ကဿပက မယ်တော်ကြီး သူ့အပေါ်၌ မှီတွယ်နေသော သံယောဇဉ် နှောင်ကြိုးဖြတ်ကာ တရားရစေလို၍ "သာသနာ ဝင် ဘိက္ခုနီဖြစ်နေပါလျက် သံယောဇဉ်ပြတ်အောင် မကြိုးစားဘူးလား" ဟု

http://www.dhammadownload.com

ခပ်ထန်ထန် မိန့်တော်မူလိုက်သည်။ သား၏စကားကို ကြားရမှပင် သံဝေဂ ရကာ တရားအားထုတ်သဖြင့် မယ်တော် ဘိက္ခုနီကြီးသည် ထိုနေ့မှာပင် ရဟန္တာဖြစ်တော်မူသည်။

ဘုရားရှင်သည် အရှင်ကုမာရကဿပ၏ မယ်တော်အား လွန်လေပြီး သော ဘဝတစ်ခုဌ်လည်း ဒေဝဒတ်ကြောင့် အသက်ဆုံးရှုံးရမည့်ဘေးမှ ကယ် တင်ခဲ့ဖူးကြောင်း နိဂြောဓာတ်တော်ကို မိန့်တော်မူကာ ဤဒေသနာတော် ကို ဟောတော်မူသည်။

၁၆၀။ အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

ဒေသနာ၏အဓိပ္ပာယ်

၁၆၀။ မိမိသည်သာလျှင် မိမိ၏ ကိုးစားအားထားရာဖြစ်၏။ သူတစ်ပါး သည် မိမိ၏ ကိုးစားအားထားရာ အဘယ်မှာ ဖြစ်လိမ့်မည်နည်း။ မိမိကိုယ်တိုင် သာ ဤနွေ့ကို ကောင်းစွာ ဆုံးမခြင်းဖြင့် ရခဲလှသည့် နိဗ္ဗာန်တည်းဟူသော ကိုးကွယ်အားထားရာကိုရနိုင်၏။

အရှင်ကုမာရကဿပ၏ မယ်တော်ဝတ္ထု ပြီး၏။

၅။ မဟာကာလ ဥပါသကာဝတ္ထု

[သူ့မယားလိုချင်၍ လင်ကိုသတ်ခဲ့သော အကုသိုလ်ခံရသူ]

ကံတရားသည် ဆန်းကြယ်၏။ ကောင်းမှုကုသိုလ် ပြုနေပါလျက် ကောင်းကျိုးကို လက်ငင်း မခံစားရသေးမီ ရှေးက ပြုခဲ့ဖူးသည့် အကုသိုလ်က် က အကျိုးပေးသဖြင့် အသက်ဆုံးရှုံးရသည့် သာဓကများ အများအပြား ရှိ ခဲ့သည်။ ယခုဝတ္ထုသည် သက်တော်ထင်ရှား ဘုရားရှင်လက်ထက်၌ ဖြစ်ခဲ့ဖူး

http://www.dhammadownload.com

သည့် ဝတ္ထုများအနက်မှ တစ်ပုဒ်ဖြစ်သည်။ မဟာကာလအမည်ရှိ ဥပါသကာ တစ်ယောက်သည် ဝေဠုဝန်ကျောင်းတော်၌ ညလုံးပေါက် တရားနာကာ ပြန်လာရင်း ရေကန်၏အစပ်၌ မျက်နှာသစ်နေသည်။ မြို့တွင်းမှ ပစ္စည်းခိုးလာသူတို့အနက် တစ်ယောက်သည် မဟာကာလ ဥပါသကာအနီး၌ ခိုးရာပါ ပစ္စည်းချထားခဲ့ပြီး ထွက်ပြေးသွားသည်။ လိုက်လာသော ပစ္စည်းရှင်တို့သည် အခိုးခံရသော ဥစ္စာထုပ်နှင့်အတူ မဟာကာလ ဥပါသကာကို တွေ့ရသောအခါ သူခိုးဟု စွပ်စွဲလျက် ရိုက်သတ်ပစ်လိုက်ကြသည်။

အတိတ်ကပြုခဲ့သော အကုသိုလ်

နံနက်စောစော ရေလာခပ်သော ရဟန်းသာမဏေများက မဟာကာလ ဥပါသကာ၏အလောင်းကို တွေ့၍ ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤမဟာကာလ ဥပါသကာ၏ အတိတ်အကုသိုလ် အကြောင်း ဟောပြတော်မူသည်။

သူ့မယားလိုချင်၍ ဥာဏ်နီဥာဏ်နက်ဆင်ပြီ

မဟာကာလဥပါသကာသည် အတိတ်ဘဝတစ်ခုဌ၌ ခိုးဆိုးသူတို့ သောင်းကျန်းသော တောအုပ်တစ်ခုတွင် စောင့်ရှောက်ရသည့် အမှုထမ်းတစ်ဦး ဖြစ်ခဲ့သည်။ သူ၏ တာဝန်မှာ တောအုပ်ကို ဖြတ်သန်းသွားလာလိုသူ ခရီးသည်တို့ထံမှ အဖိုးအခယူကာ တောအုပ်အလွန်အထိ လိုက်ပို့ရသည်။ တစ်နေ့တွင် မယားအချောအလှကလေးကို လှည်းဖြင့် တင်မောင်းလာသူတစ်ဦး ရောက်လာပြီး တောအုပ်ဟိုဘက်သို့ လိုက်ပို့ပေးရန် ပြောသည်။ သူ့မယားချောကလေးကို တပ်မက်သွားသည့် အမှုထမ်းသည် အချိန်ရှိပါသေးလျက် မိုးချုပ်နေပြီဟု အကြောင်းပြကာ ဇနီးမောင်နှံကို သူ့အိမ်သို့ခေါ်၍ အိပ်ခိုင်းသည်။

လင်ကို ရိုက်သတ်ကာ

ညပိုင်းသို့ရောက်သော် ထိုခရီးသွား လှည်းသမားဇနီးမောင်နှံတို့အား အစားအသောက်များဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ခံကျွေးမွေးသည်။ ညဉ့်နက်သော် သူ့အိမ်မှ အလုပ်သမားများအား မိမိပိုင် ပတ္တမြားကို ခရီးသွား၏ လှည်းပေါ်

http://www.dhammadownload.com

တွင် သိဝှက်ထားရန် စေခိုင်းသည်။ နံနက်လင်းအားကြီး ရွာအတွင်းသို့ ခိုးသူတို့ ဝင်လာဟန်ဖြင့် ဆူဆူညံညံအသံများ ပြုလုပ်ကြသည်။ ထို့နောက် အတန်ကြာသော် သူ ခိုင်းစေထားသော လူများက သူ့ထံသို့ အပြေးအလွှား လာကြကာ "အရှင်၊ အရှင်၏ ပတ္တမြားကို ခိုးသားတို့ လုယက် ထွက်ပြေးသွားကြပြီ" ဟု ပြောကြားကြသည်။ ထိုအခါ မင်းမူထမ်းက "ရွာထဲက ထွက်လာသမျှ လှည်းရော လူပါ အကုန်ရှာကြ" ဟု အမိန့်ပေးလိုက်သည်။ သူ့အိမ်မှ ထွက်လာသော ခရီးသွား လင်မယားတို့၏လှည်းမှ ပတ္တမြားကို ပြန်ရှာတွေ့သည်။ ထိုလူတို့က ခရီးသွားယောကျ်ားကို ခိုးသူဟု စွပ်စွဲကာ မင်းမူထမ်းထံသို့ ပို့ကြသည်။ မင်းမူထမ်းကလည်း "ငါသည် ထိုခရီးသွားတို့အား အိပ်ရာနေရာနှင့် အစားအသောက်ပါ စီမံကျွေးမွေးခဲ့ပါလျက် ဤသူယုတ်သည် ပတ္တမြားကို ခိုးယူသွားခဲ့သည်" ဟု စွပ်စွဲကာ သတ်ဖြတ်ပစ်လိုက်ပြီး မိန်းမချောကလေးကို သိမ်းယူလိုက်သည်။ ထိုမင်းမူထမ်း သေလွန်သော ငရဲ၌ အချိန်ကြာမြင့်စွာ ခံစားခဲ့ရသည်။ ကုသိုလ်ကံ အကြွင်းအကျန်တို့၏ အဟုန်ကြောင့် လူ့ဘဝကို ရခဲ့ပါသော်လည်း ဘဝပေါင်း တစ်ရာတိုင် ရိုက်ပုတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

ဘုရားရှင်သည် မဟာကာလဥပါသကာ၏ အတိတ်အကုသိုလ်ကံ အကြောင်းကို ဆောင်ပြတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

ဘဝါ။ အတ္တနာဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံဝ'သ္မမယံ မဏိ'။

ဒေသနာ၏အဓိပ္ပာယ်

ဘဝါ။ ကျောက်မှဖြစ်သော စိန်သည် မိမိ၏ မှိုရာဖြစ်သော ကျောက်ကိုပင် ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိပြုသော၊ မိမိကြောင့် ဖြစ်သော မကောင်းမှု အကုသိုလ်ကံသည် အသိဉာဏ်နည်းသူ သူမိုက် (မိမိ) ကိုပင် ပြန်၍ ဖျက်ဆီးတတ်သည်။

မဟာကာလဥပါသကာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ အရှင်ဒေဝဒတ်ဝတ္ထု

[ငရဲသို့ ကေန်မုချရောက်စေမည့် အကုသိုလ်ကိုပြုသူ]

တရားသဘင်တစ်ခုလုံး ဘုရားရှင်အားနည်းမျိုးစုံဖြင့် လုပ်ကြံ သတ်ဖြတ်ရန် ကြိုးပမ်းနေသော ဒေဝဒတ်အကြောင်းကို ရဟန်းတို့ ဆွေးနွေး ပြောကြားနေကြသည်။ ထိုရဟန်းတို့ထံသို့ ကြွလာတော်မူသော ဘုရားရှင်က ဒေဝဒတ်သည် ယခုဘဝမှ မဟုတ် လွန်ခဲ့သော အတိတ်ဘဝတို့၌ ဤသို့ပင် ကြိုးပမ်းဖူးသည်ဟု မိန့်တော်မူကာ အတိတ်အကြောင်းကို ဆောင်ပြတော်မူသည်။ အတိတ်ဘဝတစ်ခုလုံး ဗုဒ္ဓလောင်းလျာသည် ဆတ်မျိုး၌ ဆတ်မင်းဖြစ်နေပြီး ဒေဝဒတ်လောင်းလျာသည် သားသတ်မုဆိုးဖြစ်နေသည်။

အကျင့်ပျက်သော သစ်ပင်ကို စွန့်ပြီ

တစ်ခန့်သော် ယမနေပင်ရင်း၌ ဆတ်ခြေရာတွေ့သဖြင့် မုဆိုးသည် ယမနေပင်ပေါ်တက်ပြီး လှံကို ကိုင်ကာစောင့်နေသည်။ ဗုဒ္ဓလောင်းလျာ ဆတ်မင်းလာသည်ကို မြင်သော် ဆတ်ရှိရာသို့ ယမနေသီး ပစ်ချပေးသည်။ ဆတ်မင်းသည်လှံကိုင်၍ စောင့်နေသော မုဆိုးကို မမြင်ယောင်ဆောင်ကာ "အို... မိတ်ဆွေ ယမနေပင်ကြီး၊ အခါတိုင်းနေ့များ၌ သင်၏ အသီးများကို အောက်သို့ တည့်တည့်သာ ခြွေချသည်။ ယနေ့သော် ငါရှိရာသို့ ပစ်ချခြင်းဖြစ်သဖြင့် သင်သည် ရက္ခခမွ–သစ်ပင်တို့၏အကျင့်ကို စွန့်သည်။ ငါသည် သစ်ပင်တို့၏ အကျင့်ကို ဖျက်ဆီးပစ်နေသော သင့်ထံ မလာတော့ပြီ" ဟု ပြောကာ ထွက်ခွာသွားသည်။

ငရဲသို့ အရောက်ပို့လိမ့်မည်

မုဆိုးသည် အပင်အောက်မှ ထွက်ခွာသွားသော ဆတ်မင်းကို သစ်ပင်ခွကြားမှနေပြီး လှံနှင့် လှမ်းပစ်သည်။ လှံသည် ဆတ်မင်းကို မထိဘဲ လွဲချော်သွားရာ "အသင်မုဆိုး၊ သင် ပစ်သောလှံသည် ငါနှင့် လွဲချော်သွား၏။ သင် ပြုလုပ်သော အကုသိုလ်ကံကား သင့်ကို ငရဲသို့ မလွဲချော်စေဘဲ ဧကန်မုချ အရောက်ပို့လိမ့်မည်" ဟု ပြန်ပြောခဲ့သည်။

http://www.dhammadownload.com

ဤသို့ အတိတ်ကို ဆောင်ပြတော်မူပြီး ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၆၂။ ယဿ အစ္စန္တဒုဿီလျံ၊ မာလုဝါ သာလမိဝေါတ္ထတံ။
ကရောတိ သော တထတ္တာနံ၊ ယထာ နံ ဣစ္ဆတီဒိသော။

ဒေသနာ၏အဓိပ္ပာယ်

၁၆၂။ မာလောနွယ်ပင်သည် မိမိ၏ မှီရာဖြစ်သော အင်ကြင်းပင်ကို လွှမ်းခြုံရစ်ပတ် နှိပ်စက် ဖျက်ဆီးသကဲ့သို့ သီလမရှိသူ၌ အတိတ်ဘဝက ပါလာသော တဏှာသည် ထိုသီလမရှိသူကို ငရဲစသည်သို့ ကျစေလျက် နှိပ်စက် လွှမ်းခြုံ ဖျက်ဆီးတတ်သည်။

အရှင်ဒေဝဒတ်ဝတ္ထု ပြီး၏။

၇။ သံဃာသင်းခွဲရန် အားထုတ်သူ ဒေဝဒတ်ဝတ္ထု

[မိမိအတွက် အကျိုးမရှိသောအမှုကို လွယ်လွယ်ပြုတတ်သူ]

တစ်နေ့သ၌ အရှင်အာနန္ဒာမထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွသည်။ ဆွမ်းခံကြွနေသော အရှင်အာနန္ဒာကို မြင်သော် ဒေဝဒတ်က "ငါ့ရှင်အာနန္ဒာ၊ ယနေ့မှစ၍ ငါသည် ဥပုသ်ကံကို လည်းကောင်း၊ သံဃာ့ကံကို လည်းကောင်း သီးခြားပြုတော့မည်" ဟု လာပြောသည်။ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားသော် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၆၃။ သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိ စ။
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၆၃။ အပြစ်မကင်း၍ ကောင်းလည်းမကောင်း၊ မိမိအတွက် အကျိုးလည်း မရှိသောအမှုတို့ကို ပြုရန်လွယ်၏။ အကျိုးလည်းရှိ၊ အပြစ်ကင်း၍ ကောင်းသောအမှုကို ပြုရန်ကား အလွန်ခက်ခဲသည်။

သံဃာသင်းခွဲရန်အားထုတ်သူ ဒေဝဒတ်ဝတ္ထု ပြီး၏။

၈။ ကာလမထေရ်ဝတ္ထု

[မိမိ၏ ယုတ်မာသောအသိအမြင်က မိမိအား ပြန်သတ်ခြင်းခံရမည်သူ]

ကာလမထေရ်အား မိခင်တစ်ဦးကဲ့သို့ ပြုစုလုပ်ကျွေးနေသော သာဝတ္ထိမြို့တော်သူ ဒါယိကာမကြီး တစ်ဦးသည် ဘုရားရှင်ထံသွားကာ တရားနာလိုကြောင်း ကာလမထေရ်ကို သုံးကြိမ်တိုင် ပန်ကြားသည်။ ကာလမထေရ်သည် ဒါယိကာမကြီးက သူ့အပေါ် ကြည်ညိုနေမှု လျော့နည်းသွားမည်စိုးသဖြင့် မသွားရန် တားမြစ်သည်။ တစ်နေ့တွင် ဒါယိကာမကြီးသည် ဥပုသ်သီလစောင့်ထိန်းကာ တရားနာရန် ဘုရားရှင်ထံ သွားသည်။ သမီးဖြစ်သူကိုလည်း ကာလမထေရ်အား ကောင်းမွန်စွာ ဆွမ်းလုပ်ကျွေးရန် မှာခဲ့သည်။ မထေရ် ဆွမ်းစားကြွလာသော် ဒါယိကာမကြီးအား မမြင်မတွေ့ရသဖြင့် မေးမြန်းသည်။ သမီးက ဘုရားရှင်ထံ တရားနာသွားသည်ဟုဆိုလျှင်ပင် မထေရ်သည် ကျောင်းတော်သို့ အလျင်အမြန် လိုက်သွားပြီး ဘုရားရှင်ကို "အရှင်ဘုရား၊ ဤဒါယိကာမကြီးသည် ဉာဏ်ထုံထိုင်းသူ ဖြစ်ပါသည်။ လေးနက်သော တရားတော်များကို မဟောကြားဘဲ လျှုဒါန်းခြင်း စသည်နှင့် စပ်လျဉ်းသော သာမန်တရားတော်ကိုသာ ဟောတော်မူပါ" ဟု လျှောက်ထားသည်။

ဘုရားရှင်သည် ကာလမထေရ်၏ ယုတ်မာသော အတွင်းအဇ္ဈာသယကို သိတော်မူသဖြင့် ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၁၆၄။ ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၆၄။ ပညာမဲ့သူသည် ယုတ်မာသောအယူကို အမှီပြုလျက် ပူဇော်အထူးကို ခံတော်မူထိုက်သော တရားသဖြင့် အသက်မွေးသူတို့၏ အဆုံးအမကို တားမြစ်၏။ ဝါးသီးတို့သည် ဝါးပင်ကို သေစေရန် သီးလာကြသကဲ့သို့ ထိုပညာမဲ့၏ ယုတ်မာသောအယူသည်လည်း ထိုသူကို သတ်ရန်သာဖြစ်သည်။

ကာလမဏ္ဍေရ်ဝတ္ထု ပြီး၏။

၉။ စူဠကာလ ဥပါသကာဝတ္ထု

[မကောင်းမှုမပြုခဲ့၍ ရိုက်နှက်ခြင်းမှ လွတ်မြောက်သူ]

စူဠကာလ ဥပါသကာသည် ဇေတဝန်ကျောင်းတော်သို့သွားကာ ဥပုသ်စောင့်သုံးလျက် ညဘက်တွင် တရားနာပြီး သာဝတ္ထိမြို့သို့ ပြန်လာသည်။ မြို့တွင်း၌ ခိုးဆိုးလာသူထဲမှ တစ်ဦးသည် ခိုးလာသော ပစ္စည်းကို စူဠကာလ အနီး၌ ချထားကာ ထွက်ပြေးသွားသည်။ ပစ္စည်းရှင်တို့သည် ပစ္စည်းနှင့်အတူ တွေ့ရသော စူဠကာလကို ဖမ်းဆီးကြသည်။ ရေခပ်လာသူ ကျွန်မတို့က သူခိုးမဟုတ်ကြောင်း ရှင်းပြ၍ စူဠကာလဥပါသကာ လွတ်မြောက်သွားသည်။

စူဠကာလ သောတာပန်ဖြစ်ပြီ

စူဠကာလ ဥပါသကာက ဖြစ်ပျက်ခဲ့ရပုံ အလုံးစုံကို ရဟန်းတို့အား အသိပေးရာမှ ရဟန်းတို့က ဘုရားရှင်ကို လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ စူဠကာလသည် သောတာပန် ဖြစ်သွားသည်။

http://www.dhammadownload.com

၁၆၅။ အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓီ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

အေသနာ၏အဓိပ္ပာယ်

၁၆၅။ မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင်လျှင် ညစ်နွမ်းပူပန်ရသည်။ မကောင်းမှုကို မိမိ မပြုလျှင် မိမိသည်ပင် စင်ကြယ်ရ၏။ မိမိ၏ စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းကို မိမိပင် ပြုလုပ်သည်။ တစ်ယောက်သော သူသည် အခြားသူတစ်ယောက်ကို (ကိလေသာ အညစ်အကြေးမှ) စင်ကြယ်အောင် သုတ်သင်မပေးနိုင်။

စူဠကာလဥပါသကာဝတ္ထု ပြီး၏။

၁၀။ အတ္တဒတ္ထမထေရ၀တ္ထု

[ကိုယ့်အကျိုးစီးပွား ကိုယ်အားထုတ်၍ ရဟန္တာဖြစ်သူ]

ဘုရားရှင်သည် "ဤကာလမှ လေးလလွန်သော် ငါဘုရား ပရိနိဗ္ဗာန်ပြုတော့အံ့" ဟု မိန့်တော်မူသဖြင့် ပုထုဇဉ်ရဟန်း ခုနစ်ရာတို့သည် ထိတ်လန့်ကြကုန်လျက် ဘုရားရှင်အနီး၌သာ နေထိုင်ကြသည်။ အရှင်အတ္တဒတ္ထမထေရ်သည်ကား "ငါသည် ယခုတိုင် ရာဂ မကင်းသေး။ ထို့ကြောင့် ငါသည် ဘုရားရှင်၏ မျက်မှောက်၌ပင် အရဟတ္တဖိုလ်သို့ရောက်အောင် ကြိုးစားမည်" ဟု အဓိဋ္ဌာန်ပြုကာ ဘုရားရှင်အနီးသို့မလာဘဲ နေသည်။ ထို့ကြောင့် ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က ခေါ်၍မေးသော် "တပည့်တော်သည် ဘုရားရှင်ရှိစဉ်၌ပင် တရားသိကာ ရဟန္တာဖြစ်ရန် အားထုတ်နေပါသည်" ဟု လျှောက်ထားသည်။

http://www.dhammadownload.com

ထိုအခါ အတ္တဒတ္ထမထေရ်ကို ချီးကျူးတော်မူပြီး ဘုရားရှင်က ဤ ဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အတ္တဒတ္ထမထေရ် သည် ရဟန္တာဖြစ်လေသည်။

၁၆၆။ အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ'မဘိညာယ၊ သဒတ္ထပသုတော သိယာ။

ဒေသနာ၏အဓိပ္ပာယ်

၁၆၆။ သူတစ်ပါး၏ များစွာသော အကျိုးစီးပွားကြောင့် မိမိ၏ အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ။ မိမိ၏ အကျိုးစီးပွားကိုသိ၍ မိမိ အကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။

အတ္တဒတ္ထမထေရ်ဝတ္ထု ပြီး၏။

အတ္တဝဂ် ပြီးပြီ။



"ဤကာလမှ နောင်လေးထပ်ကွန်းသော် ငါဘုရား ပရိနိုဗ္ဗာန်ပြုထော့အုံ" ဟု ဝိန့်တော် မူသဖြင့် ပုထုဇဉ်ရဟန်းထို့ ဘုရားအနီး၌သာ နေထိုင်ကြပုံ။

http://www.dhammadownload.com

လောကဝဂ်

လောက = လူနတ်ဗြာဟ္မာလောက၊ ဝဂ္ဂ = ဝဂ်၊ အစု။
လူနတ်ဗြဟ္မာ လောကကို ဓမ္မအမြင်ဖြင့် ကြည့်မြင်ရန်၊ တိမ်တိုက်မှ
လွတ်သော လကဲ့သို့ လောကသုံးပါးမှ လွတ်အောင်ကျင့်ရန်
ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ မထင်ရှားသော ရဟန်းငယ်ဝတ္ထု

[ဝိသာခါ၏ မြေးမကလေး ရယ်၍ လိုက်ရယ်မိသောရဟန်း]

ကျောင်းအမကြီး ဝိသာခါသည် ဘဝအဆက်ဆက်၌ အလှူဒါနများ ပြုခဲ့သည်။ ယခု ဝိသာခါဘဝ၌လည်း အလှူဒါန အမျိုးမျိုး ပြုခဲ့သည်။ ကျောင်းတော်ကြီး ပုဗ္ဗာရုံကို ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းလွတ်ပူဇော်ပွဲ အကြီးအကျယ် ပြုလုပ်လျက် လှူဖွယ်မျိုးစုံ လှူခဲ့သည်။ အိမ်၌လည်း သံဃာတော် ငါးရာတို့အတွက် နေ့စဉ် ယာဂုဆွမ်းလှူစေကာ အာစိဏ္ဏက ကုသိုလ်ပြုသည်။ ဝိသာခါ ကျောင်းအမကြီး၏ သားကမွေးသော သမီးကလေး တစ်ယောက်သည် အဘွား၏ကိုယ်စား သံဃာတော်တို့အား ယာဂုဆွမ်းလှူသည့် တာဝန် ယူထားရသည်။

ကျောင်းအမကြီး၏ မြေးနှင့် ရဟန်းငယ်တို့ အပြန်အလှန် ပြောကြရာ

တစ်နေ့တွင် မထေရ်ကြီးတစ်ပါးသည် ရဟန်းငယ်တစ်ပါးကိုခေါ်လျက် ဝိသာခါ၏အိမ်သို့ ကြွလာသည်။ မထေရ်ကြီးသည် ယာဂုဘုဉ်းပေးပြီး ရဟန်းငယ်

http://www.dhammadownload.com

ကို ထားခဲ့လျက် အခြားအိမ်သို့ ကြွသွားသည်။ ဝိသာခါ၏ မြေးမကလေးသည် ရဟန်းငယ်လေးအတွက် ရေစစ်နေစဉ် ရေအိုးထဲ၌ ပေါ်လာသော သူ့မျက်နှာရိပ်ကို ကြည့်ကာ ရယ်သည်။ ရဟန်းငယ်ကလည်း ထိုမိန်းကလေးကို ကြည့်ကာ အတူလိုက်၍ ရယ်သည်။ ထိုအခါ မိန်းကလေးက ရဟန်းငယ်ကို ကြည့်ကာ "ဦးခေါင်းပြတ်သောသူသည် ရယ်၏" ဟု ပြောသည်။ ရဟန်းငယ်ကလည်း "သင်သာ ဦးခေါင်းပြတ်၊ သင့်အမိ သင့်အဖတို့လည်း ဦးခေါင်းပြတ်တည်း" ဟု ပြန်ပြောရာမှ နှစ်ဦးသား အပြန်အလှန် စကားအချေအတင် ပြောကြသည်။

ဖျောင်းဖျပေးသော်လည်း လက်မခံကြ

ကျောင်းအမကြီး၏ မြေးမကလေးက အဘွားဖြစ်သူ ဝိသာခါကို ငိုယို၍ တိုင်ကြားသည်။ ကျောင်းအမကြီးက မြေးကလေးကိုရော ရဟန်းငယ်ကိုပါ ဖျောင်းဖျ ပြောဆိုသည်။ နှစ်ယောက်စလုံးက လက်မခံ။ မထေရ်ကြီး ပြန်ကြွလာပြီး ရဟန်းငယ်ကို ဖျောင်းဖျပြောဆိုသည်။ ရဟန်းငယ်က လက်ခံကျေနပ်ခြင်း မရှိပေ။

ယုတ်ညံ့သောတရား မမှီဝဲရာ

ဤတွင် ဘုရားရှင် ကြွလာသော် ကျောင်းအမကြီး ဝိသာခါက ဖြစ်ကြောင်းကုန်စဉ် ပြန်လည်လျှောက်ထားသည်။ ဘုရားရှင်သည် ရဟန်းငယ်တရားရမည့် အခြေအနေကို မြင်တော်မူသဖြင့် "ရဟန်း ကာမဂုဏ်ကို အကြောင်းပြုလျက် ရယ်မောခြင်းသည် ယုတ်ညံ့သော သဘောရှိသည်။ ယုတ်ညံ့သော တရားကို မမှီဝဲ မလိုက်စားရာ" ဟု မိန့်တော်မူပြီး ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းငယ် သောတာပန်ဖြစ်သည်။

၁၆၎။ ဟီနံ ဓမ္မံ န သေဝေယ္ယ၊ ပမာဒေန န သံဝသေ၊
မိစ္ဆာဒိဋ္ဌိ* န သေဝေယ္ယ၊ န သိယာ လောကဝဍ္ဎနော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၆၇။ ကာမဂုဏ်နှင့် စပ်ယှဉ်သော တရားသည် ယုတ်ညံ့သည်။ ယုတ်ညံ့သော ကိလေသာတရားကို မမှီဝဲရာ၊ မေ့မေ့လျော့လျော့ မနေရာ၊ မှားသော အယူကို မယူရာ။ လောကသံသရာကို မရှည်စေရာ။

မထင်ရှားသော ရဟန်းငယ်ဝတ္ထု ပြီး၏။

၂။ သုဒ္ဓါဒနမင်းကြီး ဝတ္ထု

[သုဒ္ဓါဒနမင်းကြီး သကဒါဂါမ်ဖြစ်၍ မိထွေးတော်ကြီး သောတာပန်ဖြစ်သည်]

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ပထမဝါကို ဣသိပတနမိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်။ သီတင်းကျွတ်သော် ပဝါရဏာပြုပြီးလျှင် ဥရုဝေလ တောအုပ်သို့ ကြွတော်မူသည်။ ဥရုဝေလ တောအုပ်၌ သုံးလသီတင်းသုံးတော်မူကာ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချေချွတ်တော်မူသည်။ ပြာသိုလပြည့်နေ့၌ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်၌ နှစ်လပတ်လုံး သီတင်းသုံးတော်မူကာ တရားရေအား တိုက်ကျွေးတော်မူခဲ့သည်။

ထိုမနောက် ကာဠုဒါယီမထေရ်က ဆွေတော်မျိုးတော်တို့ရှိရာ နေပြည်တော် ကပိလဝတ်သို့ ကြွတော်မူရန် ဂါထာခြောက်ဆယ်ကျော်တို့ဖြင့် လျှောက်ထားသည်။ မဟာသက္ကရာဇ် ၁၀၄–ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ ဘုရားရှင်သည် ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသည်။

သမ္မာသမ္ဗုဒ္ဓဟု သိစေရန်

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသောအခါ ငယ်ရွယ်သူတို့ကသာ ဘုရားရှင်ကို ရှိခိုးကြသည်။ အသက်ကြီးသူ သာကီဝင်တို့က

http://www.dhammadownload.com

ရှိခိုးခြင်းမပြုဘဲ ငယ်ရွယ်သူတို့နောက်မှ ခပ်လှိုက်လှိုက် နေနေကြသည်။ ထိုသူတို့က သိဒ္ဓတ္ထမင်းသားသည် ငါတို့ထက် အသက်ငယ်သည်။ သာကီဝင်တို့၏ အစဉ်အလာအရ ငယ်သူကို ကြီးသူက ရှိမခိုးအပ်ဟု ယူဆကြသည်။ သိဒ္ဓတ္ထမင်းသား၏ အသက်နှင့် နှိုင်းကာ ငယ်သည်။ ကြီးသည်ဟု သတ်မှတ်သူများဖြစ်သည်။ ဘုရားရှင်သည် အဝိဇ္ဇာ ဥခွံကို ပထမဆုံး ဖောက်ခွဲ ရုန်းကန်ထွက်လာသဖြင့် တစ်လောကလုံး၏ အကြီးမြတ်ဆုံး ဖြစ်တော်မူသည်ကို သူတို့ မသိကြပေ။ ထို့ကြောင့် ဘုရားရှင်သည် ဆွေတော် မျိုးတော်တို့ "အမျိုးမာန်ကျစေရန်နှင့် သမ္မာသမ္ဗုဒ္ဓ၏ တန်ခိုးဂုဏ်ကို သိစေရန်" ရေမီးအစုံအစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "ရေမီးအစုံအစုံတို့ဖြင့် ထူးခြားအံ့ဖွယ်ရှိလှသော တန်ခိုးပြာဋိဟာကို ဖူးမြင်ရတော့မှ ဘုရားရှင်အား ရှိခိုးလေတော့သည်။ မင်းကြီးက ရှိခိုးသောအခါ ကျန်သာကီဝင် ကြီးငယ်အပေါင်းတို့သည်လည်း ဘုရားရှင်ကို ရှိခိုးကြရလေသည်။

သုံးကြိမ်ရှိခိုးခဲ့ပြီ

သုဒ္ဓေါဒနမင်းကြီးသည် ဤအကြိမ်နှင့်ပါဆိုလျှင် သားတော်အား ရှိခိုးသည်မှာ သုံးကြိမ်ရှိပြီ ဖြစ်သည်။ ပထမအကြိမ်မှာ သိဒ္ဓတ္ထမင်းသားလေး ဖွားမြင်သောနေ့က မင်းသား၏ ခြေအစုံသည် ကောင်းကင်သို့ ပျံတက်ပြီး ကာလဒေဝိလရသေ့၏ ဦးခေါင်းထက်၌ တည်နေသည်ကို ထူးထူးခြား မြင်တွေ့ရ၍ ရှိခိုးခဲ့သည်။ ဒုတိယအကြိမ်မှာ လယ်ထွန်မင်္ဂလာ ဆင်ယင်သောနေ့က ဖြစ်သည်။ မင်းသားလေးကို သပြေပင်ရိပ်၌ သိပ်ထားရာ သပြေပင်ရိပ်သည် အခြားအပင်တို့၏ အရိပ်ကဲ့သို့ နေနောက်သို့ လိုက်ပါ ပြောင်းရွေ့ခြင်းမရှိဘဲ မင်းသားအပေါ်၌သာ ထူးထူးခြားခြား အရိပ်ပေးနေသည်ကို မြင်၍ ရှိခိုးခဲ့သည်။

ဝေဿန္တရာဇာတ်တော် ဟောတော်မူခြင်း

ထို့နောက် ဘုရားရှင်သည် ကောင်းကင်ထက် ရတနာစင်္ကြံမှနေကာ တရားဟောတော်မူသည်။ ဆွေတော်မျိုးတော်တို့အပေါ်သို့ ပေါက်ဖွားသမိုး

http://www.dhammadownload.com

ရွာသွန်းစေတော်မူလျက် ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူသည်။ ဆွေတော် မျိုးတော်တို့သည် ဘုရားရှင် ဟောသောတရားတော်ကိုသာ နာကြားပြီး ပြန်လာကြသည်။ နောက်ရက်အတွက် တစ်စုံတစ်ဦးကမျှ ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းစားပင့်ခဲ့ခြင်း မရှိပေ။ သုန္ဒေါဒနမင်းကြီးသည် ဘုရားရှင်နှင့် သံဃာတော် နှစ်သောင်းအတွက် ဆွမ်းဘောဇဉ် အာဟာရများ ချက်ပြုတ်ကာ ပြင်ဆင်ထားစေသည်။ သို့သော် ဆွမ်းစားရန်အတွက် မပင့်လျှောက်မိခဲ့ပေ။

နံနက်မိုးသောက် အလင်းရောက်သော် ဘုရားရှင်သည် နောက်ပါ သံဃာတော်တို့နှင့်အတူ ပွဲတော်မူကြကုန်ပြီးသော ဘုရားရှင်တို့၏ အစဉ်အလာအတိုင်း ကျောင်းတော်မှ ထွက်ကာ အိမ်စဉ်လျှောက်လျက် ဆွမ်းခံကြွတော်မူလာခဲ့သည်။ ဘုရားရှင်နှင့် သံဃာတော်တို့ သပိတ်ကိုယ်စီဖြင့် စီတန်းလျက် ဆွမ်းခံကြွနေသည်ကို ရာဟုလာမယ်တော် ယသော်ဓရာသည် အဆောင်တော်၏ လေသာပြတင်းမှ မြင်တွေ့သွားခဲ့သည်။ မြင်းတော်၊ ဆင်တော်၊ ရထားတော်တို့ဖြင့် ဂုဏ်သိက္ခာရှိရှိ လှည့်လည်ခဲ့သော သိဒ္ဓတ္ထမင်းသားသည် ယခုအခါ ဦးပြည်းခေါင်းတုံးဖြင့် ဆွမ်းအလို့ငှာ သပိတ်လွယ်လျက် အိမ်စဉ်လျှောက်နေသည်ကို မြင်ရ၍ ဘုရင်ကြီးထံ အပြေးအလွှားသွားပြီး ရင်ဘတ်စည်တီး ငိုကြီးချက်မဖြင့် အသိပေး ပြောကြားလိုက်သည်။

ခမည်းတော်ကို အရှက်မခွဲပါနဲ့

ချွေးမတော် ယသော်ဓရာ၏ ဝမ်းနည်းစိတ် ကြေကွဲစိတ်တို့ဖြင့် ရောပြွမ်းသော အမှုအရာအပြင် မိမိကိုယ်တိုင်လည်း မြင်ရသောအခါ ဖခမည်းတော်ကြီး ဘုရင်သုန္ဒေါဒနသည် ရင်ထဲ၌ ဆို့တစ်သွားသည်။ အလွန်လျှင် ရှက်ဖွယ်ကောင်းသော အမှုကို သားတော်ဘုရား ကျူးလွန်နေပေပြီ။ ထို့ကြောင့် ဝတ်လဲတော် ပုဆိုးစကို စွန်တောင်မလျက် ကပျာကသီပင် ဘုရားရှင်ထံ သွားကာ ဤသို့ လျှောက်ထားလေတော့သည်။ "အရှင်ဘုရား၊ ခမည်းတော်တို့ကို အဘယ်ကြောင့် အရှက်ခွဲပါသနည်း။ အဘယ်အတွက်ကြောင့် ဆွမ်းဟူသော အာဟာရလေးအတွက် ယခုလို အိမ်ပေါက်စေ့ အလှူခံ ကြွရပါသနည်း။ ရဟန်းတော်

http://www.dhammadownload.com

နှစ်သောင်းအတွက် ဖခမည်းတော်သည် မကျွေးနိုင်၊ မလှူနိုင်ဟု အောက်မေ့မှတ်ထင်တော်မူပါသလား ဘုရား" ဟု လျှောက်ထားသည်။

ခတ္တိယမျိုးရိုးဌ အိမ်စဉ်လှည့် ဆွမ်းခံသူမရှိ

ထိုအခါ ဘုရားရှင်က "ခမည်းတော်ကြီး၊ ဤသို့ အိမ်စဉ်အတိုင်း လှည့်လည်လျက် ဆွမ်းခံခြင်းသည် ငါဘုရားတို့၏ အစဉ်အဆက်မှ ဆင်းသက်လာသော 'ဗုဒ္ဓဝံသကျင့်စဉ်' ဖြစ်သည်"ဟု မိန့်တော်မူသည်။ "သားတော် ဘုရား၊ ဖခမည်းတော်တို့၏ အမျိုးအနွယ်သည် ကမ္ဘာဦးအစ မဟာသမ္မတမင်းမှ ဆင်းသက်လာသော ခတ္တိယမျိုးနွယ် ဖြစ်ပါသည်။ ဤအမျိုးအနွယ်၌ တစ်ဦးတလေမျှ အိမ်စဉ်လှည့် ဆွမ်းခံသည်ဟူ၍ မရှိခဲ့ပါ" ဟု လျှောက်ထားပြန်သည်။

ဘုရားရှင်က "ခမည်းတော်ကြီး၊ ခမည်းတော်ကြီးတို့၏ မျိုးနွယ်စဉ်ဆက်သည် ခတ္တိယဖြစ်သည်မှာ မှန်ပါသည်။ ငါတို့ အမျိုးအနွယ်ကား ဒီပင်္ကရာမြတ်စွာဘုရား၊ ကောဏ္ဍည မြတ်စွာဘုရားမှသည် ကဿပမြတ်စွာဘုရားရှင်အထိ နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ အစဉ်အလာ 'ဗုဒ္ဓဝံသ' ဖြစ်သည်။ ပွင့်တော်မူပြီးသော ဘုရားရှင် အားလုံးပင် အိမ်စဉ်လှည့်လျက် ဆွမ်းခံတော်မူခဲ့ကြသည်" ဟု မိန့်ကြားတော်မူရင်း လမ်းခရီး၌ပင် ရပ်တော်မူလျက် ဤဒေသနာတော်တို့ကို ဟောတော်မူသည်။

၁၆၈။ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိ လောကေ ပရမ္ပိ စ။
၁၆၉။ ဓမ္မံစရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိ လောကေ ပရမ္ပိ စ။

ဒေသနာ၏အဓိပ္ပာယ်

၁၆၈။ ခမည်းတော်မင်းကြီး၊ ရဟန်းမည်သည် ဒါယကာ ဒါယိကာမတို့၏ အိမ်တံခါးဝဝယ် တင့်တယ်စွာ ရပ်တည်လျက် ရအပ်သောဆွမ်းခံဝတ်ကို မမေ့မလျော့ရာ။ အနေသန မအပ်စပ်သော ရာမိုးမှု မပါဘဲ ကောင်းစွာ

http://www.dhammadownload.com

ကျင့်အပ်သော ဆွမ်းခံလှည့်လည်ခြင်း အကျင့်ကိုကျင့်ရာ၏။ ယင်းသို့ ဆွမ်းခံသည့် အကျင့်ကို ကျင့်လေ့ရှိသူ ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေထိုင်ရလေ၏။

၁၆၉။ ခမည်းတော်မင်းကြီး၊ အနေသန–မအပ်စပ်သော ရှာမီးမှုမပါဘဲ ကောင်းစွာ ကျင့်အပ်သော ဆွမ်းခံခြင်း အကျင့်ကို ကျင့်ရာ၏။ ထိုအကျင့်ကို မကောင်းသဖြင့် မကျင့်ရာ။* ယင်းသို့ ဆွမ်းခံသည့် အကျင့်ကျင့်သူ ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာ နေထိုင်ရလေ၏။

ပထမဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းကြီး သောတာပန် ဖြစ်တော်မူသည်။ ဘုရားရှင်သည် နန်းတော်သို့ ဆက်လက် ကြွတော်မူကာ ဒုတိယ ဒေသနာတော်ကို ဟောတော်မူရာ ဒုတိယ ဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းကြီး သကဒါဂါမ် ဖြစ်တော်မူပြီး မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သောတာပန် ဖြစ်လေသည်။

သုဒ္ဓေါဒနမင်းကြီးဝတ္ထု ပြီး၏။

၃။ ဝိပဿကရဟန်းတို့ဝတ္ထု

[ဇရမြို့ပေါ်မှာ ကိုယ်ခန္ဓာကို ဝိပဿနာ ရှုပွားသူများ]

ရဟန်းတော် ငါးရာတို့သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းကာ တောသို့ဝင်ပြီး တရားအားထုတ်ကြသည်။ သို့သော် တရားထူးမရကြ။ တရားထပ်၍ တောင်းကာ

---

* မကောင်းသဖြင့် မကျင့်ရာဟူသည် ရဟန်းတို့ ဆွမ်းမခံရသည့်အရပ် နေရာ ၆ မျိုးကို ဆိုလိုသည်။ ရဟန်းတို့ ဆွမ်းမခံအပ်သည့် အရပ်နေရာများမှာ–

၁။ သူရာအရက် သောက်စားရာအရပ်
၂။ ကျားမဟုတ်၊ မ,မဟုတ်သော ပဏ္ဍုကအိမ်
၃။ ရဟန်းမတို့၏ကျောင်း
၄။ အပျိုကြီးအိမ်
၅။ မုဆိုးမအိမ်
၆။ ပြည့်တန်ဆာအိမ်

http://www.dhammadownload.com

အားထုတ်ကြမည်ဟူသော ကြံရွယ်ချက်ဖြင့် ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာကြသည်။ ရဟန်းငါးရာတို့ ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ မိုးကြိုးသည်းထန်စွာ ရွာချသည်။

ရေပွက်ရေမြှုပ်ကို အာရုံယူနေကြစဉ်

ရဟန်းငါးရာတို့သည် ကျောင်းတော်၏ မုခ်ဦး၌ ရပ်တည်၍ နေကြစဉ် လေတိုက်သဖြင့် ပျက်စီးပြောင်းလဲသွားသော ရေပွက်ရေမြှုပ်တို့ကို တွေ့မြင်ကြရသည်။ ထိုအခါ ငါတို့၏ ကိုယ်ခန္ဓာသည် ဤရေပွက်ရေမြှုပ်တို့ကဲ့သို့ပင် ဖြစ်ကြသည်။ ဖြစ်ပြီးနောက် ပျက်စီးကြရသည်ဟု ရေပွက်ရေမြှုပ်တို့ကို ပမာထား အာရုံယူနေကြသည်။

ရောင်ခြည်တော်လွှတ်ကာ တရားဟောရာ

ဘုရားရှင်သည် ရေပွက်ရေမြှုပ်တို့ ဥပမာဖြင့် ခန္ဓာကိုယ်ကို ရှုပွားနေကြသော ရဟန်းတို့ကို မြင်သော် ဂန္ဓကုဋီတိုက်တော်မှနေကာ ရောင်ခြည်တော်များ လွှတ်ပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်တော်မူကြသည်။

၁၇၀။ ယထာ ပုဗ္ဗုဋကံ ပဿေ၊ ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၀။ ရုပ်နာမ်အစုအဝေးဖြစ်သော လောကကို ရေပွက်ရေမြှုပ်ပမာ ဖြစ်ပြီးပျက်တတ်သည်ဟု ရှုသကဲ့သို့ လည်းကောင်း၊ တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက်နေသော တံလှပ်ကဲ့သို့ လည်းကောင်း မိမိခန္ဓာကိုယ်ကို ရှုပွားသော သူအား သေမင်းသည် မမြင်နိုင်ပေ။

ဝိပဿကရဟန်းတို့ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ အဘာယမင်းသားဝတ္ထု

[ကွယ်လွန်သူ ကရောသည်မကို ခွဲလမ်းပြီး ပူဆွေးနေသူ]

အဘာယမင်းသားသည် ဗိမ္မိသာရမင်းကြီး၏ သားတော်များအနက် တစ်ယောက်ဖြစ်သည်။ ဗိမ္မိသာရမင်းကြီး၏ သားတော်များမှာ အဘာယ၊ ဥဒယဘဒ္ဒ၊ ဝိမလကောဏ္ဍည၊ အဇာတသတ်နှင့် သီလဝတို့ ဖြစ်ကြသည်။ ဝိမလကောဏ္ဍညသည် ခမည်းတော် ဗိမ္မိသာရ မကွယ်လွန်မီကပင် သာသနာတော်၌ ရဟန်းပြုသွားသည်။ ဥဒယဘဒ္ဒသည် ခမည်းတော် ကွယ်လွန်သော် ရဟန်းပြုပြီး သီလဝမင်းသားကား အဇာတသတ်မင်းက သတ်ရန် ကြံစည်သောအခါ ထွက်ပြေးပြီး ရဟန်းပြုသွားသည်။ အဇာတသတ်ကမူ ခမည်းတော် နတ်ရွာမစံမီကပင် ဖခင်၏ အာဏာကို သိမ်းပိုက်ကာ မင်းလုပ်သွားသူ ဖြစ်သည်။

ရာဇဂြိုဟ်သည် ရာဇဌာနီ

ဗိမ္မိသာရမင်းကြီးသည် မဂဓတိုင်း၊ အင်္ဂတိုင်းနှင့် ကာသိတိုင်းတို့ကို အုပ်စိုးသူ ဘုရင်ကြီးဖြစ်ပြီး သူ့ဝိုင်နက် နယ်မြေ၌ ထိုခေတ်အခါက ရွာပေါင်း ရှစ်သောင်းရှိသည်။ မင်းကြီး၏ ရာဇဌာနီသည် ရာဇဂြိုဟ်ဖြစ်သည်။ ရာဇဂြိုဟ်မြို့သည် သဘာဝ တောင်ကြီးများဖြစ်သော (၁) ဝေဘာရတောင်၊ (၂) ဝေပုလ္လတောင်၊ (၃) ဂိဇ္ဈကူဋ်တောင်၊ (၄) ပဏ္ဍဝတောင်နှင့် (၅) ဣသိဂိလိတောင်တို့က ကာရံထားသောမြို့ ဖြစ်သည်။

ဇာတ်နိမ့် ဇာတ်မြင့်တို့ ရေချိုးရာဌာန

ဝေဘာရတောင်ခြေတွင် တပေါဒါမြစ် ရှိသည်။ ဝေဘာရတောင်မှ ထွက်သော ရေပူစမ်းကို ဇာတ်နိမ့်တို့၏ ရေချိုးစခန်းနှင့်၊ ဇာတ်မြင့်တို့၏ ရေချိုးစခန်းဟု နှစ်ပိုင်းခွဲထားပြီး ဟိန္နုဘာသာဝင်တို့ ရေချိုးကြသည်။ ဝေဘာရတောင်စောင်း၌ ပထမသင်္ဂါယနာတင်သော သတ္တပဏ္ဏိလိဏ်ဂူ ရှိသည်။ ဝေပုလ္လတောင်သည် ရာဇဂြိုဟ်မြို့ မြောက်ဘက်တွင်ရှိပြီး အပြင်ဘက်တောင်ခြေ၌ ဒေဝဒတ်၏ ကျောက်တုံးဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်ရှိသည်။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာလိုဏ်ဂူ

ဂိဏ္ဍကုဋ်တောင်သည် ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်တွင်ရှိပြီး မြောက်ဘက်မှ တောင်ဘက်သို့ တန်းနေသောတောင် ဖြစ်သည်။ တောင်ခြေတွင် ဆရာဇီဝက၏ သရက်ဥယျာဉ်နှင့် ဇီဝက သရက်တောကျောင်းရှိသည်။ တောင်ထိပ်၌ သုကရခတခေါ် ဝက်ထိုးကျောက်လိုဏ်ဂူရှိသည်။ ထိုကျောက်လိုဏ်ဂူ၌ ဘုရားရှင်သည် အရှင်သာရိပုတ္တရာ၏ တူဖြစ်သူ ဒီဃနခကို ဝေဒနာ ကမ္မဋ္ဌာန်း ပေးကြားနေစဉ် ဘုရားရှင်၏ နောက်တော်မှ ယပ်လေ ခပ်ပေးနေသော အရှင်သာရိပုတ္တရာသည် ထိုတရားနာကြားအပြီး ရဟန္တာဖြစ်ရာ လိုဏ်ဂူ ဖြစ်သည်။ တူဖြစ်သူ ဒီဃနခသည်လည်း သောတာပန် ဖြစ်သွားသည်။

ဒေဝဒတ် ကျောက်မောင်းဆင်ရာတောင်

ဘုရားရှင်ကို လုပ်ကြံရန် ဒေဝဒတ် ကျောက်မောင်းဆင်သော တောင်သည်လည်း ဤဂိဏ္ဍကုဋ်တောင်ပင် ဖြစ်သည်။ ကြီးမားသော ကျောက်ဖျာများ၊ ကျောက်တုံးကြီးများသည် ဤတောင်ပေါ်၌ရော တောင်ပတ်လည်မှာပါရှိသည်။ တောင်၏ အစွန်းပေါ်၌ လင်းတဂက်နှင့်တူသော (သို့မဟုတ်) လင်းတဂက်၏ နှုတ်သီးနှင့်တူသော တောင်ထွတ်ရှိသည်။ ထိုတောင်ထွတ်ကို အစွဲပြုကာ ဂိဏ္ဍကုဋ်တောင်ဟု ခေါ်ကြခြင်း ဖြစ်သည်။ ဤတောင်ထိပ်သို့ တက်နိုင်ရန် လမ်းများ ရှိသည်။*

ဝက္ကလိမထေရ်နှင့် ဤဂိဏ္ဍကုဋ်တောင်

ဤဂိဏ္ဍကုဋ်တောင်ပေါ်မှ ခုန်ချ၍ မိမိကိုယ်မိမိ အဆုံးစီရင်ရန် ကြံစည်သော ရဟန်းတစ်ပါး ရှိသည်။ ထိုရဟန်းမှာ ဝက္ကလိမထေရ် ဖြစ်သည်။ ရဟန်းတော် ဝက္ကလိမထေရ်သည် ဘုရားရှင်၏ ရူပကာယတော်ကို သဘောကျကြည်ညိုး၍ ရဟန်းပြုလာသူ ဖြစ်သည်။ တစ်နေ့တွင် ဘုရားရှင်က "ဝက္ကလိ

* ယခုအခါ ကျပန်နိုင်ငံမှ ကောင်းမွန်ပြုထားသော တောင်ထိပ်သို့တက်သည့် လျှပ်စစ်လှေကားရှိသဖြင့် လွယ်လွယ်ကူကူပင် တောင်ထိပ်သို့ တက်နိုင်ကြပြီ ဖြစ်သည်။

http://www.dhammadownload.com

ငါ့ကို ကြည့်မနေနှင့်၊ တရားကိုသာ မြင်အောင်ကြည့်" ဟု မိန့်တော်မူကာ နှင်လိုက်၍ ဤတောင်ပေါ်မှ ခုန်ချရန် ကြံစည်ခဲ့ဖူးသည်။

ဗိမ္မိသာရ အကျဉ်းထောင်ရှိရာ

အဇာတသတ်မင်းက ခမည်းတော် ဗိမ္မိသာရမင်းကြီးကို အကျဉ်းချထားသော ထောင်သည် ဤဂိရိဗ္ဗကုဋ်တောင် အနီးတွင်ရှိသည်။ အဇာတသတ်သည် ခမည်းတော်ကြီးကို လုပ်ကြံရာ၌ အစာဖြတ်သော နည်းလည်းပါသည်။ ထိုသို့ အစာဖြတ်ထားသော်လည်း ဤတောင်ပေါ်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ကို ထောင်အတွင်းမှ လှမ်းပြီး ဖူးမြင်နေရသောကြောင့် မင်းကြီးသည် ဗုဒ္ဓဂုဏ်ဘာဝနာပီတိ– (ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြုထား၍ ရရှိခံစားရသော ဝမ်းသာမှု) ဖြင့် အချိန်တစ်စုံတစ်ရာအထိ အသက်ရှင်နေခဲ့သည်။

ရွှေဧတ် ကျောက်လှည်းဘီးရာများ

ပဏ္ဍာဝတောင်သည် မင်းနေပြည် ရာဇဂြိုဟ်မြို့၏ အရှေ့တောင်ဘက်တွင် ရှိသည်။ ရာဇဂြိုဟ်မြို့၏ တောင်ဘက် (အရှေ့ပိုင်း) ရှိ ဤတောင်ခြေ၌ ရွှေဧတ်က လှည်းယာဉ်များ အသုံးပြု၍ သွားလာခဲ့သော ကျောက်ဖြစ်နေသည့် လှည်းဘီးရာများ ရှိသည်။ အိန္ဒိယ ရွှေဟောင်းသုတေသန ဌာနက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ဣသိဂိလိတောင်သည် ရာဇဂြိုဟ်မြို့ တောင်ဘက် (အနောက်ပိုင်း) တွင် ရှိသည်။

ရာဇဂြိုဟ်ဝန်းကျင်မှ ကျောင်းတော်များ

ရာဇဂြိုဟ်ဝန်းကျင်၌ သမိုင်းတွင်သည့် ကျောင်းတော်ကြီး တစ်ဆယ့်ရှစ်ကျောင်း ရှိသည်။ ၎င်းကျောင်းတော်ကြီးတို့မှာ–

၁။ ဝေဠုဝန်ကျောင်းတော် ဓမ္မာရုံတောင်၏ မြောက်ဘက်တွင် ရှိသည်။

၂။ ဥပ္ပသောဏ္ဍိက ကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။

http://www.dhammadownload.com

၃။ ပစ္စာရဃကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၄။ ဂေါတမကန္ဒရကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၅။ တိန္ဒုကရဟကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၆။ တပေါဒါကန္ဒရက ကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၇။ တပေါဒါရာမကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၈။ ကုန္ဒသာလဂုကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၉။ ပိပ္ပလိဂုကျောင်းတော် ဝေဘာရတောင်၏ အရှေ့ဘက်တွင် ရှိသည်။
၁၀။ ကာဠသိလာကျောင်းတော် ဣသိဂိလိတောင်နံရံ၌ ရှိသည်။
၁၁။ ဂိဇ္ဈကူဋ်တောင်ထိပ်ကျောင်းတော် ဂိဇ္ဈကူဋ်တောင်၌ ရှိသည်။
၁၂။ စောရပပါတကျောင်းတော် ဂိဇ္ဈကူဋ်တောင်၌ ရှိသည်။
၁၃။ ကာလဝနုယျာနကျောင်းတော် ဂိဇ္ဈကူဋ်တောင်၌ ရှိသည်။
၁၄။ မဒ္ဒကုစ္ဆိမိဂဒါယကျောင်းတော် ဂိဇ္ဈကူဋ်တောင်ခြေ၌ ရှိသည်။
၁၅။ ဇီဝအမ္ဗကကျောင်းတော် ဂိဇ္ဈကူဋ်တောင်ခြေ၌ ရှိသည်။
၁၆။ မောရနိဝါပကျောင်းတော် ဂိဇ္ဈကူဋ်တောင်ခြေ၌ ရှိသည်။
၁၇။ လဋ္ဌိဝနုယျာနကျောင်းတော် ဂိဇ္ဈကူဋ်တောင်ခြေ၌ ရှိသည်။
၁၈။ အန္ဓက ဝိန္ဒကကျောင်းတော် ဂိဇ္ဈကူဋ်တောင်၏ အရှေ့မြောက်ဘက်တွင် ရှိပြီး သိပ္ပိနိခေါ် ချောင်းငယ်ခြားနေသည်။

အေးငြိမ်းသူရော ဆူပူလိုသူပါရှိ

ဗိမ္ဗိသာရမင်းကြီး အုပ်စိုးရာ နယ်မြေသည် ကျယ်ဝန်းသည်နှင့်အမျှ လူနေလည်း ထူထပ်ပေသည်။ အယူဝါဒ ပေါင်းစုံတို့လည်း ရှိသည်။ ထိုသို့

http://www.dhammadownload.com

အယူဝါဒပေါင်းစုံတို့ ရောနှောနေထိုင်ရာ နယ်မြေသည် အေးငြိမ်းလိုသူတို့ရော ဆူပူလိုသူတို့ပါ ရှိပေလိမ့်မည်။

ခုနစ်ရက် မင်းစည်းစိမ်ခံစားရ

အဘယမင်းသားသည် ဖခင်ကြီး ပိုင်နက်နေရာ တစ်နေရာတွင်ရှိ ပစ္စန္တရဖ အရပ်၌ ဆူပူသူများ သောင်းကျန်းကြသဖြင့် ဖခမည်းတော် ဗိမ္မိသာရမင်းကြီး၏ တာဝန်ပေးချက်အရ သွားရောက်နှိမ်နင်းရသည်။ နှိမ်နင်းမှု အောင်မြင်၍ မင်းကြီးက သဘောကျကာ သားတော် အဘယ မင်းသားအား ခုနစ်ရက် မင်းစည်းစိမ်ကို ခံစားခွင့်ပေးသည်။ အဆိုအကတွင် နာမည်ကျော်ကြားသူ ကချေသည်မ တစ်ဦးကို မင်းသားအား ဖျော်ဖြေရန် ဆုအဖြစ် ပေးအပ်သည်။

ကချေသည်မ ကွယ်လွန်သွား၍

အဘယ မင်းသားသည် ခုနစ်ရက်လုံးလုံး မင်းစည်းစိမ်ကို ခံစားပြီး ရှစ်ရက်မြောက်သောနေ့တွင် မြစ်ဆိပ်မှ ရေချိုးပြီး၍ ဥယျာဉ်သို့ ပြန်လာခဲ့သည်။ ဥယျာဉ်သို့ ပြန်ရောက်သောအခါ နာမည်ကျော် ကချေသည်မကလေးသည် ရုတ်တရက် ကွယ်လွန်သွားတော့သည်။ ထိုကချေသည်မကို စွဲလမ်းသော ကိလေသာ အပူမီးကြောင့် အဘယ မင်းသားသည် နေမထိထိုင်မသာ ဖြစ်သွားရသည်။ ပူဆွေးသောက ဗျာပါရ အမျိုးမျိုး ခံစားရသည်။ နှမြောတသလွန်း၍ စိုးရိမ်ပူဆွေး ငိုကြွေးနေရသည့် ပရိဒေဝမီးကို မငြိမ်းနိုင်၊ မထိန်းနိုင် ဖြစ်နေရသည်။

ထိုထိုဒုက္ခ အဖုံဖုံကို ငြိမ်းအေးစေနိုင်သူမှာ ဘုရားရှင်မှတစ်ပါး အခြား ပုဂ္ဂိုလ် မရှိသဖြင့် အဘယမင်းသားသည် ဘုရားရှင်ထံသွားကာ 'ဒုက္ခအဖုံဖုံ ဖြစ်နေရပုံကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က အဘယမင်းသားအား စိုးရိမ်ပူဆွေးနေမှုများမှ သက်သာစေရန် သံသရာတစ်လျှောက်၌ အကြိမ်များစွာ ငိုကြွေးခဲ့ရသကဲ့သို့ ဘဝများစွာတို့၌လည်း ငိုကြွေးခဲ့ရဖူးပြီ။ မင်းစီးရထားတို့သည် အချိန်ကာလ အတန်ကြာသော် ဟောင်းနွမ်း ဆွေးမြည့်ရ ပျက်စီးရသကဲ့သို့ လူ့ကိုယ်ခန္ဓာသည်လည်း ပျက်စီးခြင်းသဘော ရှိသည်ဟု မိန့်တော်မူကာ

http://www.dhammadownload.com

ဤဒေသနာတော်ကို ဟောတော်မူသည်။ ဤဒေသနာတော်အဆုံး၌ အဘယမင်းသားသည် သောတာပန် ဖြစ်လေ၏။

၁၇၁။ ထေ ပဿထိမံ လောကံ၊ စိတ္တံ ရာဇရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၁။ လာကြကုန်လော့၊ ရတနာ ခုနစ်ပါးတို့ဖြင့် စီခြယ်ကာ အဆန်းတကြယ် တန်ဆာဆင်ထားသော မင်းစီးရထားကဲ့သို့ အဝတ်အစား အလှပြင်စရာ တန်ဆာများစုံဖြင့် တန်ဆာဆင်ကာ ပြင်ဆင်ထား၍ လှပတင့်တယ်သော ခန္ဓာကိုယ်တည်းဟူသော ဤလောက (အတ္တဘော) ကို ကြည့်ပါ။ တရားမသိသူ လူမိုက်တို့သည် ဤခန္ဓာကိုယ်၌ တွယ်တာစွဲလမ်းနှစ်မြုပ်၍ နေကြကုန်၏။ ရုပ်နာမ်ဟု သဘောမှန်သိသူ ပညာရှိတို့သည်ကား တွယ်တာ စွဲလမ်းနှစ်မြုပ်မှု မရှိကြကုန်။

အဘယမင်းသားဝတ္ထု ပြီး၏။

၅။ သမ္မဇ္ဇနမထေရဝတ္ထု

[လောကကို မက်ဩဇာအရောင်ဖြင့် ထွန်းလင်းတောက်ပစေသူ]

သမ္မဇ္ဇနမထေရ်သည် ကျောင်းပရိဝုဏ်အတွင်း နေရာအစုံတို့၌ အမြဲမပြတ် တံမြက်စည်းလှည်းလေ့ ရှိသည်။ နံနက် နေ့ညရှိသမျှ အချိန်တိုင်း တံမြက်လှည်းသည်။ တံမြက်စည်းလှည်းကာ သန့်ရှင်းရေး ဆောင်ရွက်သူအတွက် လှည်းသူကိုယ်တိုင် စိတ်ကြည်လင်မှုရသည်။ အခြားသူများလည်း မိမိကဲ့သို့ စိတ်ကြည်လင်မှုကို ခံစားရသည်။ ထိုတံမြက်လှည်းလေ့ရှိသူကို လူနတ်တို့ချစ်ခင်ကြသည်။ သန့်သန့်ရှင်းရှင်း နေထိုင်ရသည် စသည်ဖြင့် အကျိုးငါးပါး ခံစားရသည်ဟု ဘုရားရှင် ဟောထားသဖြင့် အချိန်ရှိတိုင်း တံမြက်စည်းလှည်း၍သာ နေသည်။

http://www.dhammadownload.com

ဘာဝနာ ပွားများအားထုတ်ပါ

တစ်နေ့တွင် နေ့သန့်ရာအရပ်၌ တစ်ပါးတည်း ထိုင်နေသော အရှင်ရေဝတမထေရ်ကို မြင်၍ အရှင်သမ္မဇ္ဈနက "ဒါယကာတို့ လှူသည်တို့ကို သုံးဆောင်လျက် အပျင်းဖက်ပြီး ထိုင်နေသည်။ ငါကဲ့သို့ တံမြက်စည်းလှည်းရန် မသင့်ပါသလော" ဟု ပြောဆိုလေ၏။ ထိုအခါ အရှင်ရေဝတက သမ္မဇ္ဈနမထေရ်ကိုခေါ်ကာ "ငါ့ရှင်၊ အချိန်ရှိတိုင်း တံမြက်လှည်းသည့်အလုပ်ကိုသာ လုပ်မနေနှင့်။ နံနက်ခင်း၌ တံမြက်လှည်းပါ။ ဆွမ်းခံကြွပါ။ ဆွမ်းစားပြီးသော် နေ့သန့်ရာ၊ ညဉ့်သန့်ရာ နေရာတို့၌နေလျက် ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်ပါ။ ခန္ဓာကိုယ်၏ ဖြစ်ပျက်ကို ရှုပါ။ မိမိအတွက် ပြုလုပ်စရာရှိသည့် အလုပ်ကိုလည်း လုပ်ပါ" ဟု ဆုံးမ ပြောဆိုသည်။

ရဟန္တာဖြစ်တော်မူပြီ

သမ္မဇ္ဈနမထေရ်သည် အရှင်ရေဝတမထေရ် ဆုံးမသည့်အတိုင်း တရားဘာဝနာ ပွားများအားထုတ်ရာ မကြာမီပင် ရဟန္တာဖြစ်တော်မူသည်။ ရဟန်းတို့က အမှီက်များ ရှုပ်နေသဖြင့် အဘယ့်ကြောင့် အမှီက်မလှည်းသနည်းဟု မေးကြသည်။ ထိုအခါ သမ္မဇ္ဈနမထေရ်က "တရားဘာဝနာ ပွားများဖို့ သတိမရ၍ တံမြက်စည်းသာ လှည်းပြီး အချိန်ကုန်ခဲ့ပါသည်။ ယခုအခါ ထိုသို့ မဟုတ်တော့ပါ" ဟု ဖြေကြားသည်။ ဤသို့ ဖြေကြားသည်မှာ ရဟန္တာတို့၏ အဖြေမျိုး ဖြစ်နေသည်ဟု ပြောဆိုကြပြီး ဘုရားရှင်ကို လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ ရဟန်းများစွာတို့ သောတာပန် ဖြစ်တော်မူကြသည်။

၁၇၂။ ယော စ ပုဗ္ဗေ ပမဇ္ဇိတ္ဝာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော'မံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တော'ဝ စန္ဒိမာ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၂။ ရှေးက ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့ဖူးသော်လည်း နောင်သတိရ၍ သိသောအခါ မမေ့မလျော့သောအားဖြင့် ကုသိုလ်ကောင်းမှု

http://www.dhammadownload.com

ပြုသူသည် တိမ်တိုက် တိမ်ညို တိမ်မည်းအတွင်းမှ လွတ်ကင်းလာသော လမင်းကဲ့သို့ ဤလောကကို မဂ်ဉာဏ်အရောင်ဖြင့် ထွန်းလင်းတောက်ပြောင်စေ၏။

သမ္မဇ္ဇနမထေရ်ဝတ္ထု ပြီး၏။

၆။ အဂိုလိမာလမထေရ်ဝတ္ထု

[လူသတ်ပြီး လက်ညှိုးဖြတ်သူဘဝမှ ရဟန္တာဖြစ်သွားသူ]

အဂိုလိမာလ မထေရ်လောင်းလျာသည် ကောသလမင်းကြီး၏ လက်စွဲတော် ဘဂ္ဂဝပုဏ္ဏားကြီး၏ သားဖြစ်သည်။ သူ ဖွားမြင်လာသော ညတွင် သာဝတ္ထိတစ်မြို့လုံးရှိ ဓား၊ လှံ စသည့် လက်နက်များ အလျှံတပြောင်ပြောင် ထွန်းတောက်လာကြသည်။ ဤအတိတ်နိမိတ်များကြောင့် ဖခင်ပုဏ္ဏားကြီးသည် အိမ်ပြင်ထွက်ပြီး နက္ခတ်တာရာများကို ကြည့်သည်။ စောရနက္ခတ်နှင့် ယှဉ်နေသည်ကို တွေ့မြင်သွားသည်။

ကောသလမင်းကြီးလည်း ကောင်းစွာ မအိပ်နိုင်

ကောသလမင်းကြီးသည် စက်တော်ခေါ်ရာ သလွန်ပေါ်၌ထားသော မဂ်လာသန်လျက်တော်ကြီး အလျှံတပြောင်ပြောင် ထွက်နေ၍ ထိုညက ကောင်းကောင်း မအိပ်နိုင်။ နံနက် မိုးလင်း၍ လက်စွဲတော် ဘဂ္ဂဝ ပုဏ္ဏားကြီး ရောက်လာသဖြင့် အကျိုးအကြောင်း မေးကြည့်သည်။ ပုဏ္ဏားကြီးက "သူ့အိမ်၌ ဖွားမြင်လာသော သူငယ်ကြောင့် ဤအတိတ်နိမိတ်များ ဖြစ်လာခြင်း ဖြစ်ပါသည်။ သူငယ်သည် စောရနက္ခတ်နှင့်ယှဉ်ကာ မွေးလာပါသည်" ဟု ဖြေကြားသည်။ "စောရနက္ခတ်နှင့် ယှဉ်၍ မွေးလာသဖြင့် လူဆိုးကြီး ဖြစ်လာနိုင်သော်လည်း ဂိုဏ်းဖွဲ့၍ ဆိုးသွမ်းမည့်သူ မဟုတ်ပါ။ တစ်ကိုယ်တော် လူဆိုးပါ"

http://www.dhammadownload.com

ဟု ပုဏ္ဏားကြီးက ဆက်၍ သံတော်ဦးတင်သောကြောင့် မင်းကြီးက "သူ့ကို ကောင်းမွန်စွာ ကျွေးမွေး ပြုစုထားပါ။ တစ်ကိုယ်တော် ဆိုးသူဖြစ်၍ အန္တရာယ် မကြီးနိုင်ပါ" ဟု အမိန့်ရှိလိုက်သည်။

မိမိအသိနှင့် မိမိကိုယ်ထိန်းရန်

သားကို နာမည်မှည့်သောနေ့တွင် "မင်းကြီး၏ စိတ်ကိုပင် ညှဉ်းပန်း နှိပ်စက်သူဖြစ်သောကြောင့် 'ဟိံသက' ဟု မိဘများက အမည်ပေးထားကြ သည်။ ဆွေမျိုးများက ထိုအဓိပ္ပာယ်နှင့် အမည်မကောင်းဟုဆိုကာ 'အဟိံသက' မညှဉ်းပန်း မနှိပ်စက်သူဟု ပြောင်း၍ ခေါ်ကြရာမှ အဟိံသက ဖြစ်လာသည်။ အဟိံသကသည် သူတစ်ပါးထက် ကိုယ်ခန္ဓာ ထွားကြိုင်းသူဖြစ်၍ မိမိ အသိ ဖြင့် မိမိကိုယ်ကို ထိန်းသိမ်းနိုင်သော ပညာများရစေရန် တက္ကသိုလ်ပြည်သို့ ပညာသင် စေလွှတ်လိုက်ကြသည်။ ပညာသင်စရိတ် အလုံအလောက် မပေး လိုက်နိုင်သဖြင့် ဒီသာပါမောက္ခဆရာကြီး၏ အိမ်မှုကိစ္စများ လုပ်ဆောင်ပေး ရင်း ပညာသင်ကြားခဲ့ရသည်။

သူတစ်ပါးလက်ချက်ဖြင့် သေစေရန်

အဟိံသကသည် ဆရာကြီးနှင့်ရော ဆရာကတော်နှင့်ပါ ခင်မင်ရင်းနှီး သဖြင့် အခြားတပည့်တို့က မနာလိုဖြစ်ကြသည်။ အထူးသဖြင့် ဆရာကတော် နှင့် အမျိုးမျိုး စွပ်စွဲကြလျက် ဆရာကြီးကို အကြိမ်ကြိမ် တိုင်ကြားကြသည်။ ပထမပိုင်းတွင် ဆရာကြီးက မယုံကြည်၊ တိုင်ပါများလာသဖြင့် သံသယဝင် လာကာ အဟိံသကကို ရှင်းပစ်ရန် ကြံစည်သည်။ သို့သော် အားခွန်ဗလ ထွားကြိုင်းပြီး ဓားခုတ်၊ လှံထိုး၊ တုတ်ရိုက်ပညာတို့တွင် ထူးချွန်သူဖြစ်၍ ကိုယ်တိုင် မသတ်ဘဲ သူတစ်ပါးတို့ လက်ချက်ဖြင့် သေစေရန် နည်းလမ်း ရှာသည်။

တစ်နေ့တွင် ဆရာကြီးက အဟိံသကကို ခေါ်ကာ ဤသို့ ပြောဆို သည်။ "အဟိံသက၊ ပညာကို ဆုံးခန်းတိုင်အောင် သင်ဖို့လိုသေးသည်။ ငါ

http://www.dhammadownload.com

သင်ပေးမည်။ ပညာသင်ပေးခအဖြစ် ပူဇော်ရမည့် ပစ္စည်းမှာ လူပေါင်းတစ်ထောင်ကို သတ်၍ရသော လက်ညှိုးတစ်ထောင် ဖြစ်သည်" ဟု ပြောသည်။

အင်္ဂုလိမာလဟု အမည်တွင်ပြီ

လူသတ် ညှဉ်းပန်းနှိပ်စက်မှု မပြုလိုရှိ အဟိ သက ငြင်းခဲ့သော်လည်း မရသဖြင့် ဓား၊ လှံ၊ လေးမြား စသော လက်နက်တို့ကိုယူကာ တက္ကသိုလ်မြို့တော်မှ ထွက်လာခဲ့သည်။ ဇာလိန တောအုပ်ရှိ တောင်ကုန်းတစ်ခုမှ လိုဏ်ဂူကို နေစရာ နေရာအဖြစ် သတ်မှတ်နေထိုင်သည်။ တောအုပ်တွင်း ဝင်ထွက်လာသူများကိုသတ်ကာ လက်ညှိုးများ ဖြတ်ယူသည်။ ဖြတ်ယူထားသော လက်ညှိုးအချို့ကို သစ်ပင်ခွကြားခွံ ထားသည်။ အချို့ကို သစ်ကိုင်းများခွံ ဆွဲချိတ်ထားသည်။ ကျီး၊ လင်းတ စသည်တို့က ကိုက်ချီ စားသောက်ကြ၍ တစ်ထောင် မပြည့်နိုင် ဖြစ်နေသည်။ ထို့ကြောင့် ရသမျှ လက်ညှိုးတို့ကို ကြိုးဖြင့်သီပြီး လည်ပင်းခွံ လွယ်ထားသည်။ သူ့ကို တွေ့မြင်သူတို့က 'အင်္ဂုလိမာလ' လက်ညှိုးပန်းကုံးလွယ်ထားသူဟု ခေါ်ကြရာမှ သူ့အမည်သည် အင်္ဂုလိမာလဟု တွင်သွားတော့သည်။

မိခင်ကြီး လိုက်လာပြီ

အင်္ဂုလိမာလ၏ ရန်ကြောင့် ရွာသူရွာသားများ မြို့တော်သို့ ပြောင်းရွှေ့သွားကြသည်။ ရွာသူရွာသားတို့ ပြောစကားများကြောင့် မင်းကြီးက တပ်ဖြင့် ဝိုင်းကာ အင်္ဂုလိမာလကို ဖမ်းရန် အမိန့်ထုတ်သည်။ မင်းကြီး ထုတ်ပြန်သော အမိန့်ကို ကြားရသဖြင့် မိခင်ကြီးသည် သားအတွက် စိုးရိမ်ကာ အင်္ဂုလိမာလ ရှိရာသို့ လိုက်လာခဲ့သည်။

မပြေးနှင့် ရပ်လော့

ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်မှနေကာ ရွှေဘုဏ်တော် ကွန်ရက်ကို ဖြန့်ကြက်ကြည့်တော်မူသော် အင်္ဂုလိမာလတို့ သားအမိကို မြင်တော်မူသည်။ သို့ဖြင့် ဇာလိနတောအုပ်သို့ ကြွလာရာ အင်္ဂုလိမာလသည် တစ်ထောင်

http://www.dhammadownload.com

ပြည့်ရန် လိုနေသော ဇာတ်ညှိုးတစ်ချောင်း ဖြတ်ယူရန် ဘုရားရှင်နောက်သို့ အပြေးလိုက်သည်။ လိုက်လေ ဝေးလေ ဖြစ်နေသဖြင့် ဘုရားရှင်ကို "အသင် ရဟန်း၊ ရပ်လော့။ မပြေးနှင့်" ဟု အော်ပြောသည်။

ငါက ရပ်နေသူ၊ သင်က ပြေးနေသူ

ထိုအခါ ဘုရားရှင်က "အင်္ဂုလိမာလ၊ ငါသည် သတ္တဝါတို့အား သတ် ဖြတ် ညှဉ်းပန်းမှု အားလုံးကို ပယ်စွန့်ပြီးသူ ဖြစ်သည်။ ထို့ကြောင့် ငါသည် ရပ်နေသူ ဖြစ်သည်။ သင်သည်သာ သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲရင်း တစ် ဘဝမှ နောက်တစ်ဘဝသို့ ပြေးနေသူ ဖြစ်သည်" ဟု မိန့်တော်မူလိုက်သည်။

ဟိဘိက္ခူ ရဟန်းဖြစ်ပြီ

ဘုရားရှင်၏ စကားကို ကြားသော် အင်္ဂုလိမာလသည် လည်ပင်း၌ ဆွဲ တားသော လက်ညှိုးပန်းကုံးနှင့် ဓားတို့ကို ပစ်ချပြီး ဘုရားရှင်၏ ရှေ့တော် ၌ ဝပ်စင်းဦးချလျက် ရဟန်းပြုပေးရန် ပန်ကြားသည်။ ဘုရားရှင်က "ဧဟိ ဘိက္ခု–ရဟန်းလာခဲ့လော့" ဟု ခေါ်တော်မူသည်နှင့် အင်္ဂုလိမာလသည် သပိတ် သင်္ကန်းတို့ဖြင့် ရဟန်းအသွင်သို့ ရောက်ရှိတော်မူသည်။

မယ်တော် ပုဏ္ဏားမကြီးသည် တောအုပ်အတွင်းသို့ နှံ့စပ်အောင် ရှာဖွေ ကာ အော်ဟစ်ခေါ်သော်လည်း မရသဖြင့် အိမ်သို့ ပြန်လာခဲ့သည်။

မင်းကြီး အံ့သြတုန်လှုပ်ရပြီ

အင်္ဂုလိမာလမထေရ်သည် ဘုရားရှင်နှင့်အတူ နောက်တော်မှ လိုက်လာ ခဲ့သည်။ ကောသလမင်းကြီးသည် အင်္ဂုလိမာလကို ဖမ်းရန် တပ်ချီလျက် ထွက်လာပြီး ဇေတဝန်ကျောင်းတော်သို့ ဝင်ကာ ဘုရားရှင်ကို ရှိခိုးဦးချသည်။ ဘုရားရှင်က အနီး၌ရှိနေသော ရဟန်းကို ညွှန်ပြကာ "မင်းကြီး၊ ဤရဟန်း သည် အင်္ဂုလိမာလပင် ဖြစ်သည်" ဟု ညွှန်ပြသော် မင်းကြီးသည် အံ့သြ တုန်လှုပ်သွားသည်။ ဘုရားရှင်က မင်းကြီးအား အင်္ဂုလိမာလ၏ ဘေးရန်သည် ယခု မရှိတော့ပြီဟု မိန့်ကြားသည်။ မင်းကြီးသည် အင်္ဂုလိမာလထေရ်အား

http://www.dhammadownload.com

ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားလျက် "မယဉ်ကျေးသူကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေ၏" ဟု ဘုရားရှင်အား ထောမနာစကား လျှောက်ထား ပြီး ပြန်သွားလေတော့သည်။

ပရိနိဗ္ဗာန် ပြုတော်မူပြီ

အဂုံလိမာလမထေရ် မြို့တွင်းသို့ ဆွမ်းခံကြွသော် အချို့က ထွက်ပြေး ကြသည်။ အချို့က ခဲ၊ တုတ် စသည်ဖြင့် ပစ်ပေါက်ကြသည်။ သို့သော် မထေရ်ကြီးသည် မိမိပြုခဲ့သော အကုသိုလ်ကံများ၏ အကျိုးဆက်များပေ တကားဟုပင် သဘောထားတော်မူသည်။ ထိုအကြောင်းများကို မထေရ်က ဘုရားရှင်ထံ လျှောက်ထားသဖြင့် ဘုရားရှင်သည် အဂုံလိမာလ မထေရ်အား အဂုံလိမာလ ပရိတ်တော်ကို သင်ကြားပေးသည်။ အဂုံလိမာလ ပရိတ်တော် ကြောင့် မထေရ်ကို ဆွမ်းဘောဇဉ်များ လှူဒါန်းကြသည်။ မထေရ်သည်လည်း စိတ်တည်ငြိမ်မှု ရလာပြီဖြစ်၍ ဝိပဿနာများ အားထုတ်ရာ မကြာမီမှာပင် ရဟန္တာဖြစ်တော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူသည်။

ရဟန်းတို့သည် အဂုံလိမာလထေရ်၏ လားရာဂတိကို ဘုရားရှင်ထံ မေးလျှောက်ကြသဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီဟု ဘုရားရှင်က မိန့်တော်မူသည်။ ရဟန်းတို့က လူများစွာကို သတ်ခဲ့ပါလျက် ပရိနိဗ္ဗာန်ပြုသလောဟု ထပ်မံ မေးလျှောက်ကြပြန်သည်။

ထိုအခါ ဘုရားရှင်က "အဆွေခင်ပွန်းကောင်း မရှိ၍ အကုသိုလ်အမှု များ ပြုလုပ်ခဲ့သည်။ ယခုအခါ အဆွေခင်ပွန်းကောင်း မှီရာရှိ၍ ရှေးက ပြုအပ်သော မကောင်းမှုကံကို အရဟတ္တမဂ်ဖြင့် ပယ်သတ်ပြီးပေပြီ" ဟု မိန့် တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၇၃။ ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ၊
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၃။ မိမိပြုခဲ့ပြီးသော မကောင်းမှု အကုသိုလ်ကို အရဟတ္တမဂ်တည်း

http://www.dhammadownload.com

ဟူသော ကောင်းမှုကုသိုလ်ဖြင့် ပယ်သောသူသည် တိမ်တိုက်မှ လွတ်လာသော လမင်းကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေသည်။

အင်္ဂုလိမာလမထေရ်ဝတ္ထု ပြီး၏။

၇။ ရက်ကန်းသည်သမီးဝတ္ထု

[မရဏာနုဿတိကမ္မဋ္ဌာန်းဖြင့် တုသိတာနတ်ပြည်သို့ ရောက်သွားသူ]

ရက်ကန်းသည်သမီး ဝတ္ထုသည် သက်တော်ထင်ရှား ဘုရားရှင်ရှိစဉ် အာဠဝီပြည်၌ ဖြစ်ခဲ့သော ဝတ္ထုဖြစ်သည်။ အာဠဝီပြည်၌ ဘုရားရှင်သည် တစ်ဝါမျှ သီတင်းသုံးနေတော်မူခဲ့သည်။ (ဘုရားရှင် ဝါဆိုတော်မူရာ အစဉ်၌ ၁၆ ဝါမြောက် ဝါဆိုသီတင်းသုံးရာဌာနသည် အာဠဝီပြည် ဖြစ်သည်)

ဆွမ်းကျွေးကုသိုလ်ပြုကြပုံ

အာဠဝီ ပြည်သူပြည်သားတို့သည် အာဠဝီသို့ ကြွတော်မူလာသော ဘုရားရှင်နှင့် နောက်ပါ သံဃာတော်များအား အလှူဒါနများပြုကာ ဆွမ်းကျွေး ကုသိုလ်ပြုကြသည်။ ဆွမ်းစားပြီးသော် ဘုရားရှင်က ဆွမ်းအနုမောဒနာ တရားဟောကြားရာ၌ မာရဏာနုဿတိတရားကို *အကြိမ်ကြိမ် အဖန်ဖန် အောက်မေ့ သတိပြုရမည့်အကြောင်းကို အထူးပြု ဟောကြားသည်။

---

* အဓုဝံ မေ ဇီဝိတံ	=	ငါ၏ အသက်ရှင်ခြင်းသည် အမြဲမရှိ။
ဓုဝံ မေ မရဏံ	=	ငါ၏ သေခြင်းသည် မြဲ၏။
အဝဿံ မယာ မရိတဗ္ဗမေဝ	=	ငါသည် မုချသေရမည်။
မရဏာ ပရိယောသာနံ မေ ဇီဝိတံ	=	ငါ အသက်ရှင်နေခြင်းသည် သေခြင်း၌ အဆုံးရှိ၏။
ဇီဝိတမေဝ အနိယတံ	=	ငါ၏ အသက်ရှင်နေရခြင်းသည် အမြဲမရှိချေ။
မရဏံ နိယတံ	=	သေခြင်းသည်ကား အမြဲပါတကား။

http://www.dhammadownload.com

မရဏာနုဿတိကမ္မဋ္ဌာန်းကို နေ့ညပွားများသူ

ဘုရားရှင် ဟော်ကြားသော မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ရက်ကန်းသည် သမီးလေးသည် နေ့ရောညပါ အမြဲမပြတ် ပွားများအားထုတ်သည်။ အခြားသော တရားပွဲမှ ပြန်လာသူတို့သည် ဘုရားရှင်၏ ရှေ့တော်၌ ရှိနေစဉ် သတိရကြသော်လည်း ကွယ်ရာသို့ရောက်သော် ကိုယ့်အလုပ်ကိစ္စကိုသာ လုံ့လစိုက် လုပ်ကိုင်နေကြရသဖြင့် မေ့သွားကြသည်။ ရက်ကန်းသည် သမီးလေးကား မေ့မေ့လျော့လျော့ မနေဘဲ အမြဲပွားများနေခဲ့သည်။

ဖခင်က မှာထားသောကြောင့်

ဘုရားရှင်သည် ရက်ကန်းသည်သမီးလေး သောတာပန် ဖြစ်နိုင်သည့် အကြောင်းကို မြင်တော်မူသောကြောင့် သုံးနှစ်မျှကြာသောအခါ အာဠဝီပြည် သို့ ကြွတော်မူလာပြန်သည်။ ဘုရားရှင် ကြွလာသည်ဟု ကြားသိသောအခါ ရက်ကန်းသည်မလေးသည် ဘုရားရှင်ကို ဖူးမြင်ရမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ တရားတော်ကိုလည်း နာကြားရမည်ဟု တွေးမိသော်ပို၍ ကြည်နူးမှု ဖြစ်နေသည်။ သို့ရာတွင် အခြားသူတို့ ဘုရားရှင်ထံ သွားကြပြီး တရားနာနေကြသော်လည်း သူ့မှာ အခြားအရေးကြီး ကိစ္စတစ်ခုနှင့် ကြုံနေရသဖြင့် မသွားနိုင်သေးဘဲ ဖြစ်နေရသည်။ ဖခင်က သူတစ်ပါးအပ်ထားသော ပုဆိုးကို ယနေ့အပြီး ရက်ပေးရန် တစ်ထွာခန့် ကျန်နေသေးသည်။ ထို့ကြောင့် ရက်ဖောက်ကို အမြန်ယောက်ပြီး ယူလာရန် မှာခဲ့သဖြင့် ရက်ဖောက်ယောက်နေရခြင်း ဖြစ်သည်။

ဘုရားရှင် အမေး၊ သမီးလေး၏ အဖြေ

သမီးလေးသည် ရက်ဖောက်လုံးကိုယူကာ ဖခင်ထံ သွားစဉ် လမ်းခရီး ရှိ တရားမဏ္ဍပ်အစွန်၌ ရပ်လျက် ဘုရားရှင်ကို ဖူးမြော်သည်။ သတို့သမီးကလေး တရားပွဲသို့ ရောက်မလာသေးသဖြင့် ဘုရားရှင်သည် တရားမဟောဘဲ ဆိတ်ဆိတ်နေသည်။ သမီးလေး ရောက်လာသည်ကို မြင်သော် ဘုရားရှင်သည် လည်တော်ကိုချို၍ ရက်ကန်းသည်မလေးကို လှမ်းမျှော်ကြည့်သည်။ ဘုရားရှင်

http://www.dhammadownload.com

ကြည့်တော်မူသည်ကို မြင်၍ ရက်ကန်းသည်မလေးသည် ဘုရားရှင်ထံတော်သို့ သွားလေသည်။ ထိုအခါ ရက်ကန်းသည်မလေးအား ဘုရားရှင်က ဤသို့ မေးတော်မူသဖြင့် ရက်ကန်းသည်မကလေးက ပြန်လည် ဖြေကြားသည်မှာ–

"သမီးကလေး၊ သင် ဘယ်ကလာခဲ့သနည်း"

"တပည့်တော် ဘယ်ကလာခဲ့သည်ကို မသိပါဘုရား"

"အဘယ်သို့ သွားမည်ကိုကော သိပါသလား"

"အဘယ်သို့ သွားမည်ကိုလည်း တပည့်တော် မသိပါဘုရား"

"သမီးလေး၊ သင် တကယ် မသိပြီလော"

"တပည့်တော် သိပါသည် အရှင်ဘုရား"

"သမီးလေး၊ သင် တကယ်သိပါသလော"

"တပည့်တော် တကယ်မသိပါဘုရား"

တရားပွဲလာ ပရိသတ်သည် သမီးလေး၏အဖြေကို ကြားသော် "ကိုယ့်ကိုယ်ကိုယ် ဘယ်ကလာပြီး ဘယ်ကိုသွားမည်ကိုမှ မသိဘူး၊ ဘုရားရှင် မေးသမျှကိုလည်း ထင်ရာမြင်ရာ လျှောက်ဖြေသည်" ဟု ကဲ့ရဲ့ ပြောဆိုကြသည်။

တရားနာ ပရိသတ်၏ ကဲ့ရဲ့သံကိုကြားသော် ဘုရားရှင်က သမီးလေးအား ဖြေကြားမှု၏ အနက်အဓိပ္ပာယ်ကို ထပ်၍ မေးတော်မူသည်။ ထိုအခါ သမီးလေးက ဤသို့ ရှင်းလင်းဖြေကြားသည်။

ရက်ကန်းသည်မလေး ဖြေကြားသည့်အဓိပ္ပာယ်

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော် ရက်ကန်းသည်အိမ်မှ လာခဲ့သည်ကို သိတော်မူပြီး ဖြစ်ပါသည်။ ထို့ကြောင့် 'ဘယ်က လာခဲ့သနည်း' ဟူသော မေးခွန်းမှာ ဤအကြောင်းကို ရည်ရွယ်၍ မေးတော်မူခြင်း မဟုတ်ပါ။ ဘယ်ဘဝက လာခဲ့သနည်းဟု မေးလိုရင်း ဖြစ်သဖြင့် တပည့်တော်လာခဲ့သော အတိတ်ဘဝကို မသိ၍ မသိပါဘုရားဟု ဖြေကြားခဲ့ခြင်း ဖြစ်ပါသည်"

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော် ရက်ကန်းရုံရှိ ဖခင်ထံသို့ သွားမည်ကို သိတော်မူပြီး ဖြစ်ပါသည်။ သို့သော် "အဘယ်သို့ သွား

http://www.dhammadownload.com

မည်ကိုကော သိပါသလား" ဟူသော မေးခွန်းသည် တပည့်တော် သွားရမည့် ဘဝကို ရည်ရွယ်၍ မေးခြင်းဖြစ်သဖြင့် ဘယ်ဘဝ သွားရမည်ကို မသိသဖြင့် မသိပါဘုရားဟု ဖြေခဲ့ခြင်း ဖြစ်ပါသည်"

"သမီးလေး၊ သင် တကယ်မသိဘူးလားဟု မေးတော်မူခြင်းမှာ ဧကန် မုချ သေရမည်ကို မသိဘူးလားဟု မေးခြင်းဖြစ်ပါသည်။ ပဋိသန္ဓေနေကာ လူဖြစ်လာသော တပည့်တော်သည် တစ်နေ့ ဧကန်မုချ သေရမည်ကို သိ၍ သိပါသည်ဟု ဖြေကြားခဲ့ခြင်း ဖြစ်ပါသည်"

"သမီးလေး၊ သင် တကယ် သိသလောဟု မေးခြင်းမှာ သေရမည့် အချိန်ကို မေးခြင်းဖြစ်ပါသည်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်ရောဂါနဲ့ သေရမည်ကို မသိ၍ တပည့်တော် တကယ်မသိပါဟု ဖြေကြားခဲ့ခြင်း ဖြစ်ပါသည်။

သောတာပန်ဖြစ်ပြီ

ရက်ကန်းသည် သမီးလေးက ထိုသို့ ရှင်းလင်းဖြေကြားသော် အဖြေတစ်ခု ရှင်းလင်း ဖြေကြားပြီးတိုင်း ဘုရားရှင်က သာဓုခေါ်တော်မူသည်။ ထို့နောက် ဘုရားရှင်သည် ရက်ကန်းသည် သမီးလေး အပါအဝင် တရားနာ ပရိသတ်အား ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရက်ကန်းသည် သမီးလေးသည် သောတာပန် ဖြစ်လေ၏။

၁၇၄။ အန္ဓဘူတော အယံ လောကော၊ တနုကေ'တ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တော၀၊ အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၄။ ဤလောက (ဤလောကီ လူအပေါင်း) သည် (ပညာမျက်စိ မရှိသဖြင့်) အမိုက်အကန်း အတိသာ ဖြစ်နေ၏။ ဤလောကဌ် အနိစ္စ စသော သဘောကို ရှုမြင်နိုင်သောသူ နည်းပါးလှသည်။ မုဆိုး၏ ပိုက်ကွန်မှ လွတ်သော ငှက်အနည်းငယ်သာ ရှိသကဲ့သို့ လူအနည်းငယ်သာ နတ်ရွာနိဗ္ဗာန်သို့ ရောက် သွားရသည်။

http://www.dhammadownload.com

သမီးငယ် ကွယ်လွန်ကာ တုသိတာသို့

သမီးလေးသည် ရက်ဖောက်တောင်းကိုယူကာ ဖခင်ထံ သွားပို့သည်။ ဖခင်သည် သမီးကိုစောင့်ရင်း ထိုင်လျက် အိပ်ပျော်နေသည်။ သမီးသည် ရက်ဖောက်တောင်းကို တွန်းရွေ့လိုက်ရာ လွန်းအစွန်းနှင့် တိုက်မိပြီး အောက်သို့ ကျသွားသည်။ လန့်နိုးလာသော ဖခင်က လွန်းကို ဆွဲလိုက်ရာ သမီးငယ်၏ ရင်ဘတ်ကို ထိုးမိသဖြင့် ထိုနေရာ၌ပင် သမီးငယ် ကွယ်လွန်သွားပြီး တုသိတာနတ်ပြည်သို့ ရောက်သွားတော့သည်။

ဖခင်ကြီး ရဟန္တာဖြစ်ပြီ

ဖခင်ကြီးသည် သမီးငယ် ကွယ်လွန်သွားသဖြင့် ယူကျုံးမရဖြစ်ကာ အကြီးအကျယ် စိတ်ထိခိုက်နေသည်။ ဘုရားရှင်ထံ သွားလျက် အကျိုးအကြောင်း လျှောက်ထားရာ ဘုရားရှင်က အနမတဂ္ဂသုတ္တန်တရားတော်ကို ဟောတော်မူသည်။ အနမတဂ္ဂသုတ္တန် တရားတော်ကို နာကြားရ၍ စိုးရိမ်ပူဆွေးမှု ငြိမ်းအေး သက်သာသွားသော် ဘုရားရှင်ထံ ရဟန်းပြုပေးရန် တောင်းပန်သည်။ ရဟန်းအဖြစ်ဖြင့် ဝိပဿနာကို ပွားများအားထုတ်ရာ မကြာမီပင် ရက်ကန်းသည်မလေး၏ ဖခင်ကြီး ရဟန္တာဖြစ်တော်မူသည်။

ရက်ကန်းသည်သမီးဝတ္ထု ပြီး၏။

၈။ သုံးကျိပ်သောရဟန်းတို့ ဝတ္ထု

[ခြေကျင်လာပြီး ကောင်းကင်ခရီးဖြင့် ပြန်သွားကြသူများ]

ဤသုံးကျိပ်သော ရဟန်းတို့ဝတ္ထုသည် သက္ကတော်ထင်ရှား ဘုရားရှင် ဧတဝဂ်ကျူးတော်၌ သီတင်းသုံးနေစဉ် ဖြစ်ခဲ့သော ဝတ္ထုများအနက်မှ ဝတ္ထုတစ်ခု ဖြစ်သည်။

http://www.dhammadownload.com

နေရာဒေသအနှံ့၌ သီတင်းသုံးတော်မူခဲ့သည်

ဘုရားရှင်သည် သက်တော်ထင်ရှား ရှိစဉ်အခါ နေရာဒေသအနှံ့ တိုင်း၊ နိုင်ငံ၊ ဇနပုဒ်ကျေးရွာ စသည်တို့တွင် သီတင်းသုံးနေတော်မူခဲ့သည်။ ဘုရားရှင်ရှိရာသို့ ဒေသအနှံ့အပြားမှ တပည့်သား သံဃာတို့ ကြွလာလျက် ဖူးမြော်ကြသည်။ တရားတောင်းကြသည်။ တရားရပြီးသော အရှင်မြတ်များကလည်း ဘုရားရှင်ထံ အကျိုးအကြောင်း လျှောက်ထားကြရင်း လာရောက် ဖူးမြော်ကြသည်။ ထိုရဟန်းတို့အနက် အချို့မှာ သောတာပန် စသည် အရိယာများ ဖြစ်ကြသည်။

တံခါးမုခ်ဝ၌ အရှင်အာနန္ဒာစောင့်နေခဲ့ပုံ

တစ်နေ့သောအခါ အရပ်လေးမျက်နှာတို့၌ သီတင်းသုံးတော်မူကြကုန်သော သုံးကျိပ်သော ရဟန်းတော်တို့သည် ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ခြေကျင်ကြွလာကြသည်။ ဤရဟန်းတော်များ ကြွလာကြသည်ကို မြင်၍ အရှင်အာနန္ဒာ မထေရ်ကြီးသည် ဝတ်ကြီးဝတ်ငယ်ပြုရန် ဘုရားရှင်ထံ ချက်ချင်း မဝင်သေးဘဲ တံခါးမုခ်ဝ၌ စောင့်နေခဲ့သည်။ ဘုရားရှင်သည် ရပ်ဝေးရပ်နီးမှ ကြွလာသော တပည့်သားတို့အား အကြောင်းစုံ မေးမြန်းသည်။ ရဟန်းတော်တို့ကလည်း မိမိတို့ ဆိုင်ရာဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကြသည်။

ခြေကျင်လာပြီး ဈာန်ယာဉ်စီးကာ ပြန်ကြွကြပြီ

ဘုရားရှင်သည် ပုထုဇဉ်ရဟန်းတို့နှင့်ဖြစ်စေ၊ အရိယာတို့နှင့်ဖြစ်စေ၊ လူဒါယကာတို့နှင့်ဖြစ်စေ၊ မည်သို့သော ပုဂ္ဂိုလ်နှင့် မည်သည့် အချိန်၌ပင်တွေ့ရသည်ဖြစ်စေ အကျိုးမဲ့ဖြစ်စေသော စကားနှင့် တရားကို လုံးဝ ဟောပြောခြင်းမရှိ။ သာသနာတော်အကျိုး၊ လောကကောင်းကျိုးနှင့် စပ်လျဉ်းသော စကားနှင့် တရားတော်ကိုသာ ဟောပြောလေ့ ရှိတော်မူသည်။ သုံးကျိပ်သော ရဟန်းတို့သည် ဘုရားရှင်ထံမှ အကျိုးစီးပွားဖြစ်စေသော တရားတော်ကို နာကြားရ၍ တရားသိကာ ရဟန္တာဖြစ်တော်မူကြသည်။ ရဟန္တာဖြစ်တော်

http://www.dhammadownload.com

မူပြီးနောက် မိမိတို့လာစဉ်က ခြေကျင်ဖြင့် မြေမှာလျှောက်ကာ ကြွလာခဲ့ကြရသော်လည်း ရဟန္တာဖြစ်တော်မူသောအခါတွင်မူ ဈာန်ယာဉ်စီးကာ ကောင်းကင်ခရီးဖြင့် မိမိ လိုရာသို့ ပြန်ကြွသွားတော်မူကြသည်။

အရှင်အာနန္ဒာမထေရ်သည် ဝတ်ကြီးဝတ်ငယ်ပြုရန် ဘုရားရှင်ထံ ဝင်လာခဲ့သော် စောစောက ကြွလာသော ရဟန်းတို့ကို မတွေ့ရသဖြင့် ဘုရားရှင်ထံ လျှောက်ထားမေးမြန်းကြည့်သည်။

ရဟန္တာဖြစ်ကုန်ကြပြီ

ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ထိုရဟန်းသုံးကျိပ်တို့သည် ငါဘုရားထံမှ တရားနာကြား၍သောကြောင့် ရဟန္တာဖြစ်ကြကုန်ပြီ။ ဈာန်ယာဉ်စီးကာ ဟင်္သာငှက်တို့ကဲ့သို့ မိမိတို့ လိုရာသို့ ပြန်သွားကြပြီ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၇၅။ ဟံသာဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။
နီယန္တိ ဓီရာ လောကမှာ၊ ဇေတ္တာ မာရံ သဝါဟိနိ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၅။ ဟင်္သာငှက်တို့သည် နေမင်း၏ လမ်းကြောင်းအတိုင်း ကောင်းကင်၌ သွားကုန်၏။ ဣဒ္ဓိပါဒ် လေးပါးကို လေ့လာပွားများပြီးသော ပုဂ္ဂိုလ်တို့သည် တန်ခိုးဖြင့် ကောင်းကင်၌ သွားလာကုန်၏။ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်မင်းကို နှိမ်နင်းကာ လောကမှ ထွက်မြောက်ကုန်၏။

သုံးကျိပ်သော ရဟန်းတို့ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ စိဉ္ဆမာဏဝိကာ (စိဉ္ဆမာဏ) စတ္ထု

[မဟုတ်မတရားစွပ်စွဲ၍ မြေမျိုခံရသူ]

စိဉ္ဆမာဏဝိကာ = စိဉ္ဆမာဏသည် မန်ကျည်းပင်၌ သံသေဒဖဋိသန္ဓေ နေခဲ့ပြီး လူ့ဘဝရောက်လာသူ အမျိုးသမီးတစ်ဦး ဖြစ်သည်။ ရုပ်ရည်ချောမော သည်။ တိတ္ထိတို့ကို ကိုးကွယ်သည်။ ပရိဗိုဇ်မတစ်ဦးလည်း ဖြစ်သည်။

ဘုရားရှင်သည် ဝါတော်၌ နှစ်ဆယ်အတွင်း မဇ္ဈိမဒေသရှိ တိုင်းနိုင်ငံ၊ မြို့ရွာ၊ ဧနပုဒ်အနှံ့ လှည့်လည်တော်မူကာ တရားဒေသနာများ ဟောတော်မူ ခဲ့သည်။ ဘုရားရှင်၏ တရားနာရသူ လူနတ်ဗြဟ္မာများစွာတို့ တရားသိကာ သောတာပန် ရဟန္တာ စသည်တို့ ဖြစ်ကြလျက် ကျွတ်တမ်းဝင်ကြရသည်။ ဘုရားရှင်၏ သာသနာတော်သည် နေလို လလို ရောင်ဝါထွန်းတောက်ခဲ့ သည်။ သက်ဝင်ယုံကြည်သူ များလာသည်။ ကိုးကွယ် ဆည်းကပ်သူ များသည် နှင့်အမျှ ဒါန၊ သီလ အကျိုးတို့ကို ယုံကြည်လျက် လှူဒါန်းသူများလည်း ပေါများလာသည်။

ဘုရားရှင်၏ သာသနာရောင်ဝါ ထွန်းလင်းသည်ထက် ထွန်းလင်းလာ သည်နှင့်အမျှ တစ်ဖက်မှ တိတ္ထိ၊ တက္ကတွန်း စသည်တို့၏ အရောင်အဝါနှင့် ဂုဏ်သိန်တို့သည် ညှိုးသည်ထက် ညှိုးကာ ခြောက်သည်ထက် ခြောက်ခန်း လာကြသည်။ ဤသည်မှာ အမှန်တရား၏ အရှိန်အဝါကြောင့် အမှားလမ်းစဉ် များ ညှိုးမှိန်ပျောက်ကွယ်စ ပြုလာခြင်း ဖြစ်ပေသည်။

တိတ္ထိတို့သည် သူတို့အတွက် ဆိုးသည်ထက် ဆိုးလာနေသော အခြေ အနေကို ပြောင်းလဲပစ်နိုင်ရန် အမျိုးမျိုး တိုင်ပင်ကြ၊ ဆွေးနွေးကြ၊ ညှိနှိုင်း မှုပြုကြဖြင့် နေမထိထိုင်မသာ ဖြစ်လာကြသည်။ အဆိုးဆုံးမှာ လာဘ်လာဘ ရှားပါးလာခြင်း ဖြစ်သည်။ လှူဒါန်းသူတို့ နည်းလာ၍ လာဘ်လာဘ ရှား ပါးလားသည်။ လာဘ်လာဘ ရှားပါးလာ၍ စားသောက်နေထိုင်ရေးပါ ခက်ခဲ လာသည်။

စည်းဝေးညှိနှိုင်းပွဲ တစ်ခုခု၌ တိတ္ထိတစ်ဦးက "စိဉ္ဆမာဏ ဝိကာကို စွဲ၍ ရဟန်းကြီး ဂေါတမ၏ ကျေးဇူးမဲ့ကို ပြုကြအံ့" ဟု အကြံပြုသဖြင့် ထိုအကြံကို

http://www.dhammadownload.com

အကောင်အထည်ဖော်ရန် အများသဘောတူ ဆုံးဖြတ်လိုက်ကြသည်။ သူတို့ အကြံမှာ သာသနာတော်၏ ပင်မအရင်းခံဖြစ်သော ဘုရားရှင်ကို စိဉ္ဆမာဏနှင့် စွပ်စွဲကာ လူနတ်ဗြဟ္မာတို့ အကြည်ညို ပျက်သွားစေရန် အကြံဖြစ်သည်။ စိဉ္ဆမာဏသည် ချောလည်းချော၍ လှလည်းလှပပြီး တပည့်ရင်း ပရိဗိုဇ်လည်း ဖြစ်သည်။

မကြာမီ တစ်ရက်တွင် ကျောင်းသို့ စိဉ္ဆမာဏ ရောက်လာသည်။ တိတ္ထိကြီးများသည် စိဉ္ဆမာဏကို စကားမပြောဘဲ ဝစီပိတ် လုပ်နေကြသည်။ စိဉ္ဆမာဏက သူ့မှာ အပြစ်ရှိလျှင် ပြောဆို ဆုံးမကြပါဟုပြောမှ သူတို့အကြံကို ပြောပြသည်။ စိဉ္ဆမာဏကလည်း အကောင်အထည်ဖော်ပေးဖို့ သဘောတူလိုက်သည်။

စိဉ္ဆမာဏသည် မိမိ လက်ခံခဲ့သော တာဝန်ကို စတင် အကောင်အထည် ဖော်သည့်အနေဖြင့် ညနေပိုင်း မှောင်ရီပျိုးသောအချိန်တွင် တန်ဖိုးကြီးသော ကမ္မလာအနီကို ခြုံလျက် ဇေတဝန်ကျောင်းတော်ဆီသို့ ဦးတည်သွားသည်။ ဘုရားရှင်ထံမှ တရားနာ ပြန်လာသူတို့နှင့် တွေ့၍ မေးသော် "ငါ သွားသည့် နေရာကို သိသဖြင့် သင်တို့အတွက် ဘာအကျိုးရှိမည်နည်း" ဟု ပြန်လည် မေးမြန်းလျက် ဇေတဝန်ကျောင်းတော်ဆီ ဆက်၍ သွားဟန်ဆောင်သည်။ အခြားသူတို့ မျက်ကွယ်သို့ရောက်သော် တိတ္ထိဆရာကြီးတို့ကျောင်းသို့ ဝင်အိပ်သည်။ နံနက်လင်းဦးစ ဝေလီဝေလင်းအချိန်၌ ပြန်လာသည်။ ကျောင်းတော်သို့ စောစောသွားသူတို့နှင့် လမ်းတွင်တွေ့၍ မေးသော် ဇေတဝန်ကျောင်း၌ ညအိပ်ပြီး ပြန်လာဟန် ပြောသည်။ သုံးလခန့်ကြာသော် ဗိုက်ပေါ်၌ အတွင်းမှ အဝတ်ခုကာ ရဟန်းဇကါတမနှင့် ပေါင်းသင်း၍ ကိုယ်ဝန်ရလာသည်ဟု ပြောပြသည်။

ရှစ်လ ကိုးလခန့်ကြာသောအခါ သူ့ဗိုက်၌ ပျဉ်ချပ်ကို အဝတ်ဖုံးကာ ချည်ထားသည်။ ကမ္မလာနီကို ခြုံသည်။ လက်ဖမိုး၊ ခြေဖမိုးတို့ကို နွားမေးရိုးဖြင့် ထုရိုက်၍ ဖောရောင်လာအောင် ပြုသည်။ ကိုယ်ဝန် အရင့်အမာကို ဆောင်ထားသူကဲ့သို့ နွမ်းလျ မောဟိုက်နေဟန်ပြု၍ ဇေတဝန်ကျောင်းတော်သို့ လာခဲ့သည်။ တရားနာနေကြသော ပရိသတ် အတွင်းဝင်လျက် ဘုရားရှင်

http://www.dhammadownload.com

ကို ဤသို့ စွပ်စွဲပြောကြားသည်။ "ရဟန်းကြီး၊ အသင်ကား တရားဟောဖို့သာ သိသည်။ မွေးဖွားချိန်နီးနေသော ကျွန်မ ကိုယ်ဝန်အတွက် ပြင်ဆင်မှုတစ်ခုမျှ လုပ်ပေးခြင်း မရှိ။ ပေါင်းသင်းဖို့သာ သိသည်။ ကိုယ်တိုင် စီစဉ်မပေးနိုင်လျှင် ကောသလမင်းကြီးကိုဖြစ်စေ၊ အနာထပိဏ်သူဌေးကြီးကိုဖြစ်စေ၊ ကျောင်းအမကြီး ဝိသာခါကိုဖြစ်စေ တစ်ဦးဦးကို လိုအပ်သည်များ စီစဉ်ပေးခိုင်းသင့်သည်" ဟု စွပ်စွဲ ပြောကြားသည်။

ဘုရားရှင်သည် ပရိသတ် လေးပါးအလယ်၌ တရားဟောတော်မူနေရင်း "စိဉ္ဆမာဏာ၊ ယခု သင်ပြောသောစကား မှန်သည်၊ မမှန်သည်ကို သင်နှင့် ငါ နှစ်ဦးသာ သိသည်" ဟု မိန့်တော်မူသည်။ ထိုအခါ စိဉ္ဆမာဏာက "တို့ နှစ်ယောက်လုပ်ထားသော အလုပ်ဖြစ်၍တို့သာ သိသည်မှာ မှန်ပေ၏" ဟု ထပ်မံ စွပ်စွဲပြန်သည်။ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ တင်းမာလာသဖြင့် ကြည့်ရှုသော် မမှန်မကန် လိမ်ညာဏ်ဆင်၍ စွပ်စွဲသောအဖြစ်ကို သိရှိကာ နတ်သား လေးယောက်တို့ကို ခေါ်လာလျက် ပရိသတ်အလယ်၌ ဘုရားရှင်အား စွပ်စွဲ ပြောကြားနေသော စိဉ္ဆမာဏာ၏ ဗိုက်၌ ချည်ထားသော ကြိုးများကို ကြွက် ယောင်ဆောင်လျက် ကိုက်ဖြတ်စေသည်။ လေတိုက်သဖြင့် ဗိုက်၌ ဖုံးထားသော အဝတ်သည်လည်း လွင့်ကျသွားသည်။ ဗိုက်မှ ပြုတ်ကျသော ပျဉ်ချပ်သည် စိဉ္ဆမာဏာ၏ ခြေထောက်ပေါ်ကျ၍ နှစ်ဖက်ခြေဖျားတို့ ကျိုးကုန်သည်။

တရားနာ ပရိသတ်သည် အခြေအနေမှန်ကို မြင်ရသောအခါ သူမကို ဝိုင်းဝန်း အပြစ်တင်လျက် ပရိသတ်အလယ်မှ ဆွဲထုတ်ကြသည်။ ဘုရားရှင် မြင်တော်မူရာ အရပ်ကိုလွန်သော် စိဉ္ဆမာဏာကို မဟာပထဝီ မြေကြီးသည် အဝီစိသို့ ပို့ဆောင်လိုက်တော့သည်။

ထိုအခါ ဘုရားရှင်က "စိဉ္ဆမာဏာသည် ယခုမှသာ ဤသို့ မမှန်မကန် စွပ်စွဲသည် မဟုတ်။ ငါဘုရား ပဒုမ မင်းသား ဖြစ်စဉ်ကလည်း ဤသို့ပင် မမှန်မကန် စွပ်စွဲခဲ့၍ ခိုးသူတို့ကို ပစ်ချရာဖြစ်သော ချောက်၌ ပစ်ချခံရကာ ဒုက္ခရောက်ခဲ့ဖူးပြီ" ဟု မဟာပဒုမဇာတ်တော်ကို ဟောတော်မူကာ ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

http://www.dhammadownload.com

၁၇၆။ ကော် ဓမ္မံ အတိတသ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၆။ သစ္စာတည်းဟူသော အမှန်တရားကို လွန်ကျူး၍ မဟုတ်မမှန်သော မုသားကို ပြောလေ့ရှိသူ၊ နောင်ဘဝအတွက် ဆင်ခြင် စဉ်းစားခြင်း အလျှင်းမရှိသူတွင် မပြုနိုင်သော မကောင်းမှုဟူ၍ မရှိချေ။ မကောင်းမှု အားလုံးကို ပြုနိုင်သည်သာ ဖြစ်သည်။

*** စူဠမာဃဝိကာဝတ္ထု ပြီး၏။**

၁၀။ အသဒိသဒါနဝတ္ထု

[ဂေါတမဘုရားရှင် လက်ထက်၌ သူမတူအောင် လှူသောအလှူ]

အသဒိသ အလှူဒါနဟူသည်မှာ အခြားသူတို့ လိုက်၍ မလှူနိုင်သော၊ အတူပြု၍ မလှူနိုင်သော အလှူကြီး ဖြစ်သည်။ ဘုရားရှင် တစ်ဆူတစ်ဆူတို့

အရိယူပဓါဒက်၏ အကျိုးဝိပါကဝဋ်

* စူဠမာဃ၏ စွပ်ဖွဲ့ခံရခြင်းမှာ ဘုရားရှင် ကြုံခဲ့ရသော ဝိပါက်တော် ၁၂ ပါးတို့တွင် တစ်ပါး ဖြစ်သည်။ ဘုရားရှင်သည် ဘုရားဖြစ်ရန် နိယတ မှာဒီတ်မရမီ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ၏ ဟိုဘက် ဘဝတစ်ခုဌ် လူ့ဘာလတစ်ယောက် ဖြစ်ခဲ့ဖူးပြီး ထိုဘဝဌ် အရိယူပဓါဒက် (အရိယာကို မဟုတ်မတရား စွပ်ဖွဲ့ ပြောဆိုသောက်) ကို ပြုခဲ့ဖူးသည်။

ထိုအရှိန်က ဓေဿဘူ ဘုရားရှင်၏ တပည့်သာဝက နန္ဒအမည်ရှိ ရဟန္တာတစ်ပါး ရှိသည်။ ထိုရဟန္တာကို မာတုဂါမတစ်ဦးနှင့် မဟုတ်မတရား စွပ်ဖွဲ့မှု ပြုခဲ့သည်။ ထိုက်ကြောင့် ဘဝများစွာ ငရဲခံခဲ့ရပြီး ယခု နောက်ဆုံးဘဝ ဘုရားဖြစ်တော်မူသောအခါ၌လည်း စူဠမာဃ၏ မဟုတ်မတရား စွပ်ဖွဲ့ခံရပြန်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

၏ လက်ထက်တော်တို့၌ ဤသို့သော အလှူသည် တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်သည်။ ဤဂေါတမရှင်တော်ဘုရား လက်ထက်တော်၌ အသဒိသ အလှူဒါနကြီး ပြုလုပ်ပေးလှူခဲ့သူမှာ ပသေနဒိကောသလမင်းကြီး ဖြစ်သည်။

နန်းတော်သို့ ပင့်၍ လှူသောအလှူ

ဘုရားရှင်သည် နောက်ပါ ရဟန်းတော်ငါးရာတို့နှင့်အတူ ဒေသစာရီ လှည့်လည်တော်မူပြီးနောက် ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူလာသည်။ ကောသလမင်းကြီးသည် ဒေသစာရီ ကြွတော်မူပြီး ပြန်ရောက်လာသော ဘုရားရှင်ကို နောက်ပါ သံဃာတော်တို့နှင့်တကွ နန်းတော်သို့ ပင့်ဖိတ်ကာ ဆွမ်းအလှူဒါန ပြုသည်။ မြို့သူမြို့သားများအားလည်း အလှူကို လာကြည့်ကြရန် ဖိတ်ခေါ်သည်။ မင်းကြီး၏ ဖိတ်ကြားချက်အရ မြို့သူမြို့သားတို့သည် မင်းကြီး၏ အလှူကို လာရောက် ကြည့်ရှုကြသည်။

မင်းကြီးအလှူထက် သာလွန်ပြည့်စုံ

နောက်တစ်နေ့တွင် မြို့သူမြို့သားတို့သည်လည်း ဘုရားရှင်နှင့် သံဃာတော်များအား ပင့်ဖိတ်ကာ ဆွမ်းအလှူဒါန ပြုသည်။ မင်းကြီးအား အကျွန်ုပ်တို့အလှူကို ကြွရောက် ရှုစားတော်မူပါဟု လျှောက်ထားကြသည်။ ပြည်သူတို့လှူသောအလှူမှာ မင်းကြီး၏ အလှူထက် သာလွန်ပြည့်စုံသည်ကို မင်းကြီး သိသွားသည်။ နောက်နေ့တွင် မင်းကြီးသည် ပြည်သူတို့လှူသော အလှူထက် သာအောင် စီစဉ်ကာ အလှူဒါန ပြုပြန်သည်။ ပြည်သူများကလည်း နောက်နေ့တွင် အလှူပွဲပြုလုပ်ကာ မင်းကြီး လှူသောအလှူထက်သာအောင် စီစဉ်လှူဒါန်းကြသည်။ ထိုသို့ အပြိုင်အဆိုင် လှူဒါန်းလာကြရာ ပြည်သူတို့ လှူဒါန်းသော ခြောက်ကြိမ်မြောက် အလှူပွဲသည် လိုလေသေး မရှိအောင် ကီစဉ်ထားသော အလှူဖြစ်နေသည်။ လူထုအားဖြင့် အများဝိုင်းဝန်း လှူဒါန်းသော အလှူဖြစ်၍ စုံလည်း စုံလင်သည်။

http://www.dhammadownload.com

မင်းကြီး အကြံအိုက်နေပြီ

ကောသလမင်းကြီးသည် ခြောက်ကြိမ်မြောက် လှူဒါန်းသော ပြည်သူ့တို့၏ အလှူကို ကြည့်ကာ ထိုအလှူထက်သာအောင် မကြံဆောင်နိုင်သဖြင့် စိတ်အကြံအိုက်လျက် ဘယ်သို့သာအောင် ပြုလုပ်ရမည်ကို စဉ်းစားမရ ဖြစ်နေသည်။ ဘုရင့်မိဖုရားကြီး မလ္လိကာသည် ကောသလမင်းကြီး၏ အခြေအနေကို သိသဖြင့် အခြားသူတို့ လိုက်မလှူနိုင်သော အသဒိသအလှူကြီး ပြုလုပ်ရန် အကြံပေးသည်။ မိဖုရားကြီး တင်ပြသော အစီအစဉ်ကို မင်းကြီးကလည်း သဘောတူလိုက်သည်။

အသဒိသအလှူကို မိဖုရားကြီး ကြီးကြပ်စီစဉ်ပြီ

မလ္လိကာ မိဖုရားကြီးသည် အသဒိသအလှူကြီး ပေးလှူရန် သာလကလျာဏီမည်သော သစ်ပင်၏ အသားပျဉ်ချပ်တို့ဖြင့် ရဟန်းငါးရာတို့အတွက် မဏ္ဍပ်ကို ဆောက်လုပ်စေသည်။ ထီးဖြူငါးရာတို့ကိုလည်း ပြုလုပ်စေကာ ထိုထီးဖြူ ငါးရာတို့ကို ကိုင်လျက် ဆင်ငါးရာတို့သည် ရဟန်းငါးရာတို့ကို မိုးလျက်နေစေသည်။ ရွှေနီပုစွန်အခွံအုပ်သော လေတော်များ ပြုလုပ်စေကာ ထိုလေတော်တို့ကို မဏ္ဍပ်အလယ်၌ထားစေသည်။ ရဟန်းနှစ်ပါး နှစ်ပါးအကြား၌ မင်းသမီး တစ်ယောက်စီ နေစေကာ နံ့သာသွေးခြင်း၊ နံ့သာကြိတ်ခြင်းကို ပြုစေသည်။ မင်းသမီး တစ်ယောက်စီ တစ်ယောက်စီကို ရဟန်းနှစ်ပါးစီ နှစ်ပါးစီအတွက် ယပ်ခတ်စေသည်။ အခြားသော မင်းသမီးတို့အား သွေးထား၊ ကြိတ်ထားသော နံ့သာတို့ကို ယူခိုင်းကာ ရွှေလှေတို့အထဲသို့ ထည့်စေသည်။ အချို့မင်းသမီးများအား လှေ၌ ထည့်ထားသော နံ့သာတို့ကို မွှေနှောက်စေလျက် မဏ္ဍပ်တစ်ခုလုံး မွှေးကြိုင်သောအနံ့များ ဖုံလွှမ်းနေအောင်လုပ်ရန် တာဝန်ပေးသည်။

အဂ်္ဂလိမာလထေရ်အတွက် ဆင်ရိုင်းကို တာဝန်ပေး

ရဟန်းငါးရာတို့အတွက် ထီးကိုင်ကာ မိုးစေမည့် ဆင်များကို စီစဉ်သော အခါ ယဉ်သောဆင် ၄၉၉ ကောင်သာရပြီး တစ်ကောင်လိုနေသည်။ ထိုတစ်ကောင်အတွက် ဆင်ယဉ်ကို မရ၍ ဆင်ရိုင်း အထီးတစ်ကောင်ကို အရှင် အဂ်္ဂလိမာလထေရ်အား ထီးမိုးနေစေရန် တာဝန်ပေးသည်။ ထိုဆင်သည် အရှင်

http://www.dhammadownload.com

အဂုံလိမာလအား ထီးမိုးလျက်နေသောအခါ အမြီးကို ပေါင်ကြားခွဲ သွင်းထားသည်။ နားနှစ်ဖက်ကိုချုပြီး မျက်စိစုံမှိတ်လျက် မထေရ်အပေါ်မှ ထီးမိုးပေးကာ ရပ်နေလေသည်။

တစ်နေ့ ကုန်ကျငွေ ၁၄ ကျပ်ရေ

မိဖုရားကြီး၏ အကြံပြုချက်နှင့်အညီ စီစဉ်စေလျက် မင်းကြီးသည် အလှူတော်ကြီး ပေးလှူသည်။ ထိုနေ့ တစ်နေ့အတွက် ကုန်ကျစရိတ်မှာ တစ်ဆယ့်လေးကျပ်ရေ ရှိသည်။ ထိုကဲ့သို့ အခြားသူတို့ လိုက်လံ တုပ၍ မလှူနိုင်သော အလှူကို အသဒိသအလှူဟု ခေါ်ကြခြင်း ဖြစ်သည်။

အမတ်နှစ်ဦး၏ သဘောထားမတူပုံ

ကောသလမင်းကြီး၏ အမတ်တို့တွင် ကာဠနှင့် ဓဏ္ဍအမည်ရှိ အမတ်နှစ်ယောက်လည်း ပါရှိသည်။ ကာဠအမတ်သည် မင်းကြီး ဤသို့ စီစဉ်လှူဒါန်းသည်ကို မကြိုက်သူဖြစ်သည်။ သူက "မင်းကြီးကို ပြည်သူ့ဘဏ္ဍာဖြုန်းနေသူ" ဟု ထင်သည်။ အလှူခံ ရဟန်းတော်တို့သည်လည်း စားပြီး အိပ်နေမည့် ဘိက္ခဝေများဟု ပြောဆိုသည်။ ဓဏ္ဍအမတ်ကမူ မင်းကြီး၏အလှူကို သဘောကျသည်။ မင်းဖြစ်၍သာ ဤသို့ လှူနိုင်သည်ဟု ချီးမွမ်းသည်။ သူအပါအဝင် သတ္တဝါအားလုံးကို အမျှပေးဝေသဖြင့် "ငါသည်လည်း မင်းကြီးတို့ ပေးလှူသော အလှူဒါန၏အဖို့ကိုရ၍ သာဓုခေါ်ရသည်။ ဝမ်းသာရသည်" ဟု ပြောဆိုသည်။

အလှူပွဲကြီးပြီး၍ အနုမောဒနာ တရားဟောကြားသောအခါ ဘုရားရှင်သည် လေးပိဒ်မျှသာပါရှိသော ဂါထာကို ဟောတော်မူပြီး. ကျောင်းတော်သို့ ပြန်ကြွသွားသည်။

ပရိသတ် မစင်ကြယ်သောကြောင့်

ကောသလမင်းကြီးသည် လေးပိဒ်မျှသာ ပါရှိသော ဂါထာကိုသာ ဘုရားရှင် ဟောတော်မူသဖြင့် နှလုံးမသာမယာဖြစ်ကာ ကျောင်းတော်သို့ လိုက်သွားပြီး အကျိုးအကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ကာဠအမတ်နှင့် ဓဏ္ဍအမတ်တို့၏ စိတ်အကြံအကြောင်းကို ရှင်းပြတော်မူ

http://www.dhammadownload.com

လျက် ပရိသတ် မစင်ကြယ်ဟု မိန့်တော်မူလိုက်သည်။ မင်းကြီးသည် အမတ်နှစ်ယောက်တို့အား မေးမြန်းကြည့်သည်။ အမတ်တို့က အမှန်အတိုင်း ဝန်ခံကြသဖြင့် ကာဋ္ဌအမတ်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ ဇုဏ္ဍအမတ်ကို ခုနစ်ရက်မင်းပြုစေကာ အလှူကြီးပေးလှူခွင့် ပြုသည်။

ဘုရားရှင်သည် ကောသလမင်းကြီးကို အကြောင်းပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၇၇။ န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရော စ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၇။ ကောက်ကျစ်စဉ်းလဲ ဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် ပေးကမ်း လှူဒါန်းခြင်း အလှူဒါနကို မချီးမွမ်းကြ။ ပညာရှိတို့သည်သာ အလှူဒါနပြုသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြသည်။ ထို့ကြောင့် ပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရသည်။

ဒေသနာတော်အဆုံး၌ ဇုဏ္ဍအမတ် သောတာပန် ဖြစ်သည်။

*အသဒိသဒါနဝတ္ထု ပြီး၏။

---

* အသဒိသ အလှူဒါနရှင် ကောသလမင်းကြီး ကွယ်လွန်ပြီးနောက် မည်သည့် ဘုံဘဝသို့ ရောက်ရသည်ဟု လားရာဂတိကို ဖော်ပြထားသော ကျမ်းစာများ မတွေ့ရှိရပေ။ သာဝတ္ထိ မြန်မာကျောင်းဆရာတော် ဦးသြဘာသ ပြုစုသည့် "မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများ" စာအုပ် အိန္ဒိယနိုင်ငံ ဗာရာဏသီထုတ် စာမျက်နှာ ၁၉၃ ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရဖူးသည်။

ပသေနဒီ ကောသလမင်းသည် စန္ဒကူးနှစ်ကို ဘုရားရှင် ရုပ်ပွားထုလုပ်၍ သာဝတ္ထိမြို့အတွင်း မဏ္ဍပ်နှင့်တကွ ပင့်ဆောင်ပူဇော်ပြီးလျှင်။

ဣတိ မေ ကတပုညေန၊ ဒါန ရတော အဟံ ဘန္တေ၊
ပါရမိ ပူရတော သဒါ၊ ဗုဒ္ဓေါ အမှိ အနာဂတေ။

ဤသို့ ဖော်ပြထားသည်ကို ဖတ်ရှုရသဖြင့် ကောသလမင်းကြီး ဘုရား ဆုပန်သည်ဟု ဆိုနိုင်ပေသည်။

ဒီပဲရင်း ဆရာတော်ဘုရားကြီး ရေးသားသည့် အနာဂတဝင်ကျမ်းစာ၌ နောင်ပွင့်တော်မူမည့် ဗုဒ္ဓလောင်းလျာ ၁၀ ပါးတွင် "ပသေနဒနီ ကောသလမင်း" ပါရှိသည်ဟု ဖော်ပြထားသည်။

http://www.dhammadownload.com

၁၁။ အနာထပိဏ်၏သား ကာလသတ္တိသားဝတ္ထု

[အသပြာမက်သူဘဝမှ တရားကို
တန်ဖိုးထားသူဘဝ ရောက်သွားသူ]

ကာလသတ္တိသားသည် ဇေတဝန်ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးကြီး၏သား ဖြစ်သည်။ ဖခင် သူဌေးကြီးသည် ဘုရား၊ တရား၊ သံဃာ၊ ဟူသော ရတနာသုံးပါးကို အလေးအနက် ယုံကြည်ကိုးကွယ်သည်။ ထိုသို့ ယုံကြည်သည့်အလျောက် ဘုရားကို ဆည်းကပ်သည်။ တရားတော်ကို ကျင့်သုံးသည်။ သံဃာတော်တို့ကို ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေကောင်းဟု သဘောထားသည်။

ဘမျိုးဘိုးမတူသူ သတို့သား

"ဘမျိုး ဘိုးတူ" ဟူသော စကားပုံတော့ ရှိသည်။ သို့ရာတွင် အနာထပိဏ် သူဌေးကြီး၏သား ကာလကား ထိုစကားနှင့် မပတ်သက်။ အဖေနှင့်လည်း မတူသကဲ့သို့ အဘိုးတို့အမျိုးဘက်သို့လည်း မလိုက်ပါ။ ဖခင်ကြီးသည် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သော်လည်း ကာလကတော့ အိမ်သို့ ဘုရားရှင် ကြွလာလျှင် ရှောင်နေသည်။ ဘုရားရှင် ဟောသောတရားကိုသာမက အဘယ်တရားကိုမျှ လိုက်နာကျင့်သုံးမှု မပြု။ သံဃာဆိုလျှင် ဦးမချ။ သံဃာနှင့် တွေ့ရလျှင် ဦးချကန်တော့ရ၍ ပုဆိုးနွမ်းသည်၊ ပေသည်၊ ဒူးပွန်းသည်၊ ထိခြင်း ငါးပါးအညီ ရှိခိုးရ၍ဟု ယူဆသူ ဖြစ်သည်။

သုံးသည်၊ ဖြုန်းသည်၊ သူ့အတွက်သာ

သူဌေးသားပီပီ သုံးသည်။ ဘာသာ သာသနာရေးအတွက်တော့ မဟုတ်။ သူ့အတွက်သာ ဖြုန်းသည်။ သူနှင့် သူ့အပေါင်းအသင်းအတွက် လိုလျှင် အမွေထဲ တောင်းသည်။ အမေက သားကို ပေးလွန်း၍ အပေးကြောင့် မပျက်စီးစေရန် ဖခင်သူဌေးကြီးက အမေကိုပါ အပေးမများဖို့ ထိန်းထားရသည်။

http://www.dhammadownload.com

အနာထပိဏ် သူဌေးကြီးသည် သောတာပန်ကြီးဖြစ်၍ အရိယာရှစ်ပါး တွင် တစ်ပါးအပါအဝင်ဖြစ်နေပြီ။ သားကို ယခုအတိုင်းထားလျှင် "အောက်သို့" စုန်မည်ဟုသိ၍ ပြုပြင်ရန် နည်းလမ်းရှာသည်။ သားကြိုက်တတ်သော အရာကို ရှာသော် "အသပြာ" ကို သွားတွေ့သည်။ အသပြာပေးလျှင် သားကို အောက်သို့ မစုန်စေဘဲ အထက် နတ်ဂတိ၊ ဗြဟ္မာဂတိသို့ ဆန်သည်ဟု ထွေးသိသဖြင့် အသပြာပေးကာ ဘုရားကျောင်းကန်သို့ သွားစေသည်။

"ချစ်သား၊ ဘုရားရှင်၏ ကျောင်းတော်သို့ သွားပြီး တရားနာခဲ့ပါ။ အသပြာတစ်ရာ ပေးမည်" ဟု ဖခင် သူဌေးကြီးက ပြောသည်။ ကာလသည် အသပြာလိုချင်၍ ကျောင်းတော်သို့ "ဥပုသ်စောင့် တရားနာ" ဟု ပြောလျက် သွားသည်။

သို့သော် ဇေတဝန်ကျောင်းတော်သို့ ရောက်သော် တရားသံ မကြားရသည့် ချောင်တစ်ခုတွင် သွားအိပ်သည်။ နံနက်စောစော ပြန်လာပြီး အိမ်ရောက်လျှင် "ဥပုသ်သည်" ဟု ဆိုကာ မိဘများက စားဖွယ် သောက်ဖွယ်များကို အရင်ကျွေးသည်။ ကာလက အသပြာတစ်ရာ အရင်ရပြီးမှ စားဖွယ် သောက်ဖွယ်များကို စားသည်။

တစ်ထောင်ပေးမည် တရားတစ်ပုဒ် မှတ်သားခဲ့

နောက်နေ့တွင် ဖခင်သူဌေးကြီးက နည်းဗျူဟာပြောင်းလိုက်သည်။ အသပြာတစ်ထောင်ပေးမည်။ ဘုရားရှင်ဟောသော တရားဂါထာတစ်ပုဒ် ရအောင် လေ့လာမှတ်သားခဲ့ဟု မှာကြားလိုက်သည်။ ဆယ်ဆ ပိုလာသော အသပြာကို လိုချင်သဖြင့် ကာလသည် ဘုရားရှင်နှင့် အနီးဆုံးနေရာသို့သွားကာ တရားနာသည်။ မှတ်သားမိစေရန် အကြိမ်ကြိမ် အထပ်ထပ် ရွတ်အံလေ့လာသည်။ သို့သော် သူ မှတ်သားထားသည့် တစ်ပုဒ်တည်းသာဖြစ်သော တရားသည် မှတ်ဉာဏ်တွင် ပျောက်လိုက်ပေါ်လိုက် ဖြစ်နေသည်။ မှတ်မိပြီဟု ထင်၍ စဉ်းစားသော် ပျောက်သွားပြန်သည်။ ပျောက်သွား၍ မည်သို့မျှ မစဉ်းစားဘဲနေသည့်အခါ သူ့အလိုလို ပြန်လည်သတိရလာပြန်သည်။ ဘုရားရှင်က တန်ခိုးတော်ဖြင့် မြုံလုပ်ထား၍ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေရခြင်း ဖြစ်သည်။

http://www.dhammadownload.com

တရားသိကာ သောတာပန်ဖြစ်ပြီ

ကာလသည် ဘုရားရှင်ဟောသော တရားတစ်ပုဒ်ရလျှင် အသပြာ တစ်ထောင်ရမည်ဖြစ်၍ ကြိုးစားမှတ်သားသော်လည်း တရားတစ်ပုဒ်ကား မရ။ သို့ရာတွင် မှတ်သားရင်း မှတ်သားရင်း ပွားများရာမှ တရား၏အဓိပ္ပာယ်များကို သဘောပေါက် နားလည် သိမြင်လာပြီး တရားသိသွားတော့သည်။ တရားသိ၍ သောတာပန် ဖြစ်သွားတော့သည်။ ကာလသည် နောက်နေ့ မနက်တွင် ဘုရားအမှူးရှိသော သံဃာတော်တို့ သူဌေးကြီးအိမ်သို့ ကြွလေသောအခါ နောက်တော်ပါးမှ တည်ငြိမ် ရင့်ကျက်သော ဣန္ဒြေတို့ဖြင့် လိုက်ပါလာခဲ့သည်။ သူ့စိတ်ထဲ၌ "ဖခင်ကြီးသည် ယခင်နေ့များကကဲ့သို့ အသပြာကို မပေးလျှင် ကောင်းမည်" ဟု စိတ်ကူးလာခဲ့သည်။

အသပြာကို မယူတော့ဘဲ ငြင်းပြီ

သူဌေးကြီးသည် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းခဲဖွယ်များ ကပ်လှူပြီးနောက် သားအတွက် အသပြာတစ်ထောင် ပေးသည်။ ကာလသည် မယူတော့။ ယခင်နေ့များကကဲ့သို့ အစာကို နောက်မှမစားဘဲ ငွေမပြမီ အစားအသောက်ကို အရင်စားသည်။ အသပြာပေးသော် ငြင်းလိုက်သည်။ မယူတော့။

ဖခင် သူဌေးကြီးသည် ကာလ၏ ငွေအသုံးအဖြုန်းများပုံမှအစ ရတနာသုံးပါးကို မကြည်ညိုပုံ၊ အသပြာပေး၍ ကျောင်းတော်သို့ စေလွှတ်ရပုံများကို ဘုရားရှင်အား လျှောက်ထားလိုက်သည်။ ထိုအခါ ဘုရားရှင်က "သူဌေးကြီး ယနေ့ သင့် သား၏ သန္တာန်၌ စကြဝတေးမင်း၏ စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ်တို့ထက် သာလွန်သော သောတာပန်၏အသီ ရသွားပြီ" ဟု မိန့်တော် မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ဘရဂ။ ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၇၈။ မြေအပြင်တစ်ခုလုံးကို တစ်ယောက်တည်း ပိုင်စိုး အုပ်ချုပ်ရသော စကြဝတေးမင်း၏ စည်းစိမ်ထက် လည်းကောင်း၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ထက် လည်းကောင်း သောတာပန်အဖြစ်သည် ပို၍ မွန်မြတ်လှပါပေ၏။

အနာထပိဏ်၏သား ကာလသတ္တိသားဝတ္ထု ပြီး၏။

လောကဝဂ် ပြီး၏။



ဘုရားအမှူးရှိသော သံဃာတော်တို့၏ နောက်မှ ရင့်ကျက် တည်ငြိမ်သော ကုန်ခြေဖြင့် လိုက်ပါလာသူ ကာလလုလင်။

http://www.dhammadownload.com

ပုဒ္ဓဝဂ်

ပုဒ္ဓ = သမ္မာသမ္ဗုဒ္ဓဘုရား၊ ဝဂ္ဂ = ဝဂ်၊ အစု။
လောကသုံးပါးကောင်းကျိုးအတွက် ဘုရားရှင် ပွင့်ထွန်းလာပုံ၊ ဘုရားရှင်ကို
မည်သို့သော ကိလေသာ တဏှာ၊ ကာမတို့နှင့်မှ ဆွဲဆောင်မရနိုင်ပုံကို
ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ မာဂဏ္ဍိပုဏ္ဏားကြီးနှင့် မာရ်နတ်မင်း သမီးများဝတ္ထု

[သမက်လောင်းရှာရင်း တရားတွေ့သွားသူ]

တစ်ချိန်တုန်းက မဇ္ဈိမဒေသတွင် လူတန်းစား လေးရပ်ရှိခဲ့သည်။ (၁) ခတ္တိယ–မင်းမျိုး၊ (၂) ဗြာဟ္မဏ–ပုဏ္ဏားမျိုး၊ (၃) ဝေဿ–ကုန်သည်မျိုး၊ (၄) သုဒ္ဒ–သူဆင်းရဲမျိုးတို့ ဖြစ်ကြသည်။ မာဂဏ္ဍိပုဏ္ဏားကြီးသည် ဗြာဟ္မဏ–ပုဏ္ဏားမျိုး ဖြစ်သည်။ ပုဏ္ဏားကြီးကို မာဂဏ္ဍိဟု ခေါ်သကဲ့သို့ ဇနီးသည် ပုဏ္ဏေးမကြီးကိုလည်း မာဂဏ္ဍိဟုပင် ခေါ်ကြသည်။ ဦးရီးတော်သူ မာဂဏ္ဍိလည်း ရှိသေးသည်။ သမီးသည်လည်း မာဂဏ္ဍိပင် ဖြစ်သည်။

မိဖတို့ဝတ္ထုရားအရ

သမီးမာဂဏ္ဍိသည် ချောလွန်း, လှလွန်း, ယဉ်လွန်းသူဖြစ်၍ လူတန်းစား လေးရပ်စလုံးမှ ယောကျ်ားများက လက်ထပ်ရန် ကမ်းလှမ်းခြင်းခံရသည်။ ဖခင်ပုဏ္ဏားကြီးက "သင်တို့အားလုံးသည် ငါ့သမီးနှင့် မတန်" ဟု ဆိုကာ ကမ်းလှမ်းလာမှုအားလုံးကို ပယ်ထားသည်။ သို့သော် ဖခင်ပုဏ္ဏားကြီးသည်

http://www.dhammadownload.com

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ” ဟူသော မိဘတို့ဝတ္တရား အရ သမီးနှင့် ထိုက်တန်သူ၊ ထိမ်းမြားပေးသင့်သူကိုမူ ရှာမြဲရှာနေခဲ့သည်။

ရွှေဥဏ်တော်ကွန်ရက်ဖြန့်၍ ကြည့်သော်

တစ်နေ့တွင် ဘုရားရှင်သည် “လူ၊ နတ်၊ ဗြဟ္မာ ဟူသော သုံးလောက၌ အဘယ်ဝေနေယျ သတ္တဝါသည် တရားသိကာ ကျွတ်တမ်းဝင်နိုင်လိမ့်မည်နည်း” ဟု ရွှေဥဏ်တော် ကွန်ရက်ကို ဖြန့်၍ကြည့်တော်မူသည်။ မာဂဏ္ဍိပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ်ဖြစ်နိုင်မည့်အရေးကို မြင်တော်မူသည်။ သို့ဖြင့် ဘုရားရှင်သည် ပုဏ္ဏားကြီး ဇနီးမောင်နှံ အနာဂါမ်ဖြစ်စေရေး တရားရအောင်တိုက်ကျွေးတော်မူရန် ပုဏ္ဏားကြီး မီးလုပ်ကျွေးရာနေရာသို့ ဘုရားရှင် ကြွတော်မူလာသည်။

သမီးနှင့်ထိုက်တန်သူ တွေ့ပြီ

ပုဏ္ဏားကြီးသည် ဘုရားရှင်ကို မြင်သော် ထူးခြားလွန်းသော ဘုရားရှင်၏ ရူပကာယတော်ကြောင့် အလွန်သဘောကျသွားသည်။ သမီးနှင့် ထိုက်တန်သူ ဤဇမ္ဗူတွင် တွေ့ပြီဟုလည်း သဘောပိုက်လျက် ဘုရားရှင်ထံ သွားသည်။ ဘုရားရှင်ရှေ့သို့ ရောက်သော် “အကျွန်ုပ်တွင် ချောလွန်း၊ လှလွန်း၊ ယဉ်လွန်းသူ သမီးတစ်ယောက် ရှိပါသည်၊ အခြားထိုက်တန်သူ မရှိ၍ မည်သူ့ကိုမျှ လက်ထပ်ခွင့် မပေးခဲ့သေးပါ။ အသင်ကား အကျွန်ုပ်သမီးနှင့် ထိုက်တန်သူ ဖြစ်ပါသည်။ သို့အတွက် သမီးမာဂဏ္ဍိကို အသင်၏ ခြေရင်း အလုပ်အကျွေး ဇနီးမယားအဖြစ် ပေးဆက်ပါရစေ။ သမီးကို ဥွားခေါ်ပါမည်၊ ဤနေရာမှ စောင့်ပါ” ဟု ပြောကြားသည်။

ကျွန်ုပ်၏ သမီးချောဆိုတာ သူပါ

ပုဏ္ဏားကြီးလည်း အိမ်သို့ အမြန်ပြန်လာကာ ဇနီးအား “သမီးအတွက် သင့်တော်သည့် ခင်ပွန်းလောင်းတွေ့ပြီ။ သမီးအား အမြန်ပြင်ဆင်ပေးပြီး

http://www.dhammadownload.com

လိုက်ခဲ့" ဟု ပြောသည်။ ရွာသူရွာသားများက ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံသည် "သမက်လောင်းကို တွေ့၍ ပေးစားရန် သမီးကို ခေါ်သွားပြီ" ဟု သတင်းကြားသဖြင့် နောက်မှ လိုက်လာကြသည်။ ပုဏ္ဏားကြီးသည် မိမိမှာထား ပြောကြားထားသော အရပ်၌ ဘုရားရှင်ကို မတွေ့ဘဲ ဘုရားရှင်၏ ခြေတော်ရာကိုသာ တွေ့ရသည်။ ပုဏ္ဏေးမကြီးသည် ဗေဒင်လက္ခဏာကျမ်းတို့၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်သဖြင့် ပုဏ္ဏားကြီးအား "ဤခြေရာရှင်သည် ကာမဂုဏ်ကို ပယ်စွန့်ထားပြီးဖြစ်သော ယောဂျများမြတ်၏ ခြေရာ" ဟု ပြော၏။ ထိုသို့ပြောသဖြင့် ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးအား ဆူပူကြိမ်းမောင်းသည်။ ထို့နောက် ရှေ့သို့ ဆက်လက် ရှာဖွေရာ မနီးမဝေး တစ်နေရာတွင် ဘုရားရှင်ကို မြင်တွေ့သွားသဖြင့် ဘုရားရှင်ထံသို့သွားကာ "အရှင်ရဟန်း၊ အကျွန်ုပ်၏ သမီးချောကား ဤသူပါတည်း၊ အရှင်ရဟန်း၏ခြေရင်း၌ အလုပ်အကျွေးအဖြစ် ပေးဆက်ပါ၏" ဟု ပုဏ္ဏားကြီးက ဘုရားရှင်ထံ လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသားဘဝဖြင့် တောထွက်စဉ်မှစကာ ဘုရားဖြစ်တော်မူပြီး ပဉ္စမသတ္တာဟ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူပုံအထိ အတိတ်အကြောင်းကို ပြန်လည် ဟောပြတော်မူသည်။

ဗုဒ္ဓဟောပြ အတိတ

သိဒ္ဓတ္ထမင်းသား တောထွက်လာစဉ်က "စကြာရတနာကြီး ဆိုက်ရောက်လာတော့မည်။ စကြာမင်းအဖြစ်နှင့်သာ စံနေပါ၊ တောမထွက်နှင့်" ဟု မာရ်နတ်က တားသည်။ ငါသည် သမ္မာသမ္ဗောဓိတရားတော်ရရှိကာ ဘုရားဖြစ်တော်မူရန်သာ အလိုရှိသည်။ စကြာမင်းအဖြစ် မလိုချင်ဟု မာရ်နတ်အား မိန့်တော်မူခဲ့သည်။ ထိုအခါ မာရ်နတ်က "နောက်မှ နောင်တရကာ ကာမဂုဏ်နှင့် စပ်လျဉ်းသော အကြံအစည်ကြဲလျှင် သိမည်" ဟု ဆိုလျက် နှစ်အတန်ကြာ ဆောင့်ကြည့်နေခဲ့သည်။ ဗောဓိပင်ရင်း အပွရာဇိတ ပလ္လင်တော်၌ စံနေတော်မူစဉ် မာရ်နတ်သည် လက်နက်မျိုးစုံဖြင့် တိုက်ခိုက်လျက် ဘုရားအဖြစ် မရောက်စေရန် ကြိုးပမ်းသေးသည်။ သို့သော် သူ မအောင်မြင်ခဲ့၊ ဘုရားဖြစ်

http://www.dhammadownload.com

တော်မူပြီး ဆိတ်ကျောင်းညောင်ပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေသောအခါ ငါသည် သူ့အပေါ် အောင်မြင်မှုရရန် မျှော်လင့်ချက် မရှိတော့" ဟု ကြံမိုင်ကာ မာရ်နတ်သည် အကြီးအကျယ် စိတ်မကောင်း ဖြစ်နေသည်။

ထိုစဉ် မာရ်နတ်၏ သမီးသုံးယောက်ဖြစ်သော တဏှာ၊ အရတီ၊ ရာဂါတို့သည် ဖခင်မာရ်နတ်ကြီး ကြံမိုင်နေရသည့်အကြောင်းကို သိသွားကြသည်။ ထို့ကြောင့် ဖခင်ဘက်မှ ရပ်တည်လျက် ဘုရားရှင်ကို မတို့၏ မာယာမျိုးစုံဖြင့် မြှုဆွယ်ကြသည်။ ထိုသို့ မြှုဆွယ်၍ မရသည့်နောက်ဆုံး ဘုရားရှင်ထံသွားကာ "ရှင်ရဟန်း၊ သင်၏ ခြေတော်ရင်း၌ အလုပ်အကျွေးအဖြစ် ပြုစုလိုပါသည်။ လက်ခံပါ" ဟု မိမိတို့ကိုယ်ကို အပ်နှင်းကြသည်။ ဘုရားရှင်သည် လက်မခံဘဲ ငြင်းပယ်ခဲ့ပြီး မာရ်နတ်မင်း၏ သမီးတို့အား ဤဒေသနာတော်ကို ဟောတော်မူခဲ့သည်။

၁၆။ ယဿ ဇိတံ နာဝဇီယတိ၊
ဇိတံ ယဿ နောယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။
၁၈၀။ ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

ဒေသနာ၏အဓိပ္ပာယ်

၁၇၉။ မြတ်စွာဘုရား၏ အောင်အပ်ပြီးသော ကိလေသာရန် အောင်ပွဲကို နောက်ထပ်တစ်ဖန် အောင်ရန် မလိုအပ်တော့ပြီ။ ဘုရားရှင်၏ အောင်မြင်တော်မူပြီးဖြစ်သော ကိလေသာနောက်သို့ ကိလေသာ တစ်စုံတစ်ရာသည် လိုက်ပါမလာတော့ချေ။ အပိုင်းအခြားမရှိ။ အလုံးစုံကို သိမြင်နိုင်သည့် ဉာဏ်တော်ရှိတော်မူသော တဏှာ ရာဂ စသည့် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို သင်တို့သည် အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့လိုရာသို့ သွေးဆောင်ခေါ်ယူနိုင်ပါအုံးနည်း။

http://www.dhammadownload.com

၁၈၀။ မြတ်စွာဘုရားအား တစ်စုံတစ်ရာသော လောကသို့ ဆောင်ယူရန် အတွက် ပိုက်ကွန်ပမာ မြွေးယှက်ရစ်ပတ် တွယ်ငြိကပ်တတ်သော တဏှာသည် မရှိ၊ အပိုင်းအခြားမရှိ၊ အလုံးစုံကို သိမြင်နိုင်သည့် ဉာဏ်ရှိတော်မူသော၊ တဏှာ၊ ရာဂ စသည့် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို သင်တို့သည် အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့လိုရာသို့ သွေးဆောင်ခေါ်ယူနိုင်ပါအုံးနည်း။

ဒေသနာတော် ဟောကြားပြီးသောအခါ နတ်များစွာတို့သည် သစ္စာလေးပါး မြတ်တရားတို့ကို ထိုးထွင်းသိမြင်သွားကြသည်။ မာရ်နတ်၏ သမီးသုံးယောက်တို့သည် ထိုနေရာမှပင် ပျောက်ကွယ်သွားကြတော့သည်။

ဘုရားရှင်သည် ဤသို့လျှင် တောထွက်တော်မူစမှ ပဉ္စမသတ္တာဟအထိ အတိတ်ကြောင်းကို ဟောတော်မူလျက် "ပုဏ္ဏားကြီး၊ မာရ်နတ်၏သမီး အချောအလှတို့ကိုပင် ငါဘုရားသည် လက်ခံတော်မမူခဲ့၊ အပြင်က လှပသယောင်ရှိသော်လည်း အတွင်းမှာ မစင်ဘင်ပုပ်တို့ဖြင့် ပြည့်လျက် စက်ဆုပ်ဖွယ်သော သင့်သမီး မာဂဏ္ဍိကို အဘယ်မှာ လက်ခံနိုင်မည်နည်း၊ ခြေဖြင့်တို့ရန်ပင် ဆန္ဒမရှိပါ" ဟု မိန့်တော်မူသည်။

ထိုအခါ ဘုရားရှင် ဟောကြားသော တရားတော်ကို နာကြားရသဖြင့် မာဂဏ္ဍိ ပုဏ္ဏားကြီးဇနီးမောင်နှံ နှစ်ဦးသည် အနာဂါမ် ဖြစ်သွားကြတော့သည်။

မာဂဏ္ဍိပုဏ္ဏားကြီးနှင့် မာရ်နတ်သမီးများဝတ္ထု ပြီး၏။

၂။ နတ်ပြည်မှ ဆင်းသက်တော်မူသောဝတ္ထု

[ဘုရားရှင်တို့ အလေးအမြတ်ပြုရာ အဝဇ္ဇဟိတဌာနတစ်ခု]

"သီ၊ ဟော၊ မြိန်နေ၊ ဆင်းနတ်ပြေ၊ လေးထွေအဝဇ္ဇဟိတ" ဟု ဘုရားရှင်တိုင်း အလေးအမြတ်ပြုသော အဝဇ္ဇဟိတလေးဌာနကို ပညာရှင်တို့က လက်ံာ

http://www.dhammadownload.com

ဖြင့် အမှတ်အသား ပြုထားခဲ့ကြသည်။ **သီ ဟူသည်** ဘုရားရှင်တို့ သစ္စာလေးပါး သိမြင်ရာ ဗုဒ္ဓဂယာ၊ **ဟော မှာ** ဓမ္မစက်ကြာတရားဟောရာ မိဂဒါဝုန်၊ **မြိန် မှာ** ဘုရားရှင်တို့ သီတင်းသုံးရာ ဂန္ဓကုဋိ၊ **ဆင်းနတ်ပြေ မှာ** အဘိဓမ္မာတရားဟောပြီး လူ့ပြည်သို့ ပြန်ဆင်းလာရာ သင်္ကဿနဂိုရ်မြို့ဖြစ်သည်။ ဘုရားပွင့်တော်မူခဲ့ရာ မဇ္ဈိမဒေသသို့ ဘုရားဖူးသွားသူတိုင်း မရောက်ရောက် အောင် သွားကာ ဖူးမြော်ရမည့် နေရာလေးနေရာ ဖြစ်သည်။

စန္ဒကူးသပိတ်ကို ဈာန်ဖြင့်ကြွကာယူပါ

ရာဇဂြိုဟ်မြို့တော်မှ သူဌေးတစ်ဦးသည် ဂင်္ဂါမြစ်တွင်း မျောလာသော စန္ဒကူးနီအနှစ်တုံးတစ်ခုကို သပိတ်အဖြစ် ထုဆစ်စေကာ အတောင်ခြောက်ဆယ် အမြင့်ရှိ ဝါးတိုင်ထိပ်တွင် ဆွဲထားသည်။ "ကောင်းကင်မှ ဈာန်ကြွယူနိုင်သော ဘုရားရဟန္တာရှိလျှင် ဤသပိတ်ကို ယူပါ၊ ထို ဘုရားရဟန္တာကို သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ပါမည်" ဟု ပြောဆို ကြွေးကြော်သည်။

တခြားနည်းဖြင့် လာမတောင်းပါနှင့်

ပူရဏ ကဿပ စသော ဘုရားအမည်ခံ တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် နေ့စဉ် တစ်နေ့တစ်ဦး တစ်ယောက်ပြီးတစ်ယောက် တပည့်များနှင့် အတူ လာကြသည်။ သူဌေးထံမှ သပိတ်ကိုတောင်းသည်။ သူဌေးက "ဈာန်ဖြင့် ကောင်းကင်မှ ကြွလာပြီး ယူနိုင်လျှင် ယူပါ၊ တခြားနည်းဖြင့် လာမတောင်းပါနှင့်" ဟု ပြောပြသည်။ သူဌေးသည် သမ္မာအယူရှိသူ မှဟုတ်သကဲ့သို့ မိစ္ဆာအယူရှိသူလည်း မဟုတ်ပေ။ သူ့ဆန္ဒမှာ လောကဌ် မိမိကိုယ်မိမိ ဘုရားဟု ဆိုသူတွေ များနေသည်။ အဘယ်သူသည် တကယ်စစ်မှန်သော ဘုရားပေနည်း ဟု ဘုရားစစ်ဘုရားမှန်ကိုသိရန် ရည်ရွယ်၍ ဤသို့ ပြုလုပ်ထားခြင်းဖြစ်သည်။

ဈာန်ရစေနိုင်သောတရားမရှိ၍ ဈာန်မရ

ဤသို့ဖြင့် ခြောက်ရက်ကြာသွားသည်။ မည်သူမျှ သပိတ်ကို မရကြ။ နောက်ဆုံး ခုနစ်ရက်မြောက်နေ့တွင် နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် တပည့်

http://www.dhammadownload.com

များနှင့် အတူလာပြီး သူတို့သာ ဘုရားစစ်၊ ဘုရားမှန်ဟု ပြရန် ဟန်ရေး အမျိုးမျိုး ပြကြသည်။ ကောင်းကင်သို့ ပျံတက်တော့ မလိုလို၊ မြေလျှိုးတော့ မလို လုပ်ပြကြသည်။ စည်းဝါးကိုက်ကာ ညှိလာခဲ့ကြသည့်အတိုင်း တပည့်များက "ဆရာကြီး အလွန်ယုတ်ညံ့လှသည့် သစ်သားသပိတ်ကလေးတစ်လုံးရဖို့ ဈာန်ပျံမပြပါနှင့်" ဟု ဝိုင်းပြောပြီး နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကို ဆွဲကြ လွဲကြ တားကြဆီးကြသည်။ အမှန်အားဖြင့် တိတ္ထိဆရာကြီးတွင် ဈာန်ရစေနိုင်သော မြင့်မြတ်သည့် အကျင့်တရားမရှိ၊ အကျင့်တရားမသိ၍ ဈာန်မရ၊ ဈာန်မရ၍ ကောင်းကင်သို့ မပျံနိုင်၊ ကောင်းကင်သို့ မပျံနိုင်၍ စန္ဒကူးသပိတ်ကို ရမသွားကြပေ။

ထိုအချိန်က အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်တို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွရန် ကျောက်ဖျာကြီးတစ်ခုထက်၌ သပိတ်သင်္ကန်းတို့ကို ပြင်ဆင်ဝတ်ရုံနေကြသည်။ ထန်းရည်မူးနေသူ ကဇော်သမားများက "ဒီနေ့ဆိုလျှင် ခုနစ်ရက်ကြာနေပြီ၊ ဈာန်ပျံနိုင်သူ ဘုရား၊ ရဟန္တာရှိလျှင် ဈာန်ဖြင့် ကြွလာလျက် စန္ဒကူးသပိတ်ကိုယူရန် ဝါးတိုင်ထိပ်၌ ချိတ်ဆွဲထားခဲ့သည့် သပိတ်ကို ဘယ်သူမှ မယူနိုင်ကြသေးဘူး" ဟု ပြောသွားကြသည်။ ထိုစကားကို ကြားလျှင် အရှင်မဟာမောဂ္ဂလာန်က "ငါ့ရှင် ဘာရဒ္ဒါဇ၊ ဤသူတို့သည် ဘုရားရှင်၏ သာသနာတော်ကို စူးစမ်းလိုကြကုန်၏။ သွား၍ သပိတ်ကိုယူလော့ဟု" ဟု မိန့်တော်မူသည်။

အရှင်ပိဏ္ဍောလ သပိတ်ရသွားပြီ

တန်ခိုးကြီးသည့်အရာ၌ ဧတဒဂ်ဘွဲ့ထူး ရထားသော အရှင်မဟာမောဂ္ဂလာန်၏ တိုက်တွန်းမှုကြောင့် အရှင်ပိဏ္ဍောလမထေရ်သည် ကောင်းကင်၌ ဈာန်ဖြင့်ကြွချီကာ တန်ခိုးပြရန် ပြင်ဆင်သည်။ ရာဇဂြိုဟ်တစ်မြို့လုံးအပေါ် ဖုံးလွှမ်းနိုင်သော ကျောက်ဖျာကြီးကို ခြေဖျားဖြင့် ယူလာကာ မြို့ပေါ်သို့ ခုနစ်ကြိမ်တိုင် ဝဲပျံပြသည်။ စန္ဒကူးသပိတ်ရှင် သူဌေးသည် အရှင်ပိဏ္ဍောလကို ကောင်းကင်၌ မြင်တွေ့သွားသည်။ သို့ဖြင့် မထေရ်ကို အိမ်သို့ပင့်ဆောင်ပြီး

http://www.dhammadownload.com

စန္ဒကူးသပိတ်ကိုချကာ စတုမဓု စသည့် လှူဖွယ်အပြည့်ထည့်ကာ သပိတ်ကိုပါ လှူလိုက်တော့သည်။

တန်ခိုးမပြရန် သိက္ခာပုဒ်ပညတ်

မြို့သူမြို့သားအချို့သည် မထေရ် စျာန်ဖြင့် တန်ခိုးပြာဋိဟာပြသည်ကို မမြင်လိုက်ကြရ၍ ကျောင်းတော်ပြန်ကြသွားသော မထေရ်နောက်သို့ ဝိုင်းအုံလိုက်လာကြသည်။ ဇေတဝန်ကျောင်းတော်တစ်ဝိုက် အသံများ ဆူညံနေသည်။ ဘုရားရှင်သည် အသံများ ဆူညံနေရသည့်အကြောင်းကို ရှင်အာနန္ဒာအား မေးတော်မူသည်။ အကြောင်းရင်းကိုသိသောအခါ ဘုရားရှင်က အရှင်ပိဏ္ဍောလ မထေရ်ကိုခေါ်ယူပြီး ကဲ့ရဲ့တော်မူသည်။ စန္ဒကူးသပိတ်ကိုလည်း အစိတ်စိတ် ခွဲကာ ရဟန်းများ မျက်စဉ်းအဖြစ် သုံးနိုင်ရန် ခွဲဝေပေးသည်။ ထို့နောက် ရဟန်းများ တန်ခိုးပြာဋိဟာ မပြရဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

ငါတန်ခိုးပြမည်ဟု ဘုရားရှင် မိန့်တော်မူပုံ

ရဟန်းတို့ တန်ခိုးပြာဋိဟာ မပြရဟု ဘုရားရှင် ပညတ်ကြောင်း ကြားသိသွားကြသဖြင့် တိတ္ထိကြီးတို့ တစ်စခန်း ထလာကြပြန်သည်။ ငါတို့သည် တန်ခိုးရှင်များ ဖြစ်သည်။ ဘယ်သူနှင့်မဆို တန်ခိုးပြိုင်မည်ဟု ကျယ်ကျယ်လောင်လောင် ကြွားလုံးထုတ်ကြတော့သည်။ မိမွိသာရမင်းကြီးက တိတ္ထိတို့ ကြွားလုံးထုတ်သံကြား၍ ဘုရားရှင်ထံ အကျိုးအကြောင်း သွားရောက် လျှောက်ထားသည်။ ဘုရားရှင်က "တိတ္ထိတို့ တန်ခိုးပြမည်ဆိုလျှင် ငါတို့လည်း တန်ခိုးပြာဋိဟာပြမည်" ဟု မိန့်ကြားသည်။ မင်းကြီးက "သိက္ခာပုဒ် ပညတ်ထားပြီ မဟုတ်ပါလော" ဟု ဘုရားရှင်အား မေးမြန်းသည်။

မင်းကြီး အပြစ်မရှိသကဲ့သို့

"မင်းကြီး၏ ဥယျာဉ်မှ သရက်သီးကို အခြားသူတို့ ခူးယူစားလျှင် အပြစ်ရှိသည်။ မင်းကြီးစားလျှင် အပြစ်မရှိသကဲ့သို့ သိက္ခာပုဒ်သည် ရဟန်းတို့အတွက် ငါဘုရား ပညတ်ထားခြင်း ဖြစ်သည်။ ငါဘုရားအတွက် ပညတ်

http://www.dhammadownload.com

ထားခြင်း မဟုတ်၍ ငါဘုရား တန်ခိုးပြလျှင် အပြစ်မရှိဟု" ဟု ဘုရားရှင်က ရှင်းပြတော်မူသည်။ "နောက်လေးလအလွန် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိမြို့တော် ကဏ္ဍအမည်ရှိ ဥယျာဉ်မှူးစိုက်သော သရက်ဖြူပင်ရင်းတွင် တန်ခိုးပြမည်။ မဏ္ဍပ်ကို သိကြားမင်း ဆောက်လိမ့်မည်" ဟု ဆက်လက်၍ မိန့်တော်မူလိုက်သည်။ ထို့နောက် ဘုရားရှင်သည် ရာဇဂြိုဟ်မြို့မှတစ်ဆင့် သာဝတ္ထိမြို့သို့ ကြွတော်မူသည်။

တိတ္ထိတို့သည် သာဝတ္ထိမြို့သို့ လိုက်လာကြသည်။ တပည့်များအားငွေကြေး ကောက်ခံစေကာ တန်ခိုးပြိုင်မည့်နေရာ၌ ရှားသားအနှစ်တို့ဖြင့် မဏ္ဍပ်ဆောက်ခိုင်းပြီး ထိုမဏ္ဍပ်၌ပင် နေကြသည်။ သာဝတ္ထိမြို့ဝန်းကျင်ရှိ သရက်ပင် ကြီးငယ်တို့ကို အကုန်ရှင်းပစ်စေသည်။

သီးပွင့်များဖြင့် သရက်ပင်ပေါက်လာပြီ

ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိမြို့တွင်းသို့ ဘုရားရှင် ဆွမ်းခံကြွလာသည်။ မင်းဥယျာဉ် ခါချဉ်အုံတွင်းမှ ရလာသော သရက်သီးမှည့်ကို ဆွမ်းခံကြွလာသော ဘုရားရှင်အား ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူးက ပေးလှူလိုက်သည်။ အရှင်အာနန္ဒာက သရက်သီးမှည့်ကို အဖျော်ယမကာ ပြုလုပ်ပြီး ဘုရားရှင်ကို ကပ်လှူသည်။ ဘုရားရှင်က သရက်စေ့ကို အပင်စိုက်ရန် ဥယျာဉ်မှူးလက်သို့ ပေးအပ်သည်။ ကဏ္ဍဥယျာဉ်မှူး စိုက်ပျိုးသော သရက်စေ့အပေါ်သို့ ဘုရားရှင်က လက်ဆေးရေဖြင့် ပက်ဖျန်းတော်မူလိုက်သည်။ ထိုအခါ သရက်စေ့မှ အပင်ပေါက်လာသည်။ အရပ်လေးမျက်နှာနှင့် အထက်တည့်တည့်သို့ တစ်ကိုင်းစီဖြင့် အကိုင်းကြီးငါးခု အသီးအပွင့်များဖြင့် ထွက်ပေါ်လာသည်။

တိတ္ထိတို့မဏ္ဍပ်သည် လေနတ်သားက လေကြမ်းဖြင့် တိုက်ခတ်ဖျက်ဆီး၍ ပျက်စီးသွားသည်။ အမိုးအကာမဲ့ မဏ္ဍပ်တွင်းရှိ တိတ္ထိတို့သည် နေနတ်သားက နေပူရှိန်ပြင်းစွာ လွှတ်ပြီး အပူတိုက်သဖြင့် ချွေးတပြိုက်ပြိုက် ဒုက္ခခံနေရစဉ် မိုးနတ်သားက မိုးသည်းထန်စွာ ရွာချသည်။ ဒုက္ခပေါ် ဒုက္ခဆင့်လာသည့် ဒဏ်ကို မခံနိုင်သဖြင့် ခြေဦးတည့်ရာ ထွက်ပြေးသွားကြသည်။

http://www.dhammadownload.com

တန်ခိုးပြခွင့်ပြုရန် ပန်ကြားကြပြီ

ဘုရားရှင် ကြွလာသောအခါ တန်ခိုးပြာဋိဟာ ပြနိုင်သည့် အနာဂါမ်ဖြစ်ကြသော ဃရဏီဥပါသိကာမ၊ စူဠအနာထပိဏ်သူဌေး၊ ပဋိသမ္ဘိဒါလေးပါးကို ရရှိတော်မူပြီးသော ခုနစ်သားအရွယ် ရဟန္တာ စီရမထေရ်ကလေးနှင့် စုန္ဒသာမဏေကလေးတို့သည် တန်ခိုးပြာဋိဟာ ပြခွင့်ပြုရန် ပန်ကြားလျှောက်ထားကြသည်။ ထို့ပြင် လက်ဝဲတော်ရံလည်းဖြစ်၍ တန်ခိုးကြီးသည့်အရာ၌ ဣဒ္ဓိမန္တဧတဒဂ်ရ ဥပ္ပလဝဏ်ထေရီနှင့် အရှင်မဟာမောဂ္ဂလာန်တို့ အပါအဝင် တန်ခိုးပြခွင့် ပန်ကြားသူ အားလုံး၏ ပန်ကြားမှုကို ဘုရားရှင်က ပယ်တော်မူသည်။ ထို့နောက် ဘုရားရှင်သည် သိကြားမင်း ဖန်ဆင်းသည့် ရတနာစင်္ကြံထက်သို့ ကြွတော်မူကာ တန်ခိုးပြာဋိဟာအမျိုးမျိုးကို ပြတော်မူသည်။

ဘုရားရှင်သည် ရေမီးအစုံအစုံတို့ဖြင့် တန်ခိုးပြတော်မူခြင်း၊ ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူခြင်းတို့အပြင် လောကဝိဝရဏပြာဋိဟာကိုလည်း ပြတော်မူသည်။ လောကဝိဝရဏပြာဋိဟာသည် "စကြဝဋာတိုက် တစ်သောင်းတို့၌ အလင်းရောင် ဖြစ်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူလိုက်သည်နှင့် လူ့ပြည်မှ လူသားတို့သည် နတ်ပြည်၊ ဗြဟ္မာ့ပြည်နှင့် နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့ကို မြင်နိုင်သည်။ အလားတူ ငရဲကြီး၊ ငရဲငယ်တို့ရှိ ငရဲသားတို့နှင့် သူတို့၏ ဒုက္ခခံစားရပုံမျိုးစုံတို့ကိုလည်း မြင်နိုင်ကြသည်။

တာဝတိံသာ၌ အဘိမ္မောတရားဟောပြီ

ဘုရားရှင်သည် တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ပြတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူသည်။ မယ်တော်မာယာဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် တုသိတာနတ်ပြည်မှ တာဝတိံသာသို့ ဆင်းလာပြီး ဘုရားရှင်၏ လက်ယာနံပါး၌နေ၍ တရားတော်ကို နာယူသည်။ ဘုရားရှင်သည် စကြဝဋာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းအား အဘိမ္မောတရားတော်များကို *ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်။ လူတို့

* ဝါတွင်းသုံးလ အဘိမ္မောတရားဟောရာ၌ မွေသင်္ဂဏီ ၁၂ ရက်၊ ဝိဘင်း ၁၂ ရက်၊ ဓာတုကထာ ၆ ရက်၊ ပုဂ္ဂလပညတ် ၇ ရက်၊ ကထာဝတ္တု ၈ ရက်၊ ယမိုက် ၂၀ ရက်၊ ပဋ္ဌာန်း ၂၅ ရက် ဟောသည်။

http://www.dhammadownload.com

ရပ်ရွာ၌ ဆွမ်းခံချိန် ရောက်သောအခါ နိမ္မိတ ကိုယ်ပွားတော်ကို ဖန်ဆင်းတော်မူပြီးလျှင် နတ်ပရိသတ်အပေါင်းအား တရားကို ဆက်လက် ဟောကြားစေရန် အဓိဋ္ဌာန်တော်မူ၏။ အရှင်သာရိပုတ္တရာသည် နေ့စဉ် ဘုရားရှင်ထံ လာရောက်၍ ဝတ်ကြီးဝတ်ငယ်ကို ပြုသည်။ ဘုရားရှင် ဆွမ်းကိစ္စပြီးမြောက်သောအခါ နေ့သန့်တော်မူရာ စန္ဒကူးတောတွင် အရှင်သာရိပုတ္တရာအား အဘိဓမ္မာ တရားတော်ကို အကျဉ်းအားဖြင့် ပြန်လည် ဟောပြသည်။ အရှင်သာရိပုတ္တရာမထေရ်ကြီးက တပည့်ရဟန်း ငါးရာတို့အား မကျဉ်းမကျယ်နည်းဖြင့် ထပ်ဆင့်ဟောပြတော်မူသည်။

အဘိဓမ္မာတရားတော်ကို နာကြားရသဖြင့် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားသည် သောတာပန် ဖြစ်တော်မူသည်။ အခြားနတ်ပြဟ္မာများစွာတို့သည်လည်း တရားသိကာ အကျွတ်တရား ရကြကုန်သည်။

သင်္ကဿနဂိုရ်မြို့တံခါးသို့ ပြန်ကြွလာမည်

ကဏ္ဍဉ်ယျာဉ်မှူး၏ သရက်ဖြူကုန်း၌ တန်ခိုးပြာဋိဟာ ပြတော်မူပြီးနောက် ဘုရားရှင်ကို မဖူးမြင်ရတော့သဖြင့် ပရိသတ်များက မထေရ်ကြီးများထံ အကျိုးအကြောင်း မေးမြန်းကြသည်။ အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် ပရိသတ်တို့၏ ဆန္ဒအရ ဘုရားရှင်ထံ ကြွသွားတော်မူလျက် ပရိသတ်တို့၏ မေးမြန်းကြပုံနှင့် ဖူးမြော်ရန် ဆန္ဒရှိနေပုံတို့ကို လျှောက်ထားသည်။ ဘုရားရှင်က "သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကဿနဂိုရ်မြို့ တံခါးဝသို့ ပြန် ကြွလာမည့်အကြောင်း" မိန့်ကြားတော်မူသည်။

လပြည့်နေ့တွင် ဘုရားရှင်သည် သိကြားမင်း ဖန်ဆင်းသည့် ပတ္တမြားစောင်းတန်းဖြင့် သင်္ကဿနဂိုရ်မြို့ တံခါးဝသို့ ဆင်းသက်တော်မူကာ လက်ယာခြေတော်ကို ဦးစွာ ချတော်မူသည်။ ရွှေစောင်းတန်းဖြင့် နတ်တို့ လိုက်ပါလာကြပြီး ငွေစောင်းတန်းဖြင့် ဗြဟ္မာကြီးများ လိုက်ပါလာကြသည်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့ နတ်ပြည်မှ ဆင်းသက်တော်မူရာဖြစ်၍ သင်္ကဿနဂိုရ်မြို့သည် ဘုရားရှင်တို့ အလေးအမြတ်ထားရာ အဝိဇဟိတဌာနတစ်ခု ဖြစ်သည်။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား စောင်းတန်းဦးမှ ဆီးကြို ပူဇော်သည်။ ဘုရားရှင်က အရှင်သာရိပုတ္တရာအား အမေးပုစ္ဆာလေးရပ် မေးတော်မူသည်။ ဘုရားရှင်တို့သာ သိနိုင်သော အမေးပုစ္ဆာများဖြစ်၍ အရှင်သာရိပုတ္တရာ မဖြေကြားနိုင်။ ဘုရားရှင်က နည်းလမ်းညွှန်ပြသောအခါမှ အဖြေများ ဉာဏ်တော်၌ ထင်မြင်လာလျက် အရှင်သာရိပုတ္တရာ ဖြေကြားနိုင်တော့သည်။

တပည့်ရဟန်းတို့ ရဟန္တာဖြစ်ကြပြီ

ထို့နောက် အရှင်သာရိပုတ္တရာက "လူနတ်ဗြဟ္မာအားလုံးသော သတ္တဝါတို့သည် ဘုရားရှင်အား မြတ်နိုးကြပါကုန်၏။ ဖူးမြော်ရန် တောင့်တနေကြပါကုန်၏" ဟု ဆက်လက် လျှောက်ထားရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အရှင်သာရိပုတ္တရာ၏ တပည့် ရဟန်းငါးရာတို့ ရဟန္တာဖြစ်တော်မူကြသည်။

၁၈၁။ ယေ စာနုပုသုတာ ဓီရာ၊ နေက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္မာဒွါနံ သတီမတံ။

ဒေသနာ၏အဓိပ္ပာယ်

၁၈၁။ အကြင် ပညာရှိတို့သည် စျာန်တရားကို လေ့လာ ပွားများကြကုန်၏။ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကြကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါးတရားကို ကောင်းစွာ သိမြင်တော်မူကြသော ထိုပညာရှိ သူတော်သူမြတ်တို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကြလေကုန်၏။

နတ်ပြည်မှ ဆင်းသက်တော်မူသောဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ ဧရကပတ္တ နဂါးမင်းဝတ္ထု

[ဒေသနာ နာကြားရသော်လည်း တိရစ္ဆာန်ဖြစ်၍ သောတာပန်မဖြစ်]

ကဿပဘုရားရှင်၏ သာသနာဝင် ရဟန်းငယ်တစ်ပါးသည် ထိုအချိန်က လူ့သက်တမ်းအရ အနှစ် နှစ်သောင်းတိုင် တရား အားထုတ်ခဲ့သည်။ တစ်နေ့တွင် ဂင်္ဂါမြစ်တွင်း၌ လှေစီး၍သွားစဉ် ပြိန်းမြက်ပင် တစ်ပင်ကို ဆွဲကိုင်ထားမိသည်။ လှေထွက်သွားသော် မလွတ်ဘဲ ဆွဲကိုင်မိ၍ ပြိန်းမြက်ပင် ပြတ်သွားသည်။ ရဟန်းဟူသည် မြက်ပင်၊ သစ်ပင် စသည်တို့ကို မခုတ်၊ မချိုင်း၊ မချိုးရပေ။ ခုတ်၊ ချိုင်း၊ ချိုးလျှင် အာပတ်သင့်သည်။

ထိုရဟန်းသည် သင့်ခဲ့သော အာပတ်ကို သေးငယ်သော အပြစ်ဟု သဘောထားလျက် အာပတ်ဖြေကြားခြင်း မပြုခဲ့။ ပျံလွန်တော်မူခါနီး၌ သင့်ခဲ့သော အာပတ်ကို သတိရ၍ ဒေသနာကြားရန် ကြိုးစားသည်။ သို့သော် အနီးအနား၌ ဒေသနာယူမည့် အခြားရဟန်းမရှိ၍ "ငါ၏ သီလ စင်ကြယ်ခြင်း မရှိ" ဟု နှလုံးမသာမယာဖြင့် ပျံလွန်တော်မူသွားသည်။

ရဟန်းဘဝမှ ပျံလွန်ကာ နဂါးဖြစ်ရပုံ

ထိုရဟန်းသည် ပျံလွန်တော်မူပြီးနောက် ဂင်္ဂါမြစ်တွင်း၌ လောင်းလှေ ပမာဏရှိ ဧရကပတ္တ (ဧရက–ပြိန်းမြက်၊ ပတ္တ–အရွက်) နဂါးမင်း ဖြစ်သွားရသည်။ နဂါးမင်းဘဝ ရောက်သွားစဉ် အတိတ်မှ ဖြစ်စဉ်အချို့ကို သိရှိသတိရသွား၍ စိတ်မကောင်းဖြစ်ကာ တိရစ္ဆာန်ဘဝမှ လွတ်မြောက်ရန် ကြိုးစားသည်။ ဘုရားပွင့်လာလျှင် သိရှိရန် ပဟေဠိဆန်သော သီချင်းကို ဆိုစေ၊ ကစေလျက် သမီးကို ပါးပျဉ်းဖြင့် မိုးကာပြီး မြစ်လယ်၌ထားသည်။ သီချင်း၏ အဖြေမှန် ဖော်ထုတ်နိုင်သူအား နဂါးမင်းစည်းစိမ်ကိုရော၊ သမီးကိုပါ ပေးအပ်မည်ဖြစ်ကြောင်း ကြေညာထားသည်။

နဂါးမင်း၏သမီးနှင့် နဂါးမင်းစည်းစိမ်ကို ရလိုသူတို့က နေရာဒေသ အနှံ့အပြားမှ လာရောက်ကာ သီချင်း၏အဖြေမှန်ကို ဖော်ထုတ်ပြကြသည်။ သို့သော် ဖော်ထုတ်သူတို့၏ အဖြေသည် လျှို့ဝှက်ဖုံးကွယ်နေသော အချက်

http://www.dhammadownload.com

ကို ဖော်မပြနိုင်၍ အားလုံး အပယ်ခံရသည်။ ဤသို့ဖြင့် ကဿပဘုရားရှင် လက်ထက်မှသည် ဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူပြီးသည်အထိ အချိန် ကြာသွားတော့သည်။

ဥတ္တရလုလင် သောတာပန်ဖြစ်ပြီ

တစ်နေ့တွင် ဂေါတမဘုရားရှင်သည် ရွှေဉာဏ်တော် ကွန်ရက်ဖြန့်ကြက်ကာ တရားရမည့်သူကို ကြည့်တော်မူသည်။ ဧရကပတ္တနဂါးမင်းကို အကြောင်း ပြုလျက် ဥတ္တရလုလင် တရားရမည့်အရေးကို မြင်တော်မူသဖြင့် ဥတ္တရလုလင် လာမည့်လမ်းရှိ ကုက္ကိုပင်ရင်း၌ သီတင်းသုံးနေတော်မူသည်။ ဥတ္တရလုလင် ရောက်လာသော် နဂါးမင်း၏သမီး သီဆိုနေသော သီချင်း၏ အဖြေမှန်ကို ဘုရားရှင်က သင်ကြားပေးသည်။ ဥတ္တရလုလင်သည် ဘုရားရှင် သင်ကြား ပေးသော သီချင်း၏အဖြေကို ကြားနာရသဖြင့် သောတာပန်ဖြစ်သွားတော့ သည်။ ထို့နောက် သီချင်းအဖြေမှန် ဖော်ထုတ်ပွဲ ကျင်းပရာသို့ ဆက်သွား သည်။

သီချင်း၏ အဓိပ္ပာယ်နှင့်အဖြေမှန်

ဥတ္တရလုလင်ရောက်လာချိန်၌ နဂါးမင်း၏ သမီးက ဤသို့ အဓိပ္ပာယ် ရှိသော သီချင်းကို သီဆိုလျက်ကနေသည်။

"အဘယ်အရာကို အစိုးရသူသည် မင်းမည်ပါသနည်း။ အဘယ်မင်း သည် တပ်မက်မှု၏ အုပ်ချုပ်မှုကို ခံယူနေရသနည်း။ အဘယ်သူသည် မြူမှုန် ကင်းသူမည်ပါသနည်း။ အဘယ်သူကို လူမိုက်ဟု ခေါ်ပါသနည်း"

ဥတ္တရလုလင်သည် ဘုရားရှင် သင်ကြားပေးလိုက်သည့်အတိုင်း ဤသို့ တုံ့ပြန် ဖြေဆိုပေးလိုက်သည်။

"ခြောက်ဒွါရကို အစိုးရသူသည် မင်းမည်၏။ တပ်မက်မှုရှိနေသူသည် တပ်မက်မှု၏ အုပ်ချုပ်မှုကို ခံယူနေရသည်။ တပ်မက်မှုကင်းသူသည် မြူမှုန် ကင်းသူမည်၏။ တပ်မက်ခြင်းရှိသော သူကို လူမိုက်ဟု ခေါ်ပါသည်"

ဥတ္တရလုလင် ဖြေကြားပြီးသောအခါ နဂါးမကလေးက ဤသို့ အဓိပ္ပာယ် ပါသော အမေးသီချင်းကို ထပ်၍ ဆိုပြန်သည်။

http://www.dhammadownload.com

"လူမိုက်သည် အဘယ်တရား ဖြင့် မျောပါနေရသနည်း။ ပညာရှိသည် အဘယ်တရားဖြင့် နုတ်ပယ်သနည်း။ အဘယ်သူသည် ယောဂကုန်ခန်းသူ ဖြစ်သနည်း"

ဥတ္တရလုလင်က ဤသို့ အဖြေမှန် ဖြေပြလိုက်ပြန်သည်။

"လူမိုက်သည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော သြဃလေးပါးဖြင့် မျောပါနေရသည်။ ပညာရှိသည် တရားအားထုတ်ခြင်းဖြင့် သြဃလေးပါးကို နုတ်ပယ်သည်။ ယောဂအားလုံးနှင့် မယှဉ်သူသည် ယောဂကုန်ခန်းသူ ဖြစ်သည်"

မှန်ကန်စွာ ဖြေကြားသော ဥတ္တရလုလင်၏ အဖြေကို ကြားရသော အခါ ဧရကပတ္တနဂါးမင်းသည် ဝမ်းသာလွန်းသဖြင့် မြစ်ရေကို သူ၏အမြီး ဖြင့် လှုပ်ခတ်လိုက်သည်။ ကမ်းနှစ်ဖက်ရှိ ပရိသတ်တို့သည် နဂါးမင်း လှုပ်ခတ် လိုက်သော ရေလှိုင်းတွင် မျောပါကုန်ကြသည်။ နဂါးမင်းက ပါးပျဉ်းဖြင့် ဆယ်တင်သောကြောင့် တစ်ယောက်မျှ အသက်ဆုံးရှုံးရခြင်း မရှိ။ ဥတ္တရ လုလင်၏ ဦးဆောင်မှုဖြင့် နဂါးမင်းသည် ဘုရားရှင်ထံ ဝင်ရောက်ကာ မိမိ၏ ဘဝအကြောင်းကို လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာ တော်အဆုံး၌ တိရစ္ဆာန်ဖြစ်နေသောကြောင့် နဂါးမင်းသည် သောတာပန် မဖြစ် ရချေ။

၁၈၂။ ကိဿာ မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ၊
ကိစ္ဆံ သဒ္ဓမ္မသဝနံ၊ ကိဿာ ဗုဒ္ဓါနမုပ္ပါဒေါ။

ဒေသနာ၏အဓိပ္ပာယ်

၁၈၂။ လူ့အဖြစ်ကို ရခဲသည်။ သတ္တဝါတို့ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို နာကြားရခဲ၏။ ဘုရားပွင့်ရာဒုကာလနှင့် ကြုံကြိုက်ရန် ခဲယဉ်း၏။

ဧရကပတ္တနဂါးမင်းဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ အရှင်အာနန္ဒာ၏ ဥပုသ်ပြဿနာဝတ္ထု

[ဥပုသ်ပြုရာ၌ ဘုရားရှင်တို့ဩဝါဒများ တူညီကြသည်]

အရှင်အာနန္ဒာသည် ဝိပဿီ စသော ဘုရားရှင်တို့၏ ပါတိမောက်ပြ ဥပုသ်ပြုခြင်းသည် တစ်ပါးနှင့်တစ်ပါး တူလေသလော၊ မတူလေသလောဟု သိလိုသဖြင့် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်ထံ မေးမြန်းလျှောက်ထားခဲ့သည်။

ဘုရားရှင်၏ အဖြေစကားတော်

ထိုအခါ ဘုရားရှင်က "ဝိပဿီ မြတ်စွာဘုရားသည် ခုနစ်နှစ်လျှင် တစ်ကြိမ်၊ သိခီနှင့် ဝေဿဘူ ဘုရားရှင်တို့သည် ခြောက်နှစ်လျှင် တစ်ကြိမ်၊ ကကုသန်နှင့် ကောဏာဂုံ ဘုရားရှင်တို့သည် နှစ်တိုင်း နှစ်တိုင်း ဥပုသ်ပြုလျက် ကဿပဘုရားရှင်ကား ခြောက်လတစ်ကြိမ် ဥပုသ်ပြုတော်မူသည်။ ဤသို့ဖြင့် ရှေးဘုရားရှင်တို့သည် ဥပုသ်ပြုရာအချိန်ကာလ မတူကြသော်လည်း သြဝါဒစကားတော်တို့ကား တူကြသည်။ ဤဂါထာတို့ပင်တည်း" ဟု ဖြေကြားတော်မူကာ ဤဒေသနာတော်ကို ဟော တော်မူသည်။

၁၈၃။ သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

၁၈၄။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၁၈၅။ အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၈၃။ မကောင်းမှုဟူသမျှကို မပြုရာ၊ ကောင်းမှု ကုသိုလ်နှင့် ပြည့်စုံစေရာ၏၊ မိမိစိတ်ကို ဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

၁၈၄။ သည်းခံခြင်းသည် မွန်မြတ်သောအကျင့် ဖြစ်သည်။ ကိလေသာငြိမ်းရာနိဗ္ဗာန်သည် အလွန်မြတ်သည်ဟု ဘုရားရှင်တို့ ဟောတော်မူကြသည်။ ရဟန်းသည် သူတစ်ပါးကို မညှဉ်းဆဲ။ သူတစ်ပါးကို ညှဉ်းဆဲသူသည် ရဟန်းမဟုတ်။

၁၈၅။ သူတစ်ပါးကို မကဲ့ရဲ့အပ်၊ မစွပ်စွဲ မညှဉ်းဆဲအပ်။ ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်ရာ၏။ အစာအာဟာရ၌ အတိုင်းအရှည်ကို သိရာ၏။ ဆိတ်ငြိမ်ရာအရပ်၌ နေရာ၏။ သမာပတ်ရှစ်ပါးတည်းဟူသော အဓိစိတ္တသိက္ခာကို ပွားများအားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

အရှင်အာနန္ဒာ၏ ဥပုသ်ပြဿနာဝတ္ထု ပြီး၏။

၅။ သာသနာတော်၌ မမွေ့လျော်သောရဟန်းဝတ္ထု

[အသပြာတစ်ရာကို အရင်းအနှီးပြုကာ လူထွက်လိုသော ရဟန်း]

ရဟန်းတစ်ပါးသည် ဥပဇ္ဈာယ်ဆရာ၏ ညွှန်ကြားချက်အရ အရပ်တစ်ပါးသို့သွားကာ ပရိယတ်စာပေ သင်ကြားနေသည်။ ထိုရဟန်း၏ ဖခမည်းတော်ကြီးသည် ရောဂါအပြင်းအထန်ဖြစ်၍ သားရဟန်းကို တွေ့လိုနေသည်။ ပင့်ခေါ်ခိုင်းရမည့်သူ မတွေ့သဖြင့် စိတ်ဆင်းရဲကာ ယောင်ယမ်းမြည်တမ်းရင်း သားရဟန်းအတွက် အသပြာတစ်ရာကို ညီထဲ အပ်နှံခဲ့ပြီးနောက်

http://www.dhammadownload.com

ကွယ်လွန်သွားတော့သည်။ ရဟန်းကြွလာသောအခါ အပ်နှံခဲ့သော အသပြာကို ပေးရင်း ဖခမည်းတော်ကြီး၏ ညီက ဖခင်ကြီး ခံစားရပုံများကို လျှောက်ထားပြသည်။

အသပြာတစ်ရာကို ရင်းနှီးပြီး လုပ်ကိုင်စားသောက်မည်

ရဟန်းသည် ဖခင်ပေးခဲ့သော အသပြာကို ပထမတော့ လက်မခံ။ နောက်ပိုင်းတွင် အသပြာတစ်ရာကို အရင်းအနှီးပြုကာ လုပ်ကိုင်စားသောက်မည်ဟု အကြံရ၍ လူထွက်ဖို့ ပြင်ဆင်သည်။ လူထွက်လိုသော အကြံအစည်ကြောင့် ထိုရဟန်းသည် သာသနာတော်၌ မပျော်ပိုက်တော့။ တစ်နေ့တခြား ပိန်ကြုံလာသော ထိုရဟန်းကိုခေါ်ကာ ဆရာများက ဘုရားရှင်ထံ ပို့ဆောင်လျက် ရဟန်းဖြစ်နေရပုံများကို လျှောက်ထားကြသည်။

ဤဌေမျှဖြင့် တင့်တောင့်တင့်တယ်မနေနိုင်

ဘုရားရှင်သည် အသပြာတစ်ရာကို အရင်းပြုကာ နွား၊ ထွန်၊ ထယ်၊ မျိုးစေ့ စသည့် ဝယ်ရမည့် ကုန်လုပ် ကိရိယာများ၊ ဝတ်စားနေထိုင်စရာ အိမ်ရာ စသည်များကို စာရင်းချပြသည်။ ဖခင်ပေးခဲ့သော အသပြာတစ်ရာသည် ပစ္စည်းဝယ်ယူရန် မလုံလောက်ဖြစ်နေသည်။ ထိုအသပြာတစ်ရာဖြင့် လူ့ဘဝ၌ တင့်တောင့်တင့်တယ် မနေနိုင်ဟု ရဟန်းသိလာသောအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

ဒေသနာတော်အဆုံး၌ သာသနာတော်တွင် မမွေ့လျော်သော ရဟန်းသည် သောတာပန် ဖြစ်သွားသည်။

၁၈၆။ နာ ကဟာပဏဝဿေန တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
၁၈၇။ အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိ သော နာဓိဂစ္ဆတိ၊
တဏှက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၁၈၆။ အသပြာကို မိုးရွာသကဲ့သို့ ဖြိုင်ဖြိုင်သုံးသော်လည်း ကာမဂုဏ်တို့၌ ရောင့်ရဲတင်းတိမ်မှု မရှိနိုင်၊ ကာမဂုဏ်တို့သည် သာယာဖွယ်တို့ မဟုတ်ကုန်၊ ဆင်းရဲခြင်း၏အကြောင်းတို့သာ ဖြစ်ကြသည်ဟု သိကုန်၏။

၁၈၇။ ဤသို့သိ၍ ပညာရှိသည် နတ်၌ဖြစ်သော ကာမဂုဏ်တို့ကိုပင် မွေ့လျော် မက်မောတွယ်တာခြင်းမရှိ၊ ဘုရားရှင်၏ တပည့်သည် တဏှာကင်းရာ နိဗ္ဗာန်ချမ်းသာ၌သာ မွေ့လျော်လေ၏။

သာသနာတော်၌ မမွေ့လျော်သောရဟန်းဝတ္ထု ပြီး၏။

၆။ အဂ္ဂိဒတ္တာပုဏ္ဏားဝတ္ထု

[ကိုးကွယ်ရာအစစ်အမှန် တွေ့သိသွား၍ တရားရသွားသူ]

အဂ္ဂိဒတ္တာပုဏ္ဏားကြီးသည် မဟာကောသလမင်းနှင့် ၎င်း၏သား ပသေနဒီကောသလမင်းတို့၏ မင်းဆရာ ပုဏ္ဏားကြီး ဖြစ်သည်။ မဟာကောသလမင်းကြီး နတ်ရွာစံသောအခါ သားဖြစ်သူ ပသေနဒီ ကောသလမင်းက အဂ္ဂိဒတ္တာပုဏ္ဏားကိုပင် မင်းဆရာအဖြစ် ဆက်၍ အရာပေးသည်။ အလေးထားသည်။

မင်းဟူသည်မှာလည်း လူသားပင်

သို့သော် စိတ်၏ သဘာဝသည် တည်ငြိမ်သည့်အခါရှိသည်၊ မတည်မငြိမ်ဖြစ်ကာ လှုပ်ရှားသည့်အခါ လှုပ်ရှားသည်။ မင်းဟူသည်မှာလည်း စိတ်ရှိသော လူသားပင် ဖြစ်သည်။ ငါသည်လည်း အိုမင်းပြီဟု တွေးမိကာ မင်းကြီးထံ ရသေ့ရဟန်းပြုတော့မည့်အကြောင်း ခွင့်တောင်းသည်။ မင်း၏ ခွင့်ပြုချက်အရ သာသနာတော်မှအပဖြစ်သော ရသေ့ရဟန်းဝတ်သည်။ သူ၏ တပည့်များကလည်း သူ့နောက်လိုက်ပါ၍ သူကဲ့သို့ ရသေ့ရဟန်း ပြုကြသည်။ သူတို့ နေထိုင်ရာ ဒေသမှာ အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကုရုတိုင်းတို့၏ နယ်စပ်

http://www.dhammadownload.com

ဖြစ်သည်။ ကာမဂုဏ်နှင့် ပတ်သက်သော အတွေးအကြံ ဖြစ်လာလျှင် မြစ်ထဲမှ သဲတစ်ဆုပ်တစ်ဆုပ်ယူ၍ ပုံရမည်ဟု တပည့်ရသေ့များကို ဆုံးမလျက် သဲပုံရန် နေရာ သတ်မှတ်ပေးထားသည်။

အဂ္ဂိဒတ္တသည် သူ့ကို ယုံကြည်ကိုးကွယ်သူတို့အား တောကို ကိုးကွယ်ကြ၊ တောင်ကြီးများကို ကိုးကွယ်၊ တောစိုးသစ်ပင်နှင့် ကျောက်တုံးကြီးများကို ကိုးကွယ်ကြ၊ သူတို့သည် ကြီးမားသည်။ ကြီးမား၍ အင်အားရှိသည်။ ကိုးကွယ်သူတို့ကို အကာအကွယ်ပေးသည်ဟု ဆုံးမသည်။ ကာမဂုဏ်ကြဲမိသူ တပည့်တို့ ကာမဂုဏ် အကြဲဖြစ်တိုင်း တစ်ဆုပ်စီ တစ်ဆုပ်စီ စုပုံထားသော သဲပုံကြီးသည် တစ်နေ့ထက်တစ်နေ့ အလွန်ကြီးမားလာသည်။ ထိုသဲပုံကြီးကို တန်ခိုးကြီးသော နဂါးကြီးတစ်ကောင်က အပိုင်သိမ်းပိုက်ကာ နေရာဝင်ယူသည်။

အရှင်မဟာမောဂ္ဂလာန်ကို ဘုရားရှင်က စေလွှတ်ပြီ

အဂ္ဂိဒတ္တ ပုဏ္ဏားကြီးနှင့် သူ၏ တပည့်တို့ ကျွတ်တမ်းဝင်၍ တရားသိမည့်အရေးကို မြင်တော်မူသဖြင့် အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးကို ပုဏ္ဏားကြီးတို့အား သွားရောက်တရားပြလျက် ဆုံးမရန် ဘုရားရှင်က စေလွှတ်သည်။ အရေအတွက် များပြားလှသော ဆရာတပည့်များဖြစ်၍ တစ်စုတစ်ဝေးတည်း တရားပြလျှင် တစ်ယောက်တစ်ပေါက် ဖြစ်ကုန်မည်ဟု တွေးမြင်ကာ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် မိုးကြီးသည်းစွာ ရွာစေသည်။ မိုးရွာ၍ ရသေ့များ တစ်ယောက်စီ တစ်ယောက်စီ မိမိတို့နေရာကို ပြန်သွားကြသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်ကြီးက အဂ္ဂိဒတ္တ၏ သစ်ရွက်မိုး ကျောင်းအဝဋ်ရပ်ကာ "အဂ္ဂိဒတ္တ" ဟု ရသေ့ကြီး၏ အမည်ကို ခေါ်လိုက်သည်။ ထို့နောက် တစ်ညဉ့်မျှ တည်းခိုခွင့်တောင်းသည်။ ရသေ့ကြီးက သူ့နာမည်ခေါ်ရမလားဟု စိတ်ဆိုးကာ နေရာမပေးနိုင်ဟု ငြင်းသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်က လူသည် လူရှိရာသို့ လာသည်။ ရဟန်းသည် ရဟန်းရှိရာ၌ တည်းခိုဖို့ တောင်းသည်ဟု ရှင်းပြသည်။ အဂ္ဂိဒတ္တက နဂါးကြီးနေသော သဲပုံရှိသည်ဟုပြောသည်။ အရှင်မဟာမောဂ္ဂလာန်

http://www.dhammadownload.com

ကိုယ်တော်ကြီးက "ငါ့အား ထိုနေရာကို ပေးလော့" ဟု ဆိုကာ နဂါးကြီးရှိရာသို့ သွားသည်။ နဂါးကြီးသည် မထေရ်မြတ်ကြီး သေစေရန် အခိုးအငွေ့များ အကြီးအကျယ် လွှတ်သည်။ အရှင်မြတ်ကလည်း တန်ခိုးတော်ဖြင့် အခိုးငွေ့များ ပြန်လွှတ်သည်။ အခိုးအငွေ့ဒဏ်နှင့် အပူရှိန်တို့ကြောင့် နဂါးသည်ဆက်၍ ရန်မပြုတော့ဘဲ သဲပုံကို အခွေဖြင့် ရစ်ပတ်ထားလိုက်သည်။ သဲပုံထက်၌ ရှိနေသော မထေရ်၏အပေါ်မှ ပါးပျဉ်းဖြင့် မိုးကာပေးထားသည်။

သေလောက်ပြီဟု တပည့်များလာကြည့်ကြရာ

နံနက်လင်းသောအခါ မထေရ်တော့ သေလောက်ပြီဟု တွေးကာ အဂ္ဂိဒတ္တနှင့် တပည့်များ လာကြည့်ကြသည်။ နဂါးကြီးက အရှင်မြတ်အား ပါးပျဉ်းဖြင့် မိုးကာ စောင့်ရှောက်ထားသဖြင့် တအံ့တသြ ဖြစ်သွားကြသည်။ မထေရ်၏ အစွမ်းကို ချီးမွမ်းနေကြစဉ် ဘုရားရှင် ကြွလာသည်။ အရှင်မောဂ္ဂလာန်မထေရ်က ဘုရားသည် သူ၏ ဆရာဖြစ်သည်ဟု မိန့်တော်မူလျက် ရသေ့တို့ရှေ့မှာပင် ဘုရားရှင်ကို ရှိခိုးအရိအသေပြုသည်။ "တပည့်သည်ပင် ဤမျှ တန်ခိုးကြီးသည်။ ဆရာ့တန်ခိုးကား ပြောဖွယ်မရှိတော့" ဟု ချီးမွမ်းကြလျက် ရသေ့တို့သည် ဘုရားရှင်ကို ရှိခိုးကြသည်။

ဘုရားရှင်သည် ရသေ့တို့အား ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အဂ္ဂိဒတ္တရသေ့ကြီးနှင့် တပည့်အားလုံး ရဟန္တာဖြစ်ကာ ဇဟိဘိက္ခုရဟန်းများ ဖြစ်သွားကြသည်။

၁၈၈။ ဗဟုံ ဇေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
၁၈၉။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
၁၉၀။ ယော စ ဗုဒ္ဓေ ဓမ္မေ စ၊ သံဃေ စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

ဂုံးထယ္ယမ်ာဒုံဖာ ယေးဖွံးဌိုဂ်းဂ္ဂ ယးယြားပ္ပန် းဇေန္ဒ်လပိဟာယာကဒ္ဒမ်ဇေ



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

၁၉၁။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။
၁၉၂။ တေ ခေါ သရဏံ ခေမံ၊ တေ သရဏမုတ္တမံ။
တေ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၁၈၈။ ဘေးရန်ကို ကြောက်ရွံ့ ထိတ်လန့်သူတို့သည် တော၊ တောင်၊ အရံ၊ ကျောက်တုံးကြီး၊ သစ်ကြီး၊ ဝါးကြီး စသည်တို့ကို ကိုးကွယ်ကြကုန်၏။

၁၈၉။ သူတို့ ကိုးကွယ်သော ထိုအရာအားလုံးတို့သည် ဘေးကင်းစေနိုင်သော အရာများမဟုတ်။ မြတ်သော ကိုးကွယ်ရာတို့လည်း မဟုတ်။ ဤသည်တို့ကို ကိုးကွယ်သည့်အတွက် မည်သူမျှ အို၊ နာ၊ သေခြင်း စသော ဆင်းရဲဒုက္ခမှ မလွတ်မြောက်ကုန်။

၁၉၀–၁၉၁။ သူတော်ကောင်းသည် ဘုရား၊ တရား၊ သံဃာ စသည်တို့ကို ကိုးကွယ် ဆည်းကပ်သည်။ ထိုသို့ ကိုးကွယ်ဆည်းကပ်သဖြင့် ဆင်းရဲခြင်း အမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွန်မြောက်ရာ အမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲခြင်းအားလုံး ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ ဟူသော အရိယ သစ္စာလေးပါးတို့ကို ဉာဏ်ဖြင့် ကောင်းစွာ သိမြင်နိုင်၏။

၁၉၂။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး ကိုးကွယ်ရာသည်သာ ဘေးကင်းစေနိုင်သော ကိုးကွယ်ရာအစစ်၊ မြတ်သော ကိုးကွယ်ရာဖြစ်သည်။ ဤရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းသည်သာလျှင် ဆင်းရဲခြင်းအားလုံးမှ လွတ်မြောက်ရာဖြစ်သည်။

အဂ္ဂိဒတ္တပုဏ္ဏားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ အရှင်အာနန္ဒာမထေရ်၏ အမေးဝတ္ထု

[ယောက်ျားအာဇာနည်ဟူသည် နေရာတိုင်း၌ မဖြစ်ပေါ်]

အရှင်အာနန္ဒာမထေရ်သည် ယောက်ျား အာဇာနည်တို့ ဖြစ်ပေါ်ရာ အရပ်ဒေသ၊ အမျိုးအနွယ် စသည်ကို သိလိုသဖြင့် ဘုရားရှင်ထံ မေးမြန်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ယောက်ျားအာဇာနည်သည် နေရာ ဒေသတိုင်း၌ ပေါ်ပေါက်လာနိုင်သည် မဟုတ်၊ ယောက်ျားအာဇာနည် ပေါ်ပေါက် လာလျှင် ထိုအရပ်ဒေသနှင့် အမျိုးအနွယ်သည် ချမ်းသာသုခ ရရှိခံစားရသည် ဟု ဖြေတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၉၃။ ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ၊
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။

ဒေသနာတော်၏အဓိပ္ပာယ်

၁၉၃။ ယောက်ျား အာဇာနည်သည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျား အာဇာနည်သည် နေရာဒေသတိုင်း၊ အမျိုးအနွယ်တိုင်း၌ မပေါ်ပေါက်နိုင်။ အကြင်အမျိုးအနွယ်၌ ယောက်ျားမြတ် အာဇာနည် ပေါ်ပေါက် လာခဲ့အံ့။ ထိုအမျိုးအနွယ်သည် ချမ်းသာသုခကို ရရှိခံစားရသည်။

အရှင်အာနန္ဒာမထေရ်၏အမေးဝတ္ထု ပြီး၏။

၈။ များစွာသော ရဟန်းများဝတ္ထု

[ချမ်းသာသုခအကြောင်း အမျိုးမျိုး ပြောနေကြသူများ]

ဇေတဝန်ကျောင်းတော်နေ ရဟန်းများစွာတို့သည် ချမ်းသာသုခနှင့် ပတ်သက်၍ အမျိုးမျိုး ပြောဆိုထင်ကြေးပေးနေကြသည်။ ရဟန်းအချို့က မင်းစည်းစိမ်သည် အဘယ်ချမ်းသာနှင့်မျှ မတူသော ချမ်းသာဖြစ်သည်ဟု

http://www.dhammadownload.com

လည်းကောင်း၊ ရဟန်း အချို့က ကာမဂုဏ်ချမ်းသာနှင့် ပြည့်စုံခြင်းသည် အချမ်းသာဆုံး ဖြစ်သည်ဟု လည်းကောင်း၊ အချို့က သလေးဆန် ကောင်းကောင်းဖြင့် အသားငါးဟင်း ကောင်းကောင်းစားရခြင်းသည်သာ ချမ်းသာဟု တစ်ပါးတစ်မျိုး ပြောဆိုကြသည်။

ဝဋ်ဆင်းရဲ၌ အကျုံးဝင်လျှင် ချမ်းသာမဟုတ်

ထိုစဉ် ဘုရားရှင် ကြွလာတော်မူကာ ရဟန်းတို့ပြောသော ချမ်းသာ အမျိုးမျိုးသည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်၍ ချမ်းသာစစ် ချမ်းသာမှန် မဟုတ်ဟု မိန့်တော် မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၁၉၄။ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊
သုခါ သံဃသ္သ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဒေသနာ၏အဓိပ္ပာယ်

၁၉၄။ ဘုရားရှင်တို့ ပွင့်ထွန်းလာခြင်းသည် ချမ်းသာခြင်း၏ အကြောင်း ဖြစ်သည်။ သူတော်ကောင်းတရား ဟောကြားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းမည်၏။ သံဃာတို့၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။ စိတ်သဘောထားချင်း ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းတည်း။

များစွာသောရဟန်းများဝတ္ထု ပြီး၏။

၉။ ကဿပဘုရားရှင်၏ စေတီဝတ္ထု

[စေတီတည်ထိုက်သူ လေးမျိုးနှင့် ပူဇော်ရကျိုးများ]

ဘုရားရှင်သည် သာဝတ္ထိပြည်မှ ဗာရာဏသီပြည်သို့ ကြွတော်မူစဉ် လမ်းခရီးအကြား တောဒေယျပုဏ္ဏားရွာအနီးရှိ နတ်ကွန်းသို့ ရောက်တော်

http://www.dhammadownload.com

မူသည်။ နတ်ကွန်းနှင့် မနီးမဝေး လယ်၌ လယ်ထွန်နေသော လယ်သမားကို ခေါ်ရန် အရှင်အာနန္ဒာကို စေလွှတ်တော်မူသည်။ လယ်သမား ပုဏ္ဏားသည် ရောက်လာသောအခါ ဘုရားရှင်ကို ရှိမခိုးဘဲ နတ်ကွန်းနေရာကို ရှိခိုးလေသည်။

စေတီနေရာဖြစ်၍ ရှိခိုးသူ

ဘုရားရှင်က အဘယ်ကြောင့် ဤနေရာကို ရှိခိုးသနည်းဟု မေးသော် ဘိုးဘေး အစဉ်အဆက်မှ ကိုးကွယ်လာသော စေတီနေရာဖြစ်၍ ရှိခိုးပါသည် ဟု လယ်သမားက ဖြေကြားသည်။ ထိုအခါ ဘုရားရှင်က "အသင်ကား ကောင်းသောအမှုပြုသူပေတည်း" ဟု ပုဏ္ဏားကို ချီးမွမ်းတော်မူသည်။

စေတီထိုက်သူလေးမျိုးနှင့် ပူဇော်ရကျိုး

ထို့နောက် ကဿပဘုရားရှင်၏ ရွှေစေတီတော်နှင့် အခြားသော စေတီ တော်ကို ကောင်းကင်၌ ဖန်ဆင်းပြတော်မူပြီး စေတီတည်ထိုက်သော **"ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စကြဝတေးမင်း"** တို့ အကြောင်းကို ဘုရားရှင်က ဟောတော်မူသည်။ ထိုစေတီထိုက်သောဘုရား စသည် ကိုယ်စား တည်ထား သော သရီရ စေတီတော်၊ ရုပ်ပွားဆင်းတု ဟူသော ဥဒ္ဒိဿစေတီနှင့် သင်္ကန်း၊ ပရိက္ခရာနှင့် ဗောဓိပင် စသော ပရိဘောဂစေတီတို့ကို ရှိခိုးပူဇော်ကာ လှူဒါန်း လျှင် သက်ရှိထင်ရှား ဘုရား စသည်ကို ပူဇော်ရခြင်း၏ အကျိုးနှင့် ထပ်တူ ခံစားရသည်ဟု မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော် မူသည်။

၁၉၅။ ပူဇာရဟော ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။
၁၉၆။ တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတော ဘယေ။
နဿ သက္ကာ ပုညဿ သခါတုံ၊ ကူမေတ္တမပိ ကေနစိ။

http://www.dhammadownload.com

ဒေသနာ၏ အဓိပ္ပာယ်

၁၉၅။ သူတော်ကောင်းသည် သံသရာ ချဲ့ထွင်သည့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို လွန်မြောက်ကာ စိုးရိမ်ပူဆွေးခြင်း ကင်းကုန်သော ဘုရားရှင်တို့နှင့် ဘုရားတပည့်သားတို့ကို ရိုသေစွာ ပူဇော်သည်။

၁၉၆။ ကိလေသာ ကင်းငြိမ်း၍ ကြောက်လန့်ခြင်းမရှိ ပူဇော်ထိုက်သော ဘုရား စသည်တို့ကို ပူဇော်သူ၏ ကောင်းမှုသည် ဤရွေ့ဤမျှဟု မည်သူမျှ ရေတွက်မပြနိုင်။

ဒေသနာတော်၏ အဆုံး၌ လယ်သမား ပုဏ္ဏားသည် သောတာပန် တည်လေ၏။

ကဿပဘုရားရှင်၏ စေတီဝတ္ထု ပြီး၏။

ဗုဒ္ဓဝဂ် ပြီးပြီ။



သိုးသားအစဉ်အဆက်မှ ကိုးကွယ်ထာသောစေတီကို လယ်သမားရှိနိုးနေစဉ်။

http://www.dhammadownload.com

သုခဝဂ်

သုခ = ချမ်းသာ၊ ဝဂ္ဂ = ဝဂ်၊ အစု။

ချမ်းသာသည် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟု အမျိုးမျိုး ရှိသော်လည်း လောကုတ္တရာ ချမ်းသာသည်သာ ချမ်းသာအစစ်ဟု ဟောကြားထားသော ဝတ္ထုနှင့် အသနာအစု။



၁။ ဆွေတော်မျိုးတော်တို့၏ ငြိမ်းချမ်းရေးဝတ္ထု

[ရေထက် လူ့အသက်တန်ဖိုးထားရန် ဟောတော်မူခြင်း]

ဘုရားရှင်၏ ဆွေတော်မျိုးတော် ဖြစ်ကြသော ကပိလဝတ်ပြည်သားများနှင့် ကောလိယ ပြည်သားတို့သည် နှစ်ပြည်ထောင်အကြား၌ ရောဟိဏီမြစ်မှ ရေကိုယူကာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကြရသည်။ နယုန်လတွင် ရောဟိဏီမြစ်ရေ နည်းသဖြင့် မြစ်ရေခွဲဝေယူရေး အဆင်မပြေဖြစ်ရာမှ လယ်သမားများ ရန် ဖြစ်ကြသည်။ တစ်ဦးချင်းဖြစ်ရာမှစပြီး ဆွေစုမျိုးစုလိုက်၊ ဆွေစုမျိုးစုမှ တစ်ဖန် နှစ်ပြည်ထောင်ရှိ မင်းတို့အထိ ရန်ပွဲမှာ ကျယ်ပြန့်သွားခဲ့သည်။

နှစ်ပြည်ထောင်သားတို့ စစ်ချီလာကြပြီ

နှစ်ပြည်ထောင်သား အားလုံးပင် ဘုရားရှင်၏ သာကီနွယ်ဖွား ဆွေမျိုးများ ဖြစ်ကြသည်။ ကောလိယ ပြည်သားတို့က "သင်တို့ ကပိလဝတ် ပြည်သားတို့သည် တိရစ္ဆာန်များကဲ့သို့ မောင်နှမအရင်းတို့ချင်း ပေါင်းသင်းနေထိုင်သူများ ဖြစ်သည်။ သင်တို့၏ လက်နက်များကို တို့ ကြောက်စရာမလို" ဟု ရေရွတ်ပြောဆိုကြသည်။ ကပိလဝတ် ပြည်သားတို့ကလည်း "သင်တို့

http://www.dhammadownload.com

ကောလိယ ပြည်သားတို့သည် ပြည်နှင်ဒဏ်ခံရ၍ နေစရာမရှိသူ နူနာစွဲသူတို့ နေရာ၌ နေရပြီး တိရစ္ဆာန်တို့ကဲ့သို့ ကလောပင်အခေါင်း၌ ခိုအောင်းနေထိုင်ခဲ့ကြရသူများ ဖြစ်သည်။ သင်တို့၏ လက်နက်များကိုလည်း တို့ ကြောက်စရာမလို" ဟု ပြန်လည် ပြောဆိုကြိမ်းမောင်းကြသည်။ ဤသို့ အမျိုးဇာတိကို ထိခိုက် ပြောဆိုကြပြီး * နောက် "တို့အကြောင်း သိစေရမည်" ဟုဆိုကာ စစ်ပွဲကြီး ဆင်နွဲရန် နှစ်ဖက်စစ်ချီလာခဲ့ကြသည်။

လက်နက် စွန့်လွှတ်လိုက်ကြပြီ

ဘုရားရှင်သည် နှစ်ပြည်ထောင်သား ဆွေတော်မျိုးတော်တို့ စစ်ခင်းကြလျှင် အကြီးအကျယ် ထိခိုက်ပျက်စီးဆုံးရှုံးမည့်အရေးကို မြင်တော်မူသဖြင့် ဂန္ဓကုဋ္ဌီကျောင်းတော်မှ ထွက်ကာ တစ်ပါးတည်း ကြွတော်မူလာခဲ့သည်။ နှစ်ဖက်စစ်သည်တို့အကြား ရောဟိဏီပြစ်၏ အထက်ကောင်းကင်ယံ၌ ထက်ဂယ် ဖွဲ့ခွေ သီတင်းသုံးတော်မူနေပြီး နှစ်ပြည်ထောင်သားတို့ ထိတ်လန့်မှုသံဝေဂဖြစ်စေရန် နီလရောင်ခြည်တော်ကို လွှတ်တော်မူသည်။ နီလရောင်ခြည်တော်ကြောင့် နေ့ခင်းကြောင်တောင် အမှောင်ထုကြီး ဖြစ်ပေါ်သွားတော့သည်။ ထို့နောက် ကိုယ်တော်ကို မြင်စေရန် အဆင်းခြောက်ပါးရှိ ရောင်ခြည်တော်များ လွှတ်တော်မူသည်။ နှစ်ပြည်ထောင်သားတို့ ဘုရားရှင်ကို ဖူးမြင်ကြရပြီး လက်နက်များ စွန့်ပစ်ကြ၍ ဘုရားရှင်ကို ရှိခိုးကြတော့သည်။

မညီညွတ်မှုနှင့် ညီညွတ်မှု၏ အကျိုး

ဘုရားရှင်သည် တိုက်ခိုက်ရန် စစ်ချီလာရာမှ လက်နက်များ စွန့်လွှတ်ကာ ရှေ့တော်သို့ ရောက်ရှိလာသော နှစ်ဖက်ဆွေတော်မျိုးတော်တို့အား ရေနှင့် လူသားတို့တွင် လူသားတို့က တန်ဖိုးရှိ၍ ရန်ဘက်မပြုကြရန် ဆုံးမတော်မူသည်။ ထို့နောက် မညီညွတ်၍ နှစ်ဖက် ပျက်စီးဆုံးရှုံးရသော ဖန္ဒနဇာတ်၊

---

* သာကိဝင်တို့သည် အမျိုးနွယ် မပျက်စီးစေရန် မောင်နှမအရင်းတို့ အိမ်ထောင်ဘက်ပြုကြသည်။ ကောလိယ ပြည်၌ ပိယအမည်ရှိ နူနာသည်မင်းသမီးနှင့် နူနေ၍ တိုင်းပြည်မှ နှင်ထုတ်ခံရသူ ရာမမင်းတို့ နေဖူးသည်။

http://www.dhammadownload.com

ဒုဒ္ဒုဘဇာတ်နှင့် လဋ္ဌကိဇာတ်တော်တို့ကို လည်းကောင်း၊ ညီညွတ်၍ အကျိုးရှိပုံပြသော ရက္ခဓမ္မဇာတ်နှင့် ဝဋ္ဋကဇာတ်တော်တို့ကို လည်းကောင်း ဟောတော်မူသည်။

ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့အား ဆုံးမပြီးနောက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ များစွာသောသူတို့ သောတာပန် စသည် ဖြစ်သွားကြသည်။

၁၉၇။ သုသုခံ ဝတ ဇိဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။
၁၉၈။ သုသုခံ ဝတ ဇိဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။
၁၉၉။ သုသုခံ ဝတ ဇိဝါမ၊ ဥဿုက္ကေသု အနုဿုကာ။
ဥဿုက္ကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

ဒေသနာ၏အဓိပ္ပာယ်

၁၉၇။ ရန်ပြုတတ်သူတို့အလယ်၌ ရန်မပြုဘဲ ချမ်းသာစွာ ငါတို့ နေကုန်၏။ အမုန်းများ၍ ရန်ပွားတတ်သူတို့အလယ်၌ မေတ္တာရှေ့ထား ရန်မပွားဘဲ ငါတို့ နေကုန်၏။

၁၉၈။ ကိလေသာအနာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနာ အနှိပ်စက်မခံရဘဲ ချမ်းသာစွာ ငါတို့ နေကြကုန်၏။ ကိလေသာအနာရှိသူတို့ အလယ်၌ ကိလေသာအနာ ကင်းစွာ ငါတို့ နေကြကုန်၏။

၁၉၉။ ကာမဂုဏ်ကို လုံ့လစိုက်သူတို့အလယ်၌ ကာမဂုဏ်ကို လုံ့လ မစိုက်ဘဲ ချမ်းသာစွာ ငါတို့ နေကြကုန်၏။ ကာမဂုဏ်အတွက် လုံ့လစိုက်သူတို့အလယ်၌ ကာမဂုဏ်အတွက် ကြောင့်ကြကင်းစွာ ငါတို့ နေကြကုန်၏။

ဆွေတော်မျိုးတော်တို့၏ ငြိမ်းချမ်းရေးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ မာရ်နတ်ဝတ္ထု

[ဘုရားရှင်ကို ဆွမ်းမလောင်းနိုင်အောင် ပူးကပ်နှောင့်ယှက်သူ]

ပဋ္ဌသာလာသည် မဂဓတိုင်းအတွင်းမှ ပုဏ္ဏားရွာတစ်ရွာ ဖြစ်သည်။ ဘုရားရှင်သည် ထိုရွာကို အမှီပြု၍ သိတင်းသုံးနေတော်မူစဉ် ရွာသူအမျိုးသမီး ငါးရာတို့ တရားရမည်ကို မြင်တော်မူ၍ ရွာတွင်းသို့ ဆွမ်းခံကြွသည်။ မာရ်နတ်ပူးဝင် နှောင့်ယှက်ထား၍ ရွာသူရွာသားတို့က ဘုရားရှင်အား တစ်ဦးတစ်ယောက်မျှ ဆွမ်းမလောင်းကြချေ။

မာရ်နတ်နှင့် ဘုရားရှင်တို့ ရွာတံခါးဦး ဆုံကြစဉ်

ဘုရားရှင်သည် ရွာမှ ပြန်ကြွလာစဉ် ရွာတံခါးဦး မာရ်နတ်နှင့် တွေ့ရသည်။ မာရ်နတ်က ဆွမ်းရရှိခဲ့ပါ၏လော။ မရခဲ့လျှင် နောက်တစ်ခေါက် ပြန်ကြွပါ။ ဆွမ်းရပါလိမ့်မည်ဟု သူ့လုပ်ရပ်ကို သူမသိသည်သော ဘုရားရှင်ကို လှောင်ပြောင်သည့်သဘောဖြင့် မေးသည်။ ထိုအချိန်၌ နက္ခတ်ပွဲ သဘင်ခွဲရန် ရေချိုးပြီး ပြန်လာသော ရွာသူငါးရာတို့ ရွာတံခါးသို့ ပြန်ရောက် လာကြသည်။ ဘုရားရှင်ကို တွေ့သောအခါ ရိုသေစွာ ရှိခိုးကြသည်။ ထိုအခါ မာရ်နတ်သည် "ဆွမ်းမရသဖြင့် ဆာလောင်မှု၏ ဒဏ်ခံနေရပြီလား" ဟု ဘုရားရှင်ကို မေးသည်။

အမျိုးသမီးငါးရာ သောတာပန်ဖြစ်ပြီ

ဘုရားရှင်က "မာရ်နတ်၊ ငါတို့သည် ဆွမ်းတစ်စုံတစ်ရာ မရခဲ့သော်လည်း အာဘာသရာဘုံသား ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသော အစာဖြင့် ချမ်းသာစွာ နေနိုင်ကြကုန်၏" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ အမျိုးသမီး ငါးရာတို့ သောတာပန် ဖြစ်တော်မူကြသည်။

၂၀၀။ သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၀၀။ စိုးရိမ်ကြောင့်ကြစရာ တစ်စုံတစ်ခုမျှ မရှိဘဲ ငါတို့သည် ချမ်းသာစွာ အသက်မွေး နေနိုင်ကြ၏။ အာဘာသရာဘုံသား ဗြဟ္မာတို့သည် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတည်းဟူသော အစာဖြင့် နေနိုင်ကြသကဲ့သို့ ငါတို့သည် ပီတိတည်းဟူသော အစာကိုစား၍ နေကြကုန်၏။

မာရ်နတ်ဝတ္ထု ပြီး၏။

၃။ ကောသလမင်း စစ်ရှုံးသောဝတ္ထု

[ပြိုင်ဆိုင်ရာ၌ နိုင်သူသည် ရန်များ၍ ရှုံးသူ စိတ်ဆင်းရဲရသည်]

ပသေနဒီ ကောသလမင်းသည် ဖခင် မဟာကောသလ မင်းကြီး လက်ထက်က ဗိမ္ဗိသာရမင်းကြီးကို နှမတော် ဝေဒေဟီနှင့် လက်ထပ်ပေးစဉ်က လက်ဖွဲ့ခဲ့သော ကာသိရွာကို အကြောင်းပြုကာ တူတော်သူ အဇာတသတ်မင်းနှင့် စစ်သုံးကြိမ်ဖြစ်သည်။ သုံးကြိမ်စလုံး စစ်ရှုံးသည်။ အဇာတသတ်၏ မိခင် ဝေဒေဟီသည် ပသေနဒီ ကောသလမင်း၏ နှမတော်အရင်းဖြစ်သည်။ သားတော်ကြောင့် ဗိမ္ဗိသာရမင်းကြီး ကွယ်လွန်ပြီးနောက် အဇာတသတ်၏ မိခင်သည် စိတ္တဇနာဖြင့် ကွယ်လွန်သွားခဲ့သည်။ ယောက်ဖနှင့် နှမတို့ ကွယ်လွန်ပြီးနောက် ကာသိရွာကို ပြန်ရလို၍ တူတော်မောင် အဇာတသတ်နှင့် စစ်တိုက်ရာ တိုက်တိုင်းရှုံး၍ စိတ်မကောင်းဖြစ်သည်။ နို့နှံ့မှ မစင်သေးသူကို နိုင်အောင် မတိုက်နိုင်လျှင် အသက်ရှင်နေ၍ အကြောင်းမထူးဟု စိတ်ကူးကာ အစာမစားဘဲ အိပ်နေသည်။

ရပ်ကျော်ရွာကျော်မှ တိုင်းသိပြည်သိဖြစ်လာ

ကောသလမင်းကြီး စိတ်မချမ်းမသာဖြစ်ကာ အစာမစားဘဲနေသည့် အကြောင်းသည် ရပ်ရွာမှသည် တိုင်းကျော်ပြည်ကျော် ဖြစ်သွားသည်။ ရဟန်း

http://www.dhammadownload.com

တော်တို့ပါ ဤကိစ္စကို ကြားသိသွားကြသဖြင့် ဘုရားရှင်ထံ ကောသလ မင်းကြီးအကြောင်း လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာ တော်ကို ဟောတော်မူသည်။

၂၀၁။ ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော၊
ဥပသန္တော သုခံ သေတိ၊ ဟိတ္ဝာ ဇယပရာဇယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၁။ အတိုက်အခိုက် အတုအပြိုင်ဟူသမျှ၌ အနိုင်ရသူသည် ရန်ပွား ရန်များ၏။ ရှုံးသူသည် စိတ်ဆင်းရဲ ငြိုငြင်ရ၏။ ကိလေသာ ငြိမ်းပြီးသူသည် အနိုင်အရှုံးနှစ်မျိုးစလုံးကို ပယ်ထားပြီးဖြစ်၍ ချမ်းသာသည်။

ကောသလမင်း စစ်ရှုံးသောဝတ္ထု ပြီး၏။

၄။ ခင်ပွန်း၏ စွဲလမ်းစွာ ချစ်ခြင်းခံရသူဝတ္ထု

[ရာဂအပူမီးလောင်နေရာမှ တရားနာရ၍ ငြိမ်းအေးသွားကြသူများ]

သာဝတ္ထိမြို့တော်တွင် အမျိုးအနွယ်တူ သတို့သားတစ်ဦးနှင့် သတို့ သမီး တစ်ဦးတို့ လက်ထပ်ပွဲ ကျင်းပပြီးနောက် မင်္ဂလာ အထိမ်းအမှတ် ဆွမ်းကျွေးပွဲ ပြုလုပ်ကြသည်။ ဘုရားရှင်နှင့် သံဃာတော်များ ကြွလာသဖြင့် အမျိုးသမီးသည် ဗုဒ္ဓနှင့် သံဃဝေယျာဝစ္စများကို အားကြိုးမာန်တက် ဆောင် ရွက်နေသည်။

သတို့သမီးကိုသာ ကြည့်နေသူ

သတို့သားသည် ဘုရားရှင်နှင့် သံဃာတော်တို့အတွက် တစ်စုံတစ်ရာ လုပ်ငန်းကိုမျှ မဆောင်ရွက်ဘဲ သတို့သမီး၏ သွားပုံလာပုံ လှုပ်ရှားနေပုံကို သာ တဏှာရာဂစိတ်ဖြင့် တပ်တပ်မက်မက် စွဲစွဲလမ်းလမ်းနှင့် လိုက်လံကြည့်

http://www.dhammadownload.com

နေသည်။ ကြည့်နေရုံဖြင့် အားမရဖြစ်ကာ ပ...တ်များရှေ့၌ပင် သတို့သမီးကို ဆွဲကိုင်ဖက် လိုသော တဏှာရာဂစိတ်... ဖြစ်ပေါ် ကြွစည်နေသည်။ ဘုရားရှင်သည် သတို့သား၌ ဖြစ်ပေါ်နေသော...လိုဆန္ဒကို သိတော်မူသဖြင့် သတို့သမီးကို သတို့သားက မမြင်နိုင်အောင် တန်ခိုးတော်ဖြင့် ဖုံးကွယ်ထားလိုက်သည်။ သတို့သားသည် သတို့သမီးကို မမြင်မတွေ့ရသဖြင့် ဘုရားရှင်ထံ လာရောက်ဖူးမြော် ဦးချကန်တော့သည်။

နှစ်ဦးစလုံး သောတာပန်ဖြစ်ကြပြီ

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူရာ သတို့သားရော သတို့သမီးပါ နှစ်ဦးစလုံး သောတာပန် ဖြစ်သွားကြရသည်။ နှစ်ဦးစလုံး သောတာပန်ဖြစ်ပြီးနောက်မှသာ သတို့သားနှင့် သတို့သမီးတို့ တစ်ယောက်ကိုတစ်ယောက် မြင်တွေ့သွားကြတော့သည်။

၂၀၂။ နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၂။ ရာဂနှင့်တူသော အပူမီးသည် မရှိ၊ ဒေါသနှင့်တူသော အပြစ်သည် မရှိ၊ ခန္ဓာကိုယ်ကို ရွက်ဆောင်ရခြင်းနှင့်တူသော ဆင်းရဲခြင်းသည် မရှိ။ ကိလေသာငြိမ်းရာ နိဗ္ဗာန်ထက် သာလွန်သော ချမ်းသာသည်မရှိ။

ခင်ပွန်း၏ စွဲလမ်းစွာ ချစ်ခြင်းခံရသူဝတ္ထု ပြီး၏။

၅။ နွားပျောက်သော ဥပါသကာဝတ္ထု

[ဆာလောင်မှု ပြေပျောက်မှ တရားနာ၍ တရားရသွားသူ]

အာဠဝီမြို့သား ဆင်းရဲသားတစ်ယောက် တရားရမည့်အရေးကို မြင်တော်မူသဖြင့် နောက်ပါ ရဟန်းတော်များနှင့်အတူ ဘုရားရှင်သည် အာဠဝီ

http://www.dhammadownload.com

မြို့သို့ ကြွတော်မူလာသည်။ အာဠဝီမြို့သူမြို့သားတို့သည် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဘောဇဉ် ချိုချဉ်ရသာစုံတို့ဖြင့် ဆွမ်းကပ်လှူဒါန်းပြီး တရားနာရန် ပြင်ဆင်နေကြသည်။ အဓိကထား ရည်ရွယ်ခဲ့သူ ဆင်းရဲသား ဒါယကာ တစ်ယောက် ပရိသတ်အတွင်း ရောက်မလာသေး၍ ဘုရားရှင်သည် ဆွမ်းအနုမောဒနာတရားတော်ကို ဟောကြားခြင်းမပြုသေးပေ။

ပျောက်သောနွား ပြန်တွေ့၍ ပြန်လာပြီ

ဘုရားရှင် အဓိကထားခဲ့သူ ဆင်းရဲသား၊ ဒါယကာသည် နွားပျောက်သွားသဖြင့် မနက်စောစောကပင် နွားရှာရန် ထွက်သွားခဲ့သည်။ နွားကို ပြန်တွေ့သောအခါ နွားအုပ်အတွင်း ထိုနွားကို မောင်းထည့်ထားခဲ့ပြီး တရားနာရာသို့ ရောက်လာသည်။ ဆာလောင်လွန်းနေသူသည် တရားနာသော်လည်း တရား၌ စိတ်မဝင်စားနိုင်မည်ကို သိသဖြင့် ထိုဆင်းရဲသား ဒါယကာအား ရဟန်းသံဃာတို့ ကပ်လှူပြီး ကျန်သော ထမင်းဟင်းများဖြင့် ကျွေးရန် အလှူရှင်များအား ဘုရားရှင်က မိန့်ကြားသည်။ ထမင်းစားသောက်ပြီး ထိုဒါယကာ ရောက်လာမှ ပြုခဲ့သော ကောင်းမှု အစုစုအတွက် ဘုရားရှင်က အနုမောဒနာတရား ဟောတော်မူသည်။

ထိုဆင်းရဲသားဒါယကာသည် ဆာလောင်မှု ကင်းပျောက်၍ စိတ်နလုံးတည်တည်ကြည်ကြည်ဖြင့် တရားနာကြား၍ တရားသိကာ သောတာပန်ဖြစ်သွားသည်။

ရဟန်းတော်များက "ဘုရားရှင်သည် အစာအာဟာရ ဆာလောင်နေသူအား အစားအစာ ကျွေးမွေးစေပြီးမှ တရားဟောတော်မူသည်" စသည်ဖြင့် ပြောဆိုနေကြ၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၀၃။ ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရ ပရမာ ဒုခါ၊
ဧတံ ဉတ္ဝာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၃။ ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါဖြစ်သည်။ သင်္ခါရ တရားတို့သည် အလွန်ကဲဆုံးသော ဒုက္ခဆင်းရဲ ဖြစ်သည်။

http://www.dhammadownload.com

ဤအကြောင်းကို မှန်ကန်စွာ သိသဖြင့် ပညာရှိသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်။ နိဗ္ဗာန်သည် ချမ်းသာတကာတို့ထက် လွန်မြတ်သော ချမ်းသာဖြစ်သည်။

နွားပျောက်သော ဥပါသကာဝတ္ထု ပြီး၏။

၆။ ပသေနဒီ ကောသလမင်းဝတ္ထု

[အစားလျှော့စား၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြစ်လာသူ]

ပသေနဒီ ကောသလမင်းသည် ပွဲတော် တစ်ခါတည်လျှင် ဆန်တစ်စိတ်ချက်ကုန်အောင် စားသူဖြစ်သည်။ ဟင်းပွဲများမှာလည်း ထမင်းနှင့် လိုက်ဖက်အောင် အလွန်များသည်။ သူ့အမည်၏ အဓိပ္ပာယ်မှာ နံဘေးတစ်ဖက်တစ်ချက်၌ မြစ်ကြီးရှိသူဟု အဓိပ္ပာယ်ရှိသည်။

ဘုရားရှင်ရှေ့၌ ငိုက်မျဉ်းနေခဲ့

တစ်နေ့တွင် နံနက်စာ ပွဲတော်တည်ပြီးနောက် ဘုရားရှင်ထံသွားရာ စားခဲ့သော အစာများ၍ ထမင်းဆီယစ်နေသဖြင့် ဘုရားရှင် ရှေ့တော်၌ ငိုက်မျဉ်းကာ တသမ်းသမ်း တဝေဝေဖြင့် ထုံထုံထိုင်းထိုင်း ဖြစ်နေသည်။ ထိုအခါ ဘုရားရှင်က "အခါခပ်သိမ်း သတိရှိပြီး စားသောက်ဖွယ်တို့ရာ၌ အတိုင်းအရှည် ပမာဏကို သိသူအား ရောဂါဝေဒနာ နည်းပါးသည်။ အစာလည်း ကြေညက်သည်" ဟု ဆုံးမစကား ဟောကြားတော်မူသည်။ ကောသလမင်းကြီး ဘုရားရှင် ဟောကြားသော ဆုံးမစကားကို ထိုင်းမှိုင်းကာ မမှတ်သားနိုင်သဖြင့် တူတော်သူ သုဒဿနလုလင်ကို သူ့ကိုယ်စား မှတ်သားခဲ့ရန် တာဝန်ပေးသည်။

တစ်စိတ်ချက်မှ တစ်စလယ်ချက်သာ စားတော့ပြီ

ဘုရားရှင်သည် သုဒဿနလုလင်အား မင်းကြီး ပွဲတော်တည်စဉ်နောက်ဆုံး ထမင်းလုတ်စားခါနီး ဆုပ်နယ်နေစဉ်၌ ရွတ်ဆိုရမည့် စကား

http://www.dhammadownload.com

နှင့် ဆောင်ရွက်ရမည့်ကိစ္စကို သင်ပေးလိုက်သည်။ လုလင်ကလည်း ဘုရားရှင် သင်ပေးလိုက်သည့်အတိုင်း မင်းကြီး ပွဲတော်တည်သောအခါ နောက်ဆုံး ထမင်းလုတ်စားမည့်အချိန်တွင် ဆုံးမစကားကို ရွတ်ဆိုပြသည်။ သို့ဖြင့် မင်းကြီးသည် နောက်ဆုံး ထမင်းတစ်လုတ်ကို ပွဲတော်တည်တိုင်း မစားတော့ပေ။ မင်းကြီး ပွဲတော်အတွက် ချက်တိုင်း ချက်တိုင်းသော ဆန်ကို တစ်လုတ်စာ တစ်လုတ်စာ လျှော့၍ လျှော့၍ ချက်ခဲ့ရာမှ ဆန်တစ်စိတ်ချက်စားသော မင်းကြီးသည် အချိန်ကြာလာသောအခါ တစ်စလယ်ချက်ဖြင့်သာ တင်းတိမ်လာခဲ့တော့သည်။

ဘုရားရှင်၏ နည်းလမ်းအတိုင်း အစာစားခဲ့၍

တစ်နေ့တွင် မင်းကြီးသည် ဘုရားရှင်ထံသို့ အဖူးအမြော်ဝင်ရင်း ဤသို့ လျှောက်ထားလေသည်။ "အရှင်ဘုရား၊ တပည့်တော်သည် ယခုအခါ ပေါ့ပါးသွက်လက်သော ကိုယ်ခန္ဓာရှိပါပြီ။ လုပ်ဆောင်စရာရှိသည်များကိုလည်း လျင်လျင်မြန်မြန် ပေါ့ပေါ့ပါးပါးဖြင့် ဆောင်ရွက်နိုင်ပါပြီ။ အစားကြောင့် ဝိုက်မျဉ်းခြင်း မရှိတော့ပါ။ ကာသိရွာကို အကြောင်းပြုပြီး တူတော် အဇာတသတ်နှင့် စစ်ပွဲဆင်နွှဲရခြင်းမှလည်း ကင်းဝေးသွားပါပြီ။ သမီးတော် ဝဇိရကုမာရီကို အဇာတသတ်ထံ ဆက်သလျက် ကာသိရွာကို ပြန်မတောင်းတော့ပါ။ သမီးတော်အတွက် ရေချိုးကသယ်မှန့်ဖိုးအဖြစ် ပေးလိုက်ပါပြီ။ ပျောက်သွားသော ဘိုးစဉ်ဘောင်ဆက် နန်းစဉ်ပတ္တမြားလည်း ပြန်ရပါပြီ။ အရှင်ဘုရားနှင့်တကွ တပည့်သား သာဝကတို့နှင့် အကျွမ်းဝင်လိုသဖြင့် သကျမင်းသမီးတစ်ပါးကိုလည်း နန်းတော်သို့ ဆောင်ယူပြီး ဖြစ်ပါသည်။ ဘုရားရှင်ပေးသော အစာစားသည့်နည်းလမ်းအတိုင်း အစာစားခဲ့ရခြင်း၏ အကျိုးတရားကား များပြားကြီးမားလှပါပေ၏။ တပည့်တော့် စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိပါပြီ"

ထိုအကြောင်းနှင့်စပ်၍ ဘုရားရှင်က ပဿေနဒိကောသလ မင်းကြီးအား ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသော သူတို့ သောတာပန် စသည် ဖြစ်ကြလေ၏။

http://www.dhammadownload.com

၂၀၄။ အာရောဂျပရမာ လာဘာ၊ သန္တုဋ္ဌိပရမံ ဓနံ။
ဝိဿာသပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၄။ အနာရောဂါ ကင်းခြင်းသည် လာဘ်တကာ့ လာဘ်တို့တွင် အမွန်မြတ်ဆုံး လာဘ်ဖြစ်သည်။ ဥစ္စာဓနတို့တွင် တင်းတိမ်ရောင့်ရဲခြင်းသည် အမွန်မြတ်ဆုံး ဥစ္စာဓန ဖြစ်သည်။ အကျွမ်းတဝင် ခင်မင်သူသည် အကောင်းဆုံးသော ဆွေမျိုးဖြစ်သည်။ နိဗ္ဗာန်သည် အမွန်မြတ်ဆုံး ချမ်းသာဖြစ်သည်။

ပသေနဒီကောသလမင်းဝတ္ထု ပြီး၏။

၇။ တိဿမထေရ်ဝတ္ထု

[ရောဂအပူနှင့် မကောင်းမှု ဟူသော အပူကင်းသူ]

ဤတိဿမထေရ်ဝတ္ထုသည် အတ္တဝဂ်၊ ဝတ္ထုအမှတ်စဉ် ၁၀၊ အတ္တဒတ္ထမထေရ်ဝတ္ထုနှင့် တူသည်။ (စာမျက်နှာ ၃၆၇ ၌ ကြည့်) အတ္တဒတ္ထမထေရ်အစား တိဿမထေရ်ဟုသာ ကွဲပြားသည်။ ဒေသနာတော်မှာ ဤသို့ဖြစ်သည်။

၂၀၅။ ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၅။ ဆိတ်ငြိမ်ရာဌာနရသော တရားအရသာကို လည်းကောင်း၊ ကိလေသာအပူငြိမ်းရာ နိဗ္ဗာန်၏ အရသာတို့ကို လည်းကောင်း ခံစားရသူသည် တရား၏ အစွမ်းကြောင့် နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသုခကို ခံစားရသည့်

http://www.dhammadownload.com

အတွက် ရာဂ စသော အပူလည်းကင်း၏။ မကောင်းမှု ဟူသော အပူလည်းကင်း၏။

တိသမထေရ်ဝတ္ထု ပြီး၏။

၈။ ဘုရားရှင်အား သိကြားမင်း ပြုစုသောဝတ္ထု

[မကျန်းမမာဖြစ်နေသော ဘုရားရှင်အား သိကြားမင်းပြုစုပုံ]

ဘုရားရှင်သည် ဝေဠုဝရွာ၌ နှောက်ဆုံး ဝါကပ်တော်မူစဉ် ဝါဆိုလလောက်မှစပြီး မကျန်းမမာဖြစ်တော်မူသည်။ ဘုရားရှင် အာယုသင်္ခါရ (အသက်ကို ပြုပြင်စောင့်ရှောက်သော ဖလသမာပတ်ဝင်စားမှု) စွန့်လွှတ်ပြီးနောက် သွေးဝမ်းသွန်သောဝေဒနာ ဖြစ်ပေါ်လာသည်။ သိကြားမင်းသည် ဘုရားရှင်ထံ လာရောက်၍ ပြုစုသည်။ ဘုရားရှင်၏ ခြေတော်တို့ကို ဆုပ်နယ်ပေးနေစဉ် ဘုရားရှင်က မေး၍ သိကြားမင်း ဖြစ်ပါကြောင်း၊ ဘုရားရှင်ကို ပြုစု လုပ်ကျွေးရန် လာပါကြောင်း ပြန်လည် လျှောက်ထားသည်။

ဘုရားရှင် ကျန်းမာသောအခါ

ထိုအခါ ဘုရားရှင်က "သိကြားမင်း၊ လူတို့၏အနံ့သည် လည်ပင်း၌ ဆွဲထားသော အကောင်ပုပ်၏ အနံ့ကဲ့သို့ နတ်တို့ ခံစားရသည် မဟုတ်လော။ သိကြားမင်း ပြန်ပါတော့။ ငါ့အား ပြုစုလုပ်ကျွေးမည့် ရဟန်းသံဃာများများစွာ ရှိကြသည်" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ သိကြားမင်းက "အရှင်ဘုရား၏ သီလရနံ့သည် မြင်းမိုရ်တောင်ထိပ်မှပင် ခံယူ၍ရပါသဖြင့် ပြုစုရန် လာခဲ့ပါသည်" ဟု ပြန်လည် လျှောက်ထားပြီး ဘုရားရှင်၏ အညစ်အကြေးထည့်ထားသည်များကို သယ်ယူ စွန့်ပစ်သည်။ ဘုရားရှင် ကျန်းမာလာသော အခါ သိကြားမင်း ပြန်သွားလေသည်။

http://www.dhammadownload.com

ရဟန်းတော်တို့က သိကြားမင်းသည် ဘုရားရှင်အပေါ် ချစ်ကြည် မြတ်နိုးလှ၏။ ဘုရားရှင်၏ ကိုယ်လက်တော် သုတ်သင်သည့် အညစ်အကြေးအိုးကို ဦးခေါင်းဖြင့် ရွက်ဆောင်လျက် လုပ်ကျွေး၏ဟု ပြောကြားနေကြသည်။ ထိုအခါ ဘုရားရှင်က သက္ကပဉ္ဉာသုတ်ကို ဟောစဉ်က သိကြားမင်း သောတာပန်ဖြစ်ကာ သက်တမ်းကုန်သွားခဲ့ပုံနှင့် ဘဝသစ်ဖြင့် သိကြားပျိုဘဝ ရောက်ခဲ့ရပုံတို့ကို မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၀၆။ သာဟု ဒဿန မရိယာနံ၊ သန္ဓိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။
၂၀၇။ ဗာလသင်္ဂတစာရီ ဟိ၊ ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။
၂၀၈။ တသ္မာ ဟိ...
ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊
ဓောရယှသီလံ ဝတဝန္တ'မရိယံ။
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊
ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၆။ အရိယာ သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်းကျိုးချမ်းသာ[illegible] ပေးတတ်သဖြင့် ကောင်းမြတ်၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်း[illegible]ည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့ကို မတွေ့[illegible]မြင်[illegible]ခြင်းသည် အမြဲချမ်းသာ၏။

၂၀၇။ လူမိုက်နှင့် ပေါင်းဖော်လှည့်လည်သူသည် ကာလရှည်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် ပေါင်းဖော်ခြင်းသည် ရန်သူနှင့် နေရသကဲ့သို့ အမြဲဆင်းရဲရ၏။ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် ဆွေမျိုးတို့နှင့် ပေါင်းဖော်နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

၂၀၈။ ထို့ကြောင့်ပင် တည်လည်း တည်ကြည်၊ ပညာလည်းရှိ၊ အကြားအမြင်လည်းများ၊ မင်္ဂတည်းဟူသော ဝန်ကို ဆောင်လျက် နိဗ္ဗာန်ရောက်

http://www.dhammadownload.com

ကြောင်းကိုလည်း ညွှန်ပြတတ်၊ သီလ၊ ဓုတင် ဖြူစင်သော အကျင့်လည်း ရှိသော ပညာရှိ သူတော်သူမြတ်ကို လမင်းသည် နက္ခတ်တာရာတို့သွားရာ လမ်းကြောင်းကို အစဉ်လိုက်သကဲ့သို့ သင်တို့သည် အစဉ်လိုက်၍ ဆည်းကပ်ကြကုန်လော့။

ဘုရားရှင်အား သိကြားမင်း ပြုစုသောဝတ္ထုပြီး၏။

သုခဝဂ် ပြီး၏။



ဘုရားရှင်အား အင်္ဂုပ်အကျေးပြုရန်လာသော သိကြားမင်း။

http://www.dhammadownload.com

ဝိယဝဂ်

ဝိယ = ချစ်ခင်မှု၊ ဝဂ္ဂ = ဝဂ်၊ အစု။
အချစ်ကြောင့် လောဘ၊ ဒေါသ၊ ဘယတို့ ဖြစ်ကြရလုံ့၊ အချစ်မရှိသော
ရဟန္တာတို့၌ ထိုတရားများမရှိပုံ ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ သား၊ အမိ၊ အဖ သုံးယောက် ရဟန်းပြုသောဝတ္ထု

**[လုပ်သင့်သည့်အလုပ် မပြုလုပ်၍
ကောင်းကျိုး ဆုံးရှုံးရသူများ]**

သာဝတ္ထိပြည်မှ သား၊ အမိ၊ အဖ သုံးဦးသာရှိသော မိသားစုတစ်စုသည် ရဟန်းများကို အမြဲသို့ပင်ကာ ဆွမ်းကျွေးသည်။ ရဟန်းတော်တို့ ဟောကြားသော ကရားတော်ကို နာကြားရသဖြင့် ရဟန်းပြုရန် သားက မိဖတို့ကို ပန်ကြားသည်။ မိဖတို့က တစ်ဦးတည်းသော သားကို မခွဲနိုင်၍ ရဟန်းပြုခွင့်မပေး။ အမိအဖ နှစ်ဦးစလုံးက သားကို မျက်ခြည်အပြတ်မခံဘဲ တစ်ယောက်တလဲ စောင့်ရှောက်ထားကြသည်။

သုံးဦးစလုံး ရဟန်းဖြစ်သွားကြပြီ

တစ်နေ့တွင် အဖဖြစ်သူ အပြင်သွားနေသဖြင့် အမိက ချည်ငင်ရင်း တံခါးတစ်ဖက်ကို ကျောမှီ၍ အခြားတံခါးတစ်ဖက်ကို ခြေဖြင့်ကန်ထားကာ ပိတ်ဆို့ပြီး စောင့်နေသည်။ သားဖြစ်သူသည် မိခင်အား လှည့်စားမည်ဟူသော အကြံဖြင့် ကိုယ်လက်သုတ်သင် အပေါ့အပါးသွားလိုသည်၊ အနည်းငယ် ဖယ်

http://www.dhammadownload.com

ပေးပါဟု ပြောသည်။ အမိက ဆန့်ထားသော ခြေတစ်ဖက်ကိုကွေးကာ သား ကို အပြင်ထွက်ခွင့်ပေးလိုက်သည်။ သားသည် ကျောင်းသို့ အလျင်အမြန် ထွက်ပြေးပြီး ရဟန်းတို့ထံ၌ ရဟန်းပြုခွင့်တောင်းခံကာ ရဟန်းပြုသည်။ ဒုဖ ပြန်လာသော် သားကို ကျောင်း၌ လိုက်ရှာရာ ရဟန်းအဖြစ် တွေ့ရသဖြင့် သူပါ လိုက်ပြီး ရဟန်းပြုသည်။ မိခင်သည်လည်း ကျောင်း၌ သားနှင့်လင်ကို ရဟန်းအဖြစ်တွေ့၍ သူပါ ဘိက္ခုနီကျောင်းသို့သွားပြီး ရဟန်းပြုလိုက်သည်။

လူထွက်ပြီး အိမ်ပြန်

မိသားစုသုံးဦးသည် ရဟန်းဖြစ်သွားကြသော်လည်း နေ့စဉ်နေ့တိုင်း တွေ့ဆုံကြကာ တရားနှင့် မပတ်သက်သော စကားများကို ပြောကြားရင်းဖြင့် အချိန်ဖြုန်းနေကြသည်။ သူတို့သုံးဦးသည် အခြားရဟန်းနှင့် ရဟန်းမတို့ အတွက် အနှောင့်အယှက်ဖြစ်နေကြောင်းကို ဘုရားရှင်ထံ တိုင်ကြား လျှောက် ထားကြသည်။ ဘုရားရှင်က ခေါ်၍မေးသော် မိသားစုသုံးဦးစလုံးက အဖြစ်မှန် အတိုင်း ဝန်ခံကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော် မူသည်။ ဒေသနာတော်အဆုံး၌ သား၊ အမိ၊ အဖ သုံးဦးစလုံး လူထွက်ကာ အိမ်သို့ ပြန်သွားကြသည်။

၂၀၉။ အယောဂေ ယုဉ္ဇ'မတ္တာနံ၊ ယောဂက္ခေမ အယောဇယံ။
အတ္ထံ ဟိတ္ဝာ ပိယဂ္ဂါဟီ၊ ပိဟေတ'တ္တာနုယောဂိနံ။
၂၁၀။ မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ။
၂၁၁။ တသ္မာ ပိယံ န ကယိရာထ၊ ပိယာပါယော ဟိ ပါပကော။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊ ယေသံ နတ္ထိ ပိယာပ္ပိယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၀၉။ အားမထုတ်သင့်ရာ၌ ကိုယ်တိုင် အားထုတ်လျက် အားထုတ်သင့် သောအရာ၌ အားမထုတ်ဘဲ မိမိအကျိုးစီးပွားကို စွန့်လွှတ်ပြီးလျှင် ကာမဂုဏ်ကို

http://www.dhammadownload.com

မြတ်နိုးစွဲလမ်းသူသည် ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် မိမိအကျိုးစီးပွား အားထုတ်သူကို ငြူစူ၏။ ထိုသူရသည့် အကျိုးကိုမူ တောင့်တ၏။

၂၁၀။ ချစ်သူတို့နှင့်လည်း ရောထွေးယှက်တင်မပြုရာ၊ မုန်းသူတို့နှင့်မူ ဘယ်အခါမှ ရောထွေးယှက်တင်မပြုရာ၊ ချစ်ခင်သူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏။ မုန်းသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ ထို့ကြောင့် လူကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ ချစ်ခင် စွဲလမ်းခြင်းမပြုရာ။ ချစ်ခြင်း၊ မုန်းခြင်းသည် မကောင်း။ ချစ်ခြင်း၊ မုန်းခြင်း မရှိသူတို့မှာ အနှောင်အဖွဲ့မရှိ။

သား၊ အမိ၊ အဖ သုံးယောက်
ရဟန်းပြုသောဝတ္ထု ပြီး၏။

၂။ သားသေ၍ ပူဆွေးသူတစ်ဦးဝတ္ထု

[သေခြင်းသည် သက်ရှိတိုင်းနှင့်ဆိုင်သည်ဟု သိသွားသူ]

ချစ်မြတ်နိုးရလွန်းသောသား သေဆုံးသွားသဖြင့် သာဝတ္ထိပြည်သား သူကြွယ်တစ်ဦးသည် နေ့စဉ် သုသာန်သို့သွားကာ ငိုကြွေးနေခဲ့သည်။ ဘုရားရှင်သည် ထိုသူကြွယ် တရားသိကာ တရားရမည့်အရေး မြင်တော်မူသဖြင့် ဆွမ်းခံရာမှ ဖယ်ခွာခဲ့ပြီး နောက်ပါ ရဟန်းတစ်ပါးနှင့်အတူ သူကြွယ်အိမ်သို့ ကြွလာသည်။ ဘုရားရှင်အား နေထိုင်စရာ ပြင်ဆင်ပေးပြီး သားသေကြောင့် ပူဆွေးနေရပုံကို ဘုရားရှင်အား လျှောက်ကြားသည်။

ဘုရားရှင်က တရားပြပြီ

"ဥပါသကာ၊ သေခြင်းတရားသည် တစ်နေရာတည်းမှာသာရှိပြီး တစ်ဦးတည်းနှင့်သာ ဆိုင်သည့်တရားမဟုတ်။ နေရာတကာ၌ရှိသည့် အသက်ရှင်သူတိုင်းနှင့် ဆိုင်သည်။ သက်ရှိတိုင်းသည်လည်း တစ်နေ့ သေရမည်သာ။

http://www.dhammadownload.com

ရှေးပညာရှိတို့သည် သေရမည့်သဘောကို သိ၍ မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျက် သောကကို ပယ်ခွာခဲ့ကြသည်" ဟု တရားပြတော်မူပြီး ဤဒေသနာတော်ကို ဘုရားရှင်က ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ သားသေ၍ သောကဖြစ်နေသူ သူကြွယ်သည် တရားရကာ သောတာပန် ဖြစ်လေသည်။

၂၁၂။ ပိယတော ဇာယန္တီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၂။ ချစ်မြတ်နိုးရမှုကြောင့် စိုးရိမ်ခြင်း ဖြစ်ရသည်။ ချစ်မြတ်နိုးရမှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရသည်။ ချစ်မြတ်နိုးမှု ကင်းသောသူမှာ စိုးရိမ်ရခြင်းနှင့် ကြောက်ခြင်းတို့ အဘယ်မှာ ရှိမည်နည်း။

သားသေ၍ ပူဆွေးသူတစ်ဦးဝတ္ထု ပြီး၏။

၃။ ပိသာခါဝတ္ထု

[သား၊ သမီး၊ မြေး၊ မြစ် များစွာရှိသော်လည်း မြေးမကလေးတစ်ဦး ကွယ်လွန်၍ စိုးရိမ်နေရသူ ပိသာခါကျောင်းအမကြီး]

သား၊ သမီး၊ မြေး၊ မြစ်ပေါင်း ၈၄၂၀ ရှိသူ ကျောင်းအမကြီး ပိသာခါသည် သားတစ်ယောက်၏သမီး၊ သူ၏ မြေးမကလေး သုဒတ္တာ ရုတ်တရက် ဇနမကောင်းဖြစ်ရာမှ ကွယ်လွန်သွား၍ အပူသည်ကြီး ဖြစ်နေသည်။ မြေးမကလေး သုဒတ္တာသည် ချက်ချက်ချာချာလည်းရှိ၍ လိမ်လည်း လိမ္မာသည်။ အိမ်သို့ နေ့စဉ် ကြွလာသော ရဟန်းသံဃာတို့၏ ဝေယျာဝစ္စကို ဆောင်ရွက်ရန် ကျောင်းအမကြီးက သည်မြေးမကလေးကို တာဝန်ပေးထားသည်။ ကွယ်လွန်

http://www.dhammadownload.com

သွား၍ အသုဘ ပို့ဆောင် သင်္ဂြိုဟ်ပြီးနောက် အပူသည်ဘဝမှ ငြိမ်းအေးသူ ဖြစ်လာစေရန် ဘုရားရှင်ထံ သွားရောက်သည်။

သဘောပေါက်ပါပြီ ဘုရား

ဘုရားရှင်က ပူဆွေးရသည့်အကြောင်းကို မေးပြီး ဤသာဝတ္ထိမြို့၌ လူဦးရေ မည်မျှရှိသနည်းဟု မေးသည်။ ခုနစ်ကုဋေ ရှိသည်ဟု ကျောင်းအမကြီးက ဖြေကြားသည်။ သားသမီး မြေးမြစ် ခုနစ်ကုဋေရလျှင် ယူဦးမည်လားဟု မေးသော် ယူလိုပါသည်ဟု ဝိသာခါက ဖြေကြားသည်။ ဤမြို့၌ တစ်နေ့ တစ်နေ့ လူဘယ်နယောက် ကွယ်လွန်သနည်းဟု မေးသောအခါ မြောက်မြားစွာတို့ ကွယ်လွန်ကြပါသည်ဟု ဖြေသဖြင့် နေ့စဉ် မြေးမြစ်များစွာ ကွယ်လွန်နေလျှင် ကျောင်းအမကြီးမှာ စိုးရိမ်ပူဆွေးကာ သောက မရောက်ရသည့်ရက် အဘယ်မှာရှိမည်နည်းဟု မိန့်တော်မူသည်။ ထိုအခါ ဝိသာခါက သဘောပေါက်ပါပြီ ဘုရားဟု လျှောက်ထား၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁၃။ ပေမတော ဇာယတီ သောကော၊ ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၃။ ချစ်ခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်ရသည်။ ချစ်ခြင်းကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ရသည်။ ချစ်ခြင်းကင်းသူမှာ စိုးရိမ်ခြင်းလည်း မရှိ၊ ကြောက်ရွံ့ခြင်းသည်လည်း အဘယ်မှာ ရှိပါတော့မည်နည်း။

ဝိသာခါဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ လိစ္ဆဝိမင်းသားတို့ဝတ္ထု

[ပျော်ပါးမှုကြောင့် ဘေးဖြစ်ကာ သေကြေကြရသူများ]

ပွဲလမ်းသဘင် ကျင်းပသော နေ့တစ်နေ့၌ လိစ္ဆဝီ မင်းသားတို့သည် တစ်ယောက်နှင့်တစ်ယောက် မတူအောင် ဝတ်စုံအမျိုးမျိုးဝတ်ဆင်လျက် ဥယျာဉ်သို့ ထွက်လာခဲ့ကြသည်။ သူတို့နှင့်အတူ ပြည့်တန်ဆာမ တစ်ယောက်ကိုလည်း ခေါ်လာခဲ့ကြသည်။ ထိုအချိန်၌ မြို့သို့ နောက်ပါ သံဃာတော်များနှင့်အတူ ဆွမ်းခံကြွလာသော ဘုရားရှင်သည် လမ်း၌ မင်းသားများကိုတွေ့၍ ရဟန်းတို့အား "ရဟန်းတို့ တာဝတိံသာနတ်တို့ကို မတွေ့မမြင်ဖူးကြလျှင် ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ကြကုန်လော့" ဟု မိန့်တော်မူကာ မြို့တွင်းသို့ ဆက်၍ ဆွမ်းခံ ကြွတော်မူသည်။

သေသူသေ၊ ဒဏ်ရာရသူ ရကုန်ကြပြီ

လိစ္ဆဝီမင်းသားတို့သည် ခေါ်လာသော ပြည့်တန်ဆာမနှင့် ပတ်သက်ပြီး အငြင်းပွား ခိုက်ရန်ဖြစ်ကြသဖြင့် အချို့ သေသူသေကြသည်။ ဒဏ်ရာပြင်းစွာ ရသူ ရကြသည်။ သေသူနှင့် အနာတရ ဖြစ်သူတို့ကို ထမ်းစင်တို့ဖြင့် တင်ဆောင်ကာ ဝေသာလီ မြို့တွင်းသို့ သယ်ဆောင်လာကြသည်။

ဘုရားရှင်သည် ဆွမ်းကိစ္စ ပြီးစီး၍ မြို့မှ ထွက်ကြွတော်မူလာသည်။ လိစ္ဆဝီမင်းသားတို့၏ အခြင်းအရာကို ရဟန်းတို့ မြင်ရလျှင် ဘုရားရှင်အား "တာဝတိံသာ နတ်သားတို့ကဲ့ ဝတ်ဆင်လာသော လိစ္ဆဝီမင်းသားတို့သည် သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်ကြကုန်ပြီ" ဟု ဘုရားရှင်အား လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁၄။ ရတိယာ ဇာယတီ သောကော၊ ရတိယာ ဇာယတီ ဘယံ။
ရတိယာ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၁၄။ မွေ့လျော်ပျော်ပါးမှုကြောင့် စိုးရိမ်ခြင်း သောကနှင့် ဘေးရန်အန္တရာယ် ဖြစ်ရသည်။ မွေ့လျော် ပျော်ပါးမှု ကင်းသူအား အဘယ်မှာလျှင် စိုးရိမ်ခြင်း သောကနှင့် ဘေးအန္တရာယ်သည် ဖြစ်ပေလိမ့်မည်နည်း။

လိစ္ဆဝိမင်းသားတို့ဝတ္ထု ပြီး၏။

၅။ မိန်းမတို့၏ အပွေ့အချီ မခံနိုင်သူဝတ္ထု

[မပေါင်းရသေးသူ မိန်းကလေး သေ၍ ပူဆွေးသူ]

ဗြဟ္မာ့ပြည်မှ သက်တမ်းကြွေ၍ စုတေလာသူ တစ်ဦးသည် သာဝတ္ထိမြို့ရှိ သူဌေးအိမ်တစ်အိမ်၌ လူဖြစ်လာခဲ့သည်။ ဗြဟ္မာ့ပြည်မှလာသူဖြစ်၍ မွေးလာကတည်းကပင် အမျိုးသမီးတို့၏ အပွေ့အချီနှင့် အနံ့ကိုပင် မခံနိုင်။ သူ့ကို နို့တိုက်လျှင် ခေါင်းခု အဝတ်ခွေဖြင့် ခံယူ၍ နို့တိုက်ရသည်။ အမျိုးသမီးတို့ အနံ့ကိုပင် မခံနိုင်သူဖြစ်၍ သူ့ကို အနိတ္ထိဂန္ဓ (ကွတ္ထိ–အမျိုးသမီး၊ ဂန္ဓ–အနံ့၊ အနိတ္ထိဂန္ဓ– အမျိုးသမီးတို့အနံ့ကို မခံနိုင်သူ) ဟု အမည်ပေးကြသည်။

အိမ်ထောင်ချဖို့ စီစဉ်ကြသော်

သူ အရွယ်ရောက်လာသော် မိဘတို့က အိမ်ထောင်ချပေးဖို့ စီစဉ်သည်။ သူက လက်မခံ။ ခဏခဏ နားချသောအခါ ပန်းထိမ်သမားတို့ကိုခေါ်ကာ ချောပေ့ လှပေ့ဆိုသော ရွှေစင်အမျိုးသမီးရုပ်တုကို ထုလုပ်ခိုင်းသည်။ ဤသို့ ရွှေစင်လို ချောမောလှသူ အမျိုးသမီးနှင့်ဆိုလျှင် အိမ်ထောင်ပြုမည်ဟု မိဘများကို ပြောသည်။

မိဘများသည် ရွှေစင်ရုပ်တုကို ပုဏ္ဏားတို့ထံအပ်ပြီးလျှင် ရွှေစင်ရုပ်နှင့် တူသူတွေ့လျှင် ခေါ်ခဲ့ပါ။ သားနှင့် ပေးစားမည်ဟု ပြောကာ ချွေးမလောင်း ရှာခိုင်းသည်။ ပုဏ္ဏားတို့သည် မဒ္ဒရာဇ်တိုင်း သာဂလမြို့သို့ ရောက်သော်

http://www.dhammadownload.com

ရေချိုးဆိပ်ကမ်း၌ ရွှေစင်ရုပ်ကိုထားပြီး တစ်နေရာမှ စောင့်ကြည့်နေကြသည်။ ထိုမြို့ရှိ သူဌေးသမီးတစ်ယောက်၏ အထိန်းတော်ကြီး တစ်ဦးသည် သူ့သခင်မ အမျိုးသမီးချောလေးကို အိမ်၌ ရေချိုးဖြီးလိမ်းပေးခဲ့ပြီး သူကိုယ်တိုင် ရေချိုးရန် ရေဆိပ်သို့ ဆင်းလာခဲ့သည်။ ရွှေစင်ရုပ်ကိုတွေ့သော် "အို... သခင်မ၊ အဆုံးအမ ခက်လှချေတကား၊ ယခုပင် ငါက ရေမိုးချိုး ဖြီးလိမ်းပေးခဲ့ပါလျက် အဘယ်ကြောင့် ရေဆိပ်ကို ငါ့အလျင် ရောက်နေသနည်း"ဟု ငြီးတွားကာ ရွှေစင်ရုပ်ကို လက်ဖြင့် ပုတ်ခတ်သည်။ ကြမ်းတမ်းမာကျောသော အတွေ့အထိကြောင့် ရွှေစင်ရုပ်မှန်း သိရတော့သည်။ ပုဏ္ဏားတို့သည် အထိန်းအမျိုးသမီးထံ ချဉ်းကပ်ပြီးလျှင် အကြောင်းအကျိုးကို မေးသည်။

သတို့သမီးလောင်း ကွယ်လွန်သွား၍

အထိန်းတော် အမျိုးသမီးကြီး၏ ပြောပြချက်အရ အိမ်၌ ဤရွှေစင်ရုပ်နှင့်တူသော သခင်မကလေး ရှိနေသည်ဆိုသဖြင့် ပုဏ္ဏားတို့သည် အိမ်သို့ လိုက်လာကြသည်။ အိမ်သို့ ရောက်သော် ရွှေစင်ရုပ်ကို လူသားအမျိုးသမီးနှင့် ယှဉ်ထားပြီး ကြည့်ကြသည်။ သက်ရှိ သတို့သမီးကလေး၏ အလှသည် ရွှေစင်ရုပ်ကို လွှမ်းမိုး၍ သွားသည်။ ထိုအကြောင်းစုံကို အနိတ္ထိဂန္ဓမိဘများထံ အသိပေး အကြောင်းကြားလိုက်သည်။ သဘောတူညီချက်ရသောအခါ ပုဏ္ဏားတို့သည် ရွှေစင်ရုပ်ကို သတို့သမီးကလေး၏ မိဘများထံ အပ်နှံလိုက်ပြီး သတို့သမီးကလေးအား အနိတ္ထိဂန္ဓ သတို့သားနှင့် လက်ထပ်ထိမ်းမြားရန် စေ့စပ်ပြောဆိုကြသည်။ မိဘများက သဘောတူကြသဖြင့် ပုဏ္ဏားတို့သည် သတိုးသမီးကလေးကို လှည်းယာဉ်ဖြင့် ခေါ်ဆောင်လာကြသည်။ အမျိုးသမီးကလေးသည် နူးညံ့ပျော့ပျောင်းလွန်းသူ ဖြစ်သဖြင့် လမ်းခရီး၌ ယာဉ်တောက်၍ မူးဝေ အော့အန်ကာ ကွယ်လွန်သွားရတော့သည်။

မပေါင်းသင်းလိုက်ရသေးသည့် ရွှေစင်ရုပ်ထက်ပင် လှပချောမောလှပါသည်ဆိုသည့် ဇနီးလောင်း အမျိုးသမီး ကွယ်လွန်သွားပြီဟု သိရသဖြင့် အနိတ္ထိဂန္ဓ သတို့သားသည် ကျောက်တောင်ကြီး အဖိခံရသူပမာ သောကဖိစီး

http://www.dhammadownload.com

နှိပ်စက်ခံရသည်၊ အစားပင် မစားတော့ဘဲ အိပ်ရာ၌သာ လဲနေတော့သည်။ ဘုရားရှင်သည် သတို့သား တရားသိကာ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် အနိတ္ထိဂန္ဓတို့ထံ ဆွမ်းခံကြွလာပြီး သတို့သားကို ရှေ့တော်သို့ ခေါ်ယူ၍ အကျိုးအကြောင်း မေးသည်။ ထိုနောက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူကာ သတို့သားအား သောကငြိမ်းဆေး တရားရေအေး တိုက်ကျွေးတော်မူသည်။ အနိတ္ထိဂန္ဓ သတို့သားသည် ဒေသနာတော်အဆုံး၌ သောတာပန် ဖြစ်သွားလေသည်။

၂၁၅။ ကာမတော ဇာယတီ သောကော၊ ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၅။ ကာမဂုဏ်ကြောင့် စိုးရိမ်ခြင်းနှင့် ကြောင့်ကြခြင်း ဘေးတို့ ဖြစ်ကြရသည်။ ကာမဂုဏ်မှ လွတ်ကင်းသူသည် အဘယ်မှာလျှင် စိုးရိမ်ခြင်းနှင့် ကြောင့်ကြခြင်းဘေးတို့ ဖြစ်ကြတော့မည်နည်း။

မိန်းမတို့၏ အပွေ့အချီ မခံနိုင်သူဝတ္ထု ပြီး၏။

၆။ သောကဖြစ်သူ ပုဏ္ဏားဝတ္ထု

[ဒေသနာတော်ကြောင့် သောကကင်းကွာပြီး တရားရသွားသူ]

မြစ်ချောင်းအနီးရှိ မိမိပိုင် လယ်ကွက်ကို ရှင်းလင်းနေသူ လယ်သမား ပုဏ္ဏားတစ်ဦးထံ ဘုရားရှင် ကြွရောက်လာသည်။ လယ်သမားပုဏ္ဏားကြီးသည် သမ္မာအယူရှိသူမဟုတ်။ ဘုရားရှင် ကြွလာသည်ကို မြင်သော်လည်း ခရီးဦးကြိုဆိုခြင်း မပြုပေ။ ဘုရားရှင်က "လယ်သမားပုဏ္ဏားကြီး၊ ဘာလုပ်နေသနည်း" ဟု မေးသည့်အခါ "လယ်ကို ရှင်းလင်းနေပါသည်" ဟုသာ ဖြေကြားသည်။ ဤစကားမျှဖြင့်သာ ဘုရားရှင်သည် ပြန်ကြွသွားတော်မူသည်။

http://www.dhammadownload.com

အရှင်ဂေါတမသည် ကျွန်ုပ်၏မိတ်ဆွေ

ဘုရားရှင်သည် လယ်သမားပုဏ္ဏား တရားသိကာ ကျွတ်တမ်းဝင်မည့် အရေး မြင်တော်မူသဖြင့် လယ်ထွန်သောအခါ၌ လည်းကောင်း၊ ကောက်စိုက် သောအခါ၌ လည်းကောင်း၊ လယ်ရေသွင်းသောအခါ၌ လည်းကောင်း ထို လယ်သမားထံသွားပြီး ထိုသို့ပင် မေးသည်။ ထိုကဲ့သို့ ဘုရားရှင် မကြာခဏ ကြွလာပြီး မေးသဖြင့် "အရှင်ဂေါတမ၊ ကျွန်ုပ် လယ်သို့လာပြီး မကြာမကြာ မေး၍ အရှင်ဂေါတမသည် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်နေပါပြီ။ စပါးအထွက် ကောင်းလျှင် အရှင်ဂေါတမကို ခွဲဝေပေးပါမည်" ဟုပြောကြားသည်။

"မနက်ဖြန် စပါးရိတ်မည်" ဟု စီစဉ်သောညဉ့်၌ မိုးကြီးသည်းစွာ ရွာသွန်းသည်။ အရှိန်ပြင်းစွာ စီးဆင်းလာသော ချောင်းရေတွင် စပါးပင်များ နစ်မြုပ်ကာ ရေထဲ မျောပါသွားကြသည်။ ပုဏ္ဏားရောက်လာသော် ပျက်စီး နေသော စပါးပင်များကို ကြည့်ကာ စိုးရိမ်သောက ဖိစီးပြီး အစာပင် မစား နိုင်တော့ဘဲ အိပ်နေတော့သည်။ ဘုရားရှင်သည် ထိုပုဏ္ဏားလယ်သမားကြီး ဤကဲ့သို့ သောကဖြစ်မည့်အရေးကို ကြိုတင် မြင်တော်မူ၍ မကြာမကြာသွား ကာ မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ယခု နောက်ဆုံး အစာမစားဘဲ သောက ဝေဒနာကို ခံစားနေရသည့် အခြေအနေတွင်လည်း ဘုရားရှင် ကြွလာကာ သောကဖြစ်ရသည့် အကြောင်းရင်းကို တရားရစေရန် ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်သွားသည်။

၂၁၆။ တဏှာယ ဇာယတီ သောကော၊ တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၆။ တပ်မက်မှု တဏှာကြောင့် စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ ဖြစ်ရသည်။ တပ်မက်မှုတဏှာ ကင်းသူအား အဘယ်မှာလျှင် စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ ဖြစ်ကြပေလိမ့်မည်နည်း။

သောကဖြစ်သူ ပုဏ္ဏားဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၇။ မုန့်လှူသော လူငယ်ငါးရာ ဝတ္ထု

[ချစ်ခင်မြတ်နိုးသူကိုရွေးရှိ မုန့်လှူသော လူငယ်များ]

ရာဇဂြိုဟ်မြို့တော်သား လူငယ်ငါးရာတို့သည် ပွဲလမ်းသဘင်နေ့တစ်နေ့တွင် မုန့်တောင်းများကိုထမ်းကာ မြို့မှ ထွက်လာကြသည်။ ရှစ်ကျိပ်သော မဟာသာဝကများနှင့် ရဟန်းငါးရာ ခြံရံလျက် ဆွမ်းခံဝင်လာသော ဘုရားရှင်နှင့် သံဃာတော်တို့ကို လမ်းတွင် တွေ့ရသော်လည်း ဘုရားရှင်ကို ဝတ်ဖြည့်၍သာ သွားကြပြီး မုန့်တစ်ခုတလေမျှ မလှူကြ၊ သွားမြဲလမ်းကို ဆက်သွားကြသည်။ ဘုရားရှင်က "ရဟန်းတို့၊ မုန့်ကို ဘဉ်းပေးကြမည်လော" ဟု မေးရာ ရဟန်းတို့က "တစ်ခုတလေမျှ လှူမသွားကြပါ ဘုရား" ဟု ပြန်လည် လျှောက်ထားကြသည်။

နောက်မှာ အလှူရှင်လာနေပြီ

ထိုအခါ ဘုရားရှင်က "နောက်မှာ မုန့်ရှင် လာနေပြီ။ မုန့်ဘဉ်းပေးပြီးမှ သွားကြမည်" ဟု မိန့်တော်မူကာ ရဟန်းတော်တို့ကို ခေါ်လျက် သစ်ပင်ရိပ်၌ နားနေတော်မူလိုက်သည်။

မျက်နှာလိုက်၍ လှူကြသလော

သူငယ်တို့သည် နောက်မှ ကြွလာသော အရှင်မဟာကဿပမထေရ်မြတ်ကို မြင်သော် မုန့်တောင်းများကိုချလျက် အားလုံး ပေးလှူလိုက်ကြသည်။ အရှင်မဟာကဿပ မထေရ်ကြီးက သစ်ပင်ရင်း၌ သီတင်းသုံးနေသော ငါတို့၏ဆရာ ဘုရားရှင်နှင့် သံဃာတော်များအား လှူကြဟု မိန့်တော်မူသည်။ လူငယ်တို့သည် မထေရ်ကြီး မိန့်ကြားသည့်အတိုင်း ဘုရားရှင်နှင့် သံဃာတော်တို့အား လှူဒါန်းကြသည်။

ထိုအခါ ရဟန်းတို့က ဤလူငယ်တို့သည် မျက်နှာလိုက်၍ လှူကြသလောဟု ကဲ့ရဲ့ကြသည်။ ဘုရားရှင်က ရဟန်းတို့၏စကားကို ပယ်တော်မူလျက် သားတော်ကြီး မဟာကဿပကို လူရောနတ်တို့ပါ လေးစားမြတ်နိုးကြ

http://www.dhammadownload.com

သည်ဟု မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် လူငယ်ငါးရာတို့ သောတာပန်ဖြစ်သွားကြသည်။

၂၁၇။ သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။
အတ္တနော ကမ္မ ကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၇။ သီလနှင့်လည်း ပြည့်စုံ၊ တရားဌိလည်း တည်လျက် အမှန်တရားကိုလည်း တတ်သိ ပြောဆိုတတ်၍ မိမိ ပြုကျင့်အပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသူကို လူအပေါင်းတို့သည် ချစ်မြတ်နိုးကြကုန်၏။

မုန့်လှူသော လူငယ်ငါးရာဝတ္ထု ပြီး၏။

၈။ အနာဂါမ်မထေရ်ဝတ္ထု

[အနာဂါမ်ထက်မြင့်သော အရိယာအဆင့် တက်လှမ်းလိုသူ]

ဘုရားရှင် ဇေတဝန်ကျောင်းဆောင်၌ သီတင်းသုံးတော်မူနေစဉ် အနာဂါမ်မထေရ်တစ်ပါးသည် မိမိ အနာဂါမ် ဖြစ်နေပြီဟု တပည့်တို့အား အသိမပေးဘဲ ပျံလွန်တော်မူသွားသည်။ သင်္ကေတ်ထင်ရှား ဘုရားရှင်ရှိစဉ် ကာလ၌ အနာဂါမ်အဖြစ်ကို လူရော၊ ရှင်ရဟန်းတို့ပါ အရမျှားကြသည်။ သို့အတွက် ထိုမထေရ်သည် အနာဂါမ်အဖြစ်ရောက်ပြီဟု တပည့်တို့ကို ပြောရန် ရှက်စရာဟု သဘောထားတော်မူသည်။

အနာဂါမ်အဖြစ်မျှကို မပြောကြားလိုခြင်း

တပည့်ရဟန်းများသည် ဆရာမထေရ် ပျံလွန်တော်မူသွားသဖြင့် ပူဆွေးသောက ရောက်နေကြသည်။ ဘုရားရှင်က ရဟန်းတို့ကို ခေါ်တော်မူကာ "ရဟန်းတို့၊ ပူဆွေးသောကဖြစ်မနေကြနှင့်။ သင်တို့ဆရာသည် အနာဂါမ်ဖြစ်

http://www.dhammadownload.com

သွားပြီ။ အနာဂါမ်အဖြစ်မျှသာ ရသေး၍ အရဟတ္တဖိုလ်သို့ ရောက်မှသာ သင်ကို့ကို ပြောကြားအံ့ဟု ကြံစည်ရင်း ပျံလွန်တော်မူခြင်း ဖြစ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁၈။ ဆန္ဒဇာတော အနက္ခာတေ၊ မနသာ စ ဖုဋ္ဌော သိယာ။
ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော၊ ဥဒ္ဓံသောတောတိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၈။ နိဗ္ဗာန်ကို လိုလား၍ စိတ်ဖြင့် ထိတွေ့ကာ အားထုတ်သဖြင့် ကာမဘုံ၌ ကပ်ငြိစိတ်မရှိသူကို ရေညာသို့ "ဆန်တက်သူ" (အထက် အကနိဋ္ဌ ဗြဟ္မာဘုံသို့ သွားမည်သူ) ဟု ခေါ်၏။

ဒေသနာတော်ကို ကြားနာရသဖြင့် တပည့်ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြလေကုန်၏။

အနာဂါမ်မဏ္ဍိုဝတ္ထု ပြီး၏။

၉။ နန္ဒိယသူကြွယ်ဝတ္ထု

[ကောင်းကျိုးတို့က နတ်ပြည်မှ ကြိုဆိုခံရသူ]

နန္ဒိယသည် သူကြွယ်သားတစ်ဦး ဖြစ်သည်။ မိဘတို့က သူကြွယ်များဖြစ်ကြသကဲ့သို့ သားနန္ဒိယသည်လည်း သူကြွယ်တစ်ဦးပင် ဖြစ်သည်။ သူတို့မိသားစုသည် လောကီ စည်းစိမ်ဥစ္စာသာ ကြွယ်ဝသူများမဟုတ်။ လောကုတ္တရာ စည်းစိမ်ဥစ္စာများဖြစ်သည့် ရတနာသုံးပါး၌ ယုံကြည်ခြင်းသဒ္ဓါ၊ ကိုယ်–နှုတ်–စေတ်ထိန်းခြင်းသီလ စသော သူတော်ကောင်း ဥစ္စာတို့နှင့်လည်း ပြည့်စုံသူ ဖြစ်သည်။ နန္ဒိယ၏ မိဘများက သားဖြစ်သူအား အိမ်နားနီးချင်းနေ ဦးရီးတော် သူ၏သမီး ရေဝတီနှင့် လက်ထပ်ပေးလိုကြသည်။ ရေဝတီသည် သဒ္ဓါ၊ သီလ စသော သူတော်ကောင်းဥစ္စာရှိသူ မဟုတ်၍ နန္ဒိယက သဘောမကျ။

http://www.dhammadownload.com

ကောင်းမှုကို ကိုယ်တိုင် ဦးစီးလုပ်ကိုင်သူ

နန္ဒိယ၏မိခင်က ရေဝတီကို သားနှင့် လိုက်ဖက်စေရန် ဒါနပြုနည်း၊ သီလဆောက် တည်နည်းမှအစ ရဟန်းသံဃာများ ပြုစုလုပ်ကျွေးနည်း စသည်တို့ကို သင်ပေးသည်။ ရေဝတီက လိုက်နာလုပ်ကိုင်မည်ပြောသဖြင့် နန္ဒိယသည် ရေဝတီကို လက်ထပ်ယူလိုက်သည်။ မိဘများ ကွယ်လွန်သွားသော် နန္ဒိယသည် ကုသိုလ်ကောင်းမှု လုပ်ငန်းများကို ကိုယ်တိုင် ဦးစီးလုပ်ကိုင်သည်။ နေ့စဉ် ရဟန်းသံဃာများအတွက် အလှူပေးသည်။ ခိုကိုးရာမဲ့သူနှင့် ခရီးသည်တို့အတွက် အိမ်တံခါးဝတွင် စားဖွယ်နှင့် ဝတ်ဖွယ်အဝတ်တို့ အသင့်စီစဉ်ထားကာ လှူဒါန်းသည်။

အလှူရေစက်ချသည်နှင့် ဘုံဗိမာန်ပေါ်နေပြီ

ထို့နောက် မိဂဒါဝုန်တောတွင် ဘုရားရှင်နှင့် ရဟန်းသံဃာတော်တို့အား ခမ်းနားကြီးကျယ်သော ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းသည်။ ကျောင်းတော်ကြီးနှင့် လိုက်ဖက်သည့် ညောင်စောင်း၊ အင်းပျဉ် စသည့် ဘုရားရှင်နှင့် ရဟန်းသံဃာတော်သုံး ပရိဘောဂများကို လှူဒါန်းသည်။ ဤသို့ ကျောင်းတော်ကြီးကို လှူဒါန်းအပြီး ရေစက်သွန်းချသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်တွင် ခမ်းနားကြီးကျယ်၍ ရတနာအတိပြီးသော ဘုံဗိမာန်ကြီး ပေါ်ပေါက်လာလေသည်။

လူ့စည်းစိမ်စွန့်ပြီး နတ်စည်းစိမ်ခံစားပါ

တစ်နေ့သောအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီးသည် တာဝတိံသာနတ်ပြည်သို့ ကြွလာတော်မူရာ နန္ဒိယသူကြွယ် တာဝတိံသာနတ်ပြည်သို့ ရောက်လာလျှင် ပြုစုလုပ်ကျွေးရန် စောင့်မျှော်နေသူ နတ်သမီးများက "အရှင်ဘုရား၊ မိဂဒါဝုန်တောဘဋ္ဌ ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းသူ နန္ဒိယသူကြွယ်ကို ပြုစုလုပ်ကျွေးရန် တပည့်တော်တို့ ဤဘုံဗိမာန်ကြီးဌ ဖြစ်ပေါ်လာကြရပါသည်။ ဤဗိမာန်ရှင် နန္ဒိယ ရောက်မလာသေး၍

http://www.dhammadownload.com

ငြီးငွေ့နေကြရပါသည်။ မြေခွက်ကိုခွဲကာ ရွှေခွက်ကို ယူသကဲ့သို့ လူ့စည်းစိမ်ကို စွန့်လွှတ်ပြီး နတ်စည်းစိတ်ကို ခံစားဖို့ နန္ဒိယသူကြွယ်အား မိန့်မှာပေးတော်မူပါ" ဟု လျှောက်ထားကြသည်။

အရှင်မောဂ္ဂလာန်မထေရ်ကြီးသည် လူ့ပြည်သို့ ပြန်လည် ကြွလာသော အခါ "မြတ်စွာဘုရား၊ လူ့ပြည်မှာ ရှိနေသေးသော ကုသိုလ်ကောင်းမှုပြုသူတို့အတွက် ဘုံဗိမာန် စသော နတ်စည်းစိမ်တို့ နတ်ပြည်၌ ကြိုတင်၍ ဖြစ်ပေါ်နေနိုင်ပါသလား ဘုရား" ဟု လျှောက်ထားမေးမြန်းသည်။ ထိုအခါ ဘုရားရှင်က "မောဂ္ဂလာန်၊ သင်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ မဟုတ်ပါလော" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၁၉။ စိရပ္ပဝါသီ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။
၂၂၀။ ကထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံဉာတီဝ အာဂတံ။

ဒေသနာ၏အဓိပ္ပာယ်

၂၁၉။ ကာလကြာမြင့်စွာ ကွဲကွာနေခဲ့ရပြီး ရုပ်ဝေးမှ ချမ်းသာစွာ ပြန်လာသူကို ဆွေမျိုးများနှင့် ချစ်ခင်သူတို့သည် ထိုသူ ပြန်လာပြီဖြစ်သည့်အတွက် အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏။

၂၂၀။ ထိုနည်းအတူပင် ပြုခဲ့သော ကုသိုလ်ကောင်းမှု ရှိသူကိုလည်း ဤဘဝမှ တမလွန်ဘဝသို့ ပြောင်းရွှေ့ ကွယ်လွန်သွားသည်ရှိသော် သူပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ချစ်လှစွာသော ဆွေမျိုးပြန်ရောက်လာသကဲ့သို့ ကြိုဆိုကြ၊ ချီးမြှောက်ကြလေကုန်၏။

နန္ဒိယသူကြွယ်ဝတ္ထု ပြီး၏။

ပိယဝဂ် ပြီး၏။

http://www.dhammadownload.com

ကောဓဝဂ်

ကောဓ = အမျက်ဒေါသ၊ ဝဂ္ဂ = ဝဂ်၊ အစု။
အမျက်ဒေါသ၏ မကောင်းကျိုး၊ အမျက်ဒေါသ မရှိအောင်
ကြိုးစားသင့်ပုံနှင့် ဒေါသကြီးသူကို မေတ္တာဖြင့် အောင်နိုင်ပုံ
ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ ရောဟိနီမင်းသမီး ဝတ္ထု

[ကျောင်းလှူပြီး သန့်ရှင်းရေးဆောင်ရွက်၍ နှုနာပျောက်သွားသူ]

ရောဟိနီသည် သူ့ခေတ် သူ့အခါက သူ့တိုင်းပြည်တွင် အလွန်ချောမောလှပသူတစ်ဦး ဖြစ်သည်။ သူ၏ အစ်ကိုတော်ဖြစ်သူမှာလည်း "မရှိ" ဟူသော စကားကို မကြာဖူး၊ မသိဖူးသူဖြစ်ပြီး ထို "မရှိ" ဟူသည်မှာ စားဖွယ်တစ်မျိုးပင် ဖြစ်မည်ဟု ထင်နေခဲ့သူ "အနုရဒ္ဓါ" ဖြစ်သည်။

လက်ဝတ်လက်စားရောင်းပြီး ကျောင်းဆောက်လှူ

တစ်နေ့တွင် အရှင်အနုရုဒ္ဓါမထေရ်သည် နောက်ပါ ရဟန်းတို့နှင့်အတူ ဆွေတော်မျိုးတော်များရှိရာ ကပိလဝတ် ရွှေမြို့တော်သို့ ကြွလာသည်။ ဆွေတော် မျိုးတော်တို့က နိဂြောဓရုံကျောင်းသို့ လာရောက်ကြပြီး မထေရ်မြတ်ကို ဖူးမြော်ကြသည်။ သို့သော် မထေရ်၏ နှမဖြစ်သူ ရောဟိနီ ပါမလာချေ။ ရောဟိနီသည် နှုနာရောဂါ စွဲကပ်နေသဖြင့် ရှက်စနိုးဖြစ်နေ၍ ပါမလာခြင်း ဖြစ်သည်။ မထေရ်မြတ်က ရောဟိနီကို အခေါ်လွှတ်သဖြင့် ရောဟိနီ ရောက်

http://www.dhammadownload.com

လာသည်။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က နှမဖြစ်သူ၏ လက်တွင် ဝတ်ဆင်လာသော အဆင်တန်ဆာများကို ရောင်းချစေပြီး ဆွမ်းစားကျောင်း တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းရန် ညွှန်ကြားသည်။ ဆွေတော် မျိုးတော် အားလုံးအား ကျောင်းဆောက်လုပ်ရာ၌ ဝိုင်းဝန်းကူညီကြရန် မထေရ် က မိန့်ကြားသည်။

နူရသည့် အကုသိုလ်ကံ

ရောဟိနီသည် ဆောက်လုပ်ပြီးသော ဆွမ်းစားကျောင်း၌ တံမြက်လှည်း၍ သန့်ရှင်းရေးလုပ်သည်။ ရဟန်းသံဃာများအတွက် နေရာခင်းပေးသည်။ သောက်ရေသုံးရေ တည်ထား ခပ်ပေးသည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးနေစဉ် မှာပင် နူနာသည် ညှိုးမှိန်လာသည်။ ဆွမ်းစားကျောင်းတော်ကြီး ပြီးစီးသော အခါ ရောဟိနီသည် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းဆက်ကပ် လှူဒါန်းသည်။ နူနာရောဂါ ရှိနေသေးသဖြင့် ကိုယ်တိုင်ကား မလာရောက် ပေ။ ထိုအခါ ဘုရားရှင်က ရှေ့တော်သို့ ခေါ်ယူကာ နူနာရောဂါ ခံစားရခြင်း၏ အတိတ်အကုသိုလ်ကံအကြောင်းကို ဟောတော်မူသည်။

လွန်လေပြီးသော ဘဝတစ်ခုခု၌ ရောဟိနီသည် ဗာရာဏသီမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့သည်။ ဗာရာဏသီမင်းကြီးက ချစ်မြတ်နိုး၍ မျက်နှာ သာ ပေးထားသော ကချေသည်မတစ်ဦးအား မနာလိုဝန်တိုသည့်စိတ်ကြောင့် ရန်ငြိုးဖွဲ့ပြီး ခွေးလေးယားသီးမှုန့်ဖြင့် ဖြူး၍ ပက်ခဲ့သည်။ ထိုအခါ ကချေ သည်မကလေးသည် တစ်ကိုယ်လုံး ယားယံလျက် အဖုအပိမ့်များ ထွက်လာ ပြီး မရွှမလှ ခံစားခဲ့ရသည်။ ထိုအတိတ် အကုသိုလ်ကံကြောင့် ယခုဘဝတွင် ရောဟိနီ မင်းသမီး၏ ကိုယ်၌ နူနာရောဂါ စွဲကပ်လာရခြင်းဖြစ်ကြောင်း ဘုရားရှင်က မိန့်ကြားတော်မူပြီး ဤဒေသနာတော်ကို ဆက်လက် ဟော တော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ ရောဟိနီသည် နူနာပျောက် ကာ သောတာပန် ဖြစ်သွားသည်။

ရောဟိနီသည် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ရှိ နတ်သား လေးယောက်တို့၏ နယ်နိမိတ်အဝိုင်းအခြား အလယ်ဗဟိုသို့ ရောက်သွား

http://www.dhammadownload.com

သည်။ ထိုအခါ နတ်သားလေးယောက်တို့သည် ရောဟိနီ နတ်သမီးကို သူ ပိုင် ငါပိုင် ငြင်းခုံကြလျက် သိကြားနတ်မင်းထံ တရားအဆုံးအဖြတ်ခံရန် ရောက်သွားကြသည်။ သိကြားမင်းက သင်တို့ ရောဟိနီ နတ်သမီးကို မြင်ရ သည့်အခါ စိတ်၌ အဘယ်သို့ ဖြစ်ကြသနည်းဟု မေး၏။ ထိုအခါ နတ်သား တစ်ယောက်က စစ်မြေပြင်၌ တီးခတ်သည့် စည်ကြီးကဲ့သို့ စိတ်၌ တဒုံးဒုံး မြည်ဟီး လှုပ်ခတ်နေပါသည်ဟု လည်းကောင်း၊ နောက်တစ်ဦးက တောင်ကျ ရေကဲ့သို့ တဝေါဝေါဖြင့် စိတ်လှုပ်ရှားနေရပါသည်ဟု လည်းကောင်း၊ တတိယ နတ်သားက ရောဟိနီကို မြင်ရလျှင် ပုစွန်မျက်စိကဲ့သို့ မျက်စိ ထွက်ပြူလာပါသည်ဟု လည်းကောင်း၊ လေးယောက်မြောက် နတ်သားက သူ၏ စိတ်သည် စေတီထိပ်ရှိ တံခွန်ကဲ့သို့ လှုပ်ရှား ယိမ်းယိုင်နေပါသည်ဟု ပြောပြသည်။

ထိုအခါ သိကြားမင်းက သင်တို့၌ ဖြစ်ပေါ်သော စိတ်သည် နှိမ်နင်း နိုင်သော သဘောရှိကြသည်။ ငါ့မှာကား ဤနတ်သမီးကို မရလျှင် အသက် ရှင်အံ့သော အကြောင်းမရှိ။ ထို့ကြောင့် ငါ့အသက် မသေအောင် ရောဟိနီ နတ်သမီးကို ငါပင် ယူဆောင်တော့အံ့ဟု ဆိုကာ သိကြားမင်း သိမ်းပိုက် သွား၍ သိကြားမင်း၏ အချစ်ရဆုံး မိဖုရားကြီး ဖြစ်သွားတော့သည်။

၂၂၁။ ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗမတိက္ကမေယျ။
တံ နာမရူပသ္မိ'မသज္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

ဒေသနာ၏အဓိပ္ပာယ်

၂၂၁။ အမျက်ဒေါသကို စွန့်ပယ်ရာ၏။ မာနကိုလည်း စွန့်ပယ်ရာ၏။ သံယောဇဉ် အနှောင်အဖွဲ့အားလုံးကို လွန်မြောက်ရာ၏။ နာမ်ရုပ်၌ ငါ၏စိတ်၊ ငါ၏ကိုယ်ဟု မငြိမ်တွယ် မကြောင့်ကြသူတို့ထံသို့ ဆင်းရဲဒုက္ခတို့သည် မရောက် မလာကြကုန်။

ရောဟိနီမင်းသမီးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ သစ်ပင်ခုတ်သော ရဟန်းဝတ္ထု

[နတ်သားငယ်၏ လက်မောင်းကို ပုဆိန်ဖြင့်
ခုတ်မိ၍ တိုင်ကြားခံရသူ]

အာဠဝီမြို့တော်နေ ရဟန်းတစ်ပါးသည် မိမိကျောင်းအတွက် သစ်ပင်ကြီးတစ်ပင်ကို ခုတ်လဲရန် ပြင်ဆင်သည်။ သစ်ပင်စောင့် ရုက္ခစိုးနတ်က မခုတ်လဲရန် တောင်းပန်သည်။ တောင်းပန်၍ မရသဖြင့် ရုက္ခစိုးနတ်သည် မိမိ၏ သားငယ်ကိုမြင်လျှင် သစ်ပင်ကို ခုတ်လဲမည်မဟုတ်ဟုကြံကာ သားငယ်ကိုလည်း သစ်ပင်ခွကြားဌ် တင်ထားလိုက်သည်။ သို့သော် ရဟန်းသည် အားဖြင့် ချိန်ရွယ်ထားသော ပုဆိန်ကို မထိန်းနိုင်၍ ခုတ်ချလိုက်ရာ နတ်သားငယ်လေး၏ လက်မောင်းကို ခုတ်ဖြတ်မိသွားတော့သည်။

ဒေါသထိန်းသူနတ်ကို ချီးကျူးလျက် သာဓုခေါ်

ရုက္ခစိုးနတ်သည် ဒေါသထွက်ကာ ရဟန်းကို သတ်ရန် စိတ်ကူးသည်။ သို့ရာတွင် ရဟန်းသည် သီလရှိသည်။ ရဟန်း၏ ဖခင်တည်းဟူသော ဘုရားရှင်လည်း ရှိသည်။ သစ်ပင်ခုတ်လဲ၍ နေစရာမရှိသောကြောင့် ရဟန်းကို သတ်မိလျှင် အခြားသစ်ပင်ခုတ်သော ရဟန်းတို့ကိုလည်း ရုက္ခစိုးနတ်တို့က သတ်ကြလိမ့်မည်။ ထိုအခါ ရုက္ခစိုးနတ်တို့ ငရဲခံရမည်ဟု စဉ်းစားကာ ထိုရဟန်းကို မသတ်တော့ဘဲ ဘုရားရှင်ထံသွားပြီး အဖြစ်စုံကို လျှောက်ထားသည်။ ဘုရားရှင်က ဒေါသကို ထိန်းနိုင်သော ရုက္ခစိုးနတ်အား ချီးကျူးကာ သာဓုခေါ်သည်။ ရဟန်းများ သစ်ပင်မခုတ်ရန်လည်း သိက္ခာပုဒ်တော် ပညတ်သည်။

ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ ရုက္ခစိုးနတ်သည် သောတာပန်ဖြစ်သွားသည်။ ထိုရုက္ခစိုးနတ်အား နေစရာရစေရန် ဂန္ဓကုဋီအနီးရှိ အားလပ်နေသော သစ်ပင်ကို နေစရာအဖြစ် ပေးတော်မူလိုက်သည်။

၂၂၂။ ယော ဝေ ဥပ္ပတိတံ ကောဓံ၊ ရထံ ဘန္တံဝ ဝါရယေ။
တမဟံ သာရထိ ဗြူမိ၊ ရသ္မိဂ္ဂါဟော ဣတရော ဇနော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၂၂။ အရှိန်အဟုန်ဖြင့် လျင်စွာပြေးနေသော ရထားကို ရပ်တန့်စေနိုင်သူကဲ့သို့ အကြင်သူသည် ဖြစ်ပေါ်လာသော ဒေါသကို ထိန်းသိမ်းထားနိုင်၏။ ထိုသူကို ငါဘုရားသည် လိမ္မာသော ရထားထိန်းဟု ဟောတော်မူသည်။ ရထားကို မောင်းနေသူကား ရထားကြိုးကိုင်သမားသာ ဖြစ်သည်။ ရထားထိန်း မဟုတ်။

သစ်ပင်ခုတ်သောရဟန်းဝတ္ထု ပြီး၏။

၃။ ဥတ္တရာဥပါသိကာမဝတ္ထု

[အမျက်ထွက်သူကို မေတ္တာဖြင့် အောင်နိုင်သူ]

ဥတ္တရာ ဥပါသိကာမသည် ပုဏ္ဏအမည်ရှိ သူဆင်းရဲ လင်မယားတို့၏ သမီးဖြစ်သည်။ ဖခင် ပုဏ္ဏသည် ရာဇဂြိုဟ်မြို့ရှိ သူဌေးကြီး သုမနအိမ်မှ အခစား အလုပ်သမားတစ်ဦးသာ ဖြစ်သည်။ ရာဇဂြိုဟ်မြို့တွင် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပနေသော နေ့တစ်နေ့တွင် ပုဏ္ဏသည် နက္ခတ်ပွဲသဘင် တွင်ပါဝင် ဆင်နွှဲခြင်းမပြုဘဲ ၎င်း၏ အလုပ်ရှင် သုမန သူဌေးထံမှ နွား ကို တောင်းယူကာ လယ်ထွန်နေသည်။ ထိုအချိန်၌ပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် နိရောဓသမာပတ် ဝင်စားနေရာမှ ထတော်မူလာပြီး ပုဏ္ဏရှိရာ လယ်တောသို့ ကြွလာသည်။ မထေရ်မြတ်ကြီးသည် ရေတွင်းအနီးရှိ ချုံတစ်ချုံကို ကြည့်လျက် ရပ်နေတော်မူသည်။ အရှင်မြတ်ကြီးသည် တံပူကို အလိုရှိနေကြောင်း တွေးဆကာ ပုဏ္ဏသည် လယ်ထွန်ခြင်းကို ရပ်နားပြီး တံပူကို ပြုလုပ်လှူဒါန်းသည်။ တစ်ဖန် အရှင်သာရိပုတ္တရာ မထေရ်မြတ်

http://www.dhammadownload.com

ကြီးက ပုဏ္ဏားအား သပိတ်နှင့် ရေစစ်ကို လှမ်းပေးသဖြင့် ရေစစ်ဖြင့် ရေကိုစစ်ပြီး သပိတ်တွင်ထည့်၍ လှူဒါန်းလိုက်သည်။

ဇနီးသည်ရင်ခွင်၌ အိပ်ပျော်

ပုဏ္ဏာတို့ မိသားစုသည် သူဌေးကြီး သုမန၏ အိမ်နောက်ဖေးဘက်တွင် နေကြရသဖြင့် သူတို့အထံသို့ ဆွမ်းခံကိုယ်တော်များ မရောက်လာနိုင်ကြပေ။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည် ပုဏ္ဏာ၏မယား သူ့ယောကျ်ားရှိရာ လယ်တောသို့ ထမင်းလာပို့မည့် အချိန်တွင် မြို့တွင်းသို့ ဆွမ်းခံကြွလာသည်။ ပုဏ္ဏာ၏မယားသည် လယ်တောသို့ လာရာလမ်းတွင် အရှင်မြတ်ကြီးအား တွေ့ရှိသဖြင့် ယူလာသော ဆွမ်းကို အကုန်လောင်းလှူလိုက်သည်။ ပုဏ္ဏာအတွက် အိမ်ပြန်ပြီး ထမင်းချက်၍ ယူလာခဲ့သည်။ ပုဏ္ဏာသည် ဆာလောင်သဖြင့် လယ်ထွန်ရပ်နားကာ သစ်ပင်ရိပ်တစ်ခုတွင် နားခိုရင်း မယားဖြစ်သူအလာကို စောင့်မျှော်နေသည်။ မယားဖြစ်သူသည် ရောက်လျှင် ရောက်ချင်း ခေါင်းပေါ်မှ ထမင်းထုပ်ကို ချကာ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို လင်တော်မောင်အား ပြောပြသည်။ ပုဏ္ဏာကလည်း သူကိုယ်တိုင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအတွက် တံပူနှင့် ရေလှူခဲ့ရပုံ ပြောပြသည်။ စားသောက်ပြီးသောအခါ ပုဏ္ဏာသည် မယား၏ ရင်ခွင်တွင် မှေးစက်အနားယူရင်း အိပ်ပျော်သွားတော့သည်။

လှည်းများဖြင့် နန်းတော်သို့ သယ်စေ

ပုဏ္ဏာ အိပ်ရာမှ နိုးလာသော် ထွန်ထားသော မြေစိုင်ခဲတို့သည် ရွှေများဖြစ်နေကြသည်။ မြေစိုင်ခဲတစ်ခုကိုယူ၍ ထွန်တုံးတွင် ခေါက်ကြည့်သည်။ ရွှေအစစ်ဖြစ်နေသည်ကို တွေ့ရသဖြင့် ထမင်းခွက်၌ ရွှေများထည့်ပြီး ဗိမ္မိသာရ မင်းကြီးထံ သွားရောက် ဆက်သသည်။ မင်းကြီးက လှည်းပေါင်း တစ်ဆောင်စေလွှတ်ကာ ရွှေများကို နန်းတော်သို့ သယ်ခိုင်းသည်။ မင်းမှူထမ်းများက "မင်းကြီး၏ ရွှေများ" ဟု ပြောဆိုကာ ကျုံးယူသောအခါ မြေစိုင်ခဲများ ပြန် ဖြစ်သွားကြသည်။ "ပုဏ္ဏာ၏ ဥစ္စာများ" ဟု ပြောမှ ရွှေများပါလာကြသည်။

http://www.dhammadownload.com

ပုဏ္ဏာတို့ မိသားစု သောတာပန်ဖြစ်ပြီ

ဗိမ္ဗိသာရမင်းကြီးသည် ပုဏ္ဏာအား သူဌေးတို့ဆောင်းသော ထီးကို ချီးမြှင့်ပေးအပ်ပြီး "ဗဟုဓနသူဌေး" ဟူသော အမည်ဖြင့် သူဌေးရာထူးနှင့် နေအိမ်ကိုပါ ပေးအပ်လိုက်သည်။ သူဌေးပုဏ္ဏာသည် အိမ်တက်မင်္ဂလာနှင့် ထီးဆောင်း မင်္ဂလာများကို ပြုလုပ်ပြီး ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်လှူသည်။ ဆွမ်းအနုမောဒနာတရား နာကြားရသဖြင့် ပုဏ္ဏာတို့ ဓနိးမောင်နှံရော သမီးဥတ္တရာပါ သောတာပန် ဖြစ်သွားကြသည်။

အဌားမယား သီရိမာ

ပုဏ္ဏာ၏ သမီးကလေး ဥတ္တရာကို တစ်ချိန်က ပုဏ္ဏာ မှီခိုနေခဲ့ရသော သုမနသူဌေးသည် သူ့သားအတွက် ဥတ္တရာကို တောင်းရမ်းလာသည်။ ပုဏ္ဏာသည် မိစ္ဆာအယူဝါဒကို ယုံကြည်နေသော သုမန သူဌေးအိမ်သို့ သမီးငယ်အား မပေးလို။ သို့သော် မလွှဲမရှောင်သာသော အကြောင်းကြောင်းတို့ကြောင့် သမီးငယ်အား သုမန သူဌေးသားနှင့် လက်ထပ်ပေးလိုက်ရသည်။ ထိုအိမ်သို့ ဥတ္တရာ ရောက်သည့်နေ့မှစ၍ ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာကိုမျှ ပြုခွင့်မရပေ။ ထိုကြောင့် ဥတ္တရာသည် ဖခင်ထံသို့ စာရေးသား၍ အကြောင်းစုံကို ပြောပြသည်။ ထိုအခါ ဖခင်က အသပြာတစ်သောင်းခွဲကို ပေးပို့ပြီး သီရိမာ ပြည့်တန်ဆာမကို ခေါ်ယူလျက် တစ်နေ့ အသပြာတစ်ထောင်ဖြင့် ခင်ပွန်းသည်အား အဌားမယားအဖြစ် ပြုစုခိုင်းသည်။ ခင်ပွန်းဖြစ်သူသည်လည်း အဆင်းရူပကာ အလွန်လှပသော သီရိမာကို မြင်ရလျှင်ပင် ချစ်ခင် နှစ်သက်သဖြင့် သဘောတူလိုက်သည်။

အိမ်ထောင်တာဝန်မှ လွတ်လပ်သွားသော ဥတ္တရာသည် ဘုရားအမှူးရှိသော သံဃာတော်များအား နေ့စဉ် ကုသိုလ်ပြုသည်။ ကုသိုလ်ရေးဌာန ချွေးတစ်လုံးလုံးဖြင့် အလုပ်လုပ်နေသူ ဥတ္တရာကို မြင်သော် ခင်ပွန်းသည်က "အင်း... အလွန်မိုက်တာပဲ။ စည်းစိမ်အပြည့်နှင့် ခံစား စံစားမနေဘဲ ဦးပြည်းကတုံးတွေအတွက် ပင်ပင်ပန်းပန်း လုပ်ကိုင်နေသည်" ဟု တွေးပြီး

http://www.dhammadownload.com

ပြုံးရယ်လိုက်သည်။ ဤသို့ ဥတ္တရာ၏ ခင်ပွန်း ပြုံးရယ်သည်ကို မြင်လိုက်သော အဇားမယား သီရိမာသည် ဥတ္တရာအပေါ် အာဃာတထားပြီး မနာလို ဝန်တိုသောစိတ်ကြောင့် စားဖိုဆောင်မှ ကျိုက်ကျိုက်ဆူနေသော ထောပတ်ကို ဇွန်းဖြင့်ခပ်၍ ယူလာပြီး သီရိမာထံသို့ လာသည်။ သီရိမာ၏ အကြံအစည်ကို ကြိုတင်အကဲခတ်မိပြီးဖြစ်သည့် ဥတ္တရာသည် သီရိမာအပေါ် မေတ္တာမပျက်ဘဲ သူ့ကြောင့် ငါ အလှူကြီး ပေးနေရသည်ဟု ကျေးဇူးတင်စိတ်ဖြင့် မေတ္တာပွားနေလိုက်သည်။ ဥတ္တရာ၏ မေတ္တာကြောင့် သီရိမာ ယူလာသော ထောပတ်သည် လုံးဝ မပူချေ။ သီရိမာသည် ငါယူခဲ့သော ထောပတ်က အေးနေ၍ ဖြစ်မည်ဟု တွေးပြီး ဥတ္တရာကို ထပ်လောင်းရန် နောက်တစ်ကြိမ် ထောပတ်ပူကို သွားယူပြန်သည်။ ထိုအခါ ဥတ္တရာ၏ အလုပ်အကျွေးများက သီရိမာကို ဝိုင်းဝန်းရိုက်နှက်ကြသည်။

ဥတ္တရာသည် ဒဏ်ရာအနာတရဖြစ်သွားသော သီရိမာကို သေချာစွာ ပြုစုပေးသည်။ ထိုအခါ သီရိမာက သူ့အား ခွင့်လွှတ်ရန် တောင်းပန်သည်၊ "ငါ့မှာ လောကီရေးရာအတွက် လမ်းညွှန်သူ ဖခင်ပုဏ္ဏန့်၊ သံသရာဝဋ်ပြတ်ခြင်းကို လမ်းညွှန်သူ ဘုရားရှင်ဟူသော ဖခင်တို့ရှိကြသည်။ ဘုရားရှင်က သည်းခံစေလျှင် ငါ သည်းခံပါ၏" ဟု ဥတ္တရာက ရှင်းပြသည်။ ဥတ္တရာအိမ်သို့ ဘုရားရှင် ကြွလာသောအခါ သီရိမာသည် လှူဖွယ်များ လှူဒါန်းလျက် အဖြစ်စုံကို ဘုရားရှင်အား လျှောက်ထားသည်။ ဥတ္တရာကလည်း မှန်ကန်ကြောင်း လျှောက်ထားသဖြင့် ဥတ္တရာ ဥပါသိကာမကို ချီးမွမ်းတော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ သီရိမာသည် အမျိုးသမီးငါးရာ တို့နှင့်အတူ သောတာပန် ဖြစ်သွားသည်။

၂၂၃။ အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိက ဝါဒိနံ။

ဒေသနာ၏အဓိပ္ပာယ်

၂၂၃။ ဒေါသအမျက်ထွက်သူကို မေတ္တာဖြင့် အောင်စေရာ၏၊ မသူတော်ကို သူတော်ကောင်း စိတ်ထားဖြင့် အောင်စေရာ၏။ နှမြောတွန့်တိုသူကို

http://www.dhammadownload.com

ပေးကမ်းခြင်းဖြင့် အောင်စေရာ၏။ မုသားစကားပြောသူကို အမှန်သစ္စာစကား ဖြင့် အောင်စေရာ၏။

ဥတ္တရာဥပါသိကာမဝတ္ထု ပြီး၏။

၄။ အရှင်မဟာမောဂ္ဂလာန်မေးသောဝတ္ထုများ

[နတ်ပြည်သို့ရောက်ရသည့်အကြောင်းသုံးမျိုး]

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူရာ နတ်သား၊ နတ်သမီးတို့နှင့်တွေ့၍ နတ်စည်းစိမ် ခံစားနေရသည့် ရှေးကုသိုလ်များအကြောင်း မေးတော်မူသည်။

နတ်သမီးတစ်ပါးက "တပည့်တော်မသည် အခြားကုသိုလ်များ မပြုခဲ့ဖူးပါ။ မှန်ကန်စွာ ပြောဆိုမှုကို ပြုခဲ့၍ ဤခမ်းနား ကြီးကျယ်သော နတ်စည်းစိမ်ကို ရရှိခံစားရပါသည်" ဟု ဖြေကြားသည်။ အခြားနတ်သမီးတစ်ပါးက "တပည့်တော်မသည် ကဿပဘုရားရှင် လက်ထက်က ကျေးကျွန်တစ်ယောက် ဖြစ်ခဲ့ပါသည်။ ပိုင်ရှင်သခင်မသည် ရက်စက်သည်၊ ကြမ်းကြုတ်သည်၊ တွေ့ရာ မြင်ရာ ပစ္စည်းတို့ဖြင့် ရိုက်နှက်ပစ်ခတ်လေ့ ရှိပါသည်။ သို့ရာတွင် သူမသည် ငါ၏ အရှင်သခင် ဖြစ်ပေသည်" ဟု စဉ်းစားလျက် အမျက်မထွက်ဘဲ ငါ့ကို ဆုံးမခြင်းသာ ဖြစ်သည်ဟု သဘောထားခဲ့သဖြင့် နတ်စည်းစိမ်ကို ခံစားရပါသည်ဟု ဖြေကြားသည်။

အခြားနတ်သား၊ နတ်သမီးတို့တွင် "တစ်ပါးက ကြဲတစ်ချောင်း လှူဖူး၍၊ နောက်တစ်ပါးက တည်သီးတစ်လုံး လှူဖူး၍၊ သခွာသီးတစ်လုံး လှူဖူး၍၊ တမာရွက်တစ်ဆုပ် လှူဖူး၍ စသည်ဖြင့် ဖြေကြားကြသည်။

လူ့ပြည်သို့ ပြန်ရောက်သော် ဤမျှလောက် ကာယက် စသည်ကို ထိန်းသိမ်းကာ အမှန်ပြော၍၊ အနည်းငယ်သော ဒါနလေးများ ပြု၍ဖြင့် နတ်စည်းစိမ် ခံစားရပါလားဟု ဘုရားရှင်ကို မေးမြန်းလျှောက်ထားသည်။ ဘုရား

http://www.dhammadownload.com

ရှင်က "သင်ချစ်သား၊ မျက်မြင်ကိုယ်တွေ့ နားကြားပင် မဟုတ်လော" ဟု မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၂၄။ သစ္စံ ဘဏေ နာ ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။

ဒေသနာ၏အဓိပ္ပာယ်

၂၂၄။ မုနိသော်ဘစကားကို ပြောဆိုရာ၏။ သူတစ်ပါးအား စိတ်ဆိုး အမျက်ထွက်ခြင်းမပြုရာ၊ တောင်းလာလျှင် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်း သုံးမျိုးကြောင့် နတ်ပြည်သို့ ရောက်ရ၏။

အရှင်မဟာမောဂ္ဂလာန်မေးသောဝတ္ထုများ ပြီး၏။

၅။ ဘုရားရှင်၏ မိဘဟောင်းများဝတ္ထု

[အနာဂါမ်ဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားသူ မိဘဟောင်းများ]

ဘုရားရှင်သည် အဋ္ဌနအမည်ရှိ တောအုပ်၌ သီတင်းသုံးတော်မူစဉ် သာကေတမြို့သို့ ဆွမ်းခံကြွတော်မူသည်။ မြို့တံခါး၌ ပုဏ္ဏားအိုကြီးတစ်ဦးနှင့် တွေ့သည်။ ပုဏ္ဏားကြီးက "ချစ်သား သည်မျှကြာအောင် ဘယ်ကို သွားနေသနည်း။ မိအိုဖအိုတို့ကို စောင့်ရှောက်သင့်သည် မဟုတ်လော၊ မယ်တော်ကြီးနှင့်တွေ့ဖို့ အိမ်ကိုကြွပါ" ဟု ပြောကာ ပင့်ဆောင်သည်။ အိမ်သို့ရောက်သော် ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးကဲ့သို့ နှုတ်ဆက်ပြောဆိုသည်။ သားသမီးတို့ကိုလည်းခေါ်ကာ နောင်တော်ကြီးကို ရှိခိုးကြဟု တိုက်တွန်းသည်။

တရားနာကြားရ၍ မိဘဟောင်းတို့ အနာဂါမ်ဖြစ်ပြီ

ထို့နောက် ပုဏ္ဏားကြီးမိသားစုက ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းကပ်လှူသည်။ နောင် အမြဲတမ်း ဆွမ်းခံကြွပါဟုလည်း ပင့်ဆောင်ကြသည်။ ဘုရားရှင်တို့မည်သည် တစ်နေရာတည်းသို့ အမြဲတမ်း ဆွမ်းခံကြွရိုးမရှိဟု ဘုရားရှင်က မိန့်ကြားသဖြင့် ဆွမ်းကပ်လှူလိုသူမရှိလျှင် တပည့်

http://www.dhammadownload.com

တော်တို့ကို အကြောင်းကြားပါဟု ပုဏ္ဏားကြီးတို့က လျှောက်ထားသည်။ ဆွမ်းကပ်လှူဖို့ ပင့်ဆောင်သူမရှိလျှင် ဘုရားရှင်သည် ပုဏ္ဏားကြီးတို့အိမ်၌ သာ ဆွမ်းဘုဉ်းပေးသည်။ မကြာမကြာ တရားနာကြားရသဖြင့် မိဘဟောင်း ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ် ဖြစ်တော်မူကြသည်။

ပုဏ္ဏားကြီးတို့နှင့် ဘုရားရှင်၏ အတိတ်ဘဝ

တရားသဘင်၌ ရဟန်းတို့က ဘုရားရှင်၏ မယ်တော် ဓမည်းတော်တို့ သည် သုဒ္ဓေါဒန မင်းကြီးနှင့် မယ်တော် မာယာတို့ ဖြစ်ကြပါလျက် ပုဏ္ဏားကြီး ဇနီးမောင်နှံက ဘုရားရှင်ကို သားဟုခေါ်ပုံတို့ကို ပြောဆိုနေကြသည်။ ဘုရားရှင် ကြွလာတော်မူပြီးလျှင် ပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် ဘဝငါးရာတိုင်တိုင် ငါဘုရား၏ မယ်တော် ဓမည်းတော်တို့ ဖြစ်ကြပြီး နောက်ထပ် ဘဝငါးရာ တိုင်တိုင် ဘထွေး+မိထွေးအဖြစ်လည်းကောင်း၊ ဘကြီး+မိကြီးတို့ အဖြစ်လည်း ဘဝပေါင်းငါးရာ ဖြစ်ခဲ့ကြဖူးသည်။ ထိုသို့ ဘဝပေါင်း တစ်ထောင့်ငါးရာ တိုင်တိုင် ငါဘုရားသည် ပုဏ္ဏားကြီးတို့၏သား ဖြစ်ခဲ့ဖူးပြီဟု အတိတ်ကို ဆောင်ပြတော်မူသည်။

ဝါတွင်းသုံးလတိုင်တိုင် ပုဏ္ဏားကြီးတို့၏ အပြုအစုကို ခံယူတော်မူပြီး နောက် ပုဏ္ဏားကြီးတို့ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ပရိနိဗ္ဗာန် စံသွားသောအခါ ဘုရားရှင်သည် သုသာန်အထိ ပို့ဆောင်သည်။ ထို့နောက် ဘုရားရှင်သည် ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၂၅။ အဟိံသ ကာယေ မုနယော၊ နိစ္စံ ကာယေန သံဝုတာ၊
တေ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တ္ဝာ န သောစရေ။

ဒေသနာ၏အဓိပ္ပာယ်

၂၂၅။ သူတစ်ပါးတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း မရှိဘဲ မိမိကိုယ်ကို ကာယဒွါရ စသည်ဖြင့် အမြဲစောင့်ရှောက်သူတို့သည် စိုးရိမ်ခြင်းနှင့် သေခြင်း ဘေးရာ နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

ဘုရားရှင်၏ မိဘဟောင်းများဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ပုဏ္ဏာအမည်ရှိ ကျွန်မဝတ္ထု

[အလုပ်များသော်လည်း တရားနာရန် သောတာပန် ဖြစ်သွားသူ]

ပုဏ္ဏာသည် ရာဇဂြိုဟ်သူဌေးတစ်ဦးအိမ်မှ ကျွန်မတစ်ယောက် ဖြစ်သည်။ ညဉ့်နက်အောင် ဆန်ဖွပ် မောင်းထောင်းရသည်။ ပင်ပန်း၍ နားနေစဉ် တောင်ပေါ်၌ မီးရောင်တဝင်းဝင်းဖြင့် ရဟန်းတို့အား အိပ်ရာနေရာလိုက်ပြနေသော အရှင်ဒဗ္ဗမထေရ်ကို တွေ့ရသည်။ အရှင်ဒဗ္ဗသည် လက်ညှိုးမှ မီးလင်းစေနိုင်သူ ဖြစ်သည်။ "ငါကား ဆင်းရဲသူ ကျွန်မဖြစ်သည်။ အလုပ်များ၍ ခုတိုင် မအိပ်နိုင်သေး။ ရဟန်းတော်တို့သည် အဘယ့်ကြောင့် ခုချိန်ထိ မကျိန်းစက်နိုင်ကြသေးသနည်း" ဟု ပုဏ္ဏာ စဉ်းစားနေသည်။

စားရန်ယူလာသည်မှန့် လှူလိုက်ပြီ

နံနက်လင်းသော် ပုဏ္ဏာသည် ဆန်ကွဲကို ရေဆွတ်ပြီး လက်နှစ်ဖက်ဖြင့် ကြိတ်နယ်၍ မုန့်ယှက် မုန့်လုပ်သည်။ မီးကင်ပြီး၍ ကျက်သောအခါ ရေဆိပ်တွင် စားရုန်ယူခဲ့သည်။ လမ်းတွင် ဆွမ်းခံကြွလာသော ဘုရားရှင်နှင့် တွေ့၍ မုန့်ကို လှူလိုက်သည်။ ညဲ့သောမုန့်ကို ဘုရားရှင် ဘဉ်းပေးမည် မဟုတ်ဟု ပုဏ္ဏာ၏စိတ်တွင် တွေးမိသည်။ ဘုရားရှင်သည် ပုဏ္ဏာ၏အတွေးကို သိတော်မူသဖြင့် မြို့ပြင်အရောက် ပုဏ္ဏာ ကြည့်နေစဉ်မှာပင် မုန့်ဆွမ်းကို ဘုဉ်းပေးတော်မူသည်။

ထို့နောက် ပုဏ္ဏာကိုခေါ်လျက် "သင်သည် ဆင်းရဲသောကြောင့် မအိပ်နိုင်၊ ငါ၏ တပည့်တို့သည်ကား အမြဲတမ်း နိုးနိုးကြားကြားရှိရန် အားထုတ်နေကြသောကြောင့် မအိပ်နိုင်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ပုဏ္ဏာသည် သောတာပန် ဖြစ်သွားသည်။

၂၂၆။ သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနု သိက္ခိနံ။
နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၂၆။ အမြဲနိုးကြား ထကြွရှိကုန်သည်ဖြစ်၍ နေ့ညဉ့်မပြတ် သိက္ခာသုံးပါးကို ကျင့်ကုန်သော၊ နိဗ္ဗာန်သို့ စိတ်ညွှတ်ကုန်သော သူတို့တွင် ကာမစသော အာသဝေါတရားလေးပါးတို့ ချုပ်ငြိမ်းကုန်ခန်းကြကုန်၏။

ပုဏ္ဏာအမည်ရှိ ကျွန်မဝတ္ထု ပြီး၏။

၇။ ကဲ့ရဲ့လေ့ရှိသူ အတုလဥပါသကာဝတ္ထု

[လောက၌ ကဲ့ရဲ့ခံရခြင်းမှ လွတ်သူမရှိ]

အတုလ ဥပါသကာသည် သာဝတ္ထိမြို့၌နေသည်။ အခြံအရံ ဥပါသကာငါးရာရှိသည်။ တရားနာလိုသဖြင့် တပည့်များနှင့်အတူ ဇေတဝန်ကျောင်းတော်နေ အရှင်ရေဝတထံ သွားကြသည်။ အရှင်ရေဝတသည် တစ်ပါးတည်းနေထိုင်သီတင်းသုံးလေ့ရှိသူ ဖြစ်သည်။ အရှင်ရေဝတက နှုတ်ဆက်စကားမျှပင်မပြော။ ထို့ကြောင့် မကျေမနပ်ဖြစ်ကာ အရှင်ရေဝတကို ကဲ့ရဲ့သည်။ တစ်ဖန် အရှင်သာရိပုတ္တရာထံသွားသည်။ အရှင်သာရိပုတ္တရာက အဘိဓမ္မာတရားတော်ကို ဟောပြောလိုက်သည်။ ရှည်လျားပြီး ခက်ခဲ နက်နဲ၍ မမှတ်သားနိုင်ကြ။ အတုလဒါယကာသည် မကျေမနပ်ဖြစ်ကာ အရှင်အာနန္ဒာထံ ဆက်၍ လာခဲ့ကြသည်။ အရှင်အာနန္ဒာက အလွန်သိလွယ်အောင် စီစဉ်လျက် တရားနည်းနည်းသာ ဟောလိုက်သည်။

ဘုရားရှင်တို့ပင် အကဲ့ရဲ့ခံကြရသည်

အတုလဥပါသကာနှင့် တပည့်တို့သည် အရှင်အာနန္ဒာကို နည်းနည်းလေး ဟောရပါမည်လားဟု မကျေမနပ်ဖြစ်ကာ ကဲ့ရဲ့ကြပြန်သည်။ သို့ဖြင့် ဘုရားရှင်ထံသွားကာ မထေရ်တို့အကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က အတုလဥပါသကာနှင့် တပည့်တို့အား လောက၌ ဘုရားရှင်တို့

http://www.dhammadownload.com

ပင် အကဲ့ရဲ့မလွတ်ကြဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာ ကြားနာရသော် အတုလဥပါသကာတို့ အားလုံး သောတာပန် ဖြစ်ကြသည်။

၂၂၇။ ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှီမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကော အနိန္ဒိတော။
၂၂၈။ န စာဟု န စ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ။
ကေန္တံ နိန္ဒိတော ပေါသော၊ ကေန္တံ ဝါ ပသံသိတော။
၂၂၉။ ယံ စေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေ သုဝေ။
အစ္ဆိဒ္ဒဝုတ္တိ မေဓာဝိ၊ ပညာသီလသမာဟိတံ။
၂၃၀။ နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကောတံ နိန္ဒိ တုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

ဒေသနာ၏အဓိပ္ပာယ်

၂၂၇။ အို... အတုလ၊ ကဲ့ရဲ့ခြင်းသဘောသည် ရှေးကတည်းကပင် ရှိခဲ့သည်။ ယခုမှ ရှိလာသော အကျင့်မဟုတ်ပေ။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြသည်။ များများပြောသူကိုလည်း ကဲ့ရဲ့ကြသည်။ အသင့်အတင့် ပြောသူကိုလည်း ကဲ့ရဲ့ကြသည်။ လောကဌ် အကဲ့ရဲ့ မခံရသူဟူ၍ မရှိနိုင်။

၂၂၈။ လုံးဝ အကဲ့ရဲ့ခံရသူမရှိ။ လုံးဝ ချီးမွမ်းခံရသူလည်း မရှိ။ ရှေးက မရှိသလို ယခုလည်း မရှိ။ နောင်လည်း ရှိမည်မဟုတ်ပေ။

၂၂၉။ ကောင်းသော အသက်မွေးခြင်းရှိ၍ ပညာနှင့်လည်း ပြည့်စုံကာ သီလလည်း ရှိသူကို ပညာရှိတို့သည် အမှန်အတိုင်း သိ၍ နေ့စဉ် နေ့တိုင်း အထပ်ထပ် အလီလီ ချီးမွမ်းကြငြားအံ့။

၂၃၀။ အကောင်းဆုံး ဇမ္ဗူရာဇ် ရွှေနှင့်တူသော ထိုသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်မည်နည်း။ ထိုသူကို နတ်တို့ရော ဗြဟ္မာတို့ပါ ချီးမွမ်းကြကုန်၏။

ကဲ့ရဲ့လေ့ရှိသူ အတုလဥပါသကာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၈။ ဆဗ္ဗဂ္ဂိရဟန်းများဝတ္ထု

[ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ရှောက်ရန် ဆုံးမခံရသူများ]

ခြောက်ပါးတစ်စု နေလေ့ရှိသော ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်နှစ်ဖက် ဖြင့် တောင်ဝှေးကိုင်လျက် သစ်သားခြေနင်း ဂပ်သော ဖိနပ်များ စီးကြသည်။ ကျောက်ပြားပေါ်၌ စီး၍ အသံတဒေါက်ဒေါက် မြည်သည်။ ထိုအသံများ ကြားသော ဘုရားရှင်က "အာနန္ဒာ၊ အဘယ်အသံများနည်း" ဟု မေးလျှင် အရှင်အာနန္ဒာက "ဆဗ္ဗဂ္ဂိရဟန်းတို့၏ ဖိနပ်သံများ ဖြစ်ပါသည်" ဟု ဘုရားရှင် ထံ လျှောက်ထားသည်။

ဘုရားရှင်က ဆဗ္ဗဂ္ဂိရဟန်းတို့ကိုခေါ်လျက် ဆုံးမတော်မူပြီး ထိုသို့သော ဖိနပ်များ မစီးရန် သိက္ခာပုဒ်တော် ပညတ်သည်။ ထို့နောက် ဤဒေသနာတော် ကို ဟောတော်မူသည်။

၂၃၁။ ကာယပ္ပကောပံ ရက္ခေယ္ယ၊ ကာယေန သံဝုတော သိယာ။
ကာယဒုစ္စရိတံ ဟိတ္ဝာ၊ ကာယေန သုစရိတံ စရေ။
၂၃၂။ ဝစီပကောပံ ရက္ခေယ္ယ၊ ဝါစာယ သံဝုတော သိယာ။
ဝစီဒုစ္စရိတံ ဟိတ္ဝာ၊ ဝါစာယ သုစရိတံ စရေ။
၂၃၃။ မနောပကောပံ ရက္ခေယ္ယ၊ မနသာ သံဝုတော သိယာ။
မနောဒုစ္စရိတံ ဟိတ္ဝာ၊ မနသာ သုစရိတံ စရေ။
၂၃၄။ ကာယေန သံဝုတာ ဓီရာ၊ အထော ဝါစာယ သံဝုတာ။
မနသာ သံဝုတာ ဓီရာ၊ တေ ဝေ သုပရိသံဝုတာ။

ဒေသနာ၏အဓိပ္ပာယ်

၂၃၁။ ကာယ ဒုစရိုက်သုံးပါး (ကိုယ်အမှုအရာကြမ်းတမ်းမှု) ကို မဖြစ် ပွားအောင် စောင့်ရှောက်ရာ၏။ ကာယဒွါရအားဖြင့် ဒုစရိုက် ဝင်ရောက်လာ မှုကို တားမြစ်ပိတ်ပင်ရာ၏။ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက် ကို ကျင့်သုံးရာ၏။

၂၃၂။ ဝစီဒုစရိုက်လေးပါး (နှုတ်အမှုအရာ ကြမ်းတမ်းမှု) ကို မဖြစ်ပွား အောင် စောင့်ရှောက်ရာ၏။ ဝစီဒွါရအားဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို

http://www.dhammadownload.com

တားမြစ်ပိတ်ပင်ရာ၏။ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၃။ မနောဒုစရိုက်သုံးပါး (စိတ်အမူအရာ ရုန့်ရင်းကြမ်းတမ်းမှု) ကို မဖြစ်ပွားအောင် စောင့်ရှောက်ရာ၏။ မနောဒွါရအားဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏။ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၄။ ပညာရှိတို့သည် ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ ဝင်ရောက်လာသော မကောင်းမှုမှ တားမြစ်ပိတ်ပင်၍ ကောင်းမှုကို စောင့်ရှောက်နိုင်ကုန်၏။ ထို ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် ကောင်းစွာ စောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် မကောင်းမှု တားမြစ် ပိတ်ပင်နိုင်သူ ကောင်းမှုကို ကောင်းစွာ စောင့်ရှောက်နိုင်သူတို့မည်ကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းများဝတ္တု ပြီး၏။

ကောဓဝဂ် ပြီးပြီ။



ခြောက်ပါးထစ်စုနေထိုရှိသော ဆဗ္ဗဂ္ဂီရဟန်းများ။

http://www.dhammadownload.com

မလဝဂ်

မလ = အညစ်အကြေး၊ ဝဂ္ဂ = ဝဂ်၊ အစု။
လူ့အညစ်အကြေး၊ သံ၊ ရွှေ စသည်၏ အညစ်အကြေး၊ တရား၏ အညစ်အကြေး
စသည်ဖြင့် အညစ်အကြေးတို့မှ ကင်းအောင် ကြိုးစားရန် ဟောကြားထားသည့်
ဝတ္ထုနှင့် ဒေသနာအစု။



၁။ နွားသတ်သမား၏သား ဝတ္ထု

[သံသရာခရီးအတွက် ရိက္ခာကုသိုလ်ပြု၍ အနာဂါမ်ဖြစ်သူ]

နွားသတ်၍ အသက်မွေးသူ သာဝတ္ထိမြို့သား တစ်ဦးသည် ဇေတဝန်ကျောင်းတော်အနီး၌ နေသည်။ ကုသိုလ်ဒါန ပြုဖူးသည် မရှိပေ။ နွားသတ်လုပ်ငန်းကို လုပ်ကိုင်နေသည်မှာ နှစ် ၅၀ ကျော်ပြီ။ အမဲသား မပါလျှင် ထမင်းမစားနိုင်။ တစ်နေ့သ၌ နွားသတ်သမားသည် မိမိအတွက် အမဲသား ဟင်းချက်ရန် မယားအား အသားတုံးတစ်တုံးကို ပေး၍ ရေချိုးရန် ထွက်သွားသည်။ ထိုစဉ် နွားသတ်သမား၏ မိတ်ဆွေ သူငယ်ချင်း တစ်ယောက်ကလာ၍ အိမ်တွင် စည့်သည် ရောက်နေသည်ဟုဆိုကာ နွားသတ်သမား၏ မယားထံမှ အသားတုံးကို ဖွတ်အတင်းယူသွားသည်။ ရေချိုးရာမှ ပြန်လာသော် နွားသတ်သမားသည် မိမိအတွက်ထားသော အမဲသား မရှိတော့ကြောင်း သိရ၍ အိမ်၏ နောက်ဘက်တွင် ချည်နှောင်ထားသော နွားတစ်ကောင်၏ လျှာကို ဖြတ်ယူပြီး မီးကျိုး၌ ကင်၍ ထမင်းနှင့် အတူစားသည်။ နွားလျှာကင်ကို ဖဲ့၍ ထမင်းနှင့် အတူရောနှောကာ စားလိုက်သည်ဆိုလျှင်ပင် နွားသတ်

http://www.dhammadownload.com

သမား၏ လျှာသည် ထမင်းပန်းကန်ထဲသို့ ပြတ်ကျလာသည်။ လျှာကို အဖြတ်ခံရသော နွားကဲ့သို့ လျှာအရင်းမှ သွေးများ ဒလဟော စီးကျလာသည်။ မခံမရပ်နိုင်အောင် နာကျင်လွန်းသဖြင့် အော်ဟစ်သောအခါ သူ၏ အသံသည် နွားအော်သံကဲ့သို့ပင် ဖြစ်သည်။ ထိုအနာဝေဒနာဖြင့်ပင် နွားသည် လည်းကောင်း၊ နွားသတ်သမားသည် လည်းကောင်း သေဆုံးကြရလေ၏။ နွားသတ်သမားသည် အဝီစိငရဲသို့ ရောက်ရသည်။

ဖခင်အိုအတွက် ကုသိုလ်ပြု

နွားသတ်သမား၏ မယားသည် သားဖြစ်သူအား ဖခင်၏ နွားသတ်လုပ်ငန်းနှင့် မပတ်သက်စေရန် တက္ကသိုလ်ပြည်သို့ ထွက်ပြေးစေသည်။ တက္ကသိုလ်တွင် ရွှေပန်းထိမ်ဆရာကြီး တစ်ဦးထံ၌ ပန်းထိမ်ပညာကို သင်သည်။ တတ်မြောက်သောအခါ ဆရာက သူ့သမီးနှင့် ထိမ်းမြား လက်ထပ်ပေးသည်။ သူတို့နှစ်ဦးမှ မွေးဖွားလာသော သားများ အရွယ်ရောက်လာသောအခါ သူတို့သည် သာဝတ္ထိမြို့တွင် သွားရောက် နေထိုင်ကြသည်။ သဒ္ဓါတရားနှင့် ပြည့်စုံ၍ ကုသိုလ်ကောင်းမှုများလည်း ပြုကြသည်။ သူတို့၏ ဖခင်ကမူ တက္ကသိုလ်ပြည်မှာပင် နေခဲ့သည်။ ကုသိုလ်ကောင်းမှုဟူ၍ ဘာအလုပ်မျှ မလုပ်။ သားများသည် အသက်အရွယ်ကြီးကာ အိုမင်းလာသော ဖခင်ကို ခေါ်ယူကာ ဘုရားရှင်နှင့် သံဃာတော်များအား နှစ်ရက်တိုင်တိုင် ပင့်ဖိတ်၍ ဆွမ်းကပ်လှူသည်။

ဘုရားရှင်က ဆွမ်းအနုမောဒနာပြုကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ နွားသတ်သမား၏သား အဘိုးအိုသည် သောတာပန် ဖြစ်လေသည်။

၂၃၅။ ပဏ္ဏုပလာသောဝ ဒါနိသိ၊ ယမပုရိသာပိစ တေ ဥပဋ္ဌိတာ။
ဥယျောဂမုခေ စ တိဋ္ဌသိ၊ ပါထေယျံပိ စ တေ န ဝိဇ္ဇတိ။
၂၃၆။ သော ကရောဟိ ဒီပမတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဓုန္တမလော အနင်္ဃထော၊ ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၃၅။ အို... ဒါယကာကြီး၊ ယခုအခါ သင်သည် ဖျော့တော့သော ဖက်ရွက်ရော်နှင့် တူနေ၏။ သေမင်းတမန်တို့သည် သင့်အနီး၌ စောင့်နေကြ၏။ သင်သည် ဘဝလမ်းဆုံး ရောက်နေပြီ။ သင့်မှာ ဘဝတစ်ပါး၌ စားသုံးရန် ကောင်းမှုတည်းဟူသော ခရီးသွားရိက္ခာလည်း မရှိသေး။

၂၃၆။ ထို့ကြောင့် သင်သည် မိမိအတွက် မှီခိုရာ ကျွန်းနှင့်တူသော ကောင်းမှု ကုသိုလ်ကို ပြုလော့။ အလျင်အမြန် အားထုတ်၍ ပညာရှိသူဖြစ်လော့၊ ရာဂ စသော အညစ်အကြေးကို ပယ်ထုတ်ကာ ကိလေသာ ကင်းစင်လျှင် သင်သည် အရိယာတို့နေရာဖြစ်သော သုဒ္ဓါဝါသဘုံသို့ ရောက်လတ္တံ့။

နောက်ရက် ဆက်၍ ကုသိုလ်ပြုလေသောအခါ

သားသမီးတို့သည် နောက်နေ့တွင်လည်း ဘုရားရှင်နှင့် သံဃာတော်များကို ဆက်၍ ဆွမ်းကပ်လှူပြီး ကုသိုလ်ကောင်းမှုများ ပြုကြသည်။ သက်ရှိဖခင်ကြီးအတွက်ဟု ဘုရားရှင်ကို လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောကြားကာ ဆွမ်းအနုမောဒနာ ပြုသည်။ ဒေသနာတော် ကြားနာရ၍ နွားသတ်သမား၏ သားဖြစ်သော သောတာပန် အဘိုးအို သည် အနာဂါမ် ဖြစ်သွားတော့သည်။

၂၃၇။ ဥပနီတဝယော စ ဒါနိသိ၊ သမ္ပယာတောသိ ယမဿ သန္တိကံ၊
ဝါသော တေ နတ္ထိ အန္တရာ၊ ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။
၂၃၈။ သော ကရောဟိ ဒီပမတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ၊
နိဒ္ဓန္တမလော အနင်္ဃော၊ န ပုန ဇာတိဇရံ ဥပေဟိသိ။

ဒေသနာ၏အဓိပ္ပာယ်

၂၃၇။ အို... ဒါယကာကြီး၊ သင်သည် ယခုအခါ အရွယ်လွန်နေချေပြီ။ သေမင်းထံသို့သွားရန် အချိန်ရောက်နေပေပြီ။ ခရီးအကြား၌ ရပ်နားနေရန် အခွင့်အလမ်း မရှိပြီ။ ထို့အပြင် သင့်မှာ ဘဝတစ်ပါးသို့သွားရန် ကောင်းမှုတည်းဟူသော ရိက္ခာလည်း မရှိသေးပါ။

http://www.dhammadownload.com

၂၃၈။ ထို့ကြောင့် သင်သည် မိမိ၏ မိုခိုရာ ကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့။ ပညာရှိဖြစ်ရန် လျင်မြန်စွာ အားထုတ်လော့။ ရာဂ စသော အညစ်အကြေးကို ပယ်ထုတ်လျက် ကိလေသာ ကင်းစင်လျှင် သင်သည် တစ်ဖန် ပဋိသန္ဓေနေခြင်း၊ အိုမင်းခြင်းသို့ ရောက်လိမ့်မည် မဟုတ်။

နွားသတ်သမား၏သား ဝတ္ထု ပြီး၏။

၂။ ကောင်းမှုရှင် ပုဏ္ဏားဝတ္ထု

[ကောင်းမှုအမျိုးမျိုးပြုပြီး တရားနာ၍ သောတာပန် ဖြစ်သွားသူ]

ပုဏ္ဏားတစ်ယောက်သည် အိမ်မှ စောစောထွက်လာခဲ့ရာ ရဟန်းများ သင်္ကန်းရုံရာ နေရာသို့ ရောက်လာသည်။ ရဟန်းတစ်ပါး၏ သင်္ကန်းသည် မြက်ပင်တို့ဖြင့် ထိမိ၍ နှင်းများ စိုရွှဲနေသည်။ ပုဏ္ဏားသည် ထိုနေရာသို့ သွားကာ မြက်များ ရှင်းလင်းလျက် ကုသိုလ်ပြုသည်။ နောက်နေ့တွင် ရဟန်းတစ်ပါး၏ သင်္ကန်းခြံ ဖုန်များ ပေကျံနေသဖြင့် ထိုနေရာကို သဲများ ခင်းပေးသည်။ နေပူထဲခြံ သင်္ကန်းရုံနေသော ရဟန်းသည် ချွေးများ စိုရွှဲနေ၍ ထိုနေရာတွင် မဏ္ဍပ်ဆောက်လုပ် လှူဒါန်းသည်။ နောက်တစ်နေ့ နံနက်တွင် မိုးကြိုး သည်းထန်စွာ ရွာသဖြင့် ရေစိုရွှဲနေသော ရဟန်းများအတွက် ဇရပ် ဆောက်လုပ် လှူဒါန်းသည်။

သောတာပန် ပုဏ္ဏား

ဇရပ် ရေစက်ချ အလှူပွဲခြံ ဘုရားရှင်နှင့် သံဃာတော်များအား ပင့်ဖိတ်ကာ လှူဖွယ်များ လှူဒါန်းသည်။ ရဟန်းတို့အတွက် ပြုလုပ်ခဲ့သော ကောင်းမှုများအကြောင်း ဘုရားရှင်ကို လျှောက်ထားသည်။ ကုသိုလ်အားလုံးအတွက် အနုမောဒနာတရား နာကြား၍ ပုဏ္ဏားသည် သောတာပန် ဖြစ်လေတော့သည်။

http://www.dhammadownload.com

၂၃၉။ အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတသေဝ၊ နိဒ္ဓမေ မလမတ္တနော။

ဒေသနာ၏အဓိပ္ပာယ်

၂၃၉။ ပန်းထိမ်သည်သည် ရွှေမှ အညစ်အကြေးများကို တဖြည်းဖြည်း ထုတ်ပစ်သကဲ့သို့ ပညာရှိသည် အခွင့်ရတိုင်း ရတိုင်း အနည်းငယ် အနည်းငယ်သော မိမိ၏ ရာဂ စသော အညစ်အကြေးကို အစဉ်သဖြင့် ထုတ်ပစ်ရာ၏။

ကောင်းမှုရှင် ပုဏ္ဏားဝတ္ထု ပြီး၏။

၃။ သန်းဖြစ်သွားသူ တိဿမထေရ်ဝတ္ထု

[သင်္ကန်း၌ တပ်မက်စွဲလမ်းနေ၍ သန်းဖြစ်ရသူ]

သာဝတ္ထိပြည်သား အရှင်တိဿမထေရ်သည် ဇနပုဒ် တစ်ခုရှိ ကျောင်းသို့ သွားရောက် ဝါဆိုကာ သီတင်းသုံး နေထိုင်သည့်အခါ ရှစ်တောင်ရှိသော သင်္ကန်းလျာ ပုဆိုးကို ရရှိသည်။ ထိုသင်္ကန်းကို သာဝတ္ထိမြို့ရှိ အစ်မထံ အပ်နှံထားသည်။ ထူထဲသော ပုဆိုးဖြစ်၍ ဝါဂွမ်းအဖြစ် ပြောင်းလဲပြီး ပါးလွှာသော သင်္ကန်းစဖြစ်အောင် အစ်မက ရက်လုပ်ပေးထားသည်။ သင်္ကန်းချုပ်ပြီးသောအခါ အစ်မဖြစ်သူက ယခင်သင်္ကန်းမှာ ထူလွန်းသဖြင့် ပါးလွှာအောင် ပြုလုပ်ထားကြောင်းပြော၍ ကပ်လှူသည်။ တိဿမထေရ်က အပ်နှံထားသော သင်္ကန်းမဟုတ်၍ ယူရန် ငြင်းဆိုသည်။ အစ်မက သင့်လျော်အောင် ပြန်ပြင်ပြီး ရက်လုပ်ထားသည်ဟု ပြောသဖြင့် လက်ခံသွားသည်။ သင်္ကန်းချုပ်ပေးသော ရဟန်းသာမဏေများနှင့် မောင်ရဟန်းအား အစ်မက ထူးခြားကောင်းမွန်သော ဆွမ်းဘောဇဉ်များ ကပ်လှူသည်။

http://www.dhammadownload.com

သင်္ကန်းဥ္စ သန်းဖြစ်နေကာ

အရှင်တိဿသည် ချုပ်ပြီးသော သင်္ကန်းကို နှစ်ခြိုက် သဘောကျလှသဖြင့် မနက်ဖြန်မှ ဝတ်မည်ဟုဆိုကာ သိမ်းထားသည်။ စားသောက်ထားသော ဆွမ်းဘောဇဉ်များ အစာမကြေသောကြောင့် ထိုညဉ့်ဥ္စပင် အရှင်တိဿ ပျံလွန်တော်မူသွားကာ ထိုသင်္ကန်းဥ္စ စွဲလမ်း၍ ပြန်လွန်တော်မူသောကြောင့် ထိုသင်္ကန်းဥ္စပင် သန်းဖြစ်နေသည်။ အရှင်တိဿကို သင်္ဂြိုဟ်ပြီးနောက် ကျန်ခဲ့သော ပစ္စည်းများကို သံဃိက–သံဃာ အများပိုင်အဖြစ် ခွဲဝေရန် ပြင်ဆင်ကြသည်။ သင်္ကန်းဥ္စ သန်းဖြစ်နေသော အရှင်တိဿက "ငါ့ဥစ္စာကို လုယူကြပြီ" ဟု အော်သောအသံကို ဒီဗ္ဗသောတဖြင့် ဘုရားရှင် ကြားတော်မူသွားသည်။

ဘုရားရှင်သည် အရှင်တိဿ၏ ပစ္စည်းများအား ချက်ချင်း ခွဲဝေခြင်း မပြုရန် အရှင်အာနန္ဒာကို စေလွှတ်ပြီး တားမြစ်စေသည်။ ချက်ချင်း ခွဲဝေလျှင် သန်းဖြစ်နေသော အရှင်တိဿက ဒေါသဖြစ်ကာ သံဃာကို ပြစ်မှားမည်၊ ပြစ်မှားလျှင် သန်းဘဝမှ အပါယ်ငရဲသို့ ရောက်သွားမည်။ ခုနစ်ရက်ကြာသောအခါ သန်းသည် ကွယ်လွန်ကာ တုသိတာဥ္စ နတ်ဖြစ်သွားသည်။ ထို အခါမှ ပစ္စည်းများ ခွဲဝေရန် ဘုရားရှင်က ခွင့်ပြုလိုက်သည်။ ထို့နောက် စွဲလမ်းတတ်သော တဏှာ၏ မကောင်းကျိုးကို မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။

၂၄၀။ အယသာဝ မလံ သမုဋ္ဌိတံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၀။ သံမှဖြစ်လာသော သံချေးသည် သံကိုပင် ပြန်၍စားကာ ဖျက်ဆီးသကဲ့သို့ မိမိပြုသော စွဲလမ်းမှုကြောင့်ဖြစ်သည့် တဏှာတည်းဟူသော မကောင်းမှုတို့သည် ကျူးလွန်သူ မိမိကိုပင် ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ကုန်၏။

သန်းဖြစ်သွားသူ တိဿမထေရ်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ အရှင်လာဠုဒါယီမထေရ် ဝတ္ထု

[တရားမဟောတတ်ဘဲ မထေရ်ကြီးများကို ပြိုင်ဆိုင်လိုသူ]

သာဝတ္ထိမြို့ကို ဘုရားရှင် လက်ထက်တော်တုန်းက "ချမ်းသာ အကုန် ပြည့်စုံသော သဗ္ဗတ္ထိမြို့" ဟု သမုတ်ခေါ်ဝေါ်ခဲ့ကြသည်။ မဟာကောသလမင်း၊ ပသေနဒီ ကောသလမင်းနှင့် ဝိဋဋဘမင်းတို့ နေသကဲ့သို့ သူတော်စင် သူတော်မြတ် အရိယာများစွာတို့သည်လည်း ထိုမြို့၌ နေကြသည်။ သူတော် သူမြတ်တို့သည် ဘုရားရှင် ဧကျောင်းတော်သို့သွားကာ တရားနာကြားကြ သည်။ ပြန်လာသော် တရားဟောသော အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် တို့၏ ဂုဏ်ကျေးဇူးများကို တမ်းတမ်းတတ ပြောဆိုကြသည်။ ထိုပြောသံ ကြားသော် အရှင်လာဠုဒါယီက "ငါ့တရားကိုသာ နာကြားရလျှင် ဘယ်သို့ ပြောဆိုကြမည်နည်း" ဟု ဟိတ်ဟန်ဖြင့် ပြောသည်။

တရားဟောဖို့ တောင်းပန်ကြသော်

ဒါယကာတို့သည် လာဠုဒါယီမထေရ်ကို တရားဟောကောင်းသူ ဓမ္မ ကထိကဟု ထင်မှတ်ကာ တရားဟောဖို့ တောင်းပန်ကြသည်။ မထေရ်သည် ဆန်းကြယ်သော ယပ်ကို ကိုင်ကာ တရားပလ္လင်ပေါ်သို့ တက်သည်။ ဟောရ မည့် တရားဂါထာကို မသိ၍ တုန်တုန်ယင်ယင်ဖြင့် အခြားပုဂ္ဂိုလ် တစ်ပါးပါး အား အလျင်ဟောပါစေ။ ညမှ ငါ ဟောမည်ဟု ပြောကာ ပလ္လင်ပေါ်မှ ပြန် ဆင်းသည်။ လေးကြိမ်တိုင်အောင် ဤသို့ ပြုလုပ်သည်။ နောက်ဆုံးအကြိမ်တွင် တရားနာလိုသူများက "အမိုက်တကာ့ အမိုက်ဆုံး အမိုက်တုံးကြီး၊ သင်သည် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ကို တုပြိုင် ပြောဆိုပြီး ယခု ဘာကြောင့် တရားမဟောနိုင်ရသနည်း" ဟု ဝိုင်းအုံလိုက်ကြသဖြင့် ပြေးမိ ပြေးရာပြေးသွားရာ မစင်တွင်းတစ်ခုထဲသို့ ကျသွားတော့သည်။

ထိုအကြောင်းများကို ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင် က "လာဠုဒါယီသည် ယခုမှ သာရိပုတ္တရာတို့ကို တုပြိုင်သည် မဟုတ်။ ဝက်ဖြစ်စဉ်ကလည်း ခြင်္သေ့ဖြစ်နေသော သာရိပုတ္တရာကို တုပြိုင်ဖူးသည်" ဟု ဒုကနိပါတ်၊ ဒဠ္ဍဝဂ်မှ သုကရဇာတ်ကို ဆောင်ပြတော်မူသည်။

http://www.dhammadownload.com

ထို့နောက် ဘုရားရှင်က လာဋ္ဌဒါယိသည် တရားကိုသင်ယူဖူးသူ ဖြစ်သော်လည်း သင်အံ လေ့ကျက်မှု မရှိသူဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၄၁။ အသဇ္ဈာယမလာ မန္တာ၊ အနုဋ္ဌာနမလာ ဃရာ၊
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၁။ သင်အံ လေ့ကျက်မှု မပြုခြင်းသည် စာပေကျမ်းဂန် ဂါထာမန္တန်တို့၏ ပျက်စီးကြောင်း အညစ်အကြေး ဖြစ်သည်။ ပြုပြင်မှု မရှိခြင်းသည် အိမ် စသည့် အဆောက်အအုံတို့၏ ပျက်စီးကြောင်း အညစ်အကြေး ဖြစ်သည်။ အသုတ်အသင် အပြင်အဆင်မရှိ ပျင်းရိခြင်းသည် လှပသော အဆင်း၏ ပျက်စီးကြောင်း အညစ်အကြေး ဖြစ်သည်။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ ပျက်စီးကြောင်း အညစ်အကြေး ဖြစ်သည်။

အရှင်လာဋ္ဌဒါယိမထေရ်ဝတ္ထု ပြီး၏။

၅။ ရှက်နေသူ အမျိုးသားဝတ္ထု

[ဇနီးသည် စာရိတ္တ မကောင်း၍ လူမြင်ကွင်းသို့ မသွားသူ]

အမျိုးသား တစ်ဦးသည် သက်တူရွယ်တူ ဇာတ်တူသူ အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ပြုကာ အတူနေထိုင်သည်။ အမျိုးသမီးသည် ကောင်းကောင်းမွန်မွန် နေသည်ဟူ၍ မရှိ။ အခြားယောကျ်ားများနှင့် ဖောက်လွဲဖောက်ပြန်ပြုသည်။ အမျိုးသားသည် ရှက်သဖြင့် လူမြင်ကွင်းသို့ မသွားမရောက်တော့။ ဘုရားရှင်ထံသို့ ရက်အတန်ကြာမှ ရောက်သွားသည်။ အမျိုးသမီးကို အကြောင်းပြုကာ ရှက်၍ ဘုရားရှင်ထံသို့ မရောက်ကြောင်း လျှောက်ထားသည်။

http://www.dhammadownload.com

ထိုအခါ ဘုရားရှင်က ကေနိပါတ်၊ ဣတ္ထိဝဂ်မှ အနဘိရတိဇာတ်လာ ဒိသာပါမောက္ခ ဖြစ်စဉ်က အတိတ်ဝတ္ထုကို ပြန်လည် ဟောပြသည်။ ထို ဇာတ်၌ ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာ ဖြစ်နေသည်။ တပည့် တစ်ဦးသည် မိန်းမ ဖောက်ပြန်မှုကြောင့် အရှက်ရနေသည်။ ထိုအခါ ဆရာက "ငါ့တပည့်၊ မြစ်၊ ခရီးလမ်းမ၊ အရက်ဆိုင်၊ ဇရပ်၊ ရေအိုးစင်တို့သည် အများနှင့် သက်ဆိုင်သကဲ့သို့ မိန်းမတို့သည်လည်း သူ ခပ်သိမ်းတို့နှင့် ဆက်ဆံ တတ်သည်။ မိန်းမနှင့် ပတ်သက်၍ အမျက်မထွက်လေနှင့်" ဟု ဆုံးမခဲ့ဖူး သည် မဟုတ်လော" ဟု ရှက်နေသူ အမျိုးသားအား မိန့်တော်မူပြီး ဘုရားရှင်က ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူသည်။

၂၄၂။ မလိတ္ထိယာ ဒုစ္စရိတံ၊ မစ္ဆေရံ ဒဒတော မလံ။
မလာ ဝေ ပါပကာ ဓမ္မာ၊ အသ္မိံ လောကေ ပရမ္ဖိစ။
၂၄၃။ တတော မလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ။
ဧတံ မလံ ပဟန္ဒ္ဝာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၂။ လင်ကို လွန်ကျူးခြင်း မကောင်းသော အကျင့်ကျင့်ခြင်းသည် မိန်းမ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။ ဝန်တိုခြင်းသည် ပေးကမ်း လှူဒါန်းသူ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။ အကုသိုလ် တရားတို့ သည် ဤဘဝရော နောင်ဘဝအတွက်ပါ ပျက်စီးကြောင်း အညစ်အကြေးတို့ မည်ကုန်၏။

၂၄၃။ ဤအညစ်အကြေးတို့ထက် လွန်ကဲဆိုးရွားသော အညစ်အကြေး ကား တရားမှန်ကို မသိခြင်းတည်းဟူသော အဝိဇ္ဇာ အညစ်အကြေးပင်တည်း။ ရဟန်းတို့ သင်တို့သည် အလွန်ကဲဆုံးဖြစ်သော အဝိဇ္ဇာဟူသော ဤအညစ် အကြေးကို ပယ်စွန့်ကာ အညစ်အကြေး ကင်းသူများ ဖြစ်ကြကုန်လော့။

ရှက်နေသူ အမျိုးသားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ဆေးကုသူ စူဠသာရိမထေရ်ဝတ္ထု

[ရဲတင်းစွာ အစာရှာသော ကျီးကန်းနှင့်တူသူ]

စူဠသာရိမထေရ်သည် အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်တစ်ပါး ဖြစ်သည်။ ဆေးကုတတ်သဖြင့် လှူသူ ပေါများသည်။ လာဘ်လာဘ ရွှင်သည်။ ရလာသော မွန်မြတ်ကောင်းမွန်သည့် ပစ္စည်းများဖြင့် တစ်နေရာမှ ပြန်လာစဉ် အရှင်သာရိပုတ္တရာနှင့် လမ်းတွင် ဆုံမိသည်။ "ဆေးကု၍ ရလာသော ပစ္စည်းများ ဖြစ်ပါသည်။ ဤသို့ ကောင်းမွန်သော ပစ္စည်းများ အရှင်ဘုရား တို့ ရဖို့မလွယ်ပါ။ ဤမွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေးတော်မူပါ။ နောင်လည်း တပည့်တော် လှူပါဦးမည်" ဟု မထေရ်ကြီးကို လျှောက်ထားသည်။

အရှင်သာရိပုတ္တရာသည် စကားတစ်ခွန်းမှ ပြန်မပြောဘဲ ဆက်၍ ကြွသွားသည်။ ဤအကြောင်းကို ဘုရားရှင်အား ရဟန်းများက လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၄၄။ သုဇိဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။
၂၄၅။ ဟိရိမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။
အလီနေနာပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၄။ အရှက်မရှိသောသူသည် ရဲတင်းစွာ အစာရှာတတ်သော ကျီးကန်းနှင့်တူ၏။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ဖျက်ဆီး၏။ ဣသူတစ်ပါးပြုသော အမှုကို မိမိ ပြုသယောင် ဆောင်တတ်၏။ ကြမ်းတမ်းသောသဘောလည်းရှိ၍ ယုတ်မာသော အကျင့်ဖြင့် အသက်မွေးသူသည် အသက်မွေးမှု လွယ်ကူ၏။

၂၄၅။ အရှက်လည်းရှိ၊ အမြဲတမ်း စင်စင်ကြယ်ကြယ်သာ ရှာဖွေလေ့ရှိပြီး နမြောတွန့်တိုခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်းသဘော မရှိ။ စင်ကြယ်သော

http://www.dhammadownload.com

အမှုဖြင့် အသက်မွေးသူ၊ သင့်၏၊ မသင့်၏။ တော်၏၊ မတော်၏ကို ရှုမြင်တတ်သူသည် အသက်မွေးမှု ခဲယဉ်းသည်။

ဆေးကုသူ စူဠသာရိထေရ်ဝတ္ထု ပြီး၏။

၇။ သီလတစ်ပါးစီစောင့်သူ ဒါယကာ ငါးယောက်တို့ဝတ္ထု

[သီလငါးပါးစလုံးပင် စောင့်နိုင်ခဲ့သည်ဟု သိသွားကြသူများ]

သီလတစ်ပါးစီကိုသာ စောင့်ထိန်းသော သီတင်းသည် ငါးယောက်တို့သည် အချင်းချင်း ဆုံမိသောအခါ သူ့အသက်ကို မသတ်ခြင်း ပါဏာတိပါတာ တစ်ပါးသာ စောင့်ရှောက်သူက "ငါကသာ စောင့်နိုင်ခဲ့သော သိက္ခာပုဒ်ကို စောင့်သူ ဖြစ်သည်" ဟု ပြောဆိုသည်။ သူ့ဥစ္စာကို မခိုးခြင်း၊ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်သူက "ငါသာ စောင့်နိုင်ခဲ့သော သိက္ခာပုဒ်ကို စောင့်သူ" ဟု ပြောဆိုသည်။ အလားတူပင် "ကာမေသုမိစ္ဆာစာ" သူ့သားမယား မကျူးလွန်ရ သိက္ခာပုဒ်ကို စောင့်သူ၊ "မုသာဝါဒ" မုသားမပြောရ သိက္ခာပုဒ်ကို စောင့်သူနှင့် "သုရာမေရယ" အရက်သေစာ မသောက်ရ သိက္ခာပုဒ်ကို စောင့်သူကလည်း "ငါသာ စောင့်နိုင်ခဲ့သော သိက္ခာပုဒ်စောင့်သူ" ဟု အငြင်းအခုံဖြစ်ကြရာ ဤအကြောင်းကို ဘုရားရှင်ထံ သွားရောက် လျှောက်ထားကြသည်။

အားလုံး သောတာပန် ဖြစ်ကြပြီ

ထိုအခါ ဘုရားရှင်က "သီလ သိက္ခာငါးပါးစလုံးပင် မကျိုးမပေါက် အောင် စောင့်ရှောက်ရ ခက်ခဲသော သိက္ခာပုဒ်များ ဖြစ်ကြသည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ ဒါယကာ ငါးယောက်တို့အားလုံး သောတာပန် ဖြစ်သွားကြသည်။

http://www.dhammadownload.com

၂၄၆။ ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နမာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
၂၄၇။ သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။
၂၄၈။ ဧဝံ ဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ၊
မာ တံ လောဘော အဓမ္မော၊ စိရံ ဒုက္ခာယ ရန္ဓယုံ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၆။ ဤလောကဌ် လူတစ်ဦးသည် သူ့အသက်ကို သတ်၏။ မဟုတ်မမှန်သော စကားကို ဆို၏။ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုး၏။ သူတစ်ပါး သားမယားကို ပြစ်မှားလွန်ကျူး စော်ကဲား၏။

၂၄၇။ သေအရက်ကို သောက်စား၏။ ထိုသူသည် ယခုဘဝ၌ပင် မိမိကိုယ်ကိုမိမိ တူးဖြို ဖျက်ဆီးနေသူ ဖြစ်သည်။

၂၄၈။ အို... ယောကျ်ား၊ ဤသို့ သိလော့၊ (သိလ) မစောင့်စည်းသူတို့သည် ယုတ်ညံ့သူတို့ ဖြစ်ကြကုန်၏ဟု သိလော့။ လောဘသည် လည်းကောင်း၊ ဒေါသသည် လည်းကောင်း သင့်ကို ဆင်းရဲတာရှည်စေရန် မပြုလုပ်ပါစေနှင့်။

သီလတစ်ပါးစီစောင့်သူ ဒါယကာ ငါးယောက်တို့ဝတ္ထု ပြီး၏။

၈။ ကဲ့ရဲ့လေ့ရှိသူ ရဟန်းငယ် အရှင်တိဿဝတ္ထု

[ကိုယ့်အမျိုးကိုဂုဏ်တင်၍ အခြားသူတို့ကို ကဲ့ရဲ့သူ]

ရဟန်းငယ် တိဿသည် ဆွေမျိုးထဲမှ သူ့အား လျှူသူများကို ချီးမွမ်းသည်။ ဂုဏ်တင်သည်။ အခြားအလျှူရှင်များကိုမူ ကဲ့ရဲ့လေ့ရှိသည်။ အသဒိသ အလျှူရှင် ကောသလမင်းကြီး၊ ဇေတဝန်ကျောင်း ဒါယကာကြီး အနာထပိဏ်နှင့် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါတို့၏ အလျှူတို့ကိုလည်း ကတ်ကတ်

http://www.dhammadownload.com

သတ်သတ် အကြောင်းရှာပြီး ကဲ့ရဲ့သည်။ များများလှူသူကို ကဲ့ရဲ့သကဲ့သို့ နည်းနည်းလှူသူကိုလည်း ကဲ့ရဲ့သည်။ သူ့အမျိုးထဲမှ အလှူရှင်များကိုမူ "ငါတို့အမျိုးသည် အလှူရေစက် လက်နှင့်မကွာသူများ" စသည်ဖြင့် ဂုဏ်တင်ကာ သူ့အမျိုးကြီးကျယ်သည်။ သဒ္ဓါရှိသည်ဟု ပြောဆိုလေ့ရှိသည်။

ရဟန်းငယ် တိဿအကြောင်း စုံစမ်းကြည့်သော်

သို့ဖြင့် ရဟန်းတို့သည် ရဟန်းငယ် တိဿအကြောင်း စုံစမ်းကြသည်။ ရဟန်းငယ် တိဿသည် တံခါးစောင့်၏သား၊ လက်သမားများနှင့်အတူ လှည့်လည် အလုပ်လုပ်ရာသို့ လိုက်ရင်း သာဝတ္ထိပြည်သို့ ရောက်သောအခါ ရဟန်းဝတ်သွားသူ ဖြစ်သည်။ ထိုအကြောင်းများကို ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၄၉။ ဒဒါတိ ဝေ ယထာသဒ္ဓံ၊ ယထာ ပသာဒနံ ဇနော။
တတ္ထ ယောစ မကံ္ခ ဘဝတိ၊ ပရေသံ ပါနဘောဇနေ၊
န သော ဒိဝါ ဝါ ရတ္တိ ဝါ၊ သမာဓိမဓိဂစ္ဆတိ။
၂၅၀။ ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ၊
သ ဝေ ဒိဝါ ဝါ ရတ္တိ ဝါ၊ သမာဓိမဓိဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၄၉။ လူတို့သည် မိမိတို့ ယုံကြည်သူ၊ ကြည်ညိုသူတို့အား ယုံကြည်၊ ကြည်ညိုသည့်အလျောက် လှူဖွယ်တို့ကို ပေးလှူကြကုန်၏။ သူတစ်ပါးတို့ ထိုသို့ပေးလှူကြရာ၌ မျက်နှာမသာမယာ ဖြစ်နေသူ၊ မနာလိုသူသည် နေ့ရောညဉ့်ပါ စိတ်တည်ကြည်မှု မရနိုင်ပေ။

၂၅၀။ အကြင်သူသည် ဤမျက်နှာ မသာယာမှု၊ မနာလိုမှု စသော သဘောကို အကြွင်းမဲ့ အရင်းအမြစ်နှင့်တကွ နုတ်ပယ်ပြီး ဖြစ်၏။ ထိုသူသည် နေ့ရောညဉ့်ပါ စိတ်တည်ကြည်မှုကို ဧကန်ရလေ၏။

ကဲ့ရဲ့လေ့ရှိသူ ရဟန်းငယ် တိဿဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ ဥပါသကာ ငါးယောက်ဝတ္ထု

[မြွေ၊ တီ၊ မျောက်၊ နက္ခတ်ဆရာနှင့် ဗေဒင်ဆရာဘဝမှ လာသူများ]

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တရားနာရန် ဒါယကာ ငါးယောက်တို့ ရောက်လာကြသည်။ ဘုရားရှင် ရှေ့တော်သို့ ရောက်သော် တစ်ယောက်သည့် ထိုင်လျက် အိပ်ပျော်နေသည်။ အခြားတစ်ယောက်သည် မြေကြီးကို လက်ဖြင့် ရေးခြစ်နေသည်။ တစ်ယောက်သည် သစ်ပင်ကို ကိုင်လှုပ်နေသည်။ တစ်ယောက်သည် ကောင်းကင်သို့ ငေးမော်ကြည့်နေကာ၊ ကျန်တစ်ယောက်သာလျှင် ကောင်းမွန်စွာ တရားနာသည်။

မတူသောဘဝမှ လာသူများ

ဒါယကာတို့ ထိုသို့ နေနေကြသည့်အကြောင်း အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က အိပ်ပျော်နေသူသည် ဘဝငါးရာတိုင်တိုင် မြွေမျိုး၌ ဖြစ်နေခဲ့ဖူးပြီး မိမိအခွေပေါ်တွင် ခေါင်းတင်ကာ အိပ်နေခဲ့သည်။ မြေကြီးကို ရေးခြစ်နေသူသည် ဘဝငါးရာ တီကောင်မျိုး ဖြစ်ခဲ့သည်။ သစ်ပင်ကို ကိုင်လှုပ်နေသူသည် ဘဝငါးရာ ကာလပတ်လုံး မျောက်မျိုး၌ ဖြစ်ခဲ့ဖူးသည်။ ကောင်းကင်ကို မော်ကြည့်နေသူသည် ဘဝငါးရာ တို့ပတ်လုံး နက္ခတ်ဆရာ ဖြစ်ခဲ့ဖူးသည်။ ကောင်းမွန်စွာ တရားနာနေသူကား ဗေဒင်ကို တစ်ဖက်ကမ်းခတ်တတ်သူ ပုဏ္ဏားဖြစ်ခဲ့၍ ယခုလည်း ကောင်းစွာ နာယူလျက် တွက် ချက်နေသည်ဟု မိန့်တော်မူသည်။

တရားတော်ကို ကောင်းစွာ မနာကြားနိုင်ကြခြင်းမှာ သူတို့၌ ရှိနေသော ရာဂ၊ ဒေါသ၊ မောဟနှင့် တဏှာတို့ကြောင့်ဟု ရှင်းလင်းတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် ကောင်းမွန်စွာ တရားနာနေသူသည် သောတာပန် ဖြစ်လေ၏။

၂၅၁။ နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော၊
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ နဒီ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၅၁။ ကိုယ်တွင်း၌ ပူလောင်တတ်သဖြင့် ရာဂနှင့်တူသော မီးသည်မရှိ၊ ကိုယ်တွင်း၌နေ၍ ဖမ်းယူတတ်သဖြင့် ဒေါသနှင့်တူသော ဖမ်းယူခြင်းသည်မရှိ။ အမှားအမှန်မသိအောင် ဖုံးလွှမ်းတတ်သဖြင့် မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ။ အမြဲတမ်း လိုချင်လျက်သာရှိ၍ ပြည့်နှိုင်ခဲသော တဏှာနှင့်တူသည့် မြစ်သည် မရှိ။

ဥပါသကာ ငါးယောက်ဝတ္ထု ပြီး၏။

၁၀။ မေဏ္ဍက သူဌေးကြီးဝတ္ထု

[လောကီနှင့် လောကုတ္တရာ အရေးအတွက် ဝိသာခုကို ဦးဆောင်ခဲ့သူ]

မေဏ္ဍက သူဌေးကြီး လောင်းလျာသည် ဝိပဿီဘုရားရှင် လက်ထက်တော်အခါတွင် အပွရာဇိတ* အမည်ရှိ သူဌေးတစ်ဦး ဖြစ်ခဲ့သည်။ ဦးလေးဖြစ်သူ အပွရာဇိတက ဘုရားရှင်အတွက် ဂန္ဓကုဋီကျောင်းတော် ဆောက်လုပ်လှူဒါန်းသည်။ တူဖြစ်သူ အပွရာဇိတက ဦးလေး လှူဒါန်းသော ဂန္ဓကုဋီကျောင်းတော်အနီး၌ ဆင်ဝင်ဧည့်ခန်းမ ဆောက်လုပ် လှူဒါန်းသည်။ ခန်းမအလယ်တွင် တရားဟောပလ္လင်ထားရှိသည်။ တရားဟောပလ္လင်၏ အခြေလေးခုကို ရွှေနှီဖြင့် ပြုလုပ်ထားသည်။ အောက်ခြေတွင် ရွှေဆိတ်ရုပ်လေးခု၊ ခြေနင်းခုံတွင် ရွှေဆိတ်ရုပ် နှစ်ခု၊ မဏ္ဍပ်ထက်ဝန်းကျင်၌ ရွှေဆိတ်ရုပ် ခြောက်စုံတို့ ပြုလုပ် လှူဒါန်းသည်။

လှူဖွယ်အစုံ လှူဒါန်းခဲ့

လှူဒါန်းမှု အစုစုအတွက် ရေစက်ချပွဲ အခမ်းအနားကို လေးလတိုင်တိုင် ကျင်းပသည်။ နေ့စဉ် ဘုရားရှင်နှင့် သံဃာတော်များအား လှူဖွယ်

---

* အမည်ကွဲများရှိ၍ တိပိဋကဆရာတော်ကြီး ဦးဝိဇိတမှုအတိုင်း ဖော်ပြထားသည်။

http://www.dhammadownload.com

အစုံတို့ဖြင့် လှူဒါန်းကာ နောက်ဆုံးနေ့၌ ရဟန်းသံဃာ တစ်ပါးတစ်ပါး လျှင် တိစီဝရိုက်သင်္ကန်းပါ လှူဒါန်းသည်။

မေဇ္ဈကသူဌေးကြီး လောင်းလျှာသည် ထိုဘဝမှ စုတေသောအခါ ပြုခဲ့သော ကောင်းမှုတို့ကြောင့် လူ့ပြည် နတ်ပြည် သုဂတိဘဝတို့၌ ကျင်လည် ခဲ့ရသည်။ ဤဘဒ္ဒကမ္ပာသို့ရောက်သော် သူဌေးမျိုး၌ လူဖြစ်လာခဲ့သည်။ အရွယ်ရောက်လာသောအခါ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့သည်။ တစ်နေ့တွင် မင်းခစားရန် သွားသည်။ ပုရောဟိတ်ပုဏ္ဏားကြီးနှင့် တွေ့၍ နောင်သုံးနှစ် လွန်သောအခါ အစာရေစာ ရှားပါးသည့် ငတ်မွတ်ခေါင်းပါးမှု ဒုဗ္ဘိက္ခန္တရ ကပ်ဘေးဖြစ်လာမည်ဟု ပုရောဟိတ်ကြီးက ဟောကြားလိုက်သည်။ ဒုဗ္ဘိက္ခန္တရ ကပ်ဘေးဖြစ်လာလျှင် ဒုက္ခမရောက်စေရန် အစားအစာများကို ကြိုတင်စုဆောင်း သည်။ စပါးကို တိုးချဲ့စိုက်ပျိုးစေသည်။ ရသမျှ စပါးများ ဝယ်သည်။ အိုးကြီး အိုးငယ် စည်ကြီးစည်ငယ် အသွယ်သွယ်တို့နှင့် စုဆောင်း သိုလှောင်ထားသည်။

မိသားစုအတွက် ထမင်းကို လှူလိုက်ပြီ

ဒုဗ္ဘိက္ခန္တရဘေး ဆိုက်ရောက်လာသဖြင့် ကြိုတင် စုဆောင်းထားသည့် ဆန်များ၊ စားဖွယ်များကို ထုတ်ယူ သုံးဆောင်သည်။ နောက်ဆုံး ကျန်သမျှ ဆန်ကို စုဆောင်းကာ မိသားစုငါးယောက်တစ်နပ်စာအတွက် ချက်ထားသည်။ ထိုအချိန်မှာပင် ဂန္ဓမာဒနတောင်မှ နိရောဓ သမာပတ်ဝင်စားပြီး သမာပတ်မှ ထလာသည့် ပစ္စေကဗုဒ္ဓါတစ်ပါး သူတို့ထံ ဆွမ်းခံကြွလာသည်။ ရှိစုမဲ့စုဖြင့် ကျန်နေသော ဆန်များဖြင့် ချက်ထားသည့် ငါးယောက်စာ ထမင်းအားလုံးကို ထိုပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်သည်။ ဖြစ်လေရာ ဘဝတိုင်း၌ ဤမိသားစု ငါးဦး အတူနေကြရပါလို၏။ ဒုဗ္ဘိက္ခန္တရ စသော ကပ်ဘေးများမှ ကင်းဝေးရပါ လို၏ဟု ဆုတောင်းကြသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က တောင်းသောဆုနှင့် ပြည့်ပါစေဟု ဆုပေးကာ ပြန်ကြွသွားသည်။

ဤဘုရားရှင် လက်ထက်၌

ညနေခင်းအချိန်ရောက်သော် သူဌေးကြီးသည် ထမင်းဆာ၍ အိုး၌ ကျန် နေသော အိုးကပ်ထမင်း ရှိ၊ မရှိ သူဌေးကတော်ကြီးအား သွားရောက်ကြည့်ရန်

http://www.dhammadownload.com

မှာကြားသည်။ သူဌေးကတော်ကြီးက မရှိဟု မပြောရက်သဖြင့် ထမင်းအိုးကို ဖွင့်ပြသည်။ အိုးအတွင်း၌ စားဖွယ်များဖြင့် ပြည့်နေသည်ကို တွေ့ရသည်။ ထို့အတူ စပါးကျီတို့၌လည်း စပါးများ ပြည့်နေသည်ကို တွေ့ရသည်။ အလို ရှိသူတို့အား စားဖွယ်နှင့် စပါးများ ပေးလှူကြသည်။ ထိုဘဝမှ ကွယ်လွန်သော် ထိုသူငါးယောက်တို့သည် နတ်ပြည်၊ လူ့ပြည်၌ ကျင်လည်ပြီး ယခုဂေါတမ ဘုရားရှင်လက်ထက်တွင် အင်္ဂါတိုင်း ဘဒ္ဒိယမြို့၌ အမိတဘောဂ = စည်းစိမ်ဥစ္စာ အလွန်ကြွယ်ဝသော သူဌေးမျိုး၌ မေဏ္ဍကသူဌေး ဖြစ်လာခဲ့သည်။

ယခင်ဘဝက သူဌေးကတော်ကြီးသည်ပင် ယခုဘဝ၌ သူဌေးကတော်ကြီး စန္ဒပဒုမာ၊ ယခင်ဘဝက သားသည် ယခုဘဝ၌လည်း သားဖြစ်ကာ ဝိသာခါ၏ ဖခင် ဓနဥယသူဌေး ဖြစ်လာသည်။ ယခင်ဘဝက ချွေးမသည် ယခုဘဝ၌ ချွေးမ ဓနဥယသူဌေးကတော် သုမနဒေဝီ၊ ယခင်ဘဝက ကျွန်လုပ်သားသည် ယခုဘဝ၌ ကျွန်မောင်ပုဏ္ဏ ဖြစ်လာသည်။ ပြုခဲ့သော ကောင်းမှုနှင့် ဆုတောင်းတို့ကြောင့် ငါးဦးစလုံးသည်ပင် အရွယ်ရောက်သောအခါ တစ်မိသားစုတည်း ဆုံတွေ့လာခဲ့ကြသည်။

ဘုရားရှင်သည် ထိုမိသားစု အားလုံးတို့ တရားသိကာ တရားရကြမည့် အရေးကို မြင်တော်မူသဖြင့် ဘဒ္ဒိယမြို့သို့ ကြွလာသည်။ ဘုရားရှင် ကြွလာသည်ဟု သိရသဖြင့် မေဏ္ဍက သူဌေးကြီးသည် ဘုရားရှင်ထံ လာခဲ့သည်။ လမ်းတွင် တိတ္ထိများနှင့် ဆုံတွေ့သည်။ တိတ္ထိများက ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောကြားလျက် ဘုရားရှင်ထံ မသွားရန် တားကြသည်။ သူဌေးကြီးသည် ဘုရားရှင်အား ထိုအကြောင်းများကို လျှောက်ထားလျက် တရားတော်ကို နာယူရာ သောတာပန် ဖြစ်သွားသည်။ ထို့နောက် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန် စသည် ဖြစ်သွားကြသည်။

၂၅၂။ သုဒဿံ ဝဇ္ဇ မညေသံ၊ အတ္တာနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သော ဝဇ္ဇာနိ၊ သြပုနာတိ ယထာ ဘုသံ။
အတ္တာနော ပန ဆာဒေတိ၊ ကလိံ ကိတဝါ သဋ္ဌော။

http://www.dhammadownload.com

ဒေသနာတော်၏အဓိပ္ပာယ်

၂၅၂။ သူတစ်ပါးတို့၏ သေးငယ်သောအပြစ်ကိုပင် မြင်လွယ်၏။ မိမိ၏ ကြီးမားသောအပြစ်ကိုကား မြင်နိုင်ခဲသည်။ သူတစ်ပါးအပြစ်ကို ဖွဲလွင့်သကဲ့သို့ ပျံ့နှံ့အောင် လွင့်တတ်၏။ မိမိအပြစ်ကိုကား ကောက်ကျစ်သော ငှက်မုဆိုးသည် မိမိကို ငှက်များ မမြင်အောင် သစ်ခက်တို့ဖြင့် ဖုံးသကဲ့သို့ ဖုံးကွယ်တတ်၏။

မေတ္တာကသုဇ္ဈေးကြီးဝတ္ထု ပြီး၏။

၁၁။ ဥဇ္ဈာနသညီမထေရ် ဝတ္ထု

[အပြစ်မရှိ အပြစ်ရှာလျက် သူတစ်ပါးကို ကဲ့ရဲ့သူ]

ဤမထေရ်သည် အခြားသူတို့၏ ဝတ်စား နေထိုင်ပုံတို့ကို အပြစ်မရှိ အပြစ်ရှာပြီး ကဲ့ရဲ့တတ်သည်။ ထို့ကြောင့် မထေရ်၏ ဘွဲ့တော်ကို ဥဇ္ဈာန သညီ=ကဲ့ရဲ့လေ့ရှိသူဟု ဘွဲ့အမည် ခေါ်ကြသည်။ ထိုအကြောင်းကို ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၅၃။ ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော၊
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အသဝက္ခယာ။

ဒေသနာ၏အဓိပ္ပာယ်

၂၅၃။ သူတစ်ပါးအား အပြစ်မရှိ အပြစ်ရှာကာ ကဲ့ရဲ့တတ်သူမှာ အာသဝေါတရားတို့ တိုးပွားကုန်၏။ ထိုသူမှာ အာသဝေါတရားတို့ ကုန်ခန်းသည့် ရဟန္တာဖြစ်ဖို့ ဝေးကွာလှသည်။

ဥဇ္ဈာနသညီမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၂။ သုဘဒ္ဒပရိဗိုဇ် ဝတ္ထု

[သက်တော်ထင်ရှား ဘုရားရှင်၏ နောက်ဆုံး တပည့်ရဟန်း]

သုဘဒ္ဒပရိဗိုဇ်သည် လွန်ခဲ့သော ဘဝတစ်ခုတွင် ပဉ္စဝဂ္ဂီငါးပါးတို့၌ အဦးဆုံး သောတာပန်ဖြစ်သည့် အရှင်အညာသိကောဏ္ဍညနှင့် ညီအစ်ကို တော်ခဲ့ဖူးသည်။ အစ်ကို အရှင်အညာသိကောဏ္ဍည လောင်းလျာက ကောက်တစ်ကြိမ်စိုက်တိုင်း အဦးကိုးပါး လှူခဲ့သဖြင့် အဦးဆုံး တရားသိသည့်အကျိုးခံစားရသည်။ ညီသုဘဒ္ဒပရိဗိုဇ် လောင်းလျာကမူ လှူဖွယ်တို့ကို နောက်ဆုံးမှ လှူခဲ့သဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးညမှသာ တရားသိကာ ကျွတ်တမ်းဝင်ခဲ့ရသည်။

ပရိနိဗ္ဗာန် စံခါနီး နောက်ဆုံး ညတွင် သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်အား မိမိ သိလိုသည့် ပြဿနာများကို မေးမြန်းခဲ့သည်။ ဘုရားရှင်က သုဘဒ္ဒပရိဗိုဇ်၏ အမေးကို ဖြေသောအားဖြင့် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ သုဘဒ္ဒပရိဗိုဇ် အနာဂါမ် ဖြစ်သွားသည်။

၂၅၄။ အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။
၂၅၅။ အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

ဒေသနာ၏အဓိပ္ပာယ်

၂၅၄။ သုဘဒ်၊ ကောင်းကင်၌ ခြေရာမရှိပေ။ ငါ၏ သာသနာတော် ပြင်ပ၌ မဂ်ရ၊ ဖိုလ်ရ ရဟန်းမရှိပေ။ သတ္တဝါတို့သည် တဏှာ စသည့် သံသရာကို ချဲ့ထွင်တတ်သော တရား၌ မွေ့လျော်ကြသည်။ မြတ်စွာဘုရားတို့သည် တဏှာ စသည့် သံသရာကို ချဲ့ထွင်တတ်သောတရားမှ ကင်းလွတ်ကြကုန်၏။

၂၅၅။ ကောင်းကင်၌ ခြေရာမရှိပေ။ ငါ၏ သာသနာတော် ပြင်ပ၌ မဂ်ရ၊ ဖိုလ်ရ ရဟန်းမရှိပေ။ လောက၌ ရှိသမျှ အရာဝတ္ထုတို့သည် အမြဲမရှိ

67A

http://www.dhammadownload.com

ကုန်။ (မြဲသော သင်္ခါရတရားတို့သည် မရှိကြကုန်) ဘုရားရှင်တို့သည် တဏှာ စသည်ကြောင့် တုန်လှုပ်ခြင်း မရှိကြကုန်။

သုဘဒ္ဒပရိဗိုဇ်ဝတ္ထု ပြီး၏။

မလဝက် ပြီးပြီ။



ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးညတွင် သုဘဒ္ဒပရိဗိုဇ် မိမိသိလိုသော ပြဿနာများမေးမြန်း နေစဉ်။

http://www.dhammadownload.com

ဓမ္မဋ္ဌဝဂ်

ဓမ္မ = တရား၊ ဋ္ဌ = တည်သူ၊ ရှိသူ၊ ဝဂ္ဂ = ဝဂ်၊ အစု။
ကောင်းသော တရားရှိကြရန်။ ကောင်းသော တရားတည်ရှိမှ တရားသူကြီး၊
မကောင်းသော တရားရှိသူသည် မတရားသူကြီး စသည်
ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ တရားဆုံးဖြတ်သူ အမတ်ကြီးတို့ဝတ္ထု

[တရားရှိသူ တရားသူကြီးနှင့် တရားမရှိသူ မတရားသူကြီးများ]

သာဝတ္ထိမြို့ မြောက်ဘက် တံခါးအနီးရှိရွာသို့ ဆွမ်းခံကြွခဲ့ကြသော ရဟန်းတော်တို့သည် မြို့လယ်ကိုဖြတ်ကာ ကျောင်းသို့ ပြန်လာကြသည်။ မိုးရွာသဖြင့် တရားရုံးတစ်ရုံးသို့ ဝင်ကာ ခေတ္တ မိုးခိုကြသည်။ တရားရုံးရှိ အမတ်ကြီးတို့သည် တရားဆုံးဖြတ်ရာ၌ တံစိုးလက်ဆောင်ယူလျက် တရားအမှန်ကို အမှားအဖြစ် မတရားဆုံးဖြတ်ကြသည်ကို ကြားမြင် သိရှိခဲ့ကြရသည်။ ကျောင်းသို့ရောက်သော် ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က တရားရှိသော တရားသူကြီးနှင့် တရားမရှိသော မတရားသူကြီးတို့အကြောင်းကို ဤသို့ မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၅၆။ န တေန ပောတိ ဓမ္မဋ္ဌော၊ ယေနတ္ထံ သာဟသာ နယေ။
ယော စ အတ္ထံ အနတ္ထဉ္စ၊ ဥဘော နိစ္ဆေယျ ပဏ္ဍိတော။

http://www.dhammadownload.com

၂၅၇။ အသာဟသေန ဓမ္မေန၊ သမေန နယတီ ပရေ၊
ဓမ္မဿ ဂုတ္တော မေဓာဝီ၊ ဓမ္မဋ္ဌောတိ ပဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၅၆။ အမှုကို ဆုံးဖြတ်ရာ၌ မဟုတ်မမှန် ဆုံးဖြတ်သူသည် တရားရှိသော တရားသူကြီး မဟုတ်။ ပညာရှိသည် ဟုတ်-မဟုတ်၊ မှန်-မမှန် နှစ်ပါးစုံကို စုံစမ်းစစ်ဆေးရာ၏။

၂၅၇။ ဤသို့ စုံစမ်း စစ်ဆေးပြီးလျှင် မျက်နှာမလိုက်ဘဲ တရားကို စောင့်လျက် တရားနည်းလမ်းအတိုင်း အရှုံးအနိုင်ကို ဆုံးဖြတ်သူသည်သာ တရားရှိသော တရားသူကြီး ဖြစ်သည်။

တရားဆုံးဖြတ်သူ အမတ်ကြီးတို့ဝတ္တု ပြီး၏။

၂။ စကားများများပြောသူ ဆဗ္ဗဂိုရဟန်းတို့ဝတ္ထု

[စကားများများပြောပြီး အနှောင့်အယှက်ပေးသူများ]

ခြောက်ပါး အစုနေလေ့ရှိသော ဆဗ္ဗဂိုရဟန်းတို့သည် အခြားရဟန်းငယ်များနှင့် သာမဏေများအား စကားများများပြောကာ အနှောင့်အယှက်ပြုလျက် နေထိုင်သွားလာနေကြသည်။ ကျောင်း၌လည်းကောင်း၊ ရွာတွင်း၌လည်းကောင်း၊ ဆွမ်းစားကျောင်း စသည်တို့၌ လည်းကောင်း အခြားရဟန်းတို့ ခေါင်းပေါ်သို့ အမှိုက်ကြဲဖြန့်လျက် လည်းကောင်း၊ ကျောက်ကုန်းမှ တွန်းထိုး၍ လည်းကောင်း နှောင့်ယှက်လျက် ငါတို့သာ လိမ္မာကြသည်။ ပညာရှိကြသည် စသည်ဖြင့် ပြောဆိုကာ အနှောင့်အယှက်ပြုကြသည်။ ထိုအကြောင်းများကို ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၅၈။ နာ တေန ပဏ္ဍိတော ဟောတိ၊ ယော်ဝတာ ဗဟု ဘာသတိ။
ခေမီ အဝေရီ အဘယော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၅၈။ စကားများများ ပြောကာမျှဖြင့် ပညာရှိမမည်။ သည်းခံတတ်၍ မုန်းသူ ဟူ၍လည်း မထားတတ်ဘဲ ဘေးရန်ကင်း၍ အကြောက်အရွံ့ မရှိသူ ကိုသာ ပညာရှိဟု ခေါ်ဆိုအပ်သည်။

စကားများများပြောသူ ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု ပြီး၏။

၃။ ကျေဒါန ရဟန္တာမထေရ် ဝတ္ထု

[ရွှတ်ဆိုသောတရားကြားရ၍ နတ်တို့ သာဓုခေါ်ခံရသူ]

ကျေဒါန ရဟန္တာမထေရ်သည် တောအုပ်တစ်ခုဌ သီတင်းသုံး နေထိုင်သည်။ အမြဲတမ်း ဥဒါန်းဂါထာတစ်ပုဒ်ကိုသာ ရွတ်ဆိုလေ့ရှိသည်။ ထိုဂါထာကို ဥပုသ်နေ့တို့ဌ နတ်အများကို ပင့်ဖိတ်ပြီး ရွတ်ဆို ဟောကြား ဥဒါန်းကျူးသည်။ ဤတွင် နတ်တို့က သောသောညံ့မျှ လှိုက်လှဲသော အသံတို့ဖြင့် သာဓုခေါ်ကြသည်။ ထိုဥဒါန်းတစ်ပုဒ်ကိုသာ ကျူးရင့် ဟောလေ့ရှိသဖြင့် မထေရ်သည် ကျေဒါနမထေရ်ဟု တွင်နေသည်။

တစ်နေ့တွင် ပိဋကသုံးပုံဆောင် ရဟန်းနှစ်ပါးနှင့် အခြံအရံတို့သည် ထိုတောအုပ်သို့ ရောက်လာသည်။ ကျေဒါနမထေရ်က တောအုပ်ရှိ နတ်တို့ သောသောညံ့မျှ သာဓုခေါ်လေ့ရှိပုံကို ပြောပြကာ တရားဟောခိုင်းသည်။ မထေရ်တစ်ပါးက တရားတော်ကို ဟောကြားသည်။ ကျန်တစ်ပါးက အနက်အဓိပ္ပာယ် ချဲ့ထွင်ရှင်းပြ၍ ဟောသည်။ နတ်တို့ သာဓုခေါ်သံ မကြားရ။ ကျေဒါနမထေရ်က ရွတ်ဆိုနေကျ ဂါထာကို ရွတ်ဆိုဟောကြားသောအခါ နတ်တို့က သာဓုခေါ်ကြသည်။ ထိုအကြောင်းကို ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားသောအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံးဌ များစွာသောသူတို့ သောတာပန် စသည် ဖြစ်သွားကြသည်။

http://www.dhammadownload.com

၂၅၉။ နု တာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟု ဘာသတိ။
ယောစ အပ္ပမ္ပိ သုတ္တာန၊ ဓမ္မံ ကာယေန ပဿတိ။
သဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နုပ္ပမဇ္ဇတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၅၉။ များစွာ တရားဟောကာမျှဖြင့် တရားဆောင်သူ မဖြစ်။ တရားစကား အနည်းငယ်မျှပင် ကြားနာရ၍ ဒုက္ခ စသည့် သစ္စာလေးတန် တရားမှန်ကို ကိုယ်တိုင်သိကာ ထိုသစ္စာလေးပါးမြတ်တရားကို မမေ့မလျော့သူသာလျှင် တရားဆောင်သူအစစ် ဖြစ်သည်။

ဧကဒါန ရဟန္တာမထေရ်ဝတ္ထု ပြီး၏။

၄။ လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု

[အရပ်ပုပုကွကွရှိ၍ ကိုရင်ကလေးဟု အထင်ခံရသူ]

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ဘုရားရှင်ထံမှ ပြန်လာစဉ် တောနေရဟန်းသုံးကျိပ်တို့နှင့် တွေ့ဆုံသည်။ တောနေရဟန်းတို့က ဤမင်္ဂလာထေရ်ကို ကိုရင်လေးတစ်ပါးဟု ထင်နေကြသည်။ မထေရ်၏ ကိုယ်ခန္ဓာသည် ပုပုကွကွ ဖြစ်သည်။ ဘုရားရှင်က ကိုရင်လေးမဟုတ် မထေရ်ကြီးဟု မိန့်တော်မူသည်။ တောနေ ရဟန်းများက သေးငယ် ပုကွလှပါသည်ဟု လျှောက်ထားကြ၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ သုံးကျိပ်သော ရဟန်းတို့ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။

၂၆၀။ နု တေန ထေရော သော ဟောတိ၊ ယေနဿ ပလိတံ သိရော။
ပရိပက္ကော ဝယော တဿ၊ မောဃဇိဏ္ဏောတိ ဝုစ္စတိ။
၂၆၁။ ယမှိ သစ္စဉ္စ ဓမ္မောစ၊ အဟိံသာ သံယမော ဒမော။
သ ဝေ ဝန္တမလော ဓီရော၊ ထေရောလ္ဟတိ ပဝုစ္စတိ။

http://www.dhammadownload.com

ဒေဿနာ၏အဓိပ္ပာယ်

၂၆၀။ အသက်အရွယ်ကြီး၍ ခေါင်းဖြူကာမျှဖြင့် မထေရ်ကြီး မဖြစ်နိုင်။ ခိုင်မြဲသော တရားမရှိဘဲ အသက်အရွယ်သာ ကြီးသူကို အချည်းနှီးသူအိုဟု ခေါ်သည်။

၂၆၁။ သစ္စာလည်းရှိ၊ လောကုတ္တရာ တရားလည်းသိပြီး သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်မှု မရှိဘဲ သီလစောင့်သူ၊ မျက်စိ စသော ကျွန်ုပ်ကိုလည်း စောင့်ရှောက်လျက် ကိလေသာ အညစ်အကြေးကိုပယ်ကာ ခိုင်မြဲသည့် ပညာရှိသူကိုသာ မထေရ်ကြီးဟု ခေါ်ရသည်။

လကုဏ္ဍကဘဒ္ဒိယထေရ်ဝတ္ထု ပြီး၏။

၅၅။ ငြူစူသူ ရဟန်းများဝတ္ထု

[အခြားပုဂ္ဂိုလ်တို့အား ဝေယျာဝစ္စ ဆောင်ရွက်ပေးမှုကို ငြူစူသူများ]

ရဟန်းငယ်များနှင့် သာမဏေအချို့သည် မိမိတို့အား စာပေကျမ်းဂန် သင်ပေးသူ ရဟန်းတော်တို့အား သင်္ကန်းဆိုးရည်ဆိုးပေးခြင်း စသည့် ဝေယျာဝစ္စ အမှုကြီးငယ်တို့ကို ဆောင်ရွက်ပေးနေကြသည်။ ထိုသူများကို ကြည့်ကာ မထေရ်အချို့က ထိုစာချစာသင်ပေးသော ရဟန်းတို့ အခြံအရံများနေသည်ကို ငြူစူမှုများ ဖြစ်နေကြသည်။ "သူတို့လည်း စာပေကျမ်းဂန် တတ်ပါသည်။ အခြားပုဂ္ဂိုလ်တို့ထံ၌ သင်ယူခဲ့ကြသူတို့သည် တပည့်တော်တို့၏ထံ၌ တည်းဖြတ်ပြင်ဆင်မှု မခံယူဘဲ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း မပြုရန် မိန့်တော်မူပါ" ဟု ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဤရဟန်းတို့သည် အခြားသူတို့ကို ငြူစူမှု ပြုကြသည်။ မိမိအတွက် လာဘ်လာဘပေါများကာ မိမိတို့အတွက်လည်း ဝေယျာဝစ္စ ဆောင်ရွက်သူ များစေလိုကြသူများဟု သိတော်မူသဖြင့် ဘုရားရှင်က ဤဒေဿနာ တော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၂၆၂။ နု ဝါက္ကရဏမတ္တေန၊ ဝဏ္ဏပေါက္ခရတာယ ဝါ။
သာဓုရူပေါ နရော ဟောတိ၊ က္ကသုကီ မစ္ဆရီ သဒ္ဒေါ။
၂၆၃။ ယသ္သ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ၊
သ ဝန္တဒေါသော မေဓာဝီ၊ သာဓုရူပေါတိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၆၂။ စကားကို သာယာချေငံစွာ ပြောဆိုတတ်ပြီး ရုပ်အဆင်းအင်္ဂါ လှပသူဖြစ်သော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။

၂၆၃။ အကြင်သူသည် ဤငြူစူခြင်း စသော အကုသိုလ်ကို ကောင်းစွာ ပယ်ရှားကာ အမြစ်နှင့်တကွ ပယ်နုတ်ဖျက်ဆီးပြီးသူ ဒေါသကင်းသူ ဖြစ်သည်။ ထိုပညာရှိကို သူတော်ကောင်း ဟု ခေါ်ဆိုသည်။

ငြူစူသူ ရဟန်းများဝတ္ထု ပြီး၏။

၆။ အရှင်ဟတ္ထက ဝတ္ထု

[ဦးပြည်းခေါင်းတုံးထားရုံမျှဖြင့် ရဟန်းမဟုတ်ဟု ဆုံးမခံရသူ]

အရှင်ဟတ္ထကသည် မှန်သည်၊ မမှန်သည်ကို အပထား စကားအနိုင် ပြောတတ်သူ ဖြစ်သည်။ တိတ္ထိတို့နှင့်တွေ့လျှင် ဝါဒချင်းပြိုင်မည်ဟုပြောကာ ချိန်းဆိုသည်။ တိတ္ထိတို့ မလာမီ ချိန်းထားရာသို့ ကြိုတင်သွားသည်။ တိတ္ထိတို့ ရောက်မလာသေးလျှင် တိတ္ထိတို့ မပြိုင်ဝံ့၍ မလာကြ။ သူတို့ ရှုံးပြီစသည်ဖြင့် မမှန်စကား ပြောတတ်သည်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားသိတော်မူသဖြင့် ဟတ္ထကရဟန်းကို ခေါ်စေ၍ "ချစ်သား ဟတ္ထက၊ အဘယ့်ကြောင့် ထိုသို့ပြုသနည်း။ မမှန်မကန် ချွတ်ယွင်းသော စကားကို ပြောဆိုတတ်သောသူသည် ဦးပြည်းခေါင်းတုံး ထားရုံမျှဖြင့် ရဟန်းမဟုတ်"

http://www.dhammadownload.com

စသည်ဖြင့် ဆုံးမစကား မိန့်ကြားတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၆၄။ န မုဏ္ဍကေန သမဏော၊ အပ္ပတော အလိကံ ဘဏံ။
ကာမ္မာလောဘ သမာပန္နော၊ သမဏော ကိ ဘဝိဿတိ။
၂၆၅။ ယော စ သမေတိ ပါပါနိ၊ အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာ ဟိ ပါပါနံ၊ "သမဏော"တိ ပဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၆၄။ ဦးပြည်းခေါင်းတုံးရိတ်ထားရုံမျှဖြင့် ရဟန်းမဟုတ်။ သီလအကျင့်၊ ဓုတင် အကျင့်လည်း မရှိ။ မဟုတ်မမှန်သော စကားကိုလည်းပြောတတ်သော လိုချင်မက်မောခြင်းရှိသူသည် အဘယ်မှာ ရဟန်းဖြစ်ပါလိမ့်မည်နည်း။

၂၆၅။ အကြင်ပုဂ္ဂိုလ်သည်သေးငယ်သော မကောင်းမှုကိုဖြစ်စေ၊ ကြီးလေးသော မကောင်းမှုကိုဖြစ်စေ မကောင်းမှု အားလုံးမှ ငြိမ်းစေပြီးဖြစ်၏။ ထိုသူကို မကောင်းမှုမှ ငြိမ်းပြီးဖြစ်သောကြောင့် သမဏ = ရဟန်းဟု ခေါ်ဆိုအပ်သည်။

အရှင်ဟတ္ထကဝတ္ထု ပြီး၏။

၇။ ဆွမ်းခံစားသူ ပုဏ္ဏား ဝတ္ထု

[ဆွမ်းခံစားရုံဖြင့် ရဟန်းမဟုတ်ဟု ဆုံးမခံရသူ ပုဏ္ဏား]

ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်၏ အဆုံးအမ သာသနာတော်မှာ မဟုတ်ဘဲ ပြင်ပ သာသနာ၌ ရဟန်းပြုပြီး ဆွမ်းခံစားနေသည်။ ရဟန်းဂေါတမသည် ဆွမ်းခံစားသော မိမိ၏ တပည့်တို့ကို "ဘိက္ခု" ဟု ခေါ်သည်။ ထို့ကြောင့် ငါ့ကိုလည်း "ဘိက္ခု–ရဟန်း" ဟု ခေါ်သင့်သည်ဟု တွေးကြံကာ ဘုရားရှင်ထံ သွားရောက် လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ဆွမ်းခံ

http://www.dhammadownload.com

စားရုံဖြင့် ရဟန်းမဟုတ်" ဟု ပုဏ္ဏားကို ဆုံးမတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၆၆။ နု တေန ဘိက္ခု သော ဟောတိ၊ ယာဝတာ ဘိက္ခတေ ပရေ၊
ဝိသဒံ ဓမ္မံ သမာဒါယ၊ ဘိက္ခု ဟောတိ နု တာဝတာ။
၂၆၇။ ယော'ဓ ပုညဉ္စ ပါပဉ္စ၊ ဗာဟေတ္ဝာ ဗြဟ္မစရိယဝါ။
သခီါယ လောကေ စရတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၆၆။ သူတစ်ပါးထံ တောင်းကာ ဆွမ်းခံစားရုံမျှဖြင့် ရဟန်းမဟုတ်။ တရားနှင့် မလျော်သော အကျင့်ကိုယူ၍ ကျင့်ခြင်းဖြင့်လည်း ရဟန်းမဖြစ်နိုင်။

၂၆၇။ ဤလောကဌ် ကောင်းမှု၊ မကောင်းမှုကို ပယ်ကာ မြတ်သော အကျင့်ကို ကျင့်ပြီးလျှင် ခန္ဓာ စသော တရားအစုဌ် ပညာဖြင့် ဆင်ခြင်၍ ကျင့်ကြံနေထိုင် လှည့်လည်သူကိုသာ ဘိက္ခု = ရဟန်းဟု ခေါ်အပ်သည်။

ဆွမ်းခံစားသူ ပုဏ္ဏားဝတ္ထု ပြီး၏။

၈။ တိတ်တိတ်ဆိတ်ဆိတ်နေသူ တိတ္ထိတို့ ဝတ္ထု

[တိတ်တိတ်ဆိတ်ဆိတ် နေသူတိုင်း မြတ်သောအကျင့်ကျင့်သူ မဟုတ်]

ဘုရားရှင်၏ တပည့်သား ရဟန်းတို့သည် ဆွမ်းစားပင့်၍ ကြွသွားသော နေရာ၊ အခြားအလှူဒါနပြု၍ ပင့်သောနေရာတို့သို့ ကြွရောက်ကြသည်။ ထိုသို့ ကြွတော်မူကာ ဆိုင်ရာ အနုမောဒနာ တရားတို့ကိုလည်း ဟောတော်မူကြသည်။ တိတ္ထိတို့ကား "ငါတို့သည် တိတ်တိတ်ဆိတ်ဆိတ် နေခြင်းဖြင့် မြတ်သောအကျင့်ကို ကျင့်ကြသည်။ ရဟန်းဂေါတမ၏ တပည့်တို့

http://www.dhammadownload.com

ကဲ့သို့ စကားများများ မပြောကြ" ဟု ပြောဆိုကာ ရဟန်းတို့ကို ကဲ့ရဲ့ကြသည်။

ထိုအကြောင်းတို့ကို ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က "ဆိတ်ဆိတ်နေကာမျှဖြင့် မြတ်သောအကျင့် ကျင့်နေသူ မဟုတ်။ မသိ၍ ဆိတ်ဆိတ်နေသူ၊ လူတောထဲ မပြောတတ် မပြောရဲ၍ ဆိတ်ဆိတ်နေသူတို့လည်း ရှိသည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၆၈။ န မောနေန မုနိ ဟောတိ၊ မူဠှရူပေါ အဝိဒ္ဒသု၊
ယော စ တုလံဝ ပဂ္ဂယှ၊ ဝရမာဒါယ ပဏ္ဍိတော။
၂၆၉။ ပါပါနိ ပရိဝဇ္ဇေတိ၊ သ မုနီ တေန သော မုနိ၊
ယော မုနာတိ ဥဘော လောကေ၊ "မုနိ" တေန ပဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၆၈။ အသိပညာမရှိ၍ တွေဝေလျက် ဆိတ်ဆိတ်နေကာမျှဖြင့် "မြတ်သော အကျင့်ကို ကျင့်နေသူ" မုနိ = ရဟန်းမဟုတ်။ ပညာရှိသည် ချိန်ခွင်ကို ကိုင်၍ ချိန်စက်သကဲ့သို့ ကောင်း–မကောင်း ချိန်ဆကာ သီလ၊ သမာဓိ၊ ပညာဟူသော အကောင်းအမြတ်ကို ယူ၍–

၂၆၉။ မကောင်းမှု အကုသိုလ်တရားတို့ကို ရှောင်ကြဉ်၏။ ထို့ကြောင့် ထိုပညာရှိသည် "မြတ်သောအကျင့်ကို ကျင့်နေသူ" မုနိ = ရဟန်းမည်၏။ အကြင်သူသည် အဇ္ဈတ္တ ဗဟိဒ္ဓ ဒွေနှစ်ပါးကို သိ၏။ ထိုသူသည် မုနိ–ရဟန်းမည်၏။ ထိုအကြောင်း နှစ်ပါးကြောင့်လည်း ထိုသူကို မုနိ–ရဟန်းဟုဆိုအပ်၏။

တိတ်တိတ်ဆိတ်ဆိတ်နေသူ တိတ္ထိတို့ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ တံငါသည်တစ်ဦး ဝတ္ထု

[သတ္တဝါကို ညှဉ်းပန်းနေသူ အရိယာမဟုတ်ဟု ဆုံးမခံရသူ]

ဘုရားရှင်သည် အရိယာအမည်ရှိ တံငါသည်တစ်ဦး တရားသိကာ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ထိုတံငါသည်ရှိရာ သာဝတ္ထိပြည်၏ မြောက်ဘက် တံခါးအနီးရှိရွာသို့ ဆွမ်းခံကြွတော်မူသည်။ နောက်ပါရဟန်းသံဃာတော်တို့နှင့်အတူ ဆွမ်းခံကြွပြီး ပြန်အလာလမ်းတွင် အရိယာအမည်ရှိ တံငါသည်နှင့် တွေ့ဆုံသည်။ ဘုရားရှင်က အမည်ကို မေးသည်။ တံငါသည်က အရိယာဟုခေါ်ကြောင်း ပြန်လည် လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က တံငါသည်အား ဆုံးမတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အရိယာ အမည်ရှိ တံငါသည်သည် သောတာပန် ဖြစ်လေသည်။

၂၇၀။ နာ တေန အရိယော ဟောတိ၊ ယေ နံ ပါဏာနိ ဟိံသတိ။ အဟိံသာ သဗ္ဗပါဏာနံ၊ အရိယော တေါ ပဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၇၀။ သတ္တဝါတို့ကို ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်နေသူသည် အရိယာမဟုတ်။ သတ္တဝါတို့ကို မညှဉ်းပန်း မနှိပ်စက်ဘဲ မေတ္တာထားသူကိုသာ အရိယာသူတော်ကောင်းဟု ခေါ်သည်။

တံငါသည်တစ်ဦးဝတ္ထု ပြီး၏။

၁၀။ သီလ စသည်နှင့် ပြည့်စုံသူ ရဟန်းတို့ဝတ္ထု

[သံသရာဝဋ်မှ လွတ်အောင်ကျင့်ရန် ဆုံးမခံရသူများ]

ရဟန်းတော်အချို့သည် ငါတို့ကား သီလနှင့် ပြည့်စုံကြသည်။ ငါတို့ကား ဓုတင်္ဂကို ဆောင်ကြသည်။ ငါတို့ကား အကြားအမြင်များကြသည်။

http://www.dhammadownload.com

ငါတို့ကား ဆိတ်ငြိမ်ရာနေရာ၌ နေကြကုန်သည်။ ငါတို့ကား စျာန်သမာဓိနှင့် ပြည့်စုံကြသည်။ သို့အတွက် ငါတို့သည် အရဟတ္တဖိုလ်ကိုရရန် ခက်ခဲခြင်း မရှိဟု မိမိတို့ကိုယ်မိမိဘို့ ထင်မြင်နေကြသည်။ ထိုအကြောင်းများကိုလည်း ဘုရားရှင်ထံ သွားရောက် လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ရဟန်းတို့အား ဆုံးမကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ ထိုရဟန်းတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

၂၇၁။ **နု သီလမ္ဘတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန၊**
အထဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
၂၇၂။ **ဖုသာမိ နေက္ခမ္မသုခံ၊ အပုထုဇ္ဇနသေဝိတံ၊**
ဘိက္ခု ဝိဿာသမာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

ဒေသနာ၏အဓိပ္ပာယ်

၂၇၁၊ ၂၇၂။ သီလနှင့် ပြည့်စုံကာမျှဖြင့် လည်းကောင်း၊ ဓူတင်ဆောင်ကာမျှဖြင့် လည်းကောင်း၊ အကြားအမြင်များကာမျှဖြင့် လည်းကောင်း၊ စျာန်သမာပတ်ကို ရရုံမျှဖြင့် လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေကာမျှဖြင့် လည်းကောင်း၊ အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မရအပ်သော အနာဂါမိ ဖိုလ်ချမ်းသာကို ရပေပြီဟူ၍ သဘောထားကာ ရပ်နားနေလျှင် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ မရောက်တော့ဘဲ ဝဋ်ဆင်းရဲ၌ ကျွမ်းဝင်ရောင့်ရဲကာ မှုန်နေပါနှင့်တော့။

သီလ စသည်နှင့်ပြည့်စုံသူ ရဟန်းတို့ဝတ္ထု ပြီး၏။

ဓမ္မဋ္ဌဂ် ပြီး၍။

http://www.dhammadownload.com

မဂ္ဂဝဂ်

မဂ္ဂ = လမ်းကြောင်း၊ ဝဂ္ဂ = ဝဂ်၊ အစု။

လမ်းအမျိုးမျိုး ရှိသည်။ ကောင်းရာသို့ ရောက်စေသည့်လမ်းနှင့် မကောင်းရာသို့ ရောက်စေသည့်လမ်း။ လမ်းအားလုံးတွင် နိဗ္ဗာန်သို့ရောက်စေသည့် မဂ္ဂင်၅ပါးလမ်းကိုသာလိုက်ရန် ဟောကြားသည့် ဝတ္ထုနှင့် ဒေသနာအစု။



၁။ လမ်းခရီးအကြောင်းပြောသူ ရဟန်းတို့ ဝတ္ထု

[လမ်းခရီးအကြောင်းပြော၍ ဆုံးမခံရသော ရဟန်းများ]

ဘုရားရှင်သည် နောက်ပါ ရဟန်းသံဃာတော်တို့နှင့်အတူ ဒေသစာရီ ကြွတော်မူသည်။ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်သော် နောက်ပါ ရဟန်းတို့က ဒေသစာရီ လမ်းခရီး၌ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြန်လည် ပြောဆိုနေကြသည်။ ထိုရဟန်းတို့ တရားသိကာ တရားရမည့်အရေးကို မြင်တော်မူသဖြင့် ရဟန်းတို့ကို ဆုံးမကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ ရဟန်းတို့ ရဟန္တာဖြစ်တော်မူကြသည်။

၂၇၃။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒ္ဝိပဒါနဉ္စ စက္ခုမာ။
၂၇၄။ ဧသေဝ မဂ္ဂေါ နတ္ထ'ညော၊ ဒဿနဿ ဝိသုဒ္ဓိယာ၊
တေဠိ တုမေ့ ပဋိပဇ္ဇထ၊ မာရဿေ'တံ ပမောဟနံ။
၂၇၅။ တေဠိ တုမေ့ ပဋိပန္နာ၊ ဒုက္ခဿ'န္တံ ကရိဿထ၊
အက္ခာတော ဝေါ မယာမဂ္ဂေါ၊ အညာယ သလ္လကန္တနံ။

http://www.dhammadownload.com

၂၇၆။ တုမှေဟိ ကိစ္စ'မာတပ္ပံ၊ အက္ခာတာရော တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

ဒေသနာ၏အဓိပ္ပာယ်

၂၇၃။ လမ်းကြောင်း အားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင် လမ်းကြောင်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံးတို့တွင် အရိယသစ္စာလေးပါးသည် အမြတ်ဆုံး ဖြစ်၏။ တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏။ အခြေနှစ်ချောင်းရှိ သူတို့တွင် ဘုရားရှင်သည် အမြတ်ဆုံး ဖြစ်၏။

၂၇၄။ ဉာဏ်အမြင် စင်ကြယ်ရန်အတွက် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်လမ်းကြောင်းသည်သာ လမ်းကြောင်းအမှန် ဖြစ်သည်။ ဤလမ်းကြောင်းမှတစ်ပါး အခြားလမ်းကြောင်းမရှိ။ သင်တို့သည် ဤလမ်းကြောင်းကိုသာ လျှောက်လှမ်းကြလော့။ ဤလမ်းကြောင်းသည် မာရ်နတ်မင်း မမြင်နိုင်သော လမ်းကြောင်း ဖြစ်သည်။

၂၇၅။ သင်တို့သည် ဤလမ်းကြောင်းကိုသာ လျှောက်လှမ်းကြလျှင် ဆင်းရဲခြင်း၏ အဆုံးသို့ ရောက်ကြလိမ့်မည်။ ငါဘုရားသည် ရာဂ စသော ဆူးငြောင့်တို့ ကင်းရာဖြစ်သည့် ဤလမ်းကြောင်းအမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား ဤလမ်းကြောင်းမှန်ကို ဟောကြား ညွှန်ပြအပ်ပေပြီ။

၂၇၆။ သင်တို့ကိုယ်တိုင် ကြိုးစား အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းကြောင်းမှန်ကို ညွှန်ပြကြရုံမျှသာ ဖြစ်သည်။ ညွှန်ပြသည့်အတိုင်း ကျင့်ကြံကြကုန်၍ ကိလေသာကို လောင်ကျွမ်းအောင် ရှိုမြိုက်ကြသော သူတို့သည် ဈာန်သမာပတ်နှင့် ပြည့်စုံ၍ ဝဋ်ဆင်းရဲတည်းဟူသော မာရ်နတ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြပေသည်။

လမ်းခရီးအကြောင်းပြောသူ ရဟန်းတို့ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ အနိစ္စလက္ခဏာ ပွားများသူရဟန်းများ ဝတ္ထု

[အနိစ္စလက္ခဏာ ပွားများ၍ ရဟန္တာဖြစ်သူများ]

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ တရားတော်ကို သင်ယူကြပြီး တောသို့ဝင်ကာ တရားအားထုတ်ကြပါသော်လည်း တရားမရနိုင်ကြပေ။ သို့ဖြင့် ကမ္မဋ္ဌာန်းတစ်မျိုး ပြောင်းပေးရန် ဘုရားရှင်ထံ လာရောက် လျှောက်ထားလာကြသည်။ ဘုရားရှင်သည် ဤရဟန်းတို့နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်းကို ဆင်ခြင်ကြည့်ရာ ကဿပဘုရားရှင် လက်ထက်တော်တွင် ထိုအချိန်က သက်တမ်းအတိုင်း အနှစ်နှစ်သောင်းကြာ နေကြလျက် အနိစ္စလက္ခဏာ ပွားများဖူးသော ရဟန်းများ ဖြစ်သည်ဟု သိတော်မူ၍ ဘုရားရှင်က အနိစ္စလက္ခဏာ ပွားများရန် ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့ ရဟန္တာ ဖြစ်တော်မူကြသည်။

၂၇၇။ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဒေသနာ၏အဓိပ္ပာယ်

၂၇၇။ ရုပ်နာမ်ဓမ္မ သင်္ခါရတရား အားလုံးတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာပညာဖြင့် သိမြင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရ တရားအားလုံးတို့၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ သွားရာ လမ်းခရီး ဖြစ်သည်။

အနိစ္စလက္ခဏာ ပွားများသူရဟန်းများဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ ဒုက္ခလက္ခဏာ ပွားများသူရဟန်းများဝတ္ထု

[ဒုက္ခလက္ခဏာ ပွားများ၍ ရဟန္တာဖြစ်သူများ]

အနိစ္စလက္ခဏာ ပွားများသူ ရဟန်းများကဲ့သို့ ဘုရားရှင်က ဒုက္ခလက္ခဏာ ပွားများရန် ရဟန်းတို့ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဒုက္ခလက္ခဏာ ပွားများသူ ရဟန်းများ ရဟန္တာဖြစ်တော်မူကြသည်။

၂၇၈။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဒေသနာ၏အဓိပ္ပာယ်

၂၇၈။ ရုပ်နာမ်ခေမွသင်္ခါရတရား အားလုံးတို့သည် ဆင်းရဲဒုက္ခတို့သာတည်းဟု ဝိပဿနာပညာဖြင့် သိမြင်၏။ ထိုအခါ ရုပ်နာမ်ခေမွသင်္ခါရတရား အားလုံးတို့၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ သွားရာလမ်းခရီး ဖြစ်သည်။

ဒုက္ခလက္ခဏာပွားများသူ ရဟန်းများဝတ္ထု ပြီး၏။

၄။ အနုတ္တလက္ခဏာ ပွားများသူရဟန်းများဝတ္ထု

[အနုတ္တလက္ခဏာ ပွားများ၍ ရဟန္တာဖြစ်သူများ]

အနိစ္စ လက္ခဏာနှင့် ဒုက္ခလက္ခဏာ ပွားများသူ ရဟန်းများကဲ့သို့ ဘုရားရှင်က အနုတ္တလက္ခဏာ ပွားများရန် ရဟန်းတို့ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အနုတ္တလက္ခဏာ ပွားများသူ ရဟန်းများ ရဟန္တာဖြစ်တော်မူကြသည်။

၂၇၉။ သဗ္ဗေ သင်္ခါရာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ၊
အထံ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

http://www.dhammadownload.com

အေသနာ၏အဓိပ္ပာယ်

၂၇၉။ အလုံးစုံသော တရားတို့သည် မိမိအလိုသို့ မလိုက်။ သူ့ဓမ္မ နိယာမအတိုင်းသာ ဖြစ်ပျက်နေကြသည်ဟု ဝိပဿနာပညာဖြင့် သိမြင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သခ်ၤါရတရား အားလုံးတို့၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ သွားရာလမ်းခရီး ဖြစ်သည်။

အနတ္တလက္ခဏာပွားများသူ ရဟန်းများဝတ္ထု ပြီး၏။

၅။ ပေါင်ရိုးကျိုးသူ တိဿမထေရ်ဝတ္ထု

[လုပ်ရမည့်အလုပ်ကို လုပ်သင့်သည့်အချိန်၌ မလုပ်သူ]

သာဝတ္ထိပြည်သား ငါးရာတို့သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသည့် ဘုရားရှင်ထံ၌ ရဟန်းပြုကာ ကမ္မဋ္ဌာန်း တရားပွားများရန် တောသို့ ကြွသွားကြသည်။ တိဿအမည်ရှိသော ရဟန်းသည် ထိုရဟန်းတို့နှင့်အတူ မလိုက်ဘဲ ဇေတဝန်ကျောင်း၌ ကျန်နေခဲ့သည်။ ထို့ကြောင့် တရားအားထုတ်ကြသော ရဟန်းတို့သည် ရဟန္တာဖြစ်ကြလျက် ဘုရားရှင်ထံ ဖူးမြော်ရန် ပြန်ကြွလာကြသည်။ ဘုရားရှင်က ဝမ်းသာစွာ ကြိုဆိုသည်။ ဝမ်းမြောက်ကြောင်း စကားများလည်း မိန့်တော်မူသည်။

တရားအားထုတ်ရင်း လဲကျ၍ ပေါင်ရိုးကျိုးပြီ

ဇေတဝန်ကျောင်းတော်၌ နေခဲ့သော တိဿမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်ရှိကြသော ရဟန်းတို့ကို ဘုရားရှင်က ကြိုဆိုအားပေးပုံ၊ ချီးမြှောက်စကားပြောပုံတို့ကို ကြားသိ တွေ့မြင်သွားသည်။ ထိုသို့ ဘုရားရှင်၏ အားပေးမှု ချီးကျူးမှုခံရစေရန် တစ်ညဉ့်ပတ်လုံး လမ်းလျှောက်ကာ တရားဘာဝနာ

http://www.dhammadownload.com

ပွားများသည်။ လမ်းလျှောက် စင်္ကြံကြွစဉ် ညဉ့်နက်လာသောအခါ ငိုက်မျဉ်းလာသဖြင့် ကျောက်ဖျာစွန်းပေါ်၌ လဲကျသွားသည်။ ပေါင်ရိုးကျိုးသွား၍ သည်းစွာသော အော်သံကြားသဖြင့် အခြားရဟန်းများက လာရောက်ပြုစုပေးကြရသည်။ အရှင်တိသဿကို ပြုစုပေးကြရသဖြင့် အရဏ်တက်လာသည်။ ဆွမ်းခံရွာတစ်ရွာမှ ဒါယကာတစ်ဦး၏ ဆွမ်းစားပင့်ထားရာသို့ ထိုရဟန်းများ မသွားနိုင်ကြတော့။

အတိတ်မှ အဖြစ်အပျက်

ထိုအကြောင်းကို ဘုရားရှင် သိတော်မူသဖြင့် ရဟန်းတို့ကိုခေါ်လျက် တိသမထေရ်၏ အတိတ်အကြောင်း ဧကနိပါတ်မှ ဝရဏာဇာတ်ကို ဟောတော်မူသည်။ တိသမထေရ် အပါအဝင် ယခု တရားရသွားကြသော ရဟန်းတို့သည် ဘုရားလောင်း ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်နေကြသည်။ တစ်ရက်တွင် တောသို့သွား၍ ထင်းရှာကြသည်။ အခြားတပည့်တို့က ထင်းများ ရှာဖွေကာ ပြန်လာကြသည်။ တိသလောင်းလျာ တပည့်သည် ခံတက်ပင်အောက်၌ အိပ်မောကျနေခဲ့သည်။ အခြားတပည့်များ ထင်းစည်းထမ်း၍ ပြန်လာကြသောအခါ တိသလောင်းလျာက ခံတက်ပင်မှ မှိုရာအကိုင်းကို ထင်းအဖြစ်သုံးရန် ချိုးသည်။ ချိုး၍ ကျန်သော ခံတက်ကိုင်းက အပေါ်ပြန်ထောင်သွားရာမှ သူ့မျက်စိ ထိခိုက်ပြီး မျက်စိပျက်သွားခဲ့ဖူးသည်။

ဘုရားရှင်က ရဟန်းတို့အား ဤသို့ အတိတ်ကိုဆောင်လျက် မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၈၀။ ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော၊
ယုဝါ ဗလီ အာလသိယံ ဥပေတော။
သံသန္နသင်္ကပ္ပမနော ကုသီတော၊
ပညာယ မဂ္ဂံ အလသော နာ ဝိန္ဒတိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၈၀။ အသက်အရွယ်ငယ်၍ ခွန်အားရှိသော်လည်း လုံ့လပြုသင့်သော အချိန်၌ လုံ့လမပြုဘဲ ပျင်းရိထိုင်းမှိုင်းနေသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယာမဂ်ကို မရနိုင်။

ပေါင်ရိုးကျိုးသူ တိဿထေရ်ဝတ္ထု ပြီး၏။

၆။ ဝက်ပြုတ္တာ ဝတ္ထု

[ညီညွတ်သောရဟန်းများကို ကုန်းတိုက်ခဲ့၍ ပြုတ္တာဖြစ်ရသူ]

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏာနှင့်အတူ ဂိဇ္ဈကူဋ်တောင်မှ ဆင်းကာ ဆွမ်းခံကြွလာသည်။ လမ်း၌ ထူးထူးခြားခြား ဒုက္ခခံနေရသော ဝက်ပြုတ္တာတစ်ကောင်ကို မြင်သဖြင့် အရှင်မောဂ္ဂလာန်က ပြုံးတော်မူသည်။ ဝက်ပြုတ္တာ၏ ကိုယ်ခန္ဓာမှာ လူနှင့်တူ၍ ဦးခေါင်းကား ဝက်နှင့်တူ၏။ ခံတွင်းထဲ၌ အမြီးပေါက်နေသည်။ ဝက်ပြုတ္တာ၏ ခံတွင်းမှ ပိုးလောက်များသည်လည်း တဖွားဖွား ထွက်နေကြသည်။ အရှင်လက္ခဏာက ပြုံးရသည့်အကြောင်းကို မေး၏။ ထိုနေရာ၌ မဖြေဆိုဘဲ ဘုရားရှင် ရှေ့မှောက်ရောက်မှသာ ထိုဝက်ပြုတ္တာကို မြင်ခဲ့၍ဟု ဖြေဆိုသည်။ ဘုရားရှင်က ဝက်ပြုတ္တာ၏ အတိတ်ကံကို ဟောတော်မူသည်။

ကုန်းတိုက်၊ ကျောင်းအပိုင်စီးရန်ကြံ

ဝက်ပြုတ္တာသည် ကဿပဘုရားရှင် လက်ထက်တော်က ဓမ္မကထိက ရဟန်းတစ်ပါး ဖြစ်ခဲ့သည်။ တောကျောင်းတစ်ကျောင်း၌ သင့်မြတ် ညီညွတ်စွာ သီတင်းသုံးနေသော ရဟန်းတော် နှစ်ပါးကို ညီညွတ်မှု ပျက်အောင် ကုန်းချော်ပြီး ထိုရဟန်းနှစ်ပါး သီတင်းသုံးနေသော ကျောင်းကို အပိုင်စီးသည်။ ဓမ္မ

ဂုံ့ဝိဘဒ္ဒံနှင်းသာဇွတယိတ္ဌိယာ ငွိဇယပြိုင်းဂွဝိဇယပီလဒွဖ်ဇ ဒွံနန္ဒလပိဟာယဂဒွဖ်ဇ



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ကထိက ရဟန်းက အမျိုးမျိုးကုန်းချောစကား ပြောသောအခါ ညီညွတ်နေကြသော ရဟန်းနှစ်ပါးသည် တစ်ပါးအပေါ် တစ်ပါးက အထင်အမြင်လွဲလာသည်။ သို့ဖြင့် တစ်ပါးနှင့်တစ်ပါး မျက်နှာချင်း မဆိုင်နိုင်ဖြစ်ကြကာ နှစ်ပါးစလုံး ကျောင်းကိုပစ်လျက် အခြားတစ်နေရာစီသို့ ကြွသွားကြတော့သည်။

ဟန်ဆောင် ဖျန်ဖြေမှုပြုခဲ့

ရဟန်းနှစ်ပါး တစ်လမ်းစီ ထွက်ခွာသွားသောအခါ ဓမ္မကထိက ရဟန်းက သူ့ပယောဂ မဟုတ်သလို အယောင်ဆောင်လျက် "အရှင်ဘုရားတို့ ဤသို့ပြုတော်မမူကြပါနှင့်၊ ညီညီညွတ်ညွတ်နေကြပါ ဘုရား" ဟု ဟန်ဆောင် ဖျန်ဖြေသေးသည်။ သို့သော် တစ်ပါးကို တစ်ပါးက ပြင်းပြင်းထန်ထန် ပုတ်ခတ်ရွှတ်ချပြောလေဟန် ကုန်းတိုက်ထားသဖြင့် ရဟန်းတော်နှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး အကြီးအကျယ် နာကြည်းနေကြသည်။ ထိုရဟန်းနှစ်ပါး ဆွမ်းခံမကြွဘဲ ဓမ္မကထိက ရဟန်းတစ်ပါးသာ ဆွမ်းခံကြွလာသောအခါ ဒါယကာဒါယိကာမတို့က မေးမြန်းကြသည်။ ထိုအခါ ဓမ္မကထိက ရဟန်းသည် သူခင်းထားသော ဇာတ်လမ်းအတိုင်း ရဟန်းနှစ်ပါး ခိုက်ရန်ပြု၍ ကျောင်းမှ ထွက်သွားကြကြောင်းကိုသာ ပြောပြသည်။

ဝက်ပြိတ္တာ ဖြစ်ရပြီ

ကဿပဘုရားရှင်လက်ထက် လူ့သက်တမ်းသည် အနှစ်နှစ်သောင်းဖြစ်သည်။ အနှစ်တစ်ရာ ကြာသောအခါ ညီညွတ်မှု ပျက်ခဲ့ရသော ရဟန်းတော် နှစ်ပါးသည် ကျောင်းတစ်ကျောင်း၌ ပြန်လည် ဆုံစည်းမိကြသည်။ ဓမ္မကထိက ရဟန်း၏ ကုန်းချောမှုကြောင့် ညီညွတ်မှု ပျက်ခဲ့ရသည်ဟု အဖြစ်မှန်သိသဖြင့် မူလကျောင်းသို့ ပြန်ကြွလာကြသည်။ ထိုသို့ ရဟန်းနှစ်ပါး ပြန်ကြွလာသည်ကို မြင်သည်နှင့် ဓမ္မကထိက ရဟန်းသည် သူ့အပြစ်ကို သူသိသဖြင့် အပိုင်စီးထား သော ကျောင်းမှ ထွက်ပြေးသွားတော့သည်။ သက်တမ်းအတိုင်း နေထိုင်ကာ ပျံလွန်တော်မူသွားသောအခါ ဓမ္မကထိက ရဟန်းသည် အဝီစိငရဲသို့ ကျရောက်သွားသည်။ ဘုရားရှင် နှစ်ဆူတို့၏ ကြားကာလ တစ်ခုလုံး

http://www.dhammadownload.com

အဝီစိ၌ ခံနေရသည်။ ထိုသို့ ငရဲခံနေရခြင်းမှ လွတ်လာသောအခါ ဂိဇ္ဈကူဋ်တောင်တော်၌ ဝက်ပြိတ္တာဖြစ်နေရခြင်း ဖြစ်သည်။

ဘုရားရှင်သည် ဝက်ပြိတ္တာ၏ အတိတ် အကုသိုလ်ကံအကြောင်းကို ဆောင်ပြတော်မူပြီး ရဟန်းဟူသည် နှုတ်ကို စောင့်စည်းရာ၏ စသည်ဖြင့် ရဟန်းတို့အား ဆုံးမတော်မူသည်။ ထို့နောက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၂၈၁။ ဝါစာနုရက္ခီ မနုသာ သုသံဝုတော၊
ကာယေန စ နာကုသလံ ကယိရာ။
ဧတေ တယော ကမ္မပထေ ဝိသောဓယေ၊
အာရာဓယေ မဂ္ဂမိ သိပ္ပဝေဒိတံ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၁။ ဝစီဒုစရိုက် လေးပါးဖြစ်သော မုသာဝါဒ မဟုတ်မမှန်ပြောခြင်း၊ ပိသုဏဝါစာ–ကုန်းတိုက်ခြင်း။ ဖရုသဝါစာ–အယုတ်တမာ ဆဲဆိုခြင်း။ သမ္ဖပ္ပလာပဝါစာ–အကျိုးမရှိသော စကားပြောခြင်းတို့ကို ရှောင်ကြဉ်သော အားဖြင့် နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏။ မနောဒုစရိုက် သုံးပါးဖြစ်သော အဘိဇ္ဈာ–သူတစ်ပါး စည်းစိမ်ကို မိမိ စည်းစိမ်ဖြစ်ရန် မတရား ကြံစည်မှု။ ဗျာပါဒ–သေကြေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတစ်ပါးကို ပြစ်မှားမှု။ မိစ္ဆာဒိဋ္ဌိ–ကံ၏အကျိုးကို မယုံကြည်ဘဲ အယူမှားမှုတို့မှ ရှောင်ကြဉ်ခြင်း အားဖြင့် စိတ်ကို စောင့်ရှောက်ရာ၏။ ကိုယ်ဖြင့်ပြုသည့် ကာယက သုံးပါးဖြစ်သော ပါဏာတိပါတ–သူ့အသက်သတ်မှု၊ အဒိန္နာဒါန–သူ့ဥစ္စာကို ခိုးယူမှု၊ ကာမေသု မိစ္ဆာစာရ–သူတစ်ပါးသားမယား ဖျက်ဆီးမှု ဟူသော မကောင်းမှုကို မပြုရာ။ ဤဝစီဒုစရိုက်၊ မနောဒုစရိုက်နှင့် ကာယဒုစရိုက်တို့မှ စင်ကြယ်အောင် သုတ်သင်ပြီးလျှင် ဘုရား အစရှိသော သူတော်ကောင်းတို့ ဟောကြားအပ်သော မဂ်တရားကို ရအောင်အားထုတ်ရာ၏။

ဝက်ပြိတ္တာဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ တိပိဋကဓရ ပေါဋ္ဌိလမထေရ် ဝတ္ထု

[သီသော်လည်း မကျင့်၍ တရားမရရာမှ
ကျင့်၍ တရားရသွားသူ]

ပေါဋ္ဌိလမထေရ်သည် တိပိဋကဓရ=ပိဋကတ်သုံးပုံးဆောင် မထေရ်ကျော်တစ်ပါး ဖြစ်သည်။ စာတတ်သည်။ နာမည်ကျော်သည်။ တပည့်တပန်း ပေါများသည်။ ယခု ဂေါတမဘုရားရှင် လက်ထက်တော်၌သာ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်သည် မဟုတ်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ လက်ထက်တော်တို့၌လည်း ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်ခဲ့သည်။ ပိဋကတ်ကို သိသည်။ ပရိယတ်၌ ကျွမ်းကျင်သည်။ သို့သော် ပဋိပတ်ကို မကျင့်၊ အသိနှင့်အကျင့် ထပ်တူမဖြစ်ပေ။

အလကားပေါဋ္ဌိလဟု အခေါ်ခံရ

ဘုရားရှင်သည် ဤမထေရ်ကို တွေ့သည့်၊ မြင်သည့် နေရာတိုင်းလိုလို၌ "တုစ္ဆပေါဋ္ဌိလ" ဟု ခေါ်တော်မူသည်။ အဓိပ္ပာယ်မှာ "အလကားပေါဋ္ဌိလ" ဟူ၍ ဖြစ်သည်။ ပရိယတ်တတ်သော်လည်း ပဋိပတ် မကျင့်၍၊ ပဋိပတ် မကျင့်သဖြင့် ပဋိဝေဓ မရသေးသောကြောင့် အလကား ပေါဋ္ဌိလဟု မိန့်တော်မူခြင်း ဖြစ်သည်။ ဘုရားရှင်သည် ပေါဋ္ဌိလမထေရ်၌ တရားသိကာ တရားရမည့် ပါရမီ ရှိနေသည်ဟု သိသဖြင့် ဤသို့ ခေါ်ခြင်းလည်း ဖြစ်သည်။

တပည့်တော်၏ အားကိုးရာ ဖြစ်တော်မူပါ

ပေါဋ္ဌိလမထေရ်သည် ဘုရားရှင်၏ အခေါ်အပြောကြောင့် သံဝေဂရသည်။ အသိဝင်သည်။ သို့ဖြင့် တောကျောင်းတစ်ကျောင်းသို့ ကြွသွားသည်။ ထိုတောကျောင်း၌ သံဃာတော်သုံးကျိပ် သီတင်းသုံးနေသည်။ ရဟန်းတော်များလည်း ရှိသည်။ သာမဏေများလည်း ရှိသည်။ သို့သော် သံဃာအားလုံးသည် ရဟန္တာများချည်း ဖြစ်သည်။ ဝါတော်အကြီးဆုံး ထေရ်ကြီး

http://www.dhammadownload.com

ထံ ချဉ်းကပ်ပြီး "တပည့်တော်၏ အားကိုးရာ ဖြစ်တော်မူပါ" ဟု ပေါဠိလ မထေရ်က လျှောက်ထားသည်။ ဝါတော် အကြီးဆုံးမထေရ်ကြီးသည် အရှင် ပေါဠိလသည် စာမာန်၊ ဆရာမာန် တက်နေသူဟုသိ၍ ဒုတိယ ဝါတော်ကြီး သည့် မထေရ်ထံ လွှဲအပ်သည်။ ဒုတိယ မထေရ်ကြီးကလည်း တတိယ မထေရ်ကြီးထံ လွှဲအပ်ပြန်သည်။ ထိုမှအဆင့်ဆင့် လွှဲခဲ့ရာ ပေါဠိလမထေရ် သည် နောက်ဆုံး၌ ခုနစ်နှစ်အရွယ် ရဟန္တာ ကိုရင်ကလေးထံ ရောက်သွား သည်။

ဘုရားရှင်၏ သာသနာတော်၌ အမျိုးသည် ပဓာန မဟုတ်။ မင်းမျိုး၊ ပုဏ္ဏားမျိုး ဖြစ်ချင်ရာဖြစ်၊ လာချင်သည့် အမျိုးမှလာ၊ ဝါစဉ်သည်သာ ပဓာန၊ ဝါကြီးသော ရဟန်းကို ဘယ်အမျိုးမှ လာပြီး ဘယ်အသက်အရွယ် ရှိနေရှိနေ ရှိသေရသည်။ လေးစားရသည်။ ဦးစားပေးရသည်။

အရှင်ပေါဠိလသည် မာန်မာနကို ပယ်ထားပြီးဖြစ်၍ သာမဏေကလေး ထံမှ ကမ္မဋ္ဌာန်း တောင်းသည်။ ရဟန္တာ ကိုရင်ကလေးသည် အရှင်ပေါဠိလ မထေရ်ကို ရိုသေသောအားဖြင့် "ပိဋကာ ကျွမ်းကျင်သူဖြစ်၍ အရှင်ဘုရားကသာ တပည့်တော်တို့၏ အားကိုးရာပါ" ဟု လျှောက်ထားသည်။ သံဃာ့ထေရ်ကြီး များကလည်း ထိုသို့ပင် လျှောက်ထားခဲ့ကြသည်။ သို့သော် သိသော်လည်း အကျင့်လိုနေသေးသည်ဟု သိသဖြင့် ကိုရင်ကလေးက အရှင်ပေါဠိလ၌ အဆုံး အမ ခံယူလိုစိတ်ရှိ၊ မရှိသိရန် "အရှင်ဘုရား၊ ယခု ဝတ်ရုံထားသည့် သင်္ကန်း အတိုင်း ရေကန်ထဲသို့ ဆင်းတော်မူပါ" ဟု ရေကန်ကို ညွှန်ပြလိုက်သည်။ အရှင်ပေါဠိလမထေရ်သည် ကိုရင်ကလေး၏ ဆန္ဒအတိုင်း ရေကန်ထဲ ဆင်း သွားသည်။

ဝတ်ထားသောသင်္ကန်းသည် တန်ဖိုးကြီးသော အဖိုးတန်သင်္ကန်း

မထေရ်၏ သင်္ကန်းစွန်း ရေထိသောအခါ "ပြန်တက်တော်မူပါ" ဟု ကိုရင်ကလေးက လျှောက်ထားသည်။ စာမာန်နှင့် ပိဋကမာန် ကျနေပြီဟု သိ သောကြောင့် ကိုရင်ကလေးက ဤသို့ လျှောက်ထားပြန်သည်။ "အရှင်ဘုရား၊

http://www.dhammadownload.com

ဝင်ပေါက် ခြောက်ခုရှိသော တောင်ပို့ထဲသို့ ဖွတ်ဝင်သွားပါသည်။ ထိုဖွတ်ကို ဖမ်းလိုသူသည် အပေါက်ငါးပေါက်ကို ပိတ်ဆို့ပြီး ဝင်သွားသော ခြောက်ခု မြောက် အပေါက်မှ ဖမ်းလျှင် ဖွတ်ကို ရနိုင်ပါသည်။ အလားတူပင် ဒွါရ ခြောက်ပါးတို့တွင် စက္ခု စသော ဒွါရ ငါးပေါက်ကို ပိတ်ကာ မနောဒွါရမှ ဖမ်းလျှင် အာရုံကို ရနိုင်ပါသည်" ဟု လျှောက်ထားသည်။

ရဟန်းတရား အားထုတ်ပြီ

ထိုအခါ ပေါဠိလမထေရ်သည် မိမိ၏ ခန္ဓာကိုယ်၌ ဉာဏ်ကိုသွင်းကာ ရဟန်းတရား အားထုတ်တော်မူသည်။ ပရိယတ်ကျွမ်းကျင်ပြီး ပါရမီလည်း ရှိတော်မူသဖြင့် ကိုရင်ကလေး၏ လျှောက်ထားမှုသည် မထေရ်အတွက် ဆီမီးတိုင်ကြီး ထွန်းပြလိုက်သကဲ့ ဖြစ်သွားသည်။ ဘုရားရှင်သည် မထေရ်၏ အသိဉာဏ် ရင့်ကျက်နေပြီကို သိတော်မူသဖြင့် ဝေးကွာသော တစ်နေရာမှ ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရသဖြင့် ပေါဠိလမထေရ်သည် ရဟန္တာ ဖြစ်တော်မူသည်။

၂၈၂။ ယောဂါ ဝေ ဇာယတီ ဘူရိ၊ အယောဂါ ဘူရိ သင်္ခယော။
ဧတံ ဒ္ဝေဓာပထံ ဉတ္ဝာ၊ ဘဝါယ ဝိဘဝါယ စ။
တထာတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၂။ ကမ္မဋ္ဌာန်း တရားပွားများ အားထုတ်ခြင်းကြောင့် ပညာဖြစ်ပေါ်လာ၏။ ပွားများအားထုတ်ခြင်း မပြုသောကြောင့် ပညာကုန်ခန်းသည်။ ပညာဖြစ်ပေါ်ခြင်း၊ ပညာဆုတ်ယုတ်ခြင်း၏ ဤလမ်းကြောင်း နှစ်သွယ်ကိုသိ၍ ပညာတိုးပွားသော လမ်းကြောင်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။

တိပိဋကဓရ ပေါဠိလမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၈။ မထေရ်အိုကြီးငါးပါးဝတ္ထု

[ကျိုးကန်းဘဝမှလာသူ ရဟန်းအိုကြီးငါးပါး]

အသက်ကြီးမှ ရဟန်းပြုခဲ့ကြသော သာဝတ္ထိပြည်သား သူငယ်ချင်း သူကြွယ် ငါးဦးတို့သည် ရဟန်းဘဝခံလည်း ကျောင်းကလေးတစ်ကျောင်းခံ အတူနေထိုင်ကြသည်။ ဆွမ်းခံသွားလျှင် မယားဟောင်းတို့အိမ်သို့ ကြွကြသည်။ ရသည့် ဆွမ်းခဲဖွယ်ဘောဇဉ်ကို မယားဟောင်းတို့အိမ်၌ပင် ဘုဉ်းပေးကြသည်။ ရဟန်းကြီးတစ်ပါး၏ 'ခုရုပါစိကာ' အမည်ရှိ မယားဟောင်းသည် ရဟန်းအိုကြီးတို့အား ပြုစုရာ၌ ကျွမ်းကျင်သည်။ ရဟန်းအိုကြီးတို့ အကြိုက်ကိုသိ၍ အလိုက်သင့် ချက်ပြုတ် ပြုစုပေးသည်။

ရဟန်းအိုတို့ တစ်ပါးနှင့်တစ်ပါးဖက်ကာ ငိုကြပြီ

တစ်နေ့တွင် မခုရုပါစိကာသည် အနာရောဂါတစ်ခုကြောင့် ကွယ်လွန်သွားသည်။ ရဟန်းအိုကြီးတို့သည် ထိုအမျိုးသမီး ကွယ်လွန်သွားသဖြင့် သစ်ရွက်မိုး ကျောင်းကလေးပေါ်၌ တစ်ပါးကိုတစ်ပါး ဖက်ကာ ပူဆွေးငိုကြွေးနေကြသည်။ ရဟန်းအိုကြီးတို့ ငိုကြွေးနေကြသဖြင့် အခြားရဟန်းတော်များ အပြေးအလွှား ရောက်လာကြသည်။ အကြောင်းအကျိုးလည်း မေးကြသည်။ ရဟန်းအိုကြီးတစ်ပါး၏ အချက်အပြုတ် အပြုအစုကောင်းသူ ဒါယိကာမကြီး ကွယ်လွန်၍ ငိုကြွေးကြကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ရဟန်းအိုကြီး ငါးပါးကိုခေါ်၍ အတိတ်ဘဝတစ်ခုခု၌ လည်း ယခုလိုပင် သူတို့ ငိုကြွေးကြဖူးသည်ဟု ရဟန်းအိုကြီးတို့၏ အတိတ်ကို ဆောင်ပြတော်မူသည်။

အတိတ်ဘဝ ကျိုးဖြစ်စဉ်

ဤရဟန်းအိုကြီးတို့နှင့် သေသွားသူ မခုရုပါစိကာသည် ဘဝတစ်ခုခု၌ ကျိုးကန်းများ ဖြစ်နေခဲ့ကြသည်။ သူတို့သည် သမုဒ္ဒရာကမ်းစပ်၌ လှည့်လည် ကျက်စား နေထိုင်ကြသည်။ နဂါးမင်းကို ပူဇော်သူတို့သည် ထမင်း၊ အသား၊

http://www.dhammadownload.com

ငါး၊ အရက်တို့ဖြင့် ပူဇော်ခဲ့ပြီး ပြန်သွားကြသည်။ ကျီးတို့သည် နဂါးကို ပူဇော်ထားသော အသားငါးတို့ကိုစားပြီး အရက်ကို သောက်ကြသည်။ မူးသဖြင့် ကျီးမသည် သမုဒ္ဒရာထဲ ပြုတ်ကျကာ မျောပါသေဆုံးသွားသည်။ ကျီးမကို ကယ်ရန် သမုဒ္ဒရာရေကို နူတ်သီးဖြင့် ခပ်ပစ်ကြသည်။ ရေသည် ခပ်လေပြည့်လေဖြစ်၍ ပင်ပန်းသဖြင့် လက်လျှော့ကာ ဝိုင်းအာလျက် ကျီးမကို တမ်းတငိုကြွေးနေကြသည်။ ဘုရားလောင်း သမုဒ္ဒရာစောင့်နတ်က မောင်းထုတ်၍ အခြားနေရာသို့ ပြေးခဲ့ကြရသည်။

ဘုရားရှင်သည် ရဟန်းအိုကြီးတို့၏ အတိတ်ကို ဆောင်ပြပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာ ကြားနာရ၍ ရဟန်းအိုကြီးတို့ သောတာပန် ဖြစ်သွားကြသည်။

၂၈၃။ ဝနံ ဆိန္နထ မာ ရုက္ခံ၊ ဝနတော ဇာယတေ ဘယံ၊
ဆေတ္တာ ဝနဉ္စ ဝနထဉ္စ၊ နိဗ္ဗနာ ဟောထ ဘိက္ခဝေါ။
၂၈၄။ ယာဝဟိ ဝနထော န ဆိန္နတိ၊ အဏုမတ္တောပိ နရဿ နာရိသု၊
ပဋိဗဒ္ဓမနောဝ တာဝ သော၊ ဝစ္ဆော ဒီရုပကောဝ မာတရိ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၃။ အို ရဟန်းတို့၊ သင်တို့သည် တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်။ ပကတိဖြစ်သော သစ်ပင်ကို မခုတ်ဖြတ်ကြနှင့်။ တဏှာတည်းဟူသော တောကြောင့် အိုရာ၊ နာရာ၊ သေရသော ဘေးသည် ဖြစ်ပေါ်လာရသည်။ တဏှာတည်း ဟူသော တောကြီး၊ တောငယ်ကို ခုတ်ဖြတ်ပစ်လျက် တဏှာတောမှ ထွက်ကြပါလော့။

၂၈၄။ နို့မပြတ်သေးသော နွားကလေးသည် အမိနွားမကို ကပ်နေသကဲ့သို့ မိန်းမတို့အပေါ် အနည်းငယ်ပင်ဖြစ်သော ကိလေသာ တဏှာမပြတ်နိုင်သေးသမျှ ထိုယောကျ်ားသည် ကပ်ငြိသောစိတ် ရှိသည်ဖြစ်၍ သံသရာသို့သာ ကပ်ရောက်ရ၏။

မထေရ်အိုကြီးငါးပါးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၉။ အသုဘကမ္မဋ္ဌာန်းဖြင့် တရားမရသူ ဝတ္ထု

[မိမိနှင့် လိုက်ဖက်သောတရား ပွားများ၍ တရားရသွားသူ]

ပန်းထိမ်သည်တစ်ဦးသည် အလွန်အဆင်းလှ၍ ငယ်ရွယ်သူ သားတစ်ဦးကို အရှင်သာရိပုတ္တရာထံ၌ ရဟန်းပြုစေသည်။ အရှင်သာရိပုတ္တရာသည် ပျိုနုသော လူငယ်တို့တွင် ရာဂပွားတတ်သဖြင့် ရာဂကို ပယ်ရန် အသုဘကမ္မဋ္ဌာန်းကို ပေးသည်။ သုံးလတိုင် ပွားများအားထုတ်၏၊ တရားမရ။ ထို့ကြောင့် ဆရာထံ ပြန်၍ လျှောက်ထားသည်။ အရှင်သာရိပုတ္တရာက ထိုကမ္မဋ္ဌာန်းကိုပင် ဖြည့်စွက် သင်ကြားပေး၍ ထပ်မံ အားထုတ်စေပြန်သည်။ တရားကား မရ။ သို့ဖြင့် အရှင်သာရိပုတ္တရာက ရဟန်းငယ်ကို ဘုရားရှင်ထံ ခေါ်သွားပြီး အကြောင်း အကျိုး လျှောက်ထားလေသည်။

သုဘကမ္မဋ္ဌာန်း ပွားများသော်

ဘုရားရှင်သည် အာသယာနုသယဉာဏ်တော် ဟူသော ဗုဒ္ဓဉာဏ်တော် ဖြင့် ထိုရဟန်းကို ကြည့်သည်။ အသုဘကမ္မဋ္ဌာန်းသည် ရဟန်းငယ်နှင့် မလိုက်ဖက်။ သုဘကမ္မဋ္ဌာန်းဖြင့်သာ တရားရမည်ကို သိသဖြင့် နီမြန်းသော ကုမုဒြာကြာပန်းလှလှကို ဖန်ဆင်းသည်။ သဲပုံထက်၌ ထိုကြာပန်းကို စိုက်ထူ ထားစေပြီး လောဟိတက်=လောဟိတက် အနီအနီဟု ပွားများစေသည်။ ထို ရဟန်းငယ်သည် ဘဝငါးရာပတ်လုံး ရွှေပန်းထိမ်သည် ဖြစ်ခဲ့ဖူးသည်။ မဟာ လှေကားပန်း၊ ပဒုမ္မာကြာပန်းတို့ကို ပြုလုပ်ရာ၌ ရွှေနီကိုသာ အပြန်ပြန် အလှန်လှန် ခတ်ခဲ့သဖြင့် ရွှေနီရောင်ကို မြင်နေသည်။ အလှအပ သုဘကို သာ မြင်နေသည်။ ဘုရားရှင် ပေးသောနည်းဖြင့် ကမ္မဋ္ဌာန်း ပွားများသည်။ မကြာခင်ပင် ရဟန်းသည် ကမ္မဋ္ဌာန်းကို အနှောင့်အယှက် ပြုသော အာရုံတို့မှ ဝေးကာ နီဝရဏတရားတို့ ကင်းကွာကုန်ကြသည်။ ဈာန်တရားများ ဖြစ်ပေါ် လာသည်။

ဘုရားရှင်သည် ရဟန်းငယ်၏ သန္တာန်၌ ဈာန်တရား ဖြစ်ပေါ်ပြီကို သိသဖြင့် ပဒုမ္မာကြာပန်းကို ညှိုးနွမ်းအောင်ပြုသည်။ ညှိုးနွမ်းနေသော ပဒုမ္မာ

http://www.dhammadownload.com

ကြာပန်းကိုကြည့်ကာ ရဟန်းငယ်သည် အမြဲမရှိပုံ အနိစ္စလက္ခဏာကို မြင်လာသည်။ ထိုမှ ဒုက္ခ၊ အနတ္တ စသည့် လက္ခဏာရေး သုံးပါးတို့ ဆင့်ပွားထင်လာကြသည်။

ရဟန်းငယ် တရားရကာ ရဟန္တာဖြစ်ပြီ

ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်မှနေကာ ထိုရဟန်းငယ်ထံ ရောင်ခြည်တော်များ လွှတ်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ရဟန်းငယ်သည် တရားရကာ ရဟန္တာဖြစ်တော်မူသည်။

၂၈၅။ ဥစ္ဆိန္ဒ သိနေဟမတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိ မဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၅။ တန်ဆောင်မုန်းလ သရဒရာသီ၌ ပွင့်သော ကုမုဒြာကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတဏှာကို ဖြတ်လော့။ ဘုရားရှင်သည် တဏှာကင်းရာ နိဗ္ဗာန်ကို ညွှန်ပြ ဟောကြားထားသည့်အတွက် တဏှာငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း မဂ်ဖိုလ်တရားကိုသာ ပွားများပါလော့။

အသုဘကမ္မဋ္ဌာန်းဖြင့် တရားမရသူဝတ္ထု ပြီး၏။

၁၀။ မဟာဓနကုန်သည်ဝတ္ထု

[သေရမည်ကို မသိ၍ နေ့၊ မို့။ ဆောင်းနေမည်ဟု ကြံစည်သူ]

မဟာဓန ကုန်သည်သည် ဗာရာဏသီမှ အဝတ်အထည် စသည်ကို လှည်းများဖြင့် တင်လျက် သာဝတ္ထိပြည်သို့ ရောင်းချရန် လာခဲ့သည်။ မြစ်ကမ်းသို့ရောက်သော် မနက်ဖြန်မှ ကူးမည်ဟု ဆုံးဖြတ်လျက် မြစ်ကမ်းအနီး၌

http://www.dhammadownload.com

လှည်းများ ရပ်နားပြီး ညအိပ်သည်။ ထိုစဉ် မိုးကြီးသည်းထန်စွာ ရွာသည်။ မြစ်သည် ခုနစ်ရက်တိုင်တိုင် ရေကြီးနေသည်။ သာဝတ္ထိ ပြည်သူပြည်သားတို့သည် ခုနစ်ရက်တိုင်တိုင် နက္ခတ်ပွဲ နွဲပျော်နေ၍ သူ့ကုန်ပစ္စည်းများ ကောင်းကောင်း မရောင်းရ။ သို့ဖြင့် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး ဤမြို့၌နေလျက် ကုန်ရောင်းမည်ဟု ကြံစည်သည်။

ဘုရားရှင် ပြီးတော်မူ၍ မေးလျှောက်သောအဓိ

သာဝတ္ထိမြို့တော်၌ ဆွမ်းခံဝင်နေသော ဘုရားရှင်သည် မဟာဓန ကုန်သည် ကြံစည်နေပုံကို သိ၍ ပြုံးတော်မူသည်။ အရှင်အာနန္ဒာက အကျိုး အကြောင်း မေးလျှောက်သည်။ ထိုအဓိ ဘုရားရှင်က "မဟာဓန ကုန်သည်သည် သူ့အကြံအတိုင်း နွေ၊ မိုး၊ ဆောင်း မနေရတော့။ ခုနစ်ရက်ကြာလျှင် ကွယ်လွန်လိမ့်မည်" ဟု မိန့်တော်မူသည်။ အရှင်အာနန္ဒာသည် ထိုအကြောင်းကို မဟာဓန ကုန်သည်အား သွား[illegible]ရောက်ပြောကြားသည်။ မဟာဓနကုန်သည်သည် အလွန်ထိတ်လန့် [illegible]က်ရွံ့လှသဖြင့် ဘုရားရှင်နှင့် သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် အလှူပေးပြီး ကုသိုလ်ပြုသည်။ ဘုရားရှင်သည် အလှူ၌ အနုမောဒနာ ပြုတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ မဟာဓနကုန်သည်သည် သောတာပန် ဖြစ်သွားသည်။

မဟာဓနကုန်သည်သည် ပြန်ကြွတော်မူသော ဘုရားရှင်ကို လိုက်လံပို့ဆောင်ပြီး ပြန်လာစဉ် ဦးခေါင်းခဲသည့် ဝေဒနာဖြစ်လာသည်ဟု ပြောလျက် အိပ်ရာတွင် လဲအိပ်သည်။ အိပ်နေရင်းပင် ကွယ်လွန်သွားကာ တုသိတာနတ်ပြည်၌ ဖြစ်လေသည်။

၂၈၆။ ကွာ ဝဿံ ဝသိဿာမိ၊ ကွာ ဟေမန္တ ဂိမှိသု။
ကွာတိ ဗာလော ဝိစိန္တေသိ၊ အန္တရာယံ နု ဗုဇ္ဈတိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၈၆။ ဤအရပ်ဒေသ၌ နွေ၊ မိုး၊ ဆောင်း ကာလပတ်လုံး နေမည်ဟု အန္တရာယ်မသိသူ သူမိုက်သည် ကြံစည်နေသည်။ မိမိ၏ အသက်အန္တရာယ် ကိုကား ထိုသူမသိချေ။

မဟာဓနကုန်သည်ဝတ္ထု ပြီး၏။

၁၁။ သားသေကို မုန်ညင်းစေ့ဖြင့် ကုလိုသူ ဝတ္ထု

[လူမသေဖူးသောအိမ်မှ မုန်ညင်းစေ့ရှာမရသဖြင့် ဘုရားရှင်ထံ ပြန်လာသူ]

သေသွားသော သားအလောင်းကို ရင်ဝယ်ပိုက်ကာ အသက်ရှင်အောင် ကုနိုင်သူကို ရှာနေသူမှာ ကိသာဂေါတမီ ဖြစ်သည်။ တစ်ဦးသောသူက ညွှန်လိုက်၍ ကိသာဂေါတမီသည် ဘုရားရှင်ထံ ရောက်လာသည်။ ဘုရားရှင်က လူမသေဖူးသောအိမ်မှ မုန်ညင်းစေ့ ရှာလာရန် စေခိုင်းသည်။ အိမ်အနှံ့ ရှာသော်လည်း မတွေ့၍ ဘုရားရှင်ထံ ပြန်လာသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ကိသာဂေါတမီသည် သောတာပန် ဖြစ်သွားသည်။

၂၈၇။ တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃော၀၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၇။ သား၊ သမီး၊ ကျွဲ၊ နွား စသော စည်းစိမ်ဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် ကာမဂုဏ်၌ ကပ်ငြိ တွယ်တာစိတ်ရှိသူကို ကြီးစွာသော

http://www.dhammadownload.com

ရေအလျင်သည် အိပ်ပျော်နေသော တစ်ရွာလုံးကို တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍သွားလေ၏။

သားသေကို မုန်ညင်းစေ့ဖြင့် ကုလိုသူဝတ္ထု ပြီး၏။

၁၂။ သောကကြောင့် ရူးသွားသူ ပဋာစာရီ ဝတ္ထု

[သောကကြောင့် ရူးရာမှ တရားသိကာ သောတာပန်ဖြစ်သူ]

ပူဆွေးမှုသောက ဖြစ်ရသည့် အကြောင်းများတွင် ဉာတိဗျသန = မိဘ၊ ဆွေမျိုး၊ လင်၊ သားသမီးတို့ သေဆုံးရခြင်းသည်လည်း အကြောင်းတစ်ခု အဖြစ် ပါဝင်သည်။ ပဋာစာရီသည် ပထမ သူ့လင်သေသွားသည်။ သားအကြီး၊ သားအငယ်တို့ ထပ်၍ သေရသည်။ ထို့နောက် မောင်နှင့် မိဘနှစ်ပါး ပ[illegible]၊ သေဆုံးသောကြောင့် ပူဆွေးမှုသောက ဖြစ်ရသည်။ သောကနှင့် လောကဓံကြောင့် ရူးရသည့်ဘဝ ရောက်သွားသည်။ ဘုရားရှင်ထံ ရောက်လာသောအခါ ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သောက ပြေပျောက်သွားသည်။ သောတာပန်လည်း ဖြစ်သွားသည်။ ပဋာစာရီကို အကြောင်းပြုကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောဟော်မူသည်။

၂၈၈။ န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တ ကေနာဓိပန္ဓသ၊ နတ္ထိ ဉာတီသု တာဏတာ။
၂၈၉။ တေမတ္ထဝသံ ဥတွာ၊ ပဏ္ဍိတော သီလသံဝုတော၊
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ဒေသနာ၏အဓိပ္ပာယ်

၂၈၈။ သေမင်းနှင့် တွေ့ကြုံသောအခါ သေဘေးမှ ကယ်တင်နိုင်သူ သားသမီးတို့သည် မရှိကုန်။ အမိအဖတို့လည်း မရှိကုန်။ အဆွေခင်ပွန်းနှင့် ဆွေမျိုးတို့လည်း မရှိကုန်။

http://www.dhammadownload.com

၂၈၉။ ပညာရှိသည် ဤအကြောင်းတို့ကို သိ၍ သီလကို ကောင်းစွာ စောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဂ်လမ်းကြောင်းကို လျင်မြန်စွာ ရှာဖွေရာ၏။

သောကကြောင့် ရူးသွားသူ ပဋာစာရီဝတ္ထု ပြီး၏။

မဂ္ဂဝင် ပြီးပြီ။



ပဋာစာရီ၏သားအား စွန်ချီသွားစဉ်။

71A

http://www.dhammadownload.com

ပကိဏ္ဏကဝဂ်

ပကိဏ္ဏက = ရောပြွမ်းထားသော၊ ဝဂ္ဂ = ဝဂ်၊ အစု။
ဒုက္ခနှင့် သုခ၊ ကိုယ့်အကျိုးနှင့် သူ့အကျိုး၊ အဓိနှင့်တူသော တရားနှင့်
အဖနှင့် တူသောတရား စသည်ဖြင့် တရားများရောပြွမ်း၍
ဟောထားသော ဝဂ္ဂုနှင့် ဒေသနာအစု။



၁။ ဘီလူးဘေးနှင့် ဝေဿလီပြည်ဝတ္ထု

**[ရတနာသုတ်ပရိတ်တော်ကြောင့် ဘီလူးဘေးမှ
ဝေးသွားသော ဝေဿလီပြည်]**

ဝေဿလီပြည်သည် စည်ပင်သာယာဝပြောသောပြည် ဖြစ်ခဲ့ဖူးသည်။ သို့သော် ဝေဿလီပြည်ဝန်းကျင်၌ တစ်ချိန်တုန်းက ကောက်ပဲသီးနှံများ ပျက်စီးခဲ့သည်။ ကောက်ပဲသီးနှံ ဆန်ရေစပါး ရှားပါးမှုကြောင့် ဆင်းရဲသားအများအပြား သေဆုံးရသည်။ အသေအပျောက် များလွန်းသောကြောင့် သူသေအလောင်းများမှ အပုပ်နံ့များ လှိုင်နေခဲ့သည်။ အပုပ်နံ့ကြောင့် ဘီလူးများ မြို့တွင်းသို့ဝင်၍ လူတို့ကို သတ်ဖြတ်စားသောက်သည်။ လူအမြောက်အမြား ထပ်၍ သေကြရပြန်သည်။

ဝပြောသာယာမှု သူညအောက်ရောက်သွား၍

သူသေကောင်များမှာ ယင်မမဲရိုင်းကြီးများ တရုန်းရုန်း တဝုန်းဝုန်းဖြင့် ဝိုင်းအုံခဲနေကြသည်။ ထိုယင်ကောင်များမှတစ်ဆင့် ကူးစက်မြန်သော ရောဂါ

http://www.dhammadownload.com

ဘေးကြီး ဖြစ်ပွားလာတော့သည်။ ထိုရောဂါဘေးကြောင့် လူအများ ထပ်မံသေကြရပြန်သည်။ သို့ဖြင့် ဝေဿလီပြည်တွင် ငတ်မွတ်ခြင်းဘေး၊ ဘီလူးဘေးနှင့် အနာရောဂါဘေးဟူသော ဘေးဆိုးကြီးသုံးမျိုး ဆိုက်ရောက်ရတော့သည်။

ထိုကဲ့သို့ ကပ်ဘေးကြီး ဆိုက်ရောက်လာသောအခါ ပြည်သူတို့က အုပ်ချုပ်သူတို့ကို လက်ညှိုးထိုးကာ အပြစ်ပုံချကြသည်။ အုပ်စိုးနေသော မင်းသည် ပြည်သူတို့ကို မင်းကွန်း၌ စုဝေးစေပြီး "ငါ့အား တရားမစောင့်သော မင်းဟု ထင်မြင်ယူဆပါလျှင် ထိုအပြစ်ကို ထင်ရှားအောင်ပြပါ"ဟု ဆို၏။ စုံစမ်းကြသောအခါ မင်း၏ အပြစ်မဟုတ်ဟု သိသွားကြသည်။

ဘုရားရှင်ကို ပင့်ဆောင်ရန်

ထိုအခါ ဘေးသုံးပါးကြောင့် ဒုက္ခပင်လယ်ဝေနေသော ဝေဿလီကို မည်သို့ ပြန်လည်ထူထောင်ကြမည်နည်း။ ဝေဿလီအမည်နှင့် လိုက်ဖက်လာအောင် မည်သို့ ဆောင်ရွက်ကြမည်နည်းဟု အုပ်စိုးသူတို့ အပါအဝင် အားလုံး စဉ်းစားကြသည်။ အချို့က ဗလိနတ်စာ ပူဇော်ရမည်။ အချို့က ပူရဏကဿပ စသော ဆရာကြီးခြောက်ယောက်ကို ပင့်ရမည်။ အချို့က လောကဘွဲ့ ဘုရားရှင် ပွင့်တော်မူနေပြီ။ ဘုရားရှင် ပွင့်တော်မူခြင်းသည် သာသနာတော် အကျိုးအတွက်သာမဟုတ် လောကလူသားတို့ သာယာဝပြောရေးအတွက်လည်း ဖြစ်သည်။ ဘုရားရှင်ကို ပင့်ဆောင်ရမည်ဟု အကြံပြုသည်။ ထိုအချိန်က ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေသည်။

မင်းကွန်း၌ စုဝေးနေသူတို့တွင် မဟာလိ လိစ္ဆဝီမင်းသားလည်း ပါဝင်သည်။ သူသည် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ ဘုရားရှင်ထံမှ တရားနာရ၍ သောတာပန်ဖြစ်ခဲ့သူ ဖြစ်သည်။ မဟာလိ လိစ္ဆဝီမင်းနှင့်အဖွဲ့အား ဘုရားရှင်ကို ပင့်ရန် စေလွှတ်ကြသည်။ မဟာလိ လိစ္ဆဝီမင်းနှင့် အဖွဲ့သည် ရွှေဥဒ္ဓိစွာ ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက်၍ လက်ဆောင်ပဏ္ဏာများ ဆက်သသည်။ ထိုနောက် ဘုရားရှင်ထံ ဝင်ရောက်၍ ဝေဿလီပြည်၌ ကပ်ဘေးကျရောက်နေသဖြင့် ဘုရားရှင် ကြွရောက်တော်မူမှသာ ငြိမ်းအေးမည် ဖြစ်ကြောင်း

http://www.dhammadownload.com

လျှောက်ထားပင့်ဆောင်သည်။ ဘုရားရှင်ကလည်း သတ္တဝါတို့ အကျိုးများမည်ကို သိသဖြင့် ဝန်ခံတော်မူလိုက်သည်။ ဤအကြောင်းကို ဗိမ္မိသာရမင်းကြီး သိသောအခါ ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်အထိ ငါးယူဇနာ ခရီးလမ်းကို ပြင်ဆင်စေသည်။ တစ်ယူဇနာ တစ်ယူဇနာတိုင်း၌ ကျောင်းတစ်ဆောင်စီ ဆောက်၍ ဘုရားရှင် ကြွချီရာလမ်းတစ်လျှောက် ခမ်းနားကြီးကျယ်စွာ လိုက်ပါပူဇော်သည်။

ရတနာသုတ် ရွတ်ဆိုစေရန်

ဂင်္ဂါမြစ်သို့ ဘုရားရှင် ရောက်သောအခါ ဝေသာလီရှိ လိစ္ဆဝီမင်းတို့ကလည်း လည်ပင်းအထိနက်သော ရေသို့ဆင်းကာ ဘုရားရှင်ကို ကြိုဆိုကြသည်။ ဗိမ္မိသာရမင်းထက် နှစ်ဆပိုသော အစီအစဉ်များ ပြုလုပ်ထားသည်။ သုံးယူဇနာရှိသော ဂင်္ဂါတစ်ဖက်ကမ်းမှ ဝေသာလီအထိ ခရီးကို သုံးရက်ဖြင့် ကြွတော်မူသည်။ ဘုရားရှင်နှင့် နောက်ပါ သံဃာတော်များ ဝေသာပြည်၏ မြေအပြင်ကို ခြေချမိသည်နှင့် မိုးကြီးသည်းထန်စွာ ရွာသွန်းသည်။ မိုးကြောင့် မြေပြင်အနှံ့ရှိ အပုပ်ကောင်များ၊ အပုပ်နံ့များ ကင်းစင်သွားသည်။ ညနေချမ်းအချိန်တွင် ဝေသာလီမြို့တံတိုင်း သုံးထပ်အတွင်း ရတနာသုတ်ပရိတ်တော် အရံအတားကိုရွတ်ဆိုရန် ဘုရားရှင်က အရှင်အာနန္ဒာကို ဟာဝန်ပေးတော်မူသည်။

ပရိတ်တော်နှင့် ပရိတ်ရေ၏ စွမ်းရည်

ဘုရားရှင်၏ အမိန့်တော်အရ အရှင်အာနန္ဒာထေရ်က "ယံကိဉ္စိ" ဟူသော ပရိတ်တော်ကို ရွတ်ဆိုကာ ပရိတ်ရေ ပက်ဖျန်းလိုက်သည်။ ဘီလူးတို့အပေါ် ပရိတ်ရေများ ကျသောကြောင့် ဘီလူးများ ထွက်ပြေးကြသည်။ "ယာနီဓ ဘူတာနိ" ဟု ရွတ်ဆိုကာ ပက်ဖျန်းလိုက်သော ပရိတ်ရေသည် ထက်ကောင်းကင်သို့ တက်ကာ လူတို့အပေါ် ပြန်ကျသည်။ ပြန်ကျလာသည့် ပရိတ်ရေ ရောက်ရှိရာ ဝန်းကျင်မှ ဘေးအန္တရာယ်များ ကင်းငြိမ်းသွားကြသည်။ အရှင်အာနန္ဒာသည် ဘုရားရှင် ပါရမီဖြည့်တော်မူချိန်မှ ဘုရားအဖြစ်သို့ရောက်ကာ တရား

http://www.dhammadownload.com

တော်များ ဟောနေချိန်အထိ ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုကာ ရတနသုတ် ပရိတ်တော်ကို ရွတ်ဖတ်ခဲ့သည်။

ဘုရားရှင်ဟောကြား ရတနသုတ် ပရိတ်တရား

ပရိတ်တော်ကြောင့် ဘေးဥပဒ်အစုံစုံနှင့် အန္တရာယ်အဖုံဖုံတို့ ကင်းဝေးသွားသော် လူနတ်ဗြဟ္မာ ပရိသတ်သည် အရှင်အာနန္ဒာနှင့်အတူ ဘုရားရှင်ထံ စုရုံးရောက်လာကြသည်။ ဘုရားရှင်သည် ခုနစ်ရက်တိုင်တိုင် ရတနသုတ် ပရိတ်တော်ကို ထပ်၍ ဟောကြားသည်။ ဘုရားရှင် ဟောသည်ကို ကြားနာရသဖြင့် လူနတ်ဗြဟ္မာ ပရိသတ်များစွာတို့ တရားရသွားကြသည်။ ဘေးအန္တရာယ် ကင်းစင်သွားပြီဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်တို့သည် လာလမ်းအတိုင်း ပြန်ကြွကြသည်။ ဂင်္ဂါမြစ်သို့ရောက်သော် နဂါးတို့က နဂါးပြည်သို့ ပင့်ဆောင်သွားကြသည်။ ထိုအချိန်က လူနတ်ဗြဟ္မာနှင့် နဂါးပရိသတ်သည် တန်ခိုးပြာဋိဟာ ပြသော ကဏ္ဍသရက်ပင်အနီးမှ အခမ်းအနားကြီးကဲ့သို့ လည်းကောင်း၊ နတ်ပြည်မှ ဆင်းသက်လာသောအချိန်က ပရိသတ်အပေါင်းဖြင့် စည်ကားသော အခမ်းအနားကြီးကဲ့သို့ လည်းကောင်း အထူးပင် စည်ကားလှသည်။

ဘုရားရှင်သည် နဂါးပြည်၌ တစ်ညလုံး တရားဟောတော်မူခဲ့သည်။ နဂါးပြည်မှ ပြန်ကြွလာပြီး တစ်ဖက်ကမ်းသို့ ကြွတော်မူသော် ဗိမ္ဗိသာရမင်းကြီးနှင့် ပရိသတ်တို့က အထူးကြီးကျယ် ခမ်းနားစွာ ကြိုဆိုကြပြီး ဝေဠုဝန်ကျောင်းသို့ ပြန်လည် ပင့်ဆောင်ကြသည်။ ဝေဠုဝန်ကျောင်းတော်တွင် ရဟန်းတို့က "ဝေသာလီခရိုးစဉ်၏ ကြီးကျယ်ခမ်းနားပုံ" စသည်တို့ကို ပြောဆိုနေကြသည်။ ဘုရားရှင်သည် ထိုရဟန်းတို့အား သခ်ၤပုဏ္ဏားကြီးဘဝက ပြုခဲ့သော ကောင်းမှုများအကြောင်းကို အတိတ်ဆောင်ကာ ဟောတော်မူသည်။

အတိတ်ဘဝက ကုသိုလ်

အတိတ်ဘဝတစ်ခုတွင် ဘုရားရှင်သည် တက္ကသိုလ်ပြည်၌ သခ်ၤအမည်ရှိ ပုဏ္ဏားကြီး ဖြစ်ခဲ့သည်။ သားဖြစ်သူ သုသီမအား ဗေဒင်ပညာသင်ရန်

http://www.dhammadownload.com

မိတ်ဆွေ ပုဏ္ဏားထံ ပို့ပေးသည်။ သုသီမသည် ဗေဒင်ပညာကိုသင်ပြီးသောအခါ ထိုပညာကို ဆင်ခြင်သုံးသပ်သည်။ အစနှင့် အလယ်သာဆိုပြီး အဆုံးကို မမြင် မသိနိုင် ဖြစ်နေခဲ့သည်။ သင်ပေးသူ ဆရာကလည်း မသိ၍ ဣသိပတနတောမှ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များထံ၌ မေးမြန်းရန် လမ်းညွှန်သည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များထံရောက်သော် ရဟန်းပြုမှ ပြောကြားမည်ဟု မိန့်ကြားသဖြင့် ရဟန်းပြုသွားသည်။ ပစ္စေကဗုဒ္ဓါတို့၏ တရားကို နာကြားရသဖြင့် သုသီမသည် ပစ္စေကဗုဒ္ဓါတစ်ပါးဖြစ်ပြီး ပရိနိဗ္ဗာန်ပြုသွားသည်။ ဖခင်သခ်ပုဏ္ဏားကြီးသည် သားကိုရှာရင်း ပရိနိဗ္ဗာန်ပြုသွား၍ တည်ထားသော အရိုးစေတီကို ပူဇော်ခြင်း အမျိုးမျိုးတို့ဖြင့် ကောင်းမွန်စွာ ပူဇော်ခဲ့သည်။ ထိုကောင်းမှုကြောင့် ယခုဘဝ၌ ဤသို့ ကြီးကျယ်များပြားသော အကျိုးတရာတို့ ရရှိခြင်းဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူသည်။

၂၉၀။ မတ္တာသုခ ပရိစ္စာဂါ၊ ပသေ့ သေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊ သမ္မသံ ဝိပုလံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၂၉၀။ အနည်းငယ်သော ချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်သော ချမ်းသာကို ရမည်ဟု မြင်ခဲ့လျှင် ထိုကြီးကျယ်သော ချမ်းသာကို မြင်သော ပညာရှိသည် အနည်းငယ်မျှသော ချမ်းသာကို စွန့်လွှတ်ရာ၏။

ဘီလူးဘေးနှင့် ဓေသာလီပြည်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂။ ကြက်ဥစားသူဝတ္ထု

[အပြန်အလှန် ရန်ငြိုးဖွဲ့ရာမှ တရားသိ၍ ရန်ငြိုးမဖွဲ့တော့သူ]

သာဝတ္ထိပြည်၏ မနီးမဝေးရှိ ပဏ္ဍုရ ရွာသား တံငါသည်တစ်ယောက် သည် သာဝတ္ထိပြည်သို့ လာရာလမ်းခရီးရှိ အစိရဝတီမြစ်ကမ်းမှ လိပ်ဥတို့ကို တွေ့ရှိ၍ ယူလာပြီး သာဝတ္ထိရှိ အိမ်တစ်အိမ်တွင် ချက်ပြုတ်စားသောက်သည်။ အိမ်ရှိ အမျိုးသမီးငယ်အား လည်း လိပ်ဥတစ်လုံးကို ပေးသည်။ အမျိုးသမီးငယ်သည် လိပ်ဥစားမိရာမှ အခြားသော အစားအစာကို မစားတော့သဖြင့် မိခင်က ကြက်ဥကို အစားထိုးကျွေးသည်။ ကြက်ဥ စားမိသောအခါ လိပ်ဥထက် ကြက်ဥကို ပို၍ကြိုက်သောကြောင့် အိမ်ရှိကြက်ဥကျင်းမှ ဥတို့ကို နေ့စဉ် ယူစားတော့သည်။

ကြက်မသည် နေ့စဉ် သူ့ဥကို ယူစားနေသော အမျိုးသမီးအပေါ် အာဃာတ ထားသည်။ သူသေသော် ဘီလူးမ ဖြစ်ရပါလို၏။ ဘီလူးမအဖြစ်ဖြင့် ဤအမျိုးသမီး မွေးသမျှ သားငယ်တို့ကို စားရပါလို၏ ဆုတောင်းသည်။ ထိုကြက်မ သေသောအခါ ထိုအိမ်၌ ကြောင်မ ဖြစ်သွားသည်။ (ဤမှ နောက် ပိုင်းသည် ယမကဝဂ် ဝတ္ထုအမှတ်စဉ် (၄) ကာဠယက္ခိနီ ဘီလူးမဝတ္ထုနှင့် တူသည်။) အပြန်အလှန် ရန်ငြိုးဖွဲ့ကြသည်။ ဘုရားရှင်ထံ ရောက်လာကြသော် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဘီလူးမသည် သရဏဂုံ၌တည်ကာ သီလခံယူသည်။ ထို့နောက် အပြန်အလှန် ရန်ငြိုးဖွဲ့ခြင်း မပြုတော့။ အမျိုးသမီးငယ်သည် သောတာပန် ဖြစ်သွားသည်။

၂၉၁။ ပရဒုက္ခူပဓာနေန၊ အတ္တနော သုခမိစ္ဆတိ။
ဝေရသံသဂ္ဂ သံသဋ္ဌော၊ ဝေရာ သော န ပရိမုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၂၉၁။ သူတစ်ပါးကို ဆင်းရဲပေးပြီး မိမိ၏ ချမ်းသာကို ရှာသူသည် သူတစ်ပါး၏ ရန်မှခြင်းကိုခံရသည်၊ မိမိက ပြန်၍ ရန်မူခြင်းဖြင့် အပြန်အလှန် ရန်ချင်း ရောနှောသည်ဖြစ်ရကား ရန်မှ မလွတ်နိုင်။

ကြက်ဥစားသူဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ ဖိနပ်အမျိုးမျိုးစီးသူ ဘဒ္ဒိယရဟန်းများဝတ္ထု

[ပြုလုပ်ရမည့်အလုပ် မပြုလုပ်ဘဲ မလုပ်သင့်သောအလုပ်လုပ်နေသူများ]

ဘဒ္ဒိယမြို့နေ ရဟန်းတို့သည် ဖိနပ်အမျိုးမျိုးကို ပြုလုပ်၍စီးနေကြသည်။ ထိုအကြောင်းကို အခြားရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က ထိုရဟန်းများကို ခေါ်ကာ ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရသဖြင့် ဘဒ္ဒိယမြို့နေ ရဟန်းများ ရဟန္တာဖြစ်တော်မူကြသည်။

၂၉၂။ ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။
၂၉၃။ ယေသဉ္စ သုသမာရဒ္ဓါ၊ နိစ္စံ ကာယဂတာ သတိ။
အကိစ္စံ တေ န သေဝန္တိ၊ ကိစ္စေ သာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

ဒေသနာ၏အဓိပ္ပာယ်

၂၉၂။ ပြုလုပ်သင့်သည့်အလုပ်ကို မပြုလုပ်ဘဲ မပြုလုပ်သင့်သည့် အလုပ်ကို ပြုလုပ်လျက် မာနထောင်လွှားလျက် ကုသိုလ်ကောင်းမှုဌ မေ့လျော့နေသူများသည် အာသဝေါတရားတို့ တိုးပွားကြကုန်၏။

၂၉၃။ ကာယဂတာ သတိကို အမြဲရှုဆင်ခြင်၍ ကမ္မဋ္ဌာန်းအလုပ်ကို ကောင်းစွာ အားထုတ်လျက် မပြုလုပ်သင့်သောအလုပ်ကို မပြုလုပ်ဘဲ ပြုလုပ်သင့်သောအလုပ်ကို ပြုလုပ်လျက် ကုသိုလ်ကောင်းမှုဌ မမေ့မလျော့သူ၊ အမြော်အမြင်ရှိသူတို့မှာ အာသဝေါတရားတို့ ချုပ်ငြိမ်းကြကုန်၏။

ဖိနပ်အမျိုးမျိုးစီးသူ ဘဒ္ဒိယရဟန်းများဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ အရှင်လကုဏ္ဍကဘဒ္ဒိယ မထေရ် ဝတ္ထု

[မိဘကိုသတ်ပြီး ဆင်းရဲခြင်းမရှိသူ ရဟန္တာ]

တစ်နေ့သ၌ ဘုရားရှင် နေ့သန့်ရာအရပ်သို့ ရောက်လာကြသော ဧည့်သည် အာဂန္တု ရဟန်းတို့အား မနီးမဝေးအရပ်မှ ဖြတ်သွားသော အရှင် လကုဏ္ဍကဘဒ္ဒိယကို ညွှန်ပြလျက် ဘုရားရှင်က "ချစ်သားရဟန်းတို့ ရှုကြ ကုန်လော့။ ဤရဟန်းသည် အမိအဖကို သတ်ပြီး ဆင်းရဲခြင်းမရှိဘဲ သွား၏" ဟု မိန့်တော်မူလိုက်သည်။ အာဂန္တုရဟန်းတို့သည် အံ့အားသင့်လျက် အချင်းချင်း ကြည့်ရှုနေမိကြသည်။ ထိုရဟန်းအား လုံး၏ စိတ်၌ သံသယဝိဝါဒများ ဖြစ်ကုန် ကြသည်။ ထိုအခါ ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟောကြားတော် မူသည်။

ထိုဒေသနာတော်သည် တင်စား၍ ဟောကြားထားသည့် ဒေသနာဖြစ် သည်။ ပကတိဖြစ်သော အမိအဖ စသည်ကို သတ်ခြင်းမဟုတ်။ ဒေသနာ တော်၌ "တဏှာကို အမိ" ဟူ၍ လည်းကောင်း၊ "မာနကို အဖ" ဟူ၍ လည်းကောင်း၊ "သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ" ကို "ပြည့်ရှင်မင်းကြီးနှစ်ဦး၊ သို့မဟုတ် ပုဏ္ဏားနှစ်ယောက်" ဟူ၍ လည်းကောင်း၊ "နန္ဒိရာဂကို အခွန်သိမ်း အမတ်"၊ "အာယတန တစ်ဆယ့်နှစ်ပါးကို တိုင်းသူပြည်သားများ"၊ ဝိစိကိစ္ဆာ နှင့် နီဝရဏတရား ငါးပါးတို့ကို ကျားဆိုးနှင့်တူ၍ ပယ်သတ်ရန် ဟောကြား သည်။ ဒေသနာတော်၏ အဆုံး၌ အာဂန္တုရဟန်းတို့ ရဟန္တာဖြစ်သွားကြ သည်။

၂၉၄။ မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

၂၉၅။ မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ သောတ္ထိယေ။
ဝေယ္ယဂ္ဃ ပဉ္စမံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၂၉၄။ ရဟန္တာပုဂ္ဂိုလ်သည် တဏှာဟူသော အမိ၊ မာနဟူသော အဖ ကို သတ်လျက် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ဟူသော မင်းနှစ်ပါး၊ နန္ဒီရာဂ ဟူသော အခွန်သိမ်းအမတ်၊ အာယတန တစ်ဆယ့်နှစ်ပါးဟူသော တိုင်းသူ ပြည်သားတို့ကို ဖျက်ဆီးပယ်သတ်ကာ ဆင်းရဲကင်းလျက်သွားလာရသည်။

၂၉၅။ ရဟန္တာသည် တဏှာ၊ မာနကို သတ်လျက် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့ကို ပယ်သတ်ပြီး သစ်၊ ကျားရဲနှင့်တူသော နိဝရဏတရား ငါးပါးတို့၏ နောင့်ယှက်မှုကို ပယ်ဖျက်ကာ ဆင်းရဲကင်းစွာ သွားလာရသည်။

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု ပြီး၏။

၅။ ထင်းလှည်းသမား၏သားဝတ္ထု

[နမောဗုဒ္ဓဿ ရွတ်ဆိုရှိ ဘီလူးအစားမခံရသူ]

ရာဇဂြိုဟ်ပြည်သား ဂုံညင်းကစားဖက် သူငယ်ချင်းနှစ်ယောက် ရှိသည်။ တစ်ယောက်သည် သမ္မာဒိဋ္ဌိအယူရှိသူ၏သားဖြစ်၍ အခြားတစ်ယောက်သည် မိစ္ဆာဒိဋ္ဌိအယူရှိသူ၏သား ဖြစ်သည်။ ကစားတိုင်း ကစားတိုင်း သမ္မာဒိဋ္ဌိအယူ ရှိသူ၏သားက "နမော ဗုဒ္ဓဿ" ဟု ရွတ်ဆိုရှိ၍ ကစားရာ အမြဲတမ်း အနိုင်ရသည်။ ရှုံးသူက "နမော ဗုဒ္ဓဿ" ဟု ရွတ်ဆိုရှိ၍ ကစားသောကြောင့် သူ့သူငယ်ချင်း အနိုင်ရသည်ဟု သိသွားသည်။ ထို့ကြောင့် သူကလည်း "နမောဗုဒ္ဓဿ" ကို ရအောင် လေ့ကျက်ထားလိုက်သည်။

အိပ်ပျော်နေစဉ် ဘီလူးက ဝင်ဆွဲရာ

တစ်နေ့တွင် မိစ္ဆာဒိဋ္ဌိအယူရှိသူ၏သားသည် ဖခင်နှင့်အတူ တောသို့ ထင်းခုတ် လိုက်သွားသည်။ အပြန်တွင် မြို့ပြင် သုသာန်အနီးဌာ နွားများ

http://www.dhammadownload.com

ကို အနားပေးရင်း လွတ်ထားလိုက်သည်။ နွားများသည် အခြားနွားများနှင့် ရောနှောကာ မြို့တွင်းသို့ ဝင်သွား၍ ဖခင်က မြို့တွင်းသို့သွားပြီး နွားများကို ဖမ်းဆီးခဲ့သည်။ မြို့တံခါး ပိတ်သွား၍ ဖခင်သည် သားထံ ပြန်မသွားနိုင်တော့။ ထိုညတွင် သားသည် တစ်ယောက်တည်း လှည်းအောက်သို့ ဝင်အိပ်ရာ ဘီလူးနှစ်ကောင် ရောက်လာသည်။ တစ်ကောင်သည် မိန္ဆာဒိဋ္ဌိဘီလူးဖြစ်သည်။ ထိုဘီလူးက လှည်းအောက်၌ အိပ်နေသူကို စားရန် ဝင်ဆွဲသည်။ သမ္မာဒိဋ္ဌိဘီလူးက မဆွဲရန် တားသေးသည်။ သို့သော် နားမထောင်ဘဲ သူငယ်ကို ခြေထောက်မှ ဝင်ဆွဲသည်။ လူငယ်က "နမော ဗုဒ္ဓဿ" ဟု ရွတ်ဆိုသဖြင့် ဘီလူးသည် ထိတ်လန့်တကြားဖြစ်ကာ သူငယ်ကို ပြန်လွတ်ခဲ့သည်။

စားတော်အုပ်တွင်း၌ စာရေးထားခဲ့ကြပြီး

သမ္မာအယူရှိသူကို စားရန် ကြိုးစားမိ၍ အပြစ်ရှိသွားပြီ ဟု သူ့ကိုယ်သူ သိသွားပြီး ဘီလူးသည် လှည်းနားတွင် တစ်ည လုံး စောင့်ပေးသည်။ မင်းကြီး၏ နန်းတော်သို့လည်းသွားကာ စားတော်အုပ်တွင် စားဖွယ်များ အပြည့်ထည့်ယူခဲ့လျက် သူငယ်၏ မိဘအသွင်ဖြင့် အိပ်နေသူကို နှိုးကာ ဘီလူးတို့က စားသောက်ဖွယ်များ ကျွေးမွေးကြသည်။ စားစရာများ စားပြီးနောက် သူငယ်သည် လှည်းအောက်တွင် ပြန်အိပ်သွားသည်။ ဘီလူးတို့သည် စားတော်အုပ်တွင်း၌ တန်ခိုးဖြင့် အကြောင်းစုံကို စာရေးထားခဲ့ကြပြီး အခြားသို့ ထွက်သွားကြသည်။

ဘုရင့်စားတော်အုပ် ပျောက်သွား၍ နန်းတွင်းနန်းပြင်အနှံ့ ရှာကြသည်။ ထင်းများ တင်ဆောင်ထားသော လှည်း၌ စားတော်အုပ် ပြန်တွေ့၍ ထင်းလှည်းနှင့်အတူ သူငယ်ကို ဖမ်းဆီးပြီး ဘုရင့်ထံ ပို့သည်။ စစ်ဆေးသောအခါ သူငယ်က သူ့အဖြစ်ကို ထွက်ဆိုသည်။ မိဘများကို စစ်မေးသောအခါ မိဘများက သားရှိရာ မြို့ပြင်သို့ ပြန်မသွားနိုင်ပုံကို လျှောက်ထားကြသည်။ ဗိမ္ဘိသာရမင်းကြီးသည် စားတော်အုပ်တွင်းမှ စာကို တွေ့သဖြင့် သားအဖသုံးယောက်စလုံးကို ဘုရားရှင်ထံ ခေါ်သွားသည်။ "နမော ဗုဒ္ဓဿဟူသော

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိ" သည် ဤသို့ အန္တရာယ်ကို အကာအကွယ် ပေးနိုင်ပါသလား ဟု ဘုရားရှင်ထံ လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "မင်းကြီး၊ ဗုဒ္ဓါနုဿတိ သာမက ဤကမ္မဋ္ဌာန်း ခြောက်မျိုးစလုံးပင် ပွားများထားလျှင် အန္တရာယ်ကင်းဖို့ အခြားမန္တန် ဆေးဝါး ဆောင်ထားစရာမလို" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော် မူသည်။ ဒေသနာတော် ကြားနာရ၍ သားအဖသုံးယောက်စလုံး သောတာပန် ဖြစ်သွားပြီး ရဟန်းပြုသွားကြ၍ သုံးယောက်စလုံးပင် ရဟန္တာ ဖြစ်သွားကြ သည်။

၂၉၆။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။
၂၉၇။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာ သတိ။
၂၉၈။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာ သတိ။
၂၉၉။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာ သတိ။
၃၀၀။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော။
၃၀၁။ သုပ္ပဗုဒ္ဓံ ပဗုဒ္ဓန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။

ဒေသနာ၏အဓိပ္ပာယ်

၂၉၆။ နေ့ရောညဉ့်ပါ အမြဲတမ်း ဘုရားဂုဏ်တော် ကိုးပါးကို သတိရသူ ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားနေကြကုန်၏။

http://www.dhammadownload.com

၂၉၇။ နေ့ရောညဉ့်ပါ အမြဲတမ်း တရားဂုဏ်တော် ခြောက်ပါးကို သတိရသူ ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်း ဖြင့် နိုးကြားနေကြကုန်၏။

၂၉၈။ နေ့ရောညဉ့်ပါ အမြဲတမ်း သံဃာ့ဂုဏ်တော်ကိုးပါးကို သတိရသူ ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားနေကြကုန်၏။

၂၉၉။ နေ့ရောညဉ့်ပါ အမြဲတမ်း ကာယဂတာသတိကို ပွားများနေသော ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားနေကြကုန်၏။

၃၀၀။ နေ့ရောညဉ့်ပါ အမြဲတမ်း ကရဏာဘာဝနာတရားကို ပွားများနေသူ ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်း ဖြင့် နိုးကြားနေကြကုန်၏။

၃၀၁။ နေ့ရောညဉ့်ပါ အမြဲတမ်း မေတ္တာဘာဝနာတရားကို ပွားများနေသူ ဘုရားရှင်၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်း ဖြင့် နိုးကြားနေကြကုန်၏။

ထင်းလှည်းသမား၏သားဝတ္ထု ပြီး၏။

၆။ တောစောင့်နတ်၏ သတိပေးခံရသူရဟန်း ဝတ္ထု

[ခက်ခဲခြင်းတရား နာကြားရ၍ သောတာပန်ဖြစ်သူ]

ဝေသာလီပြည်အနီး တောအုပ်၌နေသူ ရဟန်းတစ်ပါးသည် နက္ခတ်ပွဲသဘင် ကျင်းပရာနေရာမှ တီးမှုတ်ကခုန်သံများကို ကြားရသော် မိမိ၏ လက်ရှိ ဘဝနှင့်အဖြစ်ကို တွေးတောကာ ငြီးငွေ့အားငယ်လာသည်။ ထိုရဟန်းသည်

http://www.dhammadownload.com

အလှည့်ကျ မင်းစည်းစိမ် ခံစားရသော လိစ္ဆဝီ မင်းသားအဖြစ်မှ ရဟန်းပြုလာသူ ဖြစ်သည်။ တောအုပ်၌ နေရခြင်းသည် စွန့်ပစ်ထားသော ထင်းတုံးနှင့် တူသည်။ တန်ဖိုးမရှိ၊ အခြားသူများကဲ့သို့ မပျော်နိုင်ဟုလည်း တွေးမိကာ ငိုကြွေးတော့သည်။

ထိုရဟန်း၏ ငိုကြွေးသံကို ကြားသဖြင့် တောစောင့်နတ်က "အရှင် ရဟန်း၊ အရှင်ရဟန်းကဲ့သို့ တစ်ပါးတည်းနေကာ တရားကျင့်နေသူကို နတ်တို့သည် တောင့်တ တန်ဖိုးထားကာ လေးစားကြပါကုန်၏။ ငရဲသားတို့သည် နတ်သား၊ နတ်သမီးများကို တမ်းတကြသကဲ့သို့ နတ်တို့သည် အရှင်ရဟန်းကို တမ်းတနေကြပါသည်" ဟု လျှောက်ထားသတိပေးသည်။ တောစောင့်နတ်၏ သတိပေးစကားကြောင့် ထိတ်လန့် သံဝေဂရလျက် ရဟန်းသည် ဘုရားရှင်ထံ သွားသည်။ ထိုအခါ ဘုရားရှင်က ခက်ခဲခြင်း ငါးမျိုးကို မိန့်ကြားတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ ထို ရဟန်းသည် သောတာပန် ဖြစ်သွားသည်။

၃၀၂။ ဒုပ္ပဗ္ဗဇ္ဇံ, ဒုရဘိရမံ၊ ဒုရာဝါသာ ဃရာ ဒုခါ။
ဒုက္ခော' သမာနသံဝါသော၊ ဒုက္ခာနုပတိတဒ္ဓဂူ။
တသ္မာ န စဒ္ဓဂူ သိယာ၊ န စ ဒုက္ခာနုပတိတော သိယာ။

ဒေသနာ၏အဓိပ္ပာယ်

၃၀၂။ စည်းစိမ်ကို စွန့်၍ ရဟန်းပြုနိုင်ခဲ၏။ ရဟန်းတို့၏ အကျင့်၌ မွေ့လျော်နိုင်ခဲသည်။ အလိုပြည့်နိုင်ခဲသော လူ့ဘောင်၌ နေရခြင်းသည် ဆင်းရဲသည်။ အလိုမတူသူနှင့် ပေါင်းဖော်ရခြင်းသည် ဆင်းရဲ၏။ သံသရာခရီးရှည် သွားရသူသည် အမြဲဆင်းရဲသည်။ ထို့ကြောင့် သံသရာခရီးရှည်သွားသူ မဖြစ်ရာ။ ဆင်းရဲသို့ အစဉ်ကျရောက်နေသူ မဖြစ်ရာ။

တောစောင့်နတ်၏ သတိပေးခံရသူရဟန်းဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ စိတ္တသူကြွယ်ဝတ္ထု

[ဘုရားရှင်နှစ်ဆူ လက်ထက်၌ ပြုခဲ့သော ကောင်းမှုအကျိုး ခံစားရသူ]

စိတ္တသူကြွယ်သည် လာဘ်ပူဇော်သကာများသူ ဖြစ်သည်။ ဘုရားရှင်၏ တပည့်သံဃာတော်တို့ ဟောကြားသောတရားကို နာကြားရသဖြင့် အနာဂါမ် ဖြစ်သည်။ သို့ရာတွင် ဘုရားရှင်ကို တစ်ခါမျှ မဖူးမတွေ့ရသေးသဖြင့် ဘုရားဖူးရန် သာဝတ္ထိသို့ လာခဲ့သည်။ လိုက်လိုသူ အားလုံးကို လှည်းဖြင့်တင်ကာ ခေါ်လာခဲ့သည်။ တစ်နေ့ တစ်ယူဇနာလာခဲ့ရာ တစ်လကြာသော် သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်သည်။

သာဝတ္ထိမြို့သူ မြို့သားတို့သည် စိတ္တသူကြွယ်၏ ကျော်ကြားလှသော သတင်းကြောင့် လက်ဆောင်ပစ္စည်းမျိုးစုံတို့ဖြင့် ကြိုနေကြသည်။ ဘုရားရှင် သီတင်းသုံးရာကျောင်းသို့ ရောက်သော် စိတ္တသူကြွယ်သည် ဒါယကာ ငါးရာ ခြံရံလျက် ဘုရားရှင်ထံ ဝင်ရောက်သည်။ ဘုရားရှင်၏ ခြေတော်အစုံကို ဆုပ်နယ်၍ ရှိခိုးသည်။ ထိုအခိုက်မှာပင် ကောင်းကင်မှ ပန်းမိုးရွာချသည်။

စိတ္တသူကြွယ်သည် ဇေတဝန် ကျောင်းတော်၌ တစ်လတိုင်တိုင်နေကာ ဘုရားရှင်နှင့် သံဃာတော်များကို ဆွမ်းဆက်ကပ်သည်။ လှူဖွယ်မျိုးစုံ လှူသည်။ သူနှင့်အတူပါလာသော ပရိသတ်အားလည်း လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ကျွေးမွေးသည်။ ထိုအချိန်အထိ သူ လှည်းဖြင့် သယ်ဆောင်လာသော သူ့ပစ္စည်းများကို ထုတ်ယူလှူရခြင်း မရှိသေး။ လူနတ်တို့ ပေးပို့သော ပစ္စည်းများဖြင့်သာ ကုသိုလ်ပြုနေရသည်။ ထို့ကြောင့် လှူရန်ပါလာသော သူ့ပစ္စည်းများကို လှူထားခဲ့ရန် အရှင်အာနန္ဒာ စီစဉ်ပေးသော ကပ္ပိယကုဋုံနေရာ၌ လှည်းများပေါ်မှ ချထားပေးခဲ့သည်။ နေရပ်ဒေသသို့အပြန်တွင် နတ်တို့က ရတနာခုနစ်ပါးတို့ကို လှည်းများ အပြည့်ထည့်ပေးလိုက်ကြသည်။

စိတ္တသူကြွယ် ဤသို့ သုံးရန်၊ လှူရန်၊ ကျွေးမွေးနိုင်ရန် ပစ္စည်းများ၊ လာဘ်လာဘများ ပေါများရခြင်းမှာ ပဒုမုတ္တရနှင့် ကဿပဘုရားရှင်တို့

http://www.dhammadownload.com

လက်ထက်တွင် ပြုခဲ့ဖူးသော ကောင်းမှုတို့ကြောင့် ဖြစ်သည်ဟု မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀၃။ သဒ္ဓါ သီလေန သမ္မန္နော၊ ယသော ဘောဂသမပ္ပိတော၊
ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။

ဒေသနာ၏အဓိပ္ပာယ်

၃၀၃။ သဒ္ဓါတရားလည်း ရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်း ပေါများ၊ စည်းစိမ်ဥစ္စာလည်း ရှိသူသည် သွားလေရာ၊ ရောက်လေရာ အရပ်၌ အပူဇော်ခံရ၏။

စိတ္တသူကြွယ်ဝတ္ထု ပြီး၏။

၈။ စူဠသုဘဒ္ဒါဝတ္ထု

[ယူဇနာ ၁၅၀ ဝေးသောအရပ်မှ အဓိဋ္ဌာန်ဖြင့် ဘုရားရှင်ကိုပင့်သူ]

စူဠသုဘဒ္ဒါသည် အနာထပိဏ်သူဌေးကြီး၏ သမီးဖြစ်သည်။ အနာထပိဏ်သူဌေးကြီး၏ သူငယ်ချင်း ဥဂ္ဂသူဌေး၏သားနှင့် အိမ်ထောင်ကျသည်။ ဥဂ္ဂသူဌေးသည် မိစ္ဆာအယူရှိသူဖြစ်သည်။ အဝတ်မဝတ်သူ တက္ကတွန်းတို့ကို ကိုးကွယ်သည်။ မင်္ဂလာအခမ်းအနား ကျင်းပသောအခါ တက္ကတွန်းတို့ကို ပင့်၍ ပူဇော်သည်။ ယောကျ်မတို့က သုဘဒ္ဒါကို တက္ကတွန်းတို့အား ဖူးမြော်ရန် အခေါ်လွှတ်သည်။ သုဘဒ္ဒါက အဝတ်ဗလာနေသူများကို ကြည့်ရှုရန် ရွက်သဖြင့် ခေါ်ရာသို့ လိုက်မလာခဲ့ပေ။

ထိုအချက်ကို အပြစ်ယူလျက် ယောကျ်မတို့က သုဘဒ္ဒါကို အိမ်မှ နှင်ထုတ်သည်။ ယောကျ်မအိမ်လိုက်လာစဉ် အနာထပိဏ်သူဌေးကြီး အပ်နှံခဲ့သော ပညာရှိများက သုဘဒ္ဒါမှာ အပြစ်မရှိဟု ဆုံးဖြတ်သဖြင့် သုဘဒ္ဒါကို

http://www.dhammadownload.com

နှင်ထုတ်မရ ဖြစ်သွားသည်။ သုဘဒ္ဒါ ကိုးကွယ်သော ဘုရားရှင်နှင့် ရဟန်းတို့အကြောင်း ယောကွမများက မေး၍ "ဘုရားရှင်နှင့် ရဟန်းတော်တို့၏ ကြည်ညိုဖွယ်ကောင်းပုံ၊ ကာယက၊ ဝစီက၊ မနောက်တို့ စင်ကြယ် ဖြူစင်ပုံနှင့် လောကဓံ ရှစ်ပါးကြောင့် တုန်လှုပ်မှုမရှိပုံ စသည်တို့ကို" သုဘဒ္ဒါက ပြောပြသည်။

ယောကွမတို့က ဘုရားရှင်နှင့် သံဃာတော်တို့ကို ပင့်ပေးရန် ပြောသဖြင့် သုဘဒ္ဒါသည် လှူဖွယ်တို့ကို ပထမ စီစဉ်သည်။ ထို့နောက် ပြာသာဒ်ထက်သို့ တက်ပြီး "မြတ်စွာဘုရား၊ ကောင်းမှုပြုလိုပါ၍ ဘုရားရှင်နှင့် သံဃာတော်များ မနက်ဖြန် အိမ်သို့ ကြွတော်မူပါ" ဟု ဗောဝန်ကျောင်းတော် ဘုရားရှင်ရှိရာသို့ ရည်မှန်းကာ အဓိဋ္ဌာန်ဖြင့် ပင့်ဆောင်သည်။ မြတ်လေး ပန်းတို့ကို ပစ်မြှောက်လိုက်ရာ မြတ်လေးပန်းတို့သည် ဘုရားရှင်အထက်မှ ပန်းမျက်နှာကြက် သဖွယ် သွားရောက်တည်ကြသည်။

ဘုရားရှင် ရှေ့တော်တွင် တရားနာနေသူ အနာထပိဏ်သူဌေးကြီးသည် တရားပွဲအပြီး နောက်ရက်အတွက် ဆွမ်းကပ်လှူရန် ဘုရားရှင်ကို ပင့်လျှောက်သည်။ ဘုရားရှင်က "စူဠသုဘဒ္ဒါပင့်ထားသည်" ဟု မိန့်တော်မူသဖြင့် သူဌေးကြီးက "တပည့်တော် အဦးဆုံးပင့်သူ ဖြစ်ပါသည်။ ယူဇနာ ၁၅၀ ဝေးသော အရပ်မှာ စူဠသုဘဒ္ဒါနေသည် မဟုတ်ပါလား ဘုရား" ဟု ထပ်မံ လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က သူဌေးကြီးအား "စူဠသုဘဒ္ဒါ အနေဝေးသည်မှာ မှန်ပါသည်။ သို့သော် သူတော်ကောင်းသည် အနေဝေးသော်လည်း အနီးမှာ ရှိသကဲ့သို့ပင် ဖြစ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀၄။ ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တော၁ပ ပဗ္ဗတော။
အသန္တေတ္ထ န ဒိဿန္တိ၊ ရတ္တိ ခိတ္တာ ယထာ သရာ။

ဒေသနာ၏အဓိပ္ပာယ်

၃၀၄။ ဟိမဝန္တာတောင်သည် အဝေးဌာန ရှိသော်လည်း အနီးမှာ ရှိနေသည်ဟု ထင်ရသကဲ့သို့ သူတော်ကောင်းတို့သည် အဝေးဌာနေကြသော်လည်း

http://www.dhammadownload.com

အနီးမှာနေသကဲ့သို့ပင် ဖြစ်ကြသည်။ ညဉ့်အခါ ပစ်လွှတ်လိုက်သော မြားတို့သည် မမြင်နိုင်၊ မထင်ရှားနိုင်ကုန်သကဲ့သို့ သူယုတ်တို့သည် အနီး၌ ရှိကြသော်လည်း အဝေးမှာ နေကြသကဲ့သို့ပင် ဖြစ်ကြသည်။

ဘုရားရှင်နှင့် သံဃာတော်များသည် စူဠသုဘဒ္ဒါ ပင့်ဆောင်ရာသို့ ကောင်းကင်ခရီးဖြင့် ကြွလာကြသည်။ ဥဂ္ဂသူဌေးကြီး မိသားစုတို့က ဘုရားရှင်နှင့် သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် ဆွမ်းကပ်လှူသည်။ ဘုရားရှင်ဟောသော တရားတော်ကို နာကြား၍ ဥဂ္ဂသူဌေး အပါအဝင် ရှစ်သောင်းလေးထောင်သော ပရိသတ်တို့ သစ္စာလေးပါးကို သိရှိကာ တရားရသွားကြသည်။ ဘုရားရှင်သည် စူဠသုဘဒ္ဒါကို ချီးမြှောက်သည့်အနေဖြင့် အရှင်အနုရုဒ္ဓါကို ဥဂ္ဂမြို့၌ ထားရစ်တော်မူပြီး ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသည်။

စူဠသုဘဒ္ဒါဝတ္ထု ပြီး၏။

၉။ တစ်ပါးတည်းနေသူ ဧကဝိဟာရိမထေရ်ဝတ္ထု

[တစ်ပါးတည်း နေထိုင်ကျင့်ကြံ၍ ဘုရားရှင် ချီးကျူးခံရသူ]

ဧကဝိဟာရိမထေရ်သည် တစ်ပါးတည်း နေသည်။ တစ်ပါးတည်း စင်္ကြံသွားသည်။ တစ်ပါးတည်း တရားကျင့်သည်ဟု ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဧကဝိဟာရိမထေရ်ကို သာဓုခေါ်လျက် ချီးကျူးတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန် ဖြစ်ကြသည်။

၃၀၅။ ကောသနံ, ကေသေယျ။ ကော စရ မတန္ဒိတော။
ကော ဒမယမတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။

http://www.dhammadownload.com

အသနာ၏အဓိပ္ပာယ်

၃၀၅။ မပျင်းမရိမူ၍ တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းအိပ်၊ တစ်ယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမပြီးလျှင် တောတောင်တို့၌ တစ်ယောက်တည်း မွေ့လျော်ရာ၏။

(ရဟန်းအများအပြားအလယ်၌ နေသော်လည်း ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်း၍ နေခြင်းသည်လည်း တစ်ပါးတည်း အထီးတည်းနေခြင်း မည်၏။)

တစ်ပါးတည်းနေသူ ကေဝိဟာရိမထေရ်ဝတ္ထု ပြီး၏။

ပကိဏ္ဏကဝဂ် ပြီး၏။



တစ်ပါးတည်းနေထိုင်ကျင့်ကြံ၍ ဘုရားရှင်ချီးကျူးခံရသူ ကေဝိဟာရိမထေရ်။

http://www.dhammadownload.com

နိရယဝဂ်

နိရယ = ငရဲ၊ ချမ်းသာမရှိရာ၊ ဝဂ္ဂ = ဝဂ်၊ အစု။
မကောင်းမှုကို မကောင်းမှုဟုသိ၍ ရှောင်ရန်၊ ငရဲ၏
ဆင်းရဲဒုက္ခများအကြောင်း ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။


၂၂-နိရယဝဂ်
ဝတ္ထု-၉ ပုဒ်
ဒေသနာ-၁၄ ပုဒ်

၁။ သုန္ဒရီပရိဗိုင်မဝတ္ထု

[တိတ္ထိတို့ပေးသည့် တာဝန်ထမ်းဆောင်၍ တိတ္ထိတို့က သတ်ပစ်သူ]

သုန္ဒရီသည် တိတ္ထိတို့၏တပည့် ပရိဗိုဇ်မတစ်ဦး ဖြစ်သည်။ တစ်နေ့ တိတ္ထိတို့ကျောင်းသို့ သုန္ဒရီ သွားသည်။ တိတ္ထိများက သူ့ကို စကားမပြောကြ။ အကြောင်းအကျိုး မေးသောအခါ ရဟန်းဂေါတမကြောင့် သူတို့မှာ လာဘ်လာဘ ရှားပါးနေသဖြင့် ကူညီပေးရန် တိတ္ထိများက သုန္ဒရီအား ပြောကြသည်။ လုပ်ဆောင်ရမည့် အစီအစဉ်ကိုပါ တစ်ခါတည်း ချပေးလိုက်ကြသည်။ သူတို့ အစီအစဉ်မှာ ဘုရားရှင်ကို အကြည်ညိုပျက်အောင် ပြုလုပ်ပေးရန် ဖြစ်သည်။ အစီအစဉ်အရ သုန္ဒရီသည် ဘုရားရှင်ထံ နေ့တိုင်း သွားဟန်ဆောင်ရ.မည်။ ရက်အတန်ကြာသောအခါ ဘုရားရှင်အပေါ် လူအချို့က ထင်ယောင်ထင်မှား ဖြစ်ကာ သုန္ဒရီနှင့် စွပ်စွဲလာကြသည်။

ငွေပေးပြီး သုန္ဒရီကို သတ်ပြီ

တိတ္ထိများသည် သေသောက်ကြူးများအား ငွေပေးကာ သုန္ဒရီကို အသတ်ခိုင်းသည်။ ဘုရားရှင် ကျောင်းတော်အနီးရှိ ပန်းအမှိုက်ပုံတွင် အလောင်းကို

http://www.dhammadownload.com

လည်း ပစ်ထားစေခဲ့ကြသည်။ ထို့နောက် သုန္ဒရီ ပျောက်နေသည်ဟု ကောသလ မင်းကြီးထံ တိုင်ကြားကာ လုပ်ကြံဇာတ်လမ်း အမျိုးမျိုးဖြင့် ဝါဒဖြန့်ကြသည်။ ထို့နောက် တိတ္ထိတို့သည် သုန္ဒရီ၏အလောင်းကို ကျောင်းတော်နံဘေး ပန်းမှိုက်များအောက်မှ ထုတ်ယူပြီး ထမ်းစင်ဖြင့်တင်၍ မြို့တွင်း၌ လှည့်လည်ကြသည်။ "သာကီဝင်မင်းသားဖြစ်သော ရဟန်းတို့သည် ရဟန်းဂေါတမ၏ အပြစ်ကို ဖုံးကွယ်စေရန် သုန္ဒရီကို သတ်ပစ်ကြပြီ" ဟု ကြွေးကြော်သည်။ တိတ္ထိတို့ ပြောစကားကို အချို့က ယုံကြည်ပြီး ရဟန်းတို့ကို အပြစ်တင်ဆဲရေးကြသည်။

ကောသလမင်းကြီးသည် သုန္ဒရီ သတ်ဖြတ်ခံရခြင်းနှင့် ပတ်သက်၍ မင်းချင်းများအား စုံစမ်းခိုင်းသည်။ မင်းချင်းတို့သည် သေအရက်မူးနေသူများ အချင်းချင်း စကားများရာမှ သဲလွန်စရကာ သုန္ဒရီသတ်သူဟု မသင်္ကာသူများကို ဖမ်းဆီးပြီး မင်းကြီးထံ ပို့လိုက်သည်။ စစ်မေးသောအခါ တိတ္ထိတို့က ငွေပေးခိုင်းသဖြင့် သုန္ဒရီကို သတ်မိပါကြောင်းနှင့် အလောင်းကို ဇေတဝန်ကျောင်းအနီး ပန်းအမှိုက်ပုံအောက်၌ ပစ်ထားကြောင်း ဝန်ခံကြလေသည်။ ထိုအခါမှသာ ပြည်သူပြည်သားများသည် အဖြစ်မှန်ကို သိသွားပြီး ဘုရားရှင်နှင့် သံဃာတော်များကို ပိုမို ကြည်ညို လေးစားလာကြသဖြင့် ကျောင်းတော်၌ လာဘ်လာဘ ပိုမို ပေါများလာသည်။

ရဟန်းတော်များက ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောကြားသည်။

၃၀၆။ အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ နကရောမိစာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

ဒေသနာ၏အဓိပ္ပာယ်

၃၀၆။ မဟုတ်မမှန်ပြောဆိုသူသည် ငရဲသို့ ကျရောက်ရ၏။ ကိုယ်ပြုသော အမှုဖြစ်ပါလျက် မပြုဟု ပြောသူသည်လည်း ငရဲ၌ ကျခံရ၏။ ယုတ်

http://www.dhammadownload.com

သော အလုပ်လုပ်သူ ထိုသူနှစ်ဦးတို့သည် တမလွန်ဘဝ၌ ငရဲခံရချင်းလည်း တူကုန်၏။

အတိတ်က်၏ ဝဋ်တော်တစ်ပါး

သုန္ဒရီနှင့် စွပ်စွဲခံရခြင်းမှာ ဘုရားလောင်းဘဝက ပြုခဲ့သော အတိတ်က်၏ ဝဋ်တော်တစ်ပါး ဖြစ်သည်။ မုနာဠိအမည်ရှိ သေသောက်ကြူးဘဝတုန်းက ပစ္စေကဗုဒ္ဓါ တစ်ပါးအား "ဤသူသည် ဆိတ်ကွယ်ရာအရပ်၌ ကာမဂုဏ် လိုက်စားသူ ဖြစ်သည်" ဟု စွပ်စွဲခဲ့ဖူးသည့် အကုသိုလ်က် ဖြစ်သည်။

သုန္ဒရီပရိဗိုဇ်မဝတ္ထု ပြီး၏။

၂။ ရဟန်းပြုတ္တာများဝတ္ထု

[ရဟန်းဘဝ၌ ကောင်းစွာ မကျင့်ခဲ့၍ မကောင်းကျိုးခံရသူများ]

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကူဋ်တောင်မှ ဆင်းလာကာ ဆွမ်းခံကြွတော်မူသည်။ လမ်း၌ သပိတ်၊ သင်္ကန်း၊ ခါးပန်းကြိုး စသည်တို့ မီးလောင်ခံရကာ အလျှံတလောင်းလောင် ဖြစ်နေသော ရဟန်းပြုတ္တာငါးယောက်ကို တွေ့ရ၍ ပြုံးတော်မူသည်။ အရှင်လက္ခဏက မေး၍ ဘုရားရှင် ရှေ့တော်၌ ရဟန်းပြုတ္တာတို့ တွေ့ခဲ့၍ ပြုံးတော်မူကြောင်း ဖြေကြားသည်။ ထိုအခါ ဘုရားရှင်က "ဤရဟန်း ပြုတ္တာတို့သည် ကဿပဘုရားရှင်၏ သာသနာဝင် ရဟန်းများ ဖြစ်ခဲ့ကြသည်။ ရဟန်းတရား ကောင်းစွာ မကျင့်ခဲ့၍ ပြုတ္တာဖြစ်နေရသည်" ဟု အတိတ်ကို ဆောင်ပြလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀၇။ ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မေ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၀၇။ ယုတ်မာသောသဘောရှိ၍ ကိုယ်၊ နှုတ်၊ နှလုံးကို မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ထားသူတို့ ရှိကုန်၏။ ထိုသူတို့သည် သူတို့၏ ယုတ်မာမှုကြောင့် ဆင်းရဲနှင့် ငရဲကိုခံနေကြရကုန်၏။

ရဟန်းပြိတ္တာများဝတ္ထု ပြီး၏။

၃။ ဝဂ္ဂမုဒါမြစ်ကမ်းနေ ရဟန်းများဝတ္ထု

[ဝါကြွားပြောဆို၍ ဆုံးမခံရသူ ရဟန်းများ]

ဝဂ္ဂမုဒါ မြစ်ကမ်းနေ ရဟန်းများသည် စာန်၊ မဂ်၊ ဖိုလ်တရား မရဘဲ ရကြသည်ဟု ကြွားဝါကာ ပြောဆိုနေကြသည်။ ထိုအချိန်က ဝဇ္ဇီတိုင်း၌ မိုးခေါင်ရေရှားဖြစ်၍ ငတ်မွတ်မှုဘေးနှင့် ကြုံနေရသည်။ ရဟန်းများက လာဘ်သပ်ပကာ ပေါများစေရန် ထိုသို့ ဝါကြွားပြောဆိုကြခြင်း ဖြစ်သည်။ ဘုရားရှင်သည် ရဟန်းများကိုခေါ်ကာ ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၀၈။ သေယျော အယောဂုဇော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍမသညတော။

ဒေသနာ၏အဓိပ္ပာယ်

၃၀၈။ သီလ မရှိ၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းဘဲလျက် တိုင်းသားပြည်သူတို့ ပေးလှူသော ဆွမ်းကို စားနေခြင်းထက် မီးတောက်မီးလျှံကဲ့သို့ ရဲရဲပူသော သံတွေခဲကို စားရခြင်းက ပို၍ မြတ်သေး၏။

ဝဂ္ဂမုဒါမြစ်ကမ်းနေ ရဟန်းများဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၄။ သူတစ်ပါးဘားမယားဖျက်ဆီးသူ ခေမက ဝတ္ထု

[သူတစ်ပါးသားမယားဖျက်ဆီး၍ ဘုရားရှင်၏ ဆုံးမခံရသူ]

ခေမကသည် သူဌေးသားတစ်ဦး ဖြစ်သည်။ အနာထပိဏ်သူဌေးကြီး၏ တူလည်း ဖြစ်သည်။ ကဿပဘုရားရှင်၏ ရွှေစေတီတော်၌ ရွှေကုက္ကားနှစ်ခုကို တင်လျှူဖူးခဲ့သော ကောင်းမှုကံကြောင့် အလွန် ရုပ်ချောသည်။ မိန်းမကလေးများသည် သူ့ကို တစ်ကြိမ်မြင်ရုံဖြင့် ဘဝင်ခိုက်သည်။ လိုက်လိုက်မောအောင်လည်း ခံစားကြရသည်။

ထို့ကြောင့် သူသည် အလွယ်တကူပင် သူတစ်ပါး သားမယားများကို ဖျက်ဆီးနိုင်သည်။ မင်းမှုထမ်းများက သူ့ကို ဖမ်းပြီး ကောသလမင်းကြီးထံ ပို့သည်။ ကောသလမင်းကြီးက အနာထပိဏ်သူဌေးကြီး၏ မျက်နှာကို ထောက်ထားကာ ပြန်လွှတ်ပေးသည်။ သို့သော် ခေမက သူဌေးသားသည် ယင်းအမှုကို ဆက်လက် ကျူးလွန်ပြန်သည်။ ဒုတိယအကြိမ်၊ တတိယအကြိမ်များတွင်လည်း မင်းကြီးက လွှတ်ပေးပြန်သည်။ ထိုအခါ အနာထပိဏ်သူဌေးကြီးက ခေမကကို ဘုရားရှင်ထံ ခေါ်သွားပြီး အကြောင်းအကျိုး လျှောက်ထားသည်။ ဘုရားရှင်က ခေမကကို ဆုံးမကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ခေမကသည် သောတာပန် ဖြစ်သွားသည်။

၃၀၉။ စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ န နိကာမ သေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

၃၁၀။ အပုညလာဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပထေတိ၊
တသ္မာ နရော ပရဒါရံ န သေဝေ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၀၉။ တရားလမ်းမှန်ကို သတိမထားဘဲ၊ သူတစ်ပါးသားမယားကို ဖျက်ဆီးသူသည် မကောင်းကျိုးရရှိခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်စက်ရခြင်း၊ သူတစ်ပါး အကဲ့ရဲ့ခံရခြင်း၊ ငရဲသို့ လားရောက်ရခြင်း ဤဆင်းရဲလေးမျိုး ခံရသည်။

၃၁၀။ မကောင်းမှု အကုသိုလ်ကိုရ၏။ ယုတ်ညံ့သောဘဝသို့ လားရောက်ရ၏။ နှစ်ဦးစလုံး ကြောက်ရွံ့ ထိတ်လန့်နေသူဖြစ်၍ သူတို့၏ ပျော်ပါးရခြင်းသည် စည်းစိမ်မရှိပေ။ မင်းကလည်း ကြီးလေးသော အပြစ်ဒဏ်ကို ပေးသည်။ ထို့ကြောင့် ယောကျ်ားသည် သူတစ်ပါးသားမယားကို မဖျက်ဆီးရာ။

သူတစ်ပါးသားမယားဖျက်ဆီးသူ ဧမကဝတ္ထု ပြီး၏။

၅။ ဆုံးမရခက်သူ ရဟန်းဝတ္ထု

[ဘုရားရှင် ဆုံးမမှုခံယူ၍ ကျင့်သဖြင့် တရားရသွားသူ]

ရဟန်းတစ်ပါးသည် ဖြတ်ပစ်လိုသော စေတနာမပါဘဲ မြက်ပင်ကို အမှတ်တမဲ့ ဖြတ်မိသည်။ အခြားရဟန်းတစ်ပါးထံသွားပြီး သူ့မှာ အပြစ်ရှိမရှိ မေးမြန်းသည်။ အမေးခံရသူ ရဟန်းက "စေတနာမပါလျှင် အပြစ်မရှိ၊ အပြစ်ရှိလည်း အာပတ်ဖြေလိုက်လျှင် အပြစ်လွတ်သည်" ဟု ပြောပြလျက် သူကိုယ်တိုင်ပင် မြက်ပင်ကို ဆွဲနုတ်ပြသည်။ မြက်ပင် ဆွဲနုတ်ပြ၍ အခြားရဟန်းများက ဆုံးမလျှင် လက်မခံ။ ဘုရားရှင် ကြားသိတော်မူသဖြင့် ထိုရဟန်းကို ခေါ်ယူ ဆုံးမပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ဆုံးမရခက်သူ ရဟန်းသည် သိက္ခာပုဒ်တော် စောင့်စည်းသည်။ နောက်အခါ ဝိပဿနာ ပွားများသောကြောင့် ရဟန္တာဖြစ်တော်မူသည်။

http://www.dhammadownload.com

၃၁။ ကုသော ယထာ ဒုဂ္ဂဟီတော၊ ဟတ္ထမေဝါ'နုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယ'ုပကဍ္ဎတိ။
၃၂။ ယံကိဉ္စိ သိထိလံ ကမ္မံ၊ သင်္ကိလိဋ္ဌဉ္စ ယံ ဝတံ။
သင်္ကဿရံ ဗြဟ္မစရိယံ၊ န တံ ဟောတိ မဟပ္ဖလံ။
၃၃။ ကယိရာ စေ ကယိရာထေနံ၊ ဒဠ္ဎမေနံ့ ပရက္ကမေ။
သိထိလော ဟိ ပရိဗ္ဗာဇော၊ ဘိယျော အာကိရတေ ရဇံ။

ဒေဿနာ၏အဓိပ္ပာယ်

၃၁။ ကောင်းစွာမကိုင်လျှင် သမန်းမြက်သည် လက်ကိုပင် ကွဲရှစေသကဲ့သို့ ကောင်းစွာ ကျင့်သုံးနေထိုင်မှု မပြုသော ရဟန်း၏ အဖြစ်သည် ထိုရဟန်းကိုပင် ငရဲသို့ ဆွဲချတတ်သည်။

၃၂။ ပေါ့လျော့စွာ ပြုလုပ်သောအမှု၊ သီလ ညစ်နွမ်းစေသော အကျင့်နှင့် ယုံမှားသံသယမကင်းသော ရဟန်း၏အကျင့်သည် အကျိုးများစွာ မရှိချေ။

၃၃။ အမှုကိစ္စကိုပြုလျှင် ထိရောက်သေချာစွာ ပြုရာ၏။ မြဲမြံစွာ အားထုတ်၍ ပြုရာ၏။ ပေါ့ပေါ့လျော့လျော့ လျော့ရိုလျော့ရဲ ပြုအပ်သော ရဟန်းအဖြစ်သည် ကိလေသာမြို့ကို လွန်စွာ ပြန့်လွင့်စေတတ်၏။

ဆုံးမရာဂက်သူရဟန်းဝတ္ထု ပြီး၏။

၆။ အိမ်ဖော်ကို နား၊ နှာခေါင်းဖြတ်သူ ဝတ္ထု

[နှောင်အခါ ပူပန်ရ၍ မကောင်းမှုမပြုရန် ဆုံးမခံရသူ]

အမျိုးသမီးတစ်ဦးသည် မိမိ၏ လင်ယောကျ်ားနှင့် ဖောက်ပြားသော အိမ်ဖော်မကို လက်ခြေတို့ ချည်နှောင်ပြီး နား၊ နှာခေါင်းတို့ကို ဖြတ်ပစ်သည်။ လင်ယောကျ်ားကိုလည်း တရားနာရန်ဟုပြောကာ ဇေတဝန်ကျောင်း

http://www.dhammadownload.com

တော်သို့ ခေါ်သွားသည်။ အိမ်ဖော်မကို တိုက်ခန်းတစ်ခုထဲ လှောင်ပိတ်ထား ခဲ့သည်။ ဆွေမျိုး ဧည့်သည်တို့ အိမ်သို့ရောက်လာကြရာ တိုက်ခန်းတွင်း၌ လှောင်ထားသော အိမ်ဖော်ကို လွှတ်ပေးလိုက်ကြသည်။ အိမ်ဖော်မသည် ကျောင်းတော်သို့ လိုက်လာပြီး ဘုရားရှင်ထံ လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က အိမ်ရှင်လင်မယားကို ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာကြားနာရ၍ အိမ်ရှင်လင်မယား သောတာပန် ဖြစ်သွားသည်။ အိမ်ဖော်မသည်လည်း အိမ်ဖော်အဖြစ်မှ လွတ်သွားတော့သည်။

၃၁၄။ အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ၊
ကတဉ္စ သုကတံ သေယျော၊ ယံ ကတ္ဝာ နာနုတပ္ပတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၁၄။ မကောင်းမှုပြုလျှင် နောင်အခါ ပူပန်ရသောကြောင့် မကောင်းမှု ကို မပြုလျှင် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါ ဝမ်းမြောက်ရသော ကြောင့် ကောင်းမှုပြုခြင်းသည် မြတ်၏။

အိမ်ဖော်ကို နား၊ နာခေါင်းဖြတ်သူဝတ္ထု ပြီး၏။

၇။ အာဂန္တုရဟန်းတို့ဝတ္ထု

[မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရန် ဆုံးမခံရသူများ]

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းများစွာ တို့သည် တိုင်းစွန်ပြည်ဖျား မြို့တစ်မြို့သို့ သွားရောက် သီတင်းသုံး ဝါကပ် ဆိုကြသည်။ ဝါဦးကာလ၌ ဆွမ်းဘောဇဉ် ပြည့်စုံစွာဖြင့် သီတင်းသုံးနိုင်ကြ သည်။ ဝါလယ်ကာလရောက်သော် ခိုးဆိုးသူတို့ မြို့ကို ဝင်ရောက် တိုက်ခိုက် သည်။ မြို့လုံခြုံရေး ဦးစားပေးနေရ၍ မြို့သူမြို့သားတို့က ရဟန်းများကို

http://www.dhammadownload.com

ဆွမ်းဘောဇဉ် စသည်တို့ ပြည့်ပြည့်စုံစုံ မလျှနိုင်၊ ရဟန်းတို့သည် ဆွမ်းဘောဇဉ် အခက်အခဲဖြင့် နေခဲ့ကြရပြီး ဝါကျွတ်သော် ဘုရားဖူးရန် ဘုရားရှင်ထံ ရောက်လာကြသည်။

ဘုရားရှင်က မေး၍ ရဟန်းတို့က မိမိတို့ နေထိုင်ခဲ့ရပုံများကို လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူရာ ဒေသနာတော်အဆုံး၌ အာဂန္တုရဟန်းတို့ သောတာပန် ဖြစ်သွားကြရသည်။

၃၁၅။ နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တ္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေါမာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

ဒေသနာ၏အဓိပ္ပာယ်

၃၁၅။ တိုင်းစွန်ပြည်ဖျားဖြစ်သောမြို့ကို အတွင်းရော အပြင်ပါ လုံခြုံစေသကဲ့သို့ မိမိကိုယ်ကို အတွင်း၊ အပြင် လုံခြုံအောင် စောင့်ရှောက်ကြကုန်လော့။ အခါအခွင့်ကောင်းသည် သင်တို့အား ကျော်လွန်၍ မသွားပါစေနှင့်။ အခါအခွင့်ကောင်းကို ကျော်လွန်စေသူတို့သည် ငရဲသို့ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ရကုန်၏။

အာဂန္တုရဟန်းတို့ဝတ္ထု ပြီး၏။

၈။ နိဂဏ္ဌ တက္ကတွန်းတို့ဝတ္ထု

[ဘုရားရှင်၏ဒေသနာ ကြားနာရ၍ ရဟန်းပြုသူ တက္ကတွန်းများ]

ခန္ဓာကိုယ်၏ ရှေ့ဘက်၌သာ အဝတ်ဖုံးထားသူ နိဂဏ္ဌတက္ကတွန်းတို့သည် အရှက်ရှိကြကုန်သေး၏။ လုံးလုံးလျားလျား အဝတ်မဝတ်သူ အစေလကတို့ကား လုံးဝ အရှက်မရှိကြသူများ ဖြစ်သည်ဟု ရဟန်းတို့က ပြောဆိုကြသည်။ ထိုရဟန်းတို့၏ ပြောစကားကိုကြားသော် နိဂဏ္ဌတက္ကတွန်းတို့က

http://www.dhammadownload.com

အရှက်ရှိ၍ ဖုံးထားသည် မဟုတ်။ မြေမှုန့်၊ မြူမှုန့်တို့သည်လည်း အသက်ရှိကြ၍ ဆွမ်းခွက်ထဲသို့ မကျစေရန် ဖုံးထားခြင်း ဖြစ်သည်ဟု ပြန့်ပြောကြသည်။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ထားသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရသဖြင့် နိဂဏ္ဌာတက္ကတွန်းတို့သည် ရဟန်းပြုကြကုန်၏။

၃၁၆။ အလဖွိတာယေ လဖွန္တို့၊ လဖွိတာယေ နု လဖွရေ။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
၃၁၇။ အဘာယေ ဘယဒဿိနော၊ ဘယေ စာ'ဘယဒဿိနော၊
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဒေသနာ၏အဓိပ္ပာယ်

၃၁၆။ ရှက်ဖွယ်မဟုတ်သည်၌ ရှက်တတ်ပြီး ရှက်ဖွယ်၌ မရှက်တတ်သူ အယူမှား မိစ္ဆာဒိဋ္ဌိတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ကြရကုန်၏။

၃၁၇။ ကြောက်ဖွယ် မဟုတ်သည်၌ ကြောက်စရာဟု ရူမြင်တတ်ပြီး ကြောက်ဖွယ်တို့၌ ကြောက်စရာဟု မမြင်တတ်သူ မိစ္ဆာဒိဋ္ဌိတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ကြရကုန်၏။

နိဂဏ္ဌာတက္ကတွန်းတို့ဝတ္ထု ပြီး၏။

၉။ တိတ္ထိတို့၏ တပည့်များဝတ္ထု

[အမှားကို အမှား။ အမှန်ကို အမှန်ဟုသိ၍ သမ္မာဒိဋ္ဌိဖြစ်ကြသူများ]

သာဝတ္ထိမြို့တော်ကို "အလုံးစုံ အကုန်ရှိ သာဝတ္ထိ" ဟု တစ်ချိန်က ပြောစမှတ်ပြုခဲ့ကြသည်။ မင်းပေါင်းများစွာ သာဝတ္ထိ၌ စိုးစံခဲ့ဖူးသည်။ ရောင်းရေး ဝယ်တာ အဖြာဖြာတို့ ပေါကြွယ်ဝခဲ့သည်။ ဘာသာအယူဝါဒ အမျိုးမျိုး ရှိသူတို့ နေထိုင်ခဲ့ကြသည်။ တိတ္ထိတို့၏ တပည့်များသည် သူတို့၏ သား

http://www.dhammadownload.com

သမီးများအား သမ္မာအယူရှိသူ ဗုဒ္ဓဝါဒီတို့နှင့် အတူနေထိုင်ခြင်း မပြုရန်၊ ဗုဒ္ဓကျောင်းတော်သို့ မသွားရန် ဆုံးမလေ့ရှိကြသည်။ သို့သော် ကလေးတို့သည် ကလေးတို့သာ ဖြစ်ကြသည်။ ကလေးချင်း အတူနေကြသည်။ အတူကစားကြသည်။ အတူသွားကြသည်။

ကစားရင်း ရေဆာ၍

တစ်နေ့ ဇေတဝန်ကျောင်းတော်အနီး ကစားနေကြရင်း ကလေးတို့သည် ရေဆာလာကြသည်။ ဗုဒ္ဓဝါဒီ၏ သားကလေးသည် ဇေတဝန်ကျောင်းတော်သို့ ဝင်သွားပြီး ရေသောက်သည်။ တိတ္ထိတို့၏ ကလေးများက ရေခပ်ယူလာဖို့ မှာသည်။ ထိုအကြောင်း ကလေးက ဘုရားရှင်ကို လျှောက်ထားသည်။ ဘုရားရှင်က သူတို့ကိုယ်တိုင် လာသောက်ပါစေဟု မှာကြားသဖြင့် တိတ္ထိတို့၏ တပည့်သားကလေးများ ကျောင်းတော်တွင်းသို့ ဝင်ကာ ရေသောက်ကြသည်။ ဘုရားရှင်သည် ကလေးတို့နှင့် သင့်တော်သော တရားများကို ဟောကြားသဖြင့် တိတ္ထိတို့၏ သားကလေးများ ဘုရားရှင်ကို လေးစားကြည်ညိုသွားကြသည်။ သရဏဂုံနှင့် သီလများ ဆောက်တည်ကြသည်။ အိမ်သို့ပြန်ရောက်သော် မိဘများကို ပြောပြကြသည်။ ဝိုးမြစ်ထားသည့် နေရာသို့ သွားသည်ဟု သိ၍ မိဘများက စိတ်မကောင်းဖြစ်နေကြသည်။

သောတာပန်ဖြစ်ကြပြီ

အိမ်နီးချင်း ဗုဒ္ဓဝါဒီများနှင့် မိတ်ဆွေကောင်းတို့က ချီးကျူးကာ ကလေးများကို အားပေးကြသဖြင့် မိဘများ စိတ်ပြေပျောက်သွားကြသည်။ နောက်ပိုင်းတွင် ကလေးများအား ဘုရားရှင် ကျောင်းတော်သို့သာ ပို့ကြတော့သည်။ ဤအကြောင်းများနှင့် ဆက်စပ်ကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် တိတ္ထိတို့၏ တပည့်များ ဆက်လက် တရားအားထုတ်ကြသောကြောင့် အားလုံးပင် သောတာပန် ဖြစ်သွားကြသည်။

၃၁၈။ အဝဇ္ဇေ ဝဇ္ဇမတိနော၊ ဝဇ္ဇေ စာ'ဝဇ္ဇဒဿိနော။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

http://www.dhammadownload.com

၃၁၉။ ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတ္ဝာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော၊
သမ္မာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဒေသနာ၏အဓိပ္ပာယ်

၃၁၈။ အပြစ်မဟုတ်သည်၌ အပြစ်ဟု မှတ်ထင်ပြီး အပြစ်ဟုတ်သည်၌ အပြစ်ဟု မမှတ်ထင်ကုန်သော မိစ္ဆာအယူရှိသူတို့သည် ဒုဂ္ဂတိသို့ သွားရောက်ကြရကုန်၏။

၃၁၉။ အပြစ်ကို အပြစ်ဟုသိပြီး အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိသော သမ္မာအယူရှိသူတို့သည် သုဂတိဘဝသို့လားရောက်ကြရကုန်၏။

တိတ္ထိတို့၏ တပည့်များဝတ္ထု ပြီး၏။

နိရယဝဂ် ပြီးပြီ။



ဘုရားရှင်သည် ကလေးတို့အား တရားများဟောကြားနေစဉ်။

http://www.dhammadownload.com

နာဂဝဂ်

နာဂ = ဆင်၊ ရဟန္တာ၊ ဝဂ္ဂ = ဝဂ်၊ အစု။
စစ်မြေပြင်သုံး ဆင်တို့ကဲ့သို့ ကုသိုလ်အရာ၌ ရဲရင့်မှုရှိရန်၊ ရဟန္တာတို့ကဲ့သို့ စိတ်ကိုနိုင်အောင် ဆုံးမရန် ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ ဘုရားရှင်အကြောင်းဝတ္ထု

[စော်ကားသည့်စကား သည်းခံနိုင်သူသည် လူတို့တွင် အမြတ်ဆုံး]

ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ ကောသမ္ဗီမြို့ အံတွင်းသို့ ဆွမ်းခံကြွတော်မူသည်။ မာဂဏ္ဍိမိဖုရားက ငွေပေးပြီး ခိုင်းစေထားသူတို့သည် ဘုရားရှင်နောက်မှလိုက်ကာ အမျိုးမျိုး ဆဲဆိုကြသည်။ ထိုအသံများ ကြားရ၍ အရှင်အာနန္ဒာက အခြားမြို့သို့ ပြောင်းရွှေ့ရန် ဘုရားရှင်ကို လျှောက်ထားသည်။

ဒုဿီလတို့အပြော သည်းခံမည်

ထိုအခါ ဘုရားရှင်က "အာနန္ဒာ၊ ဆဲသူရှိ၍ တစ်မြို့မှ တစ်မြို့သို့ ပြောင်းရွှေ့ခြင်းဖြင့် ဆဲဆိုသူတို့ ရပ်သွားကြမည်မဟုတ်။ ဖြစ်လာသော ပြဿနာကို ဖြစ်သည့်နေရာ၌သာ ပြီးပြတ်အောင် ဖြေရှင်းရမည်။ စစ်မြေပြင်မှ ဆင်ပြောင်ကြီးသည် အရပ်လေးမျက်နှာမှ လာလာသမျှသော ရန်သူ့မြား တို့ကို သည်းခံ

http://www.dhammadownload.com

သကဲ့သို့ ဒုဿီလတို့ ပြောဆိုသမျှကို သည်းခံခြင်းမှာ ငါဘုရား၏ တာဝန်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ဘုရားရှင် ဟောကြားသော ဒေသနာတော်ကို ကြားနာရသဖြင့် ငွေကြေးယူကာ ဆဲဆိုနေကြသူတို့သည် တရားသိကာ သောတာပန်များ ဖြစ်သွားကြသည်။

၃၂၀။ အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကံ့ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ပဟုဇ္ဇနော။
၃၂၁။ ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာ'ဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယော'တိဝါကံ့ တိတိက္ခတိ။
၃၂၂။ ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တာဒန္တော တတော ဝရံ။

ဒေသနာ၏အဓိပ္ပာယ်

၃၂၀။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ ပစ်လိုက်သော မြားကို မတုန်မလှုပ် ခံယူနိုင်သကဲ့သို့ ငါဘုရားသည် လွန်ကျူးစော်ကားသော စကားကို သည်းခံအံ့။ လောကီလူသားလူအများသည် သီလမရှိကြကုန်။

၃၂၁။ လူသူစုဝေးရာ ပွဲသဘင်သို့သွားလျှင် ယဉ်ကျေးလိမ္မာသောဆင်၊ မြင်း စသည် ကိုသာ ယူဆောင်သွားကုန်၏။ မင်းသည် ယဉ်ကျေးလိမ္မာသော ဆင်၊ မြင်းကိုသာစီး၏။ လွန်ကျူးစော်ကားသည့် စကားကို သည်းခံသူသည် ယဉ်ကျေးပြီး၍ လူအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်၏။

၃၂၂။ ယဉ်ကျေးလိမ္မာသော အသတို့ရ်မြင်း၊ အာဇာနည်မြင်း၊ သိန္ဓော မြင်းနှင့် ကုဉ္ဇရမည်သော ဆင်ပြောင်ကြီးတို့သည် ကောင်းမြတ်ကုန်၏။ မိမိ၏ ကိုယ့်စိတ်နှစ်ပါးကို ဆုံးမ ယဉ်ကျေးပြီးသူသည် ထိုဆင်ကောင်း၊ မြင်းကောင်းတို့ထက် သာလွန် မြတ်ပေ၏။

ဘုရားရှင်အကြောင်းဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂။ ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု

[ဆင်ဆုံးမနည်းပေး၍ ဘုရားရှင်၏ ရွှတ်ချမှုခံရသူ]

အစိရဝတီမြစ်ကမ်းခြံ ဆင်ဆရာတစ်ဦးသည် မိမိ၏ဆင်ကို ယဉ်ကျေးအောင် ဆုံးမနေသည်။ သို့သော် ဆုံးမ၍ မရနိုင် ဖြစ်နေသည်။ ထိုအခါ တစ်ချိန်က ဆင်ဆရာဖြစ်ခဲ့ဖူးသော ရဟန်းက အခြားရဟန်းများမှတစ်ဆင့် ဆင်ကို ယဉ်ကျေးအောင် ဆုံးမသည့်နည်းကို ပေးလိုက်သည်။ ရဟန်းပေးသောနည်းဖြင့် ဆင်ဆရာက ဆုံးမသော် ဆင်သည် ယဉ်ကျေးလိမ္မာသွားလေသည်။ ဘုရားရှင်သည် ထိုရဟန်းကို ခေါ်ကာ ရွှတ်ချတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၂၃။ နာ ဟိ တေဟိ ယာနေဟိ၊ ဂဇ္ဇေယျ အဂတံ ဒိသံ။
ယထာ'တ္တနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၂၃။ မရောက်ဖူးသေးသောအရပ် နိဗ္ဗာန်သို့ ထိုဆင်ယာဉ်၊ မြင်းယာဉ်တို့ဖြင့် သွား၍ မရောက်နိုင်၊ မျက်စိ စသော ဣန္ဒြေတို့ကို ဆုံးမခြင်းအားဖြင့် လည်းကောင်း၊ မိမိ၏ ကိုယ်စိတ်ကို ကောင်းစွာ ဆုံးမသဖြင့် လည်းကောင်း ယဉ်ကျေးပြီးသောသူသာ မရောက်ဖူးသေးသော နိဗ္ဗာန်သို့ရောက်နိုင်၏။

ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု ပြီး၏။

၃။ အပေကို မပြုစုသူသားများဝတ္ထု

[မိဘအမွေးကိုယူပြီး ဖခင်ကိုပြုစုခြင်းမရှိသူများ]

သာဝတ္ထိမြို့တော်မှ အသပြာရွှစ်သိန်း ချမ်းသာသူ ပုဏ္ဏားအိုကြီး လင်မယားသည် မိမိတို့၏ သားလေးယောက် အိမ်ထောင်ပြုကြသဖြင့် တစ်ယောက်

http://www.dhammadownload.com

အသပြာတစ်သိန်းစီ အမွေခွဲပေးလိုက်သည်။ မကြာမီ ပုဏ္ဏားမကြီး ကွယ်လွန်သွားသဖြင့် ကျန်သော အသပြာလေးသိန်းခွဲပေးပါဟု သားများက တောင်းကြပြန်သည်။ ပုဏ္ဏားကြီး နောက်အိမ်ထောင်ပြုလျှင် ဘာမျှရတော့မည် မဟုတ်ဟု တွေးကာ တောင်းကြခြင်းဖြစ်သည်။ ဖခင်ပုဏ္ဏားကြီးသည် ခါးခဲ့ဝတ်ထားသော ဝတ်စုံကိုသာချန်ပြီး အကုန်ခွဲပေးလိုက်သည်။ "သူတို့ ပြုစုပါမည်" ဟူသော သားတို့၏ ကတိစကားအရ သားကြီးအိမ်၌ ပုဏ္ဏားကြီး သွားနေသည်။ နှစ်ရက်၊ သုံးရက်ကြာသော် ချွေးမက "အခြားသားတို့ အိမ်ကိုကောမသွားတတ်ဘူးလား၊ သားကြီးကို အမွေဘယ်လောက် ပိုပေးထားသလဲ" ဟုပြောသည်။ သို့ဖြင့် ပုဏ္ဏားကြီးသည် ဒုတိယ၊ တတိယ၊ စတုတ္ထသားတို့အိမ်သို့ တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့နေခဲ့သည်။ ချွေးမအားလုံးက သားကြီး၏ မယားကဲ့သို့ပင် ပြောကြသည်။

ဖခင်ပုဏ္ဏားကြီး ဆွမ်းခံစားနေရပြီ

ပုဏ္ဏားကြီးသည် သားလေးယောက်က ပြုစုခြင်းမရှိ၍ အဝတ်ဖြူဝတ်လျက် ပရိဗိုဇ်ဘဝဖြင့် ဆွမ်းခံစားနေရသည်။ အသက်ကြီးကာ အားအင်ချည့်နဲ့လာပြီဖြစ်၍ အားကိုးရာရှာသောအခါ ဘုရားရှင်ကို သတိရလာသည်။ ဘုရားရှင်ထံသွားပြီး အသပြာရှစ်သိန်း ချမ်းသာသူဘဝမှ ခိုကိုးရာမဲ့ဖြစ်နေ၍ ဆွမ်းခံစားနေပုံတို့ကို လျှောက်ထားသည်။

တောင်ဝှေးလောက်မှ သားများက အကျိုးမပြု

တစ်နေ့တွင် သူ၏သားများပါ တက်ရောက်နေသော အစည်းအဝေးကြီးတစ်ခုသို့သွားကာ တံဝန်ရှိသူများအား တောင်းပန်လျက် စကားပြောခွင့် တောင်းသည်။ ခွင့်ပြုချက်ရသဖြင့် ဘုရားရှင် သင်ပေးလိုက်သော စကားများကို ပုဏ္ဏားကြီးက ပြောပြသည်။ "(၁) ငါ့မှာ သားလေးယောက် ရှိသည်။ သူတို့ကိုမွေးတော့ ငါ ပျော်ရသည်။ သူတို့ ကြီးပွားချမ်းသာသည်ကို ငါ အလိုရှိသည်။ သို့သော် ခွေးတို့သည် ဝက်ကိုဟောင်၍ နှင်ထုတ်ကြသကဲ့သို့ သူတို့

http://www.dhammadownload.com

သည် မယားတို့နှင့် တိုင်ပင်ကာ ငါ့ကို အိမ်မှ နှင်ထုတ်ကြပြီ။ (၂) ရက်ခို်က် ဘီလူးနှင့်တူသည့် သားမိုက်တို့သည် အရွယ်လွန်၍ အိုမင်းပြီဖြစ်သော ငါ့ကို စွန့်ပစ်ကြလေပြီ။ (၃) မြင်းအိုကြီးကို အစာမကျွေးဘဲ ပစ်ထားသကဲ့သို့ သားမိုက်တို့သည် ငါ့ကို ပစ်ထားသဖြင့် ယခု ငါသည် ခွက်လက်စွဲကာ တောင်းရမ်းစားနေရလေပြီ။ (၄) ယခု ငါ ကိုင်စွဲထားသော တောင်ဝှေးသည် မိဘကို မပြုမစုသော သားတို့ထက် မြတ်လှပါသည်။ ဤတောင်ဝှေးသည် ကြမ်းတမ်းသော နွားနှင့် ခွေးတို့၏ ရန်မှ တားမြစ်နိုင်သေး၏။ ဤတောင်ဝှေးသည် ညဉ့်အခါ ငါ၏ ရှေ့သွားအဖော်ဖြစ်၏။ ရေတွေ့လျှင် ထောက်တည်ရာဖြစ်သည်။ ချော်လဲသော် တောင်ဝှေး၏ အစွမ်းဖြင့် ထနိုင်၏။ ထို့ကြောင့် ဤတောင်ဝှေးသည် သားဆိုးတို့ထက် မြတ်၏" ဟု ပြောဆိုသည်။

ပုဏ္ဏားကြီးစကားကို ကြားသဖြင့် အစည်းအဝေး တက်နေသူများက ပုဏ္ဏားကြီး၏ သားများကို သတ်ရန် ကြိုးစားသည်။ ပုဏ္ဏားကြီးက သားတို့ကို ချမ်းသာပေးရန် တောင်းပန်သည်။ ထိုအချိန်က "မိဘပစ္စည်း စားသောက်ပြီး မိဘကို မပြုစု၊ မလုပ်ကျွေးလျှင် သတ်ပစ်သည့်" အစဉ်အလာရှိသည်။ သားများသည် ပုဏ္ဏားကြီးအား အိမ်သို့ ခေါ်သွားလျက် ကောင်းမွန်စွာ ပြုစု လုပ်ကျွေးကြသည်။ ပုဏ္ဏားကြီး ကျန်းကျန်းမာမာ ပြန်ဖြစ်လာသည်။ ဘုရားရှင်၏ ကျေးဇူးကြောင့်ဟု သိသဖြင့် ဘုရားရှင်ထံသွားကာ ဝတ်စုံနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းသည်။ နောက်နေ့များတွင် ဆွမ်းခံကြွလာသော ဘုရားရှင်ကို သားလေးယောက်တို့က တစ်အိမ်ပြီးတစ်အိမ် ပင့်ကာ ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

သောတာပန်ဖြစ်ကြရပြီ

ဘုရားရှင်သည် သားများနှင့် ပုဏ္ဏားကြီးအား "သင်တို့သည် ကောင်းသော အစဉ်အလာကို ပြုလုပ်ကြပေသည်။ မိဘကို လုပ်ကျွေးခြင်းသည် ရှေးပညာရှိတို့၏ အစဉ်အလာ ဖြစ်သည်" ဟု မိန့်တော်မူကာ အမိကို လုပ်ကျွေးသော ဧကာဒသကနိပါတ်တော်လာ မာတုပေါသက ဇာတ်တော်ကို

http://www.dhammadownload.com

ဟောတော်မူသည်။ ထို့နောက် ဤဒေသနာတော်ကို ဆက်လက် ဟောတော်မူရာ ပုဏ္ဏားကြီးနှင့်တကွ သားနှင့် ချွေးမတို့အားလုံး သောတာပန် ဖြစ်သွားကြသည်။

၃၂၄။ ဓနပါလောနာမ ကုဉ္ဇရော၊ ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗဠံ နု ဘုဉ္ဇတိ၊ သုမရတိ နာဂဝနဿ ကုဉ္ဇရော။

ဒေသနာ၏အဓိပ္ပာယ်

၃၂၄။ ပြင်းထန်စွာ အမုန်ယစ်၍ နှိမ်နင်းရန်ခက်သော ဓနပါလဆင်မင်းသည် အနှောင်အဖွဲ့ ခံရသဖြင့် အစာကို မစားနိုင်ဘဲ မိမိနေရာ ဆင်တောခွင်သာ မွေ့လျော်သည်။

အဖေကို မပြုစုသူ သားများဝတ္ထု ပြီး၏။

၄။ အစားကြီးသူ ကောသလမင်းကြီးဝတ္ထု

[အစားကြီး၍ ဘုရားရှင်ရှေ့တော်၌ပင် ငိုက်နေသူ ကောသလမင်းကြီး]

ကောသလမင်းကြီးသည် အစားကြီးသဖြင့် ဘုရားရှင်ရှေ့တော်မှာပင် ငိုက်မျဉ်းနေတတ်သည်။ ဘုရားရှင် ဟောသော တရားကိုလည်း မမှတ်သားနိုင်။ ထို့ကြောင့် ကောသလမင်းကြီးကို အကြောင်းပြုကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၂၅။ မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ၊
နိဒ္ဒါယိတာ သံပရိဝတ္တသာယီ။
မဟာဝရာဟောဝ နိဝါပပုဋ္ဌော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၂၅။ ပျင်းရိ ငိုက်မျဉ်း၍ အစားကြီးပြီးလျှင် ကျွေးမွေးထားသော ဝက်ကြီးကဲ့သို့ တလူးလူးတလိမ့်လိမ့် အိပ်လေ့ရှိသူသည် အနိစ္စ စသည့် လက္ခဏာရေးကို မဆင်ခြင်နိုင်သဖြင့် အဖန်တလဲလဲ အဓိဝမ်း၌ ပဋိသန္ဓေ နေရ၏။

အစားကြီးသူ ကောသလမင်းကြီးတို့ ပြီး၏။

၅။ သာနုသာမဏေဝတ္ထု

[မိခင်ဟောင်းဘီလူးမ ဝင်ပူးပြီး လူမထွက်ရန် တားစံရသူ]

သာနုသာမဏေသည် ငယ်စဉ်ကပင် မိခင်က ကိုရင်ဝတ်ပေးထားသူ ဖြစ်သည်။ သီလ စင်ကြယ်သည်။ ဆရာသမား၏ ဝတ်ကြီးဝတ်ငယ်ကို ပြုသည်။ တရားဟောရာဌာနတို့ကို ရှင်းလင်းသည်။ ဆီမီးမပြတ် ထွန်းသည်။ တရားနာ ကြွရောက်ကြပါရန် လှုံ့ဆော်ပေးသည်။ တစ်နေ့တွင် သာမဏေ၏ အစွမ်းအစကိုသိသူ ရဟန်းများက ရွတ်ဆိုနေကျ တရားများကို ရွတ်ဆို ဟောပြောရန် တိုက်တွန်းကြသည်။ သာမဏေသည် တရားဟောပလွင်ပေါ် တက်ပြီး တရားဟောသည်။ တရားအဆုံးသတ်သောအခါ တရားဟောရသည့် ဓမ္မဒေသနာကုသိုလ်ကို မိခင်၊ ဖခင်တို့အား အမျှပေးဝေသည်။

မိခင်ဟောင်း ဘီလူးမက သာဓုခေါ်ပြီ

သူ၏ အမျှပေးဝေသံကို ယခုဘဝ မိခင်က မကြားမသိလိုက်ရ။ အတိတ်ဘဝက မိခင်ဖြစ်ခဲ့သူ ဘီလူးမသည် သာမဏေ ပေးဝေသော အမျှဝေသံကြား၍ သာဓုခေါ်သည်။ သာမဏေ၏ မိခင်ဟောင်းဟု သိသဖြင့် အခြားနတ်များ၊ ဘီလူးများက မိခင်ဟောင်း ဘီလူးမကို လေးစားကာ တန်ဖိုးထားကြသည်။

http://www.dhammadownload.com

သာနုသာမဏေသည် အသက် ၂၀ အရွယ်သို့ရောက်သော် လူထွက်မည် ဖြစ်ကြောင်း မိခင်ကို လာရောက်ပြောကြားသည်။ မိခင်က လူ့ဘောင်၏ အခက်အခဲများကိုပြော၍ တားသည်။ မိခင်ဟောင်း ဘီလူးမသည် အဝတ် အစားယူရန် ထိုင်စောင့်နေသော သာမဏေကို ဝင်ပူးပြီး ဇက်ကို နောက်သို့ လန်ကာ အမြှုပ်တစီစီ ထွက်နေအောင် ပြုလုပ်သည်။ သာမဏော၏မိခင်သည် သားကို ကြည့်ကာ ငိုသည်။ "လူထွက်ဖို့ကြဲလျှင် ဤသို့ပင် လာလုပ်မည်" ဟု ကြိမ်းဝါးကာ ဘီလူးမ ထွက်ခွာသွားသည်။

ဘီလူးဝင်ပူးခံရပုံ ပြောပြလျက်

သာမဏော သတိရလာသော် ငိုနေသော မိခင်နှင့် ဝိုင်းကြည့်နေသော ပရိသတ်ကို တွေ့ရသောကြောင့် မိခင်ကို မေးသည်။ မိခင်က ဘီလူးဝင်ပူးခံရပုံကို ပြောပြလျက် လူမထွက်ရန် ထပ်မံ တိုက်တွန်းသည်။ သာမဏော သည် မိခင်၏ တိုက်တွန်းစကားကြောင့် အသိတရားရလာကာ လူထွက်မည့် အကြံကို စွန့်လွှတ်လိုက်သည်။ အသက် ၂၀ ပြည့်နေပြီဖြစ်၍ သင်္ကန်းပရိက္ခရာများ စုဆောင်းကာ သားသာမဏေကို မိခင်က ရဟန်းဘဝသို့ တင်မေးလိုက်သည်။ ရဟန်းဖြစ်ပြီးနောက် ဘုရားရှင်ထံ ရောက်လာသော အရှင်သာနုမထေရ်ကို အကြောင်းပြုကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာ ကြားနာရသဖြင့် အရှင်သာနုမထေရ်နှင့်အတူ နတ်များစွာတို့ သစ္စာ လေးပါးတရား သိမြင်သွားကြသည်။

အရှင်သာနုမထေရ်သည် ပဋိဂတ်သုံးပုံကို သင်ယူတတ်မြောက်သည့် အပြင် ထင်ရှားကျော်ကြားသော ဓမ္မကထိကတစ်ပါး ဖြစ်လာသည်။ အသက် ၁၂၀ တွင် ပရိနိဗ္ဗာန် ပြုတော်မူသွားသည်။

၃၂၆။ ကုဒံ ပုရေ စိတ္တ'မစာရိ စာရိကံ၊
ယေနိစ္ဆကံ ယတ္ထကာမံ ယထာ သုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿ'မိ ယောနိသော၊
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၂၆။ ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိရာ ကောင်းနိုးရာရာကို လှည့်လည် ကျက်စားလေ့ရှိသည်။ ယနေ့ ငါသည် ဆင်ထိန်းက အမုန်ယစ်သော ဆင်ကို ချုန်းဖြင့် အုပ်သကဲ့သို့ ထိုစိတ်ကို ယောနိသောမနသိကာရ တရားဖြင့် အသင့်အတင့် နှလုံးသွင်း၍ နှိပ်ကွပ်ပေအံ့။

သာနုသာမဏေဝတ္ထု ပြီး၏။

၆။ နွံနှစ်နေသော ပါဝေယျကဆင်ဝတ္ထု

[စစ်စိတ်စစ်မာန်ဖြင့် နွံမှ ရုန်းထွက်သူ]

ပါဝေယျက ဆင်ကြီးသည် မင်းအသုံးပြုသော ဆင်ကြီး ဖြစ်သည်။ အားကောင်းသည်။ စစ်စိတ်စစ်မာန် ပြင်းထန်သည်။ တစ်နေ့တွင် အိုင်တစ်ခု အတွင်းဆင်းရာ ပြန်မတက်နိုင်ဘဲ နွံထဲ နစ်နေသည်။ အသက်ကြီးကာ ဇရာ ထောင်းလာ၍ ဒုက္ခနည်းသောကြောင့် နွံမှ ပြန်မတက်နိုင်ခြင်း ဖြစ်သည်။

ထိုအကြောင်းကို ကောသလမင်းကြီး သိသွား၍ ဆင်ကြီးအကြောင်း သိသူ ဆင်ထိန်းတို့အား တာဝန်ပေး၍ စေလွှတ်လိုက်သည်။ ဆင်ထိန်းတို့သည် ဆင်ကြီးဝန်းကျင်၌ စစ်ခရာသံများပေးကာ စစ်စည်စစ်မောင်းများ တီးမှုတ်စေသည်။ ထိုအသံများကြားသဖြင့် ဆင်ကြီးသည် စစ်စိတ်စစ်မာန်များ တက်လာကာ နွံထဲမှ မိမိဘာသာ ရုန်းထွက်လိုက်တော့သည်။

ရဟန်းတို့က ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ကြား၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် ထိုရဟန်းများ ရဟန္တာဖြစ်သွားကြသည်။

၃၂၇။ အပ္ပမာဒရတာ ဟောထ၊ သစိတ္တ'မနုက္ခထ။
ဒုဂ္ဂါ ဥဒ္ဓရထ'တ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၂၇။ မမေ့မလျော့သော သတိတရား၌ မွေ့လျော်ကြကုန်လော့။ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့။ နွံနစ်နေသော ဆင်ကြီးသည် နွံထဲမှ မိမိကိုယ်ကို ထုတ်ဆောင်သကဲ့သို့ ကိလေသာနွံမှ လွတ်အောင် သင်တို့သည် မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့။

နွံနစ်နေသော ပါဒေယျကဆင်ဝတ္ထု ပြီး၏။

၇။ ရဟန်းများစွာတို့ဝတ္ထု

[အဖော်ကောင်းမရှိလျှင် တစ်ဦးတည်း နေထိုင်ကျင့်သုံးရန်]

ဘုရားရှင် ပါလိလေယျကတောဠ္ဍ ဝါကပ်တော်မူသဖြင့် အရှင်အာနန္ဒာနှင့် လိုက်ပါလာကြသော ရဟန်းများစွာတို့အား ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်တော်မူကြသည်။

၃၂၈။ သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
အဘိဘုယ္ယ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေနတ္တမနော သတီမာ။

၃၂၉။ နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။

၃၃၀။ ကသ္မာ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိကယိရာ၊
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၂၈။ ပညာလည်းရင့်၊ အကျင့်လည်းတူ၊ ကောင်းစွာ နေထိုင်၊ ခံ့ခိုင်သော သမာဓိရှိသည့် အဖော်ကိုရပါမူ ဘေးရန်ဟူသမျှကို နှိမ်နင်းလျက် ထို အဖော်နှင့်အတူ ဝမ်းသာ ကြည်ဖြူစွာ သတိယှဉ်လျက် ကျင့်သုံးရာ၏။

၃၂၉။ ပညာလည်းရင့်၊ အကျင့်လည်းတူ၊ ကောင်းစွာ နေထိုင်၊ ခံ့ခိုင်သော သမာဓိရှိသည့် အဖော်ကို မရမူကား မင်းသည် မိမိနိုင်ငံကို စွန့်လွှတ်ကာ တစ်ယောက်တည်း နေသကဲ့သို့ လည်းကောင်း၊ ဤပါလိလေယျက ဆင်မင်းသည် ဆင်အုပ်ကိုခွဲကာတောထဲ၌ တစ်စီးတည်းနေသကဲ့သို့ လည်းကောင်း တစ်ဦးတည်းသာ နေထိုင်ကျင့်သုံးရာ၏။

၃၃၀။ တစ်ဦးတည်း နေထိုင်ကျင့်သုံးခြင်းသည် မြတ်၏။ သူမိုက်နှင့် ပေါင်းဖော်၍ အကျိုးမရှိပေ။ တောထဲ၌ ကြောင့်ကြခြင်းမရှိဘဲ ဤဆင်ကြီးသည် ချမ်းသာစွာ နေထိုင်သကဲ့သို့ တစ်ဦးတည်း ချမ်းသာစွာ နေရာ၏။ မကောင်းမှုကို လုံးဝ မပြုရာ။

ရဟန်းများစွာတို့ဝတ္ထု ပြီး၏။

၈။ မာရ်နတ်ဝတ္ထု

[ဘုရားရှင်လက်ထက်တွင် နှောင့်ယှက်ခဲ့သကဲ့သို့ ယခုလည်း နှောင့်ယှက်နိုင်သေးသူ]

ဟိမဝန္တာအရပ်ရှိ တောကျောင်း၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်သည် ဤသို့ အကြံဖြစ်တော်မူသည်။ ဟိမဝန္တာဝန်းကျင်ရှိ မင်းတို့သည် တိုင်းသူပြည်သားတို့ကို ညှဉ်းပန်းနှိပ်စက်ကာ မင်းပြုနေကြသည်။ ပြည်သူပြည်သားတို့ကို မညှဉ်းပန်းဘဲ မင်းပြုအောင် ငါ စွမ်းဆောင်နိုင်မည်လော။ ဤသို့ ဘုရားရှင် အကြံဖြစ်သည်ကိုသိ၍ မာရ်နတ်သည် ဘုရားရှင်ထံ ရောက်

http://www.dhammadownload.com

လာပြီး ဘုရားရှင်ကို မင်းပြုရန် လျှောက်ထားသည်။ လျှောက်ထားသည့် ရည်ရွယ်ချက်မှာ ဘုရားရှင် မင်းပြုလျှင် မေ့မေ့လျော့လျော့ ဖြစ်နေမည်။ ထိုသို့ဖြစ်နေလျှင် သူ့အတွက် အဆုံးဖြစ်သည်ဟု တွက်ဆကာ လျှောက်ထားခြင်းဖြစ်သည်။

မာရ်နတ်က ဤသို့လည်း အကြောင်းပြသေးသည်။ ဘုရားရှင်သည် ဣဒ္ဓိပါဒ်လေးပါး ပွားများပြီးဖြစ်၍ ဟိမဝန္တာတောင်ကြီးကို ရွှေဖြစ်စေဟု နှလုံးသွင်းလျှင် ရွှေဖြစ်သွားစေနိုင်ပါသည်။ ထိုအခါ ဘုရားရှင်က မာရ်နတ်အား ဤသို့ ပြန်လည် မိန့်တော်မူလိုက်သည်။ "ဟယ်... မာရ်နတ်၊ ဟိမဝန္တာတောင်ကြီးတစ်လုံးတည်းက တောင်နှစ်လုံးစာ ရွှေများဖြစ်လာသော်လည်း လူတို့၏ အလိုမပြည့်စေနိုင်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ နတ်များစွာတို့ သစ္စာတရားသိသွားကြသည်။

၃၃၁။ အတ္ထမို့ ဇာတမို့ သုခါ သဟာယာ၊
တုဋ္ဌိ သုခါ ယာ ကတရီတရေန။
ပုညံ သုခံ ဇီဝိတ သခ်ယမို့၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

၃၃၂။ သုခါ မတ္တေယျတာ လောကေ၊
အထော ပေတ္တေယျတာ သုခါ။
သုခါ သာမညတာ လောကေ၊
အထော ဗြဟ္မညတာ သုခါ။

၃၃၃။ သုခံ ယာဝ ဇရာ သီလံ၊ သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုဓေါ ပညာယ ပဋိလာဘော၊ ပါပါနံ အကရဏံ သုခံ။

ဒေသနာ၏အဓိပ္ပာယ်

၃၃၁။ အရေးကိစ္စ ပေါ်ပေါက်လာလျှင် အဆွေခင်ပွန်းရှိခြင်းသည် ချမ်းသာ၏။ ရသမျှ ပစ္စည်းဥစ္စာနှင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ အသက်

http://www.dhammadownload.com

ကုန်ချိန်ရောက်သောအခါ၌ ကုသိုလ်ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။ ဒုက္ခဆင်းရဲ အားလုံးကို ပယ်ထားခြင်းသည် ချမ်းသာ၏။

၃၃၂။ လောက၌ အမိကို လုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ အဖကို လုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ မကောင်းမှုမှ ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ ခိုင်မြဲတည်တံ့သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှု မပြုခြင်းသည် ချမ်းသာ၏။

* **မာရ်နတ်ဝတ္ထု ပြီး၏။**

နာဂဝဂ် ပြီးပြီ။



---

* မာရ်နတ်သည် သက်တမ်းနှစ်ပေါင်း ကုဋေကျိုးရာခြောက်သန်းရှည်လျားသည့် ဝသဝတ္တီနတ်ပြည်မှ နတ်ဖြစ်သည်။ သက်တော်ထင်ရှား ဘုရားရှင် လက်ထက်တွင် အနှောင့်အယှက် အမျိုးမျိုး ပေးခဲ့သည်။ ဘုရားရှင် မရှိသည့် နောက်ပိုင်း အသောကမင်း လက်ထက်တွင်လည်း နှောင့်ယှက်ခဲ့သည့် အထောက်အထားများ ရှိသည်။ သက်တမ်းရှည်သော နတ်ဖြစ်၍ နောင် နှစ်သန်းပေါင်းများစွာအထိ ကောင်းမှုပြုသူ၊ တရားလမ်းမှန်ကျင့်ကြံသူတို့ကိုလည်း အနှောင့်အယှက် ပြုနိုင်ပေသေးသည်။

http://www.dhammadownload.com

တဏှာဝဂ်

တဏှာ = ကပ်ငြိတွယ်တာမှု၊ အစေး၊ ဝဂ္ဂ = ဝဂ်၊ အစု။
တဏှာသည် ကပ်ငြိတွယ်တာတတ်သည်၊ အစေးနှင့် တူသည်။ ကပ်ငြိလာပြီဆိုလျှင် လွတ်အောင်ရုန်းဖို့ ခက်သော်လည်း ရုန်းထွက်ကြရန် ဟောကြားထားသည့် ဝတ္ထုနှင့် ဒေသနာအစု။



၁။ ကဝိလ ငါးဝတ္ထု

[ကဿပဘုရားရှင် လက်ထက်က ရဟန်း။
ယခုဘဝ၌ ကဝိလ ငါးဖြစ်နေရသူ]

သာဝတ္ထိမြို့တဲ့ခါးအနီး တဲငါရွာမှ တဲငါတို့သည် အစိရဝတီမြစ်တွင်းမှ ငါးကြီးတစ်ကောင် ဖမ်းမိကြသည်။ ငါးကြီးမှာ ရွှေရောင်ကဲ့သို့ အရောင်ထွက်နေသည်။ အလွန်လှပသော ငါးကြီးဖြစ်သည်။ မင်းကြီးထံ ပေးဆက်လျှင် ဆုတော်လာဘ်တော်ရမည်ဟု ကြံကာ လှေဖြင့် သယ်လာပြီး ကောသလမင်းကြီးအား ပေးဆက်သည်။ ထူးဆန်းသော ငါးကြီးဖြစ်၍ ဘုရားရှင်ထံပို့ရာ ဇေတဝန်ကျောင်းတော်ရောက်၍ ငါးကြီး ပါးစပ်ဟလိုက်သည်နှင့် ကျောင်းတော်ကြီးအနှံ့ အပုပ်နံ့ကြီး ပျံ့နှံ့ဖုံးလွှမ်းသွားသည်။

အဆင်းလှပြီး အပုပ်နံ့ထွက်ရသည့်အကုသိုလ်

မင်းကြီးက အပုပ်နံ့ နံရသည့်အကြောင်း မေးလျှောက်သည်။ ဘုရားရှင်က "ဤငါးကြီးသည် ကဿပဘုရားရှင်လက်ထက်၌ ပိဋကသုံးပုံဆောင်

http://www.dhammadownload.com

ရဟန်းဖြစ်ခဲ့သည်။ မည်သူ့စကားမျှ နားမထောင်၊ အပြစ်ရှိသောအမှုကို အပြစ်မရှိ၊ အပြစ်မရှိသောအမှုကို အပြစ်ရှိ၊ မအပ်စပ်သည်ကို အပ်စပ်သည်၊ အပ်စပ်သည်ကို မအပ်စပ်ဟု ပြောဆိုခဲ့သည်။ ထိုမကောင်းမှုများနှင့် သူ့စကား မနာယူသူ ရဟန်းတို့ကို ဆဲရေးခဲ့သောကြောင့် ပါးစပ်မှ အပုပ်နံ့ထွက်နေရသည်။ ဘုရားဒေသနာတော်များ ပို့ချပေးခြင်း၊ ဂုဏ်တော်များ ချီးကျူးပူဇော်ခြင်းတို့ကြောင့် အဆင်းလှနေရသည်" ဟု မိန့်တော်မူသည်။

ဦးခေါင်းဖြင့် လှေကိုတိုက်ပြီး ငါးကြီးသေပြီ

ထို့နောက် ဘုရားရှင်က ဆက်လက် မေးမြန်း၍ ငါးကြီးက ပြန်လည်ဖြေကြားသည်။ "အို... ငါးကြီး၊ သင်သည် ကဿပဘုရားရှင်လက်ထက်၌ ကပိလရဟန်း ဖြစ်ခဲ့သူည်မှာ မှန်သလော"၊ "မှန်ပါသည်"၊ "ဘယ်အရပ်မှ လာခဲ့သနည်း"၊ "အဝီစိမှ လာခဲ့ပါသည်"၊ "ထိုဘဝတုန်းက သင့်နောင်တော် သာဂတမထေရ် အခု ဘယ်ရောက်နေသနည်း"၊ "ပရိနိဗ္ဗာန်စံသွားပါပြီ"၊ "သင့်မိခင် ဘိက္ခုနီ သာဓိနီနှင့် နှမဖြစ်ခဲ့သူ ဘိက္ခုနီ တာပနာတို့ ဘယ်ရောက်နေကြသနည်း"၊ "တပည့်တော်ဘက်က ရပ်တည်ကာ မကောင်းမှုများပြုခဲ့၍ အဝီစိငရဲ၌ ခံနေကြပါသည်"၊ "ယခု သင် ဘယ်ကိုသွားရမည်နည်း"၊ "အဝီစိငရဲသို့ သွားရပါမည်။"

ငါးကြီးသည် ဤသို့ဖြေကြားပြီး စိတ်ထိခိုက်ကာ လှေကို ဦးခေါင်းဖြင့် တိုက်လျက် သေသွားတော့သည်။

ဘုရားရှင်သည် ပရိသတ်အပေါင်းသိစေရန် ကပိလသုတ္တန်ကို မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ တံငါသည်တို့ ဘုရားရှင်ထံ၌ ရဟန်းပြုကြကုန်၏။

၃၃၄။ မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဓူတိ မာလုဝါ ဝိယ။
သော ပ္လဝတိ ဟုရာ ဟုရံ၊ ဖလ'မိစ္ဆံ ဝနသ္မိ ဝါနရော။
၃၃၅။ ယံ ဧသာ သဟတေ ဇမ္မိ၊ တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တသ္သ ပဝဍ္ဎန္တိ၊ အာဘိဝဋ္ဋံ ဗီရဏံ။

http://www.dhammadownload.com

၃၃၆။ ယော စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။
၃၃၇။ တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ ယာဝန္တေ'တ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္တောဝ ဗီရဏံ။
မာ ဝေါ နဠံဝ သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။

ဒေသနာ၏အဓိပ္ပာယ်

၃၃၄။ မေ့မေ့လျော့လျော့ နေထိုင်သူအတွက် တဏှာသည် မာလော နွယ်ကဲ့သို့ တိုးပွားလွန်းခြင်းသည်။ သစ်သီးလိုသူ မျောက်သည် တောတွင်း၌ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်လွှား ကူးသန်းနေသကဲ့သို့ တဏှာ တိုးပွား နေသူသည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားနေရ၏။

၃၃၅။ ပြိတ်မြက်သည် မိုးရွာလာလျှင် ရှင်သန်တိုးပွားလာသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ တဏှာ၏ အညှဉ်းဆဲခံရသူအတွက် စိုးရိမ် ကြောင့်ကြမှုတို့သည် တိုးပွားကုန်၏။

၃၃၆။ ရေပေါက်သည် ကြာရွက်မှ လျှောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ဤယုတ်မာသည့် တဏှာကို နှိမ်နင်းနိုင်သူအတွက် စိုးရိမ် ကြောင့်ကြမှုတို့သည် လျှောကျကုန်၏။

၃၃၇။ ထို့ကြောင့် ဤအရပ်သို့ ရောက်လာသူ သင်တို့အား ငါသည် ကောင်းသော တရားကို ဟောအံ့၊ မွေးကြိုင်သော ပန်းရင်းမြစ်ကို အလိုရှိသူ သည် ပြိတ်မြက်ကို တူးပစ်သကဲ့သို့ နိဗ္ဗာန်ကို အလိုရှိသူတို့သည် တဏှာ၏ အရင်းအမြစ်ကို တူးပစ်ကြကုန်လော့။ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီး သကဲ့သို့ ကိလေသာမာန် ကိုယ်တွင်းရန်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးပါစေလင့်။

ကဝိလ ငါးဝတ္ထု ပြီး၏။

http://www.dhammadownload.com

၂။ ဝက်မငယ်ဝတ္ထု

[ကြက်မ၊ ဝက်မ စသည့် ဘဝစုံဖြစ်ခဲ့ရသူ]

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်သို့ ဆွမ်းခံကြွစဉ် လမ်း၌ ဝက်မငယ်လေးတစ်ကောင်ကို မြင်သဖြင့် ပြုံးတော်မူသည်။ အရှင် အာနန္ဒာက ပြုံးတော်မူရခြင်းအကြောင်းကို မေးလျှောက်သဖြင့် ဝက်မငယ် ကလေး၏ ဘဝအဖြစ်စုံကို ဟောပြတော်မူသည်။

ဘဝအစုံဖြစ်ခဲ့သည့် ဝက်မငယ်

ဤဝက်မငယ်သည် ကကုသန်ဘုရားရှင် လက်ထက်တွင် ဆွမ်းစား ကျောင်း အနီး၌ ကြက်မဖြစ်နေခဲ့သည်။ ကမ္မဋ္ဌာန်စီးဖြန်းသော ရဟန်း၏ တရားသံကြားရ၍ သေလွန်သော် ဥပရိအမည်ရှိသော မင်းသမီး ဖြစ်သွားခဲ့ သည်။ ထိုဘဝမှ စုတေသော် ဗြဟ္မာ့ဘုံသို့ရောက်သည်။ ဗြဟ္မာ့ဘုံမှ စုတေသော် ဝက်မငယ်ဘဝ၌ ဖြစ်လာရသည်။

ဤဝက်မငယ်လေးကို မြင်၍ ပြုံးရခြင်းဖြစ်ကြောင်း မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၃၈။ ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနုဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခ'မိဒံ ပုနပ္ပုနံ။

၃၃၉။ ယဿ ဆတ္တိံသတိ သောတာ၊ မနာပသဝနာ ဘုသာ။
မဟာ ဝဟန္တိ ဒုဒ္ဒိဋ္ဌိ၊ သင်္ကပ္ပါ ရာဂနိဿိတာ။

၃၄၀။ သဝန္တိ သဗ္ဗဓိ သောတာ၊ လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ။
တဉ္စ ဒိသွာ လတံ ဖာတံ၊ မူလံ ပညာယ ဆိန္ဒထ။

၃၄၁။ သရိတာနိ သိနေဟိတာနိ စ၊ သောမနဿာနိ ဟာန္တိဇန္တုနော၊
တေ သာတသိတာ သုခေသိနော၊ တေ ဝေ ဖာတိဖရုပဂါ နရာ။

http://www.dhammadownload.com

၃၄၂။ တသိဏာယ ပုရက္ခတာ ပဇာ၊ ပရိသပ္ပန္တိ သသောဝ ပန္ဒိတော၊
သံယောဇနသင်္ဃသတ္တကာ၊ ဒုက္ခ'မုပေန္တိ ပုနပ္ပုနံ စိရာယ။
၃၄၃။ တသိဏာယ ပုရက္ခတာ ပဇာ၊ ပရိသပ္ပန္တိ သသောဝ ပန္ဒိတော၊
တသ္မာ တသိဏံ ဝိနောဒယေ၊ အာကင်္ခီ ဘိက္ခု ဝိရာဂ'မတ္တနော။

အဒေသနာ၏အဓိပ္ပာယ်

၃၃၈။ သစ်ပင်ကို ဖြတ်သော်လည်း ရေသောက်မြစ်ကို မဖျက်ဆီးလျှင် ထိုအပင်သည် အသစ်တစ်ဖန် စည်ပင်လာပြန်သကဲ့သို့ ကိန်းအောင်းနေသော တဏှာကို မဖြတ်လျှင် ပဋိသန္ဓေနေခြင်း စသော ဆင်းရဲသည် အဖန်ဖန် အထပ်ထပ် ဖြစ်ပေါ်လာတတ်သည်။

၃၃၉။ အမြင်မှားသူအား နှစ်သက်စဖွယ် ရူပါရုံ စသည်တို့သို့ ပြင်းထန်စွာ စီးဆင်းကုန်သော တဏှာအလျှင် သုံးဆယ့်ခြောက်မျိုးသည် ရှိ၏။ ထိုအမြင်မှားသူကို ရာဂနှင့် စပ်လျဉ်းသော အားကြီးသော အကြံအစည်တို့က ဆောင်ယူကုန်၏။

၃၄၀။ တဏှာတည်းဟူသော ရေအလျဉ်တို့သည် အရပ်ဒသ အားလုံး ရှိ အလုံးစုံသော အာရုံသို့ စီးတတ်ကုန်၏။ တဏှာတည်းဟူသော နွယ်သည် မျက်စိ စသော ဒွါရ ခြောက်ပါးဌာနဖြစ်၍ ရူပါရုံ စသော အာရုံ ခြောက်ပါးဌာနတည်၏။ ထိုတဏှာတည်းဟူသော အနွယ်ကို ရှုမြင်၍ အနွယ်၏အမြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့။

၃၄၁။ တဏှာအလိုသို့ လိုက်သူမှာ အောက်မေ့ခြင်း၊ စွဲလမ်းခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ ဖြစ်ကုန်၏။ ထိုတဏှာအလိုသို့ လိုက်၍ ကာမဂုဏ် ချမ်းသာရှာသူတို့သည် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့ ရောက်ကြရကုန်၏။

၃၄၂။ တဏှာဖြင့် ဝိုင်းပတ်ခြံရံလျက် ရှိကုန်သော သတ္တဝါတို့သည် ကျော့ကွင်းဌာန မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့်ကြကုန်၏။ ကာမရာဂစသည့် သံယောဇဉ်အစေးဖြင့် နှောင်ဖွဲ့ခံရသူတို့သည် ကြာမြင့်စွာ အဖန်တလဲလဲ ဆင်းရဲခြင်းသို့ ကျရောက်ကြရကုန်၏။

77A

http://www.dhammadownload.com

၃၄၃။ တဏှာဖြင့် ဝိုင်းပတ်ခြံရံလျက် ရှိကုန်သော သတ္တဝါတို့သည် ကျော့ကွင်းခြိမိသော ယုန်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်ကြကုန်၏။ ထို့ကြောင့် ရာဂကင်းရာနိဗ္ဗာန်ကို တောင့်တသူ ရဟန်းသည် တဏှာကို ပယ်ဖျောက်ရာ၏။

ဝက်မင်းယဝတ္ထု ပြီး၏။

၃။ ရဟန်းလူထွက်ဝတ္ထု

[မ,အာရုံကြောင့် လူထွက်ပြီး တရားပြန်ကျင့်၍ ရဟန္တာဖြစ်သွားသူ]

အရှင်မဟာကဿပ၏ အတူနေရဟန်းတစ်ပါးသည် သမထ အားထုတ်သဖြင့် စတုတ္ထဈာန်အထိ ရ၏။ ဆွမ်းခံသွားရင်း ဦးရီးအိမ်၌ မြင်ခဲ့ရသော မိန်းမငယ်ကို စွဲလမ်းသောကြောင့် လူထွက်ခဲ့ရသည်။ အလုပ် မလုပ်ဘဲ နေသဖြင့် ရဟန်းလူထွက်ကို အိမ်မှ နှင်ထုတ်လိုက်ကြသည်။ ခိုးဆိုး လုယက်သူတို့နှင့်ပေါင်းပြီး အသက်မွေးသည်။ တစ်နေ့ သူ့ကို ဖမ်းမိပြီး ရိုက်နှက်လျက် ကြိုးဖြင့်တုပ်ကာ သူသတ်ကုန်းသို့ ခေါ်သွားကြသည်။

ဆရာ့ကျေးဇူးကြောင့် ဈာန်ပြန်ရပြီး ရဟန္တာဖြစ်ပြီ

ထိုအချိန်၌ ဆရာဖြစ်ခဲ့သော အရှင်မဟာကဿပ မထေရ်ကြီးသည် ဆွမ်းခံကြွလာရင်း တပည့်ဖြစ်ခဲ့သူ၏အဖြစ်ကို မြင်သွားသည်။ သို့ဖြင့် တပည့်အား "ရခဲ့သော ကမ္မဋ္ဌာန်းကို ပြန်၍ ကြိုးစားပွားများ" ဟု လှမ်း၍မှာသည်။ တပည့်က ပွားများသဖြင့် စတုတ္ထဈာန်ပြန်ရသည်။ သူသတ်ကုန်းတွင် တံကျင်ဖြင့် လွှဲကာ သတ်ရန်ပြင်သည်။ ဓားလုံတို့ဖြင့် ချိန်ရွယ်သည်။ ရဟန်းလူထွက်သည် ကြောက်ရွံ့ခြင်း အမူအရာကိုမပြ၍ ဗိမ္ဘိသာရမင်းကြီးထံ အသိပေးသည်။ မင်းကြီးက လွှတ်စေသဖြင့် သူ့အား လွှတ်လိုက်သည်။ ထိုအကြောင်းကို ဘုရားရှင်ထံသို့ လျှောက်ထားစေသည်။ ဘုရားရှင်က ရဟန်းလူထွက်ထံ

http://www.dhammadownload.com

ရောင်ခြည်တော်လွှတ်ကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ သောတာပန်ဖြစ်ပြီး ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံလာရောက် ရှိခိုးတောင်းပန်ပြီး ရဟန်းပြုခွင့်တောင်းသည်။ ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်တော်မူသည်။

၃၄၄။ ယော နိဗ္ဗနထော ဝနာဓိမုတ္တော၊ ဝနမုတ္တော ဝနမေဝ ဓာဝတိ။
တံပုဂ္ဂလ'မေထ ပဿထ၊ မုတ္တော ဗန္ဓနမေဝ ဓာဝတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၄၄။ အကြင်သူသည် အိမ်ရာတည်ထောင် လူ့ဘောင်တည်းဟူသော တဏှာတော၏ စွန့်လွှတ်၍ အကျင့်မြတ်တည်းဟူသော တောသို့ ဝင်ခဲ့၏။ တဏှာတောမှ လွတ်ပြီးဖြစ်လျက် တဏှာတောသို့ ပြန်ဝင်သူသည် ရှိ၏။ လာကြကုန်လော့။ ရှုကြကုန်လော့။ ထိုသူသည် အနှောင်အဖွဲ့မှ လွတ်ကင်းပြီးဖြစ်ပါလျက် အနှောင်အဖွဲ့သို့ ပြေးဝင်သူကို ကြည့်ကြကုန်လော့။

ရဟန်းလူထွက်ဝတ္ထု ပြီး၏။

၄။ အခိုင်မြဲဆုံးနှောင်အိမ်ဝတ္ထု

[တဏှာတည်းဟူသော နှောင်အိမ်သည် အခိုင်မာဆုံးနှောင်ဖွဲ့မှု ဖြစ်သည်]

ရဟန်းအချို့တို့သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွကြသည်။ ပြစ်မှုအမျိုးမျိုးဖြင့် ကောသလမင်းကြီး၏ နှောင်အိမ်၌ ချုပ်နှောင်ခံနေရသော ဖောက်ထွင်းမှု ကျူးလွန်သူများ၊ လုယက်မှု ကျူးလွန်သူများနှင့် လူသတ်မှု ကျူးလွန်သူ စသည်တို့ကို တွေ့မြင်ခဲ့ကြသည်။ ရဟန်းများသည် ထိုအကြောင်း

http://www.dhammadownload.com

များကို ဘုရားရှင်ထံ လျှောက်ထားရင်း "ထိုအနှောင်အဖွဲ့တို့ထက် ပို၍ခိုင်မာသော အနှောင်အဖွဲ့ရှိပါသေးသလား ဘုရား" ဟု မေးလျှောက်ကြသည်။

ထိုအခါ ဘုရားရှင်က ယင်းအနှောင်အဖွဲ့တို့ထက် ခိုင်မြဲသော အနှောင်အဖွဲ့သည် ရှိ၏ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၄၅။ နု တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ယဒါ'ယသံ ဒါရုဇပဗ္ဗဇဉ္စ။
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။
၃၄၆။ ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊ ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိ ဆေတ္ဝာန ပရိဗ္ဗဇန္တိ၊ အနပေက္ခိနော ကာမသုခံ ပဟာယ။

ဒေသနာ၏အဓိပ္ပာယ်

၃၄၅။ သံဖြင့်ပြုလုပ်သော အနှောင်အဖွဲ့၊ သစ်သားဖြင့် ပြုလုပ်သော အနှောင်အဖွဲ့၊ မြက်၊ လျှော်မျှင် စသည်ဖြင့် ပြုလုပ်သော အနှောင်အဖွဲ့မျိုးတို့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကုန်။ ပတ္တမြား နားတောင်းစသော အဆင်တန်ဆာတို့၌ လည်းကောင်း၊ သား၊ သမီး၊ လင်သားနှင့် မယားတို့၌ လည်းကောင်း ငဲ့ကွက်တတ်သော တဏှာသည် ရှိလေ၏။

၃၄၆။ ထိုတဏှာ အနှောင်အဖွဲ့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့က ခေါ်ဆိုကြသည်။ အပါယ်လေးပါးဟူသော ယုတ်နိမ့်ရာသို့ ဆောင်တတ်သော၊ ဖွဲ့မှန်းမသိ ဖွဲ့မိသဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ်ရန်ခက်သော ဤတဏှာအနှောင်အဖွဲ့ကို ပညာရှိတို့သည် ငဲ့ကွက်ခြင်းမရှိဘဲ ပယ်စွန့်ကာ တောသို့ဝင်ကြကုန်၏။

အခိုင်မြဲဆုံးနှောင်အိမ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၅။ ခေမာမိဖုရားဝတ္ထု

[လှ၍ အလှမာန်တက်နေရာမှ တရားသိကာ ရဟန္တာဖြစ်သွားသူ]

ခေမာသည် မဒ္ဒတိုင်း သာဂလပြည့်ရှင် ဘုရင် မဒ္ဒရာဇ်မင်းကြီး၏ သမီး ဖြစ်သည်။ သူ့မွေးဖွားချိန်မှစ၍ မဒ္ဒတိုင်းသည် အမျိုးမျိုးသော ဘေးအန္တရာယ်မှ ကင်းဝေးသောကြောင့် ခေမာဟု အမည်ပေးခဲ့ကြသည်။ ခေမာသည် လှသည်။ လှသဖြင့် အလှမာန်တက်သည်။ လှရခြင်းမှာ ပဒုမုတ္တရ၊ ဝိပဿီနှင့် ကောဏာဂုံ ဘုရားရှင်တို့ လက်ထက်တော်တို့၌ ပြုခဲ့သော ကောင်းမှုအမျိုးမျိုး၏ အကျိုး ဖြစ်သည်။

အဂ္ဂမဟေသီ မိဖုရားဘဝ

အရွယ်ရောက်သော် ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီး ဖြစ် သည်။ ဘုရားရှင်က လှပခြင်းကို အပြစ်တင်သည်ဟု ကြားသိထားသော ကြောင့် ခေမာမိဖုရားသည် ဘုရားရှင်ထံသို့ မသွား။ ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရား ဘုရားရှင်ထံ သွားစေရန် ဝေဠုဝန်ဥယျာဉ်တော်၏ သာယာပုံ အစုံစုံကို သီကုံးဖွဲ့နွဲ့စေကာ ကချေသည်တို့အား သီဆိုခိုင်းသည်။ ထိုသီဆိုသံ များ ကြားရာမှ ဝေဠုဝန်ကျောင်းတော်သို့ သွားသည်။ ဘုရားရှင်သည် ခေမာ မိဖုရားထက် ဘက်စုံ အလှကြွယ်သူကို ဖန်ဆင်းပြီး ဘုရားရှင်အား ယပ်လေ ခတ်လျက်နေစေသည်။

ခေမာမိဖုရားသည် ဘုရားရှင်အား ယပ်လေခတ်ပေးနေသူ၏ အလှကို မက်မောခြင်းကြီးစွာ ဖြင့် ကြည့်သည်။ သူကြည့်နေစဉ်မှာပင် ဖန်ဆင်းထား သော လှကညာသည် ပျိုရာမှ အို၊ အိုရာမှ မြင်မကောင်းအောင် နာလာသည်။ ထိုမြင်ကွင်းများကြောင့် သူ၏ ခန္ဓာကိုယ်ကို ဓမ္မသဘောဖြင့် ကြည့်မြင်လာ သည်။ ထိုသို့ ပြောင်းလဲလာသော ခေမာမိဖုရား၏ အတွင်းစိတ် အခြေအနေ နှင့် သင့်လျော်သော တရားတော်ကို ဘုရားရှင်က ဟောတော်မူသည်။ တရား တော် ကြားနာရ၍ သောတာပန်ဖြစ်သွားတော့သည်။ ထို့နောက် ဘုရားရှင်က

http://www.dhammadownload.com

ဤဒေသနာတော်ကို ဆက်၍ ဟောတော်မူရာ ဒေသနာတော်အဆုံး၌ ရဟန္တာ ဖြစ်တော်မူကာ ဘိက္ခုနီပြုသွားသည်။

၃၄။ ယေ ရာဂရတ္တာ'နုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
တေမ္မိ. ဆေတ္တာန ဝဇန္တိ မီရာ၊
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

ဒေသနာ၏အဓိပ္ပာယ်

၃၄။ ပင့်ကူသည် မိမိ ရက်လုပ်ထားသော ပင့်ကူအိမ်၌ ကပ်တွယ်လျက် သားကောင်ကို စောင့်နေသကဲ့သို့ ရာဂဖြင့် တပ်မက်သူတို့သည် မိမိတို့ ပြုလုပ်သော တဏှာအလျဉ်သို့ ကျရောက်ကြရကုန်၏။ ပညာရှိတို့သည် ဤတဏှာအလျဉ်ကို ဖြတ်၍ ငဲ့ကွက်ခြင်းမရှိဘဲ အလုံးစုံသော ဆင်းရဲကို စွန့်ပယ်ကာ နိဗ္ဗာန်သို့ သွားကုန်၏။

ဒေမာမိဖုရားဝတ္ထု ပြီး၏။

၆။ ဥဂ္ဂသေနသူဌေးသားဝတ္ထု

[ကချေသည်ဘဝမှ ရဟန္တာဖြစ်သွားသူ ဇနီးမောင်နှံ]

ဥဂ္ဂသေနသည် ရာဇဂြိုဟ်မြို့သား သူဌေးသား ဖြစ်သည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရအား ကချေသည် ငါးရာတို့က လာရောက် ဖျော်ဖြေကြသည်။ သူတို့အထဲတွင် အတုလကာရီအမည်ရှိ ကချေသည်မလေး ပါလာသည်။ ကချေသည်မလေးသည် ချောသည်၊ လှသည်၊ ကပြ ဖြေဖျော်ရာ၌ ကျွမ်းကျင်သည်။ သူဌေးသား ဥဂ္ဂသေနသည် ထိုကချေသည်မလေးကို စွဲလမ်းကာ "အတုလကာရီကိုမှ မရလျှင် သေရပါတော့မည်" ဟု ပြောကာ အိပ်ရာထဲ လဲအိပ်နေသည်။ မိဘများက အကျိုးအကြောင်းပြောသော်လည်းမရသဖြင့်

http://www.dhammadownload.com

ဥဂ္ဂသေန၏ သူငယ်ချင်းများအားခေါ်ကာ ကချေသည်မလေး၏ ဖခင်ထံသို့ အပြောခိုင်းသည်။

ဥဂ္ဂသေနပညာပြိုပြို

ကချေသည်မလေး၏ ဖခင်က သမီးကိုတော့ မထည့်နိုင်ပါ။ ဥဂ္ဂသေန သာ မိမိတို့၏ ဇာတ်ကရာသို့ လိုက်နေနိုင်လျှင် ပေးစားမည်ပြော၍ ဥဂ္ဂသေန သည် ဇာတ်ကရာသို့ လိုက်သွားသည်။ အနုပညာ တစ်စုံတစ်ခုမျှ မတတ် သဖြင့် ဇာတ်ထဲ၌ အောက်ခြေသိမ်း အလုပ်စုံ လုပ်ရသည်။ သားဦးလေး ရလာသောအခါ ကချေသည်မကလေးက ကလေးချော့တိုင်း "အထုပ်ထမ်း၊ ထင်းခွဲ၊ ရေခပ် ပညာမတတ်သူရဲ့သား" စသည်ဖြင့် သီချင်းဆိုသည်။ ဥဂ္ဂသေန သည် ရုက်သဖြင့် ဇာတ်ဆရာ ယောက်ျမကြီးထံမှ ဇာတ်ပညာကို သင်ကြား ပေးရန် တောင်းပန်ပြီး ဇာတ်ပညာ သင်ယူသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက် သော် "ဥဂ္ဂသေန ဇာတ်ပညာပြမည်" ဟု ကြွေးကြော်ထား၍ လူအများ လာကြည့်ကြသည်။ ဥဂ္ဂသေနသည် အတောင်ခြောက်ဆယ်မြင့်သော ဝါးလုံး ထိပ်မှနေကာ အမျိုးမျိုး သရုပ်ဆောင်ပြသည်။

ထိုစဉ်မှာပင် ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံကြွလာသည်။ ထိုအခါ ပရိသတ်တို့သည် ဥဂ္ဂသေနကို မကြည့်တော့ဘဲ ဘုရားရှင်ကို အလုအယက် လာရောက် ဖူးမြော်ကြသည်။ ဥဂ္ဂသေန စိတ်မကောင်းဖြစ်နေသည်။ ထို့ကြောင့် အရှင်မဟာမောဂ္ဂလာန်ကို စေလွှတ်ပြီး ဥဂ္ဂသေနအား စိတ်ဓာတ်မကျဘဲ ဆက်လက် ကပြစေရန် ပြောဆို တိုက်တွန်းသည်။ ဥဂ္ဂသေနက ဘုရားရှင်သည် ငါ၏ ကျွမ်းကျင်မှုကို ကြည့်လိုသည်ဟု အထင်ရောက်ပြီး ဝါလုံးအထက်၌ အမျိုးမျိုးအားဖြင့် တစ်ဆယ့်လေးကြိမ်တိုင်တိုင် ကပြသည်။ ဤတွင် ဘုရားရှင်သည် ဥဂ္ဂသေန ကို ခေါ်ကာ ဤဒေသနာကို ဟောကြားတော်မူသည်။

၃၄၈။ မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊ မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုနံ ဇာတိဇရံ ဥပေဟိသိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၄၈။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်၌ ဖြစ်ပေါ်သည့် ခန္ဓာ၌ တဏှာကို စွန့်လော့။ ဘဝသုံးပါး၏ ကမ်းတစ်ဖက်သို့ ရောက်သည်ဖြစ်၍ ခန္ဓာ၌ တဏှာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်သူသည် နောက်တစ်ဖန် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့ မရောက်တော့။

ဒေသနာတော်ကို ကြားနာရ၍ ဥဂ္ဂသေနသည် ရဟန္တာဖြစ်တော်မူကာ ဘုရားရှင်အထံ၌ ဗဟိဘိက္ခုရဟန်းဖြစ်သွားတော့သည်။ ဇနီးသည် ကချေသည်မသည်လည်း ခင်ပွန်းသည်၏ လမ်းကြောင်းအတိုင်း ကျင့်ကြံသဖြင့် ရဟန္တာဖြစ်လျက် ဘိက္ခုနီပြုသွားတော့သည်။

ဥဂ္ဂသေနသူဌေးသားဝတ္ထု ပြီး၏။

၇။ လေးသမားဘဝမှလာသူ ရဟန်းငယ်ဝတ္ထု

[အိမ်ထောင်ဦးစီး လိုနေပါသည်ဟူသော စကားကြောင့် ဝိန်ဆဲးနေသူ]

ရဟန်းငယ်တစ်ပါးသည် စာရေးတဲ့မဲရသော အိမ်မှ ယာဂုကို ယူလာပြီး ဆွမ်းစားရာနေရာ၌ ဘုဉ်းပေးသည်။ ယာဂုဘုဉ်းပေးပြီး သောက်ရန် ရေမရှိ၍ အိမ်တစ်အိမ်သို့သွားကာ ရေအလှူခံသည်။ ထိုအိမ်မှ အမျိုးသမီးသည် ရဟန်းငယ်ကို မြင်လျှင်မြင်ချင်း မေတ္တာစိတ်သက်ဝင်သွားသည်။ ရေကို လှူရင်း နောက်ထပ် ရေအလိုရှိလျှင် ကြွခဲ့ပါဟု ဖိတ်ကြားသည်။ ရေအလိုရှိတိုင်း သွားရာမှ အမျိုးသမီးနှင့် ရဟန်းငယ်တို့ သံယောဇဉ် တွယ်မိသွားကြသည်။ နောက်နေ့တွင် ယာဂုနှင့် ဆွမ်းကိုပါ ကပ်လှူလျက် ဤအိမ်၌ "အစစအရာရာ ပြည့်စုံပါသည်။ စီမံ ခန့်ခွဲမည့် အိမ်ထောင်ဦးစီးသာ လိုနေပါသည်" ဟု အမျိုးသမီးက လျှောက်ထားသည်။ [ရဟန်းငယ်သည် ဘဝတစ်ခုခု စူဠဓနုဂ္ဂဟ = လေးသမားငယ် ဖြစ်ခဲ့ဖူးသည်]

http://www.dhammadownload.com

ရဟန်းငယ်သည် အမျိုးသမီး၏စကားကို နားမှမထွက်နိုင်ဖြစ်လျက် မစားနိုင်၊ မသောက်နိုင်ဖြစ်နေပြီး တစ်နေ့ထက်တစ်နေ့ ပိန်ချုံးလာသည်။ ရဟန်းများက ထိုရဟန်းငယ်ကို ဘုရားရှင်ထံခေါ်သွားပြီး လျှောက်ထားကြသည်။ ရဟန်းငယ်ကလည်း အဖြစ်မှန်ကို ဝန်ခံသည်။ ဘုရားရှင်က ရဟန်းငယ်ကို ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ ရဟန်းငယ် သောတာပန်ဖြစ်သွားသည်။

၃၄၉။ ဝိတက္ကမထိတာသေ ဖန္တုနော၊ တိဗ္ဗရာဂသေ သုဘာနုပသိနော။
ဘိယျော တဏှာ ပဝဍ္ဎတိ၊ သေ ခေါ ဒဠှံကရောတိ ဗန္ဓနံ။

၃၅၀။ ဝိတက္ကူပသမေ စ ယော ရတော၊
အသုဘံ ဘာဝယတေ သဒါ သတော။
သေ ခေါ ဗျန္တိ ကာဟိတိ၊
သေ ဆေစ္ဆတိ မာရပဗန္ဓနံ။

ဒေသနာ၏အဓိပ္ပာယ်

၃၄၉။ ကာမဂုဏ် စိတ်အကြံ နှိပ်စက်ခံရ၍ ရာဂထက်သန်သော၊ ကာမဂုဏ်အာရုံကို တင့်တယ်သည်ဟု အဖန်တလဲလဲ ရှုလေ့ရှိသူမှာ တဏှာသည် အလွန်တိုးပွား၏။ ဤသူသည် တဏှာအနှောင်အဖွဲ့ကို မြဲသည်ထက်မြဲအောင် ပြုလေ၏။

၃၅၀။ ကာမဂုဏ်စိတ်အကြံ ငြိမ်းခြင်း၌ မွေ့လျော်သော၊ အမြဲသတိရှိလျက် ကာမဂုဏ်ကို မတင့်တယ်ဟု ရှုသူသည် တဏှာကင်းခြင်းကို ပြုလိမ့်မည်။ ဤသူသည် ဝဋ်ဆင်းရဲတည်းဟူသော မာရ်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်တောက်၏။

လေးသမားဘဝမှလွှာသူ ရဟန်းငယ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၈။ ဆင်ယောင်ဆောင်လာသော မာရ်နတ်ဝတ္ထု

[ဆင်ယောင်ဆောင်၍ နှိပ်စက်သော်လည်း ရဟန္တာသည်မကြောက်]

တစ်နေ့သောကာလ ညအခါတွင် ရဟန်းတော်တို့သည် ဇေတဝန်ကျောင်းတော်သို့ ရောက်လာကြသည်။ ရာဟုလာသာမဏေသည် ရဟန်းတော်တို့နှင့်အတူ နှစ်ည၊ သုံးညလွန်အောင် တစ်မိုးတစ်ရံတည်း၌ မအိပ်ရဟူသော ဝိနည်းတော်အရ ဂန္ဓကုဋီမုခ်ဝသို့ သွားရောက် ကျိန်းစက်ရသည်။ ထိုအခါ မာရ်နတ်သည် ဆင်ယောင်ဆောင်လျက် ကျိန်းစက်နေသော ရာဟုလာ သာမဏေ၏ ဦးထိပ်ကို နှာမောင်းဖြင့် ရစ်ပတ်ကာ ကျယ်လောင်စွာ အသံပေးသည်။ မာရ်နတ်၏ ရည်ရွယ်ချက်မှာ သားတော် ရာဟုလာကို နှိပ်စက်လျှင် ဘုရားရှင် သည်လည်း နာကျင်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။

ဂန္ဓကုဋီကျောင်းတော်၌ သီတင်းသုံးနေသော ဘုရားရှင်သည် ရာဟုလာအား မာရ်နတ် နှိပ်စက်နေသည်ဟုသိ၍ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ငါ နှိပ်စက်သည်ကို ဘုရားရှင် သိပြီဟု ဆိုကာ မာရ်နတ် ထွက်ပြေးသွားတော့သည်။

၃၅၁။ နိဒ္ဒက်တော အသန္တာသီ၊ ဝိတတဏှော အနဂ်ဏော၊
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊ အန္တိမော'ယံ သမုဿယော။
၃၅၂။ ဝိတတဏှော အနာဒါနော၊
နိရုတ္တိပဒကောဝိဒေါ၊
အက္ခရာနံ သန္နိပါတံ၊
ဇညာ ပုဗ္ဗာပရာနိ စ၊
သ ဝေ "အန္တိမသာရီရော၊
မဟာပညော မဟာပုရိသော"တိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၅၁။ အရဟတ္တဖိုလ်တည်းဟူသော ပန်းတိုင်သို့ ရောက်ပြီး သူသည် ကြောက်ရွံ့ ထိတ်လန့်မှုမရှိ၊ တဏှာမရှိ၊ ကိလေသာကင်း၏။ ဘဝသုံးပါး၌

http://www.dhammadownload.com

ရှိသည့် ရာဂ စသော ဆူးငြောင့်များကို ပယ်ဖြတ်ပြီးဖြစ်၍ ဤခန္ဓာကိုယ်သည် ဘဝ၏ နောက်ဆုံးဖြစ်၏။

၃၅၂။ တဏှာကင်း၏။ အစွဲအလမ်းမရှိ၊ ဝိဂြိုဟ် ရွတ်ဆိုခြင်း၊ ပုဒ်ကို ရွတ်ဆိုခြင်း၌ လိမ္မာ၏။ အက္ခရာတို့၏ အပေါင်းကိုလည်း သိ၏။ ရှေ့နောက် အက္ခရာတို့၏ အဆက်အသွယ်ကိုလည်း သိ၏။ နောက်ဆုံးဘဝ၏ ခန္ဓာလည်း ရှိ၏။ စင်စစ်အားဖြင့် ဤသူကို ပညာကြီးသော ယောဂျားမြတ် "မဟာပုရိသ" ဟု ဆိုအပ်သည်။

ဆင်ယောင်ဆောင်လာသော မာရ်နတ်ဝတ္ထု ပြီး၏။

၉။ ဥပကတက္ကတွန်းဝတ္ထု

[တရားဦးဟောရန် မိဂဒါဝုန်သို့ ကြွတော်မူစဉ် လမ်း၌ တွေ့ရသူ]

ဘုရားရှင်သည် ဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူပြီး တရားဦးရတနာ ဓမ္မစက်ကြာတရား ဟောတော်မူရန် မိဂဒါဝုန်သို့ ကြွတော်မူသည်။ လမ်း၌ ဥပကတက္ကတွန်းကြီးနှင့် တွေ့၍ တက္ကတွန်းကြီးက သဗ္ဗာယ် တော်မူလှသော ဘုရားရှင်ကို ကြည့်ကာ "ငါ့ရှင်၊ သင်၏ ကွန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရောင်အဆင်းလည်း သန့်ရှင်းဖြူစင်လှ၏။ ပြိုးပြက်သော အရောင်လည်းရှိ၏" ဟု ပြောဆိုပြီး အသင်၏ဆရာ မည်သူနည်းဟု မေးသည်။

ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် အဆုံး၌ တက္ကတွန်းကြီးသည် ဦးခေါင်းကို ညိတ်ကာ ညိတ်ကာ ခရီးဆက်သွားလေသည်။

၃၅၃။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနုပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ' ကမုဒ္ဒိသေယျံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၅၃။ ငါသည် အလုံးစုံသော တရားတို့ကို အောင်မြင်ပြီးပြီ။ တရားအားလုံးကိုလည်း သိ၏။ အလုံးစုံသော တရားတို့၌ ကပ်ငြိတွယ်တာခြင်းမရှိ။ တေဘူမက တရားတို့ကို ပယ်စွန့်ခဲ့ပြီ။ တဏှာ၏ ကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီ။ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိပြီဖြစ်၍ အဘယ်သူကို ငါ၏ ဆရာဟူ၍ ညွှန်ပြရအံ့နည်း။

ဥပကတက္ကတွန်းဝတ္ထု ပြီး၏။

၁၀။ သိကြားမင်းမေးသော ပြဿနာလေးရပ်ဝတ္ထု

တာဝတိံသာနတ်ပြည်မှ နတ်အပေါင်းတို့သည် စုဝေးကာ အလှူဟူသမျှ အဘယ်အလှူ အမြတ်ဆုံး ဖြစ်သည်။ အရသာဟူသမျှ ဘယ်အရသာက အမြတ်ဆုံး ဖြစ်သည်။ မွေ့လျော်ခြင်းတွင် အဘယ်မွေ့လျော်ခြင်းက အကြီးကျယ်ဆုံး ဖြစ်သည်။ တဏှာကုန်ခန်းခြင်းကို အဘယ်ကြောင့် အမြတ်ဆုံးဟု ဆိုရသနည်းဟု ပြဿနာလေးရပ်၏အဖြေကို အချင်းချင်း မေးကြသည်။ မည်သည့်နတ်ကမျှ မဖြေနိုင်၍ နတ်မင်းကြီး လေးယောက်ထံ သွားမေးကြသည်။ နတ်မင်းကြီးများကလည်း မဖြေနိုင်၍ သိကြားမင်းထံ ရောက်သွားကြသည်။ သိကြားမင်းကလည်း မဖြေနိုင်၍ ဘုရားရှင်ထံ သွားရောက် မေးလျှောက်သည်။ ထိုအခါ ဘုရားရှင်က ပြဿနာလေးရပ်၏အဖြေကို ဤဒေသနာတော်ဖြင့် ဟောကြားပေးတော်မူသည်။

၃၅၄။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗ ဒုက္ခံ ဇိနာတိ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၅၄။ အလှူဒါန အားလုံးတွင် တရားဟောခြင်း၊ တရားပြခြင်း စသော တရားအလှူသည် အမြတ်ဆုံး၊ အရသာအားလုံးတို့တွင် တရားအရသာသည် အမြတ်ဆုံး၊ မွေ့လျော်မှု အားလုံးတွင် တရားဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံး၊ ဆင်းရဲဒုက္ခကုန်ရာ အားလုံးတွင် တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အမြတ်ဆုံး။

သိကြားမင်းမေးသော ပြဿနာလေးရပ်ဝတ္ထု ပြီး၏။

၁၁။ သားသမီးမရှိ၍ ဥစ္စာပစ္စည်းအသိမ်းခံရသူဝတ္ထု

[စားနိုင်၊ ဝတ်နိုင်၊ အဆင့်မြင့်မြင့်နေနိုင်ပါလျက် မနေခဲ့ရသူ]

သားသမီးမရှိသူ (အပုတ္တကအမည်ရှိ) သာဝတ္ထိပြည်သား သူဌေးသည် စည်းစိမ်ဥစ္စာ ချမ်းသာသည်။ သို့သော် အစားကောင်းမစား၊ ဆန်ကွဲထမင်းနှင့် ပအုန်းရည်ဟင်းသာ စားသည်။ အဝတ်ကောင်း မဝတ်။ ချည်ဖြင့်ရက်သော အဝတ်ကြမ်းသာ ဝတ်သည်။ ရွှေဘီးတပ်သော ယာဉ်ရထားစီးနိုင်ပါလျက် ဟောင်းနွမ်း ဆွေးမြည့်နေသော ယာဉ်ငယ်ကိုသာ စီးသည်။ ရွှေထီးဆောင်းနိုင်သော်လည်း ရွှေထီးမဆောင်း၊ သစ်ရွက်ထီးကိုသာ ဆောင်းသည်။ သူ သေသွားသဖြင့် ကောသလမင်းကြီးက သူ့ပစ္စည်းဥစ္စာအားလုံး သိမ်းယူလိုက်သည်။

ထိုအကြောင်းများကို ကောသလမင်းကြီးက ဘုရားရှင်ထံ လျှောက်ထားသဖြင့် ဘုရားရှင်က ထိုသူဌေး၏ အတိတ်ကံအကြောင်း မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၅၅။ ဟန္တိ ဘောဂါ ဒုမ္မေဓံ၊ နော စ ပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊ ဟန္တိ အညေဝ အတ္တာနံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၅၅။ စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးသတ်ဖြတ်တတ်သည်။ နိဗ္ဗာန်ကို ရှာနေသူ ပညာရှိတို့ကိုကား မဖျက်ဆီး မသတ်ဖြတ်နိုင်ကြကုန်။ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာကို တပ်မက်သောကြောင့် သူတစ်ပါးကိုရော မိမိကိုပါ ဖျက်ဆီးသတ်ဖြတ်သည်။

သူဌေး၏ ရှေးအတိတ်ကံ

ထိုသူဌေးသည် ဘဝတစ်ခု၌ သူကြွယ်ဖြစ်ခဲ့ဖူးသည်။ ဆွမ်းခံကြွလာသော တဂရသိခီ ပစ္စေကဗုဒ္ဓါကို သူဌေးကတော်က ဆွမ်းခဲဖွယ်များ လှူလိုက်သည်။ လမ်း၌ ပစ္စေကဗုဒ္ဓါနှင့် တွေ့စဉ် လှူလိုက်သော ဆွမ်းခဲဖွယ်ကို မြင်၍ "ဤရဟန်းကို လှူရခြင်းထက် ငါ့ကျွန် အလုပ်သမားတို့ကို ပေးရခြင်းကပို၍ အကျိုးရှိသည်" ဟု ဝစီကံဖြင့် ပြစ်မှားပြောဆိုသည်။ ထို့ပြင် အစ်ကို၏သားကို ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ သတ်ခဲ့ဖူးသည်။ ဆွမ်းလှူရန် ဇနီးကို မှာခဲ့သော ကုသိုလ်ကြောင့် သူဌေးစည်းစိမ်ရသည်။ ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့သဖြင့် ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာတို့၌ စိတ်မညွှတ်။ တူကို သတ်သဖြင့် ငရဲခံရပြီး သားသမီးအမွေခံ မရှိ၍ ပစ္စည်းဥစ္စာ အသိမ်းခံရသည်။

ယခုဘဝ ကွယ်လွန်ပြီးနောက် ငရဲသို့ ကျရောက်သွားရပြန်သည်။

သားသမီးမရှိ၍ ဥစ္စာသိမ်းခံရသူဝတ္ထု ပြီး၏။

၁၂။ အက်ုရနတ်သားဝတ္ထု

[အလှူဒါနပြုလျှင် ရွေးချယ်၍ပြုရန် ဆုံးမခံရသူ]

အက်ုရနတ်သားသည် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့ အကြားကာလ၌ အနှစ်တစ်သောင်းတို့ပတ်လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော မီးဖိုကြီးတို့ဖြင့် ကြီးကျယ်သော အလှူဒါန ပြုခဲ့ဖူးသည်။ သို့သော် ထိုကာလ

http://www.dhammadownload.com

သည် သာသနာပကာလ ဖြစ်သည်။ သာသနာတွင်းကာလ၌ လျှူသော အလျှူကဲ့သို့ အကျိုးမကြီးပေ။

မြင့်မြတ်သော အလျှူခံထိုက်သူရှိ

ဘုရားရှင်သည် အကုံရနတ်သားအား အလျှူဒါနပြုလျှင် ရွေးချယ်၍ ပြုပါ။ ရွေးချယ်၍ပြုသော အလျှူဒါနကို ဘုရားရှင်တို့ ချီးမွမ်းကြသည်။ ဤလောက၌ မြင့်မြတ်သော အလျှူခံထိုက်သူတို့ ရှိကုန်၏။ ထိုသူတို့အား လျှူအပ်သော အလျှူသည် လယ်ယာမြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ကောင်းနှင့် တူသည်ဟု ဆုံးမတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၅၆။ တိဏာဒါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၃၅၇။ တိဏာဒါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၃၅၈။ တိဏာဒါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
၃၅၉။ တိဏာဒါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

ဒေသနာ၏အဓိပ္ပာယ်

၃၅၆။ လယ်ယာတို့သည် ပေါင်းမြက်တို့ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် ရာဂကြောင့် ပျက်စီး၏။ ထို့ကြောင့် ရာဂကင်းသူ ရဟန္တာတို့ကို ပေးလှူသော အလျှူသည် မြတ်၏။

၃၅၇။ လယ်ယာတို့သည် ပေါင်းမြက်တို့ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါ အပေါင်းသည် ဒေါသကြောင့် ပျက်စီး၏။ ထို့ကြောင့် ဒေါသကင်းသူ ရဟန္တာတို့ကို ပေးလှူသော အလျှူသည် မြတ်၏။

http://www.dhammadownload.com

၃၅၈။ လယ်ယာတို့သည် ပေါင်းမြက်တို့ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် မောဟကြောင့် ပျက်စီး၏။ ထို့ကြောင့် မောဟကင်းသူတို့ကို ပေးလှူသော အလှူသည် မြတ်၏။

၃၅၉။ လယ်ယာတို့သည် ပေါင်းမြက်တို့ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် အလိုရမ္မက်ကြောင့် ပျက်စီး၏။ ထို့ကြောင့် အလိုရမ္မက် ကင်းသူတို့ကို ပေးလှူသော အလှူသည် မြတ်၏။

အကိုရနတ်သားဝတ္ထု ပြီး၏။

တဏှာဝဂ် ပြီးပြီ။



ဘုရားရှင်က အကုံရနတ်သားအား အလှူဒါနပြုလျှင် ရွေးချယ်ရှိပြုရန် ဆုံးမနေစဉ်။

http://www.dhammadownload.com

ဘိက္ခုဝဂ်

ဘိက္ခု = ရဟန်း၊ ဝဂ္ဂ = ဝဂ်၊ အစု။
ခေါင်းတုံးထား၍မျှနှင့် ရဟန်းမဟုတ်၊ ဆွမ်းခံစား၍နှင့် ရဟန်းမဟုတ်၊
ကိုယ်နှုတ်စိတ်ကို စောင့်စည်းနိုင်မှ ရဟန်း စသည်ဖြင့် ဟောကြားထားသော
ဝတ္ထုနှင့် အသနာအစု။



၁။ ဒွါရတစ်ပါးစီ စောင့်စည်းသောရဟန်းငါးပါးဝတ္ထု

[ဒွါရခြောက်ပါးစလုံး စောင့်စည်းရန် ဆုံးမခံရသူ ရဟန်းများ]

မျက်စိ (စက္ခုဒွါရ) ဖြင့် အကုသိုလ်မဖြစ်အောင် စောင့်ထိန်းရခြင်းသည် အခက်ခဲဆုံးဖြစ်သည်ဟု ရဟန်းတစ်ပါးက ပြောသည်။ ထိုရဟန်းသည် စက္ခုဒွါရကို စောင့်ထိန်းသူဖြစ်၍ သူ့အလုပ်ကို အခက်ခဲဆုံးဟု ပြောခြင်းဖြစ်သည်။ အခြားရဟန်းလေးပါးကလည်း သူတို့ စောင့်ထိန်းနေသော နား (သောတ)၊ နှာခေါင်း (ဃာန) စသည်ဖြင့် အကုသိုလ် မဖြစ်အောင် စောင့်ထိန်းရခြင်း သည်သာ အခက်ဆုံးဟု ပြောဆို ငြင်းခုံကြသည်။

ဘုရားရှင်က ဆုံးမတော်မူပြီ

ထိုရဟန်းငါးပါးစလုံးသည် ဘုရားရှင်ထံ ဝင်ရောက်၍ ထိုအကြောင်းကို လျှောက်ထားကြသည်။ ဘုရားရှင်က "ချစ်သားတို့၊ အလုံးစုံသော မျက်စိ၊ နား စသည် ဒွါရတို့သည် အကုသိုလ် မဖြစ်အောင် စောင့်ထိန်းနိုင်ဖို့ ခက်သည်။ ရဟန်းဟူသည် ဒွါရအားလုံးကို စောင့်ထိန်းရမည်" ဟု ဆုံးမတော်

http://www.dhammadownload.com

မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရသဖြင့် ရဟန်းငါးပါးစလုံး သောတာပန် ဖြစ်သွားကြသည်။

၃၆၀။ စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
၃၆၁။ ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၀။ မျက်စိ(စက္ခု)ဖြင့် အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။ နား (သောတ) ဖြင့် အကုသိုလ် မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။ နှာခေါင်း (ဃာန) ဖြင့် အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။ လျှာ (ဇိဝှာ) ဖြင့် အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။

၃၆၁။ ကိုယ် (ကာယ) ဖြင့် အကုသိုလ် မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။ နှုတ် (ဝစီ) ဖြင့်၊ စိတ် (မနော) ဖြင့် အကုသိုလ် မဖြစ်အောင် စောင့်ထိန်းခြင်းသည် ကောင်း၏။ ဒွါရခြောက်ပါးလုံးဖြင့် စောင့်ထိန်းခြင်းသည် ကောင်း၏။ ဒွါရခြောက်ပါးလုံး စောင့်ထိန်းသူ ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်ရ၏။

ဒွါရတစ်ပါးစီ စောင့်စည်းသော
ရဟန်းငါးပါးဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂။ ဟသ်ာသတ်သော ရဟန်းဝတ္ထု

[ကိုယ်၊ နှုတ်၊ စိတ် သုံးပါး စောင့်စည်းသူသာ ရဟန်းဟု ခေါ်သည်]

ရဟန်းနှစ်ပါးသည် အစိရဝတီမြစ်၌ ရေချိုးပြီး မြစ်ကမ်းပေါ်၌ နေပူဆာလှုံနေကြစဉ် ဟသ်ာနှစ်ကောင် ပျံလာရာ ရဟန်းတစ်ပါးက "ဟသ်ာ၏ မျက်စိကို ထိအောင်ပစ်မည်" ဟု ပြောပြီး ကျောက်စရစ်ခဲကို ကောက်ယူသည်။ အခြားရဟန်းတစ်ပါးက "သင် ထိအောင်မပစ်နိုင်" ဟု ပြောသဖြင့် ကျောက်စရစ်ခဲ ကောက်ထားသူ ရဟန်းက "ဒီဘက်က မျက်စိကိုထားဦး၊ ဟိုဘက် မျက်စိကိုပါ ထိအောင် ပစ်နိုင်သည်" ဟု ပြောပြီး လှမ်းပစ်လိုက်သည်။ ကျောက်စရစ်ခဲသံကြား၍ ဟသ်ာက လှည့်ကြည့်ရာ နောက်ထပ်၍ ပစ်လိုက်သော ကျောက်စရစ်ခဲမှန်ပြီး ဟသ်ာ၏ မျက်စိနှစ်လုံးစလုံး ထွက်ကျသွားသည်။ ဟသ်ာသည်လည်း ရဟန်းခြေရင်းသို့ ကျလာသည်။

ထိုအကြောင်းကို အခြားရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က ထိုရဟန်းနှစ်ပါးကို ခေါ်၍ ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၆၂။ ဟတ္ထသံယတော ပါဒသံယတော၊
ဝါစာသံယတော သံယတုတ္တမော။
အဇ္ဈတ္တရတော သမာဟိတော၊
ကော သန္တုသိတော တ'မာဟု ဘိက္ခုံ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၂။ အကြင်သူသည် လက်ကို စောင့်စည်း၏၊ ခြေကို စောင့်စည်း၏၊ နှုတ်ကို စောင့်စည်း၏၊ အရာရာကို ကောင်းစွာ စောင့်စည်း၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ မွေ့လျော်လျက် တည်ကြည်သောစိတ်လည်းရှိ၍ တစ်ယောက်ထီးတည်းနေ၏၊ ရသမျှနှင့်လည်း ရောင့်ရဲ၏၊ ထိုသူကို ရဟန်းဟု ခေါ်၏။

ဟသ်ာသတ်သောရဟန်းဝတ္ထု ပြီး၏။

http://www.dhammadownload.com

၃။ နှုတ်မစောင့်သူ ကောကာလိကရဟန်းဝတ္ထု

[နှုတ်ကို စောင့်စည်းခြင်းမရှိသူ ဒေဝဒတ်နောက်လိုက် ရဟန်း]

ကောကာလိက ရဟန်းသည် ဒေဝဒတ်၏ နောက်လိုက်ဖြစ်သည်။ နှုတ်ကြမ်းသည်၊ အပြောအဆို ရိုင်းစိုင်းသည်၊ နှုတ်ကို စောင့်စည်းခြင်းမရှိ။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့သော မထေရ်ကြီးများကိုပင် ဆဲရေးတိုင်းထွာ ပြောဆိုသည်။ ထိုအကုသိုလ်များကြောင့် ပဒုမငရဲသို့ ကျရောက်ခံစားရသည်။ ဤအကြောင်းများကို ဘုရားရှင် သိတော်မူသဖြင့် ကောကာလိက ရဟန်းကို အကြောင်းပြုကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၆၃။ ယော မုခသံယတော ဘိက္ခု၊ မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၃။ ရဟန်းသည် နှုတ်ကို စောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပျံ့လွင့်သောစိတ် ရှိ၏။ အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊ ဘုရားဟောကြားသော တရားတော်ကို လည်းကောင်း ဟောပြတတ်၏။ ထိုသို့သော ရဟန်း၏ စကားသည် ချိုသာ၏။

(ကောကာလိက၏ အတိတ်ဝတ္ထုကို ဒုကနိပါတ်ဗီရဏထမ္ဘဝဂ် ကစ္ဆပဇာတ်၌ ကြည့်ပါ)

နှုတ်မစောင့်သူ ကောကာလိကရဟန်းဝတ္ထု ပြီး၏။

http://www.dhammadownload.com

၄။ ဘုရားရှင်အလိုက္ခ ကျင့်သူ မထေရ်ဝတ္ထု

[ဘုရားရှင် သာဓုခေါ်လျက် ချီးကျူးခြင်းခံရသူ]

ဘုရားရှင်သည် ရဟန်းတို့အား "ဤနေ့မှ နောက်လေးလလွန်လျှင် ပရိနိဗ္ဗာန် ပြုတော့မည်" ဟု မိန့်ကြားတော်မူသည်။ ဘုရားရှင် မိန့်ကြားသော စကားတော်ကြောင့် ပုထုဇဉ် ရဟန်းတို့က ဝမ်းနည်းကြသည်။ ရဟန္တာမထေရ်တို့က တရားသံဝေဂ ဖြစ်ကြသည်။ ရဟန်းတော်များသည် ဘုရားရှင် အနီး၌သာ ခြံရံနေကြသည်။ အရှင်ဓမ္မာရာမ မထေရ်ကမူ ဆိတ်ငြိမ်ရာသို့ သွားရောက် သီတင်းသုံးလျက် "ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ ရဟန္တာဖြစ်အောင် ကြိုးစားမည်" ဟု ကြံစည်ကာ တရားအားထုတ်နေသည်။ အခြားရဟန်းတို့က "အရှင်ဓမ္မာရာမ မထေရ်သည် ဘုရားရှင်အပေါ် မြတ်နိုးတွယ်တာမှု မရှိ၍ လွတ်ရာကျွတ်ရာ အခြားတစ်နေရာသို့ သွားနေပါသည် ဘုရား" ဟု လျှောက်ထားကြသည်။

ရဟန္တာဖြစ်တော်မူပြီ

ဘုရားရှင်သည် အရှင်ဓမ္မာရာမ မထေရ်ကို ခေါ်၍ ရဟန်းတို့ လျှောက်ထားသည့်အတိုင်း မှန်သလောဟု မေးတော်မူသည်။ အရှင်ဓမ္မာရာမ မထေရ်က သူ၏ အကြံအစည်အကြောင်း ပြန်၍ လျှောက်ထားသည်။ ဘုရားရှင်သည် အရှင်ဓမ္မာရာမ မထေရ်ကို ချီးကျူး သာဓုခေါ်တော်မူလျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ အရှင်ဓမ္မာရာမ မထေရ် ရဟန္တာဖြစ်တော်မူသည်။

၃၆၄။ ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၄။ သူတော်ကောင်းတရားနှင့်အညီ နေလျက် သူတော်ကောင်းတရား

http://www.dhammadownload.com

၌ မွေ့လျော်ကာ သူတော်ကောင်းတရားကို အဖန်တလဲလဲ ကြိုစည်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ပေ။

ဘုရားရှင်အလိုကျကျင့်သူ မထေရ်ဝတ္ထု ပြီး၏။

၅။ အယူဝါဒမတူသော ရဟန်းနှင့်ပေါင်းသူ ဝတ္ထု

[အယူမတူသူနှင့် ပေါင်းဖော်နေသော ရဟန်းတစ်ပါး]

ဝေဠုဝန်ကျောင်းတော်နေ ရဟန်းတစ်ပါးသည် အယူဝါဒမတူသော အခြားရဟန်းတစ်ပါးနှင့် ခင်မင်နေသည်။ ထိုအခြားရဟန်းတစ်ပါးမှာ ဒေဝဒတ်၏ နောက်လိုက်ရဟန်း ဖြစ်သည်။ တစ်နေ့ ဆွမ်းခံရင်း သူတို့နှစ်ပါးတို့ ဆုံမိကြသည်။ ဒေဝဒတ်ဘက်သား ရဟန်းက သူတို့နေရာဒေသ၌ ဆွမ်းဘောဇဉ် လာဘ်သပ်ပကာ ပေါများသည်။ လိုက်နေပါဟုခေါ်၍ ဝေဠုဝန်ကျောင်းတော်နေ ရဟန်းက လိုက်ပါသွားသည်။ နှစ်ရက်၊ သုံးရက်နေပြီး ပြန်လာသောအခါ ထိုရဟန်းအကြောင်းကို အခြားရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။

စက်ဆုပ်ဖွယ် မဖြစ်စေနှင့်

ဘုရားရှင်က ထိုရဟန်းကိုခေါ်ကာ "မိမိအတွက် လာဘ်လာဘကို မတရား ရှာမှီးသောအားဖြင့် စက်ဆုပ်ဖွယ် မဖြစ်စေနှင့်" ဟု ဆုံးမကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၆၅။ သလာဘံ နာတိမညေယျ၊ နာ'ညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊ သမာဓိ နာဓိဂစ္ဆတိ။
၃၆၆။ အပ္ပလာဘောပိ စေ ဘိက္ခု၊ သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊ သုဒ္ဓါဇီဝံ အတန္ဒိတံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၆၅။ ရဟန်းဟူသည် တရားနှင့်ညီသော မိမိ၏ လာဘ်လာဘကို အထင်မသေးရာ၊ သူတစ်ပါးတို့၏ လာဘ်လာဘကိုလည်း အထင်မကြီး မနှစ်သက်ရာ။ သူတစ်ပါးတို့၏ လာဘ်လာဘကို နှစ်သက် အထင်ကြီးသော ရဟန်းသည် စိတ်တည်ကြည်မှု သမာဓိကို မရနိုင်။

၃၆၆။ ရဟန်းဟူသည် လာဘ်လာဘ နည်းသော်လည်း တရားသဖြင့် ရသော မိမိ၏ လာဘ်လာဘကို အကယ်၍ အထင်မသေးခဲ့ (စက်ဆုပ်ရွံရှာဖွယ် မဖြစ်ခဲ့) လျှင် အသက်မွေးမှု စင်ကြယ်သည်။ လုံ့လစိုက်၍ ပျင်းရိခြင်း မရှိသော ထိုရဟန်းကို နတ်တို့ ချီးကျူးကုန်၏။

အယူဝါဒမတူသူ ရဟန်းနှင့် ပေါင်းသော
ရဟန်းတစ်ပါးဝတ္ထု ပြီး၏။

၆။ အဦးငါးပါးလှူသူ ပုဏ္ဏားဝတ္ထု

[ဘုရားရှင်၏ ဒေသနာ ကြားနာရ၍
အနာဂါမ်ဖြစ်သူ ဇနီးမောင်နှံ]

သာဝတ္ထိမြို့မှ ပုဏ္ဏားကြီး တစ်ဦးသည် လယ်လုပ်ငန်း စဝင်သောအခါ လယ်ဦး အလှူပြုပြီး လုပ်ငန်းစလေ့ ရှိသည်။ ကောက်နယ်ချိန်၌ နယ်ဦးအလှူ၊ ကျီသို့ သွင်းသောအခါ ကျီးသွင်းအလှူ၊ အိုး၌ထည့်ချက်သောအခါ အိုးဦးအလှူ၊ ချက်ပြီးစားရန် ပန်းကန်ပြား၊ ခွက် စသည်၌ ထည့်သောအခါ ခွက်ဦးအလှူဟူ၍ အဦးအဖျား အလှူငါးမျိုး ပြုလုပ်လေ့ ရှိသည်။ သူ့အမည်မှာလည်း အဦးငါးပါးလှူသူဖြစ်၍ ပဉ္စဂ္ဂ ဒါယကာ = (ပဉ္စ–ငါးပါး၊ အဂ္ဂ–အဦး) ဟု ခေါ်တွင်သည်။

http://www.dhammadownload.com

အနာဂါမ်ဖြစ်နိုင်သူများ

တစ်နေ့တွင် ပုဏ္ဏားကြီး ဇနီးမောင်နှံ အနာဂါမ်ဖြစ်မည်ကို မြင်တော်မူသဖြင့် ဘုရားရှင်သည် သူတို့အိမ်ရှေ့၌ ဆွမ်းရပ်တော်မူသည်။ ပုဏ္ဏားကြီးသည် အိမ်အဝင်ဝကို ကျောပေးပြီး ထမင်းစားနေ၍ ဘုရားရှင်ကို မမြင်၊ ပုဏ္ဏေးမကြီးက ဘုရားရှင်ကို မြင်သည်။ သို့သော် ပုဏ္ဏားကြီး ဘုရားရှင်ကို မြင်ပြီး ဆွမ်းလောင်းလိုက်လျှင် ထမင်းပြန်ချက်ရမည်စိုးသဖြင့် ဘုရားရှင်ကို မမြင်နိုင်အောင် ပုဏ္ဏေးမကြီးက ကွယ်ထားလိုက်သည်။

ပုဏ္ဏားကြီး မမြင်သေး၍ ဘုရားရှင်သည် အိမ်ရှေ့၌ ရပ်မြဲရပ်နေသည်။ ပုဏ္ဏေးမကြီးက အသံတိုးတိုးဖြင့် "ကန်တော့ပါသေးရဲ့ ဘုရား" ဟု ပြောသည်။ ဘုရားရှင်က ငါ မကြွသေးဘူးဟူသော အဓိပ္ပာယ်ဖြင့် ခေါင်းခါပြသည်။ ပုဏ္ဏေးမကြီးက ဘုရားရှင် ခေါင်းခါပြသည်ကို မြင်၍ ရယ်လေသည်။ ဘုရားရှင်က ရောင်ခြည်များ လွှတ်သဖြင့် ပုဏ္ဏားကြီး မြင်သွားသည်။ "တပည့်တော်စားထား၍ ထမင်းတစ်ဝက် ကျန်ပါသေးသည်။ သီးသန့်ထားသော ထမင်းများ ဖြစ်ပါသည်။ အလှူခံပါမည်လား ဘုရား" ဟု မေးသည်။ ဘုရားရှင်က "ပုဏ္ဏားကြီး၊ ရဟန်းတို့မည်သည် သူတစ်ပါးလှူသည်ကို အမှီပြုနေရသူများ ဖြစ်သည်။ လှူလျှင် အလှူခံပါသည်" ဟု မိန့်တော်မူသဖြင့် ပုဏ္ဏားကြီးက ထမင်းအကျန်များကို လှူလိုက်သည်။

ထို့နောက် ပုဏ္ဏားကြီးက "အဘယ်သို့သော ကျင့်ဝတ်နှင့် ပြည့်စုံသူကို ရဟန်းဟု ခေါ်ပါသလဲ" ဟု မေး၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားကြီး ဇနီးမောင်နှံ အနာဂါမ်ဖြစ်သွားကြသည်။

၃၆၇။ သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ နသောစတိ၊ သ ဝေ "ဘိက္ခူတိ" ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၇။ နာမ်တရား၊ ရုပ်တရားကို ငါ၊ ငါ၏ဥစ္စာဟု စွဲလမ်းခြင်းမရှိ။

http://www.dhammadownload.com

ထို ရုပ်နာမ်ပျက်စီးသော်လည်း ငါ၊ ငါ၏ ဥစ္စာပျက်စီးပြီဟု စိုးရိမ်ပူပန်မှု မရှိသူကို ရဟန်းဟု ဆိုအပ်၏။

အဦးငါးပါးလှူသူ ပုဏ္ဏားဝတ္ထု ပြီး၏။

၎။ ခိုးသူဘဝမှ ရဟန်းပြုလာသူများဝတ္ထု

[မသိသေး၍ ခိုးဆိုးခဲ့သော်လည်း သိ၍ ကျင့်သဖြင့် တရားရသူများ]

အရှင်မဟာကစ္စည်းထေရ်သည် အဝန္တိတိုင်း ပဝတ္တတောင်၌ သီတင်းသုံးတော်မူစဉ် သောဏသည် မထေရ်ထံ၌ ရှင်သာမဏေဝတ်သည်။ ကံဆောင်နိုင်လောက်သော ရဟန်းမရှိ၍ နောင်သုံးနှစ်ကြာမှ ရဟန်းပြုရသည်။ ရဟန်းဖြစ်ပြီးသော် ဘုရားရှင်ကို ဖူးမြင်ရန် ဇေတဝန်ကျောင်းတော်သို့ သွားသည်။ ဘုရားရှင်၏ ခွင့်ပြုချက်အရ ဂန္ဓကုဋီ၌ ကျိန်းစက်ရသည်။ နံနက်လင်းသော် သုတ္တနိပါတ် ပါဠိတော်မှ အဋ္ဌကဝဂ်လာ သုတ္တန် ၁၆ သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သည်။ သဘောကျ၍ ဘုရားရှင်က သာဓုခေါ်ရာမှ နတ်၊ နဂါး၊ ဗြဟ္မာတို့သည်လည်း သာဓုခေါ်ကာ ကောင်းချီး ပေးကြသည်။

အိမ်စောင့်နတ်က သာဓုခေါ်သော်

သောဏမထေရ်၏ မိခင်အိမ်ကို စောင့်ရှောက်နေသော နတ်ကလည်း သာဓုခေါ်သည်။ မထေရ်၏မိခင်က အိမ်စောင့်နတ် သာဓုခေါ်ရသည့်အကြောင်းကို မေးသောအခါ သောဏမထေရ်က ဘုရားရှင်အား တရားဟောသည့် အကြောင်းကို ပြောပြသည်။ မထေရ်၏ မိခင်သည် ဝမ်းသာပီတိဖြစ်ကာ မထေရ် ရောက်လာလျှင် တရားဟောရန် စီစဉ်မည်ဟု အားခဲထားသည်။ အရှင်သောဏသည် ဥပဇ္ဈာယ်ဆရာ မှာကြားသော ဆုငါးပါးကိုလည်း

http://www.dhammadownload.com

ဘုရားရှင်ထံမှ ခွင့်ပြုချက် ရရှိသည်။ ထို့နောက် ဥပဇ္ဈာယ်ဆရာရှိရာ ကုဝုရဃရသို့ ပြန်လာသည်။ ဤတွင် မယ်တော်ကြီးသည် တောကျောင်း၌ အလှူကြီးစွာပေး၍ သားထံမှ တရားတောင်းသည့်အတွက် မထေရ်က တရားဟောသည်။ မိခင်ကြီးသည် အိမ်၌ အစောင့်အဖြစ် ကျွန်မတစ်ယောက်သာ ထားခဲ့ပြီး တရားမဏ္ဍပ်သို့ သွား၍ တရားနာသည်။

ခိုးသူ ကိုးရာတို့၏ ခေါင်းဆောင်က တရားနာနေသော သူဌေးမကြီး အနီး၌ စောင့်နေသည်။ အခြားခိုးသူတို့က တံတိုင်းခုနစ်ထပ်နှင့် ကျုံးပတ်လည် ဝန်းရံ၍ အစောင့်ခွေးများဖြင့် စောင့်ရှောက်နေသော မထေရ်၏ မယ်တော်ကြီး အိမ်ကို ဥမင်လိုဏ်ခေါင်းတူးပြီး ဖောက်ထွင်းကြသည်။ ဘဏ္ဍာတိုက်တစ်ခုကို ဖောက်ထွင်းခိုးယူတိုင်း အိမ်စောင့် ကျွန်မက တရားနာနေသူ သူဌေးမကြီးထံ အကြောင်းကြားသည်။ နှစ်ကြိမ်တိုင် အကြောင်းကြားလာသော် နောက်ထပ် အကြောင်းမကြားရန် တားသည်။ သုံးကြိမ်ရောက်သောအခါ "တရားအာရုံပျက်အောင် ဓဏဓဏလာမပြောနှင့်၊ ယူချင်တာ ယူပါစေ။ နောက်တစ်ခေါက် လာပြောလျှင် သင့်အား ပြုသင့်သမျှ ပြုမည်" ဟု သူဌေးမကြီးက မှာလိုက်သည်။

ခိုးသူတို့ ပစ္စည်းများပြန်ထားပြီး တောင်းပန်

သူဌေးမကြီးအနီး၌ စောင့်နေသူ ခိုးသူခေါင်းဆောင်သည် သူဌေးမကြီး ပြောစကားကြားသော် တုန်လှုပ်လျက် တပည့်များအား ခိုးယူထားသော ပစ္စည်းများကို ပြန်ထားရန် ပြောသည်။ ခေါင်းဆောင် ခိုးမှူးကြီးသည် တပည့်အားလုံးကိုခေါ်ကာ တရားနာကြသည်။ နံနက်လင်း၍ သောဏမထေရ် တရားပလ္လင်မှ ဆင်းသော် ခိုးသူတို့သည် မိမိတို့လုပ်ခဲ့သော အပြစ်များကို ပြောပြလျက် သူဌေးမကြီးထံ ဝန်ချ တောင်းပန်ကြသည်။

တရားစောင့်သူကို တရားက ပြန်၍ စောင့်ရှောက်သည်ဟု ဘုရားရှင် ဟောထားသည်။ သောဏမထေရ်မိခင်အား ခိုးသူတို့က ဝန်ချတောင်းပန်ခြင်းမှာ တရားတော် မှန်ကန်ကြောင်း သာဓကပင် ဖြစ်သည်။

http://www.dhammadownload.com

အိမ်ထောင်ပြုနိမိတ် တရားအားထုတ် သမ္ဗောဓိဉာဏ် ရရှိတော်မူပုံ ဟောကြားတော်မူခြင်း ပဌမဓမ္မစက်တော်တည်းဟူသော ဘုရားအလောင်းတော်၏ ဘဝတစ်လျှောက် ဖြစ်ပျက်ပုံ ပြသထားသော ပန်းချီကားချပ်ကြီး ၁၅

http://www.dhammadownload.com

http://www.dhammadownload.com

အားလုံး ရဟန္တာဖြစ်ကြပြီ

ခိုးသူတို့သည် မထေရ်ထံ ရှင်ရဟန်းပြုခွင့်ပေးရန် ပန်ကြားကြ၍ မထေရ်သည် ပထမသာမဏေ ဝတ်ပေးသည်။ နောက်မှ ရဟန်းပြုပေးလျက် တစ်ပါးစီကို ကမ္မဋ္ဌာန်းတစ်မျိုးစီ သင်ပေးသည်။ ဘုရားရှင်သည် ရောင်ခြည်တော်များ လွှတ်ကာ ထိုရဟန်းတို့နှင့် သင့်လျော်သော ဒေသနာတော်များ ဟောတော်မူသည်။ ဒေသနာတော် တစ်ပုဒ်စီဆုံးတိုင်း တစ်ရာတစ်ရာစီသော ရဟန်းတို့သည် ရဟန္တာဖြစ်ကြသည်။ ဒေသနာအားလုံးဆုံးသောအခါ အားလုံး ရဟန္တာဖြစ်ကြပြီး ကောင်းကင်ခရီးဖြင့် ဘုရားရှင်ကို သွားရောက် ဖူးမြော်ကြသည်။

၃၆၈။ မေတ္တာဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

၃၆၉။ သိဉ္စ ဘိက္ခု ဣမံ နာဝံ၊ သိတ္တာ တေ လဟုမေဿတိ။
ဆေတ္ဝာ ရာဂဉ္စ ဒေါသဉ္စ၊ တတော နိဗ္ဗာန'မေဟိတိ။

၃၇၀။ ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စသင်္ဂါတိဂေါ ဘိက္ခု၊ "ဩဃတိဏ္ဏော"တိ ဝုစ္စတိ။

၃၇၁။ စျာယ ဘိက္ခု မာ ပမာဒေါ၊
မာ တေ ကာမဂုဏော ရမေဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလီ ပမတ္တော၊
မာ ကန္ဒိ "ဒုက္ခမိဒ"န္တိ ဒယှမာနော။

၃၇၂။ နတ္ထိ စျာနံ အပညဿ၊ ပညာ နတ္ထိ အစျာယတော။
ယမ္ဟိ စျာနဉ္စ ပညာ စ၊ သ ဝေ နိဗ္ဗာန သန္တိကေ။

၃၇၃။ သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

၃၇၄။ ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

၃၇၅။ တတြာယ'မာဒိ ဘဝတိ၊ ဣဓ ပညဿ ဘိက္ခုနော။
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။

http://www.dhammadownload.com

၃၇၆။ မိတ္တော ဘဇသု ကလျာဏော ၊ သုဒ္ဓါဇီဝေ အတန္ဒိတော၊
ပဋိသန္ထာရဝုတ္တိ'သ၊ အာစာရကုသလော သိယာ၊
တတော ပါမောဇ္ဇဗဟုလော၊ ဒုက္ခဿ'န္တံ ကရိဿတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၆၈။ အကြင်ရဟန်းသည် မေတ္တာဘာဝနာကို ပွားများ၏။ ဘုရားရှင်၏ သာသနာတော်၌ ကြည်ညိုု၏။ ထိုရဟန်းသည် သင်္ခါရတို့ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။

၃၆၉။ ရဟန်း၊ ခန္ဓာကိုယ် ဟူသော လှေမှ မိစ္ဆာဝိတက်တည်းဟူသော ရေကို ပက်ထုတ်လော့။ ထိုသို့ ပက်ထုတ်လျှင်သင်၏ ခန္ဓာကိုယ်တည်းဟူသော လှေသည် လျင်မြန်စွာ သွားလိမ့်မည်။ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ဖြတ်လျှင် နိဗ္ဗာန်ကို ရောက်လိမ့်မည်။

၃၇၀။ အယူမှားခြင်း၊ ယုံမှားခြင်း၊ ကိုးကွယ်မှုမှားခြင်း၊ ကာမဘုံ၌ တပ်မက်ခြင်း၊ ရန်ငြိုးထားခြင်းဟူသော အောက်ပိုင်း သံယောဇဉ်ငါးပါးကို ဖြတ်လော့။ ရူပဘုံ၌ တပ်မက်ခြင်း၊ အရူပဘုံ၌ တပ်မက်ခြင်း၊ ထောင်လွှားခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ တရားမှုန်ကို မသိခြင်း ဤအထက်ပိုင်း သံယောဇဉ်ငါးပါးကို စွန့်လော့။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ ဤငါးပါးကို ပွားများလော့။ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ ဤငါးပါးတို့ကို လွန်မြောက်သော ရဟန်းကို သံသရာဝဲဂရက်မှ လွတ်မြောက်ပြီးသူဟု ခေါ်အပ်၏။

၃၇၁။ အို... ရဟန်း၊ ကမ္မဋ္ဌာန်း ရွှေလော့။ မမေ့လျော့နှင့်၊ သင်၏ စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေနှင့်။ မေ့လျော့၍ ပူလောင်စေတတ်သော သံတွေခဲကို မမျိုလင့်။ ကိလေသာမီးတို့ လောင်သည်ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲပေစွဟု မငိုကြွေးလင့်။

၃၇၂။ ပညာမရှိသူအား စျာန် (သမာဓိ) မရှိ၊ စျာန် (သမာဓိ) မရှိသူအား ဝိပဿနာ ဉာဏ်ပညာသည် မရှိ။ အကြင်ပုဂ္ဂိုလ်၌ စျာန် (သမာဓိ) သည် လည်းကောင်း၊ ဝိပဿနာသည် လည်းကောင်း ရှိ၏။ ထိုသူသည် စင်စစ်အားဖြင့် နိဗ္ဗာန်နှင့် ဇကန်နီးတော့၏။

http://www.dhammadownload.com

၃၇၃။ ဆိတ်ငြိမ်ရာသို့ ဝင်ရောက်၍ တရားကို ကောင်းစွာ ရှုမှတ်သော၊ ငြိမ်သက်သော စိတ်ရှိသူ ရဟန်းအား လူသာမန်တို့နှင့် မထိုက်တန်သော ဘာဝနာတရားတို့၌ မွေ့လျော်ခြင်းသည် ဖြစ်၏။

၃၇၄။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင်သုံးသပ်တိုင်း နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို ရသည်။ ထိုနှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသည် တရားမှန်သိသူ ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

၃၇၅။ ဤသာသနာတော်၌ ပညာရှိ ရဟန်းသည် ဣန္ဒြေကို စောင့်ရှောက်၏။ ရသမျှ ပစ္စည်းလေးပါးနှင့် ရောင့်ရဲ၏။ ပါတိမောက္ခသီလကို စောင့်ရှောက်၏။ အသက်မွေးမှု စင်ကြယ်၍ မပျင်းမရိ သီလရှိသူ မိတ်ဆွေကောင်းတို့ကို ဆည်းကပ်၏။ ဤသီလ လေးပါး (စတုပါရိသုဒ္ဓိသီလ) သည် နိဗ္ဗာန်ရောက်ကြောင်း အစဖြစ်၏။

၃၇၆။ စင်ကြယ်သော အသက်မွေးခြင်းရှိသည့် ပျင်းရိခြင်းမရှိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့။ အာမိသ၊ ဓမ္မ ဟူသော ပဋိသန္ဓာရနှစ်ပါးတို့ဖြင့် ပြည့်စုံရာ၏။ ကျင့်ဝတ်သီလ၌ လိမ္မာရာ၏။ ထိုသို့ သဘောရှိသူ ရဟန်းသည် များစွာ ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲဒုက္ခ၏ အဆုံး နိဗ္ဗာန်သို့ ရောက်လတ္တံ့။

နိုးသူဘဝမှ ရဟန်းပြုလာသူများဝတ္ထု ပြီး၏။

၈။ မုလေးပန်းပင်ပမာ ရဟန်းငါးရာဝတ္ထု

[မုလေးပန်းပင်ကို နမူနာယူပြီး ကျင့်ကြံကြသူရဟန်းများ]

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ တရားတော် သင်ယူပြီး တောရဆောက်တည်ကာ ကမ္မဋ္ဌာန်းတရား အားထုတ်နေကြသည်။ မုလေးပန်းတို့သည် နံနက်အခါ ပွင့်လန်းလာပြီး ညနေအချိန်ရောက်သော် ကြွေကျသွားကြသည်။

http://www.dhammadownload.com

ပန်းတို့၏သဘောကို ကြည့်လျက် ငါတို့သည်လည်း ရာဂ စသည်မှ လွတ်အောင် ကျင့်ကြမည်ဟု ဆုံးဖြတ်၍ တရားအားထုတ်ကြသည်။ ဘုရားရှင်သည် ရဟန်းတို့၏ အခြေအနေကို သိတော်မူသဖြင့် ရောင်ခြည်တော်များ လွှတ်လျက် ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ရဟန်းငါးရာစလုံး ရဟန္တာ ဖြစ်တော်မူကြသည်။

၃၇၇။ ဝဿိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဥ္ဆတိ။
ဝံ ရာဂဥ္ဆ ဒေါသဥ္ဆ၊ ဝိပ္ပမုဥ္ဆေထ ဘိက္ခဝေါ။

ဒေသနာ၏အဓိပ္ပာယ်

၃၇၇။ အို... ရဟန်းတို့၊ မုလေးပန်းပင်သည် ရင့်ရော် ညှိုးနွမ်းသော် အပွင့်တို့ကို စွန့်ခြွေချသကဲ့သို့ သင်တို့သည် ရာဂနှင့် ဒေါသကို စွန့်လွှတ်ကြကုန်လော့။

မုလေးပန်ပင်ပမာ ရဟန်းငါးရာဝတ္ထု ပြီး၏။

၉။ ငြိမ်သက်စွာ နေထိုင်သူ သန္တကာယမထေရ် ဝတ္ထု

[ကာယ၊ ဝစီ၊ မနော ဒုစရိုက် ကင်း၍
ငြိမ်သက်စွာ သီတင်းသုံးသူ]

သန္တကာယ မထေရ်သည် ခြသေ့်ဘဝမှ လာသူဖြစ်၍ သီတင်းသုံး နေထိုင်ရာ၌ ကိုယ်လက် စသည် လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာ နေထိုင် သီတင်းသုံးလေ့ရှိသည်။ ထို့ကြောင့် ဤမထေရ်ကို ငြိမ်သက်သော ကိုယ်ကာယ ရှိသူ (သန္တ–ငြိမ်သက်သော၊ ကာယ=ကိုယ်) ဟု ခေါ်ကြသည်။ သန္တကာယ မထေရ် ငြိမ်သက်စွာ သီတင်းသုံး နေထိုင်တတ်ပုံကို ရဟန်းများက လျှောက်ထား၍ ဘုရားရှင်က ဤမထေရ်ကဲ့သို့ နေထိုင်ကြရန် ရဟန်းတော်များကို

http://www.dhammadownload.com

ဆုံးမတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်ကို ကြားနာရ၍ သန္တကာယမထေရ် ရဟန္တာ ဖြစ်တော်မူသည်။

၃၇၈။ သန္တကာယော သန္တဝါစော၊ သန္တဝါ သုသမာဟိတော၊
ဝန္တလောကာမိသော ဘိက္ခု၊ "ဥပသန္တော"တိ ဝုစ္စတိ။

ဒေသနာ၏အဓိပ္ပာယ်

၃၇၈။ ကာယဒုစရိုက်ကင်းသည်ဖြစ်၍ တည်ကြည် ငြိမ်သက်သော ကိုယ်၊ ဝစီဒုစရိုက်ကင်းသည်ဖြစ်၍ ငြိမ်သက်သောနှုတ်၊ မနောဒုစရိုက်ကင်း သည်ဖြစ်၍ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ လောကစည်းစိမ် အရှိန်အစော် စသည်တို့ကို ပယ်စွန့်ပြီးသော ရဟန်းကို ငြိမ်းအေးသော ပုဂ္ဂိုလ်ဟု ခေါ်၏။

ငြိမ်သက်စွာ နေထိုင်သူ သန္တကာယမထေရ်ဝတ္ထု ပြီး၏။

၁၀။ နဂ်လမထေရ်ဝတ္ထု

[ပုဆိုးနွမ်းနှင့် ထွန်တုံးပိုင်ရှင် ဘဝမှ တရားကျင့်၍ ရဟန္တာဖြစ်သူ]

ခပ်နွမ်းနွမ်း ပုဆိုးကို ဝတ်လျက် ထွန်တုံးထမ်းလာသူ ဆင်းရဲသား တစ်ဦးကို ရဟန်းတစ်ပါးက သနားသဖြင့် ကျောင်းသို့ခေါ်ကာ ရှင်ပြုပေးထား သည်။ သူဝတ်လာသော ပုဆိုးနွမ်းနှင့် ထွန်တုံးကို တန်ဆောင်းတစ်ခု အနီးရှိ သစ်ခက်ပေါ်၌ တင်ထားသည်။ လူ့ဘဝတုန်းက ပုဆိုးနွမ်းနှင့် ထွန်တုံးသာရှိသူ ဖြစ်၍ ရဟန်းဖြစ်လာသောအခါ သူ့ကို အရှင်နဂ်လမထေရ်ဟု ဘွဲ့အမည် ခေါ်ကြသည်။

ကိုယ့်ကိုကိုယ် ဆုံးမပြီး တရားကျင့်သူ

မထေရ်သည် ရဟန်းဖြစ်လာ၍ ကောင်းကောင်းမွန်မွန် စားသောက် နေထိုင်ရသောအခါ လူထွက်လိုစိတ် ဖြစ်လာသည်။ လူထွက်လိုစိတ် ပြေပျောက်

http://www.dhammadownload.com

စေရန် သုံးကြိမ်တိုင် ထွန်တုံးနှင့် ပုဆိုးနွမ်းရှိရာသို့သွားလျက် မိမိကိုယ်ကို ဆုံးမကာ တရားကျင့်သည်။ နောင်အခါ ရဟန်းများက ထိုရဟန်း ထွန်တုံးနှင့် ပုဆိုးရှိရာသို့ သွားသည်ကို မမြင်၍ မေးသောအခါ "တပည့်တော်တို့၏ ဆက်ဆံရေးသည် ပြတ်ပါပြီဘုရား" ဟု ဖြေကြားသဖြင့် ထိုစကားများမှာ ရဟန္တာတို့၏ အသုံးအနှုန်းများ ဖြစ်နေသည်။ ရဟန်းများက ဘုရားရှင်ကို လျှောက်ထား၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၇၉။ အတ္တနာ စောဒယ'တ္တာနံ၊ ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊ သုခံ ဘိက္ခု ဝိဟာဟိသိ။
၃၈၀။ အတ္တာ ဟိ အတ္တနော နာထော၊
(ကော ဟိ နာထော ပရောသိယာ)
အတ္တာ ဟိ အတ္တနော ဂတိ။
တသ္မာ သံယမ'မတ္တာနံ၊
အသဿံ ဘဒ္ဒံဝ ဝါဏိဇော။

ဒေသနာ၏အဓိပ္ပာယ်

၃၇၉။ အို... ရဟန်း၊ မိမိကိုယ်မိမိ တိုက်တွန်း ဆုံးမပါ၊ မိမိကိုယ်ကို မိမိ စူးစမ်းဆင်ခြင်ပါ၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည်ဖြစ်၍ သတိနှင့် ပြည့်စုံလျှင် သင်သည်ချမ်းသာစွာ နေရမည်။

၃၈၀။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ် အားထားရာဖြစ်၏။ တခြား တစ်ပါးသောသူသည် အဘယ်မှာ ကိုးကွယ်အားထားရာ ဖြစ်ပါအံ့နည်း။ မိမိသည်သာလျှင် မိမိ၏ နောင်ဘဝအတွက် သွားရာဖြစ်သည်။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်ရာ၏။

နဂိုလမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၁။ ဝက္ကလိမထေရ်ဝတ္ထု

[သဒ္ဓါလွန်ကဲသောအရာ၌ တေဒဂ်ဘွဲ့ဖြင့် ချီးမြှင့်ခံရသူ]

ဝက္ကလိမထေရ်သည် ဘုရားရှင်ကို အလွန်ကြည်ညိုသူ ဖြစ်သည်။ ကြည်ညိုလှသဖြင့် ပုဏ္ဏားမျိုးရိုးမှထွက်ကာ ရဟန်းပြုလာသူ ဖြစ်သည်။ စာပေသင်ယူခြင်း၊ ပို့ချခြင်း၊ တရားဘာဝနာပွားများခြင်းကိုမူ မပြုလုပ်။ အချိန်ရှိသမျှ ဘုရားရှင်ကို မြင်နိုင်သည့် နေရာမှ ဖူးမြော်ကြည်ညိုနေသည်။ ဘုရားနှင့်ကလည်း ဝက္ကလိမထေရ်၏ အသိဉာဏ် ရင့်သန်ချိန်ကို စောင့်နေတော်မူခြင်း ဖြစ်၍ တစ်စုံတစ်ရာ အပြစ်တင်ခြင်းမပြု။

ဝက္ကလိမထေရ်၏ အသိဉာဏ်ပညာ ရင့်သန်လာပြီဖြစ်သောနေ့တွင် ဘုရားရှင်က "ဝက္ကလိ၊ ငါဘုရား၏ ဤခန္ဓာကိုယ် အပုပ်ကောင်ကို ကြည့်ရှု့နေခြင်းဖြင့် အကျိုးမရှိ။ ငါ ဘုရားဟောသောတရားကို သိမြင်မှသာ ငါဘုရားကို မြင်သည်။ ငါ ဘုရား၏ တရားကို မသိမမြင်လျှင် ငါဘုရားကိုလည်း မမြင်" ဟု မိန့်တော်မူကာ "ငါဘုရားအပါးမှ ထွက်သွားလော့" ဟု နှင်တော်မူလိုက်သည်။

ဝက္ကလိမထေရ်သည် "ဘုရားရှင်ကို ဖူးမြင်ခြင်းမပြုရလျှင် အသက်ရှင်နေခြင်းဖြင့် အကျိုးမရှိ"ဟု တွေးတောကာ တောင်ပေါ်မှ ခုန်ချ၍ မိမိကိုယ်ကို အဆုံးစီရင်ရန် ဂိဇ္ဈကူဋ်တောင်ပေါ်သို့ တက်သည်။ ခုန်ချအံ့ဆဲအချိန်တွင် ဘုရားရှင်သည် မထေရ်ရှိရာသို့ ရောင်ခြည်တော်များ လွှတ်တော်မူသည်။ ရောင်ခြည်တော်များဖြင့် ဘုရားရှင်ကို ဖူးမြင်ရ၍ မထေရ်သည် ဝမ်းသာပီတိဖြစ်သည်။ ဘုရားရှင်ထံသွားရန် တောင်ထိပ်ပေါ်မှ ပထမခြေလှမ်း လှမ်းစဉ်မှာပင် ရဟန္တာဖြစ်တော်မူသည်။ နောင်အခါ ဘုရားရှင်က သဒ္ဓါလွန်ကဲသော (သဒ္ဓါဓိမုတ္တ) အရာတွင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူသည်။

၃၈၁။ ပါမောဇ္ဇမဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

81A

http://www.dhammadownload.com

အေသနာတော်၏အဓိပ္ပာယ်

၃၈၁။ ဝမ်းမြောက်ခြင်း များစွာရှိ၍ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို ယုံကြည်မြတ်နိုးသော ရဟန်းသည် သခ်ါရတရားတို့၏ ငြိမ်း(၂) ငြိမ်သက်ချမ်းမြေ့သော နိဗ္ဗာန်ချမ်းသာကိုရမည်။

ဝက္ကလိမထေရ်ဝတ္ထု ပြီး၏။

၁၂။ သုမနသာမဏေဝတ္ထု

[ရဟန်းဖြစ်ချိန်၌ အသက် ၁၉ နှစ် မပြည့်သေးသော ရဟန်းတစ်ပါး]

သုမနသာမဏေသည် ဝိပ္ပာဒုဝိတောအုပ်အတွင်း တောင်ခြေရင်းရှိ မဏ္ဍရာမ သူဌေးကြီး မဟာမဏ္ဍ၏ ဒုတိယသား ဖြစ်သည်။ အစ်ကိုတစ်ဦးရှိပြီး အမည်မှာ မဟာသုမန ဖြစ်သည်။ သူ့အမည်မှာ စူဠသုမနဖြစ်သည်။ မဏ္ဍသူဌေးသည် အနုရုဒ္ဓါမထေရ်ကို ကိုးကွယ်သူ ဖြစ်သည်။ ဘဝဟောင်းတို့တွင် အနုရုဒ္ဓါ မထေရ်နှင့် စူဠသုမနတို့သည် ကုသိုလ်ပြုဘက် ပါရမီဖြည့်ဘက်များ ဖြစ်ကြသည်။

သာမဏေလောင်းလျာတို့ အကျိုးအတွက်

တစ်နေ့ အရှင်အနုရုဒ္ဓါမထေရ်သည် သုမန သာမဏေလောင်းလျာတို့၏ အကျိုးဖြစ်ထွန်းမည့် အခြေအနေကို မြင်၍ ထိုရွာသို့ ကြွတော်မူလာသည်။ အနုရုဒ္ဓါမထေရ်ကို မြင်သော် မဏ္ဍသူဌေးသည် အိမ်သို့ပင့်ကာ ဆွမ်းကျွေးသည်။ ဝါဆိုချိန်နီးနေပြီဖြစ်၍ ဤရွာ၌ပင် သီတင်းသုံးရန် လျှောက်ထားသည်။ သီတင်းကျွတ်၍ ပဝါရဏာပြုပြီးသော် အရှင်အနုရုဒ္ဓါမထေရ်အား တိစီဝရိက်သင်္ကန်းနှင့် ဆန်၊ တင်လဲ စသော လှူဖွယ်တို့ကို လှူဒါန်းသည်။

http://www.dhammadownload.com

သင်္ကန်းကို အလျှူခံသော်လည်း ဆန်၊ တင်လဲ စသည်တို့ကို ကပ္ပိယ ကာရက နှင့် တပည့်သာမဏေမရှိ၍ အလျှူမခံပေ။

သုမနသာဏေ ရဟန္တာဖြစ်ပြီ

သို့ဖြင့် သူဌေးကြီးက သားကြီး မဟာသုမနကို ရှင်ပြုကာ တပည့် သာမဏေအဖြစ် လက်ခံရန် လျှောက်ထားသောအခါ လက်မခံဘဲ သားငယ် သုမနကိုသာ ရှင်သာမဏေပြုပေးပြီး တပည့်အဖြစ် မထေရ်ကြီးက လက်ခံ သည်။ ခုနစ်နှစ်သားအရွယ် သုမနသာမဏေသည် ရှင်ပြုရန် ခေါင်းရိတ်စဉ်မှာ ပင် ရဟန္တာဖြစ်လေသည်။ အရှင်အနုရုဒ္ဓါမထေရ်သည် တပည့်သာမဏေနှင့် အတူ ဘုရားဖူးရန်လာစဉ် ဟိမဝန္တာရှိ တောကျောင်း တစ်ကျောင်းသို့ ရောက် သော် လေနာရောဂါ ဖြစ်လာသည်။ သုမနသာမဏေက "အရှင်ဘုရား၊ အဘယ်ဆေးဖြင့် ချမ်းသာရာ ရဖူးပါသလဲ" ဟု မေးလျှောက်သော် "ငါ့ရှင် အနောတတ်အိုင်မှ ရေဖြင့် ချမ်းသာဖူးသည်" ဟု မိန့်ကြားပြီး သုမနသာမဏေ အား ထိုအိုင်မှ ရေကိုယူခိုင်းသည်။

အနောတတ်အိုင်စောင့် ပန္နဂ နဂါးမင်းထံ ရေခပ်ခွင့်တောင်းသော်လည်း နဂါးမင်းက ခွင့်မပြုပေ။ "ယောကျ်ားတို့ စွမ်းအားဖြင့် ရအောင် ယူနိုင်လျှင်ယူ" ဟု နဂါးမင်းက ပြောသည်။ သာမဏေသည် ဗြဟ္မာမင်းကြီး အသွင်ဖန်ဆင်း သည်။ ရေအိုင်တစ်ခုလုံး အုပ်ထားသော နဂါးကြီး၏ ပါးပျဉ်းကို နင်းကာ ပန်းထွက်လာသော ရေကို ရေအိုးအပြည့်ယူလျက် ပြန်လာခဲ့သည်။

ကိုယ်တိုင် လာလျှူပါမည်

နဂါးသည် နောက်မှလိုက်လာကာ အရှင်မပေးသော ရေကိုမသောက် ရန် အရှင်အနုရုဒ္ဓါမထေရ်ကို လျှောက်ထားသည်။ ထိုအခါ သာမဏေက "အရှင်ဘုရား၊ သောက်တော်မူပါ။ နဂါးကြီးက တပည့်တော်အား စွမ်းနိုင် လျှင် ခပ်ဟုဆိုသဖြင့် ခပ်လာခြင်း ဖြစ်ပါသည် ဘုရား" ဟု လျှောက်ထား

http://www.dhammadownload.com

သည်။ မထေရ်ကြီးသည် နဂါး၏ လျှောက်ထားမှုကို လက်မခံဘဲ ရဟန္တာသာမဏေကို ယုံကြည်သဖြင့် ရေကို သုံးဆောင်သည်၊ လေနာရောဂါ ပျောက်သွားသည်။ မထေရ်ကြီးက တရားဟောသဖြင့် နဂါးသည် သာမဏေအပေါ် ကျေနပ်ကာ "နောင် ဤအိုင်မှ ရေကို အလိုရှိလျှင် တပည့်တော်ကိုယ်တိုင် လာလှူမည်" ဟု ကတိပေးသွားသည်။

အရှင်အနုရုဒ္ဓါမထေရ်ကြီးနှင့် သာမဏေတို့ ဘုရားရှင်ရှိရာ ပုဗ္ဗာရုံ ကျောင်းတော်သို့ ရောက်လာသောအခါ ရဟန်းတော်အချို့က သုမနသာမဏေကို ရဟန္တာဟု မသိကြပေ။ ကျောင်းရှိ သာမဏေငါးရာတို့အား ဘုရားရှင်၏ ခြေတော်ဆေးရန် အနောတတ်အိုင်မှ ရေခပ်ယူဖို့ ဘုရားရှင်က စေခိုင်းသည်။ အကြီးဆုံး သာမဏေမှအစ တစ်ပါးစီ တစ်ပါးစီတို့က ရေခပ်မယူနိုင်သဖြင့် သုမနသာမဏေသည် ထိုအိုင်မှ ရေခပ်ယူလာခဲ့သည်။

အသက် ၁၉ နှစ် မပြည့်မီ ရဟန်းဖြစ်သူ

ရေကိုခပ်ကာ ကောင်းကင်ခရီးဖြင့် ပြန်လာပြီးသော် သာမဏေသည် ဘုရားရှင်ထံသွားလျက် ရှိခိုးဦးချသည်။ ဘုရားရှင်က သာမဏေ၏ အသက်ကို မေးတော်မူပြီး "သုမန၊ ယနေ့မှစ၍ ပဉ္စင်းဖြစ်လော့" ဟု မိန့်တော်မူသည်။ အသက် ခုနစ်နှစ်သာ ရှိသေးသော ရဟန္တာသာမဏေသည် ထိုအချိန်မှစ၍ ရဟန်းအဖြစ်ကို ရလေတော့သည်။*

ရဟန်းတို့သည် ဤအကြောင်းများကို ပြောကြားလျက် စုဝေးနေကြစဉ် ဘုရားရှင် ကြွလာကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၈၂။ ယော ဟဝေ ဒဟရော ဘိက္ခု၊ ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော'မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တော ဝ စန္ဒိမာ။

---

* ဤသုမနသာမဏေနှင့် သောပါကသာမဏေ နှစ်ပါးသည် အသက် ၁၉ နှစ် မပြည့်မီ ရဟန်းဖြစ်ကြသည်။ ဤသို့ဖြစ်ရခြင်းကို ဒါယဇ္ဇ ဥပသမ္ပဒါနှင့် ပဥ္စာဗျာကရဏ ဥပသမ္ပဒါဟု ကျမ်းဂန်တို့၌ ဖော်ပြသည်။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၈၂။ အသက်အရွယ်ပင် ငယ်သော်လည်း ဘုရားရှင်၏ အဆုံးအမ ကို လုံ့လကြိုးကုတ် အားထုတ် လိုက်နာပြုကျင့်သော ရဟန်းသည် တိမ် တိုက်မှ လွတ်သော လမင်းကဲ့သို့ မိမိ၏ အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့် ဤ လောကကို ထွန်းလင်းတောက်ပစေသည်။

သုမနသာမဏေဝတ္ထု ပြီး၏။

ဘိက္ခုဝဂ် ပြီး၏။



ရဟန္တာသုမနသာမဏေက ပန္နဂနဂိုးမင်းထံ ရေခဲပွင့်တောင်းနေစဉ်။

http://www.dhammadownload.com

ဗြာဟ္မဏဝဂ်

ဗြာဟ္မဏ = ရဟန်း၊ ပုဏ္ဏား၊ သူတော်သူမြတ်၊ ဝဂ္ဂ = ဝဂ်၊ အစု။ အမျိုးအနွယ်အားဖြင့် ပုဏ္ဏားဖြစ်၍ လည်းကောင်း၊ သင်္ခန်းဝတ်ထား၍ လည်းကောင်း စသည်အဖြစ်တို့ကြောင့် သူတော်သူမြတ်မခေါ်။ ကိုယ်၊ နှုတ်၊ နှလုံး (စိတ်) တို့ဖြင့် မကောင်းမှုမပြုပါမှ ဗြာဟ္မဏ၊ ရဟန်း၊ သူတော်သူမြတ်ခေါ်ပုံ ဟောကြားထားသော ဝတ္ထုနှင့် ဒေသနာအစု။



၁။ ဆွမ်းခံမကြွ၍ စိတ်မကောင်းဖြစ်သူ ပုဏ္ဏားဝတ္ထု

[ကြည်ညိုခြင်း၌ ရဟန္တာဟုခေါ်လျှင် ရဟန်းတို့မှာ အပြစ်မရှိ]

သာသနာတော်၌ အလွန်ကြည်ညိုသူ ပုဏ္ဏားတစ်ယောက်သည် အိမ်သို့ ဆွမ်းခံကြွနေကျ ရဟန်းတော် ၁၆ ပါးတို့ ဆွမ်းခံမလာကြတော့၍ စိတ်မကောင်းဖြစ်ကာ ဘုရားရှင်ထံ သွားရောက် လျှောက်ထားသည်။ ဘုရားရှင်က ရဟန်းတို့ကို ခေါ်၍ အကြောင်းအကျိုးကို မေးသည်။ ရဟန်းတို့က "ရဟန္တာ ဟု ပင့်ခေါ်သဖြင့် မကြွကြပါ။ အချို့ ရဟန္တာဖြစ်ပြီးကြသော်လည်း ပုထုဇဉ် ရဟန်းတို့ အနေဖြင့် ဝိနယကုက္ကစ္စဖြစ်၍ သိက္ခာပုဒ်တော် လွန်ကျူးရာ ရောက်မည် စိုးသဖြင့် မကြွပါ" ဟု ပြန်လည် လျှောက်ထားကြသည်။

ရဟန္တာဖြစ်အောင် ကျင့်ကြပါ

ထိုအခါ ဘုရားရှင်က "ကြည်ညိုခြင်း၌ ရဟန္တာဟု ခေါ်ခြင်းဖြစ်လျှင် အပြစ်မရှိ။ ရဟန္တာမဖြစ်သေးသူ ရဟန်းများအနေဖြင့် ရဟန္တာဖြစ်အောင် ဆက်ကျင့်ကြပါ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၃၈၃။ ဆိန္ဒ သောတံ ပရက္ကမ္မ၊ ကာမေ ပနုဒ ဗြာဟ္မဏ။
သခါရာနံ ခယံ ဉတ္ဝာ၊ အကတညူ'သိ ဗြာဟ္မဏ။

ဒေသနာ၏အဓိပ္ပာယ်

၃၈၃။ အို... သူတော်ကောင်းပုဏ္ဏား၊ တဏှာတည်းဟူသော ရေအလျဉ်ကို ဖြတ်လော့။ လုံ့လပြု၍ ကာမကို ပယ်နုတ်လော့။ ပြုပြင်ခြင်းမရှိသော နိဗ္ဗာန်ကို သိလော့။ ရဟန္တာဖြစ်အောင် ကျင့်လေလော့။

ဆွမ်းခံမကြွ၍ စိတ်မကောင်းဖြစ်သူ ပုဏ္ဏားဝတ္ထု ပြီး၏။

၂။ ရဟန်းသုံးကျိပ်တို့ဝတ္ထု

[ဘုရားရှင်ကို ဖူးမြင်ရန်လာကြသော ရဟန်းသုံးကျိပ်]

အရပ်ဒေသ အသီးသီးမှ ရဟန်းသုံးကျိပ်တို့သည် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးရန် ရောက်လာကြသည်။ အရှင်သာရိပုတ္တရာ မထေရ်သည် ထိုရဟန်းတော်တို့ တရားရကြမည်ကို မြင်တော်မူ၍ "အရှင်ဘုရား၊ နှစ်ပါးသော တရားတို့ဟု ပြောဆိုကြပါသည်။ နှစ်ပါးသော တရားဟူသည် အဘယ်ပါနည်း" ဟု ဘုရားရှင်ထံ မေးမြန်းလျှောက်ထားသည်။ ဘုရားရှင်က "နှစ်ပါးသော တရားဟူသည် သမထနှင့် ဝိပဿနာတို့" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ရဟန်းသုံးကျိပ်တို့ ရဟန္တာ ဖြစ်တော်မူကြသည်။

၃၈၄။ ယဒါ ဒွယေသု ဓမ္မေသု၊ ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗေ သံယောဂါ၊ အတ္ထံ ဂစ္ဆန္တိ ဇာနတော။

ဒေသနာ၏အဓိပ္ပာယ်

၃၈၄။ သူတော်ကောင်းသည် သမထ၊ ဝိပဿနာဟူသော တရားနှစ်ပါးတို့ ဉာဏ်အလင်းပေါက်၍ အပြီးသို့ ရောက်သောအခါ ထိုတရားမှန်သိသူ

http://www.dhammadownload.com

သူတော်ကောင်းမှာ ကာမ၊ ရာဂ သံယောဇဉ် စသည့် အနှောင်အဖွဲ့ အားလုံးတို့ကင်းပျောက်ချုပ်ငြိမ်းကုန်၏။

ရဟန်းသုံးကျိပ်တို့ဝတ္ထု ပြီး၏။

၃။ မာရ်နတ်မေးသောဝတ္ထု

[ယောကျ်ားတစ်ယောက် အသွင်ဖန်ဆင်းလာသော မာရ်နတ်ယုတ်]

မာရ်နတ်သည် ယောကျ်ားတစ်ယောက် အသွင်ဖြင့် ရောက်လာကာ ဘုရားရှင်ထံ ဤသို့ မေးလျှောက်သည်။ "အရှင်ဘုရား၊ ပါရပါရ=တစ်ဖက်ကမ်းသို့၊ တစ်ဖက်ကမ်းသို့ဟူသည် အဘယ်ပါနည်း"။ ဘုရားရှင်က မေးလျှောက်သူမှာ မာရ်နတ်ဟု သိတော်မူသဖြင့် "ဟယ်... မာရ်နတ်၊ တစ်ဖက်ကမ်းသို့ဟူသော အဓိပ္ပာယ်ကို သိသဖြင့် သင့်မှာ ဘာအကျိုးရှိအံ့နည်း။ ရာဂကင်းပြီးသူတို့သာ တစ်ဖက်ကမ်းသို့ ရောက်အပ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၈၅။ ယဿ ပါရံ အပါရံ ဝါ၊ ပါရာပါရံ န ဝိဇ္ဇတိ။
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၈၅။ အကြင်ပုဂ္ဂိုလ်အား အတွင်းအာယတနတည်းဟူသော ဤမှာ ဘက်ကမ်းသည် လည်းကောင်း၊ အပြင် အာယတနတည်းဟူသော ဟိုမှာဘက်ကမ်းသည် လည်းကောင်း၊ ကမ်းနှစ်ဖက်စလုံးသည် လည်းကောင်း မရှိ။ ပူပန်ခြင်းကင်းသည်ဖြစ်၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောကြားသည်။

မာရ်နတ်မေးသောဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၄။ ဗြာဟ္မဏပြဿနာမေးသူ ပုဏ္ဏားဝတ္ထု

[မျိုးရိုးအားဖြင့် ပုဏ္ဏားဖြစ်၍ ဗြာဟ္မဏအခေါ်ခံချင်သူ ပုဏ္ဏား]

ပုဏ္ဏားတစ်ယောက်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဘုရားရှင်ထံရောက်လာကာ ဤသို့ မေးလေသည်။ "အရှင်ဘုရား၊ အရှင်ဘုရား၏ တပည့်တို့ကို "ဗြာဟ္မဏ" ဟု အရှင်ဘုရား ခေါ်ပါသည်။ တပည့်တော်သည် မျိုးရိုးအားဖြင့် ဗြာဟ္မဏ (ပုဏ္ဏား) ဖြစ်ပါသည်။ တပည့်တော်ကိုလည်း ဗြာဟ္မဏဟု မခေါ်နိုင်ဘူးလား ဘုရား"၊ ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ အမျိုးကောင်းအားဖြင့် "ဗြာဟ္မဏ" ဟု ခေါ်သည်မဟုတ်။ မြတ်သော အရဟတ္တဖိုလ်သို့ ရောက်သူကိုသာ ဗြာဟ္မဏ" ဟု ခေါ်ကြောင်း.. မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်သွားလေသည်။

၃၈၆။ ဈာယိ ဝိရဇမာသီနံ၊ ကတကိစ္စမနာသဝံ။
ဥတ္တမတ္ထမနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၈၆။ ပုဏ္ဏား၊ အနိစ္စ လက္ခဏာကို ရှုလေ့ရှိသော၊ ကိလေသာမြူ ကင်းလျက် နေထိုင်လေ့ရှိသော၊ ရဟန်းကိစ္စပြီးစီး၍ အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်သောသူကိုသာ ဗြာဟ္မဏဟု ငါ ဘုရားဟောကြားသည်။

ဗြာဟ္မဏပြဿနာမေးသူ ပုဏ္ဏားဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၅။ အရှင်အာနန္ဒာ လျှောက်ထားသော တင့်တယ်သည့် ရောင်တော် ဝတ္ထု

[ဘုရားရှင်သည်သာ နေ့ရောညဉ့်ပါ အရောင်အဝါဖြင့် တင့်တယ်သည်]

တစ်ခုသော သီတင်းကျွတ်လပြည့် ပဝါရဏာနေ့တွင် မင်းမြောက် တန်ဆာများ ဆင်မြန်းလျက် ပသေနဒီ ကောသလမင်းကြီးသည် ဘုရားရှင်ကို ဖူးမြင်ရန် ပုဗ္ဗာရုံကျောင်းသို့ ရောက်လာသည်။ ထိုအခိုက် ကာဠဒါယီ မထေရ်သည် တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါဖြင့် ပရိသတ် အစွန်၌ စျာန်ဝင်စားနေသည်။ နေမင်းသည်လည်း ဝင်စပြုနေသည်။ လမင်းသို့ည်လည်း ထွက်ပြူစပြုနေသည်။ အရှင်အာနန္ဒာသည် ကောသလမင်းကြီး၊ အရှင် ကာဠဒါယီမထေရ်နှင့် နေလတို့၏ အရောင်အဝါကို ကြည့်ရှုပြီး ဘုရားရှင်ကို ဖူးမြော်လိုက်သည်။ ဘုရားရှင်၏ ရောင်တော်သည်ကား ထိုဖော်ပြပါ အရောင် အားလုံးကို လွှမ်းမိုးလျက် အတင့်တယ်ဆုံး ဖြစ်နေသည်။

အရှင်အာနန္ဒာသည် ဘုရားရှင်အား ထိုအကြောင်းတို့ကို လျှောက်ထား သဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၈။ ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ'မာဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ၊ ဈာယီတပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိ၊ ဗုဒ္ဓော တပတိ တေဇသာ။

ဒေသနာ၏အဓိပ္ပာယ်

၃၈၇။ နေမင်းသည် နေ့အခါ၌သာ တင့်တယ်သည်။ လမင်းသည် ည အခါ၌သာ တင့်တယ်သည်။ မင်းသည် မင်းဝတ်တန်ဆာ ဆင်ထားသောအခါ တင့်တယ်သည်။ ရဟန္တာသည် စျာန်ဝင်စားသောအခါမှသာ တင့်တယ်သည်။ ဘုရားရှင်သည်ကား တန်ခိုးတော်ဖြင့် နေ့ရောညဉ့်ပါ အမြဲတမ်း တင့်တယ်သည်။

အရှင်အာနန္ဒာလျှောက်ထားသော တင့်တယ်သည့် ရောင်တော်ဝတ္ထု ပြီး၏။

http://www.dhammadownload.com

၆။ ပဗ္ဗဇိတအခေါ်ခံချင်သူ ပုဏ္ဏားဝတ္ထု

[ရဟန်းဝတ်ထားသူတိုင်း ပဗ္ဗဇိတဟု မခေါ်နိုင်]

ပုဏ္ဏားတစ်ယောက်သည် အခြားသာသနာဝင် ပရိဗိုဇ်ရဟန်းများထံ၌ ရဟန်းဝတ်ထားသည်။ ရဟန်းဝတ်ထားသူကို ဘုရားရှင်က "ပဗ္ဗဇိတ" ဟု ခေါ်ကြောင်း ကြားသိထားသဖြင့် သူ့ကိုလည်း ပဗ္ဗဇိတဟုခေါ်ရန် ဘုရားရှင်ထံ သွားရောက် လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က "ရဟန်းဝတ်ထားရုံမျှနှင့် ပဗ္ဗဇိတဟု ငါ မခေါ်နိုင်။ ကိလေသာ အညစ်အကြေးကို ပယ်ဖျက် သုတ်သင်ထားသူမှသာ ပဗ္ဗဇိတဟု ခေါ်သည်။ ရဟန်းဝတ်ထားတိုင်း ပဗ္ဗဇိတဟုမခေါ်ရ" ဟု မိန့်တော်မူကာ ဤအေသနာတော်ကို ဟောတော်မူသည်။ အေသနာတော်ကို ကြားနာရသဖြင့် ပုဏ္ဏားသည် သောတာပန် ဖြစ်သွားသည်။

၃၈၈။ ဗာဟိတပါပေါတိ ဗြာဟ္မဏော၊
သမစရိယာ "သမဏော" တိ ဝုစ္စတိ။
ပဗ္ဗာဇယ'မတ္တနော မလံ၊
တသ္မာ "ပဗ္ဗဇိတော"တိ ဝုစ္စတိ။

အေသနာ၏အဓိပ္ပာယ်

၃၈၈။ မကောင်းမှုကို ပယ်ပြီးသောသူကို ဗြာဟ္မဏဟု ခေါ်သည်။ မကောင်းမှုငြိမ်းအောင် ကျင့်သောသူကို သမဏဟု ခေါ်သည်။ ရာဂ စသော ကိလေသာ အညစ်အကြေး ပယ်ဖျက်သုတ်သင်ထားသူကိုသာ ပဗ္ဗဇိတဟု ခေါ်သည်။

ပဗ္ဗဇိတအခေါ်ခံချင်သူ ပုဏ္ဏားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၇။ အရိုက်ခံရသော အရှင်သာရိပုတ္တရာဝတ္ထု

[သည်းခံသည်ဟု ကြားသိ၍ အရှင်သာရိပုတ္တရာကိုရိုက်သူ ပုဏ္ဏား]

"ငါတို့၏ အရှင်သာရိပုတ္တရာသည် အလွန်သည်းခံနိုင်စွမ်း ရှိသည်။ ဆဲရေးသော်လည်း သည်းခံသည်။ ရိုက်နှက်ထိုးပုတ်သော်လည်း သည်းခံသည်" ဟု အရှင်မြတ်၏ဂုဏ်ကို ချီးကျူးကြသည်။ မိစ္ဆာအယူရှိသော ပုဏ္ဏား တစ်ယောက်က အမျက်ထွက်အောင် လုပ်မည်သူ မရှိ၍ဖြစ်မည်။ ငါ သူ့ကို အမျက်ထွက်အောင် လုပ်မည်ဟုဆိုကာ ဆွမ်းခံကြွလာသော အရှင်သာရိပုတ္တရာကို နောက်မှလိုက်၍ အရှင်မြတ်၏ ကျောကို တအားထုသည်။ အရှင်မြတ်က ဘာမျှပြန်မတုံ့ပြန်ဘဲ ကြွမြဲသာ ဆွမ်းခံကြွသည်။ ချက်ချင်းပင် ပုဏ္ဏား၏ ခန္ဓာကိုယ်တစ်ခုလုံး ပူလောင်လာသည်။ ထို့ကြောင့် အရှင်မြတ်အား ရိုက်ရသည့် ရည်ရွယ်ချက်နှင့် ရိုက်မိသည့်အကြောင်းကို လျှောက်ထားကာ ခွင့်လွှတ်ပါရန် တောင်းပန်သည်။ မထေရ်ကြီးကို အိမ်သို့ပင့်ကာ ဆွမ်းကပ်လှူသည်။ ပုဏ္ဏားက မထေရ်ကြီးကိုရိုက်သော သတင်းကိုကြားသူတို့က ပုဏ္ဏားကို သတ်ရန် တုတ်၊ ဓား စသည်တို့ ယူလာလျက် ပုဏ္ဏားအိမ်သို့ ရောက်လာကြသည်။

အရှင်သာရိပုတ္တရာသည် "သင်တို့ကို ရိုက်ခြင်းမဟုတ်၊ ငါ့ကို ရိုက်ခြင်း ဖြစ်သည်" ဟု လူအုပ်ကို ဆုံးမသည်။ လူအုပ်ပြန်သွားမှ ကျောင်းသို့ ပြန်ကြွသည်။ ကျောင်းသို့ရောက်သော် ဤသို့ ရိုက်နှက်နေခြင်းကို သည်းခံနေလျှင် အခြားရဟန်းများကိုလည်း ရိုက်ကြလိမ့်မည်ဟုတွေးကာ မထေရ်၏ အကြောင်းကို ဘုရားရှင်ထံ လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၈၉။ နာ မြာဟ္မဏာသ ပဟရေယျ၊ နာသ မုဉ္စေထ မြာဟ္မဏော။
ဓိ မြာဟ္မဏာသ ဟန္တာရံ၊ တတော ဓိ ယသ မုဉ္စတိ။

၃၉၀။ နာ မြာဟ္မဏဿေတဒကိဉ္စိ ဒဿေယျ၊
ယဒါ နိသေဓော မနသော ပိယေဟိ။
ယတော ယတော ဟိံသမနော နိဝတ္တတိ၊
တတော တတော သမ္မတိမေဝ ဒုက္ခံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၈၉။ သူတော်ကောင်းတို့ကို မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိအား ပုတ်ခတ်သူကို အမျက်မထွက်ရာ၊ သူတော်ကောင်းကို ပုတ်ခတ်ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်။ ထိုထက် မိမိကို ပုတ်ခတ်သူအား ပြန်၍ အမျက်ထွက်ခြင်းသည် သာ၍ပင် စက်ဆုပ်ဖွယ် ဖြစ်သည်။

၃၉၀။ ချစ်ခင်စွဲလမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို မတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် အနည်းငယ်မျှ မမြတ်ပေ။ အကြင်ဝတ္ထုမှ ညှဉ်းဆဲလိုသော စိတ်သည် ဆုတ်နစ်၏။ ထိုဝတ္ထုမှ ဆင်းရဲခြင်းသည် ကင်းငြိမ်းသည်သာ ဖြစ်၏။

အရိုက်ခံရသော အရှင်သာရိပုတ္တရာဝတ္ထု ပြီး၏။

၈။ မဟာပဇာပတိဂေါတမီ ဝတ္ထု

[ဥပဇ္ဈာယ်ဆရာမရှိဘဲ မိမိဘာသာ
သက်နှံးယူဝတ်လာသည်ဟု စွပ်စွဲခံရသူ]

မိထွေးတော် ဂေါတမီသည် ဘုရားရှင်ထံမှ ဂရုဓံတရား ရှစ်ပါးကို ခံယူပြီး ဘိက္ခုနီ (ရဟန်း) ဖြစ်လာခဲ့ရာ အခြားဘိက္ခုနီများကဲ့သို့ ဥပဇ္ဈာယ်ဆရာမရှိ။ ထို့ကြောင့် ရဟန်းမိန်းမများက မိမိဘာသာမိမိ သက်နှံးယူဝတ်လာသူ ဖြစ်သည်။ သို့ဖြစ်၍ မိထွေးတော်နှင့်အတူ ဥပုသ်၊ ပဝါရဏာ စသည် မပြုနိုင်ဟု ကဲ့ရဲ့ပြောဆိုကာ ဘုရားရှင်ကို လျှောက်ထားလာကြသည်။

ထိုအခါ ဘုရားရှင်က "မဟာပဇာပတိဂေါတမီသည် ငါဘုရားပေးသော ဂရုဓမ္မတရား ရှစ်ပါးဖြင့် ဘိက္ခုနီ ဖြစ်လာခဲ့သည်။ ငါဘုရားသည်သာလျှင် မိထွေးတော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်သည်။ ဤသို့သော ပုဂ္ဂိုလ်တို့အား ဝိနယကုက္ကုစ္စ မဖြစ်ထိုက်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၃၉၁။ ယသ္မာ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၁။ အကြင်သူသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မကောင်းမှုမပြု။ ထိုသို့ ကိုယ်၊ နှုတ်၊ စိတ် သုံးဌာနတို့ဖြင့် မကောင်းမှု မပြုမိအောင် စောင့်ရှောက်သူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။

မဟာပစ္စာပတိဂေါတမီဝတ္ထု ပြီး၏။

၉။ ဆရာရှိရာအရပ်ကို ဦးခေါင်းပြုကာ ကျိန်းစက်သော အရှင်သာရိပုတ္တရာ ဝတ္ထု

[ကျေးဖူးရှိသူ ကျေးဖူးဆပ်သောအားဖြင့် ရှိခိုးသူ]

အရှင်သာရိပုတ္တရာသည် ပဋ္ဌဝဂ္ဂိဝါးပါးတွင် အပါအဝင်ဖြစ်သော အရှင် အဿဇိထံမှ "ယေဓမ္မာဟေတုပ္ပဘဝါ" ဟူသော တရားတော်ကို နာကြားခဲ့ရ၍ သာသနာတော်တွင်းသို့ ဝင်လာခဲ့သည်။ ယခင်က ပရိဗိုဇ်တစ်ဦးသာ ဖြစ်ခဲ့သည်။ အရှင်အဿဇိထေရ်၏ကျေးဖူးကို ဆပ်သောအားဖြင့် အရှင်အဿဇိမ္ထေရ်ရှိရာအရပ်ကို ရည်မှန်းလျက် ဦးခေါင်းပြု ကျိန်းစက်သည်။ ရဟန်းအချို့က ပရိဗိုဇ် အယူရှိနေသေး၍ ထိုသို့ အရပ်မျက်နှာကို ရှိခိုးပြီးမှ ကျိန်းစက်သည်ဟု အပြစ်တင်ပြီး ဘုရားရှင်ကို လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၂။ ယမ္ဟာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၃၉၂။ တစ်စုံတစ်ယောက်ထံမှ မြတ်စွာဘုရား ဟောကြားသော တရားကို သင်ယူနာကြား သိရှိခဲ့ရဖူးလျှင် ထိုသင်ပေးသူကို ပုဏ္ဏားသည် ပူဇော်မြဲဖြစ်သော မီးကို ရိုသေစွာ ပူဇော်သကဲ့သို့ ရှိခိုးပူဇော်ရာ၏။

ဆရာရှိရာအရပ်ကို ဦးခေါင်းပြုကာ ကျိန်းစက်သော အရှင်သာရိပုတ္တရာဝတ္ထု ပြီး၏။

၁၀။ ဆံကျစ်ထုံးသော ပုဏ္ဏားဝတ္ထု

[အမိ၊ အဖ၊ မျိုးရိုးအားဖြင့် ပုဏ္ဏားဖြစ်ရုံနှင့် ဗြာဟ္မဏမခေါ်]

ပုဏ္ဏားတို့ ထုံးစံအတိုင်း ဆံကျစ်ထုံးသူ ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ထံ သွားကာ ဤသို့ လျှောက်ထားသည်။ "အရှင်ဘုရား၊ တပည့်တော်သည် အဖရော အမိပါ မျိုးရိုးအားဖြင့် (ဗြာဟ္မဏ) ပုဏ္ဏားဖြစ်ပါသည်။ ဆံကျစ်လည်း ထုံးသူဖြစ်၍ တပည့်တော်ကို ဗြာဟ္မဏဟု ခေါ်သင့်သည် မဟုတ်ပါလား ဘုရား"

ထိုအခါ ဘုရားရှင်က "ပုဏ္ဏား၊ အမျိုးအနွယ်အရ ဆံကျစ်ထုံးကာမျှဖြင့် (ဗြာဟ္မဏ) ပုဏ္ဏားဟု ခေါ်သည် မဟုတ်။ သစ္စာလေးပါးကို ထိုးထွင်းသိသူကိုသာ ငါဘုရားက ဗြာဟ္မဏခေါ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၃။ န ဇဋာဟိ န ဂေါတ္တေန၊ န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
ယမ္ဟိ သစ္စဉ္စ ဓမ္မော စ၊ သော သုစီ သော စ ဗြာဟ္မဏော။

ဒေသနာ၏အဓိပ္ပာယ်

၃၉၃။ ဆံကျစ်ထုံးရုံ၊ အနွယ်ဇာတ်အားဖြင့် (ဗြာဟ္မဏ) ပုဏ္ဏားဖြစ်ရုံနှင့်

http://www.dhammadownload.com

ဗြာဟ္မဏ မဖြစ်နိုင်။ သစ္စာဉာဏ်နှင့် လောကုတ္တရာတရားရှိသူမှသာ စင်ကြယ်သူ ဖြစ်၍ ဗြာဟ္မဏ–ပုဏ္ဏားလည်း ဖြစ်သည်။

ဆံကျစ်ထုံးသော ပုဏ္ဏားဝတ္ထု ပြီး၏။

၁၁။ လင်းဆွဲလိုနေသူ ပုဏ္ဏားဝတ္ထု

[အတိတ်ဘဝကကဲ့သို့ လိမ်ညာစားသောက်တတ်သူ ပုဏ္ဏား]

ပုဏ္ဏားတစ်ယောက်သည် ဝေသာလီမြို့ တံခါးအနီးရှိ ရေခဲတက်ပင်ပေါ်သို့တက်ကာ ခြေနှစ်ဖက်ကို အကိုင်းခွ ဆွဲထားပြီး ဦးခေါင်းဖော်ထိုးဖြင့် လင်းဆွဲကဲ့သို့ နေထိုင်သည်။ ထိုပုဏ္ဏားက "အို... မြို့သူမြို့သားတို့၊ နွားပြောက်ကျား ကောင်ရေတစ်ရာ၊ အသပြာ များစွာနှင့် အလုပ်အကျွေးတစ်ယောက် ငါ့ကို ဆက်သကြ။ အသင်တို့ မဆက်သသဖြင့် ဤအပင်မှကျကာ ငါ သေလျှင် သင်တို့မြို့ကို ပျက်စီးအောင် ဖျက်ပစ်မည်" ဟု ခြိမ်းခြောက်ပြောဆိုသည်။ မြို့သူ မြို့သားအချို့တို့က ကြောက်၍ သူတောင်းသည်တို့ကို ပေးကြရသည်။

ရဟန်းတို့က ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၄။ ကိ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိ တေ အဇိနသာဋိယာ။
အန္တော ဟိ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၄။ အို... ပညာမဲ့သော ရဟဲ့၊ သင့်မှာ ဆံကျစ်ထုံးကာ သူတော်ကောင်းယောင်ဆောင်ခြင်းဖြင့် ဘာအကျိုးရှိသနည်း။ သစ်နက်ရေဝတ်ထားခြင်းဖြင့်

http://www.dhammadownload.com

လည်း အဘယ်အကျိုးရှိအံ့နည်း။ သင့်ကိုယ်တွင်း၌ ကိလေသာတောသည် ရှိသည်ဖြစ်လျက် သင်သည် အပြင်အပကိုသာ သုတ်သင်နေဘိ၏။

လင်းဆွဲလိုနေသူ ပုဏ္ဏားဝတ္ထု ပြီး၏။

၁၂။ ကိသာဂေါတမီထေရီဝတ္ထု

[ပံ့သကူဓုတင်ဆောင် တေဒဂ်ဂုဏ်ထူးရှင် ထေရီ]

ဘုရားရှင် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ကိသာဂေါတမီ ထေရီသည် ကောင်းကင်ခရီးဖြင့် ဘုရားရှင်ကို ဖူးမြော်ရန်လာခဲ့သည်။ ဘုရားရှင် ထံ၌ ရှေးဦးစွာရောက်ရှိ တရားနာနေသော သိကြားမင်းကို တွေ့၍ ပြန်လည် ကြွသွားသည်။ သိကြားမင်းက "ယခု ပြန်ကြွသွားသော ထေရီသည် အဘယ် သူနည်း" ဟု မေးသည်။ ထိုအခါ ဘုရားရှင်က "သိကြားမင်း၊ ပံသကူဓုတင် ဆောင် ဧတဒဂ်ဂုဏ်ထူးရှင် ကိသာဂေါတမီ ဖြစ်သည်" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၅။ ပံသုကူလဓရံ ဇန္တံ၊ ကိသံ မေနိသန္ဆတံ။
ဧကံ ဝနသွိံ ဈာယန္တံ၊ တ'မဟံ ဗြူမိ ဗြာဟွဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၅။ ပံ့သကူသင်္ကန်းကိုဝတ်လျက် ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသော ကိုယ် ရှိပြီး၊ တစ်ပါးတည်း တော၌နေကာ ဈာန်ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ် ကို ဗြာဟွဏဟူ၍ ငါဘုရား ဟောကြားသည်။

ကိသာဂေါတမီထေရီဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၃။ ဗြာဟ္မဏအမည်ခံလိုသူ ပုဏ္ဏားဝတ္ထု

[ပုဏ္ဏေးမဝမ်းဌ် ပဋိသန္ဓေနေခဲ့ရုံဖြင့် ဗြာဟ္မဏဟု မခေါ်နိုင်]

ဘုရားရှင်သည် မိမိ၏ တပည့်သားတို့အား ဗြာဟ္မဏဟု ခေါ်ကြောင်း ကြားသိသူ ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ထံရောက်လာပြီး ဂုဏ်သို့ လျှောက်ထားသည်။ "အရှင်ဘုရား၊ တပည့်တော်သည် ပုဏ္ဏားမျိုးစစ်စစ်မှ မွေးဖွားလာသူ ဖြစ်ပါသည်။ အရှင်ဘုရားသည် အရှင်ဘုရား၏ တပည့်သား တို့ကို ဗြာဟ္မဏဟု ခေါ်သကဲ့သို့ တပည့်တော်ကိုလည်း ဗြာဟ္မဏဟု ခေါ်ဝေါ် သင့်သည် မဟုတ်ပါလား ဘုရား"။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူကာ ရှင်းလင်းတော်မူလိုက်သည်။ ဒေသနာ ကြားနာရ၍ ပုဏ္ဏား သည် သောတာပန် ဖြစ်သွားသည်။

၃၉၆။ နု စာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ မတ္တိသမ္ဘဝံ။
ဓဘာဝါဒိ နာမ သော ဟောတိ၊ သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၆။ ပုဏ္ဏားမျိုးဖြစ်ပြီး မိခင်ပုဏ္ဏေးမမှ ဖွားလာသောသူကို "ဗြာဟ္မဏ" ဟု ငါဘုရား မဟောကြား။ ထိုပုဏ္ဏားသည် ရာဂ စသော ကြောင့်ကြမှု ကိလေသာ ရှိလျှင် ထိုသူကို "ဘောဝါဒီ" ဟု ခေါ်သည်။ ကြောင့်ကြမှု ကိလေသာမရှိ။ စွဲလမ်းခြင်းလည်း မရှိသူကိုမှ "ဗြာဟ္မဏ" ဟု ငါ ဘုရား ဟောကြားခေါ်ဝေါ် သည်။

ဗြာဟ္မဏအမည်ခံလိုသူ ပုဏ္ဏားဝတ္ထု ပြီး၏။

http://www.dhammadownload.com

၁၄။ ဥဂ္ဂသေနသူဌေးသားဝတ္ထု

[သံယောဇဉ်ဖြတ်ပြီးဖြစ်၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိသူ]

ဥဂ္ဂသေနသည် ဝါးလုံးတိုင်ထိပ်၌ ပညာအမျိုးမျိုးပြလျက် ဖြေဖျော်ပြီးနောက် ဘုရားရှင်ထံ ဆင်းလာကာ ရဟန်းပြုခွင့်တောင်းသည်။ "ဝါးလုံးတိုင်ထိပ်၌ နေရသည်ကို မကြောက်ဘူးလော" ဟု အခြားရဟန်းတို့က မေးသော် မကြောက်ဘူးဟု ဖြေကြားသည်။ ဤသို့ ဖြေကြားခြင်းမှာ ရဟန္တာတို့၏ အသုံးအနှုန်း စကားလုံး ဖြစ်နေသည်ဟု ဘုရားရှင်ထံ ရဟန်းတို့က လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၇။ သဗ္ဗသံယောဇနံ ဆေတွာ၊ ယော ဝေ နပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၇။ အကြင်ပုဂ္ဂိုလ်သည် သံယောဇဉ်အားလုံးကို ပယ်ဖြတ်ပြီးဖြစ်၍ ထိတ်လန့်ခြင်းမရှိ။ ကပ်ငြိတတ်သော၊ ကိလေသာကို ကျော်လွန်ပြီးသော၊ ကိလေသာနှင့် မယှဉ်သော ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

*** ဥဂ္ဂသေနသူဌေးသားဝတ္ထု ပြီး၏။**

---

* လူ့အသွင်ဖြင့် ရဟန္တာဖြစ်သူ ငါးဦးရှိရာ ဥဂ္ဂသေနသူဌေးသားလည်း တစ်ယောက်ပါဝင်သည်။ ကျန် ၄ ဦးမှာ (၁) သုဒ္ဓါဒနမင်းကြီး၊ (၂) သန္တတိအမတ်ကြီး၊ (၃) ဒါရုဓိရိယပရိဗိုဒ်နှင့် (၄) ဝိတသောကလုလင်။

http://www.dhammadownload.com

၁၅။ နွားပြိုင်သော ပုဏ္ဏားနှစ်ယောက်ဝတ္ထု

[ဒေါသနှောင်ကြိုးနှင့် တဏှာလွန်ကြိုးပြတ်အောင်သာ ကြိုးစားပါ]

စူဠဥရောဟိတအမည်ရှိ နွားပိုင်သူ ပုဏ္ဏားနှင့် မဟာရောဟိတ အမည်ရှိ နွားပိုင်သူ ပုဏ္ဏားနှစ်ယောက်တို့သည် သူ့နွားက အားကောင်းသည်။ ငါ့နွားက အားကောင်းသည်ဟု ငြင်းခုံကြသည်။ လက်တွေ့ပြိုင်သည့်အနေဖြင့် သဲအပြည့်တင်ထားသော လှည်းကို နွားတပ်ကာ ရုန်းခိုင်းသည်။ လှည်းသည် မလှုပ်။ ရွေ့သွားခြင်းမရှိ။ ချည်ထားသော ကြိုးတို့သာ ပြတ်ထွက်ကုန်ကြသည်။

အစိရဝတီမြစ်သို့ ရေချိုးရန် ရောက်လာကြသော ရဟန်းတို့က ထို အကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က ရဟန်းတို့နှင့် ပရိသတ်အား ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာတော် ကြားနာရ၍ ရဟန်းများစွာတို့ ရဟန္တာ ဖြစ်တော်မူကြသည်။

၃၉၈။ ဆေတ္တာ နဒ္ဒိ ဝရတ္တဉ္စ၊ သန္ဒာနံ သဟနုက္ကမံ။
ဥက္ခိတ္တာပလိယံ ဗုဒ္ဓံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၈။ ဒေါသတည်းဟူသော နှောင်ကြိုးကို လည်းကောင်း၊ တဏှာတည်းဟူသော လွန်ကြိုးကို လည်းကောင်း၊ ကိန်းအောင်းနေသည့် အနုသယကိလေသာနှင့်တကွ မိစ္ဆာအယူများခြင်းတည်းဟူသော ကြိုးကို လည်းကောင်း ဖြတ်၍ အဝိဇ္ဇာတည်းဟူသော တံခါးမင်းတုပ်ကို နုတ်ပြီးသော၊ သစ္စာလေးတန်တရားအမှန်ကိုလည်း သိသူကိုသာ ဗြာဟ္မဏဟု ငါဘုရား ခေါ်တော်မူသည်။

နွားပြိုင်သော ပုဏ္ဏားနှစ်ယောက်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၁၆။ ဆဲရေးတတ်သော ဘာရဒ္ဒါဇပုဏ္ဏားဝတ္ထု

[ဘုရားရှင်၏ တရားကြားနာရ၍ ရဟန္တာဖြစ်သွားသူ]

ဘာရဒ္ဒါဇပုဏ္ဏားတစ်ယောက်သည် ဆဲတတ်သဖြင့် အကြောသက ဘာရဒ္ဒါဇဟု အမည်တွင်နေသည်။ ဓနဥ္ဇာနီ အမည်ရှိ သူ့အစ်ကို ဘာရဒ္ဒါဇ၏ မယား ပုဏ္ဏားမသည် သောတာပန် ဖြစ်သည်။ ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်း စသည်တို့ ဖြစ်လာလျှင် ဓနဥ္ဇာနီ ပုဏ္ဏားမသည် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု တမ်းတရွတ်ဆိုလေ့ ရှိသည်။

တစ်နေ့ သူတို့အိမ်တွင် ပုဏ္ဏားတို့ကို ဖိတ်ကြားပြီး ကျွေးမွေးစဉ် ဓနဥ္ဇာနီပုဏ္ဏေးမက **နမောတဿ**ဟု တမ်းတလိုက်မိသည်။ သူ့ခင်ပွန်း ဘာရဒ္ဒါဇ ပုဏ္ဏားသည် မိစ္ဆာဒိဋ္ဌိ ဖြစ်သည်။ ဇနီးသည်၏ တမ်းတရွတ်ဆိုသံကို ကြား၍ စိတ်ဆိုးသည်။ သင့်ဆရာကို ပြဿနာရှာမည်ဟု ပြောလျက် ဘုရားရှင်ထံ သွားကာ မေးခွန်းများ မေးသည်။ မေးခွန်းများကို မှန်အောင် မဖြေနိုင်လျှင် ရှုတ်ချမည် ဖြစ်သည်။

ပုဏ္ဏားမေးသော မေးခွန်းများ

"အရှင်ဂေါတမ၊ အဘယ်ရာကို ဖြတ်တောက်သော် ချမ်းသာစွာ နေရပါမည်နည်း။ အဘယ်အရာကို ဖြတ်တောက်သော် မစိုးရိမ်ရပါသနည်း။ အဘယ်မည်သော တရားတစ်ခုအား ဖြတ်တောက်ခြင်းကို နှစ်သက်သနည်း"

"ပုဏ္ဏား၊ အမျက်ဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာ နေရသည်။ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရပေ။ ဆင်းရဲစေတတ်သော အကျိုးတရားရှိကာ လက်စားပြန်ချေရမှု ကျေနပ်သော အမျက်ဒေါသကို ဖြတ်တောက်ခြင်းကို နှစ်သက်သည်"။ ဘုရားရှင်၏ အဖြေကို သဘောကျသောကြောင့် ပုဏ္ဏားသည် ရဟန်းပြုကာ ရဟန္တာဖြစ်သွားသည်။

အစ်ကို ရဟန်းပြုသွားသဖြင့် ဒေါသဖြစ်ကာ ဆဲရေးလျက် လိုက်လာခဲ့သော ညီဖြစ်သူ အကြောသက ဘာရဒ္ဒါဇပုဏ္ဏားနှင့် အခြားညီနှစ်ဦးတို့သည် ဘုရားရှင်အား ယုတ်မာကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေးကြ၏။

http://www.dhammadownload.com

ဘုရားရှင်က "ပုဏ္ဏား၊ သင် ပေးကမ်းသော စားသောက်ဖွယ်ရာတို့ကို သင့်ဆွေမျိုးများက လက်မခံလျှင် ထိုစားသောက်ဖွယ်ရာတို့သည် သင့်ထံမှသာ ရှိနေသကဲ့သို့ ငါဘုရားသည်လည်း သင် ဆဲရေးသော စကားတို့ကို တုံ့ပြန်ကာ အမျက်ထွက်ခြင်းဖြင့် လက်မခံ။ ထို့ကြောင့် ထိုဆဲရေးခြင်းသည် သင့်အတွက်သာ ဖြစ်ပေသည်" မိန့်တော်မူသည်။ ဘုရားရှင်ထံမှ ထိုမိန့်ကြားချက်ကို ကြားနာရ၍ ရဟန်းပြုကြလျက် ပုဏ္ဏားတို့ ရဟန္တာ ဖြစ်သွားကြသည်။

ရဟန်းများက တရားသဘင်တွင် ဤအကြောင်းများကို ပြောဆိုနေကြရာ ဘုရားရှင် ကြွလာပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၃၉၉။ အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီဗလံ ဗလာနီကံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၃၉၉။ အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ သတ်ဖြတ် ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းအားတည်းဟူသော စစ်သည် ဗိုလ်ပါရှိသူ ထိုသူကို ဗြာဟ္မဏဟု ငါ ခေါ်သည်။

ဆဲရေးတတ်သော ဘာရဒ္ဝါဇပုဏ္ဏားဝတ္ထု ပြီး၏။

၁၇။ မိခင်၏ အပြစ်တင်ခံရသော သာရိပုတ္တရာမထေရ်ဝတ္ထု

[မိခင် ပုဏ္ဏေးမကြီးက အပြစ်တင်သော်လည်း သည်းခံနိုင်သူ]

အရှင်သာရိပုတ္တရာမထေရ်သည် နောက်ပါ သံဃာတော်များနှင့်အတူ နာလကရွာရှိ မိခင်အိမ်သို့ ဆွမ်းခံရောက်သွားသည်။ မိခင် ပုဏ္ဏေးမကြီးက ဆွမ်းကပ်လျက် "အို... စားကြွင်းစား သာရိပုတ္တရာ၊ ပုန်းရည်ဟင်းကိုစားသူ သာရိပုတ္တရာ၊ ကုဋ္ဌေရှစ်ဆယ်ကျော် စည်းစိမ်ကို စွန့်သွားသည့် သာရိပုတ္တရာ... စားဟဲ့" စသည်ဖြင့် အပြစ်တင် ပြောဆိုလျက် ပေးလှူသည်။

http://www.dhammadownload.com

နောက်ပါ ရဟန်းတို့ကိုလည်း ထိုသို့ ပြောဆို အပြစ်တင်သည်။ အရှင် သာရိပုတ္တရာ မထေရ်ကြီးသည် မိခင်ပုဏ္ဏားမကြီးအား တစ်စုံတစ်ရာ ပြန်လည် ပြောဆိုခြင်း မပြုဘဲ သည်းခံလျက်သာ မိခင်လှူသော ဆွမ်းများကို ခံယူခဲ့ရင်း ကျောင်းတော်သို့ ပြန်ကြွလာခဲ့သည်။

ဝေဠုဝန်ကျောင်းသို့ ပြန်ရောက်သော် နောက်ပါ သံဃာတစ်ပါးအဖြစ် ပါသွားသော ရာဟုလာမထေရ်က ထိုအကြောင်းများကို ဘုရားရှင်ထံ လျှောက်ထားသည်။ ရာဟုလာမထေရ်၏ လျှောက်ထားသံကို ကြားသော ရဟန်းတော်တို့က အရှင်သာရိပုတ္တရာ မထေရ်၏ သည်းခံနိုင်မှုကို ချီးမွမ်းကြသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၀။ အက္ကောဓနံ ဝတဝန္တံ၊ သီလဝန္တံ အနုဿဒံ။
ဒန္တံ အန္တိမသာရီရံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၀။ အမျက်လည်းမထွက်၊ ဂူတင်အကျင့်လည်း ကျင့်၍၊ သီလနှင့်လည်း ပြည့်စုံလျက် တဏှာပြန့်ပြောခြင်းလည်း မရှိ။ မျက်စိ စသော ဣန္ဒြေကို ဆုံးမပြီး၍ အဆုံးစွန်သော ဘဝခန္ဓာရှိသူကို ဗြာဟ္မဏဟု ငါ ဘုရားခေါ်တော်မူသည်။

မိခင်၏ အပြစ်တင်မံရသော သာရိပုတ္တရာမထေရ်ဝတ္ထု ပြီး၏။

၁၈။ ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

[ကြာဖက်ပေါ် ရေမတင်သလို ရဟန္တာသည် ကာမဂုဏ်၌ ကပ်ငြိမှုမရှိ]

ဥပ္ပလဝဏ္ဏာထေရီသည် ရဟန္တာတစ်ပါး ဖြစ်သည်။ ရဟန္တာသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ သာယာခြင်းမရှိပေ။ နန္ဒလုလင်သည် ဤထေရီ

http://www.dhammadownload.com

ကို ဗလက္ကာရပြုဖူးသည်။ လူတို့က "ရဟန္တာလည်း သွေးနှင့် ကိုယ်၊ သားနှင့် ကိုယ် ဖြစ်သည်။ အဆီအစေးမရှိသည့် သစ်တုံးမဟုတ်၊ အသွေးအသား စိုပြည်နေသူသာ ဖြစ်သည်။ ထို့ကြောင့် ကာမဂုဏ် ချမ်းသာကို သာယာမည် ဖြစ်သည်" စသည်ဖြင့် ပြောဆိုနေကြသည်။ တရားသဘင်၌ ထိုသို့ ပြောဆိုသံ ကို ကြား၍ ရဟန္တာသည် ကာမဂုဏ်ခံစားခြင်းမရှိ စသည်ဖြင့် မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၁။ ဝါရီ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော နဲ လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္ဓဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၁။ ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့ ဆောက်ဖျားပေါ်တွင် မုန်ညင်းစေ့ တင်မနေနိုင်သကဲ့သို့ အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၌ လိမ်းကျံ ကပ်ငြိခြင်းမရှိ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္ဓဏဟု ငါဘုရား ဟောတော်မူသည်။

ဥပ္ပလဝဏ်ထေရီဝတ္ထု ပြီး၏။

၁၉။ ပျောက်နေသော ကျွန်ကိုရှာသူပုဏ္ဏားဝတ္ထု

[ပျောက်နေသော ကျွန်ကိုရှာရာ ရဟန်းဝတ်နှင့်တွေ့၍ ဝင်ဆွဲသူ]

ပုဏ္ဏားတစ်ယောက်သည် သူ့ကျွန်တစ်ယောက် ပျောက်နေသဖြင့် လိုက်ရှာသည်။ ပျောက်နေသော ကျွန်သည် ပုဏ္ဏားထံမှ ထွက်ပြေးကာ ရဟန်းပြုလျက် ရဟန္တာဖြစ်နေသည်။ ဘုရားရှင် ဆွမ်းခံကြွရာတွင် လိုက်ပါလာသော ထိုရဟန်းကို တွေ့သဖြင့် ပိုင်ရှင်ဖြစ်ခဲ့သူ ပုဏ္ဏားက ရဟန္တာ၏ သက်နံးကို ဆွဲထားသည်။ ဘုရားရှင်က မေးသဖြင့် ပုဏ္ဏားကလည်း အဖြစ်မှန်ကို လျှောက်ထားသည်။

---

* ထိုအချိန်က "ကျွန်တို့အား ခွင့်ပြုချက်မရဘဲ ရဟန်းခံမပေးရ" ဟူသော သိက္ခာပုဒ်ကို မပညတ်ရသေးပေ။

http://www.dhammadownload.com

ဘုရားရှင်သည် "ပုဏ္ဏားအား ဤရဟန်းကား ခန္ဓာဝန်ကို ချပြီးသူ၊ ကိလေသာကင်းပြီးသူ" ရဟန္တာဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၂။ ယော ဒုက္ခသ ပဇာနာတိ၊ ဣဓေဝ ခယမတ္တနော။
ပန္နဘာရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၂။ အကြင်သူသည် ဤဘဝ၌ပင် မိမိ၏ ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို သိ၏။ မိမိ၏ ခန္ဓာဝန်ကို ချ၍ ကိလေသာကင်းသော ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ပျောက်နေသော ကျွန်ကိုရှာသူ ပုဏ္ဏားဝတ္ထု ပြီး၏။

၂၀။ ခေမာထေရီဝတ္ထု

[နက်နဲသောပညာနှင့်ပြည့်စုံလျက် အရဟတ္တဖိုလ်သို့ရောက်နေသူ]

ခေမာထေရီသည် ဘုရားရှင်ကို ဖူးမြင်ရန် ကောင်းကင်ခရီးဖြင့် ဂိဇ္ဈကူဋ်တောင်သို့ ကြွလာသည်။ ဘုရားရှင်ထံတော်၌ သိကြားမင်း တရားနာနေသဖြင့် ခေမာထေရီသည် ကောင်းကင်မှပင် ဘုရားရှင်ကို ဖူးမြော်ကာ ပြန်ကြွသွားသည်။ သိကြားမင်းက "ယခု ပြန်ကြွသွားသူမှာ အဘယ်ပုဂ္ဂိုလ်ပါလဲ ဘုရား" ဟု မေး၍ "သိကြားမင်း၊ ဤပုဂ္ဂိုလ်ကား နက်နဲသော ပညာနှင့် ပြည့်စုံသည့် ငါ၏ တပည့်ရဟန္တာဖြစ်နေသူ ခေမာထေရီပင်တည်း" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၃။ ဂမ္ဘီရပညံ မေဓာဝိံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဥတ္တမတ္ထံ'မနုပ္ပတ္တံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၄၀၃။ နံကံနဲသော ပုညာရှိသော၊ ထက်မြက်သည့် ပညာလည်းရှိသော၊ ဟုတ်မှန်သည်၊ မဟုတ်မှန်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ဧမာဃဏေရီဝတ္ထု ပြီး၏။

၂၁။ တောင်ဂှမ်းနေ တိဿမဏေရ်ဝတ္ထု

["ဆေးဆရာကြီး၊ လိုဏ်ဂူထဲမဝင်နဲ့" ဟု တားဆီးခံရသူ]

တိဿမဏေရ်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေသော ဘုရားရှင်ထံမှ တရားတောင်းကာ တောင်ဂှမ်းတစ်ခုရှိ လိုဏ်ဂူတွင် တရားအားထုတ်ရန် လာခဲ့သည်။ တောင်ဂှမ်းအနီးရှိ ရွာတစ်ရွာမှ ဒါယိကာမကြီး တစ်ဦးသည် မဏေရ်ကို မြင်လျှင်မြင်ချင်းပင် သားကဲ့သို့ ကြည်ညိုသဖြင့် အိမ်၌ ပင့်ဖိတ်၍ ဆွမ်းကပ်ပြီး ထိုလိုဏ်ဂူ၌ပင် ဝါဆိုရန် လျှောက်ထားသည်။ သီလ၊ သမာဓိနှင့် ပြည့်စုံသော မဏေရ် ရောက်လာသဖြင့် လိုဏ်ဂူရှိ နတ်သည် မနေနိုင်၍ ဒါယိကာမကြီး၏ သားကို ဝင်ပူးသည်။ ဒါယိကာမကြီး၏ သားသည် မျက်လုံးပြူး ဇက်လန်ကာ တံတွေး တစီစီ ယိုစီးနေသဖြင့် ဒါယိကာမကြီးက ငိုကြွေးနေသည်။

သားကိုကုဖို့ ရဟန်းထံမှ နွယ်ချိုတောင်းပါ

နတ်သည် ကိုယ်ထင်မပြဘဲ အသံဖြင့် "သင့်သား၏ ရောဂါကို ကုသဖို့ သင် ကိုးကွယ်သော ရဟန်းထံမှ နွယ်ချိုတောင်းပါ။ နွယ်ချိုကို ဆီချက်ပြီး နှာနှပ်မှ သင့်သားကို လွတ်ပေးမည်" ဟု ပူးဝင်ပြောဆိုသည်။ ရဟန်းတို့ ဆေးမကုကောင်းသည်ကို သိသဖြင့် ဒါယိကာမကြီးက နွယ်ချိုတောင်းရန်

http://www.dhammadownload.com

ငြင်းသည်။ နတ်က ရှိန်းခို တောင်းခိုင်းသည်။ မရ၍ ရဟန်း၏ ခြေဆေးရေဖြင့် သား၏ ဦးခေါင်းကို လောင်းခိုင်းသည်။ ဒါယိကာမကြီးသည် ဆွမ်းခံကြွလာသော ရဟန်းအား အကြောင်းအကျိုးကို လျှောက်ထားပြီး ခြေဆေးပေးသည်။ ထိုခြေဆေးရေဖြင့် သား၏ ထိပ်မှ လောင်းသောအခါ နတ်သည် ပူးဝင်ရာမှ ထွက်သွားတော့သည်။

ရဟန္တာဖြစ်တော်မူပြီ

ဆွမ်းခံပြန်လာသော ရဟန်းကို နတ်က လိုဏ်ဂူဝမှ စောင့်နေလျက် "ဆေးဆရာကြီး၊ လိုဏ်ဂူထဲ မဝင်ပါနှင့်" ဟု တားသည်။ တိဿမထေရ်က "ငါ တစ်ကြိမ်တစ်ခါမျှ ဆေးမကုဖူးဘဲလျက် အဘယ့်ကြောင့် ဤသို့ ပြောသနည်း" ဟု မေးသည်။ နတ်က မထေရ်၏ ခြေဆေးရေဖြင့် လောင်း၍ သူ့ဖမ်းစားထားသူ ရောဂါပျောက်ကင်းကြောင်း လျှောက်ထားသည်။ ထိုအခါ တိဿမထေရ်သည် မိမိ သီလစင်ကြယ်ပုံကို သိသွားကာ နတ်ကို ဆုံးမသည်။ သီလစင်ကြယ်သဖြင့် ဝမ်းသာပီတိဖြစ်လျက် နှစ်သက်ခြင်း ပီတိကိုခွာကာ ဝိပဿနာပွားများရာ ထိုနေရာမှာပင် ရဟန္တာ ဖြစ်တော်မူသည်။

ဝါကျွတ်သောအခါ ဘုရားရှင်ထံ ဖူးမြော်ရန်သွားသည်။ ရဟန်းများအား နတ်ဖမ်းစားမှုအကြောင်းကိုပြောပြီး နတ်က ဆေးဆရာကြီး လိုဏ်ဂူထဲ မဝင်နှင့်ဟု ပြောသော်လည်း စိတ်ဆိုးခြင်းမရှိဟု တိဿမထေရ်က ဖြေကြားသည်။ ဤသို့ ဖြေကြားခြင်းမှာ ရဟန္တာတို့၏ အသုံးအနှုန်း ဖြစ်နေသဖြင့် ရဟန်းများက ဘုရားရှင်ကို လျှောက်ထားရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၄။ အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စူဘယံ။
အနောကသာရီ'မပ္ပိစ္ဆံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၄။ အိမ်ရာတည်ဒထာင်သူ လူတို့နှင့် လည်းကောင်း၊ အိမ်ရာမတည်ထောင်သူ ရဟန်းတို့နှင့် လည်းကောင်း ရောယှက်ခြင်းမရှိဘဲ ကာမဂုဏ်

http://www.dhammadownload.com

ကင်းသော အကျင့်ရှိကာ အလိုနည်းသူကို မြာဟ္မဏဟု ငါဘုရား ခေါ်တော်မူသည်။

တောင်ဝှမ်းနေ တိသမဏေရ်ဝတ္ထု ပြီး၏။

၂၂။ မယားခိုးစွပ်စွဲခံရသော ရဟန်းဝတ္ထု

[လင်နှင့် စိတ်ဆိုး၍ အိမ်မှထွက်လာသူ အမျိုးသမီးနှင့် အစွပ်အစွဲခံရသူ]

ရဟန်းတစ်ပါးသည် ဘုရားရှင် ပေးလိုက်သော ကမ္မဋ္ဌာန်းဘာဝနာကို တောကျောင်းတစ်ခုသို့ သွားရောက် သီတင်းသုံးကာ အားထုတ်ရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားရှင်ထံသွားရန် ကျောင်းမှ ထွက်လာစဉ် အမျိုးသမီးတစ်ဦးက နောက်မှ လိုက်လာသည်။ ထိုအမျိုးသမီးသည် လင်နှင့် စိတ်ဆိုး၍ မိဘရှိရာသို့ ပြန်လာသူ ဖြစ်သည်။ မယားရှာရန် လိုက်လာသော လင်ဖြစ်သူသည် ရဟန်းကို မယားခိုးအဖြစ် စွပ်စွဲသည်။ ဓနိုးက ရဟန်းနှင့် သူတို့ ပတ်သက်ခြင်းမရှိဟု ရှင်းပြသော်လည်း မရဘဲ ရဟန်းကို ထိုးကြိတ် ရိုက်နှက်သည်။

ထိုးကြိတ်ခံရသော်လည်း စိတ်မဆိုး

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ သံဃာတော်တို့က ရဟန်း၏ ခန္ဓာကိုယ်၌ ဖူးရောင်ထနေသည်ကို မြင်၍ အကျိုးအကြောင်း မေးမြန်းကြသည်။ မယားခိုးဟု စွပ်စွဲခံရပြီး ထိုးကြိတ်ခံရပုံများ ဖြေကြားရင်း "ရိုက်နှက်သူအား အမျက်မထွက်ပါ" ဟု ပြောသောကြောင့် အခြားရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၄၀၅။ နိဓာယ ဒဏ္ဍံ ဘူတေသု၊ တသေသု ထာဝရေသု စ။
ယော န ဟန္တိ န ဃာတေတိ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

အဿနာဓ၏အဓိပ္ပာယ်

၄၀၅။ ကိလေသာမကင်းသဖြင့် ကြောက်ရွံ့ ထိတ်လန့်တတ်ကုန်သော သတ္တဝါတို့ကို လည်းကောင်း၊ ကိလေသာကင်းပြီးဖြစ်၍ အကြောက်မရှိ တည်ကြည် ခိုင်ခံ့ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့ဌ လည်းကောင်း တုတ်၊ ဓား စသည့် လက်နက်ကို အသုံးမပြုရန် ပယ်ချထားပြီးဖြစ်၍ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ မသတ်ဖြတ်၊ သူတစ်ပါးကိုလည်း မညှဉ်းဆဲ မသတ်ဖြတ်စေသူ ကို ဗြာဟ္မဏဟု ငါဘုရား ခေါ်တော်မူသည်။

မယားနိုးစွပ်စွဲခံရသော ရဟန်းဝတ္ထု ပြီး၏။

၂၃။ ရဟန္တာသာမဏေေလးပါးဝတ္ထု

[ရဟန်းတော်ကြီး လေးပါးပင့်ခိုင်းသော အိမ်သို့ ကြွသွားသူ သာမဏေများ]

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားမကြီးတစ်ဦးသည် ရဟန်းလေးပါးအတွက် ရည်ညွှန်း၍ ဆွမ်းစီရင်ပြီး ပုဏ္ဏားကြီးအား "အရှင်မြတ်ကြီးလေးပါ" ကို အပင့်ခိုင်းသည်။ ထိုဆွမ်းအလှူအတွက် ခုနစ်နှစ်သား ရဟန္တာသာမဏေများ ဖြစ်သော သံကိစ္စ သာမဏေ၊ ပဏ္ဍိတ သာမဏေ၊ သောပါက သာမဏေနှင့် ရေဝတ သာမဏေတို့သာ ထိုအိမ်သို့ကြွရန် အလှည့်ကျသည်။ ရဟန်းတော်ကြီး လေးပါးကို ပင့်ခဲ့ပါဟု စေခိုင်းရာ သာမဏေငယ်လေးပါးကို ပင့်လာသဖြင့် ပုဏ္ဏားမကြီး စိတ်ဆိုးလျက် သာမဏေလေးပါးအား ခင်းထားသော နေရာ၌ ထိုင်ခွင့်မပေး၊ ဆွမ်းလည်း မကပ်ဘဲ အခြားလေးပါးကို ထပ်ပင့်ရန် ပုဏ္ဏားကြီး ကို စေလွှတ်ပြန်သည်။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာကို ပင့်ပြီ

အရှင်သာရိပုတ္တရာသည် ပုဏ္ဏားကြီးက ပင့်၍ လိုက်ပါလာခဲ့သည်။ အိမ်သို့ရောက်သော် သာမဏေများကိုတွေ့ရ၍ "မြင့်မြတ်သော ဗြာဟ္မဏကြီးများ ဆွမ်းရပါပြီလော" ဟု မေးသည်။ သာမဏေတို့က မရသေးကြောင်း လျှောက်ထားသဖြင့် အရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းအလှူမခံဘဲ ပြန်ကြွသွားသည်။

အရှင်သာရိပုတ္တရာ ပြန်ကြွသွား၍ နောက်ထပ် ပင့်ခိုင်းသောကြောင့် အရှင်မဟာမောဂ္ဂလာန် ကြွရောက်လာသည်။ အရှင်မဟာမောဂ္ဂလာန်သည် သာမဏေတို့ကို မြင်သော် အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့ပင် မိန့်ကြားပြီး ပြန်ကြွသွားပြန်သည်။

ပုဏ္ဏားအိုယောင်ဆောင်ထားသူ သိကြားမင်း

သိကြားမင်းသည် သာမဏေငယ်လေးပါးတို့ ဆွမ်းမစားရသေးသည့် အဖြစ်ကို သိသဖြင့် ဗြာဟ္မဏပုဏ္ဏားအိုကြီးယောင်ဆောင်လျက် ပုဏ္ဏားတို့ ရွတ်ဖတ်ရာနေရာသို့ သွားပြီး ထိုင်နေသည်။ ပုဏ္ဏားအိုယောင်ဆောင်ထားသော သိကြားမင်းကို ဗြာဟ္မဏကြီး ထင်မှတ်ကာ ပုဏ္ဏားကြီးက ပင့်လာပြန်သည်။ ပုဏ္ဏေးမကြီးက သိကြားမင်း ပုဏ္ဏားအိုကြီးကို ခင်းထားသော အမွှန်အမြတ်ဆုံး နေရာ၌ထိုင်ရန် အိမ်ထဲသို့ ပင့်သည်။ သိကြားမင်း ပုဏ္ဏားအိုကြီးသည် ရဟန္တာ သာမဏေလေးများအား ရိုရိုးဉီးချပြီး ခြေရင်း၌ ထိုင်သည်။

ပုဏ္ဏေးမကြီး လင်မယားသည် မြေးအရွယ် သာမဏေလေးများကို ရိုရိုးဉီးချသော သိကြားမင်း ပုဏ္ဏားအိုကြီးကို ထိုသို့ ရိုရိုးရပါမည်လားဟု ကဲ့ရဲ့ပြောဆိုကာ အိမ်ပေါ်မှ ဆွဲချသည်။ ရိုက်ပုတ် ထုထောင်းသည်။ သို့သော် သိကြားမင်း ပုဏ္ဏားအိုကြီးသည် သူထိုင်ရာ နေရာမှ ရွေ့ပင်မရွေ့သည်ကို မြင်၍ ကြောက်လန့်ကာ ပုဏ္ဏားလင်မယားတို့ အော်ဟစ်ကြသည်။

ထိုအခါမှ သိကြားမင်းက အဖြစ်မှန်ကို အသိပေးပြီး ရဟန္တာသာမဏေကလေးများ ဆွမ်းမရသေး၍ လာခဲ့ကြောင်း ပြောပြသည်။ ပုဏ္ဏားကြီး လင်မယားသည် ရဟန္တာသာမဏေများဟု သိသွားသဖြင့် ဆွမ်းကပ်လှူသည်။ သာမဏေ

http://www.dhammadownload.com

တို့သည် လှူသောဆွမ်းကို ခံယူကာ တစ်ပါးက အိမ်အမိုးအလယ်မှ ဖောက်ထွက်၍ လည်းကောင်း၊ အခြားသုံးပါးတို့က အိမ်အမိုး၏ ရှေ့ဘက်၊ နောက်ဘက်နှင့် မြေထဲမှ ငုပ်လျှိုးလျက် လည်းကောင်း ပြန်ကြွသွားကြသည်။ သိကြားမင်းက အခြားတစ်နေရာမှ ထွက်သွားသဖြင့် အိမ်၌ အပေါက်ကြီး ငါးခု ဖြစ်ကျန်နေခဲ့သည်။

ကျောင်းသို့ရောက်သော် သာမဏေတို့က ထိုအကြောင်းများကို ရဟန်းတို့အား ပြောပြကြသည်။ အခြားရဟန်းတို့က "ပုဏ္ဏားလင်မယားတို့ ဤသို့ပြုသည်ကို အမျက်မထွက်ဘူးလော" ဟု မေးသောအခါ သာမဏေတို့က စိတ်မဆိုးဟု ဖြေကြားကြသည်။ ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြ၍ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၆။ အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊ အတ္တဒဏ္ဍေသု နိဗ္ဗုတံ။
သာဒါနေသု အနာဒါနံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၆။ ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်၊ တုတ်၊ ဓား၊ လက်နက်စသည် စွဲကိုင်သူတို့၌ မစွဲကိုင်ဘဲ ရန်ပြုလိုသော သဘောမရှိ၊ တပ်မက်စွဲလမ်းအပ်သောအရာတို့၌ စွဲလမ်းခြင်းမရှိသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ရဟန္တာသာမဏေလေးပါးဝတ္ထု ပြီး၏။

၂၄။ မဟာပန္ထကမထေရ်ဝတ္ထု

[တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ မာန်ထောင်ခြင်းမရှိသူ]

မဟာပန္ထက (မဟာပန်) နှင့် စူဠပန္ထက (စူဠပန်) ထေရ်တို့သည် ညီအစ်ကိုအရင်းများ ဖြစ်ကြသည်။ ညီဖြစ်သူ စူဠပန်အား လေးပါဒရှိသော

http://www.dhammadownload.com

ဂါထာတစ်ပုဒ်ကို အထပ်ထပ်အခါခါ သင်ပေးရာ ဝါတွင်းကာလသာ ကုန်သွားသည်၊ စူဠပန်ထေရ်သည် ထိုဂါထာတစ်ပုဒ်ကို မရ။ အစ်ကို မဟာပန်ထေရ်သည် ရဟန္တာဖြစ်သည်။ ညီဖြစ်သူ စူဠပန်သည် ဉာဏ်ထိုင်းသဖြင့် သာသနာ့ဘောင်၌နေရန် မသင့်။ သာသနာ့ဘောင်၌ ဆက်နေခြင်းဖြင့် လောကီလောကုတ် ချမ်းသာနှစ်မျိုးစလုံးမှ ဆုံးရှုံးရသည်ဟု တွေးမြင်ကာ မဟာပန်ထေရ်သည် ညီဖြစ်သူ စူလပန်ကို ကျောင်းတော်မှ နှင်ထုတ်လိုက်သည်။

ဘုရားရှင်ကို လျှောက်ထားကြသော်

ဤသို့ နှင်ထုတ်ခြင်းမှာ ရဟန္တာဖြစ်ပါလျက် ဒေါသမကင်းသေးဟု ထင်မြင်သူ ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ရဟန္တာတို့၏ သဘောကို သိစေရန် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၇။ ယသသ ရာဂေါ စ ဒေါသော စ၊ မာနော မက္ခော စ ပါတိတော။
သာသပေါရိဝ အာရဂ္ဂါ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၇။ မုနိညင်းစေ့သည် ပွတ်ဆောက်ဖျားခ် မတည်နိုင်ဘဲ လျှောကျသကဲ့သို့ အကြင်သူသည် **ရာဂ** တပ်မက်ခြင်း၊ **ဒေါသ** အမျက်ထွက်ခြင်း၊ **မာန** မာန်ထောင်ခြင်း၊ **မက္ခ** သူတစ်ပါးဂုဏ်ကို ဖျေဖျက်ခြင်းသဘောတို့ ကင်းသည့် သူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

မဟာပန္ထကမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂၅။ ဝိလိန္ဒဝစ္ဆ မထေရ်ဝတ္ထု

[သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိ၍ ဒေါသမကင်းဟု အထင်ခံရသူ]

အရှင်ဝိလိန္ဒဝစ္ဆမထေရ်သည် လောဘ၊ ဒေါသ စသည်တို့ ပယ်သတ်ပြီးသော ရဟန္တာတစ်ပါး ဖြစ်သည်။ သို့သော် လူ၊ ရှင်၊ ရဟန်းတို့ကို ပြောဆိုရာ၌ "သူယုတ်" ဟူသော စကားကိုသုံးကာ ခေါ်ဝေါ်ပြောဆိုလေ့ရှိသည်။

ထိုသို့ ပြောဆိုခြင်းမှာ ဒေါသမကင်းသေး၍ဟု ထင်မြင်သူ ရဟန်းတို့က ဘုရားရှင်ကို လျှောက်ထားကြသည်။ ဘုရားရှင်က ရဟန္တာ၌ ဒေါသမရှိ။ ဤမထေရ်သည် ဘဝငါးရာတိုင်တိုင် ထိုသို့ ပြောဆိုခဲ့သော ပုဏ္ဏားဖြစ်ခဲ့ဖူးသည်ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၈။ အကတ္တာသံ ဝိညာပနိံ၊ ဂိရံ သစ္စ'မုဒီရယေ။
ယာယ နာဘိသဇေ ကဉ္စိ၊ တံ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၈။ သူတော်ကောင်းသည် နူးညံ့ပြေပြစ်၍ သဘောအဓိပ္ပာယ် ပေါ်လွင်စေသော မှန်သောစကားကို ပြောဆိုတတ်၏။ မည်သူကိုမျှ အမျက်ဒေါသဖြင့် ထိခိုက်ကာ မပြောမဆို။ ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ဝိလိန္ဒဝစ္ဆမထေရ်ဝတ္ထု ပြီး၏။

၂၆။ ပုဆိုးသူခိုးစွပ်စွဲခံရသူရဟန်း ဝတ္ထု

[ဦးပြည်းခေါင်းတုံး ပုဆိုးခိုးသည်ဟု စွပ်စွဲခံရသောရဟန်း]

သာဝတ္ထိပြည်သား မိစ္ဆာအယူရှိသူ ပုဏ္ဏားတစ်ဦးသည် အနံ့ထွက်နေသော အပေါ်ရုံပုဆိုးကို ချွတ်ပြီး အနံ့ပျောက်စေရန် နေပူသောနေရာ တစ်နေရာ

http://www.dhammadownload.com

၌ ထားပြီး အိမ်ဝ၌ ထိုင်လျက် ကြည့်နေသည်။ မြို့တွင်းမှ ဆွမ်းကိစ္စပြီးစီး၍ ပြန်ကြွလာသော ရဟန်းတစ်ပါးက ပုဏ္ဏားချုတ်ထားသော အပေါ်ရုံကို ပုံသကူပစ်ထားသည်ဟု ထင်မှတ်ကာ ကောက်ယူသည်။ ပုဏ္ဏားသည် ရဟန်းထံသို့လာကာ "ဦးပြည့်ခေါင်းတုံး ပုဆိုးခိုးသည်" ဟု ဆဲရေးကြိမ်းမောင်းသည်။ ရဟန်းက ပိုင်ရှင်မဲ့ ပုံသကူ စွန့်ပစ်ထားသောပစ္စည်းထင်၍ ကောက်ယူမိကြောင်း ရှင်းပြကာ ပုဆိုးကို ပြန်ပေးလိုက်သည်။

ရဟန္တာဟုမသိသဖြင့် ကျိစယ်ကြပုံ

ကျောင်းသို့ ပြန်ရောက်သော် ထိုရဟန်းက ပုဆိုးနှင့် ပတ်သက်၍ စွပ်စွဲခံရပုံကို အခြားရဟန်းများအား ပြောပြသည်။ ရဟန်းများက ထိုရဟန်းကို ရဟန္တာဟု မသိသဖြင့် "ယူမိသော ပုဆိုးသည် ရှည်ရှည်လား၊ တိုတိုလား၊ ထူသလား၊ ပါးသလား စသည်ဖြင့် ကျိစယ်ပြောဆိုကြသည်။ "ငါ့ရှင်တို့ ငါသည် ထိုအဝတ်၌ တွယ်တာခြင်းမရှိ" ဟု ပြောသဖြင့် ဘုရားရှင်ကို လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၀၉။ ယောဓ'ဒီဃံ ဝ ရဿံဝါ၊ အဏုံ ထူလံ သုဘာသုဘံ။
လောကေ အဒိန္နံနာဒိယတိ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၀၉။ ဤလောက၌ ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ။ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အကြင်သူသည် မခိုးယူ။ ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ပုဆိုးသူခိုးစွပ်စွဲခံရသူရဟန်းဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂၇။ သင်္ကန်းပို့ရန်မှာသော အရှင်သာရိပုတ္တရာမထေရ်ဝတ္ထု

[ရဟန္တာတို့သည် လိုချင်မှု၊ မက်မောမှု ကိလေသာမရှိ]

အရှင်သာရိပုတ္တရာမထေရ်သည် တောကျောင်းတစ်ကျောင်း၌ နောက်ပါ သံဃာတော်များနှင့်အတူ ဝါကပ်ဆိုပြီး ဝါကျွတ်သော် ပဝါရဏာပြုကာ ဘုရားရှင်ထံ ပြန်ကြွသွားသည်။ ထိုကျောင်း၏ ဒါယကာ၊ ဒါယိကာမတို့က အရှင်သာရိပုတ္တရာမထေရ်ကို ကြည်ညိုသဖြင့် သင်္ကန်းများလှူရန် ကတိပြုထားကြသည်။ အရှင်သာရိပုတ္တရာမထေရ်သည် သင်္ကန်းများ လာမလှူမီ ပြန်ကြွသွားသဖြင့် သင်္ကန်းများ လာလှူလျှင် သိမ်းထားရန်၊ သို့မဟုတ် သူ့ထံပို့ပေးရန် အရှင်သာရိပုတ္တရာမထေရ်က မှာထားခဲ့သည်။ ဤသို့ မှာထားခြင်းမှာ လိုချင်မှု အလာမကင်းသေး၍ဟု ထင်မြင်သူ ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က "ငါ့သားတော်ကြီးမှာ လိုချင်မှု တဏှာမရှိဟု သိစေတော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁၀။ အာသာ ယဿ န ဝိဇ္ဇန္တိ၊ အသွီ လောကေ ပရမှိ စ။
နိရာသာသံ ဝိသံယုတ္တံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၀။ အကြင်သူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း မက်မောခြင်း တဏှာမရှိ။ မက်မော တောင့်တခြင်းကင်း၍ ကိလေသာမရှိသော ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

သင်္ကန်းပို့ရန်မှာသော အရှင်သာရိပုဝ္ဝ ရာ ထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၂၈။ အရှင်မဟာမောဂ္ဂလာန်မထေရ် ဝတ္ထု

[သူတော်ကောင်းတို့မှာ ကပ်ငြိမှု၊ တွယ်တာမှုမရှိ တရားမှန်သိကြသည်]

သင်္ကန်းပို့ရန်မှာသော အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ပင် အရှင်မဟာမောဂ္ဂလာန်မထေရ်ကလည်း မှာတော်မူသည်။ ရဟန်းများက ဤမထေရ်ကြီးသည်လည်း လိုချင်မှုအာသယ မကင်းသေးသူဟု ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁၁။ ယသ္သာလယာ နု ဝိဖန္ဒိ၊ အညာယ အကထံကထီ။
အမတောဂဓံ မနုပ္ပတ္တံ၊ တံ မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၁။ သူတော်ကောင်းသည် ကပ်ငြိတွယ်တာခြင်းမရှိ၊ တရားမှန်ကို သိ၍ ယုံမှားခြင်းမရှိ၊ သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်သို့ရောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု ပြီး၏။

၂၉။ ရှားတောနေ ရေဝတသာမဏော ဝတ္ထု

[ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်ပါးကို ပယ်ပြီးသူ]

ရှားတောနေ ရေဝတသာမဏော၏ ကျောင်းမှ ပြန်ကြွလာကြသော ရဟန်းတော်တို့က ရေဝတသာမဏောသည် လာဘ်လာဘ ပေါများသည်။ ဘုန်းကံကြီးမားသည်။ တောအတွင်း၌ တစ်ပါးတည်းနေပါလျက် ရဟန်းငါးရာတို့နေရန် ကျောင်းငါးရာ ဆောက်လုပ် လှူဒါန်းနိုင်သည်ဟု ချီးကျူးကြသည်။ ဘုရားရှင်သည် တရားသဘင်သို့ ကြွလာပြီး "ရဟန်းတို့၊ ရေဝတသာမဏော၌

http://www.dhammadownload.com

ကုသိုလ်၊ အကုသိုလ်ကံ မရှိတော့၊ ထိုကံနှစ်မျိုးကို ပယ်ပြီးပြီ” ဟု မိန့်တော်မူကာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁၂။ ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂမုပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊ တ’မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၂။ ဤလောကဌ် ကောင်းမှု မကောင်းမှု နှစ်မျိုးတို့ကို လည်းကောင်း၊ ကပ်ငြိစွဲလမ်းတတ်သော တဏှာကို လည်းကောင်း ပယ့်စွန့်၍ စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြူ အညစ်အကြေး ကင်းစင်သူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ရှားတောနေ ရေဝတသာမထေ ဝတ္ထု ပြီး၏။

၃၀။ ချက်မှအရောင်ထွက်သူ စန္ဒာဘမထေရ်ဝတ္ထု

[ကဿပဘုရားရှင်၏ စေတီ၌ စန္ဒကူးနီလှူခဲ့၍
ချက်မှ အရောင်ထွက်သူ]

ဤစန္ဒာဘမထေရ်လောင်းလျာသည် ရာဇဂြိုဟ်ပြည်မှ ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝသော ပုဏ္ဏား၏သားတစ်ဦး ဖြစ်သည်။ သူ့ချက်အဝန်းမှ လဝန်းသဏ္ဌာန်နှင့်တူသော ထွန်းလင်းတောက်ပသည့် အရောင်ထွက်နေ၍ သူ့ကို စန္ဒာဘဟု ခေါ်ကြသည်။ ထိုကဲ့သို့ အလင်းရောင်ထွက်နေရခြင်းမှာ ကဿပဘုရဲ့ရှင်၏ ရွှေစေတီဝမ်း၌ လဝန်းသဏ္ဌာန် ပြုလုပ်ကာ စန္ဒကူးနီကို သွေး၍ လှူဒါန်းပူဇော်ခဲ့သော ကောင်းမှုကြောင့် ဖြစ်သည်။

ယာဉ်ဖြင့်တင်ပြီး လှည့်လည်ကြွေးကြော်ခဲ့

ချက်မှ အလင်းရောင်ထွက်နေသော စန္ဒာဘ သတို့သားကို ပုဏ္ဏားတို့က ယာဉ်ဖြင့်တင်ကာ အရပ်တကာ လှည့်လည် ပြသကြသည်။ “စန္ဒာဘ၏

http://www.dhammadownload.com

ကိုယ်ကို လက်ဖြင့် ကိုင်မိ၊ ထိမိသူသည် ချမ်းသာသည်။ ဂုဏ်သတင်း ကျော်စောသည်" ဟုလည်း ကြွေးကြော်ကြသည်။ အသေပြာ ရာထောင်ပေးကာ ချမ်းသာလိုသူ၊ ဂုဏ်လိုသူတို့က စန္ဒာဘာ၏ ကိုယ်ကို လာရောက် ထိကြ၊ ကိုင်ကြသည်။

တစ်နေ့တွင် ထိုပုဏ္ဏားအဖွဲ့သည် ခရီးစဉ်အတိုင်း လှည့်လည်လာကြရာ ဇေတဝန် ကျောင်းတော်သွားရာလမ်းသို့ ရောက်လာကြသည်။ ဇေတဝန် ကျောင်းတော်သို့ တရားနာသွားကြမည့် သူများအား စန္ဒာဘာအကြောင်းကို ပြောကာ ဆွဲဆောင် စည်းရုံးကြသည်။ သို့ဖြင့် ဘုရားရှင်ထံ တရားနာ သွားကြမည့်သူများနှင့် စန္ဒာဘာတို့ အုပ်စုသည် "စန္ဒာဘာက သာသည်၊ ဘုရားရှင်ကသာသည်" ဟု ငြင်းခုံကြသည်၊ လက်တွေ့ ယှဉ်ပြိုင်ကြရန် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်ထဲသို့ သွားကြသည်။

ဘုရားရှင်ထံ တပည့်ခံပြု

စန္ဒာဘာသည် ဘုရားရှင်၏ ရှေ့မှောက်ရောက်သော် အရောင်မထွက်တော့ပေ။ ဘုရားရှင် ရှေ့တော်မှ အပြင်ထွက်လိုက်လျှင် အရောင်ပြန်ထွက်လာသည်။ စန္ဒာဘာသည် ဘုရားရှင်ထံ၌ ထူးခြားသော မန္တန်ရှိသည်ဟု ယုံကြည်ကာ မန္တန်သင်ယူရန် ဘုရားရှင်ထံ၌ ခွင့်ပန်သည်။ ဘုရားရှင်က "ရဟန်းပြုသူကိုမှ သင်ပေးမည်" ဟု မိန့်ကြားတော်မူသဖြင့် စန္ဒာဘာသည် မန္တန်ရလိုမှုဖြင့် တပည့်ခံကာ ရဟန်းဝတ်သည်။ ဘုရားရှင်က မန္တန်အဖြစ် ဘာဝနာကမ္မဋ္ဌာန်း တရားကို သင်ကြားပေးသည်။ ထိုဘာဝနာကို ပွားများအားထုတ်ရာ သုံးကြိမ်ခန့်ဖြင့်ပင် စန္ဒာဘာ ရဟန္တာ ဖြစ်သွားတော့သည်။

စန္ဒာဘာကို လှည့်လည်ပြသပြီး ငွေရှာသူများက အိမ်ပြန်လိုက်ရန် လာခေါ်ကြသည်။ "သင်တို့သာ ပြန်ကြတော့၊ ငါကား နောက်ကြောင်းပြန်ဖို့ အကြောင်းမရှိတော့ပြီ" ဟု ပြော၍ ရဟန်းတို့က ဘုရားရှင်ကို လျှောက်ထားကြသည်။ ဘုရားရှင်က မထေရ်သည် ရဟန္တာဖြစ်ပြီဟု သိစေရန် ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၄၁၃။ စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္နံ'မနာဝိလံ၊
နန္ဒီဘဝပရိက္ခီဏံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၃။ တိမ်တိုက်၊ ဆီးနှင်း စသော အညစ်အကြေးမှ စင်ကြယ်သော လမင်းကဲ့သို့ ကိလေသာအညစ်အကြေး ကင်းစင်၍ အထူးသဖြင့် ကြည်လင် စင်ကြယ်သော၊ ကာမ၊ ရူပ၊ အရူပ ဟူသော ဘဝသုံးပါးတို့၌ တပ်မက်ခြင်း ကင်းသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ချက်မှအရောင်ထွက်သူ စန္ဒာဘမထေရ်ဝတ္ထု ပြီး၏။

၃၁။ အရှင်သီဝလိမထေရ်ဝတ္ထု

[အဓိဝမ်း၌ ခုနစ်နှစ်နှင့် ခုနစ်ရက်ကြာနေခဲ့ရသော မထေရ်]

အရှင်သီဝလိမထေရ်လောင်းလျာသည် အဓိဝမ်းတွင်း၌ ခုနစ်နှစ်နှင့် ခုနစ်ရက်ကြာနေခဲ့ရသည်။ မိခင်သည် ကောလိယ သာကိန္ဒယ်ဖွား သုပ္ပဝါသာ မင်းသမီး ဖြစ်သည်။ ခုနစ်နှစ်ကြာ ကိုယ်ဝန်လွယ်ထားပြီး သားကို ဖွားမြင်သောအခါ ခုနစ်ရက်ကြာမျှ မီးမဖွားနိုင်ဘဲ ကိုယ်ဝန်ဒုက္ခကို ခံနေရစဉ် မင်းသမီးသည် "ဘုရားရှင်သည် ဤသို့သော ဒုက္ခကို ပယ်ခြင်းငှာ တရားဟောတော်မူသည်။ ဘုရားရှင်၏ တပည့်သား သံဃာတော်တို့သည်လည်း ဤသို့သော ဒုက္ခကို ပယ်ခြင်းမှာ ကျင့်ကြံတော်မူကြသည်။ နိဗ္ဗာန်သည် ဤသို့သော ဒုက္ခမှ ငြိမ်းအေးရာအမှန် ဖြစ်သည်" ဟု ရတနာသုံးပါး၏ဂုဏ်ကို ပွားများလျက် ကိုယ်ဝန်ဒုက္ခကို သည်းခံနေခဲ့သည်။

သောကငြိမ်းစေသောကြောင့် သီဝလိ

ထို့နောက် သုပ္ပဝါသာ မင်းသမီးသည် မိမိ၏ကိုယ်စား ဘုရားရှင်ကို လျှောက်ထားရန် ခင်ပွန်းဖြစ်သူကို ကောလိယပြည် ကုဏ္ဍာဓာနတောင် သီတင်း

http://www.dhammadownload.com

သုံးနေတော်မူနေသော ဘုရားရှင်ထံ စေလွှတ်သည်။ ဘုရားရှင်က "သုပ္ပဝါသာမည်သော ကောလိယ မင်းသမီးသည် ချမ်းသာပါစေ၊ အနာရောဂါ ကင်းရှင်း၍ အနာရောဂါမရှိဘဲ အနာရောဂါကင်းသော သားရတနာကို ဖွားမြင်ပါစေ" ဟု မိန့်တော်မူသည်နှင့် သုပ္ပဝါသာ မင်းသမီးသည် သားရတနာလေးကို ဖွားမြင်သည်။ သားရတနာကို မွေးဖွားပြီးသောအခါ ဘုရားရှင်နှင့် သံဃာတော်များကို ၇ ရက်တိုင်တိုင် ဆွမ်းကပ်လှူ ကုသိုလ်ပြုသည်။ သီဝလီမင်းသား ဖွားမြင်လာသဖြင့် ဆွေမျိုးတို့၏ ပူပင်သောကကို ငြိမ်းစေသောကြောင့် သူ့အမည်ကို သီဝလီဟု အမည်ပေးခဲ့ကြသည်။

စတဒဂ်ဘွဲ့ရှင် ဖြစ်ခဲ့ပြီ

သီဝလီ သတို့သားသည် အရှင်သာရိပုတ္တရာအထံ၌ ရှင်ရဟန်းပြုသည်။ ဆံတို့ကို ပထမအကြိမ် ရိတ်ချနေစဉ်၌ သောတာပန်ဖြစ်သည်။ ဒုတိယအကြိမ် ရိတ်ချစဉ် သကဒါဂါမ်၊ တတိယအကြိမ်၌ အနာဂါမ်ဖြစ်ပြီး နောက်ဆုံးအကြိမ် ရိတ်ချစဉ်မှာပင် ရဟန္တာ ဖြစ်တော်မူသည်။ သီဝလီ သတို့သားကို ရှင်ရဟန်းပြုပေးသောနေ့မှစ၍ ရဟန်းသံဃာတော်တို့အတွက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး စသော လာဘ်လာဘများ ပေါများလာသည်။ အရှင်သီဝလီမထေရ်သည် လာဘ်လာဘအရာ၌ အသာဆုံးဖြစ်၍ ဘုရားရှင်က စတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းခံရသည်။

မထေရ်သားအမိ၏ အတိတ်အကြောင်း

ဤမထေရ်သားအမိသည် အတိတ်ဘဝတစ်ခု၌ ဗာရာဏသီမင်းမိဖုရားနှင့် သားတော်ဖြစ်ခဲ့သည်။ ခမည်းတော် စစ်ရှုံးခဲ့ရသော ဗာရာဏသီမြို့ကို ပြန်တိုက်စဉ် ခုနစ်နှစ်ကြာ မြို့ကို ဝိုင်းရံပိတ်ဆို့ထားခဲ့သည်။ မြို့သူ မြို့သားတို့သည် တံခါးငယ်များမှထွက်ကာ ထင်း၊ ရေ၊ စားစရာတို့ကို သယ်ယူသည်ဟု သိသောအခါ မိခင်မိဖုရားကြီးက အားလုံးကို အပိတ်ခိုင်းသည်။ ခုနစ်ရက်ကြာသောအခါ ထွက်ပေါက်မရှိတော့သဖြင့် မြို့သူမြို့သားတို့က သူတို့မင်း၏ ခေါင်းကိုဖြတ်ပြီး မြို့ကို မင်းသားထံ အပ်နှံခဲ့ကြသည်။

http://www.dhammadownload.com

သီဝလိထေရ် လာဘ်လာဘ ပေါများခဲ့ရခြင်းမှာ ဝိပဿီဘုရားရှင် လက်ထက်၌ ပျားရည်နှင့် နွားနို့လျှုခဲ့ခြင်း။ ပဒုမုတ္တရ ဘုရားရှင် လက်ထက်၌ ကုသိုလ်ပြုကာ ဧတဒဂ်ဆုရရန် ဆုတောင်းခဲ့ခြင်းကြောင့် ဖြစ်သည်။

ရဟန်းတော်တို့သည် သီဝလိထေရ်နှင့် မိခင်တို့အကြောင်း ပြောကြားနေကြစဉ် ဘုရားရှင် ကြွလာတော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁၄။ ယော မံ ပလိပထံ ဒုဂ္ဂံ၊ သံသာရံ မောဟ'မစ္စဂါ။
တိဏ္ဏော ပါရင်္ဂတော ဈာယီ၊ အနေဇော အကထံ ကထီ။
အနုပါဒါယ နိဗ္ဗုတော၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၄။ ရဟန္တာသည် **ရာဂ**တည်းဟူသော အနောင့်အယှက်ဘေးကို လည်းကောင်း၊ **ကိလေသာ**တည်းဟူသော အသွားခက်သည့်ခရီးကို လည်းကောင်း၊ **သံသရာ**တည်းဟူသော အကူးခက်သည့် သမုဒ္ဒရာကိုလည်းကောင်း၊ **မောဟ** တည်းဟူသော အမိုက်အမှောင်ကို လည်းကောင်း လွန်မြောက်ပြီးဖြစ်၍ သြဃလေးပါးကို ကူးမြောက်ခဲ့ပြီး နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်၏။ ကိလေသာတို့ကို ရှိုမြိုက်လေ့ရှိ၏။ တဏှာကင်း၍ သို့လော သို့လော ယုံမှားတွေးတောမှုမရှိ။ အစွဲအလမ်းကင်း၍ ပူပန်မှုမရှိသော ရဟန္တာကို ဗြာဟ္မဏ ဟု ငါဘုရား ဟောတော်မူသည်။

အရှင်သီဝလိမထေရ်ဝတ္ထု ပြီး၏။

၃၂။ ဖြားယောင်းခံရသူ သုန္ဒရသမုဒ္ဒမထေရ် ဝတ္ထု

[တဏှာ၊ ကာမတို့ဖြင့် ဖြားယောင်းခံရ၍ အသိဝင်ကာ ရဟန္တာဖြစ်သူ]

သုန္ဒရသမုဒ္ဒမထေရ်သည် သာဝတ္ထိမြို့မှ သူဌေးသားတစ်ဦး ဖြစ်သည်။ ဘုရားရှင်ထံမှ တရားနာကြားရသဖြင့် ဘုရားရှင်ထံ၌ ရှင်ရဟန်းပြုခွင့်တောင်း

http://www.dhammadownload.com

ရာ မိဘများ၏ သဘောတူညီချက် မရသဖြင့် ဘုရားရှင်က ခွင့်မပြုပေ။ သတို့သားသည် အိမ်သို့ပြန်ပြီး မိဘများထံ ရဟန်းပြုခွင့်ပေးရန် ခုနစ်ရက်တိုင် အစာမစားဘဲ အိပ်နေခဲ့ရာမှ မိဘများ၏ ခွင့်ပြုချက်ရလာသူ ဖြစ်သည်။ ရဟန်းဖြစ်ပြီးသောအခါ သာဝတ္ထိမြို့မှာမနေဘဲ ဆွေမျိုးတို့နှင့်ဝေးရာ ရာဇဂြိုဟ်မြို့တော် ဇေတဝန်ကျောင်းသို့ သွားရောက်နေထိုင်သည်။

လူထွက်အောင်လုပ်ပေးမည်

ပွဲလမ်းသဘင်နေ့တစ်နေ့တွင် သုန္ဒရသမုဒ္ဒ၏ မယ်တော်၊ ခမည်းတော်တို့သည် ပျော်ရွှင် ဆော့မြူးနေကြသော မိမိတို့သား၏ မိတ်ဆွေ သူငယ်ချင်းများကိုတွေ့သော် သားကို သတိရကာ ငိုကြွေးကြသည်။ ထိုစဉ် ပြည့်တန်ဆာမတစ်ဦးလာပြီး အကြောင်းအကျိုးကို မေးသည်။ ရာဇဂြိုဟ်မြို့တော်သို့ ရောက်နေသော သားရဟန်းအကြောင်း ပြောပြကြသည်။ ပြည့်တန်ဆာမက "လူပြန်ထွက်လာအောင် ဆောင်ရွက်ပေးမည်။ မည်သို့ တုံ့ပြန်ကျေးဇူးပြုမည်လဲ"ဟုမေးသဖြင့် "အိမ်ရှိ စည်းစိမ်အားလုံး အပ်နှင်းမည်" ဟု မိဘများက ကတိပေးကြသည်။ ပြည့်တန်ဆာမသည် လိုအပ်သော ပစ္စည်းပစ္စယ ရိက္ခာများနှင့် အပေါင်းအဖော်များကို ခေါ်လျက် မထေရ်ရှိရာ ရာဇဂြိုဟ်ပြည်သို့ လိုက်သွားသည်။

မောင်က ရှေ့သွား၊ မယ်က နောက်လိုက်

ပြည့်တန်ဆာမသည် ဆွမ်းခံကြွလာသော မထေရ်ကို တွေ့သော် အိမ်သို့ပင့်ပြီး ကောင်းပေ့၊ အရှင်ဘုရားရှိပေ့ဆိုသော စားသောက်ဖွယ်များကို လှူဒါန်းသည်။ နောက်ရက်များတွင်လည်း အခြားအိမ်သို့ မကြွဘဲ ဤအိမ်၌သာ ဆွမ်းဘုဉ်းပေးရန် လျှောက်ထားသည်။ ဆွမ်းခံကြွလာသော မထေရ်ကို ပထမသော် အိမ်ဦးခန်း၊ ထိုမှ အိမ်အလယ်ခန်း၊ နောက်တစ်ဆင့် ပြာသာဒ်ပေါ်သို့ ပင့်သည်။ ပြာသာဒ်ပေါ်ရောက်သောအခါ တံခါးကို ပိတ်ထားပြီး "အရှင်ဘုရားသည် ငယ်ရွယ် နုပျိုပါသေးသည်။ တပည့်တော်၏ ခင်ပွန်းအဖြစ် နေတော်မူပါ။ တပည့်တော်မသည်လည်း ပျိုနုသေးသူဖြစ်၍ ကြင်ရာသက်ထား ချစ်မယား

http://www.dhammadownload.com

အဖြစ် နေပါမည်။ အသက်အရွယ် ကြီးပြင်း အိုမင်းသောအခါမှ မောင်က ရှေ့သွား၊ မယ်က နောက်လိုက် တစိုက်စိုက်ဖြင့် အမြိုက်စခန်း နိဗ္ဗာန်နန်းသို့ ရောက်ရန် ရဟန်းပြုကြပါမည်” ဟု သိမ်းသွင်း လျှောက်ထားသည်။

ကိလေသာတို့ကို ပယ်စွန့်ခဲ့ပါ

ပြည့်တန်ဆာမ လျှောက်ထားသော စကားကို ကြားသော် “ငါသည် အဆင်ခြင်မဲ့စွာ ပြုမိလေပြီ။ အလွန်ပင် ဝန်လေးပေစွ။ ကောင်းပေ ညွှန့်ပေ ဆိုသော စားသောက်ဖွယ် ရသတဏှာကို မက်မောမိရာမှ ထိုတဏှာထက် အဆတစ်ထောင့်ငါးရာ ပိုမို ပြင်းထန်သော ကာမတဏှာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါမိချေတော့မည်” ဟု ထိတ်လန့်လျက် မထေရ် သန္တာန်၌ အသိမှန် ဖြစ်ပေါ်လာသည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေသော ဘုရားရှင်သည် ထိုအကြောင်းကို သိမြင်နေ၍ ပြုံးတော်မူသည်။ အရှင်အာနန္ဒာက မေးလျှောက်သောအခါ “အာနန္ဒာ၊ ရာဇဂြိုဟ်မြို့တော်ရှိ ဘုံခုနစ်ဆင့်ပါ ပြာသာဒ်ထက်၌ သုန္ဒရသမုဒ္ဒရဟန်းနှင့် ပြည့်တန်ဆာမတို့သည် စစ်ပွဲကြီး ခင်းနေကြပြီ” ဟု မိန့်တော်မူ၏။ ဘုရားရှင်သည် အသိဝင်လာသော မထေရ်၏အခြေအနေကိုသိ၍ မထေရ်ရှိရာသို့ ရောင်ခြည်တော်များ လွှတ်တော်မူသည်။ ထို့နောက် ရသတဏှာ၊ ကာမတဏှာနှင့် ကိလေသာကာမ၊ ဝတ္ထုကာမတို့ကို ပယ်စွန့်ခဲ့လော့ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

ဒေသနာတော်အဆုံး၌ သုန္ဒရသမုဒ္ဒမထေရ်သည် ရဟန္တာဖြစ်တော်မူပြီး ပြာသာဒ်ကို ဖောက်ထွင်းလျက် ဘုရားရှင်ထံ ကောင်းကင်ခရီးဖြင့် ကြွရောက်လာခဲ့သည်။

၄၁၅။ ယောဓ ကာဖမ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ၊
ကာမဘဝပရိက္ခီဏံ၊ တံ’မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၅။ ဤလောက၌ သူတော်ကောင်းသည် ကာမဂုဏ်တို့ကို ပယ်စွန့်

http://www.dhammadownload.com

လျက် အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ တဏှာကုန်ပြီးဖြစ်၍ ဘဝသံသရာ ကျင်လည်ရန် မရှိတော့သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ဖြားယောင်းခံရသူ သုန္ဒရသမုဒ္ဒထေရ်ဝတ္ထု ပြီး၏။

၃၃။ ဇဋိလသူဋ္ဌေးဝတ္ထု

[အတိတ်ကောင်းမှုကံကြောင့် စံချမ်း
မကောင်းမှုကံကြောင့် ရေမျောခံရသူ]

ဇဋိလသူဋ္ဌေးသည် ဗာရာဏသီ သူဋ္ဌေးသမီးတစ်ဦးနှင့် ဝိဇ္ဇာဓိရ်တို့ ပေါင်းသင်းမိရာမှ မွေးဖွားလာခဲ့သူ ဖြစ်သည်။ သူ့ကို မွေးဖွားလာပြီးနောက် သူဋ္ဌေးသမီးသည် သားငယ်ကို အိုးတစ်လုံးဦးထည့်ကာ ဂင်္ဂါမြစ်တွင်းသို့ မျှောပစ်ရန် အထိန်းအမျိုးသမီးကြီးကို စေခိုင်းသည်။ မျောလာသော အိုးကို မြစ်အတွင်း ရေချိုးနေသူ အရှင်မဟာကစ္စည်းထေရ်၏ ဆွမ်းဒါယိကာမနှင့် အခြား အမျိုးသမီးတစ်ဦးတို့က တွေ့ရှိသွားကြသည်။ ပါလာသော ကလေးကို အရှင်မဟာကစ္စည်းထေရ်၏ ဆွမ်းဒါယိကာမက မွေးမြူ ပြုစုထားပြီး ရှင်သာမဏေပြုပေးရန် မထေရ်ထံ အပ်နှံသည်။

ဇဋိလဟုအမည်တွင်ပုံ

ကလေးမှာ ဖွားမြင်ပြီးစဖြစ်၍ ကိုယ်ဝန် အညစ်အကြေးများကိုပင် သန့်စင်ခြင်း မပြုရသေးပေ။ ဆံပင်များ တွန့်လိမ်ကွေးကောက်နေသည်ကို အစွဲပြုကာ ဇဋိလဟု အမည်တွင်လာခဲ့သည်။

အရှင်မဟာကစ္စည်းထေရ်သည် ဇဋိလကို တက္ကသိုလ်မြို့ရှိ ကုန်သည်တစ်ဦးထံ ထပ်မံ အပ်နှံထားခဲ့သည်။ ကုန်သည်သည် အခြားနေရာတစ်နေရာ

http://www.dhammadownload.com

သို့ ခရီးသွားနေစဉ် အိမ်ရှိ ကုန်သည်၏ ရောင်းကုန်ပစ္စည်းများ ကုန်အောင် ဇဋိလက ရောင်းချထားသည်။ ကုန်သည်က သတောကျကာ ဇဋိလကို သမီးနှင့် ပေးစားလျက် သီးသန့်အိမ်တစ်လုံးကို ဆောက်ပေးထားသည်။ ဇဋိလသည် ထိုအိမ်သစ်သို့ ပြောင်းရွှေ့လာရာ အိမ်သစ်၏ တံခါးခုပေါ်သို့ ခြေတစ်ဖက်နင်း လိုက်မိသည်နှင့် အိမ်၏ နောက်ဘက်တွင် ရွှေတောင်ကြီး ပေါ်ပေါက်လာသည်။ ဇဋိလသည် ရရှိလာသော စည်းစိမ်များကို ခံစားရင်း နေလာခဲ့ရာမှ လူ့ဘဝကို ငြီးငွေ့လာသည်။ သား သုံးယောက်တို့သည်လည်း အရွယ်ရောက်လာကြပြီ ဖြစ်သည်။

မဏ္ဍကသူဌေးကြီးနှင့် တွေ့ပြီ

ရဟန်းဘောင်သို့ ဝင်ရောက်လိုသော်လည်း သူနေသည့် နိုင်ငံ၌ သူနှင့် တူမျှသော အခြားသူဌေးရှိမှ သူ့ကို ဘုရင်က ရဟန်းပြုခွင့်ပေးမည် ဖြစ်သည်။ အခြားသူဌေး ရှိမရှိ စုံစမ်းရန် ရွှေနှင်တံနှင့် ရွှေခြေနင်းတို့ ပေးအပ်လျက် အခိုင်းအစေတို့ကို စေလွှတ်သည်။ စေလွှတ်ထားသူတို့ ဘဒ္ဒိယမြို့သို့ ရောက်သောအခါ မဏ္ဍက သူဌေးကြီးရှိကြောင်း ကြားသိသွားကြသဖြင့် မဏ္ဍကသူဌေးကြီးအား လက်ဆောင်အဖြစ် ရွှေနှင်တံနှင့် ရွှေခြေနင်းတို့ကို ပေးအပ်ခဲ့သည်။ ဇဋိလသူဌေးထံ ပြန်ရောက်သော် မဏ္ဍက သူဌေးကြီး ရှိကြောင်းနှင့် ၎င်းသူဌေးကြီး၏ စည်းစိမ်တို့သည် အရှင်သူဌေးမင်းထက် ပို၍ သာလွန်များပြားကြောင်း အသိပေးလိုက်ကြသည်။

ဇောတိကသူဌေးကြီးထံ ရောက်သော်

နောက်ထပ် အခြားသူဌေးရှိမရှိ စုံစမ်းရန် အခိုင်းအစေတို့ကို ထပ်မံ စေလွှတ်ပြန်သည်။ လက်ဆောင်အဖြစ်ပေးရန် အဖိုးတစ်သိန်းတန် ကမ္မလာကို လည်း ပေးအပ်လိုက်သည်။ ရာဇဂြိုဟ်မြို့သို့ရောက်သော် ဇောတိကသူဌေးကြီး ရှိကြောင်း ကြားသိရသဖြင့် ဇောတိက သူဌေးထံ သွားရောက်ကာ လက်ဆောင်များ ပေးအပ်လိုက်ကြသည်။ ဇောတိက သူဌေးကြီးသည် လက်ဆောင်ရရှိသော ကမ္မလာကို အခိုင်းအစေ ကျွန်မအား ခြေသုတ်ဖုံအဖြစ် အသုံးပြုရန် ချီးမြှင့်

http://www.dhammadownload.com

လိုက်သည်။ ခိုင်းစေခံရသူများက ဇင့်လသူဌေးကြီးထံ ဤအကြောင်းစုံကို ပြန်လည် သတင်းပေး ပြောပြကြသည်။

ရဟန်းပြုခွင့်ရပြီ

ဇင့်လသူဌေးသည် အခြားသူဌေးများရှိသည်ဟု သိရသဖြင့် ပြည့်ရှင် မင်းကြီးထံသွားကာ ရဟန်းပြုခွင့်တောင်းသည်။ မင်းကြီးကလည်း ရဟန်းပြု ခွင့်ပေးလိုက်သည်။ အိမ်သို့ပြန်လာပြီး သားအကြီးအား ရွှေအရိုးနှင့် စိန်အသွား တပ်ထားသော ပေါက်တူးကို ပေးကာ "ရွှေတောင်ကို ပေါက်ပြီး ယူချေ" ဟု စေခိုင်းသည်။ သားကြီးက ပေါက်တူးဖြင့်ပေါက်သောအခါ ရွှေတောင် မှ ရွှေများ တစ်ခုတလေမျှ ထွက်ကျလာခြင်း မရှိ။ သားအလတ်ကို ခိုင်းသော အခါ သားကြီးကဲ့သို့ပင် ရွှေများကို မရရှိပေ။ သားအငယ်ကို ခိုင်းသောအခါ မှ မြေမှုန့်အပုံကို ပေါက်ရသကဲ့သို့ဖြစ်ပြီး ရွှေများလည်း ထွက်ကျလာကြ သည်။

ဇင့်လသူဌေးကြီးသည် သားသုံးယောက်တို့ကိုခေါ်ကာ ရွှေတောင်၏ အခြေအနေကို ပြောပြသည်။ ရွှေတောင်သည် သားကြီးနှင့် သားလတ်တို့ အတွက် မဟုတ်သော်လည်း ညီညီညွတ်ညွတ်ဖြင့် စုပေါင်းသုံးဆောင်ကြရန် ဆုံးမစကား ပြောကြားသည်။

သားအဖတစ်စု၏ ကောင်းမှု၊ မကောင်းမှုကံ

ဇင့်ကသူဌေးကြီးသည် ကဿပဘုရားရှင် လက်ထက် ပန်းထိမ်သည် ဖြစ်နေစဉ် စေတီမုခ်ဦးအတွက် လိုနေသော ရွှေအလှူခံရန် ရောက်လာသည့် ရဟန္တာတစ်ပါးအား "သင်တို့ဘုရားကို ရေထဲသာ မျှောလိုက်" ဟု ပြောဆို ခဲ့သည်။ မယားက ထိုသို့မပြောရန် တားဆီး၍ တောင်းပန်သည့်အနေဖြင့် ရွှေ ပန်းခိုင်သုံးခု ပြုလုပ်လှူဒါန်းခိုင်းသည်။ ရွှေပန်းခိုင် ပြုလုပ်ရာတွင် သားအကြီး နှစ်ယောက်က ပါဝင်ကူညီခြင်းမရှိ။ အငယ်ဆုံးသားကသာ ပါဝင်ကူညီ လုပ် ဆောင်ပေးခဲ့သည်။ ထိုကောင်းမှု၊ မကောင်းမှုကံတို့၏ အကျိုးဆက်အဖြစ် ဇင့်လမွေးခါစက ရေမျှောခံရသည်။ ရွှေပန်းခိုင် လှူခဲ့၍ ရွှေတောင်ပေါက်

http://www.dhammadownload.com

ယာရပြီး ရွှေပန်းခိုင်ပြုလုပ်ရာ၌ မပါဝင်ခဲ့သူ သားအကြီးနှစ်ယောက် ရွှေတောင်မှ ရွှေများမရ။ ပါဝင်ကူညီခဲ့သူ သားအငယ်ကသာ ရွှေများရရှိသည့်အကျိုးများ ခံစားကြရသည်။

ဧဇိုလသူဋ္ဌေးကြီး ရဟန်းဖြစ်ပြီး မကြာမီ ရဟန္တာဖြစ်သည်။ ထိုအကြောင်းကို ပြောဆို ဆွေးနွေးနေကြသော ရဟန်းများထံ ဘုရားရှင် ကြွလာတော်မူပြီး ဤဒေသနာ တော်ကို ဟောတော်မူသည်။

၄၁၆။ ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၆။ ဤလောက၌ သူတော်ကောင်းသည် တဏှာကို ပယ်စွန့်လျက် အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ တဏှာကုန်ပြီးဖြစ်၍ ဘဝသံသရာကျင်လည်ရန် မရှိတော့သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ဧဇိုလသူဋ္ဌေးဝတ္ထု ပြီး၏။

၃၄။ ဧဇေတိကသူဋ္ဌေး ဝတ္ထု

[စည်းစိမ်အားလုံးနှင့် ဇနီးကိုစွန့်ကာ တရားကျင့်၍ ရဟန္တာဖြစ်သူ]

ရာဇဂြိုဟ်ပြည်သား သူဋ္ဌေးသား ဧဇေတိက မွေးလာသောနေ့၌ ရာဇဂြိုဟ်တစ်မြို့လုံးရှိ လက်နက်များနှင့် အဝတ်အထည်များ အရောင်တလောင်လောင် တောက်ပလာကြသည်။ ဤသို့ဖြစ်ခဲ့သည်ကို အစွဲပြုကာ သူ့အမည်ကို **ဧဇေတိက** ဟု အမည်ပေးခဲ့ကြသည်။ ဗိမ္မိသာရမင်းကြီးက ထိုအကြောင်းမျှသာ ကြားသိသဖြင့် သူဋ္ဌေးသားလေး ဧဇေတိကအတွက် နေ့စဉ် မုန့်ဖိုးအဖြစ် ဒင်္ဂါသုတစ်ထောင် ချီးမြှင့်သည်။

http://www.dhammadownload.com

နေအိမ်ဆောက်ရာသို့ သိကြားမင်းရောက်လာ

ဇောတိကနေဖို့ အိမ်ဆောက်ရန် ရှင်းလင်းကြသောအခါ သိကြားမင်းသည် လက်သမားအသွင်ဖြင့် ရောက်လာသည်။ အခြားလက်သမားများကို ဖယ်ရှားပြီး ၁၆ မင်းပယ်စာ ကျယ်သောအရပ်ကို သိကြားမင်း ကြည့်လိုက်သော် မြေပြင်သည် တညီတညာတည်း ဖြစ်သွားသည်။ တံတိုင်းခုနစ်ထပ်နှင့် ပြာသာဒ်တို့ ပေါ်လာသည်။ ရွှေအိုးကြီးလေးလုံးနှင့် ရွှေကြံပင် ကြီးလေးပင်တို့သည်လည်း ရှေးက ပြုခဲ့သော ကောင်းမှုကြောင့် ပေါ်ပေါက်လာကြသည်။

သူဌေးကြီးဖြစ်ပြီ

ဗိမ္မိသာရမင်းကြီးသည် ဇောတိက သတို့သား၏ စည်းစိမ်ဥစ္စာများ မြေမှ ပေါ်ပေါက်လာသည့်အကြောင်းကို ကြားသိသဖြင့် သူဌေးအဖြစ် အသိအမှတ်ပြုလျက် သူဌေးကြီးတို့ ဆောင်းထိုက်သော ထီးကို ပေးပို့လိုက်သည်။ ထိုအချိန်မှစ၍ ဇောတိကသည် သူဌေးကြီး ဇောတိကအဖြစ် ထင်ရှားလူသိများလာတော့သည်။ အတိတ်ဘဝက ကုသိုလ်ပြုဖက်ဖြစ်သော မြောက်ကျွန်းသူ အတုလကာယီ အမျိုးသမီးသည် နတ်တို့၏ အာနုဘော်ကြောင့် ဇောတိက သူဌေးထံ ရောက်လာသည်။ အတုလကာယီ ရောက်လာသောအခါ သူနှင့် အတူ ဆန်တစ်စလယ်နှင့် ပတ္တမြား ဖိုခနောက်သုံးခု ပါလာသည်။

ပတ္တမြားဖိုခနောက် သုံးခုသည် စားသောက်ဖွယ်အိုးများကို တင်လိုက်သည်နှင့် မီးများ လင်းလက်ထွက်ပေါ်လာသည်။ စားသောက်ဖွယ်တို့ ကျက်သော် မီးတို့သည် အလိုလို ငြိမ်းသွားကြသည်။ လာသမျှ ဧည့်သည်တို့ကိုလည်း မြောက်ကျွန်းမှ ပါလာသော ဆန်တစ်စလယ်ဖြင့် ချက်ပြုတ်ကျွေးမွေးဧည့်ခံသည်။ ထိုဆန်သည် အလိုရှိသမျှ ပွားများလာသည်။ ကုန်ခန်းခြင်း မရှိပေ။

ကောင်းမှု၏ ကောင်းကျိုး

ဤသို့ ပစ္စည်းဥစ္စာများနှင့် ပြည့်စုံရခြင်းမှာ အပွရာဇိတသူကြွယ်ဘဝ ဖြစ်စဉ်တုန်းက ဂန္ဓကုဋီကျောင်းဆောင် ပရိဝုဏ်အတွင်း သဲဖြူခင်းလျက်

http://www.dhammadownload.com

သုံးကြိမ်တိုင်တိုင် ရတနာခုနစ်ပါးတို့ကို ပုဆစ်ဒူးနစ်လုမျှ ကြဲဖြန့်၍ လှူဒါန်းခဲ့သော ကောင်းမှု၏ အကျိုးဖြစ်သည်။

ဓောတိက သူဌေး၏ စည်းစိမ်ဥစ္စာများကို ကြည့်ရှုရန် ရောက်လာသော ဗိမ္ဗိသာရမင်းကြီးကို ပထမတံခါးမှခံမှ ကျွန်မက လာက်ကမ်း၍ နှုတ်ဆက်ကြိုဆိုသည်။ မင်းကြီးသည် ကျွန်မကို သူဌေးကတော်ကြီး ထင်မှတ်သဖြင့် လက်ကို မကိုင်ဝံ့ပေ။ အတွင်းသို့ ဆက်၍ ဝင်လာသော မင်းကြီးကို အခြားကျွန်မများက ကြိုဆိုသည့်အခါတွင်လည်း မင်းကြီးသည် အိမ်၏ အရှိန်ကြောင့် မဝံ့မရဲ ဖြစ်နေခဲ့သည်။ နောက်မှ ဓောတိက သူဌေးကြီးက ကိုယ်တိုင် လာရောက်ကြိုဆိုသည်။

ဗာလဓောတ်ခံပါလာသူ အဓောတသတ်၏အတွေး

ဗိမ္ဗိသာရမင်းကြီးနှင့်အတူ သားတော်လေး အဓောတသတ်သည်လည်း ဖခမည်းတော်၏ လက်ကို ဆွဲကိုင်ကာ လိုက်ပါလာခဲ့သည်။ ဓောတိကသူဌေးကြီး၏ စည်းစိမ်ချမ်းသာကို မြင်သော် ဗာလဓောတ်ခံပါလာသူ အဓောတသတ် မင်းသားလေးက ဤသို့ စဉ်းစားလိုက်သည်။ သူဌေးဆိုသူသည် ရတနာပြာသာဒ်နှင့်နေသည်။ တိုင်းပြည်၏ ဧကရာဇ်ဖြစ်သော ငါ့အဖေကား သစ်သားနန်းတော်၌ နေနေရသည်။ ငါသာ မင်းဖြစ်လာလျှင် ဤသူဌေးကို ဤသို့သော အဆောင်အယောင် ရတနာပြာသာဒ်နှင့် နေခွင့်မပြု။

ရတနာပြာသာဒ်အပေါ်သို့ရောက်သော် ဓောတိကသူဌေးကြီးက မင်းကြီးအား နံနက်စာဖြင့် ဧည့်ခံသည်။ နို့ဃနာကို ရွှေခွက်တစ်ခုဖြင့် ထည့်ပြီး ထို ရွှေခွက်အပေါ်၌ ရွှေခွက်တစ်ခု ဆင့်တင်လျက် စားတော် ထမင်းထည့်ပေးသည်။ အောက်ခံ ရွှေခွက်၏ အင်္ဂေါကြောင့် အပေါ်ရွှေခွက်ထဲမှ ထမင်းသည် ပိုမို၍ မြိန်ရှက်စဖွယ် အရသာ ထူးကဲလာသည်။

မျက်ရည်များ ကျလာကြပြီ

ဗိမ္ဗိသာရမင်းကြီးက သူဌေးကတော်ကို တွေ့ချင်ကြောင်း ပြောသဖြင့် ဓောတိကသူဌေးကြီးသည် သူဌေးကတော်၏ တိုက်ခန်းသို့သွားကာ "ငါတို့

http://www.dhammadownload.com

အပေါ် အုပ်ချုပ်မင်းလုပ်နေသော ဗိမ္မိသာရမင်းကြီး ရောက်နေသဖြင့် လာရောက် ဧည့်ခံပါ" ဟု ပြောသည်။ ထိုအခါ သူတော်ကတော်က "ဩော်... ငါတို့သည် အတိတ်ဘဝတုန်းက ကုသိုလ်ပြုစဉ် မစင်မကြယ်ဖြင့် ပြုခဲ့မိလေပြီ။ သို့အတွက် ငါတို့ကို အုပ်ချုပ်မင်းလုပ်နေသူဆိုတာ ရှိနေရပါကလား" ဟု ညည်းညူလေသည်။ သူဌေးကြီး၏ အကြံပြုချက်အရ သူဌေးကတော်သည် ထန်းရွက်ယပ်ကို ယူလာပြီး ဗိမ္မိသာရမင်းကြီးအား ယပ်လေခတ်၍ အနီးဌာန နေလေသည်။ မင်းကြီးအနီးဌာနေစဉ် သူဌေးကတော်၏ မျက်လုံးအစုံမှ မျက်ရည်များ ကျလာသည်။ ထိုအခါ ဗိမ္မိသာရမင်းကြီးက "သူဌေးကြီး၊ သင်တို့၏ စည်းစိမ်ကို ငါက အနိုင်အထက်ပြုလုယူမည်ထင်၍ သူဌေးကတော် ငိုနေသည်" ဟု ပြောသည်။

သူဌေးကြီးက "ဤသို့ မျက်ရည်များ ကျလာရခြင်းမှာ မီးရောင်ဖြင့် နေသော အရှင်မင်းကြီး၏ ဗောင်းတောမှ အနံ့ကို ရှုမိ၍ဖြစ်ကြောင်း၊ ယနေ့မှစ၍ အရှင်မင်းကြီးသည်လည်း ပတ္တမြားရောင်ဖြင့်သာနေပါ" ဟု လျှောက်ထားကာ မင်းကြီးအား သန္ဓားသီးပမာဏရှိ ပတ္တမြားကြီးကို ဆက်သလိုက်သည်။

အဇာတသတ် စစ်ချီလာပုံ

အဇာတသတ်မင်းသားအရွယ်ရောက်သော် "ပါပမိတ္တ" ဟူသော မကောင်းသည့် မိတ်ဆွေ ဒေဝဒတ်နှင့် ပေါင်းမိရာမှ ဖခင် ဗိမ္မိသာရမင်းကြီးကို လုပ်ကြံကာ မင်းပြုသည်။ ငယ်စဉ်က ကြံစည်ခဲ့ဖူးသော ခံစားချက် အကြံအစည်ကို အကောင်အထည်ဖော်ရန် ဇောတိကသူဌေးရှိရာသို့ တပ်ချီကာ လာခဲ့သည်။ တံတိုင်းအနီးရောက်သော် တံတိုင်းနံရံ၌ ထင်ဟပ်လာသော သူ့စစ်သည် ဗိုလ်ပါတို့၏ ပုံရိပ်ကို ဇောတိက၏ စစ်အင်အားဟု ထင်ကာ ရှေ့မတိုးဝံ့ ဖြစ်နေသည်။ တံခါးမုခ်စောင့်နတ်ဘီလူး ခုနစ်ယောက်တို့တွင် ပထမတံခါးမုခ်စောင့် ယမကောဋ္ဌိနတ်ဘီလူးက တိုက်ထုတ်၍ အဇာတသတ်သည် စစ်သည်ထုနှင့်အတူ တပ်ပျက်ကာ ထွက်ခွာသွားတော့သည်။

http://www.dhammadownload.com

အဇာတသတ် တပ်ဆုတ်ခွာရင်း ဇေတဝန်ကျောင်းတော်တွင်းသို့ ဝင်ခဲ့ရာ ဘုရားရှင်ရှေ့၌ တရားနာနေသော ဧကတိကသူဌေးကို တွေ့မြင်သွားသည်။ "သူဌေးကြီး၊ အစောင့်အရှောက်တွေကို စစ်တိုက်ခိုင်းထားခဲ့ပြီး ဒီမှာ ဥပုသ်စောင့်ချင်ယောင်ဆောင်နေသလား" ဟု အဇာတသတ်မင်းက မေးမြန်းသည်။ "အရှင်မင်းကြီး၊ အကျွန်ုပ် စည်းစိမ်ကို တိုက်ယူဖို့ လာခဲ့ပါသလား။ အကျွန်ုပ် မပေးလျှင် မင်းတစ်ထောင် လာ၍ယူသော်လည်း အကျွန်ုပ် ပစ္စည်းတစ်စုံတစ်ခုကိုမျှ ယူ၍မရပါ" ဟု ရှင်းပြလျက် သူ၏ လက်ဆယ်ချောင်း၌ ဝတ်ဆင်ထားသော လက်စွပ် အကွင်းနှစ်ဆယ်တို့ကို ဖြုတ်ယူကြည့်ပါဟု ပြောပြသည်။

အဇာတသတ်၏ ခွန်အား

အဇာတသတ်မင်းသည် မြေပေါ်၌ ဒူးထောက်ထိုင်ရင်း ခုန်လိုက်လျှင် အထက်သို့ တစ်ဆယ့်ရှစ်တောင်အမြင့်၊ ရပ်နေရာမှ ခုန်လိုက်လျှင် အတောင်ရှစ်ဆယ်အမြင့်အထိ ရောက်အောင် ခုန်နိုင်သော ခွန်အားဗလရှိသူ ဖြစ်သည်။ သို့သော် ဧကတိကသူဌေးလက်မှ လက်စွပ်များကို ဘစ်ကွင်းမျှ ချွတ်ယူ၍ မရပေ။ ဧကတိကသူဌေးက "မင်းကြီး၊ ဝတ်လဲတော်ကို ဖြန့်ခင်းထားပါ" ဟု လျှောက်ထားပြီး လက်တို့ကို အဖြောင့်ထား၍ ညှုတ်ပေးလိုက်သောအခါ လက်စွပ်အားလုံး ဝတ်လဲတော်ပေါ်သို့ ကျွတ်ကျကုန်ကြသည်။

ဧကတိကရဟန္တာဖြစ်ပြီ

ဧကတိကသူဌေးကြီးသည် အဇာတသတ်၏ရန်ကို အကြောင်းပြုကာ လူ့ဘောင်၌နေရန် ငြီးငွေ့လာသည်။ သို့ဖြင့် အဇာတသတ်မင်းအား "မင်းကြီး အကျွန်ုပ်အား ရဟန်းပြုခွင့်ပေးပါ" ဟု ခွင့်တောင်းရာ ခွင့်ပြုချက်ရ၍ ဘုရားရှင်ထံ၌ ရဟန်းပြုသည်။ ရဟန်းဖြစ်ပြီးနောက် ရဟန်းတရားအားထုတ်ရာ ပြုခဲ့သော ပါရမီကုသိုလ်အဟုန်ကြောင့် မကြာမီပင် ရဟန္တာဖြစ်တော်မူသည်။ ဧကတိက သူဌေးကြီးရဟန္တာဖြစ်သည်နှင့် သူ၏ စည်းစိမ်ဥစ္စာ ရတနာအားလုံးတို့သည် ကွယ်ပျောက်သွားကြလေတော့သည်။ လဝါဂွမီးကဲ့သို့ နှုံးညံ့သော

http://www.dhammadownload.com

ခန္ဓာကိုယ်ပိုင်ရှင် မြောက်ကျွန်းသူ အတုလကာယီကိုလည်း နတ်တို့က မြောက်ကျွန်းသို့ ပြန်ပို့လိုက်ကြသည်။

ဇောတိကမထေရ်အား ရဟန်းတော်တို့က မေးသောအခါ "စည်းစိမ်ဥစ္စာအားလုံးနှင့် ဇနီးတို့အပေါ် သံယောဇဉ်မရှိတော့" ဟု ဖြေကြား၍ ဘုရားရှင်ထံ လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က ဤဒေသနာတော်ကို ဟောကော်မူသည်။

၄၁၇။ ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တ'မဟံ ဗြူမိ ဗြာဟ္ဓဏံ။*

ဒေသနာ၏အဓိပ္ပာယ်

၄၁၇။ ဤလောက၌ သူတော်ကောင်းသည် တဏှာကို ပယ်လျက် အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ တဏှာကုန်ပြီးဖြစ်၍ ဘဝသံသရာ ကျင်လည်ရန် မရှိတော့သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္ဓဏဟု ငါဘုရား ဟောတော်မူသည်။

ဇောတိကသူဌေးဝတ္ထု ပြီး၏။

၃၅။ ကချေသည်မ၏သား ရဟန်းဝတ္ထု

[ဖျော်ဖြေမှုအားလုံးကို လွန်မြောက်လျက် ရဟန္တာဖြစ်နေသူ]

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကချေသည်မ၏ သားတစ်ဦးသည် တရားတော်ကို နာကြားရ၍ ရဟန်းပြုပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူသည်။ ထိုရဟန်းသည် ဘုရားအမှူးရှိသော သံဃာတော်တို့နှင့်အတူ ဆွမ်းခံကြွစဉ် အခြားကချေသည်တစ်ဦး ကပြဖျော်ဖြေ

---

* ဇောတိကနှင့် ဇဋိလသူဌေးဝတ္ထုတို့ပါ ဒေသနာတော်သည် ပါဠိရော ဒေသနာ၏ အဓိပ္ပာယ်ပါ တူသည်။

http://www.dhammadownload.com

နေသည်ကို တွေ့မြင်သွားသည်။ အခြားရဟန်းတို့က "ကပြဖျော်ဖြေရခြင်းကို သဘောကျ နှစ်သက်မှု ရှိသေးသလား" ဟု မေးကြသည်။ ရဟန္တာဖြစ်နေသော ကချေသည်မ၏သား ရဟန်းက "သဘောကျ နှစ်သက်မှု မရှိတော့ပါ" ဟု ဖြေကြားသည်။

ဘုရားရှင်ထံ လျှောက်ထားကြပြီ

ရဟန်းတို့က ထိုရဟန်း၏ ဖြေကြားပုံကို ဘုရားရှင်ထံ လျှောက်ထားကြသည်။ ဘုရားရှင်က "ငါ့သားတော်သည် ယင်းသို့သော ဖျော်ဖြေရမှု အားလုံးကို လွန်မြောက်လျက် ရဟန္တာဖြစ်တော်မူပြီ" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁။ ဟိတ္ဝာ မာနုသကံ ယောဂံ၊ ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ။
သဗ္ဗယောဂဝိသံယုတ္တံ၊ တံ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁။ အကြင်သူသည် လူ့အစီးအပွားကို ပယ်စွန့်လျက် နတ်တို့၏ အစီးအပွားကိုလည်း လွန်မြောက်ပြီ။ အလုံးစုံသော အစီးအပွားတို့နှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ကချေသည်မ၏သား ရဟန်းဝတ္ထု ပြီး၏။

၃၆။ ဒုတိယကချေသည်မ၏သား ရဟန်းဝတ္ထု

[မွေ့လျော်မှု၊ မမွေ့လျော်မှု အားလုံးကိုပယ်ကာ ရဟန္တာဖြစ်နေသူ]

ဤရဟန်းသည် ရှေ့ဝတ္ထု၌ကဲ့သို့ ကချေသည်ဘဝမှ ရဟန်းပြုလာသူ ဖြစ်သည်။ ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားသောအခါ "ငါ့သားတော်

http://www.dhammadownload.com

သည် မွေ့လျော်မှုနှင့် မမွေ့လျော်မှုတို့ကို ပယ်ကာ ရဟန္တာဖြစ်တော်မူပြီ" ဟု မိန့်တော်မူကာ ဘုရားရှင်ကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၁၉။ ဟိတ္တာ ရတိ် စ အရတိ် စ၊ သီတိဘူတံ နိဂ္ဂဟံ။
သဗ္ဗလောကာဘိဘုံ ဝီရံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၁၉။ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို လည်းကောင်း၊ ဆိတ်ငြိမ်ရာ၌ မမွေ့လျော်ခြင်းကို လည်းကောင်း ပယ်စွန့်ပြီး၍ ငြိမ်းအေးပြီးဖြစ်သော ဥပဓိရှိသော အလုံးစုံသော လောကကို လွှမ်းမိုးလျက် တည်သော၊ ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

ဒုတိယကရွေသည်မ၏သား ရဟန်းဝတ္ထု ပြီး၏။

၃၇။ သေသူ၏ လားရာဂတိကိုဟောသူ ဝဋ်ဂိသပုဏ္ဏား ဝတ္ထု

[ရဟန္တာ၏ လားရာဂတိမဟောနိုင်၍ ဘုရားရှင်ထံ တပည့်ခံသွားသူ]

ဝဋ်ဂိသပုဏ္ဏားသည် အမိဘက်မှ ဝါဒငါးရာ၊ အဖဘက်မှ ဝါဒငါးရာ အားဖြင့် ဝါဒတစ်ထောင်၌ ကျွမ်းကျင်သော ဗေဒင်သုံးပုံတွဝ် ပုဏ္ဏားဖြစ်သည်။ သုံးနှစ်လောက်က သေသွားသူ၏ ဦးခေါင်းခွံကို တီးခေါက်လျက် ဤသူ ဘယ်ဘဝသို့ ရောက်နေသည်ကို ဟောပြောနိုင်သူ ဖြစ်သည်။ ဝဋ်ဂိသ၏ တတ်သိပညာများဖြင့် ပုဏ္ဏားတို့သည် အရပ်တကာသို့ လှည့်လည်ကာ ငွေကြေးယူပြီး ဟောပြောသွားလာနေကြသည်။

အချေအတင်ဖြစ်ကြရာမှ

ထိုပုဏ္ဏားအဖွဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီးသို့ ရောက်သော် ဘုရားရှင်ထံ တရားနာလာကြသူများနှင့် တွေ့ဆုံမိကြသည်။ ပုဏ္ဏားအဖွဲ့

http://www.dhammadownload.com

က "အဘယ်အရပ်သို့ သွားကြပါသနည်း" ဟု မေးသဖြင့် "ဘုရားကျောင်းတော်သို့ တရားနာသွားကြပါမည်" ဟု ပြောလျှင် ပုဏ္ဏားတို့က "ဘုရားရှင်ထံ သွားစရာမလို၊ ဝံဂီသထံသာလာကြ။ သေဆုံးသွားပြီးဖြစ်သော သင်တို့၏ ဆွေမျိုးတို့ လားရာဂတိကို မေးကြ" ဟု ပြောသည်။ တရားနာလာကြသူများက "ဘုရားရှင် သည်သာ အရာရာကို သိသည်" ဟု ပြောရာမှ အချေအတင်ဖြစ်လျက် ဝံဂီသ ပုဏ္ဏားအား ဘုရားရှင်ထံ ခေါ်ဆောင်သွားကြသည်။

ရဟန္တာ၏ဦးခေါင်းခွံကိုခေါက်သော်လည်း

ဘုရားရှင်သည် ငရဲ၊ တိရစ္ဆာန်၊ လူ့ပြည်၊ နတ်ပြည်ရောက် ဦးခေါင်းခွံနှင့် ရဟန္တာ၏ ဦးခေါင်းခွံတို့ပြကာ ဝံဂီသကို မေးသည်။ ရဟန္တာမှတစ်ပါး အခြားဦးခေါင်းခွံများကို ခေါက်ကာ အမှန်အတိုင်း ဝံဂီသက ဖြေကြားနိုင်သည်။ နောက်ဘဝခွံဖြစ်ခြင်းမရှိသော ရဟန္တာ၏ ဦးခေါင်းခွံကို ခေါက်ပြီးသော် ဝံဂီသသည် ဘာကိုဖြေရမှန်းမသိ၊ နှုတ်ဆိတ်နေတော့သည်။

ထိုအခါ ဘုရားရှင်က နောက်ဘဝ မရှိတော့သော ရဟန္တာ၏အကြောင်းကို မိန့်တော်မူသည်။

ဝံဂီသရဟန္တာဖြစ်ပြီ

ဝံဂီသပုဏ္ဏားသည် ဘုရားရှင်သိသော အသိမျိုး ရရှိလျှင် ပြိုင်ဘက်ကင်းသူ ဖြစ်မည်ဟုကြံကာ ရဟန်းပြုခွင့်တောင်းပြီး ဘုရားရှင်ထံ၌ တပည့်ခံသည်။ ဘုရားရှင်က သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းမှုတရားကို သင်ပေးသည်။ အရှင်ဝံဂီသသည် ထိုကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရာ နှစ်ရက်၊ သုံးရက်အတွင်း၌ပင် ရဟန္တာဖြစ်သွားတော့သည်။ ပုဏ္ဏားတို့က လာခေါ်ကြသော် "ဒါယကာတို့၊ ငါသည်ကား နောက်ကြောင်းတစ်ဖန် ပြန်သွားရန် မရှိတော့ပြီ" ဟု ဖြေကြားသည်။ ရဟန်းတို့က ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြသဖြင့် ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူသည်။

http://www.dhammadownload.com

၄၂၀။ စုတိ ံယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။
၄၂၁။ ယဿ ဂတိ နာ ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမာနုသာ။
ခီဏာသဝံ အရဟန္တံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၂၀။ အကြင်သူသည် သတ္တဝါတို့၏ သေခြင်းကို လည်းကောင်း၊ ပဋိသန္ဓေနေခြင်းကို လည်းကောင်း အချင်းခပ်သိမ်း သိ၏။ ထိုသို့သိ၍ ကပ်ငြိတွယ်တာခြင်းမရှိသော သူတော်ကောင်းတရားကို ကောင်းစွာကျင့်သော၊ သစ္စာလေးပါးသိပြီးသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

၄၂၁။ အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်၊ ဂန္ဓဗ္ဗနတ်နှင့် လူတို့သည် မသိနိုင်ကြကုန်။ အာသဝေါကုန်ခန်းပြီး၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူသည်။

သေသူ၏ လားရာဂတိကိုဟောသူ ဝဂ်သပုဏ္ဏားဝတ္ထု ပြီး၏။

၃၈။ ခက်ခဲသော အမေးကိုပြေသူ မမ္မဒိန္နာထေရီဝတ္ထု

[ယောဂ်ကျားဖြစ်သူ အနာဂါမ်၏ ရှိခိုးခြင်းကိုခံရသူ ရဟန္တာထေရီ]

မမ္မဒိန္နာသည် ရာဇဂြိုဟ်မြို့တော်မှ ဝိသာခသူဌေး၏ ဇနီး ဖြစ်သည်။ ပဒုမုတ္တရ၊ ဖုဿနှင့် ကဿပဘုရားရှင်တို့ လက်ထက်တော်တွင် ပြုခဲ့ဖူးသော ကောင်းမှုရှိသူ ဖြစ်သည်။ ပဋိသမ္ဘိဒါပတ္တဇာတဒဂ်ဆုကိုပင် ပန်ရွယ်ထားခဲ့သည်။ ခင်ပွန်း ဝိသာခသူဌေးသည် တစ်နေ့တွင် ဘုရားရှင်၏ တရားတော်ကို နာကြားခဲ့ရ၍ အနာဂါမ်အရိယာ ဖြစ်လာခဲ့သည်။

http://www.dhammadownload.com

ပစ္စည်းအားလုံး အပ်နှင်းပါသည်

အခါတိုင်းနေ့များတွင် ဇနီးမောင်နှံ ချစ်ကြည်ရင်းနှီးစွာ ပြောဆို ဆက်ဆံနေထိုင်ခဲ့သည်။ အနာဂါမ်အရိယာဖြစ်ပြီး ပြန်လာသောနေ့တွင်မူ ဝိသာခသည် ဇနီးသည်နှင့် ရင်းနှီးစွာ ပြောဆိုဆက်ဆံခြင်း မပြုတော့ပေ။ ဤအခြေအနေကို ဓမ္မဒိန္နာက သတိထားကြည့်ရှုနေခဲ့သည်။ ထိုသို့ သဘိဖြင့် ဆက်ဆံနေစဉ် ခင်ပွန်းက "ဓမ္မဒိန္နာ၊ ဤအိမ်ရှိ ပစ္စည်းဥစ္စာအားလုံးကို သင့်အား အပ်နှင်းပါသည်။ သင်သည်သာ အားလုံးယူငင် သိမ်းဆည်း စီမံခန့်ခွဲပါတော့" ဟု ပြောသည်။

ဓမ္မဒိန္နာရဟန္တာဖြစ်ပြီ

ထိုအခါ ဓမ္မဒိန္နာက "အရှင်တို့ စွန့်ပစ်အပ်သော တံတွေးပေါက်ကို အဘယ်မှာ လက်ခံသိမ်းပိုက်ချင်ပါမည်နည်း။ ကျွန်မကို ရဟန်းပြုခွင့်သာပေးပါ" ဟု ပြန်လည် ပန်ကြားလိုက်သည်။ သို့ဖြင့် ခင်ပွန်းဖြစ်သူဝိသာခ သူဌေးသည် ဓမ္မဒိန္နာအား လှူဖွယ်ပစ္စည်းအဖုံဖုံတို့နှင့်အတူ ဘိက္ခုနီတို့ကျောင်းသို့ ပို့ကာ ဘိက္ခုနီပြုခွင့်ပေးလိုက်သည်။ ဓမ္မဒိန္နာသည် ထိုအခါမှစ၍ ဓမ္မဒိန္နာထေရီဟု ဘွဲ့အမည် တွင်လေတော့သည်။ ဘိက္ခုနီပြုပြီးနောက် ဇနပုဒ်တစ်ခုသို့ သွားကာ ဘိက္ခုနီထေရီတို့၏ သင်ကြားပြသမှုနည်းအတိုင်း ကြိုးစားအားထုတ်ရာ မကြာမီပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူသည်။ ထို့နောက် ရာဇဂြိုဟ်သို့ ပြန်ကြွလာခဲ့သည်။

ဓမ္မဒိန္နာထေရီ ရာဇဂြိုဟ်သို့ ပြန်ရောက်လာသဖြင့် အနာဂါမ် အရိယာဖြစ်သူ ခင်ပွန်းဝိသာခက သွားရောက် * ရှိခိုးဦးချလျက် "အရှင်မသည် သာသနာ့ဘောင်၌ ပျော်မွေ့ပါ၏လော" ဟု မေးရန် မသင့်သဖြင့် တရားတော်နှင့်ဆိုင်သော မေးခွန်းများကို မေးမြန်းသည်။ ရှေးဦးစွာ သောတာပတ္တိမဂ်နှင့်ဆိုင်သော အကြောင်းအရာများ၊ ထို့နောက် သကဒါဂါမ်၊ အနာဂါမ်နှင့် အရဟတ္တဖိုလ်နှင့် နောက်ဆုံး နိဗ္ဗာန်ရေးရာတို့ကို မေးသည်။ ဓမ္မဒိန္နာထေရီက ဝိသာခ မေးသမျှ

* ဤအဖြစ်ကို ဥပမာထားကာ ယောကျ်ားသည် မိန်းမကို ရှိခိုးကောင်းသည်ဟု ပြောဓမ္မတ်ပြုကြသည်။

http://www.dhammadownload.com

တရားနှင့် စပ်ဆိုင်သော မေးခွန်းများ အားလုံးနီးပါးကို ဖြေကြားခဲ့သော်လည်း နောက်ဆုံး နိဗ္ဗာန်နှင့်ဆိုင်သော မေးခွန်းဖြစ်သည့် "အရှင်မ၊ နိဗ္ဗာန်နှင့်တူသော တရားကား အဘယ်ပါနည်း" ဟု မေးလေရာ "ဒါယိကာ ဝိသာခ၊ သင်၏ မေးခွန်းသည် ကျော်လွှားခဲ့ပြီ။ အတူမရှိသော နိဗ္ဗာန်ကို အတူရှာလျှင် ဘယ်မှာ ဆုံးတော့မည်နည်း" ထို့ကြောင့် ဘုရားရှင်ထံ ထပ်မေးရန် ပြောကြားသည်။ ဝိသာခသူဌေးသည် ဘုရားရှင်ထံ ဆက်လက် မေးလျှောက်ရာ "ငါဘုရား၏ ဖြေကြားမှုသည်လည်း ဓမ္မဒိန္နာထေရီ ဖြေကြားသကဲ့သို့ပင် ဖြစ်ရာ၏" ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောတော်မူသည်။

၄၂၂။ ယသ ပုရေ စ ပစ္ဆာစ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာတော်၏အဓိပ္ပာယ်

၄၂၂။ အကြင်ပုဂ္ဂိုလ်အား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတို့၌ ကြောင့်ကြမှုမရှိ။ ကြောင့်ကြမှု မရှိသော၊ စွဲလမ်းမှု မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောတော်မူသည်။

ခက်ခဲသောအမေးကိုဖြေသူ
ဓမ္မဒိန္နာထေရီဝတ္ထု ပြီး၏။

၃၉။ အဂ်ိုလိမာလမထေရ်ဝတ္ထု

[တဏှာကင်းပြီး၍ ကိလေသာမရှိတော့သူ]

ကောသလမင်းကြီးသည် အခြားသူတို့ မလျှံနိုင်သော အသဒိသအလှူတော်ကြီး ပေးလှူရာ ဘုရားရှင်နှင့်တကွ ရဟန်းငါးရာကို ပင့်ဆောင်သည်။

http://www.dhammadownload.com

ရဟန်းတစ်ပါးလျှင် ဆင်တစ်စီးက ထီးမိုးပေးရသည်။ အရှင်အဂ္ဂိလိမာလမထေရ် အတွက် ထီးမိုးပေးရန် ယဉ်ကျေးသော ဆင်မရှိတော့၍ ဆင်ရိုင်းတစ်ကောင် ကိုသာ ထီးမိုးပေးစေသည်။ ထိုဆင်သည် ရိုင်းသော်လည်း အရှင်အဂ္ဂိလိမာလ မထေရ်ကို တစ်စုံတစ်ရာ ရန်ပြုခြင်းမရှိ။ အဂ္ဂိလိမာလမထေရ်သည် ထိုအချိန်၌ ရဟန္တာဖြစ်တော်မူပြီးနေပြီ ဖြစ်သည်။

မကြောက်ဘူးလားဟု မေးသော်

သံဃာတော်အားလုံး ကျောင်းသို့ ပြန်ရောက်သော် "ဆင်ရိုင်းက ထီးမိုး ပေးထားသဖြင့် မကြောက်ဘူးလား"ဟု အခြားရဟန်းတို့က အဂ္ဂိလိမာလမထေရ် ကို မေးကြသည်။ "မကြောက်ပါဘုရား" ဟု ဖြေကြားသဖြင့် ရဟန္တာတို့၏ အဖြေမျိုးဖြစ်နေ၍ ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က ဤဒေသနာတော်ကို ဟောတော်မူပြီး အဂ္ဂိလိမာလမထေရ်သည် ရဟန္တာဟု ရဟန်းများအား သိစေတော်မူသည်။

၄၂၃။ ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာ၏အဓိပ္ပာယ်

၄၂၃။ နွားလားဥသဘနှင့်တူသော မြတ်သော လုံ့လရှိသော၊ သီလ စသည့် ဂုဏ်ကျေးဇူးတို့ကို ရှာမှီးလေ့ရှိသော၊ တဏှာကင်းပြီး၍ ကိလေသာအညစ်ကြေး ကို ဆေးလျှော်ပြီးသော၊ သစ္စာလေးပါးသိသူကို ဗြာဟ္မဏဟု ငါဘုရား ဟော တော်မူသည်။

အဂ္ဂိလိမာလမထေရ်ဝတ္ထု ပြီး၏။

---

http://www.dhammadownload.com

၄၀။ ရေနွေးနှင့် တင်လဲလျှူသူပုဏ္ဏားဝတ္ထု

[အလှူနှင့် ပတ်သက်၍ မြတ်သောအလှူအကြောင်း ဘုရားရှင်ကို မေးသူ]

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့၌ လေနာရောဂါဖြစ်ပွားသည်။ အိုးစရည်းကြီးများဖြင့် ရေနွေးကျိုရောင်းသူ ဒေဝဟိတပုဏ္ဏားထံ ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ဥပဝါနမထေရ်ကို လွှတ်သည်။ မထေရ်သည် ပုဏ္ဏားထံရောက်သော် ဘုရားရှင် လေနာရောဂါခံစားနေရ၍ ရေနွေးလှူရန် အလှူခံသည်။ ပုဏ္ဏားသည် ရေနွေးရော တင်လဲခဲပါ လှူဒါန်းပြီး အမျိုးသားတစ်ယောက်ကို ရေနွေးအိုး ထမ်းစေလျက် သူပါ ဘုရားရှင်ထံ လိုက်လာခဲ့သည်။

ရေနွေးနှင့် တင်လဲကပ်လှူလိုက်ရာ

ဥပဝါနမထေရ်က ဘုရားရှင်အား ရေနွေးဖြင့် ရေချိုးပေးပြီးနောက် ရေနွေးနှင့် တင်လဲခဲကို ကပ်လှူလိုက်ရာ သင့်လျော်သော ဆေးဝါးကို မှီဝဲရသဖြင့် ဘုရားရှင်၏ လေနာရောဂါ သက်သာ ပျောက်ကင်းသွားသည်။ ဒေဝဟိတပုဏ္ဏားသည် ဘုရားရှင် ရောဂါသက်သာ ပျောက်ကင်းသွားသဖြင့် ဝမ်းသာသွားပြီး ဘုရားရှင်ကို ဤသို့ မေးမြန်း လျှောက်ထားသည်။ "အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ လှူသော အလှူသည် အကျိုးကြီးပါသနည်း။ အဘယ်ပုဂ္ဂိုလ်၌ လှူသောအလှူသည် မြတ်သောအလှူ ဖြစ်ပါသနည်း"

ဘုရားရှင်သည် ပုဏ္ဏားအား ဤဒေသနာတော်ကို ဟောတော်မူကာ ဖြေကြားတော်မူ၏။ ဘုရားရှင်၏ ဒေသနာတော်ကို ကြားနာရ၍ တရားသိကာ ပုဏ္ဏားသည် ဥပါသကာအဖြစ် ခံယူသွားလေသည်။

၄၂၄။ ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊ သဂ္ဂပါယဉ္စ ပဿတိ။
အထောဇာတိက္ခယံ ပတ္တော၊ အဘိညာဝေါသိတော မုနိ။
သဗ္ဗဝေါသိတဝေါသာနံ၊ တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

http://www.dhammadownload.com

ဒေသနာ၏အဓိပ္ပာယ်

၄၂၄။ သူတော်ကောင်းသည် ရှေးက ခန္ဓာအစဉ်ကို သိသည်။ နတ်ပြည်၊ ငရဲပြည်ကိုလည်း မြင်သည်။ ပဋိသန္ဓေကင်းရာ နိဗ္ဗာန်သို့ ရောက်၏။ ထူးသော ဉာဏ်ဖြင့်သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းဖြစ်၏။ ကိလေသာအားလုံး၏ ကုန်ကြောင်း အကျင့်ကို ကျင့်ပြီးသူကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူသည်။

ရေနွေးနှင့် တင်လဲလျှူသူ ပုဏ္ဏားဝတ္ထု ပြီး၏။

ဗြာဟ္မဏဝဂ် ပြီးပြီ။

ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်
ဤတွင် ပြီးပြည့်စုံပြီ။



http://www.dhammadownload.com

ဓမ္မပဒအနှစ်ချုပ်

အကွရာစဉ်အညွှန်း

အက္ခရာစဉ်	နံပါတ်
(အ)	
အဦးငါးပါးလှူသူ ပုဏ္ဏား	၅၉၉
အကုသိုလ်ကံ လိုက်ပါခံရသူသုံးဦး	၂၉၆
အင်္ကောသ ဘာရဒ္ဝါဇ	၆၂၉
အင်္ဂိဒတ္တပုဏ္ဏား	၄၂၆
အင်္ကုရနတ်သား	၅၉၀
အင်္ဂုလိမာလ အရှင် ၃၈၄၊ ၄၀၁၊	၆၆၆
အဆွေခင်ပွန်း ရဟန်းနှစ်ပါး (ပရိယတ်နှင့် ပဋိပတ်)	၁၉
အဆွေခင်ပွန်း ရဟန်းနှစ်ပါး (ဘုရားရှင်၏ ကဲ့ရဲ့ခံရသူနှင့် ချီးမွမ်းခံရသူ)	၉၁
အဇာတသတ် ၅၀၊ ၁၃၆၊ ၃၁၅၊ ၄၃၈၊	၆၅၇
အညာသိကောဏ္ဍည	၄၉၇
အညတရ ရဟန်းတစ်ပါး (တောမီးကြောင့် ရဟန္တာဖြစ်သူ)	၉၉
အတုလကာယီ (မြောက်ကျွန်းသူ)	၆၅၆
အတုလကာရီ (ကချေသည်)	၅၈၂
အတုလဥပါသကာ (ကဲ့ရဲ့လေ့ရှိသူ)	၄၇၅
အထင်ကြီးသူ ရဟန်းများ	၃၃၇

အက္ခရာစဉ်	နံပါတ်
အတ္တဒတ္ထမထေရ်	၃၆၇
အဒိန္နပုဗ္ဗကပုဏ္ဏား	၈
အဓိမုတ္တ သာမဏေ	၂၅၈
အနာဂါမ် မထေရ်	၄၅၉
အနာထပိဏ်သူဌေး ၅၆၊ ၁၂၀၊ ၂၈၀၊ ၃၅၈၊ ၄၀၄၊ ၄၄၄၊ ၅၅၂၊	၅၅၂
အနုရုဒ္ဓါ မထေရ် ၄၉၊ ၂၂၉၊ ၄၆၃၊	၆၁၀
အနုပုဗ္ဗသူဌေးသား	၁၀၉
အနောဇာမိဖုရား	၂၀၃
အနောတတ်အိုင်	၆၁၁
အနောမဒဿီ မြတ်စွာဘုရား	၃၁
အနိစ္စလက္ခဏာပွားများသူ ရဟန်းများ	၅၁၂
အနတ္တလက္ခဏာပွားများသူ ရဟန်းများ	၅၁၃
အနိဋ္ဌဂန္ဓ သတို့သား	၄၅၄
အပ္ပရာဇိတသူဌေး	၄၉၃
အပုတ္တကသူဌေး	၅၈၉
အဘယမင်းသား	၃၇၇

http://www.dhammadownload.com

အကျွာစဉ်	နံပါတ်
အဓိတာဒေဝီ (သုဒ္ဓေါဒနမင်းကြီး၏ နှမ)	၁၂
အလ္လကပွရသေ့	၆၄
အဝရဒ္ဓကဘီလူး	၂၅၇
အသုရာနတ်	၉၆
အဿဇိ အရှင် (ပဉ္စဝဂ္ဂီ)	၃၂
အဿဇိနှင့် ပုနဗ္ဗသုက ရဟန်း (ဆိုဆုံးမရခက်သူ)	၂၀၀
(အာ)	
အာဂန္တုရဟန်းငါးရာ	၂၂၀
အာဂန္တုရဟန်းများ	၅၅၅
အာဇီဝကရဟန်း (အဝတ်မဝတ်သူ)	၁၄၂၊ ၁၈၄
အာနန္ဒာ အရှင် ၁၅၊ ၁၉၊ ၄၉၊ ၇၃၊ ၁၃၃၊ ၁၄၅၊ ၁၅၅၊ ၂၃၈၊ ၂၉၉၊ ၃၂၃၊ ၃၃၇၊ ၃၄၆၊ ၃၆၄၊ ၄၁၄၊ ၄၁၅၊ ၄၂၀၊ ၄၈၄၊ ၄၉၂၊ ၅၂၆၊ ၅၆၀၊	
အာနန္ဒာသူဌေးကြီး	၁၇၁
အာဘဿရဘုံသား	၄၃၇
အာယုဝုဗုနသူတို့သား	၂၅၆
အာယုသခ်ိဳရ	၄၄၅
အာဠဝီမြို့သား ဆင်းရဲသား	၄၄၀
(ဥ)	
ဥဂ္ဂ သူဌေးသား	၅၄၄
ဥဂ္ဂသေန သူဌေးသား	၅၈၂
ဥဇ္ဈာနသညီ မထေရ်	၄၉၆
ဥတ္တရလုလင်	၄၂၁
ဥတ္တရာ ထေရီ	၃၃၆
ဥတ္တရာ ဥပါသိကာမ ၃၃၃၊ ၄၆၇	
ဥတေန မင်းကြီး	၆၃
ဥဒယဘဒ္ဒမင်းသား	၃၇၇
ဥဒါယိမထေရ် အရှင်	၁၇၅
ဥပကတက္ကတွန်း	၅၈၇
ဥပစာလာ (အရှင်သာရိပုတ္တရာ၏ နှမ) ၃၁၊ ၂၃၇	
ဥပတိဿ (အရှင်သာရိပုတ္တ၏ ငယ်နာမည်)	၃၁
ဥပရိမင်းသမီး	၅၇၆
ဥပါလိ မထေရ် ၄၉၊ ၃၅၈	
ဥပါလိသူငယ် (သတ္တရသဝဂ္ဂီ)	၃၀၃
ဥပနန္ဒ မထေရ်	၃၅၃
ဥပဝါန မထေရ်	၆၆၈
ဥပသေန (အရှင်သာရိပုတ္တရာ၏ ညီ) ၃၁၊ ၂၃၇	
ဥပါသကာငါးယောက်	၄၉၂
ဥပ္ပလဝဏ် ထေရီ ၁၈၃၊ ၄၁၇၊ ၆၃၁	
ဥပုသ်သည်အမျိုးသမီးများ	၃၁၀
(ဧ)	
ဧကဝိဟာရီမထေရ်	၅၄၆
ဧကူဒါန ရဟန္တာမထေရ်	၅၀၁
ဧရကပတ္တ နဂါးမင်း	၄၂၀
(က)	
ကကုသန် မြတ်စွာဘုရား ၄၂၃၊ ၅၁၉၊ ၅၅၆	

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
ကချေသည်မ၏ သားရဟန်း	၆၆၀၊ ၆၆၁
ကပိလ (အရှင်မဟာကပဿပ၏ ဖခင်)	၉၀
ကပိလငါးကြီး	၅၇၃
ကပိလရဟန်း	၅၇၄
ကာဏမာတာ	၂၁၃
ကာလမထေရ်	၃၆၅
ကာလသတို့သား (အနာထပိဏ်၏ သား)	၄၀၄
ကာလဥပါသကာ မဟာ	၃၆၀
ကာလီသုသာန်စောင့်	၂၄
ကာဋ္ဌအမတ်	၄၀၂
ကာဋ္ဌီဘီလူးမ	၁၇
ကာဋ္ဌဒါယီ မထေရ်	၃၇၊ ၃၇၁၊ ၆၁၈
ကိမိလ (မင်းသား)	၄၉
ကိသာဂေါတမီ = ကိသာဂေါတမီထေရီ	၂၆၉၊ ၅၂၇၊
(သားသေအတွက် ဆေးရှာသူ)	၆၂၅
ကုမာရ ကဿပ အရှင်	၂၄၇၊ ၃၅၇
ကုမာရ ကဿပ၏မယ်တော်	၃၅၇
ကုက္ကုဋ္ဌမိတ္တမုဆိုး	၂၈၈
ကုက္ကုဋ္ဌသူဌေး (ကောသမ္ဘီသူဌေး)	၇၀
ကဏ္ဍ (ဥယျာဉ်မှူး)	၄၁၆
ကုဏ္ဍလကေသီ ထေရီ	၂၄၈
ကုမ္ဘဃောသကသူဌေးသား	၇၈
ကောကခွေးမုဆိုး	၂၉၁
ကောဏာဂုံ မြတ်စွာဘုရား	၂၂၆၊ ၄၂၃၊ ၅၁၉၊ ၅၈၁
ကောကာလိကရဟန်း	၅၄၊ ၅၉၆
ကောဏ္ဍည မြတ်စွာဘုရား	၃၇၄
ကောဏ္ဍဓာန မထေရ်	၃၀၆
ကောလိတ (အရှင်မဟာမောဂ္ဂလာန်၏ ငယ်နာမည်	၃၁
ကောသမ္ဘီပြည်သား ရဟန်းများ	၂၀
ကောသလမင်း ပသေနဒီ	၁၂၉၊ ၁၄၂၊ ၁၄၄၊ ၁၄၇၊ ၁၆၅၊ ၂၁၄၊ ၂၇၅၊ ၂၉၃၊ ၃၀၇၊ ၃၂၀၊ ၃၄၁၊ ၃၅၉၊ ၃၈၄၊ ၄၀၀၊ ၄၂၆၊ ၄၃၈၊ ၄၄၂၊ ၄၈၅၊ ၄၉၀၊ ၅၆၅၊ ၅၇၉၊ ၅၈၉၊ ၆၁၈
ကောသလမင်း မဟာ	၁၂၉၊ ၄၂၆၊ ၄၃၈၊ ၄၈၅
ကပိုနမင်းကြီး (မဟာကပိုနမထေရ်)	၂၀၃
ကဿပမြတ်စွာဘုရား	၁၈၆၊ ၂၀၇၊ ၂၄၆၊ ၂၆၅၊ ၂၆၆၊ ၂၉၀၊ ၃၀၇၊ ၃၁၁၊ ၃၇၄၊ ၄၂၀၊ ၄၂၃၊ ၅၁၆၊ ၅၁၉၊ ၅၄၃၊ ၅၅၀၊ ၅၇၃၊ ၅၉၀
ကဿပဘုရားရှင်၏ စေတီ	၄၃၁
ကဿပ အရှင်မဟာ	၄၉၊ ၈၉၊ ၁၅၈၊ ၁၆၉၊ ၂၂၆၊ ၂၇၈၊ ၄၅၈၊ ၅၇၈၊
ကျောင်းမီးရှို့သူ တပည့်မိုက်	၁၆၉
ကြက်ဥစားသူ	၅၃၅
(ခ)	
ခါဏုကောဏ္ဍညမထေရ်	၂၆၃
ခေမက (အနာထပိဏ်သူဌေး၏ သား)	၅၅၂

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
ခေမာမိဖုရား	၅၈၁၊ ၆၃၃
ခုဇ္ဇုတ္တရာ (ကျွန်မ)	၇၁
(ဂ)	
ဂရဟဒိန္ဒသူကြွယ်	၁၆၁
ဂေါတမီ (မိထွေးတော်)	၃၃၈
ဂေါဓိကမထေရ်	၁၆၀
ဂန္ဓသူဌေး	၃၂၆
(ဃ)	
ဃရဏီ ဥပါသိကာမ	၄၁၇
ဃောသကသူဌေး	၇၀
(စ)	
စပါးကြီးမြေပြိတ္တာ	၃၁၁
စာလာ (အရှင်သာရိပုတ္တရာ၏ နှမ)	၃၁
စားကြွင်းစား ငါးရာ	၂၁၆
စီရမထေရ်ကလေး (ခုနစ်နှစ်သား ရဟန္တာ)	၄၁၇
စူဋကာလ မဟာကာလ	၂၃
စူဋကာလ ဥပါသကာ	၃၆၆
စူဋဓနုဂ္ဂဟ (လေးသမား)	၅၈၄
စူဋပန္ထက မထေရ်	၈၂၊ ၆၃၉
စူဋမာဂဏ္ဍီ	၇၀
စူဋရောဟိတပုဏ္ဏား (နွားပြိုင်သူ)	၆၂၈
စူဋသာရိမထေရ် (ဆေးကုသူ)	၄၈၈
စူဋသုဘဒ္ဒါ	၅၆၊ ၅၄၄
စူဋသုမန (သုမဏသာမဏေ)	၆၁၀
စူဋအနာထပိဏ်သူဌေး	၄၁၇
စူဋေကသာဋကပုဏ္ဏား	၂၇၄
စကျွပါလမထေရ်	၁
စိဉ္စမာနဝိကာ	၃၉၆
စိတ္တသူကြွယ်နှင့် ဦးသုဓမ္မ	၁၉၁
စိတ္တသူကြွယ်	၅၄၃
စိတ္တဟဋ္ဌ မထေရ်	၁၁၃
စိန္တာမဏိ (ဂန္ဓသူဌေး၏ မယား)	၃၂၇
စန္ဒနှင့် သူရိယ (ညီနောင်နှစ်ဦး)	၃၁၉
စန္ဒပဇ္ဇောတမင်း	၆၇
စန္ဒပဒုမာ (မေဏ္ဍက သူဌေးကတော်)	၄၉၅
စန္ဒာဘ မထေရ်	၆၄၅
စုန္ဒ (အရှင်သာရိပုတ္တရာ၏ ညီ)	၃၁၊ ၂၃၇
စုန္ဒသာမဏေ (ခုနစ်နှစ်သား ရဟန္တာ)	၄၁၇
စုန္ဒ (ဝက်သတ်သမား)	၄၄
(ဆ)	
ဆံကျစ်ထုံးပုဏ္ဏား	၆၂၃
ဆတ္တပါဏိ ဥပါသကာ	၁၄၄
ဆန္ဒမထေရ် (ဖွားဖက်တော်ဆန္ဒ)	၂၀၁
ဆဗ္ဗဂ္ဂိရဟန်းများ	၃၀၂၊ ၃၀၄၊ ၄၇၇၊ ၅၀၀
ဆွေတော်မျိုးတော်တို့၏ ငြိမ်းချမ်းရေး	၄၃၄
ဆွမ်းခံစားသူ ပုဏ္ဏား	၅၀၅
(ဇ)	
ဇဋိလသူဌေး	၆၅၂
ဇနပဒကလျာဏီထေရီ	၃၈၊ ၃၃၈

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
ဇာလိနီနတ်သမီး	၂၂၉
ဇီဝက	၈၄၊ ၂၂၂၊ ၃၃၃
ဇေတမင်းသား	၂၈၀
ဇုဏ္ဍအမတ်	၄၀၂
ဇောတိကသူဌေး	၆၅၃၊ ၆၅၅
ဇမ္ဗုကမထေရ်	၁၈၄
(တ)	
တပ စရဏ	၂၅၆
တပနာဘိကွူနီ	၅၇၄
တရားနာသူအမျိုးမျိုး	၂၁၉
တလ သတ္တိက သိက္ခာပုဒ်	၃၀၄
တံလှပ်ကမ္မဋ္ဌာန်းရှုသော မထေရ်	၁၂၇
တဂရသိခီ ပစ္စေကဗုဒ္ဓါ	၅၉၀
တဂ္ဂိရသိခီ ပစ္စေကဗုဒ္ဓါ	၁၇၈
တည်ငြိမ်ကုန္ဒြေရသော ရဟန်းငါးရာ	၂၁၅
တိတ္ထိတို့၏ တပည့်များ	၅၅၇
တဗ္ဗဒါဌိက လူသတ်ယောက်ျား	၂၄၂
တိဿ (ကဲ့ရဲ့လေ့ရှိသူ ရဟန်းငယ်)	၄၉၀
တိဿ (တောကျောင်းနေ ကိုရင်)	၁၉၃
တိဿ (ကောသမ္ဘိဝါတိ)	၂၃၃
တိဿမထေရ် (ဆိုဆုံးမရခက်သူ)	၁၂
တိဿမထေရ် (နိဂမဝါသီ)	၁၀၀
တိဿမထေရ် (တောင်ဝှမ်းနေ)	၆၃၄
တိဿမထေရ် (ပဓာနိက)	၃၅၅
တိဿမထေရ် (ပိလောတိက)	၃၂၃
တိဿမထေရ် (ပုတိဂတ္တ)	၁၁၈
တိဿမထေရ် (ပေါင်ရိုးကျိုးသူ)	၅၁၄
တိဿမထေရ် (မဏိကာရ ကူလူပက)	၂၉၃
တိဿမထေရ် (ရာဂ အပူကင်းသူ)	၄၄၄
တိဿမထေရ် (သန်းဖြစ်သွားသူ)	၄၈၃
(ဒ)	
ဒီဃကာရာယန (ဗန္ဓုလ၏ တူ)	၁၃၀
ဒီဃနခ (အရှင်သာရိပုတ္တရာ၏ တူ)	၃၇၈
ဒေဝဒတ်	၂၇၊ ၄၉၊ ၂၉၉၊ ၃၆၃၊ ၃၅၇၊ ၃၆၄၊ ၅၉၆၊ ၅၉၈
ဒေဝဓမ္မတရားနှစ်ပါး	၃၁၉
ဒေဝဟိတပုဏ္ဏား (ရေနွေးနှင့် တင်လဲလှူသူ)	၆၆၈
ဒေဝါနမိန္ဒ (သိကြားမင်း၏ အမည်ကွဲ)	၉၄
ဒေဝီလရသေ့	၁၅
ဒေသန္တရခရီးသည် ရဟန်းငါးရာ	၁၂၅
ဒဗ္ဗ (မလ္လမင်းသား)	၂၄၇
ဒီပင်္ကရာ မြတ်စွာဘုရား)	၃၇၄
ဒုက္ခလက္ခဏာပွားများသူ ရဟန်းများ	၅၁၃
(ဓ)	
ဓနသေဋ္ဌိ သူဌေးကြီး	၈၂
ဓနဥယသူဌေး	၁၄၆၊ ၄၉၅
ဓနဥာနီ ပုဏ္ဏေးမ	၆၂၉
ဓမ္မိက ဥပါသကာ မဟာ	၄၆
ဓမ္မိကမထေရ်	၂၁၇
ဓမ္မဒိန္ဒာထေရီ	၆၆၄

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
မွေပါလ သတို့သား	၄၀
မွောရာမ မထေရ်	၅၉၇
(ခ)	
နာဂမုဏ္ဍ (ကျွန်မ)	၁၃၄
နာရဒရသေ့	၁၅
နင်္ဂလမထေရ်	၆၀၇
နိဂဏ္ဍနာဋပုတ္တ	၄၁၄
နိဂဏ္ဍတက္ကတွန်း	၅၅၆
နန္ဒ (နွားကျောင်းသား)	၁၂၀
နန္ဒလုလင်	၁၈၃၊ ၆၃၁
နန္ဒမထေရ် အရှင်	၃၇
နန္ဒိယသူကြွယ်	၄၆၀
နွားပျောက်သော ဥပါသကာ	၄၄၀
ဗွားသတ်သမား၏ သား	၄၇၉
(ပ)	
ပဇာပတိဂေါတမီ မဟာ	၃၇
ပဋာစာရီထေရီ	၂၆၆၊ ၅၂၈
ပတိပူဇိကာသတို့သမီး	၁၃၇
ပဒုမင်ရဲ	၅၉၆
ပဒုမုတ္တရ မြတ်စွာဘုရား	၁၈၃၊ ၂၀၃၊ ၂၂၆၊ ၃၃၉၊ ၅၄၃၊ ၅၈၁၊ ၆၄၉၊ ၆၆၄၊
ပရိကွရာပစ္စည်း မသိမ်းဆည်းသူ	၂၈၃
ပါစိတ်ပဟာရသိကွာပုဒ်	၃၀၃
ပါတိမောက်	၄၂၃
ပါလိတလုလင်	၅
ပါလိလေယျကတော	၂၂၊ ၅၆၉
ပါလိလေယျက ဆင်	၂၂၊ ၅၆၉
ပါဝါရိကသူဌေး	၇၀
ပါဝေယျက တက္ကတွန်း	၁၄၂
ပါဝေယျကတိုင်းသား ရဟန်းများ (ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်)	၁၇၆
ပေါဋ္ဌိလမထေရ် (တိပိဋကဓရ)	၅၁၉
ပဋ္ဌဝဂ္ဂီ (ရဟန်းငါးပါးအစု)	၃၀၂
ပက္ကုသာတိမင်း	၂၄၇
ပဏ္ဍိတ သာမဏေ	၂၀၇၊ ၆၃၇
ပုဏ္ဏာ (ကျွန်မ)	၄၇၄
ပုဏ္ဏ (သူဆင်းရဲလင်မယား)	၄၆၇
ပန္နဂ နဂါးမင်း	၆၁၁
ပဗ္ဗဇိတအခေါ်ခံချင်သူ ပုဏ္ဏား	၆၁၉
ပိလိန္ဒဝစ္ဆမထေရ်	၆၄၁
ပုနဗ္ဗသုကရဟန်း (ဆဗ္ဗဂ္ဂီအဖွဲ့ဝင်)	၂၀၀
ပုရန္ဒပွမင်း (ဥတေနမင်း၏ ခမည်းတော်)	၆၃
ပုရိန္ဒဒ (သိကြားမင်း၏ အမည်ကွဲ)	၉၄
ပူရဏကဿပ	၅၃၁
ပုရာဏသဟာယက ဗြဟ္ဟာ	၂၄၆
ပဏ္ဍုက ရဟန်း (ဆဗ္ဗဂ္ဂီအဖွဲ့ဝင်)	၃၀၂
ပေါကွရဝဿမိုး	၃၇
ပုဏ္ဏဝုမုန (ဝိသာခါ၏ ခင်ပွန်း)	၁၄၇
ပိဏ္ဍောလဘာရဒ္ဓါဇမထေရ်	၄၁၄
ပန်တော်ဆက် ကိုသုမန	၁၈၁
(ဖ)	
ဖုဿမြတ်စွာဘုရား	၆၆၄

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
(ဗ)	
ဗဟုဓနသူဌေး	၄၆၉
ဗဟုပုတ္တိကာထေရီ	၂၇၂
ဗဟုဘဏ္ဍိကရဟန်း	၃၁၈
ဗာလနက္ခတ်ပွဲသဘင်	၈၈
ဗာဟိယဒါရုစီရိယ မထေရ်	၂၄၇
ဗိဋ္ဌာလပဒကသူဌေး	၂၈၄
ဗေလဌသီသမထေရ် အရှင်	၂၂၇
ဗောဓိမင်းသား	၃၅၀
ဗန္ဓုမတီမင်းကြီး	၃၂၂
ဗန္ဓုလ (စစ်သူကြီး)	၉၃၊ ၁၂၉
ဗိမ္ဗိသာရမင်းကြီး	၅၀၊ ၈၀၊ ၁၄၇၊ ၂၂၃၊ ၃၃၅၊ ၃၇၇၊ ၄၃၈၊ ၄၆၈၊ ၅၃၁၊ ၅၇၈၊ ၅၈၁၊ ၅၈၂၊ ၆၅၅
ဗုဒ္ဓဝံသကျင့်စဉ်	၃၇၄
ဗြဟ္ဓဏ အမည်ခံလိုသူပုဏ္ဏား	၆၂၆
ဗြဟ္ဓဏပြဿနာမေးသူ ပုဏ္ဏား	၆၁၇
ဗြဟ္ဓဒဏ်	၂၀၂
(ဘ)	
ဘဂု (မင်းသား)	၄၉
ဘာဂိနေယျ သံဃရက္ခိတ	၁၁၁
ဘာရဒ္ဓါဇပုဏ္ဏား (ဆဲရေးတတ်သူ)	၆၂၉
ဘူမဇကရဟန်း (ဆဗ္ဗဂ္ဂိအဖွဲ့ဝင်)	၃၀၂
ဘဂ္ဂဝပုဏ္ဏား (အဂ္ဂိလိမာလ၏ဖခင်)	၃၈၄
ဘတ္တဘတိက	၃၂၇
ဘဒ္ဒကာပိလာနီ	၉၀
ဘဒ္ဒကစ္စနာ (ယသော်ဓရာ)	၂၉၉
ဘဒ္ဒဝတိ (သူဌေးကြီး)	၆၃
ဘဒ္ဒိယ (မင်းသား)	၄၉
ဘဒ္ဒိယရဟန်းများ (ဖိနပ်အမျိုးမျိုးစီးသူများ)	၅၃၆
(မ)	
မဃလုလင်	၉၃
မဌကုဏ္ဍလီ သတို့သား	၈
မထေရ်အိုကြီးငါးပါး	၅၂၂
မဓုရပါစိကာ	၅၂၂
မယားခိုးစွပ်စွဲခံရသော ရဟန်း	၆၃၆
မာဂဏ္ဍိမိဖုရား	၆၃၊ ၅၆၀
မာဂဏ္ဍိပုဏ္ဏားကြီး	၆၉၊ ၄၀၈
မဟာကစ္စည်းအရှင်	၁၂၂၊ ၂၃၀၊ ၆၀၁၊ ၆၅၂
မဟာဒုက်	၂၀၇
မဟာဓနသူဌေးသား	၃၄၇
မဟာဓနကုန်သည်	၂၈၆၊ ၅၂၅
မဟာနာမ်ထေရ်အရှင် (ပဉ္စဝဂ္ဂိငါးဦး)	၁၉၁
မဟာနာမ်မင်းသားကြီး (ဘုရားရှင်၏ နောင်တော်)	၁၃၄
မဟာပဇာပတိဂေါတမီ	၆၂၁
မဟာပန္ဆတမထေရ် (မဟာပန်)	၈၃၊ ၆၃၉
မဟာမာယာဒေဝီ	၃၇
မဟာမောဂ္ဂလာန် အရှင်	၂၇၊ ၄၉၊ ၃၁၄၊ ၄၁၇၊ ၄၂၇၊ ၄၆၁၊ ၄၇၁၊ ၄၈၅၊ ၅၁၆၊ ၅၅၀၊ ၅၈၃၊ ၅၉၆၊ ၆၃၈

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
မဟာရောဟိတပုဏ္ဏား	၆၂၈
မဟာသုဘဒ္ဒါ	၅၆
မဟာသေနပုဏ္ဏားကြီး	၁၉၃
မဟာလတာတန်ဆာ	၁၄၉
မဟာလိ (လိစ္ဆဝီမင်းသား)	၉၃၊ ၁၂၉၊ ၅၃၁
မဟာသုဝဏ္ဏသူဌေးကြီး	၁
မာတလိ	၉၇
မာတိက မာတာ	၁၀၅
မာတိကာရွာနေ ရဟန်းတစ်ပါး	၁၀၅
မာလာဘာရီနတ်သား	၁၃၇
မာရ်နတ်	၁၆၀၊ ၂၁၆၊ ၄၁၀ ၄၃၇၊ ၅၇၀၊ ၅၈၆၊ ၆၁၆
မိဂါရမာတာ	၁၅၃
မိဂါရသူဌေး	၁၄၇
မူလသီရီ (သူဌေးကြီးအာနန္ဒာ၏ သား)	၁၇၁
မေဃိယမထေရ်	၁၀၃
မစ္ဆရိယ ကောသိယသူဌေး	၁၃၉
မေတ္တာပွားသူ ရဟန်းငါးရာ	၁၁၆
မေတ္တာသုတ် ပရိတ်တော်	၁၁၇
မေဏ္ဍက သူဌေးကြီး	၁၄၆၊ ၄၉၃၊ ၆၅၃
မေတ္တိယရဟန်း (ဆဗ္ဗဂ္ဂီအဖွဲ့ဝင်)	၃၀၂
မဒ္ဒရာဇ်မင်းကြီး	၅၈၁
မုဏ္ဍသူဌေးကြီး	၆၁၀
မလ္လိကာမိဖုရားကြီး	၁၃၀၊ ၁၄၅၊ ၃၄၁၊ ၄၀၁
မိတ္တသူကြွယ်	၆၆
မြေပြိတ္တာ	၁၈၇

အကွရာစဉ်	နံပါတ်
(ယ)	
ယမကောဋ္ဌိနတ်ဘီလူး	၆၅၈
ယသော်ဓယာ (ရာဟုလာမယ်တော်)	၃၇၃
(ရ)	
ရဟန်းလူထွက်	၅၇၈
ရဟန်းပြိတ္တာများ	၅၅၀
ရာဓ မထေရ်	၁၉၈
ရာဟုလာ	၃၈၊ ၅၈၆၊ ၆၃၁
ရူပနန္ဒာ	၃၃၉
ရူပသာရီ (ပုဏ္ဏေးမ)	၃၀
ရေဝတမထေရ် အရှင်	၃၈၃၊ ၄၇၅
ရေဝတသာမဏေ (ရှားတောနေ)	၃၁၊ ၂၃၇၊ ၆၃၈၊ ၆၄၄
ရက်ကန်းသည်သမီး (အာဋ္ဌဝီပြည်)	၃၈၉
ရေဝတီ (နန္ဒိယသူကြွယ်၏ မယား)	၄၆၀
ရောဟိနီမင်းသမီး (အရှင်အနုရုဒ္ဓါ၏ နှမ)	၄၆၃
(လ)	
လကုဏ္ဍကဘဒ္ဒိယ	၂၁၂၊ ၅၀၂၊ ၅၃၇
လာဇာနတ်သမီး	၂၇၈
လာဋ္ဌုဒါယီမထေရ်	၃၄၅၊ ၄၈၅
လောကဝိဝရဏပြာဋိဟာ	၄၁၇
လောဟိတရဟန်း (ဆဗ္ဗဂ္ဂီအဖွဲ့ဝင်)	၃၀၂
လက္ခဏ အရှင်	၃၁၁၊ ၅၁၆၊ ၅၅၀
လင်းဆွဲလိုနေသူ ပုဏ္ဏား	၆၂၄
လိစ္ဆဝီမင်းသားများ	၄၅၃
လူငယ်တစ်စု	၃၀၅

http://www.dhammadownload.com

အကွရာစဉ်	နံပါတ်
(ဝ)	
ဝါသဘခတ္တိယာ (ဝိဋဌျုဘ၏ မယ်တော်)	၁၃၄
ဝါသဝ (သိကြားမင်း၏ အမည်ကွဲ)	၉၄
ဝါသုလဒတ္တာ (ဥတေနမင်းကြီး၏ မိဖုရား)	၆၃
ဝိဋဌျုဘ	၁၂၈၊ ၄၈၅
ဝိပဿီမြတ်စွာဘုရား	၁၈၃၊ ၂၂၆၊ ၃၂၂၊ ၄၂၃၊ ၄၉၃၊ ၅၁၉၊ ၅၈၁
ဝိမလကောဏ္ဍည	၃၇၇
ဝိသာခသူဌေး (ဓမ္မဒိန္နာ၏ ခင်ပွန်းဟောင်း)	၆၆၄
ဝိသာခါကျောင်းအမကြီး	၂၂၊ ၁၃၃၊ ၁၄၆၊ ၂၃၀၊ ၄၅၁၊ ၄၉၀
ဝိပဿက ရဟန်းများ	၃၇၅
ဝိသာခါ၏ အဖော်အမျိုးသမီးများ	၃၃၁
ဝေတစိတ္တ (အသုရာနတ်မင်း)	၉၇
ဝေဒေဟီ (အဇာတသတ် မယ်တော်)	၄၃၈
ဝေရဉ္ဇာ ပုဏ္ဏားကြီး	၂၁၅
ဝေဿဘူ မြတ်စွာဘုရား	၄၂၃၊ ၅၁၉
ဝေဿဝဏ်နတ်မင်းကြီး	၁၈
ဝက္ကလိမထေရ်	၆၀၉
ဝက်ပြိတ္တာ	၅၁၆
ဝက်မငယ် (ဘဝမျိုးစုံ ကျင်လည်ခဲ့သူ)	၅၇၆
ဝံဂီသပုဏ္ဏား	၆၆၂
ဝင်္ဂန္တပုဏ္ဏား (အရှင်သာရိပုတ္တရာ၏ ခမည်းတော်)	၁၉၃
(သ)	
သာဂတမထေရ်	၅၇၄
သာနသာမဏေ	၅၆၆
သာမိနီဘိက္ခုနီ	၅၇၄
သာမာဝတီ မိဖုရား	၆၃
သာလာဝတီ (သီရိမာ၏ မိခင်)	၃၃၃
သာရိပုတ္တရာ အရှင်	၂၇၊ ၃၀၊ ၄၉၊ ၁၉၁ ၂၀၉၊ ၂၃၂၊ ၂၃၅၊ ၂၃၇၊ ၂၄၃၊ ၂၅၀၊ ၂၅၉၊ ၃၇၈၊ ၄၁၈၊ ၄၆၇၊ ၄၇၅၊ ၄၈၅၊ ၅၂၄၊ ၆၁၅၊ ၆၃၀၊ ၆၄၃
အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏား	၂၅၃
အရှင်သာရိပုတ္တရာ၏ တူ ပုဏ္ဏား	၂၅၄
အရှင်သာရိပုတ္တရာ၏ မိတ်ဆွေပုဏ္ဏား	၂၅၅
သိကြားမင်း	၁၅၈၊ ၁၇၇၊ ၄၄၅၊ ၅၈၈၊ ၆၂၅၊ ၆၃၃၊ ၆၃၈၊ ၆၅၆
သိခီမြတ်စွာဘုရား	၄၂၃၊ ၅၁၉
သီရိမာ (ပြည့်တန်ဆာမ)	၃၃၃၊ ၄၆၉
သီလဝမင်းသား	၃၇၇
သီဝလိအရှင်	၂၃၈၊ ၆၄၇
သီရိဂုတ္တသူကြွယ်	၁၆၁
သီသူပစာလာ (အရှင်သာရိပုတ္တရာ နှမ)	၃၁၊ ၂၃၇
သုခ သာမဏေ	၃၂၆
သုစိတ္တာ	၉၆
သုဇာတာ/သုဇပွတိ/သုဇိတာ	၉၄၊ ၉၆
သုဒတ္တ (အနာထပိဏ်သူဌေး)	၂၈၀
သုဒဿနလုလင်	၄၄၂

http://www.dhammadownload.com

အကျဍာစဉ်	နံပါတ်
သုဓမ္မ ဦး (ကျောင်းထိုင်ဘုန်းကြီး)	၁၉၁
သုဓမ္မာ (သိကြားမင်း၏ဇနီး)	၉၆
သုနန္ဒာ (သိကြားမင်း၏ဇနီး)	၉၆
သုဘဒ္ဒပရိဗိုဇ်	၄၉၇
သုမနဒေဝီ (အနာထပိဏ်သူဌေးကြီး၏ သမီး)	၅၆
သုမနဒေဝီ (ဝိသာခါ၏ မယ်တော်)	၁၄၆၊ ၄၉၅
သုမနနတ်မင်း (တံခါးစောင့်)	၁၉
သုမန ပန်းတော်ဆက်	၁၈၁
သုမနပစ္စေကဗုဒ္ဓါ	၁၈၂
သုမန သာမဏေ	၆၁၀
သုမနသူဌေးကြီး	၄၆၇
သုမန ပန်းသည်	၇၁
သုမင်္ဂလသူဌေး	၃၁၂
သုယာမာနတ်မင်း	၃၃၅
သုသီမ ပစ္စေကဗုဒ္ဓါ	၅၃၄
သူခိုးနှစ်ယောက်	၁၇၃
သေနာသနသိက္ခာပုဒ်	၂၈၃
သေယျသကမထေရ်	၂၇၇
သောပါက သာမဏေ	၆၃၇
သံကိစ္စ သာမဏေ	၂၅၈၊ ၆၃၇
သံဃရက္ခိတမထေရ်၏ တူ	၁၁၁
သက္ကပဉ္ဇသုတ်	၉၃
သင်္ကဿနဂိုမြို့	၄၁၈
သခ်ပုဏ္ဏားကြီး	၅၃၃
သပ္ပဒါသမထေရ်	၂၆၄
သိဋ္ဌည်းဆရာကြီး	၃၄
သဋ္ဌိဝပုတ္တလုလင်	၃၅၁
သဋ္ဌိကူဋပြိတ္တာ	၁၈၉
သုနေတ္တပစ္စေကဗုဒ္ဓါ	၁၉၀
သုဒ္ဓေါဒနမင်းကြီး	၃၇၊ ၃၃၈၊ ၃၇၁
သုနှရီ ပရိဗိုဇ်မ	၅၄၈
သုနှရသမုဒ္ဒမထေရ်	၆၄၉
သန္တကာယမထေရ်	၆၀၆
သန္တတိအမတ်ကြီး	၃၂၀
သတ္တရသဝဂ္ဂီ	၃၀၂
သိဒ္ဓတ္ထမင်းသား	၄၁၀
သုပ္ပဝါသာမင်းသမီး (အရှင်သီဝလိ၏ မယ်တော်)	၁၃၃၊ ၆၄၇
သုပ္ပဗုဒ္ဓ (သာကီဝင်မင်းကြီး)	၂၉၉
သုပ္ပဗုဒ္ဓ (လူနူ)	၁၇၇
သုပ္ပိယ ပရိဗိုဇ်	၂၄၇
သမ္မဇ္ဇနမထေရ်	၃၈၂

(ဟ)

ဟတ္ထက အရှင်	၅၀၄
ဟတ္ထိကန္တစောင်း/မန္တန်	၆၅

□

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

